http://www.dhammadownload.com

# အဘိဓမ္မတ္ထသင်္ဂဟပါဠိ

နှင့်

# သရုပ်ခွဲ

ဖားကရာနိဿယနှင့်တကွ သင်္ချိုဟ်သရုပ်များကို စုံလင်စွာ
ထပ်မံ၍ ဖြည့်စွက်ထားပါသည်။



ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ-၂၅၅၁ ခု ကောဇာ-၁၃၆၉ ခု

http://www.dhammadownload.com

# ဤစာအုပ်၌


၁။ စိတ်ပိုင်း ပါဠိနှင့် သရုပ်/နိဿယ (စာမျက်နှာ) ၁/ ၂၈၇

၂။ စေတသိက်ပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၂၅/၃၀၅

၃။ ပကိဏ်းပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၆၂/၃၂၇

၄။ ဝီထိပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၉၂/၃၄၃

၅။ ဝီထိမုတ်ပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၁၃၈/၃၆၀

၆။ ရုပ်ပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၁၇၅/၃၈၃

၇။ သမုစ္စည်းပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၂၀၆/၄၀၁

၈။ ပစ္စည်းပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၂၃၄/၄၁၄

၉။ ကမ္မဋ္ဌာန်းပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၂၅၄/၄၃၇

၁၀။ မှတ်သားဖွယ်ရာ ခေါင်းစဉ်မာတိကာ ၄၇၂


စုံလင်စွာဖြင့် ဝေဝေဆာဆာ တန်ဆာဆင်၍ဖော်ပြထားပါသည်။

http://www.dhammadownload.com

## ဤစာအုပ်၌


၁။ စိတ်ပိုင်း ပါဠိနှင့် သရုပ်/နိဿယ (စာမျက်နှာ) ၁/၂၈၇

၂။ စေတသိက်ပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၂၅/၃၀၅

၃။ ပကိဏ်းပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၆၂/၃၂၇

၄။ ဝီထိပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၉၂/၃၄၃

၅။ ဝီထိမုတ်ပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၁၃၈/၃၆၀

၆။ ရုပ်ပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၁၇၅/၃၈၃

၇။ သမုစ္စည်းပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၂၀၆/၄၀၁

၈။ ပစ္စည်းပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၂၃၄/၄၁၄

၉။ ကမ္မဋ္ဌာန်းပိုင်း ပါဠိနှင့် သရုပ်/နိဿယ ၂၅၄/၄၃၇

၁၀။ မှတ်သားဖွယ်ရာ ခေါင်းစဉ်မာတိကာ ၄၇၂


စုံလင်စွာဖြင့် ဝေဝေဆာဆာ တန်ဆာဆင်၍ဖော်ပြထားပါသည်။

# အဘိဓမ္မတ္ထသင်္ဂဟပါဠိ

နှင့်

# သရုပ်ခွဲ

ဘုရားကရာနိဿယနှင့်တကွ သင်္ဂြိုဟ်သရုပ်များကို စုံလင်စွာ ထပ်မံ၍ ဖြည့်စွက်ထားပါသည်။



ဓမ္မဒါန


အရှင်ဉာဏာသာမိ (မြစ်သား)



သာသနာ-၂၅၅၁ ခု ကောဇာ-၁၃၆၉ ခု

http://www.dhammadownload.com

# အဘိဓမ္မတ္ထသင်္ဂဟပါဌ်

နှင့်

# သရုပ်ခွဲ

ဖားကရာနိဿယနှင့်တကွ သင်္ဂြိုဟ်သရုပ်များကို စုံလင်စွာ
ထပ်မံ၍ ဖြည့်စွက်ထားပါသည်။



ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ- ၂၅၅၁ ခု ကောဇာ- ၁၃၆၉ ခု

F-1

http://www.dhammadownload.com

## စီစဉ်ရေးသားသူ၏ ဆန္ဒ

ဤစာအုပ်ကို ရေးသားရာ၌ စာရေးသူ၏ဆန္ဒမှာ "မှတ်စုကောင်း စာအုပ်တစ်အုပ်" ဖြစ်စေလိုမှုပင် ဖြစ်ပေသည်။

ထို့ကြောင့် ဆရာမထေရ်တို့ ပို့ချပေးတော်မူခဲ့သော မှတ်စုမှတ်တမ်းများကို ယခုခေတ်ပေါ် ပုစ္ဆာဟောင်းများနှင့် တကွ စီစဉ်ရေးသားထားပြီး စာဖြေလိုသူ အရှင်မြတ်တို့အတွက် မိမိတို့ ရည်မှန်းထားသော စာမေးပွဲများ လွယ်လင့်တကူ အောင်ပန်းဆင်နိုင်စေရန် ရည်သန်လျက် **သင်္ဂြိုဟ်သရုပ်နှင့် ကျမ်းရင်းအစီပွါယ်များကို** ပြည့်ပြည့်စုံစုံ စီစဉ်ကာ ရေးသား ထုတ်ဝေလိုက်ရပါသည်။

## ကျေးဇူးစကား

ဤစာအုပ်ကို စေတနာ, သဒ္ဓါတရား လက်ကိုင်ထား ကာ ကွန်ပျူတာ စာစီ, စာရိုက်ခြင်း၊ ထို့ပြင် "မှတ်သားဖွယ်ရာ ခေါင်းစဉ် မာတိကာ" ပြုလုပ်ပေးခြင်း စသည်တို့ကို ကမကထ ပြုလုပ်ပေးသော **"လစန္ဒာ"** ကွန်ပျူတာမှ *အရှင်ကုသလ* **(ကသဲကုန်း)**–အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

အရှင်ဉာဏသာမိ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ပရိယတ္တိ သာသနဟိတ ဒီဃနိကာယဘာဏက
ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ (ပထမ)
မဇ္ဈိမနိကာယ ဝိဒူ
(17-7-2007)

http://www.dhammadownload.com



# အဘိဓမ္မတ္ထသင်္ဂဟပါဠိ

## နှင့်

# သရုပ်ခွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁-စိတ်ပိုင်း

### ပဏာမနှင့် ပဋိညာဉ်

၁။ သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မ ဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။

### ပရမတ္ထတရား ၄-ပါး

၂။ တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံ, စေတသိကံ, ရူပံ၊ နိဗ္ဗာန မိတိ သဗ္ဗထာ။

### ဘုံစိတ်အပြား ၄-ပါး

၃။ တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ ကာမာဝစရံ, ရူပါဝစရံ, အရူပါဝစရံ, လောကုတ္တရဉ္စေတိ။

---

(စာပိုဒ်-၁) **အဘိဓမ္မတ္ထသင်္ဂဟံ-၌ အဘိဓမ္မတ္ထ-အရ=** စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်တို့ကို ယူရပါမည်။ (စာပိုဒ် ၂-နှင့် တတော အဝသေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ, ပညာပနတော ပညတ္တီတိစ ဒုဝိဓာ ဟောတိ-ကိုထောက်)

**အဘိဓမ္မသင်္ဂဟ-အရ** ။ ။ အဘိဓမ္မာသင်္ဂဟကျမ်းကို ယူရပါမည်။ (ဣတိ အနုရုဒ္ဓါစရိယေန ရစိတံ အဘိဓမ္မတ္ထသင်္ဂဟံ နာမ ပကရဏံ-ကိုထောက်)

(စာပိုဒ်-၂) **ပရမတ္ထတရား ၄-ပါးကား** ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့ ဖြစ်ပါသည်။

**တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ-၌ အဘိဓမ္မတ္ထ-အရ** ။ ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ရ၏။ **ရူပ-အရ** ။ ။ ပိယရုပ် သာတရုပ်တို့ကို မယူရ၊ ဘူတရုပ်နှင့် ဥပါဒါရုပ်တို့ကို ယူရပါမည်။ (စာပိုဒ်-၂ နှင့် ရုပ်ပိုင်း စာပိုဒ်-၃/၆ တို့ကိုထောက်)

(စာပိုဒ်-၃) **ဘုံစိတ်အပြား ၄-ပါးကား** ။ ။ ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်တို့ ဖြစ်ပါသည်။

**အဝစရ အမည်ရသောစိတ်ကား** ။ ။ ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရ စိတ်။ **အဝစရ အမည်မရသောစိတ်ကား** ။ ။ လောကုတ္တရာစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



**အကုသိုလ်စိတ် ၁၂–ပါး**

**လောဘမူစိတ် ၈–ပါး**

၄။ တတ္ထ ကတမံ ကာမာဝစရံ?

သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ သောမနဿသဟဂတံ, ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ လောဘသဟဂတစိတ္တာနိ နာမ။

(စာပိုဒ်–၄) **အကုသိုလ်စိတ် ၁၂–ပါးကား** [ဒွါဒသာကုသလာ-အရ] လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါးတို့ဖြစ်ပါသည်။

➤ **လောဘမူစိတ် ၈–ပါးကား** [အဋ္ဌဓာ လောဘမူလာနိ-အရ]

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် ၁-ခု၊ |
| ၂။ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သသင်္ခါရိကစိတ် ၁-ခု၊ |
| ၃။ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ် ၁-ခု၊ |
| ၄။ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သသင်္ခါရိကစိတ် ၁-ခု၊ |
| ၅။ | ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် ၁-ခု၊ |
| ၆။ | ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သသင်္ခါရိကစိတ် ၁-ခု၊ |
| ၇။ | ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ် ၁-ခု၊ |
| ၈။ | ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သသင်္ခါရိကစိတ် ၁-ခု၊ |

**အမှာ**/ လောဘမူစိတ် (၈)ပါးထဲ၌ သောမနဿသဟဂုတ်စိတ် ၄-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၄-ပါး၊ သမ္ပယုတ်စိတ် ၄-ပါး၊ ဝိပ္ပယုတ်စိတ် ၄-ပါး၊ အသင်္ခါရိကစိတ် ၄-ပါး၊ သသင်္ခါရိကစိတ် ၄-ပါးစီ ပါရှိသည်။ ခွဲကြည့်ပါလေ။

➤ **မုချ ကာမာဝစရစိတ်ကား** ။ ။ ဒေါသမူဒွေး၊ဃာနဝိညာဉ်ဒွေး၊ဇိဝှါဝိညာဉ်ဒွေး ကာယဝိညာဉ်းဒွေး၊မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း (၁၆)ပါး ဖြစ်ပါသည်။

➤ **ယေဘုယျ ကာမာဝစရစိတ်ကား** ။ ။ လောဘမူစိတ် ၈-ပါး၊မောဟမူစိတ် ၂-ပါး၊စက္ခုဝိညာဉ်ဒွေး၊သောတဝိညာဉ်ဒွေး၊သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏ ၃-ပါး၊အဟိတ်ကြိယာစိတ် ၃-ပါး၊မဟာကုသိုလ်စိတ် ၈-ပါး၊မဟာကြိယာစိတ် ၈-ပါး၊ ပေါင်း (၃၈)ပါး ဖြစ်ပါသည်။ (ဝီထိစာပိုဒ်- ၄၉/၅၀/၅၁/၅၂) တို့ကိုထောက်။

http://www.dhammadownload.com



**ဒေါသမူစိတ် ၂-ပါး**

၅။ ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ ဒွေပိ ပဋိဃသမ္ပယုတ္တစိတ္တာနိ နာမ။

**မောဟမူစိတ် ၂-ပါး(သင်္ခါရဝိမုတ်စိတ်)**

၆။ ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာသမ္ပယုတ္တမေကံ, ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တမေကန္တိ ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ။

**နိဂုံး**

၇။ ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ။

**အကုသိုလ်စိတ် သင်္ဂဟဂါထာ**

၈။ အဋ္ဌဓာ လောဘမူလာနိ၊ ဒေါသမူလာနိစ ဒွိဓာ။
မောဟမူလာနိစ ဒွေတိ၊ ဒွါဒသာ ကုသလာ သိယုံ။

---

(စာပိုဒ်-၅) **ဒေါသမူစိတ် ၂-ပါးကား** [ဒေါသမူလာနိစ ဒွိဓာ-၌ ဒွိ-အရ]

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု၊

၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု။

(စာပိုဒ်-၆) **မောဟမူစိတ် ၂-ပါးကား** [မောဟမူလာနိစ ဒွေ-၌ ဒွေ-အရ]

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁-ခု၊

၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁-ခု။

(စာပိုဒ်-၈) **ဝေဒနာ ၃-ခုသော ၈-စိတ်ကား** ။ ။ လောဘမူစိတ် ၈-ပါးဖြစ်ပါသည်။

**သင်္ခါရဘေဒစိတ်ကား** ။ ။ ဒေါသမူစိတ် ၂-ပါးဖြစ်ပါသည်။

**သမ္ပယောဂဘေဒစိတ်ကား** ။ ။ မောဟမူစိတ် ၂-ပါးဖြစ်ပါသည်။

**အပါယ်မကျနိုင်သော အကုသိုလ်စိတ်** ။ ။ ဥဒ္ဓစ္စသဟဂုတ်စိတ် (ဝီထိမုတ်-၆၉)

➢ **အကုသိုလ် ဥပေက္ခာ ၆-ပါးကား** ။ ။ လောဘမူဥပေက္ခာ ၄-ပါး၊ မောဟမူ ဥပေက္ခာ ၂-ပါး ပေါင်း ၆-ပါးဖြစ်ပါသည်။

➢ **အကုသိုလ် သမ္ပယုတ်စိတ် ၈-ပါးကား** ။ ။ လောဘမူ သမ္ပယုတ်စိတ် ၄-ပါး ဒေါသမူ သမ္ပယုတ်စိတ် ၂-ပါး၊ မောဟမူသမ္ပယုတ်စိတ် ၂-ပါး၊ပေါင်း ၈-ပါးဖြစ်ပါသည်။

➢ **အကုသိုလ် အသင်္ခါရိကစိတ် ၅-ပါးကား** ။ ။ လောဘမူ အသင်္ခါရိကစိတ် ၄ ပါး၊ ဒေါသမူ အသင်္ခါရိကစိတ် ၁-ပါး၊ ပေါင်း ၅-ပါးဖြစ်ပါသည်။

➢ **အကုသိုလ် သသင်္ခါရိကစိတ် ၅-ပါးကား** ။ ။ လောဘမူ သသင်္ခါရိကစိတ် ၄ ပါး၊ ဒေါသမူ **သသင်္ခါရိကစိတ်** ၁-ပါး၊ ပေါင်း ၅-ပါးဖြစ်ပါသည်။

http://www.dhammadownload.com



## အဟိတ်စိတ် ၁၈–ပါး

## အကုသလဝိပါက်စိတ် ၇–ပါး

၉။ ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ, တထာ သောတဝိညာဏံ, ဃာနဝိညာဏံ, ဇိဝှါဝိညာဏံ, ဒုက္ခသဟဂတံ ကာယဝိညာဏံ, ဥပေက္ခာသဟဂတံ သမ္ပဋိစ္ဆနစိတ္တံ, ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ ဣမာနိ သတ္တပိ အကုသလဝိပါကစိတ္တာနိ နာမ။

---

**(စာပိုဒ်–၉) အဟိတ်စိတ် ၁၈–ပါးကား** [အဋ္ဌာရသ အဟေတုကာ-အရ]

အကုသလဝိပါက်စိတ် ၇-ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ အဟိတ် ကြိယာစိတ် ၃-ပါး၊ ပေါင်း (၁၈) ပါး ဖြစ်ပါသည်။

**အကုသလဝိပါက်စိတ် (၇) ပါးကား** [ သတ္တာ ကုသလပါကာနိ-၌ သတ္တ-အရ]

၁။ ဥပေက္ခာသဟဂုတ် (အကုသလဝိပါက်) စက္ခုဝိညာဉ်စိတ် ၁-ခု၊
၂။ ဥပေက္ခာသဟဂုတ် (အကုသလဝိပါက်) သောတဝိညာဉ်စိတ် ၁-ခု၊
၃။ ဥပေက္ခာသဟဂုတ် (အကုသလဝိပါက်) ဃာနဝိညာဉ်စိတ် ၁-ခု။
၄။ ဥပေက္ခာသဟဂုတ် (အကုသလဝိပါက်) ဇိဝှါဝိညာဉ်စိတ် ၁-ခု၊
၅။ ဒုက္ခသဟဂုတ် (အကုသလဝိပါက်) ကာယဝိညာဉ်စိတ် ၁-ခု၊
၆။ ဥပေက္ခာသဟဂုတ် (အကုသလဝိပါက်) သမ္ပဋိစ္ဆိုင်းစိတ် ၁-ခု၊
၇။ ဥပေက္ခာသဟဂုတ် (အကုသလဝိပါက်) သန္တီရဏစိတ် ၁-ခု။

➤ **အကုသလဝိပါက် ၇–ပါးတို့တွင် ပဋိသန္ဓေ, ပဝတ္တိ အကျိုးနှစ်မျိုးလုံးကို ဖြစ်စေနိုင်သောစိတ်** = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်။

➤ **ပဝတ္တိအကျိုးကိုသာ ဖြစ်နိုင်သောစိတ်**= ကြွင်း ၆-ပါးဖြစ်ပါသည်။ (ဝီထိမုတ် စာပိုဒ်-၁၆/၆၉-တို့ကိုထောက်ပါ။

အဟိတ်စိတ်(၁၈)ပါး၌ ➤ **နိဿယဘေဒစိတ်/ဝတ္ထုဘေဒစိတ်/ဒွါရဘေဒစိတ်/ဋ္ဌာနဘေဒစိတ်ကား**= ဒွေးပဉ္စဝိညာဉ် ၁၀-ပါး ဖြစ်ပါသည်။

➤ **ကိစ္စဘေဒစိတ်**= သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ အာဝဇ္ဇန်း ၂-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါးတို့ ဖြစ်ပါသည်။ ➤ **တခါရှုထိုက်သောစိတ်**= သန္တီရဏစိတ် ၃-ပါး။ ➤ **တခါရှု မထိုက်သောစိတ်** = ကြွင်း ၁၅-ပါး ဖြစ်ပါသည်။ ➤ **ပဋိသန္ဓေကိစ္စတပ်သောစိတ်**= ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး ဖြစ်ပါသည်။ ➤ **ပဋိသန္ဓေကိစ္စ မတပ်သောစိတ်** = ကြွင်း ၁၆-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



## အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး

၁၀။ ဥပေက္ခာသဟဂတံ ကုသလဝိပါကံ စက္ခုဝိညာဏံ၊ တထာ သောတဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှါဝိညာဏံ၊ သုခသဟဂတံ ကာယဝိညာဏံ၊ ဥပေက္ခာ သဟဂတံ သမ္ပဋိစ္ဆနစိတ္တံ၊ သောမနဿသဟဂတံ သန္တီရဏစိတ္တံ၊ ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ ဣမာနိ အဋ္ဌပိ ကုသလဝိပါကာဟေတုက စိတ္တာနိ နာမ။

## အဟိတ် ကိရိယာစိတ် ၃–ပါး

၁၁။ ဥပေက္ခာသဟဂတံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ၊ တထာ မနောဒွါရာဝဇ္ဇနစိတ္တံ၊ သောမနဿသဟဂတံ ဟသိတုပ္ပါဒ စိတ္တဉ္စေတိ ဣမာနိ တီဏိပိ အဟေတုကကိရိယ စိတ္တာနိ နာမ။

---

(စာပိုဒ်–၁၀) **အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးကား** [ပုညပါကာနိ အဋ္ဌဓာ]

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | ကုသလဝိပါက် | စက္ခုဝိညာဉ်စိတ် ၁-ခု၊ |
| ၂။ | ဥပေက္ခာသဟဂုတ် | ကုသလဝိပါက် | သောတဝိညာဉ်စိတ် ၁-ခု၊ |
| ၃။ | ဥပေက္ခာသဟဂုတ် | ကုသလဝိပါက် | ဃာနဝိညာဉ်စိတ် ၁-ခု၊ |
| ၄။ | ဥပေက္ခာသဟဂုတ် | ကုသလဝိပါက် | ဇိဝှါဝိညာဉ်စိတ် ၁-ခု၊ |
| ၅။ | သုခသဟဂုတ် | ကုသလဝိပါက် | ကာယဝိညာဉ်စိတ် ၁-ခု၊ |
| ၆။ | ဥပေက္ခာသဟဂုတ် | ကုသလဝိပါက် | သမ္ပဋိစ္ဆိုင်းစိတ် ၁-ခု၊ |
| ၇။ | သောမနဿသဟဂုတ် | ကုသလဝိပါက် | သန္တီရဏစိတ် ၁-ခု၊ |
| ၈။ | ဥပေက္ခာသဟဂုတ် | ကုသလဝိပါက် | သန္တီရဏစိတ် ၁-ခု။ |

➢ **အဟိတ် ကုသလဝိပါက်စိတ် ၈–ပါးတို့တွင် ပဋိသန္ဓေ၊ ပဝတ္တိ အကျိုးနှစ်မျိုးလုံးကို ဖြစ်စေနိုင်သောစိတ်=** ဥပေက္ခာသဟဂုတ် ကုသလဝိပါက် သန္တီရဏစိတ် ဖြစ်ပါသည်။ **ပဝတ္တိအကျိုးကိုသာ ဖြစ်စေသောစိတ်=** ကြွင်း ၇-ပါး ဖြစ်ပါသည်။ (ဝီထိမုတ် စာပိုဒ်-၁၇/၇၀-တို့ကိုထောက်ပါ။

(စာပိုဒ်–၁၁) **အဟိတ် ကိရိယာစိတ် ၃–ပါးကား** [ကြိယစိတ္တာနိ တီဏိ-အရ]

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ခု၊ |
| ၂။ | ဥပေက္ခာသဟဂုတ် | မနောဒွါရာဝဇ္ဇန်းစိတ် ၁-ခု၊ |
| ၃။ | သောမနဿသဟဂုတ် | ဟသိတုပ္ပါဒ်စိတ် ၁-ခု။ |

➢ **အာဝဇ္ဇန်းခွဲးကား** ။ ။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပါသည်

http://www.dhammadownload.com



**နိဂုံး**

၁၂။ ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌာရသာဟေတုကစိတ္တာနိ သမတ္တာနိ။

**အဟိတ်စိတ်ပြီးပုံပြ သင်္ဂဟဂါထာ**

၁၃။ သတ္တာကုသလပါကာနိ၊ ပုညပါကာနိ အဋ္ဌဓာ။
ကြိယစိတ္တာနိ တီဏီတိ၊ အဋ္ဌာရသ အဟေတုကာ။

---

အဟိတ်စိတ် ၁၈-ပါး၌ ➢ **ဇောထိုက်သော စိတ်**= ဟသိတုပ္ပါဒ်စိတ် ဖြစ်ပါသည်။

➢ **ကိရိယာဖြစ်လျက် ဇော မထိုက်သောစိတ်**= အာဝဇ္ဇန်းဒွေး ဖြစ်ပါသည်။
**မှုထုံးခဉ်သန္တာန် ရနိုင်သော ကိရိယာစိတ်**= အာဝဇ္ဇန်းဒွေး ဖြစ်ပါသည်။

➢ **နာမည် ၂-မျိုးဖြင့် ခေါ်ဝေါ်သောစိတ်** = မနောဒွါရာဝဇ္ဇန်း ဖြစ်ပါသည်။
**ဆင်ခြေပြောင်ကြီးနှင့်တူသော (မဟာဂဇ) စိတ်**= မနောဒွါရာဝဇ္ဇန်း ဖြစ်ပါသည်။
(ပကိဏ်း စာပိုဒ်- ၅၉)ကိုထောက်။

➢ **သဗ္ဗညုတဉာဏ်နှင့် အလားတူသောစိတ်**= မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။
(ပကိဏ်း စာပိုဒ်- ၅၉)ကိုထောက်။

➢ **သမ္ပဋိစ္ဆနာဒိကိစ္စဘေဒစိတ်** = သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး ဖြစ်ပါသည်။

➢ **အာဝဇ္ဇနာဒိ ကိစ္စဘေဒစိတ်**= အာဝဇ္ဇန်း ၂-ပါး၊ ဟသိတုပ္ပါဒ် ၁-ပါး ဖြစ်ပါသည်။

➢ **ဇောမဟုတ်ဘဲ ဇော အလုပ်လုပ်သောစိတ်** = မနောဒွါရာဝဇ္ဇန်း ဖြစ်ပါသည်။
(ဝီထိစာပိုဒ်-၁၃)ကိုထောက်။

➢ **ဇော-အတု** ။ ။ မနောဒွါရာဝဇ္ဇန်းစိတ်သည် ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောကိစ္စတပ်ခိုက် ဇောအရာ၌တည်သောကြောင့် ဇော-အတု ဖြစ်ပါသည်။(ဝီထိစာပိုဒ်-၁၃)ထောက်။

➢ **ဝုဋ္ဌောစိတ်** ။ ။ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။(ပကိဏ်းစာပိုဒ်- ၂၄)

➢ **ဘုရား, ရဟန္တာတို့၌သာဖြစ်သော အဟိတ် (အသောဘာဇ) စိတ်**= ဟသိတုပ္ပါဒ် စိတ် ဖြစ်ပါသည်။

➢ **အဟိတ်စိတ် (၁၈)ပါးကို "ဇာတိဘေဒ"အားဖြင့် ဝေဖန်ပုံ**
ဝိပါက်စိတ် ၁၅-ပါး၊ ကိရိယာစိတ် ၃-ပါးတို့ ဖြစ်ပါသည်။

➢ **အဟိတ်စိတ် (၁၈) ပါးကို "ဝေဒနာဘေဒ"အားဖြင့် ဝေဖန်ပုံ**
(၁) သုခသဟဂုတ်စိတ် ၁-ပါး၊ (၂) ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ (၃) သောမနဿ သဟဂုတ်စိတ် ၂-ပါး၊ (၄) ဥပေက္ခာသဟဂုတ်စိတ် ၁၄-ပါး ဖြစ်ပါသည်။

➢ **အဟိတ် ဥပေက္ခာ ၁၄-ပါးကား** ။ ။ အကုသလဝိပါက် ဥပေက္ခာ ၆-ပါး၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာ ၆-ပါး၊ အဟိတ်ကြိယာ ဥပေက္ခာ ၂-ပါး+၁၄-ပါး။

http://www.dhammadownload.com



## သောဘနစိတ် (၅၉-၉၁)

၁၄။ ပါပါဟေတုကမုတ္တာနိ၊ သောဘနာနီတိ ဝုစ္စရေ။
ဧကူနသဋ္ဌိ စိတ္တာနိ၊ အထေကနဝုတီပိ ဝါ။

### ကာမာဝစရသောဘနစိတ် ၂၄-ပါး

### မဟာကုသိုလ်စိတ် ၈-ပါး

၁၅။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ၊ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ ကာမာဝစရကုသလစိတ္တာနိ နာမ။

---

(ဏာပိုဒ်-၁၄) ပါပ-အရ= အကုသိုလ်စိတ်ကို ယူရပါမည်။(ဝိထိမုတ်စာပိုဒ်-၆၉)
**အဟေတုက-အရ=** အဟိတ်စိတ်ကို ယူရပါမည်။ (ပကိဏ်းစာပိုဒ်-၁၁-ကိုထောက်)

➢ **သောဘနစိတ်အကျဉ်း ၅၉-ပါးကား** [ဧကူနသဋ္ဌိ စိတ္တာနိ-အရ]
ကာမာဝစရသောဘနစိတ် ၂၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၅၉-ပါး ဖြစ်ပါသည်။

➢ **သောဘနစိတ်အကျယ် ၉၁-ပါးကား** [အထေကနဝုတီပိ-၌ ဧကနဝုတိ]
ကာမာဝစရသောဘနစိတ် ၂၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ လောကုတ္တရာစိတ် အကျယ် ၄၀၊ ပေါင်း ၉၁-ပါး ဖြစ်ပါသည်။

➢ **အသောဘနစိတ် (၃၀) ကား ။ ။** အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈ ပါး၊ ပေါင်း (၃၀) ဖြစ်ပါသည်။

➢ **အသောဘနစိတ် (၃၀) ကို "ဝေဒနာဘေဒ"အားဖြင့်ခွဲပုံ**
သုခသဟဂုတ်စိတ် ၁-ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ သောမနဿသဟဂုတ်စိတ် ၆-ပါး၊ ဒေါမနဿသဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၂၀-ပါးဖြစ်ပါသည်။

➢ **အသောဘနစိတ် (၃၀) ၌=** သမ္ပယုတ်စိတ် ၈-ပါး၊ ဝိပ္ပယုတ်စိတ် ၄-ပါး၊ နှစ်မျိုးလုံး မဟုတ်သောစိတ် ၁၈-ပါး ရှိပါသည်။

➢ **အသောဘနစိတ် (၃၀) ၌=**အသင်္ခါရိကစိတ် ၅-ပါး၊ သသင်္ခါရိကစိတ် ၅-ပါး နှစ်မျိုးလုံး မဟုတ်သောစိတ် ၂၀-ပါး ရှိပါသည်။

http://www.dhammadownload.com



**မဟာဝိပါက်စိတ် ၈-ပါး**

၁၆။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ သဟေတုကကာမာဝစရဝိပါက စိတ္တာနိ နာမ။

**မဟာကိရိယာစိတ် ၈-ပါး**

၁၇။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ; သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ သဟေတုကကာမာဝစရကိရိယ စိတ္တာနိ နာမ။

---

➤ **ကာမာဝစရသောဘနစိတ်** ၂၄-ပါးကား ။ ။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပေါင်း ၂၄-ပါးဖြစ်ပါသည်။

**(စာပိုဒ်-၁၅/၁၆/၁၇) မဟာကုသိုလ်(မဟာဝိပါက်-မဟာကြိယာ) စိတ် ၈-ပါးကား**

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် ၁-ခု၊ |
| ၂။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိကစိတ် ၁-ခု၊ |
| ၃။ | သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် ၁-ခု၊ |
| ၄။ | သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိကစိတ် ၁-ခု၊ |
| ၅။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် ၁-ခု၊ |
| ၆။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိကစိတ် ၁-ခု၊ |
| ၇။ | ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် ၁-ခု၊ |
| ၈။ | ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိကစိတ် ၁-ခု၊ |

**အမှာ/** ကာမာဝစရသောဘနစိတ် ၂၄-ပါးထဲ၌ သောမနဿသဟဂုတ်စိတ် ၁၂ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁၂-ပါး၊ သမ္ပယုတ်စိတ် ၁၂-ပါး၊ ဝိပ္ပယုတ်စိတ် ၁၂-ပါး အသင်္ခါရိကစိတ် ၁၂-ပါး၊ သသင်္ခါရိကစိတ် ၁၂-ပါးစီ ပါရှိသည်။

http://www.dhammadownload.com



**နိဂုံး**

၁၈။ ဣစ္စေဝံ သဗ္ဗထာပိ စတုဝီသတိ သဟေတုကကာမာဝစရကုသလ ဝိပါက ကိရိယစိတ္တာနိ သမတ္တာနိ။

**ကာမာဝစရစိတ် ၂၄–ပါးပြားပုံ သင်္ဂဟဂါထာ**

၁၉။ ဝေဒနာ ဉာဏသင်္ခါရ- ဘေဒေန စတုဝီသတိ။
သဟေတု ကာမာဝစရ-ပုညပါကကြိယာ မတာ။

**အတိဘေဒအားဖြင့် ကာမာဝစရစိတ်ပေါင်း ၅၄–ပါး သင်္ဂဟဂါထာ**

၂၀။ ကာမေ တေဝီသပါကာနိ၊ ပုညာပုညာနိ ဝီသတိ။
ဧကာဒသ ကြိယာစေတိ၊ စတုပညာသ သဗ္ဗထာ။

---

(ဓာပိုဒ်–၁၉) **ကာမာဝစရသောဘနစိတ် ၂၄–ပါးပြားပုံ**

ကာမာဝစရကုသိုလ်, သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရကိရိယာစိတ် ၃-ပါးသည် သောမနဿ, ဥပေက္ခာဝေဒနာအပြားအားဖြင့် ၂-ပါးစီပြား၏၊ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်ဟူသော ဉာဏ်အပြားအားဖြင့် ၄-ပါးစီပြား၏၊ အသင်္ခါရိက သသင်္ခါရိကဟူသော သင်္ခါရအပြားအားဖြင့် ၈-ပါးစီပြား၏၊ ထို့ကြောင့် ပေါင်းလိုက်သောအခါ (၈+၈+၈=) ၂၄-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်– ၂၀) **ကာမာဝစရစိတ် (၅၄)ပါးကား [စတုပညာသ–အရ]**

အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈-ပါး၊ ကာမာဝစရသောဘနစိတ် ၂၄ ပါး၊ပေါင်း ၅၄-ပါး ဖြစ်ပါသည်။

➢ **ကာမာဝစရစိတ် (၅၄)ပါးကို "အတိဘေဒ"နည်းအားဖြင့် ရေတွက်ပုံ**

ဝိပါက်စိတ် ၂၃-ပါး၊ ကုသိုလ်, အကုသိုလ်စိတ် ၂၀-ပါး၊ ကိရိယာစိတ် ၁၁-ပါး၊ ပေါင်း (၅၄)ပါး ဖြစ်ပါသည်။

➢ **ကာမေ တေဝီသ ပါကာနိ–၌ တေဝီသ–အရကား** ။ ။ အကုသလဝိပါက်စိတ် ၇-ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါးတို့ ဖြစ်ပါသည်။

➢ ပုညာပုညာနိ ဝီသတိ-၌ ဝီသတိ-အရကား ။ ။ အကုသိုလ်စိတ် ၁၂-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါးတို့ ဖြစ်ပါသည်။

➢ **ဧကာဒသ ကြိယာစေတိ–၌ ဧကာဒသ–အရကား** ။ ။ အဟိတ်ကိရိယာစိတ် ၃-ပါး၊ မဟာကြိယာစိတ် ၈-ပါးတို့ ဖြစ်ပါသည်။

➢ **ကာမစိတ် (၅၄)ပါးကို "သင်္ခါရဘေဒ"အားဖြင့် ခွဲပုံ** ။ ။ အသင်္ခါရိကစိတ် ၁၇-ပါး၊ သသင်္ခါရိကစိတ် ၁၇-ပါး၊ နှစ်မျိုးလုံးမဟုတ်သောစိတ် ၂၀-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



## ရူပါဝစရစိတ် ၁၅–ပါး

### ကုသိုလ်စိတ် ၅–ပါး

၂၁။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဇ္ဈာနကုသလစိတ္တံ၊ ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာနကုသလစိတ္တံ၊ ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာနကုသလစိတ္တံ၊ သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာနကုသလစိတ္တံ၊ ဥပေက္ခေကဂ္ဂတာသဟိတံ ပဉ္စမဇ္ဈာန ကုသလစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရ ကုသလစိတ္တာနိ နာမ။

---

➤ **ကာမစိတ် (၅၄)ပါးကို အကြောင်း+အကျိုးခွဲပုံ ။ ။ အကြောင်းစိတ်ကား**= ကုသိုလ်, အကုသိုလ် (၂၀) ဖြစ်ပါသည်။

**အကျိုးစိတ်ကား**= ဝိပါက်စိတ် ၂၃-ပါး ဖြစ်ပါသည်။ အကြောင်း+အကျိုးနှစ်မျိုးလုံး မဟုတ်သောစိတ်ကား= ကိရိယာစိတ် ၁၁-ပါး ဖြစ်ပါသည်။

➤ **ကာမစိတ် (၅၄)ပါးကို "ဝေဒနာဘေဒ"အားဖြင့် ခွဲပုံ** ။ ။ သုခသဟဂုတ်စိတ် ၁-ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ သောမနဿသဟဂုတ်စိတ် ၁၈-ပါး၊ ဒေါမနဿသဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၃၂-ပါးဖြစ်ပါသည်။

➤ **ကာမစိတ် (၅၄)ပါးကို "သမ္ပယောဂဘေဒ"အားဖြင့် ခွဲပုံ** ။ ။ သမ္ပယုတ်စိတ် ၂၀-ပါး၊ ဝိပ္ပယုတ်စိတ် ၁၆-ပါး၊ နှစ်မျိုးလုံး မဟုတ်သောစိတ် ၁၈-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်– ၂၁) **ရူပါဝစရစိတ် (၁၅)ပါးကား** (သောမနဿ-၁၂၊ ဥပေက္ခာ-၃)

ရူပါဝစရကုသိုလ်စိတ် ၅-ပါး၊ ရူပါဝစရဝိပါက်စိတ် ၅-ပါး၊ ရူပါဝစရ ကိရိယာစိတ် ၅-ပါး၊ ပေါင်း ၁၅-ပါး ဖြစ်ပါသည်။

➤ **မုချရူပါဝစရစိတ်**= ရူပ ဝိပါက် ၅-ပါး ဖြစ်ပါသည်။

➤ **ယေဘုယျ ရူပါဝစရစိတ်** = ရူပကုသိုလ် ၅-ပါး၊ ရူပကြိယာ ၅-ပါးတို့ ဖြစ်ပါသည်။ (ဝီထိစာပိုဒ်-၄၉/၅၀/၅၁/၅၂)တို့ကိုထောက်။

➤ **ရူပါဝစရကုသိုလ်စိတ် ၅–ပါးကား** (သောမနဿ-၄၊ ဥပေက္ခာ-၁)

(၁)ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပထမဈာန် ကုသိုလ်စိတ် ၁-ခု၊ (၂) ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ် ၁-ခု၊ (၃) ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယဈာန် ကုသိုလ်စိတ် ၁-ခု၊ (၄)သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် ၁-ခု၊ (၅) ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ် ၁-ခု။

http://www.dhammadownload.com



## ဝိပါက်စိတ် ၅-ပါး

## (ရူပဘုံ၌သာ ရနိုင်သော စိတ်၏သရုပ်ပြပါဠိ)

၂၂။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဇ္ဈာနဝိပါကစိတ္တံ၊ ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာနဝိပါကစိတ္တံ၊ ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာနဝိပါကစိတ္တံ၊ သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာနဝိပါကစိတ္တံ၊ ဥပေက္ခေကဂ္ဂတာသဟိတံ ပဥ္စမဇ္ဈာန ဝိပါကစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရ ဝိပါကစိတ္တာနိ နာမ။

## ကိရိယာစိတ် ၅-ပါး

၂၃။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဇ္ဈာနကိရိယစိတ္တံ၊ ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာနကိရိယစိတ္တံ၊ ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာနကိရိယစိတ္တံ၊ သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာနကိရိယစိတ္တံ၊ ဥပေက္ခေကဂ္ဂတာသဟိတံ ပဥ္စမဇ္ဈာန ကိရိယစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရ ကိရိယစိတ္တာနိ နာမ။

---

**(ဓာပိုဒ်-၂၂) ရူပါဝစရဝိပါက်စိတ် ၅-ပါးကား** (သောမနဿ-၄၊ ဥပေက္ခာ-၁)

(၁)ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပထမဈာန် ဝိပါက်စိတ် ၁-ခု၊ (၂) ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် ဝိပါက်စိတ် ၁-ခု၊ (၃) ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယဈာန် ဝိပါက်စိတ် ၁-ခု၊ (၄)သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ဝိပါက်စိတ် ၁-ခု၊ (၅) ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဥ္စမဈာန် ဝိပါက်စိတ် ၁-ခု။

**(ဓာပိုဒ်-၂၃) ရူပါဝစရကြိယာစိတ် ၅-ပါးကား** (သောမနဿ-၄၊ ဥပေက္ခာ-၁)

(၁)ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပထမဈာန် ကြိယာစိတ် ၁-ခု၊ (၂) ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် ကြိယာစိတ် ၁-ခု၊ (၃) ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယဈာန် ကြိယာစိတ် ၁-ခု၊ (၄)သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကြိယာစိတ် ၁-ခု၊ (၅) ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဥ္စမဈာန် ကြိယာစိတ် ၁-ခု။

http://www.dhammadownload.com



## နိဂုံး

၂၄။ ဣစ္စေဝံ သဗ္ဗထာပိ ပန္နရသ ရူပါဝစရ ကုသလ ဝိပါက ကိရိယ စိတ္တာနိ သမတ္တာနိ။

**ရူပစိတ်ပြားပုံပြ သင်္ဂဟဂါထာ**

၂၅။ ပဉ္စဓာ ဈာနဘေဒေန၊ ရူပါဝစရမာနသံ။
ပုညပါကကြိယာ ဘေဒါ၊ တံ ပဉ္စဒသဓာ ဘဝေ။

**အရူပါဝစရစိတ် ၁၂-ပါး/ကုသိုလ်စိတ် ၄-ပါး**

၂၆။ အာကာသာနဉ္စာယတန ကုသလစိတ္တံ၊
ဝိညာဏဉ္စာယတန ကုသလစိတ္တံ၊
အာကိဉ္စညာယတန ကုသလစိတ္တံ၊
နေဝသညာနာသညာယတန ကုသလစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရ ကုသလစိတ္တာနိ နာမ။

---

(ဓာပိုဒ်-၂၅) **ရူပါဝစရစိတ် ၅-ပါး/၁၅-ပါး ပြားရခြင်းအကြောင်း**

ဈာန်အင်္ဂါ ၅-ပါးရှိသော ပထမဈာန်စိတ်, ဈာန်အင်္ဂါ ၄-ပါးရှိသော ဒုတိယဈာန်စိတ်, ဈာန်အင်္ဂါ ၃-ပါးရှိသော တတိယဈာန်စိတ်, ဈာန်အင်္ဂါ ၂-ပါးရှိသော စတုတ္ထဈာန်စိတ်, ဈာန်အင်္ဂါ ၂-ပါးရှိသော ပဉ္စမဈာန်စိတ် ဤသို့ ဈာန်အင်္ဂါတို့နှင့် ယှဉ်ပုံ ၅-မျိုး ကွဲပြားသောကြောင့် ရူပါဝစရစိတ် ၅-ပါးပြားရပါသည်။

တစ်ဖန် ကုသိုလ်, ဝိပါက်, ကိရိယာအားဖြင့် ၃-ပါးထပ်၍ ကွဲပြားပြန်သောကြောင့် ရူပါဝစရစိတ် ၁၅-ပါး ပြားရပါသည်။

(ဓာပိုဒ်-၂၆) **အရူပါဝစရစိတ် ၁၂-ပါးကား** ။ ။ ကုသိုလ်စိတ် ၄-ပါး၊ ဝိပါက် စိတ် ၄-ပါး၊ ကိရိယာစိတ် ၄-ပါး၊ ပေါင်း ၁၂-ပါး ဖြစ်ပါသည်။

➤ **မုချအရူပါဝစရစိတ်**= အရူပ ဝိပါက် ၄-ပါး။ ➤ **ယောဂျအရူပါဝစရစိတ်** အရူပကုသိုလ် ၄-ပါး၊ အရူပကြိယာ ၄-ပါး (ဝီထိဓာပိုဒ်-၄၉/၅၀/၅၁)ကိုထောက်။

(ဓာပိုဒ်-၂၆) **အရူပါဝစရ ကုသိုလ်စိတ် ၄-ပါးကား** (ဥပဧက္ခာ)

၁။ အာကာသာနဉ္စာယတန ကုသိုလ်စိတ် ၁-ခု၊
၂။ ဝိညာဏဉ္စာယတနကုသိုလ်စိတ် ၁-ခု၊
၃။ အာကိဉ္စညာယတနကုသိုလ်စိတ် ၁-ခု၊
၄။ နေဝသညာနာသညာယတန ကုသိုလ်စိတ် ၁-ခု။

http://www.dhammadownload.com



**ဝိပါက်စိတ် ၄-ပါး**

**(အရူပဘုံ၌သာ ရရှိနိုင်သောစိတ်၏ သရုပ်ပြပါဠိ)**

၂၇။ အာကာသာနဉ္စာယတန ဝိပါကစိတ္တံ၊
ဝိညာဏဉ္စာယတန ဝိပါကစိတ္တံ၊
အာကိဉ္စညာယတန ဝိပါကစိတ္တံ၊
နေဝသညာနာသညာယတန ဝိပါကစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရ ဝိပါကစိတ္တာနိ နာမ။

**ကိရိယာစိတ် ၄-ပါး**

၂၈။ အာကာသာနဉ္စာယတန ကိရိယစိတ္တံ၊
ဝိညာဏဉ္စာယတန ကိရိယစိတ္တံ၊
အာကိဉ္စညာယတန ကိရိယစိတ္တံ၊
နေဝသညာနာသညာယတန ကိရိယစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရ ကိရိယစိတ္တာနိ နာမ။

**နိဂုံး**

၂၉။ ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသ အရူပါဝစရ ကုသလ ဝိပါက ကိရိယ စိတ္တာနိ သမတ္တာနိ။

---

(ဓာပိုဒ်-၂၇) ➢ **အရူပါဝစရ ဝိပါက်စိတ် ၄-ပါးကား** (ဥပေက္ခာ)

၁။ အာကာသာနဉ္စာယတန ဝိပါက်စိတ် ၁-ခု၊
၂။ ဝိညာဏဉ္စာယတန ဝိပါက်စိတ် ၁-ခု၊
၃။ အာကိဉ္စညာယတန ဝိပါက်စိတ် ၁-ခု၊
၄။ နေဝသညာနာသညာယတန ဝိပါက်စိတ် ၁-ခု။

(ဓာပိုဒ်-၂၈) ➢ **အရူပါဝစရ ကြိယာစိတ် ၄-ပါးကား** (ဥပေက္ခာ)

၁။ အာကာသာနဉ္စာယတန ကြိယာစိတ် ၁-ခု၊
၂။ ဝိညာဏဉ္စာယတန ကြိယာစိတ် ၁-ခု၊
၃။ အာကိဉ္စညာယတန ကြိယာစိတ် ၁-ခု၊
၄။ နေဝသညာနာသညာယတန ကြိယာစိတ် ၁-ခု။

➢ **ဈာနဘေဒစိတ်ကား**= ရူပါဝစရစိတ် ၁၅-ပါး ဖြစ်ပါသည်။ **အာလမ္ဗဏဘေဒ စိတ်ကား**= အရူပါဝစရစိတ် ၁၂-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



## အရူပစိတ်–၁၂ ပါးပြားပုံပြ သင်္ဂဟဂါထာ

၃၀။ အာလမ္ဗဏပ္ပဘေဒေန၊ စတုဓာရုပ္ပမာနသံ။
ပုညပါကကြိယာ ဘေဒါ၊ ပုန ဒွါဒသဓာ ဌိတံ။

---

**(ဓာပိုဒ်–၃၀) အရူပါဝစရစိတ် ၄–ပါး/၁၂–ပါးပြားရခြင်းအကြောင်း**

ကောင်းကင်ပညတ်အာရုံ စသည်ဖြင့် အာရုံ ၄–မျိုးပြားသောကြောင့် အရူပါဝစရစိတ် ၄–ပါးပြားရပါသည်။ တစ်ဖန် ကုသိုလ်, ဝိပါက်, ကိရိယာအားဖြင့် ၃–ပါးထပ်၍ ကွဲပြားပြန်သောကြောင့် အရူပါဝစရစိတ် ၁၂–ပါး ပြားရပါသည်။

➢ **အရူပါဝစရစိတ်သည် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရခြင်းအကြောင်း**

ရူပါဝစရပဥ္စမဈာန်နှင့် အလားတူစွာ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့် ယှဉ်သောကြောင့် အရူပါဝစရစိတ်သည် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

➢ **မဟဂ္ဂုတ်စိတ် ၂၇–ပါးကား ။ ။** ရူပါဝစရစိတ် ၁၅–ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ ပေါင်း ၂၇–ပါး ဖြစ်ပါသည်။

➢ **မဟဂ္ဂုတ်စိတ် ၂၇–ပါးကို "ဝေဒနာဘေဒ"အားဖြင့် ခွဲပုံ**

ရူပါဝစရကုသိုလ် သောမနဿ ၄–ပါး၊ရူပါဝစရဝိပါက် သောမနဿ ၄–ပါး၊ ရူပါဝစရကြိယာ သောမနဿ ၄–ပါးအားဖြင့် ပေါင်း သောမနဿ ၁၂–ပါးရှိပါသည်။ ၄

ရူပါဝစရ ကုသိုလ် ဥပေက္ခာ ၁–ပါး၊ရူပါဝစရ ဝိပါက် ဥပေက္ခာ ၁–ပါး၊ ရူပါဝစရ ကြိယာ ဥပေက္ခာ ၁–ပါး၊ အရူပါဝစရ ဥပေက္ခာ ၁၂–ပါးအားဖြင့် ပေါင်း ဥပေက္ခာ ၁၅–ပါး ရှိပါသည်။

➢ **မဟဂ္ဂုတ်စိတ် ၂၇–ပါးကို "ဇာတိဘေဒ"အားဖြင့် ခွဲပုံ**

၁။ ရူပကုသိုလ် ၅–ပါး၊ အရူပကုသိုလ် ၄–ပါး၊ ပေါင်း ကုသိုလ်စိတ် ၉–ပါး။
၂။ ရူပဝိပါက် ၅–ပါး၊ အရူပဝိပါက် ၄–ပါး၊ ပေါင်း ဝိပါက်စိတ် ၉–ပါး။
၃။ ရူပကြိယာ ၅–ပါး၊ အရူပကြိယာ ၄–ပါး၊ ပေါင်း ကြိယာစိတ် ၉–ပါး ဖြစ်ပါသည်။

➢ **မဟဂ္ဂုတ်စိတ် ၂၇–ပါးကို "ဈာနဘေဒ"အားဖြင့် ခွဲပုံ**

ရူပကုသိုလ်, ဝိပါက်, ကိရိယာ ပဌမဈာန် ၃–ပါး၊ရူပကုသိုလ်, ဝိပါက်, ကိရိယာ ဒုတိယဈာန် ၃–ပါး၊ ရူပကုသိုလ်, ဝိပါက်, ကိရိယာ တတိယဈာန် ၃–ပါး၊ ရူပကုသိုလ်, ဝိပါက်, ကိရိယာ စတုတ္ထဈာန် ၃–ပါး၊ ရူပကုသိုလ်, ဝိပါက်, ကိရိယာ ပဉ္စမဈာန် ၃–ပါး၊ အရူပပဉ္စမဈာန် ၁၂–ပါး၊ ပေါင်း ပဉ္စမဈာန် ၁၅–ပါး။

➢ **လောကီစိတ် ၈၁–ပါးကား ။ ။** ကာမာဝစရစိတ် ၅၄–ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ အရူပါဝစရစိတ် ၁၂–ပါး၊ ပေါင်း (၈၁) ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**လောကုတ္တရာစိတ် အကျဉ်း ၈–ပါး**

**မဂ်(ကုသိုလ်)စိတ် ၄–ပါး**

၃၁။ သောတာပတ္တိမဂ္ဂစိတ္တံ၊
သကဒါဂါမိမဂ္ဂစိတ္တံ၊
အနာဂါမိမဂ္ဂစိတ္တံ၊
အရဟတ္တမဂ္ဂစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ လောကုတ္တရကုသလ စိတ္တာနိ နာမ။

---

➢ **လောကီစိတ် ၈၁–ပါးကို "ဇာတိဘေဒ"အားဖြင့် ခွဲပုံ**

အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၁၇-ပါး၊ ဝိပါက်စိတ် ၃၂-ပါး၊ ကိရိယာစိတ် ၂၀၊ ပေါင်း (၈၁) ပါးဖြစ်ပါသည်။

➢ **လောကီစိတ် ၈၁–ပါးကို "ဘူမိဘေဒ"အားဖြင့် ခွဲပုံ**

ကာမာဝစရစိတ် ၅၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊ ပေါင်း (၈၁) ပါး ဖြစ်ပါသည်။

➢ **လောကီစိတ် (၈၁)ပါးကို "ဝေဒနာဘေဒ"အားဖြင့် ခွဲပုံ** ။ ။ သုခသဟဂုတ်စိတ် ၁-ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ သောမနဿသဟဂုတ်စိတ် ၃၀-ပါး၊ ဒေါမနဿသဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါးဖြစ်ပါသည်။

➢ **လောကီ သောမနဿသဟဂုတ်စိတ် (၃၀) ကား** ။ ။ ကာမာဝစရ သောမနဿ သဟဂုတ်စိတ် ၁၈-ပါး၊ မဟဂ္ဂုတ် သောမနဿသဟဂုတ်စိတ် ၁၂-ပါး+၃၀။

➢ **လောကီ ဥပေက္ခာသဟဂုတ်စိတ် ၄၇–ပါးကား** ။ ။ ကာမာဝစရ ဥပေက္ခာသဟဂုတ်စိတ် ၃၂-ပါး၊ မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ်စိတ် ၁၅-ပါးတို့ ဖြစ်ပါသည်။

(ဇာပိုဒ်–၃၁) **လောကုတ္တရာစိတ်အကျဉ်း ၈–ပါးကား** (သောမနဿ+ဥပေက္ခာ)

မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါး၊ ပေါင်း ၈-ပါးဖြစ်ပါသည်။

➢ **မဂ်(ကုသိုလ်)စိတ် ၄–ပါးကား** ။ ။ သောတာပတ္တိမဂ်စိတ် ၁-ခု၊ သကဒါဂါမိမဂ်စိတ် ၁-ခု၊ အနာဂါမိမဂ်စိတ် ၁-ခု၊ အရဟတ္တမဂ်စိတ် ၁-ခု၊ ပေါင်း ၄-ပါးဖြစ်ပါသည်

➢ **လောကုတ္တရာစိတ် အကျဉ်း ၈–ပါးသည် သောမနဿလော? ဥပေက္ခာလော?**

သောမနဿ, ဥပေက္ခာအားဖြင့် ကွဲပြားသော လောကုတ္တရာစိတ်အကျယ် ၄၀-ကို အကျဉ်းအားဖြင့် ၈-ပါးဟု ဆိုထားသောကြောင့် လောကုတ္တရာစိတ်အကျဉ်း ၈-ပါးသည် သောမနဿ, ဥပေက္ခာ နှစ်မျိုးလုံးဖြစ်ပါသည်။

http://www.dhammadownload.com



## ဖိုလ်(ဝိပါက်)စိတ် ၄-ပါး

**(ဝိပါက်အဗျာကတဖြစ်သော ဖောစိတ်သရုပ်ပြ)**

၃၂။ သောတာပတ္တိဖလစိတ္တံ၊
သကဒါဂါမိဖလစိတ္တံ၊
အနာဂါမိဖလစိတ္တံ၊
အရဟတ္တဖလစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ လောကုတ္တရ ဝိပါက စိတ္တာနိ နာမ။

**နိဂုံး**

၃၃။ ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌ လောကုတ္တရ ကုသလ ဝိပါကစိတ္တာနိ သမတ္တာနိ။

**လောကုတ္တရာစိတ် ၈-ပါးပြားပုံပြ သင်္ဂဟဂါထာ**

၃၄။ စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာ ကုသလံ တထာ။
ပါကံ တဿ ဖလတ္တာတိ၊ အဋ္ဌဓာ နုတ္တရံ မတံ။

**စိတ်အကျဉ်း ၈၉-ပါး/ဇာတ်အားဖြင့် ရေတွက်ခြင်း**

၃၅။ ဒွါဒသာကုသလာနေဝံ၊ ကုသလာနေကဝီသတိ။
ဆတ္တိံသေဝ ဝိပါကာနိ၊ ကြိယစိတ္တာနိ ဝီသတိ။

---

(ဓာပိုဒ်-၃၂) **ဖိုလ် (ဝိပါက်)စိတ် ၄-ပါးကား** ။ ။ သောတာပတ္တိဖိုလ်စိတ် ၁-ခု၊ သကဒါဂါမိ ဖိုလ်စိတ် ၁-ခု၊ အနာဂါမိဖိုလ်စိတ် ၁-ခု၊ အရဟတ္တဖိုလ်စိတ် ၁-ခု၊

(ဓာပိုဒ်-၃၄) **လောကုတ္တရာကုသိုလ်စိတ် (မဂ်စိတ်) ၄-ပါးပြားရခြင်းအကြောင်း**

သောတာပတ္တိမဂ်စသည်ဖြင့် မဂ် ၄-ပါးပြားသောကြောင့် လောကုတ္တရာကုသိုလ်စိတ် (မဂ်စိတ်) ၄-ပါးပြားရပါသည်။

➤ **လောကုတ္တရာဝိပါက်စိတ် (ဖိုလ်စိတ်) ၄-ပါးပြားရခြင်းအကြောင်း**

ဝိပါက်စိတ် (ဖိုလ်စိတ်)သည်လည်း ထိုကုသိုလ်စိတ်၏ အကျိုးဖြစ်သောကြောင့် ၄-ပါးပင် ပြားရပါသည်။

(ဓာပိုဒ်-၃၅) **စိတ်အကျဉ်း ၈၉-ပါးကား** ။ ။ အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈-ပါး၊ ကာမာဝစရသောဘနစိတ် ၂၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊ လောကုတ္တရာစိတ်အကျဉ်း ၈-ပါး၊ ပေါင်း ၈၉-ပါးဖြစ်ပါသည်။

http://www.dhammadownload.com



## ဘုံအားဖြင့် ရေတွက်ခြင်း

၃၆။ စတုပညာသဓာ ကာမေ၊ ရူပေ ပန္နရသီရယေ။
စိတ္တာနိ ဒွါဒသာရူပေ၊ အဋ္ဌဓာနုတ္တရေ တထာ။

**စိတ်အကျဉ်း–အကျယ်ပြ/နိဂုံး**

၃၇။ ဣတ္ထမေကူန နဝုတိ ပဘေဒံ ပန မာနသံ။
ကေဝီသသတံ ဝါထ၊ ဝိဘဇန္တိ ဝိစက္ခဏာ။

---

(ဓာပိုဒ်–၃၅) ➤ **စိတ်အကျဉ်း ၈၉–ပါးကို 'ဇာတိဘေဒ"အားဖြင့် ခွဲခြားပုံ**

အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါးတို့ဖြစ်ပါသည်။

➤ **ဒွါဒသာကုသလာနေဝံ–၌ ဒွါဒသ–အရကား**= အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါသည်။ ➤ **ကုသလာနေကဝီသတိ–၌ ကေဝီသတိ–အရ/ကုသိုလ်စိတ် ၂၁–ပါးကား**= မဟာကုသိုလ်စိတ် ၈-ပါး၊မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး၊ လောကုတ္တရာကုသိုလ်စိတ် ၄-ပါး ဖြစ်ပါသည်။

➤ **ဆတ္တိံသေဝ ဝိပါကာနိ–၌ ဆတ္တိံသ–အရ/ဝိပါက်စိတ် ၃၆–ပါးကား** = အကုသလ ဝိပါက်စိတ် ၇-ပါး အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ် ဝိပါက် ၉-ပါး၊ လောကုတ္တရာဝိပါက်စိတ် ၄-ပါး၊ ပေါင်း ၃၆-ပါး ဖြစ်ပါသည်။

➤ **ကြိယာစိတ္တာနိ ဝီသတိ–၌ ဝီသတိ–အရ/ကြိယာစိတ် ၂၀–ကား**= အဟိတ်ကြိယာစိတ် ၃-ပါး၊မဟာကြိယာစိတ် ၈-ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉-ပါး၊ ပေါင်း ၂၀-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၃၆) ➤ **စိတ်အကျဉ်း ၈၉–ပါးကို "ဘူမိဘေဒ"အားဖြင့် ရေတွက်ပုံ**

ကာမစိတ် ၅၄-ပါး၊ ရူပစိတ် ၁၅-ပါး၊ အရူပစိတ် ၁၂-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၈၉-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၃၇) **အာရုံကိုသိခြင်း လက္ခဏာအားဖြင့် တစ်ပါးတည်းသာဖြစ်သောစိတ်သည် ၈၉–ပါးပြားရခြင်းအကြောင်း ။ ။** ဇာတိဘေဒ, ဘူမိဘေဒအပြားအားဖြင့်ပြားသောကြောင့် ၈၉-ပါးပြားရပါသည်။

➤ **မဂ်စိတ် အကျဉ်း ၄–ပါးမှ အကျယ် ၂၀–ဖြစ်လာရခြင်းအကြောင်း**

မဂ်စိတ်အကျဉ်း ၄-ပါးကို ဈာန်အပြားအားဖြင့် မြောက်ပွားလိုက်သောအခါ သောတာပတ္တိမဂ်စိတ် ၅-ပါး၊သကဒါဂါမိမဂ်စိတ် ၅-ပါး၊ အနာဂါမိမဂ်စိတ် ၅-ပါး၊ အရဟတ္တမဂ်စိတ် ၅-ပါး ဖြစ်သောကြောင့် မဂ်စိတ်အကျဉ်း ၄-ပါးမှ အကျယ် ၂၀-ဖြစ်လာရပါသည်။

http://www.dhammadownload.com



## စိတ်အကျယ် ၁၂၁–ပါး

၃၈။ ကထမေကူန နဝုတိဝိဓံ စိတ္တံ ဧကဝီသသတံ ဟောတိ?

### လောကုတ္တရာစိတ်အကျယ်–၄၀

### သောတာပတ္တိမဂ်စိတ် ၅–ပါး

ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဇ္ဈာန သောတာပတ္တိ မဂ္ဂစိတ္တံ၊ ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာန သောတာပတ္တိ မဂ္ဂစိတ္တံ၊ ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာန သောတာပတ္တိ မဂ္ဂစိတ္တံ၊ သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာန သောတာပတ္တိမဂ္ဂစိတ္တံ၊ ဥပေက္ခေကဂ္ဂတာသဟိတံ ပဉ္စမဇ္ဈာန သောတာပတ္တိမဂ္ဂစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ သောတာပတ္တိမဂ္ဂစိတ္တာနိ နာမ။

---

(ဓာပိုဒ်–၃၈) **စိတ်အကျယ် ၁၂၁–ပါးကား** ။ ။ အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈-ပါး၊ ကာမာဝစရသောဘနစိတ် ၂၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊ လောကုတ္တရာစိတ်အကျယ် ၄၀၊ ပေါင်း ၁၂၁-ပါးဖြစ်ပါသည်။

➤ **သောတာပတ္တိ မဂ်စိတ် ၅–ပါးကား** (သောမနဿ-၄၊ ဥပေက္ခာ-၁)

(၁)ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပထမဈာန် သောတာပတ္တိမဂ်စိတ် ၁-ခု၊ (၂) ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သောတာပတ္တိမဂ်စိတ် ၁-ခု၊

(၃) ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယဈာန် သောတာပတ္တိမဂ်စိတ် ၁-ခု၊

(၄)သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် သောတာပတ္တိ မဂ်စိတ် ၁-ခု၊

(၅) ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် သောတာပတ္တိမဂ်စိတ် ၁-ခု။

➤ **ပုဂ္ဂိုလ် တစ်ယောက်တည်း၌ သောတာပတ္တိမဂ်စိတ် ၅–မျိုးလုံးဖြစ်နိုင်/မဖြစ်နိုင်** ။ ။ မဂ်စိတ်သည် တစ်ကြိမ်တည်းသာဖြစ်သောကြောင့် ပုဂ္ဂိုလ် တစ်ယောက်တည်း၌ သောတာပတ္တိမဂ်စိတ် ၅-မျိုးလုံး မဖြစ်နိုင်ပါ။ (သာဓက) စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ။မဂ္ဂါဘိညာ သကိံ မတာ။ (ဝိထိစာပိုဒ်-၃၅/၃၉)

http://www.dhammadownload.com



## အထက်မဂ်စိတ် ၁၅–ပါးနှင့် ဖိုလ်စိတ်–၂၀

၃၉။ တထာ သကဒါဂါမိမဂ္ဂ, အနာဂါမိမဂ္ဂ, အရဟတ္တမဂ္ဂစိတ္တဉ္စေတိ သမဝီသတိ မဂ္ဂစိတ္တာနိ။

၄၀။ တထာ ဖလစိတ္တာနိစေတိ သမစတ္တာလီသ လောကုတ္တရစိတ္တာနိ ဘဝန္တီတိ။

---

(ဓာပိုဒ်–၃၉) **မဂ်စိတ် ၂၀–ကား** ။ ။ သောတာပတ္တိမဂ်စိတ် ၅-ပါး၊သကဒါဂါမိမဂ်စိတ် ၅-ပါး၊အနာဂါမိမဂ်စိတ် ၅-ပါး၊အရဟတ္တမဂ်စိတ် ၅-ပါး၊ပေါင်း ၂၀-ဖြစ်ပါသည်။

➢ **လောကုတ္တရာ သောမနဿ ၃၂–ပါးကား** ။ ။ မဂ်သောမနဿ ၁၆-ပါး၊ ဖိုလ်သောမနဿ ၁၆-ပါး၊ ပေါင်း ၃၂-ပါး ဖြစ်ပါသည်။

➢ **လောကုတ္တရာ ဥပေက္ခာ ၈–ပါးကား** ။ ။ မဂ်ဥပေက္ခာ ၄-ပါး၊ ဖိုလ် ဥပေက္ခာ ၄-ပါး၊ ပေါင်း ၈-ပါး ဖြစ်ပါသည်။

➢ **မဂ်သောမနဿ ၁၆–ပါးကား** ။ ။ သောတာပတ္တိမဂ် သောမနဿ ၄-ပါး၊ သကဒါဂါမိမဂ် သောမနဿ ၄-ပါး၊ အနာဂါမိမဂ် သောမနဿ ၄-ပါး၊ အရဟတ္တမဂ် သောမနဿ ၄-ပါး၊ ပေါင်း ၁၆-ပါး ဖြစ်ပါသည်။

➢ **မဂ် ဥပေက္ခာ ၄–ပါးကား** ။ ။ သောတာပတ္တိမဂ် ဥပေက္ခာ ၁-ပါး၊သကဒါဂါမိမဂ် ဥပေက္ခာ ၁-ပါး၊ အနာဂါမိမဂ် ဥပေက္ခာ ၁-ပါး၊ အရဟတ္တမဂ် ဥပေက္ခာ ၁-ပါး၊ ပေါင်း ၄-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၄၀) **ဖိုလ်စိတ် ၂၀–ကား** ။ ။ သောတာပတ္တိဖိုလ်စိတ် ၅-ပါး၊ သကဒါဂါမိဖိုလ်စိတ် ၅-ပါး၊ အနာဂါမိဖိုလ်စိတ် ၅-ပါး၊ အရဟတ္တဖိုလ်စိတ် ၅-ပါး၊ ပေါင်း ၂၀။

➢ **ဖိုလ်သောမနဿ ၁၆–ပါးကား** ။ ။ သောတာပတ္တိဖိုလ် သောမနဿ ၄-ပါး၊ သကဒါဂါမိဖိုလ် သောမနဿ ၄-ပါး၊ အနာဂါမိဖိုလ် သောမနဿ ၄-ပါး၊ အရဟတ္တဖိုလ် သောမနဿ ၄-ပါး၊ ပေါင်း ၁၆-ပါး ဖြစ်ပါသည်။

➢ **ဖိုလ် ဥပေက္ခာ ၄–ပါးကား** ။ ။ သောတာပတ္တိဖိုလ် ဥပေက္ခာ ၁-ပါး၊သကဒါဂါမိဖိုလ် ဥပေက္ခာ ၁-ပါး၊ အနာဂါမိဖိုလ် ဥပေက္ခာ ၁-ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာ ၁-ပါး၊ ပေါင်း ၄-ပါး ဖြစ်ပါသည်။

➢ **မတင့်တယ်သော်လည်း အကုသိုလ် မဟုတ်သောစိတ်**= အဟိတ်စိတ် ၁၈-ပါး။

➢ **တင့်တယ်သော်လည်း ကုသိုလ်မဖြစ်သော စိတ်**= ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**လောကုတ္တရာစိတ်အကျယ် ၄၀–ပြားပုံပြ သင်္ဂဟဂါထာ**

၄၁။ ဈာနင်္ဂယောဂဘေဒေန၊ ကတွေကေကံ တု ပဉ္စဓာ။
ဝုစ္စတာနုတ္တရံ စိတ္တံ၊ စတ္တာလီသ ဝိဓန္တိစ။

**လောကီ လောကုတ္တရာ ဈာန်စိတ်အပေါင်း**

**ဈာန်စိတ်ပြားရခြင်းအကြောင်း**

၄၂။ ယထာစ ရူပါဝစရံ၊ ဂယှတာနုတ္တရံ တထာ။
ပဌမာဒိဈာနဘေဒေ၊ အာရုပ္ပဉ္စာပိ ပဉ္စမေ။
ဧကာဒသဝိဓံ တသ္မာ၊ ပဌမာဒိကမီရိတံ။
ဈာနမေကေကမန္တေ တု၊ တေဝီသတိ ဝိဓံ ဘဝေ။

**ကုသိုလ်နှင့် ဝိပါက်အကျယ်**

၄၃။ သတ္တတိံသ ဝိဓံ ပုညံ၊ ဒွိပညာသ ဝိဓံ တထာ။
ပါကမိစ္စာဟု စိတ္တာနိ၊ ဧကဝီသသတံ ဗုဓာ။
ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ စိတ္တသင်္ဂဟဝိဘာဂေါနာမ
ပဌမော ပရိစ္ဆေဒေါ။

---

(စာပိုဒ်–၄၁) **လောကုတ္တရာစိတ် အကျယ် ၄၀– ဖြစ်လာရခြင်းအကြောင်း**

တစ်ပါး တစ်ပါးသော လောကုတ္တရာစိတ်ကို ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားအားဖြင့် ၅-ပါးစီပြုရ, မြှောက်ပွားရသောကြောင့် လောကုတ္တရာစိတ် အကျယ် ၄၀ ဖြစ်လာရပါသည်။

(စာပိုဒ်–၄၂) **လောကီ, လောကုတ္တရာဈာန်စိတ်ပေါင်း (၆၇)ပါးကား**

ပထမဈာန်စိတ် ၁၁-ပါး၊ ဒုတိယဈာန်စိတ် ၁၁-ပါး၊ တတိယဈာန်စိတ် ၁၁-ပါး၊ စတုတ္ထဈာန်စိတ် ၁၁-ပါး၊ ပဉ္စမဈာန်စိတ် ၂၃-ပါး၊ ပေါင်း ၆၇-ပါး ဖြစ်ပါသည်။

➢ **ဧကာဒသဝိဓံ–၌ ဧကာဒသ–အရ /ပထမဈာန် ၁၁–ပါးကား ။ ။** ရူပကုသိုလ် ပထမဈာန် ၁-ပါး၊ ရူပဝိပါက် ပထမဈာန် ၁-ပါး၊ ရူပကိရိယာ ပထမဈာန် ၁-ပါး၊ လောကုတ္တရာ ပထမဈာန် ၈-ပါး၊ ပေါင်း ၁၁-ပါး ဖြစ်ပါသည်။

➢ **တေဝီသတိ ဝိဓံ ဘဝေ–၌ တေဝီသတိ–အရကား/ပဉ္စမဈာန် ၂၃–ပါးကား** ရူပကုသိုလ် ပဉ္စမဈာန် ၁-ပါး၊ ရူပဝိပါက် ပဉ္စမဈာန် ၁-ပါး၊ ရူပကိရိယာ ပဉ္စမဈာန် ၁-ပါး၊ အရူပ ပဉ္စမဈာန် ၁၂-ပါး၊ လောကုတ္တရာ ပဉ္စမဈာန် ၈-ပါး၊ပေါင်း ၂၃-ပါး။

http://www.dhammadownload.com



(ဇာပိုဒ်-၄၃) **စိတ်အကျယ် ၁၂၁-ပါးကို "ဇာတိဘေဒ"အားဖြင့် ရေတွက်ပုံ**

အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၃၇-ပါး၊ ဝိပါက်စိတ် ၅၂-ပါး၊ ကိရိယာစိတ် ၂၀-ပါး၊ ပေါင်း ၁၂၁-ပါး ဖြစ်ပါသည်။

➤ **သဗ္ဗတ္ထာသ စိစ် ပုညံ-နှ် သဗ္ဗတ္ထာသ-အရ/ကုသိုလ်အကျယ် ၃၇-ပါး**

မဟာကုသိုလ်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး၊ လောကုတ္တရာကုသိုလ်စိတ် ၂၀-ပါး၊ ပေါင်း ၃၇-ပါး ဖြစ်ပါသည်။

➤ **ဒွိပညာသ ဝိစ် တာထာ-နှ် ဒွိပညာသ-အရ/ဝိပါက် အကျယ် ၅၂-ပါး**

အဟိတ်ဝိပါက်စိတ် ၁၅-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး၊လောကုတ္တရာဝိပါက်စိတ် ၂၀-ပါး၊ ပေါင်း ၅၂-ပါး ဖြစ်ပါသည်။

➤ **စိတ်အကျဉ်း ၈၉-ပါးမှ အကျယ် ၁၂၁-ပါး ဖြစ်လာရခြင်းအကြောင်း**

ကုသိုလ်, အကုသိုလ်, ဝိပါက်, ကိရိယာစိတ်တို့တွင် ကုသိုလ်သည် ၃၇-ပါး၊ ဝိပါက်သည် ၅၂-ပါး ပြားလာသောကြောင့် စိတ်အကျဉ်း ၈၉-ပါးမှ အကျယ် ၁၂၁-ပါး ဖြစ်လာရပါသည်။

➤ **စိတ်အကျယ် ၁၂၁-ပါးကို "ဝေဒနာဘေဒ"အားဖြင့် ဝေဖန်ပုံ**

သုခသဟဂုတ်စိတ် ၁-ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ သောမနဿသဟဂုတ်စိတ် ၆၂-ပါး၊ ဒေါမနဿသဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးဖြစ်ပါသည်။

➤ **သောမနဿသဟဂုတ်စိတ် ၆၂-ပါးကား** ။ ။ လောဘမူသောမနဿ ၄-ပါး အဟိတ် သောမနဿ ၂-ပါး၊ ကာမာဝစရ သောဘန သောမနဿ ၁၂-ပါး၊မဟဂ္ဂုတ် သောမနဿ ၁၂-ပါး၊ လောကုတ္တရာ သောမနဿ ၃၂-ပါး၊ပေါင်း ၆၂-ပါး။

➤ **ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးကား** ။ ။ အကုသိုလ် ဥပေက္ခာ ၆-ပါး၊ အဟိတ် ဥပေက္ခာ ၁၄-ပါး၊ ကာမာဝစရ သောဘန ဥပေက္ခာ ၁၂-ပါး၊ မဟဂ္ဂုတ် ဥပေက္ခာ ၁၅ ပါး၊ လောကုတ္တရာ ဥပေက္ခာ ၈-ပါး၊ ပေါင်း ၅၅-ပါး ဖြစ်ပါသည်။

➤ **စိတ်အကျယ် (၁၂၁) ပါးကို သမ္ပယုတ် ဝိပ္ပယုတ်အားဖြင့် ဝေဖန်ပုံ**

သမ္ပယုတ်စိတ် ၂၀-ပါး၊ ဝိပ္ပယုတ်စိတ် ၁၆-ပါး၊ သမ္ပယုတ် ဝိပ္ပယုတ်နှစ်မျိုးမှလွတ်သောစိတ် ၈၅-ပါး၊ ပေါင်း (၁၂၁) ပါး ဖြစ်ပါသည်။

➤ **သမ္ပယုတ်စိတ် ၂၀-ကား** ။ ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ပဋိဃသမ္ပယုတ်စိတ် ၂-ပါး၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁-ပါး၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁-ပါး၊ ဉာဏသမ္ပယုတ်စိတ် ၁၂-ပါး၊ ပေါင်း ၂၀-ဖြစ်ပါသည်။

➤ **ဝိပ္ပယုတ်စိတ် ၁၆-ပါးကား** ။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါး၊ ပေါင်း ၁၆-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **စိတ်အကျယ်(၁၂၁)ပါးကို အသင်္ခါရိက, သသင်္ခါရိကအားဖြင့် ဝေဖန်ပုံ**
အသင်္ခါရိကစိတ် ၁၇-ပါး၊ သသင်္ခါရိကစိတ် ၁၇-ပါး၊ အသင်္ခါရိက, သသင်္ခါရိက နှစ်မျိုးလုံးမှလွတ်သောစိတ် ၈၇-ပါး၊ ပေါင်း (၁၂၁)ပါး ဖြစ်ပါသည်။

➤ **အသင်္ခါရိကစိတ် ၁၇-ပါးကား** ။ ။ လောဘမူ အသင်္ခါရိက ၄-ပါး၊ဒေါသမူ အသင်္ခါရိက ၁-ပါး၊ ကာမာဝစရ သောဘန အသင်္ခါရိက ၁၂-ပါး၊ပေါင်း ၁၇-ပါး။

➤ **သသင်္ခါရိကစိတ် ၁၇-ပါးကား** ။ ။ လောဘမူ သသင်္ခါရိက ၄-ပါး၊ဒေါသမူ သသင်္ခါရိက ၁-ပါး၊ ကာမာဝစရ သောဘန သသင်္ခါရိက ၁၂-ပါး၊ပေါင်း ၁၇-ပါး။

➤ **အပ္ပနာဇောအကျယ် (၅၈)ပါးကို "ဝေဒနာဘေဒ"အားဖြင့် ဝေဖန်ပုံ**
မဟဂ္ဂုတ် သောမနဿသဟဂုတ်ဇောဇော ၈-ပါး၊ မဂ် သောမနဿသဟဂုတ် ဇောဇော ၁၆-ပါး၊ဖိုလ် သောမနဿသဟဂုတ်ဇောဇော ၁၆-ပါးအားဖြင့် သောမနဿ သဟဂုတ်ဇောဇော ၄၀-ပါး။

မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ်ဇောဇော ၁၀-ပါး၊ မဂ် ဥပေက္ခာသဟဂုတ်ဇောဇော ၄-ပါး၊ ဖိုလ် ဥပေက္ခာသဟဂုတ်ဇောဇော ၄-ပါးအားဖြင့် ဥပေက္ခာသဟဂုတ်ဇောဇော ၁၈-ပါး ဖြစ်ပါသည်။

➤ **အပ္ပနာဇောဇောအကျယ် ၅၈-ပါးကို "ဇာတိဘေဒ"အားဖြင့် ခွဲခြားပုံ**
မဟဂ္ဂုတ်ကုသိုလ်ဇောဇော ၉-ပါး၊ မဂ်ကုသိုလ်ဇောဇော ၂၀-အားဖြင့် ကုသိုလ် ဇောဇော ၂၉-ပါး၊ မဟဂ္ဂုတ်ကြိယာဇောဇော ၉-ပါး၊ ဖိုလ်ဇောဇော ၂၀၊ပေါင်း-၅၈။

➤ **သောဘနစိတ် ၅၉-ပါးကို "ဇာတိဘေဒ" အားဖြင့် ခွဲပုံ** ။ ။ မဟာကုသိုလ် စိတ် ၈-ပါး၊မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး၊ မဂ်ကုသိုလ်စိတ် ၄-ပါးအားဖြင့် ကုသိုလ် စိတ် ၂၁-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး၊ဖိုလ်ဝိပါက်စိတ် ၄-ပါးအားဖြင့် ဝိပါက်စိတ် ၂၁-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊မဟဂ္ဂုတ်ကြိယာစိတ် ၉-ပါး အားဖြင့် ကြိယာစိတ် ၁၇-ပါး၊ ပေါင်း ၅၉-ပါး ဖြစ်ပါသည်။

➤ **ဘုရားရှင်၏ ပဋိသန္ဓေစိတ်** ။ ။ မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

➤ **ကုသိုလ်ပင်ဖြစ်သော်လည်း ရပ်ပြစ်ရှစ်ပါးသို့ရောက်သွားနိုင်သဖြင့် ဗုဒ္ဓဘာသာ ဝင်တို့ မလိုချင်သော ကုသိုလ်**။ အသညသတ်ဘုံ ရပ်ပြစ်ဌာနသို့ ရောက်စေနိုင်သော သညာကင်းအောင်ပွားများသည့် ရူပါဝစရကုသိုလ် ပဉ္စမဈာန်ဖြစ်ပါသည်။

➤ **သောဘနစိတ် ၅၉-ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ် နိုင်သည့်စေတသိက်**။ ရူပါဝစရ ပဉ္စမဈာန်ဝိပါက်စိတ် ဖြစ်ပါသည်။ [စေတသိက်ကား အညသမာန်း ၁၃-ပါး၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂-ပါး၊ပေါင်း ၃၅-ပါး]

http://www.dhammadownload.com



➢ **သောဘနစိတ် ၅၁–ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ်နိုင်သည့်စေတသိက်**= အာကိဉ္စညာယတနဝိပါက်စိတ် ဖြစ်ပါသည်။[စေတသိက်ကား ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်း ၁၀-ပါး၊ ဝိရတီ, အပ္ပမညာကြဉ် သောဘနစေတသိက် ၂၀-ပါး၊ ပေါင်း ၃၀-ပါး ဖြစ်ပါသည်။]

➢ **လောကီစိတ် ၈၁–ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ်နိုင်သည့် စေတသိက်**= မဟာဝိပါက် သောမနဿ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။ [စေတသိက် = အညသမာန်း ၁၃-ပါး၊သောဘနသာဓာရဏစေတသိက် ၁၉-ပါး၊ ပေါင်း ၃၂-ပါး ဖြစ်ပါသည်။]

➢ **စိတ်အကျဉ်း ၈၉–ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ်နိုင်သည့်စေတသိက်**=မဟာဝိပါက် ဥပေက္ခာ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။[စေတသိက်ကား=ပီတိကြဉ် အညသမာန်း ၁၂-ပါး၊ သောဘနသာဓာရဏ ၁၉ ပါး၊ ပေါင်း ၃၁-ပါး ဖြစ်ပါသည်။]

➢ **စိတ်အကျယ် ၁၂၁–ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ်နိုင်သည့်စေတသိက်**=ရူပဝိပါက် ဒုတိယဈာန်စိတ် ဖြစ်ပါသည်။ [စေတသိက်ကား= ဝိတက်ကြဉ် အညသမာန်း ၁၂-ပါး၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂-ပါး။]

➢ **မဟဂ္ဂုတ် ၂၇–ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ်နိုင်သည့်စေတသိက်**= ရူပကြိယာ စတုတ္ထဈာန်စိတ် ဖြစ်ပါသည်။ [ ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်း ၁၀-ပါး၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂-ပါး+၃၂]

➢ **လောကီ လောကုတ္တရာဈာန်စိတ် ၆၇–ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ်နိုင်သည့်စေတသိက်**= သကဒါဂါမိမဂ် ဒုတိယဈာန်စိတ် ဖြစ်ပါသည်။ [စေတသိက်ကား= ဝိတက်ကြဉ် အညသမာန်း ၁၂-ပါး၊အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃-ပါး၊ ပေါင်း ၃၅-ပါး ဖြစ်ပါသည်။]

➢ **ကုသိုလ်စိတ် ၂၁–ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ်နိုင်သည့်စေတသိက်**= ရူပကုသိုလ် တတိယဈာန်စိတ် ဖြစ်ပါသည်။ [စေတသိက်ကား ဝိတက်, ဝိစာရကြဉ် အညသမာန်း ၁၁-ပါး၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂-ပါး၊ ပေါင်း ၃၃-ပါး ဖြစ်ပါသည်။

➢ **ကုသိုလ်အကျယ် ၃၇–ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော စိတ်နှင့် ယှဉ်နိုင်သည့်စေတသိက်**= သောတာပတ္တိမဂ် ဒုတိယဈာန်စိတ်ဖြစ်ပါသည်။ [စေတသိက်ကား= ဝိတက်ကြဉ် အညသမာန်း ၁၂-ပါး၊ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃ ပါး၊ ပေါင်း ၃၅-ပါး ဖြစ်ပါသည်။]

http://www.dhammadownload.com



**မေး** ။ ။ မိခင်ဘုရားရှိခိုးသည်ကို မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဘုရားရှိခိုးသော ကလေးငယ်၏သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြ၍ ယင်းစိတ်၏ (က) ယှဉ်ရာ စေတသိက် (ခ) ပြုလုပ်မှုကိစ္စ (ဂ) ဖြစ်ကြောင်းဒွါရ (ဃ) လိုက်စားဖွယ်အာရုံ တို့ကို ဖော်ပြပါ။

**ဖြေ** ။ ။ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။ (က) ယှဉ်ရာစေတသိက်ကား= အညသမာန်းစေတသိက် ၁၃-ပါး၊သောဘန သာဓာရဏစေတသိက် ၁၉-ပါး၊ ပေါင်း ၃၂-ပါး ဖြစ်ပါသည်။ (ခ)ဇောကိစ္စ (ဂ) ၆-ဒွါရ (ဃ) လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုပါသည်။

**မေး** ။ ။ ဝမ်းမြောက်ဝမ်းသာစွာဖြင့် အသိဉာဏ်ဦးစီးပြီး သူတစ်ပါးတိုက်တွန်းမှုမပါဘဲ ဘုရားရှိခိုးနေသော ပုထုဇဉ်သူတော်ကောင်း ဒါယိကာမကြီး တစ်ယောက်၏- သန္တာန်၌ ဖြစ်ပေါ်နေသောစိတ်ကို အတိအကျ ဖော်ထုတ်ရေးသားပြပါ။

**ဖြေ** ။ ။ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။[ယှဉ်နိုင်သည့်စေတသိက်ကား=အညသမာန်းစေတသိက် ၁၃-ပါး၊ ဝိရတီ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၀-ပါး ပေါင်း ၃၃-ပါး]

**မေး** ။ ။ အိုမင်းမစွမ်းရှိသော မိဘ ဆရာသမားများအား ရွှင်လန်းဝမ်းမြောက်စွာ အလို အလျောက် အသိရှိရှိဖြင့် ပြုစုကြသော သားလိမ္မာ တပည့်လိမ္မာတို့၌ ဖြစ်သော စိတ်, စေတသိက်တို့ကို ဖြေဆိုပါ။

**ဖြေ** ။ ။ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ် ပါသည်။စေတသိက်ကား=အညသမာန်းစေတသိက် ၁၃-ပါး၊သောဘနသာဓာရဏ စေတသိက် ၁၉-ပါး၊ ကရုဏာ, ပညာအားဖြင့် ၃၄-ပါး ဖြစ်ပါသည်။

**မေး** ။ ။ တရားသူကြီးက သေဒဏ်အမိန့်ချ၍သာ သေမိန့်ကျတရားခံကို သတ်ပေးရ သော ပုဂ္ဂိုလ်၏သန္တာန်၌ (က) ဖြစ်သောစိတ် (ခ) ယှဉ်နိုင်သော စေတသိက်(ဂ) ခံစားချက်ဝေဒနာ (ဃ) လုပ်ဆောင်မှုကိစ္စ (င) အာရုံတို့ကို အသီးသီးဖော်ပြပါ။

**ဖြေ** ။ ။ (က) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါသည်။ (ခ) ယှဉ်နိုင်သော စေတသိက်=ပီတိကြဉ် အညသမာန်းစေတသိက် ၁၂-ပါး၊မောစတုက် ၄-ပါး၊ ဒေါသ, ထိန, မိဒ္ဓ ပေါင်း ၁၉-ပါး (ဂ) ဒေါမနဿ ဝေဒနာ၊ (ဃ) ဇောကိစ္စ (င) လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုပါသည်။

➢ **အဆင်းလှ၍ မာနကြီးသော အမျိုးသမီး၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်**=လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး ဖြစ်ပါသည်။ [ယှဉ်ရာစေတသိက်ကား=အညသမာန်း စေတသိက် ၁၃-ပါး၊မောစတုက် ၄-ပါး၊လောဘ, မာန, ထိန, မိဒ္ဓအားဖြင့် ၂၁-ပါး။

http://www.dhammadownload.com



## ၂–စေတသိက်ပိုင်း

### စေတသိက်လက္ခဏာ ၄–ပါး

၁။ ဧကုပ္ပါဒ နိရောဓာစ၊ ဧကာလမ္ဗဏ ဝတ္ထုကာ။
စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ။

### အညသမာန်းစေတသိက် ၁၃–ပါး

### သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး

၂။ ကထံ? . . . .

ဖဿော, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယံ, မနသိကာရော စေတိ သတ္တိမေ စေတသိကာ သဗ္ဗစိတ္တသာဓာရဏာ နာမ။

### ပကိဏ်းစေတသိက် ၆–ပါး

၃။ ဝိတက္ကော, ဝိစာရော, အဓိမောက္ခော, ဝီရိယံ, ပီတိ, ဆန္ဒော စာတိ ဆ ယိမေ စေတသိကာ ပကိဏ္ဏကာ နာမ။

၄။ ဧဝမေတေ တေရသ စေတသိကာ အညသမာနာတိ ဝေဒိတဗ္ဗာ

---

(စာပိုဒ်–၁) **စေတသိက်လက္ခဏာ ၄–ပါးကား** ။ ။ (၁) ဧကုပ္ပါဒ=စိတ်နှင့်အတူဖြစ်ခြင်း (၂) ဧကနိရောဓ=စိတ်နှင့်အတူချုပ်ခြင်း၊ (၃) ဧကာလမ္ဗဏ=စိတ်နှင့် အာရုံတူခြင်း၊ (၄) ဧကဝတ္ထုက=စိတ်နှင့်မှီရာ တူခြင်းတို့ဖြစ်ပါသည်။

➢ **စေတသိက်နှင့်စပ်၍ သိသင့်သော "တူ ၄–တူ"** ။ ။ ဖြစ်တူ, ချုပ်တူ, အာရုံတူ, မှီရာတူတို့ ဖြစ်ပါသည်။

➢ **အမှီခံ နာမ်ကား**= စိတ်ဖြစ်ပါသည်။

➢ **အမှီနာမ်ကား**= စေတသိက်ဖြစ်ပါသည်။

➢ **စေတသိက်လက္ခဏာ ၄–ပါးလုံး ရနိုင်သော ဘုံ** ။ ။ ပဉ္စဝေါကာရ ၂၆–ဘုံ။

➢ **စေတသိက်လက္ခဏာ ၄–ပါးလုံး မရနိုင်သော ဘုံ** ။ ။ အသညသတ်ဘုံ ဖြစ်ပါသည်။ (စေတသိက် စာပိုဒ် ၁-နှင့် ဝီထိ စာပိုဒ်-၅၃)ကိုထောက်။

➢ **အရူပဘုံ၌ မရနိုင်သော စေတသိက်လက္ခဏာ**= ဧကဝတ္ထုက ဖြစ်ပါသည်။

➢ **စေတသိက်မည်ပုံ** ။ ။ စိတ်နှင့်ယှဉ်ကုန်သော ၅၂-ပါးသော သဘောတရားတို့သည် စေတသိက်မည်ပါသည်။ (သာကေကား) စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ ဖြစ်ပါသည်။

http://www.dhammadownload.com



**အကုသိုလ်စေတသိက် ၁၄–ပါး**

၅။ မောဟော, အဟိရိကံ, အနောတ္တပ္ပံ, ဥဒ္ဓစ္စံ, လောဘော, ဒိဋ္ဌိ, မာနော, ဒေါသော, ဣဿာ, မစ္ဆရိယံ, ကုက္ကုစ္စံ, ထိနံ, မိဒ္ဓံ, ဝိစိကိစ္ဆာ စေတိ စုဒ္ဒသိမေ စေတသိကာ အကုသလာ နာမ။

**သောဘန စေတသိက် ၂၅–ပါး**

**သောဘနသာဓာရဏ စေတသိက် ၁၉–ပါး**

၆။ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပံ, အလောဘော, အဒေါသော, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ စေတိ ဧကူနဝီသတိမေ စေတသိကာ သောဘနသာဓာရဏာ နာမ။

**ဝိရတီ စေတသိက် ၃–ပါး**

၇။ သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ စေတိ တိဿော ဝိရတိယော နာမ။

**အပ္ပမညာစေတသိက် ၂–ပါးနှင့် ပညိန္ဒြေစေတသိက်**

၈။ ကရုဏာ, မုဒိတာ အပ္ပမညာယော နာမာတိ သဗ္ဗထာပိ ပညိန္ဒြိယေန သဒ္ဓိံ ပဉ္စဝီသတိမေ စေတသိကာ သောဘနာတိ ဝေဒိတဗ္ဗာ

---

(စာပိုဒ်–၅) **သံယောဇဉ်မမည်သော အကုသိုလ်စေတသိက်ကား** ။ ။ အဟိရိက, အနောတ္တပ္ပ, ကုက္ကုစ္စ, ထိန, မိဒ္ဓတို့ ဖြစ်ပါသည်။(သမုစ္စည်း စာပိုဒ်-၁၀/၁၁)

➤ **ကိလေသာတွင် မပါဝင်သော အကုသိုလ် စေတသိက်** ။ ။ ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ, မိဒ္ဓ-တို့ ဖြစ်ပါသည်။ (သမုစ္စည်းစာပိုဒ်-၁၂)

**(စာပိုဒ်–၆) သောဘနစေတသိက် ၂၅–ပါးကား** ။ ။ သောဘနသာဓာရဏစေတသိက် ၁၉-ပါး၊ဝိရတီစေတသိက် ၃-ပါး၊အပ္ပမညာစေတသိက် ၂-ပါး၊ပညိန္ဒြေ ၁-ပါး+၂၅ ပါး။

➤ **သောဘနသာဓာရဏ ၁၉–ပါးတို့တွင် အစုံအစုံ (ယုဂဠ) စေတသိက်များ**

ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယ ပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ-တို့ဖြစ်ပါသည်။

http://www.dhammadownload.com



## စေတသိက်ရာသိပြ သင်္ဂဟဂါထာ

၉။ ဧတ္တာဝတာစ ---
တေရသညသမာနာစ၊ စုဒ္ဒသာကုသလာ တထာ။
သောဘနာ ပဉ္စဝီသာတိ၊ ဒွိပညာသ ပဝုစ္စရေ။

**သမ္ပယောဂနည်း ၁၆-ပါး နိဒါန်း**

၁၀။ တေသံ စိတ္တာဝိယုတ္တာနံ၊ ယထာယောဂမိတော ပရံ။
စိတ္တုပ္ပါဒေသု ပစ္စေကံ၊ သမ္ပယောဂေါ ပဝုစ္စတိ။

**သဟာဇာတ်အားဖြင့် သမ္ပယောဂနည်း ၄-မျိုးပြားပုံ**

၁၁။ သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ၊ ယထာယောဂံ ပကိဏ္ဏကာ။
စုဒ္ဒသာကုသလေသွေဝ၊ သောဘနေသွေဝ သောဘနာ။

---

(ဓာပိုဒ်-၉) **စေတသိကရာသိ ၃-မျိုးကား** ။ ။ (၁) အညသမာနရာသိ=အညသမာန်းစေတသိက်တို့၏အစု ၁၃-ပါး၊ (၂) အကုသလရာသိ=အကုသိုလ်စေတသိက်တို့၏ အစု ၁၄-ပါး၊ (၃) သောဘနရာသိ=သောဘနစေတသိက်တို့၏ အစု ၂၅-ပါး။

(ဓာပိုဒ်-၁၀) **သမ္ပယောဂနည်း အဓိပ္ပါယ်** ။ ။ တေသံ+စိတ္တုပ္ပါဒေသု+သမ္ပယောဂေါ ဟူသော ပုဒ်တို့ကိုထောက်၍ စေတသိက်တို့၏ စိတ်တို့၌ ယှဉ်ပုံယှဉ်ဟန်ကို ပြသော နည်းသည် "သမ္ပယောဂနည်း" မည်ပါသည်။

➤ **စိတ္တုပ္ပါဒေသု ပစ္စေကံ-၌ စိတ္တ-အရ/ဉပ္ပါဒ-အရ/စိတ္တုပ္ပါဒ-အရ=** စိတ် ၈၉-ပါးကို ယူရပါမည်။ (တစ်နည်း) စိတ္တ-အရ= စိတ် ၈၉-ပါး။ ဉပ္ပါဒ-အရ= စေတသိက် ၅၂-ပါး။ စိတ္တုပ္ပါဒ-အရ= စိတ် စေတသိက်။ ဤနေရာ၌ စိတ် ၈၉-ပါးကိုသာယူရမည်

(ဓာပိုဒ်-၁၁) **ဇာတ်သဘောအားဖြင့်ပြားသော သမ္ပယောဂနည်း ၄-နည်းကား**

၁။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့က အလုံးစုံသောစိတ်တို့၌ ယှဉ်ပုံ ၁-နည်း။ (သဗ္ဗစိတ္တသာဓာရဏ စေတသိက်သမ္ပယောဂနည်း)

၂။ ပကိဏ်းစေတသိက် ၆-ပါးတို့က အလုံးစုံသောစိတ်တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်ပုံ ၁-နည်း။ (ပကိဏ်းစေတသိက် သမ္ပယောဂနည်း)

၃။ အကုသိုလ်စေတသိက် ၁၄-ပါးတို့က အကုသိုလ်စိတ် ၁၂-ပါးတို့၌သာ ထိုက်သည်အားလျော်စွာ ယှဉ်ပုံ ၁-နည်း။ (အကုသိုလ်စေတသိက် သမ္ပယောဂနည်း)

၄။ သောဘနစေတသိက် ၂၅-ပါးတို့က သောဘနစိတ် ၅၉-ပါးတို့၌သာ ထိုက်သည်အားလျော်စွာ ယှဉ်ပုံ ၁-နည်း။(သောဘနစေတသိက် သမ္ပယောဂနည်း)

http://www.dhammadownload.com



**အညသမာန်း စေတသိက် သမ္ပယောဂနည်း ၇-ပါး**

၁၂။ ကထံ?. . .

သဗ္ဗစိတ္တသာဓာရဏာ တာဝ သတ္တိမေ စေတသိကာ သဗ္ဗေသုပိ ဧကူန နဝုတိစိတ္တုပ္ပါဒေသု လဗ္ဘန္တိ။

ပကိဏ်းစေတသိက် သမ္ပယောဂနည်း ၆-ပါး

၁၃။ ပကိဏ္ဏကေသု ပန **ဝိတက္ကော** တာဝ ဒွိပဥ္စဝိညာဏဝဇ္ဇိတ ကာမာဝစရစိတ္တေသု စေဝ ဧကာဒသသု ပဌမဇ္ဈာနစိတ္တေသု စာတိ ပဥ္စပညာသ စိတ္တေသု ဥပ္ပဇ္ဇတိ။

၁၄။ **ဝိစာရော** ပန တေသုစေဝ ဧကာဒသသု ဒုတိယဇ္ဈာနစိတ္တေသု စာတိ ဆသဋ္ဌိစိတ္တေသု။

---

(စာပိုဒ်-၁၂) **သဗ္ဗစိတ္တသာဓာရဏ စေတသိက် ယှဉ်နိုင်သောစိတ်များကား**။ စိတ်အကျဉ်း (၈၉) ပါး၊ စိတ်အကျယ် (၁၂၁) ပါး ဖြစ်ပါသည်။

(စာပိုဒ်-၁၃) **ဝိတက်ယှဉ်နိုင်သော စိတ်များကား/ပဥ္စပညာသ ဆသဋ္ဌိ-၌ ပဥ္စပညာသ အရ** ။ ။ အကုသိုလ်စိတ် ၁၂-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ အဟိတ်ကြိယာ စိတ် ၃-ပါး၊ ကာမာဝစရ သောဘနစိတ် ၂၄-ပါး၊ ပဌမဈာန် ၁၁-ပါး၊ ပေါင်း ၅၅-ပါး ဖြစ်ပါသည်။

**ဝိတက်မယှဉ်နိုင်သော စိတ်များကား/ဆသဋ္ဌိ ပဥ္စပညာသ-၌ ဆသဋ္ဌိ-အရ**

ဒွေပဥ္စဝိညာဉ်-၁၀၊ ဒုတိယဈာန်စိတ် ၁၁-ပါး၊ တတိယဈာန်စိတ် ၁၁-ပါး၊ စတုတ္ထဈာန်စိတ် ၁၁-ပါး၊ ပဥ္စမဈာန်စိတ် ၂၃-ပါး၊ ပေါင်း ၆၆-ပါး ဖြစ်ပါသည်။

➤ **ဝိတက်ယှဉ်သောစိတ် ၅၅-ပါးနှင့် ဝိစာရကြဉ်သော စိတ် ၅၅-ပါးတို့တွင် မပါဝင်သော စိတ်များကား** ။ ။ ဒုတိယဈာန်စိတ် ၁၁-ပါး ဖြစ်ပါသည်။

➤ **သဘာဝ အဝိတက္ကစိတ်ကား** ။ ။ ဒွေပဥ္စဝိညာဉ် ၁၀-ပါး ဖြစ်ပါသည်။

➤ **ဘာဝနာဗလ အဝိတက္ကစိတ်ကား** ။ ။ ဒုတိယဈာန် ၁၁-ပါး၊ တတိယဈာန် ၁၁-ပါး၊ စတုတ္ထဈာန် ၁၁-ပါး၊ ပဥ္စမဈာန် ၂၃-ပါး၊ ပေါင်း ၅၆-ပါး ဖြစ်ပါသည်။

(စာပိုဒ်-၁၄) **ဝိစာရယှဉ်နိုင်သော စိတ်များ/ပဥ္စပညာသ ဆသဋ္ဌိ-၌ ဆသဋ္ဌိ-အရ**

အကုသိုလ်စိတ် ၁၂-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ အဟိတ်ကြိယာ စိတ် ၃-ပါး၊ ကာမာဝစရ သောဘနစိတ် ၂၄-ပါး၊ ပဌမဈာန် ၁၁-ပါး၊ ဒုတိယဈာန် ၁၁-ပါး၊ ပေါင်း ၆၆-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



၁၅။ **အဓိမောက္ခော** ဒွိပဉ္စဝိညာဏ ဝိစိကိစ္ဆာသဟဂတ ဝဇ္ဇိတစိတ္တေသု။

၁၆။ **ဝီရိယံ** ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝဇ္ဇိတ စိတ္တေသု။

၁၇။ **ပီတိ** ဒေါမနဿုပေက္ခာသဟဂတ ကာယဝိညာဏ စတုတ္ထဇ္ဈာန ဝဇ္ဇိတ စိတ္တေသု။

---

➢ **ဝိစာရ မယှဉ်နိုင်သော စိတ်များကား/ဆသဋ္ဌိ ပဉ္စ ပညာသ–၌ ပဉ္စပညာသ အရ ။** ။ ဒွေးပဉ္စဝိညာဉ်-၁၀၊ တတိယစျာန်စိတ် ၁၁-ပါး၊ စတုတ္ထစျာန်စိတ် ၁၁-ပါး၊ ပဉ္စမစျာန်စိတ် ၂၃-ပါး၊ ပေါင်း ၅၅-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၁၅) **အဓိမောက္ခ ယှဉ်နိုင်သော စိတ်များကား/ဒွိသတ္တတိ တိသတ္တတိ–၌ အဋ္ဌသတ္တတိ–အရ ။** ။ ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ် အကုသိုလ်စိတ် ၁၁-ပါး၊ သမ္ပဋိစ္ဆိုင်း–၂-ပါး၊ သန္တီရဏ ၃-ပါး၊ အဟိတ်ကြိယာစိတ် ၃-ပါး၊ ကာမာဝစရ သောဘနစိတ် ၂၄–ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊လောကုတ္တရာစိတ် ၈-ပါး၊ပေါင်း ၇၈-ပါး ဖြစ်ပါသည်။

➢ **အဓိမောက္ခ မယှဉ်နိုင်သော စိတ်များကား/ဧကာဒသစ သောဠသ–၌ ဧကာဒသ–အရ/ကိုယ်ပိုင်ဆုံးဖြတ်ချက် မရှိသောစိတ်များ ။** ။ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ ဒွေးပဉ္စဝိညာဉ် ၁၀-ပါး၊ပေါင်း ၁၁-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၁၆) **ဝီရိယယှဉ်နိုင်သော စိတ်များကား/ဒွိသတ္တတိ တိသတ္တတိ–၌ တိသတ္တတိ–အရ ။** ။ အကုသိုလ်စိတ် ၁၂-ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ သောဘနစိတ် ၅၉-ပါး၊ ပေါင်း ၇၃-ပါး ဖြစ်ပါသည်။

➢ **ဝီရိယ မယှဉ်နိုင်သော စိတ်များကား/ကျိုးစားအားထုတ်မှု(ဝီရိယ) မရှိသော အဟိတ်စိတ်များ/ဧကာဒသစ သောဠသ–၌ သောဠသ အရ/** ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ ဒွေးပဉ္စ ဝိညာဉ်-၁၀၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏစိတ် ၃-ပါး၊ ပေါင်း ၁၆-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၁၇) **ပီတိယှဉ်နိုင်သော စိတ်များကား/ဧကပညာသစေကူန–၌ ဧကပညာသ အရ ။** ။ လောဘမူ သောမနဿ ၄-ပါး၊ အဟိတ် သောမနဿ ၂-ပါး၊ ကာမာဝစရ သောဘန သောမနဿ ၁၂-ပါး၊ ပဌမစျာန်စိတ် ၁၁-ပါး၊ ဒုတိယစျာန်စိတ် ၁၁-ပါး တတိယစျာန်စိတ် ၁၁-ပါး၊ ပေါင်း ၅၁-ပါး ဖြစ်ပါသည်။

➢ **ပီတိ မယှဉ်နိုင်သော စိတ်များကား/သတ္တတိ ဝီသတိစေဝ–၌ သတ္တတိ–အရ** ဒေါသမူဒွေး၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၊ ကာယဝိညာဉ်ဒွေး၊ စတုတ္ထစျာန်စိတ် ၁၁-ပါး၊ ပေါင်း ၇၀-ဖြစ်ပါသည်။

http://www.dhammadownload.com



၁၈။ ဆန္ဒော အဟေတုက မောမူဟ ဝဇ္ဇိတ စိတ္တေသူတိ။

**ပကိဏ်းစေတသိက် ယှဉ်-မယှဉ်ပြ သင်္ဂဟဂါထာ**

**ပကိဏ်းစေတသိက် မယှဉ်ရာစိတ်ပြ သင်္ဂဟဂါထာ**

၁၉။ တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံ---

ဆသဋ္ဌိ ပဉ္စပညာသ၊ ဧကာဒသစ သောဠသ။

သတ္တတိ ဝီသတိစေဝ၊ ပကိဏ္ဏက ဝိဝဇ္ဇိတာ။

**ပကိဏ်းစေတသိက် ယှဉ်ရာစိတ်ပြ သင်္ဂဟဂါထာ**

ပဉ္စပညာသ ဆသဋ္ဌိ၊ ဋ္ဌသတ္တတိ တိသတ္တတိ။

ဧကပညာသစေကူန-သတ္တတိ သပကိဏ္ဏကာ။

---

(ဓာပိုဒ်-၁၈) **ဆန္ဒယှဉ်နိုင်သော စိတ်များကား/ဧကပညာသစေကူန သတ္တတိ-၌ ဧကူန သတ္တတိ-အရ** ။ ။ လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ကာမသောဘနစိတ် ၂၄-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၆၉-ပါးဖြစ်ပါသည်။

➤ **ဆန္ဒ မယှဉ်နိုင်သော စိတ်များကား/သတ္တတိ ဝီသတိစေဝ-၌ ဝီသတိ-အရ** မောဟမူစိတ် ၂-ပါး၊ အဟိတ်စိတ် ၁၈-ပါး၊ ပေါင်း ၂၀-ဖြစ်ပါသည်။

➤ **ပကိဏ်းစေတသိက် ၆-ပါးတို့တွင် အကျဉ်းယှဉ် စေတသိက်**= အဓိမောက္ခ, ဝီရိယ, ဆန္ဒ-တို့ဖြစ်ပါသည်။

➤ **အကျယ်ယှဉ် စေတသိက်**= ဝိတက်, ဝိစာရ, ပီတိ-တို့ဖြစ်ပါသည်။

➤ **အညသမာန်းစေတသိက် သမ္ပယောဂနည်း ၇-ပါးကား** ။ ။ (၁) သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့၏ စိတ် ၈၉-ပါးတို့၌ ယှဉ်ပုံ ၁-နည်း၊ (၂) ဝိတက်စေတသိက်၏ စိတ် ၅၅-ပါးတို့၌ ယှဉ်ပုံ ၁-နည်း၊ (၃) ဝိစာရစေတသိက်၏ စိတ် ၆၆-ပါးတို့၌ ယှဉ်ပုံ ၁-နည်း၊ (၄) အဓိမောက္ခ စေတသိက်၏ စိတ် ၇၈-ပါးတို့၌ ယှဉ်ပုံ ၁-နည်း၊ (၅) ဝီရိယ စေတသိက်၏ စိတ် ၇၃-ပါးတို့၌ ယှဉ်ပုံ ၁-နည်း၊ (၆) ပီတိ စေတသိက်၏ စိတ် ၅၁-ပါးတို့၌ ယှဉ်ပုံ ၁-နည်း၊ (၇) ဆန္ဒ စေတသိက်၏ စိတ် ၆၉-ပါးတို့၌ ယှဉ်ပုံ ၁-နည်း။

➤ **သဗ္ဗစိတ္တသာဓာရဏ (၇)ပါးနှင့်သာ ယှဉ်သည့်စိတ်** = ဒွေးပဉ္စဝိညာဉ်-၁၀။

➤ **ပကိဏ်းစေတသိက်အားလုံးနှင့်ယှဉ်သည့်စိတ်** = လောဘမူသောမနဿ ၄ ပါး၊ ကာမာဝစရ သောဘန သောမနဿ ၁၂-ပါး၊ ပဌမဈာန် ၁၁-ပါး။

➤ **ပကိဏ်းစေတသိက် အားလုံးနှင့် မယှဉ်သည့်စိတ်**= ဒွေးပဉ္စဝိညာဉ် ၁၀-ပါး ဖြစ်ပါသည်။(ဒွိပဉ္စဝိညာဏေ ပကိဏ္ဏကဝဇ္ဇိတာ တေယောဝ သင်္ဂယှန္တိ-ကိုထောက်)

http://www.dhammadownload.com



➤ **ဝိတက်ကြဉ် ပကိဏ်းစေတသိက် ၅–ပါးနှင့်ယှဉ်သောစိတ်** = လောဘမူ သောမနဿ ၄-ပါး၊ ကာမာဝစရ သောဘန သောမနဿ ၁၂-ပါး၊ ပထမဈာန် ၁၁-ပါး၊ ဒုတိယဈာန် ၁၁-ပါး ဖြစ်ပါသည်။

➤ **ဝိစာရကြဉ် ပကိဏ်းစေတသိက် ၅–လုံးနှင့်ယှဉ်သော စိတ်/အဓိမောက္ခကြဉ် ပကိဏ်းစေတသိက် ၅–လုံးနှင့်ယှဉ်သော စိတ်/ဝီရိယကြဉ် ပကိဏ်းစေတသိက် ၅–လုံးနှင့်ယှဉ်သော စိတ်/ပီတိကြဉ် ပကိဏ်းစေတသိက် ၅–လုံးနှင့်ယှဉ်သော စိတ်**=

လောဘမူ သောမနဿ ၄-ပါး၊ ကာမသောဘန သောမနဿ ၁၂-ပါး၊ ပထမဈာန် ၁၁-ပါး-တို့ ဖြစ်ပါသည်။

➤ **ဆန္ဒကြဉ် ပကိဏ်းစေတသိက် ၅–လုံးနှင့်ယှဉ်သော စိတ်**= လောဘမူ သောမနဿ ၄-ပါး၊ ဟသိတုပ္ပါဒ် ၁-ပါး၊ကာမာဝစရသောဘန သောမနဿ ၁၂-ပါး၊ ပထမဈာန် ၁၁-ပါး-တို့ ဖြစ်ပါသည်။

✱ ကရုဏာ, မုဒိတာ ၂-ပါးတို့တွင် ၁-ပါးပါး။

http://www.dhammadownload.com



| ➤ ဒေါသမူ အသင်္ခါရိက | | ဒေါသမူ သသင်္ခါရိက | |
|---|---|---|---|
| များ | ၂၀ | များ | ၂၂ |
| ပြိုင် | ၁၈ * | ပြိုင် | ၂၀ * |
| နဲ/မြဲ | ၁၇ | နဲ/မြဲ | ၁၉ |

(ပီတိကြဉ် အညသမာန်း ၁၂၊ မောစတုက် ၄-ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ၊ ထိန, မိဒ္ဓ+၂၂-ပါး)

* ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၃-ပါးတို့တွင် ၁-ပါးပါး။

**➤ မဟာကြိယာ ပထမစွေးနှင့် စေတသိက်ယှဉ်ပုံချင်း တူညီသောစိတ်-**

မဟာဂ္ဂုတ်ပထမစျာန် ၃-ပါး ဖြစ်ပါသည်။ [အည-၁၃၊ဝိရတီကြဉ် သောဘန-၂၂]

**မေး** ။ ။ မိမိအသိဖြင့် ထက်သန်ရွှင်ပျစွာ ကျောင်းသန့်ရှင်းရေး ပြုလုပ်နေသော- သာမဏေငယ်တပါး၏ သန္တာန်၌ဖြစ်ပေါ်နေသော စိတ်ကို ဖော်ပြပြီးလျှင် ထိုစိတ်နှင့်အတူ ဖြစ်ခွင့်ရှိသော စေတသိက်များတို့လည်း သင်္ချာမျှ ပြဆိုခဲ့ပါ။

**ဖြေ** ။ ။ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။ ထိုစိတ်နှင့်အတူ ဖြစ်ခွင့်ရှိသော စေတသိက်ကား ၃၃ပါး ဖြစ်ပါသည်။ [အပ္ပမညာ ဝိရတိယော ပနေတ္ထ ပဥ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ]

**မေး** ။ ။ လက်သန်းအဋ္ဌကထာကို သင်ယူနေကြသည့်အားလျော်စွာ စိတ်တစ်ခုယုတ်ကိုးဆယ်ကို အကြောင်းပြ၍ အကျဉ်းဆုံးချုံးပြပြီး စေတသိက်ပိုင်း၌ ရှိသင့် ရှိထိုက်သည့် သင်္ဂဟနည်းအရေအတွက်နှင့် လက်ရှိ၌ သင်္ဂဟနည်း ၃၃-ပါးသာ ဖြစ်နေရခြင်းတို့ကိုလည်း အကြောင်းအသီးသီးပြ၍ ရှင်းပြပါ။

**ဖြေ** ။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်ကို အကျဉ်းဆုံးချုံးလျှင် "အာရမ္မဏဝိဇာနန" အာရုံကို သိခြင်းလက္ခဏာအားဖြင့် တစ်ပါးသာရှိသောကြောင့် "အာရုံကိုသိခြင်း"ဟူသော တစ်ပါးသာ ရပါသည်။

**➤ စေတသိက်ပိုင်း၌ ရှိသင့် ရှိထိုက်သည့် သင်္ဂဟနည်းအရေအတွက်**

သင်္ဂဟနည်းဟူသည် စိတ်တစ်လုံး၌ ရနိုင် (ယှဉ်နိုင်)သမျှသော စေတသိက်တို့ကို စုပေါင်း၍ ရေတွက်ပြသော နည်းဖြစ်သောကြောင့် စိတ်ရှိသလောက် သင်္ဂဟနည်းရှိသင့်ပါသည်။ ထို့ကြောင့် သင်္ဂဟနည်း ၈၉-ပါး၊ သို့မဟုတ် ၁၂၁-ပါး ရှိသင့်ပါသည်။

**➤ သင်္ဂဟနည်း ၃၃-ပါးသာ ဖြစ်နေခြင်းအကြောင်း** ။ ။ ယှဉ်သော စေတသိက်ချင်းတူသည့် စိတ်အများကိုပေါင်း၍ သင်္ဂဟနည်း ၁-နည်းဟုသာ သတ်မှတ်လေ့ရှိသောကြောင့်ရင်း၊ ယှဉ်သော စေတသိက် မတူသော်လည်း သင်္ချာအရေအတွက် မတူလျှင် သင်္ဂဟနည်း ၁-နည်းဟု သတ်မှတ်လေ့ရှိသောကြောင့်ရင်း ၃၃-ပါးသာ ဖြစ်ရပါသည်။

**စေတသိက်ပိုင်း သရုပ်ခွဲ ပြီး၏။**

http://www.dhammadownload.com



## ၃– ပကိဏ်းပိုင်း

### ပဋိညာဉ်

၁။ သမ္ပယုတ္တာ ယထာယောဂံ၊ တေပညာသ သဘာဝတော။
စိတ္တ စေတသိကာ ဓမ္မာ၊ တေသံ ဒါနိ ယထာရဟံ။

**မာတိကာ**

၂။ ဝေဒနာ ဟေတုတော ကိစ္စ- ဒွါရာလမ္ဗဏ ဝတ္ထုတော။
စိတ္တုပ္ပါဒဝသေနေဝ၊ သင်္ဂဟောနာမ နီယတေ။

**ဝေဒနာသင်္ဂဟ**

**ဝေဒနာ ၃–ပါးနှင့် ၅–ပါး**

၃။ တတ္ထ ဝေဒနာသင်္ဂဟေ တာဝ တိဝိဓာ ဝေဒနာ သုခံ, ဒုက္ခံ, အဒုက္ခ
မသုခါစေတိ၊ သုခံ, ဒုက္ခံ, သောမနဿံ, ဒေါမနဿံ, ဥပေက္ခာတိ စ
ဘေဒေန ပန ပဉ္စဓာ ဟောတိ။

**ဝေဒနာဖြင့် စိတ်ကိုဝေဖန်ခြင်း**

၄။ တတ္ထ သုခသဟဂတံ ကုသလဝိပါကံ ကာယဝိညာဏမေကမေဝ။
တထာ ဒုက္ခသဟဂတံ အကုသလဝိပါကံ။

---

(ဓာပိုဒ်–၁) **တေပညာသ သဘာဝတော–၌ တေပညာသ–အရ/သဘောတရား ၅၃–ပါးကား** ။ ။ စိတ်သည် အာရမ္မဏဝိဇာနန လက္ခဏာအားဖြင့် ၁-ပါး၊ စေတသိက် ၅၂-ပါးသည် ဖုသန, အနုဘဝန-စသော မိမိဆိုင်ရာ သဘောလက္ခဏာအားဖြင့် ၅၂-ပါး၊ ပေါင်း ၅၃-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၂) **မာတိကာ(သင်္ဂဟ) ၆–မျိုးကား** ။ ။ ဝေဒနာသင်္ဂဟ, ဟေတုသင်္ဂဟ, ကိစ္စသင်္ဂဟ, ဒွါရသင်္ဂဟ, အာလမ္ဗဏသင်္ဂဟ, ဝတ္ထုသင်္ဂဟတို့ ဖြစ်ပါသည်။

(ဓာပိုဒ်–၃) [အာရမ္မဏာနုဘဝနလက္ခဏာဘေဒနည်းအားဖြင့်] **ဝေဒနာ ၃–ပါးကား** သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာ-တို့ဖြစ်ပါသည်။

➤ [ဣန္ဒြိယဘေဒနည်းအားဖြင့်] **ဝေဒနာ ၅–ပါးကား** ။ ။ သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့ ဖြစ်ပါသည်။

(ဓာပိုဒ်–၄) **သုခဝေဒနာ အမည်ရသောစိတ်/သုခမေကတ္တ–၌ ဧက–အရ** = သုခသဟဂုတ် ကုသလဝိပါက် ကာယဝိညာဉ်စိတ်သည် သုခဝေဒနာ အမည်ရပါသည်။

http://www.dhammadownload.com


**သောမနဿဝေဒနာယှဉ်စိတ် ၆၂-ပါး**

၅။ သောမနဿသဟဂတစိတ္တာနိ ပန လောဘမူလာနိ စတ္တာရိ, ဒွါဒသ ကာမာဝစရသောဘနာနိ, သုခသန္တီရဏ ဟသနာနိစ ဒွေတိ အဋ္ဌာရသ ကာမာဝစရ သောမနဿ သဟဂတစိတ္တာနိ စေဝ ပဌမ ဒုတိယ တတိယ စတုတ္ထဇ္ဈာနသင်္ခါတာနိ စတုစတ္တာလီသ မဟဂ္ဂတလောကုတ္တရ စိတ္တာနိ စေတိ ဒွါသဋ္ဌိဝိဓာနိ ဘဝန္တိ။

**ဒေါမနဿဝေဒနာ ယှဉ်စိတ် ၂-ပါး**

၆။ ဒေါမနဿ သဟဂတစိတ္တာနိ ပန ဒွေ ပဋိဃသမ္ပယုတ္တစိတ္တာနေဝ။

**ဥပေက္ခာဝေဒနာယှဉ်စိတ် ၅၅-ပါး**

၇။ သေသာနိ သဗ္ဗာနိပိ ပဉ္စပညာသ ဥပေက္ခာသဟဂတစိတ္တာနေဝါတိ။

---

➢ **ဒုက္ခဝေဒနာ အမည်ရသောစိတ်ကား/သုခမေကတ္ထ ဒုက္ခဥ္စ–န္တိ ဧက–အရ** = ဒုက္ခသဟဂုတ် အကုသလဝိပါက် ကာယဝိညာဉ်စိတ်သည် ဒုက္ခဝေဒနာ အမည် ရပါသည်။

(ဓာပိုဒ်–၅) **သောမနဿဝေဒနာ အမည်ရသောစိတ်များကား/ဒွါသဋ္ဌိသု သောမနဿံ န္တိ ဒွါသဋ္ဌိ–အရ** ။ ။ လောဘမူ သောမနဿ ၄-ပါး၊ ကာမာဝစရ သောဘန သောမနဿ ၁၂-ပါး၊ သုခသန္တီရဏ ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ ပထမဈာန် ၁၁-ပါး၊ ဒုတိယဈာန် ၁၁-ပါး၊ တတိယဈာန် ၁၁-ပါး၊ စတုတ္ထဈာန် ၁၁-ပါး၊ပေါင်း ၆၂-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၆) **ဒေါမနဿဝေဒနာ အမည်ရသောစိတ်များကား/ဒေါမနဿံ ဒွယေ ဋ္ဌိတံ န္တိ ဒွယ–အရ** ။ ။ ပဋိဃသမ္ပယုတ်စိတ် ၂-ပါးဖြစ်ပါသည်။

(ဓာပိုဒ်–၇) **ဥပေက္ခာဝေဒနာ အမည်ရသောစိတ်များကား/ပဉ္စပညာသကေတရာ–န္တိ ပဉ္စပညာသ–အရ** ။ ။ လောဘမူ ဥပေက္ခာ ၄-ပါး၊ မောဟမူ ဥပေက္ခာ ၂-ပါး၊ အဟိတ် ဥပေက္ခာ ၁၄-ပါး၊ ကာမာဝစရသောဘန ဥပေက္ခာ ၁၂-ပါး၊ ပဉ္စမဈာန် ၂၃-ပါး၊ပေါင်း ၅၅-ပါး။

➢ **သောမနဿ ဝေဒနာနှင့်သာ ယှဉ်သည့် စေတသိက်**= ပီတိ ဖြစ်ပါသည်။

➢ **ဒေါမနဿ ဝေဒနာနှင့်သာ ယှဉ်သည့်စေတသိက်**= ဒေါစတုက် ၄-ပါး။

➢ **ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်သည့်စေတသိက်**= ဝိစိကိစ္ဆာစေတသိက်။

➢ **သုခ/ဒုက္ခဝေဒနာနှင့် ယှဉ်သည့်စေတသိက်**= ဝေဒနာကြည့် သဗ္ဗစိတ္တသာဓာ-၆။

http://www.dhammadownload.com



**ဝေဒနာ ၅–ပါးယှဉ်ပုံပြ သင်္ဂဟဂါထာများ**

၈။ သုခံ ဒုက္ခမုပေက္ခာတိ၊ တိဝိဓာ တတ္ထ ဝေဒနာ။
သောမနဿံ ဒေါမနဿ- မိတိ ဘေဒေန ပဉ္စဓာ။

၉။ သုခမေကတ္ထ ဒုက္ခဉ္စ၊ ဒေါမနဿံ ဒွယေ ဌိတံ။
ဒွါသဋ္ဌီသု သောမနဿံ၊ ပဉ္စပညာသ ကေတရာ။

**ဟေတုသင်္ဂဟ**

**ဟိတ် ၆–ပါး**

၁၀။ ဟေတုသင်္ဂဟေ ဟေတူနာမ လောဘော, ဒေါသော, မောဟော အလောဘော, အဒေါသော, အမောဟောစာတိ ဆဗ္ဗိဓာ ဘဝန္တိ။

---

(ဓာပိုဒ်–၉) **ပဉ္စပညာသ ကေတရာ–၌ ဣတရာ–အရ** ။ ။ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿဝေဒနာတို့မှ တစ်ပါးသော ဥပေက္ခာဝေဒနာကို ယူရပါမည်။

➤ **ဝေဒနာ ၁–ပါးနှင့်သာ ယှဉ်သည့် စေတသိက်**= ပီတိ, ဒေါစတုက်-၄၊ ဝိစိကိစ္ဆာ ပေါင်း ၆-ပါးဖြစ်ပါသည်။ ➤ **ဝေဒနာ ၁–ပါးနှင့်သာ ယှဉ်သည့် စေတသိက်တို့ကို ဆိုင်ရာဝေဒနာတို့နှင့် ယှဉ်တွဲပုံ** ။ ။ ပီတိ=သောမနဿဝေဒနာ၊ ဒေါစတုက် ၄-ပါး= ဒေါမနဿ ဝေဒနာ၊ ဝိစိကိစ္ဆာ = ဥပေက္ခာဝေဒနာ-တို့ ဖြစ်ပါသည်။

➤ **သောမနဿ, ဥပေက္ခာ ဝေဒနာ ၂–ပါးနှင့်ယှဉ်သည့် စေတသိက်**= လောဘ, ဒိဋ္ဌိ, မာန, သောဘန စေတသိက်-၂၅၊ ပေါင်း ၂၈-ပါးဖြစ်ပါသည်။

➤ **သောမနဿ, ဒေါမနဿ, ဥပေက္ခာ ဝေဒနာ ၃–ပါးနှင့်ယှဉ်သည့် စေတသိက်** ပီတိကြဉ် ပကိဏ်းစေတသိက်-၅၊မောစတုက်-၄၊ထိန, မိဒ္ဓ ပေါင်း ၁၁-ပါး။

➤ **ဝေဒနာ ၅–ပါးနှင့်ယှဉ်သည့် စေတသိက်**= ဝေဒနာကြဉ် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆-ပါး။

➤ **သောမနဿဝေဒနာနှင့် ယှဉ်သည့်စေတသိက်**= ဝေဒနာ, ဝိစိကိစ္ဆာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ် စေတသိက် ၄၆-ပါးဖြစ်ပါသည်။ ➤ **မယှဉ်နိုင်သည့် စေတသိက်**= ဝေဒနာ, ဝိစိကိစ္ဆာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ+၆ပါး။

➤ **ဒေါမနဿဝေဒနာနှင့် ယှဉ်သည့် စေတသိက်**= ဝေဒနာ, ပီတိကြဉ် အညသမာန်း-၁၁၊မောစတုက်-၄၊ဒေါစတုက်-၄၊ထိန,မိဒ္ဓ+၂၁။

➤ **ဥပေက္ခာဝေဒနာနှင့်ယှဉ်သည့် စေတသိက်**= ဝေဒနာ, ပီတိ, ဒေါစတုက် ၄-ပါးကြဉ် စေတသိက်-၄၆။ [မယှဉ်နိုင်သည့် စေတသိက်=ဝေဒနာ,ပီတိ,ဒေါစတုက်-၄]

http://www.dhammadownload.com



## ဟိတ်ဖြင့်စိတ် (၈၉-ပါး)ကို ဝေဖန်ခြင်း

### အဟိတ်စိတ် ၁၈-ပါးပြ

၁၁။ တတ္ထ ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌပ္ပန ဟသနဝသေန အဋ္ဌာရသ အဟေတုကစိတ္တာနိ နာမ။

### သဟိတ်စိတ် ၇၁-ပါးပြ

၁၂။ သေသာနိ သဗ္ဗာနိပိ ဧကသတ္တတိ စိတ္တာနိ သဟေတုကာနေဝ။

### ဧကဟိတ်စိတ် ၂-ပါးပြ

၁၃။ တတ္ထာပိ ဒွေ မောမူဟစိတ္တာနိ ဧကဟေတုကာနိ။

### ဒွိဟိတ်စိတ် ၂၂-ပါးပြ

၁၄။ သေသာနိ ဒသ အကုသလစိတ္တာနိစေဝ ဉာဏဝိပ္ပယုတ္တာနိ ဒွါဒသ ကာမာဝစရ သောဘနာနိစေတိ ဒွါဝီသတိ ဒွိဟေတုကစိတ္တာနိ။

---

(စာပိုဒ်-၁၁) **ဝီထိစဉ်အားဖြင့် အဟိတ်စိတ် ၁၈-ပါးကား** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဉ် ၁၀-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ ပေါင်း ၁၈-ပါးသည် အဟိတ်စိတ်မည်ပါသည်။(အဋ္ဌာရသ-အရ)

(စာပိုဒ်-၁၂) **သဟိတ်စိတ် ၇၁-ပါးကား** ။ ။ အကုသိုလ်စိတ် ၁၂-ပါး၊ ကာမသောဘနစိတ် ၂၄-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် ၈-ပါးတို့ဖြစ်ပါသည်။

(စာပိုဒ်-၁၃) **ဧကဟိတ်စိတ်** (အကြောင်း ၁-ပါးကြောင့်ဖြစ်သောစိတ်)ကား/
**ဟေတုကာ ဒွေ ဒွါဝီသတိ-၌ ဒွေ-အရ** ။ ။ မောဟမူစိတ် ၂-ပါးဖြစ်ပါသည်။

(စာပိုဒ်-၁၄) **ဒွိဟိတ်စိတ် ၂၂-ပါး (အကြောင်း ၂-ပါးကြောင့်ဖြစ်သောစိတ်များ)**
**ဟေတုကာ ဒွေ ဒွါဝီသတိ-၌ ဒွါဝီသတိ-အရ** ။ ။ လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ဉာဏဝိပ္ပယုတ် ကာမာဝစရသောဘနစိတ် ၁၂-ပါးတို့ဖြစ်ပါသည်။

➢ **ဇောဆိုက်သော ဒွိဟိတ်စိတ်** (ဒွိဟိတ်ဇော)**ကား** ။ ။ လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး၊မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး၊ ပေါင်း ၁၈-ပါးဖြစ်ပါသည်။ ➢ **ဇောမဆိုက်သော ဒွိဟိတ်စိတ်ကား**= မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး ဖြစ်ပါသည်။

➢ **ဒွိဟိတ်စိတ် ၂၂-ပါးကို ဆိုင်ရာဟိတ်များနှင့် တွဲစပ်ပုံ** ။ ။ လောဘမူစိတ်-၈ ပါး=လောဘဟိတ်, မောဟဟိတ်၊ ဒေါသမူစိတ် ၂-ပါး=ဒေါသဟိတ်, မောဟဟိတ်။ ဉာဏဝိပ္ပယုတ် ကာမာဝစရ သောဘနစိတ် ၁၂-ပါး= အလောဘဟိတ်, အဒေါသဟိတ်

http://www.dhammadownload.com



**တိဟိတ်စိတ် ၄၇-ပါးပြ**

၁၅။ ဒွါဒသ ဉာဏသမ္ပယုတ္တ ကာမာဝစရသောဘနာနိ စေဝ ပဉ္စတ္တိံသ မဟဂ္ဂတ လောကုတ္တရစိတ္တာနိ စေတိ သတ္တစတ္တာလီသ တိဟေတုက စိတ္တာနီတိ။

---

➤ **ဒွါဝီသတိ ဒုဟေတုကစိတ္တာနိ-၌ ဆိုင်ရာစိတ်တို့၏ ဒွိဟိတ်ဖြစ်ပုံ** ။ ။ လောဘမူစိတ် ၈-ခုသည် လောဘဟိတ်, မောဟဟိတ် ၂-ပါးရှိသောကြောင့် ဒွိဟိတ်ဖြစ်ပါသည် ဒေါသမူစိတ် ၂-ပါးသည် ဒေါသဟိတ်, မောဟဟိတ် ၂-ပါးရှိသောကြောင့် ဒွိဟိတ် ဖြစ်ပါသည်။ ကာမာဝစရဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါးသည် အလောဘဟိတ်, အဒေါသ ဟိတ် ၂-ပါးရှိသောကြောင့် ဒွိဟိတ် ဖြစ်ပါသည်။

(စာပိုဒ်-၁၅) **တိဟိတ်စိတ်** (အကြောင်း ၃-ပါးကြောင့်ဖြစ်သောစိတ်) **များကား/ သတ္တစတ္တာလီသ တိဟေတုကာ-၌ သတ္တစတ္တာလီသ-အရ** ။ ။ ဉာဏသမ္ပယုတ် ကာမာဝစရ သောဘနစိတ် ၁၂-ပါး၊ မဟဂ္ဂုတ်လောကုတ္တရာစိတ် ၃၅-ပါး၊ ပေါင်း (၄၇) ပါး ဖြစ်ပါသည်။

➤ **ဇောထိုက်သော တိဟိတ်စိတ်** (တိဟိတ်ဇော) **ကား** ။ ။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၃၄-ပါးဖြစ်ပါသည်။

➤ **ဇော မထိုက်သော တိဟိတ်စိတ်ကား** ။ ။ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး၊ ပေါင်း ၁၃-ပါးဖြစ်ပါသည်။

➤ **ကာမဘုံ၌ ရနိုင်သောဟိတ်** =ဟိတ် ၆-ပါး။ **ကာမဘုံ၌သာ ရနိုင်သော ဟိတ်**= ဒေါသဟိတ်။

➤ **ရူပဘုံ, အရူပဘုံ၌ ရနိုင်သောဟိတ်**= ဒေါသဟိတ်ကြဉ် ကျန် ၅-ပါး။ (ဝီထိစာပိုဒ်-၅၀။)

➤ **ပုထုဇဉ်, သောတာပန်, သကဒါဂါမ်၌ ရနိုင်သောဟိတ်** =ဟိတ် ၆-ပါး။

➤ **ရဟန္တာ နှင့်မဂ္ဂဋ္ဌာန် ၄-ယောက်၌ ရနိုင်သောဟိတ်**= အလောဘ,အဒေါသ, အမောဟဟိတ်-တို့ဖြစ်ပါသည်။ ➤ **အနာဂါမ်၌ မရနိုင်သောဟိတ်**= လောဘဟိတ်, ဒေါသဟိတ် (ဝီထိ စာပိုဒ်-၄၆-နှင့် ကမ္မဋ္ဌာန်း စာပိုဒ်-၇၀။ကိုထောက်) **ရနိုင်သော ဟိတ်**= မောဟ, အလောဘ, အဒေါသ, အမောဟဟိတ်တို့ ဖြစ်ပါသည်။

➤ **အဟိတ်စေတသိက်**= မောဟမူဒွေး၌ မောဟ၊ဆန္ဒကြဉ် အညသမာန်း-၁၂+၁၃

➤**ဧကဟိတ်စေတသိက်**=ဆန္ဒ,ပီတိကြဉ် အညသမာန်း-၁၁၊အဟိရိက,အနောတ္တပ္ပ ဥဒ္ဓစ္စ, ဝိစိကိစ္ဆာ၊လောဘမူ, ဒေါသမူ, မဟာကုသိုလ်ဉာဏဝိပ္ပယုတ်တို့၌ယှဉ်သော လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ ပေါင်း-၂၀ ဖြစ်ပါသည်။

http://www.dhammadownload.com



### ဟိတ် ၆-ပါးနှင့်ယှဉ်ပုံပြ သင်္ဂဟဂါထာများ

၁၆။ လောဘော ဒေါသော စ မောဟော စ၊
ဟေတူ အကုသလာ တယော။
အလောဘာ ဒေါသော မောဟော စ၊
ကုသလာ ဗျာကတာ တထာ။

၁၇။ အဟေတုကာဋ္ဌာရသေက-ဟေတုကာ ဒွေ ဒွါဝီသတိ။
ဒွိဟေတုကာ မတာ သတ္တ- စတ္တာလီသ တိဟေတုကာ။

---

➤ **ဒွိဟိတ်စေတသိက်=** အညသမာန်း-၁၃၊အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ၊ အလောဘ, အဒေါသကြဉ် သောဘန သာဓာရဏ-၁၇၊ဝိရတီ-၃၊အပ္ပမညာ-၂၊ တိဟိတ်စိတ်၌ယှဉ်သော အလောဘ,အဒေါသ, အမောဟ၊ ပေါင်း ၄၈-ပါးဖြစ်ပါသည်။

➤ **တိဟိတ်စေတသိက်=** အညသမာန်း-၁၃၊အလောဘ, အဒေါသ, အမောဟကြဉ် သောဘနစေတသိက် ၂၂-ပါး၊ ပေါင်း ၃၅-ပါးဖြစ်ပါသည်။

➤ **ဟိတ် ၁-ပါးနှင့်သာ ယှဉ်သည့်စေတသိက်=** လောဘ,ဒေါသ,ဝိစိကိစ္ဆာ+၃။

➤ **ဟိတ် ၂-ပါးနှင့်သာ ယှဉ်သည့်စေတသိက်များကို ဆိုင်ရာဟိတ်များနှင့် ယှဉ်တွဲပုံ**

မောဟ [လောဘ,ဒေါသ]ဒိဋ္ဌိ [လောဘ,မောဟ]မာန [လောဘ,မောဟ]ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ [ဒေါသ,မောဟ]၊ အလောဘ[အဒေါသ,အမောဟ]၊ အဒေါသ [အလောဘ,အမောဟ]၊ အမောဟ[အလောဘ, အဒေါသ] ပေါင်း ၉-ပါးဖြစ်ပါသည်။

➤ **ဟိတ် ၃-ပါးနှင့်သာ ယှဉ်သည့်စေတသိက်=** အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ,ထိန, မိဒ္ဓ၊ အလောဘ, အဒေါသ, အမောဟကြဉ် သောဘနစေတသိက်-၂၂ ပေါင်း ၂၇။

➤ **ဟိတ် ၅-ပါးနှင့်ယှဉ်သည့် စေတသိက်=** ပီတိ စေတသိက်ဖြစ်ပါသည်။

➤ **ပီတိ မယှဉ်နိုင်သည့်ဟိတ်=** ဒေါသဟိတ်ဖြစ်ပါသည်။

➤ **ဟိတ် ၆-ပါးနှင့်ယှဉ်သည့် စေတသိက်=** ပီတိကြဉ် အညသမာန်း-၁၂ပါး။

(ဓာပိုဒ်-၁၆) **ဟိတ် ၆-ပါးကို "ဇာတိဘေဒ"အားဖြင့် ခွဲပုံ**

လောဘ, ဒေါသ, မောဟ-အားဖြင့် အကုသိုလ်ဟိတ် ၃-ပါး၊ အလောဘ, အဒေါသ, အမောဟ-အားဖြင့် ကုသိုလ်ဟိတ် ၃-ပါး၊ အလောဘ, အဒေါသ, အမောဟ-အားဖြင့် အဗျာကတဟိတ် ၃-ပါး ဖြစ်ပါသည်။

**ဟေတုသင်္ဂဟ ပြီး၏။**

http://www.dhammadownload.com



**ကိစ္စသင်္ဂဟ / ကိစ္စ (အမှုကိစ္စ) ၁၄–ပါး**

၁၈။ ကိစ္စသင်္ဂဟေ ကိစ္စာနိ နာမ ပဋိသန္ဓိ ဘဝင်္ဂါဝဇ္ဇန ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ဇဝန တဒါရမ္မဏ စုတိဝသေန စုဒ္ဒသဝိဓာနိ ဘဝန္တိ။

**ဌာန ၁၀–ပါး**

၁၉။ ပဋိသန္ဓိ ဘဝင်္ဂါဝဇ္ဇန ပဉ္စဝိညာဏဋ္ဌာနာဒိဝသေန ပန တေသံ ဒသဓာ ဌာနဘေဒေါ ဝေဒိတဗ္ဗော။

**ကိစ္စ ဌာနတို့ဖြင့် စိတ်(၈၉–ပါး) ကို ဝေဖန်ခြင်း**

၂၀။ တတ္ထ ဒွေ ဥပေက္ခာသဟဂတ သန္တီရဏာနိ စေဝ အဋ္ဌ မဟာဝိပါကာနိ စ နဝ ရူပါရူပဝိပါကာနိ စေတိ ဧကူနဝီသတိ စိတ္တာနိ ပဋိသန္ဓိ ဘဝင် စုတိကိစ္စာနိ နာမ။

၂၁။ အာဝဇ္ဇနကိစ္စာနိ ပန ဒွေ။

---

**(စာပိုဒ်–၁၈) ကိစ္စ ၁၄–ပါးကား ။ ။** ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿန ကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋိစ္ဆိုင်းကိစ္စ, သန္တီရဏ ကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စ-တို့ဖြစ်ပါသည်။

➤ **ရှုပမြဲဟ္မာကြီးများ၌ ဖြစ်လှုပ်ဖွယ် မလိုသော အမှုကိစ္စ=** ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, တဒါရုံကိစ္စတို့ဖြစ်ပါသည်။

➤ **အရှုပမြဲဟ္မာကြီးများ၌ ဖြစ်လှုပ်ဖွယ် မလိုသောအမှုကိစ္စ =** ဒဿန, သဝန, ဃာယန, သာယန, ဖုသန,သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံကိစ္စတို့ဖြစ်ပါသည်။

**(စာပိုဒ်–၁၉) ဌာန ၁၀–ပါးကား/ဒသဓာ ဌာနဘေဒေါ–၌ ဒသ–အရ =** ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဉ္စဝိညာဉ်ဌာန, သမ္ပဋိစ္ဆိုင်းဌာန, သန္တီရဏဌာန, ဝုဋ္ဌောဌာန, ဇောဌာန, တဒါရုံဌာန, စုတိဌာန-တို့ ဖြစ်ပါသည်။

**(စာပိုဒ်– ၂၀) ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သောစိတ် ၁၉–ပါးကား/ ပဋိသန္ဓေစိတ် ၁၉-ပါး/ ဘဝင်စိတ် ၁၉-ပါး/ စုတိစိတ် ၁၉-ပါးကား ။ ။** ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ရူပ, အရူပ (မဟဂ္ဂုတ်) ဝိပါက်စိတ် ၉-ပါး၊ ပေါင်း ၁၉-ပါးဖြစ်ပါသည်။

**(စာပိုဒ်– ၂၁) အာဝဇ္ဇန်းကိစ္စတပ်သောစိတ်ကား ။ ။** မဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်း ၂-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



၂၂။ တထာ ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆနကိစ္စာနိစ

၂၃။ တီဏိ သန္တီရဏကိစ္စာနိ။

၂၄။ မနောဒွါရာဝဇ္ဇနမေဝ ပဉ္စဒွါရေ ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓေတိ။

၂၅။ အာဝဇ္ဇနဒွယဝဇ္ဇိတာနိ ကုသလာကုသလဖလကိရိယစိတ္တာနိ ပဉ္စပညာသ ဇဝနကိစ္စာနိ။

**(စာပိုဒ်-၂၂)** စက္ခုဝိညာဉ်ဒွေးသည် "ဒဿနကိစ္စ"တပ်ပါသည်။ သောတဝိညာဉ်ဒွေးသည် "သဝနကိစ္စ"တပ်ပါသည်။ ဃာနဝိညာဉ်ဒွေးသည် "ဃာယနကိစ္စ"တပ်ပါသည်။ ဇိဝှါဝိညာဉ်ဒွေးသည် "သာယနကိစ္စ"တပ်ပါသည်။ ကာယဝိညာဉ်ဒွေး - သည် "ဖုသနကိစ္စ"တပ်သည်။ သမ္ပဋိစ္ဆိုင်းဒွေးသည် "သမ္ပဋိစ္ဆိုင်းကိစ္စ"တပ်သည်။

(စာပိုဒ်-၂၃) **သန္တီရဏကိစ္စတပ်သောစိတ်ကား** ။ ။ သန္တီရဏ ၃-ပါးဖြစ်ပါသည်။

(စာပိုဒ်-၂၄) **ဝုဋ္ဌောကိစ္စတပ်သောစိတ်ကား** ။ ။ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပါသည်။

မေး ။ ။ အဘယ်စိတ်ကို အဘယ်အရာ၌ အဘယ့်ကြောင့် **"ဝုဋ္ဌော"**ဟု ခေါ်ပါသနည်း။

ဖြေ ။ ။ မနောဒွါရာဝဇ္ဇန်းစိတ်ကို ပဉ္စဒွါရအရာ၌ ပိုင်းခြားသတ်မှတ်သကဲ့သို့ ဖြစ်သောကြောင့် "ဝုဋ္ဌော"ဟု ခေါ်ပါသည်။

(စာပိုဒ်-၂၅) **ဇောကိစ္စတပ်သောစိတ် ၅၅-ပါး** (ဇော ၅၅-ပါး) [**ဇော ၅၅-ပါးကို ဇာတိဘေဒအားဖြင့် ခွဲပုံ**] ။ ။ ကုသိုလ်စိတ် ၂၁-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ ဖိုလ်စိတ် ၄-ပါး၊ အာဝဇ္ဇန်းဒွေးကြဉ် ကြိယာစိတ် ၁၈-ပါး၊ ပေါင်း ၅၅-ပါးဖြစ်ပါသည်။

➤ **ကေဟိတ်ဇော** ။ ။ မောဟမူဒွေး ဖြစ်ပါသည်။ (စာပိုဒ်-၁၃/၂၅-တို့ကိုထောက်)

➤ **အဟိတ်ဇော** ။ ။ ဟသိတုပ္ပါဒ်စိတ် ဖြစ်ပါသည်။

➤ **ကာမဇော ၂၉-ပါးကား** ။ ။ အကုသိုလ်ဇော ၁၂-ပါး၊ ဟသိတုပ္ပါဒ်ဇော ၁-ပါး၊မဟာကုသိုလ်ဇော ၈-ပါး၊ မဟာကြိယာဇော ၈-ပါးတို့ဖြစ်ပါသည်။

➤ **အပ္ပနာဇော ၂၆-ပါးကား** ။ ။ မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ပါး၊ မဟဂ္ဂုတ်ကြိယာဇော ၉-ပါး၊ လောကုတ္တရာဇော ၈-ပါး၊ ပေါင်း ၂၆-ပါးဖြစ်ပါသည်။

➤ **ဝိပါက်ဖြစ်ပါလျက် ဇောထိုက်သောစိတ်** = ဖိုလ်စိတ် ၄-ပါးဖြစ်ပါသည်။

➤ **ကြိယာဖြစ်ပါလျက် ဇော မထိုက်သောစိတ်** = အာဝဇ္ဇန်းဒွေး ဖြစ်ပါသည်။

➤ **ဇော ၅၅-ပါးတို့တွင် အလယ်တည့်တည့်ဇောစိတ်** = မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။[ယှဉ်နိုင်သည့် စေတသိက်ကား ပီတိကြဉ် အညသမာန်းစေတသိက် ၁၂-ပါး၊ ဝိရတီ, ဉာဏ်ကြဉ် သောဘနစေတသိက် ၂၁-ပါး၊ ပေါင်း ၃၃-ပါးဖြစ်ပါသည်။]

http://www.dhammadownload.com



**တဒါရုံကိစ္စတပ်သောစိတ် ၁၁-ပါးပြ**

၂၆။ အဋ္ဌ မဟာဝိပါကာနိ စေဝ သန္တီရဏတ္တယဉ္စေတိ ဧကာဒသ တဒါရမ္မဏကိစ္စာနိ။

**ဆိုင်ရာစိတ်တို့ တပ်နိုင်သည့်ကိစ္စများ**

၂၇။ တေသု ပန ဒွေ ဥပေက္ခာသဟဂတသန္တီရဏစိတ္တာနိ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏ သန္တီရဏဝသေန ပဉ္စကိစ္စာနိ နာမ။

၂၈။ မဟာဝိပါကာနိ အဋ္ဌ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏဝသေန စတုကိစ္စာနိ နာမ။

၂၉။ မဟဂ္ဂတဝိပါကာနိ နဝ ပဋိသန္ဓိ ဘဝင် စုတိဝသေန တိကိစ္စာနိနာမ။

၃၀။ သောမနဿသန္တီရဏံ သန္တီရဏ တဒါရမ္မဏဝသေန ဒုကိစ္စံ။

၃၁။ တထာ ဝေါဋ္ဌဗ္ဗနံ ဝေါဋ္ဌဗ္ဗနာဝဇ္ဇနဝသေန။

၃၂။ သေသာနိ ပန သဗ္ဗာနိပိ ဇဝန မနောဓာတုတ္တိက ဒွိပဉ္စဝိညာဏာနိ ယထာသမ္ဘဝ မေကကိစ္စာနီတိ။

---

(စာပိုဒ်-၂၆) **တဒါရုံကိစ္စတပ်သောစိတ် ၁၁-ပါး** (တဒါရုံ ၁၁-ပါး) **ကား** မဟာဝိပါက်စိတ် ၈-ပါး၊ သန္တီရဏစိတ် ၃-ပါး၊ ပေါင်း ၁၁-ပါးဖြစ်ပါသည်။

(စာပိုဒ်-၂၇) **၅-ကိစ္စတပ်သောစိတ်** ॥ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါးသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ, သန္တီရဏကိစ္စအားဖြင့် ၅-ကိစ္စ တပ်ပါသည်။ ➤ **ကိစ္စ အများဆုံးရှိသောစိတ်**= ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး ဖြစ်ပါသည်။

(စာပိုဒ်-၂၈) **၄-ကိစ္စတပ်သောစိတ်** ॥ မဟာဝိပါက်စိတ် ၈-ပါးသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စအားဖြင့် ၄-ကိစ္စတပ်ပါသည်။

(စာပိုဒ်-၂၉) **၃-ကိစ္စတပ်သောစိတ်** ॥ မဟဂ္ဂုတ်ဝိပါက် ၉-ပါးသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စအားဖြင့် ၃-ကိစ္စတပ်ပါသည်။

(စာပိုဒ်-၃၀) **၂-ကိစ္စတပ်သောစိတ်** ॥ သောမနဿ သန္တီရဏစိတ်သည် သန္တီရဏ ကိစ္စ, တဒါရုံကိစ္စအားဖြင့် ၂-ကိစ္စတပ်ပါသည်။

(စာပိုဒ်-၃၁) **၂-ကိစ္စတပ်သောစိတ်** ॥ ဝုဋ္ဌောစိတ် (မနောဒွါရာဝဇ္ဇန်းစိတ်) သည် ဝုဋ္ဌောကိစ္စ, အာဝဇ္ဇန်းကိစ္စအားဖြင့် ၂-ကိစ္စတပ်ပါသည်။

http://www.dhammadownload.com



**ကိစ္စ, ဌာနနှင့် တပ်သောစိတ်ပြ သင်္ဂဟဂါထာများ**

၃၃။ ပဋိသန္ဓာဒယော နာမ၊ ကိစ္စဘေဒေန စုဒ္ဒသ။
ဒသဓာ ဌာနဘေဒေန၊ စိတ္တုပ္ပါဒါ ပကာသိတာ။

၃၄။ အဋ္ဌသဋ္ဌိ တထာ ဒွေ စ၊ နဝါဋ္ဌ ဒွေ ယထာက္ကမံ။
ဧက ဒွိ တိ စတု ပဉ္စ၊ ကိစ္စဋ္ဌာနာနိ နိဒ္ဒိသေ။

---

(စာပိုဒ်-၃၂) **၁-ကိစ္စတပ်သောစိတ်/ကိစ္စအနည်းဆုံးရှိသောစိတ်** ။ ။ ဇော ၅၅-ပါး၊ မနောဓာတ် ၃-ပါး၊ ဒွေးပဉ္စဝိညာဉ် ၁၀-ပါး၊ပေါင်း ၆၈-ပါးဖြစ်ပါသည်။

➤ **ယထာသမ္ဘဝမေကကိစ္စာနိ-၌ ယထာသမ္ဘဝဖြစ်ပုံ/ကိစ္စအနည်းဆုံးရှိသော စိတ်တို့ကို ဆိုင်ရာကိစ္စများနှင့် ယှဉ်တွဲပုံ** ။ ။ ဇော ၅၅-ပါးတို့သည် ဇောကိစ္စ၊ မနောဓာတ် ၃-ပါးတို့တွင် ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ, သမ္ပဋိစ္ဆိုင်းနှစ်ခုသည် သမ္ပဋိစ္ဆိုင်းကိစ္စ၊ ဒွေးပဉ္စဝိညာဉ် ၁၀-တို့တွင် စက္ခုဝိညာဉ်ဒွေးသည် ဒဿနကိစ္စ, သောတဝိညာဉ်ဒွေးသည် သဝနကိစ္စ၊ ဃာနဝိညာဉ်ဒွေးသည် ဃာယနကိစ္စ၊ ဇိဝှါဝိညာဉ်ဒွေးသည် သာယနကိစ္စ၊ ကာယဝိညာဉ်ဒွေးသည် ဖုသနကိစ္စ ဖြစ်ပါသည်။

(စာပိုဒ်-၃၄) **အဋ္ဌသဋ္ဌိ တထာ ဒွေစ-၌ အဋ္ဌသဋ္ဌိ-အရကား** ။ ။ ဇော ၅၅-ပါး၊ မနောဓာတ် ၃-ပါး၊ ဒွေးပဉ္စဝိညာဉ်-၁၀၊ ပေါင်း ၆၈-ပါးဖြစ်သည်။(စာပိုဒ်-၃၂-ထောက်

➤ **အဋ္ဌသဋ္ဌိ တထာ ဒွေစ-၌ ဒွေ-အရကား** ။ ။ သောမနဿ သန္တီရဏစိတ် ၁-ပါး၊ ဝုဋ္ဌောစိတ် ၁-ပါး၊ ပေါင်း ၂-ပါးဖြစ်ပါသည်။ (စာပိုဒ်-၃၀/၃၁-ကိုထောက်)

➤ **နဝါဋ္ဌ ဒွေ-၌ နဝ-အရကား** ။ ။ မဟဂ္ဂုတ်ဝိပါက် ၉-ပါးဖြစ်ပါသည်။(စာပိုဒ်-၂၉)

➤ **နဝါဋ္ဌ ဒွေ-၌ အဋ္ဌ-အရ** ။ ။ မဟာဝိပါက်စိတ် ၈-ပါးဖြစ်ပါသည်။(စာပိုဒ်-၂၈)

➤ **နဝါဋ္ဌ ဒွေ-၌ ဒွေ-အရ** ။ ။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး။ (စာ-၂၇)

➤ **ဧက ဒွိ တိ စတု ပဉ္စ-၌ ဧက-အရကား**။ ဇော ၅၅-ပါးကိုထောက်လျှင်-ဇောကိစ္စ၊ မနောဓာတ် ၃-ပါးကိုထောက်လျှင်-အာဝဇ္ဇန်းကိစ္စ၊သမ္ပဋိစ္ဆိုင်းကိစ္စ၊ ဒွေးပဉ္စဝိညာဉ် ၁၀-ကိုထောက်လျှင်-ဒဿန,သဝန,ဃာယန,သာယန,ဖုသနကိစ္စ။

➤ **ဧကဒွိတိ စတု ပဉ္စ-၌ ဒွိ-အရ**။ ။ သောမနဿ သန္တီရဏစိတ်ကို ထောက်လျှင် သန္တီရဏကိစ္စ, တဒါရုံကိစ္စ၊ ဝုဋ္ဌောစိတ်ကိုထောက်လျှင် ဝုဋ္ဌောကိစ္စ, အာဝဇ္ဇန်းကိစ္စတို့ ဖြစ်ပါသည်။ (စာပိုဒ်-၃၀/၃၁-ကိုထောက်)

➤ **ဧကဒွိတိ စတု ပဉ္စ-၌ တိ-အရ** ။ ။ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၉-ကိုထောက်)

http://www.dhammadownload.com



## ဒွါရ သင်္ဂဟ

**ဒွါရ (စိတ်,စေတသိက်တို့၏ဝင်ရာ တံခါးပေါက်) ၆-ပါး**

၃၅။ ဒွါရ သင်္ဂဟေ ဒွါရာနိ နာမ စက္ခုဒွါရံ, သောတဒွါရံ, ဃာနဒွါရံ, ဇိဝှါဒွါရံ, ကာယဒွါရံ, မနောဒွါရဉ္စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

---

➤ **ကောဋ္ဌာတိ စတု ပဉ္စ-၌ စတု-အရ** ။ ။ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စတို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၈ ကိုထောက်)

➤ **ကောဋ္ဌာတိ စတု ပဉ္စ-၌ ပဉ္စ-အရ** ။ ။ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ, သန္တီရဏကိစ္စတို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၇ ကိုထောက်)

➤ **နဝဋ္ဌ ဒွေ ယထာက္ကမံ-၌ ယထာက္ကမံ-အရ ကိစ္စ ဌာနတပ်သောစိတ်တို့ကို တွဲစပ်ပုံ** ။ ။ ၁-ကိစ္စ ၁-ဌာနတပ်သောစိတ် ၆၈-ပါး၊ ၂-ကိစ္စ ၂-ဌာနတပ်သောစိတ် ၂ ပါး၊ ၃-ကိစ္စ ၃-ဌာနတပ်သောစိတ် ၉-ပါး၊ ၄-ကိစ္စ ၄-ဌာနတပ်သောစိတ် ၈-ပါး၊ ၅-ကိစ္စ ၅-ဌာနတပ်သောစိတ် ၂-ပါး-တို့ဖြစ်ပါသည်။ ➤ **ယထာက္ကမံ-အရစဉ်ပုံ**= အဋ္ဌသဋ္ဌိနှင့် ဧက၊ ဒွေနှင့် ဒွိ၊ နဝနှင့် တိ၊ အဋ္ဌနှင့် စတု၊ ဒွေနှင့် ပဉ္စတို့ဖြစ်ပါသည်။

➤ **၁-ကိစ္စ [ဧကကိစ္စသာ] တပ်သော စေတသိက်/ကိစ္စ အနည်းဆုံးရှိသော စေတသိက်**= အကုသိုလ် စေတသိက်-၁၄၊ဝိရတီစေတသိက် ၃-ပါး ပေါင်း ၁၇-ပါး။

➤ **ပဋိသန္ဓေ, ဘဝင်, စုတိ, ဇော(၄)ကိစ္စတပ်သော စေတသိက်**= အပ္ပမညာ-၂။

➤ **ပဋိသန္ဓေ, ဘဝင်, စုတိ, ဇော, တဒါရုံ (၅)ကိစ္စတပ်သော စေတသိက်**= ဆန္ဒ သောဘနသာဓာရဏစေတသိက်-၁၉၊ပညာ ပေါင်း ၂၁-ပါး။

➤ **ပဋိသန္ဓေ, ဘဝင်, စုတိ, ဇော, တဒါရုံ, သန္တီရဏ (၆)ကိစ္စတပ်သော စေတသိက်**= ပီတိစေတသိက် ဖြစ်ပါသည်။

➤ **ပဋိသန္ဓေ, ဘဝင်, စုတိ, ဇော, တဒါရုံ, သန္တီရဏ, အာဝဇ္ဇန်း, ဝုဋ္ဌော, သမ္ပဋိစ္ဆိုင်း (၉) ကိစ္စ တပ်သောစေတသိက်**= ဝိတက်, ဝိစာရ, အဓိမောက္ခတို့ဖြစ်သည်။

➤ **၁၄-ကိစ္စတပ်သော [ကိစ္စ အများဆုံးရှိသော] စေတသိက်**=သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးဖြစ်ပါသည်။

**(စာပိုဒ်-၃၅) ဒွါရ ၆-ပါးကား** ။ ။ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ-တို့ ဖြစ်ပါသည်။

➤ **ရှုပတုံ၌ ရနိုင်သောဒွါရ**= စက္ခုဒွါရ, သောတဒွါရ, မနောဒွါရ-တို့ဖြစ်သည်။

➤ **အရှုပတုံ၌ ရနိုင်သော ဒွါရ**= မနောဒွါရ ဖြစ်ပါသည်။

http://www.dhammadownload.com



**ဒွါရဖြင့် စိတ်ကို ဝေဖန်ခြင်း**

၃၆။ တတ္ထ စက္ခုမေဝ စက္ခုဒွါရံ။

၃၇။ တထာ သောတာဒယော သောတဒွါရာဒီနိ။

၃၈။ မနောဒွါရံ ပန "ဘဝင်"န္တိ ပဝုစ္စတိ။

**စက္ခုဒွါရ၌ဖြစ်သောစိတ် ၄၆-ပါးပြ**

၃၉။ တတ္ထ ပဉ္စဒွါရာဝဇ္ဇန စက္ခုဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ကာမာဝစရ ဇဝန တဒါရမ္မဏဝသေန ဆစတ္တာလီသ စိတ္တာနိ စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ။

**သောတဒွါရ စသည်၌ဖြစ်သောစိတ်ပြ**

တထာ ပဉ္စဒွါရာဝဇ္ဇန သောတဝိညာဏာဒိဝသေန သောတဒွါရာဒီသုပိ ဆစတ္တာလီသေဝ ဘဝန္တီတိ သဗ္ဗထာပိ ပဉ္စဒွါရေ စတုပညာသ စိတ္တာနိ ကာမာဝစရာနေဝ။

---

(ဓာပိုဒ်-၃၆) **စက္ခုဒွါရ၏ အရေးကိုယ်** ။ ။ စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်ပါသည်။

(ဓာပိုဒ်-၃၇) **သောတဒွါရ စသည်တို့၏အရေးကိုယ်** ။ ။ သောတပသာဒရုပ်သည် - သောတဒွါရမည်၏။ ဃာနပသာဒရုပ်သည် ဃာနဒွါရမည်၏။ ဇိဝှါပသာဒရုပ်သည် ဇိဝှါဒွါရမည်၏။ ကာယပသာဒရုပ်သည် ကာယဒွါရမည်၏။

(ဓာပိုဒ်-၃၈) **မနောဒွါရအရေးကိုယ်** ။ ။ ဘဝင်္ဂပစ္ဆေဒ ၁၉-ခုသည် မနောဒွါရမည်၏။

(ဓာပိုဒ်-၃၉) **စက္ခုဒွါရိကစိတ်** (စက္ခုဒွါရ၌ဖြစ်သောစိတ်) **များကား** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ စက္ခုဝိညာဉ် ၂-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ၁-ပါး၊ ကာမဇော ၂၉-ပါး၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၄၆-ပါးဖြစ်ပါသည်။

➢ **ကေန် စက္ခုဒွါရိကစိတ်** (စက္ခုဒွါရ၌သာ ဖြစ်သောစိတ်) **ကား** ။ ။ စက္ခုဝိညာဉ် ၂-ပါး ဖြစ်ပါသည်။ ➢ **အနေကန် စက္ခုဒွါရိကစိတ်ကား** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ၁-ပါး၊ ကာမဇော ၂၉-ပါး၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၄၄-ပါးဖြစ်ပါသည်။

➢ **သောတဒွါရိကစိတ်** (သောတဒွါရ၌ဖြစ်သောစိတ်) **များကား** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ သောတဝိညာဉ် ၂-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း) ၁-ပါး၊ ကာမဇော ၂၉-ပါး၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း-၄၆။

http://www.dhammadownload.com



**မနောဒွါရ၌ဖြစ်သောစိတ် ၆၇-ပါးပြ**

၄၀။ မနောဒွါရေ ပန မနောဒွါရာဝဇ္ဇန ပဉ္စပညာသ ဇဝန တဒါရမ္မဏာ ဝသေန သတ္တသဋ္ဌိ စိတ္တာနိ ဘဝန္တိ။

၄၁။ ဧကူနဝီသတိ ပဋိသန္ဓိ ဘဝင် စုတိဝသေန ဒွါရဝိမုတ္တာနိ။

➢ **ဃာနဒွါရိကစိတ်** (ဃာနဒွါရ၌ဖြစ်သောစိတ်) **များကား** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ ဃာနဝိညာဉ် ၂-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ၁-ပါး၊ ကာမဇော ၂၉-ပါး၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၄၆-ပါး။

➢ **ဇိဝှါဒွါရိကစိတ်** (ဇိဝှါဒွါရ၌ဖြစ်သောစိတ်) **များကား** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ ဇိဝှါဝိညာဉ် ၂-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ၁-ပါး၊ ကာမဇော ၂၉-ပါး၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၄၆-ပါး။

➢ **ကာယဒွါရိကစိတ်** (ကာယဒွါရ၌ဖြစ်သောစိတ်) **များကား** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ ကာယဝိညာဉ် ၂-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ၁-ပါး၊ ကာမဇော ၂၉-ပါး၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၄၆-ပါး။

➢ **ပဉ္စဒွါရာဝဇ္ဇန်းကစိတ် (ဝါ) ပဉ္စဒွါရ၌သာ ရနိုင်သောစိတ်**= ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စ ဝိညာဉ်-၁၀၊ သမ္ပဋိစ္ဆိုင်း ၂-ပါးတို့ဖြစ်ပါသည်။

(**စာပိုဒ်-၄၀**) **မနောဒွါရိကစိတ်** (**မနောဒွါရ၌ဖြစ်သောစိတ်**)**များကား** ။ ။ မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ ဇော ၅၅-ပါး၊ တဒါရုံ ၁၁-ပါး၊ ပေါင်း ၆၇-ပါးဖြစ်ပါသည်။

➢ **ကေန် မနောဒွါရိကစိတ်/မနောဒွါရ၌သာဖြစ်သောစိတ်/မနောဒွါရာဝဇ္ဇန်းက စိတ်ကား** ။ ။ အပ္ပနာဇော ၂၆-ပါး ဖြစ်ပါသည်။

➢ **အနေကန် မနောဒွါရိကစိတ်များကား** ။ ။ မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ကာမဇော ၂၉-ပါး၊တဒါရုံ ၁၁-ပါး၊ ပေါင်း ၄၁-ပါးဖြစ်ပါသည်။

➢ **ပဉ္စဒွါရ၌သာ ဖြစ်၍ မနောဒွါရ၌ မဖြစ်သောစိတ်** = ဒွေးပဉ္စဝိညာဉ် ၁၀-ပါး၊ မနောဓာတ် ၃-ပါး၊ ပေါင်း ၁၃-ပါးဖြစ်ပါသည်။

➢ **မနောဒွါရ၌သာ ဖြစ်၍ ပဉ္စဒွါရ၌ မဖြစ်သောစိတ်** = အပ္ပနာဇော ၂၆-ပါး။

➢ **ပဉ္စဒွါရ, မနောဒွါရ နှစ်မျိုးလုံး၌ဖြစ်သောစိတ်**= မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ သန္တီရဏ ၃-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ကာမဇော ၂၉-ပါး၊ ပေါင်း ၄၁-ပါးဖြစ်ပါသည်။

➢ **ပဉ္စဒွါရ, မနောဒွါရ နှစ်မျိုးလုံး၌ မဖြစ်သောစိတ်** = မဟဂ္ဂုတ်ဝိပါက် ၉-ပါး။

(**စာပိုဒ်-၄၁**) **ဒွါရဝိမုတ်စိတ်များ** ။ ။ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉-ပါး၊ ပေါင်း-၁၉။

http://www.dhammadownload.com



## ဆိုင်ရာစိတ်တို့ ဖြစ်နိုင်ရာ ဒွါရများ

၄၂။ တေသု ပန ပဉ္စဝိညာဏာနိစေဝ မဟဂ္ဂတလောကုတ္တရဇဝနာနိ စေတိ ဆတ္တိံသ ယထာရဟ မေကဒွါရိကစိတ္တာနိ နာမ။

၄၃။ မနောဓာတုတ္တိကံ ပန ပဉ္စဒွါရိကံ။

၄၄။ သုခသန္တီရဏ ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝနာနိ ဆဒွါရိကစိတ္တာနိ။

၄၅။ ဥပေက္ခာသဟဂတ သန္တီရဏ မဟာဝိပါကာနိ ဆဒွါရိကာနိစေဝ ဒွါရဝိမုတ္တာနိစ။

---

(စာပိုဒ်-၄၂) **ဧကဒွါရိကစိတ်** (တစ်ဒွါရ၌ဖြစ်သောစိတ်) /**ဆတ္တိံသတိ တထာ တီဏိ ဥ္စ ဆတ္တိံသတိ-အရကား** ။ ။ ဒွေးပဉ္စဝိညာဉ်-၁၀၊ မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ပါး၊ မဟဂ္ဂုတ်ကြိယာဇော ၉-ပါး၊လောကုတ္တရာဇော ၈-ပါး၊ပေါင်း ၃၆-ပါးဖြစ်ပါသည်။

➤ **ယထာရဟ မေကဒွါရိကစိတ္တာနိ နာမ-ဥ္စ ယထာရဟာဖြစ်ပုံ** ။ ။ ဒွေးပဉ္စဝိညာဉ် ၁၀-တို့တွင် စက္ခုဝိညာဉ်ဒွေးသည် စက္ခုဒွါရ၌ဖြစ်၏၊ သောတဝိညာဉ်ဒွေးသည် သောတဒွါရ၌ဖြစ်၏၊ ဃာနဝိညာဉ်ဒွေးသည် ဃာနဒွါရ၌ဖြစ်၏၊ ဇိဝှါဝိညာဉ်ဒွေးသည် ဇိဝှါဒွါရ၌ ဖြစ်၏၊ ကာယဝိညာဉ်ဒွေးသည် ကာယဒွါရ၌ဖြစ်၏၊ မဟဂ္ဂုတ် လောကုတ္တရာဇော ၂၆-ခုတို့သည် မနောဒွါရ၌ ဖြစ်ပါသည်။ (စာပိုဒ်-၃၉/၄၀)တို့ကိုကြည့်။

(စာပိုဒ်-၄၃) **ပဉ္စဒွါရိကစိတ်** (၅-ဒွါရ၌ဖြစ်သောစိတ်) /**ဆတ္တိံသတိ တထာ တီဏိ-ဥ္စ တီဏိ-အရ** ။ ။ မနောဓာတ် ၃-ပါးဖြစ်ပါသည်။

(စာပိုဒ်-၄၄) **ဆဒွါရိကစိတ်** (၆-ဒွါရ၌ဖြစ်သောစိတ်) / **ဧကတ္တိံသ ယထာက္ကမံ-ဥ္စ ဧကတ္တိံသ-အရ** ။ ။ သုခသန္တီရဏ ၁-ပါး၊ ဝုဋ္ဌော ၁-ပါး၊ ကာမဇော ၂၉-ပါး၊ပေါင်း ၃၁-ပါး ဖြစ်ပါသည်။

(စာပိုဒ်-၄၅) **ဆဒွါရိကဒွါရဝိမုတ္တစိတ်** (ရံခါ ၆-ဒွါရ၌ဖြစ်၍ ရံခါ ၆-ဒွါရမှလွတ်သောစိတ် **အနေကန်ဒွါရဝိမုတ္တစိတ်**/ **ဒသဓာ နဝဓာစေတိ-ဥ္စ ဒသဓာ-အရ** ။ ။ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၁၀-ပါး။

➤ **ယင်းစိတ် ၁၀-ပါးတို့ ဆဒွါရိက-ဒွါရဝိမုတ္တဖြစ်ပုံ** ။ ။ ဥပေက္ခာသဟဂုတ် သန္တီရဏ ၂-ပါးသည် သန္တီရဏကိစ္စ၊ တဒါရုံကိစ္စတပ်ခိုက် ထိုက်သည့်အားလျော်စွာ ဆဒွါရိက ဖြစ်၍ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်ခိုက် ဒွါရဝိမုတ္တ ဖြစ်ပါသည်။ မဟာဝိပါက်စိတ် ၈-ပါးသည် တဒါရုံကိစ္စတပ်ခိုက် ဆဒွါရိကဖြစ်၍ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်ခိုက် ဒွါရဝိမုတ္တ ဖြစ်ပါသည်။

http://www.dhammadownload.com



၄၆။ မဟဂ္ဂတဝိပါကာနိ ဒွါရဝိမုတ္တာနေဝါတိ။

**ဒွါရ၌ဖြစ်သောစိတ်ပြ သင်္ဂဟဂါထာများ**

၄၇။ ဧကဒွါရိကစိတ္တာနိ၊ ပဉ္စ ဆဒွါရိကာနိစ။
ဆ ဒွါရိကဝိမုတ္တာနိ၊ ဝိမုတ္တာနိစ သဗ္ဗထာ။
ဆတ္တိံသတိ တထာ တီဏိ၊ ဧကတ္တိံသ ယထာက္ကမံ။
ဒသဓာ နဝဓာ စေတိ၊ ပဉ္စဓာ ပရိဒီပယေ။

**အာရမ္မဏသင်္ဂဟ**

**(စိတ်, စေတသိက်တို့၏ ပျော်ပါးရာ) အာရုံ ၆-ပါး**

၄၈။ အာလမ္ဗဏသင်္ဂဟေ အာရမ္မဏာနိ နာမ ရူပါရမ္မဏံ, သဒ္ဒါရမ္မဏံ, ဂန္ဓာရမ္မဏံ, ရသာရမ္မဏံ, ဖောဋ္ဌဗ္ဗာရမ္မဏံ, ဓမ္မာရမ္မဏဉ္စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

---

(စာပိုဒ်-၄၆) **အချင်းချပ်သိမ်း ၆-ဒွါရမှလွတ်သောစိတ်/ကောန်ဒွါရဝိမုတ်စိတ်/ဒသဓာ နဝဓာ စေတိ-၌ နဝဓာ-အရ** ။ ။ မဟဂ္ဂုတ်ဝိပါက် ၉-ပါး ဖြစ်ပါသည်။

(စာပိုဒ်-၄၇) **ဆဒွါရိကဝိမုတ္တာနိ-၌ ဝိမုတ္တဖြစ်သော စိတ်ကား** ။ ။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၁၀-ပါးဖြစ်ပါသည်။ (စာပိုဒ်-၄၅-ကိုထောက်)

➤ **ဝိမုတ္တာနိစ သဗ္ဗထာ-၌ ဝိမုတ္တဖြစ်သောစိတ်ကား** = မဟဂ္ဂုတ်ဝိပါက် ၉-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၄၆-ကိုထောက်)

➤ **ပဉ္စဓာ ပရိဒီပယေ-၌ ပဉ္စဓာ [ယထာက္ကမံ] အရ တွဲစပ်ပုံ**= ဧကဒွါရိကစိတ်နှင့် ဆတ္တိံသတိ၊ ပဉ္စဒွါရိကစိတ်နှင့် တီဏိ၊ ဆဒွါရိကစိတ်နှင့် ဧကတ္တိံသ၊ ဆဒွါရိကဝိမုတ္တစိတ်နှင့် ဒသဓာ၊ ဒွါရဝိမုတ်စိတ်နှင့် နဝဓာ တို့ဖြစ်ပါသည်။

➤ **မနောဒွါရ၌သာဖြစ်သော စေတသိက်**= ဝိရတီ-၃၊အပ္ပမညာ-၂ပါး။

➤ **၆-ဒွါရ၌ဖြစ်သော စေတသိက်**= ဝိရတီ, အပ္ပမညာကြဉ် ကျန် ၄၇-ပါး။

➤ **ဒွါရဝိမုတ် စေတသိက်**= မဟဂ္ဂုတ်ဝိပါက် ၉-ပါး၌ယှဉ်ခိုက် အညသမာန်း-၁၃၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂-ပါး ဖြစ်ပါသည်။

(စာပိုဒ်-၄၈) **အာရုံ ၆-ပါးကား** ။ ။ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-တို့ဖြစ်ပါသည်။

http://www.dhammadownload.com


**အာရုံပြင့် စိတ်ကို ဝေဖန်ခြင်း**

၄၉။ တတ္ထ ရူပမေဝ ရူပါရမ္မဏံ၊ တထာ သဒ္ဒါဒယော သဒ္ဒါရမ္မဏာဒီနိ။

**ဓမ္မာရုံ ၆-မျိုးနှင့် တရားကိုယ်**

၅၀။ ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိဝသေန ဆဓာ သင်္ဂယှတိ။

**စက္ခုဒွါရိကစိတ်စသည်တို့၏ အာရုံ**

၅၁။ တတ္ထ စက္ခုဒွါရိကစိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ၊ တထာ သောတဒွါရိကစိတ္တာဒီနမ္ပိ သဒ္ဒါဒီနိ၊ တာနိ စ ပစ္စုပ္ပန္နာနိယေဝ။

**မနောဒွါရိကစိတ်တို့၏ အာရုံပြ**

၅၂။ မနောဒွါရိကစိတ္တာနံ ပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္နံ မတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟ မာရမ္မဏံ ဟောတိ။

---

(စာပိုဒ်-၄၉) **အာရုံ ၆-ပါးနှင့်တရားကိုယ်များ** ။ ။ ဝဏ္ဏာယတန(အဆင်း)သည် ရူပါရုံ မည်၏။ သဒ္ဒါယတန(အသံ)သည် သဒ္ဒါရုံမည်၏။ ဂန္ဓာယတန(အနံ့)သည် ဂန္ဓာရုံ မည်၏။ ရသာယတန(အရသာ)သည် ရသာရုံမည်၏။ ဖောဋ္ဌဗ္ဗာယတန(အတွေ့ အထိ)သည် ဖောဋ္ဌဗ္ဗာရုံ မည်၏။ ဓမ္မာယတန(ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်)သည် ဓမ္မာရုံ မည်၏။

(စာပိုဒ်-၅၀) **ဓမ္မာရုံ အမျိုးအစား ၆-ပါးကား/ဆဓာ သင်္ဂယှတိ-၌ ဆဓာ သရုပ်** ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့ဖြစ်ပါသည်။

(စာပိုဒ်-၅၁) **ပဉ္စဒွါရိကစိတ်တို့၏ အာရုံ** ။ ။ စက္ခုဒွါရိကစိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုပါသည်။ သောတဒွါရိကစိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုပါသည်။ ဃာနဒွါရိကစိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုပါသည်။ ဇိဝှါဒွါရိကစိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုပါသည်။ ကာယဒွါရိကစိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

(စာပိုဒ်-၅၂) **မနောဒွါရိကစိတ်တို့၏ အာရုံ** ။ ။ မနောဒွါရိကစိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုပါသည်။

http://www.dhammadownload.com


**ဒွါရဝိမုတ်စိတ်တို့၏ အာရုံ/ဝီထိမုတ်စိတ်တို့၏ အာရုံပြ**

၅၃။ ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင် စုတိသင်္ခါတာနံ ဆဗ္ဗိဓမ္ပိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ဝါ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။

**ကေန် အစနကန် အာရုံပြုသောစိတ်များ**

၅၄။ တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိ ဧကေကာရမ္မဏာနေဝ။

၅၅။ မနောဓာတုတ္တိကံ ပန ရူပါဒိ ပဉ္စာရမ္မဏံ။

---

**(စာပိုဒ်–၅၃) ဒွါရဝိမုတ်စိတ်တို့၏ အာရုံ** ။ ။ ပဋိသန္ဓေ, ဘဝင်, စုတိ-ဟုဆိုအပ်သော ဒွါရဝိမုတ်စိတ် ၁၉-ခုတို့သည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီးစ အတိတ်ဘဝ၌ ဆဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို ဖြစ်သင့်သည်အားလျော်စွာ အာရုံပြုကြပါသည်။

**မေး** ။ ။ လူ့ခန္ဓာအိမ် ကံခါးခြောက်ပေါက်မှ လွတ်မြောက်သွားသော ဥပေက္ခာသဟဂုတ် သန္တိရဏစိတ် ၂-ခုတို့၏ လုပ်ဆောင်နိုင်သော "ကိစ္စ"များနှင့် လိုက်စားနိုင်သော "အာရုံ"များကို သင်္ဂဟကျမ်းအဆိုအတိုင်း ဖြေဆိုပါ။

**ဖြေ** ။ ။ ကိစ္စကား= ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ ဖြစ်ပါသည်။

အာရုံကား= များသောအားဖြင့် အတီတာနန္တရဘဝ၌ ဆဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို ထိုက်သင့်သလို အာရုံပြုပါသည်။

➤ **ယထာသမ္ဘဝံ–ပါဠ်ကို ထောက်ခံရေးသားသော ပါဠိကား=**
ဝီထိမုတ်စာပိုဒ်-၉၂ ဖြစ်ပါသည်။

**(စာပိုဒ်–၅၄) ဒွေးပဉ္စဝိညာဉ် ၁၀–တို့၏ အာရုံများ** ။ ။ စက္ခုဝိညာဉ်ဒွေးသည် ပစ္စုပ္ပန်ရူပါရုံကို ကေန်အာရုံပြုပါသည်။ သောတဝိညာဉ်ဒွေးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို ကေန် အာရုံပြုပါသည်။ ဃာနဝိညာဉ်ဒွေးသည် ပစ္စုပ္ပန်ဂန္ဓာရုံကို ကေန် အာရုံပြုပါသည်။ ဇိဝှါဝိညာဉ်ဒွေးသည် ပစ္စုပ္ပန် ရသာရုံကို ကေန်အာရုံပြုပါသည်။ ကာယဝိညာဉ်ဒွေးသည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို ကေန်အာရုံပြုပါသည်။

**(စာပိုဒ်–၅၅) မနောဓာတ် ၃–ခုတို့၏ အာရုံ** ။ ။ မနောဓာတ် ၃-ခုတို့သည် ပစ္စုပ္ပန် ပဉ္စာရုံ [ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ] ကို ကေန်အာရုံပြုပါသည်။

http://www.dhammadownload.com



၅၆။ သေသာနိ ကာမာဝစရ ဝိပါကာနိ ဟသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ။

၅၇။ အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိစေတိ လောကုတ္တရဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ။

၅၈။ ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ။

---

(စာပိုဒ်–၅၆) **သေသာနိ ကာမာဝစရဝိပါကာနိ–၌ သေသအပါခါန်ကား** ။ ။ ဒွေးပဉ္စဝိညာဉ်-၁၀၊ သမ္ပဋိစ္ဆိုင်းဒွေး၊ ပေါင်း ၁၂-ပါးဖြစ်ပါသည်။

➤ **သေသ–အရကား** ။ ။ သန္တီရဏ ၃-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၁၁ ပါးဖြစ်ပါသည်။

➤ **ကာမာဝစရတရားကို အာရုံပြုသောစိတ်** ။ ။ သန္တီရဏ ၃-ပါး၊မဟာဝိပါက်စိတ် ၈-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါးတို့သည် ကာမတရားကို အာရုံပြုပါသည်။

➤ **ကာမာဝစရာရမ္မဏာနေဝ–၌ ကာမာဝစရ–အရ** ။ ။ ကာမစိတ် ၅၄-ပါး၊ စေတ သိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ဖြစ်ပါသည်။

(စာပိုဒ်–၅၇) **လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသောစိတ်** ။ ။ အကုသိုလ်စိတ် ၁၂-ပါး၊ ဉာဏဝိပ္ပယုတ် ကာမာဝစရဇော ၈-ပါး၊ ပေါင်း ၂၀-သည် လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုပါသည်။

➤ **လောကုတ္တရဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ–၌ သဗ္ဗာရမ္မဏ–အရ/အာရုံတရား** ။ ။ လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ ပညတ်တို့ဖြစ်ပါသည်။

➤ **လောကုတ္တရဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ–၌ အာရမ္မဏိကတရားကား**

အကုသိုလ်စိတ် ၁၂-ပါး၊ ဉာဏဝိပ္ပယုတ် ကာမာဝစရဇော ၈-ပါး၊ ပေါင်း ၂၀။

(စာပိုဒ်–၅၈) **အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကိုအာရုံပြုသောစိတ်များ**

ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄-ပါး၊ ပဉ္စမဈာန်ကုသိုလ်အဘိညာဉ် ၁-ပါး၊ ပေါင်း ၅-ပါးသည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံသော အာရုံကို အာရုံပြုပါသည်။

➤ **အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ–၌ သဗ္ဗာရမ္မဏ–အရ/အာရုံတရား**

အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် စိတ် ၈၇-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန် ပညတ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



၅၉။ ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာနိ စေဝ ကိရိယာဘိညာ ဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

၆၀။ အာရုပ္ပေသု ဒုတိယ စတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

၆၁။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

၆၂။ လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနီတိ။

---

➢ **အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ-၌ အာရမ္မဏိကတရား** ။ ။ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄-ပါး၊ ပဉ္စမစျာန်ကုသိုလ်အဘိညာဉ် ၁-ပါး၊ ပေါင်း ၅-ပါး ဖြစ်ပါသည်။

**(စာပိုဒ်-၅၉) အလုံးစုံကို အာရုံပြုသောစိတ်များကား** ။ ။ ဉာဏသမ္ပယုတ် ကာမာဝစရ ကိရိယာဇော ၄-ပါး၊ ကိရိယာအဘိညာဉ် ၁-ပါး၊ ဝုဋ္ဌော ၁-ပါး၊ ပေါင်း ၆-ပါးသည် အလုံးစုံသော အာရုံကို အာရုံပြုပါသည်။

➢ **သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ-၌ သဗ္ဗာရမ္မဏ-အရ /အာရုံတရား** ။ ။ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် ပညတ်တို့ဖြစ်ပါသည်။

➢ **သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ-၌ အာရမ္မဏိကတရား** ။ ။ ဉာဏသမ္ပယုတ် ကာမာဝစရ ကိရိယာဇော ၄-ပါး၊ ကိရိယာအဘိညာဉ် ၁-ပါး၊ ဝုဋ္ဌော ၁-ပါး၊ ပေါင်း ၆-ပါး ဖြစ်ပါသည်။

➢ **ဘုရားရှင်၌ အနာဂတ်ကို သိစွမ်းနိုင်သောဉာဏ် ရှိ/မရှိ** ။ ။ (စာပိုဒ်-၅၉) ကို ထောက်၍ ဘုရားရှင်၌ အနာဂတ်ကို သိစွမ်းနိုင်သောဉာဏ် ရှိပါသည်။

➢ **အဘိညာဉ်အမည်ရသောစိတ်ကား** ။ ။ ရူပါဝစရ ကုသိုလ်, ကြိယာ ပဉ္စမစျာန် စိတ် ဖြစ်ပါသည်။

**(စာပိုဒ်-၆၀) မဟဂ္ဂုတ်ကိုသာ ကေန်အာရုံပြုသောစိတ်များ** ။ ။ ဒုတိယာရုပ္ပဖြစ်သော ဝိညာဏဉ္စာယတနစိတ် ၃-ပါး၊ စတုတ္ထာရုပ္ပဖြစ်သော နေဝသညာနာသညာယတန စိတ် ၃-ပါး၊ ပေါင်း ၆-ပါးဖြစ်ပါသည်။[ဒုတိယာရုပ္ပဖြစ်သော ဝိညာဏဉ္စာယတန စိတ် ၃-ပါးတို့သည် အာကာသာနဉ္စာယတနကုသိုလ်, ကြိယာဟူသော မဟဂ္ဂုတ် တရားကို ကေန်အာရုံပြုကြပါသည်။စတုတ္ထာရုပ္ပဖြစ်သော နေဝသညာ နာသညာ ယတနစိတ် ၃-ပါးတို့သည် အာကိဉ္စညာယတနကုသိုလ်, ကြိယာဟူသော မဟဂ္ဂုတ် တရားကို ကေန်အာရုံပြုကြပါသည်။]

➢ **မဟဂ္ဂတာရမ္မဏာနိ-ဝယ် မဟဂ္ဂတာရမ္မဏတရားတို့ကို ဖော်ညွှန်းသော သင်္ဂဟ စုဏ္ဏိယပါဠိကား** ။ ။ ကမ္မဋ္ဌာန်းစာပိုဒ်-၃၇/၃၉-ပါဠိများကို ရေးလေ။

http://www.dhammadownload.com



**ကောန်အာရုံပြုသောစိတ် သင်္ဂဟဂါထာ**

၆၃။ ပဥ္စဝီသ ပရိတ္တမှိ၊ ဆ စိတ္တာနိ မဟဂ္ဂတေ။
ဧကဝီသတိ ဝေါဟာရေ၊ အဋ္ဌ နိဗ္ဗာနဂေါစရေ။

**အနေကာန်အာရုံပြုသောစိတ် သင်္ဂဟဂါထာ**

ဝီသာနုတ္တရမုတ္တမှိ၊ အဂ္ဂမဂ္ဂဖလုဇ္ဈိတေ။
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ၊ သတ္တဓာ တတ္ထ သင်္ဂဟော။

---

**(စာပိုဒ်-၆၁) ပညတ်ကိုသာ ကောန်အာရုံပြုသော စိတ်များ ။ ။** ရူပါဝစရစိတ် ၁၅-ပါး၊ အာကာသာနဉ္စာယတနစိတ် ၃-ပါး၊ အာကိဉ္စညာယတနစိတ် ၃-ပါး၊ပေါင်း ၂၁ ပါးဖြစ်ပါသည်။

➤ **သေသာနိ မဟဂ္ဂတစိတ္တာနိ-၌ သေသအပါဝါန်ကား ။ ။** ဝိညာဏဉ္စာယတနစိတ် ၃-ပါး၊ နေဝသညာ နာသညာယတနစိတ် ၃-ပါး၊ ပေါင်း ၆-ပါးဖြစ်ပါသည်။

➤ **သေသ-အရကား ။ ။** ရူပါဝစရစိတ် ၁၅-ပါး၊အာကာသာနဉ္စာယတနစိတ် ၃ ပါး၊ အာကိဉ္စညာယတနစိတ် ၃-ပါး၊ပေါင်း ၂၁-ပါးဖြစ်ပါသည်။

➤ **သေသာနိ မဟဂ္ဂတစိတ္တာနိ-၌ မဟဂ္ဂတစိတ္တ-အရ ရူပပထမဈာန်ကို ယူစွဲသော် ပညတ္တာရမ္မဏာနိ-အရ ဖြစ်သင့်သောတရား ။ ။** ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အာနာပါနဿတိ၊ ကာယဂတာသတိ၊ မေတ္တာ, ကရုဏာ, မုဒိတာအားဖြင့် ၂၅-ပါး ဖြစ်ပါသည်။ (ကမ္မဋ္ဌာန်း စာပိုဒ်-၂၁/၂၂/၂၃-တို့ကိုထောက်)

➤ **သေသာနိ မဟဂ္ဂတစိတ္တာနိ-၌ မဟဂ္ဂတစိတ္တ-အရ ရူပပဉ္စမဈာန်ကို ယူစွဲသော် ပညတ္တာရမ္မဏာနိ-အရ ဖြစ်သင့်သောတရား ။ ။** ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနဿတိ၊ ဥပေက္ခာ ဗြဟ္မဝိဟာရတို့ဖြစ်ပါသည်။ (ကမ္မဋ္ဌာန်းစာပိုဒ်-၂၁/၂၄-ထောက်)

➤ **သေသာနိ မဟဂ္ဂတစိတ္တာနိ-၌ မဟဂ္ဂတစိတ္တ-အရ ရူပဒုတိယ/တတိယ/စတုတ္ထဈာန်ကို ယူစွဲသော် ပညတ္တာရမ္မဏာနိ-အရ ဖြစ်သင့်သောတရား ။ ။** ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ၊ မေတ္တာ, ကရုဏာ, မုဒိတာအားဖြင့် ၁၄-ပါးဖြစ်ပါသည်။ (ကမ္မဋ္ဌာန်းစာပိုဒ်-၂၁/၂၃-တို့ကိုထောက်)

***(စာပိုဒ်-၆၂)*** **နိဗ္ဗာန်ကိုသာ ကောန်အာရုံပြုသောစိတ် ။ ။** လောကုတ္တရာစိတ် ၈-ပါး ဖြစ်ပါသည်။

***(စာပိုဒ်-၆၃)*** **ကောန်အာရုံပြုပုံ စုဏ္ဏိယပါဠိများ ။ ။** (စာပိုဒ်-၅၄/၅၅/၅၆/၆၀/ ၆၁/၆၂) တို့ဖြစ်သည်။

➤ **အနေကာန်အာရုံပြုပုံ စုဏ္ဏိယပါဠိများ ။ ။**(စာပိုဒ်-၅၇/၅၈/၅၉)တို့ဖြစ်သည်။

http://www.dhammadownload.com



➢ **ပဥ္စဝိသ ပရိတ္တာမှိ–၌ ပဥ္စဝိသ–အရ** ။ ။ ဒွေးပဥ္စဝိညာဉ်-၁၀၊ မနောဓာတ် ၃-ပါး၊ သန္တီရဏ ၃-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ပေါင်း ၂၅-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၅၄/၅၅/၅၆-တို့ကိုထောက်)

➢ **ပရိတ္တ–အရ= ပရိတ္တ အမည်ရသောတရားများ** ။ ။ ကာမစိတ် ၅၄-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါးတို့ ဖြစ်ပါသည်။

➢ **ဆ စိတ္တာနိ မဟဂ္ဂတေ–၌ ဆ–အရ** ။ ။ ဝိညာဏဉ္စာယတနစိတ် ၃-ပါး၊ နေဝသညာ နာသညာယတနစိတ် ၃-ပါး၊ပေါင်း ၆-ပါးဖြစ်ပါသည်။(စာပိုဒ်-၆၀)ကိုထောက်

➢ **ဆ စိတ္တာနိ မဟဂ္ဂတေ–၌ မဟဂ္ဂတေ–အရ** ။ ။ အာကာသာနဉ္စာယတနကုသိုလ်, ကြိယာစိတ် ၂-ပါး၊ အာကိဉ္စညာယတနကုသိုလ်, ကြိယာစိတ် ၂-ပါး။ (ကမ္မဋ္ဌာန်းစာပိုဒ်-၃၇/၃၉-တို့ကိုထောက်)

➢ **ကေစိသတိ ဝေါဟာရေ–၌ ကေစိသတိ–အရ** ။ ။ ရူပစိတ် ၁၅-ပါး၊အာကာသာနဉ္စာယတနစိတ် ၃-ပါး၊ အာကိဉ္စညာယတနစိတ် ၃-ပါး+၂၁။(စာပိုဒ်-၆၁-ထောက်)

➢ **ကေစိသတိ ဝေါဟာရေ–၌ ဝေါဟာရ–အရ** (ပညတ်အာရုံများ) ။ ။ ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ်၊အာနာပါနပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ၏ အာရုံဖြစ်သော သတ္တဝါပညတ် ၄-ပါး၊ ကောင်းကင်ပညတ်၊ နတ္ထိဘောပညတ်တို့ ဖြစ်ပါသည်။ (ကမ္မဋ္ဌာန်းစာပိုဒ်-၂၁/၂၂/၂၃/၂၄/၂၅-တို့ကိုထောက်)

➢ **အဋ္ဌ နိဗ္ဗာန ဂေါစရေ–၌ အဋ္ဌ–အရ** ။ ။ လောကုတ္တရာစိတ် ၈-ပါးဖြစ်ပါသည်။ (စာပိုဒ်-၆၂-ကိုထောက်)

➢ **ဝီသာနုတ္တရမုတ္တာမှိ–၌ ဝီသ–အရ** ။ ။ အကုသိုလ်စိတ် ၁၂-ပါး၊ ဉာဏဝိပ္ပယုတ် ကာမာဝစရဇော ၈-ပါး၊ ပေါင်း ၂၀-ဖြစ်ပါသည်။(စာပိုဒ်-၅၇-ကိုထောက်)

➢ **ဝီသာနုတ္တရမုတ္တာမှိ–၌ အနုတ္တရမုတ္တာ–အရ** ။ ။ လောကီစိတ် ၈၁-ပါး၊စေတသိက် ၅၂-ပါး၊ရုပ် ၂၈-ပါး၊ ပညတ်တို့ဖြစ်ပါသည်။

➢ **အဂ္ဂမဂ္ဂဖလုဇ္ဈိတေ–အရ** ။ ။ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် စိတ် ၈၇-ပါး စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်, ပညတ်တို့ဖြစ်ပါသည်။

➢ **ပဉ္စ သဗ္ဗတ္ထ ဆဗ္ဗေတိ–၌ ပဉ္စ–အရ** ။ ။ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၈-ပါး၊ ပဉ္စမစျာန် အဘိညာဉ်ကုသိုလ် ၁-ပါး၊ ပေါင်း ၅-ပါး။(စာပိုဒ်-၅၈-ထောက်)

➢ **သဗ္ဗတ္ထ–အရ** ။ ။ အကျဉ်းအားဖြင့် ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်၊ အကျယ်အားဖြင့် စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်, ပညတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ဆဓနွတိ-၌ ဆ-အရ ။ ။** ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာဇော ၄-ပါး၊ ကြိယာအဘိညာဉ် ၁-ပါး၊ဝုဋ္ဌောစိတ် ၁-ပါး၊ပေါင်း ၆-ပါး။(စာပိုဒ်-၅၉-ကိုထောက်)

➤ **သတ္တာစာ တဗ္ဗ သင်္ဂဟော-၌ သတ္တစာ-အရ** (ပိဏ္ဍာတ္တ ၇-ပါး) ကား

(၁) ကာမကို ကေန်အာရုံပြုသော စိတ်၊ (၂) မဟဂ္ဂုတ်ကို ကေန်အာရုံပြုသော စိတ် (၃) ပညတ်ကို ကေန်အာရုံပြုသောစိတ် (၄) နိဗ္ဗာန်ကို ကေန်အာရုံပြုသောစိတ် (၅) အနုတ္တရမုတ္တမှိတရားကို အာရုံပြုသောစိတ် (၆) အဂ္ဂမဂ္ဂဖလုဗ္ဗိတေတရားကို အာရုံပြုသောစိတ် (၇) သဗ္ဗတ္တတရားကို အာရုံပြုသောစိတ်တို့ဖြစ်ပါသည်။

| **အာရမ္မဏိက** | **အာရုံ** | |
|---|---|---|
| ၅၄။ စက္ခုဝိညာဉ်ဒွေး | ပစ္စုပ္ပန်ရူပါရုံ | (ကာမ အာရုံ) |
| သောတဝိညာဉ်ဒွေး | ပစ္စုပ္ပန်သဒ္ဒါရုံ | (ကာမ အာရုံ) |
| ဃာနဝိညာဉ်ဒွေး | ပစ္စုပ္ပန်ဂန္ဓာရုံ | (ကာမ အာရုံ) |
| ဇိဝှါဝိညာဉ်ဒွေး | ပစ္စုပ္ပန်ရသာရုံ | (ကာမ အာရုံ) |
| ကာယဝိညာဉ်ဒွေး | ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ | (ကာမ အာရုံ) |
| ၅၅။ မနောဓာတ်-၃ | ပစ္စုပ္ပန်ပဉ္စာရုံ | (ကာမ အာရုံ) |
| ၅၆။ သန္တီ-၃၊မဟာဝိ-၈၊ဟသိ-၁ | (ကာမစိတ်-၅၄၊စေ-၅၂၊ရုပ်-၂၈-ဟုဆိုအပ်သော) ကာမအာရုံ | |
| ၅၇။ အကု-၁၂၊မဟာကုဝိပ်ဇော-၄၊မဟာကြိဝိပ်ဇော-၄ | (ကီ-၈၁၊စေ-၅၂၊ရုပ်-၂၈၊ပညတ်ဟုဆိုအပ်သော) လောကုတ္တရာကြဉ် အလုံးစုံသောအာရုံ | |
| ၅၈။ မဟာကုသမ်-၄၊ကုသိုလ်အဘိညာဉ်-၁ | (အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် စိတ်-၈၇၊ စေ-၅၂၊ ရုပ်-၂၈၊နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော) အရဟတ္တမဂ်,အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ | |
| ၅၉။ မဟာကြိသမ်-၄၊ကြိယာအဘိညာဉ်-၁၊ဝုဋ္ဌော-၁ | (စိတ်-၈၉၊စေ-၅၂၊ရုပ်-၂၈၊နိဗ္ဗာန်, ပညတ်ဟုဆို-အပ်သော) အလုံးစုံအာရုံ | |
| ၆၀။ ဝိညာ-၃၊နေဝ-၃ | မဟဂ္ဂုတ်အာရုံ | |
| ၆၁။ ရူပ-၁၅၊အာကာ-၃၊အာကိ-၃ | ပညတ်အာရုံ | |
| ၆၂။ လောကုတ္တရာစိတ်-၈ | နိဗ္ဗာန်အာရုံ | |

[အမှာ] **နိဗ္ဗာန်၏ ကေန်အာရမ္မဏိကတရား** (ဝါ) နိဗ္ဗာန်ကိုသာ အာရုံပြုသောစိတ်ဟု မေးလျှင်- စာပိုဒ်-၆၂-ကိုကြည့်၍ "လောကုတ္တရာစိတ်(၈)ပါး"ဟု ဖြေပါ။ နိဗ္ဗာန်၏ အနေကန် အာရမ္မဏိကတရား-ဟု မေးလျှင် နိဗ္ဗာန်အာရုံပါဝင်သော စာပိုဒ်-၅၈၊၅၉-တို့ကိုကြည့်၍ "မဟာကုသမ်-၄၊ကုဘိ-၁၊မဟာကြိသမ်-၄၊ကြိဘိ-၁၊ဝုဋ္ဌော-၁၊ပေါင်း ၁၁-

http://www.dhammadownload.com


ပါး”ဟု ဖြေပါ။

**အာရုံ–၄ မျိုး။** ။ ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, နိဗ္ဗာန်အာရုံ, ပညတ်အာရုံ-ဟု အာရုံ ၄-မျိုးခွဲထားပါ။ ထိုတွင်တစ်မျိုးတည်းကိုသာ အာရုံပြုပါက "ကေန်" နှစ်မျိုး သုံးမျိုး-စသည် အာရုံပြုပါက “အနေကန်”ဟု မှတ်သားထားပါ။

**ကာမတရားကိုသာ ကေန်အာရုံပြုသောစိတ်=** ဒွေးပဥ္စဝိညာဉ်-၁၀၊မနောဓာတ်-၃၊ တဒါရုံ-၁၁၊ဟသိတုပ္ပါဒ်-၁၊ပေါင်း ၂၅-ပါး။ (စာပိုဒ်-၅၄၊၅၅၊၅၆-တို့ကိုထောက်)

* **ကာမ–အနေကန်=** အကုသိုလ်-၁၂၊မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊မနော ဒွါရာဝဇ္ဇန်း-၁၊အဘိညာဉ်ဒွေး၊ ပေါင်း ၃၁-ပါး။ (စာပိုဒ်-၅၇၊၅၈၊၅၉-တို့ကိုထောက်)

[အမှာ] **“ကာမ–ကို အာရုံပြုသောစိတ်”**ဟု သာမန်မေးပါက အထက်ပါ ၂-ပိုဒ်ကို ပေါင်း၍ ၅၆-ပါးဟု ဖြေပါ။

* **မဟဂ္ဂုတ်–ကေန်** ။ ။ ဝိညာဏဉ္စာယတန-၃၊နေဝသညာနာသညာ-၃+၆။

* **မဟဂ္ဂုတ်–အနေကန်** ။။ အကုသိုလ်-၁၂၊မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊ မနောဒွါရာဝဇ္ဇန်း-၁၊အဘိညာဉ်ဒွေး၊ ပေါင်း ၃၁-ပါး။ (စာပိုဒ်-၅၇၊၅၈၊၅၉-ထောက်)

* **နိဗ္ဗာန်–ကေန်** ။ ။လောကုတ္တရာစိတ် ၈-ပါး။ (စာပိုဒ်-၆၂-ကိုထောက်)

* **နိဗ္ဗာန်–အနေကန်** ။ ။ မဟာကုသိုလ် ဉာဏသမ္ပယုတ်-၄၊မဟာကြိယာ ဉာဏ သမ္ပယုတ်-၄၊မနောဒွါရာဝဇ္ဇန်း-၁၊အဘိညာဉ်ဒွေး+၁၁။ (စာပိုဒ်-၅၈၊၅၉-တို့ကိုထောက်)

* **ပညတ်–ကေန်** ။ ။ ရူပါဝစရစိတ်-၁၅၊အာကာသာနဉ္စာ-၃၊အာကိဉ္စညာ-၃+၂၁။

* **ပညတ်–အနေကန်** ။ အကုသိုလ်-၁၂၊မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊ မနော ဒွါရာဝဇ္ဇန်း-၁၊အဘိညာဉ်ဒွေး၊ ပေါင်း ၃၁-ပါး။ (စာပိုဒ်-၅၇၊၅၈၊၅၉-တို့ကိုထောက်)

* **ပစ္စုပ္ပန်–ကေန်** ။ ။ ဒွေးပဥ္စဝိညာဉ်-၁၀၊မနောဓာတ်-၃+၁၃။ (စာပိုဒ်-၅၄၊၅၅)

* **ပစ္စုပ္ပန်, အတီတ်, အနာဂတ်–အနေကန်** ။ ။ တဒါရုံ-၁၁၊ဟသိတုပ္ပါဒ်-၁၊ အကုသိုလ်-၁၂၊မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊ မနောဒွါရာဝဇ္ဇန်း-၁၊အဘိညာဉ်ဒွေး။။

* **အတီတ်–ကေန်** ။ ။ ဝိညာဏဉ္စာယတန-၃၊နေဝသညာနာသညာ-၃+၆။

* **ကာလဝိမုတ်–ကေန်** ။ ။ရူပါဝစရစိတ်-၁၅၊အာကာသာနဉ္စာ-၃၊အာကိဉ္စညာ ယတနစိတ်-၃၊လောကုတ္တရာစိတ်-၈၊ ပေါင်း ၂၉-ပါး။(စာပိုဒ်- ၆၁/၆၂)ကိုထောက်။

* **ကာလဝိမုတ်–အနေကန်** ။ ။ အကုသိုလ်-၁၂၊မဟာကုသိုလ်-၈၊မဟာ ကြိယာ-၈၊ မနောဒွါရာဝဇ္ဇန်း-၁၊အဘိညာဉ်ဒွေး၊ ပေါင်း ၃၁-ပါး။ (စာပိုဒ်-၅၇၊၅၈၊၅၉)

* **အဇ္ဈတ္တ–ကေန်** ။ ။ ဝိညာဏဉ္စာယတန-၃၊နေဝသညာနာသညာ-၃+၆။

* **အဇ္ဈတ္တ/ဗဟိဒ္ဓ–အနေကန်** ။ ။ အကုသိုလ်-၁၂၊ဒွေးပဥ္စ-၁၀၊မနောဓာတ်-၃၊ တဒါရုံ-၁၁၊မနောဒွါ-၁၊ဟသိတုပ္ပါဒ်-၁၊မဟာကု-၈၊မဟာကြိ-၈၊အဘိညာဉ်ဒွေး+၅၆။

http://www.dhammadownload.com



* **ဗဟိဒ္ဓ–ကောန်** ॥ ॥ ရူပါဝစရစိတ်-၁၅၊အာကာသာနဉ္စာ-၃၊လောကုတ္တရာ-၈+၂၆။

* **ပရမတ်–ကောန်** ॥ ॥ ဒွေးပဉ္စ-၁၀၊မနောဓာတ်-၃၊တဒါရုံ-၁၁၊ဟသိတုပ္ပါဒ်-၁၊ဝိညာဏဉ္စာယတန-၃၊နေဝသညာနာသညာ-၃၊လောကုတ္တရာစိတ်-၈+၃၉။

* **ပရမတ်–အနေကာန်** ॥ ॥ အကုသိုလ်-၁၂၊မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊ မနောဒွါရာဝဇ္ဇန်း-၁၊အဘိညာဉ်ဒွေး၊ ပေါင်း ၃၁-ပါး။ (စာပိုဒ်-၅၇၊၅၈၊၅၉-ကိုထောက်)

* **ရှပ်–ကောန်** ॥ ॥ ဒွေးပဉ္စဝိညာဉ်-၁၀၊မနောဓာတ်-၃+၁၃။(စာပိုဒ်-၅၄/၅၅)

* **ရှပ်–အနေကာန်** ॥ ॥ အကုသိုလ်-၁၂၊တဒါရုံ-၁၁၊မနောဒွါရာ-၁၊ဟသိတုပ္ပါဒ်-၁၊ မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊အဘိညာဉ်ဒွေး၊ ပေါင်း ၄၃-ပါး။(၅၆/၅၇/၈/၉)

* **နာမ်–ကောန်** ॥ ॥ ဝိညာဏဉ္စာယတနစိတ် ၃-ပါး၊နေဝသညာ နာသညာယတန စိတ် ၃-ပါး၊လောကုတ္တရာစိတ် ၈-ပါး။ (စာပိုဒ်- ၆၀/၆၂) ကိုထောက်။

* **နာမ်–အနေကာန်** ॥ အကုသိုလ်-၁၂၊တဒါရုံ-၁၁၊မနောဒွါရာ-၁၊ဟသိတုပ္ပါဒ်-၁၊ မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊အဘိညာဉ်ဒွေး၊ ပေါင်း ၄၃-ပါး။(၅၆/၇/၈/၉)

➢ **ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုသောစိတ်** = အကုသိုလ်စိတ် ၁၂-ပါး၊ စက္ခုဝိညာဉ်ဒွေး၊ တဒါရုံ ၁၁-ပါး၊ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊မနောဒွါရာဝဇ္ဇန်း ၁-ပါး၊မနောဓာတ်-၃-ပါး၊မဟာကုသိုလ် ၈-ပါး၊မဟာကြိယာ ၈-ပါး၊အဘိညာဉ်ဒွေး၊ ပေါင်း ၄၈-ပါး။

* **ပစ္စုပ္ပန် ရူပါရုံ–ကောန်** ॥ ॥ စက္ခုဝိညာဉ်ဒွေး ဖြစ်ပါသည်။

* **ပစ္စုပ္ပန် ရူပါရုံ–အနေကာန်** ॥ ॥ အကုသိုလ်-၁၂၊တဒါရုံ-၁၁၊ဟသိတုပ္ပါဒ်-၁၊ မနောဒွါရာ-၁၊မနောဓာတ်-၃၊မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊အဘိညာဉ်ဒွေး+၄၆။

[အမှာ] ပစ္စုပ္ပန် သဒ္ဒါရုံဖြစ်က "သောတဝိညာဉ်ဒွေး-စသည် ပြောင်းလဲပေးပါ။

* **ပစ္စုပ္ပန် ပဉ္စာရုံ–ကောန်** ॥ ॥ ဒွေးပဉ္စဝိညာဉ်-၁၀၊မနောဓာတ်-၃+၁၃။

* **ပစ္စုပ္ပန် ပဉ္စာရုံ–အနေကာန်** ॥ ॥ အကုသိုလ်-၁၂၊တဒါရုံ-၁၁၊မနောဒွါရာ-၁၊ဟသိတုပ္ပါဒ်-၁၊ မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊အဘိညာဉ်ဒွေး၊ ပေါင်း ၄၃-ပါး။

* **ဓမ္မာရုံ–ကောန်** ॥ ॥ ရူပါဝစရစိတ်-၁၅၊အရူပ-၁၂၊လောကုတ္တရာစိတ်-၈+၃၅။

* **ဓမ္မာရုံ–အနေကာန်** ॥ အကုသိုလ်-၁၂၊တဒါရုံ-၁၁၊မနောဒွါရာ-၁၊ဟသိတုပ္ပါဒ်-၁၊ မဟာကုသိုလ်-၈၊မဟာကြိယာ-၈၊အဘိညာဉ်ဒွေး၊ ပေါင်း ၄၃-ပါးဖြစ်ပါသည်။

* **အကုသိုလ်စေတသိက် ၁၄–ပါးသည်**= လောကုတ္တရာကြဉ် အလုံးစုံကိုအာရုံပြုသည်။

* **အပ္ပမညာ စေတသိက် ၂–ပါးသည်**= သတ္တဝါပညတ်၊ဗဟိဒ္ဓ၊ကာလဝိမုတ်၊ ဓမ္မာရုံကိုသာ အာရုံပြုပါသည်။ (ပဉ္စာရုံကို အာရုံ မပြုပါ)

* **ပညာ သာ စေတသိက်သည်**= လောကုတ္တရာကြဉ် ဗဟိဒ္ဓကိုသာ အာရုံပြုသည်။ (အဇ္ဈတ္တကို အာရုံ မပြုနိုင်ပါ။)

http://www.dhammadownload.com



## ဝတ္ထုသင်္ဂဟ

**(စိတ်, စေတသိက်တို့၏မှီရာ) ဝတ္ထု ၆-ပါး**

၆၄။ ဝတ္ထုသင်္ဂဟေ ဝတ္ထူနိ နာမ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဟဒယဝတ္ထု စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

**ဝတ္ထုဖြင့် ဘုံကို ဝေဖန်ခြင်း**

၆၅။ တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။

၆၆။ ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။

၆၇။ အရူပလောကေ ပန သဗ္ဗာနိပိ န သံဝိဇ္ဇန္တိ။

---

* **လောကီဝိရတီ-သည်** = ဝိရမိတဗ္ဗဝတ္ထုဟု သမုတ်အပ်သည့် ပစ္စုပ္ပန်ဖြစ်သော ကာမစိတ်, စေတသိက်, ရုပ်, နာမ်တရားကိုသာ အာရုံပြုပါသည်။

* **လောကုတ္တရာဝိရတီ-သည်** = နိဗ္ဗာန် ကာလဝိမုတ် အပ္ပမာဏတရားကို အာရုံပြု၏။ * **ကြွင်း စေတသိက် ၃၃-ပါးသည်** = အလုံးစုံကို အာရုံပြုပါသည်။

➤ **ဝတ္ထုဖြင့် ဘုံကိုဝေဖန်ပုံ** (စာပိုဒ်-၆၅/၆၆/၆၇)

**(စာပိုဒ်-၆၅) ကာမဘုံ၌** ဝတ္ထုရုပ် ၆-ပါးလုံး ရနိုင်ပါသည်။

➤ **ကာမဘုံ၌သာ ရနိုင်သော ဝတ္ထု** = ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု။ (၆၆-ထောက်)

**(စာပိုဒ်-၆၆) ရူပဘုံ၌** ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု ၃-ပါးမရှိ၊ စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု ၃-ပါးသာ ရနိုင်ပါသည်။

**(စာပိုဒ်-၆၇) အရူပဘုံ၌** ဝတ္ထုရုပ် ၆-ပါးလုံး မရနိုင်ပါ။(ဝါ) မရှိပါ။

➤ **ဝိညာဏဉ္စာယတနဖြဟ္မာမင်း၏ သန္တာန်၌ နှလုံးသား ရှိ/မရှိ**

အရူပလောကေ ပန သဗ္ဗာနိပိ န သံဝိဇ္ဇန္တိ-ကိုထောက်၍ (အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး မရနိုင်သောကြောင့်) ဝိညာဏဉ္စာယတနဗြဟ္မာမင်း၏ သန္တာန်၌ နှလုံးသား မရှိပါ။

➤ **ကာမဘုံ၌ ရနိုင်သောစာတ်များကို အရေအတွက်နှင့်တကွ ယှဉ်တွဲပြပုံ**

**ကာမဘုံ၌**= စက္ခုဝိညာဏဓာတ်-စက္ခုဝိညာဉ်ဒွေး၊ သောတဝိညာဏဓာတ်=သောတဝိညာဉ်ဒွေး၊ ဃာနဝိညာဏဓာတ်=ဃာနဝိညာဉ်ဒွေး၊ ဇိဝှါဝိညာဏဓာတ်=ဇိဝှါဝိညာဉ်ဒွေး၊ **ကာယဝိညာဏဓာတ်**=ကာယဝိညာဉ်ဒွေး၊ **မနောဓာတ်**=ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေး။ **မနောဝိညာဏဓာတ်**=အကုသိုလ်စိတ် ၁၂-ပါး၊ သန္တီရဏ ၃-ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသောဘနစိတ် ၂၄-ပါး၊ အပ္ပနာဇော ၂၆-ပါး။

http://www.dhammadownload.com



ဝတ္ထုဖြင့် စိတ်ကို ဝေဖန်ခြင်း/ဝတ္ထုရုပ်ကို ကေန်မှီပုံပြ-၆၈/၆၉/၇၀

၆၈။ တတ္ထ ပဉ္စဝိညာဏဓာတုယော ယထာက္ကမံ ကေန္တေန ပဉ္စပသာဒ ဝတ္ထူနိ နိဿာယေဝ ပဝတ္တန္တိ။

### ဟဒယဝတ္ထုကို ကေန်မှီပုံပြ (၆၉/၇၀)

၆၉။ ပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆနသင်္ခါတာ ပန မနောဓာတု စ ဟဒယံ နိဿိတာယေဝ ပဝတ္တန္တိ။

၇၀။ အဝသေသာ ပန မနောဝိညာဏဓာတုသင်္ခါတာ စ သန္တီရဏ မဟာဝိပါက ပဋိဃဒွယ ပဌမမဂ္ဂ ဟသန ရူပါဝစရဝသေန ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။

---

(စာပိုဒ်-၆၈) **ယထာက္ကမံ-အရ ဝိညာဏဓာတ်နှင့် ဝတ္ထုရုပ်တို့ကို တွဲစပ်ပုံ**

စက္ခုဝိညာဏဓာတ်(စက္ခုဝိညာဉ်ခွေး)သည် စက္ခုဝတ္ထုကို ကေန်မှီပါသည်။သောတဝိညာဏဓာတ် (သောတဝိညာဉ်ခွေး) သည် သောတဝတ္ထုကို ကေန်မှီပါသည်။ဃာနဝိညာဏဓာတ်(ဃာနဝိညာဉ်ခွေး)သည် ဃာနဝတ္ထုကို ကေန်မှီပါသည်။ဇိဝှါဝိညာဏဓာတ် (ဇိဝှါဝိညာဉ်ခွေး) သည် ဇိဝှါဝတ္ထုကို ကေန်မှီပါသည်။ ကာယဝိညာဏဓာတ် (ကာယဝိညာဉ်ခွေး)သည် ကာယဝတ္ထုကို ကေန်မှီပါသည်။

(စာပိုဒ်-၆၉) **ဟဒယဝတ္ထုကို မှီသောစိတ်** ॥ ॥ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းခွေးဟု ဆိုအပ်သော မနောဓာတ်သည် ဟဒယဝတ္ထုကို ကေန်(အမြဲ) မှီပါသည်။

➢ **မနောဓာတ်အမည်ရသောစိတ်ကား** ॥ ॥ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ သမ္ပဋိစ္ဆိုင်း ၂ ပါး၊ ပေါင်း ၃-ပါးဖြစ်ပါသည်။ (စာပိုဒ်-၆၉)ကိုထောက်။

(စာပိုဒ်-၇၀) **အဝသေသာ ပန မနောဝိညာဏဓာတုသင်္ခါတာ-၌ အဝသေသအပါခါန်ကား** ॥ ॥ ခွေးပဉ္စဝိညာဉ်-၁၀၊ မနောဓာတ် ၃-ခုတို့ဖြစ်ပါသည်။

➢ **အဝသေသ-အရ/ဟဒယဝတ္ထုရုပ်ကို အမြဲတမ်းမှီ၍ဖြစ်သော မနောဝိညာဏဓာတ်** ॥ ॥ သန္တီရဏ ၃-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ဒေါသမူစိတ် ၂-ပါး၊ သောတာပတ္တိမဂ်စိတ် ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ ရူပစိတ် ၁၅-ပါး ပေါင်း ၃၀-ဖြစ်ပါသည်။

➢ **ဟဒယဝတ္ထုကို ကေန်(အမြဲ) မှီသောစိတ်များ** ॥ ॥ မနောဓာတ် ၃-ပါး၊သန္တီရဏ ၃-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ဒေါသမူစိတ် ၂-ပါး၊ သောတာပတ္တိမဂ်စိတ် ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ ရူပစိတ် ၁၅-ပါး၊ ပေါင်း ၃၃-ဖြစ်ပါသည်။(ပိုဒ်--၆၉/၇၀)

http://www.dhammadownload.com



**ဟဒယဝတ္ထုကို အစဉ်မှီ၍ဖြစ်ပုံပြ (၇၁)**

၇၁။ အဝသေသာ ကုသလာကုသလ ကိရိယာနုတ္တရဝသေန ပန
နိဿာယ ဝါ အနိဿာယ ဝါ။

၇၂။ အာရုပ္ပဝိပါကဝသေန ဟဒယံ အနိဿာယေဝါတိ။

**ဝတ္ထုရုပ်နှင့် အံ့ဆက်ပြ သင်္ဂဟဂါထာများ**

၇၃။ ဆဝတ္ထုံ နိဿိတာ ကာမေ၊ သတ္တ ရူပေ စတုဗ္ဗိဓာ။
တိ ဝတ္ထုံ နိဿိတာ ရူပေ၊ ဓာတွေကာ နိဿိတာ မတာ။

၇၄။ တေစတ္တာလီသ နိဿာယ၊ ဒွေစတ္တာလီသ ဇာယရေ။
နိဿာယ စ အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ။

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ပကိဏ္ဏကသင်္ဂဟ ဝိဘာဂေါနာမ
တတိယော ပရိစ္ဆေဒေါ။

---

(စာပိုဒ်-၇၁) **အဝသေသာ ကုသလာကုသလ-၌ အဝသေသ အပါဒါန်ကား**
လောကီကုသိုလ်ကိုထောက်လျှင် ရူပကုသိုလ် ၅-ပါး၊ အကုသိုလ်ကိုထောက်လျှင် ဒေါသမူစိတ် ၂-ပါး၊ ကြိယာကိုထောက်လျှင် ပဉ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ရူပကြိယာ ၅-ပါး၊ အနုတ္တရကိုထောက်လျှင် သောတာပတ္တိမဂ်ကို ယူရပါမည်။

➤ **အဝသေသ-အရ/သဝတ္ထုကာ ဝတ္ထုကစိတ်များ/ဒွေစတ္တာလီသ ဇာယရေ-၌ ဒွေစတ္တာလီသ-အရ/ ဟဒယဝတ္ထုကို အစဉ်မှီသောစိတ်များ/ရံခါမှီ-ရံခါ မမှီသောစိတ်များ/နိဿာယ-အနိဿာယ ၂-မျိုးရသော စိတ်များ /ဟဒယဝတ္ထုရုပ်ကို ရံခါမှီ၍ဖြစ်သော မနောဝိညာဏဓာတ်** ။ ။ လောဘမူစိတ် ၈-ပါး၊မောဟမူစိတ် ၂-ပါး၊မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အရူပကုသိုလ်စိတ် ၄-ပါး၊ အရူပကြိယာစိတ် ၄-ပါး၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ ပေါင်း ၄၂-ပါးဖြစ်ပါသည်။ (စာပိုဒ်-၇၁-ကိုထောက်)

(စာပိုဒ်-၇၂) **ဟဒယဝတ္ထုရုပ်ကို လုံးဝ မမှီသောစိတ်/ဧကန် အဝတ္ထုကစိတ်များ/ ဟဒယဝတ္ထုရုပ်ကို မမှီဘဲဖြစ်သော မနောဝိညာဏဓာတ်** ။ ။အရူပဝိပါက် ၄-ပါး ဖြစ်ပါသည်။

(စာပိုဒ်-၇၃) **ဆဝတ္ထုံ နိဿိတာ ကာမေ သတ္တ-၌ ဆဝတ္ထုံ-အရ** ။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု တို့ဖြစ်ပါသည်။

**သတ္တ-အရကား** ။ ။ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်။

http://www.dhammadownload.com



* **ရူပေ စတုဗ္ဗိဓာ တိဝတ္ထုံ-၌ စတုဗ္ဗိဓာ-အရကား** ။ ။ စက္ခုဝိညာဏစိတ်, သောတဝိညာဏစိတ်, မနောဓာတ်, မနောဝိညာဏစိတ်တို့ဖြစ်ပါသည်။

* **တိဝတ္ထုံ-အရကား** ။ ။ စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထုတို့ဖြစ်ပါသည်။

* **ဓာတွေကာ နိဿိတာ မတာ-၌ ဧကာ-အရ [ဓာတု-အရ] ကား** ။ ။ မနောဝိညာဏဓာတ် ဖြစ်ပါသည်။

**(ဓာပိုဒ်-၇၄) တေစတ္တာလီသ နိဿာယဉ္စ တေစတ္တာလီသ-အရ / ဧကန်သဝတ္ထုကစိတ်**

**ဝတ္ထုရုပ်ကို ဧကန်(အမြဲ)မှီသောစိတ်များကား** = ဒွေးပဉ္စဝိညာဉ်-၁၀၊မနောဓာတ် ၃-ပါး၊သန္တီရဏ ၃-ပါး၊မဟာဝိပါက်စိတ် ၈-ပါး၊ဒေါသမူစိတ် ၂-ပါး၊သောတာပတ္တိမဂ် ၁-ပါး၊ဟသိတုပ္ပါဒ် ၁-ပါး၊ရူပစိတ် ၁၅-ပါး၊ပေါင်း ၄၃-ပါး။(ပို့ဒ်-၆၈၊၆၉၊၇၀-ထောက်)

➢ **ရူပဘုံ, အရူပဘုံတို့၌ ရနိုင်သောစိတ်များကို အရကောက်နှင့်တကွ ယှဉ်တွဲပြပုံ**

**ရူပဘုံ၌** =စက္ခုဝိညာဏစိတ်-စက္ခုဝိညာဉ်ဒွေး၊ သောတဝိညာဏစိတ်= သောတဝိညာဉ်ဒွေး၊ မနောဓာတ်=ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေး။မနောဝိညာဏစိတ်= လောဘမူ ၈၊မောဟမူ-၂၊သန္တီရဏ ၃-ပါး၊ မနောဒွါရာဝဇ္ဇန်း၊ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်-၈၊ မဟာကြိယာ-၈၊အပ္ပနာဇော ၂၆-ပါး၊ ရူပဝိပါက် ၅-ပါး။* **အရူပဘုံ၌** = မနောဝိညာဏဓာတ်= လောဘမူ-၈၊ဒေါသမူ-၂ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ၈၊ မဟာကြိယာ-၈၊အရူပစိတ် ၁၂-ပါး၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး ဖြစ်ပါသည်။

* **ဟဒယဝတ္ထုကို အမြဲမှီသော စေတသိက်** ။ ။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး၊အပ္ပမညာ ၂-ပါးတို့ဖြစ်ပါသည်။

* **ဝတ္ထု ၆-ပါးလုံးကို ရံခါမှီသော စေတသိက်** ။ ။ သဗ္ဗစိတ္တသာဓာရဏစေ-၇။

* **ကာမဘုံ၌ဖြစ်စိုက် ဟဒယဝတ္ထုကိုမှီ၍ အရူပဘုံ၌ဖြစ်စိုက် မမှီသော စေတသိက်များကား** ။ ။ ပကိဏ်းစေတသိက် ၆-ပါး၊မောစတုက် ၄-ပါး၊လောဘ,ဒိဋ္ဌိ, မာန,ထိန,မိဒ္ဓ,ဝိစိကိစ္ဆာ၊အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃-ပါး၊+၃၉-ပါး။

## ➢ စိတ်(၈၉)ပါးကို ဝေဒနာ-စသည်ဖြင့် ဝေဖန်ပုံ

* **လောဘမူစိတ် ၈-ပါးသည်= ဝေဒနာအားဖြင့်**-သောမနဿဝေဒနာ,ဥပေက္ခာဝေဒနာ၊ **ဟိတ်အားဖြင့်**-ဒွိဟိတ်၊ **ကိစ္စအားဖြင့်** ဇောကိစ္စ၊ **ဒွါရအားဖြင့်** ၆-ဒွါရ၊ **အာရုံအားဖြင့်** လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ **ဝတ္ထုအားဖြင့်** ဟဒယဝတ္ထုကို ရံခါမှီ-ရံခါ မမှီပါ။

* **ဒေါသမူစိတ် ၂-ပါးသည်=** ဒေါမနဿဝေဒနာ၊ဒွိဟိတ်၊ဇောကိစ္စ၊၆-ဒွါရ၊လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ဟဒယဝတ္ထုကို အမြဲမှီပါသည်။

* **မောဟမူစိတ် ၂-ပါးသည်=** ဥပေက္ခာဝေဒနာ၊ဧကဟိတ်၊ဇောကိစ္စ၊၆-ဒွါရ၊လော

http://www.dhammadownload.com



ကုတ္တရာကြဉ် အလုံးစုံသောအာရုံဟာဒယဝတ္ထုကို ရံခါမှီ-ရံခါမမှီပါ။

* **စက္ခုဝိညာဉ်ခွေးသည်**= ဥပေက္ခာဝေဒနာ၊အဟိတ်၊ဒသယနကိစ္စ၊စက္ခုဒွါရ၊ပစ္စုပ္ပန်ရူပါရုံ၊စက္ခုဝတ္ထုကို မှီပါသည်။ * **သောတဝိညာဉ်ခွေးသည်** = ဥပေက္ခာ ဝေဒနာ၊ အဟိတ်၊ သဝနကိစ္စ၊ သောတဒွါရ၊ ပစ္စုပ္ပန်သဒ္ဒါရုံ၊ သောတဝတ္ထုဖြစ်ပါသည်။

**ဃာနဝိညာဉ်ခွေးသည်**= ဥပေက္ခာဝေဒနာ၊အဟိတ်၊ဃာယနကိစ္စ၊ဃာနဒွါရ၊ပစ္စုပ္ပန်ဂန္ဓာရုံ၊ ဃာနဝတ္ထု ဖြစ်ပါသည်။ * **ဇိဝှါဝိညာဉ်ခွေးသည်**= ဥပေက္ခာဝေဒနာ၊ အဟိတ်၊ သာယနကိစ္စ၊ ဇိဝှါဒွါရ၊ ပစ္စုပ္ပန် ရသာရုံ၊ ဇိဝှါဝတ္ထု ဖြစ်ပါသည်။

* **ကာယဝိညာဉ်ခွေးသည်**= သုခဝေဒနာ, ဒုက္ခဝေဒနာ၊အဟိတ်၊ဖုသနကိစ္စ၊ကာယဒွါရ၊ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ၊ကာယဝတ္ထု ဖြစ်ပါသည်။ **သမ္ပဋိစ္ဆိုင်းခွေးသည်**= ဥပေက္ခာဝေဒနာ၊ အဟိတ်၊ သမ္ပဋိစ္ဆိုင်းကိစ္စ၊ ၅-ဒွါရ၊ ပစ္စုပ္ပန် ပဉ္စာရုံ၊ ဟာဒယဝတ္ထုကိုအမြဲမှီပါသည်။

* **ဥပေက္ခာသန္တီရဏ ၂-ပါးသည်**= ဥပေက္ခာဝေဒနာ၊အဟိတ်၊ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ, သန္တီရဏကိစ္စ၊ ရံခါ ၆-ဒွါရ, ရံခါဒွါရဝိမုတ်၊ကာမအာရုံ၊ဟာဒယဝတ္ထု။

* **သောမနဿ သန္တီရဏသည်**= သောမနဿဝေဒနာ၊ အဟိတ်၊ သန္တီရဏကိစ္စ, တဒါရုံကိစ္စ၊ ၆-ဒွါရ၊ ကာမအာရုံ၊ [သန္တီရဏကိစ္စတပ်ခိုက် ပစ္စုပ္ပန်ပဉ္စာရုံ၊တဒါရုံကိစ္စတပ်ခိုက် ကာမအာရုံ] ဟာဒယဝတ္ထုကို အမြဲမှီပါသည်။

* **ပဉ္စဒွါရာဝဇ္ဇန်းသည်**= ဥပေက္ခာဝေဒနာ၊ အဟိတ်၊ အာဝဇ္ဇန်းကိစ္စ၊ ၅-ဒွါရ၊ ပစ္စုပ္ပန် ပဉ္စာရုံ၊ ဟာဒယဝတ္ထုကို အမြဲမှီပါသည်။

* **မနောဒွါရာဝဇ္ဇန်း[ဝုဋ္ဌော]သည်**= ဥပေက္ခာဝေဒနာ၊အဟိတ်၊ဝုဋ္ဌောကိစ္စ,အာဝဇ္ဇန်းကိစ္စ၊ ၆-ဒွါရ၊ အလုံးစုံအာရုံ၊ [ဝုဋ္ဌောကိစ္စတပ်ခိုက် ပစ္စုပ္ပန်ပဉ္စာရုံ၊အာဝဇ္ဇန်းကိစ္စတပ်ခိုက် အလုံးစုံအာရုံ] ဟာဒယဝတ္ထုကို ရံခါမှီ-ရံခါ မမှီပါ။

* **ဟသိတုပ္ပါဒ်စိတ်သည်**= သောမနဿဝေဒနာ၊ အဟိတ်၊ ဇောကိစ္စ၊ ၆-ဒွါရ၊ ကာမအာရုံ၊ ဟာဒယဝတ္ထုကို အမြဲမှီပါသည်။

* **မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါးသည်**= သောမနဿဝေဒနာ,ဥပေက္ခာဝေဒနာ၊တိဟိတ်၊ဇောကိစ္စ၊၆-ဒွါရ၊အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ၊ ဟာဒယဝတ္ထုကို ရံခါမှီ-ရံခါ မမှီပါ။ * **မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ပါးသည်**= သောမနဿဝေဒနာ,ဥပေက္ခာဝေဒနာ၊ဒွိဟိတ်၊ဇောကိစ္စ၊ ၆-ဒွါရ၊ လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ဟာဒယဝတ္ထုကို ရံခါမှီ - ရံခါ မမှီပါ။

ရံခါ မမှီပါ။

* **မဟာဝိပါက် ၈-ပါးသည်**= သောမနဿဝေဒနာ,ဥပေက္ခာဝေဒနာ၊ဟိတ်အားဖြင့် သမ္ပယုတ် ၄-ပါးသည် တိဟိတ်၊ ဝိပ္ပယုတ် ၄-ပါးသည် ဒွိဟိတ်၊ ပဋိသန္ဓေ,ဘဝင်,စုတိ,

http://www.dhammadownload.com



တဒါရုံကိစ္စ၊ ရုံခါ ၆-ဒွါရ, ရုံခါ ဒွါရဝိမုတ်၊ ကာမအာရုံ၊ ဟဒယဝတ္ထုကို အမြဲမှီပါသည်။

* **မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ပါးသည်**= သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊တိဟိတ်၊ဇောကိစ္စ၊၆-ဒွါရ၊အလုံးစုံအာရုံ၊ဟဒယဝတ္ထုကို ရံခါမှီ-ရံခါ မမှီပါ။

* **မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄-ပါးသည်**= သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊ဒွိဟိတ်၊ဇောကိစ္စ၊၆-ဒွါရ၊လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ဟဒယဝတ္ထုကို ရံခါမှီ ရံခါ မမှီပါ။* **ရူပကုသိုလ်-ရူပကြိယာ ၁၀-ပါးသည်**= သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊ တိဟိတ်၊ဇောကိစ္စ၊မနောဒွါရ၊ပညတ်အာရုံ၊ဟဒယဝတ္ထုကို အမြဲမှီပါသည်။

* **ရူပဝိပါက် ၅-ပါးသည်**= သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊တိဟိတ်၊ ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စ၊ဒွါရဝိမုတ်၊ ပညတ်အာရုံ၊ ဟဒယဝတ္ထုကို အမြဲမှီပါသည်။

➤ **အဘိညာဉ်ဇွေး၏ အာရုံ** ။ ။ ကုသိုလ် အဘိညာဉ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုပါသည်။ ကြိယာအဘိညာဉ်သည် အလုံးစုံကို အာရုံ ပြုပါသည်။ ➤ **ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ် အာရုံ** ။ ။ အဘိညာဉ်ကိစ္စ တပ်ခိုက် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုပါသည်။ အဘိညာဉ် ကိစ္စ မတပ်ခိုက် ပညတ်ကို အာရုံပြုပါသည်။ (စာပိုဒ်-၅၈/၆၁-တို့ကိုထောက်)

➤ **ရူပါဝစရ ကြိယာပဉ္စမဈာန်စိတ်၏ အာရုံ** ။ ။ အဘိညာဉ်ကိစ္စတပ်ခိုက် အလုံးစုံကို အာရုံပြုပါသည်။ အဘိညာဉ်ကိစ္စ မတပ်ခိုက် ပညတ်ကို အာရုံပြုပါသည်။ (စာပိုဒ် ၅၉/၆၀-တို့ကိုထောက်) * **အဘိညာဉ်ဇွေး [ရူပကုသိုလ် ပဉ္စမဈာန်-ရူပကြိယာ ပဉ္စမဈာန်]သည်** = ဥပေက္ခာ ဝေဒနာ၊တိဟိတ်၊ ဇောကိစ္စ၊ မနောဒွါရ၊ ကုသိုလ်အဘိညာဉ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ၊ ကြိယာအဘိညာဉ်သည် အလုံးစုံ အာရုံ၊ ဟဒယဝတ္ထုကို အမြဲမှီပါသည်။

* **အရူပကုသိုလ်, အရူပကြိယာ ၈-ပါးသည်**= ဥပေက္ခာဝေဒနာ၊တိဟိတ်၊ဇောကိစ္စ မနောဒွါရ၊ အာရုံအားဖြင့်-ဝိညာ-ကု ကြိ-၂၊နေဝ-ကု ကြိ ၂-ပါးသည် မဟဂ္ဂုတ်အာရုံ၊ အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ-၂၊အာကိဉ္စညာယတနကုသိုလ် ကြိယာ-၂ ပါးသည် ပညတ်အာရုံ၊ ဟဒယဝတ္ထုကို ရံခါမှီ ရံခါ မမှီပါ။

* **အရူပဝိပါက် ၄-ပါးသည်**= ဥပေက္ခာဝေဒနာ၊တိဟိတ်၊ ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စ၊ ဒွါရဝိမုတ်၊ အာရုံအားဖြင့် ဝိညာနှင့် နေဝ-သည် မဟဂ္ဂုတ်အာရုံ၊ အာကာနှင့် အာကိ-သည် ပညတ်အာရုံ၊ ဟဒယဝတ္ထုကို အမြဲမမှီပါ။

**လောကုတ္တရာစိတ် ၈-ပါးသည်**= သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊တိဟိတ်၊ ဇောကိစ္စ၊မနောဒွါရ၊နိဗ္ဗာန်အာရုံ၊ ဝတ္ထုအားဖြင့်- သောတာပတ္တိမဂ်သည် ဟဒယဝတ္ထုကို အမြဲမှီပါသည်။ ကျန် ၇-ပါးသည် ဟဒယဝတ္ထုကို ရံခါမှီ-ရံခါ မမှီပါ။

http://www.dhammadownload.com



## ၄–ဝီထိပိုင်း

### ပဒိုညာဥ်

၁။ စိတ္တုပ္ပါဒါနမိစ္စေဝံ၊ ကတွာ သင်္ဂဟ မုတ္တရံ။
ဘူမိ ပုဂ္ဂလဘေဒေန၊ ပုဗ္ဗာပရနိယာမိတံ။
ပဝတ္တိသင်္ဂဟံနာမ၊ ပဋိသန္ဓိ ပဝတ္တိယံ။
ပဝက္ခာမိ သမာသေန၊ ယထာသမ္ဘဝတော ကထံ?။

---

**(ဓာပိုဒ်–၁) ဝီထိမည်ပုံ** ။ ။ ဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏ဖြစ်ခြင်းသည် "ဝီထိ"မည်၏။ (သာဓကေ) ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော-ကိုထောက်။

* **စိတ္တုပ္ပါဒါနံ၌ ဥပ္ပါဒ–အရ** ။ ။ ဥပ္ပဇ္ဇတိ ဧတေန စိတ္တန္တိ ဥပ္ပါဒေါ-ဟု ဝစနတ္ထပြု၍ စေတသိက်ကို ယူရပါမည်။

* **စိတ္တုပ္ပါဒ–အရ** ။ ။ စိတ္တဉ္စ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါ-ဟု ဝစနတ္ထပြု၍ စေတသိက်ကို ယူရပါမည်။ [တနည်း] စိတ္တဥ္စ စိတ္တုပ္ပါဒေါစ စိတ္တုပ္ပါဒါ-ဟု ဝစနတ္ထပြု၍ နာမက္ခန္ဓာ ၄-ပါးကို ယူရပါမည်။

* **သင်္ဂဟ–အရ** ။ ။ ပကိဏ်းပိုင်းကို ယူရပါမည်။ (တနည်း) စိတ်,စေတသိက်, ပကိဏ်းတို့ကို ယူရပါမည်။

* **ဘူမိပုဂ္ဂလဘေဒေန–၌ ဘူမိ–အရ** ။ ။ ကာမ, ရူပ, အရူပ-ဟူသော ဌာနဘုံကို သာ ယူရပါမည်။ [အဝတ္ထာဘုံကို မယူရ] (သာဓကေ) အသီတိ ဝီထိစိတ္တာနိ၊ ကာမေရူပေ ယထာရဟံ။ စတုသဋ္ဌိ တထာရူပေ၊ ဒွေစတ္တာလီသ လဗ္ဘရေ။

* **ပုဂ္ဂလ–အရ** ။ ။ ပုဂ္ဂလဘေဒ၌ဆိုလတ္တံ့သော သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ၈-ယောက်တို့ကို ယူရပါမည်။

* **ပုဗ္ဗာပရနိယာမိတံ–၌ ပုဗ္ဗ–အရ** ။ ။ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ-ဟု ဝီထိအစဉ်ရှိရာ အာဝဇ္ဇန်းအစရှိသော ရှေးရှေးစိတ်များကို ယူရမည်။

* **အပရ–အရ** ။ ။ စက္ခုဝိညာဉ်-အစရှိသော နောက်နောက်သော ဝီထိစိတ်များ ကို ယူရပါမည်။

* **ပုဗ္ဗနိယာမိတဖြစ်ပုံ** ။ ။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဝေါကာရ ဘဝင်ပစ္ဆေဒ ၁၅-ပါးနောင် ဖြစ်၏ဟု ရှေ့စိတ်ကိုမှတ်သားခြင်းသည် "ပုဗ္ဗနိယာမိတ"ဖြစ်ပါသည်။

* **အပရနိယာမိတဖြစ်ပုံ** ။ ။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ အခြားမဲ့၌ ပဉ္စဝိညာဉ်စိတ်တို့ ဖြစ်ကုန်၏ဟု နောက်စိတ်ကို မှတ်သားခြင်းသည် "အပရနိယာမိတ" ဖြစ်ပါသည်။

http://www.dhammadownload.com



**ဆဆက္က မာတိကာ**

၂။ ဆဝတ္ထူနိ, ဆ ဒွါရာနိ, ဆ အာရမ္မဏာနိ, ဆ ဝိညာဏာနိ, ဆ ဝီထိယော, ဆဓာ ဝိသယပ္ပဝတ္တိ စေတိ ဝီထိသင်္ဂဟေ ဆ ဆက္ကာနိ ဝေဒိတဗ္ဗာနိ။

**အမှာစကား/ဝီထိမုတ္တ ဝိသယပ္ပဝတ္တိ ၃-ပါး**

၃။ ဝီထိမုတ္တာနံ ပန ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။

၄။ တတ္ထ ဝတ္ထု ဒွါရာရမ္မဏာနိ ပုဗ္ဗေ ဝုတ္တနယာနေဝ။

**ဝိညာဏ ဆက္က (ဝိညာဉ် ၆-ပါး/ဆ ဝိညာဏာနိ-၏ အကျယ်ပြ)**

၅။ စက္ခုဝိညာဏံ, သောတဝိညာဏံ, ဃာနဝိညာဏံ, ဇိဝှါဝိညာဏံ, ကာယဝိညာဏံ, မနောဝိညာဏဉ္စေတိ ဆ ဝိညာဏာနိ။

---

* **ပုဗ္ဗာပရနိယာမိတဖြစ်ပုံ** ။ ။ အာဝဇ္ဇန်းသည် ဘဝင်တို့မှနောက်၌ဖြစ်၏၊အာဝဇ္ဇန်း၏နောက်၌ ပဉ္စဝိညာဉ်-စသော စိတ်များဖြစ်ကြ၏ စသည်ဖြင့် ရှေ့စိတ် နောက်စိတ်တို့ဖြင့် မှတ်သားခြင်းသည် "ပုဗ္ဗာပရနိယာမိတ"ဖြစ်ပါသည်။

* **ပဝတ္တိသင်္ဂဟ-အရ** ။ ။ ဝီထိသင်္ဂဟ, ဝီထိမုတ္တသင်္ဂဟတို့ကို ယူရပါမည်။

[စာပိုဒ်-၂] **ဆ ဆက္က သရုပ်** ။ ။ ဝတ္ထုဆက္က, ဒွါရဆက္က, အာရမ္မဏဆက္က, ဝိညာဏဆက္က, ဝီထိဆက္က, ဝိသယပ္ပဝတ္တိဆက္က တို့ဖြစ်ပါသည်။

[စာပိုဒ်-၃] **ဝီထိမုတ္တ ဝိသယပ္ပဝတ္တိ ၃-ပါး** ။ ။ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်။

➤ **ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ ဝိသယပ္ပဝတ္တိကား** ။ ။ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တို့ဖြစ်ပါသည်။

➤ **ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန-၌ ကမ္မနိမိတ္တ-အရ** ။ ။ ကံပြုစဉ်က တွေ့ ကြုံရသော တုတ်, လှံကန်, ဓား, လှံ, လေး, မြား, ကျောင်း, ကံ, ဘုရား, စေတီ, ဆွမ်း သင်္ကန်း, ထီး, ဓါးခွန်, ပန်းမာလ်အစရှိသော ဥပလဒ္ဓပုဗ္ဗ ဥပကရဏဘူတ ကမ္မနိမိတ် ကို ယူရပါမည်။

(စာပိုဒ်-၅) **ဝိညာဏဆက္က (ဝိညာဉ် ၆-မျိုး) ကား/ဆ ဝိညာဏာနိ-၌ ဆ-သရုပ်**

စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်, မနောဝိညာဉ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**ဝီထိဆက္က (ဝီထိ ၆-မျိုး/ဆဝီထိယော-၏ အကျယ်ပြ)**

၆။ ဆ ဝီထိယော ပန စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရဝီထိ စေတိ ဒွါရဝသေန ဝါ၊ စက္ခုဝိညာဏဝီထိ, သောတဝိညာဏဝီထိ, ဃာနဝိညာဏဝီထိ, ဇိဝှါဝိညာဏဝီထိ, ကာယဝိညာဏဝီထိ, မနောဝိညာဏဝီထိ စေတိ ဝိညာဏဝသေန ဝါ ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော ယောဇေတဗ္ဗာ။

**(ဝီထိ) ဝိသယပ္ပဝတ္တိ ဆက္က (ဆဓာ ဝိသယပ္ပဝတ္တိ-၏အကျယ်ပြ)**

၇။ အတိမဟန္တံ, မဟန္တံ, ပရိတ္တံ, အတိပရိတ္တဉ္စေတိ ပဉ္စဒွါရေ၊ မနောဒွါရေ ပန ဝိဘူတမဝိဘူတဉ္စေတိ ဆဓာ ဝိသယပ္ပဝတ္တိ ဝေဒိတဗ္ဗာ။

---

(စာပိုဒ်-၆) **ဝီထိ ၆-မျိုး ကား** ။ ။ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရဝီထိ-ဟူ၍ ဒွါရ၏အစွမ်းအားဖြင့် ဝီထိ ၆-မျိုး။စက္ခုဝိညာဏဝီထိ, သောတဝိညာဏဝီထိ, ဃာနဝိညာဏဝီထိ, ဇိဝှါဝိညာဏဝီထိ, ကာယဝိညာဏဝီထိ, မနောဝိညာဏဝီထိဟူ၍ ဝိညာဏ်၏အစွမ်းအားဖြင့် ဝီထိ ၆-မျိုးဖြစ်ပါသည်။

[စာပိုဒ်-၇] **ဆဓာ ဝိသယပ္ပဝတ္တိ-၌ ဆဓာသရုပ် [ဝိသယပ္ပဝတ္တိ ၆-ပါး] ကား**

ပဉ္စဒွါရ၌ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ-ဟု ဝိသယပ္ပဝတ္တိ ၄-ပါး၊ မနောဒွါရ၌ ဝိဘူတာရုံ, အဝိဘူတာရုံ-ဟု ဝိသယပ္ပဝတ္တိ ၂-ပါးတို့ ဖြစ်ပါသည်။

➤ **ဝိသယပ္ပဝတ္တိ ၆-မျိုးတို့တွင် စာဓါရုံ မကျနိုင်သော ဝိသယပ္ပဝတ္တိကား**

ပဉ္စဒွါရ၌ မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ-နှင့် မနောဒွါရ၌ အဝိဘူတာရုံ တို့ဖြစ်ပါသည်။

➤ **ဝိသယပ္ပဝတ္တိသရုပ်** ။ ။ ပဉ္စဒွါရ၌ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ-ဟု ဝိသယပ္ပဝတ္တိ ၄-ပါး၊ မနောဒွါရ၌ ဝိဘူတာရုံ, အဝိဘူတာရုံ-ဟု ဝိသယပ္ပဝတ္တိ ၂-ပါး၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် ဝီထိမုတ္တ ဝိသယပ္ပဝတ္တိ ၃-ပါး တို့ဖြစ်ပါသည်။

**မေး** ။ ။ ပဉ္စဒွါရ, မနောဒွါရ, ဒွါရဝိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ အပြားကို ခွဲပြပါ။

**ဖြေ** ။ ။ **ပဉ္စဒွါရ ဝိသယပ္ပဝတ္တိ**= အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ၊
**မနောဒွါရ ဝိသယပ္ပဝတ္တိ**ကား= ဝိဘူတာရုံ, အဝိဘူတာရုံ တို့ဖြစ်ပါသည်။
**ဒွါရဝိမုတ် ဝိသယပ္ပဝတ္တိ**ကား= ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



## စိတ်သက်နှင့် ရုပ်သက်

၈။ ကထံ? ဥပ္ပါဒ ဋ္ဌိတိ ဘင်္ဂဝသေန ခဏတ္တယံ ဧကစိတ္တက္ခဏံ နာမ။

၉။ တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယု။

### ပဉ္စဒွါရဝီထိ/စက္ခုဒွါရ အတိမဟန္တာရုံဝီထိ

၁၀။ ဧကစိတ္တက္ခဏာတီတာနိ ဝါ ဗဟုစိတ္တက္ခဏာတီတာနိ ဝါ ဋ္ဌိတိပ္ပတ္တာနေဝ ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထ မာဂစ္ဆန္တိ၊ တသ္မာ ယဒိ ဧကစိတ္တက္ခဏာတီတကံ ရူပါရမ္မဏံ စက္ခုဿ အာပါထ မာဂစ္ဆတိ။

---

(စာပိုဒ်-၈) **စိတ်၏အသက်ကား ။ ။** ဥပါဒ်, ဋ္ဌီ, ဘင်-ဟု ခဏငယ် ၃-ချက် (စိတ္တက္ခဏ ၁-ချက်) အသက်ရှည်ပါသည်။

(စာပိုဒ်-၉) **ရုပ်၏အသက်ကား ။ ။** စိတ္တက္ခဏ ၁၇-ချက် အသက်ရှည်ပါသည်။

➤ **နာမ်တရား(စိတ်)နှင့်အတူ အသက်ရှည်သောရုပ် ။ ။** ဝိညတ်ဒွေး။

* **နာမ်တရားအောက် အသက်တိုသောရုပ် ။ ။** ဥပစယ, သန္တတိ, အနိစ္စတာ။

* **နာမ်တရားထက် အသက်ရှည်သောရုပ် ။ ။** ဝိညတ်ဒွေး၊ဥပစယ,သန္တတိ, အနိစ္စတာ-ကြဉ် ကျန် ၂၃-ပါးဖြစ်ပါသည်။

➤ **စိတ်တစ်ခုနှင့် ဖြစ်ပျက်တူ ရုပ်တရားများ** = ဝိညတ်ဒွေး ဖြစ်ပါသည်။

➤ **စိတ်တစ်ခုနှင့် ဖြစ်ပျက်တူ နာမ်တရားများ** = စေတသိက် ၅၂-ပါးဖြစ်ပါသည်

* **ရူပဓမ္မာနမာယူ-၌ ရူပဓမ္မ-အရ ။ ။** ဝိညတ်ဒွေး လက္ခဏရုပ် ၄-ပါးကြဉ် ကျန် ၂၂-ပါးဖြစ်ပါသည်။

* **ရူပဓမ္မာနမာယူ-၌ ရူပဓမ္မ-အရ မယူရသည့် ရုပ်တရား ။ ။** ဝိညတ်ဒွေး၊ လက္ခဏရုပ် ၄-ပါးဖြစ်ပါသည်။

* **စိတ်တစ်ခုနှင့် ဖြစ်-ပျက်တူ ရုပ်တရား ။ ။** ဝိညတ်ဒွေး ဖြစ်ပါသည်။

[စာပိုဒ်-၁၀] **ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထမာဂစ္ဆန္တိ-အရ အာရုံ ၅-ပါးတို့ ဒွါရ ၅-ပါး၌ ထင်လာပုံ ။ ။** ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာပါသည်။ သဒ္ဒါရုံသည် သောတဒွါရ၌ ထင်လာပါသည်။ ဂန္ဓာရုံသည် ဃာနဒွါရ၌ ထင်လာပါသည်။ ရသာရုံသည် ဇိဝှါဒွါရ၌ ထင်လာပါသည်။ ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရ၌ ထင်လာပါသည်။

➤ **ဗဟုစိတ္တက္ခဏာတီတာနိ-အရ ။ ။** (စာပိုဒ်-၁၄) အတိပရိတ္တာရုံဝီထိကို ထောက်၍ အတီတဘဝင် (၁၅) ကြိမ်ကို ယူရပါမည်။

http://www.dhammadownload.com



**ဘဝင်လှုပ်၍ ပထမဆုံး ဝီထိစိတ်ဖြစ်ပုံပြ**

တတော ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ ဘဝင်္ဂသောတံ ဝေါစ္ဆိန္ဒိတွာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇန စိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

တတော တဿာနန္တရံ တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ, သမ္ပဋိစ္ဆန္တံ သမ္ပဋိစ္ဆနစိတ္တံ, သန္တီရယမာနံ သန္တီရဏစိတ္တံ, ဝဝတ္ထာပေန္တံ ဝေါဋ္ဌပ္ပနစိတ္တဉ္စေတိ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။

**ဇော ၇-ကြိမ်ဖြစ်ပုံ**

တတော ပရံ ဧကူနတ္တိံသ ကာမာဝစရဇဝနေသု ယံကိဉ္စိ လဒ္ဓပစ္စယံ ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ။

**တဒါရုံ ၂-ကြိမ်ဖြစ်ပုံနှင့် ဘဝင်ကျပုံ**

ဇဝနာနုဗန္ဓာနိ စ ဒွေ တဒါရမ္မဏပါကာနိ ယထာရဟံ ပဝတ္တန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။

---

➤ **စက္ခုဒွါရိက အတိမဟန္တာရုံ ဝီထိဖြစ်ပုံ** ။ ။ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံ စက္ခုပသာဒတို့-၁၇-ချက် ရုပ်သက်စေ့ရကား ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် စက္ခုဒွါရိက အတိမဟန္တာရုံဝီထိမည်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

➤ **ပဉ္စဒွါရ စက္ခုဒွါရ အတိမဟန္တာရုံဝီထိ**

တီ န ဒ "ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ" ဘ

* **ဝီထိစိတ်သရုပ်** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း၊စက္ခုဝိညာဉ်-၂၊ သမ္ပဋိစ္ဆိုင်း-၂၊သန္တီရဏ-၃၊ဝုဋ္ဌော-၁၊ကာမဇော-၂၉၊မဟာဝိပါက် ၈-ပါး ပေါင်း ၄၆-ပါး ဖြစ်ပါသည်။

➤ **အတိမဟန္တာရုံ ဝီထိစိတ်သရုပ်** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဉ်-၁၀၊သမ္ပဋိစ္ဆိုင်း-၂၊သန္တီရဏ-၃၊ဝုဋ္ဌော-၁၊ကာမဇော-၂၉၊မဟာဝိပါက်-၈+၅၄-ပါး ဖြစ်ပါသည်။

**ဆောင်** ။ ။ အတိမဟန်, တစ်ချက်မှန်, မဟာန် နှစ်-သုံးသာ။

လေးက အစ, ကိုးတိုင်မျှ၊ လွန်က ပရိတ္တာ။

တစ်ဆယ်အာဒိ, ဆယ့်ငါးထိ, လွန်တိ ပရိတ္တာ။

http://www.dhammadownload.com



➤ **ဘဝင်္ဂစလနမည်ပုံ** ॥ ॥ ဘဝင်နှစ်ကြိမ်တိုင်တိုင် လှုပ်ခြင်းသည် "ဘဝင်္ဂစလန" မည်ပါသည်။ * **ဘဝင်္ဂုပစ္ဆေဒ မည်ပုံ** ॥ ॥ ဘဝင်အလျဉ်ကို ဖြတ်တောက်တတ်သောကြောင့် "ဘဝင်္ဂုပစ္ဆေဒ" မည်ပါသည်။

* **ဘဝင်္ဂုပစ္ဆေဒ အမည်ရသောစိတ်** ॥ ॥ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပါသည်။ [ဘဝင် သောတံ ဝေါစ္ဆိန္ဒိတွာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ ကို ထောက်ပါ။]

* **ပဉ္စဒွါရာဝဇ္ဇန်းစိတ် မည်ပုံ** ॥ ॥ ရူပါရုံကိုပင် ဆင်ခြင်သကဲ့သို့ဖြစ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ် မည်ပါသည်။ (ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ-ကိုထောက်)

* **စက္ခုဝိညာဉ်စိတ်မည်ပုံ** ॥ ॥ ရူပါရုံကိုပင် မြင်တတ်သောကြောင့် စက္ခုဝိညာဉ်စိတ် မည်ပါသည်။ (တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ-ကိုထောက်ပါ။)

➤ **မေးခွန်းလွှာကို ကြည့်ရှုနေသော စာဖြေအရှင်၏ မြင်သိစိတ်နောက် ဆက်လက်ဖြစ်ပေါ်လာသော စိတ်သုံးမျိုး၏ အစီပွါယ်** /သမ္ပဋိစ္ဆိုင်း+သန္တီရဏ+ဝုဋ္ဌော

* **သမ္ပဋိစ္ဆိုင်းစိတ် မည်ပုံ** ॥ ॥ ရူပါရုံကိုပင် ခံယူသကဲ့သို့ဖြစ်သောကြောင့် သမ္ပဋိစ္ဆိုင်းစိတ် မည်ပါသည်။ (သမ္ပဋိစ္ဆန္တံ သမ္ပဋိစ္ဆနစိတ္တံ-ကိုထောက်ပါ။)

* **သန္တီရဏစိတ်မည်ပုံ** ॥ ॥ ရူပါရုံကိုပင် စုံစမ်းသကဲ့သို့ ဖြစ်သောကြောင့် သန္တီရဏစိတ် မည်ပါသည်။ (သန္တီရယမာနံ သန္တီရဏစိတ္တံ-ကိုထောက်ပါ။)

* **ဝုဋ္ဌောစိတ် မည်ပုံ** ॥ ॥ ရူပါရုံကိုပင် ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သကဲ့သို့ ဖြစ်သောကြောင့် ဝုဋ္ဌောစိတ် မည်ပါသည်။ (ဝဝတ္ထပေန္တံ ဝေါဋ္ဌဗ္ဗနစိတ္တံ-ကိုထောက်ပါ။)

**မေး** ॥ ॥ ပဉ္စဒွါရဝီထိခန်း၌ "**တတော ပရံ ဧကူနတ္တိံသ ကာမာဝစရဇဝနေသု**"ဟု ဆိုထားရာ ယင်းတို့အနက် ပုထုဇဉ်တို့ရသင့်သော ကာမဇောတို့ကို ရွေးထုတ်ပြပါ။

**ဖြေ** ॥ ॥ (**ပုထုဇဉ်တို့ ရသင့်သောဇော**) အကုသိုလ်ဇော ၁၂-ပါး၊ မဟာကုသိုလ်ဇော ၈-ပါး ပေါင်း (၂၀) ဖြစ်ပါသည်။ [**သေက္ခ–အတွက်**] ဒိဋ္ဌိဂတဝိပ္ပယုတ်ဇော-၄၊ ဒေါသမူဇော-၂၊ ဥဒ္ဓစ္စသဟဂုတ်ဇော-၁၊ မဟာကုသိုလ်ဇော-၈၊ ပေါင်း (၁၅)ပါး။ [**အသေက္ခ–ရဟန္တာအတွက်**] ဟသိတုပ္ပါဒ်ဇော-၁၊ မဟာကြိယာဇော-၈+၉-ပါး။

**မေး** ॥ ॥ အလွန်ကောင်းမွန်သော စားသောက်ဖွယ်ရာများကို ဘုဉ်းပေးသုံးဆောင်ရာ၌ ဖြစ်ပေါ်လာသော စိတ်အစဉ်ကို ဝီထိပိုင်းအမြင်ဖြင့် ဖြေဆိုပါ။

**ဖြေ** ॥ ॥ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, ကုသလဝိပါက် ဇိဝှါဝိညာဉ်, ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, ကုသလဝိပါက် သောမနဿ သန္တီရဏ, ဝုဋ္ဌော, လောဘမူဇော (သို့မဟုတ်) မဟာကုသိုလ်ဇော (သို့မဟုတ်) မဟာကြိယာဇော ၇-ကြိမ်, ကုသလဝိပါက် တဒါရုံ ၂-ကြိမ်စိတ်များ ဖြစ်ပါသည်။

http://www.dhammadownload.com



**အတီတမဟန္တာရုံမည်ပုံ/အတီတမဟန္တာရုံဝီထိ နိဂမနပြပါဠိ**

၁၁။ ဧတ္တာဝတာ စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ, ဒွေ ဘဝင်္ဂစလနာနိ ပုဗ္ဗေဝါ တီတကမေက စိတ္တက္ခဏန္တိ ကတွာ သတ္တရသ စိတ္တက္ခဏာနိ ပရိပူရေန္တိ တတော ပရံ နိရုဇ္ဈတိ၊ အာရမ္မဏမေတံ အတိမဟန္တံ နာမ ဂေါစရံ။

---

(ဓာပိုဒ်-၁၁) **သတ္တရသ စိတ္တက္ခဏာနိ ပရိပူရေန္တိ-၌ သတ္တရသ-အရ/ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိလာ စိတ္တက္ခဏ ၁၇-ချက်ကား** ။ ။ အတီတဘဝင် ၁-ချက်၊ ဘဝင်္ဂစလန ၂-ချက်၊ ဝီထိစိတ် ၁၄-ချက်၊ ပေါင်း ၁၇-ချက်ဖြစ်ပါသည်။

➤ **ဧတ္တာဝတာ စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ-၌ စုဒ္ဒသ-အရ** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ကြိမ်၊စက္ခုဝိညာဉ်စသည် ၁-ကြိမ်၊သမ္ပဋိစ္ဆိုင်း ၁-ကြိမ်၊သန္တီရဏ ၁-ကြိမ်၊ဝုဋ္ဌော ၁-ကြိမ်၊ဇော ၇-ကြိမ်၊တဒါရုံ ၂-ကြိမ်တို့ဖြစ်ပါသည်။

---

**မေး** ။ ။ မစင်ကိုနှစ်သက်သော ခွေးတို့၏သန္တာန်၌ ဖြစ်နိုင်သည့် အသက်ကြွင်းအများဆုံး အာရုံရှိသော စိတ်အစဉ်ကို ဝီထိပိုင်းအမြင်ဖြင့် တိကျစွာ ထုတ်ပြပါ။

**ဖြေ** ။ ။ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, အကုသလဝိပါက် စက္ခုဝိညာဉ်, အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, အကုသလဝိပါက် သန္တီရဏ, ဝုဋ္ဌော, လောဘမူဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်စိတ်များ ဖြစ်ပါသည်။

**မေး** ။ ။ ရုပ်မြင်သံကြားကို ကြည့်ရှုသောပုဂ္ဂိုလ်၌ ဖြစ်ခွင့်ရှိသော (စက္ခုဒွါရိက)စိတ်တို့ကို ကောက်ပြပြီး ထိုစိတ်တို့၏ အာရုံကို သင်္ဂဟကျမ်းလာအတိုင်း ဖြေဆိုပါ။

**ဖြေ** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်ဒွေး, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ခု၊ဝုဋ္ဌော, ကာမဇော ၂၉-ခု၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ခု၊ပေါင်း ၄၆-ခု ဖြစ်ပါသည်။

➤ ထိုစက္ခုဒွါရိကစိတ်တို့သည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုပါသည်။

**မေး** ။ ။ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ကြည်ညိုသော ကမ္ဘာလှည့်ဗုဒ္ဓဘာသာ တစ်ဦး၏ စက္ခုဒွါရ၌ဖြစ်နိုင်သော စိတ်တို့ကို သရုပ်ထုတ် ရေတွက်ပြပါ။

**ဖြေ** ။ ။ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, ကုသလဝိပါက် စက္ခုဝိညာဉ်, ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, ကုသလဝိပါက် သောမနဿ သန္တီရဏ, ဝုဋ္ဌော, မဟာကုသိုလ်ဇော-၈၊ သောမနဿသန္တီရဏ-၁၊မဟာဝိပါက် သောမနဿ ၄-ပါးတို့ဖြစ်ပါသည်။

http://www.dhammadownload.com



**မဟန္တာရုံဝီထိမည်ပုံ**

၁၂။ ယာဝ တဒါရမ္မဏုပ္ပါဒါ ပန အပ္ပဟောန္တာ တီတက မာပါထ မာဂတံ အာရမ္မဏံ မဟန္တံ နာမ၊ တတ္ထ ဇဝနာဝသာနေ ဘဝင်္ဂ ပါတောဝ ဟောတိ၊ နတ္ထိ တဒါရမ္မဏုပ္ပါဒေါ။

---

(ဓာပိုဒ်–၁၂) **မဟန္တာရုံ ၂–ဝီထိကား** ။ ။ (၁) စိတ္တက္ခဏ ၂-ချက်လွန်ပြီးမှ ထင်လာ၍ သတ္တမဇောနောင် ပထမဘဝင်၏ ဘင်နှင့်ပြိုင်လျက် ချုပ်ခြင်းရှိသော မဟန္တာရုံ ဝီထိ၊ (၂) စိတ္တက္ခဏ ၃-ချက်လွန်ပြီးမှ ထင်လာ၍ သတ္တမဇော၏ ဘင်နှင့်ပြိုင် လျက် ချုပ်ခြင်းရှိသော မဟန္တာရုံဝီထိတို့ ဖြစ်ပါသည်။

➤ **မဟန္တာရုံ မည်ပုံ** ။ ။ တဒါရုံဖြစ်သည့်တိုင်အောင် မလောက်ဘဲ လွန်ခြင်း ရှိသော ထင်ခြင်းသို့ ရောက်လာသောအာရုံသည် မဟန္တာရုံ မည်ပါသည်။

➤ **စက္ခုဒွါရ မဟန္တာရုံ ၂–ဝီထိ ပုံစံ**

(ပထမ) ၂/ တီ တီ န ဒ "ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ- ဘ။

(ဒုတိယ) ၃/ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ။

* **စက္ခုဒွါရ မဟန္တာရုံဝီထိစိတ်သရုပ်** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း၊စက္ခုဝိညာဉ်-၂၊သမ္ပဋိစ္ဆိုင်း- ၂၊သန္တီရဏ-၃၊ဝုဋ္ဌော-၁၊ကာမဇော-၂၉၊ ပေါင်း ၃၈-ပါး ဖြစ်ပါသည်။

➤ **မဟန္တာရုံဝီထိစိတ်သရုပ်** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ဒွေးပဉ္စဝိညာဉ်-၁၀၊သမ္ပ ဋိစ္ဆိုင်း-၂-ပါး၊သန္တီရဏ ၃-ပါး၊ဝုဋ္ဌော-၁၊ကာမဇော-၂၉၊ ပေါင်း ၄၆-ပါး ဖြစ်ပါသည်။

➤ **ရူပရမဟန္တာပုဂ္ဂိုလ်၌ရနိုင်သော မဟန္တာရုံဝီထိစိတ်များ** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခု ဝိညာဉ်ဒွေး၊သောတဝိညာဉ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏ ၃-ခု၊ဝုဋ္ဌော၊ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကြိယာဇော ၈-ပါး၊ ပေါင်း (၂၀) ဖြစ်ပါသည်။

➤ **မဟန္တာရုံ ဝီထိအတွက် သင်္ဂဟဂါထာ**

ဝီထိစိတ္တာနိ ဆဋ္ဌေဝ၊ စိတ္တုပ္ပါဒါ တု ဒွါဒသ။

ဆစတ္တာလီသ ဝိတ္ထာရာ၊ မဟန္တေ ပဉ္စဒွါရကေ။

* **မဟန္တာရုံဝီထိ–၌ ဝီထိစိတ်တို့သည်=** [သာမညအားဖြင့်] ပဉ္စဒွါရာဝဇ္ဇန်း-၁၊ စက္ခုဝိညာဉ်စသည်-၁၊သမ္ပဋိစ္ဆိုင်း-၁၊သန္တီရဏ-၁၊ဝုဋ္ဌော-၁၊ဇော-၁ အားဖြင့် ၆-ပါး။

[**ဝိသေသအားဖြင့်**] ပဉ္စဒွါရာဝဇ္ဇန်း ၁-ကြိမ်၊စက္ခုဝိညာဉ်စသည် ၁-ကြိမ်၊သမ္ပဋိစ္ဆိုင်း ၁-ကြိမ်၊သန္တီရဏ ၁-ကြိမ်၊ဝုဋ္ဌော ၁-ကြိမ်၊ဇော ၇-ကြိမ်အားဖြင့် ၁၂-ကြိမ်ဖြစ်ပါသည်။

[**ဝိတ္ထာရအားဖြင့်**] ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ဒွေးပဉ္စဝိညာဉ်-၁၀၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော ၁-ပါး ကာမဇော ၂၉-ပါး၊ ပေါင်း ၄၆-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



## ပရိတ္တာရုံဝီထိ

၁၃။ ယာဝ ဇဝနုပ္ပါဒါပိ အပ္ပဟောန္တာတီတက မာပါထ.မာဂတံ အာရမ္မဏံ ပရိတ္တံ နာမ။ တတ္ထ ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ၊ တတော ပရံ ဘဝင်္ဂပါတောဝ ဟောတိ။

---

**[စာပိုဒ်-၁၃] ပရိတ္တာရုံ မည်ပုံ** ။ ။ ဇောဖြစ်သည့်တိုင်အောင် မလောက်ဘဲ လွန်ခြင်းရှိသော ထင်ခြင်းသို့ ရောက်လာသော အာရုံသည် "ပရိတ္တာရုံ" ဖြစ်ပါမည်။

➤ **ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော ၂-ကြိမ် ၃-ကြိမ် ဖြစ်ရခြင်းအကြောင်း** ။ ။ ပရိတ္တာရုံဝီထိ၌ ဇောမဖြစ်သောကြောင့် ဇောအစား ဝုဋ္ဌော ၂-ကြိမ် ၃-ကြိမ် ဖြစ်ရပါသည်။

(သာဓက) တတ္ထ ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။

➤ **စက္ခုဒွါရ ပရိတ္တာရုံ ၆-ဝီထိ**

၁။ ၄/တီ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဝု ဝု [၇]" ဘ ဘ ဘ ဘ-[၄]+ဘ

၂။ ၅/တီ တီ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဝု ဝု [၇]" ဘ ဘ ဘ-[၃]+ဘ

၃။ ၆/တီ တီ တီ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဝု ဝု [၇]" ဘ ဘ-[၂]+ဘ

၄။ ၇/တီ တီ တီ တီ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဝု ဝု [၇]" ဘ-[၁]+ဘ

၅။ ၈/တီ တီ တီ တီ တီ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဝု ဝု [၇]" ဘ

၆။ ၉/တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ "ပ စ သံ ဏ ဝု ဝု [၂]" ဘ

* **ဝီထိစိတ်သရုပ်** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း၊စက္ခုဝိညာဉ်-၂ သမ္ပဋိစ္ဆိုင်း-၂၊သန္တီရဏ-၃၊ဝုဋ္ဌော-၁၊ပေါင်း ၉-ပါး။ ➤ **ပရိတ္တာရုံ ဝီထိစိတ်သရုပ်** ။ ။ ပဉ္စဒွါရာဝဇ္ဇန်း၊ဒွေးပဉ္စဝိညာဉ်-၁၀၊သမ္ပဋိစ္ဆိုင်း-၂၊သန္တီရဏ-၃၊ဝုဋ္ဌော-၁၊ပေါင်း ၁၇-ပါး ဖြစ်ပါသည်။

**ပရိတ္တာရုံဝီထိအတွက် သင်္ဂဟဂါထာ** = ဝီထိစိတ္တာနိ ပဉ္စေဝ၊ စိတ္တုပ္ပါဒါ ဆ သတ္တ ဝါ။
သတ္တရသေဝ ဝိတ္ထာရာ၊ ပရိတ္တေ ပဉ္စဒွါရကေ။

* **ပရိတ္တာရုံဝီထိ၌ ဝီထိစိတ်တို့သည်**= [သာမညအားဖြင့်] ပဉ္စဒွါရာဝဇ္ဇန်း-၁၊ စက္ခုဝိညာဉ်စသည်-၁၊သမ္ပဋိစ္ဆိုင်း-၁၊သန္တီရဏ-၁၊ဝုဋ္ဌော-၁ အားဖြင့် ၅-ပါးဖြစ်ပါသည်။

**[ဝိသေသအားဖြင့်]** ပဉ္စဒွါရာဝဇ္ဇန်း ၁-ကြိမ်၊စက္ခုဝိညာဉ်စသည် ၁-ကြိမ်၊သမ္ပဋိစ္ဆိုင်း ၁-ကြိမ်၊သန္တီရဏ ၁-ကြိမ်၊ဝုဋ္ဌော ၂-ကြိမ် (သို့မဟုတ်) ဝုဋ္ဌော ၃-ကြိမ် *အားဖြင့်* ၆-ကြိမ် (သို့မဟုတ်) ၇-ကြိမ်ဖြစ်ပါသည်။

**[ဝိတ္ထာရအားဖြင့်]** ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ဒွေးပဉ္စဝိညာဉ်-၁၀၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော ၁-ပါး ပေါင်း ၁၇-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com


**အတိပရိတ္တာရုံဝီထိ**

၁၄။ ယာဝ ဝေါဋ္ဌဗ္ဗနုပ္ပါဒါ စ ပန အပ္ပဟောန္တာတီတက မာပါထ
မာဂတံ နိရောဓာသန္နမာရမ္မဏံ အတိပရိတ္တံ နာမ၊ တတ္ထ ဘဝင်္ဂ
စလနမေဝ ဟောတိ၊ နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ။

**သောတဒွါရ စသည်**

၁၅။ ယထာ စ စက္ခုဒွါရေ တထာ သောတဒွါရာဒီသု စေတိ သဗ္ဗထာပိ
ပဉ္စဒွါရေ တဒါရမ္မဏ ဇဝန ဝေါဋ္ဌဗ္ဗန မောဃဝါရသင်္ခါတာနံ
စတုန္နံ ဝါရာနံ ယထာက္ကမံ အာရမ္မဏဘူတာ ဝိသယပ္ပဝတ္တိ
စတုဓာ ဝေဒိတဗ္ဗာ။

---

[ဓာပိုဒ်–၁၄] **အတိပရိတ္တာရုံ မည်ပုံ** ။ ။ ဝုဋ္ဌောစိတ်ဖြစ်သည့်တိုင်အောင် မလောက်ဘဲ လွန်ခြင်းရှိသော ထင်ခြင်းသို့ရောက်သော ချုပ်ခါနီးဖြစ်သောအာရုံသည် "အတိပရိတ္တာရုံ" မည်ပါသည်။ (သင်္ဂဟ)

**➢ စက္ခုဒွါရ အတိပရိတ္တာရုံ ၆–ဝီထိ**

၁။ ၁၀/တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘ ဘ ၁+ဘ
၂။ ၁၁/တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘ ၄+ဘ
၃။ ၁၂/တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ၃+ဘ
၄။ ၁၃/တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ၂+ဘ
၅။ ၁၄/တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ၁+ဘ
၆။ ၁၅/တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န-ဘ

➢ **ဝီထိစိတ် မဖြစ်သော ဝီထိ** = အတိပရိတ္တာရုံဝီထိ ဖြစ်ပါသည်။

➢ **ဝီထိစိတ် မဖြစ်သောဘုံ** = အသညသတ်ဘုံ ဖြစ်ပါသည်။

➢ **အသညသတ်ဘုံသား သတ္တဝါ၏ ပဋိသန္ဓေ** = ဇီဝိတနဝကကလာပ်ရုပ်။ **သက်တမ်းကား**= မဟာကပ်ငါးရာ။ **အသညသတ်ဘုံသို့ ရောက်ကြောင်းကံကား**= သညာကင်းအောင် ပွားများသော ပဉ္စမဈာန်ကုသိုလ်ကံ ဖြစ်ပါသည်။

(ဓာပိုဒ်–၁၅) **စတုန္နံ ဝါရာနံ ယထာက္ကမံ အာရမ္မဏဘူတာ–အရ ဆိုင်ရာဝါရနှင့် အာရုံ တွဲဖက်ပုံ/ယထာက္ကမဖြစ်ပုံ /ပဉ္စဒွါရ၌ ဝါရ ၄–မျိုးကို ဝိသယ ၄–ရပ်နှင့် တွဲစပ်ပုံ** ။ ။ (၁) တဒါရမ္မဏဝါရနှင့် အတိမဟန္တာရုံ၊ (၂) ဇဝနဝါရနှင့် မဟန္တာရုံ၊ (၃) ဝေါဋ္ဌဗ္ဗနဝါရနှင့် ပရိတ္တာရုံ၊ (၄)မောဃဝါရနှင့်အတိပရိတ္တာရုံတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **စတုန္နံ ဝါရာနံ ယထာက္ကမံ–ဋ္ဌ စတုန္နံ ဝါရာနံ–အရ** ။ ။ (၁) တဒါရမ္မဏဝါရ (၂) ဇဝနဝါရ (၃) ဝေါဋ္ဌပ္ပနဝါရ (၄) မောဃဝါရတို့ ဖြစ်ပါသည်။

➤ **အာရမ္မဏာဘူတာ ဝိသယပ္ပဝတ္တိ စတုဓာ–အရ** ။ ။ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံတို့ ဖြစ်ပါသည်။

➤ **ပဉ္စဒွါရ ၇၅–ဝီထိကား**= စက္ခုဒွါရ၌ အတိမဟန္တာရုံ ၁-ဝီထိ၊ မဟန္တာရုံ ၂-ဝီထိ၊ ပရိတ္တာရုံ ၆-ဝီထိ၊ အတိပရိတ္တာရုံ ၆-ဝီထိအားဖြင့် ၁၅-ဝီထိ၊ ထို့အတူ သောတဒွါရ၌ ၁၅-ဝီထိ၊ ဃာနဒွါရ၌ ၁၅-ဝီထိ၊ ဇိဝှါဒွါရ၌ ၁၅-ဝီထိ၊ ကာယဒွါရ၌ ၁၅-ဝီထိ၊ +၇၅။

➤ **ဝတ္ထု ဒွါရ အာရုံ–စသည် ဝေဖန်ပုံ**

✱ **ဝတ္ထုအားဖြင့်**= ဤဝီထိတို့၌ စက္ခုဝိညာဉ်ဒွေးသည် စက္ခုဝတ္ထုကို မှီပါသည်။ ကျန်စိတ်များသည် ဟဒယဝတ္ထုကို မှီပါသည်။ ✱ **ဒွါရအားဖြင့်**= ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ် ၁၄-ပါးတို့သည် ဤဝီထိအခိုက်ဝယ် စက္ခုဒွါရ၌ဖြစ်ပါသည်။ ကျန်ဘဝင်စိတ်များသည် ဒွါရဝိမုတ် ဖြစ်ပါသည်။

✱ **အာရုံအားဖြင့်**= ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ် ၁၄-ပါးတို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။ ဘဝင်စိတ်များသည် ကံ ကမ္မနိမိတ် ဂတိနိမိတ် အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုပါသည်။

✱ **ဘုံအားဖြင့်**= စက္ခု, သောတ အတိမဟန္တာရုံ ၂-ဝီထိ၊ ဃာန, ဇိဝှါ, ကာယ-၄၅ ဝီထိ၊ ပေါင်း ၄၇-ဝီထိတို့သည် ကာမ ၁၁-ဘုံ၌သာ ဖြစ်ပါသည်။ကျန် ၂၈-ဝီထိသည် ပဉ္စဝေါကာရ ၂၆-ဘုံ၌ ဖြစ်ပါသည်။

✱ **ပုဂ္ဂိုလ်အားဖြင့်**= ပုထုဇဉ် ၄-ယောက်၊ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့၌ ဖြစ်၏။

✱ **ဘဝင်အားဖြင့်**= ကာမဘုံ၌ဖြစ်သော ဝီထိဖြစ်လျှင် ကာမဘဝင် [ဥပေက္ခာ သန္တီရဏ-၂ မဟာဝိပါက်-၈] ၁၀-ပါးကို ချရမည်။ ထိုတွင်-- ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်လျှင်- အကုသလဝိပါက် ဥပေက္ခာသန္တီရဏဘဝင်စိတ်ကို ချရမည်။ [ဝီထိမုတ် စာပိုဒ်-၁၆]

**သုဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်လျှင်**- ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဘဝင်စိတ်ကို ချရပါမည်။ [ဝီထိမုတ် စာပိုဒ်-၁၇] **ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်လျှင်**= မဟာဝိပါက် ဉာဏဝိပ္ပယုတ် ဘဝင်စိတ် ၄-ပါးကို ချရမည်။ **တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်ဖြစ်လျှင်** မဟာဝိပါက် ဉာဏသမ္ပယုတ် ဘဝင်စိတ် ၄-ပါးကို ချရပါမည်။ [ဝီထိမုတ်စာပိုဒ်-၁၈]

**အသညသတ်ကြဉ် ရူပဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက် ဖြစ်လျှင်**= ရူပဝိပါက်ဘဝင်စိတ် ၅-ပါးကို ချရပါမည်။

**အရူပဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်ဖြစ်လျှင်**= အရူပ ဝိပါက် ဘဝင်စိတ် ၄-ပါးကို ချရပါမည်။

http://www.dhammadownload.com


## ပဉ္စဒွါရဝီထိစိတ်သရုပ် သင်္ဂဟဂါထာ

၁၆။ ဝီထိစိတ္တာနိ သတ္တေဝ၊ စိတ္တုပ္ပါဒါ စတုဒ္ဒသ။
စတုပ္ပညာသ ဝိတ္ထာရာ၊ ပဉ္စဒွါရေ ယထာရဟံ။
အယမေတ္ထ ပဉ္စဒွါရေ ဝီထိစိတ္တပ္ပဝတ္တိနယော။

---

[စာပိုဒ်-၁၆] **ဝီထိစိတ္တာနိ သတ္တေဝ–၌ သတ္တ–အရကား** [သာမညအားဖြင့်] ပဉ္စဒွါရာဝဇ္ဇန်း-၁၊စက္ခုဝိညာဉ်စသည်-၁၊သမ္ပဋိစ္ဆိုင်း-၁၊သန္တီရဏ-၁၊ဝုဋ္ဌော-၁၊ဇော-၁၊ တဒါရုံ ၁၊ အားဖြင့် ၇-ပါးဖြစ်ပါသည်။

* **စိတ္တုပ္ပါဒါ စတုဒ္ဒသ–၌ စတုဒ္ဒသ–အရကား** = [ဝိသေသအားဖြင့်] ပဉ္စဒွါရာဝဇ္ဇန်း ၁-ကြိမ်၊စက္ခုဝိညာဉ်စသည် ၁-ကြိမ်၊သမ္ပဋိစ္ဆိုင်း ၁-ကြိမ်၊သန္တီရဏ ၁-ကြိမ်၊ဝုဋ္ဌော ၁-ကြိမ်၊ဇော ၇-ကြိမ်၊တဒါရုံ ၂-ကြိမ်တို့ဖြစ်ပါသည်။

* **စတုပ္ပညာသ ဝိတ္ထာရာ–၌ စတုပ္ပညာသ–အရကား** = [ဝိတ္ထာရအားဖြင့်] ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ဒွေးပဉ္စဝိညာဉ်-၁၀၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော ၁-ပါး၊ ကာမဇော ၂၉-ပါး၊ တဒါရုံ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၅၄-ပါးဖြစ်ပါသည်။

* **ဝီထိစိတ်အစဉ်ကို ဖြစ်ပေါ်လာစေတတ်သောစိတ်** ။ ။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်။

* **ဇောအစဉ်ကို ဖြစ်ပေါ်လာစေတတ်သောစိတ်** ။ ။ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။

* **ဝီထိ အတု ကား** ။ ။အတိပရိတ္တာရုံဝီထိ၊အာဂန္တုကဘဝင်ဝီထိတို့ ဖြစ်ပါသည်။

* **ဝီထိ အစစ်ကား** ။ ။ အတိပရိတ္တာရုံဝီထိ၊အာဂန္တုကဘဝင်ဝီထိတို့မှတပါး ကျန်ဝီထိများ ဖြစ်ပါသည်။

**မေး** ။ ။ ဗုဒ္ဓဂုဏ်တော်၌ သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ရှိသော ပုထုဇဉ်လူသားတစ်ဦး၏ မြတ်ဗုဒ္ဓစွယ်တော်ကို ဖူးမြော်ခွင့်ရသည့်အခါ ဖြစ်ပေါ်လာသည့် စိတ်အစဉ်ကို ဝီထိပိုင်း အမြင်ဖြင့် ဖော်ထုတ်ပြပါ။

**ဖြေ** ။ ။ အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, ကုသလဝိပါက် စက္ခုဝိညာဉ်, ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, ကုသလဝိပါက် သောမနဿ သန္တီရဏ, ဝုဋ္ဌော, မဟာကုသိုလ်ဇော-၈၊ကုသလဝိပါက်တဒါရုံ ၂-ကြိမ်စိတ်များ ဖြစ်ပါသည်။

➤ **ရုပ်မြင်သံကြားကို ကြည့်ရှုရာ၌ ရူပါရုံကို စက္ခုပသာဒဖြင့် မြင်ပါသလော?** (သို့မဟုတ်) **စက္ခုဝိညာဉ်ဖြင့် မြင်ပါသလော?** ။ ။ တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ ကိုထောက်၍ ရူပါရုံကို စက္ခုဝိညာဉ်ဖြင့်သာ မြင်ပါသည်။

http://www.dhammadownload.com



**မနောဒွါရ ကာမဇောဝါရ/ဝိဘူတာရုံဝီထိ**

၁၇။ မနောဒွါရေ ပန ယဒိ ဝိဘူတမာရမ္မဏံ အာပါထ မာဂစ္ဆတိ၊ တတော ပရံ ဘဝင်္ဂစလန မနောဒွါရာဝဇ္ဇန ဇဝနာ ဝသာနေ တဒါရမ္မဏပါကာနိ ပဝတ္တန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။

**အဝိဘူတာရုံဝီထိ**

၁၈။ အဝိဘူတေ ပနာရမ္မဏေ ဇဝနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ၊ နတ္ထိ တဒါရမ္မဏုပ္ပါဒေါတိ။

---

**[ဓာပိုဒ်–၁၇] မနောဒွါရ ကာမဇောဝါရ ဝိဘူတာရုံဝီထိ**

**[ဆိုရိုး]** မနောဒွါရ ကာမဇောဝါရ ဝိဘူတာရုံဝီထိဖြစ်ဟန်ကား= ထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ် ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

**ဝိဘူတာရုံဝီထိပုံစံ** ။ ။ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ" ဘ

**[ဝီထိစိတ်သရုပ်]** မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉-ပါး၊တဒါရုံ ၁၁-ပါး +၄၁-ပါး။

(တနည်း) **ဝိဘူတာရုံ ၅–ဝီထိ**

၁။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ ၄+ဘ

၂။ တီ တီ၂ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ ၃+ဘ

၃။ တီ တီ တီ၃ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ၂+ဘ

၄။ တီ တီ တီ တီ၄ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ၁+ဘ

၅။ တီ တီ တီ တီ တီ၅ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ +ဘ

**[ဓာပိုဒ်–၁၈] အဝိဘူတာရုံဝီထိ ဆိုရိုး** ။ ။ မထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း ဇော ၇-ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

**အဝိဘူတာရုံဝီထိပုံစံ** ။ ။ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ" +ဘ

**[ဝီထိစိတ်သရုပ်]** မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉၊ ပေါင်း ၃၀-ပါး ဖြစ်ပါသည်။

(တနည်း) **အဝိဘူတာရုံ ၂–ဝီထိ**

၁။ တီ တီ တီ တီ တီ တီ၆ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ+ဘ

၂။ တီ တီ တီ တီ တီ တီ တီ၇ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ +ဘ

http://www.dhammadownload.com



**မနောဒွါရဝီထိစိတ်သရုပ် သင်္ဂဟဂါထာ**

၁၉။ ဝီထိစိတ္တာနိ တီဏေဝ၊ စိတ္တုပ္ပါဒါ ဒသေရိတာ။
ဝိတ္ထာရေန ပနေတ္ထေက-စတ္တာလီသ ဝိဘာဝယေ။
အယမေတ္ထ ပရိတ္တဇဝနဝါရော။

**မနောဒွါရ အပ္ပနာဇောဝါရ/ဈာနဝီထိ မဂ္ဂဝီထိများ**

၂၀။ အပ္ပနာဇဝနဝါရေ ပန ဝိဘူတာဝိဘူတဘေဒေါ နတ္ထိ၊ တထာ တဒါရမ္မဏုပ္ပါဒေါစ။

---

**➤ ဝိဘူတာရုံ/အဝိဘူတာရုံဝီထိတို့ကို အာရုံ ဝတ္ထု ဘုံ-စသည် ဝေဖန်ပုံ**

* **အာရုံအားဖြင့်**= ဤဝီထိတို့၌ ရှေ့နောက်ဘဝင်စိတ်တို့သည် ကံ ကမ္မနိမိတ် ဂတိ နိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုပါသည်။ ဝီထိစိတ်တို့သည် ဝိညတ်ခွေး လက္ခဏာရုပ် ၄-ပါးကြဉ် ပစ္စုပ္ပန် ရုပ် ၂၂-ပါးကို အာရုံ ပြုပါသည်။

* **ဝတ္ထုအားဖြင့်**= ဘဝင်စိတ်, ဝီထိစိတ်တို့သည် ဟဒယဝတ္ထုကို မှီပါသည်။

* **ဘုံအားဖြင့်**= ဝိဘူတာရုံဝီထိသည် ကာမ ၁၁-ဘုံ၊ အဝိဘူတာရုံဝီထိသည် အသညသတ်ကြဉ် ဘုံ-၃၀ ရနိုင်ပါသည်။ * **ပုဂ္ဂိုလ်အားဖြင့်**= ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက် ရနိုင်ပါသည်။

[စာပိုဒ်-၁၉] **ဝီထိစိတ္တာနိ တီဏေဝ-၌ တီဏိ-အရ** ။ ။ [ဝိဘူတာရုံဝီထိသည်] (သာမညအားဖြင့်) မနောဒွါရာဝဇ္ဇန်း-၁၊ဇော-၁၊တဒါရုံ-၁ အားဖြင့် ၃-ပါးဖြစ်ပါသည်။ **စိတ္တုပ္ပါဒါ ဒသေရိတာ-၌ ဒသ-အရ** ။ ။ (ဝိသေသအားဖြင့်) မနောဒွါရာဝဇ္ဇန်း ၁-ကြိမ်၊ဇော ၇-ကြိမ်၊တဒါရုံ ၂-ကြိမ်တို့ ဖြစ်ပါသည်။

**ဝိတ္ထာရေန ပနေတ္ထေက စတ္တာလီသ-၌ ဧကစတ္တာလီသ-အရ** ။ ။ (ဝိတ္ထာရအားဖြင့်) မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ကာမဇော ၂၉-ပါး၊တဒါရုံ ၁၁-ပါး ပေါင်း ၄၁-ပါး။

**အဝိဘူတာရုံဝီထိ သင်္ဂဟဂါထာ** = ဝီထိစိတ္တာနိ ဒွေယေဝ၊ စိတ္တုပ္ပါဒါ အဋ္ဌေရိတာ။
ဝိတ္ထာရေန ပန တိံသ၊ စိတ္တာနီတိ ဝိဘာဝယေ။

**➤ အဝိဘူတာရုံဝီထိ၌** ။ ။ ဝီထိစိတ်တို့သည် (သာမညအားဖြင့်) မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ ဇော ၁-ပါး အားဖြင့် ၂-ပါးဖြစ်ပါသည်။ (ဝိသေသအားဖြင့်) မနောဒွါရာဝဇ္ဇန်း ၁-ကြိမ်၊ ဇော ၇-ကြိမ်အားဖြင့် ၈-ကြိမ်တို့ဖြစ်ပါသည်။ (ဝိတ္ထာရအားဖြင့်) မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ကာမဇော ၂၉-ပါး၊ ပေါင်း ၃၀-ဖြစ်ပါသည်။

[စာပိုဒ်-၂၀] **အပ္ပနာဇောဝါရ၌ ရနိုင်သည့်ဝီထိများ** ။ ။ ဈာနဝီထိ, မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိ, **အဘိညာဉ်ဝီထိ,** နိရောဓသမာပတ္တိဝီထိတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## မဟဂ္ဂုတ်, လောကုတ္တရာ အပ္ပနာဇောစိတ်များဖြစ်ပေါ်လာပုံ အပ္ပနာဝီထိဖြစ်ပေါ်လာပုံပြ

၂၁။ တတ္ထ ဟိ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနာန မဋ္ဌန္နံ အညတရသ္မိံ ပရိကမ္မောပစာရာနုလောမ ဂေါတြဘု နာမေန စတုက္ခတ္တုံ တိက္ခတ္တုံ မေဝ ဝါ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါနန္တရမေဝ ယထာရဟံ စတုတ္ထံ ပဉ္စမံ ဝါ ဆဗ္ဗီသတိ မဟဂ္ဂတလောကုတ္တရဇဝနေသု ယထာဘိနီဟာရဝသေန ယံကိဉ္စိ ဇဝနံ အပ္ပနာဝီထိ မောတရတိ၊ တတော ပရံ အပ္ပနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ။

---

[စာပိုဒ်–၂၁] **အာရုံထင်ရှားရှိမှသာ စောနိုင်သည့် မနောဒွါရိကဇော** ။ ။ အပ္ပနာဇော ၂၆-ပါး ဖြစ်ပါသည်။

* **ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု နာမည်ရသောစိတ်** ။ ။ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ပါးဖြစ်ပါသည်။

* **ဥပစာရသမာဓိဇော ၈–ပါးကား** ။ ။ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ပါးဖြစ်ပါသည်။

* **ယထာရဟံ စတုတ္ထံ ပဉ္စမံဝါ–နှင့် ယထာရဟဖြစ်ပုံ** ။ ။ တိက္ခပုဂ္ဂိုလ်၌ ဥပစာ, အနုလုံ, ဂေါတြဘုနောင် ၄-ကြိမ်မြောက်၌ အပ္ပနာဇော ဖြစ်ပါသည်။ မန္ဒပုဂ္ဂိုလ်၌ ပရိကံ ဥပစာ, အနုလုံ, ဂေါတြဘုနောင် ၅-ကြိမ်မြောက်၌ အပ္ပနာဇောဖြစ်ပါသည်။

* **အပ္ပနာဝီထိဖြစ်ပုံ** ။ ။ အပ္ပနာဇောဝါရ၌ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ပါးတို့တွင် တပါးပါးသောဇောသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟူသော အမည်ဖြင့် ၄-ကြိမ်သာလျှင်ရင်း၊သို့မဟုတ် ဥပစာ, အနုလုံ, ဂေါတြဘူ-ဟူသော အမည်ဖြင့် ၃-ကြိမ်သာလျှင်ရင်း အစဉ်အတိုင်းဖြစ်၍ ချုပ်ပြီးသည့်အခြားမဲ့၌ တိက္ခပညာ ပုဂ္ဂိုလ်ဖြစ်လျှင် ၄-ကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင် ၅-ကြိမ်မြောက်ဝယ် မဟဂ္ဂုတ် လောကုတ္တရာဇော ၂၆-ပါးတို့တွင် ယထာဘိနီဟာရ၏အစွမ်းဖြင့် တပါးပါးသောဇော သည် အပ္ပနာဝီထိသို့ သက်ရောက်ပါသည်။ ထိုအပ္ပနာဇော စောပြီးသည်၏အဆုံး၌ ဘဝင် ကျပါသည်။

* **အာဒိကမ္မိကဈာနဝီထိ**

[မန္ဒပညာပုဂ္ဂိုလ်] ဘ+န ဒ "မ ပ ဥ နု ဂေါ ဈာန်"+ဘ

[တိက္ခပညာပုဂ္ဂိုလ်] ဘ+ န ဒ "မ ဥ နု ဂေါ ဈာန်"+ဘ

http://www.dhammadownload.com



[ဆိုရိုး] *** မန္ဒပညပုဂ္ဂိုလ်၏ အာဒိကမ္မိကဈာနဝီထိ ဖြစ်ဟန်ကား** ။ ။ ဘဝင် စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု-ဟူသော ဥပစာရ သမာဓိဇော ၄-ကြိမ်၊ ဈာန်ဇော ၁-ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

[**ဝီထိစိတ်သရုပ်**] မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ ပေါင်း ၂၇-ပါးဖြစ်ပါသည်။

*** အာဒိကမ္မိကဈာနဝီထိ-၌ ဘဝင်-အရ** ။ ။ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ပါး၊ရူပဝိပါက် ၅-ပါး၊အရူပဝိပါက် ၄-ပါး၊ ပေါင်း ၁၃-ပါးဖြစ်ပါသည်။

*** ဘုံအားဖြင့်**= ကာမသုဂတိ ၇-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ ဖြစ်ပါသည်။

*** အာရုံအားဖြင့်**= ဘဝင်စိတ်တို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုပါသည်။ ဝီထိစိတ်တို့သည် ကသိုဏ်းပညတ်အာရုံကို အာရုံပြု၏။

**မေး** ။ ။ သင်္ဂြိုဟ်သရုပ် အဟုတ်သိမြင် ပညာရှင်ပီပီ သောတာပန်ပုဂ္ဂိုလ်၏ အာဒိကမ္မိက ဈာနဝီထိ၌ ပါဝင်သောစိတ်တို့တွင် (က) ဘဝင်စိတ်တို့၏ အာရုံ (ခ) ဝီထိစိတ်တို့၏ အာရုံ (ဂ) ပရိကမ် ဥပစာ အနုလုံ ဂေါတြဘုအမည်ရသောစိတ် (ဃ) အပ္ပနာဇော ကိစ္စတပ်သောစိတ်တို့ကို ထင်ရှားအောင် ရေးပြပါ။

**ဖြေ** ။ ။ (က) ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါး ဖြစ်ပါသည်။ (ခ) ကသိုဏ်းပညတ်အာရုံ၊ (ဂ) မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ (ဃ) မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ပါး ဖြစ်ပါသည်။

[**အမှာ**] ဈာန်ရပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်ဖြစ်လျှင်=ကုသိုလ်ဇော၊ ဘုရား ရဟန္တာဖြစ်လျှင် ကြိယာဇော-ဟု မှတ်ပါ။

### ➢ အာဒိကမ္မိက ပဥ္စမဈာနဝီထိ

[မန္ဒပညပုဂ္ဂိုလ်] န ဒ "မ ပ ဥ နု ဂေါ ဈာန်" ဘ

[တိက္ခပညပုဂ္ဂိုလ်] န ဒ "မ ဥ နု ဂေါ ဈာန်" ဘ

*** ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်စိတ် ၂-ပါး၊ မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်စိတ် ၂-ပါး၊ ပဌမဈာန် ကုသိုလ် ၁-ပါး၊ပဌမဈာန်ကြိယာ ၁-ပါး။ ပေါင်း ၇-ပါး။

*** အာဒိကမ္မိက ပဥ္စမဈာနဝီထိ ရနိုင်သောဘုံ** = ကာမသုဂတိ ၇-ဘုံ ဖြစ်ပါသည်။

*** ရနိုင်သော ပုဂ္ဂိုလ်**= ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်၊ဈာန်ရ တိဟိတ်ပုထုဇဉ်။

*** ရနိုင်သောဘဝင်**= မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ပါးတို့တွင် တပါးပါး။

*** အာရုံအားဖြင့်**= ဘဝင်စိတ်တို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃-ပါးတို့တွင်

http://www.dhammadownload.com



တပါးပါးကို အာရုံပြုပါသည်။ မနောဒွါရာဝဇ္ဇန်းအစ ဈာန်အဆုံးရှိသော ဝီထိစိတ်တို့သည် ဥပေက္ခာပြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တဝါပညတ်ကိုကြည့်၍ ရူပဈာန်၏ ပညတ် ၂၅-ပါးတို့တွင် တပါးပါးကို အာရုံပြုပါသည်။ (ကမ္မဋ္ဌာန်းစာပိုဒ်-၂၁၊၂၂၊၂၃-ကိုထောက်)

* **အာဒိကမ္မိက ဒုတိယဈာနဝီထိ** = န ဒ "မ ပ ဥ နု ဂေါ ဈာန်" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ် ကြိယာ သောမနဿ ဉာဏသမ္ပယုတ်စိတ်-၄၊ရူပကုသိုလ်,ကြိယာ ဒုတိယဈာန်-၂၊ပေါင်း ၇-ပါး။

* **ရနိုင်သောဘုံ** = ကာမသုဂတိ ၇-ဘုံ၊ပထမဈာန် ၃-ဘုံ ဖြစ်ပါသည်။

* **ရနိုင်သော ဘဝင်**= ကာမတိဟိတ်ဘဝင် ၄-ပါး၊ ပထမဈာန်ဝိပါက်ဘဝင် ၁-ပါး။

* **အာဒိကမ္မိက တတိယဈာနဝီထိ** = န ဒ "မ ပ ဥ နု ဂေါ ဈာန်" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်,မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်စိတ်-၄၊ရူပကုသိုလ်,ကြိယာ တတိယဈာန်-၂၊ပေါင်း ၇-ပါး။

* **ရနိုင်သောဘုံ**= ကာမသုဂတိ ၇-ဘုံ၊ပထမဈာန် ၃-ဘုံ၊ဒုတိယဈာန် ၃-ဘုံ။

* **ရနိုင်သော ဘဝင်**= ကာမတိဟိတ်ဘဝင်-၄၊ပထမဈာန်,ဒုတိယဈာန်ဝိပါက်-၂။

* **အာဒိကမ္မိက စတုတ္ထဈာနဝီထိ** = န ဒ "မ ပ ဥ နု ဂေါ ဈာန်" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်,မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်စိတ်-၄၊ရူပကုသိုလ်,ကြိယာ စတုတ္ထဈာန်-၂၊ပေါင်း ၇-ပါး။

* **ရနိုင်သောဘုံ**= ကာမသုဂတိ ၇-ဘုံ၊ပထမဈာန် ၃-ဘုံ၊ဒုတိယဈာန် ၃-ဘုံ။

* **ရနိုင်သော ဘဝင်**= ကာမတိဟိတ်ဘဝင်-၄၊ပထမဈာန်,ဒုတိယဈာန်ဝိပါက်-၂။

* **အာဒိကမ္မိက ပဉ္စမဈာနဝီထိ** = န ဒ "မ ပ ဥ နု ဂေါ ဈာန်" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်,မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်စိတ်-၄၊ရူပကုသိုလ်,ကြိယာ ပဉ္စမဈာန်-၂၊ပေါင်း ၇-ပါး။

* **ရနိုင်သောဘုံ**= ကာမသုဂတိ ၇-ဘုံ၊ပ-ဈာန် ၃-ဘုံ၊ဒု-ဈာန် ၃-ဘုံ၊တ-ဈာန် ၃-ဘုံ။

* **ရနိုင်သောဘဝင်**= ကာမတိဟိတ်ဘဝင်-၄၊ရူပ ပ, ဒု, တ, စ-ဈာန်ဝိပါက်-၄။

* **အာဒိကမ္မိက အာကာသာနဉ္စာယတနဝီထိ**= န ဒ "မ ပ ဥ နု ဂေါ ဈာန်" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်,မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်-၄၊အာကာသာနဉ္စာယတနကုသိုလ်,ကြိယာ ၂-ပါး၊ပေါင်း ၇-ပါး။

* **ရနိုင်သောဘုံ**= ကာမသုဂတိ ၇-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ။

* **ရနိုင်သော ဘဝင်**= ကာမတိဟိတ်ဘဝင်-၄၊ရူပဝိပါက်-၅။

* **အာဒိကမ္မိက ဝိညာဏဉ္စာယတနဝီထိ** = န ဒ "မ ပ ဥ နု ဂေါ ဈာန်" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်,မဟာကြိယာ ဥပေက္ခာ

http://www.dhammadownload.com



ဉာဏသမ္ပယုတ်-၄၊ဝိညာဏဉ္စာယတနကုသိုလ်,ကြိယာ ၂-ပါး၊ပေါင်း ၇-ပါး။
* **ရနိုင်သောဘုံ**= ကာမသုဂတိ ၇-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၊အာကာ-ဘုံ။
* **ရနိုင်သော ဘဝင်**= ကာမတိဟိတ်ဘဝင်-၄၊ရူပဝိပါက်-၅၊အာကာ-ဝိပါက်-၁။
* **အာဒိကမ္မိက အာကိဉ္စညာယတနဝီထိ** = န ဒ "မ ပ ဉ နု ဂေါ ဈာန်" ဘ
* **ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်,မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်-၄၊အာကိဉ္စညာယတနကုသိုလ်,ကြိယာ ၂-ပါး၊ပေါင်း ၇-ပါး။
* **ရနိုင်သောဘုံ**= ကာမသုဂတိ ၇-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၊အာကာသာနဉ္စာယတနဘုံ,ဝိညာဏဉ္စာယတနဘုံ။
* **ရနိုင်သော ဘဝင်**= ကာမတိဟိတ်ဘဝင်-၄၊ရူပဝိပါက်-၅၊အာကာ-ဝိပါက်-၁၊ ဝိညာဏဉ္စာယတနဝိပါက်-၁။
* **အာဒိကမ္မိက နေဝသညာနာသညာယတနဝီထိ**= န ဒ "မ ပ ဉ နု ဂေါ ဈာန်" ဘ
* **ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်,မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်-၄၊နေဝသညာနာသညာယတနကုသိုလ်,ကြိယာ ၂-ပါး၊ပေါင်း ၇-ပါး။
* **ရနိုင်သောဘုံ**= ကာမသုဂတိ ၇-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၊အာကာသာနဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ။
* **ရနိုင်သော ဘဝင်**= ကာမတိဟိတ်ဘဝင်-၄၊ရူပဝိပါက်-၅၊အာကာသာနဉ္စာယတနဝိပါက်-၁၊ဝိညာဏဉ္စာယတနဝိပါက်-၁၊အာကိဉ္စညာယတနဝိပါက်-၁။
* **အာရုံအားဖြင့်**= ဒု, တ, စ-ဈာန် ဝီထိများသည် ကသိုဏ်းပညတ် ၁၀-ပါး၊ အောက်ပြဟ္မဝိဟာရ ၃-ပါး၏အာရုံဖြစ်သော သတ္တဝါပညတ် ၃-ပါး၊အာနာပါန၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် ၁-ပါး၊ပေါင်း ၁၄-ပါး ဖြစ်ပါသည်။

**ပဉ္စမဈာန်ဝီထိသည်**- ကသိုဏ်း ၁၀-ပါး၊ဥပေက္ခာပြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တဝါပညတ်၊ထွက်သက်ဝင်သက်ပညတ်ကို အာရုံပြုပါသည်။

* **သမာပဇ္ဇန်ဈာနဝီထိ** = န ဒ "မ ပ ဉ နု ဂေါ ဈာန်အကြိမ်များစွာ" ဘ
* **ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်,မဟာကြိယာ ဉာဏသမ္ပယုတ်-၈၊မဟဂ္ဂုတ်ကုသိုလ်-၉၊မဟဂ္ဂုတ်ကြိယာ ၉-ပါး ဖြစ်ပါသည်။

➤ **မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၏ နိဗ္ဗာန်ကို အာရုံပြုရာအခါ**

တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာန မာလမ္ဗိတွာ (ကမ္မဋ္ဌာန်းစာပိုဒ်-၅၇)ဟူသော သင်္ဂဟကိုထောက်၍ မဂ္ဂဝီထိ၌ သောတာပတ္တိမဂ်၏ရှေး ဂေါတြဘုကိစ္စတပ်သောအခါ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြုပါသည်။

http://www.dhammadownload.com



**ကာမဇောနောင် (ဥပစာရသမာဓိဇောနောင်) အပ္ပနာဇော ဇောပုံ**

၂၂။ တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ အပ္ပနာပိ သောမနဿ
သဟဂတာဝ ပါဋိကင်္ခိတဗ္ဗာ၊ ဥပေက္ခာသဟဂတဇဝနာနန္တရံ
ဥပေက္ခာသဟဂတာဝ။
တတ္ထာပိ ကုသလဇဝနာနန္တရံ ကုသလဇဝနဉ္စေဝ ဟေဋ္ဌိမဉ္စ
ဖလတ္တယမပ္ပေတိ။
ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ, အရဟတ္တဖလဉ္စာတိ။

**ဝေဒနာအလိုက် အပ္ပနာဇောဖြစ်ပုံ သင်္ဂဟဂါထာ**

၂၃။ ဒွတ္တိံသ သုခပုညမှာ၊ ဒွါဒသောပေက္ခကာ ပရံ။
သုခိတကြိယတော အဋ္ဌ၊ ဆ သမ္ဘောန္တိ ဥပေက္ခကာ။

**ပုဂ္ဂိုလ်အလိုက် အပ္ပနာဇောဖြစ်ပုံ သင်္ဂဟဂါထာ**

၂၄။ ပုထုဇ္ဇနာန သေက္ခာနံ၊ ကာမပုညတိဟေတုတော။
တိဟေတုကာမကြိယတော၊ ဝီတရာဂါနမပ္ပနာ။
အယမေတ္ထ မနောဒွါရေ ဝိထိစိတ္တပ္ပဝတ္တိနယော။

---

[စာပိုဒ်-၂၂] **ဥပစာရ သမာဓိဇောနောင် အပ္ပနာဇော ဇောပုံ (နှောင်းပုံ)**

* **မဟာကုသိုလ် မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင် ဇောနိုင်သော အပ္ပနာဇောများကား**= မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄-ပါး၊မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်ဇော ၄-ပါး၊မဂ်သောမနဿသဟဂုတ်ဇော ၁၆-ပါး၊ဖိုလ်သောမနဿသဟဂုတ်ဇော ၁၆-ပါး၊ပေါင်း ၄၀-ဇောနိုင်ပါသည်။ [တတ္ထ (ပ) ဂတာဝ ပါဋိကင်္ခိတဗ္ဗာ-ကိုထောက်]

* **မဟာကုသိုလ် မဟာကြိယာ ဥပေက္ခာဉာဏသမ္ပယုတ်ဇော ၄-ပါးနောင် ဇောနိုင်သော အပ္ပနာဇောများကား**= မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော ၅-ပါး၊မဟဂ္ဂုတ်ကြိယာ ဥပေက္ခာဇော ၅-ပါး၊မဂ်ဥပေက္ခာဇော ၄-ပါး၊ဖိုလ်ဥပေက္ခာဇော ၄-ပါး၊ပေါင်း ၁၈-ပါး ဇောနိုင်ပါသည်။ [ဥပေက္ခာသဟဂတ(ပ)ဂတာဝ-ကိုထောက်]

[စာပိုဒ်-၂၃] **မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော ၂-ပါး[ပထမဒွေး] နောင် ဇောနိုင်သော အပ္ပနာဇောများကား/ ဒွတ္တိံသ သုခပုညမှာ-၌ ဒွတ္တိံသ-အရ**

မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ပါး၊မဂ်သောမနဿ ၁၆-ပါး၊အောက်ဖိုလ် ၃-ခု၏ သောမနဿ ၁၂-ပါး၊ပေါင်း ၃၂-ပါးဖြစ်ပါသည်။ (သာဓက) သောမနဿ

http://www.dhammadownload.com



သဟဂတ ဇဝနာနန္တရံ အပ္ပနာပိ သောမနဿ သဟဂတာဝ ပါဋိကင်္ခိတဗ္ဗာ။ ကုသလ ဇဝနာနန္တရံ ကုသလဇဝနဗ္ဗေဝ ဟေဋ္ဌိမဉ္စ ဖလတ္တယမပ္ပေတိ။

*** မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါး [တတိယခွေး] နောင် စောနိုင်သော အပ္ပနာဇောများကား/ ဒွါဒသော ပေက္ခကာ ပရံ-၌ ဒွါဒသ-အရကား**

မဟာဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော ၅-ပါး၊မဂ်ဥပေက္ခာဇော ၄-ပါး၊အောက်ဖိုလ် ၃-ခု၏ ဥပေက္ခာဇော ၃-ပါး၊ပေါင်း ၁၂-ပါးဖြစ်ပါသည်။ (သာဓက) ဥပေက္ခာသဟဂတ ဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ၊ ကုသလဇဝနာနန္တရံ ကုသလဇဝနဗ္ဗေဝ ဟေဋ္ဌိမဉ္စ ဖလတ္တယ မပ္ပေတိ။

*** မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်ဇော ၂-ပါး[ပထမခွေး] နောင် စောနိုင်သော အပ္ပနာဇောများကား/ သုခီတကြိယတော အဋ္ဌ-၌ အဋ္ဌ-အရကား**

မဟာဂ္ဂုတ်ကြိယာ သောမနဿဇော ၄-ပါး၊အရဟတ္တဖိုလ်သောမနဿဇော ၄-ပါး၊ ပေါင် ၈-ပါးဖြစ်ပါသည်။

(သာဓက) ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ အရဟတ္တဖလဉ္စာတိ၊သောမနဿ သဟဂတ ဇဝနာနန္တရံ အပ္ပနာပိ သောမနဿသဟဂတာဝ ပါဋိကင်္ခိတဗ္ဗာ။

*** မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော (တတိယခွေး) ၂-ပါးနောင် စောနိုင်သော အပ္ပနာဇောများကား/ ဆ သမ္ဘောန္တိ ဥပေက္ခကာ-၌ ဆ-အရ**

မဟာဂ္ဂုတ်ကြိယာ ဥပေက္ခာဇော-၅၊ အရဟတ္တဖိုလ် ဥပေက္ခာဇော-၁၊ ပေါင်း-၆ပါး။

[သာဓက] ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ အရဟတ္တဖလဉ္စ။ ဥပေက္ခာသဟဂတ ဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ။

(စာပိုဒ်-၂၄) **ပုထုဇ္ဇနာန သေက္ခာနံ-၌ ပုထုဇ္ဇန-အရကား** ။ ။ ဒုဂ္ဂတိအဟိတ်, သုဂတိ အဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့သန္တာန်၌ အပ္ပနာဇောများ မစောနိုင်သောကြောင့် -ပုထုဇ္ဇန-အရ တိဟိတ်ပုထုဇဉ်ကိုသာ ယူရပါမည်။ (ဝိထိစာပိုဒ်-၄၀-ကိုထောက်)

➢ **သေက္ခ-အရ** ။ ။ မဂ္ဂဋ္ဌာန် ၄-ယောက်တို့သန္တာန်၌ ဆိုင်ရာမဂ်ဇောများသာ စောနိုင်သောကြောင့် သေက္ခ-အရ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်ကိုသာ ယူရ ပါမည်။ (ဝိထိစာပိုဒ်-၄၇-ကိုထောက်)

➢ **ဝီတရာဂါနမပ္ပနာ-၌ အပ္ပနာ-အရ** ။ ။ မဟာဂ္ဂုတ်ကြိယာ ၉-ပါး၊အရဟတ္တဖိုလ် စိတ် ၅-ပါး၊ ပေါင်း ၁၄-ပါးဖြစ်ပါသည်။ (သာဓက) ကိရိယဇဝနာနန္တရံ ကိရိယဇဝန အရဟတ္တဖလဉ္စာတိ။

*** တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင်=**

မဟာဂ္ဂုတ်ကုသိုလ်ဇော-၉၊ သောတာပတ္တိမဂ်ဇော-၅၊ ပေါင်း ၁၄-ပါး စောနိုင်သည်။

http://www.dhammadownload.com



* **တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော (ပထမခွေး) ၂-ပါးနှောင်=** မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော-၄၊ သောတာပတ္တိမဂ် သောမနဿဇော-၄၊ ပေါင်း ၈-ပါး စောနိုင်ပါသည်။

* **တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော (တတိယခွေး) ၂-ပါးနှောင်=** မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော-၅၊ သောတာပတ္တိမဂ် ဥပေက္ခာဇော-၁၊ ပေါင်း ၆-ပါး စောနိုင်ပါသည်။ *** သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနှောင်=** မဟဂ္ဂုတ်ကုသိုလ်ဇော-၉၊ သောတာပတ္တိဖိုလ်ဇော-၅၊ သကဒါဂါမိမဂ်ဇော-၅၊ ပေါင်း ၁၉-ပါး၊ စောနိုင်ပါသည်။ *** သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော-၂ (ပထမခွေး) နှောင်=** မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော-၄၊ သောတာပတ္တိဖိုလ် သောမနဿဇော-၄၊ သကဒါဂါမိမဂ် သောမနဿဇော-၄၊ ပေါင်း ၁၂-ပါး၊ စောနိုင်ပါသည်။

* **သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော (တတိယခွေး) ၂-ပါးနှောင် =** မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော-၅၊ သောတာပတ္တိဖိုလ် ဥပေက္ခာဇော ၁-ပါး၊ သကဒါဂါမိမဂ် ဥပေက္ခာဇော ၁-ပါး၊ ပေါင်း ၇-ပါး စောနိုင်ပါသည်။

* **သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနှောင်=**
မဟဂ္ဂုတ်ကုသိုလ်ဇော-၉၊ သကဒါဂါမိဖိုလ်ဇော-၅၊ အနာဂါမိမဂ်ဇော-၅၊ +၁၉။

* **သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော-၂ပါး (ပထမခွေး) နှောင်=** မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော-၄၊ သကဒါဂါမိဖိုလ် သောမနဿဇော-၄၊ အနာဂါမိမဂ် သောမနဿဇော-၄၊ ပေါင်း ၁၂-ပါး စောနိုင်ပါသည်။

* **သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါး (တတိယခွေး) နှောင် =** မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော-၅၊ သကဒါဂါမိဖိုလ် ဥပေက္ခာဇော-၁၊ အနာဂါမိမဂ် ဥပေက္ခာဇော-၁၊ ပေါင်း ၇-ပါး စောနိုင်ပါသည်။

* **အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနှောင်=**
မဟဂ္ဂုတ်ကုသိုလ်ဇော-၉၊ အနာဂါမိဖိုလ်ဇော-၅၊ အရဟတ္တမဂ်ဇော-၅ +၁၉-ပါး။

* **အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော ၂-ပါး (ပထမခွေး) နှောင် =** မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော-၄၊ အနာဂါမိဖိုလ် သောမနဿဇော-၄၊ အရဟတ္တမဂ် သောမနဿဇော-၄၊ ပေါင်း ၁၂-ပါး စောနိုင်ပါသည်။

* **အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါး (တတိယခွေး) နှောင် =** မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော-၅၊ အနာဂါမိဖိုလ် ဥပေက္ခာဇော ၁-ပါး၊ အရဟတ္တမဂ် ဥပေက္ခာဇော ၁-ပါး၊ ပေါင်း ၇-ပါး စောနိုင်ပါသည်။

http://www.dhammadownload.com



**တဒါရမ္မဏနိယမ/ဝိပါက်အမှန် ဇောအပြန်**

၂၅။ သဗ္ဗတ္ထာပိ ပနေတ္ထ အနိဋ္ဌေ အာရမ္မဏေ အကုသလဝိပါကာနေဝ ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏာနိ။

၂၆။ ဣဋ္ဌေ ကုသလဝိပါကာနိ။

၂၇။ အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏ တဒါရမ္မဏာနိ။

**ဝိပါက်လည်းအမှန် ဇောလည်းအမှန် /ရဟန္တာတို့သန္တာန်၌ တစ်ချို့ဖြစ်ပုံပြ**

တတ္ထာပိ သောမနဿသဟဂတ ကိရိယ ဇဝနာဝသာနေ သောမနဿသဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ။

ဥပေက္ခာသဟဂတ ကိရိယ ဇဝနာဝသာနေ စ ဥပေက္ခာ သဟဂတာနေဝ ဟောန္တိ။

---

* **ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင်** = မဟဂ္ဂုတ်ကြိယာဇော-၉၊ အရဟတ္တဖိုလ်ဇော-၅၊ ပေါင်း ၁၄-ပါး စောနိုင်ပါသည်။

* **ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်ဇော ၂-ပါး (ပထမဒွေး) နောင်** = မဟဂ္ဂုတ်ကြိယာ သောမနဿဇော ၄-ပါး၊ အရဟတ္တဖိုလ် သောမနဿဇော ၄-ပါး၊ ပေါင်း ၈-ပါး စောနိုင်ပါသည်။ **ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂-ပါး (တတိယဒွေး) နောင်** = မဟဂ္ဂုတ်ကြိယာ ဥပေက္ခာဇော ၅-ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာဇော ၁-ပါး၊ ပေါင်း ၆-ပါးစောနိုင်ပါသည်။

**➢ (၂၅၊ ၂၆၊ ၂၇) ဝိပါက်အမှန် ဇောအပြန် အဓိပ္ပါယ်**

အနိဋ္ဌာရုံ၌ အကုသလဝိပါက် ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့ ဖြစ်ကြပါသည်။ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလဝိပါက် ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း ဥပေက္ခာသဟဂုတ် သန္တီရဏ တဒါရုံတို့ ဖြစ်ကြပါသည်။ အတိဣဋ္ဌာရုံ၌ ကုသလဝိပါက် ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သောမနဿသဟဂုတ် သန္တီရဏ တဒါရုံတို့ ဖြစ်ကြပါသည်။ ဤသို့ ဝိပါက်စိတ်များ၌ အာရုံအားလျော်စွာ သောမနဿ ဥပေက္ခာဝေဒနာယှဉ်မှု မှန်ကန်ကြသည်ကို "ဝိပါက်အမှန် "ဟု ဆိုပါသည်။

ကုသိုလ် အကုသိုလ်ဇောများကား အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မမှန်ကန်ဘဲ ဗလောင်းဗလဲ ပြောင်းလွဲဖောက်ပြန်လျှက် ဖြစ်ကြသည်ကို "ဇောအပြန်"ဟု ဆိုပါသည်

**➢ ဝိပါက်လည်းအမှန် ဇောလည်းအမှန်** ။ ။ ဝိပလ္လာသကင်းပြီးသော ဘုရား ရဟန္တာတို့သန္တာန်၌သာ ဖြစ်လေ့ရှိသော ကြိယာဇောတို့သည် အတိဣဋ္ဌာရုံနှင့် တွေ့ကြုံ

http://www.dhammadownload.com



လျှင် သောမနဿကြိယာဇော စော၍ ထိုသောမနဿကြိယာဇောနောင် သောမနဿ တဒါရုံများ ဖြစ်ကြသည်၊ ဣဋ္ဌမဇ္ဈတ္တာရုံ အနိဋ္ဌာရုံနှင့် တွေ့ကြုံလျှင် ဥပေက္ခာသဟဂုတ် ကြိယာဇောစော၍ ထိုဥပေက္ခာကြိယာဇောနောင် ဥပေက္ခာတဒါရုံများ ဖြစ်ကြသည်၊ ဤသို့လျှင် ကြိယာဇောများနှင့် ၎င်းတို့နောင်ဖြစ်သော ဝိပါက်တို့သည် အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မှန်ကန်ကြသည်ကို "ဝိပါက်လည်းအမှန် ဇောလည်းအမှန်"ဟု ခေါ်ပါသည်။

➤ **ဟသိတုပ္ပါဒ်–၁၊ သောမနဿသဟဂုတ် မဟာကြိယာဇော ၄–ခုနောင် ကျနိုင်သော တဒါရုံများကား ။ ။** သောမနဿ သန္တီရဏ ၁-ပါး၊ မဟာဝိပါက် သောမနဿ ၄-ပါး၊ ပေါင်း သောမနဿ တဒါရုံ ၅-ပါး ကျနိုင်ပါသည်။[တတ္ထာပိ သောမနဿသဟဂတကိရိယဇဝနာဝသာနေ သောမနဿသဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ။]

➤ **ဥပေက္ခာသဟဂုတ် မဟာကြိယာဇော ၄–ခု နောင် ကျနိုင်သော တဒါရုံများ**

ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက် ဥပေက္ခာ ၄-ပါး၊ ပေါင်း ဥပေက္ခာ တဒါရုံ ၆-ပါး ကျနိုင်ပါသည်။ (သာဓက) ဥပေက္ခာသဟဂတ (ပ) ဟောန္တိ။

➤ **လောဘမူဇော ၈–ခု၊ မောဟမူဇော ၂–ခု၊ မဟာကုသိုလ်ဇော ၈–ခု၊ ပေါင်း ၁၈–ပါးနောင်** = တဒါရုံ ၁၁-ပါးလုံး ကျနိုင်ပါသည်။

➤ **အာရုံအားလျော်စွာ ဇောနောင် တဒါရုံကျပုံ**

| အာရုံ | ကာမဇော (ရှေ့) | တဒါရုံ (နောက်) |
|---|---|---|
| အနိဋ္ဌာရုံ-၌ | မဟာကြိယာ ဥပေက္ခာဇော-၄၊ ဒေါသမူဇော-၂-နောင် | အကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်-၁ |
| | လောဘမူ-၈၊မောဟမူ-၂မဟာကု-၈ | အကုသလဝိပါက် ဥ-သန္တီ -၁ |
| ဣဋ္ဌာရုံ-၌ | မဟာကြိယာ ဥပေက္ခာဇော-၄ ဒေါသမူဇော-၂ +၆-ပါးနောင် | ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁၊ မဟာဝိပါက် ဥ-၄ |
| | လောဘမူ-၈၊ မောဟမူ-၂၊ မဟာကု-၈ | ကုသလဝိပါက် ဥ-သန္တီ-၁၊ မဟာဝိပါက် ဥပေက္ခာ-၄ |
| အတိဣဋ္ဌာရုံ ၌ | မဟာကြိယာ သောမနဿဇော-၄ ဟသိတုပ္ပါဒ်ဇော-၁ +၅-ပါးနောင် | ကုသလဝိပါက် သော-သန္တီ-၁ မဟာဝိပါက်သောမနဿ-၄ |
| | လောဘမူ-၈၊မောဟမူ-၂မဟာကု-၈ | ကုသလဝိပါက် သော-သန္တီ-၁ မဟာဝိပါက် သောမနဿ-၄ |

**အမှာ ။ ။ ဤအခွဲကိုကြည့်၍ (က) ဇောနောင် ကျနိုင်သော တဒါရုံ၊ (ခ) တဒါရုံ၏ ရှေ့၌ စောနိုင်သည့် ဇောများကို ရှာဖွေကြည့်ပါ။**

http://www.dhammadownload.com



## ဒေါမနဿသဟဂုတ်ဓောနောင် တဒါရုံ, ဘဝင်စိတ်ဖြစ်ပုံပြ

## အာဂန္တုကဘဝင်္ဂဝီထိ

၂၈။ ဒေါမနဿသဟဂတဇဝနာဝသာနေ စ ပန တဒါရမ္မဏာနိစေဝ ဘဝင်္ဂါနိ စ ဥပေက္ခာသဟဂတာနေဝ ဘဝန္တိ။

**အာဂန္တုကဘဝင်စိတ်ဖြစ်ပုံ**

တသ္မာ ယဒိ သောမနဿပဋိသန္ဓိကဿ ဒေါမနဿသဟဂတဇဝနာဝသာနေ တဒါရမ္မဏသမ္ဘဝေါ နတ္ထိ၊ တဒါ ယံကိဉ္စိ ပရိစိတပုဗ္ဗံ ပရိတ္တာရမ္မဏ မာရဗ္ဘ ဥပေက္ခာသဟဂတသန္တီရဏံ ဥပ္ပဇ္ဇတိ၊ တမနန္တရိတွာ ဘဝင်္ဂပါတောဝ ဟောတီတိ ဝဒန္တိ အာစရိယာ။

---

➢ **သောမနဿ တဒါရုံ၏ ရှေ့၌ ဓောနိုင်သည့် ဓော** = လောဘမူဇော-၈၊ မောဟမူဇော-၂၊ ဟသိတုပ္ပါဒ်ဇော-၁၊ မဟာကုသိုလ်ဇော-၈၊ မဟာကြိယာ သောမနဿဇော-၄၊ ပေါင်း ၂၃-ပါး ဖြစ်ပါသည်။

➢ **ဥပေက္ခာ တဒါရုံ၏ ရှေ့၌ ဓောနိုင်သည့် ဓော** = အကုသိုလ်ဇော-၁၂၊ မဟာကုသိုလ်ဇော-၈၊ မဟာကြိယာ ဥပေက္ခာဇော-၄၊ ပေါင်း ၂၄-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်-၂၈) **ဒေါမနဿသဟဂုတ်ဓော ၂-ခု နောင် ကျနိုင်သော တဒါရုံများကား** ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက် ဥပေက္ခာ ၄-ပါး၊ ပေါင်း ဥပေက္ခာ တဒါရုံ ၆-ပါး ကျနိုင်ပါသည်။[ဒေါမနဿ (ပ) ဥပေက္ခာသဟဂတာနေဝ ဘဝန္တိ]

➢ **အာဂန္တုက ဘဝင်္ဂဝီထိ ဖြစ်ပုံ**

သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောအဆုံး၌ တဒါရုံဖြစ်ခွင့် မရလျှင် ဘဝင်ကျရလိမ့်မည်၊ (ထိုဘဝင်သည် သောမနဿဘဝင်ဖြစ်က ဒေါသဇောနှင့် ဆန့်ကျင်နေ၏၊ ဥပေက္ခာဘဝင်ဖြစ်က မူလပဋိသန္ဓေနှင့် မသင့်လျော်) ဤသို့ တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်လည်း မကျသာဘဲ အခက်အခဲ ကြုံရာအခါ၌ ရှေးက အလေ့အကျက်များသော ကာမအာရုံ တစ်ပါးပါးကို အာရုံပြု၍ ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်သည် အာဂန္တုကဘဝင်ကိစ္စတပ်လျှက် ဖြစ်လာရပါသည်။

➢ **အာဂန္တုကဘဝင် ကျနိုင်သည့်အင်္ဂါ ။ ။** (၁) သောမနဿနှင့် ပဋိသန္ဓေနေခဲ့သူ ဖြစ်ခြင်း၊ (၂) ဒေါသဇောနောင်ဖြစ်ခြင်း၊ (၃) တဒါရုံ မကျနိုင်ခြင်း-တို့ ဖြစ်ပါသည်။ (သာဓက) သောမနဿပဋိသန္ဓိကဿ ဒေါမနဿသဟဂတဇဝနာဝသာနေ တဒါရမ္မဏ သမ္ဘဝေါ နတ္ထိ။

http://www.dhammadownload.com



**တဒါရုံအင်္ဂါပြ (စူဠဋီကာပါဠိ)**

၂၉။ တထာ ကာမာဝစရဇဝနာဝသာနေ ကာမာဝစရသတ္တာနံ ကာမာဝစရဓမ္မေသွေဝ အာရမ္မဏဘူတေသု တဒါရမ္မဏံ ဣစ္ဆန္တိတိ

**တဒါရုံအင်္ဂါပြ သင်္ဂဟဂါထာ**

၃၀။ ကာမေ ဇဝနသတ္တာလ-မ္ဗဏာနံ နိယမေ သတိ။

ဝိဘူတေ တိမဟန္တေစ၊ တဒါရမ္မဏမီရိတံ။

အယမေတ္ထ တဒါရမ္မဏနိယမော။

---

*** သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော (တိတ္ထိ) ပုဂ္ဂိုလ်၏ ဒေါသမူဇောနောင်ဖြစ်သင့်သောစိတ်** = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်။ **ထိုစိတ်၏ အမည်** = အာဂန္တုကဘဝင်။ **ထိုစိတ်ဖြစ်ရာအခါ** = တဒါရုံလည်းဖြစ်ခွင့်မရ၊ ဘဝင်လည်း မကျသာဘဲ အခက်အခဲ ကြုံရာအခါ ဖြစ်ပါသည်။ **ထိုစိတ်၏ အာရုံ** = ရှေးက အလေ့အကျက်များသော ကာမအာရုံတစ်ပါးပါး **ထိုစိတ်၏ကိစ္စ** = အာဂန္တုကဘဝင်ကိစ္စ ဖြစ်ပါသည်။

*** ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ ဥပေက္ခာဇော ဇောသောပုဂ္ဂိုလ်** = သဒ္ဓါတရားမရှိသူ ဖြစ်ပါသည်။ **ဒေါသဇော ဇောသောပုဂ္ဂိုလ်** = တိတ္ထိပုဂ္ဂိုလ် စသည်တို့ဖြစ်ပါသည်။

*** အာဝဇ္ဇန်းကင်းလျက် ဖြစ်သောစိတ်များ** ။ ။ အာဂန္တုကဘဝင်ကိစ္စတပ်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၏ အနာဂါမိဖိုလ်စိတ် အရဟတ္တဖိုလ်စိတ်၊ သောတာပတ္တိမဂ္ဂဝီထိ၌ ဂေါတြဘူစိတ်အထက်မဂ္ဂဝီထိ၌ ဝေါဒါန်စိတ်၊ ဖလသမာပတ္တိဝီထိ၌ ဖိုလ်စိတ်များ ဖြစ်ပါသည်။

**သောမနဿနှင့် ပဋိသန္ဓေနေသော တိတ္ထိကြီး၏ ဘုရားရှင်ကို တွေ့ မြင်ရာ၌ [စက္ခုဒွါရ အတိမဟန္တာရုံ] အာဂန္တုကဘဝင်ဝီထိ**

တီ န ဒ "ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ 'ဘ' ဘ-ဘ ,

[ဆိုရိုး] အတီတဘဝင်၊ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ၊ပဉ္စဒွါရာဝဇ္ဇန်း၊ကုသလဝိပါက် စက္ခုဝိညာဉ်၊ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း၊ကုသလဝိပါက် သောမနဿ သန္တီရဏ၊ဒေါသမူဇော ၇-ကြိမ်၊ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် အာဂန္တုကဘဝင်အဖြစ်ဖြင့် ၁-ကြိမ်, မဟာဝိပါက် သောမနဿ ၄-ပါးတို့တွင် တပါးပါးသည် ဘဝင်အဖြစ်ဖြင့် ၁-ကြိမ် စိတ်များဖြစ်ပါသည်။

*** မနောဒွါရ ဝိဘူတာရုံ အာဂန္တုကဘဝင်ဝီထိ**

ဘ- န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ 'ဘ' ဘ-ဘ

http://www.dhammadownload.com



**ဇဝနနိယာမ / ကာမာဝစရဇော ဇောပုံပြ (၃၁/၃၂/၃၃)**

၃၁။ ဇဝနေသု စ ပရိတ္တဇဝနဝီထိယံ ကာမာဝစရဇဝနာနိ သတ္တက္ခတ္တုံ ဆက္ခတ္တုမေဝ ဝါ ဇဝန္တိ။

၃၂။ မန္ဒပ္ပဝတ္တိယံ ပန မရဏကာလာဒီသု ပဉ္စဝါရမေဝ။

**ပစ္စဝေက္ခဏာဇော ဇောပုံပြ**

၃၃။ ဘဂဝတော ပန ယမကပါဋိဟာရိယကာလာဒီသု လဟုကပ္ပဝတ္တိယံ စတ္တာရိ ပဉ္စ ဝါ ပစ္စဝေက္ခဏစိတ္တာနိ ဘဝန္တိတိပိ ဝဒန္တိ။

---

(စာပိုဒ်-၂၉) **တဒါရုံ (ကျကြောင်း) အင်္ဂါ ၃-ပါးကား** ။ ။ (၁) ကာမဇော (၂) ကာမသတ္တဝါ (၃) [ဝိဘူတာရုံ, အတိမဟန္တာရုံဟူသော] **ကာမအာရုံတို့ဖြစ်ပါသည်။**

➤ **တဒါရုံ ကျနိုင်သည့် ဝီထိ** ။ ။ **အတိမဟန္တာရုံဝီထိ၊ ဝိဘူတာရုံဝီထိ။**

➤ **ကာမာဝစရာ ဓမ္မေသွေဝ အာရမ္မဏေသွေတေသု-၌ အာရမ္မဏ-အရကား**

ဝိဘူတေ တိမဟန္တေစ၊ တဒါရမ္မဏမီရိတံ-ဟူသော ဂါထာပါဒကိုထောက်၍ မနောဒွါရ၌ ဝိဘူတာရုံနှင့် ပဉ္စဒွါရ၌ အတိမဟန္တာရုံတို့ ဖြစ်ပါသည်။

(စာပိုဒ်-၃၁) **ကာမဇောတို့ ဇောနိုင်သည့်အကြိမ်** ။ ။ ၁။ ကာမဇောတို့သည် ပကတိ ရိုးရာအခါ၌ ၇-ကြိမ်ဖြစ်စေ, ၆-ကြိမ်ဖြစ်စေ ဇောနိုင်ပါသည်။

[စာပိုဒ်-၃၂] ၂။ မှီရာဝတ္ထုရုပ် အားနည်းသည့်အတွက် နုံ့သည်ဖြစ်၍ဖြစ်သော အရှိန်အဟုတ်ရှိသောကြောင့် စုတေခါနီးအခါ စသည်တို့၌ ၅-ကြိမ်သာ ဇောပါသည်။

(စာပိုဒ်-၃၃) ၃။ ဘုရားရှင်၏ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြရာအခါ စသည်တို့၌ လျှင်မြန်စွာဖြစ်သောကြောင့် ပစ္စဝေက္ခဏာဇော ၄-ကြိမ်ဖြစ်စေ, ၅-ကြိမ်ဖြစ်စေ ဇောနိုင်ပါသည်။

➤ **မြတ်စွာဘုရား ရေမီးအစုံ တန်ခိုးပြာဋိဟာတို့ကို ပြရာအခါဝယ် ဖြစ်သော ဇော အမည်** = ပစ္စဝေက္ခဏာဇော ဖြစ်ပါသည်။ ➤ **အကြိမ်အရေအတွက်**= ၄-ကြိမ် ၅-ကြိမ် ဖြစ်ပါသည်။ (စာပိုဒ်-၃၃-ကိုထောက်)

➤ **ပစ္စဝေက္ခဏာ ဇောစိတ်များကား** ။ ။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ ပေါင်း ၈-ပါးဖြစ်ပါသည်။

**ပစ္စဝေက္ခဏာဝီထိ** [တိက္ခပညပုဂ္ဂိုလ်] န ဒ "မ ဇ ဇ ဇ ဇ" -ဘ

[မန္ဒပညပုဂ္ဂိုလ်] န ဒ "မ ဇ ဇ ဇ ဇ ဇ" -ဘ

* **ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း ၁-ပါး၊မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ပါး၊ ပေါင်း ၉-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**အပ္ပနာဇော စောပုံပြ (၃၄/၃၅/၃၆/၃၇/၃၈)**

**မဟဂ္ဂုတ်ဇော, အဘိညာဉ်ဇော စောပုံပြ**

၃၄။ အာဒိကမ္မိကဿ ပန ပဌမကပ္ပနာယံ မဟဂ္ဂတဇဝနာနိ အဘိညာဇဝနာနိ စ သဗ္ဗဒါပိ ဧကဝါရမေဝ ဇဝန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။

**မဂ်ဇောနောင် ဖိုလ်ဇောစောပုံပြ**

၃၅။ စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ၊ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။

---

(စာပိုဒ်-၃၄) **မဟဂ္ဂုတ်ဇောများစောပုံ** ။ ။ ထိုထိုစျာန်အတွက် အစဆုံး ကမ္မဋ္ဌာန်းအားထုတ်မှု၌ယှဉ်သော အာဒိကမ္မိကပုဂ္ဂိုလ်၏ ပထမဆုံးရသော အပ္ပနာ၌ မဟဂ္ဂုတ်ဇောတို့သည် တစ်ကြိမ်သာ စောပါသည်။

➤ **အဘိညာဉ်ဇော စောပုံ** ။ ။ အဘိညာဉ်ဇောတို့ကား ပထမရခါစအခါ၌ဖြစ်စေ, ဝသီဘော်ရပြီးရာ နောင်အခါ၌ဖြစ်စေ အခါခပ်သိမ်း တစ်ကြိမ်သာ စောပါသည်။ ထို့နောင် ဘဝင်ကျပါသည်။

➤ **အဘိညာဝီထိ** [**မန္ဒပညပုဂ္ဂိုလ်**] န ဒ "မ ပ ဥ နု ဂေါ ဘိ " ဘ

[**တိက္ခပညပုဂ္ဂိုလ်**] န ဒ "မ ဥ နု ဂေါ ဘိ " ဘ

* **ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ် မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော-၄၊ကုသိုလ်အဘိညာဉ်-၁၊ကြိယာအဘိညာဉ်-၁။

* **ရနိုင်သောဘုံ** = ကာမသုဂတိ ၇-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ။

* **ရနိုင်သော ဘဝင်** = ကာမတိဟိတ်ဘဝင်-၄၊ရူပဘဝင်-၅။

* **ရနိုင်သော ပုဂ္ဂိုလ်** = တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်။

(စာပိုဒ်-၃၅) **မဂ်ဇော, ဖိုလ်ဇော စောပုံ** ။ မဂ်ဇောတို့သည် တစ်ကြိမ်သာ စောပါသည်။ ထို့နောင် မန္ဒပညပုဂ္ဂိုလ်၌ ဖိုလ်ဇော ၂-ကြိမ်၊ တိက္ခပညပုဂ္ဂိုလ်၌ ဖိုလ်ဇော ၃-ကြိမ် ဆက်စောပြီး ဘဝင်ကျပါသည်။

➤ **"မဂ်ပေါက် ဖိုလ်ဝင်" ဟူသော စကားမှန်/မမှန်** ။ ။(စာပိုဒ်-၃၅) ကိုထောက်၍ မဂ်စိတ် ၁-ကြိမ် ဖြစ်ပြီးနောက် ဖိုလ်စိတ် ၂-ကြိမ် ၃-ကြိမ် ဖြစ်ရမည်ဖြစ်သောကြောင့် "မဂ်ပေါက် ဖိုလ်ဝင်" ဟူသောစကား မှန်ပါသည်။

➤ **မဂ်စိတ်ခေါ်ငြား တစ်ဖွားဖွား/မဂ်ဇောစောသည့် အချိန်ကာလ နာရီဝက်မျှ**

http://www.dhammadownload.com



**ကြာသည်–ဟူ ပြောဆိုသော စကားမှန် / မမှန်** ။ ။ စတ္တာရော ပန မဂ္ဂပ္ပဒါ ကေ စိတ္တက္ခဏိကာ-ကိုထောက်၍ မဂ်စိတ်သည် စိတ္တက္ခဏ ၁-ချက်မျှသာ ကြာသောကြောင့် မဂ်စိတ်ခေါ်ပြား တစ်ဖွားဖွား/ မဂ်ဇောစောသည့် အချိန်ကာလ နာရီဝက်မျှကြာသည် ဟု ပြောသောစကား မမှန်ပါ။

➤ **မဂ်ရပြီးသော ပုဂ္ဂိုလ်သည် ဖိုလ်ရရန်အတွက် သီးသန့်ကျင့်ရန် မလို–ဟူသော စကား မှန်/မမှန်** ။ ။ (စာပိုဒ်-၃၅) ကိုထောက်၍ မဂ်ဇောဖြစ်ပြီးနောက် ဖိုလ်ဇော များ ဆက်ပြီးစောသောကြောင့် မဂ်ရပြီးသော ပုဂ္ဂိုလ်သည် ဖိုလ်ရရန်အတွက် သီးသန့် ကျင့်ရန် မလို-ဟူသောစကား မှန်ပါသည်။

**(ပဌမဈာန) သောတာပတ္တိမဂ္ဂဝီထိ**

**[မန္ဒပညပုဂ္ဂိုလ်]** ဘ- န ဒ "မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် " ဘ

**[တိက္ခပညပုဂ္ဂိုလ်]** ဘ- န ဒ "မ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ် " ဘ

* **ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ် သောမနဿ ဉာဏသမ္ပ ယုတ်ဇော-၂၊သောတာပတ္တိမဂ်-၁၊သောတာပတ္တိဖိုလ်-၁။

* **အာရုံအားဖြင့်**= မနောဒွါရာဝဇ္ဇန်း၊ ပရိကံ, ဥပစာ, အနုလုံတိုင်အောင်သော စိတ်တို့သည် တေဘူမကသင်္ခါရကို အာရုံပြုပါသည်။ဂေါတြဘုစိတ်, မဂ်စိတ်, ဖိုလ်စိတ် တို့သည် နိဗ္ဗာန်ကို အာရုံပြုပါသည်။

* **ဘုံအားဖြင့်**= ကာမသုဂတိ ၇-ဘုံ၊သုဒ္ဓါဝါသ အသညသတ်ကြဉ် ရူပ ၁၀-ဘုံ။

* **ရနိုင်သောပုဂ္ဂိုလ်** = တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်-၁၊ သောတာပတ္တိမဂ္ဂဋ္ဌာန်-၁၊သော တာပတ္တိဖလဋ္ဌာန်-၁၊ ပေါင်း ၃-ယောက်ဖြစ်ပါသည်။

* **ရနိုင်သော ဘဝင်**= ကာမတိဟိတ်ဘဝင်-၄၊ ရူပဘဝင် ၅-ပါးတို့ဖြစ်ပါသည်။

**ပဉ္စမဈာန သောတာပတ္တိမဂ္ဂဝီထိ**

[မန္ဒပညပုဂ္ဂိုလ်] ဘ- န ဒ "မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်" ဘ

[တိက္ခပညပုဂ္ဂိုလ်] ဘ- န ဒ "မ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ်"ဘ

* **ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်ဥပေက္ခာ ဉာဏသမ္ပယုတ် ဇော-၂၊သောတာပတ္တိမဂ်-၁၊သောတာပတ္တိဖိုလ်-၁၊ ပေါင်း ၅-ပါးဖြစ်ပါသည်။

**သောတာပတ္တိမဂ္ဂဝီထိ**

[မန္ဒပညပုဂ္ဂိုလ်] ဘ-န ဒ "မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်" ဘ

[တိက္ခပညပုဂ္ဂိုလ်] ဘ- န ဒ " မ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ်" ဘ

* **ဝီထိစိတ်သရုပ်** ။ ။ မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော- ၄၊ သောတာပတ္တိမဂ်-၁၊ သောတာပတ္တိဖိုလ်-၁၊ပေါင်း ၇-ပါးဖြစ်ပါသည်။

http://www.dhammadownload.com



၃၆။ နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ၊ တတော ပရံ နိရောဓံ ဖုသတိ။

၃၇။ ဝုဋ္ဌာနကာလေ စ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ ယထာရဟ မေကဝါရံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ ဘဝင်္ဂပါတော ဝ ဟောတိ။

---

**အထက် [သကဒါဂါမိ, အနာဂါမိ, အရဟတ္တ] မဂ္ဂဝီထိ**

[မန္ဒပညပုဂ္ဂိုလ်] ဘ- န ဒ "မ ပ ဥ နု ဝေါ မဂ် ဖိုလ် ဖိုလ်" ဘ

[တိက္ခပညပုဂ္ဂိုလ်] ဘ- န ဒ "မ ဥ နု ဝေါ မဂ် ဖိုလ် ဖိုလ် ဖိုလ်" ဘ

**အမှာ** ။ ။ "ဝေါ" ကား 'ဝေါဒါန်' ဖြစ်ပါသည်။

* **ရနိုင်သောဘုံ**= သကဒါဂါမိမဂ္ဂဝီထိ, အနာဂါမိမဂ္ဂဝီထိတို့သည် ကာမသုဂတိ ၇-ဘုံ၊သုဒ္ဓါဝါသ အသညသတ်ကြဉ် ရူပ ၁၀-ဘုံ၊အရူပ ၄-ဘုံ၊ အရဟတ္တမဂ္ဂဝီထိသည် ကာမသုဂတိ ၇-ဘုံ၊ အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၊အရူပ ၄-ဘုံ။

* **ရနိုင်သော ဘဝင်**= ကာမတိဟိတ် ဘဝင်-၄၊ မဟဂ္ဂုတ်ဘဝင်-၉။

* **ရနိုင်သော ပုဂ္ဂိုလ်**= သကဒါဂါမိမဂ္ဂဝီထိသည်=သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်, သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်,သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၌ ရနိုင်ပါသည်။

အနာဂါမိမဂ္ဂဝီထိ-သည် သကဒါဂါမိဖလဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန်, အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၌ ရနိုင်ပါသည်။ အရဟတ္တမဂ္ဂဝီထိ-သည် အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၌ ရနိုင်ပါသည်။

**(စာပိုဒ်-၃၆/၃၇) နိရောဓသမာပတ္တိဝီထိ-၌ အပ္ပနာဇောများ ဇောပုံ**

နိရောဓသမာပတ်ဝင်စားခါနီး၌ စတုတ္ထ အာရုပ္ပဈာန် နေဝသညာ နာသညာယတန ကုသိုလ်, ကြိယာဇော ၂-ကြိမ်ဇောပါသည်။ [အနာဂါမ်ဖြစ်လျှင် ကုသိုလ်ဇော၊ ရဟန္တာ ဖြစ်လျှင် ကြိယာဇော ဇောပါသည်။] ထို့နောင် စိတ်, စေတသိက်, စိတ္တဇရုပ်များ ချုပ်သွားပါသည်။

[ **နိရောဓသမာပတ်မှ ထသောအခါ ဇောသောဇောနှင့် အကြိမ်**] နိရောဓ သမာပတ်မှ ထသောအခါ၌လည်း အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော ၁-ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇော ၁-ကြိမ်သာ ဇောပြီးနောက် ချုပ်သောအခါ ဘဝင်ကျပါသည်။

➤ **နိရောဓသမာပတ္တိကာလေ-အရ** ။ ။ နိရောဓသမာပတ် ဝင်စားဆဲကာလကို မယူရ၊ ဝင်စားခါနီးကာလကိုသာ ယူရပါမည်။

http://www.dhammadownload.com



(ဇာပိုဒ်–၃၇) **နိရောဓသမာပတ်ဝင်စားနိုင်သော ပုဂ္ဂိုလ်** ॥ ॥ (ကာမဘုံ, ရူပဘုံ၌တည်သော သမာပတ် ၈-ပါးကိုရပြီးသော) အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ပါသည်။

➢ နိရောဓသမာပတ် ဝင်စားနိုင်သည့်အင်္ဂါရပ်များ ॥ ॥ ၁။ ကာမဘုံ, ရူပဘုံ၌ တည်ရှိခြင်း၊ ၂။ သမာပတ် ၈-ပါးကို ရရှိပြီးခြင်း၊ ၃။ အနာဂါမ်, ရဟန္တာဖြစ်ခြင်း။

➢ **နိရောဓသမာပတ္တိ ဝင်စားနေစဉ်– ချုပ်နေသော တရား** = စိတ်, စေတသိက် စိတ္တဇရုပ်တို့ ဖြစ်ပါသည်။

➢ **ဖြစ်နေသောတရား** ॥ ॥ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ ဖြစ်ပါသည်။

➢ **နိရောဓသမာပတ် မဝင်စားမီ ရှေ့အဖို့၌ စောသော ဇော /နိရောဓသမာပတ် ဝင်စားခါနီးအခါ စောသောဇော** ॥ ॥ နေဝသညာ နာသညာယတန ကုသိုလ်, ကြိယာဇော၊ [စောသောအကြိမ် ၂-ကြိမ်]

➢ **နိရောဓသမာပတ်မှ ထသောအခါ စောသောဇော** ॥ ॥ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော တို့ဖြစ်ပါသည်။ [စောသော အကြိမ် ၁-ကြိမ်]

➢ **နိရောဓသမာပတ်၏ ရှေ့အဖို့/နောက်အဖို့တို့၌ အနီးကပ်ဆုံး ဖြစ်နိုင်ခွင့်ရှိသော စိတ်တို့ကို ပုဂ္ဂိုလ်အလိုက်ခွဲပုံ** ॥ ॥ အနာဂါမ်ပုဂ္ဂိုလ်အား နိရောဓသမာပတ်၏ ရှေ့အဖို့၌ နေဝသညာ နာသညာယတနကုသိုလ်စျာန်ဇော ၂-ကြိမ် ဖြစ်ပါသည်။

နိရောဓသမာပတ်၏ နောက်အဖို့၌ အနာဂါမိဖိုလ်ဇောစိတ် ၁-ကြိမ် ဖြစ်ပါသည်။

* ရဟန္တာပုဂ္ဂိုလ်အား နိရောဓသမာပတ်၏ ရှေ့အဖို့၌ နေဝသညာ နာသညာယတနကြိယာစျာန်ဇော ၂-ကြိမ် ဖြစ်ပါသည်။

နိရောဓသမာပတ်၏ နောက်အဖို့၌ အရဟတ္တဖိုလ်ဇောစိတ် ၁-ကြိမ် ဖြစ်ပါသည်။

➢ **အနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ**

[မန္ဒပုဂ္ဂိုလ်] ဘ-န ဒ "မ ပ ဥ နု ဂေါ စျာန် စျာန် (နိရောဓ) ဖိုလ်" ဘ

[တိက္ခပုဂ္ဂိုလ်] ဘ- န ဒ "မ ဥ နု ဂေါ စျာန် စျာန် (နိရောဓ) ဖိုလ်" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော-၂၊နေဝသညာနာသညာယတနကုသိုလ်ဇော-၁၊အနာဂါမိဖိုလ်ဇော-၁။

➢ **ဆိုရိုး** ॥ ॥ မန္ဒပညဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိဖြစ်ပန်ကား- ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု, နေဝသညာနာသညာယတန ကုသိုလ်စျာန်ဇော ၂-ကြိမ်ဖြစ်ပြီးနောက် စိတ် စေတသိက်, စိတ္တဇရုပ်များ ချုပ်ခြင်းသို့ရောက်ပါသည်။ နိရောဓသမာပတ်မှ ထသော အခါ၌လည်း အနာဂါမိဖိုလ်ဇော ၁-ကြိမ်စောပြီးနောက် ချုပ်သောအခါ ဘဝင်ကျပါသည်။

http://www.dhammadownload.com



၃၈။ သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ ဘဝင်္ဂသောတော ဝိယ ဝီထိနိယမော နတ္ထီတိ ကတွာ ဗဟူနိပိ လဗ္ဘန္တီတိ။

**ဇောဖြစ်ပုံပြ သင်္ဂဟဂါထာ**

၃၉။ သတ္တက္ခတ္တုံ ပရိတ္တာနိ၊ မဂ္ဂါဘိညာ သကိံ မတာ။
အဝသေသာနိ လဗ္ဘန္တိ၊ ဇဝနာနိ ဗဟူနိပိ။
အယမေတ္ထ ဇဝနနိယမော။

---

**ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ**

[မန္ဒပုဂ္ဂိုလ်] ဘ-န ဒ "မ ပ ဥ နု ဂေါ ဈာန် ဈာန် (နိရောဓ) ဖိုလ်" ဘ

[တိက္ခပုဂ္ဂိုလ်] ဘ- န ဒ "မ ဥ နု ဂေါ ဈာန် ဈာန် (နိရောဓ) ဖိုလ်" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း၊မဟာကြိယာဥပေက္ခာ ဉာဏသမ္ပယုတ်ဇော-၂၊နေဝသညာနာသညာယတနကြိယာဇော-၁၊အရဟတ္တဖိုလ်ဇော-၁။

➤ **ဆိုရိုး** ॥ ॥ မန္ဒပညဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိဖြစ်ဟန်ကား- ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, နေဝသညာနာသညာယတန ကြိယာဈာန်ဇော ၂-ကြိမ်ဖြစ်ပြီးနောက် စိတ်စေတသိက်, စိတ္တဇရုပ်များ ချုပ်ခြင်းသို့ရောက်ပါသည်။ နိရောဓသမာပတ်မှ ထသောအခါ၌လည်း အရဟတ္တဖိုလ်ဇော ၁-ကြိမ်ဇောပြီးနောက် ချုပ်သောအခါ ဘဝင်ကျပါသည်။

* **ရနိုင်သောဘုံ** = ကာမသုဂတိ ၇-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ။

* **ရနိုင်သော ပုဂ္ဂိုလ်** = အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

* **ရနိုင်သော ဘဝင်** = ကာမတိဟိတ်ဘဝင်-၄၊ ရူပဘဝင် ၅-ပါး ဖြစ်ပါသည်။

**(ဓာပိုဒ်-၃၈) ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိ-၌ အပ္ပနာဇောများစေ့ာပုံ**

ဘဝင်ကျနေသည့်အခါ အစဉ်မပြတ် တရစပ်ဖြစ်နေသော ဘဝင်အလျဉ်ကို အကြိမ်ပေါင်း မည်ရွေ့မည်မျှ ဖြစ်နေသည်ဟု သတ်မှတ်၍ မရနိုင်သကဲ့သို့ ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိ၌လည်း အပ္ပနာဇောများ မည်ရွေ့မည်မျှ ဖြစ်နေသည်ဟု သတ်မှတ်၍ မရနိုင်ပါ။ ထို့ကြောင့် အကြိမ်ပေါင်းမြောက်များစွာ ဇောနိုင်ပါသည်။

➤ **သမာပတ္တိဝီထိယံ-၌ သမာပတ္တိ-အရ** ॥ ॥ ဈာနသမာပတ္တိ, ဖလသမာပတ္တိဝီထိတို့ကို ယူရပါမည်။

➤ **ဈာန်သမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်** ॥ ॥ ဈာနလာဘီ တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက် ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ဖလသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်** ॥ ॥ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်။

➤ **ဈာနသမာပတ္တိဝီထိ**

[မန္ဒပုဂ္ဂိုလ်] ဘ- န ဒ "မ ပ ဥ နု ဂေါ ဈာန်-အကြိမ်များစွာ" ဘ

[တိက္ခပုဂ္ဂိုလ်] ဘ- န ဒ "မ ဥ နု ဂေါ ဈာန်-အကြိမ်များစွာ" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် ဇော-၈၊ မဟဂ္ဂုတ်ကုသိုလ်ဇော-၉၊မဟဂ္ဂုတ်ကြိယာဇော-၉-ပါးတို့ဖြစ်ပါသည်။

* **အာရုံအားဖြင့်**= ဝီထိစိတ်တို့သည် ကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကို အာရုံ

**ဖလသမာပတ္တိဝီထိ**

[မန္ဒပုဂ္ဂိုလ်] ဘ- န ဒ "မ နု နု နု နု ဖိုလ်-အကြိမ်များစွာ" ဘ

[တိက္ခပုဂ္ဂိုလ်] ဘ- န ဒ "မ နု နု နု ဖိုလ်-အကြိမ်များစွာ" ဘ

* **ဝီထိစိတ်သရုပ်** ॥ ॥ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် ဇော-၈၊ ဖိုလ်ဇော-၄ ပါးတို့ဖြစ်ပါသည်။

* **အာရုံအားဖြင့်**= မနောဒွါရာဝဇ္ဇန်း အနုလုံစိတ်တို့သည် တေဘူမကသင်္ခါရကို အာရုံပြုပါသည်။ ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြုပါသည်။

(စာပိုဒ်-၃၉) **အဝသေသာနိ လဗ္ဘန္တိ-၌ အဝသေသ အပါဒါန်ကား** ॥ ॥ ကာမဇော, မဂ်ဇော, အဘိညာဉ်ဇောတို့ ဖြစ်ပါသည်။

➤ **အဝသေသ-အရကား** ॥ ॥ ကြွင်းသော ဈာန်ဇော, ဖိုလ်ဇောတို့ ဖြစ်ပါသည်။

➤ **မဂ္ဂါဘိညာ သကိံ မတာ-၏ အကျယ်စုဏ္ဏိယပါဌ်** ॥ ॥ အဘိညာဇဝနာနိစ သဗ္ဗဒါပိ ဧကဝါရမေဝ ဇဝန္တိ။ စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ။

➤ **တစ်ကြိမ်သာ ဇော၍ အကြိမ်များစွာ မဇောသောဇော** ॥ ॥ အာဒိကမ္မိက မဟဂ္ဂုတ်ဈာန်ဇော, အဘိညာဉ်ဇော, မဂ်ဇောတို့ ဖြစ်ပါသည်။

➤ **အကြိမ်များစွာ ဇော၍ တစ်ကြိမ် မဇောသောဇော** ॥ ॥ ဈာနသမာပတ္တိ, ဖလသမာပတ္တိဝီထိတို့၌ ဈာန်ဇော, ဖိုလ်ဇောများ ဖြစ်ပါသည်။

➤ **တစ်ကြိမ်လည်း မဇော အကြိမ်များစွာလည်း မဇောသောဇော** ॥ ॥ ကာမဇော, အောက်ဖိုလ်ဇောများ ဖြစ်ပါသည်။

➤ **တစ်ကြိမ်လည်းဇော အကြိမ်များစွာလည်း ဇောသောဇော** ॥ ॥ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇောတို့ ဖြစ်ပါသည်။

➤ **၁-ကြိမ်သာဇောသော ဇောများ** ॥ ॥ အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေးဦးစွာရသော အမွှနာ၌ မဟဂ္ဂုတ်ဇော, အဘိညာဉ်ဇော, မဂ်ဇော၊ နိရောဓသမာပတ်မှ ထရာအခါ၌ အနာဂါမိ ဖိုလ်ဇော၊ အရဟတ္တဖိုလ်ဇောများ ဖြစ်ပါသည်။(စာပိုဒ်-၃၄/၃၅/၃၇)

http://www.dhammadownload.com



## ပုဂ္ဂလဘေဒ

### ဒွိဟိတ်, အဟိတ်ပုဂ္ဂိုလ် မရသောစိတ်ပြ (၄၀/၄၁/၄၂)

### ဒွိဟိတ်, အဟိတ်ပုဂ္ဂိုလ်များ မရနိုင်သော ဇောပြပါဠိ (၄၀)

၄၀။ ဒုဟေတုကာနမဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိစ န လဗ္ဘန္တိ။

➤ **၂-ကြိမ်စောသော ဇောများ** ။ ။ မဂ်ဇောနောင် ဖိုလ်ဇော၊ နိရောဓသမာပတ်ဝင်စားခါနီး အခါ၌ နေဝသညာနာသညာယတန ကုသိုလ်ဇော, ကြိယာဇောများ ဖြစ်ပါသည်။ (စာပိုဒ်-၃၅/၃၆)တို့ကိုထောက်။

➤ **၃- ကြိမ်စောသော ဇော** ။ ။ ဥပစာရသမာဓိဇော, မဂ်ဇောနောင် ဖိုလ်ဇောတို့ဖြစ်ပါသည်။ (စာပိုဒ်-၃၃/၃၅) ကိုထောက်။

➤ **၄-ကြိမ်စောသော ဇော** ။ ။ မြတ်စွာဘုရား၏ ယမိုက်ပြဋ္ဌိဟာကို ပြရာကာလစသည်တို့၌ ပစ္စဝေက္ခဏာဇော ဖြစ်ပါသည်။ ➤ **၅-ကြိမ် စောသော ဇော** ။ ။ သေခါနီးကာလ စသည်တို့၌ ကာမာဝစရဇော။ မြတ်စွာဘုရား၏ ယမိုက်ပြဋ္ဌိဟာကို ပြရာကာလစသည်တို့၌ ပစ္စဝေက္ခဏာဇောတို့ ဖြစ်ပါသည်။(စာပိုဒ်-၃၂/၃၃)ထောက်။

➤ **၆-ကြိမ် ၇- ကြိမ် စောသော ဇော** ။ ။ ပကတိရိုးရာအခါ၌ ကာမာဝစရဇော

➤ **အကြိမ်များစွာ စောသော ဇော** ။ ။ ဈာနသမာပတ္တိ ဖလသမာပတ္တိဝီထိ၌ မဟဂ္ဂုတ်ဇော၊ လောကုတ္တရာဇောတို့ ဖြစ်ပါသည်။(စာပိုဒ်-၃၈)ကိုထောက်။

➤ **ပုဂ္ဂိုလ် ၁၂-ယောက်ကား** ။ ။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၊ သုဂတိအဟိတ် ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့ ဖြစ်ပါသည်။ ➤ **အရိယာပုဂ္ဂိုလ် ၈-ယောက်ကား** ။ ။ သောတာပတ္တိမဂ္ဂဋ္ဌာန်, သောတာပတ္တိဖလဋ္ဌာန်(သောတာပန်) သကဒါဂါမိမဂ္ဂဋ္ဌာန်, သကဒါဂါမိဖလဋ္ဌာန်(သကဒါဂါမ်) အနာဂါမိမဂ္ဂဋ္ဌာန်, အနာဂါမိဖလဋ္ဌာန်(အနာဂါမ်) အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် (ရဟန္တာ)တို့ ဖြစ်ပါသည်။

(**စာပိုဒ်-၄၀) ဒွိဟိတ်ပုဂ္ဂိုလ်, အဟိတ်ပုဂ္ဂိုလ်**တို့ သန္တာန်၌ ကြိယာဇော(ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကြိယာဇော ၈-ပါး) အပ္ပနာဇော ၂၆-ပါးတို့ မရနိုင်ပါ။

➤ **ကိရိယဇဝနာနိစေဝ-၌ ယူရမည့် ကြိယာဇော**= (အပ္ပနာဇဝနာနိ-အရ မဟဂ္ဂုတ်ကြိယာ အပ္ပနာဇော ၉-ပါးကို သီးခြားယူလတ့်ဖြစ်သောကြောင့်) ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကြိယာဇော ၈-ပါးတို့ကိုသာ ယူရပါမည်။ ➤ မယူသင့်သော ကြိယာဇောကား= မဟဂ္ဂုတ်ကြိယာဇော ၉-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



၄၁။ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ။
၄၂။ ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ န လဗ္ဘန္တိ။

➤ **ဈာန်မဂ်ဖိုလ် မရနိုင်သော ပုဂ္ဂိုလ်များ** ။ ။ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ဟူသော အဟိတ်ပုဂ္ဂိုလ် ၂-ယောက်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့သန္တာန်၌ အပ္ပနာဇောများ မဖြစ်နိုင်သောကြောင့်--ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ဟူသော အဟိတ်ပုဂ္ဂိုလ် ၂-ယောက်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ (စာပိုဒ်-၄၀) ကိုထောက်။

➤ **အသညသတ်ဖြဟ္မာကြီးသည် အရိယာဖြစ်နိုင်/မဖြစ်နိုင်** ။ ။ အသညသတ်ဗြဟ္မာကြီးသည် အဟိတ်ပုဂ္ဂိုလ်ဖြစ်၍ ကြိယာဇော, အပ္ပနာဇော-တို့ကို မရနိုင်သောကြောင့် အရိယာ မဖြစ်နိုင်ပါ။ (စာပိုဒ်-၄၀-ကိုထောက်)

➤ **ငှက်တို့သည် ကောင်းကင်၌ လေဟုန်စီးကာ ဖျံခနိုင်ကြသဖြင့် ပဉ္စမဈာန် ရနေသည်ဟုဆိုက သင့်/မသင့်** ။ ။ [ငှက်တို့သန္တာန်၌ ကြိယာဇောများ အပ္ပနာဇောများ မရနိုင်သောကြောင့်] မသင့်ပါ။ (စာပိုဒ်-၄၀-ကိုထောက်)

➤ **အငြိမ် မနေသော မျောက်တစ်ကောင်အား စိတ်ငြိမ်ဆေးကျွေး၍ တရားအားထုတ်ခိုင်းပါက မဂ်ဖိုလ် ရနိုင်/မရနိုင်** ။ ။ ဒွိဟိတ်ပုဂ္ဂိုလ် အဟိတ်ပုဂ္ဂိုလ်တို့သန္တာန်၌ ကြိယာဇောများ အပ္ပနာဇောများ မရနိုင်သောကြောင့် --မဂ်ဖိုလ် မရနိုင်ပါ။(၄၀)

(စာပိုဒ်-၄၁) **သုဂတိအဟိတ်ပုဂ္ဂိုလ်သန္တာန်၌** ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကြိယာဇော ၈-ပါးအားဖြင့် ကြိယာဇော ၉-ပါး၊အပ္ပနာဇော ၂၆-ပါး၊မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ပါး-တို့ မရနိုင်ပါ။ (၄၀/၄၁-ကြည့်)

➤ **ဉာဏသမ္ပယုတ္တဝိပါကာနိစ--၌ စသဒ္ဒါဖြင့် ဆည်းယူရမည့်ဇောများကား** ဟသိတုပ္ပါဒ်ဇော ၁-ပါး၊မဟာကြိယာဇော ၈-ပါး၊ အပ္ပနာဇော ၂၆-ပါး +၃၅။

(စာပိုဒ်-၄၂) **ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သန္တာန်၌** ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကြိယာဇော ၈-ပါးအားဖြင့် ကြိယာဇော ၉-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊အပ္ပနာဇော ၂၆-ပါး - တို့ မရနိုင်ပါ။(၄၀/၄၁/၄၂)

➤ **ဉာဏဝိပ္ပယုတ္တာနိစ--၌ စသဒ္ဒါဖြင့် ဆည်းယူရမည့်စိတ်** ။ ။ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပ္ပနာဇော ၂၆-ပါး၊ ပေါင်း ၃၉-ပါး ဖြစ်ပါသည်။

➤ **ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်** [အပါယ်ဘုံသား ဆင်, မြင်းစသည်] **၌ မရနိုင်သော ဝိထိစိတ်များကား** ။ ။ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၄၃-ပါး မရနိုင်ပါ။(၄၀/၄၁/၄၂-တို့ကိုထောက်)

http://www.dhammadownload.com



**ရဟန္တာပုဂ္ဂိုလ် မရနိုင်သော စောစိတ်ပြ**

၄၃။ တိဟေတုကေသု စ ခီဏာသဝါနံ ကုသလာကုသလဇဝနာနိ န လဗ္ဘန္တိ။

**ပုထုဇဉ် သေက္ခ မရသောစိတ်ပြ**

၄၄။ တထာ သေက္ခပုထုဇ္ဇနာနံ ကိရိယဇဝနာနိ။

၄၅။ ဒိဋ္ဌိဂတသမ္ပယုတ္တ ဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာနံ။

**အနာဂါမ် မရသောစိတ်**

၄၆။ အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ န လဗ္ဘန္တိ။

**အရိယာပုဂ္ဂိုလ်သာ ရသောစိတ်**

၄၇။ လောကုတ္တရဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တီတိ

---

➤ **ဒွိဟိတ်ပုဂ္ဂိုလ် သုဂတိအဟိတ်ပုထုဇဉ်** (လူစဉ်မမှီ လူသား) **၌ မရနိုင်သော စိတ်များ** ။ ။ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊မဟာကြိယာစိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ (မဟဂ္ဂုတ်ဝိပါက် ၉-ပါး) မဟဂ္ဂုတ်ကြိယာ ၉-ပါး၊လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၃၉-ပါး/၄၈-ပါး မရနိုင်ပါ။ (၄၀/၄၁)

**အမှာ** ။ ။ **ဝီထိစိတ်**-ဟု မေးပါက "မဟဂ္ဂုတ်ဝိပါက် ၉-ပါး" ကို ချန်ထားပါ။

**(စာပိုဒ်-၄၃) ရဟန္တာပုဂ္ဂိုလ်၌ မရနိုင်သော ဝီထိစိတ်များ** ။ ။ အကုသိုလ်စိတ် ၁၂-ပါး မဟာကုသိုလ်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊(မဟဂ္ဂုတ်ဝိပါက် ၉-ပါး)ပေါင်း ၃၆/၄၅-ပါး မရနိုင်။(၄၃/၄၇)

**(စာပိုဒ်-၄၄) တထာ သေက္ခပုထုဇ္ဇနာနံ-၌ သေက္ခ-အရ** ။ ။ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်ကို ယူရပါမည်။ (၃၅/၄၇-ကိုထောက်)

➤ **ပုထုဇ္ဇန-အရ** ။ ။ တိဟိတ်ပုထုဇဉ်ကို ယူရပါမည်။ (၄၀/၄၁/၄၂/၄၃)

➤ **ကိရိယဇဝနာနိ-အရ** ။ ။ ကြိယာဇော ၁၈-ပါးကို ယူရပါမည်။

➤ **တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ မရနိုင်သော စိတ်များ** ။ ။ ဟသိတုပ္ပါဒ်စိတ် ၁-ပါး မဟာကြိယာစိတ် ၈-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ (မဟဂ္ဂုတ်ဝိပါက် ၉-ပါး) လောကုတ္တရာစိတ် ၈-ပါး ပေါင်း ၂၆/၃၅-ပါး မရနိုင်ပါ။ (၄၄/၄၇-ထောက်)

➤ **ပုထုဇဉ်သန္တာန်၌ဖြစ်သော ကြိယာစိတ်**- ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း စိတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



(စာပိုဒ်-၄၅) **ဝိစိကိစ္ဆာဇဝနနိစ-၌ စသဒ္ဒါဖြင့် ငင်ယူအပ်သော ဇောများ** ကြိယာဇော ၁၈-ပါး ဖြစ်ပါသည်။

➤ **သောတာပန်ပုဂ္ဂိုလ်၌ မရနိုင်သော ဝီထိစိတ်များကား** ။ ။ ကြိယာဇော ၁၈-ပါး၊ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊သောတာပတ္တိဖိုလ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း(၃၀) မရနိုင်ပါ။ (၄၄/၄၅/၄၇)တို့ကိုထောက်။

➤ **သကဒါဂါမ်ပုဂ္ဂိုလ်၌ မရနိုင်သော ဝီထိစိတ်များကား** ။ ။ ကြိယာဇော ၁၈-ပါး၊ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊သကဒါဂါမိဖိုလ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း(၃၀) မရနိုင်ပါ။ (၄၄/၄၅/၄၇)တို့ကိုထောက်။

➤ **အရိယာပုဂ္ဂိုလ်မှန်သမျှ မဖြစ်နိုင်သော အကုသိုလ်စိတ်** ။ ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ (စာပိုဒ်-၄၅-နှင့် ကမ္မဋ္ဌာန်းစာပိုဒ်-၆၈)

(စာပိုဒ်-၄၆) **ပဋိဃဇဝနနိစ-၌ စသဒ္ဒါဖြင့် ငင်ယူအပ်သော ဇော** ။ ။ ကြိယာဇော ၁၈-ပါး၊ ဒိဋ္ဌိဂတသမ္ပယုတ်ဇော ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်ဇော ၄-ပါး။

➤ **အနာဂါမ်ပုဂ္ဂိုလ်တို့အား စိတ်ဆိုး အမျက်ထွက်ခြင်း ရှိ/မရှိ** ။ ။ အနာဂါမ်ပုဂ္ဂိုလ်တို့သန္တာန်၌ ဒေါသမူဇောများ မရနိုင်သောကြောင့် စိတ်ဆိုး အမျက်ထွက်ခြင်း မရှိပါ။ (စာပိုဒ်-၄၆-ကိုထောက်)

➤ **အနာဂါမ်ပုဂ္ဂိုလ်တို့၏သန္တာန်၌ ကြောက်ခြင်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်းများ ရှိနိုင်/မရှိနိုင်** ။ ။ (စာပိုဒ်-၄၆-ကိုထောက်၍) မရှိနိုင်ပါ။

➤ **အနာဂါမ်ပုဂ္ဂိုလ်၌ မရနိုင်သော ဝီထိစိတ်များကား** ။ ။ ကြိယာဇော ၁၈-ပါး၊ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ဒေါသမူစိတ် ၂-ပါး၊ အနာဂါမိဖိုလ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း(၃၂) မရနိုင်ပါ။ (၄၄/၄၅/၄၆/၄၇) တို့ကိုထောက်။

➤ **စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမရှိသော ပုဂ္ဂိုလ်များ** ။ ။ဒေါသကိုပယ်ပြီးသော အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ပါသည်။(စာပိုဒ်-၄၃/၄၆)တို့ကိုထောက်။

➤ **ဝိပါကာဝရဏ**(အပ္ပနာကို တားမြစ်တတ်သော ဝိပါက်) စိတ်= ဥပေက္ခာ သန္တီရဏ ၂-ပါး၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ပါးတို့ ဖြစ်ပါသည်။

➤ **အရိယာဝေဏိက** (အရိယာတို့၏ သီးခြား)စိတ် ။ ။ ကြိယာဇော ၁၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါးတို့ ဖြစ်ပါသည်။➤ **ခီဏာသဝါဝေဏိက** (ရဟန္တာတို့၏သီးခြား) စိတ်= ကြိယာဇော ၁၈-ပါး၊ အရ ဟတ္တဖိုလ်စိတ် ၁-ပါးတို့ ဖြစ်ပါသည်။

➤ **မဟာလူသား အရိယာပုဂ္ဂိုလ်များသာ အသီးသီးကိုယ်ပိုင်ရထိုက်သော ဇောစိတ်များကား** ။ ။ လောကုတ္တရာစိတ် ၈-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၄၇-ထောက်)

http://www.dhammadownload.com



➤ **ပုထုဇဉ် သန္တာန်၌သာ ရနိုင်သောစိတ် (ပုထုဇ္ဇနာဝေဏိကစိတ်)** = ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး ပေါင်း ၅-ပါး ဖြစ်ပါသည်။

➤ **ပုထုဇဉ်သန္တာန်၌သာ ဇောနိုင်ခွင့်ရှိသောဇော** ။ ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ပေါင်း ၅-ပါးဖြစ်ပါသည်။

➤ **သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဇောနိုင်ခွင့်ရှိသောဇော** [သေက္ခာဝေဏိကစိတ်] ။ ။ အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာဇော ၇-ပါးဖြစ်ပါသည်။

➤ (ဘုရား) **ရဟန္တာတို့၏သန္တာန်၌သာ ဇောနိုင်ခွင့်ရှိသောဇော**[အသေက္ခာဝေဏိကစိတ်] ။ ။ ကြိယာဇော ၁၈-ပါး၊ အရဟတ္တဖိုလ်ဇော ၁-ပါး၊ပေါင်း ၁၉-ပါး။

**အမှာ** ( ) ဤအမှတ်ပြစိတ်များကို "ဝီထိစိတ်"ဟု မေးပါက ချန်လှပ်၍ ထားပါ။

➤ **ဘုရားအလောင်း ဆန္ဒန်ဆင်မင်းသန္တာန်၌ ရနိုင်သော ဝီထိစိတ်များ**

➤ **ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ် [အပါယ်ဘုံသား-ဆင်, မြင်းစသည်]သန္တာန်၌ ရနိုင်သော ဝီထိစိတ်များကား** = အကုသိုလ်-၁၂၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်-၁၇၊ မဟာကုသိုလ်-၈၊ ပေါင်း ၃၇-ပါး ဖြစ်ပါသည်။(စာပိုဒ်-၄၀/၄၁/၄၂)တို့ကိုထောက်။

➤ [သမာနဝါဒ] **သုဂတိအဟိတ်, ဒွိဟိတ် ပုထုဇဉ်** = အကုသိုလ်-၁၂၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ်-၁၇၊ မဟာကုသိုလ်စိတ်-၈၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်-၄၊ ပေါင်း ၄၁-ပါး ဖြစ်ပါသည်။ (စာပိုဒ် ၄၀/၄၁)တို့ကိုထောက်။

➤ [**ကေစိဆရာတို့အလို**] သုဂတိအဟိတ်၊ ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ ရနိုင်သော ဝီထိစိတ်များ ။ ။ အကုသိုလ်-၁၂၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်-၁၇၊ မဟာကုသိုလ်-၈၊ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၄၅-ပါး ဖြစ်ပါသည်။

➤ **ဈာန်မရ ကာမတိဟိတ်ပုထုဇဉ်** = အကုသိုလ်-၁၂၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ် ၁၇၊ မဟာကုသိုလ်-၈၊ မဟာဝိပါက်-၈၊ ပေါင်း ၄၅-ပါး ဖြစ်ပါသည်။

➤ **ဈာန်ရ ကာမတိဟိတ် ပုထုဇဉ် /တိဟိတ်ပုထုဇဉ်**= အကုသိုလ်-၁၂၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ် -၁၇၊ မဟာကုသိုလ်-၈၊မဟာဝိပါက်-၈၊မဟဂ္ဂုတ်ကုသိုလ်-၉၊ ပေါင်း ၅၄-ပါး ဖြစ်ပါသည်။(စာပိုဒ် ၄၄/၄၇)တို့ကိုထောက်။

➤ **ရူပ တိဟိတ်ပုထုဇဉ်** = လောဘမူ-၈၊မောဟမူ-၂၊စက္ခုဝိညာဉ်ဒွေး၊သောတဝိညာဉ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏ ၃-ခု၊အာဝဇ္ဇန်းဒွေး၊မဟာကုသိုလ်-၈၊မဟဂ္ဂုတ်ကုသိုလ် -၉၊ (ရူပဝိပါက်-၅) ပေါင်း ၃၈/၄၃။

➤ **အရူပ တိဟိတ်ပုထုဇဉ်** = လောဘမူ-၈၊မောဟမူ-၂၊မနောဒွါရာဝဇ္ဇန်း-၁၊မဟာကုသိုလ်-၈၊အရူပကုသိုလ်-၄၊ (အရူပဝိပါက်-၄) ပေါင်း ၂၃/၂၇-ပါး။

➤ **ဈာန်မရ ကာမသောတာပန်** = ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါး၊ ဒေါသမူ-၂၊ ဥဒ္ဓစ္စ

http://www.dhammadownload.com



သဟဂုတ်-၁၊ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ်-၁၇၊ မဟာကုသိုလ်-၈၊မဟာဝိပါက်-၈၊ သောတာပတ္တိဖိုလ်-၁၊ ပေါင်း ၄၁-ပါး ဖြစ်ပါသည်။(စာပိုဒ်-၄၄/၄၅/၄၇)ထောက်

➤ **သောတာပန်/ချာန်ရ ကာမသောတာပန်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ ဒေါသမူ-၂ ဥဒ္ဓစ္စသဟဂုတ်-၁၊ဟသိတုပ္ပါဒ်ကြဉ် အဟိတ်-၁၇၊ မဟာကုသိုလ်-၈၊မဟာဝိပါက်-၈၊ မဟဂ္ဂုတ်ကုသိုလ်-၉၊သောတာပတ္တိဖိုလ်-၁၊ပေါင်း ၅၀-ဖြစ်ပါသည်။(၄၄/၄၅/၄၇)

➤ **ရူပသောတာပန်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊စက္ခုဝိညာဉ်ခွေး၊ သောတဝိညာဉ်ခွေး၊သမ္ပဋိစ္ဆိုင်း-၂၊သန္တီရဏ-၃၊ အာဝဇ္ဇန်းခွေး၊မဟာကုသိုလ်-၈၊မဟဂ္ဂုတ် ကုသိုလ်-၉၊ (ရူပဝိပါက်-၅) သောတာပတ္တိဖိုလ်-၁၊ ပေါင်း ၃၄/ ၃၉-ပါး။

➤ **အရူပသောတာပန်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်-၈၊အရူပကုသိုလ်-၄၊ (အရူပဝိပါက်-၄) သောတာပတ္တိဖိုလ်-၁ +၁၉/၂၃

➤ **ချာန်မရ ကာမသကဒါဂါမ်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ ဒေါသမူ-၂ ဥဒ္ဓစ္စသဟဂုတ်-၁၊ဟသိတုပ္ပါဒ်ကြဉ် အဟိတ်-၁၇၊ မဟာကုသိုလ်-၈၊မဟာဝိပါက်-၈၊သကဒါဂါမိဖိုလ်-၁၊ ပေါင်း ၄၁-ပါး ဖြစ်ပါသည်။(၄၄/၄၅/၄၇-ထောက်)

➤ **သကဒါဂါမ်/ချာန်ရ ကာမသကဒါဂါမ်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ ဒေါသမူ-၂ ဥဒ္ဓစ္စသဟဂုတ်-၁၊ဟသိတုပ္ပါဒ်ကြဉ် အဟိတ်-၁၇၊ မဟာကုသိုလ်-၈၊မဟာဝိပါက်-၈၊ မဟဂ္ဂုတ်ကုသိုလ် -၉၊သကဒါဂါမိဖိုလ်-၁၊ ပေါင်း ၅၀-ပါး။(၄၄/၄၅/၄၇)ထောက်။

➤ **ရူပသကဒါဂါမ်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊စက္ခုဝိညာဉ်ခွေး၊ သောတဝိညာဉ်ခွေး၊သမ္ပဋိစ္ဆိုင်းခွေး၊သန္တီရဏ-၃၊အာဝဇ္ဇန်း-၂၊မဟာကုသိုလ်-၈၊မဟဂ္ဂုတ် ကုသိုလ် -၉၊ (ရူပဝိပါက်-၅) သကဒါဂါမိဖိုလ်-၁၊ ပေါင်း ၃၄/၃၉ ပါး။

➤ **အရူပသကဒါဂါမ်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်-၈၊အရူပကုသိုလ်-၄၊ (အရူပဝိပါက်-၄) သကဒါဂါမိဖိုလ်-၁ + ၁၉/၂၃။

➤ **ချာန်မရ ကာမ အနာဂါမ်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ်-၁၇၊ မဟာကုသိုလ်-၈၊မဟာဝိပါက်-၈၊အနာဂါမိဖိုလ်-၁ +၃၉-ပါး။(စာပိုဒ် ၄၄/၄၅/၄၆/၄၇)တို့ကိုထောက်။

➤ **အနာဂါမ်/ချာန်ရ ကာမ အနာဂါမ်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊ဟသိတုပ္ပါဒ်ကြဉ် အဟိတ်-၁၇၊ မဟာကုသိုလ်-၈၊မဟာဝိပါက်-၈၊မဟဂ္ဂုတ်ကုသိုလ်-၉၊အနာဂါမိဖိုလ်-၁၊ ပေါင်း ၄၈-ပါး။(စာပိုဒ် ၄၄/၄၅/၄၆/၄၇)တို့ကိုထောက်။

➤ **ရူပ အနာဂါမ်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊စက္ခုဝိညာဉ်ခွေး၊ သောတဝိညာဉ်ခွေး၊သမ္ပဋိစ္ဆိုင်းခွေး၊သန္တီရဏ-၃၊အာဝဇ္ဇန်းခွေး၊မဟာကုသိုလ်-၈၊မဟဂ္ဂုတ် ကုသိုလ် -၉၊ (ရူပဝိပါက်-၅) အနာဂါမိဖိုလ်-၁၊ ပေါင်း ၃၄/၃၉-ပါး။

http://www.dhammadownload.com



## ပုဂ္ဂိုလ်အလိုက် စိတ်ရ သင်္ဂဟဂါထာ

၄၈။ အသေက္ခာနံ စတုစတ္တာ-လီသ သေက္ခာနမုဒ္ဒိသေ။
ဆပ္ပညာသာ'ဝသေသာနံ၊ စတုပ္ပညာသ သမ္ဘဝါ။
အယမေတ္ထ ပုဂ္ဂလဘေဒေါ။

➤ **အရူပ အနာဂါမ်** = ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်-၈၊အရူပကုသိုလ်-၄၊ (အရူပဝိပါက်-၄) အနာဂါမိဖိုလ်-၁၊ ပေါင်း ၁၉/၂၃

➤ **ဈာန်မရ ကာမ ရဟန္တာ** = အဟိတ်စိတ်-၁၈၊မဟာဝိပါက်-၈၊မဟာကြိယာ-၈ အရဟတ္တဖိုလ်-၁၊ ပေါင်း ၃၅-ပါး ရနိုင်ပါသည်။

➤ **ရဟန္တာပုဂ္ဂိုလ်/ဈာန်ရ ကာမ ရဟန္တာ** = အဟိတ်-၁၈၊မဟာဝိပါက်-၈၊မဟာ ကြိယာ-၈၊မဟဂ္ဂုတ်ကြိယာ-၉၊ အရဟတ္တဖိုလ်-၁၊ပေါင်း ၄၄-ပါး ရနိုင်ပါသည်။ (စာပိုဒ် ၄၃/၄၇)တို့ကိုထောက်။

➤ **ရူပရဟန္တာ** = စက္ခုဝိညာဉ်ဒွေး၊သောတဝိညာဉ်ဒွေး၊သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏ- ၃၊ အဟိတ်ကြိယာ-၃၊မဟာကြိယာ-၈၊ (ရူပဝိပါက်-၅) ရူပကြိယာ-၅၊အရူပကြိယာ-၄၊အရ ဟတ္တဖိုလ်-၁၊ ပေါင်း ၃၀/၃၅-ပါး။

➤ **အရူပ ရဟန္တာ** = မနောဒွါရာဝဇ္ဇန်း-၁၊ မဟာကြိယာ-၈၊ (အရူပဝိပါက်-၄) အရူပ ကြိယာ-၄၊အရဟတ္တဖိုလ်-၁၊ ပေါင်း ၁၄/၁၈။

**(စာပိုဒ်-၄၈) အသေက္ခာနံ စတုစတ္တာလီသ-၌ စတုစတ္တာလီသ-အရ /အသေက္ခ ပုဂ္ဂိုလ်၌ ရနိုင်သော ဝီထိစိတ်** ။ ။ အဟိတ်စိတ် ၁၈-ပါး၊မဟာဝိပါက်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉-ပါး၊အရဟတ္တဖိုလ်စိတ် ၁-ပါး၊ ပေါင်း ၄၄-ပါး။(စာပိုဒ်-၄၃/၄၇)ထောက်။

➤ **ဆပ္ပညာသာဝသေသာနံ-၌ ဆပ္ပညာသ-အရ /သေက္ခပုဂ္ဂိုလ်၌ ရနိုင်သော ဝီထိစိတ်** ။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ဒေါသမူစိတ် ၂-ပါး၊ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ပါး၊ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇-ပါး၊မဟာကုသိုလ်စိတ် ၈-ပါး၊မဟာဝိပါက်စိတ် ၈-ပါး၊မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း ၅၆-ပါး။ (စာပိုဒ်-၄၄/၄၅/၄၇) ထောက်။

➤ **စတုပ္ပညာသ သမ္ဘဝါ-၌ စတုပ္ပညာသ-အရ/ပုထုဇဉ်၌ရနိုင်သော ဝီထိစိတ်** အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး၊ ပေါင်း ၅၄-ပါး ဖြစ်ပါသည်။ (စာပိုဒ် ၄၄/၄၇)တို့ကိုထောက်။

http://www.dhammadownload.com



| စိတ် | ရနိုင်သော ပုဂ္ဂိုလ် |
|---|---|
| ၁။ ဒိဋ္ဌိဂတသမ္ပယုတ်-၄၊ဝိစိကိစ္ဆာ-၁ | = ပုထုဇဉ် ၄-ယောက်။✔ |
| ၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဓစ္စသဟဂုတ်-၁၊ မဟာကုသိုလ်-၈ | = ပုထုဇဉ် ၄-ယောက်၊သောတာပတ္တိဖလဋ္ဌာန်၊သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန် (၇)ယောက်။ |
| ၃။ ဒေါသမူစိတ်-၂ | = ပုထုဇဉ် ၄-ယောက်၊သောတာပန်, သကဒါဂါမ်+ ၆-ယောက်။ |
| ၄။ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်-၁၇ | = ပုထုဇဉ် -၄၊ဖလဋ္ဌာန် ၄-ယောက်၊ |
| ၅။ ဟသိတုပ္ပါဒ်စိတ်-၁၊မဟာကြိယာ-၈၊ မဟဂ္ဂုတ်ကြိယာ-၉ | = အရဟတ္တဖလဋ္ဌာန် (ရဟန္တာ)✔ |
| ၆။ မဟာဝိပါက် ဉာဏဝိပ္ပယုတ်-၄ | = သုဂတိအဟိတ်၊ဒွိဟိတ်၊တိဟိတ်-ပုထုဇဉ်၊ဖလဋ္ဌာန် ၄-ယောက်+(၇) |
| ၇။ မဟာဝိပါက် ဉာဏသမ္ပယုတ်-၄ မဟဂ္ဂုတ်ဝိပါက်-၉ | = တိဟိတ်ပုထုဇဉ်၊ဖလဋ္ဌာန် ၄-ယောက် |
| ၈။ မဟဂ္ဂုတ်ကုသိုလ်-၉ | = တိဟိတ် ပုထုဇဉ်၊သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်+၄-ယောက်။ |
| ၉။ လောကုတ္တရာစိတ်-၈ | = မဂ္ဂဋ္ဌာန်-၄၊ဖလဋ္ဌာန် ၄-ယောက်။ |
| သောတာပတ္တိမဂ်စိတ် | = သောတာပတ္တိမဂ္ဂဋ္ဌာန် ✔ |
| သကဒါဂါမိမဂ်စိတ် | = သကဒါဂါမိမဂ္ဂဋ္ဌာန်✔ |
| အနာဂါမိမဂ်စိတ် | = အနာဂါမိမဂ္ဂဋ္ဌာန်✔ |
| အရဟတ္တမဂ်စိတ် | = အရဟတ္တမဂ္ဂဋ္ဌာန်✔ |
| သောတာပတ္တိဖိုလ်စိတ် | = သောတာပန်✔ |
| သကဒါဂါမိဖိုလ်စိတ် | = သကဒါဂါမ် ✔ |
| အနာဂါမိဖိုလ်စိတ် | = အနာဂါမ် ✔ |
| အရဟတ္တဖိုလ်စိတ် | = အရဟတ္တဖလဋ္ဌာန်(ရဟန္တာ)✔ |

**ဆိုရိုး ॥ ॥ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး ရနိုင်သော ပုဂ္ဂိုလ်များကား** = ပုထုဇဉ် ၄-ယောက်ဖြစ်ပါသည်။

➤ **ပုထုဇဉ်သန္တာန်၌သာ ရနိုင်သောစိတ်** ॥ ॥ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄- ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ပေါင်း ၅-ပါးဖြစ်ပါသည်။➤ **သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ရနိုင်သောစိတ်** ॥ ॥ အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာဇော ၇-ပါးဖြစ်ပါသည်။

http://www.dhammadownload.com



## ဘူမိဝိဘာဂ

၄၉။ ကာမာဝစရဘူမိယံ ပနေတာနိ သဗ္ဗာနိပိ ဝီထိစိတ္တာနိ ယထာရဟ မုပလဗ္ဘန္တိ။

၅၀။ ရူပါဝစရဘူမိယံ ပဋိဃဇဝန တဒါရမ္မဏဝဇ္ဇိတာနိ။

---

➤ **(ဘုံရေး) ရဟန္တာတို့၏သန္တာန်၌သာ ရနိုင်သောစိတ်** ။ ။ ကြိယာဇော ၁၈-ပါး၊ အရဟတ္တဖိုလ်ဇော ၁-ပါး၊ပေါင်း ၁၉-ပါး ဖြစ်ပါသည်။

➤ **မဂ္ဂဇ္ဇာန် ၄-ယောက်၌ ရနိုင်သော ဝီထိစိတ်** [စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧက စိတ္တက္ခဏိကာ-နှင့် စာပိုဒ်-၄၇-ကိုထောက်၍

၁။ **သောတာပတ္တိ မဂ္ဂဇ္ဇာန်၌**= သောတာပတ္တိမဂ်စိတ် ၁-ပါးသာ ရပါသည်။

၂။ **သကဒါဂါမိ မဂ္ဂဇ္ဇာန်၌** = သကဒါဂါမိ မဂ်စိတ် ၁-ပါးသာ ရပါသည်။

၃။ **အနာဂါမိမဂ္ဂဇ္ဇာန်၌** = အနာဂါမိမဂ်စိတ် ၁-ပါးသာ ရပါသည်။

၄။ **အရဟတ္တမဂ္ဂဇ္ဇာန်၌** = အရဟတ္တမဂ်စိတ် ၁-ပါးသာ ရပါသည်။

➤ **သောတာပန် (သန္တာန်၌သာ ရနိုင်သော) အာဝေဏိကစိတ်** = သောတာပတ္တိဖိုလ်စိတ် ဖြစ်ပါသည်။ ➤ **သကဒါဂါမ် (သန္တာန်၌သာ ရနိုင်သော) အာဝေဏိကစိတ်** သကဒါဂါမိဖိုလ်စိတ် ဖြစ်ပါသည်။

➤ **အနာဂါမ် (သန္တာန်၌သာ ရနိုင်သော) အာဝေဏိကစိတ်** = အနာဂါမိ ဖိုလ်စိတ် ဖြစ်ပါသည်။

**(စာပိုဒ်-၄၉) ကာမဘုံ၌ရနိုင်သော ဝီထိစိတ်များကား/အသီတိ ဝီထိစိတ္တာနိ-အရ**
ကာမစိတ် ၅၄-ပါး၊မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊မဟဂ္ဂုတ်ကြိယာ ၉-ပါး၊လောကုတ္တရာစိတ် ၈-ပါး ပေါင်း(၈၀) ဖြစ်ပါသည်။

**(စာပိုဒ်-၅၀) ရူပဘုံ၌ရနိုင်သော ဝီထိစိတ်များကား/စတုသဋ္ဌိ တထာ ရူပေ-၌ စတုသဋ္ဌိ-အရ** ။ ။ လောဘမူစိတ် ၈-ပါး၊မောဟမူစိတ် ၂-ပါး၊စက္ခုဝိညာဉ် ၂-ပါး၊ သောတဝိညာဉ် ၂-ပါး၊သမ္ပဋိစ္ဆိုင်း ၂-ပါး၊သန္တီရဏ ၃-ပါး၊အဟိတ်ကြိယာ ၃-ပါး မဟာကုသိုလ် ၈-ပါး၊မဟာကြိယာ ၈-ပါး၊မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊မဟဂ္ဂုတ်ကြိယာ ၉-ပါး၊လောကုတ္တရာစိတ် ၈-ပါး၊ပေါင်း(၆၄)ပါး ဖြစ်ပါသည်။

➤ **ရူပဘုံ၌ မရနိုင်သော ဝီထိစိတ်များကား** ။ ။ ဒေါသမူစိတ် ၂-ပါး၊ဃာနဝိညာဉ် ၂-ပါး၊ဇိဝှါဝိညာဉ် ၂-ပါး၊ကာယဝိညာဉ် ၂-ပါး၊မဟာဝိပါက်စိတ် ၈-ပါး၊ပေါင်း (၁၆)ပါး ဖြစ်ပါသည်။ (ပကိဏ်းစာပိုဒ် ၆၆-နှင့် ဝီထိစာပိုဒ် ၅၀-တို့ကိုထောက်)

http://www.dhammadownload.com



၅၁။ အရူပါဝစရဘူမိယံ ပဌမမဂ္ဂ ရူပါဝစရ ဟသန ဟေဋ္ဌိမာရုပ္ပ ဝဇ္ဇိတာနိ စ လဗ္ဘန္တိ။

---

➢ **ကေစိဆရာအလို ရူပဘုံ၌ရနိုင်သော ဝိထိစိတ်** ။ ။ လောဘမူစိတ် ၈-ပါး၊ မောဟမူစိတ် ၂-ပါး၊ကုသလဝိပါက် စက္ခုဝိညာဉ်၊ကုသလဝိပါက် သောတဝိညာဉ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း၊ကုသလဝိပါက် သန္တီရဏ ၂-ပါး၊အဟိတ်ကြိယာ ၃-ပါး၊ မဟာကုသိုလ် ၈-ပါး၊မဟာကြိယာ ၈-ပါး၊မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း (၆၀) ဖြစ်ပါသည်။

➢ **ကေစိဆရာအလို– ရူပဘုံ၌ မရနိုင်သော ဝိထိစိတ်** ။ ။ ဒေါသမူစိတ် ၂-ပါး၊ အကုသလဝိပါက်စိတ် ၇-ပါး၊ကုသလဝိပါက် ဃာနဝိညာဉ်၊ကုသလဝိပါက် ဇိဝှါဝိညာဉ် ကုသလဝိပါက် ကာယဝိညာဉ်၊မဟာဝိပါက်စိတ် ၈-ပါး၊ပေါင်း(၂၀) မရနိုင်ပါ။

(ဓာပိုဒ်–၅၁) **အရူပဘုံ၌ မရနိုင်သောစိတ်များကား** ။ ။ ကာမဝိပါက် ၂၃-ပါး၊သောတာပတ္တိမဂ် ၁-ပါး၊ရူပကုသိုလ် ၅-ပါး၊ရူပဝိပါက် ၅-ပါး၊ရူပကြိယာ ၅-ပါး၊ဒေါသမူစိတ် ၂-ပါး၊[အရူပဝိပါက် ၄-ပါး] ပဉ္စဒွါရာဝဇ္ဇန်း၊ဟသိတုပ္ပါဒ်၊ပေါင်း(၄၇)ပါး ဖြစ်ပါသည် [ ] ဤစိတ်များကို "ဝိထိစိတ်"ဟု မေးပါက ချန်လှပ်ခဲ့ပါ။

➢ **အာကာသာနဉ္စာယတနဘုံ၌ ရနိုင်သော ဝိထိစိတ်များကား/အရူပဘုံ၌ ရနိုင်သော ဝိထိစိတ်များကား/ဒွေစတ္တာလီသ လဗ္ဘရေ–၌ ဒွေစတ္တာလီသ–အရကား**

လောဘမူစိတ် ၈-ပါး၊မောဟမူစိတ် ၂-ပါး၊မနောဒွါရာဝဇ္ဇန်း ၁-ပါး၊မဟာကုသိုလ် ၈-ပါး၊မဟာကြိယာ ၈-ပါး၊အရူပကုသိုလ် ၄-ပါး၊အရူပကြိယာ ၄-ပါး၊သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း (၄၂)ပါး ဖြစ်ပါသည်။

➢ **ဝိညာဏဉ္စာယတနဘုံ၌ ရနိုင်သော ဝိထိစိတ်များကား** ။ ။ လောဘမူစိတ် ၈-ပါး၊မောဟမူစိတ် ၂-ပါး၊မနောဒွါရာဝဇ္ဇန်း ၁-ပါး၊မဟာကုသိုလ် ၈-ပါး၊မဟာကြိယာ ၈-ပါး၊ဝိညာဏဉ္စာယတနကုသိုလ်-ကြိယာ ၂-ပါး၊အာကိဉ္စညာယတနကုသိုလ်-ကြိယာ ၂ ပါး၊ နေဝသညာနာသညာယတနကုသိုလ်-ကြိယာ ၂-ပါး၊သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း (၄၀)ပါး ဖြစ်ပါသည်။

➢ **အာကိဉ္စညာယတနဘုံ၌ ရနိုင်သော ဝိထိစိတ်များကား** ။ ။ လောဘမူစိတ် ၈-ပါး၊မောဟမူစိတ် ၂-ပါး၊မနောဒွါရာဝဇ္ဇန်း ၁-ပါး၊မဟာကုသိုလ် ၈-ပါး၊မဟာကြိယာ ၈-ပါး၊အာကိဉ္စညာယတနကုသိုလ်-ကြိယာ ၂-ပါး၊ နေဝသညာနာသညာယတန ကုသိုလ်-ကြိယာ ၂-ပါး၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း (၃၈)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



၅၂။ သဗ္ဗတ္ထာပိ စ တံ တံ ပသာဒရဟိတာနံ တံ တံ ဒွါရိကဝီထိစိတ္တာနိ န လဗ္ဘန္တေဝ။

၅၃။ အသညသတ္တာနံ ပန သဗ္ဗတ္ထာပိ စိတ္တပ္ပဝတ္တိ နတ္ထေဝါ တိ။

---

➤ **နေဝသညာနာသညာယတနဘုံ၌ ရနိုင်သော ဝီထိစိတ်များကား/ "အထက်မှာ ဘဝင် အောက်မှာအစိစ်"ဟူသော စကားအရ ဘဝင်၌ရနိုင်သော ဝီထိစိတ်များ**

လောဘမူစိတ် ၈-ပါး၊မောဟမူစိတ် ၂-ပါး၊မနောဒွါရာဝဇ္ဇန်း ၁-ပါး၊မဟာကုသိုလ် ၈-ပါး၊ မဟာကြိယာ ၈-ပါး၊ နေဝသညာနာသညာယတနကုသိုလ်-ကြိယာ ၂-ပါး၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း (၃၆)ပါး ဖြစ်ပါသည်။

➤ **ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာနိ အစီပွါယ်** ။ ။ အာကာသာနဉ္စာယတနဘုံသည် အောက်ဆုံးဘုံဖြစ်၍ အောက်ဖြစ်သော အရူပဈာန်ဇော မရှိသောကြောင့် ယင်းဘုံ၌ အရူပဈာန်ဇော (၈)ပါးလုံး ရနိုင်ပါသည်။ ဝိညာဏဉ္စာယတနဘုံ၌ အောက်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်-ကြိယာဇော ၂-ပါးကြဉ်သော အရူပဈာန်ဇော (၆)ပါး ရနိုင်ပါသည်။ အာကိဉ္စညာယတနဘုံ၌ အောက်ဖြစ်သော အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန ကုသိုလ်-ကြိယာဇော ၄-ပါးကြဉ်သော အရူပဈာန်ဇော (၄)ပါး ရနိုင်ပါသည်။ နေဝသညာနာသညာယတနဘုံ၌ အောက်ဖြစ်သော နေဝသညာနာသညာယတန ကုသိုလ်-ကြိယာဇော (၂)ပါးသာ ရနိုင်သည်ဟု ဆိုလိုပါသည်။

(စာပိုဒ်-၅၂) **သဗ္ဗတ္ထာပိစ(ပ) န လဗ္ဘန္တေဝ အစီပွါယ်** ။ ။ ကာမ, ရူပ, အရူပ-ဟူသော ဘုံအားလုံးမှာပင် ထိုထိုပသာဒ မရှိသော ပုဂ္ဂိုလ်တို့သန္တာန်၌ ထိုထိုဒွါရ၌ဖြစ်သော ဝီထိစိတ်တို့ကို မရထိုက်ပါ။ ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ-ဟု ဆိုခဲ့သည့် အတိုင်း ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယပသာဒများ မရှိသောကြောင့် ဃာန, ဇိဝှါ, ကာယဒွါရတို့၌ဖြစ်သော ဃာနဝိညာဉ် ၂-ပါး၊ ဇိဝှါဝိညာဉ် ၂-ပါး၊ ကာယဝိညာဉ် ၂-ပါးအားဖြင့် (၆)ပါးသော စိတ်တို့ကို မရထိုက်ပါ။ အရူပဘုံ၌ ပသာဒရုပ် ၅-ပါးလုံး မရှိသောကြောင့် ပဉ္စဒွါရ၌ဖြစ်လေ့ရှိသော ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဉ် (၁၀)၊ သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏ(၃)ခုအားဖြင့် (၁၆)ပါးသော စိတ်တို့ကို မရထိုက်ပါ

(စာပိုဒ်-၅၃) အသညသတ်ဘုံ၌ = စိတ်အားလုံး မရနိုင်ပါ။

➤ **စိတ်, စေတသိက် မရှိသော ပြဟ္မာ** ။ ။ အသညသတ်ပြဟ္မာ ဖြစ်ပါသည်။

➤ **အသညသတ်ဘုံသားများ စိတ်ကို ဆောင်နိုင်/မဆောင်နိုင်** ။ ။ (စာပိုဒ်-၅၃) ကိုထောက်၍ [အသညသတ်ဘုံ၌ စိတ်အားလုံး မရနိုင်သောကြောင့်] အသညသတ်ဘုံသားများ စိတ်ကို မဆောင်နိုင်ပါ။

http://www.dhammadownload.com



**ဘုံအလိုက် ဝီထိစိတ်ရပုံ သင်္ဂဟဂါထာ**

၅၄။ အသီတိ ဝီထိစိတ္တာနိ၊ ကာမေ ရူပေ ယထာရဟံ။
စတုသဋ္ဌိ တထာရူပေ၊ ဒွေစတ္တာလီသ လဗ္ဘရေ။
အယမေတ္ထ ဘူမိဝိဘာဂေါ။

**ဝီထိစိတ်ဖြစ်ပုံ နိဂုံးချုပ်စကား**

၅၅။ ဣစ္စေဝံ ဆဒွါရိကစိတ္တပ္ပဝတ္တိ ယထာသမ္ဘဝံ ဘဝင်္ဂန္တရိတာ ယာဝ
တာယုက မဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။
ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ဝီထိသင်္ဂဟ ဝိဘာဂေါနာမ
စတုတ္ထော ပရိစ္ဆေဒေါ။

---

➤ **ပဋိသန္ဓေစိတ် မရှိဘဲ ဘဝရပ်တည်နေနိုင်သော ပုဂ္ဂိုလ်** ။ အသညသတ်ပုဂ္ဂိုလ် ဖြစ်ပါသည်။ (စာပိုဒ်-၅၃) ကိုထောက်။

➤ **နှလုံးသား မရှိကြသော ပုဂ္ဂိုလ်များ** ။ ။ အရူပပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

(**စာပိုဒ်–၅၅) တစ်ဘဝအတွင်း ဝီထိစိတ် မဖြစ်သော အခါများ** ။ ။ ၁။ နိရောဓသမာပတ် ဝင်စားသော အခါ၊ ၂။ ဘဝင်ကျနေသော အခါများဖြစ်ပါသည်။(စာပိုဒ်-၃၆/၅၅ တို့ကိုထောက်။

| **စိတ်** | | **ဖြစ်နိုင်သောဘုံ** |
|---|---|---|
| ၁။ ဒိဋ္ဌိဂတသမ္ပယုတ်-၄၊ ဝိစိကိစ္ဆာသဟဂုတ်-၁ | = | သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ (၂၁)ဘုံ၊အရူပ(၄)ဘုံ |
| ၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ဥဒ္ဒစ္စသဟဂုတ်-၁၊ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်-၈ | = | အသညသတ်ကြဉ် ဘုံ(၃၀) |
| ၃။ ဒေါသမူ-၂၊ဃာနဝိညာဉ်-၂၊ဇိဝှါဝိညာဉ်-၂၊ ကာယဝိညာဉ်-၂ | = | ကာမ (၁၁)ဘုံ ✔ |
| ၄။ ဟသိတုပ္ပါဒ်၊ရူပကုသိုလ်-၅၊ရူပကြိယာ-၅ | = | အပါယ်ကြဉ် ပဉ္စ (၂၂) ဘုံ |
| ၅။ စက္ခုဝိညာဉ်ဒွေး၊သောတဝိညာဉ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏ-၃၊ပဉ္စဒွါရာဝဇ္ဇန်း | = | ပဉ္စဝေါကာရ (၂၆) ဘုံ |
| ၆။ မဟာဝိပါက်-၈ | = | ကာမသုဂတိ (၇) ဘုံ✔ |
| ၇။ ပထမဈာန်ဝိပါက်-၁ | = | ပထမဈာန်(၃) ဘုံ✔ |

http://www.dhammadownload.com



| စိတ် | | ဖြစ်နိုင်သောဘုံ |
|---|---|---|
| ၈။ မဟာကြိယာ -၈ | = | အပါယ်ကြဉ် ပဉ္စဝေါကာရ (၂၂) ဘုံ၊ အရူပ (၄) ဘုံ |
| ၉။ ဒု-တချာန်ဝိပါက်-၂ | = | ဒုတိယချာန် (၃) ဘုံ✔ |
| ၁၀။ စတုတ္ထချာန်ဝိပါက်-၁ | = | တတိယချာန် (၃) ဘုံ✔ |
| ၁၁။ ပဉ္စမချာန်ဝိပါက်-၁ | = | အသညသတ်ကြဉ် စတုတ္ထချာန် (၆) ဘုံ |
| ၁၂။ အာကာသာနဉ္စာယတနကုသိုလ်-ကြိယာ-၂ | = | အပါယ်ကြဉ် ပဉ္စဝေါကာရ (၂၂) ဘုံ၊အာကာသာ-ဘုံ |
| ၁၃။ ဝိညာဏဉ္စာ-ကုသိုလ်-ကြိယာ-၂ | = | အပါယ်ကြဉ် ပဉ္စဝေါကာရ ၂၂-ဘုံ၊အာကာဘုံ၊ဝိညာဘုံ |
| ၁၄။ အာကိဉ္စညာ ကုသိုလ်-ကြိယာ-၂ | = | အပါယ်ကြဉ် ပဉ္စဝေါကာရ ၂၂-ဘုံ၊အာကာဘုံ၊အာကိဉ်ဘုံ ဝိညာဏဉ္စာယတနဘုံ |
| ၁၅။ နေဝသညာ ကုသိုလ်-ကြိယာ-၂ | = | အပါယ်ကြဉ် ပဉ္စဝေါကာရ ၂၂-ဘုံ၊အရူပ ၄-ဘုံ |
| ၁၆။ အာကာသာနဉ္စာယတနဝိပါက်-၁ | = | အာကာသာနဉ္စာယတနဘုံ |
| ၁၇။ ဝိညာဏဉ္စာယတနဝိပါက်-၁ | = | ဝိညာဏဉ္စာယတနဘုံ✔ |
| ၁၈။ အာကိဉ္စာယတနဝိပါက်-၁ | = | အာကိဉ္စညာယတနဘုံ✔ |
| ၁၉။ နေဝသညာနာသညာယတနဝိပါက်-၁ | = | နေဝသညာနာသညာဘုံ✔ |
| ၂၀။ သောတာပတ္တိမဂ်စိတ်-၁ | = | ကာမသုဂတိ(၇) ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ (၁၀)ဘုံ |
| ၂၁။ သောတာပတ္တိဖိုလ်/သကဒါဂါမိမဂ်/ သကဒါဂါမိဖိုလ်/အနာဂါမိမဂ် | = | ကာမသုဂတိ(၇)ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ ၁၀-ဘုံ၊အရူပ ၄-ဘုံ |
| ၂၂။ အနာဂါမိဖိုလ်/အရဟတ္တမဂ်/ အရဟတ္တဖိုလ် | = | အပါယ်ကြဉ် ပဉ္စဝေါကာရ ၂၂-ဘုံ၊အရူပ ၄-ဘုံ |

**မှတ်ချက်** ။ ။ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး ရနိုင်သော ဘုံများကား သုဒ္ဓါဝါသကြဉ် ပဉ္စဝေါကာရ ၂၁-ဘုံ၊အရူပ ၄-ဘုံတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ကာမဘုံ၌သာ ရနိုင်သော စိတ်များကား** ။ ။ ဒေါသမူဒွေး၊ဃာနဝိညာဉ်ဒွေး၊ ဇိဝှါဝိညာဉ်ဒွေး၊ကာယဝိညာဉ်ဒွေး၊ မဟာဝိပါက်စိတ် ၈-ခု၊ပေါင်း(၁၆)ပါး ဖြစ်ပါသည်။

➤ **ကာမသုဂတိ(၇)ဘုံ၌သာ ဖြစ်သောစိတ်ကား** ။ ။ မဟာဝိပါက် ၈-ပါး။

➤ **ကာမ, ရူပ ၂-ဘုံ၌သာ ဖြစ်သောစိတ်ကား** ။ ။ စက္ခုဝိညာဉ်ဒွေး၊သောတဝိညာဉ်ဒွေး၊သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏ ၃-ခု၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်စိတ်၊ ရူပကုသိုလ် ၅-ပါး၊ရူပကြိယာ ၅-ပါး၊သောတာပတ္တိမဂ် ၁-ပါး၊ပေါင်း ၂၂-ပါး ဖြစ်ပါသည်။

➤ **ကာမ, ရူပ, အရူပ ဘုံသုံးပါးတို့၌ ဖြစ်သောစိတ်ကား** ။ ။ လောဘမူစိတ် ၈ ခု၊မောဟမူဒွေး၊မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်စိတ် ၈-ခု၊မဟာကြိယာစိတ် ၈-ခု၊အရူပ ကုသိုလ် ၄-ခု၊အရူပကြိယာ ၄-ခု၊သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇-ခု၊ပေါင်း ၄၂-ပါး ဖြစ်ပါသည်။

➤ **နေဝသညာနာသညာယတနဘုံသို့ ရောက်နိုင်သော ပုဂ္ဂိုလ်များကား**

နေဝသညာနာသညာယတနစျာန်ရ ကာမသုဂတိဘုံသား၊ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဘုံသား၊ နေဝသညာနာသညာယတနဘုံသား၊တိဟိတ်ပုထုဇဉ်၊အောက်ဖလဌာန်ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

➤ **နေဝသညာနာသညာယတနဘုံသား ရဟန္တာ၌ ဖြစ်သောစိတ်တို့တွင် အစမထင် သံသရာမှစ၍ ယခင်က မဖြစ်ဘူးသည့်စိတ်များကား** ။ ။ မဟာကြိယာစိတ် ၈-ပါး၊ နေဝသညာနာသညာယတနစိတ် ၁-ပါး၊အရဟတ္တဖိုလ်စိတ် ၁-ပါး၊အားဖြင့် စိတ် ၁၀-ပါး ဖြစ်ပါသည်။

မေး ။ ။ "**အရိယာမှန်၊ နိရောဓ်၊ ဝေကန်ဝင်စားနိုင်**"ဟု ဆိုရိုးပြုကာ အရိယာမှန်သမျှ နိရောဓသမာပတ်ကို ဝေကန်ဝင်စားနိုင်၏ဟု ဆိုလျှင် မှန်မည်လော? မှားမည်လော? သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ ။ ဝိထိစာပိုဒ် (၃၆/၃၇)တို့ကိုထောက်၍ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ နိရောဓသမာပတ်ကို ဝင်စားနိုင်သောကြောင့် မှားပါသည်။

➤ **ဘုရား-ရဟန္တာတို့မှာ လောဘ, ဒေါသ, မောဟရှိသေးသည်-ဟု ပြောဆော နေကြသော အချို့ဆရာတို့၏ အယူဝါဒ မှန်/မမှန်** ။ ။ (စာပိုဒ်-၄၃) ကိုထောက်၍ ဘုရား ရဟန္တာတို့သည် ကုသိုလ် အကုသိုလ်တို့ကို မရအပ်သောကြောင့် (ဝါ) ပယ်ပြီး ဖြစ်သောကြောင့် ဘုရား ရဟန္တာတို့မှာ လောဘ, ဒေါသ, မောဟ မရှိရကား ၎င်းတို့၏ အယူဝါဒ မမှန်ပါ။ (ကမ္မဋ္ဌာန်းစာပိုဒ်-၇၁) ကိုထောက်လျှင်လည်း အမှတ်ရသည်။

## ဝိထိပိုင်း သရုပ်ခွဲ ပြီး၏။

http://www.dhammadownload.com



# ၅–ဝီထိမုတ်ပိုင်း

**ပဒ္ဒိညာဉ်**

၁။ ဝီထိစိတ္တဝသေနေဝံ၊ ပဝတ္တိယံ မုဒီရိတော။
ပဝတ္တိသင်္ဂဟော နာမ၊ သန္ဓိယံ ဒါနိ ဝုစ္စတိ။

**စတုက္ကမာတိကာ**

၂။ စတဿော ဘူမိယော, စတုဗ္ဗိဓာ ပဋိသန္ဓိ, စတ္တာရိ ကမ္မာနိ, စတုဓာ မရဏုပ္ပတ္တိစေတိ ဝီထိမုတ္တသင်္ဂဟေ စတ္တာရိ စတုက္ကာနိ ဝေဒိတဗ္ဗာနိ။

**ဘူမိစတုက္က/ဘုံ ၄–မျိုး**

၃။ တတ္ထ အပါယဘူမိ, ကာမသုဂတိဘူမိ, ရူပါဝစရဘူမိ, အရူပါဝစရ ဘူမိ စေတိ စတဿော ဘူမိယော နာမ။

**ကာမ ၁၁–ဘုံ**

**အပါယ် ၄–ဘုံ**

၄။ တာသု နိရယော, တိရစ္ဆာနယောနိ, ပေတ္တိဝိသယော, အသုရ - ကာယော စေတိ အပါယဘူမိ စတုဗ္ဗိဓာ ဟောတိ။

---

**(ဇာပိုဒ်–၂) ဝီထိမုတ်ပိုင်းဝယ် သိမှတ်ဖွယ်ရာများ** (စတုက္က ၄-မျိုး)

၁။ ဘူမိစတုက္က=ဘုံ ၄-မျိုး၊ ၂။ ပဋိသန္ဓိ စတုက္က=ပဋိသန္ဓေ ၄-မျိုး၊ ၃။ ကမ္မစတုက္က=ကံ ၄-မျိုး၊ ၄။ မရဏုပ္ပတ္တိစတုက္က=သေခြင်း ၄-မျိုးတို့ ဖြစ်ပါသည်။

➤ **စတုက္က ၄–မျိုးကို မုချ+ဥပစာခွဲပုံ** ။ ။ ပဋိသန္ဓိစတုက္က, မရဏုပ္ပတ္တိ စတုက္ကတို့ကား မုချဝီထိမုတ္တ သင်္ဂဟ၊ ဘူမိစတုက္က, ကမ္မစတုက္ကတို့ကား ဥပစာဝီထိမုတ္တသင်္ဂဟ တို့ဖြစ်ပါသည်။

**(ဇာပိုဒ်–၃) စတဿော ဘူမိယော–အရ** (ဘုံ ၄-မျိုးကား)

အပါယ်ဘုံ၊ ကာမသုဂတိဘုံ၊ ရူပါဝစရဘုံ၊ အရူပါဝစရဘုံတို့ ဖြစ်ပါသည်။

**(ဇာပိုဒ်–၄) ကာမ ၁၁–ဘုံကား** ။ ။ အပါယ် ၄-ဘုံ၊ကာမသုဂတိ ၇-ဘုံတို့ ဖြစ်ပါသည်။

➤ **အပါယ် ၄–ဘုံကား** ။ ။ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊အသူရကာယ်ဘုံတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ကာမသုဂတိ ၇-ဘုံ**

၅။ မနုဿာ, စာတုမဟာရာဇိကာ, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိ စေတိ ကာမသုဂတိဘူမိ သတ္တဝိဓာ ဟောတိ။

၆။ သာ ပနာယမေကာဒသ ဝိဓာပိ ကာမာဝစရဘူမိစ္စေဝ သင်္ခံ ဂစ္ဆတိ

**ရူပါဝစရ ၁၆-ဘုံ**

**ပဌမစျာန် ၃-ဘုံ**

၇။ ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ စေတိ ပဌမဇ္ဈာနဘူမိ

၈။ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ စေတိ ဒုတိယဇ္ဈာနဘူမိ။

၉။ ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာစေတိ တတိယဇ္ဈာနဘူမိ

၁၀။ ဝေဟပ္ဖလာ, အသညသတ္တာ, သုဒ္ဓါဝါသာ စေတိ စတုတ္ထဇ္ဈာနဘူမိတိ ရူပါဝစရဘူမိ သောဠသဝိဓာ ဟောတိ။

---

(စာပိုဒ်-၅) **ကာမသုဂတိ ၇-ဘုံကား** ။ ။ လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ၊တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတဝသဝတ္တီဘုံတို့ ဖြစ်ပါသည်။

(စာပိုဒ်-၆) **သာပနာယမေကာဒသ ဝိဓာပိ-၌ ကောဒသ-အရ** ။ ။ အပါယ် ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ပေါင်း ၁၁-ဘုံ ဖြစ်ပါသည်။

(စာပိုဒ်-၇) **ရူပ ၁၆-ဘုံကား/ရူပါဝစရဘူမိ သောဠသဝိဓာ-၌ သောဠသ-အရ** ။ ။ ပထမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံ၊တတိယစျာန် ၃-ဘုံ၊ စတုတ္ထစျာန် ၇-ဘုံတို့ ဖြစ်ပါသည်။

➢ **ပထမစျာန် ၃-ဘုံကား** ။ ။ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊မဟာဗြဟ္မာဘုံတို့ ဖြစ်ပါသည်။

(စာပိုဒ်-၈) **ဒုတိယစျာန် ၃-ဘုံကား** ။ ။ ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊အာဘဿရာဘုံ တို့ဖြစ်ပါသည်။

(စာပိုဒ်-၉) **တတိယစျာန် ၃-ဘုံကား** ။ ။ ပရိတ္တသုဘာဘုံ၊အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံ-တို့ဖြစ်ပါသည်။

(စာပိုဒ်-၁၀) **စတုတ္ထစျာန် ၇-ဘုံကား** ။ ။ ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊သုဒ္ဓါဝါသ ၅-ဘုံ တို့ဖြစ်ပါသည်။

http://www.dhammadownload.com



### သုဒ္ဓါဝါသ ၅–ဘုံ

၁၁။ အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌာ စေတိ သုဒ္ဓါဝါသဘူမိ ပဉ္စဝိဓာ ဟောတိ။

### အရူပ ၄–ဘုံ

၁၂။ အာကာသာနဉ္စာယတနဘူမိ, ဝိညာဏဉ္စာယတနဘူမိ, အာကိဉ္စညာယတနဘူမိ, နေဝသညာနာသညာယတနဘူမိ စေတိ အရူပဘူမိ စတုဗ္ဗိဓာ ဟောတိ။

### ဘုံ၌ ပုဂ္ဂိုလ်ရ သင်္ဂဟဂါထာများ

**(ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂–ယောက်မရနိုင်သောဘုံပြ–၁၃)**

၁၃။ ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ။
သောတာပန္နာ စ သကဒါ-ဂါမိနော စာပိ ပုဂ္ဂလာ။

၁၄။ အရိယာ နောပလဗ္ဘန္တိ၊ အသညာပါယဘူမိသု။
သေသဋ္ဌာနေသု လဗ္ဘန္တိ၊ အရိယာနရိယာပိစ။
ဣဒမေတ္ထ ဘူမိစတုက္ကံ။

---

(စာပိုဒ်–၁၁) **သုဒ္ဓါဝါသ ၅–ဘုံကား** ။ ။ အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌာဘုံ-တို့ဖြစ်ပါသည်။

(စာပိုဒ်–၁၂) **အရူပ ၄–ဘုံကား** ။ ။ အာကာသာနဉ္စာယတနဘုံ၊ဝိညာဏဉ္စာယတနဘုံ အာကိဉ္စညာယတနဘုံ၊နေဝသညာနာသညာယတနဘုံ-တို့ဖြစ်ပါသည်။

➤ **၃၁–ဘုံကား** ။ ။ ကာမ ၁၁-ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံ-တို့ဖြစ်ပါသည်။

➤ **၃၁–ဘုံတို့တွင် အလယ်တည့်တည့်ဖြစ်သော ဘုံကား** ။ ။ အပ္ပမာဏာဘာဘုံ ဖြစ်ပါသည်။

(စာပိုဒ်–၁၃) **သုဒ္ဓါဝါသဘုံ၌ မရနိုင်သောပုဂ္ဂိုလ်များကား** = ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက် သောတာပတ္တိမဂ္ဂဋ္ဌာန်၊သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်၊ သကဒါဂါမိ ဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်တို့ ဖြစ်ပါသည်။

➤ **သုဒ္ဓါဝါသဘုံ၌ ရနိုင်သော ပုဂ္ဂိုလ်များကား** ။ ။အနာဂါမိဖလဋ္ဌာန်၊အရဟတ္တ မဂ္ဂဋ္ဌာန်၊အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

➤ **သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေနိုင်သော ပုဂ္ဂိုလ်** ။ ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်

http://www.dhammadownload.com



ဖြစ်ပါသည်။ (အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ-ကိုထောက်)

(စာပိုဒ်–၁၄) **အသညသတ်ဘုံ၌ ရနိုင်–မရနိုင်သော ပုဂ္ဂိုလ်** ။ ။ အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁-**ယောက်သာ** ရနိုင်ပါသည်။ ကြွင်းပုဂ္ဂိုလ် ၁၁-ယောက် မရနိုင်ပါ။

➤ **အပါယ် ၄–ဘုံ၌ ရနိုင်–မရနိုင်သော ပုဂ္ဂိုလ်** ။ ။ အပါယ် ၄-ဘုံတို့၌ ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ၁-ယောက်သာ **ရနိုင်ပါသည်။** ကြွင်း ၁၁-ယောက် မရနိုင်ပါ။

➤ **အရိယာသာ ရနိုင်သော ဘုံ / အရိယာများသာ နေထိုင်ရာဘုံ** ။ ။ သုဒ္ဓါဝါသ ၅-ဘုံ ဖြစ်ပါသည်။ ➤ **အရိယာ မရနိုင်သောဘုံ**= အပါယ် ၄-ဘုံ၊အသညသတ်ဘုံတို့ ဖြစ်ပါသည်။ (အရိယာ နေ၀ပ လဗ္ဘန္တိအသညာပါယဘူမိသု-ကိုထောက်ပါ။)

➤ **ပုထုဇဉ်သာ ရနိုင်သောဘုံ / ပုထုဇဉ်များသာ နေထိုင်ရာဘုံ** ။ ။ အပါယ် ၄-ဘုံ၊ အသညသတ်ဘုံတို့ ဖြစ်ပါသည်။

➤ **ပုထုဇဉ်, သောတာပန်, သကဒါဂါမ် မရောက်နိုင်သော ဘုံ** ။ ။ သုဒ္ဓါဝါသ ၅-ဘုံ ဖြစ်ပါသည်။ (စာပိုဒ်-၁၃-ကိုထောက်)

➤ **အရိယာ+ပုထုဇဉ် နှစ်မျိုးလုံး ရနိုင်သောဘုံ** ။ ။ ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၊ အရူပ ၄-ဘုံ-တို့ ဖြစ်ပါသည်။

➤ **ပုထုဇဉ်ဗြဟ္မာ ၁–ဦးသာ ရနိုင်သော ဘုံ** ။ ။ အသညသတ်ဘုံ ဖြစ်ပါသည်။

➤ **အရူပဘုံ၌ မရနိုင်သော အရိယာပုဂ္ဂိုလ်** ။ ။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ဖြစ်ပါသည်။ (ဝိထိစာပိုဒ်-၅၁-ကိုထောက်)

➤ **ပုဂ္ဂိုလ်အပြား ဝါကရေး(ပုဂ္ဂိုလ် ၂၁၄–ယောက်) ရေတွက်ပုံ**

၁။ အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်သာ ရသောကြောင့် (၄×၁) ၄-ယောက်။ ၂။ လူ့ဘုံ,စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်မှ တစ်ပါး ပုဂ္ဂိုလ် ၁၁-ယောက်ကို ရသောကြောင့် (၂×၁၁) ၂၂-ယောက်။

၃။ အထက်နတ်ပြည် ၅-ထပ်၌ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်, သုဂတိအဟိတ် ပုထုဇဉ်မှ-တစ်ပါး ပုဂ္ဂိုလ် ၁၀-ယောက်ကိုရသောကြောင့် (၅×၁၀) ၅၀-ယောက်။

၄။ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ ၁၀-ဘုံ၌ တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်ကို ရသောကြောင့် (၁၀×၉) ၉၀-ယောက်။ ၅။အသညသတ်ဘုံ၌ သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ် ၁-ယောက်သာ ရသောကြောင့် (၁×၁) ၁-ယောက်။ ၆။ သုဒ္ဓါဝါသ ၅-ဘုံ၌ အထက်အရိယာပုဂ္ဂိုလ် ၃-ယောက်ကိုသာ ရသောကြောင့် (၅×၃) ၁၅-ယောက်။

၇။ အရူပ ၄-ဘုံ၌ သောတာပတ္တိမဂ္ဂဋ္ဌာန်ကြဉ် တိဟိတ်ပုဂ္ဂိုလ် ၈-ယောက်ရသောကြောင့် (၄×၈) ၃၂-ယောက်၊ ပေါင်း (၂၁၄)ယောက် ဖြစ်ပါသည်။

http://www.dhammadownload.com



**ပဋိသန္ဓိစတုက္က/ပဋိသန္ဓေ ၄–မျိုး**

၁၅။ အပါယပဋိသန္ဓိ, ကာမသုဂတိပဋိသန္ဓိ, ရူပါဝစရပဋိသန္ဓိ, အရူပါဝစရပဋိသန္ဓိ စေတိ စတုဗ္ဗိဓာ ပဋိသန္ဓိ နာမ။

**ကာမပဋိသန္ဓေ ၁၀–ပါး/အပါယ်ပဋိသန္ဓေ ၁–ပါး**

၁၆။ တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတ သန္တီရဏံ အပါယ ဘူမိယံ ဩက္ကန္တိက္ခဏေ ပဋိသန္ဓိ ဟုတွာ တတော ပရံ ဘဝင်္ဂံ, ပရိယောသာနေ စဝနံ ဟုတွာ ဝေါစ္ဆိဇ္ဇတိ။ အယမေကာပါယ ပဋိသန္ဓိ နာမ။

**ကာမသုဂတိပဋိသန္ဓေ ၉–ပါး / လူ့စဉ့်မမှီ လူ့သား၏ ပဋိသန္ဓေစိတ်ပြ**

၁၇။ ကုသလဝိပါကော ပေက္ခာသဟဂတ သန္တီရဏံ ပန ကာမသုဂတိယံ မနုဿာနဉ္စေဝ ဇစ္စန္ဓာဒီနံ ဘုမ္မဿိတာနဉ္စ ဝိနိပါတိကာသုရာနံ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပဝတ္တတိ။

---

(စာပိုဒ်–၁၅) **ပဋိသန္ဓေ ၄–မျိုးကား** ။ ။ အပါယ်ပဋိသန္ဓေ, ကာမသုဂတိပဋိသန္ဓေ, ရူပါဝစရပဋိသန္ဓေ, အရူပါဝစရပဋိသန္ဓေ-တို့ဖြစ်ပါသည်။

(စာပိုဒ်–၁၆) **ကာမပဋိသန္ဓေ ၁၀–ပါးကား** ။ ။ အပါယ်ပဋိသန္ဓေ ၁-ပါး၊ကာမသုဂတိ ပဋိသန္ဓေ ၉-ပါးတို့ ဖြစ်ပါသည်။

➤ **အပါယ်ဘုံသားများ** (ဆင်, မြင်း-စသည်တို့) **၏ ပဋိသန္ဓေစိတ်ကား** အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်။

➤ **အပါယ်ပဋိသန္ဓေ၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပုံ** ။ ။ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်ဘုံ၌ သက်ရောက်ဆဲခဏ၌ ပဋိသန္ဓေ ကိစ္စတပ်၍ ဖြစ်ပါသည်။ ထို့နောက် ပဝတ္တိအခါဝယ် ဘဝင်ကိစ္စတပ်၍ ဖြစ်ပါသည်။ ဘဝတုံး၍ ဆုံးသောအခါ စုတိကိစ္စတပ်၍ ဖြစ်ပြီးနောက် ပြတ်ပါသည်။

(စာပိုဒ်–၁၇) **ကာမသုဂတိ ပဋိသန္ဓေ ၉–ပါးကား** ။ ။ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ၁-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၉-ပါးတို့ ဖြစ်ပါသည်။

➤ **ကာမသုဂတိ အဟိတ်ပဋိသန္ဓေ၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပုံ**

ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ ဇစ္စန္ဓ စသော လူများနှင့် ဘုမ္မစိုးနတ်ကြီးတို့ကို မှီခိုကပ်ရပ်၍ နေကြရသော ဝိနိပါတိက အသူရာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်လျှက် ဖြစ်ကြပါသည်။

http://www.dhammadownload.com



**လှူစဉ်မှီ လှူသား၏ ပဋိသန္ဓေစိတ်ပြ**

၁၈။ မဟာဝိပါကာနိ ပန အဋ္ဌ သဗ္ဗတ္ထာပိ ကာမသုဂတိယံ ပဋိသန္ဓိ ဘဝင် စုတိဝသေန ပဝတ္တန္တိ။ )

---

➢ **ယောကျ်ားဖြစ်ပါလျက် မိန်းမစိတ်ပေါက်နေသောသူ၏ ပဋိသန္ဓေစိတ်/လှူစဉ်မမှီ လှူသား၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ကား** ။ ။ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်။ (စာပိုဒ်-၁၇-ကိုထောက်)

➢ **နေထိုင်ရာ သီးခြားဘုံဗိမာန် မရှိသော ဝိနိပါတိက အသူရာတို့၏** (က) **အတိတ်အကြောင်းကံကား**= ဒွိဟိတ်ဩမကကာမာဝစရကုသိုလ်ကံ ဖြစ်ပါသည်။ (ခ) **ပဋိသန္ဓေစိတ်ကား**= အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်။

(ဂ) **ပဝတ္တိစိတ်ကား**= အကုသိုလ်-၁၂၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်-၁၇၊ မဟာကုသိုလ်-၈၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်-၄၊ ပေါင်း ၄၁-ပါး ဖြစ်ပါသည်။

(ဃ) **စုတေသော် ရောက်ရမည့်ဘုံကား**= ကာမ ၁၁-ဘုံ ဖြစ်ပါသည်။

**(စာပိုဒ်–၁၈) သဟိတ်ပဋိသန္ဓေ ၈–ပါး၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပုံ**

မဟာဝိပါက်စိတ် ၈-ပါးတို့သည် ကာမသုဂတိ ၇-ဘုံလုံးမှာပင် ပဋိသန္ဓေ, ဘဝင် စုတိကိစ္စတပ်လျက် ဖြစ်ကြပါသည်။

➢ **လှူစဉ်မှီ လှူသား၏ ပဋိသန္ဓေစိတ်ကား** ။ ။ မဟာဝိပါက်စိတ် ၈-ပါးဖြစ်ပါသည်။

➢ **"လှူသည် မျောက်မှ ဆင်းသက်လာသည်"**ဟူသော ပညာရှင်၏အဆို မမှန်ပါ။ (စာပိုဒ်-၁၆/၁၇/၁၈) တို့ကိုထောက်။

➢ **ပဋိသန္ဓိ–အရ** ။ ။ ကာမပဋိသန္ဓေ ၁၀-ပါး၊ရူပပဋိသန္ဓေ ၆-ပါး၊ အရူပ ပဋိသန္ဓေ ၄-ပါး၊ ပေါင်း (၂၀) ဖြစ်ပါသည်။

➢ **ပဋိသန္ဓိစိတ္တ–အရ** ။ ။ ဥပေက္ခာသန္တီရဏစိတ် ၂-ပါး၊မဟာဝိပါက်စိတ် ၈-ပါး မဟဂ္ဂုတ်ဝိပါက် ၉-ပါး၊ ပေါင်း (၁၉) ပါး ဖြစ်ပါသည်။

➢ **ပဋိသန္ဓိမွေ–အရ** ။ ။ ပဋိသန္ဓေစိတ် ၁၉-ခုနှင့် ဇီဝိတနဝက ကလာပ်ဟုဆိုအပ်သော အသညသတ် ရုပ်ပဋိသန္ဓေ ၁-ခုအားဖြင့် ပေါင်း (၂၀) ဖြစ်ပါသည်။

➢ **ကာမသုဂတိယံ မနုဿာနန္တေဝ–၌ ကာမသုဂတိယံ–အရ** ။ ။ လူ့ဘုံနှင့် စာတုမဟာရာဇ်ဘုံတို့ကို ယူရပါမည်။

➢ **သဗ္ဗတ္ထာပိ ကာမသုဂတိယံ–၌ ကာမသုဂတိ–အရ** ။ ။ ကာမသုဂတိ ၇-ဘုံလုံးကို ယူရပါမည်။

http://www.dhammadownload.com



၁၉။ ဣမာ နဝ ကာမသုဂတိ ပဋိသန္ဓိယော နာမ။

၂၀။ သာ ပနာယံ ဒသဝိဓာပိ ကာမာဝစရပဋိသန္ဓိစ္စေဝ သင်္ခံ ဂစ္ဆတိ။

**ကာမပုဂ္ဂိုလ်တို့ အသက်တမ်း**

၂၁။ တေသု စတုန္နံ အပါယာနံ, မနုဿာနံ, ဝိနိပါတိကာသုရာနဥ္စ အာယုပ္ပမာဏဂဏနာယ နိယမော နတ္ထိ။

၂၂။ စာတုမဟာရာဇိကာနံ ပန ဒေဝါနံ ဒိဗ္ဗာနိ ပဉ္စဝဿသတာနိ အာယုပ္ပမာဏံ၊ မနုဿဂဏနာယ နဝုတိဝဿသတသဟဿပ္ပမာဏံ ဟောတိ။

တတော စတုဂ္ဂုဏံ တာဝတိံသာနံ၊ တတော စတုဂ္ဂုဏံ ယာမာနံ၊ တတော စတုဂ္ဂုဏံ တုသိတာနံ၊ တတော စတုဂ္ဂုဏံ နိမ္မာနရတီနံ၊ တတော စတုဂ္ဂုဏံ ပရနိမ္မိတ ဝသဝတ္တီနံ။

---

(စာပိုဒ်-၁၉) **ဣမာ နဝ ကာမသုဂတိ-၌ နဝ-အရ** ။ ။ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ၁-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ပေါင်း ၉-ပါး ဖြစ်ပါသည်။

(စာပိုဒ်-၂၀) **သာပနာယံ ဒသဝိဓာပိ-၌ ဒသ-အရ** ။ ။ အပါယ်ပဋိသန္ဓေ ၁-ပါး၊ကာမသုဂတိ ပဋိသန္ဓေ ၉-ပါး၊ ပေါင်း ၁၀-ပါးဖြစ်ပါသည်။

[စာပိုဒ်-၂၁] **အသက်တမ်း အမြဲမရှိသော ပုဂ္ဂိုလ်များကား** ။ ။ အပါယ် ၄-ဘုံသား၊ လူ၊ ဝိနိပါတိကအသုရာတို့ ဖြစ်ပါသည်။

➤ **မြင်းအသက် ၇-နှစ်၊ ဆင်အသက် (၇၀) ဟူသောစကား မှန်ကန်မှု ရှိ/မရှိ** (စာပိုဒ်-၂၁) ကိုထောက်၍ အပါယ် ၄-ဘုံသား, လူ, ဝိနိပါတိက အသုရာ-တို့သည် သက်တမ်းသတ်မှတ်ချက် မရှိသောကြောင့် မှန်ကန်မှု မရှိပါ။

➤ **ယခုလူတို့၏ သက်တမ်းကို ၇၅-နှစ်ဟု သတ်မှတ်ကြရာ ၎င်းသတ်မှတ်ချက် မှန်/မမှန်** ။ ။ (စာပိုဒ်-၂၁)ကိုထောက်၍ [အပါယ် ၄-ဘုံသား, လူ, ဝိနိပါတိက အသုရာတို့သည် သက်တမ်းသတ်မှတ်ချက် မရှိသောကြောင့် ] မမှန်ပါ။

(စာပိုဒ်-၂၂) **စာတုမဟာရာဇ်နတ်တို့၏ အသက်တမ်းကား** ။ ။ စာတုမဟာရာဇ်ဘုံသား နတ်တို့၏အသက်သည် ထိုစာတုမဟာရာဇ်နတ်တို့၏ အရေအတွက်အားဖြင့် နှစ် ၅၀၀(ငါးရာ)၊ လူ့အရေအတွက်အားဖြင့် နှစ်ပေါင်း ၉၀၀၀၀၀၀(ကိုးသန်း) ဖြစ်ပါသည်။

http://www.dhammadownload.com



## ပရိနိမ္မိတ ဝသဝတ္တီနတ်သက်ကို လူ့သက်ဖြင့် ရေတွက်ပုံ

### ဝသဝတ္တီနတ်တို့ သက်တမ်း

၂၃။ နဝသတဉ္စေကဝီသ-ဝဿာနံ ကောဋိယော တထာ။
ဝဿသတသဟဿာနိ၊ သဋ္ဌိ စ ဝသဝတ္တိသု။

### ရူပပဋိသန္ဓေ ၆-ပါး

၂၄။ ပဌမဇ္ဈာနဝိပါကံ ပဌမဇ္ဈာနဘူမိယံ ပဋိသန္ဓိ ဘဝင် စုတိဝသေန ပဝတ္တတိ။

၂၅။ တထာ ဒုတိယဇ္ဈာနဝိပါကံ, တတိယဇ္ဈာနဝိပါကဉ္စ ဒုတိယဇ္ဈာန ဘူမိယံ။

၂၆။ စတုတ္ထဇ္ဈာနဝိပါကံ တတိယဇ္ဈာနဘူမိယံ။

၂၇။ ပဉ္စမဇ္ဈာနဝိပါကံ စတုတ္ထဇ္ဈာနဘူမိယံ။

---

**နတ်သက် ဇယား**

| နတ်ဘုံ | နတ်အရေအတွက် | လူ အရေအတွက် |
|---|---|---|
| စာတုမဟာရာဇ် | ၅၀၀ | ၉၀၀၀၀၀၀ (၉) သန်း |
| တာဝတိံသာ | ၁၀၀၀ | ၃-၆၀၀၀၀၀၀ (၃-ကုဋေ ၆-သန်း) |
| ယာမာ | ၂၀၀၀ | ၁၄-၄၀၀၀၀၀၀ (၁၄-ကုဋေ ၄-သန်း) |
| တုသိတာ | ၄၀၀၀ | ၅၇-၆၀၀၀၀၀၀ (၅၇-ကုဋေ ၆-သန်း) |
| နိမ္မာနရတိ | ၈၀၀၀ | ၂၃၀-၄၀၀၀၀၀၀ (၂၃၀-ကုဋေ ၄-သန်း) |
| ပရနိမ္မိတဝသဝတ္တီ | ၁၆၀၀၀ | ၉၂၁-၆၀၀၀၀၀၀ (၉၂၁-ကုဋေ ၆-သန်း) |

[ဓာပိုဒ်- ၂၄] **ရူပပဋိသန္ဓေ ၆-ပါး** ။ ။ ၁။ပဌမဈာန်ဝိပါက်စိတ်သည် ပဌမဈာန်ဖြဟ္မာ့ ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်လျက် ဖြစ်ပါသည်။

[ဓာပိုဒ်- ၂၅] ၂/၃။ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက်စိတ်တို့သည် ဒုတိယ ဈာန်ဖြဟ္မာ့ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်လျက် ဖြစ်ပါသည်။

[ဓာပိုဒ်- ၂၆] ၄။ စတုတ္ထဈာန်ဝိပါက်စိတ်သည် တတိယဈာန် ဖြဟ္မာ့ဘုံ၌ ပဋိသန္ဓေ ဘဝင်, စုတိကိစ္စတပ်လျက် ဖြစ်ပါသည်။

[ဓာပိုဒ်- ၂၇] ၅။ ပဉ္စမဈာန်ဝိပါက်စိတ်သည် စတုတ္ထဈာန်ဖြဟ္မာ့ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်လျက် ဖြစ်ပါသည်။

http://www.dhammadownload.com



၂၈။ အသညသတ္တာနံ ပန ရူပမေဝ ပဋိသန္ဓိ ဟောတိ၊ တထာ တတော ပရံ ပဝတ္တိယံ စဝနကာလေစ ရူပမေဝ ပဝတ္တိတွာ နိရုဇ္ဈတိ။ ဣမာ ဆ ရူပါဝစရ ပဋိသန္ဓိယော နာမ။

➤ **စတုတ္ထဈာနဘူမိ–အရ** ။ ။အသညသတ်ဘုံကို သီးခြားဆိုလတ့်ဖြစ်သောကြောင့် ဝေဟပ္ဖိုလ်ဘုံနှင့် သုဒ္ဓါဝါသ ၅-ဘုံတို့ကိုသာ ယူရပါမည်။ (သာဂ) စာပိုဒ်-၂၈။

[စာပိုဒ်–၂၈] **အသညသတ် ပဋိသန္ဓေ / ရူပါဝစရရုပ်ပဋိသန္ဓေ ၁-ပါး** ။ ။ ၆။အသညသတ် ပြဟ္မာတို့အား ဇီဝိတနဝက ကလာပ်ရုပ်သည်သာ ပဋိသန္ဓေကိစ္စတပ်လျက် ဖြစ်ပါသည်၊ ထို့အတူ ပဝတ္တိအခါ စုတိအခါတို့၌လည်း ဇီဝိတနဝကကလာပ်ရုပ်သည်ပင် ဘဝင်ကိစ္စ စုတိကိစ္စတပ်လျက် ဖြစ်ပြီးနောက် ချုပ်ပါသည်။

➤ **နာမ် ပဋိသန္ဓေ, ဘဝင်, စုတိများရှိသကဲ့သို့ ရုပ်ပဋိသန္ဓေ, ဘဝင်, စုတိများ ရှိ/ မရှိ** ။ ။ (စာပိုဒ်-၂၈) ကိုထောက်၍ ရုပ်ပဋိသန္ဓေ, ဘဝင်, စုတိများ ရှိပါသည်။

➤ **ပထမဈာန်ဘုံသား** (ပြဟ္မပါရိသဇ္ဇာ၊ ပြဟ္မပုရောဟိတာ၊ မဟာပြဟ္မာ) **ပြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ကား**= ရူပါဝစရ ပထမဈာန်ဝိပါက်စိတ် ဖြစ်ပါသည်။ (စာပိုဒ်-၂၄-ကိုထောက်)

➤ **ဒုတိယဈာန်ဘုံသား**[ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာ] **ပြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ကား**= ရူပါဝစရ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက် စိတ် ဖြစ်ပါသည်။(စာပိုဒ်-၂၅-ကိုထောက်)

➤ **တတိယဈာန်ဘုံသား**[ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ] **ပြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ကား**= ရူပါဝစရ စတုတ္ထဈာန်ဝိပါက်စိတ် ဖြစ်ပါသည်။ (စာပိုဒ်-၂၆-ကိုထောက်)

➤ **စတုတ္ထဈာန်ဘုံသား** [ ဝေဟပ္ဖိုလ်၊ အဝိဟာဘုံ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌာ] **ပြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ကား**= ရူပါဝစရ ပဉ္စမဈာန်ဝိပါက်စိတ် ဖြစ်ပါသည်။ (စာပိုဒ်-၂၇-ကိုထောက်)

➤ **ပဋိသန္ဓေ အကျိုးကို မပေးနိုင်သော ကုသိုလ်ကား** = အဘိညာဉ်ကုသိုလ်နှင့် လောကုတ္တရာမဂ်ကုသိုလ် ၄-ခု ဖြစ်ပါသည်။

➤ **မြတ်ဗုဒ္ဓကိုဖူးမြော်ရ၍ ဝမ်းမြောက်ကြည်ညိုစိတ်ဖြစ်နေသည့် ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သင့်သော ဝိပါက်ဖြစ်သည့် ဝီထိစိတ်** = ကုသလဝိပါက်စက္ခုဝိညာဉ်, ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း, ကုသလဝိပါက် သောမနဿသန္တီရဏ, မဟာဝိပါက် သောမနဿ ၄-ပါးဟူသော တဒါရုံဝီထိစိတ်များ ဖြစ်ပါသည်။

http://www.dhammadownload.com



**ရှုပဘုဂ္ဂိုလ်တို့အသက်တမ်း**

၂၉။ တေသု ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ ကပ္ပဿ တတိယော ဘာဂေါ အာယုပ္ပမာဏံ။

၃၀။ ဗြဟ္မပုရောဟိတာနံ ဉပဍ္ဎကပ္ပေါ။

၃၁။ မဟာဗြဟ္မာနံ ဧကော ကပ္ပေါ။

၃၂။ ပရိတ္တာဘာနံ ဒွေ ကပ္ပါနိ။

၃၃။ အပ္ပမာဏာဘာနံ စတ္တာရိ ကပ္ပါနိ။

၃၄။ အာဘဿရာနံ အဋ္ဌ ကပ္ပါနိ။

၃၅။ ပရိတ္တသုဘာနံ သောဠသ ကပ္ပါနိ။

၃၆။ အပ္ပမာဏသုဘာနံ ဒွတ္တိံသ ကပ္ပါနိ။

၃၇။ သုဘကိဏှာနံ စတုသဋ္ဌိ ကပ္ပါနိ။

---

(စာပိုဒ်-၂၉) ပထမဈာန်ဘုံသားဖြစ်သော **ဗြဟ္မပါရိသဇ္ဇာဗြဟ္မာကြီးတို့၏** သက်တမ်းကား= အသင်္ချေကပ် ၃-ပုံ ၁-ပုံဖြစ်ပါသည်။

(စာပိုဒ်-၃၀) **ဗြဟ္မပုရောဟိတာ** ဗြဟ္မာကြီးတို့၏သက်တမ်းကား= အသင်္ချေကပ် တစ်ဝက်ဖြစ်ပါသည်။

(စာပိုဒ်-၃၁) **မဟာဗြဟ္မာ**ကြီးတို့၏ သက်တမ်းကား= အသင်္ချေယျကပ် ၁-ကပ်ဖြစ်ပါသည်။

(စာပိုဒ်-၃၂) ဒုတိယဈာန်ဘုံသားဖြစ်သော **ပရိတ္တာဘာ** ဗြဟ္မာကြီးတို့၏ အသက်တမ်းကား= မဟာကပ် ၂-ကပ်ဖြစ်ပါသည်။

(စာပိုဒ်-၃၃) **အပ္ပမာဏာဘာ** ဗြဟ္မာကြီးတို့၏ အသက်တမ်းကား= မဟာကပ် ၄-ကပ်ဖြစ်ပါသည်။

(စာပိုဒ်-၃၄) **အာဘဿရာ**ဗြဟ္မာကြီးတို့၏ အသက်တမ်းကား= မဟာကပ် ၈-ကပ်။

(စာပိုဒ်-၃၅) တတိယဈာန်ဘုံသားဖြစ်သော **ပရိတ္တသုဘာ** ဗြဟ္မာကြီးတို့၏ အသက်တမ်းကား= မဟာကပ် ၁၆-ကပ် ဖြစ်ပါသည်။

(စာပိုဒ်-၃၆) **အပ္ပမာဏသုဘာ** ဗြဟ္မာကြီးတို့၏ အသက်တမ်းကား = မဟာကပ် ၃၂-ကပ် ဖြစ်ပါသည်။

(စာပိုဒ်-၃၇) **သုဘကိဏှာ** ဗြဟ္မာကြီးတို့၏ အသက်တမ်းကား= မဟာကပ် ၆၄-ကပ် ဖြစ်ပါသည်။

http://www.dhammadownload.com



၃၈။ ဝေဟပ္ဖလာနံ, အသညသတ္တာနဥ္စ ပဥ္စကပ္ပသတာနိ။

**သုဒ္ဓါဝါသဗြဟ္မာတို့၏ သက်တမ်း**

၃၉။ အဝိဟာနံ ကပ္ပသဟဿာနိ။

၄၀။ အတပ္ပါနံ ဒွေ ကပ္ပသဟဿာနိ။

၄၁။ သုဒဿာနံ စတ္တာရိ ကပ္ပသဟဿာနိ။

၄၂။ သုဒဿီနံ အဋ္ဌ ကပ္ပသဟဿာနိ။

၄၃။ အကနိဋ္ဌာနံ သောဠသ ကပ္ပသဟဿာနိ။

**အာရုပ္ပပဋိသန္ဓေ ၄-ပါး**

၄၄။ ပဌမာရုပ္ပါဒိဝိပါကာနိ ပဌမာရုပ္ပါဒိ ဘူမိသု ယထာက္ကမံ ပဋိသန္ဓိ ဘဝင်္ဂ စုတိဝသေန ပဝတ္တန္တိ။

က္ကမာ စတသော အာရုပ္ပပဋိသန္ဓိယော နာမ။

---

(စာပိုဒ်-၃၈) စတုတ္ထဈာန်ဘုံသားဖြစ်သော **ဝေဟပ္ဖိုလ်ဗြဟ္မာနှင့် အသညသတ်ဗြဟ္မာကြီးတို့၏ အသက်တမ်းကား**= မဟာကပ် ၅၀၀ (ငါးရာ)စီ ဖြစ်ပါသည်။

(စာပိုဒ်-၃၉) **အဝိဟာဗြဟ္မာကြီးတို့၏** အသက်တမ်းကား= မဟာကပ် (၁၀၀၀)။

(စာပိုဒ်-၄၀) **အတပ္ပါဗြဟ္မာကြီးတို့၏** အသက်တမ်းကား= မဟာကပ် (၂၀၀၀)။

(စာပိုဒ်-၄၁) **သုဒဿာဗြဟ္မာကြီးတို့၏** အသက်တမ်းကား= မဟာကပ် (၄၀၀၀)။

(စာပိုဒ်-၄၂) **သုဒဿီဗြဟ္မာကြီးတို့၏** အသက်တမ်းကား= မဟာကပ် (၈၀၀၀)။

(စာပိုဒ်-၄၃) **အကနိဋ္ဌာဗြဟ္မာကြီးတို့၏** အသက်တမ်းကား= မဟာကပ် (၁၆၀၀၀)။

(စာပိုဒ်-၄၄) **ယထာက္ကမံ-အရ အာရုပ္ပပဋိသန္ဓေ ၄-ပါးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပုံ** ။ ။ ပဌမာရုပ္ပ (အာကာသာနဉ္စာယတန) ဝိပါက်စိတ်သည် ပဌမာရုပ္ပ (အာကာသာနဉ္စာယတန)ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပါသည်။ ဒုတိယာရုပ္ပ (ဝိညာဏဉ္စာယတန)ဝိပါက်စိတ်သည် ဒုတိယာရုပ္ပ (ဝိညာဏဉ္စာယတန)ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပါသည်။တတိယာရုပ္ပ (အာကိဉ္စညာယတန) ဝိပါက်စိတ်သည် တတိယာရုပ္ပ (အာကိဉ္စညာ ယတန) ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပါသည်။ စတုတ္ထာရုပ္ပ (နေဝသညာနာသညာယတန) ဝိပါက်စိတ်သည် စတုတ္ထာရုပ္ပ (နေဝ သညာနာသညာယတန) ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပါသည်။

➤ **အာကာသာနဉ္စာယတနဗြဟ္မာကြီး၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ကား**

အာကာသာနဉ္စာယတနဝိပါက်စိတ် ဖြစ်ပါသည်။ (ကြွင်းနည်းတူ)

http://www.dhammadownload.com



**အရူပပုဂ္ဂိုလ်တို့ အသက်တမ်း**

၄၅။ တေသု ပန အာကာသာနဉ္စာယတနူပဂါနံ ဒေဝါနံ ဝီသတိ ကပ္ပ သဟဿာနိ အာယုပ္ပမာဏံ။

၄၆။ ဝိညာဏဉ္စာယတနူပဂါနံ ဒေဝါနံ စတ္တာလီသ ကပ္ပသဟဿာနိ။

၄၇။ အာကိဉ္စညာယတနူပဂါနံ ဒေဝါနံ သဋ္ဌိ ကပ္ပသဟဿာနိ။

၄၈။ နေဝသညာ နာသညာ ယတနူပဂါနံ ဒေဝါနံ စတုရာသီတိ ကပ္ပသဟဿာနိ။

**တစ်ဘဝ၌ တူမြဲတရား ၃-ပါး**

၄၉။ ပဋိသန္ဓိ ဘဝင်္ဂဉ္စ၊ တထာ စဝနမာနသံ။
ဧကမေဝ တထေဝေက-ဝိသယဉ္စေက ဇာတိယံ။
ဣဒမေတ္ထ ပဋိသန္ဓိစတုက္ကံ။

---

(စာပိုဒ်-၄၅) **အာကာသာနဉ္စာယတနမြဟ္မာကြီးတို့၏** အသက်တမ်းကား= မဟာကပ် ၂၀၀၀၀ (နှစ်သောင်း) ဖြစ်ပါသည်။

(စာပိုဒ်-၄၆) **ဝိညာဏဉ္စာယတနမြဟ္မာကြီးတို့၏** အသက်တမ်းကား ။ ။ မဟာကပ် (၄) သောင်း ဖြစ်ပါသည်။

(စာပိုဒ်-၄၇) **အာကိဉ္စညာယတနမြဟ္မာကြီးတို့၏** အသက်တမ်းကား ။ ။ မဟာကပ် (၆)သောင်း ဖြစ်ပါသည်။

(စာပိုဒ်-၄၈) **နေဝသညာနာသညာယတနမြဟ္မာကြီးတို့၏** အသက်တမ်းကား= မဟာကပ် (၈)သောင်း (၄)ထောင် ဖြစ်ပါသည်။

(စာပိုဒ်-၄၉) **တစ်ဘဝ၌ တူမြဲတရား ၃-ပါးကား** ။ ။ ပဋိသန္ဓေ, ဘဝင်, စုတိတို့ ဖြစ်ပါသည်။ ➢ **တူပုံအခြင်းအရာကား** ။ ။ ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သင်္ခါရအားဖြင့် တူကြပါသည်။

➢ **တစ်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိ-တို့ တူကြမြဲဖြစ်၏ဟူသော အဆိုမှာ မှန်၍ မဟုတ်၊ ယေဘုယျ-သာဖြစ်ကြောင်း** အထောက်အထားပါဠိကား= ဝီထိစာပိုဒ်-၂၈။

➢ **ပဋိသန္ဓေနေသောပုဂ္ဂိုလ်** = ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်၊ ပေါင်း ၇-ယောက် ဖြစ်ပါသည်။ **စုတေသော ပုဂ္ဂိုလ်** ။ ။ ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်။ ➢ **ပဋိသန္ဓေ မနေသော ပုဂ္ဂိုလ်** အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ **ပဋိသန္ဓေ စုတေခြင်း မရှိသော ပုဂ္ဂိုလ်** = မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်။

http://www.dhammadownload.com



**ကမ္မစတုက္က/ကံ ၄-ပါး ၄-လီ**

၅၀။ ဇနကံ, ဥပတ္ထမ္ဘကံ, ဥပပီဠကံ, ဥပဃာတကဥ္စေတိ ကိစ္စဝသေန။

**အကျိုးပေးရာ ရှေ့နောက်အစီအစဉ်အားဖြင့် ကံ ၄-ပါးပြ**

၅၁။ ဂရုကံ, အာသန္နံ, အာစိဏ္ဏံ, ကဋတ္တာကမ္မဥ္စေတိ ပါကဒါန ပရိယာယေန။

**(ကုသိုလ်နှင့် အကုသိုလ်ကံတို့၏) အကျိုးပေးရာကာလအားဖြင့် ကံ ၄-ပါးပြ**

၅၂။ ဒိဋ္ဌဓမ္မဝေဒနီယံ, ဥပပဇ္ဇဝေဒနီယံ, အပရာပရိယဝေဒနီယံ, အဟောသိကမ္မဥ္စေတိ ပါကကာလဝသေန စတ္တာရိ ကမ္မာနိနာမ။

**အကျိုးပေးရာဌာနအားဖြင့် ကံ ၄-ပါးပြ**

၅၃။ တထာ အကုသလံ, ကာမာဝစရကုသလံ, ရူပါဝစရကုသလံ, အရူပါဝစရကုသလဥ္စေတိ ပါကဌာနဝသေန။

---

➤ **သေသာ သေ၍ မရှင်သော ပုဂ္ဂိုလ်**= ရဟန္တာပုဂ္ဂိုလ် ဖြစ်ပါသည်။

➤ **သေလည်း မသေ ရှင်လည်း မရှင်သောပုဂ္ဂိုလ်** = မဂ္ဂဌာန် ၄ယောက်။

➤ **အဝင် ၃-ပါးကား** ။ ။ (၁) ဝေဟပ္ဖိုလ်ဘုံသည် **ပုထုဇ္ဇနအဝင်** မည်၏။ (၂) အကနိဋ္ဌာဘုံသည် **အရိယာအဝင်** မည်၏။ (၃) နေဝသညာနာသညာယတနဘုံသည် **သဗ္ဗအဝင်** မည်၏။

**(စာပိုဒ်-၅၀) ကိစ္စအားဖြင့် ကံ ၄-ပါးကား** ။ ။ ဇနကကံ, ဥပတ္ထမ္ဘကကံ, ဥပပီဠကကံ ဥပဃာတကကံတို့ ဖြစ်ပါသည်။

**(စာပိုဒ်-၅၁) ပါကဒါနပရိယာယ**(အကျိုးပေးရာ ရှေ့နောက်အစီအစဉ်) **အားဖြင့် ကံ ၄-ပါးကား** ။ ။ ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ-တို့ဖြစ်ပါသည်။

**(စာပိုဒ်-၅၂) ပါကကာလ** (အကျိုးပေးရာကာလ)**အားဖြင့် ကံ ၄-ပါးကား** ။ ။ ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ, အဟောသိကံ။

➤ **ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးစိတ်ကား** ။ ။ အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ အတွက်= အကုသလဝိပါက်စိတ် ၇-ပါး၊ ကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံအတွက်= အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး ဖြစ်ပါသည်။

**(စာပိုဒ်-၅၃) ပါကဌာန်** (အကျိုးပေးရာဌာန) **၏ အစွမ်းအားဖြင့် ကံ၄-ပါးကား** အကုသိုလ်ကံ, ကာမာဝစရကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံ, အရူပါဝစရကုသိုလ် ကံ-တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**ကာမကုသိုလ်ကံ အကုသိုလ်ကံ–၂၀**

**အကုသိုလ်ကံ ၃–ပါး**

၅၄။ တတ္ထ အကုသလံ ကာယကမ္မံ, ဝစီကမ္မံ, မနောကမ္မဉ္စေတိ ကမ္မဒွါရ ဝသေန တိဝိဓံ ဟောတိ။

**အကုသလကမ္မပထတရား ၁၀–ပါးပြ (၅၅/၅၆/၅၇)**

**ကာယကံ (ကာယဒုစရိုက်) ၃–ပါး / (ကာယကံမည်ပုံ)**

၅၅။ ကထံ? ----

ပါဏာတိပါတော, အဒိန္နာဒါနံ, ကာမေသုမိစ္ဆာစာရော စေတိ ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ။

**ဝစီကံ (ဝစီဒုစရိုက်) ၄–ပါး / (ဝစီကံ မည်ပုံ)**

၅၆။ မုသာဝါဒေါ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပေါ စေတိ ဝစီဝိညတ္တိသင်္ခါတေ ဝစီဒွါရေ ဗာဟုလ္လဝုတ္တိတော ဝစီကမ္မံ နာမ။

---

(စာပိုဒ်–၅၄) **ကမ္မဒွါရ၏ အစွမ်းဖြင့်ပြားသော အကုသိုလ်ကံ ၃–မျိုးကား** ကာယကံ, ဝစီကံ, မနောကံ-တို့ ဖြစ်ပါသည်။

(စာပိုဒ်–၅၅) **အကုသလကမ္မပထတရား**[ဒုစရိုက်တရား] **၁၀–ပါးကား** ။ ။ ကာယကံ, ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါး-တို့ဖြစ်ပါသည်။

➤ **ကာယကံ ၃–ပါးကား** ။ ။ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ တို့ ဖြစ်ပါသည်။

➤ **ကာယကံ မည်ပုံ** ။ ။ (ဤသုံးပါးသည်) "ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရ၌ များသောအားဖြင့်ဖြစ်သောကြောင့် "ကာယကံ" မည်ပါသည်။ (သာကေ) စာပိုဒ် ၅၅-ကိုထောက်။

(စာပိုဒ်–၅၆) **ဝစီကံ ၄–ပါးကား** ။ ။ မုသာဝါဒ, ပိသုဏဝါစာ (ချောပစ်ကုန်းတိုက်ခြင်း)၊ ဖရုသဝါစာ (မကြားဝံ့ မနာသာ ယုတ်ယုတ်မာမာ ဆဲရေးတိုင်းထွာခြင်း)၊ သမ္ဖပ္ပလာပ (စကားဖျင်း စကားတင်းပြောဆိုခြင်း) တို့ဖြစ်ပါသည်။

➤ **ဝစီကံ မည်ပုံ** ။ ။ (ဤ ၄-ပါးတို့သည်) "ဝစီဝိညတ်"ဟု ဆိုအပ်သော ဝစီဒွါရ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် "ဝစီကံ" မည်ပါသည်။

http://www.dhammadownload.com



**မနောကံ (မနောဒုစရိုက်) ၃-ပါး /(မနောကံ မည်ပုံ)**

၅၇။ အဘိဇ္ဈာ, ဗျာပါဒေါ, မိစ္ဆာဒိဋ္ဌိ စေတိ အညတြာပိ ဝိညတ္တိယာ မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော မနောကမ္မံ နာမ။

**ကံ၏ဖြစ်ကြောင်းတရားများ**

၅၈။ တေသု ပါဏာတိပါတော, ဖရုသဝါစာ, ဗျာပါဒေါ စ ဒေါသမူလေန ဇာယန္တိ။

၅၉။ ကာမေသုမိစ္ဆာစာရော, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။

၆၀။ သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ။

၆၁။ စိတ္တုပ္ပါဒဝသေန ပနေတံ အကုသလံ သဗ္ဗထာပိ ဒွါဒသဝိဓံ ဟောတိ။

---

**(စာပိုဒ်-၅၇) မနောကံ ၃-ပါးကား** ။ ။ အဘိဇ္ဈာ (မတရားလိုချင်ခြင်း)၊ ဗျာပါဒ (သူတပါးတို့၏ စီးပွားချမ်းသာ ပျက်စီးစေလိုခြင်း)၊ မိစ္ဆာဒိဋ္ဌိ (အယူမှားခြင်း) တို့ ဖြစ်ပါသည်

➤ **မနောကံ မည်ပုံ** ။ ။ (ဤသုံးပါးတို့သည်) ကာယဝိညတ် ဝစီဝိညတ် မပါ, မနောဒွါရ (စိတ်) ၌သာ များသောအားဖြင့်ဖြစ်တတ်သောကြောင့် "မနောကံ"မည်၏။

**(စာပိုဒ်-၅၈) ဒေါသမူလကြောင့်ဖြစ်သော အကုသိုလ်ကံ ၃-ပါးကား** ။ ။ ပါဏာတိပါတနှင့် ဖရုသဝါစာ-တို့သည် ဒေါသမူလ, ဒေါသမူလရှိသောစိတ် (ဒေါသမူလ) ကြောင့် ဖြစ်ကြပါသည်။ ဗျာပါဒကား ဒေါသမူလရှိသောစိတ်ကြောင့်သာ ဖြစ်ပါသည်။

➤ **ဒေါသမူလကြောင့် ဖြစ်သော (ဒုစရိုက်) တရားများ** ။ ။ ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ-တို့ ဖြစ်ပါသည်။ (စာပိုဒ် ၅၈-ကိုထောက်)

➤ **အသားစားလို၍ တိရစ္ဆာန်ကိုသတ်ခြင်းသည် လောဘမူလကြောင့် ဖြစ်သည်ဟု ဆိုနိုင်/မဆိုနိုင်** ။ ။ (စာပိုဒ်-၅၈) ကိုထောက်၍ မဆိုနိုင်ပါ။

**(စာပိုဒ်-၅၉) လောဘမူလကြောင့်ဖြစ်သော အကုသိုလ်ကံ ၃-ပါး** ။ ။ ကာမေသု မိစ္ဆာစာရနှင့် မိစ္ဆာဒိဋ္ဌိတို့သည် လောဘမူလ, လောဘမူလရှိသောစိတ်ကြောင့် ဖြစ်ကြပါသည်။ အဘိဇ္ဈာကား လောဘမူလရှိသော စိတ်ကြောင့်သာ ဖြစ်ပါသည်။

➤ **လောဘမူလကြောင့် ဖြစ်သော (ဒုစရိုက်) တရားများ** ။ ။ကာမေသုမိစ္ဆာစာရ အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ-တို့ ဖြစ်ပါသည်။

➤ **အယူမှားခြင်းသည် လောဘကြောင့်လော? ဒေါသကြောင့်လော?**

(စာပိုဒ်-၅၉)ကိုထောက်၍ အယူမှားခြင်းသည် လောဘကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



(စာပိုဒ်–၆၀) **လောဘမူ, ဒေါသမူကြောင့်ဖြစ်သော အကုသိုလ်ကံ ၄–ပါး** ။ ။ အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ-တို့သည် ရံခါ လောဘမူလကြောင့် ဖြစ်၍ ရံခါ ဒေါသမူလကြောင့် ဖြစ်ကြပါသည်။

➤ **လောဘ, ဒေါသ နှစ်ပါးစုံကို အခြေခံထားမှုကြောင့် သတ္တဝါတို့သန္တာန်၌ ဖြစ်ပေါ်နိုင်သည့် ဒုစရိုက်တရားများ/အလိုရမ္မက် အမျက်ဒေါသ နှစ်ဝကြောင့် ဖြစ်ရသော အကုသိုလ်ဒုစရိုက်များ** ။ ။ အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၆၀-ကိုထောက်)

➤ **သေသာနိ စတ္တာရိပိ ဒွီဟိ မူလေဟိ–၌ သေသ–အရ/ စတ္တာရိ–အရ/ မူလ နှစ်ပါးကြောင့်ဖြစ်သော ကံများ** ။ ။ အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ-တို့သည် ရံခါ လောဘမူလကြောင့် ဖြစ်၍ ရံခါ ဒေါသမူလကြောင့် ဖြစ်ကြပါသည်။

➤ **သေသာနိ စတ္တာရိပိ ဒွီဟိ မူလေဟိ–၌ သေသအပါဒါန်–အရ** ။ ။ ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ, ကာမေသု မိစ္ဆာစာရ, မိစ္ဆာဒိဋ္ဌိ, အဘိဇ္ဈာ-တို့ဖြစ်ပါသည်။

➤ **အကုသိုလ် ကာယကံ ၃–ပါးတို့ကို ဖြစ်ကြောင်းတရားများနှင့်တကွ တွဲစပ်ပုံ**

၁။ ပါဏာတိပါတ-သည် ဒေါသမူလ, ဒေါသမူလရှိသောစိတ်ကြောင့် ဖြစ်ပါသည်။

၂။ အဒိန္နာဒါန-သည် ရံခါလောဘမူလကြောင့်ဖြစ်၍ ရံခါ ဒေါသမူလကြောင့် ဖြစ်ပါသည်။ ၃။ ကာမေသုမိစ္ဆာစာရ-သည် လောဘမူလ, လောဘမူလရှိသော စိတ်ကြောင့် ဖြစ်ပါသည်။

**မေး** ။ ။ သတ္တဝါတို့၏သန္တာန်၌ အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးဖြစ်သည့် **အကုသိုလ်ကံတရား (၁၀) ပါး**တို့ အဘယ့်ကြောင့် ဖြစ်ပေါ်လာကြသည်ကို ခွဲခြားဖြေဆိုပြခဲ့ပါ။

**ဖြေ** ။ ။ (၁) ဒေါသမူလကြောင့် ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒတရားတို့ ဖြစ်ပေါ်လာကြပါသည်။ (၂) လောဘမူလကြောင့် ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ-တရားတို့ ဖြစ်ပေါ်လာကြပါသည်။ (၃) ဒေါသမူလ, လောဘမူလနှစ်ပါးကြောင့် အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ-တို့ ဖြစ်လာပါသည်။

(စာပိုဒ်–၆၁) **အကုသလကမ္မပထတရား ၁၀-ပါးသည် စိတ္တုပ္ပါဒ်အားဖြင့် စိစစ်လျှင်** အကုသိုလ်စိတ် ၁၂-ပါးပင် ဖြစ်ပါသည်။

➤ **အကုသလကမ္မပထတရား** (ဒုစရိုက်တရား) **၏ တရားကိုယ်** အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါသည်။(စာပိုဒ်-၆၁-ကိုထောက်)

➤ **ကံဖြစ်ကြောင်းတရားများကား** ။ ။ လောဘမူလ, လောဘမူလရှိသော စိတ်, ဒေါသမူလ, ဒေါသမူလရှိသော စိတ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**ကာမကုသိုလ်ကံ ၃–ပါးနှင့် ၈–ပါး**

**ကုသလကမ္မပထတရား ၁၀–ပါးပြ**

၆၂။ ကာမာဝစရကုသလမ္ပိ ကာယဒွါရေ ပဝတ္တံ ကာယကမ္မံ, ဝစီဒွါရေ ပဝတ္တံ ဝစီကမ္မံ, မနောဒွါရေ ပဝတ္တံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ။

**ပုညကိရိယဝတ္ထု ၃–ပါး**

၆၃။ တထာ ဒါန, သီလ, ဘာဝနာဝသေန။

၆၄။ စိတ္တုပ္ပါဒဝသေန ပနေတံ အဋ္ဌဝိဓံ ဟောတိ။

**ပုညကိရိယဝတ္ထု ၁၀–ပါး**

၆၅။ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မဝသေန ဒသဝိဓံ ဟောတိ။

၆၆။ တံ ပနေတံ ဝီသတိဝိဓမ္ပိ ကာမာဝစရကမ္မမိစ္စေဝ သင်္ခံ ဂစ္ဆတိ။

---

(စာပိုဒ်–၆၂) **ကမ္မဒွါရအားဖြင့် ကာမကုသိုလ်ကံ ၃–ပါးကား** ။ ။ ၁။ ကာယဒွါရ၌ဖြစ်သော ကာယကံ၊ ၂။ ဝစီဒွါရ၌ဖြစ်သော ဝစီကံ၊ ၃။ မနောဒွါရ၌ဖြစ်သော မနောကံ တို့ ဖြစ်ပါသည်။

➤ **ကုသလကမ္မပထတရား ၁၀–ပါး(ဝါ) သုစရိုက် ၁၀–ပါးကား**

ပါဏာတိပါတာဝိရတိ, အဒိန္နာဒါနာဝိရတိ, ကာမေသုမိစ္ဆာစာရာဝိရတိ-ဟူသော ကုသိုလ်ကာယကံ ၃-ပါး၊ မုသာဝါဒါဝိရတိ, ပိသုဏာဝါစာ ဝိရတိ, ဖရုသဝါစာဝိရတိ, သမ္ဖပ္ပလာပါဝိရတိ-ဟူသော ကုသိုလ်ဝစီကံ ၄-ပါး၊ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ ဟူသော ကုသိုလ် မနောကံ ၃-ပါး၊ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

(စာပိုဒ်–၆၃) တစ်နည်း **ကာမကုသိုလ်ကံ ၃–ပါးကား** ။ ။ ဒါန, သီလ, ဘာဝနာ-တို့ ဖြစ်ပါသည်။

(စာပိုဒ်–၆၄) **စိတ္တုပ္ပါဒ်အားဖြင့် စိစစ်လျှင်** ကာမာဝစရကုသိုလ်ကံ ၈-ပါးရှိပါသည်။

➤ **ကုသလကမ္မပထတရား**(သုစရိုက်တရား)**၏ တရားကိုယ် / သားကြီးရှင်ပြု ဒါနမှု၏ တရားကိုယ်** ။ ။ မဟာကုသိုလ် စိတ် ၈-ပါး ဖြစ်ပါသည်။(စာပိုဒ်-၆၃/၆၄)

[စာပိုဒ်–၆၆] **တံ ပနေတံ ဝီသတိ ဝိဓမ္ပိ–၌ ဝီသတိ–အရ** ။ ။ အကုသိုလ်ကံ ၁၂-ပါး မဟာကုသိုလ်ကံ ၈-ပါး၊ ပေါင်း ၂၀- ဖြစ်ပါသည်။

http://www.dhammadownload.com



**ရူပဗြဟ္မာဘုံသို့ လားစေသော ကံ ၅–ပါး/ရူပကုသိုလ်ကံ ၅–ပါး**

၆၇။ ရူပါဝစရကုသလံ ပန မနောကမ္မမေဝ၊ တဉ္စ ဘာဝနာမယံ အပ္ပနာပတ္တံ ဈာနင်္ဂဘေဒေန ပဉ္စဝိဓံ ဟောတိ။

**အရူပဗြဟ္မာဘုံသို့ လားစေသော ကံ ၄–ပါး/အရူပကုသိုလ်ကံ ၄–ပါး**

၆၈။ တထာ အရူပါဝစရကုသလဉ္စ မနောကမ္မံ၊ တမ္ပိ ဘာဝနာမယံ အပ္ပနာပတ္တံ အာရမ္မဏဘေဒေန စတုဗ္ဗိဓံ ဟောတိ။

**ကာမကံ၏ အကျိုးပေးရာဘုံ (စာပိုဒ်–၆၉/၇၀)**

**အကုသိုလ်ကံ၏ ပဋိသန္ဓေ, ပဝတ္တိ အကျိုးပေးရာဘုံ**

**အကုသိုလ်ကံတရားတို့၏ ဆိုးကျိုးပေးပုံပြ**

၆၉။ ဧတ္ထာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။ ပဝတ္တိယံ ပန သဗ္ဗမ္ပိ ဒွါဒသဝိဓံ သတ္တာကုသလပါကာနိ သဗ္ဗတ္ထာပိ ကာမလောကေ, ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။

---

[စာပိုဒ်–၆၇] **ရူပကုသိုလ်ကံ ၅–ပါး** ။ ။ ရူပါဝစရကုသိုလ်ကံသည် ကာမာဝစရကုသိုလ်ကံ ကဲ့သို့ ကာယကံ, ဝစီကံ, မနောကံ-ဟု ၃-မျိုးမရှိ၊ မနောကံတစ်မျိုးသာ ဖြစ်ပါသည်၊ ကာမာဝစရကုသိုလ်ကံကဲ့သို့ ဒါန, သီလ, ဘာဝနာ-ဟု သုံးမျိုးမပြား ဘာဝနာ တစ်မျိုးသာ ရှိပါသည်၊ မနောကံ ဘာဝနာမယ-ဟု ဆိုသော်လည်း ကာမာဝစရကုသိုလ် မနောကံ ဘာဝနာမျိုးမဟုတ်၊ အပ္ပနာသို့ရောက်သော မနောကံဘာဝနာမျိုးသာ ဖြစ်ပါသည်၊ ဈာန် အင်္ဂါတို့၏ ယှဉ်ပုံ ငါးမျိုးပြားသောကြောင့် ရူပါဝစရကုသိုလ်ကံ ၅-မျိုးပြားရပါသည်။

➤ **ရူပဘုံသား ဗြဟ္မာကြီးများ အလှူပေးခြင်း, သီလဆောက်တည်ခြင်းရှိ/မရှိ** စာပိုဒ်-၆၇-ကိုထောက် မရှိပါ။

[စာပိုဒ်–၆၈] **အရူပကုသိုလ်ကံ ၄–ပါး** ။ ။ အရူပါဝစရကုသိုလ်ကံသည်လည်း မနောကံ တစ်မျိုး၊ဘာဝနာတစ်မျိုးသာဖြစ်သည်၊ အပ္ပနာသို့ရောက်သော မနောကံ ဘာဝနာမယ ဖြစ်ပါသည်၊ ကောင်းကင်ပညတ်စသော အာရုံလေးမျိုးပြားသောကြောင့် အရူပါဝစရ ကုသိုလ်ကံ ၄-မျိုးပြားရပါသည်။

➤ **အကုသိုလ်ကံ၏ ပါကဋ္ဌာန (အကျိုးပေးရာဘုံဌာန)**

[စာပိုဒ်–၆၉] ဥဒ္ဓစ္စသဟဂုတ်ကံမှတစ်ပါး အကုသိုလ်ကံ (၁၁) ပါးသည် အပါယ် ၄-ဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးပါသည်။ **ပဝတ္တိအခါ** ဥဒ္ဓစ္စသဟဂုတ်ကံနှင့်တကွ အကုသိုလ်ကံ ၁၂-ပါးလုံးသည် ကာမ-၁၁ ဘုံ၊အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ အကုသလဝိပါက်စိတ် ၇-ပါးဟူသော အကျိုးကို ထိုက်သည်အားလျော်စွာ ပေးပါသည်။

http://www.dhammadownload.com



**ကာမကုသိုလ်ကံ၏ ပဋိသန္ဓေ, ပဝတ္တိ အကျိုးပေးရာဘုံ**
**ကုသိုလ်ကံတရားတို့၏ ကောင်းကျိုးပေးပုံပြ**

၇၀။ ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ။ တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိ၊ အဟေတုကဝိပါကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ, ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။

---

➤ **အပါယ်မကျနိုင်သော အကုသိုလ်ကံကား ။ ။** ဥဒ္ဓစ္စကံ ဖြစ်ပါသည်။

➤ **အကုသိုလ်စိတ် ဖြစ်ပါလျက် အပါယ်လေးပါး၌ မဖြစ်စေတတ်သောစိတ်** = ဥဒ္ဓစ္စသဟဂုတ်စိတ် ဖြစ်ပါသည်။ (သာဝကေ) ဌွောကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။

➤ **အပါယ်ပဋိသန္ဓေမျိုးစေ့ကို မချပေးနိုင်သော အကုသိုလ်** = ဥဒ္ဓစ္စသဟဂုတ်စိတ် ဖြစ်ပါသည်။ ✱ **အပါယ်ပဋိသန္ဓေမျိုးစေ့ကို ချပေးနိုင်သော အကုသိုလ်ကား**= ဥဒ္ဓစ္စသဟဂုတ်စိတ်ကြဉ် အကုသိုလ်စိတ် ၁၁-ပါး ဖြစ်ပါသည်။ (သာဝကေ) ဌွောကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။

**ပဝတ္တိအခါ အကုသိုလ်ကံ (၁၂) ပါးတို့ ယထာရဟ ပဝတ္တိအကျိုးပေးပုံ**

အကုသိုလ်ကံ ၁၂-ပါးသည် ကာမ ၁၁-ဘုံ၌ အကုသလဝိပါက်စိတ် ၇-ပါးဟူသော ပဝတ္တိအကျိုးကို ပေးပါသည်၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ အကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ-ဟူသော အကျိုးတို့ကိုသာ ပေးပါသည်။

➤ **ကာမာဝစရကံတို့တွင် ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်သော ကံ** = ဥဒ္ဓစ္စ စေတနာ ဖြစ်ပါသည်။

➤ **အကုသိုလ်ကံ၏ ကာမဘုံ၌ အကျိုးပေးသော ဝိပါက်စိတ်** = အကုသလ ဝိပါက် ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့ ဖြစ်ပါသည်။

➤ **အကုသိုလ်ကံ၏ အကျိုးပေးရာဘုံဌာနကား ။ ။** [ပဋိသန္ဓေအကျိုးအတွက်] အပါယ် ၄-ဘုံ၊ [ပဝတ္တိအကျိုးအတွက်] ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ် ရူပ ၁၅-ဘုံ တို့ ဖြစ်ပါသည်။

**(ဓာပိုဒ်-၇၀) ကာမာဝစရကုသိုလ်ကံ၏ အကျိုးပေးရာဌာန ။ ။** ကာမာဝစရကုသိုလ်ကံ (၈) ပါးသည် ကာမသုဂတိ (၇) ဘုံ၌ ပဋိသန္ဓေ အကျိုးကို ပေးပါသည်။

http://www.dhammadownload.com



ပဝတ္တိအခါ ကာမသုဂတိ (၇) ဘုံ၌ မဟာဝိပါက်စိတ် (၈) ပါးဟူသော ပဝတ္တိအကျိုးကို ပေးပါသည်၊ အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးဟူသော ပဝတ္တိအကျိုးကိုကား ကာမ (၁၁) ဘုံ၊အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံ၌ ထိုက်သည့်အားလျော်စွာ ပေးပါသည်။

➢ **သီလသက်သက်ကို ဆောက်တည်ကာမျှဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက်ရောက်နိုင်/မရောက်နိုင်** ။ ။ (စာပိုဒ်-၇၀) ကိုထောက်၍ [ကာမာဝစရကုသိုလ်ကံ (၈) ပါးသည် ကာမသုဂတိ (၇) ဘုံ၌သာ ပဋိသန္ဓေ အကျိုးကိုပေးသောကြောင့်]သီလသက်သက်ကို ဆောက်တည်ကာမျှဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက် မရောက်နိုင်ပါ။

**ပဝတ္တိအခါ ကာမာဝစရကုသိုလ်ကံ (၈) ပါးတို့ ယထာရဟ ပဝတ္တိ အကျိုးပေးပုံ**

ကာမာဝစရကုသိုလ်ကံ (၈) ပါးသည် ကာမ ၁၁-ဘုံ၌ အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးဟူသော ပဝတ္တိအကျိုးကို ပေးပါသည်။အသညသတ်ကြဉ် ရူပ ၁၅-ဘုံတို့၌ ကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ပါးဟူသော အကျိုးတို့ကို ပေးပါသည်။

➢ **ကာမကုသိုလ်ကံ၏ အကျိုးပေးရာဘုံဌာနကား** ။ ။ [ပဋိသန္ဓေအကျိုးအတွက်] ကာမသုဂတိ ၇-ဘုံ၊ [မဟာဝိပါက်ဟူသော ပဝတ္တိအကျိုးအတွက်] ကာမ ၁၁-ဘုံ၊ [အဟိတ်ကုသလဝိပါက်ဟူသော ပဝတ္တိကျိုးအတွက်] ကာမ ၁၁-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ ဖြစ်ပါသည်။

➢ **ကာမကုသိုလ်ကံ၏ ကာမဘုံ၌သာ အကျိုးပေးသော ဝိပါက်စိတ်** = ကုသလဝိပါက် ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့ ဖြစ်ပါသည်။

➢ **ကာမသုဂတိ (၇) ဘုံ၌သာ အကျိုးပေးသော ဝိပါက်စိတ်** = မဟာဝိပါက်စိတ် (၈) ပါး ဖြစ်ပါသည်။

➢ **ကာမသုဂတိ (၇) ဘုံ၌ အကျိုးပေးသော ဝိပါက်စိတ်** = မဟာဝိပါက်စိတ် (၈) ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးတို့ ဖြစ်ပါသည်။

➢(က) **ကာမကုသိုလ်ကံက ပဝတ္တိအခါ ကာသုဂတိ ၇-ဘုံ၌ အကျိုးပေးသော ဝိပါက်စိတ်** = မဟာဝိပါက်စိတ် ၈-ပါး ဖြစ်ပါသည်။

➢(ခ) **အပါယ် ၄-ဘုံ၌ အကျိုးပေးသော ဝိပါက်စိတ်** = အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး ဖြစ်ပါသည်။ (ဂ) **ကာမ ၁၁-ဘုံ၌ အကျိုးပေးသော ဝိပါက်စိတ်** = မဟာဝိပါက်စိတ် ၈-ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးတို့ ဖြစ်ပါသည်။

➢(ဃ) **ရူပဘုံ၌ အကျိုးပေးသော ဝိပါက်စိတ်** = ကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## တိဟိတ်ဥက္ကဋ္ဌစသည် ခွဲပြားခြင်း

**တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဋိသန္ဓေ ပဝတ္တိအခါ အကျိုးပေးပုံ**

၇၁။ တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသ ဝိပါကာနိ ဝိပစ္စတိ။

**တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဋိသန္ဓေ ပဝတ္တိအခါ အကျိုးပေးပုံ**

၇၂။ တိဟေတုကမောမကံ ဒွိဟေတုကမုက္ကဋ္ဌဉ္စ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ တိဟေတုကရဟိတာနိ ဒွါဒသ ဝိပါကာနိ ဝိပစ္စတိ။

**ဒွိဟိတ် ဩမကကုသိုလ်ကံ၏ ပဋိသန္ဓေ ပဝတ္တိအခါ အကျိုးပေးပုံ**

၇၃။ ဒွိဟေတုကမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ ဒေတိ၊ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ။

---

[စာပိုဒ်-၇၁] **သမာနဝါဒ—အလို ပဋိသန္ဓေ ပဝတ္တိအကျိုးဝိပါက်စိတ်များ**

**တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည်** = ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ပါးဟူသော တိဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါသည်။

**ပဝတ္တိအခါ** အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး၊ မဟာဝိပါက်စိတ် (၈) ပါး ပေါင်း (၁၆) ပါးသော အကျိုးကို ပေးပါသည်။

[စာပိုဒ်-၇၂] **တိဟိတ်ဩမက—ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည်** = ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါးဟူသော ဒွိဟိတ်ပဋိသန္ဓေ အကျိုးကို ပေးပါသည်။

**ပဝတ္တိအခါ** အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး၊မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် (၄) ပါး ပေါင်း (၁၂) ပါးသော အကျိုးကိုပေးပါသည်။

[စာပိုဒ်-၇၃] **ဒွိဟိတ်ဩမက ကုသိုလ်ကံသည်** = ပဋိသန္ဓေအခါ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-ဟူသော အဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါသည်။

**ပဝတ္တိအခါ** အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးကို ပေးပါသည်။

➢ **တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ၏ ပဋိသန္ဓေအခါ အကျိုးပေးနိုင်သော စိတ္တုပ္ပါဒ် ဘုံ** = မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၊ ကာမသုဂတိ (၇) ဘုံ ဖြစ်ပါသည်။

➢ **ပဝတ္တိအခါ အကျိုးပေးနိုင်သော စိတ္တုပ္ပါဒ်ဘုံ** =မဟာဝိပါက်စိတ် ၈-ခု စိတ္တုပ္ပါဒ်၊ အဟိတ်ကုသလဝိပါက် စိတ္တုပ္ပါဒ်၊ ဘုံကား= ကာမ ၁၁-ဘုံ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ ဖြစ်ပါသည်။

http://www.dhammadownload.com



**ကောစိဝါဒ သင်္ဂဟဂါထာများ**

**ကာမာဝစရကုသိုလ်ကံ၏ အကျိုးပေးပုံပြ သင်္ဂဟဂါထာ**

၃၄။ အသင်္ခါရံ သသင်္ခါရ-ဝိပါကာနိ န ပစ္စတိ။
သသင်္ခါရ မသင်္ခါရ-ဝိပါကာနီတိ ကေစန။
တေသံ ဒွါဒသ ပါကာနိ၊ ဒသာဋ္ဌ စ ယထာက္ကမံ။
ယထာဝုတ္တာနုသာရေန၊ ယထာသမ္ဘဝမုဒ္ဒိသေ။

---

(စာပိုဒ်-၃၄) ➢ **ကေစိဝါဒ-အလို ပဋိသန္ဓေ ပဝတ္တိ အကျိုးဝိပါက်စိတ်များ**

**တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိက ကုသိုလ်ကံသည်** = ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၂-ပါးကို ဖြစ်စေပါသည်။ ပဝတ္တိအခါ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် အသင်္ခါရိက ၄-ပါး ပေါင်း ၁၂-ပါးကို ဖြစ်စေပါသည်။

**တိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိက ကုသိုလ်ကံသည်** = ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါးကို ဖြစ်စေပါသည်။ပဝတ္တိအခါ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် သသင်္ခါရိက ၄-ပါး၊ ပေါင်း ၁၂-ပါးကို ဖြစ်စေပါသည်။

**ဒွိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိက ကုသိုလ်ကံသည်** = ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၂-ပါးကို ဖြစ်စေပါသည်။

ပဝတ္တိအခါ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၂-ပါး၊ ပေါင်း ၁၀-ပါးကို ဖြစ်စေပါသည်။

**ဒွိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိက ကုသိုလ်ကံသည်** = ပဋိသန္ဓေအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါးကို ဖြစ်စေပါသည်။

ပဝတ္တိအခါ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါး၊ပေါင်း ၁၀-ပါးကို ဖြစ်စေပါသည်။

➢ **တေသံ ဒွါဒသပါကာနိ-၌ ဒွါဒသ-အရ** ။ ။ အဟိတ်ကုသလဝိပါက် စိတ် ၈ ပါး၊ မဟာဝိပါက် အသင်္ခါရိက ၄-ပါး ပေါင်း ၁၂-ပါး (တနည်း) အဟိတ်ကုသလ ဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် သသင်္ခါရိက ၄-ပါး၊ ပေါင်း ၁၂-ပါး ဖြစ်ပါသည်။

➢ **ဒသာဋ္ဌစ ယထာက္ကမံ-၌ ဒသ-အရ** ။ ။ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၂-ပါး၊ ပေါင်း ၁၀-ပါး၊ (တနည်း) အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါး၊ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

➢ **အဋ္ဌ-အရ ကား**= အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**ရှုပက်၏ အကျိုးပေးရာဘုံ**

၇၅။ ရူပါဝစရ ကုသလံ ပန ပဌမဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ဗြဟ္မပါရိသဇ္ဇေသု ဥပ္ပဇ္ဇတိ။

၇၆။ တဒေဝ မဇ္ဈိမံ ဘာဝေတွာ ဗြဟ္မပုရောဟိတေသု။

၇၇။ ပဏီတံ ဘာဝေတွာ မဟာဗြဟ္မေသု။

၇၈။ တထာ ဒုတိယဇ္ဈာနံ တတိယဇ္ဈာနဉ္စ ပရိတ္တံ ဘာဝေတွာ ပရိတ္တာဘေသု။

၇၉။ မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏာဘေသု။

၈၀။ ပဏီတံ ဘာဝေတွာ အာဘဿရေသု။

---

➤ **လူ့လောကဌ် ဓနွန္တစသူ လူစဉ်မဗိုပုဂ္ဂိုလ်တို့၏ အတိတ်ကံ** = ဒွိဟိတ်ဩမက ဖြစ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ခု ဖြစ်ပါသည်။ (သာဓက) ဒွိဟေတုက ဩမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ ဒေတိ။

➤ လူသားချင်း တူပါလျက် (က) **သာသနာ့ အာဇာနည်ဖြစ်ရသူ** = တိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံကြောင့် တိဟိတ်ပဋိသန္ဓေနေခဲ့သူဖြစ်၍ "သာသနာ့ အာဇာနည်" ဖြစ်ရပါသည်။ [စာပိုဒ်-၇၀] (ခ) **ဈာန်မဂ်ဖိုလ် မရနိုင်သူ** = တိဟိတ်ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံ ကြောင့် ဒွိဟိတ်ပဋိသန္ဓေနေခဲ့ရ၍ "ဈာန်မဂ်ဖိုလ် မရနိုင်သူ" ဖြစ်ရပါသည်။ (စာပိုဒ်-၇၂) ကိုထောက်။ (ဂ) **ကိုယ်အင်္ဂါချို့တဲ့သူ** = ဒွိဟိတ် ဩမက ကုသိုလ်ကံကြောင့် အဟိတ်ပဋိသန္ဓေနေခဲ့သူဖြစ်၍ "ကိုယ်အင်္ဂါ ချို့တဲ့သူ" ဖြစ်ရပါသည်။ (စာပိုဒ်-၇၃) ကိုထောက်။

➤ **ကာမာဝစရကုသိုလ်ကံ အပြား** ။ ။ ကာယကံ, ဝစီကံ, မနောကံအားဖြင့် ၃ ပါး၊ ဒါန, သီလ, ဘာဝနာ-အားဖြင့် ၃-ပါး၊ ပုညကိရိယဝတ္ထုအားဖြင့် ၁၀-ပါး၊ တိဟိတ် ဥက္ကဋ္ဌ, တိဟိတ်ဩမက, ဒွိဟိတ်ဥက္ကဋ္ဌ, ဒွိဟိတ်ဩမကအားဖြင့် ၄-ပါးတို့ဖြစ်ပါသည်။ (**စာပိုဒ်-၇၅) ရှုပက်၏ အကျိုးပေးရာဘုံများ** ။ ။ ၁။ ရူပါဝစရကုသိုလ် ပဌမဈာန်ကို ပရိတ္တဈာန်ဖြစ်အောင် ပွားများလျှင် ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(**စာပိုဒ်-၇၆**) ၂။ ထိုပဌမဈာန်ကိုပင် မဇ္ဈိမဈာန်ဖြစ်အောင် ပွားများလျှင် ဗြဟ္မပုရောဟိတာ ဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(**စာပိုဒ်-၇၇**) ၃။ ထိုပဌမဈာန်ကိုပင် ပဏီတဈာန်ဖြစ်အောင် ပွားများလျှင် မဟာဗြဟ္မာ ဘုံတို့၌ ဖြစ်ပါသည်။

http://www.dhammadownload.com



၈၁။ စတုတ္ထဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ပရိတ္တသုဘေသု။

၈၂။ မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏသုဘေသု။

၈၃။ ပဏီတံ ဘာဝေတွာ သုဘကိဏှေသု။

၈၄။ ပဉ္စမဇ္ဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု။

၈၅။ တဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု။

၈၆။ အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။

---

(စာပိုဒ်-၇၈) ၄။ ရူပါဝစရကုသိုလ် ဒုတိယဈာန်နှင့် တတိယဈာန်ကို ပရိတ္တဈာန်ဖြစ်အောင် ပွားများလျှင် ပရိတ္တာဘာဖြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(စာပိုဒ်-၇၉) ၅။ မဇ္ဈိမဈာန်ဖြစ်အောင် ပွားများလျှင် အပ္ပမာဏာဘာ ဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(စာပိုဒ်-၈၀) ၆။ ပဏီတဈာန်ဖြစ်အောင် ပွားများလျှင် အာဘဿရာဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(စာပိုဒ်-၈၁) ၇။ ရူပါဝစရကုသိုလ် စတုတ္ထဈာန်ကို ပရိတ္တဈာန်ဖြစ်အောင် ပွားများလျှင် ပရိတ္တသုဘာဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(စာပိုဒ်-၈၂) ၈။ မဇ္ဈိမဈာန်ဖြစ်အောင် ပွားများလျှင် အပ္ပမာဏသုဘာဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(စာပိုဒ်-၈၃) ၉။ ပဏီတဈာန်ဖြစ်အောင် ပွားများလျှင် သုဘကိဏှာဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(စာပိုဒ်-၈၄)၁၀။ အဘိညာဉ်အဖြစ်သို့ မရောက်သေးသော ရူပါဝစရကုသိုလ် ပဉ္စမဈာန် ကို ပွားများလျှင် ဝေဟပ္ဖိုလ်ဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

(စာပိုဒ်-၈၅) ၁၁။ ထိုရူပါဝစရကုသိုလ် ပဉ္စမဈာန်ကိုပင် သညာဝိရာဂဖြစ်အောင် ပွားများလျှင် အသညသတ်ဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

➢ **ဈာနလာဘီ ရှင်ဝါဒီသမားတို့ သွားရောက်ရမည့်ဘုံ** = အသညသတ်ဘုံ။

(စာပိုဒ်-၈၆) ပဉ္စမဈာန်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များကား သုဒ္ဓါဝါသဗြဟ္မာဘုံတို့၌ ဖြစ်ပါသည်။

➢ **ပဉ္စမဈာန်ရ ပုဂ္ဂိုလ်များ၏ သွားရောက်ရာဘုံဌာနကား** ။ ။ ဝေဟပ္ဖိုလ်, *အသညသတ်, သုဒ္ဓါဝါသ* ၅-ဘုံဟူသော စတုတ္ထဈာန် ၇-ဘုံဖြစ်ပါသည်။

➢ **ရယ်မြူးလိုသောစိတ်ဖြင့် သတ္တဝါတစ်ဦးကို ကစားရာ၌ သေလျှင်--** ပါဏာတိပါတကံ မထိုက်ပါ။ (စာပိုဒ်-၅၈)ကိုထောက်။

http://www.dhammadownload.com



## အရူပကံ၏ အကျိုးပေးရာဘုံ

၈၇။ အရူပါဝစရကုသလဉ္စ ယထာက္ကမံ ဘာဝေတွာ အရူပေသု ဥပ္ပဇ္ဇန္တိ။

**ထပ်တူအကျိုးကိုဖြစ်စေသည့် မဟဂ္ဂုတ်ကုသိုလ်ကံ/နိဂုံးဂါထာ**

**ရူပ, အရူပ ကုသိုလ်ကံတို့၏ 'ပါကဋ္ဌာန'ပြ သင်္ဂဟဂါထာ**

၈၈။ ဣတ္ထံ မဟဂ္ဂတံ ပုညံ၊ ယထာဘူမိ ဝဝတ္ထိတံ။
ဇနေတိ သဒိသံ ပါကံ၊ ပဋိသန္ဓိ ပဝတ္တိယံ။
ဣဒမေတ္ထ ကမ္မစတုက္ကံ။

---

**(စာပိုဒ်-၈၇) အရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံဌာန** ။ ။ ၁။ အာကာသာနဉ္စာယတနကုသိုလ်စျာန်ကို ပွားများလျှင် အာကာသာနဉ္စာယတနဘုံ၌ ဖြစ်ပါသည်။ ၂။ ဝိညာဏဉ္စာယတနကုသိုလ်စျာန်ကို ပွားများလျှင် ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်ပါသည်။ ၃။အာကိဉ္စညာယတနကုသိုလ်စျာန်ကို ပွားများလျှင် အာကိဉ္စညာယတနဘုံ၌ ဖြစ်ပါသည်။ ၄။ နေဝသညာနာသညာယတနကုသိုလ်စျာန်ကို ပွားများလျှင် နေဝသညာ နာသညာယတနဘုံ၌ ဖြစ်ပါသည်။

[စာပိုဒ်-၈၈] **ဇနေတိ သဒိသံ ပါကံ အစီပွါယ်** ။ ။ ပထမစျာန်ကုသိုလ်သည် ပထမစျာန်ဝိပါက်အကျိုးကို ပေး၏၊ ဒုတိယစျာန်ကုသိုလ်သည် ဒုတိယစျာန်ဝိပါက် အကျိုးပေး၏၊တတိယစျာန်ကုသိုလ်သည် တတိယစျာန်ဝိပါက် အကျိုးကိုပေး၏၊ စတုတ္ထစျာန်ကုသိုလ်သည် စတုတ္ထစျာန်ဝိပါက်နှင့် ပဉ္စမစျာန်ဝိပါက် အကျိုးကိုပေး၏၊ အာကာသာနဉ္စာယတနကုသိုလ်သည် အကာသာနဉ္စာယတနဝိပါက်အကျိုးပေး၏၊ဝိညာဏဉ္စာယတနကုသိုလ်သည် ဝိညာဏဉ္စာယတနဝိပါက်အကျိုးကို ပေး၏၊အာကိဉ္စညာယတနကုသိုလ်သည် အာကိဉ္စညာယတနဝိပါက်အကျိုးကို ပေး၏၊ နေဝသညာ နာသညာယတနကုသိုလ်သည် နေဝသညာ နာသညာယတနဝိပါက်အကျိုးကို ပေး၏၊ ဤသို့ မဟဂ္ဂုတ်ကုသိုလ်များ တူသော အကျိုးပေးသည်ကို "ဇနေတိ သဒိသံ ပါကံ"ဟု ခေါ်ပါသည်။ (တနည်း) စာပိုဒ်-၇၅-မှ ၈၆-အထိရေးပါ။

➤ **တူသောအကျိုးကိုသာ ပေးသောကံကား** ။ မဟဂ္ဂုတ် လောကုတ္တရာကုသိုလ်ကံများ ဖြစ်ပါသည်။ (ဝီထိမုတ်စာပိုဒ်-၈၈-နှင့် စိတ်ပိုင်းစာပိုဒ်-၃၄) တို့ကိုထောက်။

➤ **တူ/မတူ အကျိုးနှစ်မျိုးကို ပေးသောကံကား** ။ ။ ကာမာဝစရကုသိုလ်ကံ ဖြစ်ပါသည်။ (ဝီထိမုတ် စာပိုဒ်-၇၀) ကိုထောက်။

http://www.dhammadownload.com



**စုတိပဋိသန္ဓိက္ကမ/သေခြင်း ၄-ပါး**

၈၉။ အာယုက္ခယေန, ကမ္မက္ခယေန, ဥဘယက္ခယေန, ဥပစ္ဆေဒက ကမ္မုနာ စေတိ စတုဓာ မရဏုပ္ပတ္တိ နာမ။

**စုတေခါနီးကာလ အာရုံနိမိတ်ထင်ပုံ/ကံ အာရုံထင်ပုံ**

၉၀။ တထာ စ မရန္တာနံ ပန မရဏကာလေ ယထာရဟံ အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ

**ကမ္မနိမိတ်ထင်လာပုံ**

တံ ကမ္မကရဏကာလေ ရူပါဒိက မုပလဒ္ဓပုဗ္ဗမုပကရဏဘူတဉ္စ ကမ္မနိမိတ္တံ ဝါ

**ဂတိနိမိတ်ထင်လာပုံ**

အနန္တရမုပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗမုပဘောဂဘူတဉ္စ ဂတိနိမိတ္တံ ဝါ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။

**စုတေခါနီးကာလ စိတ်အစဉ်ဖြစ်ပုံ**

တတော ပရံ တမေဝ တထောပဋ္ဌိတံ အာရမ္မဏံ အာရဗ္ဘ ဝိပစ္စမာနက ကမ္မာနုရူပံ ပရိသုဒ္ဓံ, ဥပက္ကိလိဋ္ဌံ ဝါ ဥပလဘိတဗ္ဗ ဘဝါနုရူပံ တတ္ထောဏတံဝ စိတ္တသန္တာနံ အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန။

**တစ်နည်း ကံ-အာရုံထင်လာပုံ**

တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပတ္တံ ဟောတိ။

---

(ဓာပိုဒ်-၈၉) **သေခြင်း ၄-ပါးကား** ။ ။ (၁) အာယုက္ခယ=အသက်တမ်းကုန်မှုကြောင့် သေရခြင်း၊ (၂) ကမ္မက္ခယ=ကံစွမ်းကုန်မှုကြောင့် သေရခြင်း၊ (၃) ဥဘယက္ခယ= အသက်တမ်းနှင့် ကံစွမ်းနှစ်ပါးစုံ ကုန်မှုကြောင့် သေရခြင်း၊ (၄) ဥပစ္ဆေဒက= ကပ်၍ဖြတ်တတ်သောကံဆိုး တစ်မျိုးမျိုးကြောင့် သေရခြင်းတို့ဖြစ်ပါသည်။

➤ **သေခြင်း ၄-မျိုးကို ကာလမရဏ+အကာလမရဏအားဖြင့် ခွဲခြားပုံ**

အာယုက္ခယ, ကမ္မက္ခယ, ဥဘယက္ခယ-တို့သည် ကာလမရဏ ဖြစ်ပါသည်။ ဥပစ္ဆေဒက-သည် အကာလမရဏ ဖြစ်ပါသည်။

(ဓာပိုဒ်-၉၀) **စုတေခါနီးကာလ၌ အာရုံနိမိတ်များ ထင်လာပုံ** ။ ။ အာယုက္ခယ,စသော

http://www.dhammadownload.com



အကြောင်းတရား ၄-ပါးတို့တွင် တစ်ပါးပါးသောအကြောင်းကြောင့် စုတေရသူတို့မှာ စုတေခါနီးကာလဝယ် ထိုထိုဂတိ၌ ဖြစ်ဦးမည့်သတ္တဝါတို့အားလျော်စွာ ရှေးရှုထွက်ပြူလာသကဲ့သို့ဖြစ်သော အခြားမဲ့နောက်ဘဝ၌ ပဋိသန္ဓေကျိုးကို ဖြစ်စေတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံကိုဖြစ်စေ။ **(ကံ-အာရုံထင်ပုံ)**

[**ကမ္မနိမိတ်ထင်လာပုံ** ] ထိုကုသိုလ်ကံ, အကုသိုလ်ကံကိုပြုစဉ်အခါတုန်းက ကံနှင့်စပ်၍ တိုက်ရိုက်ရအပ်ဖူးသည်လည်းဖြစ်သော ကံပြီးမြောက်ဖို့ရန် အခြံအရံ အဆောက်အဦးလည်းဖြစ်သော အာရုံ (၆) ပါးဟုဆိုအပ်သော တုတ်, လှံ, လေး, မြား, ကျောင်း ဘုရား, စေတီ, ဆွမ်း, သင်္ကန်း, ထီး, တံခွန်, ပန်းမာန် အစရှိသော ကမ္မနိမိတ်ဖြစ်စေ။

[**ဂတိနိမိတ်ထင်လာပုံ**] အခြားမဲ့ဖြစ်လတ္တံ့ဘဝ၌ တိုက်ရိုက်ရထိုက် ရောက်ထိုက်သည်လည်းဖြစ်သော အသုံးအဆောင်လည်းဖြစ်သော အမိဝမ်းရေ, ငရဲအိုး, ငရဲထိန်း ငရဲမီးလျှံ, ခွေးနက်ကြီး, နတ်သမီး, ဗိမာန်, ပဒေသာပင်, ဥယျာဉ်, ရေကန် အစရှိသော ဂတိနိမိတ်ဖြစ်စေ၊ တစ်ခုခုသည် ပဋိသန္ဓေအကျိုးကိုပေးမည့် ကုသိုလ် အကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် ဒွါရ ၆-ပါးတို့တွင် အမှတ်မထား တစ်ပါးပါးသော ဒွါရ၌ ထင်လာတတ်ပါသည်။

➤ **လူ့ဘဝ၌ ပြန်ဖြစ်မည့်သူအား သေခါနီးကာလ၌ ထင်လာသော ဂတိနိမိတ်များ** ။ ။ လူ့ဘဝ၌ ပြန်ဖြစ်မည့်သူသည် အမိဝမ်းရေ ဂတိနိမိတ်များ ထင်လာပါသည်။

➤ **အပါယ်လေးပါးသို့ ကျရောက်မည့်သူအား သေခါနီးကာလ၌ ထင်လာသော ဂတိနိမိတ်များ** ။ ။ အပါယ်လေးပါးသို့ ကျရောက်မည့်သူသည် ငရဲအိုး, ငရဲထိန်း ငရဲမီးလျှံ, ခွေးနက်ကြီး စသည် ဂတိနိမိတ်များ ထင်လာပါသည်။

➤ **နတ်ပြည်သို့ ရောက်မည့်သူအား သေခါနီးကာလ၌ ထင်လာသော ဂတိနိမိတ်များ** ။ ။ နတ်ပြည်သို့ရောက်မည့်သူသည် နတ်သမီး, ဗိမာန်, ပဒေသာပင်, ဥယျာဉ်, ရေကန် အစရှိသော ဂတိနိမိတ်များ ထင်လာပါသည်။

➤ **စုတေခါနီးကာလ(မသေခင်) စိတ်အစဉ်ဖြစ်နေပုံ** ။ ။ စုတေခါနီးကာလ၌ ပဋိသန္ဓေကျိုးကိုပေးမည့် ကုသိုလ်ကံ, အကုသိုလ်ကံ၏ အစွမ်းကြောင့် ကံ, ကမ္မနိမိတ် ဂတိနိမိတ်အာရုံ သုံးပါးတို့တွင် တစ်ပါးပါးထင်လာပြီးနောက် ထိုထင်လာသော အာရုံ တစ်ပါးပါးကို အာရုံပြု၍ အကျိုးပေးမည့်ကံအားလျော်စွာ သန့်စင်ကြည်လင်သော ကုသိုလ်စိတ်အစဉ်ဖြစ်စေ, ညစ်နွမ်းသော မကြည်လင်သော အကုသိုလ်စိတ်အစဉ် ဖြစ်စေ ရထိုက် ရောက်ထိုက်သော ဘဝအားလျော်စွာ ထိုရထိုက် ရောက်ထိုက်သော ဘဝသစ်၌ ညွတ်ကိုင်းနေသကဲ့သို့ အဆက်မပြတ် ထပ်ကာ ထပ်ကာ များသောအားဖြင့် ဖြစ်နေပါသည်။

http://www.dhammadownload.com



## မရဏာသန္နဝီထိ (စုတိစိတ်ဖြစ်ပုံ)

၉၁။ ပစ္စာသန္နမရဏဿ တဿ ဝီထိစိတ္တာဝသာနေ, ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

### ပဋိသန္ဓေစိတ်ဖြစ်ပုံ

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ တထာဂဟိတံ အာရမ္မဏံ အာရဗ္ဘ သဝတ္ထုကံ, အဝတ္ထုကမေဝ ဝါ ယထာရဟံ အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ သဟဇာတာန မဓိဋ္ဌာန ဘာဝေန ပုဗ္ဗင်္ဂမဘူတံ ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

---

[စာပိုဒ်-၉၁] မရဏာသန္န ၄-ဝီထိ ။ ။ ဝီထိစိတ္တာ ဝသာနေ စဝနဝသေနပါဌ်ဖြင့်- (၁) ဇောနောင် စုတိကျသော မရဏာသန္နဝီထိ၊ (၂) တဒါရုံနောင် စုတိကျသော မရဏာသန္နဝီထိ။ ဘဝင်္ဂက္ခယေဝါ စဝနဝသေန-ပါဌ်ဖြင့်= (၃) ဇောဘဝင်နောင် စုတိကျသော မရဏာ သန္နဝီထိ၊ (၄) တဒါရုံ ဘဝင်နောင် စုတိကျသော မရဏာ သန္နဝီထိ-တို့ ဖြစ်ပါသည်။

➤ **ဇောနောင်စုတိကျသော မရဏာသန္နဝီထိပုံစံ** = န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စုတိ+ပဋိ ဘဝင် ၁၅/၁၆၊ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်။

➤ **တဒါရုံနောင်စုတိကျသော မရဏာသန္နဝီထိပုံစံ** = န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စုတိ+ပဋိ ဘဝင် ၁၅/၁၆၊ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်။

➤ **ဇောဘဝင်နောင် စုတိကျသော မရဏာသန္နဝီထိပုံစံ** = န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဘဝင် စုတိ+ပဋိ ဘဝင် ၁၅/၁၆၊ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်။

➤ **တဒါရုံဘဝင်နောင် စုတိကျသော မရဏာသန္နဝီထိပုံစံ** = န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘဝင် စုတိ+ပဋိ ဘဝင် ၁၅/၁၆၊ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်။

➤ **စုတိစိတ်ဖြစ်ပုံ** ။ ။ သေဖို့ရန် အလွန်နီးကပ်နေသော သတ္တဝါအား ဝီထိစိတ်၏ အဆုံး၌ဖြစ်စေ, ဘဝင်စိတ်အကုန်၌ဖြစ်စေ လက်ရှိပစ္စုပ္ပန်ဘဝ၏ အဆုံးသတ်ဖြစ်သော စုတိဖြစ်ပေါ်လာပြီးနောက် ချုပ်ပျက်သွားပါသည်။ [ယင်းသို့ ချုပ်ပျက်သွားခြင်းကို **"စုတေသည်=သေသည်"** ဟု ဆိုပါသည်။]

http://www.dhammadownload.com



➤ **စုတိစိတ်ချုပ်ပြီးနောက် ပဋိသန္ဓေစိတ် ဆက်လက်ဖြစ်ပုံ (ပဋိသန္ဓေစိတ်ဖြစ်ပုံ)** ။ ။ စုတိစိတ်ချုပ်သည်ရှိသော် ချုပ်သည်၏အဆုံး၌ ထိုစုတိစိတ်၏အခြားမဲ့၌သာလျှင် ထိုသို့သောအခြင်းအရာဖြင့် ဆဒ္ဒါရိကမရဏာသန္နဇောသည် ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟုဆိုအပ်သော အာရုံကို အာရုံပြု၍ ဝတ္ထုရှိသည်ဖြစ်၍ဇင်း, ဝတ္ထု မရှိသည်ဖြစ်၍ဇင်း ထိုက်သည်အားလျော်စွာ အဝိဇ္ဇာနုသယသည် ခြံရံအပ်သော တဏှာနုသယလျှင် အကြောင်းရင်းရှိသော ကုသိုလ်, အကုသိုလ်ကံသည် ဖြစ်စေအပ်သော ဖဿ, ဝေဒနာ-အစရှိသော သမ္ပယုတ်တရားတို့သည် ခြံရံ၍ယူအပ်သော ဖဿ ဝေဒနာ-အစရှိသော သဟဇာတ်တရားတို့၏ တည်ရာအဖြစ်ဖြင့် ပြဋ္ဌာန်းသည်ဖြစ်၍ ဖြစ်သော ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သည်၏ အစွမ်းဖြင့် ပဋိသန္ဓေ-ဟုဆိုအပ်သော စိတ်သည် ဖြစ်ဆဲဖြစ်၍သာလျှင် ဘဝတစ်ပါး၌ တည်ပါသည်။

➤ **မျှော်လင့်ချက်ဖြင့် ကုသိုလ်ပြုလုပ်သူ၏ အခြံအရံ တရားကား** = အဝိဇ္ဇာ နုသယ ဖြစ်ပါသည်။

**မူလ-အရင်းခံတရားကား** = တဏှာနုသယ ဖြစ်ပါသည်။

➤ **လောက်လန်းသပွယ် ဝိညာဉ်တွယ်-ဟူသောစကား လက်ခံသင့်/မသင့်**

ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ-ကိုထောက်၍ [ပဋိသန္ဓေ-ဟုဆိုအပ်သော စိတ်သည် ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝတစ်ပါး၌ တည်သော ကြောင့်] လက်မခံသင့်။

➤ **သတ္တဝါမှန်သမျှ သေပြီးနောက် ဘဝတစ်ခု၌ ဖြစ်ဦးမည်-ဟူသော အယူဝါဒ မှန်/မမှန်** ။ ။ အဝိဇ္ဇာနုသယ အခြံအရံရှိသော တဏှာနုသယ အရင်းခံရှိသော ကံ ကြောင့်သာလျှင် ဘဝ၌ ပဋိသန္ဓေဖြစ်ရသောကြောင့် သတ္တဝါမှန်သမျှ သေပြီးနောက် ဘဝတစ်ခု၌ ဖြစ်ဦးမည်ဟူသော အယူဝါဒ မမှန်ပါ။ [သာဓက] တသ္မိံ နိရုဒ္ဓါဝသာနေ (ပ) အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ။

➤ **မြဟ္မာမင်းကြီးဖန်ဆင်းမှုကြောင့် သတ္တဝါဖြစ်လာသည်-ဟူသော အယူအဆ မှန်/မမှန်** ။ ။ အဝိဇ္ဇာနုသယ အခြံအရံရှိသော တဏှာနုသယ အရင်းခံရှိသော ကံ ကြောင့်သာလျှင် ဘဝ၌ ပဋိသန္ဓေဖြစ်ရသောကြောင့် မမှန်ပါ။ [သာဓက]အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ သမ္ပယုတ္တေဟိ ပရိဂ္ဂယှ မာနံ သဟဇာတာန မဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိ သင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။ ဧဝမေတာသ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမု ဒယော ဟောတိ။ [ပစ္စည်းပိုင်း]

http://www.dhammadownload.com



### ကာမပဋိသန္ဓေစိတ်၏အာရုံ

၉၂။ မရဏာသန္နဝီထိယံ ပနေတ္ထ မန္ဒပ္ပဝတ္တာနိ ပဉ္စေဝ ဇဝနာနိ ပါဠိ ကင်္ခိတဗ္ဗာနိ၊ တသ္မာ ယဒိ ပစ္စုပ္ပန္နာရမ္မဏေသု အာပါထမာဂတေသု ဓရန္တေသွေဝ မရဏံ ဟောတိ။

တဒါ ပဋိသန္ဓိဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘတီတိ ကတ္ွာ ကာမာဝစရပဋိသန္ဓိယာ ဆဒ္ဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ, ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာရမ္မဏံ ဥပလဗ္ဘတိ။

ကမ္မံ ပန အတီတမေဝ၊ တဉ္စ မနောဒ္ဒွါရဂ္ဂဟိတံ၊ တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မဘူတာနေဝါရမ္မဏာနိ။

### ရူပါရူပ ပဋိသန္ဓေ၏ အာရုံ

၉၃။ ရူပါဝစရပဋိသန္ဓိယာ ပန ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါရမ္မဏံ ဟောတိ။

၉၄။ တထာ အာရုပ္ပပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဉ္စ ကမ္မနိမိတ္တမေဝ ယထာရဟံ မာရမ္မဏံ ဟောတိ။

---

[စာပိုဒ်-၉၂] **ကာမပဋိသန္ဓေ၏ အာရုံ** ။ ။ မရဏာသန္နဝီထိ၌ အဟုန်နုံ့နဲ့ လျော့ရဲရဲ ဖြစ်သောကြောင့် ဇော(၅)ကြိမ် ဇောပါသည်။ထို့ကြောင့် ပစ္စုပ္ပန်အာရုံများ ထင်လာပြီးနောက် မချုပ်သေးဘဲ ထင်ရှားရှိနေစဉ်မှာပင် စုတေခဲ့လျှင် ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်တို့သည် ထိုပစ္စုပ္ပန်အာရုံများကိုပင် ဆက်လက်၍ အာရုံပြုကြပါသည်

ဤသို့ဖြစ်သောကြောင့် ကာမာဝစရပဋိသန္ဓေသည် ဆဒွါရိကမရဏာသန္နဇော-က ယူပေးအပ်သော ပစ္စုပ္ပန်လည်းဖြစ်, အတိတ်လည်းဖြစ်သော ကမ္မနိမိတ်, ဂတိနိမိတ်အာရုံများနှင့် မနောဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော အတိတ်ဓမ္မာရုံဟူသော ကံအာရုံတို့ကို အာရုံပြုပါသည်။

(စာပိုဒ်-၉၃) **ရူပပဋိသန္ဓေ၏ အာရုံ** ။ ။ ရူပပဋိသန္ဓေသည် ပညတ်ဖြစ်သော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

(စာပိုဒ်-၉၄) **အရူပပဋိသန္ဓေ၏ အာရုံ** ။ ။ အရူပပဋိသန္ဓေသည် မဟဂ္ဂုတ်, ပညတ်ဖြစ်သော ကမ္မနိမိတ်ကို ထိုက်သည်အားလျော်စွာ အာရုံပြုပါသည်။

➤ **ကမ္မနိမိတ်သက်သက်ကိုသာ အာရုံပြုသောစိတ်** = ရူပ ပဋိသန္ဓေ ၅-ပါး၊ အရူပ ပဋိသန္ဓေ ၄-ပါး တို့ဖြစ်ပါသည်။(စာပိုဒ်-၉၃/၉၄-တို့ကိုထောက်)

http://www.dhammadownload.com



၉၅။ အသညသတ္တာနံ ပန ဇီဝိတနဝကမေဝ ပဋိသန္ဓိဘာဝေန ပတိဋ္ဌာတိ၊ တသ္မာ တေ ရူပပဋိသန္ဓိကာ နာမ။

၉၆။ အာရုပ္ပါ အရူပပဋိသန္ဓိကာ။

၉၇။ သေသာ ရူပါရူပပဋိသန္ဓိကာ။

---

**အရူပ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော မဟဂ္ဂုတ် ပညတ်အာရုံများကို ထိုက်သည် အားလျော်စွာ ခွဲခြားပုံ /**

**အရူပပဋိသန္ဓေ၏ ယထာရဟ အာရုံပြုပုံ**

အရူပပဋိသန္ဓေ ၄-ခုတို့တွင် ဝိညာဏဉ္စာယတနပဋိသန္ဓေသည် ပထမာရုပ္ပဝိညာဏ်ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြုပါသည်။ နေဝသညာနာသညာယတန ပဋိသန္ဓေသည် တတိယာရုပ္ပဝိညာဏ်ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြုပါသည်။

အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ်ဟူသော ကမ္မနိမိတ်ကို အာရုံပြုပါသည်။ အာကိဉ္စညာယတန ပဋိသန္ဓေစိတ်သည် နတ္ထိဘာဝပညတ်ဟူသော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

➤ **အာရုပ္ပပဋိသန္ဓိယာစ မဟဂ္ဂတဘူတံ ပညတ္တိဘူတဥ္စ-၌ မဟဂ္ဂတ-အရ** = အာကာသာနဉ္စာယတနစိတ်၊ အာကိဉ္စညာယတနစိတ်-တို့ကို ယူရပါမည်။

➤ **ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ဒွါရ+ကာလ+အာရုံအားဖြင့် ဝေဖန်ပုံ**

၁။ ကံ-သည် မနောဒွါရိက, အတိတ်ကာလ, ဓမ္မာရုံ ဖြစ်ပါသည်။

၂။ ကမ္မနိမိတ်သည် ဆဒွါရိက၊ ပစ္စုပ္ပန်, အတိတ်ကာလ၊ ကာလဝိမုတ်ဖြစ်သော ပညတ် အာရုံ ၆-ပါး ဖြစ်ပါသည်။

၃။ ဂတိနိမိတ်သည် မနောဒွါရိက, ပစ္စုပ္ပန်ကာလ, ရူပါရုံဖြစ်ပါသည်။

[စာပိုဒ်-၉၅] **ရုပ်သက်သက် ပဋိသန္ဓေနေသော သတ္တဝါ** ။ ။ အသညသတ်ဘုံသား ဗြဟ္မာများသည် ဇီဝိတနဝက ကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေကြသောကြောင့် ရုပ်သက်သက် ပဋိသန္ဓေနေသော သတ္တဝါ ဖြစ်ပါသည်။

➤ **ရုပ်သက်သက် ပဋိသန္ဓေနေသော သတ္တဝါ** = အသညသတ်ဗြဟ္မာ။

[စာပိုဒ်-၉၆] **နာမ်သက်သက် ပဋိသန္ဓေနေသော သတ္တဝါ**= အရူပဘုံသား ဗြဟ္မာများ ဖြစ်ပါသည်။

[စာပိုဒ်-၉၇] **ရုပ်နာမ်အစုံ ပဋိသန္ဓေနေသော သတ္တဝါ**= ကာမဘုံသား, ရူပဘုံသား ပုဂ္ဂိုလ်များ (ပဉ္စဝေါကာရ သတ္တဝါ) ဖြစ်ပါသည်။

http://www.dhammadownload.com



**စုတိစိတ်နောက် ပဋိသန္ဓေဖြစ်ပုံ (သတ္တဝါများ ၃၁–ဘုံ ကျင်လည်ရပုံ)**
**[ရူပ, အရူပဘုံသားဖြဟ္မာကြီးများသေလျှင် ဆက်လက်နေထိုင်ခွင့် ရရှိနိုင်သော ဘုံဌာန ပြ သင်္ဂဟဂါထာ]**

၉၈။ [အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ။
ပရမာရုပ္ပသန္ဓိ စ၊ တထာ ကာမတိဟေတုကာ။
ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ။]
သဗ္ဗာကဒ္ဓမတိဟေတုမှာ၊ ကာမေသွေဝ ပနေတရာ။
အယမေတ္ထ စုတိပဋိသန္ဓိက္ကမော။

---

[ဓာပိုဒ်–၉၈] **စုတိနောင် ပဋိသန္ဓေနှောင်းပုံ** ။ ။

၁။ **အရူပစုတိ ၄–စုနောင်** အောက်အောက်အာရုပ္ပကြဉ်သော အာရုပ္ပပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၈-ပါးနှောင်းနိုင်ပါသည်။

၂။ **အာကာသာနဉ္စာယတနစုတိနောင်**= ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါး၊အရူပပဋိသန္ဓေ ၄-ပါး ပေါင်း ၈-ပါးနှောင်းနိုင်ပါသည်။

၃။ **ဝိညာဏဉ္စာယတနစုတိနောင်** = ဝိညာဏဉ္စာယတနပဋိသန္ဓေ, အာကိဉ္စညာယတန ပဋိသန္ဓေ, နေဝသညာ နာသညာယတန ပဋိသန္ဓေ ၃-ပါး၊ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၇-ပါး နှောင်းနိုင်ပါသည်။

၄။ **အာကိဉ္စညာယတနစုတိနောင်** = အာကိဉ္စညာယတနပဋိသန္ဓေ ၁-ပါး၊ နေဝသညာနာသညာ ယတန ပဋိသန္ဓေ ၁-ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၆-ပါး နှောင်းနိုင် ပါသည်။

၅။ **နေဝသညာနာသညာယတနစုတိနောင်** = နေဝသညာနာသညာယတန ပဋိသန္ဓေနှင့် ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ နပေါင်း ၈-ပါးနှောင်းနိုင်ပါသည်။

၆။ **ရူပ တိဟိတ်စုတိ ၅–စုနောင်**– သဟိတ်ပဋိသန္ဓေ ၁၇-ပါး နှောင်းနိုင်ပါသည်။

၇။ **ကာမတိဟိတ်စုတိ ၄–စုနောင်** ပဋိသန္ဓေ ၁၉-ပါး၊ ရုပ်ပဋိသန္ဓေ ၁-ပါး ပေါင်း ၂၀ နှောင်းနိုင်ပါသည်။

➤ **အသညသတ်ဖြဟ္မာစုတေလျှင် အပါယ်လေးဘုံသို့ ရောက်နိုင်/မရောက်နိုင်**

အသညသတ်စုတိနောင် အဟိတ်ပဋိသန္ဓေ မနှောင်းနိုင်သောကြောင့် အသညသတ်ဖြဟ္မာစုတေလျှင် အပါယ်လေးဘုံသို့ မရောက်နိုင်ပါ။ [ရူပါဝစရစုတိယာ၊ အဟေတု ရဟိတာ သိယုံ-ကိုထောက်)

http://www.dhammadownload.com



➤ **ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စာကျင်းမှာ တရှုပ်ရှုပ်–ဟူသော စကားအရ ဗြဟ္မာကြီးများ ဝက်ဘဝသို့ တိုက်ရိုက် ရောက်နိုင်/မရောက်နိုင်** ॥ ॥ ရူပါဝစရစုတိယာ အဟေတုရဟိတာ သိယံ-ကိုထောက် ရူပစုတိနောင် အဟိတ်ပဋိသန္ဓေ မနောင်းနိုင်သောကြောင့် -- ဗြဟ္မာကြီးများ ဝက်ဘဝသို့ တိုက်ရိုက်မရောက်နိုင်ပါ။

➤ **နွားသေလျှင် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်နိုင်ခွင့် ရှိ/မရှိ** ॥ ॥

ကာမေသွေဝ ပနေတရာ-ကိုထောက်၍ [ကာမအဟိတ်, ဒွိဟိတ်စုတိ ၄-ခုနောင် ကာမပဋိသန္ဓေ ၁၀-ပါး နှောင်းနိုင်သောကြောင့် ] နွားသေလျှင် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်နိုင်ခွင့် ရှိပါသည်။

➤ **"လူသေလျှင် လူသာဖြစ်ရမည်"ဟူသော စကား လက်ခံသင့်/မခံသင့်**

➤ **"လူသေ လူဖြစ်"ဟူသောစကားကို မှန်အားဖြင့် မှတ်ထိုက်/မမှတ်ထိုက်**

သဗ္ဗာကာမတိဟေတုမှာ-ကိုထောက်၍ တိဟိတ်လူသားသေလျှင် လူ, နတ်, ဗြဟ္မာ အားလုံးဖြစ်နိုင်ပါသည်။ ကာမေသွေဝပနေတရာ-ကိုထောက်၍ ဒွိဟိတ် အဟိတ်လူသား သေလျှင် ကာမဘုံသားအားလုံး ဖြစ်နိုင်ပါသည်။ ထို့ကြောင့် "လူသေလျှင် လူသာဖြစ်ရမည်" ဟူသောစကား လက်မခံသင့်ပါ။

* **အသညသတ်စုတိနောင်**= ကာမဒွိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၈-ပါး နှောင်းနိုင်ပါသည်။
* **သုဂတိ/ ဒုဂ္ဂတိအဟိတ်စုတိနောင်** = ကာမပဋိသန္ဓေ ၁၀-ပါး၊ (ကာမ ၁၁-ဘုံ)
* **အဟိတ်စုတိ, ဒွိဟိတ် စုတိနောင်** = ကာမပဋိသန္ဓေ ၁၀-ပါး။ (ကာမ ၁၁-ဘုံ)
* **ဈာန်မရ ကာမတိဟိတ်ပုထုဇဉ် စုတိနောင်**= ကာမ ပဋိသန္ဓေ ၁၀-ပါး နှောင်းနိုင်ပါသည်။ ရောက်နိုင်သောဘုံကား-ကာမ ၁၁-ဘုံ ဖြစ်ပါသည်။
* **ဈာန်ရ ကာမတိဟိတ်ပုထုဇဉ်စုတိနောင်**= မဟဂ္ဂုတ်ပဋိသန္ဓေ ၉-ပါး၊ ရုပ်ပဋိသန္ဓေ ၁-ပါး။ [သုဒ္ဓါဝါသကြဉ် ရူပ ၁၁-ဘုံ၊အရူပ ၄-ဘုံ။]
* **ဈာန်မရ ကာမ သောတာပန်, သကဒါဂါမ်စုတိနောင်** = ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါး နှောင်းနိုင်သည်။ [ရောက်နိုင်သောဘုံကား= ကာမသုဂတိ ၇-ဘုံ။]
* **ဈာန်ရ ကာမ သောတာပန်, သကဒါဂါမ်စုတိနောင်** = မဟဂ္ဂုတ်ပဋိသန္ဓေ ၉-ပါး၊ [ဘုံကား- သုဒ္ဓါဝါသ အသညသတ်ကြဉ် ရူပ ၁၀-ဘုံ၊အရူပ ၄-ဘုံ။]
* **ကာမဘုံသား အနာဂါမ်စုတိနောင်** = မဟဂ္ဂုတ်ပဋိသန္ဓေ ၉-ပါး၊ [ဘုံကား- သုဒ္ဓါဝါသ အသညသတ်ကြဉ် ရူပ ၁၀-ဘုံ၊အရူပ ၄-ဘုံ။]
* **ပထမဈာန်ဘုံသား တိဟိတ်ပုထုဇဉ်စုတိနောင်**= သဟိတ်ပဋိသန္ဓေ-၁၇ ပါး။ [ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ ၁၀-ဘုံ၊အရူပ ၄-ဘုံ။]

http://www.dhammadownload.com



* **ပထမစျာန်ဘုံသား သောတာပန်, သကဒါဂါမ်စုတိနောင်**= မဟာဂ္ဂုတ်ပဋိသန္ဓေ ၉-ပါး၊[ကာမသုဂတိ ၇-ဘုံ၊သုဒ္ဓါဝါသ အသညသတ်ကြဉ် ရူပ ၁၀-ဘုံ၊အရူပ ၄-ဘုံ]
* **ပထမစျာန်ဘုံသား အနာဂါမ်စုတိနောင်**= မဟဂ္ဂုတ်ပဋိသန္ဓေ ၉-ပါး၊ [ဘုံကား-အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၊အရူပ ၄-ဘုံ။]
* **ဒုတိယစျာန်ဘုံသား တိဟိတ်ပုထုဇဉ်စုတိနောင်** = ပထမစျာန်ဝိပါက်ကြဉ် သဟိတ်ပဋိသန္ဓေ ၁၆-ပါး။ [ ရောက်နိုင်သောဘုံကား= ကာမသုဂတိ ၇-ဘုံ၊ဒုတိယစျာန် ၃-ဘုံ၊တတိယစျာန် ၃-ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ အရူပ ၄-ဘုံ။]
* **ဒုတိယစျာန်ဘုံသား သောတာပန်, သကဒါဂါမ်စုတိနောင်**= ပထမစျာန်ဝိပါက်ကြဉ် မဟဂ္ဂုတ်ပဋိသန္ဓေ ၈-ပါး။ [ ရောက်နိုင်သောဘုံကား= ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံ၊ဝေဟပ္ဖိုလ်ဘုံ၊ အရူပ ၄-ဘုံ။]
* **ဒုတိယစျာန်ဘုံသား အနာဂါမ်စုတိနောင်**= ပထမစျာန်ဝိပါက်ကြဉ် မဟဂ္ဂုတ်ပဋိသန္ဓေ ၈-ပါး။ [ ရောက်နိုင်သောဘုံကား= ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊သုဒ္ဓါဝါသ ၅-ဘုံ၊ အရူပ ၄-ဘုံ။]
* **တတိယစျာန်ဘုံသား တိဟိတ်ပုထုဇဉ်စုတိနောင်**= ပ-ဒု-တတိယစျာန်ဝိပါက်ကြဉ် သဟိတ်ပဋိသန္ဓေ ၁၄-ပါး။ [ ရောက်နိုင်သောဘုံကား= ကာမသုဂတိ ၇-ဘုံ၊ တတိယစျာန် ၃-ဘုံ၊ဝေဟပ္ဖိုလ်ဘုံ၊ အရူပ ၄-ဘုံ။]
* **တတိယစျာန်ဘုံသား သောတာပန်, သကဒါဂါမ်စုတိနောင်**= ပ-ဒု-တ-စျာန်ဝိပါက်ကြဉ် မဟဂ္ဂုတ်ပဋိသန္ဓေ ၆-ပါး။[တတိယစျာန် ၃-ဘုံ၊ဝေဟပ္ဖိုလ်ဘုံ၊အရူပ ၄-ဘုံ]
* **တတိယစျာန်ဘုံသား အနာဂါမ်စုတိနောင်** = ပ-ဒု-တ-စျာန်ဝိပါက်ကြဉ် မဟဂ္ဂုတ်ပဋိသန္ဓေ ၆-ပါး။ [တတိယစျာန် ၃-ဘုံ၊ဝေဟပ္ဖိုလ်ဘုံ၊သုဒ္ဓါဝါသ ၅-ဘုံ၊အရူပ ၄-ဘုံ]
* **ဝေဟပ္ဖိုလ်ဘုံသား တိဟိတ်ပုထုဇဉ်စုတိနောင်** = ပ-ဒု-တ-စ-စျာန်ဝိပါက်ကြဉ် သဟိတ်ပဋိသန္ဓေ ၁၃-ပါး။ [ကာမသုဂတိ ၇-ဘုံ၊ဝေဟပ္ဖိုလ်ဘုံ၊အရူပ ၄-ဘုံ။]
* **ဝေဟပ္ဖိုလ်ဘုံသား သောတာပန်, သကဒါဂါမ်, အနာဂါမ်စုတိနောင်** = ပဥ္စမစျာန်ပဋိသန္ဓေ ၁-ပါး [ ရောက်နိုင်သောဘုံကား= ဝေဟပ္ဖိုလ်ဘုံ]
* **အသညသတ် သုဂတိအဟိတ်ရုပ်စုတိနောင်** = မဟာဝိပါက် ပဋိသန္ဓေ ၈-ပါး။ [ ရောက်နိုင်သောဘုံကား= ကာမသုဂတိ ၇-ဘုံ။]
* **အဝိဟာဘုံသား အနာဂါမ်စုတိနောင်** = ပဥ္စမစျာန်ပဋိသန္ဓေ ၁-ပါး။ [ ရောက်နိုင်သောဘုံကား=အတပ္ပါဘုံ၊ သုဒဿာဘုံ၊သုဒဿီဘုံ၊ အကနိဋ္ဌာဘုံ။]
* **အတပ္ပါဘုံသား အနာဂါမ်စုတိနောင်** = ပဥ္စမစျာန်ပဋိသန္ဓေ ၁-ပါး။ [ သုဒဿာဘုံ သုဒဿီဘုံ၊အကနိဋ္ဌာဘုံ။]၊

http://www.dhammadownload.com



**ဘဝင်စိတ်ဖြစ်ပုံ**

၉၉။ ဣစ္စေဝံ ဂဟိတပဋိသန္ဓိကာနံ ပန ပဋိသန္ဓိနိရောဓာနန္တရတော ပဘုတိ တမေဝါရမ္မဏမာရဗ္ဘ တဒေဝ စိတ္တံ ယာဝ စုတိစိတ္တုပ္ပါဒါ အသတိ ဝီထိစိတ္တုပ္ပါဒေ ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိ သင်္ခါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတော ဝိယ ပဝတ္တတိ။

---

* **သုဒ္ဓသာဝါသဘုံသား အနာဂါမ်စုတိနောင်** = ပဉ္စမဈာန်ပဋိသန္ဓေ ၁-ပါး။ [ရောက်နိုင်သော ဘုံကား = သုဒ္ဓသီဘုံ၊ အကနိဋ္ဌာဘုံ။]
* **သုဒ္ဓသီဘုံသား အနာဂါမ်စုတိနောင်** = ပဉ္စမဈာန်ပဋိသန္ဓေ ၁-ပါး။[အကနိဋ္ဌာဘုံ]
* **အာကာ-တိဟိတ်ပုထုဇဉ်စုတိနောင်**= ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊အရူပ ပဋိသန္ဓေ ၄-ခု။ [ ရောက်နိုင်သောဘုံကား= ကာမသုဂတိ ၇-ဘုံ၊အရူပ ၄-ဘုံ။]
* **အာကာ-သောတာပန်, သကဒါဂါမ်, အနာဂါမ်စုတိနောင်**= အရူပ ပဋိသန္ဓေ ၄-ခု။ [ရောက်နိုင်သောဘုံကား= အရူပ ၄-ဘုံ။]
* **ဝိညာ- တိဟိတ်ပုထုဇဉ်စုတိနောင်** = ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊အထက် အရူပ ပဋိသန္ဓေ ၃-ခု။ [ကာမသုဂတိ ၇-ဘုံ၊အထက် အရူပ ၃-ဘုံ။]
* **ဝိညာ-သောတာပန်, သကဒါဂါမ်, အနာဂါမ်စုတိနောင်** = အထက် အရူပ ပဋိသန္ဓေ ၃-ခု။ [ ရောက်နိုင်သောဘုံကား= အထက် အရူပ ၃-ဘုံ။]
* **အာကိံ-တိဟိတ်ပုထုဇဉ် စုတိနောင်** = ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ အထက် အရူပ ပဋိသန္ဓေ ၂-ခု။ [ ကာမသုဂတိ ၇-ဘုံ၊အာကိံ-ဘုံ၊ နေဝ-ဘုံ။]
* **အာကိံ-သောတာပန်, သကဒါဂါမ်, အနာဂါမ်စုတိနောင်** = အထက် အရူပ ပဋိသန္ဓေ ၂-ခု။ [ ရောက်နိုင်သောဘုံကား= အာကိံ-ဘုံ၊ နေဝ-ဘုံ။]
* **နေဝ-တိဟိတ်ပုထုဇဉ် စုတိနောင်**= ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊ နေဝ-ပဋိသန္ဓေ ၁-ခု။ [ ကာမသုဂတိ ၇-ဘုံ၊နေဝသညာနာသညာယတနဘုံ။]
* **နေဝ- သောတာပန်, သကဒါဂါမ်, အနာဂါမ်စုတိနောင်** = နေဝသညာနာသညာယတန ပဋိသန္ဓေ ၁-ပါး။ [ ရောက်နိုင်သောဘုံကား= နေဝသညာနာသညာယတနဘုံ]

(ဓာပိုဒ်-၉၉) **ဘဝင်စိတ်ဖြစ်ပုံ** ။ ။ ပဋိသန္ဓေတည်နေပြီးသော သတ္တဝါတို့မှာ ပဋိသန္ဓေစိတ် ချုပ်ပြီးသည်၏ အခြားမဲ့မှစ၍ ထိုပဋိသန္ဓေ၏အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည်ပင် စုတိစိတ်ဖြစ်သည့်တိုင်အောင် (ပဋိသန္ဓေစိတ်နှင့် ဝီထိစိတ်တို့အကြား၌) ဝီထိစိတ် မဖြစ်ခဲ့သော် ဘဝင်ကိစ္စတပ်လျက် မြစ်ရေအလျဉ်ကဲ့သို့ ဘဝတစ်လျှောက်လုံး အဆက်မပြတ် အထပ်ထပ်ဖြစ်ပေါ်နေပါသည်။

http://www.dhammadownload.com



မေး ။ ။ **ဘဝင်စိတ်သည်** (က) မည်သည့်အခါ (ခ) မည်သည့်အချိန်အထိ (ဂ) မည်သို့ဖြစ်ပေါ်လျက် ရှိနိုင်သည်ကို ဝီထိမုတ်ပိုင်းလာ ကျမ်းရင်းအဆိုအရ ရှင်းပြပါ။

(က) ပဋိသန္ဓေစိတ် ချုပ်ပြီးသည့်အခါ (ခ) စုတိစိတ်ဖြစ်သည်အထိ (ဂ) ပဋိသန္ဓေစိတ်နှင့် ဝီထိစိတ်တို့အကြား၌ ဝီထိစိတ်မဖြစ်ခဲ့သော် ဘဝင်ကိစ္စတပ်လျက် မြစ်ရေအလျဉ်ကဲ့သို့ ဘဝတစ်လျှောက်လုံး အဆက်မပြတ် အထပ်ထပ်ဖြစ်ပေါ်လျက် ရှိပါသည်

➤ **ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့၏ ကြားကာလဝယ် ဝီထိစိတ်တို့ဖြစ်ပေါ်ခွင့် မရှိသောအခါ ဖြစ်ပေါ်နေသည့်စိတ်** = ဘဝင်စိတ်များ ဖြစ်ပေါ်နေပါသည်။

➤ **ဘဝင်စိတ်တို့ဖြစ်ပုံ အခြင်းအရာ** ။ ။ ဝီထိစိတ်မဖြစ်ခဲ့သော် ဘဝင်ကိစ္စတပ်လျက် မြစ်ရေအလျဉ်ကဲ့သို့ ဘဝတစ်လျှောက်လုံး အဆက်မပြတ် အထပ်ထပ်ဖြစ်ပေါ်နေပါသည်။

➤ **ပဋိသန္ဓေစိတ် အဓိပ္ပါယ်** ။ ။ ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သည်၏အစွမ်းဖြင့် ဖြစ်သောစိတ်သည်ပဋိသန္ဓေစိတ် မည်ပါသည်။ (သင်္ဂဟာသာရကေ) ဘဝန္တရ ပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ။

➤ **ဘဝင်စိတ် အဓိပ္ပါယ်** ။ ။ ဥပပတ္တိဘဝ၏ မပြတ်ကြောင်းအဖြစ်ဖြင့် မြစ်ရေအလျဉ်ကဲ့သို့ ဝီထိစိတ် မဖြစ်သောအခါ မပြတ်ဖြစ်နေသော စိတ်အစဉ်သည် ဘဝင်စိတ် မည်ပါသည်။ (သင်္ဂဟာသာရကေ) အသတိ ဝီထိစိတ္တုပ္ပါဒေ ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိသင်္ခါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတောဝိယ ပဝတ္တတိ။

➤ **စုတိစိတ် အဓိပ္ပါယ်** ။ ။ ရွေ့လျောသည်၏အစွမ်းဖြင့်ဖြစ်သော ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သော စိတ်သည် စုတိစိတ် မည်ပါသည်။ (သင်္ဂဟာသာရကေ) ပရိယောသာနေ စ စဝနဝသေန စုတိစိတ္တံ ဟုတွာ နိရုဇ္ဈတိ။

➤ **ဘဝ၏ အစဉ်ဖြစ်သောစိတ်ကား** = ပဋိသန္ဓေစိတ်။ ➤ **အလယ်၌ဖြစ်သောစိတ်**= ဘဝင်စိတ်နှင့် ဝီထိစိတ်များ ➤ **အဆုံး၌ဖြစ်သောစိတ်**= စုတိစိတ် ဖြစ်ပါသည်။

➤ **မြစ်ရေ အယဉ်ကဲ့သို့ အဆက်မပြတ်ဖြစ်တတ်သော တရားများ** ။ ။ ဘဝင်စိတ်များနှင့် စတုဇရုပ်တို့ ဖြစ်ပါသည်။ (ဘဝင်္ဂသန္တတိသင်္ခါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတောဝိယ) [ဝီထိမုတ်စာပိုဒ်-၉၉-] နှင့် (စတုသမုဋ္ဌာနရူပ ကလာပသန္တတိ ကာမလောကေ ဒီပဇာလာဝိယ နဒီသောတောဝိယစ) [ရုပ်စာပိုဒ်-၅၅] ထောက်။

➤ **သေဆုံးပြီးနောက် မည်သည့်ဘုံမဆို ပဋိသန္ဓေနေခွင့်ရှိသော ပုဂ္ဂိုလ်ထူးကား**

သဗ္ဗာကာမတိဟေတုမှာ-ကိုထောက်၍ ကာမတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ဈာန်အားလုံး မဂ်ဖိုလ်အားလုံးကို ရနိုင်သူဖြစ်သောကြောင့် သေဆုံးပြီးနောက် မည်သည့်ဘုံမဆို ရောက်နိုင်ပါသည်။

http://www.dhammadownload.com



**စုတိစိတ်ဖြစ်ပုံပြ**

၁၀၀။ ပရိယောသာနေ စ ဝနဝသေန စုတိစိတ္တံ ဟုတွာ နိရုဇ္ဈတိ။

**(နာမ်) သံသရာစက်လည်ပုံ (စုဏ္ဏိယ)**

၁၀၁။ တတော ပရဉ္စ ပဋိသန္ဓာဒယော ရထစက္ကမိဝ ယထာက္ကမံ ဧဝ ပရိဝတ္တန္တာ ပဝတ္တန္တိ။

**(နာမ်) သံသရာစက်လည်ပုံပြ သင်္ဂဟဂါထာ**

၁၀၂။ ပဋိသန္ဓိဘဝင်္ဂဝီထိယော၊ စုတိစေဟ တထာ ဘဝန္တရေ။
ပုန သန္ဓိ ဘဝင်္ဂမိစ္စယံ၊ ပရိဝတ္တတိ စိတ္တသန္တတိ။

**(နာမ်) သံသရာစက် ဖြတ်ပုံ**

ပဋိသင်္ခါယ ပနေတမဒ္ဓုဝံ၊ အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။
သုသမုစ္ဆိန္နသိနေဟ ဗန္ဓနာ၊ သမမေဿန္တိ စိရာယ သုဗ္ဗတာ။
က္ကတိ အဘိဓမ္မတ္ထသင်္ဂဟေ ဝီထိမုတ္တသင်္ဂဟ ဝိဘာဂေါနာမ
ပဉ္စမော ပရိစ္ဆေဒေါ။

---

(စာပိုဒ်-၁၀၀) **စုတိစိတ်ဖြစ်ပုံ** ။ ။ ဘဝအဆုံး၌လည်း ထိုပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည်ပင် လက်ရှိပစ္စုပ္ပန်ဘဝမှ ရွှေ့လျောခြင်း၏အစွမ်းဖြင့် စုတိကိစ္စတပ်၍ ချုပ်ပါသည်။

(စာပိုဒ်-၁၀၁) **သံသရာစက်လည်ပုံ** ။ ။ စုတိစိတ်ချုပ်ပြီးနောက် ပဋိသန္ဓေ, ဘဝင်, စုတိ-ဟူသော စိတ်တို့သည် ရထားလှည်းဘီးစက်ပမာ အစဉ်အတိုင်းသာလျှင် အဆက်ဆက် လည်ပတ်လျက် ဖြစ်နေကြပါသည်။

(စာပိုဒ်-၁၀၂) **သံသရာစက်ဖြတ်ပုံ /အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်မည့်နည်းလမ်း** ။ ။ပညာရှိပုဂ္ဂိုလ်သည် ကြာမြင့်စွာသော ကာလပတ်လုံး ကောင်းမွန်သော အကျင့်ရှိပါက ပဋိသန္ဓေ ဘဝင် စုတိတို့၏ မမြဲခြင်းသဘောကို ဉာဏ်ဖြင့် ဆင်ခြင်၍ တဏှာနှောင်အဖွဲ့ကို မဂ်ဉာဏ်ဖြင့်ဖြတ်တောက်လိုက်လျှင် စုတေခြင်းကင်းရာ နိဗ္ဗာန်သို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ရောက်ရှိပြီး ဝဋ္ဋဒုက္ခကင်းငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ဧကန်ရောက်နိုင်လိမ့်မည် သံသရာစက်ကြီးသည်လည်း ပြတ်သွားတော့မည် ဖြစ်ပါသည်။

**ဝီထိမုတ်ပိုင်း သရုပ်ခွဲ ပြီး၏။**

http://www.dhammadownload.com



## ၆–ရုပ်ပိုင်း

### အနုသန္ဓိနှင့် ပဋိညာဉ်

၁။ ဧတ္တာဝတာ ဝိဘတ္တာ ဟိ၊ သပ္ပဘေဒပ္ပဝတ္တိကာ။
စိတ္တ စေတသိကာ ဓမ္မာ၊ ရူပံ ဒါနိ ပဝုစ္စတိ။

### မာတိကာ (ရူပသင်္ဂဟ ၅–ပါး)

၂။ သမုဒ္ဒေသာ ဝိဘာဂေါ စ၊ သမုဋ္ဌာနာ ကလာပတော။
ပဝတ္တိက္ကမတော စေတိ၊ ပဉ္စဓာ တတ္ထ သင်္ဂဟော။

### ရူပသမုဒ္ဒေသ/မဟာဘုတ်နှင့် ဥပါဒါရုပ်

၃။ စတ္တာရိ မဟာဘူတာနိ, စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပန္တိ
ဒုဝိဓမ္ပေတံ ရူပံ ဧကာဒသဝိဓေန သင်္ဂဟံ ဂစ္ဆတိ။

### (၁) မဟာဘုတ် ၄–ပါး(ဘူတရုပ် ၄–ပါး)

၄။ ကထံ?----
ပထဝီဓာတု, အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတု
ဘူတရူပံ နာမ။

---

(စာပိုဒ်–၂) **မာတိကာ ၅–ပါး /ရူပသင်္ဂဟ ၅–ပါး/ပဉ္စဓာ တတ္ထ သင်္ဂဟော–၌ ပဉ္စဓာ သရုပ်** ။ ။ (၁) ရူပသမုဒ္ဒေသ=ရုပ်တို့ကို အကျဉ်းချုပ်ပြခြင်း၊ (၂) ရူပဝိဘာဂ=ရုပ်တို့ကို အကျယ်ဝေဖန်ခြင်း၊ (၃) ရူပသမုဋ္ဌာန=ရုပ်တို့၏ဖြစ်ကြောင်း၊ (၄) ရူပကလာပ=ရုပ်တို့၏ အပေါင်းအစည်း၊ (၅) ရူပပဝတ္တိက္ကမ=ရုပ်တို့၏ ဖြစ်စဉ်။

(စာပိုဒ်–၃) **အကျဉ်းချုပ်အားဖြင့် ရုပ်နှစ်မျိုးကား**

(၁) မဟာဘုတ် (၂) ဥပါဒါရုပ်တို့ ဖြစ်ပါသည်။

➢ **မှီသာ မှီတတ် မမှီအပ်သော ရုပ်ကား**= ဥပါဒါရုပ် ၂၄-ပါး ဖြစ်ပါသည်။

➢ **မှီလည်း မှီတတ်, မှီလည်း မှီအပ်သော ရုပ်ကား**= မဟာဘုတ် ၄-ပါး ဖြစ်ပါသည်။

➢ **ဒုဝိဓမ္ပေတံ ရူပံ ဧကာဒသဝိဓေန သင်္ဂဟံ ဂစ္ဆတိ–၌ ဧကာဒသ–အရကား** မဟာဘုတ်, ပသာဒရုပ်, ဂေါစရရုပ်, ဘာဝရုပ်, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်, ဝိကာရရုပ်, လက္ခဏရုပ်တို့ ဖြစ်ပါသည်။

(စာပိုဒ်–၄) **မဟာဘုတ် ၄–ပါးကား** ။ ။ ပထဝီဓာတ်=မြေဓာတ်၊အာပေါဓာတ်=ရေဓာတ်၊ တေဇောဓာတ်=မီးဓာတ်၊ ဝါယောဓာတ်=လေဓာတ် တို့ဖြစ်ပါသည်။

http://www.dhammadownload.com


ဥပါဒါရုပ် ၂၄–ပါး

(၂) ပသာဒရုပ် ၅–ပါး

၅။ စက္ခု, သောတံ, ဃာနံ, ဇိဝှါ, ကာယော ပသာဒရူပံ နာမ။

(၃) ဂေါစရရုပ် ၄–ပါး (ဝိသယရုပ် ၄–ပါး)

၆။ ရူပံ, သဒ္ဒေါ, ဂန္ဓော, ရသော, အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယ သင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ။

(၄) ဘာဝရုပ် ၂–ပါး

၇။ ဣတ္ထတ္တံ ပုရိသတ္တံ ဘာဝရူပံ နာမ။

(၅) ဟဒယရုပ် ၁–ပါး

၈။ ဟဒယဝတ္ထု ဟဒယရူပံ နာမ။

---

➢ **သောက်ရေသန့်၌ ပါဝင်သော ဓာတ်များ** ။ ။ ပထဝီ, အာပေါ, တေဇော, ဝါယောဓာတ်တို့ ဖြစ်ပါသည်။

➢ **မဟာဘူတ်+ဥပါဒါရုပ် အမည်နှစ်မျိုးရ ရုပ်များ** = ပထဝီ, တေဇော, ဝါယော တို့ ဖြစ်ပါသည်။

➢ **ဥပါဒါရုပ် ၂၄–ပါးကား** ။ ။ ပသာဒရုပ် ၅-ပါး၊ဂေါစရရုပ် (ဝိသယရုပ်) ၄-ပါး ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏာရုပ် ၄-ပါး၊ပေါင်း ၂၄- ပါး ဖြစ်ပါသည်။

(ဓာပိုဒ်–၅) **ပသာဒရုပ် ၅–ပါးကား** ။ ။ စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာန ပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ်တို့ ဖြစ်ပါသည်။

(ဓာပိုဒ်–၆) **ဂေါစရရုပ် (ဝိသယရုပ်) ၄–ပါးကား** ။ ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ပထဝီ, တေဇော, ဝါယော-ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ-တို့ ဖြစ်ပါသည်။

➢ **ဖောဋ္ဌဗ္ဗာရုံ၌ မပါဝင်သော မဟာဘူတ်** = အာပေါဓာတ်ဖြစ်ပါသည်။

➢ **သိပ္ပံသုတေသီများ ထိတွေ့စမ်းသပ်၍ မရသောရုပ်** = အာပေါ-ဖြစ်ပါသည်။

(ဓာပိုဒ်–၇) **ဘာဝရုပ် ၂–ပါးကား** ။ ။ ဣတ္ထိဘာဝရုပ်၊ပုရိသဘာဝရုပ်တို့ *ဖြစ်ပါသည်။*

➢ **မိန်းမနှင့်ယောကျ်ား ပုံသဏ္ဌာန် ကွဲပြားရခြင်းအကြောင်းရင်းကား** = ဣတ္ထိ ဘာဝရုပ်, ပုမ္ဘာဝရုပ်ကြောင့် မိန်းမနှင့်ယောကျ်ား ပုံသဏ္ဌာန် ကွဲပြားရပါသည်။

(ဓာပိုဒ်–၈) ဟဒယဝတ္ထုသည် **ဟဒယရုပ်** မည်ပါသည်။

http://www.dhammadownload.com


### (၆) ဇီဝိတရုပ် ၁–ပါး

၉။ ဇီဝိတိန္ဒြိယံ ဇီဝိတရူပံ နာမ။

### (၇) အာဟာရရုပ် ၁–ပါး

၁၀။ ကဗဠီကာရော အာဟာရော အာဟာရရူပံ နာမ။

၁၁။ ဣတိ စ အဋ္ဌာရသဝိဓမ္ပေတံ ရူပံ သဘာဝရူပံ, သလက္ခဏရူပံ, နိပ္ဖန္နရူပံ, ရူပရူပံ, သမ္မသနရူပန္တိ စ သင်္ဂဟံ ဂစ္ဆတိ။

### (၈) ပရိစ္ဆေဒရုပ် ၁–ပါး

၁၂။ အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ။

### (၉) ဝိညတ်ရုပ် ၂–ပါး

၁၃။ ကာယဝိညတ္တိ, ဝစီဝိညတ္တိ ဝိညတ္တိရူပံ နာမ။

---

(စာပိုဒ်–၉) ဇီဝိတိန္ဒြေသည် **ဇီဝိတရုပ်** မည်ပါသည်။

(စာပိုဒ်–၁၀) ကဗဠီကာရ အာဟာရသည် **အာဟာရရုပ်** မည်ပါသည်။

(စာပိုဒ်–၁၁) **သဘာဝရုပ် ၁၈–ပါး/သလက္ခဏရုပ် ၁၈–ပါး/နိပ္ဖန္နရုပ် ၁၈–ပါး/ရူပရုပ် ၁၈–ပါး/သမ္မသနရုပ် ၁၈–ပါးကား/၅–မည်ရသော ရုပ်များ** ॥ ॥ မဟာဘုတ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ-ဟူသော ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပေါင်း ၁၈-ပါးဖြစ်ပါသည်။

➤ **ရုပ်အစစ်ကား** ॥ ॥ နိပ္ဖန္နရုပ် ၁၈-ပါး ဖြစ်ပါသည်။(ပရမတ်ရုပ်)

➤ **ရုပ်အတုကား** ॥ ॥ အနိပ္ဖန္နရုပ် ၁၀-ပါး ဖြစ်ပါသည်။ (ပညတ်ရုပ်)

➤ **ဝိပဿနာ မရှုကောင်းသော ရုပ်** ॥ ॥ အာကာသဓာတ်၊ဝိညတ်ရုပ် ၂-ခု၊လဟုတာ, မုဒုတာ, ကမ္မညတာ၊ လက္ခဏရုပ် ၄-ခုအားဖြင့် အနိပ္ဖန္နရုပ် ၁၀-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၁၁-ကိုထောက်) ➤ **ဝိပဿနာ ရှုကောင်းသောရုပ်** ॥ ॥ နိပ္ဖန္နရုပ် ၁၈-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၁၁-နှင့် ဘူတပ္ပသာဒ ဝိသယာ၊ ဘာဝေါ ဟဒယမိစ္စပိ။ ဇီဝိတာဟာရရူပေဟိ၊ အဋ္ဌာရသဝိဓံ တထာ-တို့ကိုထောက်)

➤ **တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်သော ရုပ်များ** ॥ ॥ ကာယပသာဒရုပ်၊ ဘာဝရုပ် ၂-ပါး၊ ဇီဝိတရုပ် ၁-ပါးတို့ ဖြစ်ပါသည်။

(စာပိုဒ်–၁၂) အာကာသဓာတ်သည် **ပရိစ္ဆေဒရုပ်** မည်ပါသည်။

(စာပိုဒ်–၁၃) **ဝိညတ်ရုပ် ၂–ပါးကား** ॥ ॥ ကာယဝိညတ်, ဝစီဝိညတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



### (၁၀) ဝိကာရရုပ် ၅–ပါး

၁၄။ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဝိညတ္တိဒ္ဒယံ ဝိကာရရူပံ နာမ။

### (၁၁) လက္ခဏာရုပ် ၄–ပါး

၁၅။ ရူပဿ ဥပစယော, သန္တတိ, ဇရတာ, အနိစ္စတာ လက္ခဏာရူပံ နာမ။

၁၆။ **ဇာတိရူပမေဝ ပနေတ္ထ ဥပစယ သန္တတိနာမေန ပဝုစ္စတီတိ ဧကာဒသဝိဓမ္ပေတံ ရူပံ အဋ္ဌဝီသတိဝိဓံ ဟောတိ သရူပဝသေန။**

**သင်္ဂဟဂါထာများ/နိပ္ဖန္နရုပ် ၁၈–ပါးပြ**

၁၇။ ကထံ?---

ဘူတပ္ပသာဒ ဝိသယာ၊ ဘာဝေါ ဟဒယမိစ္စပိ။

ဇီဝိတာဟာရရူပေဟိ၊ အဋ္ဌာရသဝိဓံ တထာ။

**အနိပ္ဖန္နရုပ် ၁၀–ပါးပြ ဂါထာ**

ပရိစ္ဆေဒေါ စ ဝိညတ္တိ၊ ဝိကာရော လက္ခဏန္တိ စ။

အနိပ္ဖန္နာ ဒသာ စေတိ၊ အဋ္ဌဝီသတိဝိဓံ ဘဝေ။

အယမေတ္ထ ရူပသမုဒ္ဒေသော။

---

**(စာပိုဒ်–၁၄) ဝိကာရရုပ် ၅–ပါးကား** ။ ။ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ကာယဝိညတ်, ဝစီဝိညတ်-တို့ ဖြစ်ပါသည်။

**(စာပိုဒ်–၁၅) လက္ခဏာရုပ် ၄–ပါးကား** ။ ။ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ-တို့ ဖြစ်ပါသည်။

➤ **ရူပဿ ၂–ခု အထူး** ။ ။ ရူပဿ လဟုတာ-၌ ရူပဿ-အရ တိဇနိပ္ဖန္နရုပ်ကို ယူရပါမည်။ ရူပဿ ဥပစယော-၌ ရူပဿ-အရ နိပ္ဖန္နရုပ်ကို ယူရပါမည်။

**(စာပိုဒ်–၁၆)** **ဇာတိရုပ်** တစ်ခုတည်းကိုပင် သင်္ဂဟ၌ ဥပစယ, သန္တတိ နာမည်ဖြင့် ခေါ်ဝေါ်သုံးစွဲပါသည်။ **အမည်နှစ်မျိုးဖြင့် ခေါ်ဝေါ်ထားသော ရုပ်** ။ ။ ဇာတိရုပ်။

➤ **ဧကာဒသဝိဓမ္ပေတံ ရူပံ–၌ ဧကာဒသ–အရ** ။ ။ မဟာဘုတ်, ပသာဒရုပ်, ဂေါစရရုပ်, ဘာဝရုပ်, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်, ဝိကာရရုပ်, လက္ခဏာရုပ်-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ရူပဝိဘာဂ

၁၈။ သဗ္ဗဉ္စ ပနေတံ ရူပံ အဟေတုကံ, သပ္ပစ္စယံ, သာသဝံ, သင်္ခတံ, လောကိယံ, ကာမာဝစရံ, အနာရမ္မဏံ, အပ္ပဟာတဗ္ဗမေဝါတိ ဧကဝိဓမ္ပိ အဇ္ဈတ္တိကဗာဟိရာဒိဝသေန ဗဟုဓာ ဘေဒံ ဂစ္ဆတိ။

---

**(စာပိုဒ်–၁၇) အဋ္ဌာရသဝိဓံ တထာ–၌ အဋ္ဌာရသ–အရ** ။ ။ ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ-ဟူသော ဝိသယရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ ပေါင်း ၁၈-ပါး ဖြစ်ပါသည်။

➤ **အနိပ္ဖန္နာ ဒသာ စေတိ–၌ ဒသ–အရ/အနိပ္ဖန္နရုပ် ၁၀–ပါးကား** ။ ။ ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊လဟုတာ, မုဒုတာ, ကမ္မညတာ-ဟူသော ဝိကာရရုပ် ၃ ပါး၊လက္ခဏရုပ် ၄-ပါး၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

**(စာပိုဒ်–၁၈) သဗ္ဗဉ္စ ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ–၌ သပ္ပစ္စယ–အရ ရုပ် ၂၈–ပါးလုံး ဖြစ်ထိုက်/မဖြစ်ထိုက်** ။ ။ လက္ခဏရူပါနိ န ကုတောစိ ဇာယန္တိ-ကိုထောက်၍ သပ္ပစ္စယ-အရ ရုပ် ၂၈-ပါးလုံး မဖြစ်ထိုက်ပါ၊ လက္ခဏရုပ်မှကြွင်းသော ၂၄-ပါးသာ ဖြစ်ထိုက်ပါသည်။

➤ **သဗ္ဗဉ္စ ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ–၌ သပ္ပစ္စယ–အရတွင် မပါဝင်နိုင်သော ရုပ်ကား** ။ ။ လက္ခဏရူပါနိ န ကုတောစိ ဇာယန္တိ-ကိုထောက်၍ လက္ခဏရုပ် ၄-ပါး ဖြစ်ပါသည်။

➤ **ရုပ်ဟူသမျှသည် အကုသိုလ်ကိလေသာကဲ့သို့ ပယ်အပ်သောတရား ဟုတ်/မဟုတ်** ။ ။ သဗ္ဗဉ္စ ပနေတံ ရူပံ (ပ) အပ္ပဟာတဗ္ဗမေဝ-ကိုထောက်၍ မဟုတ်ပါ။

➤ **ရုပ်တရားအားလုံးတို့၏ ရနိုင်သော အမည် (၈)မျိုး** ။ ။ အဟေတုက, သပ္ပစ္စယ, သာသဝ, သင်္ခတ, လောကိယ, ကာမာဝစရ, အနာရမ္မဏ,အပ္ပဟာတဗ္ဗတို့ ဖြစ်ပါသည်။

**မေး** ။ ။ မြတ်စွာဘုရား၏ ရွှေကိုယ်တော်သည် လောကီ / လောကုတ္တရာ နှစ်မျိုးတို့တွင် မည်သည့်အရာဖြစ်နိုင်သည်ကို ပါဠိသာဓက အထောက်ပြ ဖြေဆိုပါ။

**ဖြေ** ။ ။ သဗ္ဗဉ္စ ပနေတံ ရူပံ (ပ) လောကိယံ-ကိုထောက်၍ မြတ်စွာဘုရား၏ ရွှေကိုယ်တော်သည် လောကီ ဖြစ်ပါသည်။

➤ **ဦးနှောက်က သိသည်–ဟု ဆိုလာလျှင် လက်ခံနိုင်/မခံနိုင်** ။ ။ (စာပိုဒ်-၁၈) ကိုထောက်၍ အနာရမ္မဏဖြစ်သော ရုပ်သည် အာရုံကို မယူနိုင်သောကြောင့် ဦးနှောက်က သိသည်-ဟု ဆိုလာလျှင် လက်မခံနိုင်ပါ။

http://www.dhammadownload.com



**အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်**

၁၉။ ကထံ? ---

ပသာဒသင်္ခါတံ ပဉ္စဝိဓမ္ပိ အဇ္ဈတ္တိကရူပံ နာမ၊ ဣတရံ ဗာဟိရရူပံ

**ဝတ္ထုရုပ် အဝတ္ထုရုပ်**

၂၀။ ပသာဒ ဟဒယ သင်္ခါတံ ဆဗ္ဗိဓမ္ပိ ဝတ္ထုရူပံ နာမ၊ ဣတရံ အဝတ္ထုရူပံ။

**ဒွါရရုပ် အဒွါရရုပ်**

၂၁။ ပသာဒ ဝိညတ္တိ သင်္ခါတံ သတ္တဝိဓမ္ပိ ဒွါရရူပံ နာမ၊ ဣတရံ အဒွါရရူပံ။

---

**(ဓာတ်ပိုဒ်–၁၉) အဇ္ဈတ္တိကရုပ် ၅–ပါးကား** ။ ။ ပသာဒရုပ် ၅-ပါး ဖြစ်ပါသည်။

➤ **ဗာဟိရရုပ် ၂၃–ပါးကား** ။ ။ မဟာဘုတ် ၄-ပါး၊ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ-ဟူသော ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊လဟုတာ, မုဒုတာ, ကမ္မညတာ-ဟူသော ဝိကာရရုပ် ၃-ပါး၊လက္ခဏာရုပ် ၄-ပါး၊ပေါင်း ၂၃-ပါးဖြစ်ပါသည်။

➤ **စန္ဒာကိုယ်အား ကျေးဇူးများသော ရုပ်ကား** ။ ။ အဇ္ဈတ္တိကရုပ် ၅-ပါး (ဝါ)ပသာဒရုပ် ၅-ပါး ဖြစ်ပါသည်။

**(ဓာတ်ပိုဒ်– ၂၀) ဝတ္ထုရုပ်** (စိတ်, စေတသိက်တို့၏ မှီရာဖြစ်သော ရုပ်) **၆–ပါးကား** ပသာဒရုပ် ၅-ပါး၊ ဟဒယရုပ် ၁-ပါး၊ ပေါင်း ၆-ပါးဖြစ်ပါသည်။

➤ **အဝတ္ထုရုပ် ၂၂–ပါးကား** ။ ။ မဟာဘုတ် ၄-ပါး၊ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ-ဟူသော ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊လဟုတာ, မုဒုတာ, ကမ္မညတာ-ဟူသော ဝိကာရရုပ် ၃-ပါး၊လက္ခဏာရုပ် ၄-ပါး၊ပေါင်း ၂၂-ပါးဖြစ်ပါသည်။

**(ဓာတ်ပိုဒ်– ၂၁) ဒွါရရုပ်** (အကြောင်းရုပ်) **၇–ပါးကား** ။ ။ ပသာဒရုပ် ၅-ပါး၊ ဝိညတ်ရုပ် **၂-ပါး**၊ ပေါင်း ၇-ပါးဖြစ်ပါသည်။

➤ **အဒွါရရုပ် ၂၁–ပါးကား** ။ ။ မဟာဘုတ် ၄-ပါး၊ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ-ဟူသော **ဂေါစ**ရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာ**ရရုပ်** ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ-ဟူသော ဝိကာရရုပ် ၃-ပါး၊လက္ခဏာရုပ် ၄-ပါး၊ပေါင်း ၂၁-ပါးဖြစ်ပါသည်။

http://www.dhammadownload.com



### ဣန္ဒြိယရုပ် အနိန္ဒြိယရုပ်

၂၂။ ပသာဒ ဘာဝ ဇီဝိတသင်္ခါတံ အဋ္ဌဝိဓမ္ပိ ဣန္ဒြိယရူပံ နာမ၊ ဣတရံ အနိန္ဒြိယရူပံ။

### ဩဠာရိကရုပ်စသည်နှင့် သုခုမရုပ် စသည်များ

၂၃။ ပသာဒ ဝိသယ သင်္ခါတံ ဒွါဒသဝိဓမ္ပိ ဩဠာရိကရူပံ, သန္တိကေရူပံ သပ္ပဋိဃရူပဉ္စ၊ ဣတရံ သုခုမရူပံ, ဒူရေရူပံ, အပ္ပဋိဃရူပဉ္စ။

---

➢ **ဥပပတ္တိဒွါရရုပ်ကား** ။ ။ ပဉ္စဒွါရိကဝိထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ပသာဒရုပ် ၅-ခုသည် ဥပပတ္တိဒွါရရုပ် ဖြစ်ပါသည်။

➢ **ကမ္မဒွါရရုပ်ကား** ။ ။ ကာယကံ, ဝစီကံတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဝိညတ်ရုပ် ၂-ခုသည် ကမ္မဒွါရရုပ် ဖြစ်ပါသည်။

(ဓာပိုဒ်-၂၂) **ဣန္ဒြိယရုပ်** (အစိုးရသော ရုပ်) **၈-ပါးကား** ။ ။ ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ပေါင်း ၈-ပါးဖြစ်ပါသည်။

➢ **အနိန္ဒြိယရုပ် ၂၀-ကား** ။ ။ မဟာဘုတ် ၄-ပါး၊ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ-ဟူသော ဂေါစရရုပ် ၄-ပါး၊ ဟဒယရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊လဟုတာ, မုဒုတာ, ကမ္မညတာ-ဟူသော ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါး၊ပေါင်း ၂၀-ပါးဖြစ်ပါသည်။

➢ **ဣန္ဒြိယရုပ်သာမည်၍ သပ္ပဋိဃရုပ် မမည်သောတရား** = ဇီဝိတရုပ် ၁-ပါး၊ ဘာဝရုပ် ၂-ပါး ဖြစ်ပါသည်။

➢ **သပ္ပဋိဃရုပ်သာ မည်၍ ဣန္ဒြိယရုပ် မမည်သော တရား** = ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ပထဝီ, တေဇော, ဝါယော-ဟူသော ဝိသယရုပ် ၇-ပါး ဖြစ်ပါသည်။

(ဓာပိုဒ်-၂၃) **ဩဠာရိကရုပ်** (ရုပ်ကြမ်း) **သန္တိကေ**(အနီး)ရုပ် **သပ္ပဋိဃ**(ထိခိုက်တတ်သော) ရုပ် **၁၂-ပါးကား** ။ ။ ပသာဒရုပ် ၅-ပါး၊ ဝိသယရုပ် ၇-ပါး၊ ပေါင်း ၁၂-ပါး ဖြစ်ပါသည်။

➢ **သုခုမရုပ်** (သိမ်မွေ့သောရုပ်/ရုပ်နု) **ဒူရေရုပ်** (အဝေးရုပ်) **အပ္ပဋိဃရုပ်** (မထိခိုက်တတ်သော ရုပ်) **၁၆-ပါးကား** ။ ။ အာပေါ၊ ဣတ္ထိဘာဝ၊ ပုရိသဘာဝ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ဇရတာ၊ အနိစ္စတာ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ဥပါဒိန္နရုပ် အနုပါဒိန္နရုပ်**

၂၄။ ကမ္မဇံ ဥပါဒိန္နရူပံ၊ ဣတရံ အနုပါဒိန္နရူပံ။

**သနိဒဿနရုပ် အနိဒဿနရုပ်**

၂၅။ ရူပါယတနံ သနိဒဿနရူပံ၊ ဣတရံ အနိဒဿနရူပံ။

**ဂေါစရဂ္ဂါဟိကရုပ် အဂေါစရဂ္ဂါဟိကရုပ်**

၂၆။ စက္ခာဒိဒွယံ အသမ္ပတ္တဝသေန, ဃာနာဒိတ္တယံ သမ္ပတ္တဝသေနာတိ ပဉ္စဝိဓမ္ပိ ဂေါစရဂ္ဂါဟိကရူပံ၊ ဣတရံ အဂေါစရဂ္ဂါဟိကရူပံ။

---

(စာပိုဒ်–၂၄) **ဥပါဒိန္နရုပ် ၁၈–ပါးကား/ကမ္မဇံ ဥပါဒိန္နရူပံ–ဝယ် ကမ္မဇံ–၌ ဇ–အရ/ကမ္မဇ အရကား** ။ ။ ဟဒယရုပ် ၁-ပါး၊ ဣန္ဒြိယရုပ် ၈-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသ ဓာတ် ၁-ပါး၊ ပေါင်း ၁၈-ပါးဖြစ်ပါသည်။(စာပိုဒ်-၃၇/၄၁)

➤ **အနုပါဒိန္နရုပ် ၁၀–ပါးကား** ။ ။ အဂ္ဂဟိတဂ္ဂဟဏ(မယူအပ်သေးသော ရုပ်တို့ကို ယူခြင်း) နည်းဖြင့် သဒ္ဒရုပ် ၁-ပါး၊ ဝိကာရရုပ် ၅-ပါး၊ လက္ခဏရုပ် ၄-ပါး၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။ [ဂဟိတဂ္ဂဟဏနည်းအားဖြင့် အနုပါဒိန္နရုပ် (၁၉)ပါး ရှိသည်။]

➤ **ကမ္မဇံ ဥပါဒိန္နရူပံ–ဝယ် ကမ္မဇံ–၌ ကံ–အရကား** ။ ။ အကုသိုလ်ကံ ၁၂-ပါး၊ မဟာကုသိုလ်ကံ ၈-ပါး၊ ရူပါဝစရကုသိုလ်ကံ ၅-ပါးတို့ ဖြစ်ပါသည်။

➤ **အနုပါဒိန္နသာဖြစ်၍ ဥပါဒိန္န မဖြစ်နိုင်သောရုပ်များကား** ＝ သဒ္ဒ၊ ဝိညတ်ဒွေး လဟုတာ, မုဒုတာ, ကမ္မညတာ-တို့ ဖြစ်ပါသည်။

➤ **ဥပါဒိန္န–အနုပါဒိန္န ၂–ပါးစုံ မဖြစ်နိုင်သော ရုပ်များကား** ＝ လက္ခဏရုပ် ၄-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၂၄/၃၈/၃၉/၄၀/၄၂-တို့ကိုထောက်)

(စာပိုဒ်–၂၅) **သနိဒဿနရုပ်** (မျက်စိဖြင့် မြင်ကောင်းသောရုပ်) ကား ။ ။ ရူပါရုံ ဖြစ်ပါသည်။ ➤ **အနိဒဿနရုပ်** (မျက်စိဖြင့် မမြင်ကောင်းသောရုပ်) **များကား** ＝ ရူပါရုံမှကြွင်းသော ရုပ် ၂၇-ပါး ဖြစ်ပါသည်။

(စာပိုဒ်–၂၆) **ဂေါစရဂ္ဂါဟိကရုပ် ၅–ပါးကား** ။ ။ ပသာဒရုပ် ၅-ပါးသည် ဂေါစရဂ္ဂါဟိက ရုပ် ( အာရုံကိုယူတတ်သောရုပ် ) မည်ပါသည်။ ကြွင်းသော ရုပ် ၂၃-ပါးသည် အဂေါစရဂ္ဂါဟိရုပ် မည်ပါသည်။

➤ **အသမ္ပတ္တဂေါစရဂ္ဂါဟိကရုပ်ကား** ။ ။ စက္ခုပသာဒ, သောတပသာဒ-တို့သည် မရောက်သည်၏အစွမ်းဖြင့် အာရုံကို ယူတတ်သောကြောင့် အသမ္ပတ္တဂေါစရဂ္ဂါဟိကရုပ် မည်ပါသည်။

http://www.dhammadownload.com



**အဝိနိဗ္ဘောဂရုပ် ဝိနိဗ္ဘောဂရုပ်**

၂၇။ ဝဏ္ဏော, ဂန္ဓော, ရသော, ဩဇာ, ဘူတစတုက္ကဉ္စေတိ အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂရူပံ၊ ဣတရံ ဝိနိဗ္ဘောဂရူပံ။

➢ **သမ္ပတ္တဂေါစရဂ္ဂါဟိကရုပ်** ။ ။ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ-တို့သည် ရောက်သည်၏အစွမ်းဖြင့် အာရုံကို ယူတတ်သောကြောင့် သမ္ပတ္တဂေါစရဂ္ဂါဟိကရုပ် မည်ပါသည်။

မေး ။ ။ ပသာဒရုပ်(၅)ပါးသည် အဘယ့်ကြောင့် **ဂေါစရဂ္ဂါဟိကရုပ်** မည်ပါသနည်း? သင်္ဂဟကျမ်းလာအတိုင်း ခွဲခြားဖြေဆိုပါ။

ဖြေ ။ ။ စက္ခုပသာဒ, သောတပသာဒ ၂-ပါးသည် မရောက်သည်၏အစွမ်းအားဖြင့် အာရုံကို ယူတတ်သောကြောင့်၎င်း၊ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ-၃-ပါးသည် ရောက်သည်၏အစွမ်းအားဖြင့် အာရုံကို ယူတတ်သောကြောင့်၎င်း ဂေါစရဂ္ဂါဟိကရုပ် မည်ပါသည်။

➢ **ဂေါစရဂ္ဂါဟိကရုပ်တို့၏ အာရုံယူပုံ အထူး** ။ ။ စက္ခု, သောတ နှစ်ပါးသည် အသမ္ပတ္တ (မရောက်အပ်သော) အာရုံကို ယူပါသည်။ ဃာန, ဇိဝှါ, ကာယ သုံးခုသည် သမ္ပတ္တ (ရောက်အပ်သော) အာရုံကို ယူပါသည်။ ဤသို့ ထူးပါသည်။

➢ **မျက်စိဖြင့် မြင်သိစိတ်ဖြစ်ပုံနှင့် နှာခေါင်းဖြင့် နံသိစိတ်ဖြစ်ပုံတို့၏ ထူးခြားပုံ** မျက်စိဖြင့် မရောက်သော အာရုံကိုယူ၍ မြင်သိစိတ်ဖြစ်ပါသည်။ နှာခေါင်းဖြင့် ရောက်သောအာရုံကိုယူ၍ နံသိစိတ်ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

(ဓာပိုဒ်– ၂၇) **အဝိနိဗ္ဘောဂရုပ်** (တစ်ခုစီ ခွဲခြား၍ မရကောင်းသောရုပ်) **များကား/ ယနေ့ခေတ်တွင် သိပ္ပံရှင်များ တီထွင်ထားသည့် ခေတ်မီဆန်းပြား ပစ္စည်းများတွင် ရှောင်ကြဉ်မရ ပါဝင်သည့် ရုပ်တရားများ**

➢ **ခေတ်မီဒုံးကျည်လက်နက်များဖြင့် ဖြိုခွဲသော်လည်း တစ်စစီ မပြိုကွဲနိုင်သော ရုပ်တရားများ** ။ ။ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ ဘူတစတုက္ကဉ္စေတိ အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂရူပံ-ဟု ဆိုသောကြောင့် [သင်္ဂဟ] မည်သည့်အရပ်၌မှ အချင်းချင်း သီးခြားခွဲခြင်းသဘော မရှိသောကြောင့် [ဋီကာကျော်] ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ(အာဟာရ), ဘူတရုပ် ၄-ပါး၊ပေါင်း၈-ပါး ဖြစ်ပါသည်။

➢ **ဝိနိဗ္ဘောဂရုပ်**(တစ်ခုစီ ခွဲဖျက်၍ ရကောင်းသော ရုပ်)**များကား** ။ ။ ပသာဒရုပ် ၅-ပါး၊သဒ္ဒရုပ် ၁-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊လဟုတာ, မုဒုတာ, ကမ္မညတာ-ဟူသော ဝိကာရရုပ် ၃ ပါး၊ လက္ခဏရုပ် ၄-ပါး၊ ပေါင်း ၂၀-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**သင်္ဂဟဂါထာ**

၂၈။ ဣစ္စေဝမဋ္ဌဝီသတိ- ဝိဓမ္ပိ စ ဝိစက္ခဏာ။
အဇ္ဈတ္တိကာဒိဘေဒေန၊ ဝိဘဇန္တိ ယထာရဟံ။
အယမေတ္ထ ရူပဝိဘာဂေါ။

**ရူပသမုဋ္ဌာနနယ**

**ရုပ်ဖြစ်ကြောင်းတရား ၄-ပါး**

၂၉။ ကမ္မံ, စိတ္တံ, ဥတု, အာဟာရော စေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ။

**(ကောင်း/ဆိုးနှစ်တန်) ကံ အကြောင်းတရားက ရုပ်ကိုဖြစ်စေပုံ**

၃၀။ တတ္ထ ကာမာဝစရံ, ရူပါဝစရဉ္စေတိ ပဉ္စဝီသတိဝိဓမ္ပိ ကုသလာကုသလကမ္မမဘိသင်္ခတံ အဇ္ဈတ္တိကသန္တာနေ ကမ္မသမုဋ္ဌာနရူပံ ပဋိသန္ဓိမုပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ။

---

**(စာပိုဒ်-၂၈) ဥပစယ သန္တတိ ပါဝင်သည့် ရုပ်တို့၏ အမည်စာရင်းကို ရူပဝိဘာဂ အနေဖြင့် ခေါ်ဝေါ်ပုံ** ။ ။ ဟဒယ, အဝတ္ထု, အဒွါရ, အနိန္ဒြိယ, သုခုမ, ဒူရ, အပ္ပဋိဃ, အနုပါဒိန္န, အနိဒဿန, အဂေါစရဂ္ဂါဟိက, ဝိနိဗ္ဘောဂ-တို့ ဖြစ်ပါသည်။

**(စာပိုဒ်-၂၉) ရုပ်ဖြစ်ကြောင်းတရား ၄-ပါးကား** ။ ။ ကံ, စိတ်, ဥတု, အာဟာရ-တို့ ဖြစ်ပါသည်။

➤ **ကမ္မ-အရ** ။ ။ ကာမာဝစရံ ရူပါဝစရဉ္စေတိ ပဉ္စဝီသတိဝိဓမ္ပိ ကုသလာကုသလကမ္မမဘိသင်္ခတံ-ကိုထောက်၍ ကာမကုသိုလ်ကံ ၈-ပါး၊အကုသိုလ်ကံ ၁၂-ပါး၊ ရူပါဝစရကုသိုလ်ကံ ၅-ပါးတို့ကို ယူရပါမည်။

➤ **စိတ္တ-အရ** ။ ။ အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တတိဝိဓမ္ပိ စိတ္တံ-ကိုထောက်၍ အရူပဝိပါက် ၄-ပါး၊ ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ် ကျန် ၇၅-ပါးသော စိတ်တို့ကို ယူရပါမည်။

➤ **ဥတု-အရ** ။ ။ သီတုဏှောတု သမညာတာ တေဇောဓာတု-ကိုထောက်၍ သီတဥတု, ဥဏှဥတု-ဟုဆိုအပ်သော တေဇောဓာတ်ကို ယူရပါမည်။

➤ **အာဟာရ-အရ** ။ ။ ဩဇာသင်္ခါတော အာဟာရော-ကိုထောက်၍ ဩဇာကို ယူရပါမည်။

http://www.dhammadownload.com



**စိတ်က ရုပ်ကိုဖြစ်စေပုံ**

၃၁။ အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တတိဝိဓမ္ပိ စိတ္တံ
စိတ္တသမုဋ္ဌာနရူပံ ပဌမဘဝင်္ဂမုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ။

---

(စာပိုဒ်-၃၀) **ကံ-ဟူသော အကြောင်းတရားက ရုပ်ကိုဖြစ်စေပုံ** ။ ။ ကာမာဝစရ ကုသိုလ်, အကုသိုလ် စေတနာ-၂၀၊ ရူပါဝစရကုသိုလ် စေတနာ ၅-ပါး၊ ပေါင်း ၂၅-ပါးသော ပြုစီမံအပ်ပြီး ဖြစ်စေအပ်ပြီးသော ကုသိုလ် အကုသိုလ် စေတနာ ကံသည် အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ဥပါဒ်, ဌီ, ဘင်-ဟု ဆိုအပ်သော ခဏတိုင်း ခဏတိုင်းမှာ ကမ္မဇရုပ်ကို ဖြစ်စေပါသည်။

➤ **ကမ္မသမုဋ္ဌာနရုပ်-၌ ကမ္မ-အရ** ။ ။အကုသိုလ်ကံ ၁၂-ပါး၊ မဟာကုသိုလ်ကံ ၈-ပါး၊ ရူပကုသိုလ်ကံ ၅-ပါး၊ ပေါင်း ၂၅-ပါးဖြစ်ပါသည်။

➤ **ကံ အမည်ရသောကုသိုလ်** ။ ။ လောကီကုသိုလ် ၁၇-ခု ဖြစ်ပါသည်။

➤ **ကံ အမည်မရသော ကုသိုလ်** ။ ။ လောကုတ္တရာကုသိုလ် ၄-ခု ဖြစ်ပါသည်။

➤ **ကမ္မဇရုပ်အား မဖြစ်စေနိုင်သော ကုသိုလ်** ။ ။ အရူပကုသိုလ် ၄-ခု။

➤ **အကြောင်းတရား ချုပ်ပြီးမှသာ ဖြစ်သော ရုပ်** ။ ။ ကမ္မဇရုပ် ဖြစ်ပါသည်။

(စာပိုဒ်-၃၁) **စိတ်ဟူသော အကြောင်းတရားက ရုပ်ကိုဖြစ်စေပုံ** ။ ။ အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ် ၇၅-ပါးသည် ပဋိသန္ဓေနောင် ပထမဘဝင် စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ဥပါဒ်ခဏတိုင်းမှာ ရုပ်ကိုဖြစ်စေပါသည်။

➤ **စိတ္တသမုဋ္ဌာနရုပ်-၌ စိတ္တ-အရ** ။ ။ အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဉ် ၁၀၊ ရဟန္တာတို့ စုတိကြဉ်သော စိတ် ၇၅-ပါးဖြစ်ပါသည်။

➤ **ဥပါဒ်ခဏ၌ဖြစ်သော ရုပ်** ။ ။ စိတ္တဇရုပ် ဖြစ်ပါသည်။

➤ **ဌီခဏ၌ဖြစ်သော ရုပ်** ။ ။ ဥတုဇရုပ်, အာဟာရဇရုပ်-တို့ ဖြစ်ပါသည်။

➤ **အကြောင်းတရား၏ ဖြစ်ဆဲဥပါဒ်ခဏ၌သာ ဖြစ်သော ရုပ်** ။ ။ စိတ္တဇရုပ်။

➤ **အကြောင်းတရား၏ ဌီခဏ၌သာ ဖြစ်သော ရုပ်** ။ ။ ဥတုဇရုပ်, အာဟာရဇရုပ်

➤ **ခဏ ၃-ပါး၌ဖြစ်သော ရုပ်** ။ ။ ကမ္မဇရုပ်။

➤ **နာမ်ကြောင့်ဖြစ်သော ရုပ်** ။ ။ ကမ္မဇရုပ်, စိတ္တဇရုပ်။ (၃၀/၃၁-ထောက်)

➤ **ရုပ်ကြောင့်ဖြစ်သော ရုပ်** ။ ။ ဥတုဇရုပ်, အာဟာရဇရုပ် (၃၅/၃၆-ထောက်)

➤ **ရုပ်ကိုဖြစ်စေတတ်သော နာမ်** = ကံ-ဟူသော စေတနာနှင့် စိတ်။

➤ **ရုပ်ကို ဖြစ်စေနိုင်သော ရုပ်များ** ။ ။ တေဇောဓာတ်နှင့် ဩဇာ-ဟုဆိုအပ်သော အာဟာရရုပ်-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၃၅/၃၆)ထောက်။

http://www.dhammadownload.com



**ဣရိယာပုထ်ကိုလည်း ခိုင်စေပုံ**

၃၂။ တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ။

**ဝိညတ်ကိုလည်း ဖြစ်စေပုံ**

၃၃။ ဝေါဋ္ဌပ္ပန ကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ။

**ရယ်ရွှင်မှုကိုလည်း ဖြစ်စေပုံ**

၃၄။ သောမနဿဇဝနာနိ ပနေတ္ထ တေရသ ဟာသနမ္ပိ ဇနေန္တိ။

---

➤ **ရုပ်၏ အကြောင်းဖြစ်သော ရုပ်** ။ ။ သီတဥတု, ဥဏှဥတု-ဟု ဆိုအပ်သော တေဇောဓာတ်နှင့် ဩဇာ-ဟုဆိုအပ်သော အာဟာရရုပ်။ (၃၅/၃၆-ထောက်)

➤ **ရုပ်၏ အကျိုးဖြစ်သော ရုပ်** ။ ။ ဥတုဇရုပ် ၁၃-ပါး၊ အာဟာရဇရုပ် ၁၂-ပါး။ [သဒ္ဒ၊လဟုတာဒိတ္တယ၊ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ အာကာသဓာတ်-ဟူသော ဥတုဇရုပ် ၁၃-ပါး။ လဟုတာဒိတ္တယ၊ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ အာကာသဓာတ်ဟူသော အာဟာရဇရုပ် ၁၂-ပါး-တို့ ဖြစ်ပါသည်။]

**(ဓာပိုဒ်-၃၂) ဣရိယာပုထ်ကို ခိုင်စေတတ်(ထောက်ပံ့တတ်)သော စိတ်ကား** အပ္ပနာဇော ၂၆-ပါး ဖြစ်ပါသည်။

➤ **ဣရိယာပုထ်ကို ဖြစ်စေတတ်သော စိတ်များကား** ။ ။ ဝုဋ္ဌော၊ ကာမဇော ၂၉ ပါး၊ အဘိညာဉ်ဒွေး၊ ပေါင်း ၃၂-ပါးဖြစ်ပါသည်။

**(ဓာပိုဒ်-၃၃) ဝိညတ်ကို ဖြစ်စေနိုင်သော စိတ်များ** ။ ။ ဝုဋ္ဌော၊ ကာမဇော ၂၉-ပါး၊ အဘိညာဉ်ဒွေးတို့ ဖြစ်ပါသည်။ ယင်း ၃၂-ပါးသည် ဝိညတ်ကိုလည်း ဖြစ်စေနိုင်ပါသည်၊ရုပ်ကိုလည်း ဖြစ်စေနိုင်ပါသည်၊ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်သည်။

➤ **သတ္တဝါများ နေ့စဉ် သွားလာလှုပ်ရှားနိုင်ရန်နှင့် စကားပြောဆိုနိုင်ရန် ဖြစ်စေနိုင်သော စိတ်များ** ။ ။ ဝုဋ္ဌော၊ ကာမဇော ၂၉-ပါး၊အဘိညာဉ်ဒွေး-တို့ ဖြစ်ပါသည်။

**(ဓာပိုဒ်-၃၄) ရယ်ရွှင်မှုကို ဖြစ်စေနိုင်သော စိတ်များ/ တေရသ ဟာသနမ္ပိ ဇနေန္တိ-၌ တေရသ-အရ** ။ ။ လောဘမူသောမနဿဇော ၄-ပါး၊ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကုသိုလ် သောမနဿဇော ၄-ပါး၊ မဟာကြိယာ သောမနဿဇော ၄-ပါး အားဖြင့် သောမနဿဇော ၁၃-ပါး ဖြစ်ပါသည်။ ယင်း ၁၃-ပါးသည် ရယ်ရွှင်ခြင်း ကိုလည်း ဖြစ်စေနိုင်ပါသည်၊ ရုပ်ကိုလည်း ဖြစ်စေနိုင်ပါသည်၊ ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်ပါသည်၊ ဝိညတ်ကိုလည်း ဖြစ်စေနိုင်ပါသည်။

➤ **ရုပ်သက်သက်ကိုသာ ဖြစ်စေသောစိတ်** (ရုပ်သာမညကို ဖြစ်စေသောစိတ်) မနောဓာတ် ၃-ခု၊ တဒါရုံ ၁၁-ပါး၊ ရူပဝိပါက် ၅-ပါး၊ ပေါင်း ၁၉-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



## ဥတုက(ရုပ်က) ရုပ်ကို ဖြစ်စေပုံ

၇၅။ သီတုဏှောတု သမညာတာ တေဇောဓာတု ဋ္ဌိတိပ္ပတ္တာဝ
ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။

---

➤ **ရုပ်, ဣရိယာပုထ် နှစ်မျိုးကို ဖြစ်စေသောစိတ်** = အပ္ပနာဇော ၂၆-ပါး။

➤ **ရုပ်, ဣရိယာပုထ်, ဝိညတ် ၃-မျိုးလုံးကို ဖြစ်စေသောစိတ်** ။ ။ ဝုဋ္ဌော၊ ကာမဇော ၂၉-ပါး၊ အဘိညာဉ်ဒွေး-တို့ ဖြစ်ပါသည်။

➤ **ရုပ်ကို မဖြစ်စေနိုင်သော စိတ်** ။ ။ အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဉ်-၁၀၊ ရဟန္တာတို့၏ စုတိဖြစ်ပါသည်။

➤ **ရုပ်ကို ဖြစ်စေနိုင်သော စိတ်** ။ ။ ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ် ကာမစိတ် ၄၄-ပါး၊ အရူပဝိပါက် ၄-ခုကြဉ် မဟဂ္ဂုတ်စိတ် ၂၃-ပါး၊ လောကုတ္တရာစိတ် ၈-ပါး+၇၅။

➤ **ရုပ်, ဣရိယာပုထ်, ဝိညတ် ၃-ပါးစုံတို့ကိုသာ ဖြစ်စေနိုင်သောစိတ်** ။ ။ ဝုဋ္ဌော ကာမဥပေက္ခာဇော ၁၄-ခု၊ ဒေါသမူဇော ၂-ခု၊ အဘိညာဉ်ဒွေး-တို့ ဖြစ်ပါသည်။

➤ **ရုပ်, ဣရိယာပုထ်, ဝိညတ် ၃-မျိုးလုံးကို မဖြစ်စေသော စိတ်** ။ ။ အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဉ်-၁၀ တို့ဖြစ်ပါသည်။

➤ **ရုပ်, ဣရိယာပုထ်, ဝိညတ်, ရယ်ရွှင်ခြင်းကို ဖြစ်စေသောစိတ်** ။ ။ လောဘမူ သောမနဿဇော ၄-ပါး၊ဟသိတုပ္ပါဒ်ဇော ၁-ပါး၊မဟာကုသိုလ် သောမနဿဇော ၄-ပါး၊ မဟာကြိယာ သောမနဿဇော ၄-ပါး-တို့ ဖြစ်ပါသည်။

➤ **ဟာသဖြစ်ကြောင်း စိတ်အပေါင်းကို ပုဂ္ဂိုလ်အားလျော်စွာ ခွဲခြားပုံ**

၁။ **ပုထုဇဉ်တို့ ရယ်ရွှင်သည့်စိတ်** ။ ။ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လောဘမူ သောမနဿ ၄-ပါး၊ မဟာကုသိုလ် သောမနဿ ၄-ပါး၊ပေါင်း ၈-ပါးတို့ဖြင့် ရယ်ရွှင်ကြပါသည်။ (ဝီထိစာပိုဒ်-၄၄) ကိုထောက်။

၂။ ➤ **သေက္ခ (သောတာပန်, သကဒါဂါမ်, အနာဂါမ်) တို့ ရယ်ရွှင်သည့်စိတ်** သေက္ခပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿ ၂-ပါး၊ မဟာကုသိုလ် သောမနဿ ၄-ပါးတို့ဖြင့် ရယ်ရွှင်ပါသည်။(ဝီထိစာပိုဒ်-၄၄/၄၅)တို့ကိုထောက်။

၃။ ➤ **အသေက္ခ (ဘုရား, ရဟန္တာ) တို့ ရယ်ရွှင်သည့်စိတ်** ။ ။ အသေက္ခပုဂ္ဂိုလ်တို့သည် ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ မဟာကြိယာ သောမနဿ ၄-ပါး၊ ပေါင်း ၅-ပါးတို့ဖြင့် ရယ်ရွှင်ကြပါသည်။ (ဝီထိစာပိုဒ်-၄၃)ကိုထောက်။

➤ **အာဂရဏာ** (နိုးကြားသော) **စိတ်များကား** ။ ။ အပ္ပနာဇော ၂၆-ပါး၊ ဝုဋ္ဌော ၁-ပါး၊ ကာမဇော ၂၉-ပါး၊ အဘိညာဉ်ဒွေးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com


**အာဟာရဇ(ရုပ်က) ရုပ်ကို ဖြစ်စေပုံ**

၃၆။ ဩဇာသင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာနရူပံ အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တော ဝ သမုဋ္ဌာပေတိ။

**ကမ္မဇရုပ် စသည်တို့၏သရုပ်/ကမ္မဇရုပ်**

၃၇။ တတ္ထ ဟဒယ ဣန္ဒြိယရူပါနိ ကမ္မဇာနေဝ။

**စိတ္တဇရုပ်**

၃၈။ ဝိညတ္တိဒွယံ စိတ္တဇမေဝ။

(စာပိုဒ်-၃၅) **ဥတု-က ရုပ်ကိုဖြစ်စေပုံ** ။ ။ သီတဥတု, ဥဏှဥတု-ဟုဆိုအပ်သော တေဇောဓာတ်သည် ဥပါဒ်ပြီးနောက် ဋ္ဌီခဏသို့ ရောက်မှသာလျှင် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ဥတုဇရုပ်ကို ထိုက်သည်အားလျော်စွာ ဖြစ်စေပါသည်။

➤ **ဥတုသမုဋ္ဌာနရုပံ၌ ဥတု-အရ** ။ ။ သီတဥတု, ဥဏှဥတု-ဟု ဆိုအပ်သော တေဇောဓာတ်ကို ယူရပါမည်။ **＊ သန္တာန် ၂-ပါး၌ဖြစ်သော ရုပ်** ။ ။ ဥတုဇရုပ်။

➤ **တေဇောဓာတ်ဟူသည်** = သီတဥတု, ဥဏှဥတု-ကို ခေါ်ပါသည်။

(စာပိုဒ်-၃၆) **အာဟာရ-က ရုပ်ကို ဖြစ်စေပုံ** ။ ။ ဩဇာ-ဟုဆိုအပ်သော အာဟာရသည် စားဖွယ် သောက်ဖွယ်ကို မျိုးရာအခါ၌ ဋ္ဌီခဏသို့ရောက်မှသာလျှင် အာဟာရဇ ရုပ်ကို ဖြစ်စေပါသည်။

➤ **အာဟာရသမုဋ္ဌာနရုပံ-၌ အာဟာရ-အရ** ။ ။ ဩဇာ-ဟု ဆိုအပ်သော အာဟာရကို ယူရပါမည်။

(စာပိုဒ်-၃၇) **ကေန် ကမ္မဇရုပ် /ကံကြောင့်သာဖြစ်သော ရုပ်များကား** ။ ။ ဟဒယရုပ် ၁-ပါး၊ ဣန္ဒြိယရုပ် ၈-ပါး၊ ပေါင်း ၉-ပါးဖြစ်ပါသည်။

➤ **အနေကန် ကမ္မဇရုပ်များကား** ။ ။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး၊ ပေါင်း ၉-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၄၁-ကိုထောက်)

➤ **ကမ္မဇာနေဝ-၌ ကမ္မ-အရ ကောက်ယူရမည့်ကံ** ။ ။ တတ္ထ ကာမာဝစရံ ရူပါဝစရဉ္စေတိ ပဉ္စဝီသတိဝိဓမ္ပိ ကုသလာကုသလ ကမ္မမဘိသင်္ခတံ-ကိုထောက်၍ ကာမ ကုသိုလ်ကံ ၈-ပါး၊အကုသိုလ်ကံ ၁၂-ပါး၊ ရူပါဝစရ ကုသိုလ်ကံ ၅-ပါးတို့ကို ယူရပါမည်။

➤ **ကံကြောင့် မဖြစ်သည့် ရုပ်တရားများ** ။ ။ သဒ္ဒရုပ်၊ ဝိညတ်ရုပ် ၂-ခု၊လဟုတာ မုဒုတာ, ကမ္မညတာ၊ လက္ခဏရုပ် ၄-ပါး၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

(စာပိုဒ်-၃၈) **ကေန်စိတ္တဇရုပ် / စိတ်ကြောင့်သာ ဖြစ်သောရုပ်များကား** ဝိညတ်ရုပ် ၂-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com


ဒွိဇရုပ်

၃၉။ သဒ္ဒေါ စိတ္တောတုဇော။

တိဇရုပ်

၄၀။ လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

စတုဇရုပ်

၄၁။ အဝိနိဗ္ဘောဂရူပါနိ စေဝ အာကာသဓာတု စ စတူဟိ သမ္ဘူတာနိ။

န ကုတောစိရုပ်

၄၂။ လက္ခဏရူပါနိ န ကုတောစိ ဇာယန္တိ။

➢ **အနေကဇ စိတ္တဇရုပ်များကား ။** ။သဒ္ဒရုပ် ၁-ပါး၊လဟုတာ, မုဒုတာ, ကမ္မည တာ ၃-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး၊ ပေါင်း ၁၃-ပါး ဖြစ်ပါ သည်။ (စာပိုဒ်-၃၉/၄၀/၄၁)တို့ကိုထောက်။

➢ **ဧကဇရုပ်/အကြောင်း ၁-ပါးကြောင့်သာ ဖြစ်သောရုပ်များကား ။** ။ ဟဒယ ရုပ် ၁-ပါး၊ ဣန္ဒြိယရုပ် ၈-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ပေါင်း ၁၁-ပါး ဖြစ်ပါသည်။(စာပိုဒ် ၃၇/၃၈)တို့ကိုထောက်။

➢ **ဝိညတ္တိဒွယံ စိတ္တဇမေဝ-၌ စိတ္တ-အရကား ။** ။ ဝုဋ္ဌော၊ ကာမဇော ၂၉-ပါး၊ အဘိညာဉ်ဒွေး-တို့ ဖြစ်ပါသည်။(စာပိုဒ်-၃၃-ကိုထောက်)

➢ **စိတ္တဇမေဝ-၌ ဇ-အရကား ။** ။ ဝိညတ်ရုပ် ၂-ပါး ဖြစ်ပါသည်။

➢ **စကားသာ ပြောနေရသည် စိတ်ကတော့ မပါ-ဟူသောစကား မှန်/မမှန်**

(စာပိုဒ်-၃၈) ကိုထောက်၍ ဝိညတ်ရုပ် ၂-ပါးသည် ဧကန်စိတ္တဇရုပ်ဖြစ်သော ကြောင့် (ဝါ) စိတ်ကြောင့်သာလျှင် ဖြစ်သောကြောင့် --မမှန်ပါ။

**(စာပိုဒ်-၃၉) ဒွိဇရုပ်/စိတ်, ဥတုအကြောင်းတရားနှစ်ပါးကြောင့် ဖြစ်သောရုပ်ကား** သဒ္ဒရုပ် ဖြစ်ပါသည်။

**(စာပိုဒ်-၄၀) တိဇရုပ်/စိတ်, ဥတု, အာဟာရ အကြောင်းတရား ၃-ပါးကြောင့် ဖြစ်သော ရုပ်များကား ။** ။ လဟုတာ, မုဒုတာ, ကမ္မညတာ-တို့ ဖြစ်ပါသည်။

**(စာပိုဒ်-၄၁) စတုဇရုပ် / ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄-ပါးကြောင့် ဖြစ်သော ရုပ်များကား ။** ။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး၊ ပေါင်း ၉-ပါးဖြစ်ပါသည်။

**(စာပိုဒ်-၄၂) န ကုတောစိရုပ်/ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄-ပါး ကြောင့် မဖြစ်သော ရုပ်များကား ။** ။ လက္ခဏရုပ် ၄-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**သင်္ဂဟဂါထာများ**

၄၃။ အဋ္ဌာရသ ပန္နရသ၊ တေရသ ဒွါဒသာတိ စ။
ကမ္မစိတ္တောတုကာဟာရ- ဇာနိ ဟောန္တိ ယထာက္ကမံ။

**န ကုတောစိသမုဋ္ဌာနရုပ်ပြ ဂါထာ**

၄၄။ ဇာယမာနာဒိ ရူပါနံ၊ သဘာဝတ္တာ ဟိ ကေဝလံ။
လက္ခဏာနိ န ဇာယန္တိ၊ ကေဟိစီတိ ပကာသိတံ။
အယမေတ္ထ ရူပသမုဋ္ဌာနနယော။

---

(စာပိုဒ်-၄၃) **အဋ္ဌာရသ-အရ/ ကမ္မဇရုပ်/ကံကြောင့်ဖြစ်သောရုပ်များကား** ဟဒယရုပ် ၁-ပါး၊ ဣန္ဒြိယရုပ် ၈-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး၊ပေါင်း ၁၈-ပါးဖြစ်ပါသည်။(စာပိုဒ်-၃၇/၄၁-တို့ကိုထောက်)

➤ **နိပ္ပန္န-သာမည် ကမ္မဇ မမည်သော ရုပ်** ။ ။ သဒ္ဒရုပ် ၁-ပါးဖြစ်ပါသည်။

➤ **ကမ္မဇ-သာမည် နိပ္ပန္န မမည်သောရုပ်** ။ ။ အာကာသဓာတ် ဖြစ်ပါသည်။

➤ **ပန္နရသ-အရ/စိတ္တဇရုပ်/စိတ်ကြောင့်ဖြစ်သော ရုပ်များကား** ။ ။ ဝိညတ်ရုပ် ၂-ပါး၊သဒ္ဒရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး၊ ပေါင်း ၁၅-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၃၈/၃၉/၄၀/၄၁)ထောက်

➤ **တေရသ-အရ/ ဥတုဇရုပ်/ဥတုကြောင့်ဖြစ်သော ရုပ်များကား** ။ ။ သဒ္ဒရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး၊ ပေါင်း ၁၃-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၃၉/၄၀/၄၁)တို့ကိုထောက်။

➤ **ဒွါဒသ-အရ/အာဟာရဇရုပ်/အာဟာရကြောင့်ဖြစ်သော ရုပ်များကား** လဟုတာ, မုဒုတာ, ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး၊ ပေါင်း ၁၂-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၄၀/၄၁)တို့ကိုထောက်။

(စာပိုဒ်-၄၄) **လက္ခဏာရုပ် ၄-ပါးတို့ကို န ကုတောစိသမုဋ္ဌာနရုပ်ဟု ဆိုရခြင်းအကြောင်း /မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ခြင်းအကြောင်း** ။ ။ လက္ခဏာရုပ် ၄-ပါး တို့သည် ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲရုပ်တို့၏ သဘောတံထွာ မျှသာဖြစ်သောကြောင့် လက္ခဏာရုပ် ၄-ပါးတို့ကို "န ကုတောစိသမုဋ္ဌာနရုပ်" ဟု ဆိုရပါသည်။

➤ **ကံကောင်းလို့ ယောကျ်ားဖြစ်ရသည်-ဟူသောစကား မှန်/မမှန်** (စာပိုဒ်-၃၇) ကိုထောက်၍ ဘာဝရုပ် ၂-ပါးသည် ကံကြောင့်သာလျှင် ဖြစ်သောကြောင့် "ကံကောင်းလို့ ယောကျ်ားဖြစ်ရသည်" ဟူသော စကား မှန်ပါသည်။

http://www.dhammadownload.com



**ရူပကလာပ/ရုပ်ကလာပ်၏ လက္ခဏာ ၄-ပါး**

၄၅။ ဧကုပ္ပါဒါ, ဧကနိရောဓာ, ဧကနိဿယာ, သဟဝုတ္တိနော ဧကဝီသတိ ရူပကလာပါ နာမ။

**ကမ္မဇကလာပ် ၉-စည်း**

၄၆။ တတ္ထ ဇီဝိတံ, အဝိနိဗ္ဘောဂရူပဉ္စ စက္ခုနာ သဟ စက္ခုဒသကန္တိ ပဝုစ္စတိ။

တထာ သောတာဒီဟိ သဒ္ဓိံ သောတဒသကံ, ဃာနဒသကံ, ဇိဝှါဒသကံ, ကာယဒသကံ, ဣတ္ထိဘာဝဒသကံ, ပုမ္ဘာဝဒသကံ, ဝတ္ထုဒသကဉ္စေတိ ယထာက္ကမံ ယောဇေတဗ္ဗံ။

အဝိနိဗ္ဘောဂရူပမေဝ ဇီဝိတေန သဟ ဇီဝိတနဝကန္တိ ပဝုစ္စတိ။

ဣမေ နဝ ကမ္မသမုဋ္ဌာနကလာပါ။

---

(စာပိုဒ်-၄၅) **ရုပ်ကလာပ်၏ လက္ခဏာ ၄-ပါးကား** ။ ။ (၁) ဧကုပ္ပါဒ=အတူတကွ ဖြစ်ခြင်း၊ (၂) ဧကနိရောဓ=အတူတကွ ချုပ်ခြင်း၊ (၃) ဧကနိဿယ=တူသော မှီရာ ရှိခြင်း၊ (၄) သဟဝုတ္တိ=အသီးသီးသော ကလာပ်၌တည်သော ရုပ်တို့၏ အတူတကွ ဖြစ်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ကလာပအင်္ဂါ ၃-ပါးသာ ရှိရခြင်းအကြောင်း** ။ ။ ရုပ်သည် အာရုံ မရှိသော အနာရမ္မဏတရားဖြစ်၍ ဧကာလမ္ဗဏအင်္ဂါ ချို့သောကြောင့်--တည်း။ (သာဓေ) စာပိုဒ်-၁၈/ သဗ္ဗဉ္စ ပနေတံ (ပ) အနာရမ္မဏံ။

➤ **ဧကဝီသတိ ရူပကလာပါနာမ-၌ ဧကဝီသတိ-အရ/ကလာပါ ဧကဝီသတိ-၌ ဧကဝီသတိ-အရ/ ရုပ်ကလာပ် ၂၁-စည်းကား** ။ ။ ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်း၊ ပေါင်း ၂၁-စည်း ဖြစ်ပါသည်။

(စာပိုဒ်-၄၆) **ကမ္မဇကလာပ် ၉-စည်းကား/ ဣမေ နဝ ကမ္မသမုဋ္ဌာနကလာပါ-၌ နဝ-အရကား/နဝ ဆ စတုရော ဒွေတိ-၌ နဝ-အရ** ။ ။ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဣတ္ထိဘာဝဒသကကလာပ်, ပုမ္ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်, ဇီဝိတနဝကကလာပ်-တို့ဖြစ်ပါသည်

➤ **စက္ခုဒသကကလာပ်၌ ပါဝင်သော ရုပ်များကား** ။ ။ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ စက္ခုပသာဒ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **သောတဒသကကလာပ်၌ ပါဝင်သော ရုပ်များကား** ॥ ॥ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ သောတပသာဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး။ (သည် သောတဒသက ကလာပ် မည်ပါသည်။)

➤ **ဃာနဒသကကလာပ်၌ ပါဝင်သော ရုပ်များကား** ॥ ॥ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဃာနပသာဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး။ (သည် ဃာနဒသက ကလာပ် မည်ပါသည်။)

➤ **ဇိဝှါဒသကကလာပ်၌ ပါဝင်သော ရုပ်များကား** ॥ ॥ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇိဝှါပသာဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး။ (သည် ဇိဝှါဒသက ကလာပ် မည်ပါသည်။)

➤ **ကာယဒသကကလာပ်၌ ပါဝင်သော ရုပ်များကား** ॥ ॥ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ကာယပသာဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး။ (သည် ကာယဒသက ကလာပ် မည်ပါသည်။)

➤ **ဣတ္ထိဘာဝဒသကကလာပ်၌ ပါဝင်သော ရုပ်များကား** ॥ ॥ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဣတ္ထိဘာဝရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး။ (သည် ဣတ္ထိဘာဝဒသက ကလာပ် မည်ပါသည်။)

➤ **ပုမ္ဘာဝဒသကကလာပ်၌ ပါဝင်သော ရုပ်များကား** ॥ ॥ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ပုရိသဘာဝရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး။ (သည် ပုမ္ဘာဝဒသက ကလာပ် မည်ပါသည်။)

➤ **ဝတ္ထုဒသကကလာပ်၌ ပါဝင်သော ရုပ်များကား** ॥ ॥ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဟဒယရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး။ (သည် ဝတ္ထုဒသက ကလာပ် မည်ပါသည်။)

➤ **ဇီဝိတနဝက ကလာပ်၌ ပါဝင်သော ရုပ်များကား** ॥ ॥ အဝိနိဗ္ဘောဂရုပ် ၈-ပါး ဇီဝိတရုပ် ၁-ပါး၊ ပေါင်း ၉-ပါး (သည် ဇီဝိတနဝက ကလာပ် မည်ပါသည်။)

➤ **ကမ္မဇရုပ်တို့၏ အသက်သွေးကြောဖြစ်သော ရုပ်** ॥ ॥ ကမ္မဇကလာပ်တိုင်းတွင် ဇီဝိတရုပ် ပါဝင်နေသောကြောင့် ဇီဝိတရုပ် ဖြစ်ပါသည်။

➤ **ရုပ်ကလာပ်ဖွဲ့ဖို့ရန် မူလအခြေခံဖြစ်သော ရုပ်** = အဝိနိဗ္ဘောဂရုပ် ၈-ပါး ဖြစ်သည်။

➤ **ကမ္မဇမည်ပါလျက် ကမ္မဇကလာပ်ဖွဲ့ရာ၌ မပါဝင်သော ရုပ်ကား** =

ပရိစ္ဆေဒရုပ် ဖြစ်ပါသည်။ အကြောင်းကား- ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောကြောင့် မပါဝင်ရပါ။

http://www.dhammadownload.com



## စိတ္တဇကလာပ် ၆-စည်း

၄၇။ အဝိနိဗ္ဘောဂရူပံ ပန သုဒ္ဓဋ္ဌကံ, တဒေဝ ကာယဝိညတ္တိယာ သဟ ကာယဝိညတ္တိ နဝကံ, ဝစီဝိညတ္တိသဒ္ဒေဟိ သဟ ဝစီဝိညတ္တိ ဒသကံ, လဟုတာဒီဟိ သဒ္ဓိံ လဟုတာဒေကာဒသကံ, ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသကံ, ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသကဉ္စေတိ ဆ စိတ္တသမုဋ္ဌာနကလာပါ။

(စာပိုဒ်-၄၇) **စိတ္တဇကလာပ် ၆-စည်းကား/ဆ စိတ္တသမုဋ္ဌာနကလာပါ-၌ ဆ-အရ/ နဝ ဆ စတုရော ဒွေတိ-၌ ဆ-အရ** ။ ။သုဒ္ဓဋ္ဌကကလာပ်, ကာယဝိညတ္တိ နဝက ကလာပ်, ဝစီဝိညတ္တိဒသကကလာပ်, လဟုတာဒေကာဒသကကလာပ်, ကာယ ဝိညတ္တိလဟုတာဒိ ဒွါဒသကကလာပ်, ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်-တို့ဖြစ်ပါသည်။

၁။ အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် **"သုဒ္ဓဋ္ဌကကလာပ်"** မည်ပါသည်။

၂။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ကာယဝိညတ်ရုပ် ၁-ပါး၊ ပေါင်း ၉-ပါးသည် **"ကာယဝိညတ္တိ နဝကကလာပ်"** မည်ပါသည်။

၃။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဝစီဝိညတ်ရုပ် ၁-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါးသည် **"ဝစီဝိညတ္တိဒသကကလာပ်"** မည်ပါသည်။

၄။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၁-ပါး သည် **"လဟုတာဒေကာဒသကကလာပ်"** မည်ပါသည်။

၅။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ကာယဝိညတ်ရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၂-ပါးသည် **"ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကကလာပ်"** မည် ပါသည်။

၆။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဝစီဝိညတ်ရုပ် ၁-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၃-ပါးသည် **"ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်"** မည်ပါသည်။

➤ **စိတ္တဇကလာပ် ၆-စည်းကို သမုဋ္ဌာန် ၄-ပါးဖြင့် ခွဲခြားပုံ** ။ ။ (၁) အဝိနိဗ္ဘောဂရုပ် ၈-ခုသည် ကံ, စိတ်, ဥတု, အာဟာရ-တို့ကြောင့် ဖြစ်ပါသည်။[စတုဇရုပ်] (၂) ဝိညတ် ခွေးသည် စိတ်ကြောင့် ဖြစ်ပါသည်။[စိတ္တဇရုပ်] (၃) သဒ္ဒရုပ်သည် စိတ်, ဥတုကြောင့် ဖြစ်ပါသည်။[စိတ္တဇ ဥတုဇရုပ်] (၄) လဟုတာဒိတ္တယ-သည် စိတ်, ဥတု, အာဟာရတို့ ကြောင့် ဖြစ်ပါသည်။ [စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်]

http://www.dhammadownload.com



## ဥတုကလာပ် ၄-စည်း

၄၈။ သုဒ္ဓဋ္ဌကံ, သဒ္ဒနဝကံ, လဟုတာဒေကာဒသကံ, သဒ္ဒ လဟုတာဒိ ဒွါဒသကဉ္စေတိ စတ္တာရော ဥတုသမုဋ္ဌာနကလာပါ။

---

➤ **စိတ္တဇမည်ပါလျက် စိတ္တဇကလာပ်ဖွဲ့ရာ၌ မပါဝင်သော ရုပ်ကား** = ပရိစ္ဆေဒရုပ် ဖြစ်ပါသည်။ အကြောင်းကား- ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောကြောင့် မပါဝင်ရပါ။

➤ **စကားပြောရာ၌ ရထိုက်သောရုပ်နှင့် ရုပ်ကလာပ်** ။ ။ ရုပ်ကား= အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဝစီဝိညတ်ရုပ် ၁-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

ကလာပ်ကား= ဝစီဝိညတ္တိဒသကကလာပ် ဖြစ်ပါသည်။

➤ **စကားပြောကောင်းသူ ရထိုက်သောရုပ်နှင့် ရုပ်ကလာပ်** ။ ။ ရုပ်ကား= အဝိနိဗ္ဘောဂ ရုပ် ၈-ပါး၊ ဝစီဝိညတ်ရုပ် ၁-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ပါး၊ပေါင်း ၁၃-ပါး ဖြစ်ပါသည်။

**ကလာပ်ကား** = ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ် ဖြစ်ပါသည်။

**(စာပိုဒ်-၄၈) ဥတုကလာပ် ၄-စည်းကား / စတ္တာရော ဥတုသမုဋ္ဌာနကလာပါ-၌**

**စတ္တာရော-အရ/နဝ ဆ စတ္တာရော ဓွေတိ-၌ စတ္တာရော-အရ** = သုဒ္ဓဋ္ဌက ကလာပ်, သဒ္ဒနဝက ကလာပ်, လဟုတာဒေကာဒသက ကလာပ်, သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်-တို့ ဖြစ်ပါသည်။

၁။ အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် "သုဒ္ဓဋ္ဌကကလာပ်" မည်ပါသည်။

၂။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ ပေါင်း ၉-ပါးသည် **"သဒ္ဒနဝကကလာပ်"** မည်ပါသည်။

၃။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၁-ပါးသည် **"လဟုတာဒေကာ ဒသကကလာပ်"** မည်ပါသည်။

၄။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၂-ပါးသည် **"သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်"** မည်ပါသည်။

➤ **အိပ်ပျော်နေသောသူများ၏ "ဟောက်သံ"၌ ပါဝင်သော ရုပ်များနှင့် ကလာပ်အမည်** ။ ။ ဟောက်သံ-၌ ပါဝင်သော ရုပ်ကား= အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ သဒ္ဒရုပ် ၁ ပါး ပေါင်း ၉-ပါးဖြစ်ပါသည်။ ကလာပ်အမည်ကား= သဒ္ဒနဝကကလာပ် ဖြစ်ပါသည်။

➤ **ဓိဝိတ်ခြွေနှင့် သဟဇာတ်ဖြစ်သော ရုပ်တရား** = အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ပသာဒရုပ် ၅-ပါး၊ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၄၆)

http://www.dhammadownload.com



**အာဟာရဇကလာပ် ၂-စည်း**

၄၉။ သုဒ္ဓဋ္ဌကံ, လဟုတာဒေကာ ဒသကဉ္စေတိ ဒွေ အာဟာရသမုဋ္ဌာန ကလာပါ။

**အဇ္ဈတ္တ ဗဟိဒ္ဓ ကလာပ်ခွဲပုံ**

၅၀။ တတ္ထ သုဒ္ဓဋ္ဌကံ, သဒ္ဒနဝကဉ္စေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ၊ အဝသေသာ ပန သဗ္ဗေပိ အဇ္ဈတ္တိကမေဝါတိ။

---

(ဓာပိုဒ်-၄၉) **အာဟာရဇကလာပ် ၂-စည်းကား / ဒွေ အာဟာရသမုဋ္ဌာနကလာပါ-၌ ဒွေ-အရကား / နဝ ဆ စတုဧရာ ဒွေတိ-၌ ဒွေ-အရ ။** ။ သုဒ္ဓဋ္ဌကကလာပ်, လဟုတာဒေကာ ဒသကကလာပ်-တို့ ဖြစ်ပါသည်။

၁။ အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် "သုဒ္ဓဋ္ဌကကလာပ်" မည်ပါသည်။

၂။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၁-ပါး သည် "လဟုတာဒေကာ ဒသကကလာပ်" မည်ပါသည်။

(ဓာပိုဒ်-၅၀) **အဇ္ဈတ္တသန္တာန်၌သာ ရနိုင်သော ရုပ်ကလာပ်ကား ။** ။ သုဒ္ဓဋ္ဌက, သဒ္ဒ နဝက-ဟူသော ဥတုဇကလာပ် ၂-စည်းမှတစ်ပါးသော ကလာပ် ၁၉-စည်း။

➢ **အဇ္ဈတ္တသန္တာန်၌ ရနိုင်သော ရုပ်ကလာပ်ကား** = ကလာပ် ၂၁-စည်းလုံး ရနိုင် ပါသည်။

➢ **ဗဟိဒ္ဓသန္တာန်၌ (အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန် ၂-မျိုးလုံး၌) ရနိုင်သော ရုပ်ကလာပ် ကား ။** ။ သုဒ္ဓဋ္ဌက, သဒ္ဒနဝက-ဟူ သော ဥတုဇကလာပ် ၂-စည်း ဖြစ်ပါသည်။

➢ **သတ္တဝါတို့ သေပြီးသောအခါ အသက်ထွက်သည်ဆိုသော စကား မမှန်**

➢ **သစ်ပင်မှာ အသက်ရှိ/မရှိ** (မရှိပါ)

➢ **သွေးသည်အသက် အသက်သည် သွေး-ဟုဆိုရာ သွေးလှူပြီးသော ပုလင်း ထဲ၌ အသက် ပါ/မပါ** (မပါပါ)

➢ **လူတို့ စေခိုင်းသမျှ လုပ်ပေးနေသော ကွန်ပျူတာပစ္စည်း၌ အသက်ရှိ/မရှိ**

တတ္ထ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကဉ္စေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ-ကို ထောက်၍ ဗဟိဒ္ဓသန္တာန်၌ရနိုင်သော ကလာပ်စည်းထဲ၌ ဇီဝိတရုပ် မပါဝင်သော ကြောင့် --- အသက် မရှိပါ။

(တစ်နည်း) အထက်ပါ အရာအားလုံးထဲ၌ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဘူတရုပ် ၄ ပါးဟူသော အဋ္ဌကလာပ်ရုပ်သာ ရှိ၍ ဇီဝိတရုပ် မရှိသောကြောင့် --အသက်မရှိပါ။

[ဝဏ္ဏော ဂန္ဓော ရသော ဩဇာ ဘူတစတုက္ကဉ္စေတိ အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂရုပ်]

http://www.dhammadownload.com



**သင်္ဂဟဂါထာများ**

၅၁။ ကမ္မစိတ္တောတုကာဟာရ- သမုဋ္ဌာနာ ယထာက္ကမံ။
နဝ ဆ စတုရော ဒွေ တိ၊ ကလာပါ ဧကဝီသတိ။

**န ကလာပင်္ဂရုပ်ပြ / ကလာပ်ဝိမုတ်ပြ သင်္ဂဟဂါထာ**

ကလာပါနံ ပရိစ္ဆေဒ- လက္ခဏတ္တာ ဝိစက္ခဏာ။
န ကလာပင်္ဂမိစ္စာဟု၊ အာကာသံ, လက္ခဏာနိ စ။
အယမေတ္ထ ကလာပယောဇနာ။

---

**(ဓာပိုဒ်–၅၁) ယထာက္ကမံ–အရ အစဉ်တွဲစပ်ပုံ** ။ ။ (၁) ကမ္မသမုဋ္ဌာန (ကမ္မဇ) ကလာပ်နှင့် နဝ၊ (၂) စိတ္တသမုဋ္ဌာန (စိတ္တဇ) ကလာပ်နှင့် ဆ၊ (၃) ဥတုသမုဋ္ဌာန (ဥတုဇ) ကလာပ်နှင့် စတု၊ (၄) အာဟာရသမုဋ္ဌာန(အာဟာရဇ) ကလာပ်နှင့် ဒွေ။

➢ **ကလာပ်ဖွဲ့ရာ၌ မပါဝင်သော ရုပ်များနှင့် မပါဝင်ရခြင်းအကြောင်း**

➢ **အာကာသဓာတ်နှင့် လက္ခဏာရုပ်တို့ ကလာပ်ဖွဲ့ရာ၌ မပါဝင်ရခြင်းအကြောင်း**

➢ **န ကလာပင်္ဂရုပ် /ကလာပ်ဝိမုတ်ရုပ်**။ ။ **အာကာသဓာတ်သည်** ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောကြောင့် ကလာပ်ဖွဲ့ရာ၌ **မပါဝင်ရပါ**။

**လက္ခဏာရုပ် ၄-ခုတို့သည်** ရုပ်ကလာပ်တို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဟူသော အမှတ်အသားမျှသာ ဖြစ်သောကြောင့် **ကလာပ်ဖွဲ့ရာ၌ မပါဝင်ရပါ**။

(သာဓက) ကလာပါနံ ပရိစ္ဆေဒ-လက္ခဏတ္တာ ဝိစက္ခဏာ။န ကလာပင်္ဂမိစ္စာဟု၊ အာကာသံ, လက္ခဏာနိ စ။

➢ **န ကလာပင်္ဂရုပ်များကား** ။ ။ အာကာသဓာတ်နှင့် လက္ခဏာရုပ် ၄-ပါး။

➢ **ကလာပ် ၂၁–စည်းတို့တွင် နာမည်တူကလာပ်စည်းများ** ။ ။ (၁) စိတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်၊ (၂) ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်၊ (၃) အာဟာရကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်အားဖြင့် သုဒ္ဓဋ္ဌကကလာပ် ၃-စည်း။

(၁) စိတ်ကြောင့်ဖြစ်သော လဟုတာဒေကာဒသက ကလာပ်၊ (၂) ဥတုကြောင့်ဖြစ်သော လဟုတာဒေကာဒသက ကလာပ်၊ (၃) အာဟာရကြောင့်ဖြစ်သော လဟုတာဒေကာဒသက ကလာပ်အားဖြင့် လဟုတာဒေကာဒသက ကလာပ် ၃-စည်း။

➢ **အသံနှင့်တကွ ဖွဲ့စပ်ထားသော ကလာပ်စည်းများ** ။ ။ ဝစီဝိညတ္တိဒသက ကလာပ်, ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်-ဟူသော စိတ္တဇကလာပ် ၂-စည်း၊ သဒ္ဒနဝကကလာပ်, သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်-ဟူသော ဥတုဇ ကလာပ် ၂-စည်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**၅၁ ပဝတ္တိက္ခဏ/ကာမဘုံ၌ ရုပ်ဖြစ်စဉ်**

၅၂။ သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ အနူနာနိ ပဝတ္တိယံ ဥပလဗ္ဘန္တိ။

၅၃။ ပဋိသန္ဓိယံ ပန သံသေဒဇာနဉ္စေဝ ဩပပါတိကာနဉ္စ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသကသင်္ခါတာနိ သတ္တဒသကာနိ ပါတုဘဝန္တိ ဥက္ကဋ္ဌဝသေန။

ဩမကဝသေန ပန စက္ခုသောတ ဃာန ဘာဝဒသကာနိ ကဒါစိပိ န လဗ္ဘန္တိ၊ တသ္မာ တေသံ ဝသေန ကလာပဟာနိ ဝေဒိတဗ္ဗာ။

---

➤ **လေတိုက်နေသော သစ်ပင်၌ ရနိုင်သော ကလာပ်နှင့် ရုပ်** ॥ ॥ ဥတုဇကလပ်တွင် ပါဝင်သော သုဒ္ဓဋ္ဌကကလာပ်, သဒ္ဒနဝကကလာပ်-တို့ ဖြစ်ပါသည်။

* **ရနိုင်သော ရုပ်ကား** ॥ ॥ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ ပေါင်း ၉-ပါး။

➤ **လှေသေကောင်၌ ရနိုင်သော ရုပ်နှင့် ရုပ်ကလာပ်** ॥ ॥ လှေသေကောင်၌ အဝိနိဗ္ဘောဂရုပ် ၈-ပါးနှင့် သဒ္ဒရုပ်-တို့ ရနိုင်ပါသည်။ * **ရုပ်ကလာပ်ကား**= ဥတုဇဖြစ်သော သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ်-တို့ ဖြစ်ပါသည်။

➤ **ထွက်သက် ဝင်သက် လေထဲ၌ပါဝင်သော ရုပ်/မေးခွန်းလွှာ၌ ရနိုင်သောရုပ်များ** ॥ ॥ ဥတုဇဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ခုနှင့် အသံမည်သော အခါ သဒ္ဒရုပ်တို့ ဖြစ်ပါသည်။

➤ **အသံထက်မြန်သော လေယာဉ်ပျံများ၌ လဟုတာရုပ် ပါဝင်နိုင်/မပါဝင်နိုင်**

ဗဟိဒ္ဓသန္တာန်၌ လဟုတာရုပ် မရနိုင်သောကြောင့် အသံထက်မြန်သော လေယာဉ်ပျံ၌ လဟုတာရုပ် မပါဝင်နိုင်ပါ။ (သာဓကေ) တတ္ထ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကဉ္စေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။

(ဓာပိုဒ်–၅၂) **ကာမဘုံ၌** = ပဝတ္တိအခါ ရုပ် ၂၈-ပါးလုံး ရနိုင်ပါသည်။

(ဓာပိုဒ်–၅၃) **သံသေဒဇ, ဩပပါတိက** (ဓာတုမဟာရာဇ်, တာဝတိံသာနတ်-စသည်)

**ပုဂ္ဂိုလ်တို့၏သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သောရုပ်ကလာပ်များကား**

**ဥက္ကဋ္ဌ(အလွန်ဆုံး)အားဖြင့်** စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကကလာပ် ပေါင်း ၇-စည်း ရနိုင်ပါသည်။ * ဩမက (အယုတ်အလျော့)အားဖြင့် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဘာဝဒသကကလာပ် ၄-စည်း တခါတရံ မရနိုင်ပါ။ကြွင်း ဒသက ၃-မျိုးသာ ရနိုင်ပါသည်။

http://www.dhammadownload.com



၅၄။ ဂဗ္ဘသေယျကသတ္တာနံ ပန ကာယ ဘာဝ ဝတ္ထုဒသက သင်္ခါတာနိ တီဏိ ဒသကာနိ ပါတုဘဝန္တိ၊ တထာပိ ဘာဝဒသကံ ကဒါစိ န လဗ္ဘတိ။
တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ။

---

➤ **သံသေဒဇ, ဩပပါတိက သတ္တဝါတို့သန္တာန်၌ အယုတ်ဆုံး (အနည်းဆုံး) ရနိုင်သော ကလာပ်စည်းများကား** ။ ။ ဇီဝိတဒသကကလာပ်, ကာယဒသက ကလာပ်, ဝတ္ထုဒသက ကလာပ်-တို့ ဖြစ်ပါသည်။

➤ **သံသေဒဇ, ဩပပါတိက သတ္တဝါတို့သန္တာန်၌ တခါတရံ မရနိုင်သော ကလာပ် (ဝါ) ချို့ကောင်းသော ကလာပ်** ။ ။ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဘာဝဒသက ကလာပ် ၄-စည်း-တို့ ဖြစ်ပါသည်။

➤ **သံသေဒဇ, ဩပပါတိက သတ္တဝါတို့သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်များကား** ။ ။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ပသာဒရုပ် ၅-ပါး၊ဘာဝရုပ် ၂-ပါး၊ ဟဒယဝတ္ထုရုပ် ၁-ပါး၊ အာကာသဓာတ် ၁-ပါး၊ ဥပစယ, သန္တတိ-ဟူသော လက္ခဏာရုပ် ၂-ပါး၊ ပေါင်း (၂၀) ရနိုင်ပါသည်။

➤ **"မိကျောင်းမှာ လျှာမရှိ"ဟူသောစကား မှန်/မမှန်** ။ ။ ဩမကဝသေန ပန စက္ခု သောတ ဃာန ဘာဝဒသကာနိ ကဒါစိပိ န လဗ္ဘန္တိ၊ တသ္မာ တေသံ ဝသေန ကလာပဟာနိ ဝေဒိတဗ္ဗာ-ကိုထောက်၍ [ချို့တဲ့ကောင်းသော အာယတနတို့တွင် ဇိဝှါယတန မပါဝင်သောကြောင့် ] "မိကျောင်းမှာ လျှာမရှိ" ဟူသောစကား မမှန်ပါ။

(စာပိုဒ်-၅၄) **ဂဗ္ဘသေယျက သတ္တဝါ(စာမြေရှင်) တို့ သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်များကား** ။ ။ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ကလာပ် ၃-မျိုး ရနိုင်ပါသည်။

➤ **ဂဗ္ဘသေယျက သတ္တဝါတို့သန္တာန်၌ တခါတရံ မရကောင်းသော ကလာပ် (ဝါ) ချို့ကောင်းသော ကလာပ်ကား** ။ ။ ဘာဝဒသကကလာပ် ဖြစ်ပါသည်။

➤ **ဂဗ္ဘသေယျက သတ္တဝါတို့သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်များကား**
အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ကာယပသာဒရုပ် ၁-ပါး၊ဘာဝရုပ် ၂-ပါး၊ ဟဒယဝတ္ထုရုပ် ၁-ပါး၊ အာကာသဓာတ် ၁-ပါး၊ ဥပစယ, သန္တတိ-ဟူသော လက္ခဏာရုပ် ၂-ပါး၊ ပေါင်း (၁၆) ပါး ရနိုင်ပါသည်။

http://www.dhammadownload.com



**ရုပ် ၄–ပါးတို့ ရှေးဦးစွာဖြစ်ပုံ**

၅၅။ ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ, ဒုတိယ စိတ္တ မုပါဒါယ စိတ္တသမုဋ္ဌာနာ, ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ, ဩဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ စေတိ စတုသမုဋ္ဌာန - ရူပကလာပ သန္တတိ ကာမလောကေ ဒီပဇာလာ ဝိယ နဒီသောတော ဝိယ စ ယာဝတာယုက မဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။

➤ **လူသားများ အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေဆဲအခါ ရကောင်းသော ရုပ်ပေါင်း (၃၀) ကား** ။ ။ (၁) ကာယဒသက ကလာပ် [အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ကာယပသာဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး] (၂) ဘာဝဒသက ကလာပ် [အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ဣတ္ထိဘာဝ, ပုရိသဘာဝရုပ် တစ်ခုခု ပေါင်း ၁၀-ပါး] (၃) ဝတ္ထုဒသက ကလာပ် [အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ဟဒယဝတ္ထုရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး] သုံးမျိုးပေါင်းသော် (၃၀) ဖြစ်ပါသည်။

➤ **ဂဗ္ဘသေယျက သတ္တဝါတို့သန္တာန်၌ ပဝတ္တိအခါ ရုပ်ကလာပ်များ အစဉ်အတိုင်း ဖြစ်ပေါ်လာပုံ** ။ ။ ပဝတ္တိအခါ အစဉ်အတိုင်း စက္ခု, သောတ, ဃာန, ဇိဝှါဒသက-တို့ ထင်ရှားစွာ ဖြစ်ပေါ်လာကြပါသည်။

(စာပိုဒ်–၅၅) **ရုပ် ၄–ပါးတို့ ရှေးဦးစွာဖြစ်ပေါ်လာပုံ**

➤ **ကာမဘုံ၌ ကံ, စိတ်, ဥ, ဟာ ရုပ်လေးဖြာဖြစ်ပုံ** ။ ။ (၁) ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ (၂) စိတ္တဇရုပ်သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှ စ၍ (၃) ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဌီမှစ၍ (၄) အာဟာရဇရုပ်သည် ဩဇာပျံ့နှံ့ချိန်မှစ၍ ဆီမီးလျှံကဲ့သို့ငှင်း, မြစ်ရေအလျဉ်ကဲ့သို့ငှင်း အသက်ရှည်သမျှ ကာလပတ်လုံး ကာမဘုံ၌ မပြတ်ဖြစ်နေပါသည်။

➤ **ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ–၌ စိတ္တ–သဒ္ဒါ ၂–ခုအထူး**

ဒုတိယစိတ္တမုပါဒါယ-၌ စိတ္တ-အရ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်ကို ယူရပါသည်။ စိတ္တသမုဋ္ဌာနာ-၌ စိတ္တ-အရ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ကို ယူရပါသည်။ ဤသို့ ထူးပါသည်။

➤ **သတ္တဝါတို့သန္တာန်၌ ရုပ်တရားများ အဆက်မပြတ် ပြောင်းလဲဖြစ်နေပုံ**

လေးပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်အဆက်ဆက်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့ငှင်း, မြစ်ရေအလျဉ်ကဲ့သို့ငှင်း အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်ဖြစ်နေပါသည်။

http://www.dhammadownload.com



## ရုပ် ၄-ပါးတို့ နောက်ဆုံးချုပ်ပုံ

### [ရုပ် ၄-မျိုးတို့တွင် ကမ္မဇရုပ်တို့၏ နောက်ဆုံးချုပ်ပုံပြ]

၅၆။ [မရဏကာလေ ပန စုတိစိတ္တော ပရိသတ္တရသမ စိတ္တဿ ဌိတိကာလမုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ၊ ပုရေတရမုပ္ပန္နာနိစ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ၊]
တတော ပရံ စိတ္တဇာဟာရဇရူပဥ္စ ဝေါစ္ဆိဇ္ဇတိ။
တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ ယာဝမတ ကဠေဝရ-သင်္ခါတာ ပဝတ္တန္တိ။

---

(ဓာပိုဒ်-၅၆) ရုပ် ၄-ပါးတို့ နောက်ဆုံးချုပ်ပုံ

၁။ စုတေခါနီးကာလ၌ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သောစိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်များ အသစ်မဖြစ်ကြတော့ပါ။ ထို ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်၏ ဘင်ခဏ၌ ၁၇-ချက် ရုပ်သက်စေ့သဖြင့် စုတိစိတ်နှင့်ပြိုင်၍ ချုပ်ကြပါသည်။

၂။ စိတ္တဇရုပ်တို့သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် ၄၈-ချက်ခန့် အကြာတွင် ချုပ်ကြပါသည်။ (၃) အာဟာရဇရုပ်တို့သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် ၅၀-ချက်ခန့် အကြာတွင် ချုပ်ကြပါသည်။ (၄) ဥတုဇရုပ်တို့သည် သေ၍ အကောင်ပုပ်ဖြစ်သည့် တိုင်အောင် (ဝါ) ကမ္ဘာပျက်သည့်တိုင်အောင် ဖြစ်ကြပါသည်။ ကမ္ဘာပျက်မှ ဥတုဇရုပ်များ ချုပ်ကြပါသည်။

➤ **ကမ္မဇရုပ်တို့၏ (နှလုံးသားခေါ် ဟဒယဝတ္ထု၏) အစဦးဆုံးဖြစ်ရာကာလ** ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ကမ္မဇရုပ်များ ဖြစ်ကြပါသည်။

➤ **ကမ္မဇရုပ်တို့ နောက်ဆုံးဖြစ်ရာ ကာလ** = ကမ္မဇရုပ်တို့သည် စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ဥပါဒ်၌ နောက်ဆုံးဖြစ်ပါသည်။

➤ **ကမ္မဇရုပ်တို့ နောက်ဆုံးချုပ်ရာ ကာလ** = စုတိစိတ်နှင့်အတူ ချုပ်ပါသည်။

➤ **ကမ္မဇရုပ်တို့ လုံးဝ မဖြစ်ရာကာလ** = စုတိစိတ်မှ ရေသည်ရှိသော် ၁၇-ချက် မြောက်သော စိတ်၏ ဌီကာလမှစ၍ လုံးဝ မဖြစ်တော့ပါ။

➤ **ကမ္မဇရုပ်တို့၏ ကုန်ဆုံးပျက်စီးရာအခါ** = ကမ္မဇရုပ်တို့သည် စုတိစိတ်၏ ဘင်ခဏ၌ ကုန်ဆုံးပျက်စီးပါသည်။ (သာဓက) ပုရေတရမုပ္ပန္နာနိစ ကမ္မဇရူပါနိ စုတိ စိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ။

http://www.dhammadownload.com



**စတုသမုဋ္ဌာနိကရုပ်ဖြစ်ပုံ**

**ရုပ်သံသရာစက်လည်ပုံ သင်္ဂဟဂါထာ**

၅၇။ ဩကစ္စေဝံ မတသတ္တာနံ၊ ပုနဒေဝ ဘဝန္တရေ။
ပဋိသန္ဓိမုပါဒါယ၊ တထာ ရူပံ ပဝတ္တတိ။

**ရူပဘုံ၌ ရုပ်ဖြစ်စဉ်**

၅၈။ ရူပလောကေ ပန ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိ စေဝ
အာဟာရဇကလာပါနိ စ န လဗ္ဘန္တိ၊ တသ္မာ တေသံ ပဋိသန္ဓိ -
ကာလေ စက္ခု သောတ ဝတ္ထုဝသေန တီဏိ ဒသကာနိ ဇီဝိတ
နဝကဉ္စေတိ စတ္တာရော ကမ္မသမုဋ္ဌာနကလာပါ။
ပဝတ္တိယံ စိတ္တောတုသမုဋ္ဌာနာ စ လဗ္ဘန္တိ။

---

➤ **စိတ္တဇရုပ်တို့ အစဦးဆုံးဖြစ်ရာကာလ** = ဒုတိယစိတ်ဖြစ်သော ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ္တဇရုပ်များ ဖြစ်ကြပါသည်။

➤ **စိတ္တဇရုပ်တို့ ချုပ်ရာကာလ** = စိတ္တဇရုပ်တို့သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် ၄၈-ချက်ခန့် အကြာတွင် ချုပ်ပါသည်။

➤ **အာဟာရဇရုပ်တို့ အစဦးဆုံး ဖြစ်ရာကာလ** = ဩဇာ၏ ပျံ့နှံ့ရာအခါမှစ၍ အာဟာရဇရုပ်များ ဖြစ်ကြပါသည်။➤ **အာဟာရဇရုပ်တို့ ချုပ်ရာကာလ** =အာဟာရဇ ရုပ်တို့သည် ကမ္မဇရုပ် ချုပ်ပြီးနောက် ခဏငယ် ၅၀-ချက်ခန့် အကြာတွင် ချုပ်ပါသည်။

➤ **ဥတုဇရုပ်တို့ အစဦးဆုံး ဖြစ်ရာကာလ** = ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇ ရုပ်များ ဖြစ်ကြပါသည်။

➤ **ဥတုဇရုပ်တို့ ချုပ်ရာကာလ** = ဥတုဇရုပ်တို့သည် သေ၍ အကောင်ပုပ်ဖြစ်သည့်တိုင်အောင် (ဝါ) ကမ္ဘာပျက်သည့်တိုင်အောင် ဖြစ်၍ ချုပ်ပါသည်။

➤ **လူနှင့်အတူ သေသောရုပ်** = ကမ္မဇရုပ် ဖြစ်ပါသည်။

➤ **လူသေသော်လည်း ခဏမျှ ကျန်ခဲ့သော ရုပ်** = စိတ္တဇရုပ်, အာဟာရဇရုပ်။

➤ **လူပင်သေသော်လည်း မသေဘဲ ဆက်လက်ဖြစ်နေဆဲရုပ်** = ဥတုဇရုပ်။

➤ **အချိန်ကြာမြင့်စွာ ဆက်လက်ဖြစ်နေသော ရုပ်** = ဥတုဇရုပ် ဖြစ်ပါသည်။

(ဓာပိုဒ်– ၅၇) **ရုပ်သံသရာစက်လည်ပုံ** ။ ။ ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ စတုသမုဋ္ဌာနိကရုပ် ဖြစ်သကဲ့သို့ ထို့အတူ သေကုန်သော သတ္တဝါတို့အား နောက်ထပ်တစ်ဖန် ဘဝတစ်ပါး၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကိုအစပြု၍ စတုသမုဋ္ဌာနိကရုပ် ဖြစ်ပြန်ပါသည်။

http://www.dhammadownload.com



(ဇာပိုဒ်–၅၈) **ရူပဗြဟ္မာတို့အား မရနိုင်သော ရုပ်ကလာပ်များ** ။ ။ ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက ကလာပ်, အာဟာရဇကလာပ် ၂-စည်းတို့ ဖြစ်ပါသည်။

➤ **ရူပဗြဟ္မာတို့အား မရနိုင်သော ရုပ်** ။ ။ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဘာဝရုပ် ၂-ပါး၊ ပေါင်း ၅-ပါး ဖြစ်ပါသည်။

➤ **ရူပဗြဟ္မာတို့အား ပဋိသန္ဓေအခါ ရနိုင်သော ကလာပ်များ/စက္ခာရော ကမ္မသမုဋ္ဌာနကလာပါ–၌ စက္ခာရော–အရ** ။ ။ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကကလာပ်-ဟူသော ကမ္မဇကလာပ် ၄-စည်း-တို့ ဖြစ်ပါသည်။

➤ **ရူပဗြဟ္မာတို့အား ပဋိသန္ဓေအခါ ရနိုင်သော ရုပ်များ** ။ ။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁-ပါး၊ စက္ခုပသာဒ, သောတပသာဒ၊ ဟဒယဝတ္ထုရုပ်၊ ပရိစ္ဆေဒရုပ်၊ ဥပစယ, သန္တတိ၊ ပေါင်း ၁၅-ပါး ဖြစ်ပါသည်။

➤ **ရူပ ၁၅–ဘုံ၌ (ရူပဗြဟ္မာတို့အား) ပဋိသန္ဓေအခါ မရနိုင်သော ရုပ်များ**

သဒ္ဒရုပ် ၁-ပါး၊ ဝိကာရရုပ် ၅-ပါး၊ ဇရတာ, အနိစ္စတာ၊ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ၊ ဘာဝရုပ် ၂-ပါး-တို့ ဖြစ်ပါသည်။

➤ **ရူပဗြဟ္မာတို့အား ပဝတ္တိအခါ ရနိုင်သော ကလာပ်စည်းများ** ။ ။ စက္ခုဒသက သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကကလာပ်, စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း ပေါင်း ၁၄-စည်း ရနိုင်ပါသည်။

➤ **ရူပဗြဟ္မာတို့အား ပဝတ္တိအခါ၌သာ ရနိုင်သော ကလာပ်စည်းများ**

စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇ ကလာပ် ၄-စည်း ပေါင်း ၁၀-စည်း ဖြစ်ပါသည်။

➤ **ပဟာန္တိ တေဝီသ ရူပိသု–၌ တေဝီသ–အရ/ရူပဗြဟ္မာတို့အား ပဝတ္တိအခါ ရနိုင်သော ရုပ်များကား** ။ ။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁-ပါး၊ စက္ခုပသာဒ, သောတပသာဒ၊ ဟဒယဝတ္ထုရုပ်၊ ဝိညတ်ရုပ် ၂-ပါး၊ သဒ္ဒ, လဟုတာ, မုဒုတာ, ကမ္မညတာ, ပရိစ္ဆေဒရုပ်, လက္ခဏာရုပ် ၄-ပါး ပေါင်း ၂၃-ပါး ဖြစ်ပါသည်။

➤ **ရူပဗြဟ္မာများ၌ လူသားတို့ကဲ့သို့ ခဲဖွယ်ဘောဇဉ် အစာအာဟာရတို့ကို သုံးဆောင်မှီဝဲမှု ရှိ/မရှိ** ။ ။ ရူပလောကေ ပန ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိစ အာဟာရဇကလာပါနိစ န လဗ္ဘန္တိ-ကိုထောက်၍ [ရူပဗြဟ္မာများ၌ အာဟာရဇကလာပ် မရနိုင်သောကြောင့် ] ရူပဗြဟ္မာများ၌ လူသားတို့ကဲ့သို့ ခဲဖွယ်ဘောဇဉ် အစာအာဟာရ-တို့ကို သုံးဆောင်မှီဝဲမှု မရှိပါ။

➤ **ရူပဗြဟ္မာများ၌ ကာယိကဒုက္ခ မဖြစ်** = ရူပဘုံ၌ ကာယဒသက ကလာပ်ကို မရသောကြောင့်--တည်း။ [ရူပလောကေ ပန (ပ) အာဟာရဇကလာပါနိစ နလဗ္ဘန္တိ]

http://www.dhammadownload.com



၅၉။ အသညသတ္တာနံ ပန စက္ခု သောတ ဝတ္ထု သဒ္ဒါပိ န လဗ္ဘန္တိ၊ တထာ သဗ္ဗာနိပိ စိတ္တဇရူပါနိ၊ တသ္မာ တေသံ ပဋိသန္ဓိကာလေ ဇီဝိတနဝကမေဝ။

ပဝတ္တိယဉ္စ သဒ္ဒဝဇ္ဇိတံ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စတိ။

**ရုပ်ဖြစ်ခြင်း ၂-မျိုး**

၆၀။ ဣစ္စေဝံ ကာမရူပါသညီသင်္ခါတေသု တီသု ဌာနေသု ပဋိသန္ဓိ ပဝတ္တိဝသေန ဒုဝိဓာ ရူပပဝတ္တိ ဝေဒိတဗ္ဗာ။

---

➤ **ရူပဗြဟ္မာ့ပြည်၌ လူ့ပြည်၌ကဲ့သို့ အမျိုးသမီး+အမျိုးသားဟူ၍ ကွဲပြားခြားနားမှု ရှိ/မရှိ** ။ ။ ရူပလောကေ ပန ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိစ အာဟာရဇကလာပါနိစ န လဗ္ဘန္တိ-ကိုထောက်၍ [ရူပဗြဟ္မာ့ပြည်၌ ဘာဝဒသက ကလာပ် မရနိုင်သောကြောင့်] ရူပဗြဟ္မာ့ပြည်၌ လူ့ပြည်၌ကဲ့သို့ အမျိုးသမီး+အမျိုးသားဟူ၍ ကွဲပြားခြားနားမှု မရှိပါ။

➤ **ဗြဟ္မာသြဇာ ဗြဟ္မာထမင်း ရှိ/မရှိ** ။ ။ ရူပလောကေ ပန ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိစ အာဟာရဇကလာပါနိစ န လဗ္ဘန္တိ-ကိုထောက်၍ [ရူပဗြဟ္မာများ၌ အာဟာရဇကလာပ် မရနိုင်သောကြောင့် ] ဗြဟ္မာသြဇာ ဗြဟ္မာထမင်း မရှိပါ။

(စာပိုဒ်-၅၉) **အသညသတ်ဗြဟ္မာ (နာမ်မဲ့သတ္တဝါ)တို့အား မရနိုင်သော ရုပ်ကလာပ်များကား** ။ ။ ဇီဝိတနဝက ကလာပ်ကြဉ် ကမ္မဇကလာပ် ၈-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုကြောင့်ဖြစ်သော သဒ္ဒနဝက, သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်၊ အာဟာရဇကလာပ် ၂-စည်း၊ပေါင်း ၁၈-စည်း မရနိုင်ပါ။

➤ **အသညသတ်ဗြဟ္မာတို့အား ပဋိသန္ဓေအခါ ရနိုင်သော ကလာပ်ကား** ဇီဝိတနဝက ကလာပ် ဖြစ်ပါသည်။ ➤ **အသညသတ်ဗြဟ္မာတို့အား ပဋိသန္ဓေအခါ ရနိုင်သော ရုပ်များကား** = အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဥပစယ, သန္တတိ- ပေါင်း ၁၂-ပါး ဖြစ်ပါသည်။

➤ **အသညသတ်ဗြဟ္မာတို့အား ပဝတ္တိအခါ ရနိုင်သော ကလာပ်များကား** ဇီဝိတနဝက ကလာပ်၊ ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်, လဟုတာဒေကာဒသက ကလာပ်၊ပေါင်း ၃-စည်းဖြစ်ပါသည်။

➤ **အသညသတ်ဗြဟ္မာတို့အား ပဝတ္တိအခါ ရနိုင်သော ရုပ်များကား/သတ္တရသေဝ သညီနံ-၌ သတ္တရသ-အရကား** ။ ။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ၊ ပရိစ္ဆေဒရုပ်၊ လက္ခဏာရုပ် ၄-ပါး၊ ပေါင်း ၁၇-ပါး။

http://www.dhammadownload.com



**ဘုံအလိုက် ရုပ်ဖြစ်ပုံပြ သင်္ဂဟဂါထာ**

၆၁။ အဋ္ဌဝီသတိ ကာမေသု၊ ဟောန္တိ တေဝီသ ရူပိသု။
သတ္တရသေဝ သညီနံ၊ အရူပေ နတ္ထိ ကိဉ္စိပိ။
သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဉ္စောပပတ္တိယံ။
န လဗ္ဘန္တိ ပဝတ္တေ တု၊ န ကိဉ္စိပိ န လဗ္ဘတိ။
အယမေတ္ထ ရူပပဝတ္တိက္ကမော။

**နိဗ္ဗာန်မည်ပုံ (စုဏ္ဏိယ)**

၆၂။ နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာရမ္မဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

---

**(စာပိုဒ်-၆၀) ရုပ်ဖြစ်ရာ ဌာန ၃-မျိုးကား** ။ ။ (၁) ကာမဘုံ၊ (၂) အသညသတ်ကြဉ်သော ရူပ ၁၅ဘုံ၊ (၃) အသညသတ်ဘုံ-တို့ ဖြစ်ပါသည်။

➤ **ရုပ်ဖြစ်ပုံ ၂-မျိုးကား/ဒုဝိဓာ ရူပပဝတ္တိ ဝေဒိတဗ္ဗာ-၌ ဒုဝိဓာ-အရ** ။ ။ (၁) ပဋိသန္ဓေအခါ ရုပ်တို့၏ဖြစ်ပုံ၊ (၂) ပဝတ္တိအခါ ရုပ်တို့၏ဖြစ်ပုံ-တို့ ဖြစ်ပါသည်။

**(စာပိုဒ်-၆၁) ပဋိသန္ဓေအခါ မရနိုင်သော ရုပ်များ/ပဝတ္တိအခါ၌သာ ရနိုင်သော ရုပ်များကား** ။ ။ သဒ္ဒရုပ် ၁-ပါး၊ ဝိကာရရုပ် ၅-ပါး၊ ဇရတာ, အနိစ္စတာ၊ ပေါင်း ၈ ပါး ဖြစ်ပါသည်။ (သာဓက) သဒ္ဒေါ (ပ) န လဗ္ဘတိ။

➤ **သတ္တဝါအားလျော်စွာ ပဋိသန္ဓေအခါ မရနိုင်သောရုပ်များကား** ။ ။ ပဉ္စဝေါကာရဘုံ၌ သဒ္ဒရုပ် ၁-ပါး၊ ဝိကာရရုပ် ၅-ပါး၊ ဇရတာ, အနိစ္စတာ+၈-ပါး။အသညသတ်ဘုံ၌ လဟုတာ, မုဒုတာ, ကမ္မညတာ, ဇရတာ, အနိစ္စတာ-အားဖြင့် ၅-ပါး မရနိုင်ပါ။

**(စာပိုဒ်-၆၂) နိဗ္ဗာန်မည်ပုံ** ။ ။ လောကုတ္တရာ-ဟုဆိုအပ်သော လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် ဝါန-ဟု ဆိုအပ်သော တဏှာ-မှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်မည်ပါသည်။

**မေး** ။ ။ **နိဗ္ဗာန်သည်** လောကီတရားလော? လောကုတ္တရာတရားလော?

**ဖြေ** ။ ။ နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ-ကိုထောက်၍ နိဗ္ဗာန်သည် လောကုတ္တရာတရား ဖြစ်ပါသည်။

➤ **နိဗ္ဗာန်သည် မျက်စိ(စက္ခုဝိညာဏ်)ဖြင့် တွေ့မြင်နိုင်သော အာရုံမျိုး ဟုတ်/မဟုတ်** ။ ။ (စာပိုဒ်-၆၂) ကိုထောက်၍ နိဗ္ဗာန်သည် မျက်စိ(စက္ခုဝိညာဏ်)ဖြင့် တွေ့မြင်နိုင်သော အာရုံမျိုး မဟုတ်ပါ။

http://www.dhammadownload.com



၆၃။ တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသနိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။

၆၄။ တထာ သုညတံ, အနိမိတ္တံ, အပ္ပဏိဟိတဉ္စေတိ တိဝိဓံ ဟောတိ အာကာရဘေဒေန။

**နိဗ္ဗာန်မည်ပုံပြ သင်္ဂဟဂါထာ**

၆၅။ ပဒမစ္စုတမစ္စန္တံ၊ အသင်္ခတမနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။

**ပရမတ္ထတရား ၄-ပါး နိဂုံး**

၆၆။ ဣတိ စိတ္တံ, စေတသိကံ၊ ရူပံ, နိဗ္ဗာနမိစ္စပိ။
ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။
ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ရူပသင်္ဂဟ ဝိဘာဂေါနာမ
ဆဋ္ဌော ပရိစ္ဆေဒေါ။

---

(စာပိုဒ်-၆၃) **ကာရဏပရိယာယ်အားဖြင့် နိဗ္ဗာန် ၂-မျိုးကား** ။ ။ (၁) သဉပါဒိသေသနိဗ္ဗာနဓာတ်၊ (၂) အနုပါဒိသေသနိဗ္ဗာနဓာတ်-တို့ ဖြစ်ပါသည်။

(စာပိုဒ်-၆၄) **အာကာရဘေဒအားဖြင့် နိဗ္ဗာန် ၃-မျိုးကား** ။ ။ (၁) သုညတနိဗ္ဗာန်၊ (၂) အနိမိတ္တနိဗ္ဗာန်၊ (၃) အပ္ပဏိဟိတနိဗ္ဗာန်-တို့ ဖြစ်ပါသည်။

➤ **နိဗ္ဗာန်ဘုံ ရှိ/မရှိ** ။ ။ တထာ သုညတံ အနိမိတ္တံ-ကိုထောက်၍ နိဗ္ဗာန်ဘုံ မရှိပါ။

(စာပိုဒ်-၆၅) **နိဗ္ဗာန်၏ဂုဏ်ရည်များ (ဂုဏ်ပုဒ်များ)** ။ ။ (၁) ပဒ=မင်္ဂဖိုလ်တို့၏ အာရုံဖြစ်ခြင်း၊ (၂) အစ္စုတ=စုတေရွေ့လျော သေရခြင်းသဘော မရှိခြင်း၊ (၃) အစ္စန္တ စုတိ-ဟုဆိုအပ်သော အဆုံးကို လွန်ပြီးဖြစ်ခြင်း၊ (၄) အသင်္ခတ=ကံ, စိတ်, ဥတု အာဟာရ-တည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် ပေါင်း၍ မပြုပြင်အပ်ခြင်း၊ (၅) အနုတ္တရ=မိမိထက် လွန်မြတ်သောတရား မရှိခြင်း။

(စာပိုဒ်-၆၆) **စတုဓာဝ တထာဂတာ-၌ စတုဓာ-အရ** ။ ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့ ဖြစ်ပါသည်။

**ရုပ်ပိုင်း သရုပ်ခွဲပြီး၏။**

http://www.dhammadownload.com



## ၇-သမုစ္စည်းပိုင်း

### ပဌိညာဉ်

၁။ ဒွါသတ္တတိဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ။
တေသံ ဒါနိ ယထာယောဂံ၊ ပဝက္ခာမိ သမုစ္စယံ။

### သင်္ဂဟမာတိကာ

၂။ အကုသလ သင်္ဂဟော, မိဿက သင်္ဂဟော, ဗောဓိပက္ခိယ - သင်္ဂဟော, သဗ္ဗသင်္ဂဟော စေတိ သမုစ္စယသင်္ဂဟော စတုဗ္ဗိဓော ဝေဒိတဗ္ဗော။

### အကုသလသင်္ဂဟ (၁) အာသဝ ၄-ပါး

၃။ ကထံ? ---
အကုသလသင်္ဂဟေ တာဝ စတ္တာရော အာသဝါ ကာမာသဝေါ, ဘဝါသဝေါ, ဒိဋ္ဌာသဝေါ, အဝိဇ္ဇာသဝေါ။

---

**(စာပိုဒ်-၁) သမုစ္စယသင်္ဂဟဖြင့် ပေါင်းအပ်သော သဘောတရားများကား/ ဒွါသတ္တတိ ဝိဓာ ဝုတ္တာ-၌ ဒွါသတ္တတိ-အရကား ။ ။** စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ နိဗ္ဗာန် ၁-ပါး၊ ပေါင်း ၇၂-ပါးဖြစ်ပါသည်။

➤ **ပရမတ္ထ အစစ်ကား ။ ။** ဒွါသတ္တတိ ဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ-ကို ထောက်၍ စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ နိဗ္ဗာန် ၁-ပါး၊ ပေါင်း ၇၂-ပါးဖြစ်ပါသည်။ ✱ **ပရမတ္ထ အတုကား** = အနိပ္ဖန္နရုပ် ၁၀-ပါး ဖြစ်ပါသည်။

**(စာပိုဒ်-၂) သမုစ္စည်းပိုင်း၌ ပြမည့်သင်္ဂဟ ၄-မျိုးကား ။ ။**(၁) အကုသလသင်္ဂဟ (၂) မိဿကသင်္ဂဟ (၃) ဗောဓိပက္ခိယသင်္ဂဟ (၄) သဗ္ဗသင်္ဂဟ-တို့ ဖြစ်ပါသည်။

(စာပိုဒ်-၃) **အာသဝ ၄-ပါးနှင့် တရားကိုယ် ၃-ပါး ယှဉ်တွဲပုံ**

၁။ ကာမာသဝ (လောဘ) ၂။ ဘဝါသဝ (လောဘ) ၃။ ဒိဋ္ဌာသဝ (ဒိဋ္ဌိ)
၄။ အဝိဇ္ဇာသဝ (မောဟ) တို့ ဖြစ်ပါသည်။

➤ **အာသဝ ၄-ပါး အရကောက် ။ ။** (၁) လောဘမူစိတ် ၈-ပါး၌ရှိသော လောဘ စေတသိက်သည် "ကာမာသဝ" မည်၏။ (၂) ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါး၌ရှိသော လောဘ စေတသိက်သည် "ဘဝါသဝ" မည်၏။ (၃) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ရှိသော ဒိဋ္ဌိစေတသိက်သည် "ဒိဋ္ဌာသဝ" မည်၏။ (၄) အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော မောဟ စေတသိက်သည် "အဝိဇ္ဇာသဝ" မည်၏။

http://www.dhammadownload.com


### (၂) ဩဃ ၄-ပါး

၄။ စတ္တာရော ဩဃာ ကာမောဃော, ဘဝေါဃော, ဒိဋ္ဌောဃော, အဝိဇ္ဇောဃော။

### (၃) ယောဂ ၄-ပါး

၅။ စတ္တာရော ယောဂါ ကာမယောဂေါ, ဘဝယောဂေါ, ဒိဋ္ဌိယောဂေါ အဝိဇ္ဇာယောဂေါ။

### (၄) ဂန္ထ ၄-ပါး

၆။ စတ္တာရော ဂန္ထာ အဘိဇ္ဈာကာယဂန္ထော, ဗျာပါဒေါ ကာယဂန္ထော သီလဗ္ဗတပရာမာသော ကာယဂန္ထော, ဣဒံ သစ္စာဘိနိဝေသော ကာယဂန္ထော။

### (၅) ဥပါဒါန် ၄-ပါး

၇။ စတ္တာရော ဥပါဒါနာ ကာမုပါဒါနံ, ဒိဋ္ဌုပါဒါနံ, သီလဗ္ဗတုပါဒါနံ, အတ္တဝါဒုပါဒါနံ။

---

(ဇာပိုဒ်-၄) **ဩဃ ၄-ပါးနှင့် တရားကိုယ် ၃-ပါးတွဲစပ်ပုံ**

၁။ ကာမောဃ (လောဘ) ၂။ ဘဝေါဃ (လောဘ) ၃။ ဒိဋ္ဌောဃ (ဒိဋ္ဌိ) ၄။ အဝိဇ္ဇောဃ (မောဟ) တို့ဖြစ်ပါသည်။

(ဇာပိုဒ်-၅) **ယောဂ ၄-ပါးနှင့် တရားကိုယ် ၃-ပါးတွဲစပ်ပုံ**

၁။ ကာမယောဂ (လောဘ) ၂။ ဘဝယောဂ (လောဘ) ၃။ ဒိဋ္ဌိယောဂ (ဒိဋ္ဌိ) ၄။ အဝိဇ္ဇာယောဂ (မောဟ) တို့ဖြစ်ပါသည်။

(ဇာပိုဒ်-၆) **ဂန္ထ ၄-ပါးနှင့် တရားကိုယ် ၃-ပါးတွဲစပ်ပုံ**

၁။ အဘိဇ္ဈာကာယဂန္ထ (လောဘ) ၂။ ဗျာပါဒကာယဂန္ထ (ဒေါသ) ၃။ သီလဗ္ဗတပရာမာသ ကာယဂန္ထ (ဒိဋ္ဌိ) ၄။ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ (ဒိဋ္ဌိ) တို့ဖြစ်ပါသည်။

(ဇာပိုဒ်-၇) **ဥပါဒါန် ၄-ပါးနှင့် တရားကိုယ် ယှဉ်တွဲပုံ**

၁။ ကာမုပါဒါန် (လောဘ) ၂။ ဒိဋ္ဌုပါဒါန် (ဒိဋ္ဌိ) ၃။ သီလဗ္ဗတုပါဒါန် (ဒိဋ္ဌိ) ၄။ အတ္တဝါဒုပါဒါန် (ဒိဋ္ဌိ) တို့ဖြစ်ပါသည်။

➢ **ကာမာသဝ, ဘဝါသဝ, ကာမောဃ, ဘဝေါဃ, ကာမယောဂ, ဘဝယောဂ တို့၏ တရားကိုယ်** ။ ။ လောဘ စေတသိက်ဖြစ်ပါသည်။ (သာဓက) အာသဝါဒီသု ပနေတ္ထ ကာမ ဘဝနာမေန တဗ္ဗတ္ထုကာ တဏှာ အဓိပ္ပေတာ။

http://www.dhammadownload.com


### (၆) နီဝရဏ ၆–ပါး

၈။ ဆ နီဝရဏာနိ ကာမစ္ဆန္ဒနီဝရဏံ, ဗျာပါဒနီဝရဏံ, ထိနမိဒ္ဓ နီဝရဏံ, ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏံ, ဝိစိကိစ္ဆာ နီဝရဏံ, အဝိဇ္ဇာ နီဝရဏံ။

### (၇) အနုသယ ၇–ပါး

၉။ သတ္တ အနုသယာ ကာမရာဂါနုသယော, ဘဝရာဂါနုသယော, ပဋိဃာနုသယော, မာနာနုသယော, ဒိဋ္ဌာနုသယော, ဝိစိကိစ္ဆာနုသယော, အဝိဇ္ဇာနုသယော။

### (၈) သုတ္တန်နည်း သံယောဇဉ် ၁၀–ပါး

၁၀။ ဒသ သံယောဇနာနိ ကာမရာဂသံယောဇနံ, ရူပရာဂသံယောဇနံ အရူပရာဂသံယောဇနံ, ပဋိဃသံယောဇနံ, မာနသံယောဇနံ, ဒိဋ္ဌိသံယောဇနံ, သီလဗ္ဗတပရာမာသသံယောဇနံ, ဝိစိကိစ္ဆာ သံယောဇနံ, ဥဒ္ဓစ္စသံယောဇနံ, အဝိဇ္ဇာသံယောဇနံ သုတ္တန္တေ။

---

**(ဇာပိုဒ်–၈) နီဝရဏ ၆–ပါးနှင့် တရားကိုယ် ၈–ပါး တွဲစပ်ပုံ**

ကာမစ္ဆန္ဒနီဝရဏ (လောဘ)၊ ဗျာပါဒနီဝရဏ (ဒေါသ)၊ ထိနမိဒ္ဓ နီဝရဏ (ထိန မိဒ္ဓ)၊ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ (ဥဒ္ဓစ္စ-ကုက္ကုစ္စ)၊ ဝိစိကိစ္ဆာ နီဝရဏ (ဝိစိကိစ္ဆာ)၊ အဝိဇ္ဇာ နီဝရဏ (မောဟ) တို့ဖြစ်ပါသည်။

➤ **အမည်ပါ သရုပ်အရေအတွက်ထက် တရားကိုယ်က များသော တရား/တရားသချာ်ထက် တရားကိုယ်သချာ် များသောတရား ။ ။** နီဝရဏတရား ဖြစ်ပါသည်။

**(ဇာပိုဒ်–၉) အနုသယ ၇–ပါးနှင့် တရားကိုယ် ၆–ပါး တွဲစပ်ပုံ**

ကာမရာဂါနုသယ (လောဘ)၊ ဘဝရာဂါနုသယ (လောဘ)၊ ပဋိဃာနုသယ (ဒေါသ)၊ မာနာနုသယ (မာန)၊ ဒိဋ္ဌာနုသယ (ဒိဋ္ဌိ)၊ ဝိစိကိစ္ဆာနုသယ (ဝိစိကိစ္ဆာ)၊ အဝိဇ္ဇာနုသယ (မောဟ) တို့ဖြစ်ပါသည်။

**(ဇာပိုဒ်–၁၀) သုတ္တန်နည်း သံယောဇဉ် ၁၀–ပါးနှင့် တရားကိုယ် ၇–ပါး တွဲစပ်ပုံ**

ကာမရာဂသံယောဇဉ် (လောဘ)၊ ရူပရာဂသံယောဇဉ် (လောဘ)၊ အရူပရာဂ သံယောဇဉ် (လောဘ)၊ ပဋိဃသံယောဇဉ် (ဒေါသ)၊ မာနသံယောဇဉ် (မာန)၊ ဒိဋ္ဌိ သံယောဇဉ် (ဒိဋ္ဌိ)၊ သီလဗ္ဗတပရာမာသ သံယောဇဉ် (ဒိဋ္ဌိ)၊ ဝိစိကိစ္ဆာ သံယောဇဉ် (ဝိစိကိစ္ဆာ)၊ ဥဒ္ဓစ္စ သံယောဇဉ် (ဥဒ္ဓစ္စ)၊ အဝိဇ္ဇာ သံယောဇဉ် (မောဟ) တို့ဖြစ်ပါသည်။

http://www.dhammadownload.com


## (၈) အဘိဓမ္မာနည်း သံယောဇဉ် ၁၁-ပါး

၁၁။ အပရာနိပိ ဒသ သံယောဇနာနိ ကာမရာဂသံယောဇနံ, ဘဝ-ရာဂ သံယောဇနံ, ပဋိဃသံယောဇနံ, မာနသံယောဇနံ, ဒိဋ္ဌိ-သံယောဇနံ, သီလဗ္ဗတပရာမာသ သံယောဇနံ, ဝိစိကိစ္ဆာ -သံယောဇနံ, ဣဿာသံယောဇနံ, မစ္ဆရိယသံယောဇနံ, အဝိဇ္ဇာ သံယောဇနံ အဘိဓမ္မေ။

## (၉) ကိလေသာ ၁၀-ပါး

၁၂။ ဒသ ကိလေသာ လောဘော, ဒေါသော, မောဟော, မာနော, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိနံ, ဥဒ္ဓစ္စံ, အဟိရိကံ, အနောတ္တပ္ပံ။

---

**(ဇာပိုဒ်-၁၁) အဘိဓမ္မာနည်း သံယောဇဉ် ၁၀-ပါးနှင့် တရားကိုယ် ၈-ပါး တွဲစပ်ပုံ**

ကာမရာဂသံယောဇဉ် (လောဘ)၊ ဘဝရာဂ သံယောဇဉ် (လောဘ)၊ ပဋိဃ သံယောဇဉ် (ဒေါသ)၊ မာနသံယောဇဉ် (မာန)၊ ဒိဋ္ဌိ သံယောဇဉ် (ဒိဋ္ဌိ)၊ သီလဗ္ဗတပရာမာသ သံယောဇဉ် (ဒိဋ္ဌိ)၊ ဝိစိကိစ္ဆာ သံယောဇဉ် (ဝိစိကိစ္ဆာ)၊ ဣဿာ သံယောဇဉ် (ဣဿာ)၊ မစ္ဆရိယ သံယောဇဉ် (မစ္ဆရိယ)၊ အဝိဇ္ဇာ သံယောဇဉ် (မောဟ)။

➤ **သုတ္တန်နည်းမှာသာ ပါ၍ အဘိဓမ္မာနည်း၌ မပါသော သံယောဇဉ် တရားကိုယ်** ။ ။ ဥဒ္ဓစ္စ ဖြစ်ပါသည်။ ➤ အဘိဓမ္မာနည်းမှာသာ ပါ၍ သုတ္တန်နည်း၌ မပါသော သံယောဇဉ် တရားကိုယ် ။ ။ ဣဿာ, မစ္ဆရိယ ဖြစ်ပါသည်။

➤ **သုတ္တန်+အဘိဓမ္မာ ၂-နည်းလုံးမှာပါသော သံယောဇဉ်တရားကိုယ်**
လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟ၊ ပေါင်း ၆-ပါးဖြစ်ပါသည်။

➤ **သုတ္တန်နည်းမှာသာ ပါ၍ အဘိဓမ္မာနည်း၌ မပါသော သံယောဇဉ်**
ရူပရာဂ သံယောဇဉ်, အရူပရာဂ သံယောဇဉ်, ဥဒ္ဓစ္စ သံယောဇဉ်။

➤ **အဘိဓမ္မာနည်း၌သာ ပါ၍ သုတ္တန်နည်း၌ မပါသော သံယောဇဉ်**
ဘဝရာဂသံယောဇဉ်, ဣဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ်-တို့ဖြစ်ပါသည်။

➤ **သုတ္တန်+အဘိဓမ္မာ နည်းနှစ်ပါးစုံ၌ ပါဝင်သော သံယောဇဉ်**
ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, မာနသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်။

➤ **သံယောဇဉ် မမည်သော အကုသိုလ်စေတသိက်များ**။ အဟိရိက, အနောတ္တပ္ပ, ကုက္ကုစ္စ, ထိန, မိဒ္ဓ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com


**တရားကိုယ်ကောက်နည်း**

၁၃။ အာသဝါဒီသု ပနေတ္ထ ကာမ ဘဝနာမေန တဗ္ဗတ္ထုကာ တဏှာ အဓိပ္ပေတာ၊ သီလဗ္ဗတပရာမာသော, ဣဒံသစ္စာဘိနိဝေသော, အတ္တဝါဒုပါဒါ စ တထာပဝတ္တံ ဒိဋ္ဌိဂတမေဝ ပဝုစ္စတိ။

**သင်္ဂဟဂါထာများ**

၁၄။ အာသဝေါဃာ စ ယောဂါ စ၊ တယော ဂန္ထာ စ ဝတ္ထုတော။
ဥပါဒါနာ ဒုဝေ ဝုတ္တာ၊ အဋ္ဌ နီဝရဏာ သိယုံ။
ဆဠေဝါနုသယာ ဟောန္တိ၊ နဝ သံယောဇနာ မတာ။
ကိလေသာ ဒသ ဝုတ္တောယံ၊ နဝဓာ ပါပသင်္ဂဟော။

---

(ဓာပိုဒ်-၁၂) **ကိလေသာ ၁၀-ပါးနှင့် တရားကိုယ် ၁၀-ပါး** ။ ။ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ။

➤ **ကိလေသာ မမည်သော အကုသိုလ် စေတသိက်ကား** = ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မိဒ္ဓ-တို့ ဖြစ်ပါသည်။

(ဓာပိုဒ်-၁၃) **ဒိဋ္ဌိစေတသိက် တစ်ခုတည်းကိုပင် သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ, အတ္တဝါဒုပါဒါန်-ဟု အမည်အမျိုးမျိုးတပ်၍ ဟောတော်မူရခြင်း အကြောင်း** ။ ။ သီလဗ္ဗတပရာမာသအခြင်းအရာ, ဣဒံသစ္စာဘိနိဝေသ အခြင်းအရာ, အတ္တဝါဒုပါဒါန် အခြင်းအရာအားဖြင့် ထိုထိုယူပုံ အခြင်းအရာ ကွဲပြားသောကြောင့်--ဒိဋ္ဌိစေတသိက် တစ်ခုတည်းကိုပင် သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ, အတ္တဝါဒုပါဒါန်-ဟု အမည်အမျိုးမျိုးတပ်၍ ဟောတော်မူရပါသည်။

(သာဓက) သီလဗ္ဗတပရာမာသော, ဣဒံသစ္စာဘိနိဝေသော, အတ္တဝါဒုပါဒါ စ တထာပဝတ္တံ ဒိဋ္ဌိဂတမေဝ ပဝုစ္စတိ။ [လိုရင်းပါဠိကား= တထာပဝတ္တံ-ဖြစ်ပါသည်။]

(ဓာပိုဒ်-၁၄) **အာသဝေါဃာစ ယောဂါစ တယော ဂန္ထာစ ဝတ္ထုတော-၌ တယော-အရကား** ။ ။ လောဘ, ဒိဋ္ဌိ, မောဟ (အာသဝ, ဩဃ, ယောဂ တရားကိုယ်) (တစ်နည်း) လောဘ, ဒေါသ, ဒိဋ္ဌိ (ဂန္ထတရားကိုယ် ၃-ပါး)

➤ **ဥပါဒါနာ ဒုဝေ ဝုတ္တာ-၌ ဒုဝေ-အရ / ဥပါဒါန်တရားကိုယ် ၂-ပါးကား** လောဘ, ဒိဋ္ဌိ-တို့ ဖြစ်ပါသည်။

➤ **အဋ္ဌ နီဝရဏာ သိယုံ-၌ အဋ္ဌ-အရ / နီဝရဏတရားကိုယ် ၈-ပါးကား** လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ-တို့ဖြစ်ပါသည်။

http://www.dhammadownload.com



➢ **ဆဠေဝါနုသယာ ဟောန္တိ–န္တိ ဆ–အရ / အနုသယတရားကိုယ် ၆–ပါးကား** လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟ-တို့ ဖြစ်ပါသည်။

➢ **နဝ သံယောဇနာ မတာ–န္တိ နဝ–အရ/သံယောဇဉ်တရားကိုယ် ၉–ပါးကား** လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဣဿာ, မစ္ဆရိယ, မောဟ။

➢ **ကိလေသာ ဒသ ဝုတ္တောယံ–န္တိ ဒသ–အရ/ ကိလေသာတရားကိုယ် ၁၀–ပါး** လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ။

➢ **နဝဓာ ပါပသင်္ဂဟော–န္တိ နဝဓာ သရုပ်** ။ ။ အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ-တို့ ဖြစ်ပါသည်။

➢ အမည် ၉-မည်ရ စေတသိက် = လောဘ ဖြစ်ပါသည်။

➢ **လောဘ–၏ အမည်များကား** ။ ။ အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ-တို့ ဖြစ်ပါသည်။

➢ **လောဘ ၉–ဌာနကား** = ကာမာသဝ, ကာမောဃ, ကာမယောဂ, အဘိဇ္ဈာကာယဂန္ထ, ကာမုပါဒါန်, ကာမစ္ဆန္ဒနီဝရဏ, ကာမရာဂါနုသယ, ကာမရာဂသံယောဇဉ် လောဘကိလေသာ-တို့ ဖြစ်ပါသည်။

➢ **အမည် ၈–မည်ရ စေတသိက်** ။ ။ ဒိဋ္ဌိ ဖြစ်ပါသည်။ * အမည်များကား = အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, အနုသယ, သံယောဇဉ်, ကိလေသာ-တို့ ဖြစ်ပါသည်။

➢ **အမည် ၇–မည်ရ စေတသိက်** ။ ။ မောဟ ဖြစ်ပါသည်။ * အမည်များကား အာသဝ, ဩဃ, ယောဂ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ-တို့ ဖြစ်ပါသည်။

➢ **အမည် ၅–မည်ရ စေတသိက်** ။ ။ ဒေါသ ဖြစ်ပါသည်။ * အမည်များကား ဂန္ထ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ-တို့ ဖြစ်ပါသည်။

➢ **အမည် ၄–မည်ရ စေတသိက်** ။ ။ ဝိစိကိစ္ဆာ ဖြစ်ပါသည်။ * အမည်များကား နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ-တို့ ဖြစ်ပါသည်။

➢ **အမည် ၃–မည်ရ စေတသိက်** ။ ။ မာန (အနုသယ, သံယောဇဉ်, ကိလေသာ)
ဥဒ္ဓစ္စ (နီဝရဏ, သံယောဇဉ်, ကိလေသာ)

➢ **အမည် ၂–မည်ရ စေတသိက်** ။ ။ ထိန (နီဝရဏ, ကိလေသာ)

➢ **အမည်တစ်မျိုးသာ ရသော အကုသိုလ်စေတသိက်များကို အမည်နှင့်တကွ ယှဉ်တွဲပုံ** ။ ။ မိဒ္ဓ = နီဝရဏ၊ ကုက္ကုစ္စ = နီဝရဏ၊ ဣဿာ = သံယောဇဉ်၊ မစ္ဆရိယ= သံယောဇဉ်၊ အဟိရိက=ကိလေသာ၊ အနောတ္တပ္ပ=ကိလေသာ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com


## မိဿကသင်္ဂဟ

### (၁) ဟိတ် ၆–ပါး

၁၅။ မိဿကသင်္ဂဟေ ဆ ဟေတူ လောဘော, ဒေါသော, မောဟော အလောဘော, အဒေါသော, အမောဟော။

### (၂) ဈာနင် ၇–ပါး

၁၆။ သတ္တ ဈာနင်္ဂါနိ ဝိတက္ကော, ဝိစာရော, ပီတိ, ဧကဂ္ဂတာ, သောမနဿံ, ဒေါမနဿံ, ဥပေက္ခာ။

---

**(ဓာပိုဒ်–၁၅) ဟိတ် ၆–ပါးကား** ။ ။ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ အမောဟ-တို့ ဖြစ်ပါသည်။

➤ **မိဿကသင်္ဂဟတွင် မပါဝင်သော ပရမတ္ထတရားများကား**

ပညာ, မနသိကာရ, အဓိမောက္ခ, ဥဒ္ဓစ္စ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ, တတြမဇ္ဈတ္တတာ-စသော သောဘနသာဓာရဏ စေတသိက် ၁၃-ပါး၊ အပ္ပမညာ ၂-ပါး၊ မဟာဘုတ် ၄-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဟဒယရုပ်, ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ် ၂-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ၊ လက္ခဏာရုပ် ၄-ပါး၊ နိဗ္ဗာန်။

➤ **မိဿကသင်္ဂဟ–၌ "သမုစ္စယ" သင်္ချာ = ၆၄-ပါး** ဖြစ်ပါသည်။

**(ဓာပိုဒ်–၁၆) ဈာနင် ၇–ပါးနှင့် တရားကိုယ် ၅–ပါးတွဲစပ်ပုံ**

ဝိတက်ဈာနင် (ဝိတက်)၊ ဝိစာရဈာနင် (ဝိစာရ)၊ ပီတိဈာနင် (ပီတိ)၊ ဧကဂ္ဂတာဈာနင် (ဧကဂ္ဂတာ)၊ သောမနဿဈာနင်(ဝေဒနာ)၊ ဒေါမနဿဈာနင် (ဝေဒနာ)၊ ဥပေက္ခာဈာနင် (ဝေဒနာ) တို့ဖြစ်ပါသည်။

➤ **ဈာနင် ၇–ပါးအရေအတွက်** ။ ။ (၁) ဝိတက်ယှဉ်ရာစိတ် ၅၅-ပါး၌ရှိသော ဝိတက်စေတသိက်သည် **"ဝိတက်ဈာနင်"** မည်၏။ (၂) ဝိစာရယှဉ်ရာစိတ် ၆၆-ပါး၌ရှိသော ဝိစာရစေတသိက်သည် **"ဝိစာရဈာနင်"** မည်၏။ (၃) ပီတိယှဉ်ရာစိတ် ၅၁- ပါး၌ရှိသော ပီတိစေတသိက်သည် **"ပီတိဈာနင်"** မည်၏။ (၄) ဒွေပဉ္စဝိညာဉ်မှတစ်ပါး စိတ် ၇၉-ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် **"ဧကဂ္ဂတာဈာနင်"** မည်၏။[သာဓက] ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ။ (၅) သောမနဿသဟဂုတ် ၆၂-ပါး၌ရှိသော ဝေဒနာစေတသိက်သည် **"သောမနဿဈာနင်"** မည်၏။ (၆) ဒေါသမူဒွေး၌ရှိသော ဝေဒနာစေတသိက်သည် **"ဒေါမနဿဈာနင်"** မည်၏။ (၇) စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေးကြဉ်သော ဥပေက္ခာသဟဂုတ် ၄၇-ပါး၌ရှိသော ဝေဒနာစေတသိက်သည် **"ဥပေက္ခာဈာနင်"** မည်၏။

http://www.dhammadownload.com



## (၃) မဂ္ဂင် ၁၂–ပါး

၁၇။ ဒွါဒသ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပေါ, မိစ္ဆာဝါယာမော, မိစ္ဆာသမာဓိ။

---

➤ **ဝိတက်စေတသိက်၏ အာဝေဏိကကိစ္စ** = အာရုံ၌ ရှေးရှုတင်ပေးမှု ဥပနိဇ္ဈာန ကိစ္စ ဖြစ်ပါသည်။ ➤ **ဝိစာရ စေတသိက်၏ အာဝေဏိကကိစ္စ** = အာရုံ၌ သမ္ပယုတ် တရားတို့ကို အဖန်ဖန်ဖွဲ့စပ်မှု ဥပနိဇ္ဈာနကိစ္စ ဖြစ်ပါသည်။ ➤ **ပီတိ စေတသိက်၏ အာဝေဏိကကိစ္စ** = စိတ်၏နှစ်သက်ခြင်းကို ပြုမှု ဥပနိဇ္ဈာနကိစ္စ ဖြစ်ပါသည်။ ➤ **သုခ–၏ အာဝေဏိကကိစ္စ** = စိတ်၏တိုးပွားခြင်းကို ပြုမှု ဥပနိဇ္ဈာနကိစ္စ၊ ➤ **ဧကဂ္ဂတာ ၏ အာဝေဏိကကိစ္စ** = စိတ်ကိုအာရုံ၌ အညီအမျှ ကောင်းစွာထားမှု ဥပနိဇ္ဈာနကိစ္စ။

➤ **ဈာနင် ၅–ပါးနှင့် ဆန့်ကျင်ဘက်တရားများ ယှဉ်တွဲပုံ** ။ ။ **ဝိတက်၏ ဆန့်ကျင်ဘက်တရားကား**= ထိန မိဒ္ဓနီဝရဏ၊ **ဝိစာရ၏ ဆန့်ကျင်ဘက်တရား**= ဝိစိကိစ္ဆာ၊ **ပီတိ၏ ဆန့်ကျင်ဘက်တရား**= ဗျာပါဒ(ဒေါသ)၊ **ဧကဂ္ဂတာ–၏ ဆန့်ကျင်ဘက်တရား**= ကာမစ္ဆန္ဒ၊ **သုခ (ဥပေက္ခာ)၏ ဆန့်ကျင်ဘက်တရား**= ဥဒ္ဓစ္စ, ကုက္ကုစ္စ နီဝရဏ။

(စာပိုဒ်–၁၇) **မဂ္ဂင် ၁၂–ပါးနှင့် တရားကိုယ် ယှဉ်တွဲပုံ**

သမ္မာဒိဋ္ဌိ (ပညာ)၊ သမ္မာသင်္ကပ္ပ (ဝိတက်)၊ သမ္မာဝါစာ (သမ္မာဝါစာ)၊ သမ္မာကမ္မန္တ (သမ္မာကမ္မန္တ)၊ သမ္မာအာဇီဝ (သမ္မာအာဇီဝ)၊ သမ္မာဝါယာမ (ဝီရိယ)၊ သမ္မာသတိ (သတိ) သမ္မာသမာဓိ (ဧကဂ္ဂတာ)၊ မိစ္ဆာဒိဋ္ဌိ (ဒိဋ္ဌိ)၊ မိစ္ဆာသင်္ကပ္ပ (ဝိတက်)၊ မိစ္ဆာဝါယာမ (ဝီရိယ) မိစ္ဆာသမာဓိ (ဧကဂ္ဂတာ) တို့ဖြစ်ပါသည်။

➤ **မဂ္ဂင် ၁၂–ပါးအရကောက်** ။ ။ (၁) တိဟိတ်စိတ် ၄၇–ပါး၌ရှိသော ပညာ စေတသိက်သည် **"သမ္မာဒိဋ္ဌိမဂ္ဂင်"** မည်၏။ (၂) ကာမာဝစရ သောဘနစိတ် ၂၄–ခု၊ ပထမဈာန် ၁၁–ခုအားဖြင့် စိတ် ၃၅–ပါး၌ရှိသော ဝိတက်စေတသိက်သည် **"သမ္မာသင်္ကပ္ပမဂ္ဂင်"** မည်၏။ (၃) မဟာကုသိုလ်စိတ် ၈–ခု၊ လောကုတ္တရာစိတ် ၈–ခုအားဖြင့် စိတ် ၁၆–ခု၌ရှိသော သမ္မာဝါစာ စေတသိက်သည် **"သမ္မာဝါစာမဂ္ဂင်"** မည်၏။ (၄) သမ္မာကမ္မန္တ စေတသိက်သည် **"သမ္မာကမ္မန္တမဂ္ဂင်"** မည်၏။ (၅) သမ္မာအာဇီဝ စေတသိက်သည် **"သမ္မာအာဇီဝမဂ္ဂင်"** မည်၏။ (၆) သောဘနစိတ် ၅၉–ခု၌ရှိသော ဝီရိယ စေတသိက်သည် **"သမ္မာဝါယာမမဂ္ဂင်"** မည်၏။ (၇) သောဘနစိတ် ၅၉–ခု၌ ရှိသော သတိ စေတသိက်သည် **"သမ္မာသတိမဂ္ဂင်"** မည်၏။

http://www.dhammadownload.com



### (၄) ဣန္ဒြေ ၂၂-ပါး

၁၈။ ဗာဝီသတိန္ဒြိယာနိ စက္ခုန္ဒြိယံ, သောတိန္ဒြိယံ, ဃာနိန္ဒြိယံ, ဇိဝှိန္ဒြိယံ, ကာယိန္ဒြိယံ, ဣတ္ထိန္ဒြိယံ, ပုရိသိန္ဒြိယံ, ဇီဝိတိန္ဒြိယံ, မနိန္ဒြိယံ, သုခိန္ဒြိယံ, ဒုက္ခိန္ဒြိယံ, သောမနဿိန္ဒြိယံ, ဒေါမနဿိန္ဒြိယံ, ဥပေက္ခိန္ဒြိယံ, သဒ္ဓိန္ဒြိယံ, ဝီရိယိန္ဒြိယံ, သတိန္ဒြိယံ, သမာဓိန္ဒြိယံ, ပညိန္ဒြိယံ, အနညာတညဿာမီတိန္ဒြိယံ, အညိန္ဒြိယံ, အညာတာဝိန္ဒြိယံ။

---

(၈) သောဘနစိတ် ၅၉-ခု၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် **"သမ္မာသမာဓိမဂ္ဂင်"** မည်၏။ (၉) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် **"မိစ္ဆာဒိဋ္ဌိမဂ္ဂင်"** မည်၏။ (၁၀) အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော ဝိတက်စေတသိက်သည် **"မိစ္ဆာသင်္ကပ္ပမဂ္ဂင်"** မည်၏ (၁၁) အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော ဝီရိယစေတသိက်သည် **"မိစ္ဆာဝါယာမမဂ္ဂင်"** မည်၏။ (၁၂) ဝိစိကိစ္ဆာသဟဂုတ်စိတ်မှတစ်ပါး အကုသိုလ်စိတ် ၁၁-ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်သည် **"မိစ္ဆာသမာဓိမဂ္ဂင်"** မည်၏။(သာဓကေ) တထာ ဝိစိကိစ္ဆာ စိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ။

➤ **သတ္တဝါများကို အပါယ်ဘုံသို့ ရောက်အောင်ပို့ဆောင်နိုင်သော မဂ္ဂင်တရားများ**

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိမဂ္ဂင်-တို့ ဖြစ်ပါသည်။

**(စာပိုဒ်-၁၈) ဣန္ဒြေ ၂၂-ပါးနှင့် တရားကိုယ် ၁၆-ပါး ယှဉ်တွဲပုံ**

စက္ခုန္ဒြေ (စက္ခုပသာဒရုပ်)၊ သောတိန္ဒြေ (သောတပသာဒရုပ်)၊ ဃာနိန္ဒြေ (ဃာနပသာဒရုပ်)၊ ဇိဝှိန္ဒြေ(ဇိဝှါပသာဒရုပ်)၊ ကာယိန္ဒြေ (ကာယပသာဒရုပ်)၊ ဣတ္ထိန္ဒြေ (ဣတ္ထိဘာဝရုပ်)၊ ပုရိသိန္ဒြေ (ပုရိသဘာဝရုပ်)၊ ဇီဝိတိန္ဒြေ (ဇီဝိတရုပ်, ဇီဝိတိန္ဒြေ စေတသိက်) မနိန္ဒြေ (စိတ်)၊ သုခိန္ဒြေ (ဝေဒနာ)၊ ဒုက္ခိန္ဒြေ (ဝေဒနာ)၊ သောမနဿိန္ဒြေ (ဝေဒနာ)၊ ဒေါမနဿိန္ဒြေ(ဝေဒနာ)၊ဥပေက္ခိန္ဒြေ(ဝေဒနာ)၊သဒ္ဓိန္ဒြေ(သဒ္ဓါစေတသိက်)၊ဝီရိယိန္ဒြေ (ဝီရိယစေတသိက်)၊ သတိန္ဒြေ(သတိစေတသိက်)၊ သမာဓိန္ဒြေ(ဧကဂ္ဂတာ စေတသိက်) ပညိန္ဒြေ (ပညာစေတသိက်)၊ အနညာတညဿာမီတိန္ဒြေ(ပညာစေတသိက်)၊အညိန္ဒြေ (ပညာစေတသိက်)၊ အညာတာဝိန္ဒြေ (ပညာစေတသိက်)။

➤ **ဣန္ဒြေ ၂၂-ပါး အရကောက်**

စက္ခုပသာဒရုပ်သည် "စက္ခုန္ဒြေ" မည်၏။(ပ) ကာယပသာဒရုပ်သည် "ကာယိန္ဒြေ" မည်၏။ ဣတ္ထိဘာဝရုပ်သည် "ဣတ္ထိန္ဒြေ" မည်၏။ ပုရိသဘာဝရုပ်သည် "ပုရိသိန္ဒြေ"

http://www.dhammadownload.com



မည်၏။ ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေ စေတသိက်သည် "ဇီဝိတိန္ဒြေ' မည်၏။ စိတ်တစ်ခု ယုတ် ကိုးဆယ်သည် "မနိန္ဒြေ" မည်၏။ သုခသဟဂုတ်ကာယဝိညာဉ်၌ရှိသော ဝေဒနာ စေတသိက်သည် "သုခိန္ဒြေ" မည်၏။ ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ရှိသော ဝေဒနာ စေတသိက်သည် "ဒုက္ခိန္ဒြေ" မည်၏။ သောမနဿသဟဂုတ် ၆၂-ခု၌ရှိသော ဝေဒနာ စေတသိက်သည် "သောမနဿိန္ဒြေ" မည်၏။ဒေါသမူနှစ်ခု၌ရှိသော ဝေဒနာစေတသိက် သည် "ဒေါမနဿိန္ဒြေ" မည်၏။ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ရှိသော ဝေဒနာ စေတသိက်သည် "ဥပေက္ခိန္ဒြေ" မည်၏။ သောဘနစိတ် ၅၉-ခု၌ရှိသော သဒ္ဓါ စေတ သိက်သည် "သဒ္ဓိန္ဒြေ" မည်၏။ ဝီရိယယှဉ်ရာစိတ် ၇၃-ပါး၌ရှိသော ဝီရိယ စေတသိက် သည် "ဝီရိယိန္ဒြေ" မည်၏။ သောဘနစိတ် ၅၉-ခု၌ရှိသော သတိစေတသိက်သည် "သတိန္ဒြေ" မည်၏။ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ ဒွေးပဉ္စဝိညာဉ်-၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခုကြဉ်သော စိတ် ၇၂-ခု၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် "သမာဓိန္ဒြေ" မည်၏။(သာဓကေ)တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ။ တိဟိတ်စိတ် ၄၇-ပါး၌ရှိသော ပညာစေတသိက်သည် "ပညိန္ဒြေ" မည်၏။

သောတာပတ္တိမဂ်၌ရှိသော ပညာစေတသိက်သည် **"အနညာတညဿာမီတိန္ဒြေ"** မည်၏။ (စာပိုဒ်-၂၂-ကိုထောက်) **[သေက္ခပုဂ္ဂိုလ်နှင့်သာဆိုင်]**

အထက်မဂ် ၃-ခု၊ အောက်ဖိုလ် ၃-ခု၌ရှိသော ပညာစေတသိက်သည် **"အညိန္ဒြေ"** မည်၏။ (စာပိုဒ်-၂၄-ကိုထောက်) **[သေက္ခပုဂ္ဂိုလ်နှင့်သာဆိုင်]**

အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက်သည် **"အညာတာဝိန္ဒြေ"** မည်၏။ (စာပိုဒ်-၂၃)ကိုထောက်။ **[အသေက္ခပုဂ္ဂိုလ်နှင့်သာဆိုင်]**

➤ **ဇီဝိတိန္ဒြေ တရားကိုယ်** ။ ။ ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေ စေတသိက်သည် "ဇီဝိတိန္ဒြေ" မည်၏။(စာပိုဒ် ၂၅-ကိုထောက်)

➤ **သတ္တဝါဟူ ခေါ် ဝေါ် ပညတ်ခြင်း၌ အထူးအရေးပါသည့် ဣန္ဒြေများ**

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ-တို့ ဖြစ်ပါသည်။

➤ **သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေ** ။ ။ အနညာတညဿာ မီတိန္ဒြေ၊ အညိန္ဒြေ-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၂/၂၄) တို့ကိုထောက်။

➤ **အသေက္ခ (ရဟန္တာ)ပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေ** ။ ။ အညာတာ ဝိန္ဒြေ ဖြစ်ပါသည်။ (စာပိုဒ်-၂၃) ကိုထောက်။

➤ **အရိယာပုဂ္ဂိုလ်၌သာ ရနိုင်သော ဣန္ဒြေ** ။ ။ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၂/၂၃/၂၄) တို့ကိုထောက်။

➤ **ဗောဓိ (အရိယာမဂ်ဉာဏ်)မည်သော ဣန္ဒြေ** ။ ။အနညာတညဿာမီတိန္ဒြေ၊

http://www.dhammadownload.com



အညိန္ဒြေ၊ အညာတာဝိန္ဒြေ-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၂/၂၃/၂၄) တို့ကိုထောက်။

➤ **ပုထုဇဉ် ရနိုင်သော ဣန္ဒြေ** ॥ ॥ စက္ခုန္ဒြေ (ပ) ပညိန္ဒြေ-တို့ဖြစ်ပါသည်။

➤ **ပုထုဇဉ် မရနိုင်သော ဣန္ဒြေ** ॥ ॥ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၂/၂၃/၂၄) တို့ကိုထောက်။

➤ **ကာမဘုံ၌ရနိုင်သော ဣန္ဒြေ** ॥ ॥ ဣန္ဒြေ ၂၂-ပါး ဖြစ်ပါသည်။

➤ **ကာမဘုံ၌သာ ရနိုင်သော ဣန္ဒြေ** ॥ ॥ ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေ တို့ဖြစ်ပါသည်။

➤ **ရူပဘုံ၌ရနိုင်သော ဣန္ဒြေ** ॥ ॥ စက္ခုန္ဒြေ, သောတိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သောမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ၊ ပေါင်း ၁၄-ပါး။

➤ **အသညသတ်ဘုံ၌ရနိုင်သော ဣန္ဒြေ** ॥ ॥ ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

➤ **အရူပဘုံ၌ရနိုင်သော ဣန္ဒြေ** ॥ ॥ မနိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ၊ ပေါင်း ၈-ပါး။

➤ **ဘုံ ၄-ပါး၌ရနိုင်သော ဣန္ဒြေ** ॥ ॥ ဇီဝိတိန္ဒြေ, မနိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ-တို့ ဖြစ်ပါသည်။

➤ **ကာမ, ရူပ, လောကုတ္တရာဘုံ၌ရနိုင်သော ဣန္ဒြေ** ॥ ॥ သောမနဿိန္ဒြေ။

➤ **လောကုတ္တရာဘုံ၌သာ ရနိုင်သော ဣန္ဒြေ /လောကုတ္တရာဣန္ဒြေ** ॥ ॥ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၂/၂၃/၂၄) တို့ကိုထောက်။

➤ **ပဋိသန္ဓေအခါ၌ရနိုင်သော ဣန္ဒြေ** ॥ ॥ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ-တို့ ဖြစ်ပါသည်။

➤ **ပဝတ္တိအခါ၌သာ ရနိုင်သော ဣန္ဒြေ** ॥ ॥ သုခိန္ဒြေ, ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေ, အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ-တို့ ဖြစ်ပါသည်။

➤ **ပဋိသန္ဓေ, ပဝတ္တိ, စုတိ ၃-ပါးလုံး၌ဖြစ်သော ဣန္ဒြေ** ॥ ॥ ဇီဝိတိန္ဒြေ, သောမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, သတိန္ဒြေ, ဝီရိယိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, မနိန္ဒြေ။

➤ **လောကုတ္တရာမစွတ် လောကီသက်သက်ဖြစ်သော ဣန္ဒြေ** ॥ ॥ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေ-တို့ဖြစ်ပါသည်။

➤ **ရုပ်ဣန္ဒြေ ၇-ပါးကား** ॥ ॥ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ-တို့ဖြစ်ပါသည်။

http://www.dhammadownload.com



## (၅) ဗိုလ် ၉-ပါး

၁၉။ နဝ ဗလာနိ သဒ္ဓါဗလံ, ဝီရိယဗလံ, သတိဗလံ, သမာဓိဗလံ, ပညာဗလံ, ဟိရိဗလံ, ဩတ္တပ္ပဗလံ, အဟိရိကဗလံ, အနောတ္တပ္ပ ဗလံ။

---

➤ **ရုပ်နာမ် ၂-ပါးရောသော ဓမ္မခန္ဓာ** ။ ။ ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

➤ **နာမ်ဣန္ဒြေ ၁၄-ပါးကား** ။ ။ မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ-တို့ ဖြစ်ပါသည်။

➤ **ဝေဒနာကိုကောက်ရသော ဝေဒနိန္ဒြေ ၅-ပါးကား** ။ ။ သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ-တို့ ဖြစ်ပါသည်။

➤ **ပညာစေတသိက်ကိုကောက်ရသော ပညိန္ဒြေ ၄-ပါးကား** ။ ။ ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ-တို့ ဖြစ်ပါသည်။

➤ **လောကီ, လောကုတ္တရာ ၂-မျိုးပါဝင်သော ဣန္ဒြေများ** ။ ။ ဇီဝိတိန္ဒြေ, မနိန္ဒြေ, သောမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ=၈-ပါး။

**(ဇာပိုဒ်-၁၉) ဗိုလ် ၉-ပါးနှင့် တရားကိုယ်ယှဉ်တွဲပုံ**

သဒ္ဓါဗိုလ် (သဒ္ဓါစေတသိက်)၊ ဝီရိယဗိုလ် (ဝီရိယစေတသိက်)၊ သတိဗိုလ် (သတိစေတသိက်)၊ သမာဓိဗိုလ် (ဧကဂ္ဂတာ စေတသိက်)၊ ပညာဗိုလ် (ပညာစေတသိက်)၊ ဟိရိဗိုလ် (ဟိရီစေတသိက်)၊ ဩတ္တပ္ပဗိုလ် (ဩတ္တပ္ပစေတသိက်)၊ အဟိရိကဗိုလ် (အဟိရိကစေတသိက်)၊ အနောတ္တပ္ပဗိုလ် (အနောတ္တပ္ပစေတသိက်)

➤ **ဝီရိယ, အဟိရိက, အနောတ္တပ္ပဗိုလ် ၃-ပါးနှင့်ယှဉ်သည့်စိတ်** ။ ။ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး ဖြစ်ပါသည်။

➤ **ဝီရိယ, သမာဓိ, အဟိရိက, အနောတ္တပ္ပဗိုလ် ၄-ပါးနှင့်ယှဉ်သည့်စိတ်** ။ ဝိစိကိစ္ဆာသဟဂုတ်ကြဉ် အကုသိုလ်စိတ် ၁၁-ပါး ဖြစ်ပါသည်။

➤ **သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ဟိရီ, ဩတ္တပ္ပဗိုလ် ၆-ပါးနှင့် ယှဉ်သည့်စိတ်** ကာမာဝစရဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါး ဖြစ်ပါသည်။

➤ **သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဟိရီ, ဩတ္တပ္ပဗိုလ် ၇-ပါးနှင့် ယှဉ်သည့်စိတ်** ကာမာဝစရဉာဏသမ္ပယုတ်စိတ် ၁၂-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် ၈-ပါး တို့ဖြစ်ပါသည်။

http://www.dhammadownload.com



## (၆) အဓိပတိ ၄–ပါး

၂၀။ စတ္တာရော အဓိပတိ ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ။

---

➤ **မိုလ် ၉–ပါးအရကောက်** ။ ။ သောဘနစိတ် ၅၉-ပါး၌ရှိသော သဒ္ဓါစေတသိက်သည် "သဒ္ဓါဗိုလ်" မည်၏။ ဝီရိယယှဉ်ရာစိတ် ၇၃-ပါး၌ရှိသော ဝီရိယစေတသိက်သည် **"ဝီရိယဗိုလ်"** မည်၏။ သောဘနစိတ် ၅၉-ပါး၌ရှိသော သတိစေတသိက်သည် **"သတိဗိုလ်"** မည်၏။ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ ဒွေးပဉ္စဝိညာဉ်-၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခုကြဉ်သော စိတ် ၇၂-ခု၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် **"သမာဓိဗိုလ်"**မည်၏။(သာဓကေ)အဝီရိယေသု ဗလာနိ။တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ။ တိဟိတ်စိတ် ၄၇-ပါး၌ရှိသော ပညာစေတသိက်သည် **"ပညာဗိုလ်"** မည်၏။ သောဘနစိတ် ၅၉-ပါး၌ရှိသော ဟိရီစေတသိက်သည် "ဟိရီဗိုလ်" မည်၏။ သောဘနစိတ် ၅၉-ပါး၌ရှိသော ဩတ္တပ္ပစေတသိက်သည် "ဩတ္တပ္ပဗိုလ်" မည်၏။ အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော အဟိရိကစေတသိက်သည် "အဟိရိကဗိုလ်" မည်၏။ အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော အနောတ္တပ္ပစေတသိက်သည် "အနောတ္တပ္ပ ဗိုလ်" မည်၏။

➤ **ဝီရိယမိုလ်, သမာဓိမိုလ် ၂–ပါးနှင့်ယှဉ်သည့်စိတ်** ။ ။ မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး တို့ဖြစ်ပါသည်။

➤ **မိုလ် ၉–ပါးနှင့် မယှဉ်သည့်စိတ်** ။ ။ ဒွေးပဉ္စဝိညာဉ်-၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခုတို့ ဖြစ်ပါသည်။ (အဝီရိယေသု ဗလာနိ-ကိုထောက်)

➤ **ဝီရိယ မရှိဘဲ မိုလ်ဖြစ်နိုင်/မဖြစ်နိုင် /ဗျင်းရိသူများ မိုလ်ဖြစ်နိုင်/မဖြစ်နိုင်** အဝီရိယေသု ဗလာနိ (န လဗ္ဘန္တိ) ကိုထောက်၍ ဝီရိယမရှိဘဲ ဗိုလ် မဖြစ်နိုင်ပါ။

(စာပိုဒ်–၂၀) **အဓိပတိ ၄–ပါးနှင့် တရားကိုယ် ယှဉ်တွဲပုံ**

ဆန္ဒာဓိပတိ (ဆန္ဒစေတသိက်)၊ ဝီရိယာဓိပတိ (ဝီရိယစေတသိက်)၊ စိတ္တာဓိပတိ (စိတ်)၊ ဝီမံသာဓိပတိ (ပညာစေတသိက်)

➤ **အဓိပတိ ၄–ပါး အရကောက်** ။ ။ ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂-ခု၌ရှိသော ဆန္ဒစေတသိက်သည် **"ဆန္ဒာဓိပတိ"** မည်၏။ ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂-ခု၌ရှိသော ဝီရိယစေတသိက်သည် **"ဝီရိယာဓိပတိ"** မည်၏။ ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂-ခု သည် **"စိတ္တာဓိပတိ"** မည်၏။ တိဟိတ်ဇော ၃၄-ခု၌ရှိသော ပညာစေတသိက်သည် **"ဝီမံသာဓိပတိ"** မည်၏။ (စာပိုဒ်-၂၈-ကိုထောက်)

http://www.dhammadownload.com


## (၇) အာဟာရ ၄-ပါး

၂၁။ စတ္တာရော အာဟာရာ ကဗဠီကာရော အာဟာရော, ဖဿော ဒုတိယော, မနောသဉ္စေတနာ တတိယာ, ဝိညာဏံ စတုတ္ထံ။

**တရားကိုယ်ကောက်နည်း/ဣန္ဒြေတရားကိုယ်ပြ ၂၂/၂၃/၂၄/၂၅**

**လောကုတ္တရာပညိန္ဒြေ ၃-ပါးနှင့်တရားကိုယ် ၂၂/၂၃/၂၄**

၂၂။ ဣန္ဒြိယေသု ပနေတ္ထ သောတာပတ္တိမဂ္ဂဉာဏံ အနညာတညဿာမီတိန္ဒြိယံ။

၂၃။ အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ။

၂၄။ မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စန္တိ။

**ဇီဝိတိန္ဒြေသရုပ်နှင့် တရားကိုယ်**

၂၅။ ဇီဝိတိန္ဒြိယဉ္စ ရူပါရူပဝသေန ဒုဝိဓံ ဟောတိ။

---

➤ **စိတ္တာဓိပတိ-၌ စိတ္တ-အရ** ။ ။ ဒွိဟိတ်ဇော ၁၈-ခု၊ တိဟိတ်ဇော ၃၄-ခုဟုဆိုအပ်သော သာဓိပတိဇော ၅၂-ခုကို ယူရပါမည်။ (စာပိုဒ်-၂၈-ကိုထောက်)

➤ **ဇောအမည်ရပါလျက် အဓိပတိ မတပ်သောစိတ်ကား** ။ ။ မောဟမူစိတ် ၂-ပါး၊ ဟသိတုပ္ပါဒ် ၁-ပါးတို့ ဖြစ်ပါသည်။

(စာပိုဒ်- ၂၁) **အာဟာရ ၄-ပါးနှင့် တရားကိုယ် ယှဉ်တွဲပုံ**

ကဗဠီကာရ အာဟာရ (ဩဇာ)၊ ဖဿာဟာရ (ဖဿစေတသိက်)၊ မနောသဉ္စေတနာဟာရ (စေတနာစေတသိက်)၊ ဝိညာဏာဟာရ (စိတ်-၈၉)။

➤ **အာဟာရ ၄-ပါး အရကောက်** ။ ။ ဩဇာရုပ်သည် "ကဗဠီကာရ အာဟာရ" မည်၏။ စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော ဖဿစေတသိက်သည် "ဖဿာဟာရ" မည်၏။ စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာစေတသိက်သည် "မနောသဉ္စေတနာဟာရ" မည်၏။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် "ဝိညာဏာဟာရ" မည်၏။

(စာပိုဒ်- ၂၅) **ဇီဝိတိန္ဒြေ ၂-မျိုးကား** ။ ။ ၁။ ရုပ်ဇီဝိတ=ဇီဝိတရုပ်၊ ၂။ နာမ်ဇီဝိတ= ဇီဝိတိန္ဒြေ စေတသိက်တို့ ဖြစ်ပါသည်။

မေး ။ ။ အဘယ်၏ အစွမ်းအားဖြင့် ဇီဝိတိန္ဒြေသည် အဘယ်မျှပြားပါသနည်း။

ဖြေ ။ ။ရုပ်ဇီဝိတ, နာမ်ဇီဝိတ-တို့၏ အစွမ်းအားဖြင့် ဇီဝိတိန္ဒြေသည် ၂-ပါးပြားပါသည် (စာပိုဒ်-၂၅)ကိုထောက်။

http://www.dhammadownload.com



**ဈာနင်, မိုလ်, မဂ္ဂင် မထိုက်သော တရားပြ**

၂၆။ ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ၊ အဝီရိယေသု ဗလာနိ၊ အဟေတု-ကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ။

**မဂ္ဂင်, ဣန္ဒြေ, မိုလ် မထိုက်သော တရားပြ**

၂၇။ တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ။

**အဓိပတိတရားကိုယ်ပြ**

၂၈။ ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ။

---

**(စာပိုဒ်- ၂၆) ဈာနင်မထိုက်သော စိတ်များကား ။ ။** ဒွေးပဉ္စဝိညာဉ် ၁၀-ဖြစ်ပါသည်။
(သာဓက) ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ န လဗ္ဘန္တိ။

➢ **မိုလ် မထိုက်သော စိတ်များကား ။ ။** ဝီရိယ မဖြစ်သောစိတ် ၁၆-ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့ ဖြစ်ပါသည်။ [အဝီရိယေသု ဗလာနိ-နှင့် စာပိုဒ် ၂၇-ထောက်]

➢ **မဂ္ဂင် မရထိုက်သော စိတ်များကား ။ ။** အဟိတ်စိတ် ၁၈-ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့ ဖြစ်ပါသည်။[အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိနှင့် ၂၇-ထောက်]

➢ **ဈာနင် မထိုက်သော ဧကဂ္ဂတာ ။ ။** ဒွေးပဉ္စဝိညာဉ် ၁၀-၌ယှဉ်သော ဧကဂ္ဂတာ-ဖြစ်ပါသည်။ ➢ **ဈာနင်ထိုက်သော ဧကဂ္ဂတာ ။ ။** ဒွေးပဉ္စဝိညာဉ် ၁၀-မှတစ်ပါး စိတ် ၇၉- ပါး၌ရှိသော ဧကဂ္ဂတာ ဖြစ်ပါသည်။

➢ **ဈာနင်ထိုက်သော ဥပေက္ခာ ။ ။** စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေးကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါး၌ရှိသော ဝေဒနာစေတသိက် ဖြစ်ပါသည်။

➢ **ဈာနင် မထိုက်သော ဥပေက္ခာ ။ ။** စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး တို့၌ရှိသော ဝေဒနာစေတသိက် ဖြစ်ပါသည်။

**(စာပိုဒ်- ၂၇) မဂ္ဂင်, ဣန္ဒြေ, မိုလ်အဖြစ်သို့ မရောက်သော ဧကဂ္ဂတာ ။ ။** ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော ဧကဂ္ဂတာ စေတသိက်ဖြစ်ပါသည်။

➢ **မဂ္ဂင်, ဣန္ဒြေ, မိုလ်အဖြစ်သို့ ရောက်သော ဧကဂ္ဂတာ ။ ။** ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်သော စိတ် ၈၈-ခု၌ရှိသော ဧကဂ္ဂတာ ဖြစ်ပါသည်။

**(စာပိုဒ်- ၂၈) အဓိပတိရထိုက်သော စိတ်ကား ။ ။** ဒွိဟိတ်ဇော ၁၈-ခု၊ တိဟိတ်ဇော ၃၄-ခုတို့၌သာ အဓိပတိကို ရထိုက်ပါသည်။

http://www.dhammadownload.com


**သင်္ဂဟဂါထာများ**

၂၉။ ဆ ဟေတူ ပဉ္စ ဈာနင်္ဂါ၊ မဂ္ဂင်္ဂါ နဝ ဝတ္ထုတော။
သောဠသိန္ဒြိယဓမ္မာ စ၊ ဗလဓမ္မာ နဝေရိတာ။
စတ္တာရော ဓိပတီ ဝုတ္တာ၊ တထာ ဟာရာတိ သတ္တဓာ။
ကုသလာဒိ သမာကိဏ္ဏော၊ ဝုတ္တော မိဿကသင်္ဂဟော။

---

➢ **အဓိပတိ မရထိုက်သော စိတ်များကား** ။ ။ **အဟိတ်ဇော, ဧကဟိတ်ဇောနှင့်** ဇော, မဟုတ်သော လောကီဝိပါက်စိတ်တို့ ဖြစ်ပါသည်။

**မေး** ။ ။ စူးစမ်းဆင်ခြင်မှု အကြီးအမှူးဖြစ်သည့်အခါ အဘယ်တရားတို့ ယှဉ်တွဲဖြစ်ပါသနည်း၊ အာဂုမ်သာကေဖြင့် ဖြေပါ။

**ဖြေ** ။ ။ စူးစမ်းဆင်ခြင်မှု အကြီးအမှူးဖြစ်သည့်အခါ မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၈-ခု၊ အပ္ပနာဇော ၂၆-ခု၊ ဝီမံသကြွင်သော စေတသိက် ၃၃-ခုတို့ ဖြစ်ပါသည်။ (စာပိုဒ် ၂၈-ကိုထောက်)

(စာပိုဒ်- ၂၉) **ဆ ဟေတူ-၌ ဆ-အရ / ဟိတ်တရားကိုယ် ၆-ပါး** ။ ။
လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ-တို့ ဖြစ်ပါသည်။

➢ **ပဉ္စ ဈာနင်္ဂါ-၌ ပဉ္စ-အရ/ဈာနင်တရားကိုယ် ၅-ပါးကား** ။ ။ ဝိတက်, ဝိစာရ ပီတိ, ဧကဂ္ဂတာ, ဝေဒနာ-တို့ ဖြစ်ပါသည်။(စာပိုဒ်-၁၆-ကိုထောက်)

➢ **မဂ္ဂင်္ဂါ နဝ ဝတ္ထုတော-၌ နဝ-အရ / မဂ္ဂင်တရားကိုယ် ၉-ပါးကား**
ပညာ, ဝိတက်, ဝိရတီ ၃-ခု၊ ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ-တို့ ဖြစ်ပါသည်။

➢ **သောဠသိန္ဒြိယဓမ္မာစ-၌ သောဠသ-အရ/ဣန္ဒြေတရားကိုယ် ၁၆-ပါးကား**
ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ရုပ်ဇီဝိတ, နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၁၈-ကိုထောက်)

➢ **ဗလဓမ္မာ နဝေရိတာ-၌ နဝ-အရ/ဗိုလ်တရားကိုယ် ၉-ပါးကား**
သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ, ဟိရီ, ဩတ္တပ္ပ, အဟိရိက, အနောတ္တပ္ပ တို့ ဖြစ်ပါသည်။(စာပိုဒ်-၁၉-ကိုထောက်)

➢ **စတ္တာရောဓိပတီ ဝုတ္တာ-၌ စတ္တာရော-အရ / အဓိပတိတရားကိုယ် ၄-ပါး**
ဆန္ဒ, ဝီရိယ, စိတ်, ပညာ-တို့ ဖြစ်ပါသည်။ (စာပိုဒ်-၂၀-ကိုထောက်)

(တစ်နည်း) **စတ္တာရောဓိပတီ ဝုတ္တာ-၌ စတ္တာရော-အရ / အာဟာရတရားကိုယ်၄-ပါးကား** ။ ။ အာဟာရရုပ်, ဖဿ, စေတနာ, ဝိညာဉ်-တို့ဖြစ်ပါသည်။(၂၁-ထောက်)

http://www.dhammadownload.com


## ဗောဓိပက္ခိယသင်္ဂဟ

### (၁) သတိပဋ္ဌာန် ၄-ပါး (သမ္မာသတိအပြားပြ)

၃၀။ ဗောဓိပက္ခိယသင်္ဂဟေ စတ္တာရော သတိပဋ္ဌာနာ ကာယာ - နုပဿနာ သတိပဋ္ဌာနံ, ဝေဒနာနုပဿနာ သတိပဋ္ဌာနံ, စိတ္တာနုပဿနာ သတိပဋ္ဌာနံ, ဓမ္မာနုပဿနာ သတိပဋ္ဌာနံ။

---

➤ **တထာဟာရောတိ သတ္တခေ-၌ သတ္တ-အရ** ။ ။ ဟိတ်, ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိ, အာဟာရ-တို့ ဖြစ်ပါသည်။

➤ **အမည် ၅-မျိုးရ စေတသိက်** ။ ။ ပညာ ဖြစ်ပါသည်။ * အမည်များကား = ဟိတ်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိ-တို့ ဖြစ်ပါသည်။

➤ **ပညာ ၅-ဌာနကား** ။ ။ အမောဟဟိတ်, သမ္မာဒိဋ္ဌိမဂ္ဂင်, ပညိန္ဒြေ, ပညာဗိုလ်, ဝီမံသာဓိပတိ-တို့ ဖြစ်ပါသည်။

➤**ဝီရိယ+ဧကဂ္ဂတာ ၄-ဌာန/ အမည် ၄-မျိုးရစေတသိက်** = **ဝီရိယ** [သမ္မာဝါယာမမဂ္ဂင်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယာဓိပတိ] **ဧကဂ္ဂတာ** [ဈာနင်, သမ္မာသမာဓိမဂ္ဂင်, သမာဓိန္ဒြေ, သမာဓိဗိုလ်]

➤**၃-ဌာန/ အမည် ၃-မျိုးရ စေတသိက်** = **သတိ စေတသိက်** [သမ္မာသတိမဂ္ဂင်, သမာဓိန္ဒြေ, သမာဓိဗိုလ်] **စိတ်** [မနိန္ဒြေ, စိတ္တာဓိပတိ, ဝိညာဏာဟာရ ]

➤ **အမည် ၂-မျိုးရ စေတသိက်** = ဝေဒနာ [ဈာနင်, ဣန္ဒြေ] သဒ္ဓါစေတသိက် [သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်] ဝိတက် စေတသိက် [ ဝိတက်ဈာနင်, သမ္မာသင်္ကပ္ပမဂ္ဂင်]

➤ **အမည်တစ်မျိုးသာ,ရသော တရားများကို အမည်နှင့်တကွ ယှဉ်တွဲပုံ** (၂၈-ပါး)

ဝိစာရ=ဈာနင်၊ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ=ဟိတ်၊ ပီတိ=ဈာနင်၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဒိဋ္ဌိ = မဂ္ဂင်၊ ဟိရီ, ဩတ္တပ္ပ, အဟိရိက, အနောတ္တပ္ပ = ဗိုလ်၊ ဆန္ဒ = အဓိပတိ၊ ဖဿ, စေတနာ, အာဟာရရုပ် = အာဟာရ။ ဇီဝိတိန္ဒြေ, ပသာဒရုပ် ၅-ခု, ဘာဝရုပ် ၂-ခု, ဇီဝိတရုပ် = ဣန္ဒြေ-တို့ ဖြစ်ပါသည်။

**(စာပိုဒ်-၃၀) သတိပဋ္ဌာန် ၄-ပါးကား** ။ ။ (၁) ကာယာနုပဿနာ သတိပဋ္ဌာန် (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန် (၃) စိတ္တာနုပဿနာသတိပဋ္ဌာန် (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်-တို့ ဖြစ်ပါသည်။

➤ **သတိပဋ္ဌာန် ၄-ပါး အရကောက်** ။ ။ မဟာကုသိုလ်, မဟာကြိယာ အပ္ပနာဇော ဆဗ္ဗိသ-၌ရှိသော သတိစေတသိက် ဖြစ်ပါသည်။ (စာပိုဒ်-၃၇-ကိုထောက်)

http://www.dhammadownload.com



## (၂) သမ္မပ္ပဓာန် ၄-ပါး (သမ္မာဝါယာမ အပြားပြ)
## (နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ကို ကြိုးစားအားထုတ်ပုံပြ)

၃၁။ စတ္တာရော သမ္မပ္ပဓာနာ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော, အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော, အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော, ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

## (၃) ဣဒ္ဓိပါဒ် ၄-ပါး

၃၂။ စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ, ဝီရိယိဒ္ဓိပါဒေါ, စိတ္တိဒ္ဓိပါဒေါ, ဝီမံသိဒ္ဓိပါဒေါ။

---

➢ **အထက်တန်းကျကျ နေနိုင်ရေးအတွက် လှဲ့လပြုရမည့် နည်းလမ်းလေးသွယ်**
**(ဓာပိုဒ်-၃၁) သမ္မပ္ပဓာန် ၄-ပါးကား** ။ ။ (၁) ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်ခြင်း၊ (၂) မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ခြင်းငှာ အားထုတ်ခြင်း၊ (၃) မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ ဖြစ်ခြင်းငှာ အားထုတ်ခြင်း၊ (၄) ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို သွန်စွာတိုးပွားစေခြင်းငှာ အားထုတ်ခြင်းတို့ ဖြစ်ပါသည်။

➢ **သမ္မပ္ပဓာန် ၄-ပါးအရကောက်** ။ ။ ကုသိုလ်စိတ် ကေဝီသဉ်ရှိသော ဝီရိယ စေတသိက် ဖြစ်ပါသည်။ (ဓာပိုဒ်-၃၈-ကိုထောက်)

➢ **ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော-၌ ဥပ္ပန္နကုသလ-အရ မဂ်ကုသိုလ် ပါဝင်နိုင်/မပါဝင်နိုင်** ။ ။ စတ္တာရော ပန မဂ္ဂုပ္ပါဒါ ကေစိတ္တက္ခဏိကာ-ကိုထောက်၍ မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်သောကြောင့် မဂ်ကုသိုလ် မပါဝင်နိုင်။
**(ဓာပိုဒ်-၃၂) ဣဒ္ဓိပါဒ် ၄-ပါးနှင့် တရားကိုယ် ယှဉ်တွဲပုံ** ။ ။ ဆန္ဒိဒ္ဓိပါဒ်=ဆန္ဒစေတသိက်၊ ဝီရိယိဒ္ဓိပါဒ်=ဝီရိယစေတသိက်၊ စိတ္တိဒ္ဓိပါဒ်=စိတ်၊ ဝီမံသိဒ္ဓိပါဒ်=ပညာစေတသိက်။

➢ **ဣဒ္ဓိပါဒ် ၄-ပါး အရကောက်** ။ ။ ကုသိုလ်စိတ် ကေဝီသဉ်ရှိသော ဆန္ဒစေတသိက်သည် "ဆန္ဒိဒ္ဓိပါဒ်" မည်၏။ ကုသိုလ်စိတ် ကေဝီသဉ်ရှိသော ဝီရိယ စေတသိက်သည် "ဝီရိယိဒ္ဓိပါဒ်" မည်၏။ ကုသိုလ်စိတ် ကေဝီသ-သည် "စိတ္တိဒ္ဓိပါဒ်" မည်၏။ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု၌ရှိသော ပညာစေတသိက်သည် "ဝီမံသိဒ္ဓိပါဒ်" မည်၏။

http://www.dhammadownload.com



## (၄) ဣန္ဒြေ ၅-ပါး

၃၃။ ပဉ္စိန္ဒြိယာနိ သဒ္ဓိန္ဒြိယံ, ဝီရိယိန္ဒြိယံ, သတိန္ဒြိယံ, သမာဓိန္ဒြိယံ, ပညိန္ဒြိယံ။

## (၅) ဗိုလ် ၅-ပါး

၃၄။ ပဉ္စ ဗလာနိ သဒ္ဓါဗလံ, ဝီရိယဗလံ, သတိဗလံ, သမာဓိဗလံ, ပညာဗလံ။

---

**(စာပိုဒ်-၃၃) ဣန္ဒြေ ၅-ပါးနှင့် တရားကိုယ် ယှဉ်တွဲပုံ ။ ။** သဒ္ဓိန္ဒြေ (သဒ္ဓါစေတသိက်) ဝီရိယိန္ဒြေ (ဝီရိယစေတသိက်)၊ သတိန္ဒြေ (သတိစေတသိက်)၊ သမာဓိန္ဒြေ (သမာဓိစေတသိက်)၊ ပညိန္ဒြေ (ပညာစေတသိက်)။

➤ **ဣန္ဒြေ ၅-ပါး အရကောက် ။ ။** မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော သဒ္ဓါစေတသိက်သည် "သဒ္ဓိန္ဒြေ" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသောဝီရိယ စေတသိက်သည် "ဝီရိယိန္ဒြေ" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော သတိစေတသိက်သည် "သတိန္ဒြေ" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် "သမာဓိန္ဒြေ" မည်၏။ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ပညာစေတသိက်သည် "ပညိန္ဒြေ" မည်၏။

**(စာပိုဒ်-၃၄) ဗိုလ် ၅-ပါးနှင့် တရားကိုယ် ယှဉ်တွဲပုံ ။ ။** သဒ္ဓါဗိုလ်(သဒ္ဓါစေတသိက်) ဝီရိယဗိုလ်(ဝီရိယစေတသိက်)၊ သတိဗိုလ်(သတိစေတသိက်)၊ သမာဓိဗိုလ်(သမာဓိစေတသိက်)၊ ပညာဗိုလ် (ပညာစေတသိက်)။

➤ **ဗိုလ် ၅-ပါး အရကောက် ။ ။** မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော သဒ္ဓါစေတသိက်သည် "သဒ္ဓါဗိုလ်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ဝီရိယ စေတသိက်သည် "ဝီရိယဗိုလ်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော သတိစေတသိက်သည် "သတိဗိုလ်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် "သမာဓိဗိုလ်" မည်၏။ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ပညာစေတသိက်သည် "ပညာဗိုလ်" မည်၏။

http://www.dhammadownload.com



### (၆) ဗောဇ္ဈင် ၇-ပါး

၃၅။ သတ္တ ဗောဇ္ဈင်္ဂါ သတိ သမ္ဗောဇ္ဈင်္ဂေါ, ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ, ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ, ပီတိ သမ္ဗောဇ္ဈင်္ဂေါ, ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ, သမာဓိ သမ္ဗောဇ္ဈင်္ဂေါ, ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ။

### (၇) မဂ္ဂင် ၈-ပါး

၃၆။ အဋ္ဌ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာ ကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။

---

(စာပိုဒ်-၃၅) **ဗောဇ္ဈင် ၇-ပါးနှင့် တရားကိုယ်ယှဉ်တွဲပုံ** ။ ။ သတိသမ္ဗောဇ္ဈင် (သတိစေတသိက်)၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် (ပညာ)၊ ဝီရိယသမ္ဗောဇ္ဈင် (ဝီရိယ)၊ ပီတိသမ္ဗောဇ္ဈင် (ပီတိ)၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် (ပဿဒ္ဓိ)၊ သမာဓိသမ္ဗောဇ္ဈင် (ဧကဂ္ဂတာ) ဥပေက္ခာသမ္ဗောဇ္ဈင် (တတြမဇ္ဈတ္တတာ)။

➤ **ဗောဇ္ဈင် ၇-ပါး အရကောက်** ။ ။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော သတိစေတသိက်သည် "သတိသမ္ဗောဇ္ဈင်" မည်၏။ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ခု၊ အပ္ပနာဇော ၂၆-ခု၌ရှိသော ပညာစေတသိက်သည် "ဓမ္မဝိစယသမ္ဗောဇ္ဈင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ဝီရိယစေတသိက်သည် "ဝီရိယသမ္ဗောဇ္ဈင်" မည်၏။ မဟာကုသိုလ် မဟာကြိယာ သောမနဿသဟဂုတ်ဇော ၈-ခု၊ ပထမဈာန် ၁၁-ပါး၊ ဒုတိယဈာန် ၁၁-ပါး၊ တတိယဈာန် ၁၁-ပါးတို့၌ရှိသော ပီတိစေတသိက်သည် "ပီတိသမ္ဗောဇ္ဈင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ပဿဒ္ဓိ စေတသိက်သည် "ပဿဒ္ဓိသမ္ဗောဇ္ဈင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် **"သမာဓိသမ္ဗောဇ္ဈင်"** မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော တတြမဇ္ဈတ္တတာ စေတသိက်သည် "ဥပေက္ခာသမ္ဗောဇ္ဈင်" မည်၏။

(စာပိုဒ်-၃၆) **မဂ္ဂင် ၈-ပါးနှင့် တရားကိုယ် ယှဉ်တွဲပုံ**

သမ္မာဒိဋ္ဌိ (ပညာ)၊ သမ္မာသင်္ကပ္ပ (ဝိတက်)၊ သမ္မာဝါစာ (သမ္မာဝါစာ)၊ သမ္မာကမ္မန္တ (သမ္မာကမ္မန္တ)၊ သမ္မာအာဇီဝ (သမ္မာအာဇီဝ)၊ သမ္မာဝါယာမ (ဝီရိယ)၊ သမ္မာသတိ (သတိ) သမ္မာသမာဓိ (ဧကဂ္ဂတာ)၊

http://www.dhammadownload.com



**တရားကိုယ်ကောက်နည်း**

၃၇။ ဧတ္ထ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဧကောဝ ပဝုစ္စတိ။

၃၈။ တထာ စတ္တာရော သမ္မပ္ပဓာနာတိ စ သမ္မာဝါယာမော။

**ဗောဓိပက္ခိယတရားတို့၏ သဘာဝ, ပဘေဒ, သင်္ဂဟ ၃-ချက်ပြ**

**တရားကိုယ်ပြ သင်္ဂဟဂါထာများ**

၃၉။ ဆန္ဒော စိတ္တမုပေက္ခာ စ၊ သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓီတိ၊ စုဒ္ဒသေတေ သဘာဝတော။
သတ္တတိံ သပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။

---

➤ **မဂ္ဂင် ၈-ပါး အရကောက်** ။ ။မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ပညာစေတသိက်သည် "သမ္မာဒိဋ္ဌိမဂ္ဂင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ ပထမဈာန် ၁၁-ခုတို့၌ရှိသော ဝိတက် စေတသိက်သည် "သမ္မာသင်္ကပ္ပမဂ္ဂင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ လောကုတ္တရာစိတ် ၈-ခုတို့၌ရှိသော သမ္မာဝါစာ စေတသိက်သည် "သမ္မာဝါစာမဂ္ဂင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ လောကုတ္တရာစိတ် ၈-ခုတို့၌ရှိသော သမ္မာကမ္မန္တ စေတသိက်သည် "သမ္မာကမ္မန္တ မဂ္ဂင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ လောကုတ္တရာစိတ် ၈-ခုတို့၌ရှိသော သမ္မာအာဇီဝ စေတသိက်သည် "သမ္မာအာဇီဝမဂ္ဂင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ဝီရိယစေတသိက်သည် "သမ္မာဝါယာမမဂ္ဂင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော သတိ စေတသိက်သည် "သမ္မာသတိမဂ္ဂင်" မည်၏။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အပ္ပနာဇော ၂၆-ခုတို့၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် "သမ္မာသမာဓိမဂ္ဂင်" မည်၏။

(ဓာပိုဒ်-၃၉) **စုဒ္ဒသေတေ သဘာဝတော-၌ စုဒ္ဒသ-အရ/**

**သဘာဝ အားဖြင့် ဗောဓိပက္ခိယ တရားကိုယ် ၁၄-ပါးကား** ။ ။ ဆန္ဒ, စိတ်, တတြမဇ္ဈတ္တတာ, သဒ္ဓါ, ပဿဒ္ဓိ, ပီတိ, သမ္မာဒိဋ္ဌိ (ပညာ), သမ္မာသင်္ကပ္ပ (ဝိတက်), သမ္မာဝါယာမ (ဝီရိယ), သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာသတိ(သတိ), သမ္မာသမာဓိ (ဧကဂ္ဂတာ)တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဠာနဖြင့် ဓေပန်ခြင်း

၄၀။ သက်ပ္ပ ပဿဒ္ဓိ စ ပီတုပေက္ခာ၊ ဆန္ဒော စ စိတ္တံ ဝိရတိတ္တယဉ္စ။
နဝေကဌာနာ ဝီရိယံ နဝဋ္ဌ၊ သတိ သမာဓိ စတု ပဥ္စ ပညာ။
သဒ္ဓါ ဒုဌာနုတ္တမ သတ္တတိံသ၊ ဓမ္မာနမေသော ပဝရော ဝိဘာဂေါ။

➤ **သတ္တတိံသပ္ပဘေဒေန–၌ သတ္တတိံသ–အရ/ပဘေဒအားဖြင့် ဗောဓိပက္ခိယ တရား ၃၇–ပါး /သဒ္ဓါဒုဌာနုတ္တမ သတ္တတိံသ–၌ သတ္တတိံသ–အရ** ။ ။ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး၊ ပေါင်း ၃၇-ပါး ဖြစ်ပါသည်။

➤ **သတ္တဓာ တတ္ထ သင်္ဂဟော–၌ သတ္တဓာ သရုပ်/ဗောဓိပက္ခိယသင်္ဂဟ ၇–ပါး ကောဋ္ဌာသအားဖြင့်** = သတိပဋ္ဌာနသင်္ဂဟ၊ သမ္မပ္ပဓာနသင်္ဂဟ၊ ဣဒ္ဓိပါဒသင်္ဂဟ၊ ဣန္ဒြိယ သင်္ဂဟ၊ ဗလသင်္ဂဟ၊ ဗောဇ္ဈင်္ဂသင်္ဂဟ၊ မဂ္ဂင်္ဂသင်္ဂဟ-တို့ ဖြစ်ပါသည်။

**(ဓာပိုဒ်–၄၀) နဝေကဌာနာ–အရ/ ၁–ဌာနရှိသော တရားများကို ဆိုင်ရာဌာနများနှင့် တွဲစပ်မှု** ။ ။ သက်ပ္ပ=သမ္မာသင်္ကပ္ပမဂ္ဂင်၊ ပဿဒ္ဓိ=ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ပီတိ=ပီတိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာ=ဥပေက္ခာသမ္ဗောဇ္ဈင်၊ ဆန္ဒ=ဆန္ဒိဒ္ဓိပါဒ်၊ စိတ္တ=စိတ္တိဒ္ဓိပါဒ်၊ သမ္မာဝါစာ=သမ္မာဝါစာ မဂ္ဂင်၊ သမ္မာကမ္မန္တ=သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝ= သမ္မာအာဇီဝမဂ္ဂင်-တို့ ဖြစ်ပါသည်။

➤ **နဝေကဌာနာ–၌ နဝ–အရ** ။ ။ သက်ပ္ပ, ပဿဒ္ဓိ, ပီတိ, ဥပေက္ခာ, ဆန္ဒ, စိတ္တ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-တို့ ဖြစ်ပါသည်။

➤ **ဝီရိယံ နဝ–အရ/ဝီရိယ ၉–ဌာနကား** ။ ။ သမ္မပ္ပဓာန် ၄-ဌာန၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယသမ္ဗောဇ္ဈင်၊ သမ္မာဝါယာမ မဂ္ဂင်ဌာန-တို့ ဖြစ်ပါသည်။

➤ **၉–ဌာနတပ်သော တရားကား** = ဝီရိယ ဖြစ်ပါသည်။

➤ **အဋ္ဌ သတိ–၌ အဋ္ဌ–အရ/ သတိ ၈–ဌာနကား** ။ ။ သတိပဋ္ဌာန် ၄-ဌာန၊ သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊ သမ္မာသတိမဂ္ဂင်ဌာန-တို့ ဖြစ်ပါသည်။

➤ **သမာဓိ စတု–၌ စတု–အရ/ သမာဓိ(ဧကဂ္ဂတာ) ၄–ဌာနကား** ။ ။ သမာဓိန္ဒြေ သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်၊ သမ္မာသမာဓိမဂ္ဂင်ဌာန-တို့ ဖြစ်ပါသည်။

➤ **ပဥ္စ ပညာ–၌ ပဥ္စ–အရ/ ပညာ ၅–ဌာနကား** ။ ။ ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဌာန-တို့ ဖြစ်ပါသည်။

➤ **၅–ဌာနတပ်သော တရားကား** = ပညာ ဖြစ်ပါသည်။

➤ **သဒ္ဓါ ဒုဌာန–၌ ဒု–အရ/သဒ္ဓါ ၂–ဌာနကား** ။ ။ သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ်။

http://www.dhammadownload.com



**မဂ်ဉာဏ်၏ အသင်းအပင်းတရားများ ရသင့်ရာစိတ်ကို မှတ်သားပြပုံပြ**

**ဗောဓိပက္ခိယတရားတို့၏ ရသင့်ရာစိတ်ကို မှတ်သားပြပုံပြဂါထာ**

၄၁။ သဗ္ဗေ လောကုတ္တရေ ဟောန္တိ၊ နဝါ သင်္ကပ္ပ ပီတိယော။
လောကိယေပိ ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။

---

**(စာပိုဒ်-၄၁) သဗ္ဗေ လောကုတ္တရေ ဟောန္တိ ဂါထာ၏ အဓိပ္ပါယ်**

ဝိတက်နှင့် ပီတိ-မှတစ်ပါး ကြွင်းသော ဗောဓိပက္ခိယ တရားကိုယ် ၁၂-ပါးတို့သည် အလုံးစုံသော လောကုတ္တရာစိတ်၌ ယှဉ်ကြပါသည်။ ဝိတက်ကား လောကုတ္တရာ ပထမဈာန်စိတ်၌သာယှဉ်၍ ဒုတိယဈာန် စသည်တို့၌ မယှဉ်ပါ။ ပီတိကား လောကုတ္တရာ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၌ယှဉ်၍ စတုတ္ထဈာန်, ပဉ္စမဈာန်တို့၌ မယှဉ်ပါ။ သီလဝိသုဒ္ဓိ-စသော လောကီဝိသုဒ္ဓိ ၆-ပါးတို့ ဖြစ်ရာအခါဝယ် လောကီကုသိုလ်, ကြိယာစိတ်များ၌လည်း ဗောဓိပက္ခိယတရားတို့ ထိုက်သည်အားလျော်စွာ ယှဉ်ကြပါသည်။

➤ **သဗ္ဗေ လောကုတ္တရေ ဟောန္တိ-၌ လောကုတ္တရ-အရကား** ။ ။ လောကုတ္တရာ ပထမဈာန်စိတ်၌သာလျှင် ဗောဓိပက္ခိယတရားကိုယ်အားလုံး ရနိုင်သောကြောင့် ပထမဈာန်စိတ်ကိုသာ ယူရပါမည်။(စေတသိက်စာပိုဒ်-၃၆-ကိုထောက်)

(တစ်နည်း) သမ္မာသင်္ကပ္ပအတွက် ပထမဈာန်လောကုတ္တရာစိတ်၊ ပီတိသမ္ဗောဇ္ဈင်အတွက် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန် လောကုတ္တရာစိတ်၊ ကြွင်းသော ဗောဓိပက္ခိယတရားအတွက် လောကုတ္တရာစိတ်အားလုံးကို ယူရပါမည်။

➤ **လောကိယေပိ ယထာယောဂံ-၌ လောကိယေပိ-အရ** ။ ။ မဟာကုသိုလ်-၈ ပါး၊မဟာကြိယာ ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး ဖြစ်ပါသည်။

(တစ်နည်း) လောကီ သောဘနစိတ်တို့ကို ယူရပါမည်။

➤ **ဗောဓိပက္ခိယတရားအားလုံး ရနိုင်သော လောကုတ္တရာစိတ်ကား** ။ ။ ပထမဈာန်စိတ် ၈-ပါး ဖြစ်ပါသည်။

➤ **ဗောဓိပက္ခိယတရား အချို့ရနိုင်သော လောကုတ္တရာစိတ်ကား** ။ ။ ဒုတိယဈာန် ၈-ပါး၊ တတိယဈာန် ၈-ပါး၊ စတုတ္ထဈာန် ၈-ပါး၊ပဉ္စမဈာန် ၈-ပါးတို့ ဖြစ်ပါသည်။

➤ **နဝါ သင်္ကပ္ပပီတိယောပါဠိ၌ ဝိတက်, ပီတိ-တို့ မရနိုင်သော လောကုတ္တရာစိတ်များ** ။ ။ ဝိတက်ကို လောကုတ္တရာ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်တို့၌ မရနိုင်ပါ။ ပီတိကို စတုတ္ထဈာန်, ပဉ္စမဈာန်တို့၌ မရနိုင်ပါ။

http://www.dhammadownload.com



## သဗ္ဗသင်္ဂဟ

### (၁) ခန္ဓာ ၅-ပါး

၄၂။ သဗ္ဗသင်္ဂဟေ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော, ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော။

### ဥပါဒါနက္ခန္ဓာ ၅-ပါး

၄၃။ ပဉ္စုပါဒါနက္ခန္ဓာ ရူပုပါဒါနက္ခန္ဓော, ဝေဒနုပါဒါနက္ခန္ဓော, သညုပါဒါနက္ခန္ဓော, သင်္ခါရုပါဒါနက္ခန္ဓော, ဝိညာဏုပါဒါနက္ခန္ဓော။

### (၃) အာယတန ၁၂-ပါး

၄၄။ ဒွါဒသာယတနာနိ စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ, မနာယတနံ, ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာယတနံ, ဓမ္မာယတနံ။

---

(စာပိုဒ်-၄၂) **ခန္ဓာ ၅-ပါးနှင့် တရားကိုယ်အရေအတွက်**

၁။ ရုပ်အဋ္ဌဝီသ-သည် "ရူပက္ခန္ဓာ" မည်၏။ ၂။ ဝေဒနာစေတသိက်သည် "ဝေဒနာက္ခန္ဓာ" မည်၏။ ၃။ သညာစေတသိက်သည် "သညာက္ခန္ဓာ" မည်၏။

၄။ ဝေဒနာ, သညာ-မှကြွင်းသော စေတသိက် ပညာသ-သည် "သင်္ခါရက္ခန္ဓာ" မည်၏။ ၅။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် "ဝိညာဏက္ခန္ဓာ" မည်၏။ (နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ (စာပိုဒ်-၄၉-ကိုထောက်)

(စာပိုဒ်-၄၃) **ဥပါဒါနက္ခန္ဓာ ၅-ပါးနှင့် တရားကိုယ်အရေအတွက်**

၁။ ရုပ်အဋ္ဌဝီသ-သည် "ရူပုပါဒါနက္ခန္ဓာ" မည်၏။ ၂။ လောကီစိတ် ၈၁-ခုတို့၌ ရှိသော ဝေဒနာစေတသိက်သည် "ဝေဒနုပါဒါနက္ခန္ဓာ" မည်၏။ ၃။ လောကီစိတ် ၈၁-ခုတို့၌ရှိသော သညာစေတသိက်သည် "သညုပါဒါနက္ခန္ဓာ" မည်၏။ ၄။ ဝေဒနာ, သညာမှကြွင်းသော စေတသိက် ပညာသ-သည် "သင်္ခါရုပါဒါနက္ခန္ဓာ" မည်၏။ ၅။ လောကီစိတ် ၈၁-ခုတို့သည် "ဝိညာဏုပါဒါနက္ခန္ဓာ" မည်၏။ (လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်သည် ဥပါဒါနက္ခန္ဓာဟူသော အရေအတွက်မှ လွတ်၏)

➤ **ဝိညာဏ ၂-နည်းအထူး** ။ ။ ဝိညာဏက္ခန္ဓော၌ ဝိညာဏ-အရကား စိတ် ၈၉-ပါး ဖြစ်ပါသည်။ ဝိညာဏုပါဒါနက္ခန္ဓော၌ ဝိညာဏ-အရကား လောကီစိတ် ၈၁-ပါး ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



## (၄) ဓာတ် ၁၈-ပါး

၄၅။ အဋ္ဌာရသ ဓာတုယော စက္ခုဓာတု, သောတဓာတု, ဃာနဓာတု, ဇိဝှါဓာတု, ကာယဓာတု, ရူပဓာတု, သဒ္ဒဓာတု, ဂန္ဓဓာတု, ရသဓာတု, ဖောဋ္ဌဗ္ဗဓာတု, စက္ခုဝိညာဏဓာတု, သောတဝိညာဏဓာတု, ဃာနဝိညာဏဓာတု, ဇိဝှါဝိညာဏဓာတု, ကာယဝိညာဏဓာတု, မနောဓာတု, မနောဝိညာဏဓာတု, ဓမ္မဓာတု။

---

(စာပိုဒ်-၄၄) **အာယတန ၁၂-ပါးနှင့် တရားကိုယ် အရေအတွက်**

၁။ စက္ခုပသာဒသည် "စက္ခာယတန" မည်၏။ (၂) သောတပသာဒသည် "သောတာယတန" မည်၏။ (၃) ဃာနပသာဒသည် "ဃာနာယတန" မည်၏။ (၄) ဇိဝှါပသာဒသည် "ဇိဝှါယတန" မည်၏။ (၅) ကာယပသာဒသည် "ကာယာယတန" မည်၏။ (၆) ရူပါရုံသည် "ရူပါယတန" မည်၏။ (၇) သဒ္ဒါရုံသည် "သဒ္ဒါယတန" မည်၏။ (၈) ဂန္ဓာရုံသည် "ဂန္ဓာယတန" မည်၏။ (၉) ရသာရုံသည် "ရသာယတန" မည်၏။ (၁၀) ပထဝီ, တေဇော, ဝါယော-ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် "ဖောဋ္ဌဗ္ဗာယတန" မည်၏။ (၁၁) စိတ်တစ်ခုယုတ်ကိုးဆယ်သည် "မနာယတန" မည်၏။ (၁၂) စေတသိက် ဒွေပညာသ၊ သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် "ဓမ္မာယတန" မည်၏။

(စာပိုဒ်-၄၅) [**ရုပ်သက်သက်ဓာတ် ၁၀-ပါး**] (၁) စက္ခုပသာဒသည် "စက္ခုဓာတ်" မည်၏။ (၂) သောတပသာဒသည် "သောတဓာတ်" မည်၏။ (၃) ဃာနပသာဒသည် "ဃာနဓာတ်" မည်၏။ (၄) ဇိဝှါပသာဒသည် "ဇိဝှါဓာတ်" မည်၏။ (၅) ကာယပသာဒသည် "ကာယဓာတ်" မည်၏။ (၆) ရူပါရုံသည် "ရူပဓာတ်" မည်၏။ (၇) သဒ္ဒါရုံသည် "သဒ္ဒဓာတ်" မည်၏။ (၈) ဂန္ဓာရုံသည် "ဂန္ဓဓာတ်" မည်၏။ (၉) ရသာရုံသည် "ရသဓာတ်" မည်၏။ (၁၀) ပထဝီ, တေဇော, ဝါယော-ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် "ဖောဋ္ဌဗ္ဗဓာတ်" မည်၏။ [**နာမ်သက်သက်ဓာတ် ၇-ပါး**] (၁၁) စက္ခုဝိညာဉ်ဒွေးသည် "စက္ခုဝိညာဏ ဓာတ်" မည်၏။ (၁၂) သောတဝိညာဉ်ဒွေးသည် "သောတဝိညာဏဓာတ်" မည်၏။ (၁၃) ဃာနဝိညာဉ်ဒွေးသည် "ဃာနဝိညာဏဓာတ်" မည်၏။ (၁၄) ဇိဝှါဝိညာဉ်ဒွေးသည် "ဇိဝှါဝိညာဏဓာတ်" မည်၏။ (၁၅) ကာယဝိညာဉ်ဒွေးသည် "ကာယဝိညာဏဓာတ်" မည်၏။ (၁၆) ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေးသည် "မနောဓာတ်" မည်၏။ (၁၇) ဒွေပဉ္စဝိညာဉ်-၁၀၊ မနောဓာတ် ၃-ခုကြဉ်သော စိတ် ၇၆-ခုသည် "မနော ဝိညာဏဓာတ်" မည်၏။ [**မိဿကဓာတ်/ရုပ်-နာမ်အစုံဓာတ် ၁-ပါး**] (၁၈) စေတသိက် ဒွေပညာသ၊ သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် "ဓမ္မဓာတ်" မည်၏။

http://www.dhammadownload.com



## (၅) သစ္စာ ၄-ပါး

၄၆။ စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ, ဒုက္ခသမုဒယော အရိယသစ္စံ, ဒုက္ခနိရောဓော အရိယသစ္စံ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

**တရားကိုယ်ကောက်နည်း/ဓမ္မာယတန ဓမ္မဓာတ်တရားကိုယ်**

၄၇။ ဧတ္ထ ပန စေတသိက သုခုမရူပ နိဗ္ဗာနဝသေန ဧကူနသတ္တတိ ဓမ္မာ ဓမ္မာယတန ဓမ္မဓာတူတိ သင်္ခံ ဂစ္ဆန္တိ။

၄၈။ မနာယတနမေဝ သတ္တဝိညာဏ ဓာတုဝသေန ဘိဇ္ဇတိ။

---

(စာပိုဒ်-၄၆) **သစ္စာ ၄-ပါးနှင့် တရားကိုယ်အရကောက်**

၁။ လောကီစိတ် ဧကာသီတိ၊လောဘကြဉ်သော စေတသိက် ဧကပညာသ၊ရုပ် အဋ္ဌဝီသ-တို့သည် "ဒုက္ခသစ္စာ" မည်၏။(ဒုက္ခံ တေဘူမကံ ဝဋ္ဋံ-ကိုထောက်)

၂။ လောဘစေတသိက်သည် "သမုဒယသစ္စာ" မည်၏။ (တဏှာ သမုဒယော ဘဝေ-ကိုထောက်)

၃။ နိဗ္ဗာန်သည် "နိရောဓသစ္စာ" မည်၏။ (နိရောဓော နာမ နိဗ္ဗာနံ-ကိုထောက်)

၄။ လောကုတ္တရာမဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင်တရားကိုယ် ၈-ပါးသည် "မဂ္ဂသစ္စာ" မည်၏။ (မဂ္ဂေါ လောကုတ္တရော မတော-ကိုထောက်)

➤ **သစ္စာ ၄-ပါးကို ဟေတု+ဖလ ခွဲခြားပုံ** ။ ။ သမုဒယသစ္စာ, မဂ္ဂသစ္စာတို့ကား ဟေတု=**အကြောင်းသစ္စာ**၊ ဒုက္ခသစ္စာ, နိရောဓသစ္စာတို့ကား ဖလ=**အကျိုးသစ္စာ**။

(စာပိုဒ်-၄၇) **ဓမ္မာယတန, ဓမ္မဓာတ်တို့၏အရ (၆၉) တရားကိုယ်**

စေတသိက် ဒွေပညာသ, သုခုမရုပ် သောဠသ, နိဗ္ဗာန်တို့၏အစွမ်းဖြင့် တစ်ခုယုတ် ခုနစ်ဆယ်သော တရားတို့ဖြစ်ပါသည်။

➤ **ဓမ္မာရုံသာမည် ဓမ္မဓာတ် မမည်သော တရားများကား**= စိတ်, ပသာဒရုပ်, ပညတ်တို့ ဖြစ်ပါသည်။

➤ **ဓမ္မာရုံ, ဓမ္မဓာတ်မည်သော တရားများကား** = စေတသိက်, သုခုမရုပ်, နိဗ္ဗာန် တို့ ဖြစ်ပါသည်။

(စာပိုဒ်-၄၈) **ဓာတ်ကို အဋ္ဌာရသ ဓာတုယော-ဟု ဟောတော်မူရကြောင်း**

မနာယတန တစ်မျိုးတည်းက သတ္တဝိညာဏဓာတ်၏ အစွမ်းဖြင့် ၇-မျိုးကွဲပြားသောကြောင့် အာယတနကဲ့သို့ ၁၂-ပါး မဟောဘဲ ဓာတ်ကို အဋ္ဌာရသဓာတုယော-ဟု ဟောတော်မူရပါသည်။

http://www.dhammadownload.com



**ခန္ဓာ ၅-ပါးတရားကိုယ်**

၄၉။ ရူပဉ္စ ဝေဒနာ သညာ၊ သေသ စေတသိကာ တထာ။
ဝိညာဏမိတိ ပဉ္စေတေ၊ ပဉ္စက္ခန္ဓာတိ ဘာသိတာ။

**ဥပါဒါနက္ခန္ဓာ တရားကိုယ်**

၅၀။ ပဉ္စုပါဒါနက္ခန္ဓာတိ၊ တထာ တေဘူမကာ မတာ။
ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ။

**အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး ပြားရပုံ**

၅၁။ ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာယတနာနိ စ။
ဒွါရာလမ္ဗ တဒုပ္ပန္န- ပရိယာယေန ဓာတုယော။

---

(ဓာပိုဒ်-၅၀) **နိဗ္ဗာန်၏ ခန္ဓဝိမုတ်ဖြစ်ရခြင်းအကြောင်း (၁၁)ချက်/နိဗ္ဗာန်ကို ခန္ဓာ မပွဲ့ရခြင်းအကြောင်း** ။ ။ နိဗ္ဗာန်သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ ဒူရ, အာသန္န, ဟီန, ပဏီတ, သုခုမ, ဩဠာရိက-ဟုဆိုအပ်သော ၁၁-ပါးသော အပြား၏ မရှိခြင်းကြောင့် ခန္ဓာ မပွဲ့ရပါ။(ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ ကိုထောက်)

➤ **နိဗ္ဗာန်ကို ခန္ဓာ-ဟု ခေါ်နိုင်/မခေါ်နိုင်** ။ ။ ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ-ကိုထောက်၍ နိဗ္ဗာန်ကို ခန္ဓာဟု မခေါ်နိုင်ပါ။

➤ **ဘေဒါဘာဝေန နိဗ္ဗာနံ-၌ ဘေဒ-အရ** ။ ။ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဒူရ, အာသန္န, ဟီန, ပဏီတ, သုခုမ, ဩဠာရိက-ဟုဆိုအပ်သော ၁၁-ပါးသော အပြားတို့ကို ယူရပါမည်။

(ဓာပိုဒ်-၅၁) **အာယတန ၁၂-ပါးပြားရခြင်းအကြောင်း** ။ ။ ဒွါရခြောက်ပါး, အာရုံခြောက်ပါး ကွဲပြားသောကြောင့် အာယတန ၁၂-ပါးပြားရပါသည်။ (သာဓက) ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာယတနာနိစ။

➤ **ဓာတ် ၁၈-ပါး ကွဲပြားရခြင်းအကြောင်း** ။ ။ ဒွါရခြောက်ပါး, အာရုံခြောက်ပါး ဝိညာဉ်ခြောက်ပါး ကွဲပြားသောကြောင့် ဓာတ် ၁၈-ပါး ကွဲပြားရပါသည်။ (သာဓက) ဒွါရာလမ္ဗတဒုပ္ပန္န၊ ပရိယာယေန ဓာတုယော။

➤ **ဒွါရာလမ္ဗတဒုပ္ပန္န-၌ တဒုပ္ပန္နဓာတ်** = ဝိညာဏဓာတ်များ ဖြစ်ပါသည်။

➤ **ဓမ္မာရုံနှင့် ဓမ္မဓာတ် တူ-မတူ** ။ ။ စိတ်, ပသာဒရုပ်, ပညတ်တို့သည် ဓမ္မာရုံသာ မည်၍ ဓမ္မဓာတ် မမည်ပါ။ စေတသိက်, သုခုမရုပ်, နိဗ္ဗာန်တို့ကား နှစ်ပါးစုံ မည်ပါသည်။

http://www.dhammadownload.com



**သစ္စာ ၄-ပါး တရားကိုယ်**

၅၂။ ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

**သစ္စဝိမုတ်နှင့် နိဂုံး**

၅၃။ မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စ ဝိနိဿဋာ။
ဣတိ ပဉ္စပ္ပဘေဒေန၊ ပဝုတ္တော သဗ္ဗသင်္ဂဟော။
ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ သမုစ္စယသင်္ဂဟ ဝိဘာဂေါနာမ
သတ္တမော ပရိစ္ဆေဒေါ။

---

(စာပိုဒ်-၅၂) **ဒုက္ခံ တေဘူမကံ ဝဋ္ဋံ-၌ ဝဋ္ဋ-အရ/ဒုက္ခသစ္စာ-အရ** ။ ။ လောကီစိတ် ၈၁-ပါး၊ လောဘကြဉ် စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါးတို့ ဖြစ်ပါသည်။

➤ **ဒုက္ခသစ္စာ မထိုက်သော တေဘူမကတရား** ။ ။ လောဘ ဖြစ်ပါသည်။ [ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာသမုဒယော ဘဝေ-ကိုထောက်]

(စာပိုဒ်-၅၃) **သစ္စာဝိမုတ် တရားများကား** ။ ။ မဂ်နှင့်ယှဉ်သော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုတို့ ဖြစ်ပါသည်။

➤ **ဣတိ ပဉ္စပ္ပဘေဒေန-၌ ပဉ္စသရုပ်** ။ ။ ခန္ဓာ, ဥပါဒါနက္ခန္ဓာ, အာယတန, ဓာတ်, သစ္စာ-တို့ ဖြစ်ပါသည်။

➤ **စိတ်ထောင်းလျှင် ကိုယ်ကြေ**-ဟူသောစကား-အရ မေးခွန်းစာရွက်ကို ကြည့်ရှုနေသော စာဖြေသူအရှင်၏ မြင်သိစိတ်သည် စာဖြေသူအရှင်၏ ရုပ်တရားကို ကြေအောင် ထောင်းနိုင်/မထောင်းနိုင် ။ ။ အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တတိဝိဓမ္ပိ စိတ္တံ စိတ္တသမုဋ္ဌာနရူပံ ပဌမဘဝင် မုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ (ရုပ်ပိုင်း စာပိုဒ်-၃၁) ကိုထောက်၍ မြင်သိစိတ် စက္ခုဝိညာဉ်ဟူခဲ့သော ဒွေးပဉ္စဝိညာဉ်သည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့်-- ရုပ်တရားကို ကြေအောင် မထောင်းနိုင်ပါ။

➤ **စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျို့တော့ ကိုယ်နု**-ဟူသောစကား မှန်- မမှန် (ရုပ်ပိုင်း စာပိုဒ်-၂၉/၃၁) တို့ကိုထောက်၍ စိတ်သည် ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတစ်မျိုးဖြစ်သောကြောင့်ရင်း၊ စိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေတတ် သောကြောင့်ရင်း " စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျို့တော့ ကိုယ်နု"ဟူသောစကား မှန်ပါသည်။

**သမုစ္စည်းပိုင်း သရုပ်ခွဲပြီး၏။**

http://www.dhammadownload.com



## ၈–ပစ္စည်းပိုင်း

### ပဋိညာဉ် (ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိပြသင်္ဂဟဂါထာ)

၁။ ယေသံ သင်္ခတဓမ္မာနံ၊ ယေ ဓမ္မာ ပစ္စယာ ယထာ။
တံ ဝိဘာဂ မိဟေဒါနိ၊ ပဝက္ခာမိ ယထာရဟံ။

နည်း ၂–ပါး

၂။ ပဋိစ္စသမုပ္ပါဒနယော, ပဋ္ဌာနနယော စေတိ ပစ္စယသင်္ဂဟော ဒုဝိဓော ဝေဒိတဗ္ဗော။

---

**(စာပိုဒ်–၁) ပစ္စည်း+ပစ္စယုပ္ပန် (ဝါ) အကျိုး+အကြောင်းခွဲမှု**

ယေသံ သင်္ခတဓမ္မာနံ-ဟူသော သင်္ဂဟပါဌ်ကိုထောက်၍ ပဋ္ဌာန်းနည်း၌ စိတ်, စေတသိက်, ရုပ်ဟူသော သင်္ခတ တရားများသာ ပစ္စယုပ္ပန် (ဝါ) အကျိုးတရားများ ဖြစ်ပါသည်။ ယေ ဓမ္မာ-ဟူသော သင်္ဂဟပါဌ်ကိုထောက်၍ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်ဟူသော သင်္ခတ-အသင်္ခတ တရားအားလုံးသည် ပစ္စည်း(ဝါ) အကြောင်း တရားဖြစ်ပါသည်။

➢ **အသင်္ခတ တရားများ ပစ္စယုပ္ပန် ဖြစ်နိုင်/မဖြစ်နိုင်** ။ ။ ယေသံ သင်္ခတဓမ္မာနံ ကိုထောက်၍ [သင်္ခတတရားများသာ ပစ္စယုပ္ပန်ဖြစ်ရမည် ဖြစ်သောကြောင့်] အသင်္ခတ တရား(နိဗ္ဗာန်နှင့် ပညတ်)များသည် ပစ္စယုပ္ပန် မဖြစ်နိုင်ပါ။

မေး ။ ။ **နိဗ္ဗာန်သည်** အကြောင်း(ပစ္စည်း) တရားလော? အကျိုး(ပစ္စယုပ္ပန်)တရားလော

ဖြေ ။ ။ ယေသံ သင်္ခတဓမ္မာနံ၊ ယေဓမ္မာ ပစ္စယာ ယထာ-ကိုထောက်၍ နိဗ္ဗာန်သည် အကြောင်း (ပစ္စည်း) တရားသာ ဖြစ်ပါသည်။အကျိုး(ပစ္စယုပ္ပန်)တရား မဟုတ်ပါ

(တစ်နည်း) ဒုက္ခနိရောဓော အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ-ဟူသော သမုစ္စည်း သင်္ဂဟပါဌ်ကိုထောက်၍ နိဗ္ဗာန်သည် မဂ္ဂင် ၈-ပါးကို ပွားများခြင်းဖြင့် ရောက်အပ်သော အကျိုးတရား ဖြစ်ပါသည်။

မေး ။ ။ **မြတ်စွာဘုရားကို ရှိခိုးပါ၏**-ဟူသော စကား၌ ဖြစ်သင့်သော ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ကို ထုတ်ပြပါ။

ဖြေ ။ ။ မြတ်စွာဘုရားကို ရှိခိုးပါ၏-ဟူသော စကား၌ မြတ်စွာဘုရားသည် အာရမ္မဏ ပစ္စည်း၊ ရှိခိုးခြင်းဟူသော ကာမကုသိုလ်စိတ်သည် ပစ္စယုပ္ပန် ဖြစ်ပါသည်။

**(စာပိုဒ်–၂) နည်း ၂–ပါးကား/ပစ္စယသင်္ဂဟော ဒုဝိဓော ဝေဒိတဗ္ဗော–၌ ဒုဝိဓသရုပ်**

၁။ ပဋိစ္စသမုပ္ပါဒ်နည်း၊ ၂။ ပဋ္ဌာန်းနည်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**နည်း ၂–ပါးအထူး**

**ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းတို့၏ သဘောအစီပွါယ်ပြ**

၃။ တတ္ထ တဗ္ဘာဝဘာဝီဘာဝါကာရ မတ္တောပလက္ခိတော ပဋိစ္စ သမုပ္ပါဒနယော၊ ပဋ္ဌာနနယော ပန အာဟစ္စ ပစ္စယဋ္ဌိတိမာရဗ္ဘ ပဝုစ္စတိ၊ ဥဘယံ ပန ဝေါမိဿိတွာ ပပဉ္စေန္တိ အာစရိယာ။

**ပဋိစ္စသမုပ္ပါဒ်နည်း**

၄။ တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။

အယမေတ္ထ ပဋိစ္စသမုပ္ပါဒနယော။

---

(စာပိုဒ်–၃) **ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းအထူး**

အဝိဇ္ဇာ-အစရှိသော အကြောင်း တရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သင်္ခါရ အစရှိသော အကျိုးတရားတို့၏ ဖြစ်ပုံအခြင်းအရာမျှဖြင့် မှတ်သားအပ်သော နည်းသည် "ပဋိစ္စသမုပ္ပါဒ်နည်း" မည်၏။ အထူးပြု၍ဖြစ်သော ပစ္စည်းဟုဆိုအပ်သော အကျိုးတရားတို့၏တည်ရာ အကြောင်းကိုစွဲ၍ ဟောတော်မူအပ်သောနည်းသည် "ပဋ္ဌာန်းနည်း" မည်၏။ ဤသို့ ထူးပါသည်။

(စာပိုဒ်–၄) **အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၌ အဝိဇ္ဇာ၏ တရားကိုယ်**

အကုသိုလ်စိတ် ၁၂ါသည်၌ရှိသော မောဟ ဖြစ်ပါသည်။

➢ **သင်္ခါရ တရားကိုယ်** ။ ။ အကုသိုလ်စိတ်၁၂ါသ၊ လောကီကုသိုလ် သတ္တရသ၌ ရှိသော စေတနာ စေတသိက် ၂၉-ခု ဖြစ်ပါသည်။

➢ **သင်္ခါရ အပြားနှင့် အရေအတွက်** ။ ။ (၁) ပုညာဘိသင်္ခါရ-မဟာကုသိုလ်စိတ် ၈-ခု၊ ရူပကုသိုလ် ၅-ခု၌ရှိသော စေတနာ ၁၃-ခု။ (၂) အပုညာဘိသင်္ခါရ- အကုသိုလ် စိတ် ၁၂ါသည်၌ရှိသော စေတနာ ၁၂-ခု။ (၃) အာနေဉ္ဇာဘိသင်္ခါရ- အရူပကုသိုလ် ၄-ခု၌ရှိသော စေတနာ ၄-ခု တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**➤ သင်္ခါရပစ္စယာ ဝိညာဏံ–၌ ဝိညာဏ–အရ** (အကျိုးဝိညာဉ်-အရ)

ပဋိသန္ဓေအစွမ်းအားဖြင့် ဝိပါက်စိတ် ၁၉-ပါးသည်ရင်း, ပဝတ္တိ၏အစွမ်းအားဖြင့် လောကီဝိပါက်စိတ် ၃၂-ပါးသည်ရင်း ဝိညာဏ-အရ ဖြစ်ပါသည်။

**➤ သင်္ခါရပစ္စယာ ဝိညာဏံ–၌ အကြောင်းသင်္ခါရနှင့် အကျိုးဝိညာဉ်တို့ တွဲစပ်ပုံ**

၁။ ပုညာဘိသင်္ခါရနှင့် အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပဝိပါက် ၅-ပါး၊ ပေါင်း ၂၁-ပါး ဖြစ်ပါသည်။

၂။ အပုညာဘိသင်္ခါရနှင့် အဟိတ် အကုသလဝိပါက်စိတ် ၇-ပါး ဖြစ်ပါသည်။

၃။ အာနေဉ္ဇာဘိသင်္ခါရနှင့် အရူပဝိပါက်စိတ် ၄-ပါး ဖြစ်ပါသည်။

မေး ။ ။ **သင်္ခါရပစ္စယာ ဝိညာဏံ-၌ သင်္ခါရ-အရ** အပုညာဘိသင်္ခါရကို ယူခဲ့သော် ဝိညာဏ-အရ ယူသင့်သော ဝိညာဏ-ကို သတ်မှတ်ပြပါ။

ဖြေ ။ ။ **သင်္ခါရ-အရ အပုညာဘိသင်္ခါရကို ယူခဲ့သော် ဝိညာဏ-အရ** အဟိတ် အကုသလဝိပါက်စိတ် ၇-ပါးကို ယူရပါမည်။

**➤ သင်္ခါရ–အရ ပုညာဘိသင်္ခါရကို ယူခဲ့သော် ဝိညာဏ–အရ** = အဟိတ်ကုသလ ဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပဝိပါက် ၅-ပါးတို့ကို ယူရပါမည်။

**➤ သင်္ခါရ–အရ အာနေဉ္ဇာဘိသင်္ခါရကို ယူခဲ့သော် ဝိညာဏ–အရ** = အရူပဝိပါက် ၄-ပါးကို ယူရပါမည်။

**➤ သင်္ခါရပစ္စယာ ဝိညာဏံ–၌ သင်္ခါရ ၃–မျိုးကြောင့် ဝိညာဏ် ၃–မျိုးဖြစ်ပုံ**

၁။ ပုညာဘိသင်္ခါရကြောင့် ကာမသုဂတိပဋိသန္ဓေ ၉-ခု၊ ရူပပဋိသန္ဓေ ၅-ခုအား ဖြင့် ၁၄-ပါးသော ပဋိသန္ဓေဝိညာဉ်နှင့် လောကီကုသလဝိပါက် ၂၅-ပါးသော ဝိပါက် ဝိညာဉ်-တို့ ဖြစ်ကြပါသည်။

၂။ အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ပဋိသန္ဓေ ဝိညာဉ်နှင့် အကုသလဝိပါက် ၇-ခု၊ ဝိပါက်ဝိညာဉ်တို့ ဖြစ်ကြပါသည်။

၃။ အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပဝိပါက် ၄-ခု၊ ပဋိသန္ဓေ, ပဝတ္တိ ဝိပါက် ဝိညာဉ်တို့ ဖြစ်ကြပါသည်။

**➤ အကျိုးသင်္ခါရနှင့် အကြောင်း သင်္ခါရ နှစ်မျိုးအထူး**

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**-၌ပါသော အကျိုး သင်္ခါရ-အရ လောကီကုသိုလ် စေတနာ အားလုံးကို ကောက်ယူရပါသည်။သင်္ခါရပစ္စယာ ဝိညာဏံ၌ပါသော အကြောင်းသင်္ခါရ အရ ဥဒ္ဓစ္စစေတနာနှင့် အဘိညာဏ်စေတနာကြဉ်သော လောကီကုသိုလ်စေတနာ, အကုသိုလ် စေတနာကို ကောက်ယူရပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com



**အခွန့်စသည်ကို ပြခြင်း**

၅။ တတ္ထ တယော အဒ္ဓါ, ဒွါဒသင်္ဂါနိ, ဝီသတာကာရာ, တိသန္ဓိ, စတုသင်္ခေပါ, တီဏိ ဝဋ္ဋာနိ, ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ။

**အခွန့် (ကာလ) ၃-ပါး [တယော အဒ္ဓါ-၏ အကျယ်ပြ]**

၆။ ကထံ? ---

အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ, ဇာတိ ဇရာ မရဏံ အနာဂတော အဒ္ဓါ, မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါတိ တယော အဒ္ဓါ။

---

➤ **အဝပစ္စယာ ဇာတိ-၌ ဇာတိ-အရ တိဟိတ်ပဋိသန္ဓေကို ယူခဲ့သော် ဘဝ-အရ** မဟာကုသိုလ် ဉာဏသမ္ပယုတ်ဟုဆိုအပ်သော တိဟိတ်ဥက္ကဋ္ဌကုသိုလ်တရားကိုသာ ယူရပါမည်။ (ဝီထိမုတ် စာပိုဒ်-၇၁-ကိုထောက်)

➤ **ဇာတိ-အရ ဒွိဟိတ်ပဋိသန္ဓေကို ယူခဲ့သော် ဘဝ-အရ** = မဟာကုသိုလ် ဉာဏသမ္ပယုတ်ဟုဆိုအပ်သော တိဟိတ်ဩမကကုသိုလ်နှင့် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဟုဆိုအပ်သော ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်တရားတို့ကို ယူရမည်။(ဝီထိမုတ်စာပိုဒ်-၇၂)

➤ **ဇာတိ-အရ အဟိတ်ပဋိသန္ဓေကို ယူခဲ့သော် ဘဝ-အရ** = မဟာကုသိုလ် ဉာဏဝိပ္ပယုတ်-ဟုဆိုအပ်သော ဒွိဟိတ်ဩမကကုသိုလ်တရားကို ယူရပါမည်။ (ဝီထိမုတ် စာပိုဒ်-၇၃)ကိုထောက်။

➤ **ဇာတိရရှိလာသော ပုဂ္ဂိုလ်မှန်သမျှ အမှန်မုချ တွေ့ကြုံရမည့် အကျိုးတရားများကား** = ဇရာ, မရဏ-တို့ ဖြစ်ပါသည်။

➤ **သတ္တဝါမှန်သမျှ ကောန်တွေ့ကြုံခံစားကြရမည့် အိုခြင်း, သေခြင်းတို့၏ လက်ရင်း တရားခံ အကြောင်းတရားကား** = ဇာတိပစ္စယာ ဇရာမရဏံ-ကိုထောက်၍ ဇာတိ ဖြစ်ပါသည်။

➤ **လူမှုနယ်ပယ်၌ စည်းစိမ်ဥစ္စာကြွယ်ဝသူကို "လူချမ်းသာ"ဟု ဆိုလေ့ရှိရာ ပဋိစ္စသမုပ္ပါဒ်နည်းအရ "လူချမ်းသာ"ဟူ၍ ရှိနိုင်/မရှိနိုင်**

ပဋိစ္စသမုပ္ပါဒ်နည်းအရ လူ့ချမ်းသာဟူ၍ မရှိနိုင်ပါ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ, စသော ကြောင်း-ကျိုးဆက်အရ ဖြစ်ပေါ်နေကြသော ဒုက္ခဘုံသက်သက်မျှ ဖြစ်ပါသည် (သာဓက) ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(စာပိုဒ်-၅) **ပဋိစ္စသမုပ္ပါဒ်နည်းဝယ် သိမှတ်ဖွယ်ရာများကား**

အခွန့် ၃-ပါး၊ အင်္ဂါ ၁၂-ပါး၊ အခြင်းအရာ ၂၀-ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး ဝဋ် ၃-ပါး၊ မူလ ၂-ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**အင်္ဂါ ၁၂-ပါး [ဒွါဒသင်္ဂါနိ-၏ အကျယ်ပြ]**

၇။ အဝိဇ္ဇာ, သင်္ခါရာ, ဝိညာဏံ, နာမရူပံ, သဠာယတနံ, ဖဿော, ဝေဒနာ, တဏှာ, ဥပါဒါနံ, ဘဝေါ, ဇာတိ, ဇရာ မရဏာန္တိ ဒွါဒသင်္ဂါနိ။

**အမှာစကား**

၈။ သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ။

---

**(စာပိုဒ်-၆) အခွန့် ၃-ပါးကား/တယော အဒ္ဓါ-၌ တယော-အရ ။ ။**

➤ **ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ကာလ (အခွန့်) အားဖြင့် ဝေဖန်ပုံ**

၁။ အဝိဇ္ဇာ, သင်္ခါရတို့သည် "အတိတ်အခွန့်" မည်၏။

၂။ ဇာတိ, ဇရာ, မရဏ-တို့သည် "အနာဂတ်အခွန့်" မည်၏။

၃။ အလယ်၌ဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, (ကမ္မ) ဘဝ-ဟူသော ၈-ပါးသည် "ပစ္စုပ္ပန်အခွန့်" မည်၏။

➤ **မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ-၌ အဋ္ဌ-အရ** ။ ။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, (ကမ္မ) ဘဝ-တို့ကို ယူရပါမည်။

**(စာပိုဒ်-၇) အင်္ဂါ ၁၂-ပါးကား/ဒွါဒသင်္ဂါနိ-၌ ဒွါဒသ-အရကား**

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာ, မရဏ-တို့ ဖြစ်ပါသည်။

➤ **အင်္ဂါ ၁၂-ပါးကို အကြောင်း+အကျိုးခွဲပုံ** ။ ။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ-တို့သည် အကြောင်းအင်္ဂါ ဖြစ်ပါသည်။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာ, ဇာတိ, ဇရာ, မရဏ-တို့သည် အကျိုးအင်္ဂါ ဖြစ်ပါသည်။

**(စာပိုဒ်-၈) သောက-စသည်တို့ကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါအဖြစ် မရေတွက်ရခြင်း အကြောင်း** ။ ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ သောက, စသော ငါးပါးတို့ကို ဟောခြင်းသည် ဇာတိ၏မုချ မဟုတ်သော အကျိုးဆက်ကို ပြခြင်းအကျိုးငှာသာ ဟောတော်မူခြင်းဖြစ်ပါသည်။ အသီးအခြားအင်္ဂါကို ပြလို၍ ဟောတော်မူခြင်း မဟုတ်ပါ။ ထို့ကြောင့် သောက-စသည်တို့ကို ပဋိစ္စသမုပ္ပါဒ် အင်္ဂါအဖြစ် မရေတွက်ရပါ။

➤ **ဇာတိ-၏ အကျိုးရင်းကား** ။ ။ ဇရာ, မရဏ ဖြစ်ပါသည်။

➤ **ဇာတိ-၏ အကျိုးဆက်ကား** ။ ။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com


**ခြင်းရာ–၂၀၊ အစပ် ၃–ပါး၊ အလွှာ ၄–ပါး**

၉။ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ၊ တထာ တဏှုပါဒါနဘဝဂ္ဂဟဏေန စ အဝိဇ္ဇာ သင်္ခါရာ၊ ဇာတိ ဇရာ မရဏဂ္ဂဟဏေန စ ဝိညာဏာဒိဖလပဉ္စကမေဝ ဂဟိတန္တိ ကတွာ ---

**ခြင်းရာ–၂၀၊ အစပ် ၃–ပါး၊ အလွှာ ၄–ပါးပြ သင်္ဂဟဂါထာ**

၁၀။ အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကန္တိ --
ဝီသတာကာရာ, တိသန္ဓိ, စတုသင်္ခေပါ စ ဘဝန္တိ။

---

(စာပိုဒ်–၉) **အဝိဇ္ဇာ, သင်္ခါရတို့ကို ယူသဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို ယူရခြင်းအကြောင်း ။ ။** အဝိဇ္ဇာသည် ကိလေသဝဋ်ဖြစ်၍ တဏှာနှင့်ဥပါဒါန်တို့လည်း ကိလေသဝဋ်ပင်ဖြစ်၏။ဤသို့ ကိလေသဝဋ်ချင်းတူသောကြောင့် **အဝိဇ္ဇာကို ယူသဖြင့် တဏှာနှင့် ဥပါဒါန်တို့ကိုလည်း ယူရပါသည်။** (သာဓက) အဝိဇ္ဇာ တဏှုပါဒါနာ စ ကိလေသဝဋ္ဋံ။

သင်္ခါရသည် ကမ္မဝဋ်ဖြစ်၍ ကမ္မဘဝလည်း ကမ္မဝဋ်ပင်ဖြစ်၏၊ ဤသို့ ကမ္မဝဋ်ချင်း တူသောကြောင့် **သင်္ခါရကိုယူသဖြင့် ကမ္မဘဝကိုလည်း ယူရပါသည်။**
(သာဓက) ကမ္မဘဝသင်္ခါတော ဘဝေကဒေသော သင်္ခါရာ စ ကမ္မဝဋ္ဋံ။

➢ **တဏှာ, ဥပါဒါန်တို့ကို ယူသဖြင့် အဝိဇ္ဇာကိုလည်း ယူရခြင်းအကြောင်း**
တဏှာ ဥပါဒါန်တို့သည် ကိလေသဝဋ်ဖြစ်၍ အဝိဇ္ဇာသည်လည်း ကိလေသဝဋ်ပင် ဖြစ်၏။ ဤသို့ ကိလေသဝဋ်ချင်း တူသောကြောင့် တဏှာ ဥပါဒါန်တို့ကို ယူသဖြင့် အဝိဇ္ဇာကိုလည်း ယူရပါသည်။

➢ **ကမ္မဘဝကို ယူသဖြင့် သင်္ခါရကိုလည်း ယူရခြင်းအကြောင်း**
ကမ္မဘဝသည် ကမ္မဝဋ်ဖြစ်၍ သင်္ခါရသည်လည်း ကမ္မဝဋ်ပင်ဖြစ်၏၊ ဤသို့ ကမ္မဝဋ်ချင်း တူသောကြောင့် ကမ္မဘဝကိုယူသဖြင့် သင်္ခါရကိုလည်း ယူရပါသည်။

➢ **ဝိညာဏာဒိ ဖလပဉ္စကမေဝ–၌ ပဉ္စက–အရ ။ ။** ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တို့ ဖြစ်ပါသည်။

(စာပိုဒ်–၁၀) **အတီတေ ဟေတဝေါ ပဉ္စ–၌ ပဉ္စ–အရ /အတိတ်အကြောင်း ၅–ပါး** အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ-တို့ ဖြစ်ပါသည်။ (သာဓက) အဝိဇ္ဇာ

http://www.dhammadownload.com


သင်္ခါရာ အတီတော အဒ္ဓါ၊ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ။

**➢ ဣဒါနိ ဖလပဉ္စကံ–၌ ပဉ္စ–အရကား/ပစ္စုပ္ပန်အကျိုး ၅–ပါးကား**

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တို့ ဖြစ်ပါသည်။ (သာဓက) မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ၊ ဇာတိဇရာမရဏဂ္ဂဟဏေန ဝိညာဏာဒိ ဖလပဉ္စကမေဝ ဂဟိတံ။

**➢ ဣဒါနိ ဟေတုဝေါ ပဉ္စ–၌ ပဉ္စ–အရ/ပစ္စုပ္ပန်အကြောင်း ၅–ပါးကား**

တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ-တို့ ဖြစ်ပါသည်။ (သာဓက) မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ၊ တထာ တဏှုပါဒါနဘဝဂ္ဂဟဏေန စ အဝိဇ္ဇာ သင်္ခါရာ။

**➢ အာယတိံ ဖလပဉ္စကံ–၌ ပဉ္စက–အရ/အနာဂတ်အကျိုး ၅–ပါးကား**

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တို့ ဖြစ်ပါသည်။ (သာဓက) ဇာတိဇရာမရဏဂ္ဂဟဏေန စ ဝိညာဏာဒိ ဖလပဉ္စကမေဝ ဂဟိတံ။

**➢ ဝီသတာကာရာ–အရ /ခြင်းရာ ၂၀–ပါးကား ။ ။**

၁။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ-ဟူသော အတိတ်အကြောင်း ၅-ပါး၊
၂။ ဝိညာဏ်, နာမ်ရုပ်, သဠာ ယတန, ဖဿ, ဝေဒနာ-ဟူသော ပစ္စုပ္ပန်အကျိုး ၅-ပါး၊
၃။ တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ-ဟူသော ပစ္စုပ္ပန်အကြောင်း ၅-ပါး၊
၄။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော အနာဂတ်အကျိုး ၅-ပါး၊ ပေါင်း ၂၀-ဖြစ်ပါသည်။

**➢ တိသန္ဓိ–အရ / အစပ် ၃–ပါးကား / ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို အစပ်အားဖြင့် ဝေဖန်ပုံ** ။ ။ (၁) အတိတ်အကြောင်း သင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး ဝိညာဏ်တို့၏ အကြားသည် တစ်စပ်။ (၂) ပစ္စုပ္ပန်အကျိုး ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း တဏှာတို့၏ အကြားသည် တစ်စပ်။ (၃) ပစ္စုပ္ပန်အကြောင်း ကမ္မဘဝနှင့် အနာဂတ်အကျိုး ဇာတိတို့၏ အကြားသည် တစ်စပ်-တို့ ဖြစ်ပါသည်။

**➢ စတုသင်္ခေပါ–အရ/ အလွှာ ၄–ပါးကား /**
**ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို အလွှာအားဖြင့် ဝေဖန်ပုံ** ။ ။

(၁) အတိတ်အကြောင်းဖြစ်သော အဝိဇ္ဇာ, သင်္ခါရ ၂-ပါး တစ်လွှာ၊

(၂) ပစ္စုပ္ပန်အကျိုးဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ၅-ပါးတစ်လွှာ၊(၃) ပစ္စုပ္ပန်အကြောင်းဖြစ်သော တဏှာ, ဥပါဒါန်, ဘဝ ၃-ပါးတစ်လွှာ၊ (၄) အနာဂတ်အကျိုးဖြစ်သော ဇာတိ, ဇရာမရဏ ၂ ပါး တစ်လွှာ၊ ပေါင်း ၄-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**ဝဋ် ၃-ပါး (တီဏိ ဝဋ္ဋာနိ-၏ အကျယ်ပြ)**

၁၁။ အဝိဇ္ဇာတဏှုပါဒါနာ စ ကိလေသဝဋ္ဋံ, ကမ္မဘဝသင်္ခါတော ဘဝေကဒေသော သင်္ခါရာ စ ကမ္မဝဋ္ဋံ, ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာ စ ဝိပါကဝဋ္ဋန္တိ တီဏိ ဝဋ္ဋာနိ။

**ဝဋ်မြစ် ၂-ပါး (ဒွေ မူလာနိ-၏ အကျယ်ပြ)**

၁၂။ အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ။

---

**(စာပိုဒ်-၁၁) ဝဋ် ၃-ပါးကား /တီဏိ ဝဋ္ဋာနိ-၌ တီဏိ-အရကား**

ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့ ဖြစ်ပါသည်။ (အကျယ် အောက်ရှု)

၁။ ➢ **ကိလေသဝဋ်-အရ** ။ ။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် **"ကိလေသဝဋ်"** မည်၏။ [အဝိဇ္ဇာတဏှုပါဒါနာစ ကိလေသဝဋ္ဋံ-ကိုထောက်]

၂။ ➢ **ကမ္မဝဋ်-အရ** ။ ။ ကမ္မဘဝ-ဟုဆိုအပ်သော ဘဝတစ်စိတ်နှင့် သင်္ခါရတို့သည် **"ကမ္မဝဋ်"** မည်၏။ [ကမ္မဘဝသင်္ခါတော ဘဝေကဒေသော သင်္ခါရာစ ကမ္မဝဋ္ဋံ ကိုထောက်] ၃။ ➢ **ဝိပါကဝဋ်-အရ** ။ ။ ဥပပတ္တိဘဝ-ဟုဆိုအပ်သော ဘဝတစ်စိတ်နှင့် ကြွင်းသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ-တို့သည် **"ဝိပါက ဝဋ်"** မည်၏။[ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာစ ဝိပါကဝဋ္ဋံ- ကိုထောက်]

➢ **ဝဋ် ၃-ပါးနှင့် တရားကိုယ် တွဲစပ်ပုံ/ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ဝဋ်အားဖြင့် ဝေပန်ပုံ** ။ ။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် **"ကိလေသဝဋ်"** မည်၏။ ကမ္မဘဝ-ဟုဆိုအပ်သော ဘဝတစ်စိတ်နှင့် သင်္ခါရတို့သည် **"ကမ္မဝဋ်"** မည်၏။ ဥပပတ္တိဘဝ-ဟုဆိုအပ်သော ဘဝတစ်စိတ်နှင့် ကြွင်းသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ-တို့သည် **"ဝိပါကဝဋ်"** မည်၏။

➢ **အဝသေသာစ ဝိပါကဝဋ္ဋံ-၌ အဝသေသ-အရ** ။ ။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ-တို့ ဖြစ်ပါသည်။

**(စာပိုဒ်-၁၂) ဝဋ်မြစ် ၂-ပါးကား/ဒွေ မူလာနိ-၌ ဒွေ-အရကား**

အဝိဇ္ဇာနှင့် တဏှာ ဖြစ်ပါသည်။

➢ **ရှေ့ပိုင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ရင်းမြစ်မူလ** ။ ။ အဝိဇ္ဇာသည် အဝိဇ္ဇာ သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော ရှေ့ပိုင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ရင်းမြစ်မူလ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဝဋ်ပြတ်ပုံနှင့် လည်ပုံ

### ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ချုပ်ပျက်ပုံနှင့် အဝိဇ္ဇာ၏အကြောင်းပြ

၁၃။ တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။
ဇရာမရဏ မုစ္ဆာယ၊ ပီဠိတာနမဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။
ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊ တေဘူမကမနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။

### ပဋ္ဌာန်းနည်း

၁၄။ ဟေတုပစ္စယော, အာရမ္မဏပစ္စယော, အဓိပတိပစ္စယော, အနန္တရပစ္စယော, သမနန္တရပစ္စယော, သဟဇာတပစ္စယော, အညမညပစ္စယော, နိဿယပစ္စယော, ဥပနိဿယပစ္စယော, ပုရေဇာတပစ္စယော, ပစ္ဆာဇာတပစ္စယော, အာသေဝနပစ္စယော, ကမ္မပစ္စယော, ဝိပါကပစ္စယော, အာဟာရပစ္စယော, ဣန္ဒြိယ ပစ္စယော, ဈာနပစ္စယော, မဂ္ဂပစ္စယော, သမ္ပယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော, အတ္ထိပစ္စယော, နတ္ထိပစ္စယော, ဝိဂတ ပစ္စယော, အဝိဂတပစ္စယောတိ။ အယမေတ္ထ ပဋ္ဌာနနယော။

---

➤ **နောက်ပိုင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ရင်းမြစ်မူလ** ။ ။ တဏှာသည် တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ မရဏ-ဟူသော နောက်ပိုင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ရင်းမြစ်မူလ ဖြစ်ပါသည်။

(ဓာပိုဒ်-၁၃) **အဝိဇ္ဇာဖြစ်ရခြင်းအကြောင်း** ။ ။ အာသဝေါတရားများ ဖြစ်ပွားလာရခြင်းကြောင့် အဝိဇ္ဇာ ဖြစ်ရပါသည်။ (အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ)

➤ **အဝိဇ္ဇာဖြစ်ပေါ်ရခြင်း အကြောင်းရင်း/ အဝိဇ္ဇာ၏ အကြောင်းကား** အာသဝေါတရားများ ဖြစ်ပါသည်။

**မေး** ။ ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ဟုဆိုရာ အဝိဇ္ဇာဖြစ်ကြောင်းတရားကား အဘယ် ပါနည်း၊ သာကေပြ ဖြေဆိုပါ။

**ဖြေ** ။ ။ အဝိဇ္ဇာ ဖြစ်ကြောင်းတရားကား- အာသဝေါတရားများ ဖြစ်ပါသည်။ (သာကေ) အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ။

http://www.dhammadownload.com



**ပစ္စည်း ၆–ပါး သင်္ဂဟဂါထာများ**

၁၅။ ဆဓာ နာမံ တု နာမဿ၊ ပဉ္စဓာ နာမရူပိနံ။
ဧကဓာ ပုန ရူပဿ၊ ရူပံ နာမဿ စေကဓာ။
ပညတ္တိနာမရူပါနိ၊ နာမဿ ဒုဝိဓာ ဒွယံ။
ဒွယဿ နဝဓာ စေတိ၊ ဆဗ္ဗိဓာ ပစ္စယာ ကထံ။

---

➤ **ဇရာမရဏာမုဠှာယ–၌ မုဠှာ–အရ** (မှုတ္တာမည်သော တရားများကား) ဇရာ မရဏ-ဟုဆိုအပ်သော တွေဝေမိန်းမောခြင်း (တစ်နည်း) တွေဝေမိန်းမော ကြောင်း သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-တို့ ဖြစ်ပါသည်။

(စာပိုဒ်–၁၅) **ပစ္စည်း ၆–မျိုးကား / ဆဗ္ဗိဓာ ပစ္စယာ ကထံ–၌ ဆဗ္ဗိဓာသရုပ်**

(၁) နာမ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၆-ပစ္စည်း၊
(၂) နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၅-ပစ္စည်း၊
(၃) နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၁-ပစ္စည်း၊
(၄) ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၁-ပစ္စည်း၊
(၅) ပညတ် နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၂-ပစ္စည်း၊
(၆) နာမ်ရုပ်နှစ်ပါးသည် နာမ်ရုပ် နှစ်ပါးအား ကျေးဇူးပြုသော ပစ္စည်း ၉-ပစ္စည်း။

➤ **ဆဓာ နာမံ တု နာမဿ–၌ ဆဓာ–အရကား** ။ ။ အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္ပယုတ္တ-တို့ ဖြစ်ပါသည်။ ➤ နာမံ-အရ= နာမ်ခန္ဓာ ၄-ပါးကို ယူရပါမည်။ ➤ နာမဿ-အရ = နာမ်ခန္ဓာ ၄-ပါးကိုပင် ယူရပါမည်။

➤ **ပဉ္စဓာ နာမရူပီနံ–၌ ပဉ္စဓာ–အရ** ။ ။ ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါက-တို့ ဖြစ်ပါသည်။ ➤ နာမရူပီနံ-အရ = သဟဇာတ်ဖြစ်သော နာမ်ရုပ်၊ (တစ်နည်း) သဟဇာတ်ဖြစ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတနာကြဉ်သော စေတသိက် ဧကပညာသ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ (တစ်နည်း) ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာ၊ ပဋိသန္ဓေ ကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ်တို့ ဖြစ်ပါသည်။

➤ **ဧကဓာ ပုန ရူပဿ–၌ ဧကဓာ–အရ** ။ ။ ပစ္ဆာဇာတပစ္စည်း ဖြစ်ပါသည်။

➤ **ရူပဿ–အရ** ။ ။ ဘူတရုပ်, ဥပါဒါရုပ် နှစ်မျိုးလုံးကို ယူရပါမည်။

➤ **ရူပံ နာမဿ စေကဓာ–၌ ရူပံ–အရ** ။ ။ ဝတ္ထုရုပ် ၆-ပါး၊ (တစ်နည်း) အာရုံ ၅-ပါး ဖြစ်ပါသည်။ ➤ **နာမဿ–အရ** = ပဝတ္တိအခါ၌ သတ္တဝိညာဏဓာတ် (တနည်း) ပဉ္စဝိညာဏဝီထိ-တို့ ဖြစ်ပါသည်။ ➤ **ဧကဓာ–အရ** ။ ။ ဝတ္ထုပုရေဇာတ (တစ်နည်း) အာရမ္မဏပုရေဇာတ-တို့ကို ယူရပါမည်။

http://www.dhammadownload.com



**နာမ်သည် နာမ်အား ၆-ပစ္စည်း/ဆဓာ နာမံ တု နာမဿ-၏ အကျယ်ပြ**

**၁။ အနန္တရစသည့် ၄-ပစ္စည်းဖြင့် ကျေးဇူးပြုပုံပါဠိ**

**၂။ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

**၃။ သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

၁၆။ အနန္တရ နိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တ - စေတသိကာနံ ဓမ္မာနံ အနန္တရ သမနန္တရ နတ္ထိ ဝိဂတဝသေန[၁] ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ အာသေဝနဝသေန[၂] သဟဇာတာ စိတ္တစေတသိကာ ဓမ္မာ အညမညံ သမ္ပယုတ္တ - ဝသေနေ[၃] တိ စ ဆဓာ နာမံ နာမဿ ပစ္စယော ဟောတိ။

**နာမ်သည် နာမ်ရုပ်အား ၅-ပစ္စည်း/ပဥ္စဓာ နာမရူပီနံ-၏အကျယ်ပြ**

**၁။ ဟေတု, ဈာန, မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

**၂။ သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ ၃။ နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ ၄။ ဝိပါကသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

၁၇။ ဟေတု ဈာနင်္ဂ မဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိ- ဝသေန,[၁] သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ,[၂] နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မ- ဝသေန,[၃] ဝိပါကက္ခန္ဓာ အညမညံ သဟဇာတာနံ ရူပါနံ ဝိပါက ဝသေနေ[၄] တိ စ ပဥ္စဓာ နာမံ နာမရူပါနံ ပစ္စယော ဟောတိ။

**နာမ်သည် ရုပ်အား ၁-ပစ္စည်း/ဧကဓာ ပုန ရူပဿ-၏ အကျယ်ပြ**

**ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

၁၈။ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတဝသေနေတိ ဧကဓာဝ နာမံ ရူပဿ ပစ္စယော ဟောတိ။

---

➤ **ဒွယံ ဒွယဿ နဝဓာ စေတိ-၌ ဒွယံ-အရ** ။ ။ နာမ်ရုပ် ၂-ပါးအပေါင်းကို ယူရပါမည်။ ➤ **ဒွယဿ-အရ** = နာမ်ရုပ်တရား ၂-ပါးကို ယူရပါမည်။ ➤ **နဝဓာ-အရ** = အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ရုပ်သည် နာမ်အား ၁-ပစ္စည်း/ရူပံ နာမဿ ဧကဓာ-၏ အကျယ်ပြ**

**၁။ ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

**၂။ အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

၁၉။ ဆ ဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ,[၁] ပဉ္စာရမ္မဏာနိ စ ပဉ္စဝိညာဏဝီထိယာ ပုရေဇာတဝသေနေ[၂] တိ ဧကဓာဝ ရူပံ နာမဿ ပစ္စယော ဟောတိ။

**ပညတ် နာမ်ရုပ်သည် နာမ်အား ၂-ပစ္စည်း**

**ပညတ္တိ နာမရူပါနိ နာမဿ ဒွိဓာ-၏ အကျယ်ပြ**

၂၀။ အာရမ္မဏဝသေန, ဥပနိဿယဝသေနေတိ စ ဒွိဓာ ပညတ္တိ နာမရူပါနိ နာမဿေဝ ပစ္စယာ ဟောန္တိ။

၂၁။ တတ္ထ ရူပါဒိဝသေန ဆဗ္ဗိဓံ ဟောတိ အာရမ္မဏံ။

**ဥပနိဿယ ၃-မျိုး**

၂၂။ ဥပနိဿယော ပန တိဝိဓော ဟောတိ အာရမ္မဏူပနိဿယော, အနန္တရူပနိဿယော, ပကတူပနိဿယော စေတိ။

၂၃။ တတ္ထ အာရမ္မဏမေဝ ဂရုကတံ **အာရမ္မဏူပနိဿယော**။

၂၄။ အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ **အနန္တရူပနိဿယော**။

၂၅။ ရာဂါဒယော ပန ဓမ္မာ သဒ္ဓါဒယော စ သုခံ ဒုက္ခံ ပုဂ္ဂလော ဘောဇနံ ဥတု သေနာသနဉ္စ ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ကုသလာဒိဓမ္မာနံ, ကမ္မံ ဝိပါကာနန္တိ စ ဗဟုဓာ ဟောတိ **ပကတူပနိဿယော**။

---

➢ **ကောင်းဆိုးနှစ်တန် စေတနာကံ-က ပေးစွမ်းနိုင်သော အကျိုးတရားများ**

(၁) သဟဇာတစေတနာ-က စိတ်-၈၉၊ စေတနာကြဉ် စေတသိက်-၅၁၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အကျိုးတရားတို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(၂) အတိတ်ကပြုခဲ့သော ကုသိုလ် အကုသိုလ်စေတနာက ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် အကျိုးတရားတို့အား နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ, နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန။)ကိုထောက်။

http://www.dhammadownload.com



## နာမ်ရုပ် ၂-ပါးသည် နာမ်ရုပ် ၂-ပါးအား ၉-ပစ္စည်း
## ဒွယံ ဒွယဿ နဝဓာ-၏ အကျယ်ပြ

၂၆။ အဓိပတိ သဟဇာတ အညမည နိဿယ အာဟာရ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတဝသေနေတိ ယထာရဟံ နဝဓာ နာမရူပါနိ နာမရူပါနံ ပစ္စယာ ဘဝန္တိ။

### အဓိပတိ ၂-မျိုး

၁။ အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ
၂။ သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ

၂၇။ တတ္ထ ဂရုကတမာရမ္မဏံ အာရမ္မဏာဓိဝသေန နာမာနံ,[၁] သဟဇာတာဓိပတိ စတုဗ္ဗိဓောပိ သဟဇာတဝသေန သဟဇာတာနံ နာမရူပါနံ[၂] န္တိ စ ဒုဝိဓော ဟောတိ **အဓိပတိပစ္စယော**

### သဟဇာတ ၃-မျိုး

၂၈။ စိတ္တစေတသိကာ ဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ, မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ, ပဋိသန္ဓိက္ခဏေ ဝတ္ထု ဝိပါကာ အညမညန္တိ စ တိဝိဓော ဟောတိ သဟဇာတပစ္စယော။

### အညမည ၃-မျိုး

၂၉။ စိတ္တစေတသိကာ ဓမ္မာ အညမညံ, မဟာဘူတာ အညမညံ, ပဋိသန္ဓိက္ခဏေ ဝတ္ထု ဝိပါကာ အညမညန္တိ စ တိဝိဓော ဟောတိ အညမညပစ္စယော။

### နိဿယ ၃-မျိုး

၁+၂။ သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ
၃။ ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ

၃၀။ စိတ္တ စေတသိကာ ဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ,[၁] မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ,[၂] ဆ ဝတ္ထူနိ သတ္တန္နံ ဝိညာဏဓာတူန[၃] န္တိ စ တိဝိဓော ဟောတိ နိဿယပစ္စယော။

http://www.dhammadownload.com



**အာဟာရ ၂-မျိုး/ ၁။ ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**
**၂။ နာမ်အာဟာရသတ္တိ (ဝါ) သဟဇာတအာဟာရဖြင့် ကျေးဇူးပြုပုံပါဠိ**

၃၁။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ,[၁] အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ[၂] တ္တံ စ ဒုဝိဓော ဟောတိ **အာဟာရပစ္စယော**။

**ဣန္ဒြိယပစ္စည်း ၃-မျိုး / ၁။ ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**
**၂။ ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**
**၃။ သဟဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

၃၂။ ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ,[၁] ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ,[၂] အရူပိနော ဣန္ဒြိယာ သဟဇာတာနံ နာမရူပါန[၃] န္တိ စ တိဝိဓော ဟောတိ **ဣန္ဒြိယပစ္စယော**။

**ဝိပ္ပယုတ္တပစ္စည်း ၃-မျိုး/၁။ သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**
**၂။ ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**
**၃။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံပါဠိ**

၃၃။ ဩက္ကန္တိက္ခဏေ ဝတ္ထု ဝိပါကာနံ စိတ္တ စေတသိကာ ဓမ္မာ သဟဇာတရူပါနံ သဟဇာတဝသေန,[၁] ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတဝသေန,[၂] ဆ ဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ ပုရေဇာတဝသေနေ[၃] တိ စ တိဝိဓော ဟောတိ ဝိပ္ပယုတ္တပစ္စယော။

**အတ္ထိပစ္စည်း ၅-မျိုးပြ သင်္ဂဟဂါထာ**

၃၄။ သဟဇာတံ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊ ရူပဇီဝိတမိစ္စယန္တိ ---
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော, အဝိဂတပစ္စယော စ။

---

(ဓာပိုဒ်-၃၄) **အတ္ထိပစ္စည်း ၅-မျိုးကား /ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော-န္တိ ပဉ္စဝိဓ သရုပ် /အကြောင်းတရား ထင်ရှားရှိစဉ် အချိန်၌သာ ကျေးဇူးပြုနိုင်သည့် ပဋ္ဌာန်း ပစ္စည်းသရုပ် ။ ။** သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပအာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ပစ္စည်း အကျဉ်းချုပ်**

၃၅။ အာရမ္မဏူပနိဿယ ကမ္မတ္ထိ ပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။

**အထူးမှတ်ရန်/သဟဇာတရုပ် (၂-မျိုး) သရုပ်ပြ**

**သဟဇာတရုပ်၏ တရားကိုယ် အရကောက်ပြ**

၃၆။ သဟဇာတရူပန္တိ ပနေတ္ထ သဗ္ဗတ္ထာပိ ပဝတ္တေ စိတ္တသမုဋ္ဌာနာနံ, ပဋိသန္ဓိယံ ကဋတ္တာရူပါနဉ္စ ဝသေန ဒုဝိဓံ ဟောတီတိ ဝေဒိတဗ္ဗံ

**ပစ္စည်းမျိုးပြ သင်္ဂဟဂါထာများ**

၃၇။ ဣတိ တေကာလိကာ ဓမ္မာ၊ ကာလမုတ္တာ စ သမ္ဘဝါ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ သင်္ခတာသင်္ခတာ တထာ။
ပညတ္တိ နာမရူပါနံ၊ ဝသေန တိဝိဓာ ဋ္ဌိတာ။
ပစ္စယာ နာမ ပဋ္ဌာနေ၊ စတုဝီသတိ သဗ္ဗထာ။

---

➤ **အဝိဂတပစ္စည်း ၅-မျိုးကား ॥** ॥ သဟဇာတအဝိဂတ, ပုရေဇာတ အဝိဂတ, ပစ္ဆာဇာတ အဝိဂတ, ရူပအာဟာရ အဝိဂတ, ရူပဇီဝိတိန္ဒြိယ အဝိဂတ-တို့ ဖြစ်ပါသည်

(စာပိုဒ်-၃၅) **၂၄-ပစ္စည်းကို အကျဉ်းချုပ်က ရနိုင်သော ပစ္စည်းများ /**

**အကျဉ်းချုပ်အားဖြင့် ပစ္စည်း ၄-မျိုးကား ॥** ॥ အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်း-တို့ ဖြစ်ပါသည်။

(စာပိုဒ်-၃၆) **သဟဇာတရုပ် ၂-မျိုးနှင့် ဖြစ်ရာအခါ/ဒုဝိဓံ ဟောတီတိ ဝေဒိတဗ္ဗံ-၌ ဒုဝိဓ သရုပ် ॥** ॥ (၁) စိတ္တဇ သဟဇာတရုပ်= ပဝတ္တိအခါ၊ (၂) ပဋိသန္ဓေကမ္မဇ သဟဇာတရုပ်= ပဋိသန္ဓေအခါ-တို့ ဖြစ်ပါသည်။

➤ **စိတ္တစေတသိကာ ဓမ္မာ အညမည သဟဇာတရူပါနံ-၌ သဟဇာတရူပ-အရ** ပဝတ္တိအခါ စိတ္တဇရုပ်ကို ယူရပါမည်။ ပဋိသန္ဓေအခါ ကဋတ္တာရုပ် (ကမ္မဇရုပ်)ကို ကောက်ယူရပါမည်။ (စာပိုဒ်-၃၆-ကိုထောက်)

(စာပိုဒ်-၃၇) **၂၄-ပစ္စည်းကို ကာလအားဖြင့် ဝေဖန်ပုံ**

၁။ အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ ဤ(၅) ပစ္စည်းသည် **"အတီတကာလိကပစ္စည်း"** မည်၏။ (၂) ကမ္မပစ္စည်းသည် အတိတ် ပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ကာလနှစ်ပါး၌ ဖြစ်သောကြောင့် **"ဒွိကာလိကပစ္စည်း"** မည်၏။ (၃) အာရမ္မဏ, အဓိပတိ, ဥပနိဿယပစ္စည်းများသည် ကာလသုံးပါး၌ဖြစ်သောကြောင့် **"တိကာလိကပစ္စည်း"** မည်၏။

http://www.dhammadownload.com



## ရုပ်နာမ် ခွဲပုံ

၃၈။ တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓော၀၊ စိတ္တစေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ, နိဗ္ဗာနဉ္စေတိ ပဉ္စဝိဓမ္ပိ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ။

---

(၄) ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ (၁၅) ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလ၌သာ ဖြစ်သောကြောင့် "**ပစ္စုပ္ပန္နကာလိကပစ္စည်း**" မည်၏။ (၅) နိဗ္ဗာန်နှင့် ပညတ်သည် "**ကာလဝိမုတ္တပစ္စည်း**" မည်၏။

➤ **၂၄-ပစ္စည်းကို အဇ္ဈတ္တ+ဗဟိဒ္ဓခွဲပုံ** ॥ ॥ အာရမ္မဏ, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, ပုရေဇာတ, အာဟာရ, အတ္ထိ, အဝိဂတ-အားဖြင့် (၁၀) ပစ္စည်းတို့ကို အဇ္ဈတ္တ+ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ ရနိုင်ပါသည်။ ကြွင်းသော (၁၄) ပစ္စည်းတို့ကို အဇ္ဈတ္တသန္တာန်၌သာ ရနိုင်ပါသည်။

➤ **၂၄-ပစ္စည်းကို သင်္ခတ+အသင်္ခတအားဖြင့် ခွဲခြားပုံ** ॥ ॥ အာရမ္မဏ, အဓိပတိ ဥပနိဿယ (၃) ပစ္စည်းတို့သည် သင်္ခတ+အသင်္ခတ ၂-မျိုးလုံးဖြစ်ပါသည်။ ကြွင်းသော (၂၁) ပစ္စည်းတို့ကား သင်္ခတ တစ်မျိုးသာ ဖြစ်ပါသည်။

➤ **ပဋ္ဌာန်းပစ္စည်း အနှစ်ချုပ် ၃-မျိုးကား/ဝသေန တိဝိဓာ ဌိတာ-၌ တိဝိဓသရုပ်** (ပညတ္တိ နာမရူပါနံ၊ ဝသေန တိဝိဓာ ဋ္ဌိတာ-ကိုထောက်၍) ပညတ်, နာမ်, ရုပ် ၃-ပါးတို့ ဖြစ်ပါသည်။

➤ **နာမ်ဖြစ်သော ပစ္စည်းများကား** ॥ ॥ ဟေတု, အနန္တရ, သမနန္တရ, ပစ္ဆာဇာတ, အာသေဝန, ကမ္မ, ဝိပါက, ဈာန, မဂ္ဂ, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ၊ ပေါင်း (၁၂)ပါး ဖြစ်ပါသည်။(သာဓကေ) ဆဓာ နာမံ တု နာမဿ၊ ပဉ္စဓာ နာမရူပိနံ၊ ဧကဓာ ပုနရူပဿ။

➤ **ရုပ်ဖြစ်သော ပစ္စည်းကား** ॥ ॥ ပုရေဇာတပစ္စည်း ဖြစ်ပါသည်။ (သာဓကေ) ရူပံ နာမဿ စေကဓာ။ ➤ **နာမ်ရုပ်ဖြစ်သော ပစ္စည်းများကား** ॥ ॥ အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ပေါင်း (၉) ပစ္စည်း ဖြစ်ပါသည်။ (သာဓကေ) ဒွယံ ဒွယဿ နဝဓာ။

➤ **ပညတ်နာမ်ရုပ် ဖြစ်သောပစ္စည်းများကား** ॥ ॥ အာရမ္မဏ, ဥပနိဿယ (၂) ပစ္စည်းဖြစ်ပါသည်။ (သာဓကေ) ပညတ္တိနာမရူပါနိ၊ နာမဿ ဒုဝိဓာ။

***(စာပိုဒ်-၃၈)*** **ရုပ်တရား+နာမ်တရား ခွဲခြားပုံ** ॥ ॥ ရူပက္ခန္ဓာသည် "ရုပ်တရား" ဖြစ်ပါသည်။ စိတ်, စေတသိက်ဟုဆိုအပ်သော နာမက္ခန္ဓာ ၄-ပါး၊ နိဗ္ဗာန်တို့သည် "နာမ်တရား" ဖြစ်ပါသည်။

http://www.dhammadownload.com



**ပညတ်အပြား**

၃၉။ တတော အဝသေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ, ပညာပနတော ပညတ္တီတိ စ ဒုဝိဓာ ဟောတိ။

**ပညာပိယတ္တာ ပညတ္တိ–အရ ယူသင့်သည် ပညတ်အမည်တို့ကိုသာ ဖော်ပြသည့်ပါဠိ**

**အတ္ထပညတ်အပြား/ ၁။သဏ္ဌာနပညတ်ပြ**

၄၀။ ကထံ? ---

တံတံ ဘူတဝိပရိဏာမာကာရမုပါဒါယ တထာ တထာ ပညတ္တာ ဘူမိ ပဗ္ဗတာဒိကာ,

**၂။ သမူဟပညတ်ပြ**

သမ္ဘာရ သန္နိဝေသာကာရ မုပါဒါယ ဂေဟ ရထာ သကဋာဒိကာ,

**၃။ အတိပညတ်ပြ**

ခန္ဓပဉ္စကမုပါဒါယ ပုရိသ ပုဂ္ဂလာဒိကာ,

**၄။ ဒိသာပညတ်, ကာလပညတ်ပြ**

စန္ဒာ ဝဋ္ဋနာဒိကမုပါဒါယ ဒိသာ ကာလာဒိကာ,

**၅။ အာကာသပညတ်ပြ**

အသမ္ဖုဋ္ဌာကာရမုပါဒါယ ကူပ ဂုဟာဒိကာ,

**၆။ နိမိတ်ပညတ်ပြ**

တံ တံ ဘူတနိမိတ္တံ, ဘာဝနာဝိသေသဉ္စ ဥပါဒါယ ကသိဏနိမိတ္တာဒိကာ စေတိ ဧဝမာဒိပ္ပဘေဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္ထစ္ဆာယာကာရေန စိတ္တုပ္ပါဒါနမာရမ္မဏဘူတာ တံ တံ ဥပါဒါယ ဥပနိဓာယ ကာရဏံ ကတွာ တထာ တထာ ပရိကပ္ပိယမာနာ သင်္ခါယတိ သမညာယတိ ဝေါဟရိယတိ ပညာပီယတီတိ ပညတ္တီတိ ပဝုစ္စတိ၊ အယံ ပညတ္တိ ပညာပိယတ္တာ ပညတ္တိနာမ။

---

➤ **ပဉ္စဝိဓမ္ပိ အရူပက္ခန္ဓ–ဥ ပဉ္စဝိဓ သရုပ်** ။ ။ စိတ်, စေတသိက်ဟုဆိုအပ်သော နာမက္ခန္ဓာ ၄-ပါး၊ နိဗ္ဗာန်တို့ ဖြစ်ပါသည်။

မေး ။ ။ နိဗ္ဗာန်တရားသည် ရူပ+အရူပ နှစ်မျိုးတို့တွင် မည်သည့်တရား ဖြစ်ပါသနည်း။

ဖြေ ။ ။ နိဗ္ဗာန်တရားသည် အရူပတရား ဖြစ်ပါသည်။ (စာပိုဒ်၃၈-ကိုထောက်)

http://www.dhammadownload.com



(စာပိုဒ်–၃၉) **ပညတ် ၂–မျိုးကား/ပညတ္တိတိစ ဒုဝိဓာ ဟောတိ–ဠ် ဒုဝိဓ သရုပ်**
(၁) အတ္ထပညတ် (ဝါ) ဝစ္စပညတ်၊ (၂) သဒ္ဒပညတ် (ဝါ) ဝါစကပညတ်တို့ ဖြစ်ပါသည်။

(စာပိုဒ်–၄၀) **သန္တာနပညတ်** (ဝါ) **သဏ္ဌာနပညတ်**။ ။ ထိုထိုမဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာကို စွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် ဘူမိ=မြေ၊ ပဗ္ဗတ=တောင်၊ ရုက္ခ=သစ်ပင် စသည်တို့ကို "သန္တာနပညတ်" (ဝါ) "သဏ္ဌာနပညတ်" ဟု ခေါ်ပါသည်။

➤ **သမူဟပညတ်** ။ ။ သစ်, မြေစိုင် အစရှိသော အဆောက်အဦးတို့၏ စုဝေးသော အခြင်းအရာကို စွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် ဂေဟ=အိမ်၊ ရထ=ရထား၊ သကဋ=လှည်း၊ ဂါမ=ရွာ၊ ယဋ= အိုး၊ ပဋ=ပုဆိုး စသည်တို့ကို "သမူဟပညတ်"ဟု ခေါ်ပါသည်။

➤ **ဇာတိပညတ်** ။ ။ ခန္ဓာငါးပါးအပေါင်းကိုစွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် ပုရိသ=ယောကျ်ား၊ ပုဂ္ဂလ= ပုဂ္ဂိုလ် စသည်တို့ကို "ဇာတိပညတ်"ဟု ခေါ်သည်။

➤ **ဒိသာပညတ်+ ကာလပညတ်** ။ ။ လ, နေ, နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်း အစရှိသော အခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် "အရှေ့အရပ်" စသည်ကို "ဒိသာပညတ်" 'နံနက်ခင်း' စသည်ကို "ကာလပညတ်" ဟုခေါ်ပါသည်။

➤ **အရှေ့–အနောက်အရပ် စသည် ခေါ်ဝေါ်သတ်မှတ်ရခြင်းအကြောင်း**

➤ **နေ့နှင့်ည အချိန်ကာလ ဖြစ်ပေါ်ရခြင်းအကြောင်း** ။ ။ စန္ဒာဝဋ္ဋနာဒိက မုပါဒါယ ဒိသာကာလာဒိကာ-ဟူသော သင်္ဂဟနှင့်အညီ လ, နေ, နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်း အစရှိသော အခြင်းအရာကိုစွဲ၍ ထိုထိုသို့သော အခြင်းအရာအားဖြင့် ပညတ်အပ်သောကြောင့် --နေ့နှင့်ည အချိန်ကာလ ဖြစ်ပေါ်လာရပါသည်။

➤ **အာကာသပညတ်** ။ ။ ရုပ်ကလာပ်တို့သည် မတွေ့ထိအပ်သော အခေါင်း အစရှိသော အခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်ပညတ်သမုတ်အပ်သောကြောင့် ကူပ=တွင်း၊ ဂုဟာ=လိုဏ်၊ ဆိဒ္ဒ=အပေါက် စသည်တို့ ကို "အာကာသပညတ်"ဟု ခေါ်ပါသည်။

➤ **နိမိတ္တပညတ်**။ ။ ထိုထိုသို့သော အခြင်းအရာအားဖြင့်ထင်သော ပထဝီကသိုဏ်း အစရှိသော နိမိတ်ကိုရင်း, ပရိကမ္မစသည်ဖြင့်ပြားသော ဘာဝနာ၏အစဉ်ဟူသော အထူးကိုရင်း စွဲ၍ ကသိုဏ်းနိမိတ်, အသုဘနိမိတ်, အသုဘကောင်, ယောဂီတို့အား ထင်လာသော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် စသည်တို့ကို "နိမိတ္တပညတ်"ဟုခေါ်သည်

http://www.dhammadownload.com



**သဒ္ဒပညတ် ၆-ပါး**

၄၁။ ပညာပနတော ပညတ္တိ ပန နာမ နာမကမ္မာဒိနာမေန ပရိဒီပိတာ သာ ဝိဇ္ဇမာနပညတ္တိ, အဝိဇ္ဇမာနပညတ္တိ, ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ, အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ, ဝိဇ္ဇမာနေန ဝိဇ္ဇမာန-ပညတ္တိ, အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ စေတိ ဆဗ္ဗိဓာ ဟောတိ။

၄၂။ တတ္ထ ယဒါ ပန ပရမတ္ထတော ဝိဇ္ဇမာနံ ရူပဝေဒနာဒိံ ဧတာယ ပညာပေန္တိ၊ တဒါယံ ဝိဇ္ဇမာနပညတ္တိ။

ယဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနံ ဘူမိပဗ္ဗတာဒိံ ဧတာယ ပညာပေန္တိ၊ တဒါယံ အဝိဇ္ဇမာနပညတ္တီတိ ပဝုစ္စတိ။

ဥဘိန္နံ ပန ဝေါမိဿကဝသေန သေသာ ယထာက္ကမံ ဆဠဘိညော ဣတ္ထိသဒ္ဒေါ, စက္ခုဝိညာဏံ, ရာဇပုတ္တောတိ စ ဝေဒိတဗ္ဗာ။

**ပညတ် ၂-ပါးကိုသိပုံနှင့် နာမပညတ်ဖြစ်လာပုံ**

၄၃။ ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။
ပဝတ္တာနန္တရုပ္ပန္န- မနောဒွါရဿ ဂေါစရာ။
အတ္ထာယဿာနုသာရေန၊ ဝိညာယန္တိ တတော ပရံ။
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ။

---

မေး ။ ။ အောက်ပါ အမည်တို့၏ ပညတ်အမည် အသီးသီးကို သင်္ဂဟာလာအတိုင်း အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

(က) တောင် (ခ) အိုး (ဂ) နံနက်ခင်း (ဃ) အသုဘကောင်။

(က) **တောင်**-ဟူသော ပညတ်သည် ထိုထိုမဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် "သန္တာနပညတ်" (ဝါ) "သဏ္ဌာနပညတ်" ဖြစ်ပါသည်။ (ခ) **အိုး**-ဟူသော ပညတ်သည် သစ်မြေစိုင် အစရှိသော အဆောက်အဦးတို့၏ စုဝေးသောအခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် "သမူဟ ပညတ်" ဖြစ်ပါသည်။

(ဂ) **နံနက်ခင်း**-ဟူသော ပညတ်သည် လနေ နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်း အစရှိသော အခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်ပညတ်သမုတ် အပ်သောကြောင့် "ကာလပညတ်" ဖြစ်ပါသည်။

http://www.dhammadownload.com



(ဃ) **အသုဘကောင်**-ဟူသော ပညတ်သည် ထိုထိုသို့သော အခြင်းအရာအားဖြင့် ထင်သော ပထဝီကသိုဏ်း အစရှိသော နိမိတ်ကိုရင်း၊ ပရိကမ္မ-စသည်ဖြင့် ပြားသော ဘာဝနာ၏ အစဉ်ဟူသော အထူးကိုရင်း စွဲ၍ ခေါ်ဝေါ်ပညတ်သမုတ်အပ်သောကြောင့် "နိမိတ္တပညတ်" ဖြစ်ပါသည်။

**(စာပိုဒ်-၄၁)** **ပညတ် ၆-မျိုးကား** ။ (၁) ဝိဇ္ဇမာနပညတ် [ပုံစံ] ရူပံ၊ (၂) အဝိဇ္ဇမာန ပညတ် [ပုံစံ] ဘူမိ၊ (၃) ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် [ပုံစံ] ဆဠဘိညော၊ (၄) အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် [ပုံစံ] ဣတ္ထိသဒ္ဒေါ၊ (၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် [ပုံစံ] စက္ခုဝိညာဏံ၊ (၆) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် [ပုံစံ] ရာဇပုတ္တော။

**(စာပိုဒ်-၄၂)** ၁။ **ရုပ်, ဝေဒနာ** စသည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် **"ဝိဇ္ဇမာနပညတ်"** ဖြစ်ပါသည်။

၂။ ဘူမိ=မြေ၊ ပဗ္ဗတ=တောင်၊ ကပ္ပ=ကမ္ဘာ စသည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့် **"အဝိဇ္ဇမာနပညတ်"** ဖြစ်ပါသည်။

၃။ **ဆဠဘိညော**-၌ အဘိညာဉ် ၆-ပါးတို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်ရင်း၊ ထိုအဘိညာဉ်တို့ကို ရခြင်းရှိသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရမတ္ထအား ဖြင့် ထင်ရှားမရှိသောကြောင့်ရင်း ဆဠဘိညော-ဟူသော ပညတ်သည် **"ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်"** ဖြစ်ပါသည်။ **(အလားတူပုံစံ) မဂ်+ပုဂ္ဂိုလ်**

၄။ **ဣတ္ထိသဒ္ဒေါ** (မိန်းမ+အသံ) ၌ ဣတ္ထိ (မိန်းမ) သည် ပရမတ္ထအားဖြင့် ထင် ရှား မရှိသောကြောင့်ရင်း၊ သဒ္ဒရုပ်(အသံ)သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ကြောင့်ရင်း ဣတ္ထိသဒ္ဒေါ (မိန်းမ+သံ)ဟူသော ပညတ်သည် **"အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်"** ဖြစ်ပါသည်။ **(အလားတူပုံစံ) ကြက်တွန်သံ၊ ဗုံကြီးသံ၊ မိုးချုန်းသံ၊ ခေါင်းလောင်းသံ။**

၅။ **စက္ခုဝိညာဏံ**-၌ စက္ခု-အရ စက္ခုပသာဒရုပ်ကလည်း ပရမတ္ထအားဖြင့် ထင် ရှားရှိသောကြောင့်ရင်း၊ ဝိညာဏ-အရ ထိုစက္ခုပသာဒကိုမှီသော စက္ခုဝိညာဉ်ကလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်ရင်း 'စက္ခုဝိညာဏံ'ဟူသော ပညတ်သည် "ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်" ဖြစ်ပါသည်။ **လောဘ+ဒေါသ၊ တရား+သံ။**

၆။ **ရာဇပုတ္တော**-၌ ရာဇ(မင်း) သည်ရင်း၊ ပုတ္တ(သား) သည်ရင်း ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့် (ဝါ) သမုတိသစ္စာဖြစ်သောကြောင့် 'ရာဇပုတ္တော'ဟူသော ပညတ်သည် "အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်" ဖြစ်ပါသည်။ **လှတ်တော်-အဆောက် အဦး၊ ပထမပြန်-စာမေးပွဲ၊ ကြော်ငြာ-မင်းသမီး၊ လင်-မယား။**

**ပစ္စည်းပိုင်း သရုပ်ခွဲပြီး၏။**

http://www.dhammadownload.com



## ၉–ကမ္မဋ္ဌာန်းပိုင်း

### ပဋိညာဉ်

၁။ သမထဝိပဿနာနံ၊ ဘာဝနာနမိတော ပရံ။
ကမ္မဋ္ဌာနံ ပဝက္ခာမိ၊ ဒုဝိဓမ္ပိ ယထာက္ကမံ။

**သမထကမ္မဋ္ဌာန်းနည်း/ကမ္မဋ္ဌာန်း (၄၀) အကျဉ်းမာတိကာ**

၂။ တတ္ထ သမထသင်္ဂဟေ တာဝ ဒသကသိဏာနိ, ဒသ အသုဘာ ဒသ အနုဿတိယော, စတဿော အပ္ပမညာယော, ဧကာသညာ ဧကံ ဝဝတ္ထာနံ, စတ္တာရော အာရုပ္ပါ စေတိ သတ္တဝိဓေန သမထ ကမ္မဋ္ဌာနသင်္ဂဟော။

**စရိုက် ၆–ပါး**

၃။ ရာဂစရိတာ, ဒေါသစရိတာ, မောဟစရိတာ, သဒ္ဓါစရိတာ, ဗုဒ္ဓိစရိတာ, ဝိတက္ကစရိတာ စေတိ ဆဗ္ဗိဓေန စရိတသင်္ဂဟော။

---

(စာပိုဒ်–၁) **သမထ–အရ** ။ ။ လောကီကုသိုလ်, မဟာကြိယာ၌ယှဉ်သော သမာဓိစေ-ေကဂ္ဂတာကို ယူရပါမည်။

➤ **ဝိပဿနာ–အရ** ။ ။ မဟာကုသိုလ်, မဟာကြိယာ၌ယှဉ်သော ပညာစေတသိက်ကို ယူရပါမည်။

➤ **သမထကမ္မဋ္ဌာန်းဝယ် သိမှတ်ဖွယ်ရာများကား** ။ ။ ကမ္မဋ္ဌာန်း-၄၀၊ စရိုက် ၆ ပါး၊ ဘာဝနာ ၃-ပါး၊ နိမိတ် ၃-ပါးတို့ ဖြစ်ပါသည်။

(စာပိုဒ်–၂) **အကျဉ်းအားဖြင့် ကမ္မဋ္ဌာန်း ၄၀–ကား** ။ ။ ကသိုဏ်း ၁၀-ပါး၊အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အပ္ပမညာ ၄-ပါး၊ အာဟာရေ ပဋိကူလသညာ-၁ ပါး၊ စတုဓာတု ဝဝတ္ထာန် ၁-ပါး၊ အာရုပ္ပ ၄-ပါး-တို့ ဖြစ်ပါသည်။

➤ **သတ္တဝိဓေန သမထကမ္မဋ္ဌာနသင်္ဂဟော–၌ သတ္တဝိဓ သရုပ်** ။ ။ (၁) ကသိုဏ်း (၂) အသုဘ (၃) အနုဿတိ (၄) အပ္ပမညာ (၅) သညာ (၆) ဝဝတ္ထာန် (၇) အာရုပ္ပ တို့ ဖြစ်ပါသည်။

(စာပိုဒ်–၃) **စရိုက် ၆–ပါးကား/ဆဗ္ဗိဓေန စရိတသင်္ဂဟော–၌ ဆဗ္ဗိဓ သရုပ်**
ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ဝိတက်စရိုက် တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ဘာဝနာ ၃-ပါး**

၄။ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ စေတိ တိဿော ဘာဝနာ။

**နိမိတ် ၃-ပါး**

၅။ ပရိကမ္မနိမိတ္တံ, ဥဂ္ဂဟနိမိတ္တံ, ပဋိဘာဂနိမိတ္တဉ္စေတိ တီဏိ နိမိတ္တာနိ စ ဝေဒိတဗ္ဗာနိ။

**ကသိုဏ်း ၁၀-ပါး**

၆။ ကထံ? ---

ပထဝီကသိဏံ, အာပေါကသိဏံ, တေဇောကသိဏံ, ဝါယောကသိဏံ, နီလကသိဏံ, ပီတကသိဏံ, လောဟိတကသိဏံ, ဩဒါတကသိဏံ, အာကာသကသိဏံ, အာလောကကသိဏဉ္စေတိ ဣမာနိ ဒသ ကသိဏာနိ နာမ။

---

(စာပိုဒ်-၄) **ဘာဝနာ ၃-ပါးကား /တိဿော ဘာဝနာ-၌ တိ-အရ** ။ ။
ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ-တို့ ဖြစ်ပါသည်။

(စာပိုဒ်-၅) **နိမိတ် ၃-ပါးကား/တီဏိ နိမိတ္တာနိ-၌ တီဏိ-အရ** ။ ။ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်-တို့ ဖြစ်ပါသည်။

(စာပိုဒ်-၆) **ကသိုဏ်း ၁၀-ပါးကား/ဒသ ကသိဏာနိ-၌ ဒသ-အရ**
ပထဝီကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်း, အာကာသကသိုဏ်း, အာလောကကသိုဏ်း-တို့ ဖြစ်ပါသည်။

➤ **ဘူတကသိုဏ်း ၄-ပါးကား** ။ ။ ပထဝီကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း-တို့ ဖြစ်ပါသည်။

➤ **ဝဏ္ဏကသိုဏ်း ၄-ပါးကား** ။ ။ နီလ ကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်း-တို့ ဖြစ်ပါသည်။

➤ **ကမ္မဋ္ဌာန်း ၄၀-ကို အာရုံကမ္မဋ္ဌာန်း+အာရမ္မဏိက ကမ္မဋ္ဌာန်း ခွဲခြားပုံ**
ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါးတို့သည် **အာရုံကမ္မဋ္ဌာန်း** ဖြစ်ပါသည်။
အနုဿတိ ၁၀-ပါး၊အပ္ပမညာ ၄-ပါး၊ သညာ ၁-ပါး၊ ဝဝတ္ထာန် ၁-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၂၀-သည် **အာရမ္မဏိက ကမ္မဋ္ဌာန်း**ဖြစ်ပါသည်။

http://www.dhammadownload.com



**အသုဘ ၁၀-ပါး**

၇။ ဥဒ္ဓုမာတကံ, ဝိနီလကံ, ဝိပုဗ္ဗကံ, ဝိစ္ဆိဒ္ဒကံ, ဝိက္ခာယိတကံ, ဝိက္ခိတ္တကံ, ဟတဝိက္ခိတ္တကံ, လောဟိတကံ, ပုဠုဝကံ, အဋ္ဌိကဉ္စေတိ ဣမေ ဒသ အသုဘာ နာမ။

**အနုဿတိ ၁၀-ပါး**

၈။ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, အာနာပါနဿတိ စေတိ ဣမာ ဒသ အနုဿတိယော နာမ။

**အပ္ပမညာ ၄-ပါး/ဗြဟ္မဝိဟာရ ၄-ပါး**

၉။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ စေတိ ဣမာ စတဿော အပ္ပမညာယော နာမ, ဗြဟ္မဝိဟာရောတိ စ ပဝုစ္စတိ။

---

(စာပိုဒ်-၇) **အသုဘ ၁၀-ပါးကား/ဒသ အသုဘာနာမ-၌ ဒသ-အရ**

ဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗက, ဝိစ္ဆိဒ္ဒက, ဝိက္ခာယိတက, ဝိက္ခိတ္တက, ဟတဝိက္ခိတ္တက, လောဟိတက, ပုဠုဝက, အဋ္ဌိက-တို့ ဖြစ်ပါသည်။

(စာပိုဒ်-၈) **အနုဿတိ ၁၀-ပါးကား/ဒသ အနုဿတိယော-၌ ဒသ-အရ**

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, အာနာပါနဿတိ-တို့ ဖြစ်ပါသည်။

➤ **ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပုံ** ။ ။ "သော ဘဂဝါ ဣတိပိ အရဟံ၊ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် စီးဖြန်းခြင်းသည် "ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း" စီးဖြန်းသည် မည်ပါသည်။(အကျယ် စာပိုဒ်-၄၀-သို့ရှု) ➤ **သံဃာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပုံ** ။ ။ "သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော" စသည်ဖြင့် ရွတ်ဆိုပွားများခြင်းသည် "သံဃာနုဿတိကမ္မဋ္ဌာန်း" စီးဖြန်းသည် မည်ပါသည်။

➤ **ဓမ္မာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပုံ** ။ ။ "သွာက္ခာတော ဘဂဝတာ ဓမ္မော" စသည်ဖြင့် ဆို၍ စီးဖြန်းခြင်းသည် "ဓမ္မာနုဿတိကမ္မဋ္ဌာန်း" စီးဖြန်းသည် မည်ပါသည်။

(စာပိုဒ်-၉) **အပ္ပမညာ ၄-ပါး/စတဿော အပ္ပမညာယော-အရ** ။ ။ မေတ္တာ, ကရုဏာ မုဒိတာ, ဥပေက္ခာ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com


**သညာ ၁-ပါး**

၁၀။ အာဟာရေ ပဋိကူလသညာ ဧကောသညာ နာမ။

**ဝဝတ္ထာန် ၁-ပါး**

၁၁။ စတုဓာတုဝဝတ္ထာနံ ဧကံ ဝဝတ္ထာနံ နာမ။

**အာရုပ္ပ ၄-ပါး**

၁၂။ အာကာသာနဉ္စာယတနာဒယော စတ္တာရော အာရုပ္ပါ နာမာတိ သဗ္ဗထာပိ သမထနိဒ္ဒေသေ စတ္တာလီသကမ္မဋ္ဌာနာနိ ဘဝန္တိ။

**သပ္ပါယဘေဒ / စရိုက်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ**

၁၃။ စရိတာသု ပန ဒသ အသုဘာ, ကာယဂတာသတိ သင်္ခါတာ ကောဋ္ဌာသဘာဝနာ စ ရာဂစရိတဿ သပ္ပါယာ။

၁၄။ စတဿော အပ္ပမညာယော, နီလာဒီနိ စ စတ္တာရိ ကသိဏာနိ ဒေါသစရိတဿ။

---

➤ **မေတ္တာ၏ တရားကိုယ်** = အဒေါသစေတသိက် ဖြစ်ပါသည်။

➤ **ဥပေက္ခာ-၏ တရားကိုယ်** = တတြမဇ္ဈတ္တတာ စေတသိက်ဖြစ်ပါသည်။

(စာပိုဒ်-၁၀) **သညာ ၁-ပါးကား** ။ ။ အာဟာရေပဋိကူလသညာ ဖြစ်ပါသည်။

(စာပိုဒ်-၁၁) **ဝဝတ္ထာန် ၁-ပါးကား** ။ ။ စတုဓာတု ဝဝတ္ထာန် ဖြစ်ပါသည်။

(စာပိုဒ်-၁၂) **အာရုပ္ပ ၄-ပါးကား** ။ ။ အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန-တို့ ဖြစ်ပါသည်။

➤ **စရိုက်နှင့် ဝါသနာ အထူး** ။ ။ ပင်ကိုယ်ရိုးရာ သူတကာဖြစ်နေကြထက် ပိုမို လွန်ကဲ၍ အဖြစ်များခြင်းသည် "စရိုက်" မည်၏။ သတ္တဝါတို့သန္တာန်၌ အနုသယဓာတ် ကဲ့သို့ ဘဝတိုင်းမှာ စွဲကပ်ပါနေတတ်သော သဘောသည် "ဝါသနာ" မည်၏။

➤ **စရိုက် ၆-ပါးဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ** (၁၃/၁၄/၁၅/၁၆/၁၇/၁၈)

(စာပိုဒ်-၁၃) **ရာဂ(လောဘ)ကြီးသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း** ။ ။ အသုဘ-၁၀ ပါး၊ ကာယဂတာသတိ-ဟုဆိုအပ်သော ကောဋ္ဌာသဘာဝနာ ၁-ပါး၊ ပေါင်း ၁၁ ပါးသည် ရာဂ (လောဘ) စရိုက်ရှိသူအားသာ လျော်ကပ်ပါသည်။

(စာပိုဒ်-၁၄) **ဒေါသကြီးသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း** ။ ။ အပ္ပမညာ ၄-ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတ-ဟုဆိုအပ်သော ကသိုဏ်း ၄-ပါး၊ ပေါင်း ၈-ပါးသည် ဒေါသစရိုက်ရှိသူအားသာ လျော်ကပ်ပါသည်။

http://www.dhammadownload.com



၁၅။ အာနာပါနံ မောဟစရိတဿ, ဝိတက္ကစရိတဿ စ။
၁၆။ ဗုဒ္ဓါနုဿတိအာဒယော ဆ သဒ္ဓါစရိတဿ။
၁၇။ မရဏ ဥပသမ သညာ ဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ။
၁၈။ သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ။ တတ္ထာပိ ကသိဏေသု ပုထုလံ မောဟစရိတဿ, ခုဒ္ဒကံ ဝိတက္ကစရိတဿေဝါတိ။ အယမေတ္ထ သပ္ပါယဘေဒေါ။

---

(စာပိုဒ်–၁၅) **မောဟကြီးသူ, ဝိတက်များသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း** ။ ။ အာနာပါန-သည် မောဟစရိုက်နှင့် ဝိတက်စရိုက်ရှိသူအားသာ လျော်ပတ်ပါသည်။

(စာပိုဒ်–၁၆) **သဒ္ဓါတရားအားကြီးသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း** ။ ။ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဟု ဆိုအပ်သော အနုဿတိ ၆-ပါးသည် သဒ္ဓါစရိုက်ရှိသူအားသာ လျော်ပတ်ပါသည်။

(စာပိုဒ်–၁၇) **ဗုဒ္ဓိ (ပညာ) အားကြီးသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း** ။ ။ မရဏာနုဿတိ ဥပသမာနုဿတိ, သညာ, ဝဝတ္ထာန် ၄-ပါးတို့သည် ဗုဒ္ဓိ (ပညာ) စရိုက်ရှိသူအားသာ လျော်ပတ်ပါသည်။

(စာပိုဒ်–၁၈) **စရိုက် ၆–ပါး /ပုဂ္ဂိုလ်အားလုံး နှင့် သင့်လျော်သော ကမ္မဋ္ဌာန်း**
ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောက-အားဖြင့် ကသိုဏ်း ၆-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၁၀-ပါးသည် စရိုက် ၆-ပါးလုံးနှင့် လျော်ပတ်ပါသည်

➤ **ကိလေသာစရိုက်ရှိသော ပုဂ္ဂိုလ်တို့နှင့်သာ သင့်လျော်သော ကမ္မဋ္ဌာန်းများ**
၁။ ရာဂကိလေသာ စရိုက်ရှိသောသူအား အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့ သင့်လျော်ပါသည်။ ၂။ ဒေါသကိလေသာ စရိုက်ရှိသောသူအား အပ္ပမညာ ၄-ပါးနှင့် နီလ, ပီတ, လောဟိတ, ဩဒါတကသိုဏ်း ၄-ပါးတို့ သင့်လျော်ပါသည်။ ၃။ မောဟကိလေသာ စရိုက်ရှိသောသူအား အာနာပါန ကမ္မဋ္ဌာန်း သင့်လျော်ပါသည်။

➤ **အာနာပါနကမ္မဋ္ဌာန်းနှင့် အထူးသင့်လျော်သော ပုဂ္ဂိုလ်များ** ။ ။ မောဟစရိုက်ရှိသူနှင့် ဝိတက်စရိုက် ရှိသူတို့ ဖြစ်ပါသည်။ (စာပိုဒ်-၁၅) ကိုထောက်။

➤ **အာနာပါန ကမ္မဋ္ဌာန်း၌ ရနိုင်သော ဘာဝနာ** = ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာ ဘာဝနာ-တို့ ဖြစ်ပါသည်။ ➤ **ရနိုင်သော ဈာန်ကား**= ရူပါဝစရဈာန် ၅-ပါး ဖြစ်ပါသည်။ ➤ **ရနိုင်သော နိမိတ် အမျိုးအစားကား** = ပဋိဘာဂနိမိတ် (တစ်နည်း) နိမိတ် ၃-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



➢ **အထူးအားဖြင့် မေတ္တာတရား လက်ကိုင်ထားသင့်သော ပုဂ္ဂိုလ်** ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ (စာပိုဒ်-၁၄)ကိုထောက်။

မေး ॥ ॥ ဒေါသပင်လယ် ဝေနေရသူများအတွက်သာ ဒေါသပြေရာပြေကြောင်း ကျင့်နည်း ကောင်းများကို မြတ်ဗုဒ္ဓအဘိဓမ္မာ ကမ္မဋ္ဌာန်းပိုင်းအမြင်ဖြင့် တင်ပြပါ။

ဖြေ ॥ ॥ အပ္ပမညာ ၄-ပါးနှင့် နီလ, ပီတ, လောဟိတ, ဩဒါတ-ဟုဆိုအပ်သော ကသိုဏ်း ၄-ပါး၊ ပေါင်း၈-ပါးသော ကမ္မဋ္ဌာန်းများသည် ဒေါသပြေကြောင်း နည်းလမ်းကောင်းများ ဖြစ်ပါသည်။ (စာပိုဒ်-၁၄) ကိုထောက်။

**မေး ॥ ॥ ကာမ (ရာဂ) ရောဂါ၊ ကိုယ်တွင်းနာကား၊ ကူရာနတ္ထိ၊ ဆေး မရှိ**-ဟု ဆိုရာ မြတ်ဗုဒ္ဓအဘိဓမ္မာအရ ပျောက်ကင်းနိုင်သော နည်းလမ်းများကို ကမ္မဋ္ဌာန်းပိုင်း အမြင်ဖြင့် တင်ပြပါ။ (စာပိုဒ်-၁၃) ကိုထောက်။

ဖြေ ॥ ॥ အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိ-ဟုဆိုအပ်သော ကောဋ္ဌာသဘာဝနာကို ပွားများလျှင် ကာမ (ရာဂ) ကိုယ်တွင်းနာ ပျောက်ကင်းနိုင်ပါသည်။

➢ **မောဟစရိုက်ရှိသူများနှင့် သင့်လျော်သော ကသိုဏ်းဝန်း** ॥ ॥ ကောက်နယ်တလင်းဝန်းခန့် ကျယ်ပြန့်သော ကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူအား သင့်လျော်ပါသည်။ (သာစေ) တတ္ထာပိ ကသိဏေသု ပုထုလံ မောဟစရိတဿ။

➢ **ဝိတက်စရိုက်ရှိသူများနှင့် သင့်လျော်သော ကသိုဏ်းဝန်း** ॥ ॥ ခွက်, ဆန်ကောမျှ ပမာဏရှိသော ကျဉ်းငယ်သော ကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူအား သင့်လျော်ပါသည်။ (သာစေ) ခုဒ္ဒကံ ဝိတက္ကစရိတဿေဝ။

➢ **ပုဂ္ဂိုလ် ၁-ယောက်စီသာ ဆိုင်သော ကမ္မဋ္ဌာန်းများကား** ॥ ॥ နီလ-စသော ဝဏ္ဏကသိုဏ်း ၄-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အပ္ပမညာ ၄-ပါး၊ သညာ ဝဝတ္ထာန်အားဖြင့် (၃၀) ဖြစ်ပါသည်။ (စာပိုဒ်-၁၃/၁၄/၁၅/၁၆/၁၇) ထောက်။

➢ **ကမ္ဘာသူ ကမ္ဘာသား ပုဂ္ဂိုလ်အားလုံးနှင့် ဆိုင်သော ကမ္မဋ္ဌာန်း** ॥ ॥ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောက-အားဖြင့် ကသိုဏ်း ၆-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၁၈) ကိုထောက်။

➢ **ပညတ်ကမ္မဋ္ဌာန်းများကား** ॥ ॥ ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဗြဟ္မဝိဟာရတရား ၄-ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် ၄-မျိုး၊ ကောင်းကင်ပညတ်၊ နတ္ထိဘောပညတ်၊ ပေါင်း ၂၈-ပါး။

➢ **ပရမတ္ထကမ္မဋ္ဌာန်းများကား** ॥ ॥ ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး၊ သညာ, ဝဝတ္ထာန်, ပထမာရုပ္ပဝိညာဉ်, တတိယာရုပ္ပဝိညာဉ်၊ ပေါင်း ၁၂-ပါးဖြစ်ပါသည်။

http://www.dhammadownload.com



**ဘာဝနာဘေဒ**

**ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ**

၁၉။ ဘာဝနာသု ပန သဗ္ဗတ္ထာပိ ပရိကမ္မဘာဝနာ လဗ္ဘတေဝ။ ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု, သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ။

၂၀။ သေသေသု ပန သမတ္တိံသ ကမ္မဋ္ဌာနေသု အပ္ပနာဘာဝနာပိ သမ္ပဇ္ဇတိ။

---

➤ **ဘာဝနာ ၃–ပါးဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ** (စာပိုဒ်-၁၉/၂၀/)

(စာပိုဒ်–၁၉) **ကမ္မဋ္ဌာန်းအားလုံး ရနိုင်သော ဘာဝနာ** ။ ။ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ နှစ်ပါးကို ကမ္မဋ္ဌာန်း ၄၀-လုံးမှာ ရနိုင်ပါသည်။

(စာပိုဒ်–၂၀) **အပ္ပနာဘာဝနာကို ရနိုင်သော ကမ္မဋ္ဌာန်း** ။ ။ အပ္ပနာဘာဝနာကို ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး၊ အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်၊ ပေါင်း(၁၀)ပါးမှကြွင်းသော (၃၀)သော ကမ္မဋ္ဌာန်းတို့၌ ရနိုင်ပါသည်။

(တစ်နည်း) **ဘာဝနာ ၃–ပါးဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ** ။ ။ ပရိကမ္မဘာဝနာသက်သက်, ဥပစာရဘာဝနာသက်သက်, အပ္ပနာဘာဝနာသက်သက် ရနိုင်သော ကမ္မဋ္ဌာန်း မရှိပါ။ **ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ နှစ်မျိုးရနိုင်သော ကမ္မဋ္ဌာန်းကား**= ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး၊ သညာ, ဝဝတ္ထာန် (၁၀) ပါးဖြစ်ပါသည်။

**ဘာဝနာ ၃–ပါးလုံး ရနိုင်သော ကမ္မဋ္ဌာန်းကား**= ကသိဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ, အာနာပါနဿတိ၊ အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း (၃၀) ဖြစ်ပါသည်။

➤ **ဂုဏ်တော်ပုတီး စိပ်နေရုံမျှဖြင့် ဈာန်မဂ်ဖိုလ် ရနိုင်/မရနိုင်**

➤ **ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းရုံမျှဖြင့် ဈာန်ရနိုင်/မရနိုင်**

➤ **မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီအား ဈာန်တရားကို ရ /မရ**

ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ-ကိုထောက်၍ ဈာန်မဂ်ဖိုလ် မရနိုင်ပါ။

➤ **ဈာန်မဂ်ဖိုလ် မရနိုင်သော ကမ္မဋ္ဌာန်းများ / သေသ–အပါဒါန်အရ** ။ ။

ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး၊ သညာ, ဝဝတ္ထာန်အားဖြင့် ၁၀-ပါးဖြစ်ပါသည်။ (သာဓက) ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ။

http://www.dhammadownload.com



## ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၂၁။ တတ္ထာပိ ဒသ ကသိဏာနိ, အာနာပါနဥ္စ ပဉ္စကဇ္ဈာနိကာနိ။

၂၂။ ဒသ အသုဘာ, ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

၂၃။ မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ။

၂၄။ ဥပေက္ခာ ပဉ္စမဇ္ဈာနိကာတိ ဆဗ္ဗီသတိ ရူပါဝစရဇ္ဈာနိကာနိ ကမ္မဋ္ဌာနာနိ။

၂၅။ စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဇ္ဈာနိကာတိ။
အယမေတ္ထ ဘာဝနာဘေဒေါ။

---

➢ **ဈာန်မဂ်ဖိုလ် ရနိုင်သော ကမ္မဋ္ဌာန်းများ /သေသေသူ ပန သမတ္တိံသ ကမ္မဋ္ဌာနေသု–နှ် သေသ–အရ ။** ။ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ, အာနာပါနဿတိ၊ အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း (၃၀) ဖြစ်ပါသည်။ (စာပိုဒ်-၂၀) ကိုထောက်။

➢ **ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ** (စာပိုဒ်-၂၁/၂၂/၂၃/၂၄/၂၅)

**(စာပိုဒ်–၂၁) ဈာန် ၅–ပါးလုံး ရနိုင်သော ကမ္မဋ္ဌာန်း** ။ ။ ကသိုဏ်း ၁၀-ပါး၊ အာနာပါန၊ ဤ ၁၁-ပါးတို့သည် ရူပဈာန် ၅-ပါးလုံး၏ အာရုံဖြစ်ပါသည်။

**(စာပိုဒ်–၂၂) ပဌမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်း** ။ ။ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ ဤ ၁၁-ပါးတို့သည် ပဌမဈာန်၏သာ အာရုံဖြစ်ပါသည်။

**(စာပိုဒ်–၂၃) ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ရနိုင်သော ကမ္မဋ္ဌာန်း** ။ ။ မေတ္တာ, ကရုဏာ, မုဒိတာ-ဟူသော ဗြဟ္မဝိဟာရ ၃-ပါးတို့သည် အောက်ဈာန် ၄-ပါး၏ အာရုံဖြစ်ပါသည်။

**(စာပိုဒ်–၂၄) ပဉ္စမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်း** ။ ။ ဥပေက္ခာ-ဟူသော ဗြဟ္မဝိဟာရ-သည် ပဉ္စမဈာန်၏သာ အာရုံဖြစ်ပါသည်။

**(စာပိုဒ်–၂၅)** အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါးတို့သည် အစဉ်အတိုင်း အာရုပ္ပဈာန် ၄-ပါးတို့၏ အာရုံဖြစ်ပါသည်။

➢ **ပဌမဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းများကား** ။ ။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အာနာပါနဿတိ၊ ကာယဂတာသတိ၊ မေတ္တာ, ကရုဏာ, မုဒိတာ အားဖြင့် ၂၅-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၂၁/၂၂/၂၃) တို့ကိုထောက်။

➢ **ပဉ္စမဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းများကား** ။ ။ ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ၊ ဥပေက္ခာ-အားဖြင့် ၁၂-ပါး ဖြစ်ပါသည်။ (စာပိုဒ်-၂၁/၂၄)ထောက်

http://www.dhammadownload.com



## ဂေါစရဘေဒ

## နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၂၆။ နိမိတ္တေသု ပန ပရိကမ္မနိမိတ္တံ, ဥဂ္ဂဟနိမိတ္တဉ္စ သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ။

၂၇။ ပဋိဘာဂနိမိတ္တံ ပန ကသိဏာသုဘကောဋ္ဌာသအာနာပါနေသွေဝ လဗ္ဘတိ၊ တတ္ထ ဟိ ပဋိဘာဂနိမိတ္တ မာရဗ္ဘ ဥပစာရသမာဓိ အပ္ပနာသမာဓိ စ ပဝတ္တန္တိ။

---

➢ **ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကို ရစေနိုင်သော ကမ္မဋ္ဌာန်းများ** ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ၊ မေတ္တာ, ကရုဏာ, မုဒိတာ-အားဖြင့် ၁၄ ပါး ဖြစ်ပါသည်။ (စာပိုဒ်-၂၁/၂၃) တို့ကိုထောက်။

➢ **ရူပဈာန်ကို ရနိုင်သော ကမ္မဋ္ဌာန်းများကား/ဆမ္ဗိသတိ ရူပါဝစရဈာနိကာနိ– ဥ္ဈ ဆမ္ဗိသတိ–အရ ။ ။** ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အပ္ပမညာ ၄-ပါး၊ ပေါင်း ၂၆-ပါး ဖြစ်ပါသည်။(၂၀/၂၂/၂၃/၂၄)

➢ **မေတ္တာဘာဝနာ ပွားများသော ယောဂီပုဂ္ဂိုလ်များ ရနိုင်သော အကျိုး** ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်များ ရရှိနိုင်ပါသည်။ (စာပိုဒ်-၂၃) ကိုထောက်။

➢ **အသုဘကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ် ရနိုင်သော ဈာန်** = ပဌမဈာန် ဖြစ်ပါသည်။ (စာပိုဒ်-၂၂)ကိုထောက်။

➢ **သုသာန်၌နေ၍ အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေရုံမျှဖြင့် မဂ်, ဖိုလ် ရနိုင်/မရနိုင် ။ ။** (စာပိုဒ်-၂၂) ကိုထောက်၍ အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေရုံမျှဖြင့် မဂ်, ဖိုလ် မရနိုင်ပါ။

➢ **နိမိတ် ၃–ပါးဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ** (စာပိုဒ်-၂၆/၂၇)

**(စာပိုဒ်–၂၆)** ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ကို ကမ္မဋ္ဌာန်း ၄၀-လုံးမှာပင် ထိုက်သည့်အားလျော်စွာ ပရိယာယ်အားဖြင့် ရနိုင်ပါသည်။

**(စာပိုဒ်–၂၇) ပဋိဘာဂနိမိတ်ရနိုင်သော ကမ္မဋ္ဌာန်းများ ။ ။** ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဤ(၂၂) ပါးတို့၌သာလျှင် ရနိုင်ပါသည်။ (တစ်နည်း)---

http://www.dhammadownload.com



**ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ/ပရိကမ္မနိမိတ်မည်ပုံ**

၂၈။ ကထံ? ---

အာဒိကမ္မိကဿ ဟိ ပထဝီမဏ္ဍလာဒီသု နိမိတ္တံ ဥဂ္ဂဏှန္တဿ တမာရမ္မဏံ ပရိကမ္မနိမိတ္တန္တိ ပဝုစ္စတိ၊ သာ စ ဘာဝနာ ပရိကမ္မဘာဝနာ နာမ။

**ဥဂ္ဂဟနိမိတ်မည်ပုံ**

၂၉။ ယဒါ ပန တံ နိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ ဟောတိ၊ စက္ခုနာ ပဿန္တဿေဝ မနောဒွါရဿ အာပါထမာဂတံ၊ တဒါ တမေဝါ-ရမ္မဏံ ဥဂ္ဂဟနိမိတ္တံ နာမ၊ သာ စ ဘာဝနာ သမာဓိယတိ။

---

(တစ်နည်း) **နိမိတ် ၃-ပါးဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ** ။ ။ ပရိကမ္မနိမိတ်သက်သက် ဥဂ္ဂဟနိမိတ်သက်သက်, ပဋိဘာဂနိမိတ်သက်သက် ရနိုင်သော ကမ္မဋ္ဌာန်းကား မရှိပါ။

**ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် ၂-ပါးရနိုင်သော ကမ္မဋ္ဌာန်းကား** = ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး၊ အပ္ပမညာ ၄-ပါး၊ သညာ, ဝဝတ္ထာန်၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၁၈-ပါး ဖြစ်ပါသည်။

**နိမိတ် ၃-မျိုးလုံး ရနိုင်သော ကမ္မဋ္ဌာန်းကား** = ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ် ၁-ပါး၊ အာနာပါနဿတိ-၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် ၁-ပါး၊ ပေါင်း ၂၂-ပါး ဖြစ်ပါသည်။

➤ **နိမိတ် ၃-ပါးနှင့် ဘာဝနာ ၃-ပါး တွဲစပ်ပုံ** (စာပိုဒ်-၂၈/၂၉/၃၀)

၁။ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ ဖြစ်ပါသည်။

၂ ။ ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ ဖြစ်ပါသည်။

➤ **တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် အဆင့်ဆင့်ရင့်ကျက်လာပုံ** (စာပိုဒ်-၂၈/၂၉/၃၀)

(စာပိုဒ်-၂၈) **ပရိကမ္မနိမိတ် အဓိပ္ပါယ်** ။ ။ ပထဝီကသိုဏ်းဝန်း စသည်တို့၌ အာရုံ နိမိတ်ကိုယူသော အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေးဦးစွာပွားများအပ်သော ထိုပထဝီ ကသိုဏ်းဝန်း-စသော အာရုံနိမိတ်သည် "ပရိကမ္မနိမိတ်" မည်ပါသည်။

*(စာပိုဒ်-၂၉)* **ဥဂ္ဂဟနိမိတ် အဓိပ္ပါယ်** ။ ။ ပရိကမ္မဘာဝနာဖြင့် အတော်အတန် ပွားများမိသောအခါ ပကတိမျက်စိဖြင့် မြင်နေရသလို စိတ်ထဲ၌ စွဲမြဲစွာ ထင်မြင် နေသော ပထဝီကသိုဏ်း-စသော ကမ္မဋ္ဌာန်းအာရုံသည် "ဥဂ္ဂဟနိမိတ်" မည်၏။

http://www.dhammadownload.com



### ပဋိဘာဂနိမိတ်မည်ပုံ

၃၀။ တဏှာ သမာဟိတဿ ပနေတဿ တတော ပရံ တသ္မိံ ဥဂ္ဂဟနိမိတ္တေ ပရိကမ္မသမာဓိနာ ဘာဝနမနုယုဉ္ဇန္တဿ ယဒါ တပ္ပဋိဘာဂံ ဝတ္ထုဓမ္မဝိမုစ္စိတံ ပညတ္တိသင်္ခါတံ ဘာဝနာမယ - မာရမ္မဏံ စိတ္တေ သန္နိသိန္နံ သမပ္ပိတံ ဟောတိ၊ တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ။

၃၁။ တတော ပဋ္ဌာယ ပရိဗန္ဓ ဝိပ္ပဟီနာ ကာမာဝစရသမာဓိသင်္ခါတာ ဥပစာရ ဘာဝနာ နိပ္ဖန္နာနာမ ဟောတိ။

---

(စာပိုဒ်-၃၀) **ပဋိဘာဂနိမိတ် အဓိပ္ပါယ်** ။ ။ ဥဂ္ဂဟနိမိတ်ထင်ပြီးနောက် ဥပစာရ ဘာဝနာ အချိန်ရောက်သောအခါ ဘာဝနာကြောင့်ဖြစ်ရသော စိတ်ထဲ၌ စွဲမြဲစွာ သက်ဝင်တည်တံ့နေသော ဥဂ္ဂဟနိမိတ်နှင့် အလားတူသည့် ပရမတ်မှ အလွတ် ဖြစ်သော ပညတ်အာရုံ တစ်မျိုးသည် “ပဋိဘာဂနိမိတ်” မည်ပါသည်။

မေး ။ ။ ပဋိဘာဂနိမိတ်ဟူသည် ပရမတ်လော? ပညတ်လော?

ဖြေ ။ ။ ဝတ္ထုဓမ္မဝိမုစ္စိတံ ပညတ္တိသင်္ခါတံ-ကို ထောက်၍ **ပဋိဘာဂနိမိတ်ဟူသည်** အထည်ကိုယ်ဒြပ် ပရမတ်မဟုတ်၊ ပညတ်မျှသာ ဖြစ်ပါသည်။

➤ **ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာရခြင်းအကြောင်း** ။ ။ ပဋိဘာဂနိမိတ်သည် ဘာဝနာသညာကြောင့် ဖြစ်ပေါ်လာသော အာရုံဖြစ်ပါသည်။ (သာဓက) ဘာဝနာမယ မာရမ္မဏံ။

(စာပိုဒ်-၃၁) **ဥပစာရဘာဝနာဟူသည်** ။ ။ ပရိဗန္ဓခေါ် ဆိုရသည့် ကာမစ္ဆန္ဒ-စသော နီဝရဏ ၅-ပါးကို ပယ်ရှားနိုင်သော ကာမာဝစရသမာဓိ (သမာဓိပြဋ္ဌာန်းသော ကာမာဝစရဇောစိတ်) ဖြစ်ပါသည်။

➤ **အပ္ပနာဘာဝနာသာ ရ၍ ပဋိဘာဂနိမိတ် မရနိုင်သော ကမ္မဋ္ဌာန်းကား-** အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၈-ပါးဖြစ်ပါသည်။

➤ **ပဋိဘာဂနိမိတ်သာ ရ၍ အပ္ပနာဘာဝနာကို မရစေနိုင်သော ကမ္မဋ္ဌာန်း** အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး ဖြစ်ပါသည်။

➤ ပဋိဘာဂနိမိတ်+အပ္ပနာဘာဝနာ ၂-ပါးစုံ မရနိုင်သော ကမ္မဋ္ဌာန်း = မရှိ။

➤ **ပဋိဘာဂနိမိတ်+အပ္ပနာဘာဝနာ ၂-ပါးစုံ ရနိုင်သော ကမ္မဋ္ဌာန်း** = ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကောဋ္ဌာသပညတ်၊ အာနာပါနပညတ်-တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**ရူပဈာန်ဖြစ်ပုံ**

၃၂။ တတော ပရံ တမေဝ ပဋိဘာဂနိမိတ္တံ ဥပစာရသမာဓိနာ သမာသေဝန္တဿ ရူပါဝစရပဌမဇ္ဈာန မပ္ပေတိ။

၃၃။ တတော ပရံ တမေဝ ပဌမဇ္ဈာနံ အာဝဇ္ဇနံ, သမာပဇ္ဇနံ, အဓိဋ္ဌာနံ, ဝုဋ္ဌာနံ, ပစ္စဝေက္ခဏာ စေတိ ဣမာဟိ ပဉ္စဟိ ဝသိတာဟိ ဝသီဘူတံ ကတွာ ဝိတက္ကာဒိက မောဠာရိကင်္ဂံ ပဟာနာယ ဝိစာရာဒိ သုခုမင်္ဂုပ္ပတ္တိယာ ပဒဟတော ယထာက္ကမံ ဒုတိယဇ္ဈာနာဒယော ယထာရဟ မပ္ပေန္တိ။

---

➤ **ပဋိဘာဂနိမိတ်သာ ရ၍ ဥပစာရဘာဝနာ မရနိုင်သော ကမ္မဋ္ဌာန်းများကား** ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါန၊ ပေါင်း ၂၂ ပါး ဖြစ်ပါသည်။

(ဓာပိုဒ်-၃၂) **ရူပ ပထမဈာန်ဖြစ်ပုံ /ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ ဖြစ်ပုံ**

ပဋိဘာဂနိမိတ်ထင်လာ၍ ဥပစာရဘာဝနာသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုထင်လာသော ပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် ဥပစာရသမာဓိဖြင့် ဆက်လက် အားထုတ်လျှင် ရူပါဝစရ ပထမဈာန် ရရှိလာပါသည်။

(ဓာပိုဒ်-၃၃) **ရူပါဝစရဒုတိယဈာန် စသည်ဖြစ်ပေါ်လာပုံ**

ပထမဈာန်ကိုရပြီးနောက် ထိုမိမိရရှိပြီးသော ပထမဈာန်ကိုပင် အာဝဇ္ဇန, သမာပဇ္ဇန, အဓိဋ္ဌာန, ဝုဋ္ဌာန, ပစ္စဝေက္ခဏာ-ဟူသော ဝသီဘော်ငါးတန်ဖြင့် အစွမ်းသတ္တိထက်မြက်အောင် အဖန်ဖန်လေ့လာ ဝင်စားမှုပြုပြီး၍ ဝိတက်-စသော ရုန့်ရင်းကြမ်းတမ်းသော ဈာန်အင်္ဂါကို ပယ်ခွာ၍ရင်း၊ ဝိစာရ-စသော သိမ်မွေ့သော ဈာန်အင်္ဂါ ဖြစ်ပေါ်လာခြင်းငှာရင်း ရှေးကထင်ပြီးသော ပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် "ပထဝီ, ပထဝီ" အစရှိသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းမှု ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်အား အစဉ်အတိုင်း ဒုတိယဈာန် စသည်တို့သည် ထိုက်သည့်အားလျော်စွာ အပ္ပနာဘာဝနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာကြပါသည်။

➤ **ပဉ္စဟိ ဝသိတာဟိ-၌ ပဉ္စ-အရ/ ဝသီဘော် ၅-ပါးကား** ။ ။ အာဝဇ္ဇန ဝသီဘော်, သမာပဇ္ဇနဝသီဘော်, အဓိဋ္ဌာနဝသီဘော်, ဝုဋ္ဌာနဝသီဘော်, ပစ္စဝေက္ခဏာ ဝသီဘော်-တို့ ဖြစ်ပါသည်။

➤ **အာဒိကမ္မိကပုဂ္ဂိုလ်များ မစီးဖြန်းသင့်သည့် ကမ္မဋ္ဌာန်း** ။ ။ ဥပေက္ခာ ဗြဟ္မဝိဟာရနှင့် အာရုပ္ပ ၄-ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



၃၄။ ကတ္တစ္စေစံ ပထဝီကသိဏာဒီသု ဒွါဝီသတိ ကမ္မဋ္ဌာနေသု ပဋိဘာဂ နိမိတ္တာ မုပလဗ္ဘတိ။

၃၅။ အဝသေသေသု ပန အပ္ပမညာ သတ္တပညတ္တိယံ ပဝတ္တန္တိ။

**အရူပဈာန်ဖြစ်ပုံ**

၃၆။ အာကာသဝဇ္ဇိတကသိဏေသု ပန ယံကိဉ္စိ ကသိဏံ ဥဂ္ဃါဋေတွာ လဒ္ဓမာကာသံ အနန္တဝသေန ပရိကမ္မံ ကရောန္တဿ ပဌမာရုပ္ပ-မပ္ပေတိ။

၃၇။ တမေဝ ပဌမာရုပ္ပဝိညာဏံ အနန္တဝသေန ပရိကမ္မံ ကရောန္တဿ ဒုတိယာရုပ္ပ မပ္ပေတိ။

---

**(စာပိုဒ်-၃၄) ဒွါဝီသတိ-အရ/ ပဋိဘာဂနိမိတ် ရနိုင်သော ကမ္မဋ္ဌာန်းများကား**
ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်-တို့ ဖြစ်ပါသည်။

**(စာပိုဒ်-၃၅) အပ္ပမညာ ၄-ပါးတို့၏ အာရုံကား** ။ ။ သုခိတ, ဒုက္ခိတ သတ္တဝါပညတ် ဖြစ်ပါသည်။

➤ **အဝသေသေသု-၌ အဝသေသ-အပါဒါန်ကား**= ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကောဋ္ဌာသပညတ် ၁-ပါး၊ အာနာပါနပညတ် ၁-ပါး၊ ပေါင်း ၂၂-ပါးဖြစ်ပါသည်။

➤ အဝသေသ-အရကား ။ ။ အပ္ပမညာ ၄-ပါးနှင့် အာရုပ္ပ ၄-ပါး ဖြစ်ပါသည်။

**(စာပိုဒ်-၃၆) အရူပဈာန် ၄-ပါး ဖြစ်ပုံ / ပဌမ အရူပဈာန်ဖြစ်ပုံ**
အာကာသကသိုဏ်းမှတစ်ပါး ၉-ပါးသော ကသိုဏ်းတို့တွင် တစ်ပါးပါးသော ကသိုဏ်းပဋိဘာဂနိမိတ်ကို နှလုံးမသွင်းဘဲ ပယ်ခွာ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုလျက် "အနန္တံ အာကာသံ, အနန္တံ အာကာသံ"ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်အား **ပဌမ အရူပဈာန်**သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာပါသည်။

**(စာပိုဒ်-၃၇) ဒုတိယ အရူပဈာန်ဖြစ်ပုံ** ။ ။ ထိုပဌမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ "အနန္တံ ဝိညာဏံ, အနန္တံ ဝိညာဏံ"ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဒုတိယ အရူပဈာန်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာပါသည်။

http://www.dhammadownload.com


၃၈။ တမေဝ ပဌမာရုပ္ပဝိညာဏာဘာဝံ ပန "နတ္ထိ ကိဉ္စိ" တိ ပရိကမ္မံ ကရောန္တဿ တတိယာရုပ္ပ မပ္ပေတိ။

၃၉။ တတိယာရုပ္ပံ "သန္တမေတံ, ပဏီတမေတ" န္တိ ပရိကမ္မံ ကရောန္တဿ စတုတ္ထာရုပ္ပ မပ္ပေတိ။

၄၀။ အဝသေသေသု စ ဒသသု ကမ္မဋ္ဌာနေသု ဗုဒ္ဓဂုဏာဒိကမာရမ္မဏ မာရဗ္ဘ ပရိကမ္မံ ကတွာ တသ္မိံ နိမိတ္တေ သာဓုကမုဂ္ဂဟိတေ တတ္ထေဝ ပရိကမ္မဉ္စ သမာဓိယတိ၊ ဥပစာရော စ သမ္ပဇ္ဇတိ။

---

(စာပိုဒ်-၃၈) **တတိယ အရူပဈာန်ဖြစ်ပုံ** ။ ။ ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော "နတ္ထိဘောပညတ်"ကို အာရုံပြု၍ "နတ္ထိ ကိဉ္စိ, နတ္ထိ ကိဉ္စိ"ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ တတိယ အရူပဈာန်ဟူသော အပ္ပနာ ဖြစ်ပေါ်လာပါသည်။

(စာပိုဒ်-၃၉) **စတုတ္ထ အရူပဈာန် ဖြစ်ပုံ** ။ ။ တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ "သန္တမေတံ ပဏီတမေတံ"ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ စတုတ္ထ အရူပဈာန်ဟူသော အပ္ပနာ ဖြစ်ပေါ်လာပါသည်။

➤ **အရူပဈာန် ၄-ပါးတို့၏ အာရုံများ** ။ ။ (၁) ပထမအရူပဈာန်၏ အာရုံကား- ကောင်းကင်ပညတ် ဖြစ်ပါသည်။ (၂) ဒုတိယ အရူပဈာန်၏ အာရုံကား- ပဌမာရုပ္ပဝိညာဏ် ဖြစ်ပါသည်။ (၃) တတိယ အရူပဈာန်၏ အာရုံကား- နတ္ထိဘော ပညတ် ဖြစ်ပါသည်။ (၄) စတုတ္ထ အရူပဈာန်၏ အာရုံကား- တတိယာရုပ္ပဝိညာဏ်ဖြစ်ပါသည်

(စာပိုဒ်-၃၆/၃၇/၃၈/၃၉) တို့ကိုထောက်။

(စာပိုဒ်-၄၀) **အပ္ပနာသမာဓိ မဖြစ်နိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါးတို့၏ နိမိတ်နှင့် ဘာဝနာ** ။ ။ **နိမိတ်ကား**= ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်များ ဖြစ်ပါသည်။

**ဘာဝနာကား**= ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာ-တို့ ဖြစ်ပါသည်။

➤ **အဝသေသေသုစ-၌ အဝသေသ-အပါဒါန်အရ/ အပ္ပနာဝဟ** [အပ္ပနာသို့ ပို့ဆောင်နိုင်သော] **ကမ္မဋ္ဌာန်းများ** ။ ။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ပေါင်း (၃၀) ဖြစ်ပါသည်။

➤ **အဝသေသ-အရ/အပ္ပနာသို့ မရောက်စေနိုင်သော ကမ္မဋ္ဌာန်းများ**

ဗုဒ္ဓ, ဓမ္မ, သံဃ, သီလ, စာဂ, ဒေဝတာ, ဥပသမ, မရဏာနုဿတိ-ဟူသော အနုဿတိ ၈-ပါးနှင့် သညာ ၁-ပါး၊ဝဝတ္ထာန် ၁-ပါး၊ ပေါင်(၁၀)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com


**အဘိညာဉ် (ဝိထိ) ဖြစ်ပုံ**

၄၁။ အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရပဉ္စမဈ္ဈာနံ အဘိညာပါဒကပဉ္စမဈ္ဈာနာ ဝုဋ္ဌဟိတွာ အဓိဋ္ဌေယျာဒိက မာဝဇ္ဇေတွာ ပရိကမ္မံ ကရောန္တဿ ရူပါဒီသု အာရမ္မဏေသု ယထာရဟာမပ္ပေတိ

**အဘိညာဉ် ၅-ပါး**

၄၂။ အဘိညာ စ နာမ---

ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနာ။

ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခူဟိ ပဉ္စဓာ။

အယမေတ္ထ ဂေါစရဘေဒေါ။ နိဋ္ဌိတော စ သမထကမ္မဋ္ဌာနနယော။

---

(ဓာပိုဒ်-၄၀) **ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများပုံနှင့် ပွားများရကျိုး**

ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် အရဟံဂုဏ်တော်ကို စီးဖြန်းပွားများလိုလျှင် "သောဘဂဝါ ဣတိပိ အရဟံ, သောဘဂဝါ ဣတိပိ အရဟံ"ဟု အဖန်တလဲလဲ စီးဖြန်းမှု ပရိကံပြုရပါမည်။ [အရဟံဂုဏ်တော်သည် ပရိကမ္မနိမိတ်ဖြစ်၍ စီးဖြန်းမှုသည် ပရိကမ္မဘာဝနာ ဖြစ်၏] ထိုအရဟံဂုဏ်တော်အာရုံကို ကောင်းစွာယူမိ၍ ဥဂ္ဂဟနိမိတ်ထင်လာသောအခါ ပရိကမ္မဘာဝနာသည်လည်း သမာဓိရကာ တည်ကြည်လာပြီး ဖြစ်ပါသည်။

ထို့ထက် သမာဓိရသောအခါ နီဝရဏကင်းကွာသဖြင့် ဥပစာရဘာဝနာ အဆင့်အတန်းသို့ တက်လှမ်းနိုင်ပါသည်။ [အပ္ပနာဘာဝနာ အဆင့်အတန်းသို့ကား မရောက်နိုင်ပါ။]

(ဓာပိုဒ်-၄၁) **အဘိညာဉ်ဖြစ်ပုံ** ။ ။ အဘိညာဉ်တစ်ခုခုကို ရလိုလျှင် ရှေးဦးစွာ အဘိညာဉ်၏ အခြေခံဖြစ်သော ရူပါဝစရပဉ္စမဈာန်ကို ဝင်စားရပါသည်။ ထိုပဉ္စမဈာန်မှ ထပြီးနောက် အဓိဋ္ဌာန်အပ်, ဖန်ဆင်းအပ်သော အရာ, အထောင်-စသော သူငယ်ရုပ်သွင် စသည်ကို ဆင်ခြင်၍ "သတံ ဟောမိ, သဟဿံ ဟောမိ" အစရှိသည်ဖြင့် အဖန် တလဲလဲ စီးဖြန်းခြင်း ပရိကံကိုပြုရပါမည်။ ထို့နောက် တစ်ဖန် အဘိညာပါဒက ပဉ္စမဈာန်ကို ဝင်စားရပြန်ပါသည်။ ထိုဈာန်မှထသော ယောဂီပုဂ္ဂိုလ်၏သန္တာန်ဝယ် ပရိကံပြုအပ်ပြီးသော ရူပါရုံ အစရှိသော အာရုံတစ်ခုခုကို အာရုံပြုကာ ရူပါဝစရကုသိုလ်, ကြိယာ ပဉ္စမဈာန်စိတ်သည် အဘိညာဉ်ဟူသောအမည်ဖြင့် အပ္ပနာသို့ ရောက်ပါသည်။ (ဝါ) အဘိညာဉ်ဖြစ်ပေါ်လာပါသည်။

http://www.dhammadownload.com


**ဝိပဿနာကမ္မဋ္ဌာန်းနည်း/ဝိသုဒ္ဓိ ၇–ပါး**

၄၃။ ဝိပဿနာကမ္မဋ္ဌာနေ ပန သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ, ဉာဏဒဿန ဝိသုဒ္ဓိ စေတိ သတ္တဝိဓေန ဝိသုဒ္ဓိ သင်္ဂဟော။

---

➢ **အဘိညာဉ်၏ တရားကိုယ်အရကောက်** ။ ။ အဘိညာဉ်ဟူသည် အထူးအားဖြင့် သိတတ်သော ရူပါဝစရကုသိုလ်, ကြိယာ ပဉ္စမစျာန်နှင့်ယှဉ်သော ဉာဏ် ဖြစ်ပါသည်။ [အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရပဉ္စမဇ္ဈာနံ-ကိုထောက်]

**(ဓာပိုဒ်–၅၂) အဘိညာဉ် ၅–ပါးကား** ။ ။ ဣဒ္ဓိဝိဓ အဘိညာဉ်, ဒိဗ္ဗသောတ အဘိညာဉ်, ပရစိတ္တ ဝိဇာနန အဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်, ဒိဗ္ဗစက္ခု အဘိညာဉ်-တို့ ဖြစ်ပါသည်။

➢ **အပ္ပမညာ ၄–ပါး၊ အာရုပ္ပ ၄–ပါးတို့၌ ရနိုင်သော နိမိတ်နှင့် ဘာဝနာ**

အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါးအားဖြင့် ၈-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မ နိမိတ်နှင့် သမာဓိ အားမကောင်းသေးသော ရှေ့ပိုင်း ပရိကမ္မဘာဝနာ၊ ဥဂ္ဂဟနိမိတ် နှင့် သမာဓိအားကောင်းသော ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ တို့ ဖြစ်ပါသည်။

➢ **ဗုဒ္ဓါနုဿတိ–စသော ၁၀–ပါးသော ကမ္မဋ္ဌာန်းတို့၌ ရနိုင်သောနိမိတ်နှင့် ဘာဝနာ** ။ ။ ဗုဒ္ဓါနုဿတိ-စသော ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်နှင့် သမာဓိအား မကောင်းသော ရှေ့ပိုင်း ပရိကမ္မဘာဝနာ၊ ဥဂ္ဂဟနိမိတ်နှင့် သမာဓိအား ကောင်းသော ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ,တို့ ဖြစ်ပါသည်။

➢ **နိမိတ် ၃–ပါး၊ ဘာဝနာ ၃–ပါး ရနိုင်သော ကမ္မဋ္ဌာန်းများကား** ။ ။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကောဋ္ဌာသပညတ်၊ အာနာပါနပညတ်၊ ပေါင်း ၂၂-ပါး ဖြစ်ပါသည်။

➢ **နိမိတ် ၂–ပါး၊ ဘာဝနာ ၃–ပါး ရနိုင်သော ကမ္မဋ္ဌာန်းများကား** ။ ။ အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၈-ပါးဖြစ်ပါသည်။

➢ **နိမိတ် ၂–ပါး၊ ဘာဝနာ ၂–ပါး ရနိုင်သော ကမ္မဋ္ဌာန်းများကား** ။ ။ ဗုဒ္ဓါနုဿတိ စသော အနုဿတိ ၈-ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**လက္ခဏာယာဉ် ၃–ပါး**

၄၄။ အနိစ္စလက္ခဏံ, ဒုက္ခလက္ခဏံ, အနတ္တလက္ခဏဉ္စေတိ တီဏိ လက္ခဏာနိ။

**အနုပဿနာ ၃–ပါး**

၄၅။ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ စေတိ တိဿော အနုပဿနာ။

**ဝိပဿနာဉာဏ် ၁၀–ပါး**

၄၆။ သမ္မသနဉာဏံ, ဥဒယဗ္ဗယဉာဏံ, ဘင်္ဂဉာဏံ, ဘယဉာဏံ, အာဒီနဝဉာဏံ, နိဗ္ဗိဒါဉာဏံ, မုစ္စိတုကမျတာဉာဏံ, ပဋိသင်္ခါဉာဏံ, သင်္ခါရုပေက္ခာဉာဏံ, အနုလောမဉာဏဉ္စေတိ ဒသ ဝိပဿနာဉာဏာနိ။

---

**(စာပိုဒ်–၄၃) ဝိပဿနာကမ္မဋ္ဌာန်းနည်းလာ သိမှတ်ဖွယ်ရာများကား**

ဝိသုဒ္ဓိ ၇-ပါး၊ လက္ခဏာယာဉ် ၃-ပါး၊ အနုပဿနာ ၃-ပါး၊ ဝိပဿနာဉာဏ် ၁၀ ပါး၊ ဝိမောက္ခ ၃-ပါး၊ ဝိမောက္ခမုခ ၃-ပါး-တို့ ဖြစ်ပါသည်။

➢ **ဝိသုဒ္ဓိ ၇–ပါးကား/သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော–၌ သတ္တဝိသောရှုပ်** သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ- တို့ ဖြစ်ပါသည်။

➢ **မူလဝိသုဒ္ဓိ ၂–ပါးကား** ။ ။ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ။ ➢ **သရီရဝိသုဒ္ဓိ ကား** ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ-တို့ဖြစ်ပါသည်။ ➢ **သီသဝိသုဒ္ဓိကား**= ဉာဏဒဿန ဝိသုဒ္ဓိ-ဖြစ်ပါသည်။

**(စာပိုဒ်–၄၄) လက္ခဏာယာဉ် ၃–ပါးကား/တီဏိ လက္ခဏာနိ–၌ တီဏိ–အရ**

အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ-တို့ ဖြစ်ပါသည်။

**(စာပိုဒ်–၄၅) အနုပဿနာ ၃–ပါးကား/တိဿော အနုပဿနာ–၌ တိ–အရ**

အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ-တို့ ဖြစ်ပါသည်။

**(စာပိုဒ်–၄၆) ဝိပဿနာဉာဏ် ၁၀–ပါးကား/ဒသ ဝိပဿနာဉာဏာနိ–၌ ဒသ–အရ**

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ဝိမောက္ခ ၃–ပါး**

၄၇။ သုညတော ဝိမောက္ခော, အနိမိတ္တော ဝိမောက္ခော, အပ္ပဏိဟိတော ဝိမောက္ခော စေတိ တယော ဝိမောက္ခော။

**ဝိမောက္ခမုခ ၃–ပါး**

၄၈။ သုညတာနုပဿနာ, အနိမိတ္တာနုပဿနာ, အပ္ပဏိဟိတာနုပဿနာ စေတိ တီဏိ ဝိမောက္ခမုခါနိ စ ဝေဒိတဗ္ဗာနိ။

**ဝိသုဒ္ဓိဘေဒ/ သီလဝိသုဒ္ဓိ**

၄၉။ ကထံ? ---

ပါတိမောက္ခသံဝရသီလံ, ဣန္ဒြိယသံဝရသီလံ, အာဇီဝပါရိသုဒ္ဓိသီလံ, ပစ္စယသန္နိဿိတသီလဉ္စေတိ စတုပါရိသုဒ္ဓိသီလံ, သီလဝိသုဒ္ဓိ နာမ။

**စိတ္တဝိသုဒ္ဓိ**

၅၀။ ဥပစာရသမာဓိ, အပ္ပနာသမာဓိ စေတိ ဒုဝိဓောပိ သမာဓိ စိတ္တဝိသုဒ္ဓိ နာမ။

---

(စာပိုဒ်–၄၇) **ဝိမောက္ခ(မဂ်) ၃–ပါးကား/တယော ဝိမောက္ခာ–ဣတိ တယော–အရ** သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ-တို့ ဖြစ်ပါသည်။

(စာပိုဒ်–၄၈) **ဝိမောက္ခမုခ** (ဝိပဿနာ) **၃–ပါးကား/တီဏိ ဝိမောက္ခမုခါနိ–ဣတိ တီဏိ–အရ** ။ ။ သုညတာနုပဿနာ, အနိမိတ္တာနုပဿနာ, အပ္ပဏိဟိတာနုပဿနာ-တို့ ဖြစ်ပါသည်။

(စာပိုဒ်–၄၉) **စခန်းဝင်၍ သမထဝိပဿနာကမ္မဋ္ဌာန်း အားထုတ်သူတို့၏ မရှိမဖြစ် ပြည့်စုံရမည့် ကျင့်ဝတ်စည်းကမ်း ၄–မျိုး/စတုပါရိသုဒ္ဓိသီလ ၄–မျိုးကား** ။ ။ ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ-တို့ ဖြစ်ပါသည်။

➤ **သီလဝိသုဒ္ဓိ အဓိပ္ပါယ်** ။ ။ ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ-ဟူသော စတုပါရိသုဒ္ဓိသီလသည် "သီလဝိသုဒ္ဓိ" မည်ပါသည်။

(စာပိုဒ်–၅၀) **စိတ္တဝိသုဒ္ဓိ အဓိပ္ပါယ်** ။ ။ ဥပစာရသမာဓိ, အပ္ပနာသမာဓိ-ဟူသော သမာဓိ ၂-မျိုးသည် "စိတ္တဝိသုဒ္ဓိ" မည်ပါသည်။

http://www.dhammadownload.com



**ဒိဋ္ဌိဝိသုဒ္ဓိ**

၅၁။ လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

**ကင်္ခါဝိတရဏဝိသုဒ္ဓိ**

၅၂။ တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏ-ဝိသုဒ္ဓိ နာမ။

**မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ**

**(ဥဒယဗ္ဗယဉာဏ်နှင့် သမ္မသနဉာဏ် ဖြစ်ပေါ်လာပုံ)**

**(ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သုံးသပ်ဆင်ခြင်ပုံပြ)**

၅၃။ တတော ပရံ ပန တထာပရိဂ္ဂဟိတေသု သပ္ပစ္စယေသု တေဘူမက သင်္ခါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယ မာရဗ္ဘ ကလာပဝသေန သင်္ခိပိတွာ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေနာတိ အဒ္ဓါနဝသေန, သန္တတိဝသေန, ခဏဝသေန ဝါ သမ္မသနဉာဏေန လက္ခဏတ္တယံ သမ္မသန္တဿ တေသွေဝ ပစ္စယဝသေန, ခဏဝသေန စ ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ စ ---

---

➤ **စိတ္တဝိသုဒ္ဓိ ၂-မျိုး/ဒုဝိဓောပိ သမာဓိ-၌ ဒုဝိဓ သရုပ်**

ဥပစာရသမာဓိ, အပ္ပနာသမာဓိ-တို့ ဖြစ်ပါသည်။

(စာပိုဒ်-၅၁) **ဒိဋ္ဌိဝိသုဒ္ဓိ အဓိပ္ပါယ်** ။ ။ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်း, ပိုင်းခြား၍ယူခြင်းသည် "ဒိဋ္ဌိဝိသုဒ္ဓိ" မည်ပါသည်။

(စာပိုဒ်-၅၂) **ကင်္ခါဝိတရဏဝိသုဒ္ဓိ အဓိပ္ပါယ်** ။ ။ နာမ်ရုပ်တို့၏ အကြောင်းရင်းဖြစ်သော ကံ, စိတ်, ဥတု, အာဟာရ စသည်ကို သိမ်းဆည်းခြင်း, ပိုင်းခြား၍ယူခြင်းသည် "ကင်္ခါဝိတရဏ ဝိသုဒ္ဓိ" မည်ပါသည်။

(စာပိုဒ်-၅၃) **မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ အဓိပ္ပါယ်** ။ ။ ဩဘာသ-အစရှိသော ဝိပဿနာ ညစ်ညူးကြောင်းဘေးရန်ကို သိမ်းဆည်းခြင်း ပိုင်းခြား၍ ယူခြင်း၏ အစွမ်းဖြင့် ဝိပဿနာလမ်းမှန် လမ်းမမှန် လက္ခဏာကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သော ဉာဏ်သည် "မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ" မည်ပါသည်။

http://www.dhammadownload.com



**ဝိပဿနာ ညစ်ညူးကြောင်း ၁၀-ပါး**

**(တထာပရိဗန္ဓဝိမုတ္တဿ-၌ ပရိဗန္ဓ-အရ ဖော်ညွှန်းပြဆိုသော ပါဠိ)**

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏမုပဋ္ဌာန- မုပေက္ခာ စ နိကန္တိ စေတိ---
ဩဘာသာဒိဝိပဿနုပက္ကိလေသ ပရိဗန္ဓပရိဂ္ဂဟဝသေန မဂ္ဂါမဂ္ဂ
လက္ခဏဝဝတ္ထာနံ **မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ နာမ**။

---

➢ **ရုပ်နာမ်ခမ္မ သင်္ခါရတရားတို့၏ "အနိစ္စ, ဒုက္ခ, အနတ္တ" ဖြစ်ရခြင်းအကြောင်း**

၁။ ကုန်ခမ်းတတ်သော အနက်သဘောကြောင့် "အနိစ္စ" ဖြစ်ပါသည်။

၂။ ကြောက်ဖွယ်ဘေးဟူသော အနက်သဘောကြောင့် "ဒုက္ခ" ဖြစ်ပါသည်။

၃။ အနှစ်သာရ ရှာမရခြင်းကြောင့် "အနတ္တ" ဖြစ်ပါသည်။

➢ **သမ္မသနဉာဏ်နှင့်စပ်၍ သုံးသပ်ပွားများနည်း ၄-နည်း**

(၁) ကလာပ သမ္မသနနည်း၊ (၂) အဒ္ဓါနသမ္မသနနည်း၊

(၃) သန္တတိ သမ္မသနနည်း၊ (၄) ခဏ သမ္မသနနည်း-တို့ ဖြစ်ပါသည်။

➢ **ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်+အပျက်ကို သုံးသပ်ပွားများရာ၌ သုံးသပ်ပွားများနည်း ၂-နည်း**

(၁) ပစ္စယသမနုပဿနာနည်း = အကြောင်းနှင့်စပ်၍ သုံးသပ် ပွားများနည်း၊

(၂) ခဏသမနုပဿနာနည်း= ဥပါဒ်ခဏ, ဘင်ခဏနှင့်စပ်၍ သုံးသပ် ပွားများနည်း-တို့ ဖြစ်ပါသည်။

➢ **ကလာပသမ္မသနနည်းဖြင့် သုံးသပ်ပုံ**

ခန္ဓာငါးပါးတို့ကို အသီးသီး (၁) အနိစ္စံခယဋ္ဌေန-ဟု သုံးသပ်ရမည်။
(၂) ဒုက္ခံ ဘယဋ္ဌေန-ဟု သုံးသပ်ရမည်။
(၃) အနတ္တာ အသာရကဋ္ဌေန-ဟု သုံးသပ်ရမည်။

➢ **ဝိပဿနာညစ်ညူးကြောင်း တရား ၁၀-ပါးကား** ။ ။ ဩဘာသ, ပီတိ, ပဿဒ္ဓိ အဓိမောက္ခ, ပဂ္ဂဟ, သုခ, ဉာဏ, ဥပဋ္ဌာန, ဥပေက္ခာ, နိကန္တိ-တို့ ဖြစ်ပါသည်။

➢ **သမထပရိဗန္ဓ=သမထဘေးရန်ကား** = နီဝရဏတရား ၅-ပါးဖြစ်ပါသည်။ (စာပိုဒ် ၃၀) ကိုထောက်။

➢ **ဝိပဿနာ ပရိဗန္ဓ= ဝိပဿနာဘေးရန်ကား** = ဩဘာသ စသော ၁၀-ပါး ဖြစ်ပါသည်။ [ဩဘာသာဒိ ဝိပဿနုပက္ကိလေသ ပရိဗန္ဓ ပရိဂ္ဂဟဝသေန-ကိုထောက်]။

http://www.dhammadownload.com



## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

၅၄။ တထာ ပရိဗန္ဓဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗယဉာဏတော ပဋ္ဌာယ ယာဝ အနုလောမာ တိလက္ခဏံ ဝိပဿနာ ပရံ ပရာယ ပဋိပဇ္ဇန္တဿ နဝ ဝိပဿနာဉာဏာနိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ။

## ဉာဏဒဿနဝိသုဒ္ဓိ

၅၅။ တဿေဝ ပဋိပဇ္ဇန္တဿ ပန ဝိပဿနာ ပရိပါက မာဂမ္မ "ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတိ" တိ ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ ဥပ္ပန္န မနောဒွါရာ ဝဇ္ဇနာနန္တရံ ဒွေ တီဏိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိ-လက္ခဏမာရဗ္ဘ ပရိကမ္မောပစာရာနုလောမ နာမေန ပဝတ္တန္တိ။

(စာပိုဒ်-၅၄) **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အဓိပ္ပါယ်** ။ ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့် ဩဘာသ-စသော ဝိပဿနာညစ်ညူး ကြောင်း ဘေးရန်တို့မှလွတ်ပြီးသော ယောဂီပုဂ္ဂိုလ်သည် တေဘူမက သင်္ခါရတရား တို့ကို လက္ခဏာယာဉ်သုံးပါးသို့တင်၍ ဝိပဿနာဉာဏ် အဆက်ဆက်အားဖြင့် ကြိုးစား အားထုတ်သည်ရှိသော် ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးတို့ အစဉ်အတိုင်း ဖြစ်ပေါ်လာကြပါသည်။ ထိုဉာဏ် ၉-ပါးတို့ သည် "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ" မည်ပါသည်။

(စာပိုဒ်-၅၅) **မဂ်ရခါနီး စိတ်အစဉ်ဖြစ်ပုံ** ။ ။ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာဉာဏ် ရင့်သန်မှုကို အကြောင်းပြု၍ အပ္ပနာခေါ် မဂ်ဉာဏ်ဖြစ်ပေါ်ခါနီး၌ "ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ" ဟု ဘဝင်အစဉ်ပြတ်ပြီးနောက် "မနောဒွါရာဝဇ္ဇန်းစိတ်" ဖြစ်ပေါ်လာပါသည်။ ထိုစိတ် ၏ အခြားမဲ့၌ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် "ဥပစာ, အနုလုံ"ဟူသော အမည်ဖြင့် ဝိပဿနာ ဇောစိတ် ၂-ကြိမ်၊ မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် "ပရိကံ, ဥပစာ, အနုလုံ"ဟူသော အမည်ဖြင့် ဝိပဿနာဇောစိတ် ၃-ကြိမ်ဖြစ်ပါသည်။

ထိုဝိပဿနာဇောစိတ်တို့သည် နိဗ္ဗာန်ကို အာရုံမပြုသေးပါ၊ အနိစ္စ, ဒုက္ခ, အနတ္တ ၃-ပါးတို့တွင် တစ်ပါးပါးကိုသာ အာရုံပြုကြပါသည်။ ထို့နောင် ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးလျက်ရင်း၊ အရိယာအနွယ်သို့ ရောက် လျက်ရင်း ဖြစ်ပါသည်။ (စာပိုဒ်-၅၅/၅၆/၅၇-တို့ကိုထောက်)

http://www.dhammadownload.com



၅၆။ ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။

၅၇။ တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတွာ ပုထုဇ္ဇနဂေါတ္တ-မဘိဘဝန္တံ အရိယဂေါတ္တမဘိသမ္ဘောန္တဉ္စ ပဝတ္တတိ။

**မဂ်ကိစ္စ ၁၆-ချက်/သောတာပတ္တိမဂ်စိတ်ဖြစ်ပုံ**

**(ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းပုံ)**

၅၈။ တဿာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော, သမုဒယသစ္စံ ပဇဟန္တော, နိရောဓသစ္စံ သစ္ဆိကရောန္တော, မဂ္ဂသစ္စံ ဘာဝနာ-ဝသေန အပ္ပနာဝီထိ မောတရတိ။

၅၉။ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ပဝတ္တိတွာ ဘဝင်္ဂပါတောဝ ဟောတိ။

---

➢ **မဂ္ဂဝီထိပုံစံ** = န ဒ "မ ပ ဥ နု ဂေါ မ ဖ ဖ" ဘ ဘ

➢ **ဝိပဿနာ ပရိပါကဟူသည်** = သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပါသည်။

➢ **ဏ္ဍာဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတိ-၌ အပ္ပနာဟူသည်** = မဂ်ဉာဏ်ဖြစ်ပါသည်။

➢ ဒွေ တီဏိ ဝိပဿနာစိတ္တာနိ-၌ ဝိပဿနာစိတ်ဟူသည် = ဥပစာရ သမာဓိဇောခေါ် မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်များ ဖြစ်ပါသည်။

➢ **မဂ်ရခါနီးဖြစ်သော ဝိပဿနာစိတ်တို့၏ အာရုံ** ။ ။ တေဘူမကသင်္ခါရ တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသော လက္ခဏာ ၃-ပါးကို အာရုံပြုပါသည်။(သာဓက) ဒွေ တီဏိ ဝိပဿနာစိတ္တာနိ (ပ) ပဝတ္တန္တိ။

(စာပိုဒ်-၅၆) **ဝုဋ္ဌာနဂါမိနီ ဝိပဿနာခေါ်ပုံ** ။ ။ ဝိပဿနာ၏ အထွတ်အထိပ်သို့ ရောက်သော သစ္စာနုလောမဉာဏ်နှင့် တကွဖြစ်သော သင်္ခါရတို့၌ လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်ကို "ဝုဋ္ဌာနဂါမိနီဝိပဿနာ"ဟုခေါ်ပါသည်။

(စာပိုဒ်-၅၇) **လောကီနယ်ပယ်၌ ပုထုဇဉ်လူသားတစ်ဦး၏ နောက်ဆုံးစိတ်ကား** =

➢ **ပုထုဇဉ်နှင့် အရိယာတို့၏အနွယ်ကို ဆက်စပ်ပေးသော စိတ်ကား** = ဂေါတြဘုစိတ် ဖြစ်ပါသည်။

➢ **ဂေါတြဘုစိတ်၏ အာရုံကား** = နိဗ္ဗာန်အာရုံ ဖြစ်ပါသည်။

➢ **ဂေါတြဘု အဓိပ္ပါယ်** ။ ။ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးလျက်ရင်း၊ အရိယာအနွယ်သို့ ရောက်လျက်ရင်း ဖြစ်တတ်သောကြောင့် "ဂေါတြဘု" မည်ပါသည်။

http://www.dhammadownload.com



**ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ**

ပုန ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ ပစ္စဝေက္ခဏဉာဏာနိ ပဝတ္တန္တိ။

**ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်**

၆၀။ မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ န ဝါ။
ဆဗ္ဗိသုဒ္ဓိကမေနေဝံ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။
**ဉာဏဒဿနဝိသုဒ္ဓိ- နာမ** မဂ္ဂေါ ပဝုစ္စတိ။
အယမေတ္ထ ဝိသုဒ္ဓိဘေဒေါ။

---

(**စာပိုဒ်-၅၈**) **မဂ်ကိစ္စ ၁၆-ချက်ကား ။ ။ သောတာပတ္တိမဂ်သည်** ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကိုပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်းဟူသော ကိစ္စ ၄-ချက် တစ်ပြိုင်နက်ပြီးစေပါသည်

ထို့အတူ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့ကလည်း ကိစ္စ ၄-ချက်စီကို တစ်ပြိုင်နက် ပြီးစေကြပါသည်။ ဤသို့လျှင် "မဂ်ကိစ္စ ၁၆-ချက်" ဖြစ်ပါသည်

(**စာပိုဒ်-၅၉**) **မဂ်နောင် ဖိုလ်စိတ်ဖြစ်ပေါ်လာပုံ** ။ ။ မဂ်စိတ်တစ်ကြိမ်ဖြစ်ပြီးနောက် တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင်- ဖိုလ်ဇော ၃-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင်- ဖိုလ်ဇော ၂-ကြိမ် ဖြစ်ပါသည်။ ထို့နောင် ဘဝင်ကျပါသည်။

➢ **တိက္ခပညာပုဂ္ဂိုလ်၏ သောတာပတ္တိ မဂ္ဂဝီထိပုံစံ**

န ဒ "မ ဥ နု ဂေါ မ ဖ ဖ ဖ" ဘ ဘ

➢ **မန္ဒပညာပုဂ္ဂိုလ်၏ သောတာပတ္တိ မဂ္ဂဝီထိပုံစံ**

န ဒ "မ ပ ဥ နု ဂေါ မ ဖ ဖ" ဘ ဘ

**မေး** ။ ။ မဂ်ဖိုလ်ရပြီးနောက် အဘယ်ဉာဏ် ဖြစ်ပေါ်လာပါသနည်း။

**ဖြေ** ။ ။ [**မဂ်ဖိုလ်ရပြီးနောက် ဖြစ်ပေါ်လာသည့်ဉာဏ်**]မဂ်ဖိုလ်ရပြီးနောက် ဘဝင်ကျ၍ ဘဝင်ပြတ်သည့်အခါ ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပေါ်လာကြပါသည်။

(**စာပိုဒ်-၆၀**) **ပစ္စဝေက္ခဏာ ၁၉-ဝီထိ**

**သောတာပန်ပုဂ္ဂိုလ်အတွက်** မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ၊ ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ၊ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ၊ ကြွင်းကျန်သော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ၊ ဤသို့ ၅-ဝီထိ ရပါ

http://www.dhammadownload.com



သည်။ ထို့အတူ သကဒါဂါမ်, အနာဂါမ်အတွက် ၅-ဝီထိစီ ရပါသည်။ ထို့ကြောင့် သေက္ခ ပုဂ္ဂိုလ် ၃-ယောက်အတွက် ပစ္စဝေက္ခဏာ ၁၅-ဝီထိ ဖြစ်ပါသည်။ ရဟန္တာအတွက် ကြွင်းကျန်သော ကိလေသာမရှိသောကြောင့် ၄-ဝီထိသာ ရပါသည်။ ပေါင်း ၁၉-ဝီထိ ဖြစ်ပါသည်။

➤ **ရဟန္တာပုဂ္ဂိုလ်၌ ပစ္စဝေက္ခဏာ ၄-ဝီထိကား** ။ ။အရဟတ္တမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ၊ (၂) အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ။ (၃) နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ၊ (၄) အရဟတ္တမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တစ်ဝီထိ။

➤ **ပစ္စဝေက္ခဏာဉာဏ် ၁၉-တန် /သောတာပန်ပုဂ္ဂိုလ်၌ ပစ္စဝေက္ခဏာဉာဏ် ၅-ပါး** ။ ။ သောတာပန်ပုဂ္ဂိုလ်၌ (၁) သောတာပတ္တိမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်၊ (၂) သောတာပတ္တိဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ (၃) နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ (၄) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ (၅) ကြွင်းကျန်သော ကိလေသာ တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်အားဖြင့် ပစ္စဝေက္ခဏာဉာဏ် ၅-တန် ဖြစ်ပါ သည်။ ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်၌ ၅-တန်၊ အနာဂါမ်ပုဂ္ဂိုလ်၌ ၅-တန် ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်၌ကား ကြွင်းကျန်သော ကိလေသာ မရှိ၍ ပစ္စဝေက္ခဏာဉာဏ် ၄ တန်သာ ဖြစ်ပါသည်။ ပေါင်း ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်ဖြစ်ပါသည်။

➤ **ရဟန္တာပုဂ္ဂိုလ်၌ ပစ္စဝေက္ခဏာဉာဏ် ၄-ပါးကား** ။ ။အရဟတ္တမဂ်ကို ဆင်ခြင် သော ပစ္စဝေက္ခဏာဉာဏ်၊ (၂) အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ (၃) နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ (၄) အရဟတ္တမဂ်ဖြင့် ပယ်အပ်ပြီး သော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်-တို့ ဖြစ်ပါသည်။

➤ **အရိယာပုဂ္ဂိုလ်များသည် မိမိကိုယ် မိမိ အရိယာဖြစ်မှန်း သိ/မသိ** = မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ပစ္စဝေက္ခတိ ပဏ္ဍိတော-ကိုထောက်၍ အရိယာပုဂ္ဂိုလ်များသည် မိမိရ ပြီးသော မဂ်ဖိုလ်ကို ဧကန်ပြန်၍ ဆင်ခြင်သောကြောင့် အရိယာဖြစ်မှန်း သိပါသည်။

➤ **ဝိပဿနာဉာဏ်၏ အာရုံကား** = တေဘူမကသင်္ခါရတရား ဖြစ်ပါသည်။

➤ **ပစ္စဝေက္ခဏာဉာဏ်၏ အာရုံကား** ။ ။ မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်အပ်ပြီးသော ကိလေသာ, ကြွင်းကျန်သော ကိလေသာတို့ ဖြစ်ပါသည်။

➤ **ဉာဏဒဿနဝိသုဒ္ဓိတရားကိုယ်** ။ ။ သီလဝိသုဒ္ဓိ-စသော အောက်ဝိသုဒ္ဓိ ၆-ပါး၊ အစဉ်အားဖြင့် ဖြစ်ပွားစေထိုက်သော မဂ်ဉာဏ် ၄-ပါးကို ဉာဏဒဿနဝိသုဒ္ဓိ-ဟု ဆိုပါသည်။

http://www.dhammadownload.com



## ဝိမောက္ခဘေဒ

၆၁။ တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဥ္စန္တီ သုညာတာ-နုပဿနာ နာမ ဝိမောက္ခမုခံ ဟောတိ။

၆၂။ အနိစ္စာနုပဿနာ ဝိပလ္လာသနိမိတ္တံ မုဥ္စန္တီ အနိမိတ္တာနုပဿနာ နာမ။

၆၃။ ဒုက္ခာနုပဿနာ တဏှာပဏိဓိံ မုဥ္စန္တီ အပ္ပဏိဟိတာနုပဿနာ နာမ။

---

**➤ ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ် ၁၀-ပါး တွဲစပ်ပုံ**

သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ-တို့၌ တေဘူမကသင်္ခါရ ရုပ်နာမ်တရားတို့ကို လက္ခဏာယာဉ် ၃-ပါးသို့တင်၍ မဆင်ခြင် မသုံးသပ်ရသေးသောကြောင့် သမ္မသနဉာဏ်မျှပင် မဖြစ်သေးပါ။ (စာပိုဒ်-၄၉/၅၀/၅၁/၅၂)

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-၌ကား သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်း တစ်စိတ် ဖြစ်ပါသည်။ (စာပိုဒ်-၅၃)

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-၌ ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းတစ်စိတ်နှင့် ဘင်ဂ်ဉာဏ် ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, အနုလောမဉာဏ်-ဟူသော ဉာဏ် ၉-ပါးဖြစ်ပါသည်။ (စာပိုဒ်-၅၄)

ဉာဏဒဿနဝိသုဒ္ဓိ-၌ကား ဝိပဿနာဉာဏ် မလိုတော့ပါ။

**➤ အနုပဿနာဉာဏ် ၃-မျိုးတို့၏ ဝိမောက္ခမုခ အမည်ရပုံ** (၆၁/၆၂/၆၃)

(စာပိုဒ်-၆၁) သင်္ခါရတရားတို့၌ "အနတ္တ"ဟု အဖန်ဖန်ရှုသော အနတ္တာနုပဿနာဉာဏ်သည် "အတ္တရှိ၏"ဟု မြဲမြံစွာယူခြင်း ထင်မှတ်စွဲလမ်းခြင်းကို ပယ်စွန့်နိုင်သောကြောင့် "**သုညတာနုပဿနာမည်သော ဝိမောက္ခမုခ**" ဖြစ်ပါသည်။

(စာပိုဒ်-၆၂) သင်္ခါရတရားတို့၌ "အနိစ္စ"ဟု အဖန်ဖန်ရှုသော အနိစ္စာနုပဿနာဉာဏ်သည် အနိစ္စ-၌ နိစ္စ-ဟုဖြစ်သော သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသ-ဟု ဆိုအပ်သော ဝိပလ္လာသနိမိတ်ကို ပယ်စွန့်နိုင်သောကြောင့် "**အနိမိတ္တာနုပဿနာ မည်သော ဝိမောက္ခမုခ**" ဖြစ်ပါသည်။

(စာပိုဒ်-၆၃) သင်္ခါရတရားတို့၌ "ဒုက္ခ"ဟု အဖန်ဖန်ရှုသော ဒုက္ခာနုပဿနာဉာဏ်သည် ကာမ, ရူပ, အရူပဘဝတို့၌ တပ်နှစ်သက်တတ်သော တဏှာဟုဆိုအပ်သော တောင့်တခြင်းကို ပယ်စွန့်နိုင်သောကြောင့် "**အပ္ပဏိဟိတာနုပဿနာ မည်သော ဝိမောက္ခမုခ**" ဖြစ်ပါသည်။

http://www.dhammadownload.com



**ဝိပဿနာဂမနနှင့် အစွမ်းဖြင့် မဂ်၏ သုညတဝိမောက္ခ–စသော အမည် ၃–မျိုးရပုံ**

၆၄။ တသ္မာ ယဒိ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အနတ္တတော ဝိပဿတိ၊ သုညတော ဝိမောက္ခော နာမ ဟောတိ မဂ္ဂေါ။

၆၅။ ယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တော ဝိမောက္ခော နာမ။

၆၆။ ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခော နာမာတိ စ မဂ္ဂေါ ဝိပဿနာဂမနဝသေန တီဏိ နာမာနိ လဘတိ၊ တထာ ဖလဉ္စ မဂ္ဂါဂမနဝသေန မဂ္ဂဝီထိယံ။

---

**ဝိပဿနာဂမနနှင့် အစွမ်းဖြင့် မဂ်၏ သုညတဝိမောက္ခ–စသော အမည် ၃–မျိုးရပုံ**

(စာပိုဒ်–၆၄) ဝုဋ္ဌာနဂါမိနီ ဝိပဿနာ-က ရုပ်နာမ်တစ်ခုခုကို အနတ္တ-ဟု ရှုသဖြင့် သုညတဝိမောက္ခမုခ အမည်ရခဲ့လျှင် မဂ်လည်း **"သုညတဝိမောက္ခမုခ"**ဟူသော အမည်ကို ရပါသည်။

(စာပိုဒ်–၆၅) ဝုဋ္ဌာနဂါမိနီဝိပဿနာ-က ရုပ်နာမ်တစ်ခုခုကို အနိစ္စ-ဟုရှုသဖြင့် အနိမိတ္တဝိမောက္ခ အမည်ရခဲ့လျှင် မဂ်လည်း **"အနိမိတ္တဝိမောက္ခမုခ"**ဟူသော အမည်ကို ရပါသည်။

(စာပိုဒ်–၆၆) ဝုဋ္ဌာနဂါမိနီဝိပဿနာ-က ရုပ်နာမ်တစ်ခုခုကို ဒုက္ခ-ဟု ရှုသဖြင့် အပ္ပဏိဟိတ ဝိမောက္ခမုခ အမည်ရခဲ့လျှင် မဂ်လည်း **"အပ္ပဏိဟိတ ဝိမောက္ခမုခ"** ဟူသော အမည်ကို ရပါသည်။ ဤသို့လျှင် ဝိပဿနာဂမန၏အစွမ်းဖြင့် မဂ်သည် သုညတဝိမောက္ခ-စသော အမည် ၃-မျိုးကို အသီးသီးရနိုင်ပါသည်။

➤ **မဂ္ဂဝီထိ၌ပါသောဖိုလ်၏ သုညတဝိမောက္ခ–စသော အမည် ၃–မျိုးရပုံ**

မဂ်က သုညတဝိမောက္ခ အမည်ရလျှင် မဂ်နောင်ဖြစ်သော ဖိုလ်လည်း သုညတဝိမောက္ခပင် အမည်ရပါသည်။ မဂ်က အနိမိတ္တဝိမောက္ခ အမည်ရလျှင် မဂ်နောင်ဖြစ်သော ဖိုလ်လည်း အနိမိတ္တဝိမောက္ခပင် အမည်ရပါသည်။ မဂ်က အပ္ပဏိဟိတ ဝိမောက္ခ အမည်ရလျှင် မဂ်နောင်ဖြစ်သော ဖိုလ်လည်း အပ္ပဏိဟိတ ဝိမောက္ခပင် အမည်ရပါသည်။ ဤသို့လျှင် မဂ္ဂဝီထိ၌ပါသော ဖိုလ်သည် မဂ္ဂါဂမန၏ အစွမ်းဖြင့် သုညတဝိမောက္ခ-စသော အမည် ၃-မျိုးကို ရပါသည်။

➤ **ဝိမောက္ခမုခနှင့် ဝိမောက္ခတွဲခပ်ပုံ**

၁။ သုညတာနုပဿနာ ဝိမောက္ခမုခနှင့် သုညတဝိမောက္ခ။

၂။ အနိမိတ္တာနုပဿနာ ဝိမောက္ခမုခနှင့် အနိမိတ္တဝိမောက္ခ။

၃။ အပ္ပဏိဟိတာနုပဿနာ ဝိမောက္ခမုခနှင့် အပ္ပဏိဟိတဝိမောက္ခ-တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**ဖလသမာပတ္တိဝီထိ၌ သုညတဝိမောက္ခ-စသည် အမည်ရပုံပြ**

၆၇။ ဖလသမာပတ္တိဝီထိယံ ပန ယထာဝုတ္တနယေန ဝိပဿနာနံ ယထာသကံ ဖလမုပ္ပဋ္ဌမာနမ္ပိ ဝိပဿနာဂမနဝသေနေဝ သုညတာဒိဝိမောက္ခောတိ စ ပဝုစ္စတိ၊ အာရမ္မဏဝသေန ပန သရသဝသေန စ နာမတ္တယံ သဗ္ဗတ္ထ သဗ္ဗေသမ္ပိ သမမေဝ စ။ အယမေတ္ထ ဝိမောက္ခဘေဒေါ။

---

**ဖလသမာပတ္တိဝီထိ၌ပါသော ဖိုလ်၏ သုညတဝိမောက္ခ-စသော အမည် ၃-မျိုးရပုံ**

(ဓာပိုဒ်-၆၇) ဖလသမာပတ္တိဝီထိ၌ပါသော ဖိုလ်ကား ဝိပဿနာဂမန၏ အစွမ်းဖြင့်သာလျှင် သုညတဝိမောက္ခ-စသော အမည် ၃-မျိုးကို ရပါသည်။ ဖိုလ်ရှေ့မှ ဝိပဿနာ-က သုညတဝိမောက္ခမုခဖြစ်လျှင် ဖိုလ်လည်း သုညတဝိမောက္ခဟူသော အမည်ကိုရပါသည်။ ဝိပဿနာ-က အနိမိတ္တဝိမောက္ခမုခဖြစ်လျှင် ဖိုလ်လည်း အနိမိတ္တဝိမောက္ခမုခဟူသော အမည်ကိုရပါသည်။ ဝိပဿနာ-က အပ္ပဏိဟိတ ဝိမောက္ခမုခဖြစ်လျှင် ဖိုလ်လည်း အပ္ပဏိဟိတဝိမောက္ခမုခ-ဟူသော အမည်ကိုရပါသည်။

➤ **မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိတို့၌ အာရမ္မဏ (နိဗ္ဗာန်အာရုံ) ၏ အစွမ်းအားဖြင့် မဂ်ဖိုလ်၏ အမည် ၃-မျိုးရပုံ** ။ ။ မဂ်ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြ၏၊ ထိုအာရုံဖြစ်သော နိဗ္ဗာန်သည် သုညတလည်းမည်၏၊ အနိမိတ္တ, အပ္ပဏိဟိတလည်းမည်သောကြောင့် မဂ်ဖိုလ်တို့သည် ထိုသုညတ, အနိမိတ္တ, အပ္ပဏိဟိတမည်သော နိဗ္ဗာန်အာရုံ၏အစွမ်းဖြင့် သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ-ဟူသော အမည် ၃-မျိုးကို တပြိုင်နက်တည်း ရနိုင်ကြပါသည်။

➤ **မဂ်ဖိုလ်တို့၏ သုညတဝိမောက္ခ-စသော အမည်ရပုံများ**

မဂ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရသ-တို့၏ အစွမ်းအားဖြင့် သုညတဝိမောက္ခ-စသော အမည် ၃-မျိုးကို ရပါသည်။

မဂ္ဂဝီထိ၌ ဖိုလ်သည် မဂ္ဂါဂမန, အာရမ္မဏ, သရသ-တို့၏ အစွမ်းအားဖြင့် သုညတဝိမောက္ခ-စသော အမည် ၃-မျိုးကို ရပါသည်။

ဖလသမာပတ္တိဝီထိ၌ပါသော ဖိုလ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရသ-တို့၏ အစွမ်းအားဖြင့် သုညတ ဝိမောက္ခ-စသော အမည် ၃-မျိုးကို ရပါသည်။

➤ **ဝိပဿနာရှု၍ မရသော တရားများ** ။ ။ လောကုတ္တရာစိတ်နှင့် စေတသိက် နိဗ္ဗာန်-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ပုဂ္ဂလဘေဒ/ မဂ်ပယ်စဉ်

၆၈။ ဧတ္ထ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။

၆၉။ သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂ ဒေါသ မောဟာနံ တနုကရတ္တာ **သကဒါဂါမီ** နာမ ဟောတိ သကိဒေဝ ဣမံ လောကံ အာဂန္တွာ။

**(စာပိုဒ်-၆၈) သောတာပန်ပုဂ္ဂိုလ်ဟု သတ်မှတ်နိုင်ရန် ပြည့်စုံရမည့်အရည်အချင်း**

(၁) သောတာပတ္တိမဂ်ကို ပွားများပြီးခြင်း၊ (၂) ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ပြီးခြင်း၊ (၃) အပါယ်လားကြောင်း အကုသိုလ်များကို ပယ်ပြီးခြင်း-တို့ ဖြစ်ပါသည်။

➤ **သောတာပန်မည်ပုံ** ။ ။ သောတာပတ္တိမဂ်ကို ပွားစေ၍ ဒိဋ္ဌိ, ဝိစိကိစ္ဆာ နှစ်ဖြာသော ကိလေသာတို့ကို အကြွင်းအကျန်မရှိအောင် ပယ်ရှားခြင်းကြောင့် အပါယ်လေးပါးသို့ သွားရောက်ခြင်းကို ပယ်ပြီးဖြစ်၍ ကာမဘုံ၌ အလွန်ဆုံး ၇-ကြိမ် ၇-ဘဝ,သာ ပဋိသန္ဓေနေသောပုဂ္ဂိုလ်သည် "သောတာပန်" မည်ပါသည်။

➤ **သောတာပန်ပယ်ပြီးသော အကုသိုလ်များ** ။ ။ သောတာပတ္တိမဂ်ကိုရလျှင် ကိလေသာ ၁၀-ပါးတို့တွင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကုန်အစင် ပယ်ပါသည်၊ ကျန်ဥဒ္ဓစ္စမှတစ်ပါး ကိလေသာများကိုကား အပါယ်ကိုရောက်စေနိုင်သည့် ကြမ်းတမ်းသော သတ္တိလောက်ကိုသာ ပယ်ပါသည်။ ထို့ကြောင့် သောတာပန်ဖြစ်လျှင် အပါယ်ရောက်ကြောင်းတရားများကို မပြုလုပ်တော့ပါ။

သောတာပန်ပုဂ္ဂိုလ်သည် အကုသိုလ်စိတ် ၁၂-ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ ပေါင်း ၅-ပါးကို အကြွင်းမဲ့ပယ်ပါသည်။ ကြွင်းသော ဥဒ္ဓစ္စသဟဂုတ်မှတစ်ပါး အကုသိုလ်စိတ် ၆-ပါး၏ အပါယ်ကျစေနိုင်သော အစွမ်းသတ္တိမျှကိုသာ ပယ်ပါသည်။ ဥဒ္ဓစ္စသဟဂုတ်ကိုကား အပါယ်ကျစေနိုင်သော အစွမ်းသတ္တိ မရှိသည့်အတွက် လုံးဝ မပယ်သေးပါ။

**(စာပိုဒ်-၆၉) သကဒါဂါမ်ပုဂ္ဂိုလ်ဟု သတ်မှတ်နိုင်ရန် ပြည့်စုံရမည့်အရည်အချင်း**

(၁) သကဒါဂါမိမဂ်ကို ပွားများပြီးခြင်း၊ (၂) ရာဂ, ဒေါသ, မောဟ-တို့ကို ခေါင်းပါးအောင် ပြုပြီးခြင်း-တို့ဖြစ်ပါသည်။

➤ **သကဒါဂါမ်ခေါ်ဆိုပုံ** ။ ။ သကဒါဂါမိမဂ်ကို ပွားစေ၍ ရာဂ, ဒေါသ, မောဟတို့ကို ခေါင်းပါးအောင်ပြုသည့်အတွက် ဤလူ့ဘုံ(ကာမဘုံ) သို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်သာ ပြန်လာသောကြောင့် 'သကဒါဂါမ်"ဟု ခေါ်ဆိုရပါသည်။

http://www.dhammadownload.com



၇၀။ အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂဗျာပါဒါနမနဝသေသပ္ပဟာနေန **အနာဂါမီ** နာမ ဟောတိ အနာဂန္တွာ ဣတ္ထတ္တံ။

၇၁။ အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသကိလေသပ္ပဟာနေန အရဟာ နာမ ဟောတိ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော အယမေတ္ထ ပုဂ္ဂလဘေဒေါ။

---

**(စာပိုဒ်–၇၀) အနာဂါမိပုဂ္ဂိုလ်ဟု သတ်မှတ်နိုင်ရန် ပြည့်စုံရမည့်အရည်အချင်း**

(၁) အနာဂါမိမဂ်ကို ပွားများပြီးခြင်း၊ (၂) ကာမ, ရာဂ, ဗျာပါဒ-တို့ကို အကြွင်းမဲ့ ပယ်ပြီးခြင်း-တို့ ဖြစ်ပါသည်။

➤ **အနာဂါမ်ဟု ခေါ်ဆိုရပုံ** ။ ။ အနာဂါမိမဂ်ကို ပွားစေ၍ ကာမရာဂ, ဗျာပါဒ တို့ကို အကြွင်းမဲ့ပယ်သည့်အတွက် ဤကာမဘုံသို့ ပဋိသန္ဓေနေသောအားဖြင့် ပြန်မလာ တော့ပြီဖြစ်သောကြောင့် "အနာဂါမ်"ဟု ခေါ်ဆိုရပါသည်။

➤ **အနာဂါမ်ပယ်သော အကုသိုလ်စိတ်များ** ။ ။ ကာမရာဂနှင့် သမ္ပယုတ်ဖြစ် သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေးတို့ ဖြစ်ပါသည်။

➤ **အနာဂါမ်ပယ်ပြီးသော ကိလေသာများ** ။ ။ လောဘ, ဒေါသ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ တို့ ဖြစ်ပါသည်။ [အနာဂါမ်များသည် ကာမရာဂကို ပယ်ပြီးသောကြောင့် ကာမဂုဏ် ခံစားမှု လုံးဝ မရှိတော့ပါ။ ဗျာပါဒကို ပယ်ပြီးသောကြောင့် အမျက်ဒေါသထွက်မှု, စိတ်ဆိုးမှုတို့လည်း လုံးဝ မရှိတော့ပါ။]

➤ **အနာဂါမ် မပယ်ရသေးသည့် ကိလေသာများ** ။ ။ မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-တို့ ဖြစ်ပါသည်။

**(စာပိုဒ်–၇၁) ရဟန္တာ–ဟု သတ်မှတ်နိုင်ရန် ပြည့်စုံရမည့်အရည်အချင်း**

(၁) အရဟတ္တမဂ်ကို ပွားများပြီးခြင်း၊ (၂) အကြွင်းအကျန် မရှိအောင် ကိလေသာ တို့ကို ပယ်ပြီးခြင်း-တို့ ဖြစ်ပါသည်။

➤ **ရဟန္တာ–ဟု ခေါ်ဆိုရပုံ** ။ ။ အရဟတ္တမဂ်ကို ပွားစေ၍ အကြွင်းအကျန်မရှိ အောင် ကိလေသာတို့ကို ပယ်ခြင်းကြောင့် ကုန်ပြီးသော အာသဝေါရှိသော လောက၌ မြတ်သောအလှူကို ခံယူထိုက်သော ပုဂ္ဂိုလ်ကို "ရဟန္တာ"ဟု ခေါ်ဆိုရပါသည်။

➤ **ရဟန္တာ ပယ်အပ်သော ကိလေသာ** ။ ။ ရဟန္တာပုဂ္ဂိုလ်သည် အောက်မဂ်များ မပယ်နိုင်၍ ကြွင်းကျန်နေသေးသော ရူပရာဂ, အရူပရာဂ-ဟူသော မောဟတစ်စိတ် နှင့် မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-ဟူသော ကိလေသာ ၇-ပါးတို့ကို အကြွင်းမရှိ ပယ်ပါသည်။

http://www.dhammadownload.com



## သမာပတ္တိဘေဒ

၇၂။ ဖလသမာပတ္တိဝီထိယံ ပနေတ္ထ သဗ္ဗေသမ္ပိ ယထာသကဖလ-ဝသေန သာဓာရဏာဝ။

### နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်နှင့် ဝင်စားပုံ

၇၃။ နိရောဓသမာပတ္တိသမာပဇ္ဇနံ ပန အနာဂါမီနဉ္စေ အရဟန္တာနဉ္စ လဗ္ဘတိ။

တတ္ထ ယထာက္ကမံ ပဌမဇ္ဈာနာဒိ မဟဂ္ဂတသမာပတ္တိံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ တတ္ထဂတေ သင်္ခါရဓမ္မေ တတ္ထ တတ္ထေဝ ဝိပဿန္တော ယာဝ အာကိဉ္စညာယတနံ ဂန္တွာ တတော ပရံ အဓိဋ္ဌေယျာဒိကံ ပုဗ္ဗကိစ္စံ ကတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇတိ၊ တဿ ဒွိန္နံ အပ္ပနာဇဝနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ၊ တတော နိရောဓသမာပန္နော နာမ ဟောတိ။

---

➤ **ရဟန္တာပုဂ္ဂိုလ် ပယ်အပ်သော အကုသိုလ်စိတ်များ** ။ ။ ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဒစ္စသဟဂုတ်စိတ် ၁-ခုတို့ကို အကြွင်းမဲ့ ပယ်ပါသည်။

**(စာပိုဒ်-၇၂) သမာပတ်အပြား ၃-ပါး** ။ ။ ဈာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ်-တို့ ဖြစ်ပါသည်။

➤ **ဖလသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်** ။ ။ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်ဖြစ်ပါသည်။[ဖလဋ္ဌာန် ၄-ယောက်တို့သည် မိမိရရှိထားသော ဖိုလ်ကို ဝင်စားနိုင်ပါသည်။]

**(စာပိုဒ်-၇၃) နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်** ။ ။ ကာမဘုံ, ရူပဘုံ၌ တည်သော သမာပတ် ၈-ပါးလုံးကို ရပြီးသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်များသာ နိရောဓသမာပတ်ကို ဝင်စားနိုင်ပါသည်။(သာဓက) နိရောဓသမာပတ္တိသမာပဇ္ဇနံ ပန အနာဂါမီနဉ္စေ အရဟန္တာနဉ္စ လဗ္ဘတိ။

➤ **နိရောဓသမာပတ် မဝင်စားနိုင်သော ပုဂ္ဂိုလ်** ။ ။ နိရောဓသမာပတ်ကို ပုထုဇဉ်သောတာပန်, သကဒါဂါမ်အားလုံးနှင့် သုက္ခဝိပဿကဖြစ်သော အနာဂါမ် ရဟန္တာများ၊ အရူပပြဟ္မာများ ဖြစ်ပါသည် (အရူပပြဟ္မာများကား အစဉ်အတိုင်း ဝင်စားဖို့ရာ ပထမဈာန်-စသော ရူပဈာန် မရှိသောကြောင့် နိရောဓသမာပတ်ကို မဝင်စားနိုင်ပါ။)

http://www.dhammadownload.com



၇၄။ ဝုဋ္ဌာနကာလေ ပန အနာဂါမိနော အနာဂါမိဖလစိတ္တံ အရဟတော အရဟတ္တဖလစိတ္တံ ဧကဝါရမေဝ ပဝတ္တိတွာ ဘဝင်္ဂပါတော ဟောတိ၊ တတော ပရံ ပစ္စဝေက္ခဏဉာဏံ ပဝတ္တတိ အယမေတ္ထ သမာပတ္တိဘေဒေါ။

**နိဋ္ဌိတော စ ဝိပဿနာကမ္မဋ္ဌာနနယော။**

**ဥယျောဇနံ**

၇၅။ ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယ မုတ္တမံ။
ပဋိပတ္တိ ရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ကမ္မဋ္ဌာနသင်္ဂဟ ဝိဘာဂေါနာမ နဝမော ပရိစ္ဆေဒေါ။

---

➤ **နိရောဓသမာပတ် ဝင်စားပုံ** ။ ။ နိရောဓသမာပတ်ကို ဝင်စားလိုသော် မိမိရပြီးသော လောကီစျာန်များတွင် ပထမစျာန်ကိုဝင်စားရပါသည်။ပထမစျာန်မှထသော-အခါ ထိုပထမစျာန်တွင် ပါဝင်သော စိတ်, စေတသိက်, သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဝိပဿနာ ရှုရပါသည်။ ဤနည်းအတိုင်းပင် ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, အာကာသာနဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန်တို့ကို ဝင်စားခြင်း, ထိုစျာန်တို့၌ပါသော သင်္ခါရတရားတို့ကို ဝိပဿနာရှုခြင်းအမှုတို့ကို ပြုရပါသည်။ ထို့နောက် အာကိဉ္စညာယတနစျာန်ကို ဝင်စား၍ ထိုစျာန်မှထသောအခါ ဝိပဿနာ မရှုဘဲ "အဓိဋ္ဌာန်ခြင်း" စသော ပုဗ္ဗကိစ္စ ၄-ပါးကို ပြုရပါသည်။ ထို့နောက်မှ နေဝသညာနာသညာယတနစျာန်ကို ဝင်စားရပါသည်။ ထိုစျာန်ဇော ၂-ကြိမ်သာ စောပြီးနောက် စိတ်အစဉ်ပြတ်စဲပါတော့သည်၊ ထိုသို့ စိတ်, စေတသိက်, စိတ္တဇရုပ်များ ချုပ်နေခြင်းကို "နိရောဓသမာပတ်ဝင်စားသည်"ဟု ဆိုပါသည်။

(စာပိုဒ်-၇၄) **နိရောဓသမာပတ်မှ ထသောအခါစိတ်ဖြစ်ပုံ** ။ ။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်စိတ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်စိတ် ၁-ကြိမ်မျှဖြစ်ပြီးနောက် ဘဝင်ကျပါသည်။ ထို့နောက် မိမိဖိုလ်ကို ပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာစိတ် ဖြစ်ပါသည်။

➤ **သောတာပန်ပုဂ္ဂိုလ် သေပြီးနောက် ဗြဟ္မာဘုံသို့ ပဋိသန္ဓေ၏ အစွမ်းဖြင့် ဖြစ်နိုင်/မဖြစ်နိုင်** ။ ။ (စာပိုဒ်-၆၈) ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ-ကိုထောက်၍ မဖြစ်နိုင်ပါ။

http://www.dhammadownload.com



**နိဂုံး**

(က) စာရိတ္တသောဘိတဝိသာလ ကုလောဒယေန၊
သဒ္ဓါဘိဝုဍ္ဎပရိသုဒ္ဓဂုဏောဒယေန။
နမ္ဗဝှယေန ပဏိဓာယပရာနုကမ္ပံ၊
ယံ ပတ္ထိတံ ပကရဏံ ပရိနိဋ္ဌိတံ တံ။

**အာသီသ**

(ခ) ပုညေန တေန ဝိပုလေန တု မူလသောမံ၊
ဓညာဓိဝါသ မုဒိတောဒိတ မာယုကန္တံ။
ပညာဝဒါတဂုဏသောဘိတ လဇ္ဇိဘိက္ခူ၊
မညန္တု ပုညဝိဘဝေါဒယမင်္ဂလာယ။
ဤတိ အနုရုဒ္ဓါစရိယေန ရစိတံ
အဘိဓမ္မတ္ထသင်္ဂဟံ နာမ ပကရဏံ။

---

**(စာပိုဒ်–၇၅) ပဋိပတ္တိ ဓမ္မရသကို ခံစားလိုသူတို့အား လမ်းစဉ်ချတိုက်တွန်းပုံ/ သမထ, ဝိပဿနာ ဘာဝနာ ၂–ပါးကို ပွားများကြရန် တိုက်တွန်းပုံ**

ဗုဒ္ဓမြတ်စွာသာသနာတော်၌ သမထ, ဝိပဿနာ-ဟုဆိုအပ်သော အကျင့်ပဋိပတ်ဖြင့် ရအပ်သော သာယာအပ်, ခံစားအပ်သည့် အရသာဟူသော ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာစသော ချမ်းသာအပေါင်းကို လိုလားတောင့်တသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် ဆိုခဲ့ပြီးသောနည်းဖြင့် နီဝရဏ, ကိလေသာ နှစ်ဖြာကို ပယ်နုတ်၍ ထူးမြတ်လှသော သမထ, ဝိပဿနာ ဘာဝနာနှစ်ပါးကို ကြိုးစား ပွားများကြပါလေဟူ၍ ဖြစ်ပါသည်။

➤ **မရှ မပွား အငြိမ်းထား/ စိတ်ကို စိတ်တိုင်းထားရမည်–ဟူသော စကားမှန်/ မမှန်** ။ ။ (စာပိုဒ်-၇၅) ကိုထောက်၍ ပဋိပတ္တိအရသာ တရားထူးရရေးအတွက် ဘာဝနာ နှစ်ပါးကို ရှုမှတ်ပွားများရမည်ဟု တိုက်တွန်းထားသောကြောင့် -- မမှန်ပါ။

# ကမ္မဋ္ဌာန်းပိုင်း သရုပ်ခွဲ ပြီး၏။

26-6-2003

http://www.dhammadownload.com



**မေး** ။ ။ လူတစ်ယောက်သည် နေ့စဉ် (ဒါန, သီလ, ဘာဝနာ) ကုသိုလ်တရားများကို ကြိုးစားအားထုတ်နေပါလျက် မကောင်းကျိုးများကိုသာ ခံစားနေရခြင်းအကြောင်းကို ကမ္မစတုက္ကလာသည့်အတိုင်း စဉ်းစားဉာဏ်ဖွင့်၍ ရှင်းလင်းဖြေဆိုပါ။

**ဖြေ** ။ ။ အတိတ်ကပါလာခဲ့သော ကဋတ္တာကံ, အာစိဏ္ဏကံ, အပရာပရိယဝေဒနီယကံများ အကျိုးပေးခွင့်သာနေသောကြောင့် နေ့စဉ်ကုသိုလ် ကြိုးစားအားထုတ်နေပါသော်လည်း မကောင်းကျိုးကိုသာ ခံစားရပါသည်။

➤ **ကာမပဋိသန္ဓေမျိုးစေ့ မရှိဘဲ ရူပဗြဟ္မာတို့အား ဖြစ်နိုင်သော ကာမဝိပါက်** စက္ခုဝိညာဉ် ၂-ပါး၊ သောတဝိညာဉ် ၂-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊ သန္တီရဏ ၃-ပါး၊ ပေါင်း ၉-ပါး ဖြစ်ပါသည်။ ✱ **မဖြစ်နိုင်သော ကာမဝိပါက်ကား** = ဃာနဝိညာဉ် ၂-ပါး၊ ဇိဝှါဝိညာဉ် ၂-ပါး၊ ကာယဝိညာဉ် ၂-ပါး၊ မဟာဝိပါက် ၈-ပါး၊ပေါင်း ၁၄-ပါး။

➤ **ရူပဘုံ၌ရနိုင်သော ရုပ်များကား** ။ ။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ စက္ခုပသာဒ, သောတပသာဒ၊ ဟဒယဝတ္ထုရုပ်၊ ဝိညတ်ရုပ် ၂-ပါး၊ သဒ္ဒ, လဟုတာ, မုဒုတာ, ကမ္မညတာ, ပရိစ္ဆေဒရုပ်, လက္ခဏာရုပ် ၄-ပါး ပေါင်း ၂၃-ပါး ဖြစ်ပါသည်။

➤ **ကေစိဆရာတို့အလို ရူပဘုံ-၌ ရနိုင်သောရုပ်** ။ ။ မဟာဘုတ် ၄-ပါး, စက္ခုပသာဒ, သောတပသာဒ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ-ဟူသော ဂေါစရရုပ် ၄-ပါး, ဟဒယဝတ္ထုရုပ် ၁-ပါး၊ ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ် ၂-ပါး, လက္ခဏာရုပ် ၄-ပါး ပေါင်း ၂၀-ရနိုင်ပါသည်။

➤ **ဘဝသစ်ကို ဆက်စပ်ပေးတတ်သော (ပဋိသန္ဓေ) စိတ်နှင့် သဟဇာတဖြစ်သော ရုပ်ကလာပ်များကို ပုဂ္ဂိုလ်အလိုက်တွဲစပ်ပုံ** ။ ။ သံသေဒဇပုဂ္ဂိုလ်, ဩပပါတိကပုဂ္ဂိုလ်တို့အား စက္ခုဒသက သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ကလာပ်အားဖြင့် (၇)စည်း ဖြစ်ပါသည်။

**ဂဗ္ဘသေယျကသတ္တဝါတို့အား** ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကကလာပ်အားဖြင့် (၃) ဖြစ်ပါသည်။ အသညသတ်ကြဉ် ရူပဗြဟ္မာတို့အား စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကကလာပ်အားဖြင့် (၄)စည်းဖြစ်ပါသည်။

**အသညသတ်ဗြဟ္မာတို့အား** ဇီဝိတနဝကကလာပ် ဖြစ်ပါသည်။

➤**အဇာဂရဏစိတ်** ။ ။ ဘဝင်စိတ်များ ဖြစ်ပါသည်။

➤ **ကွန်ပျူတာနည်းပညာ မသိမှုကို အဝိဇ္ဇာ-ဟု ခေါ်နိုင်/မခေါ်နိုင်**

သစ္စာလေးပါး ပုဗ္ဗန္တ အပရန္တ ပုဗ္ဗန္တာပရန္တ ပဋိစ္စသမုပ္ပါဒ် ဤရှစ်ဌာန၌ မသိခြင်းကိုသာ အဝိဇ္ဇာ-ဟုခေါ်ရသောကြောင့် -- ကွန်ပျူတာနည်းပညာ မသိမှုကို အဝိဇ္ဇာ-ဟု မခေါ်နိုင်ပါ။

# အဘိဓမ္မတ္ထ သင်္ဂဟပါဠိ နိဿယ

## ပဏာမနှင့်ပဋိညာဉ်

၁။အဟံ၊ငါသည်။သသဒ္ဓမ္မဂဏုတ္တမံ၊သူတော်ကောင်းတို့၏တရား ပရမတ္ထအား ဖြင့်ထင်းရှားရှိသောတရား၊အရိယာပုဂ္ဂိုလ်(အရိယာသံဃာ)အပေါင်းတည်းဟူသောဂိုဏ်း မြတ်နှင့်တကွဖြစ်တော်မူထသော။အတုလံ၊သီလစသောဂုဏ်တော်တို့ကြောင့်တူသောသူ တစုံတယောက်မျှရှိတော်မမူထသော။သမ္ဗုဒ္ဓံ၊သင်္ခတ,အသင်္ခတဟုဆိုအပ်သောခပ်သိမ်း သောတရားတို့ကိုမဖောက်မပြန်မိမိအလိုလိုသာဖြစ်ပေါ်လာသောဉာဏ်တော်ဖြင့်ကောင်း စွာထင်ထင်သိမြင်တော်မူသော မြတ်စွာဘုရားကို။အဘိဝါဒိယ,အဘိဝန္ဒိတွာ၊ အထူးသဖြင့် ရှိခိုးသေစွာရှိခိုးပါ၏။အဘိဝါဒိယ,အဘိဝန္ဒိတွာ၊အထူးသဖြင့်ရှိသေစွာရှိခိုးပြီး၍။အဘိဓမ္မတ္ထ-သင်္ဂဟံ၊ခုနစ်ကျမ်းသောအဘိဓမ္မာ၌ဟောတော်မူအပ်သော အနက်တို့ကို အကျဉ်းအားဖြင့် ယူရာယူကြောင်းသင်္ဂြိုဟ်ရာ-သင်္ဂြိုဟ်ကြောင်းဖြစ်သောကြောင့်အဘိဓမ္မတ္ထ သင်္ဂဟမည်သော သင်္ဂြိုဟ် ကျမ်းကို။ဘာသိဿံ၊ကထေဿာမိ၊ဆိုပေအံ့။

## ပရမတ္ထတရား ၄ ပါး

၂။တတ္ထ-တသ္မိံ အဘိဓမ္မေ၊ထိုအဘိဓမ္မာခုနစ်ကျမ်း၌။သဗ္ဗထာသဗ္ဗေန ပကာရေန၊ ကုသိုလ်အစ ရှိသော,ခန္ဓာအစရှိသောခပ်သိမ်းသောအပြားအားဖြင့်။တထာဂတာ၊ မြတ်စွာဘုရားတို့သည်။ဝုတ္တာ၊ဟောတော်မူအပ်ကုန်သော။အဘိဓမ္မတ္ထာ၊အဘိဓမ္မာ ခုနစ် ကျမ်း၌ဟောတော်မူအပ်ကုန်သောအနက်တို့သည်။ပရမတ္ထတော,ပရမတ္ထဝသေနေ၀၊ မဖောက် မပြန် မြတ်သော သဘော၏အစွမ်းဖြင့်သာလျှင်။စိတ္တံ-ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာလည်းကောင်း၊(စိတ်လည်းကောင်း)စေတသိကံ-ဝေဒနာဒိက္ခန္ဓတ္တယံ၊ ဝေဒနာအစရှိသော ခန္ဓာတို့၏သုံးတို့၏ အပေါင်းလည်းကောင်း။(စေတသိက်လည်းကောင်း)ရူပံ-ဘူတုပါဒါယ ဘေဒဘိန္နော ရူပက္ခ န္ဓော၊ဘူတ ရုပ်, ဥပါဒါရုပ်အားဖြင့်ပြားသောရူပက္ခန္ဓာ လည်းကောင်း။(ရုပ်လည်းကောင်း)နိဗ္ဗာနံ-မဂ္ဂဖလာနမာ၊ရမ္မဏဘူတောအသင်္ခတဓမ္မော၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတတရား လည်းကောင်း (နိဗ္ဗာန်လည်းကောင်း)က္ကတိ-က္ကမိနာပဘေဒေန၊ဤသို့သောအပြားအားဖြင့်။စတုဓာ-စတူဟိ အာကာရေဟိ၊လေးပါးသော အကြောင်းတို့ဖြင့်။ဋ္ဌိတာ၊တည်ကုန်၏။

http://www.dhammadownload.com



## ဘုံစိတ်အပြား ၄ ပါး

၃။တတ္ထ-တေသုယထာဥဒ္ဒိဋ္ဌေသုစတူသုအဘိဓမ္မတ္ထေသု၊အကြောင်းအခြင်းဖြင့် အကျဉ်း ပြအပ်ကုန်ပြီးသောထိုလေးပါးသောအဘိဓမ္မာ၌ဟောတော်မူအပ်ကုန်ပြီးသော အနက်တို့တွင်။ တာဝ၊ရှေးဦးစွာ။မယာ၊ငါသည်။ဥဒ္ဒိဋ္ဌံ၊အကျဉ်းပြအပ်သော။စိတ္တံ၊စိတ်သည်။ ကာမာဝစရဥ္စ၊ကာမာဝစရစိတ်လည်းကောင်း။ရူပါဝစရဥ္စ၊ရူပါဝစရစိတ်လည်းကောင်း။ အရူပါဝစရဥ္စ၊ အရူပါဝစရစိတ်လည်းကောင်း။လောကုတ္တရဥ္စ၊လောကုတ္တရာစိတ်လည်း ကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။စတုဗ္ဗိဓံ၊လေးပါးအပြား ရှိသည်။ဟောတိ၊၏။

## လောဘမူစိတ် ၈ ပါး

၄။တတ္ထ=တေသု စတူသု စိတ္တေသု၊ထိုလေးပါးသောစိတ်တို့တွင်။ကတမံ၊အဘယ် စိတ်သည်။ကာမာဝစရံ၊ကာမာဝစရမည်သနည်း။သောမနဿ သဟဂတံ၊သောမနဿဝေဒ နာနှင့်ကေပွ္ပါဒအစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)သောမနဿဝေဒနာနှင့်တကွကေပွ္ပါ ဒအစရှိသောအဖြစ်သို့ရောက်သော။ဒိဋ္ဌိဂတသမ္ပယုတ္တံ၊မိစ္ဆာဒိဋ္ဌိနှင့်အညီအညွတ် ကေပွ္ပါဒ အစရှိသောအပြားတို့ဖြင့်ယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်းမရှိသော။စိတ္တံ၊စိတ်သည်။ ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက်တွန်းခြင်းရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊ စိတ်သည်။ဧကံ၊တစ်ခု။သောမနဿသဟဂတံ၊သောမနဿဝေဒနာနှင့် ကေပွ္ပါဒအစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)သောမနဿဝေဒနာနှင့်တကွကေပွ္ပါဒအစရှိသောအဖြစ်သို့ ရောက်သော။ဒိဋ္ဌိဂတသမ္ပယုတ္တံ၊မိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်း မရှိ သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက်တွန်းခြင်းရှိသော။(ဝါ)တိုက်တွန်း ခြင်းနှင့်တကွ ဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေပွ္ပါဒအစရှိသောအစွမ်းဖြင့်နှီးနှောသော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွ ကေပွ္ပါဒအစရှိ သောအဖြစ်သို့ရောက်သော။ဒိဋ္ဌိဂတသမ္ပယုတ္တံ၊မိစ္ဆာဒိဋ္ဌိနှင့် အညီ အညွတ်ကေပွ္ပါဒ အစရှိသောအပြားတို့ဖြင့် ယှဉ်ကုန်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်းမရှိသော။စိတ္တံ၊ စိတ် လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက်တွန်ခြင်းရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေပွ္ပါဒ အစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွကေပွ္ပါဒ အစရှိ သော အဖြစ်သို့ရောက်သော။ဒိဋ္ဌိဂတဝိပ္ပယုတ္တံ၊မိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သော။အသင်္ခါရိကံ၊ တိုက်တွန်း ခြင်းမရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ သသင်္ခါ ရိကံ၊တိုက်တွန်းခြင်းရှိသော။(ဝါ) တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။အဋ္ဌဝိဓံ၊ရှစ်ပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ

http://www.dhammadownload.com


စိတ္တာနိ၊ဤစိတ်တို့သည်။လောဘသဟဂတစိတ္တာနိနာမ၊လောဘသဟဂုတ်စိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**ဒေါသမူစိတ် ၂ ပါး**

၅။ဒေါမနဿ သဟဂတံ၊ဒေါမနဿဝေဒနာနှင့်ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှောကုန်သော။(ဝါ)ဒေါမနဿ ဝေဒနာနှင့်တကွဧကုပ္ပါဒအစရှိသော အဖြစ်သို့ ရောက် သော။ပဋိဃသမ္ပယုတ္တံ၊ဒေါသနှင့်အညီအညွတ် ဧကုပ္ပါဒအစရှိသောအပြားတို့ဖြင့် ယှဉ် သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်းမရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊ တိုက်တွန်းခြင်းရှိသော။ (ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။ဒွေပိ၊နှစ်ပါးအပြားရှိသည်လည်း ဖြစ် ကုန်သော။ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။ပဋိဃသမ္ပယုတ္တစိတ္တာနိနာမ၊ပဋိဃ သမ္ပယုတ် စိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**မောဟမူစိတ် ၂ ပါး**

၆။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့်နှီးနှော သော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွဧကုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ဝိစိကိစ္ဆာ သမ္ပယုတ္တံ၊ဝိစိကိစ္ဆာနှင့်အညီအညွတ်ဧကုပ္ပါဒအစရှိသော အပြားတို့ဖြင့်ယှဉ်သော။စိတ္တံ၊စိတ် လည်း။ဧကံ၊တစ်ခု။ဥပေက္ခာ သဟဂတံ၊ဥပေက္ခာဝေဒနာနှင့်ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှောသော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွဧကုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ဥဒ္ဓစ္စ သမ္ပယုတ္တံ၊ဥဒ္ဓစ္စနှင့် အညီအညွတ်ဧကုပ္ပါဒအစရှိသော အပြားတို့ဖြင့်ယှဉ်သော။စိတ္တံ၊ စိတ် လည်း။ ဧကံ၊တစ်ခု။ဣတိ ဣမိနာပဘေဒေန၊ဤသို့သောအပြားအားဖြင့်။ဒွေပိ၊နှစ်ပါး အပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။မောမူဟစိတ္တာနိ နာမ၊မောမူဟစိတ် (မောဟမူစိတ်)ဟူသောအမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**အကုသိုလ်စိတ် နိဂုံး**

၇။ ဣတိ ဧဝံ ယထာဝုတ္တနယေန၊အကြြင်အကြြင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ သဗ္ဗထာပိ၊သောမနဿ,ဥပေက္ခာ,ဒိဋ္ဌိသမ္ပယောဂအစရှိသော ခပ်သိမ်းသောအခြင်း အရာ အားဖြင့်လည်း။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။အကုသလ စိတ္တာနိ၊အကုသိုလ်စိတ်တို့ သည်။ သမတ္တာနိ၊ပြီးကုန်ပြီ။(တစ်နည်းကား)ဒွါဒသ၊တစ်ဆ သ့်နှစ်ပါးကုန်သော၊အကုသလ စိတ္တာနိ၊ အကုသိုလ်စိတ်တို့ကို။သမတ္တာနိ၊အကျဉ်းရေ ၍ ယူအပ်ကုန်ပြီ။

**အကုသိုလ်စိတ် သ ဘ**

၈။လောဘမူလာနိ၊လောဘဟုဆိုအ လရှိကုန်သော။စိတ္တာနိ၊စိတ်တို့ သည်။ဝေဒနာဒိဘေဒတော၊ဝေဒနာအစရှိ အပြားအားဖြင့်။အဋ္ဌဓာ၊ရှစ်ပါးအပြားရှိကုန်

http://www.dhammadownload.com



သည်။သိယုံ၊ဖြစ်ကုန်၏။ဒေါသမူလာနိ၊ဒေါသဟုဆိုအပ်သောမူလရှိကုန်သော။စိတ္တာနိစ၊ စိတ်တို့သည် လည်း။သင်္ခါရဘေဒတော၊သင်္ခါရ အပြားဖြင့်။ဒွိဓာ၊နှစ်ပါးအပြားရှိကုန်သည်။ သိယုံ၊ဖြစ်ကုန်၏။မောဟမူလာနိ၊မောဟသာလျှင်မူလရှိကုန်သော။စိတ္တာနိစ၊စိတ်တို့သည် လည်း။သမ္ပယောဂ ဘေဒတော၊သမ္ပယောဂ အပြားဖြင့်။ဒွေ၊နှစ်ပါး အပြားရှိကုန်သည်။ သိယုံ၊ဖြစ်ကုန်၏။ဣတိ၊ ဤသို့။အကုသလာ=အကုသလဘူတာနိ၊အကုသိုလ်ဖြစ်၍ ဖြစ်ကုန် သော။စိတ္တာနိ၊စိတ်တို့သည်။ ဒွါဒသ=ဒွါဒသေဝ ဧဝ၊တစ်ဆယ့်နှစ်ပါးတို့သည်သာလျှင်။ သိယုံ၊ဖြစ်ကုန်၏။တတော၊ထိုတစ် ဆယ့်နှစ်ပါးအောက်။(ဝါ)ထိုတစ်ဆယ့်နှစ်ပါးထက်။ဥိနာ ဓိကာနိ၊အယုတ်အလွန်တို့သည်။နသိယုံ၊မဖြစ်ကုန်။

## အဟိတ်စိတ် ၁၈ ပါး

## အဟိတ် အကုသလဝိပါက်စိတ် ၇ ပါး

၉။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှော သော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွ ကေပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ စက္ခုဝိညာဏဉ္စ၊စက္ခုဝိညာဏ်စိတ်လည်းကောင်း။တထာ၊ထို့အတူ(ဥပေက္ခာသဟဂုတ် ဖြစ် သော)။သောတဝိညာဏဉ္စ၊သောတဝိညာဏ်စိတ်လည်ကောင်း။ဃာနဝိညာဏဉ္စ၊ဃာန ဝိညာဏ်စိတ်လည်းကောင်း။ဇိဝှါဝိညာဏဉ္စ၊ဇိဝှါဝိညာဏ်စိတ်လည်းကောင်း။ဒုက္ခသဟဂတံ၊ ဒုက္ခဝေဒနာနှင့် ကေပ္ပါဒအစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)ဒုက္ခဝေဒနာနှင့်တကွ ကေပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ကာယဝိညာဏဉ္စ၊ကာယဝိညာဏ်စိတ် လည်း ကောင်း။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေပ္ပါဒအစရှိသော အစွမ်း ဖြင့်နှီးနှော။ (ဝါ) ဥပေက္ခာဝေဒနာ နှင့်တကွ ကေပ္ပါဒအစရှိသော အဖြစ်သို့ရောက်သော။သမ္ပဋိစ္ဆန စိတ္တဉ္စ၊သမ္ပဋိစ္ဆိုန်းစိတ်လည်းကောင်း။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ရောက်သော။သန္တီရဏစိတ္တဉ္စ၊သန္တီရဏစိတ်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။သတ္တပိ၊ခုနစ်ပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။ အကုသလဝိပါက စိတ္တာနိနာမ၊အကုသလ ဝိပါက်စိတ် ဟူသော အမည်ရှိကုန်သည်။ဟောန္တိ ၏။

## အဟိတ် ကုသလဝိပါတ်စိတ် ၈ ပါး

၁၀။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှော သော။(ဝါ)ဥပေက္ခာ ဝေဒနာနှင့်တကွ ကေပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော၊ ကုသလဝိပါကံ၊ကုသိုလ်၏အကျိုးဖြစ်သော။စက္ခုဝိညာဏဉ္စ၊စက္ခုဝိညာဏ်စိတ်လည်း ကောင်း။တထာ၊ထိုအတူ(ဥပေက္ခာသဟဂုတ်ဖြစ်သော)။သောတဝိညာဏဉ္စ၊သောတ

http://www.dhammadownload.com



ဝိညာဏ်စိတ်လည်းကောင်း။ယာနဝိညာဏဉ္စ၊ယာနဝိညာဏ်စိတ်လည်းကောင်း။ဇိဝှါ ဝိညာဏဉ္စ၊ဇိဝှါဝိညာဏ်စိတ်လည်းကောင်း။သုခသဟဂတံ၊သုခဝေဒနာနှင့် ဧကုပ္ပါဒ အစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ) သုခဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသော အဖြစ်သို့ရောက်သော။ကာယဝိညာဏဉ္စ၊ကာယဝိညာဏ်စိတ်လည်းကောင်း။ဥပေက္ခာ သဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒအစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)ဥပေက္ခာ ဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသော အဖြစ်သို့ရောက်သော။သမ္ပဋိစ္ဆနစိတ္တဉ္စ၊ သမ္ပဋိစ္ဆိုင်း စိတ်လည်းကောင်း။သောမနဿသဟဂတံ၊သောမနဿဝေဒနာနှင့်ဧကုပ္ပါဒအစရှိသော အစွမ်းဖြင့် နှီးနှောသော။(ဝါ)သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသော အဖြစ်သို့ ရောက်သော။သန္တီရဏစိတ္တဉ္စ၊သန္တီရဏစိတ်လည်းကောင်း။ဥပေက္ခာ သဟဂတံ၊ဥပေက္ခာ ဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့်နှီးနှောသော။(ဝါ) ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပါဒ အစရှိသောအဖြစ်သို့ရောက်သော။သန္တီရဏစိတ္တဉ္စ၊သန္တီ ရဏစိတ်လည်းကောင်း။ဣတိ= ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။အဋ္ဌပိ၊ရှစ်ပါး အပြားရှိသည်လည်း ဖြစ် ကုန်သော။ ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။ကုသလ ဝိပါကာဟေတုကစိတ္တာနိ နာမ၊ အဟိတ်ကုသလ ဝိပါက်စိတ်ဟူသောအမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အဟိတ်ကိရိယာစိတ် ၃-ပါး

၁၁။ဥပေက္ခာ သဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှောကုန်သော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ ပဉ္စဒွါရာဝဇ္ဇနစိတ္တဉ္စ၊ပဉ္စဒွါရဝဇ္ဇန်းစိတ်လည်းကောင်း။တထာ၊ထို့အတူ (ဥပေက္ခာသဟဂုတ် ဖြစ်သော)။မနောဒွါရာဝဇ္ဇနစိတ္တဉ္စ၊မနောဒွါရာဝဇ္ဇန်းစိတ်လည်းကောင်း။သောမနဿ သဟဂတံ၊သောမနဿဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့်နှီးနှောကုန်သော။(ဝါ) သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ဟသိတုပ္ပါဒ စိတ္တဉ္စ၊ဟသိတုပ္ပါဒ်စိတ်လည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သော အပြား အားဖြင့်။တီဏိပိ၊သုံးပါး အပြားရှိသည်လည်းဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ဤစိတ် တို့သည်။အဟေတုက ကိရိယ စိတ္တာနိ နာမ၊အဟိတ် ကိရိယာစိတ်ဟူသော အမည်ရှိကုန် သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အဟိတ်စိတ် နိဂုံး

၁၂။ဣစ္စေဝံ=ဣတိဧဝံယထာဝုတ္တနယေန၊အကြောင်အကြောင် ဆိုအပ်ခဲ့ပြီးသောနည်း ဖြင့်။သဗ္ဗထာပိ၊အကုသလဝိပါတ်,ကုသလဝိပါတ်,ကိရိယာဟူသော ခပ်သိမ်းသောအခြင်း အရာအားဖြင့်လည်း။အဋ္ဌာရသ၊တစ်ဆယ့်ရှစ်ပါးကုန်သော။အဟေတုက. စိတ္တာနိ။ အဟိတ် စိတ်တို့သည်။သမတ္တာနိ၊ပြီးကုန်ပြီ။ (တစ်နည်းကား)-အဋ္ဌာရသ၊တစ်ဆယ့်ရှစ်ပါးကုန်သော။

http://www.dhammadownload.com



အဟေတုကစိတ္တာနိ၊အဟိတ်စိတ်တို့ကို။သမတ္တာနိ။အကျဉ်းရေတွက်၍ ယူအပ်ကုန်ပြီ။

**အဟိတ်စိတ်ပြားပုံ သင်္ဂဟဂါထာ**

**၁၃။**အကုသလပါကာနိ၊အကုသလဝိပါတ်စိတ်တို့သည်။စက္ခာဒိနိဿယ သမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒတော၊စက္ခု အစရှိသောမှီရာ,သမ္ပဋိစ္ဆိုင်း အစရှိသောကိစ္စတို့၏ အပြားအားဖြင့်။သတ္တ၊ခုနှစ်ပါးအပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။ပုညပါကာနိ၊အဟိတ်ကုသလဝိပါတ်စိတ်တို့သည်။စက္ခာဒိနိဿယသမ္ပဋိစ္ဆနာဒိကိစ္စဘေဒတော၊စက္ခုအစရှိသောမှီရာ,သမ္ပဋိစ္ဆိုင်း အစရှိ သော ကိစ္စတို့၏ အပြားအားဖြင့်။အဋ္ဌဓာ၊ရှစ်ပါးအပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။ကြိယစိတ္တာနိ၊အဟိတ်ကိရိယာစိတ်တို့သည်။အာဝဇ္ဇနာဒိကိစ္စဘေဒတော၊အာဝဇ္ဇန်း အစရှိ သော ကိစ္စတို့၏ အပြားအားဖြင့်။တီဏိ၊သုံးပါးအပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။အဟေတုကာ=အဟေတုဘူတာနိ၊အဟိတ်ဖြစ်၍ဖြစ်ကုန်သော။စိတ္တာနိ၊စိတ်တို့သည်။အဋ္ဌာရသ=အဋ္ဌာရသ ဧဝ၊တစ်ဆယ့်ရှစ်ပါးတို့သည်သာလျှင်။သိယုံ၊ဖြစ်ကုန်၏။တတော၊ထိုတစ်ဆယ့်ရှစ်ပါးအောက်။(ဝါ)ထိုတစ်ဆယ့်ရှစ်ပါးထက်။ဦနာဓိကာနိ၊ အယုတ် အလွန်တို့သည်။န သိယုံ၊မဖြစ်ကုန်။

**သောဘနစိတ် ၅၉ ပါး**

**၁၄။**ပါပါဟေတုက မုတ္တာနိ၊အကုသိုလ်စိတ်,အဟိတ်စိတ်တို့မှ လွတ်ကုန်သော။ဧကူနသဋ္ဌိ၊တစ်ခုယုတ်ခြောက်ဆယ်ကုန်သော။စိတ္တာနိ၊စိတ်တို့ကို။သောဘနာနီတိ၊သောဘနစိတ်အမည်ရှိကုန်၏ ဟူ၍။ဝုစ္စရေ=ဝုစ္စန္တိ၊မိန့်အပ်ကုန်၏။

**သောဘနစိတ် ၉၁ ပါး**

အထဝါ၊တနည်းကား။ပါပါဟေတုက မုတ္တာနိ၊အကုသိုလ်စိတ်,အဟိတ်တို့မှ လွတ်ကုန်သော။ဧကနဝုတိ၊ကိုးဆယ့်တစ်ပါးကုန်သော။စိတ္တာနိပိ၊စိတ်တို့ကိုလည်း။သောဘနာနီတိ၊သောဘနစိတ်အမည်ရှိကုန်၏ဟူ၍။ဝုစ္စရေ-ဝုစ္စန္တိ၊မိန့်အပ်ကုန်၏။

**ကာမာဝစရ သောဘနစိတ် ၂၄ ပါး**

**မဟာကုသိုလ်စိတ် ၈ ပါး**

**၁၅။**သောမနဿသဟဂတံ၊သောမနဿဝေဒနာနှင့် ကေုပ္ပါဒအစရှိသောအစွမ်းဖြင့်နှီးနှောသော။(ဝါ)သောမနဿဝေဒနာနှင့်တကွ ကေုပ္ပါဒအစရှိသော အဖြစ်သို့ရောက်သော။ဉာဏသမ္ပယုတ္တံ၊ဉာဏ်နှင့်အညီအညွတ် ကေုပ္ပါဒအစရှိသောအပြားတို့ဖြင့် ယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်းမရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက်တွန်းခြင်းရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သောမနဿ သဟဂတံ၊သောမနဿဝေဒနာနှင့် ကေုပ္ပါဒအစရှိသောအစွမ်းဖြင့်နှီးနှောသော။(ဝါ) သောမနဿဝေဒနာနှင့် တကွကေုပ္ပါဒအစရှိသော အဖြစ်သို့ရောက်သော။ဉာဏဝိပ္ပ ယုတ္တံ၊

http://www.dhammadownload.com



ဉာဏ်နှင့် မယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်းမရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ သသင်္ခါရိကံ၊တိုက်တွန်းခြင်းရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ ဧကံ၊တစ်ခု။ဉပေက္ခာ သဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် ကေုပ္ပါဒအစရှိသော အစွမ်းဖြင့်နှီးနှော သော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွ ကေုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ဉာဏ သမ္ပယုတ္တံ၊ဉာဏ်နှင့် အညီအညွတ်ကေုပ္ပါဒ အစရှိသောအပြားတို့ဖြင့် ယှဉ်သော။အသင်္ခါ ရိကံ၊တိုက်တွန်းခြင်း မရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက်တွန်းခြင်း ရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ဥပေက္ခာ သဟ ဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေုပ္ပါဒအစရှိသောအစွမ်း ဖြင့်နှီးနှောသော။(ဝါ)ဥပေက္ခာဝေဒနာ နှင့်တကွ ကေုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ ဉာဏဝိပ္ပယုတ္တံ၊ဉာဏ်နှင့် မယှဉ်သော။ အသင်္ခါရိကံ၊တိုက်တွန်းခြင်း မရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊ တိုက်တွန်း ခြင်းရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ဣတိ- ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။အဋ္ဌပိ၊ရှစ်ပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။ကာမာဝစရကုသလစိတ္တာနိ နာမ၊ကာမာ ဝစရ ကုသိုလ်စိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**မဟာဝိပါက်စိတ် ၈ ပါး**

၁၆။သောမနဿ သဟဂတံ၊သောမနဿဝေဒနာနှင့် ကေုပ္ပါဒအစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)သောမနဿဝေဒနာနှင့်တကွ ကေုပ္ပါဒအစရှိသောအဖြစ်သို့ ရောက်သော။ဉာဏ သမ္ပယုတ္တံ၊ဉာဏ်နှင့်အညီအညွတ် ကေုပ္ပါဒအစရှိသောအပြားတို့ဖြင့် ယှဉ်သော။အသင်္ခါရိကံ၊ တိုက်တွန်းခြင်း မရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊ တိုက်တွန်းခြင်းရှိသော။ (ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ သောမနဿ သဟဂတံ၊ သောမနဿဝေဒနာနှင့် ကေုပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှော သော။(ဝါ)သောမနဿဝေဒနာနှင့်တကွ ကေုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ဉာဏ ဝိပ္ပယုတ္တံ၊ဉာဏ်နှင့်မယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်း မရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊ တစ်ခု။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေုပ္ပါဒအစရှိသော အစွမ်းဖြင့် နှီးနှောသော။ (ဝါ)ဥပေက္ခာဝေဒနာနှင့်တကွ ကေုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ဉာဏသမ္ပ ယုတ္တံ၊ဉာဏ်နှင့် အညီအညွတ် ကေုပ္ပါဒ အစရှိသောအပြားတို့ဖြင့်ယှဉ်သော။အသင်္ခါ ရိကံ၊တိုက်တွန်းခြင်း မရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက် တွန်းခြင်း ရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ဥပေက္ခာ သဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)ဥပေက္ခာ ဝေဒနာနှင့်တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်သော။ဉာဏဝိပ္ပယုတ္တံ။ဉာဏ်နှင့်

http://www.dhammadownload.com



မယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်း မရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။က္ကတိ=က္ကမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။အဋ္ဌပိ၊ရှစ်ပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။က္ကမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။သဟေတုက ကာမာဝစရ ဝိပါကစိတ္တာနိ နာမ၊သဟိတ်ကာမာဝစရ ဝိပါက်စိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**မဟာကိရိယာစိတ် ၈ ပါး**

၁၇။သောမနဿသဟဂတံ၊သောမနဿဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့်နှီးနှောသော။(ဝါ)သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသောအဖြစ်သို့ ရောက်သော။ ဉာဏသမ္ပယုတ္တံ၊ဉာဏ်နှင့်အညီအညွတ် ဧကုပ္ပါဒအစရှိသောအပြားတို့ဖြင့် ယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်းမရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက်တွန်းခြင်းရှိသော။ (ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သောမနဿ သဟဂတံ၊ သောမနဿဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှောသော။(ဝါ)သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ဉာဏဝိပ္ပယုတ္တံ၊ဉာဏ်နှင့်မယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်းမရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက်တွန်းခြင်းရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒအစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသောအဖြစ်သို့ ရောက်သော။ ဉာဏသမ္ပယုတ္တံ၊ဉာဏ်နှင့်အညီအညွတ် ဧကုပ္ပါဒအစရှိသော အပြားတို့ဖြင့် ယှဉ်သော။ အသင်္ခါရိကံ၊တိုက်တွန်းခြင်း မရှိသော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊ တိုက်တွန်းခြင်းရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။ဥပေက္ခာသဟဂတံ၊ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒအစရှိသော အစွမ်းဖြင့်နှီးနှောသော။(ဝါ)ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသောအဖြစ်သို့ရောက်သော။ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်နှင့်မယှဉ်သော။အသင်္ခါရိကံ၊တိုက်တွန်းခြင်း မရှိသော။စိတ္တံ၊စိတ် လည်း။ဧကံ၊တစ်ခု။သသင်္ခါရိကံ၊တိုက်တွန်းခြင်းရှိသော။(ဝါ)တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။စိတ္တံ၊စိတ်လည်း။ဧကံ၊တစ်ခု။က္ကတိ=က္ကမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။အဋ္ဌပိ၊ရှစ်ပါး အပြားရှိသည်လည်း ဖြစ်ကုန်သော။က္ကမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။သဟေတုကာမာဝစရ ကိရိယစိတ္တာနိ နာမ၊သဟိတ်ကာမာဝစရ ကိရိယာစိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

**ကာမာဝစရစိတ် နိဂုံး**

၁၈။က္ကစ္စေဝံ=က္ကတိဧဝံယထာဝုတ္တနယေန၊အကြောင်အကြောင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။သဗ္ဗထာပိ၊ကုသိုလ်,ဝိပါက်,ကိရိယာဟု ဆိုအပ်ခဲ့သောအခြင်းအရာအားဖြင့်လည်း။ စတုဝီသတိ၊နှစ်ဆယ့်လေးပါးကုန်သော။သဟေတု ကာမာဝစရ ကုသလ ဝိပါက ကိရိယ

http://www.dhammadownload.com



စိတ္တာနိ၊ကာမာဝစရကုသိုလ်,သဟိတ်ကာမာဝစရဝိပါက်,သဟိတ် ကာမာဝစရ ကိရိယာစိတ်တို့သည်။သမတ္တာနိ၊ပြီးကုန်ပြီ။(တစ်နည်းကား-)စတုဝီသတိ၊နှစ်ဆယ့်လေးပါး ကုန်သော။သဟေတုက ကာမာဝစရ ကုသလဝိပါက ကိရိယစိတ္တာနိ၊ကာမာဝစရကုသိုလ်,သဟိတ်ကာမာဝစရဝိပါက်,သဟိတ်ကာမာဝစရကိရိယာစိတ်တို့ကို။သမတ္တာနိ၊အကျဉ်းရေတွက်၍ ယူအပ်ကုန်ပြီ။

## ကာမာဝစရစိတ် ၂၄ ပါးပြားပုံ သင်္ဂဟဂါထာ

၁၉။သဟေတုကာမာဝစရ ပုညပါကကြိယာ၊ကာမာဝစရကုသိုလ်, သဟိတ်ကာမာဝစရဝိပါက်,သဟိတ်ကာမာဝစရကြိယာစိတ်တို့ကို။ဝေဒနာဉာဏသင်္ခါရ ဘေဒေန၊ဝေဒနာဉာဏ်,သင်္ခါရတို့၏အပြားဖြင့်။(ဝါ)ဝေဒနာအပြား,ဉာဏ်အပြား, သင်္ခါရတို့၏ အပြားဖြင့်။ပစ္စေကံ၊အသီးအသီး။ဒွါဒသဓာ၊နှစ်ပါးအပြားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။စတုဗ္ဗိဓတ္တာစ၊လေးပါးအပြားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။အဋ္ဌဝိဓတ္တာစ၊ ရှစ်ပါးအပြားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။သမ္ပိဏ္ဍိတွာ၊ပေါင်း၍။ဆစ၊ခြောက်ပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။ဒွါဒသစ၊တစ်ဆယ့်နှစ်ပါးအပြားရှိကုန်၏ဟူ၍ လည်းကောင်း။စတုဝီသတိစ၊နှစ်ဆယ့်လေးပါးအပြားရှိကုန်၏ဟူ၍ လည်းကောင်း။ပဏ္ဍိတေဟိ၊ပညာရှိတို့သည်။မတာ၊သိအပ်ကုန်၏။

## ကာမာဝစရစိတ်ပေါင်း ၅၄ ပါး သင်္ဂဟဂါထာ

၂၀။ကာမေ၊ကာမတစ်ဆယ့်တစ်ဘုံ၌။အဝစရာနိ၊များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်ကုန်သော။စိတ္တာနိ၊စိတ်တို့သည်။တေဝီသ၊နှစ်ဆယ့်သုံးပါးကုန်သော။ပါကာနိစ၊ဝိပါက်စိတ်တို့လည်းကောင်း။ဝီသတိ၊နှစ်ဆယ်သော။ပုညာပုညာနိစ၊ကုသိုလ်,အကုသိုလ်စိတ်တို့လည်းကောင်း။ဧကာဒသ၊တစ်ဆယ့်တစ်ပါးကုန်သော။ကြိယာစ၊ ကိရိယာစိတ်တို့လည်းကောင်း။က္ကတိ-ဤသို့။သဗ္ဗထာပိ၊ကုသိုလ်,အကုသိုလ်,ဝိပါက်,ကိရိယာ စိတ်တို့၏ အတွင်း၌ဝင်သော ခပ်သိမ်းသော အပြားအားဖြင့်လည်း။စတုပညာသ=စတု ပညာသ ဧဝ၊ငါးဆယ့်လေးပါး အပြားရှိကုန်သည်သာလျှင်။သိယုံ၊ဖြစ်ကုန်၏။တတော၊ ထို ငါးဆယ့်လေးပါးအောက်။(ဝါ)ထိုငါးဆယ့်လေးပါးထက်။ဦနာဓိကာနိ၊အယုတ် အလွန်တို့သည်။န သိယုံ၊မဖြစ်ကုန်။

## ရူပါဝစရစိတ် ၁၅ ပါး

## ရူပကုသိုလ်စိတ် ၅ ပါး

၂၁။ဝိတက္က ဝိစာရ ပီတိ သုခေ ကဂ္ဂတာ သဟိတံ၊ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွ ဖြစ်သော။ပဌမဇ္ဈာနကုသလ စိတ္တံ၊ပဌမဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ၊

http://www.dhammadownload.com



ဝိစာရ,ပီတိ, သုခ,ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သော။ဒုတိယဈာန ကုသလစိတ္တဥ္စ၊ ဒုတိယဈာန်နှင့် ယှဉ်သောကုသိုလ်စိတ်လည်းကောင်း။ပီတိ သုခေ ကဂ္ဂတာ သဟိတံ၊ပီတိ, သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွဖြစ်သော။တတိယ ဈာန ကုသလစိတ္တဥ္စ၊တတိယဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။သုခေ ကဂ္ဂတာ သဟိတံ၊သုခ,ဧကဂ္ဂ တာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော။စတုတ္ထဈာန ကုသလစိတ္တဥ္စ၊စတုတ္ထဈာန် နှင့်ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။ဥပေက္ခေ ကဂ္ဂတာ သဟိတံ၊ဥပေက္ခာ,ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော။ပဥ္စမဈာန ကုသလစိတ္တဥ္စ၊ပဥ္စမဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။ပဥ္စဝိဓံ၊ငါးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။ရူပါဝစရ ကုသလ စိတ္တာနိနာမ၊ရူပါဝစရ ကုသိုလ်စိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ရူပဝိပါက်စိတ် ၅ ပါး

၂၂။ဝိတက္က ဝိစာရ ပီတိ သုခေ ကဂ္ဂတာ သဟိတံ၊ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂ တာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော။ပဌမဈာနဝိပါကံ စိတ္တဥ္စ၊ပဌမဈာန်နှင့် ယှဉ်သောဝိပါက်စိတ်လည်းကောင်း။ဝိစာရ ပီတိ သုခေ ကဂ္ဂတာ သဟိတံ၊ဝိစာရ,ပီတိ,သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သော။ဒုတိယဈာနဝိပါက စိတ္တဥ္စ၊ ဒုတိယဈာန် နှင့်ယှဉ်သော ဝိပါက်စိတ်လည်းကောင်း။ပီတိသုခေကဂ္ဂတာ သဟိတံ၊ပီတိ, သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွဖြစ်သော။တတိယဈာန ဝိပါက စိတ္တဥ္စ၊တတိယဈာန် နှင့်ယှဉ်သော ဝိပါက်စိတ်လည်းကောင်း။သုခေ ကဂ္ဂတာ သဟိတံ၊သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော။စတုတ္ထဈာနဝိပါက စိတ္တဥ္စ၊ စတုတ္ထ ဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်လည်းကောင်း။ဥပေက္ခေ ကဂ္ဂတာ သဟိတံ၊ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့်တကွဖြစ်သော။ပဥ္စမဈာနဝိပါက စိတ္တဥ္စ၊ ပဥ္စမဈာန်နှင့် ယှဉ်သောဝိပါက်စိတ်လည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့ သောအပြားအားဖြင့်။ပဥ္စဝိဓံ၊ငါးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ ဤစိတ်တို့သည်။ရူပါဝစရ ဝိပါကစိတ္တာနိ နာမ၊ရူပါဝစရ ဝိပါက်စိတ် ဟူသော အမည် ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ရူပါဝစရကိရိယာစိတ် ၅ ပါး

၂၃။ဝိတက္က ဝိစာရ ပီတိ သုခေ ကဂ္ဂတာ သဟိတံ၊ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂ တာတည်းဟူသောဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော။ပဌမဈာန ကိရိယစိတ္တဥ္စ၊ပဌမဈာန်နှင့် ယှဉ်သော ကိရိယာစိတ်လည်းကောင်း။ဝိစာရ ပီတိ သုခေ ကဂ္ဂတာ သဟိတံ၊ဝိစာရ,

http://www.dhammadownload.com



ပီတိ,သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သော။ဒုတိယဈာန စိတ္တုပ္ပါဒ၊ဒုတိယဈာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။ပီတိ သုခေ ကဂ္ဂတာ သဟိတံ၊ ပီတိ,သုခ,ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွဖြစ်သော။တတိယဈာန ကိရိယစိတ္တုပ္ပါဒ၊တတိယဈာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။သုခေကဂ္ဂတာ သဟိတံ၊သုခ,ဧကဂ္ဂတာ တည်းဟူ သောဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော။စတုတ္ထဈာန ကိရိယစိတ္တုပ္ပါဒ၊စတုတ္ထဈာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။ဉပေက္ခေကဂ္ဂတာ သဟိတံ၊ ဉပေက္ခာ,ဧကဂ္ဂတာ တည်းဟူသောဈာန်အင်္ဂါ နှစ်ပါးနှင့်တကွဖြစ်သော။ပဉ္စမဈာန ကိရိယစိတ္တုပ္ပါဒ၊ပဉ္စမဈာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။ပဉ္စဝိဓံ၊ငါးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ ဤစိတ်တို့သည်။ရူပါဝစရ ကိရိယစိတ္တာနိ နာမ၊ရူပါဝစရ ကိရိယာစိတ်ဟူသော အမည် ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**ရူပါဝစရစိတ် နိဂုံး**

၂၄။ဣစ္စေဝံ=ဣတိဧဝံယထာဝုတ္တနယေန၊အကြင်ကြင် ဆိုအပ်ခဲ့ပြီးသော နည်း ဖြင့်။သဗ္ဗထာပိ၊ကုသိုလ်,ဝိပါက်,ကိရိယာဟု ဆိုအပ်သောခပ်သိမ်းသော အခြင်းအရာ အားဖြင့်လည်း။ပန္နရသ၊တစ်ဆယ့်ငါးပါးကုန်သော။ရူပါဝစရ ကုသလ ဝိပါက ကိရိယ စိတ္တာနိ၊ရူပါဝစရကုသိုလ်, ရူပါဝစရ ဝိပါက်,ရူပါဝစရ ကိရိယာစိတ်တို့သည်။သမတ္တာနိ၊ ပြီးကုန်ပြီ။(တစ်နည်းကား)ပန္နရသ၊ တစ်ဆယ့်ငါးပါးကုန်သော။ရူပါဝစရ ကုသလ ဝိပါက ကိရိယစိတ္တာနိ၊ရူပါဝစရ ကုသိုလ်,ရူပါဝစရ ဝိပါက်,ရူပါဝစရ ကိရိယာစိတ်တို့ကို။ သမတ္တာနိ၊အကျဉ်းရေတွက်၍ ယူအပ်ကုန်ပြီ။

**ရူပစိတ်ပြားပုံ သင်္ဂဟဂါထာ**

၂၅။ရူပါဝစရမာနသံ၊ရူပါဝစရစိတ်သည်။ဈာနဘေဒေန၊ပဉ္စမဈာန်အစရှိသော ဈာန် အင်္ဂါတို့နှင့်ယှဉ်သော အပြားဖြင့်။ပဉ္စဓာ=ပဉ္စဝိဓံ၊ငါးပါးအပြားရှိသည်။ဘဝေ၊ဖြစ်၏။ ပုည ပါက ကြိယာဘေဒါ၊ကုသိုလ်,ဝိပါတ်,ကိရိယာတို့၏ အပြားဖြင့်။(ဝါ)ကုသိုလ်အပြား, ဝိပါတ်အပြား,ကိရိယာ တို့၏ အပြားဖြင့်။တံ၊ထိုရူပါဝစရစိတ်သည်။ပဉ္စဒသဓာ=ပဉ္စဒသဝိဓံ၊ တစ်ဆယ့်ငါးပါးအပြားရှိသည်။ ဘဝေ၊ဖြစ်၏။

**အရူပါဝစရစိတ် ၁၂ ပါး**

**အရူပကုသိုလ်စိတ် ၄ ပါး**

၂၆။အာကာသာနဉ္စာယတန ကုသလစိတ္တုပ္ပါဒ၊အာကာသာနဉ္စာယတနဈာန်နှင့် ယှဉ်သောကုသိုလ်စိတ်လည်းကောင်း။(ဝါ)အဆုံးမရှိသော ကောင်းကင်ပညတ်လျှင် အာရုံ ရှိသော ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။ဝိညာဏဉ္စာယတန ကုသလစိတ္တုပ္ပါဒ၊

http://www.dhammadownload.com



ဝိညာဏဉ္စာယတနစျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။(ဝါ)အဆုံးမရှိသော ပဌမာရုပ္ပဝိညာဏ်လျှင်အာရုံရှိသော စျာန်နှင့်ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။(ဝါ) ဒုတိယာရုပ္ပဝိညာဏ်သည်ရောက်အပ်သော ပဌမာရုပ္ပဝိညာဏ်လျှင်အာရုံရှိသောစျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။အာကိဉ္စညာယတန ကုသလစိတ္တဉ္စ၊အာကိဉ္စညာယတနစျာန်နှင့်ယှဉ်သောကုသိုလ်စိတ်လည်းကောင်း။(ဝါ)စိုးစဉ်းမျှ အကြွင်းမရှိသော ပဌမာရုပ္ပဝိညာဏ် အဖြစ်တည်းဟူသော နတ္ထိဘာဝပညတ်လျှင် အာရုံရှိသောစျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။နေဝသညာနာသညာယတန ကုသလ စိတ္တဉ္စ၊ နေဝသညာ နာသညာယတနစျာန်နှင့်ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။(ဝါ)ရုန့်ရင်းသောသညာကားမရှိ,သိမ်မွေ့သောသညာ မရှိသည်မဟုတ်သော မနာယတန,ဓမ္မာယတန၌ အကျုံးဝင်သော စျာန်နှင့်ယှဉ်သော ကုသိုလ်စိတ်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။စတ္တာရိပိ၊လေးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။အရူပါဝစရ ကုသလ စိတ္တာနိနာမ၊အရူပါဝစရ ကုသိုလ်စိတ်ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## အရူပဝိပါက် ၄ ပါး

၂၇။အာကာသာနဉ္စာယတန ဝိပါကစိတ္တဉ္စ၊အာကာသာနဉ္စာယတနစျာန်နှင့် ယှဉ်သောဝိပါက်စိတ်လည်းကောင်း။(ဝါ)အဆုံးမရှိသော ကောင်းကင်ပညတ်လျှင်အာရုံရှိသောစျာန်နှင့်ယှဉ်သော ဝိပါက်စိတ်လည်းကောင်း။ဝိညာနဉ္စာယတန ဝိပါကစိတ္တဉ္စ၊ ဝိညာနဉ္စာယတနစျာန်နှင့် ယှဉ်သောဝိပါက်စိတ်လည်းကောင်း။(ဝါ)အဆုံးမရှိသော ပဌမာရုပ္ပဝိညာဏ်လျှင်အာရုံရှိသောစျာန်နှင့် ယှဉ်သော ဝိပါက်စိတ်လည်းကောင်း။(ဝါ) ဒုတိယာရုပ္ပဝိညာဏ်သည် ရောက်အပ်သော ပဌမာရုပ္ပ ဝိညာဏ်လျှင် အာရုံရှိသော စျာန်နှင့်ယှဉ်သောဝိပါက်စိတ်လည်းကောင်း။အာကိဉ္စညာယတန ဝိပါကစိတ္တဉ္စ၊ အာကိဉ္စညာယတနစျာန်နှင့်ယှဉ်သော ဝိပါတ်စိတ်လည်းကောင်း။(ဝါ)စိုးစဉ်းမျှ အကြွင်း မရှိသော ပဌမာရုပ္ပဝိညာဏ်၏ အဖြစ်တည်းဟူသော နတ္ထိဘာဝပညတ်လျှင်အာရုံရှိသော စျာန်နှင့် ယှဉ်သော ဝိပါက်စိတ်လည်းကောင်း။နေဝသညာနာသညာယတန ဝိပါကစိတ္တဉ္စ၊ နေဝသညာနာသညာယတနစျာန်နှင့်ယှဉ်သော ဝိပါက်စိတ်လည်းကောင်း။(ဝါ)ရုန့်ရင်းသော သညာကားမရှိ,သိမ်မွေ့သောသညာမရှိသည်မဟုတ်သော မနာယတန,ဓမ္မာယတန၌ အကျုံးဝင်သောစျာန်နှင့် ယှဉ်သော ဝိပါက်စိတ်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ စတ္တာရိပိ၊လေးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။အရူပါဝစရ ဝိပါက စိတ္တာနိနာမ၊အရူပါဝစရဝိပါက်စိတ်ဟူသော

http://www.dhammadownload.com


အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အရူပကိရိယာ ၄ ပါး

၂၈။အာကာသာနဉ္စာယတန ကိရိယစိတ္တဥ္စ၊အာကာသာနဉ္စာယတနစျာန်နှင့်ယှဉ်သောကိရိယာစိတ်လည်းကောင်း။(ဝါ)အဆုံးမရှိသော ကောင်းကင်ပညတ်လျှင်အာရုံရှိသော စျာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။ဝိညာဏဉ္စာယတန ကိရိယစိတ္တဥ္စ၊ဝိညာဏဉ္စာယတနစျာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။(ဝါ)အဆုံးမရှိသော ပဌမာရုပ္ပ ဝိညာဏ်လျှင်အာရုံရှိသော စျာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်ကောင်း။(ဝါ) ဒုတိယာရုပ္ပဝိညာဏ်သည်ရောက်အပ်သော ပဌမာရုပ္ပဝိညာဏ်လျှင်အာရုံရှိသော စျာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။အာကိဉ္စညာယတနကိရိယ စိတ္တဥ္စ၊အာကိဉ္စညာယတန စျာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်ကောင်း။(ဝါ)စိုးစဉ်းမျှ အကြွင်းမရှိသော ပဌမာရုပ္ပ ဝိညာဏ်၏ အဖြစ်တည်းဟူသော နတ္ထိဘာဝပညတ်လျှင်အာရုံရှိသော စျာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။နေဝသညာနာသညာယတနကိရိယစိတ္တဥ္စ၊နေဝသညာ နာသညာယတနစျာန်နှင့်ယှဉ်သော ကိရိယာစိတ်လည်းကောင်း။(ဝါ)ရုန့်ရင်းသော သညာကား မရှိ, သိမ်မွေ့သောသညာမရှိသည်မဟုတ်သော မနာယတန,ဓမ္မာယတန၌ အကျုံးဝင်သော စျာန်နှင့်ယှဉ်သောကိရိယာစိတ်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သောအပြား အားဖြင့်။စတ္တာရိပိ၊လေးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိစိတ္တာနိ၊ဤစိတ်တို့သည်။အရူပါဝစရ ကိရိယစိတ္တာနိနာမ၊အရူပါဝစရကိရိယာစိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အရူပစိတ် နိဂုံး

၂၉။ဣစ္စေဝံ=ဣတိ ဧဝံ ယထာဝုတ္တနယေန၊အကြောင်အကြောင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။သဗ္ဗထာပိ၊ကုသိုလ်,ဝိပါက်,ကိရိယာဟုဆိုအပ်သော ခပ်သိမ်းသောအခြင်းအရာဖြင့်လည်း။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။အရူပါဝစရ ကုသလ ဝိပါက ကိရိယစိတ္တာနိ၊အရူပါဝစရကုသိုလ်, အရူပါဝစရ ဝိပါက်,အရူပါဝစရ ကိရိယာစိတ်တို့သည်။သမတ္တာနိ၊ပြီးကုန်ပြီ။(တစ်နည်းကား)ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။အရူပါဝစရ ကုသလ ဝိပါက ကိရိယစိတ္တာနိ၊အရူပါဝစရ ကုသိုလ်,အရူပါဝစရ ဝိပါက်,အရူပါဝစရ ကိရိယာစိတ်တို့ကို။သမတ္တာနိ၊အကျဉ်းရေတွက်၍ ယူအပ်ကုန်ပြီ။

## အရူပစိတ်ပြားပုံ သင်္ဂဟဂါထာ

၃၀။အာရုပ္ပမာနသံ၊အရူပါဝစရစိတ်သည်။အာလမ္ဗဏပ္ပဘေဒေန၊ ကောင်းကင် အာရုံ အစရှိသော လေးပါးသောအာရုံတို့၏အပြားဖြင့်။စတုဓာ=စတူဟိ ပကာရေဟိ၊လေးပါးသောအပြားတို့ဖြင့်။ဋ္ဌိတံ၊တည်၏။ပုန၊တစ်ဖန်။ပုညပါက ကိရိယာဘေဒါ၊ကုသိုလ်,

http://www.dhammadownload.com


ဝိပါက်,ကိရိယာတို့၏အပြား အားဖြင့်။(ဝါ)ကုသိုလ်အပြား,ဝိပါက်အပြား,ကိရိယာအပြားဖြင့်။ ဒွါဒသဓာ=ဒွါဒသဟိ ပကာရေဟိ၊ တစ်ဆယ့်နှစ်ပါးသော အပြားတို့ဖြင့်။ဌိတံ၊တည်၏။

**လောကုတ္တရာစိတ် ၈ ပါး**

**မဂ်စိတ် ၄ ပါး**

၃၂။သောတာပတ္တိမဂ္ဂ စိတ္တဥ္စ၊သောတာပတ္တိမဂ်နှင့်ယှဉ်သော စိတ်လည်းကောင်း။(ဝါ)နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့စီးတတ်သော မဂ္ဂင်ရှစ်ပါးသို့ရှေးဦးစွာ ရောက်ခြင်းဖြင့် ရအပ်သောမဂ်နှင့်ယှဉ်သော စိတ်လည်းကောင်း။(ဝါ)နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့စီးတတ်သောမဂ္ဂင်ရှစ်ပါးသို့ရှေးဦးစွာ ရောက်ခြင်းရှိသောပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သော စိတ်လည်း ကောင်း။သကဒါဂါမိမဂ္ဂ စိတ္တဥ္စ၊သကဒါဂါမိမဂ်နှင့်ယှဉ်သော စိတ်လည်းကောင်း။(ဝါ)ပဋိသန္ဓေအားဖြင့် ဤလူ့ဘုံသို့တစ်ကြိမ်သာလာသောပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သော စိတ်လည်းကောင်း။အနာဂါမိမဂ္ဂ စိတ္တဥ္စ၊အနာဂါမိမဂ်နှင့်ယှဉ်သော စိတ်လည်းကောင်း။(ဝါ)ပဋိသန္ဓေအားဖြင့် ဤကာမ ဘုံသို့မလာသောပုဂ္ဂိုလ်၏မဂ်နှင့်ယှဉ်သော စိတ်လည်းကောင်း။အရဟတ္တမဂ္ဂ စိတ္တဥ္စ၊အရဟတ္တမဂ်နှင့်ယှဉ်သော စိတ်လည်းကောင်း။(ဝါ)ပူဇော်အထူးကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ်၏အဖြစ်တည်း ဟူသော အရဟတ္တဖိုလ်၏ အကြောင်းဖြစ်သောမဂ်နှင့်ယှဉ်သော စိတ်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။စတ္တာရိပိ၊လေးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။လေ ာကုတ္တရ ကုသလ စိတ္တာနိနာမ၊လောကုတ္တရာ ကုသိုလ်စိတ် ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**ဖိုလ်စိတ် ၄ ပါး**

၃၂။သောတာပတ္တိဖလ စိတ္တဥ္စ၊သောတာပတ္တိ ဖိုလ်စိတ်လည်းကောင်း။(ဝါ)နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့စီးတတ်သော မဂ္ဂင်ရှစ်ပါးသို့ရှေးဦးစွာရောက်ခြင်းဖြင့် ရအပ်သော အကျိုးဖြစ်သော စိတ်လည်းကောင်း။(ဝါ)အကျိုး၌(ဖြစ်သော)စိတ်လည်း ကောင်း။(ဝါ)အကျိုးဟုဆိုအပ်သော သမ္မာဒိဋ္ဌိ အစရှိသည်တို့နှင့်ယှဉ်သော စိတ်လည်း ကောင်း။(ဝါ)နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့စီးတတ်သော မဂ္ဂင်ရှစ်ပါးသို့ရှေးဦးစွာ ရောက်ခြင်းရှိသောပုဂ္ဂိုလ်၏ အကျိုးဖြစ်သော စိတ်လည်းကောင်း။(ဝါ)အကျိုး၌(ဖြစ်သော) စိတ်လည်းကောင်း။(ဝါ)အကျိုးဟုဆိုအပ်သောသမ္မာဒိဋ္ဌိ အစရှိသည်တို့နှင့်ယှဉ်သော စိတ်လည်းကောင်း။သကဒါဂါမိဖလစိတ္တဥ္စ၊သကဒါဂါမိဖိုလ်စိတ်လည်းကောင်း။(ဝါ)ပဋိသန္ဓေအားဖြင့် ဤလူ့ဘုံသို့တစ်ကြိမ်သာလာသောပုဂ္ဂိုလ်၏ အကျိုးဖြစ်သော စိတ်လည်းကောင်း။(ဝါ)အကျိုး၌(ဖြစ်သော)စိတ်လည်းကောင်း။(ဝါ)အကျိုးဟုဆိုအပ်သော သမ္မာဒိဋ္ဌိ အစရှိသည်တို့နှင့်ယှဉ်သောစိတ်လည်းကောင်း။အနာဂါမိဖလ စိတ္တဥ္စ၊ အနာဂါမိဖိုလ် စိတ်လည်း

http://www.dhammadownload.com


ကောင်း။ (ဝါ)ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့ မလာသော ပုဂ္ဂိုလ်၏ အကျိုး ဖြစ်သော စိတ်လည်းကောင်း။(ဝါ)အကျိုး၌ (ဖြစ်သော) စိတ်လည်းကောင်း။(ဝါ)အကျိုးဟု ဆိုအပ်သော သမ္ပာဒိဋ္ဌိအစရှိသည်တို့နှင့်ယှဉ်သော စိတ်လည်းကောင်း။အရဟတ္တဖလ စိတ္တဉ္စ၊ အရဟတ္တဖိုလ်စိတ်လည်းကောင်း။(ဝါ)ပူဇော်အထူးကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသောအကျိုးဖြစ်သော စိတ်လည်းကောင်း။(ဝါ)အကျိုး၌ (ဖြစ်သော)စိတ်လည်းကောင်း။(ဝါ)အကျိုးဟုဆိုအပ် သော သမ္ပာဒိဋ္ဌိ အစရှိသည်တို့နှင့်ယှဉ်သော စိတ်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။စတ္တာရိပိ၊ လေးပါး အပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ ဤစိတ်တို့သည်။လောကုတ္တရ ဝိပါက စိတ္တာနိနာမ၊လောကုတ္တရာဝိပါက်စိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## လောကုတ္တရာစိတ် နိဂုံး

၃၃။ဣစ္စေဝံ=ဣတိ ဧဝံ ယထာဝုတ္တနယေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။သဗ္ဗထာပိ၊ကုသိုလ်,ဝိပါက်ဟု ဆိုအပ်သော ခပ်သိမ်းသော အခြင်းအရာအားဖြင့် လည်း။အဋ္ဌ၊ရှစ်ပါးကုန်သော။လောကုတ္တရ ကုသလ ဝိပါကစိတ္တာနိ၊လောကုတ္တရာ ကုသိုလ်, လောကုတ္တရာဝိပါက်စိတ်တို့သည်။သမတ္တာနိ၊ပြီးကုန်ပြီ။(တစ်နည်းကား)အဋ္ဌ၊ရှစ်ပါး ကုန်သော။လောကုတ္တရ ကုသလဝိပါကစိတ္တာနိ၊လောကုတ္တရာ ကုသိုလ်,လောကုတ္တရာ ဝိပါက် စိတ်တို့ကို။သမတ္တာနိ၊ အကျဉ်းရေတွက်၍ ယူအပ်ကုန်ပြီ။

## လောကုတ္တရာစိတ်ပြားပုံ သင်္ဂဟဂါထာ

၃၄။ကုသလံ၊လောကုတ္တရာကုသိုလ်စိတ်သည်။စတုမဂ္ဂပ္ပဘေဒေန၊ လေးပါး အပြားရှိသော သောတာပတ္တိမဂ်အစရှိကုန်သောအဋ္ဌင်္ဂိကမဂ်နှင့်ယှဉ်သော အပြားဖြင့်။ စတုဓာ=စတုဗ္ဗိဓံ၊လေးပါးအပြားရှိသည်။ဟောန္တိ၊ဖြစ်ကုန်၏။တထာ၊ထို့အတူ။ပါကံ၊ လောကုတ္တရာဝိပါက်စိတ်သည်။တဿ=တဿေဝ၊ထိုကုသိုလ်စိတ်၏သာလျှင်။ပါကဿ၊ ဝိပါတ်စိတ်၏။ဖလတ္တာ၊အကျိုး၏ အဖြစ်ကြောင့်။စတုဓာ=စတုဗ္ဗိဓံ၊လေးပါးအပြားရှိသည်။ ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။အနုတ္တရံ၊လောကုတ္တရာစိတ်ကို။အဋ္ဌဓာ=အဋ္ဌဝိဓံ ဣတိ၊ ရှစ်ပါးအပြားရှိ၏ဟူ၍။မတံ၊သိအပ်၏။

## စိတ်အကျဉ်း ၈၉ ပါး
## ဇာတ်အားဖြင့် ရေတွက်ခြင်း

၃၅။ဧဝံ =ယထာ ဝုတ္တနယေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အကုသ လာနိ၊အကုသိုလ်စိတ်တို့သည်။ဒွါဒသ=ဒွါဒသ ဧဝ၊တစ်ဆယ့်နှစ်ပါး အပြားရှိကုန် သည်သာလျှင်။သိယုံ၊ဖြစ်ကုန်၏။ကုသလာနိ၊ကုသိုလ်စိတ်တို့သည်။ဧကဝီသတိ၊ နှစ်ဆယ့် တစ်ပါး အပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။ဝိပါကာနိ၊ဝိပါက်စိတ်တို့သည်။ဆတ္တိံသ၊

http://www.dhammadownload.com


သုံးဆယ့်ခြောက်ပါး အပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။ကြိယစိတ္တာနိ၊ကိရိယစိတ်တို့သည်။ ဝီသတိ ဝေ၊နှစ်ဆယ်အတိုင်း အရှည်ရှိသည်သာလျှင်။သိယုံ၊ဖြစ်ကုန်၏။

## ဘုံအားဖြင့် ရေတွက်ခြင်း

၃၆။ကာမေ၊ကာမ တစ်ဆယ့်တစ်ဘုံ၌။အဝစရာနိ၊များသောအားဖြင့်ကျင်လည်တတ် ဖြစ်တတ်ကုန်သော။စိတ္တာနိ၊စိတ်တို့ကို။စတုပညာသဓာ၊ငါးဆယ့်လေးပါး အပြားရှိကုန်၏ဟူ၍။ပရမတ္ထဝိဒူ၊ပရမတ်ကိုသိတော်မူသော မြတ်စွာဘုရားသည်။ဤရယေ၊ဟောတော်မူ၏။ရူပေ၊အသည်းသတ်ကြဉ်သောရူပတစ်ဆယ့်ငါးဘုံ၌။အဝစရာနိ၊များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော။စိတ္တာနိ၊စိတ်တို့ကို။ပန္နရသ၊တစ်ဆယ့်ငါးပါး အပြားရှိကုန်၏ဟူ၍။ပရမတ္ထဝိဒူ၊ပရမတ်ကိုသိတော်မူသော မြတ်စွာဘုရားသည်။ဤရယေ၊ ဟောတော်မူ၏။အရူပေ။အရူပလေးဘုံ၌။အဝစရာနိ၊များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော။စိတ္တာနိ၊စိတ်တို့ကို။ဒွါဒသ၊တစ်ဆယ့်နှစ်ပါး အပြားရှိကုန်၏ဟူ၍။ပရမတ္ထဝိဒူ၊ပရမတ်ကို သိတော်မူသော မြတ်စွာဘုရားသည်။ဤရယေ၊ဟောတော်မူ၏။တထာပန၊ မှချာတရမှတပါး ဥပစာရကိုဆိုအံ့။အနုတ္တရေ၊လောကုတ္တရာတရား ကိုးပါးအပေါင်း၌။ သမဘိနိဝိဋ္ဌာနိ၊ကောင်းစွာ အကျုံးဝင်ကုန်သော။စိတ္တာနိ၊စိတ်တို့ကို။အဋ္ဌဓာ၊ ရှစ်ပါးအပြားရှိကုန်၏ဟူ၍။ပရမတ္ထဝိဒူ၊ပရမတ်ကိုသိတော်မူသော မြတ်စွာဘုရားသည်။ဤရယေ၊ ဟောတော်မူ၏။(တစ်နည်းကား)ကာမေ=ကာမာဝစရာနိ၊ကာမတစ်ဆယ့် တစ်ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်ကုန်သော။စိတ္တာနိ၊စိတ်တို့ကို။စတု ပညာသဓာ၊ငါးဆယ့်လေးပါးအပြားရှိကုန်၏ဟူ၍။ပရမတ္ထဝိဒူ၊ပရမတ်ကိုသိတော်မူသော မြတ်စွာဘုရားသည်။ဤရယေ၊ဟောတော်မူ၏။ရူပေ=ရူပါဝစရာနိ၊အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံ၌များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်ကုန်သော။စိတ္တာနိ၊စိတ် တို့ကို။ပန္နရသ၊တစ်ဆယ့်ငါးပါးအပြားရှိကုန်၏ဟူ၍။ပရမတ္ထဝိဒူ၊ပရမတ်ကိုသိတော်မူသော မြတ်စွာဘုရားသည်။ဤရယေ၊ဟောတော်မူ၏။တထာ၊ထို့မှတပါး။အနုတ္တရေ=အနုတ္တရာနိ၊လောကုတ္တရာဖြစ်ကုန်သော။စိတ္တာနိ ပန၊စိတ်တို့ကိုကား။အဋ္ဌဓာ၊ရှစ်ပါးအပြားရှိကုန်၏ဟူ၍။ပရမတ္ထဝိဒူ၊ပရမတ်ကိုသိတော်မူသော မြတ်စွာဘုရားသည်။ဤရယေ၊ဟောတော်မူ၏။

## စိတ်အကျဉ်းအကျယ် သင်္ဂဟဂါထာ

၃၇။ပန၊အစိတ်မှတပါး အပေါင်းကိုဆိုအံ့။မာနသံ၊စိတ်ကို။ဣတ္ထံ=ယထာဝုတ္တ ဘေဒေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောဇာတိဘေဒ,ဘူမိဘေဒအပြားအားဖြင့်။ဧကူန နဝုတိ ပဘေဒံ။ တစ်ခုယုတ်ကိုးဆယ်အပြားရှိသည်ကို။ကတွာ၊ပြု၍။ဝိစက္ခဏာ၊ပညာရှိတို့ သည်။ဝိဘဇန္တိ၊ ဝေဘန်ကုန်၏။

http://www.dhammadownload.com



## စိတ်အကျယ် ၁၂၁ ပါး

၃၈။ဧကူန နဝုတိဝိဓံ၊တစ်ခုယုတ်ကိုးဆယ်အပြားရှိသော။စိတ္တံ၊စိတ်သည်။ ဧကဝီသ သတံ၊တရာ့နှစ်ဆယ့်တစ်ပါးအပြားရှိသည်။ကထံ ဟောတိ၊အဘယ်သို့ ဖြစ်သနည်းဟူမူကား။

## လောကုတ္တရာစိတ် အကျယ် ၄၀
## သောတာပတ္တိမဂ်စိတ် ၅ ပါး

ဝိတက္က ဝိစာရ ပီတိ သုခေ ကဂ္ဂတာသဟိတံ၊ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော။ပဌမဈာန သောတာပတ္တိမဂ္ဂစိတ္တဉ္စ၊ပဌမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်လည်းကောင်း။ဝိစာရ ပီတိ သုခေ ကဂ္ဂတာသဟိတံ၊ဝိစာရ, ပီတိ,သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သော။ဒုတိယဈာနသောတာပတ္တိမဂ္ဂစိတ္တဉ္စ၊ဒုတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်လည်းကောင်း။ပီတိ သုခေ ကဂ္ဂတာသဟိတံ၊ပီတိ,သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွဖြစ်သော တတိယဈာန သောတာပတ္တိမဂ္ဂစိတ္တဉ္စ၊တတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်လည်းကောင်း။သုခေ ကဂ္ဂတာသဟိတံ၊သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော။စတုတ္ထဈာန သောတာပတ္တိမဂ္ဂစိတ္တဉ္စ၊စတုတ္ထဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်လည်းကောင်း။ဥပေက္ခေ ကဂ္ဂတာသဟိတံ၊ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါး နှင့်တကွဖြစ်သော။ပဉ္စမဈာန သောတာပတ္တိမဂ္ဂစိတ္တဉ္စ၊ပဉ္စမဈာန်နှင့်ယှဉ်သော သောတာပတ္တိ မဂ်စိတ်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။ပဉ္စဝိဓံ၊ငါးပါး အပြားရှိသည်လည်း ဖြစ်ကုန်သော။ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။သောတာပတ္တိမဂ္ဂစိတ္တာနိ နာမ၊သောတာပတ္တိမဂ်စိတ် ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အထက်မဂ်စိတ် ၁၅ပါးနှင့် ဖိုလ်စိတ် ၂၀

၃၉။သကဒါဂါမိမဂ္ဂအနာဂါမိမဂ္ဂ အရဟတ္တမဂ္ဂစိတ္တဉ္စ၊သကဒါဂါမိမဂ်, အနာဂါမိမဂ်,အရဟတ္တမဂ်စိတ်သည်လည်း။(သကဒါဂါမိမဂ္ဂ စိတ္တဉ္စ၊သကဒါဂါမိ မဂ်စိတ် သည်လည်းကောင်း။အနာဂါမိမဂ္ဂစိတ္တဉ္စ၊အနာဂါမိ မဂ်စိတ်သည်လည်းကောင်း။အရဟတ္တမဂ္ဂစိတ္တဉ္စ၊အရဟတ္တမဂ်စိတ်သည်လည်းကောင်း။)တထာ၊ထိုအတူ။ပဉ္စပဉ္စဝိဓံ၊ငါးပါး ငါးပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။သမဝီသတိ၊အမျှနှစ်ဆယ်သော။မဂ္ဂ စိတ္တာနိ၊ မဂ်စိတ်တို့လည်းကောင်း။

၄၀။တထာ၊ထိုအတူ အမျှနှစ်ဆယ်သော။ဖလစိတ္တာနိစ၊ဖိုလ်စိတ်တို့လည်း ကောင်း။ဣတိ၊ဤသို့။လောကုတ္တရစိတ္တာနိ၊လောကုတ္တရာစိတ်တို့သည်။သမစတ္တာလီသ၊

http://www.dhammadownload.com



အမျှလေးဆယ်တို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ဣတိ=တသ္မာ၊ထိုသို့မဂ်စိတ်နှစ်ဆယ် ဖိုလ်စိတ်နှစ်ဆယ်ရှိသည်၏ အဖြစ်ကြောင့်။ကေူနနဝုတိဝိဓံ၊တစ်ခုယုတ်ကိုးဆယ်အပြားရှိသော။စိတ္တံ၊စိတ်သည်။ဧကဝီသ သတံ၊တစ်ရာ့နှစ်ဆယ့်တစ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## လောကုတ္တရာစိတ်ပြားပုံ သင်္ဂဟဂါထာ

၄၁။ပါဒကဇ္ဈာန သမ္ပယုတ္တဇ္ဈာန ပုဂ္ဂလဇ္ဈာနသယေသု၊ပါဒကဈာန်,သမ္ပယုတ္တဈာန်,ပုဂ္ဂလဇ္ဈာသယဈာန်တို့တွင်။ဧကေကသဒိသတ္တာ၊တစ်ပါးတစ်ပါးနှင့် တူသည်၏အဖြစ်ကြောင့်။ဧကေကံ၊တစ်ခုတစ်ခုသောလောကုတ္တရာစိတ်ကို။ဈာနင်္ဂယောဂဘေဒေန၊ ပဉ္စမဈာန်အစရှိသော ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားဖြင့်။ပဉ္စဓာ=ပဉ္စဝိဓံ၊ငါးပါးအပြားရှိသည်ကို။ကတွာတုႉ ကတ္ဝာ ဝေ၊ပြု၍သာလျှင်။အနုတ္တရံ၊လောကုတ္တရာဖြစ်သော။စိတ္တံ၊စိတ်ကို။စတ္တာလီသဝိဓန္တိ၊လေးဆယ်အပြားရှိ၏ဟူ၍လည်း။ဝုစ္စတိ၊ဆိုအပ်၏။

## လောကီ လောကုတ္တရာ ဈာန်စိတ်အပေါင်း
## ဈာန်စိတ်ပြားရခြင်းအကြောင်း

၄၂။ရူပါဝစရဉ္စ၊ရူပါဝစရစိတ်ကိုလည်းကောင်း။အနုတ္တရဉ္စ၊လောကုတ္တရာစိတ်ကိုလည်းကောင်း။ပဌမာဒိဇ္ဈာနဘေဒေ=ပဌမာဒိဇ္ဈာန ဘေဒေန၊ပဌမဈာန်အစရှိသော ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားအားဖြင့်။ဂယှတိ ယထာ၊ဆိုအပ်သကဲ့သို့။တထာ၊ထို့အတူ။အာရုပ္ပဉ္စာပိ၊အရူပါဝစရစိတ် တစ်ဆယ့်နှစ်ခုကိုလည်း။ဥပေက္ခ ကဂ္ဂတာယောဂေန၊ ဥပေက္ခာ,ဧကဂ္ဂတာနှင့် ယှဉ်ခြင်းကြောင့်။(ဝါ)ဥပေက္ခာ,ဧကဂ္ဂတာနှင့်ယှဉ်သည်ဖြစ်၍။အင်္ဂသမတာယ၊ဈာန်အင်္ဂါတူသည်၏အဖြစ်ကြောင့်။ပဉ္စမေ=ပဉ္စမဇ္ဈာန ဘာဝေန၊ပဉ္စမဈာန်၏အဖြစ်တည်းဟူသော ဝေါဟာရဖြင့်။ယသ္မာ၊အကြင့်ကြောင့်။ဂယှတိ၊ဆိုအပ်၏။တသ္မာ၊ထိုကြောင့်။ပဌမာဒိကံ၊ပဌမဈာန်အစရှိသော။ဧကေကံ၊တစ်ခုတစ်ခုသော။ဈာနံ၊ဈာန်စိတ်ကို။ဧကာဒသဝိဓံ၊တစ်ဆယ့်တစ်ပါးအပြားရှိ၏ဟူ၍။ဤရိတံ၊မိန့်အပ်၏။အန္တေတုႉ အန္တံ ပန၊အဆုံးဖြစ်သော ပဉ္စမဈာန်စိတ်ကား။တေဝီသတိဝိဓံ၊နှစ်ဆယ့်သုံးပါးအပြားရှိသည်။ဘဝေ၊ဖြစ်၏။

## ကုသိုလ်နှင့် ဝိပါက်အကျယ်နှင့် စိတ်အကျယ်

၄၃။ပုညံ၊ကုသိုလ်စိတ်သည်ကား။သတ္တတ္တိံသဝိဓံ၊သုံးဆယ့်ခုနှစ်ပါး အပြားရှိသည်။ ဘဝေ၊ဖြစ်၏။တထာ၊ထိုမြို့။ပါကံ၊ဝိပါက်စိတ်သည်။ဒွိပညာသဝိဓံ၊ငါးဆယ့်နှစ်ပါး အပြားရှိသည်။ ဘဝေ၊ဖြစ်၏။ဣတိ တသ္မာ၊ထိုသို့ ကုသိုလ်စိတ်သုံးဆယ့်ခုနှစ်ပါး,ဝိပါက်စိတ်ငါးဆယ့်နှစ်ပါး အပြားရှိသည်၏ အဖြစ်ကြောင့်။စိတ္တာနိ၊စိတ်တို့ကို။ဧကဝီသသတံ၊ တစ်ရာ့နှစ်ဆယ့်တစ်ပါး အပြားရှိ၏ဟူ၍။ဗုဓာ၊ပညာရှိတို့သည်။အာဟု၊ဆိုကုန်ပြီ။(ဝါ)အာဟုႉ ကထေန္တိ၊ဆိုကုန်၏။

http://www.dhammadownload.com



**စိတ်ပိုင်း နိဂုံး**

အဘိဓမ္မတ္ထ သင်္ဂဟေ၊အဘိဓမ္မာခုနှစ်ကျမ်း၌ ဟောတော်မူအပ်ကုန်သော အနက်တို့ကို, အနက်တို့၏အကျဉ်းအားဖြင့် ယူရာယူကြောင်း သင်္ဂြိုဟ်ရာသင်္ဂြိုဟ်ကြောင်း ဖြစ်ခြင်းကြောင့် အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသောကျမ်း၌။စိတ္တသင်္ဂဟဝိဘာဂေါနာမ၊စိတ္တသင်္ဂဟကို ဝေဘန်ရာ ဝေဘန်ကြောင်း မည်သော။ပဌမော၊ရှေးဦးစွာသော။ပရိစ္ဆေဒေါ၊အပိုင်းအခြားသည်။ဣတိ= သမတ္တာ၊ပြီးပြီ။

# စိတ်ပိုင်း ပြီး၏။

✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡

# ၂။စေတသိက်ပိုင်း

## စေတသိက် လက္ခဏာ ၄-ပါး

၁။ဧကုပ္ပါဒ နိရောဓာ၊စိတ်နှင့်တကွဖြစ်ခြင်း,တကွချုပ်ခြင်းလည်း ရှိကုန်ထသော။ ဧကာလမ္ဗဏ ဝတ္ထုကာ၊စိတ်နှင့်တူသောအာရုံ,တူသောမှီရာလည်း ရှိကုန်ထသော။ စေတောယုတ္တာ၊စိတ်နှင့်ယှဉ်ကုန်သော။ဒွိပညာသ၊ငါးဆယ့်နှစ်ပါးကုန်သော။ဓမ္မာ၊သဘောတရားတို့ကို။စေတသိကာ၊စေတသိက်အမည်ရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။

## စေတသိက် ၅၂ ပါး

## အညသမာန်းစေတသိက် ၁၃ ပါး

## သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး

၂။ကထံ မတာ၊အဘယ်သို့ သိအပ်ကုန်သနည်းဟူမူကား။ဖဿော စ၊အာရုံကိုတွေ့ခြင်း လက္ခဏာရှိသော ဖဿစေတသိက်လည်းကောင်း။ဝေဒနာ စ၊အာရုံ၏ အရသာကိုခံစားခြင်း လက္ခဏာရှိသော ဝေဒနာစေတသိက်လည်းကောင်း။သညာ စ၊အာရုံ၏ သဘောကို မှတ်ခြင်းလက္ခဏာရှိသော သညာစေတသိက်လည်းကောင်း။စေတနာ စ၊ အာရုံ၌ သမ္ပယုတ်တရား တို့ကို စေ့ဆော်ခြင်းလက္ခဏာရှိသော စေတနာစေတသိက်လည်းကောင်း။ဧကဂ္ဂတာ စ၊တစ်ခုတည်းသော အာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း မပျံ့လွင့်ခြင်းလက္ခဏာရှိသော ဧကဂ္ဂတာစေတသိက်လည်းကောင်း။ဇီဝိတိန္ဒြိယဥ္စ၊သဟဇာတ်ဖြစ်သော ရုပ်နာမ်တရားတို့ကို စောင့်ခြင်းအစိုးရခြင်းလက္ခဏာရှိသော ဇီဝိတိန္ဒြေစေတသိက်လည်းကောင်း။မနသိကာရောစ၊အာရုံ၌ နှလုံးသွင်းခြင်း လက္ခဏာရှိသော မနသိကာရစေတသိက်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။သတ္တ၊ခုနှစ်ပါးကုန်သော။ဣမေ စေတသိကာ၊ဤစေတသိက်တို့သည်။သဗ္ဗစိတ္တ

http://www.dhammadownload.com



သာဓာရဏာ နာမ၊သဗ္ဗစိတ္တသာဓာရဏစေတသိက် အမည်ရှိကုန်သည်။(ဝါ) အလုံးစုံသော စိတ်တို့နှင့်ဆက်ဆံသည်၏အဖြစ်ကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ပကိဏ်းစေတသိက် ၆ ပါး

၃။ဝိတက္ကော စ၊သမ္ပယုတ်တရားတို့ကို အာရုံသို့ရှေးရှုတင်ခြင်းလက္ခဏာရှိသော ဝိတက်စေတသိက်လည်းကောင်း။ဝိစာရော စ၊အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေခြင်းလက္ခဏာရှိသော ဝိစာရစေတသိက်လည်းကောင်း။အဓိမောက္ခော စ၊အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာရှိသော အဓိမောက္ခစေတသိက်လည်းကောင်း။ဝီရိယဉ္စ၊သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်းလက္ခဏာရှိသော ဝီရိယစေတသိက်လည်းကောင်း။ပီတိ စ၊အာရုံကိုနှစ်သက်စေခြင်း လက္ခဏာရှိသော ပီတိစေတသိက်လည်းကောင်း။ဆန္ဒော စ၊ပြုလိုကာမတ္တသာလက္ခဏာရှိသော ဆန္ဒစေတသိက်လည်းကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။ဆ၊ခြောက်ပါးကုန်သော။ဣမေ စေတသိကာ၊ဤစေတသိက်တို့သည်။ပကိဏ္ဏကာ နာမ၊ပကိဏ်းစေတသိက် အမည်ရှိကုန်သည်။(ဝါ)ပြိုးပြွမ်းယှဉ်သည်၏ အဖြစ်ကြောင့် ပကိဏ်းစေတသိက် အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၄။ဧဝံ၊ဤသို့။တေရသ၊တစ်ဆယ့်သုံးပါးကုန်သော။ဧတေ စေတသိကာ၊ထိုစေတသိက်တို့ကို။အညသမာနာတိ၊အညသမာန်းစေတသိက် အမည်ရှိကုန်၏ဟူ၍။(ဝါ)သောဘနစိတ်၌ယှဉ်ခိုက် သောဘနမှတပါး အသောဘနစိတ်နှင့်တူသည်၏အဖြစ်ကြောင့် အညသမာန်းစေတသိက် အမည်ရှိကုန်၏ဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

## အကုသိုလ်စေတသိက် ၁၄ ပါး

၅။မောဟော စ၊အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းလက္ခဏာရှိသော မောဟစေတသိက်လည်းကောင်း။အဟိရိကဉ္စ၊ကာယဒုစရိုက်စသည်မှ မရှက်ခြင်းလက္ခဏာရှိသော အဟိရိကစေတသိက်လည်းကောင်း။အနောတ္တပ္ပဉ္စ၊ကာယဒုစရိုက်စသည်မှ မလန့်ခြင်းလက္ခဏာရှိသော အနောတ္တပ္ပစေတသိက်လည်းကောင်း။ဥဒ္ဓစ္စဉ္စ၊စိတ်၏ မငြိမ်းသက်ခြင်း ပျံ့လွင့်ခြင်းလက္ခဏာရှိသော ဥဒ္ဓစ္စစေတသိက်လည်းကောင်း။လောဘော စ၊အာရုံ၌ ငြိသောအားဖြင့် တပ်ခြင်းလက္ခဏာရှိသော လောဘစေတသိက်လည်းကောင်း။ဒိဋ္ဌိ စ၊မှားသောအားဖြင့် နှလုံးသွင်းခြင်းလက္ခဏာရှိသော ဒိဋ္ဌိစေတသိက်လည်းကောင်း။မာနော စ၊မိမိကိုယ်ကို ငါသာလျှင် မြတ်၏ဟူ၍မှန်ကင်းကဲ့သို့ ထောင်လွှားခြင်းလက္ခဏာရှိသော မာနစေတသိက်လည်းကောင်း။ဒေါသော စ၊ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်းလက္ခဏာရှိသော ဒေါသစေတသိက်လည်းကောင်း။ဣဿာ စ၊သူတပါးစည်းစိမ်ကို ငြူစူခြင်းလက္ခဏာရှိသော ဣဿာစေတသိက်လည်းကောင်း။မစ္ဆရိယဉ္စ၊မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းလက္ခဏာရှိသော မစ္ဆရိယ

http://www.dhammadownload.com


စေတသိက်လည်းကောင်း။ကုက္ကုစ္စဥ္စ၊ပြုအပ်ပြီးသော ဒုစရိုက်,မပြုလိုက်မိသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်းလက္ခဏာရှိသော ကုက္ကုစ္စစေတသိက်လည်းကောင်း။ထိနဥ္စ၊ စိတ်၏မခံ့ခြင်းလက္ခဏာရှိသော ထိနစေတသိက်လည်းကောင်း။မိဒ္ဓဥ္စ၊ စေတသိက်တို့၏ မခံ့ခြင်းလက္ခဏာရှိသော မိဒ္ဓစေတသိက်လည်းကောင်း။ဝိစိကိစ္ဆာ စ၊အာရုံကို မဆုံးဖြတ်နိုင်ခြင်းလက္ခဏာရှိသော ဝိစိကိစ္ဆာစေတသိက်လည်းကောင်း။က္ကတိ၊ဤသို့။စုဒ္ဒသ၊တစ်ဆယ့်လေးပါးကုန်သော။က္ကမေ စေတသိကာ၊ဤစေတသိက်တို့ကို။အကုသလာ နာမ၊အကုသိုလ်စေတသိက် အမည်ရှိကုန်သည်။(ဝါ)အကုသိုလ်စိတ်၌သာ ယှဉ်သည်၏အဖြစ်ကြောင့် အကုသိုလ်စေတသိက် အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## သောဘနစေတသိက် ၂၅ ပါး

## သောဘနသာဓာရဏစေတသိက် ၁၉ ပါး

၆။သဒ္ဓါ စ၊ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်စေခြင်းလက္ခဏာရှိသော သဒ္ဓါစေတသိက်လည်းကောင်း။သတိ စ၊ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်းလက္ခဏာရှိသော သတိစေတသိက်လည်းကောင်း။ဟိရီ စ၊ကာယဒုစရိုက်အစရှိသည်မှ ရှက်ခြင်းလက္ခဏာရှိသော ဟိရီစေတသိက်လည်းကောင်း။သြတ္တပ္ပဥ္စ၊ကာယဒုစရိုက်အစရှိသည်မှ လန့်ခြင်းလက္ခဏာရှိသော သြတ္တပ္ပစေတသိက်လည်းကောင်း။အလောဘော စ၊အာရုံ၌ ငြိသောအားဖြင့် မတပ်ခြင်းလက္ခဏာရှိသော အလောဘစေတသိက်လည်းကောင်း။အဒေါသော စ၊ကြမ်းတမ်းသောအားဖြင့် မပြစ်မှားခြင်းလက္ခဏာရှိသော အဒေါသစေတသိက်လည်းကောင်း။ တတြမဇ္ဈတ္တတာ စ၊ထိုထိုသို့သော အာရုံတို့၌ သမ္ပယုတ်တရားတို့ကို လျစ်လျူရှုစေခြင်းလက္ခဏာရှိသော တတြမဇ္ဈတ္တတာစေတသိက်လည်းကောင်း။ကာယပဿဒ္ဓိ စ၊စေတသိက်တို့၏ ငြိမ်းခြင်းလက္ခဏာရှိသော ကာယပဿဒ္ဓိစေတသိက်လည်းကောင်း။စိတ္တပဿဒ္ဓိ စ၊စိတ်၏ ငြိမ်းခြင်းလက္ခဏာရှိသော စိတ္တပဿဒ္ဓိစေတသိက်လည်းကောင်း။ကာယလဟုတာ စ၊စေတသိက်တို့၏ ပေါ့ခြင်းလက္ခဏာရှိသော ကာယလဟုတာစေတသိက်လည်းကောင်း။ စိတ္တလဟုတာ စ၊စိတ်၏ ပေါ့ခြင်းလက္ခဏာရှိသော စိတ္တလဟုတာစေတသိက်လည်းကောင်း ကာယမုဒုတာ စ၊စေတသိက်တို့၏ နူးညံ့ခြင်းလက္ခဏာရှိသော ကာယမုဒုတာစေတသိက်လည်းကောင်း။စိတ္တမုဒုတာ စ၊စိတ်၏ နူးညံ့ခြင်းလက္ခဏာရှိသော စိတ္တမုဒုတာစေတသိက်လည်းကောင်း။ကာယကမ္မညတာ စ၊စေတသိက်တို့၏ အမှု၌ ကောင်းသောအဖြစ်လျှင်လက္ခဏာရှိသော ကာယကမ္မညတာစေတသိက်လည်းကောင်း။စိတ္တကမ္မညတာ စ၊စိတ်၏ အမှု၌ ကောင်းသောအဖြစ်လျှင်လက္ခဏာရှိသော စိတ္တကမ္မညတာစေတသိက်လည်းကောင်း ကာယပါဂုညတာ စ၊စေတသိက်တို့၏ လေ့လာခြင်း(အလေ့အကျင့်ရှိခြင်း)လက္ခဏာရှိသော

http://www.dhammadownload.com



ကာယပါဂုညတာစေတသိက်လည်းကောင်း။စိတ္တပါဂုညတာ စ၊စိတ်၏ လေ့လာခြင်း(အလေ့အကျင့်ရှိခြင်း)လက္ခဏာရှိသော စိတ္တပါဂုညတာစေတသိက်လည်းကောင်း။(ဝါ)ကာယပါဂုညတာ စ၊စေတသိက်တို့၏ ကျင်နာခြင်းမှ ငြိမ်းခြင်းလက္ခဏာရှိသော ကာယပါဂုညတာစေတသိက်လည်းကောင်း။စိတ္တပါဂုညတာ စ၊စိတ်၏ ကျင်နာခြင်းမှ ငြိမ်းခြင်းလက္ခဏာရှိသော စိတ္တပါဂုညတာစေတသိက်လည်းကောင်း။ကာယုဇုကတာ စ၊စေတသိက်တို့၏ ဖြောင့်စွာဖြစ်ခြင်းလက္ခဏာရှိသော ကာယုဇုကတာစေတသိက်လည်းကောင်း။စိတ္တုဇုကတာ စ၊စိတ်၏ ဖြောင့်စွာဖြစ်ခြင်းလက္ခဏာရှိသော စိတ္တုဇုကတာစေတသိက်လည်းကောင်း။ဣတိ၊ဤသို့။ကေူနဝီသတိ၊တစ်ခုယုတ်နှစ်ဆယ်သော။ဣမေ စေတသိကာ၊ဤစေတသိက်တို့သည်။သောဘန သာဓာရဏာ နာမ၊သောဘနသာဓာရဏစေတသိက်အမည်ရှိကုန်သည်။(ဝါ)အလုံးစုံသောသောဘနစိတ်တို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် သောဘနသာဓာရဏစေတသိက်အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ဝိရတီ စေတသိက် ၃ ပါး

၇။သမ္မာဝါစာ စ၊အာဇီဝဟေတုကိုမငဲ့မူ၍။(ဝါ)အသက်မွေးခြင်းလျှင် အကြောင်းမရှိသော မုသာဝါဒ,ပိသုဏာဝါစာ,ဖရုသဝါစာ,သမ္ဖပ္ပလာပတည်းဟူသော ဝစီဒုစရိုက်လေးပါးမှ ကြဉ်ခြင်းလက္ခဏာရှိသော သမ္မာဝါစာစေတသိက်လည်းကောင်း။သမ္မာကမ္မန္တော စ၊အာဇီဝဟေတုကိုမငဲ့မူ၍။(ဝါ)အသက်မွေးခြင်းလျှင် အကြောင်းမရှိသော ပါဏာတိပါတ,အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက်သုံးပါးမှ ကြဉ်ခြင်းလက္ခဏာရှိသော သမ္မာကမ္မန္တစေတသိက်လည်းကောင်း။သမ္မာအာဇီဝေါ စ၊အာဇီဝဟေတုကိုငဲ့သည်ဖြစ်၍။ (ဝါ)အသက်မွေးခြင်းလျှင် အကြောင်းရှိသော ဝစီဒုစရိုက် လေးပါး,ကာယဒုစရိုက်သုံးပါးမှ ကြဉ်ခြင်းလက္ခဏာရှိသော သမ္မာအာဇီဝစေတသိက်လည်းကောင်း။ဣတိ၊ဤသို့။တိဿော၊ သုံးပါးကုန်သော။ဣမေ စေတသိကာ၊ဤစေတသိက်တို့သည်။ဝိရတိယော နာမ၊ဝိရတီ စေတသိက်ဟူသောအမည်ရှိကုန်သည်။(ဝါ)ဝိရမိတဗ္ဗဝတ္ထုမှ ကြဉ်တတ်သည်၏အဖြစ် ကြောင့် ဝိရတီစေတသိက်ဟူသောအမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အပ္ပမညာစေတသိက် ၂ ပါး

၈။ကရုဏာ စ၊အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍သနားခြင်း လက္ခဏာရှိသော ကရုဏာစေတသိက်လည်းကောင်း။မုဒိတာ စ၊အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းလက္ခဏာရှိသော မုဒိတာစေတသိက်လည်းကောင်း။ဣတိ၊ဤသို့။ဣမေ စေတသိကာ၊ဤစေတသိက်တို့သည်။အပ္ပမညာယော နာမ၊အပ္ပမညာစေတသိက်အမည်ရှိကုန်သည်။(ဝါ)အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြုသည်၏အဖြစ်ကြောင့် အပ္ပမညာစေတသိက်အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com



## ပညိန္ဒြေစေတသိက် ၁ ပါး

ကတိ၊ဤသို့။သဗ္ဗထာပိ၊ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း။ပညိန္ဒြိယေန၊ အနိစ္စအစရှိသော အစွမ်းဖြင့်ထိုးထွင်း၍ သိသည်ဖြစ်၍ထိုသို့သိခြင်း၌အစိုးရခြင်းလက္ခဏာ ရှိသည်၏အဖြစ်ကြောင့် ပညိန္ဒြေအမည်ရှိသော အမောဟစေတသိက်နှင့်။သဒ္ဓိံ၊တကွ။ပဉ္စ ဝီသတိ၊နှစ်ဆယ့်ငါးပါးကုန်သော။ဣမေ စေတသိကာ၊ဤစေတသိက်တို့ကို။သောဘနာတိ၊ သောဘနစေတသိက် အမည်ရှိကုန်၏ဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

## စေတသိက်ရာသိပြ သင်္ဂဟဂါထာ

၉။ စ၊အကျယ်မှတပါး အကျဉ်းကိုဆိုအံ့။တေရသ။ တေရသ အညသမာနာ စ၊ စတုဒ္ဒသ အကုသလာ စ၊ ပဉ္စဝီသတိ သောဘနာ စ၊ ဤမျှအတိုင်းအရှည်ရှိသော သဒ္ဒါတို့၏အစဉ်ဖြင့်။မယာ၊ငါသည်။ဝုတ္တာ၊မိန့်အပ်ကုန်သော။ စေတသိကာ၊စေတသိက်တို့ကို။တေရသ၊တစ်ဆယ့်သုံးပါးကုန်သော။အညသမာနာ စ၊အည သမာန်းစေတသိက်တို့လည်းကောင်း။စုဒ္ဒသ၊တစ်ဆယ့်လေးပါးကုန်သော။အကုသလာ စ၊ အကုသိုလ်စေတသိက်တို့လည်းကောင်း။တထာ၊ထိုမှတပါး။ပဉ္စဝီသ၊နှစ်ဆယ့်ငါးပါးကုန်သော သောဘနာ စ၊သောဘနစေတသိက်တို့လည်းကောင်း။ဣတိ၊ဤသို့။ဒွိပညာသ၊ငါးဆယ့်နှစ် ပါးအပြားရှိကုန်၏ဟူ၍။ပဝုစ္စရေ၊အပြားအားဖြင့် မိန့်အပ်ကုန်၏။

## သမ္ပယောဂနည်း ၁၆ ပါး

၁၀။ စိတ္တာဝိယုတ္တာနံ၊စိတ်၌အမြဲ ယှဉ်ကုန်သော။တေသံ၊ထိုစေတသိက်တို့၏။ စိတ္တုပ္ပါဒေသု၊စိတ္တုပ္ပါဒ်တို့၌။(ဝါ)စိတ်တို့၌။ပစ္စေကံ၊အသီးအသီး။သမ္ပယောဂေါ၊ယှဉ်ခြင်းကို။ ဣတော၊ဤအကျဉ်းဆိုအပ်ခဲ့ပြီးသည်မှ။ပရံ၊နောက်၌။ယထာယောဂံ၊ယှဉ်သင့်သည်အား လျော်စွာ။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

## သဟဇာတ်အားဖြင့် သမ္ပယောဂနည်း ၄-မျိုးပြားပုံ

၁၁။ သတ္တ၊သဗ္ဗစိတ္တသာဓာရဏာ စေတသိက်ခုနစ်ပါးတို့သည်။သဗ္ဗတ္ထ၊အလုံးစုံ သော စိတ်တစ်ခုယုတ်ကိုးဆယ်တို့၌။ယုဇ္ဇန္တိ၊ယှဉ်ကုန်၏။ပကိဏ္ဏကာ၊ပကိဏ်းစေတသိက် ခြောက်ခုတို့သည်။ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။ယုဇ္ဇန္တိ၊ယှဉ်ကုန်၏။စုဒ္ဒသ၊ တစ်ဆယ့်လေးပါးကုန်သော အကုသိုလ်စေတသိက်တို့သည်။အကုသလေသွေဝ၊အကုသိုလ် စိတ်တစ်ဆယ့်နှစ်ခုတို့၌သာလျှင်။ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။ယုဇ္ဇန္တိ၊ယှဉ် ကုန်၏။သောဘနာ၊သောဘနစေတသိက် နှစ်ဆယ့်ငါးခုတို့သည်။သောဘနေသွေဝ=သော ဘနေသု ဧဝ၊သောဘနစိတ် တစ်ခုယုတ်ခြောက်ဆယ်တို့၌သာလျှင်။ယထာယောဂံ၊ယှဉ်သင့် သည်အားလျော်စွာ။ယုဇ္ဇန္တိ၊ယှဉ်ကုန်၏။

http://www.dhammadownload.com



## အညသမာန်းစေတသိက် သမ္ပယောဂနည်း ၇-ပါး
## သဗ္ဗစိတ္တသာဓာရဏစေတသိက် သမ္ပယောဂနည်း ၁-ပါး

၁၂။ကထံ ယုဇ္ဇန္တိ၊အဘယ်သို့ယှဉ်ကုန်သနည်း ဟူမူကား။သဗ္ဗစိတ္တသာဓာရဏာ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနှစ်ခုတို့ကို။တာဝ၊ရှေးဦးစွာ။မယာ၊ငါသည်။ဝုစ္စန္တေ၊မိန့်အပ်ကုန်၏။သတ္တ၊ခုနှစ်ပါးကုန်သော။ဣမေ စေတသိကာ၊ဤ(သဗ္ဗစိတ္တသာဓာရဏ)စေတသိက်တို့ကို။သဗ္ဗေသုပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဧကူနနဝုတိ စိတ္တုပ္ပါဒေသု၊တစ်ခုယုတ်ကိုးဆယ်သောစိတ်တို့၌။လဗ္ဘန္တိ၊ရအပ်ကုန်၏။

## ပကိဏ်းစေတသိက် သမ္ပယောဂနည်း ၆-ပါး

၁၃။ပန၊သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့၏ သမ္ပယောဂနည်းမှတပါး ပကိဏ်းစေတသိက်တို့၏ သမ္ပယောနည်းကိုဆိုအံ့။

## ဝိတက်ယှဉ်ရာစိတ် ၅၅-ပါး

ပကိဏ္ဏကေသု၊ပကိဏ်းစေတသိက် ခြောက်ခုတို့တွင်။တာဝ၊ရှေဦးစွာ။မယာ၊ငါသည်။ဝုတ္တော၊ ဆိုအပ်သော။ဝိတက္ကော၊ဝိတက်စေတသိက်သည်။ဒွိပဉ္စဝိညာဏဝဇ္ဇိတ ကာမာဝစရစိတ္တေသု စေဝ၊ဒွေပဉ္စဝိညာဏ်တစ်ဆယ်သည် ကြဉ်အပ်ကုန်သော ကာမစိတ် လေးဆယ်လေးခုတို့၌ လည်းကောင်း(ဝါ)ဒွေပဉ္စဝိညာဏ်တစ်ဆယ်ကို ကြဉ်ကုန်သော ကာမစိတ်လေးဆယ့်လေးခု တို့၌လည်းကောင်း။ဧကာဒသသု၊တစ်ဆယ့်တစ်ပါးကုန်သော။ ပဌမဇ္ဈာန စိတ္တေသုစ၊ပဌမစျာန်နှင့်ယှဉ်သော စိတ်တို့၌လည်းကောင်း။ဣတိ၊ဤသို့။ ပဉ္စပညာသစိတ္တေသု၊ငါးဆယ့်ငါး ပါးသောစိတ်တို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

## ဝိစာရယှဉ် ၆၆-ပါး

၁၄။ဝိစာရော ပန၊ဝိစာရစေတသိက်သည်ကား။တေသု စေဝ၊ထိုဝိတက်ဖြစ်သော စိတ် ငါးဆယ့်ငါးခုတို့၌လည်းကောင်း။ဧကာဒသသု၊တစ်ဆယ့်တစ်ပါးကုန်သော။ဒုတိယဇ္ဈာန စိတ္တေသု စ၊ဒုတိယစျာန်နှင့်ယှဉ်သော စိတ်တို့၌လည်းကောင်း။ဣတိ၊ဤသို့။ဆသဋ္ဌိစိတ္တေသု၊ ခြောက်ဆယ့်ခြောက်ပါးသော စိတ်တို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

## အဓိမောက္ခယှဉ် ၇၈-ပါး

၁၅။အဓိမောက္ခော၊အဓိမောက္ခစေတသိက်သည်။ဒွိပဉ္စဝိညာဏ ဝိစိကိစ္ဆာသဟ ဂတဝဇ္ဇိတစိတ္တေသု၊ဒွေပဉ္စဝိညာဏ်တစ်ဆယ်,ဝိစိကိစ္ဆာ သဟဂုတ်သည်ကြဉ်အပ်သော ခုနှစ် ဆယ့်ရှစ်ခုသောစိတ်တို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

## ဝီရိယယှဉ် ၇၃-ပါး

၁၆။ဝီရိယံ၊ဝီရိယစေတသိက်သည်။ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏသမ္ပဋိစ္ဆနသန္တီ ရဏဝဇ္ဇိတစိတ္တေသု၊ပဉ္စဒွါရာဝဇ္ဇန်း,ဒွေပဉ္စဝိညာဏ်တစ်ဆယ်, သမ္ပဋိစ္ဆိုင်းဒွေ,သန္တီရဏသုံးခု

http://www.dhammadownload.com


သည် ကြဉ်အပ်သော ခုနှစ်ဆယ့်သုံးပါးသော စိတ်တို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

## ပီတိယှဉ် ၅၁-ပါး

၁၇။ပီတိ၊ပီတိစေတသိက်သည်။ဒေါမနဿုပေက္ခာသဟဂတ ကာယဝိညာဏ စတုတ္ထဇ္ဈာနဝဇ္ဇိတ စိတ္တေသု၊ဒေါသမူဒွေ့၊ဥပေက္ခာသဟဂုတ်စိတ် ငါးဆယ့်ငါးခု,ကာယဝိညာဏ်ဒွေ,စတုတ္ထစျာန်စိတ် ကောဒသသည် ကြဉ်အပ်သောငါးဆယ့်တစ်ပါးသော စိတ်တို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

## ဆန္ဒယှဉ် ၆၉-ပါး

၁၈။ဆန္ဒော၊ဆန္ဒစေတသိက်သည်။အဟေတုက မောမူဟဝဇ္ဇိတ စိတ္တေသု၊ အဟိတ်စိတ် အဋ္ဌာရသ,မောဟမူဒွေသည်ကြဉ်အပ်သော တစ်ခုယုတ်ခုနှစ်ဆယ်သော စိတ်တို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ဣတိ၊ဤသို့။တေသံ၊ထိုအညသမာန်းစေတသိက်တစ်ဆယ့်သုံးခု တို့၏။သတ္တဝိဓော၊ခုနှစ်ပါးအပြားရှိသော။သမ္ပယောဂေါ၊သမ္ပယောဂနည်းကို။ဝေဒိတဗ္ဗော၊ သိအပ်၏။

## ပကိဏ်းစေတသိက်ယှဉ် မယှဉ်ပြ သင်္ဂဟဂါထာ

## ပကိဏ်းမယှဉ်သော စိတ်များ

၁၉။ပန၊ပါဠိသေသနည်း တစိတ်ကိုဆိုအံ့။ပကိဏ္ဏက ဝိဝဇ္ဇိတာ၊ပကိဏ်းစေတ သိက်ခြောက်ခုသည် ကြဉ်အပ်ကုန်သော။(ဝါ)ပကိဏ်းစေတသိက်ခြောက်ခုကို ကြဉ်ကုန် သော။တေ စိတ္တုပ္ပါဒါ၊ထိုစိတ်တို့ကို။ယထာက္ကမံ၊အစဉ်အတိုင်း။ဆသဋ္ဌိ စ၊ခြောက်ဆယ့် ခြောက်ပါးအပြားရှိကုန်၏ဟူ၍ လည်းကောင်း။ပဉ္စပညာသ စ၊ငါးဆယ့်ငါးပါးအပြားရှိကုန်၏ ဟူ၍လည်းကောင်း။ဧကာဒသ စ၊တစ်ဆယ့်တစ်ပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။ သောဠသ စ၊တစ်ဆယ့်ခြောက်ပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။သတ္တတိ စ၊ခုနှစ်ဆယ် အတိုင်းအရှည်ရှိကုန်၏ဟူ၍လည်းကောင်း။ဝီသတိ စေဝ၊နှစ်ဆယ်အတိုင်းအရှည်ရှိကုန်၏ ဟူ၍လည်းကောင်း။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

## ပကိဏ်းစေတသိက်ယှဉ်ရာ စိတ်များ

သပကိဏ္ဏကာ၊ပကိဏ်းစေတသိက်ခြောက်ခုနှင့်တကွဖြစ်ကုန်သော။တေစိတ္တုပ္ပါ ဒါ၊ထိုစိတ်တို့ကို။ယထာက္ကမံ၊အစဉ်အတိုင်း။ပဉ္စပညာသ စ၊ငါးဆယ့်ငါးပါးအပြားရှိကုန်၏ ဟူ၍လည်းကောင်း။ဆသဋ္ဌိ စ၊ခြောက်ဆယ့်ခြောက်ပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။ အဋ္ဌသတ္တတိ စ၊ခုနှစ်ဆယ့်ရှစ်ပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။တိသတ္တတိ စ၊ခုနှစ် ဆယ့်သုံးပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။ဧကပညာသ စ၊ငါးဆယ့်တစ်ပါးအပြားရှိ ကုန်၏ဟူ၍လည်းကောင်း။ဧကူနသတ္တတိ စ၊တစ်ခုယုတ်ခုနှစ်ဆယ် အတိုင်းအရှည်ရှိကုန်၏ ဟူ၍လည်းကောင်း။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

http://www.dhammadownload.com


## အကုသိုလ်စေတသိက် သမ္ပယောဂနည်း ၅-ပါး

၂၀။ပန၊ပကိဏ်းစေတသိက်ခြောက်ခုတို့၏ သမ္ပယောဂနည်းမှတပါး အကုသိုလ်စေတသိက်တို့၏ သမ္ပယောဂနည်းကိုဆိုအံ့။

## သဗ္ဗာကုသလသာဓာရဏစေတသိက် ၄-ပါး

အကုသလေသု၊အကုသိုလ်စေတသိက် တစ်ဆယ့်လေးခုတို့တွင်။မောဟော စ၊မောဟစေတသိက်လည်းကောင်း။အဟိရိကဉ္စ၊အဟိရိကစေတသိက်လည်းကောင်း။အနောတ္တပ္ပဉ္စ၊အနောတ္တပ္ပစေတသိက်လည်းကောင်း။ဥဒ္ဓစ္စဉ္စ၊ဥဒ္ဓစ္စစေတသိက်လည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးကုန်သော။ဣမေ စေတသိကာ၊ဤစေတသိက်တို့သည်။သဗ္ဗာကုသလသာဓာရဏာ နာမ၊သဗ္ဗာကုသလသာဓာရဏစေတသိက် အမည်ရှိကုန်သည်။(ဝါ)အလုံးစုံသော အကုသိုလ်စိတ်တစ်ဆယ့်နှစ်ခုတို့နှင့်ဆက်ဆံသည်၏အဖြစ်ကြောင့် သဗ္ဗာကုသလသာဓာရဏစေတသိက်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## မောစတုက် သမ္ပယောဂနည်း

ဣတိ၊ဤသို့။စတ္တာရော၊လေးပါးကုန်သော။ဣမေ စေတသိကာ၊ဤစေတသိက်တို့ကို။သဗ္ဗေသုပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဒွါဒသာကုသလေသု၊တစ်ဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့၌။လဗ္ဘန္တိ၊ရအပ်ကုန်၏။

## လောဘတိက် သမ္ပယောဂနည်း

၂၁။လောဘော၊လောဘစေတသိက်ကို။အဋ္ဌသု၊ရှစ်ပါးကုန်သော။လောဘသဟဂတစိတ္တေသွေဝ=လောဘသဟဂတ စိတ္တေသုဧဝ၊လောဘသဟဂုတ်စိတ်တို့၌သာလျှင်။လဗ္ဘတိ၊ရအပ်၏။

၂၂။ဒိဋ္ဌိ၊ဒိဋ္ဌိစေတသိက်ကို။စတူသု၊လေးပါးကုန်သော။ဒိဋ္ဌိဂတသမ္ပယုတ္တေသု ဧဝ၊ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့၌သာလျှင်။လဗ္ဘတိ၊ရအပ်၏။

၂၃။မာနော၊မာနစေတသိက်ကို။စတူသု၊လေးပါးကုန်သော။ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု ဧဝ၊ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့၌သာလျှင်။လဗ္ဘတိ၊ရအပ်၏။

## ဒေါစတုက် သမ္ပယောဂနည်း

၂၄။ဒေါသော စ၊ဒေါသစေတသိက်လည်းကောင်း။ဣဿာ စ၊ဣဿာစေတသိက်လည်းကောင်း။မစ္ဆရိယဉ္စ၊မစ္ဆရိယစေတသိက်လည်းကောင်း။ကုက္ကုစ္စဉ္စ၊ကုက္ကုစ္စစေတသိက်လည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးကုန်သော။ဣမေ စေတသိကာ၊ဤစေတသိက်တို့ကို။ဒွီသု၊နှစ်ပါးကုန်သော။ပဋိဃသမ္ပယုတ္တစိတ္တေသု ဧဝ၊ပဋိဃသမ္ပယုတ်စိတ်တို့၌ သာလျှင်။လဗ္ဘတိ၊ရအပ်၏။

http://www.dhammadownload.com


## ထိန,မိဒ္ဓ သမ္ပယောဂနည်း

၂၅။ထိနမိဒ္ဓံ၊ထိန,မိဒ္ဓစေတသိက်ကို။ပဉ္စသု၊ငါးပါးကုန်သော။သသင်္ခါရိက စိတ္တေသု ဝေ၊သသင်္ခါရိက စိတ်တို့၌သာလျှင်။လဗ္ဘတိ၊ရအပ်၏။

## ဝိစိကိစ္ဆာ သမ္ပယောဂနည်း

၂၆။ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာ စေတသိက်ကို။ဝိစိကိစ္ဆာသဟဂတ စိတ္တေယေဝ၊ဝိစိကိစ္ဆာသဟဂုတ် စိတ်၌သာလျှင်။လဗ္ဘတိ၊ရအပ်၏။ဣတိ၊ဤသို့။တေသံ၊ထိုအကုသိုလ်စေတသိက် တစ်ဆယ့်လေးခုတို့၏။ပဉ္စဝိဓော၊ငါးပါးအပြားရှိသော။သမ္ပယောဂေါ၊သမ္ပယောဂနည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## အကုသိုလ်စေတသိက်ယှဉ်ပုံပြ သင်္ဂဟဂါထာများ

၂၇။စတ္တာရော၊လေးပါးကုန်သော။(မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ)စေတသိက်တို့သည်။သဗ္ဗာပုညေသု၊အလုံးစုံသော အကုသိုလ်စိတ်တစ်ဆယ့်နှစ်ခုတို့၌။ဂတာ၊ဖြစ်ကုန်၏။တယော၊သုံးပါးကုန်သော(လောဘ,ဒိဋ္ဌိ,မာန)စေတသိက်တို့သည်။လောဘမူလေ၊လောဘမူစိတ်ရှစ်ခု၌။ဂတာ၊ဖြစ်ကုန်၏။စတ္တာရော၊လေးပါးကုန်သော(ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ)စေတသိက်တို့သည်။ဒေါသမူလေသု၊ဒေါသမူစိတ်နှစ်ခုတို့၌။ဂတာ၊ဖြစ်ကုန်၏။ဒွယံ၊ထိန,မိဒ္ဓစေတသိက် နှစ်ခုအပေါင်းသည်။သသင်္ခါရေ၊သသင်္ခါရိက ငါးခု၌။ဂတံ၊ဖြစ်၏။တထာ၊ထိုအတူ။ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာ စေတသိက်သည်။ဝိစိကိစ္ဆာ စိတ္တေ၊ဝိစိကိစ္ဆာသဟဂုတ် စိတ်၌သာလျှင်။ဂတာ၊ဖြစ်၏။ဣတိ၊ဤသို့။စတုဒ္ဒသ၊တစ်ဆယ့်လေးပါးကုန်သော အကုသိုလ် စေတသိက်တို့သည်။ဒွါဒသာကုသလေသွေဝ=ဒွါဒသအကုသလေသု ဝေ၊တစ်ဆယ့်နှစ်ပါး သော အကုသိုလ်စိတ်တို့၌သာလျှင်။ပဉ္စဓာ၊ငါးပါးအပြားဖြင့်။သမ္ပယုဇ္ဇန္တိ၊အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်၏။

## သောဘနစေတသိက် သမ္ပယောဂနည်း ၄-ပါး

## သောဘနသာဓာရဏ ၁၉-ပါး သမ္ပယောဂနည်း

၂၈။ပန၊အကုသိုလ်စေတသိက်တို့၏ သမ္ပယောဂနည်းမှတပါး သောဘနစေတသိက်တို့၏ သမ္ပယောဂနည်းကိုဆိုအံ့။သောဘနေသု၊သောဘနစေတသိက် နှစ်ဆယ့်ငါးပါး တို့တွင်။သောဘနသာဓာရဏာ၊သောဘနသာဓာရဏစေတသိက်တို့ကို။တာဝ၊ရှေးဦးစွာ။ မယာ၊ငါသည်။ဝုစ္စန္တေ၊မိန့်အပ်ကုန်၏။ဧကူနဝီသတိ၊တစ်ခုယုတ်နှစ်ဆယ်သော။ဣမေ စေတသိကာ၊ဤ(သောဘနသာဓာရဏ)စေတသိက်တို့သည်။သဗ္ဗေသုပိ၊အလုံးစုံလည်း ဖြစ် ကုန်သော။ဧကူနသဋ္ဌိ သောဘနစိတ္တေသု၊တစ်ခုယုတ်ခြောက်ဆယ်သော သောဘနစိတ်တို့၌ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

http://www.dhammadownload.com


## ဝိရတီစေတသိက် သမ္ပယောဂနည်း

၂၉။ပန၊သောဘနသာဓာရဏစေတသိက်မှတပါး၊ဝိရတီစေတသိက်ကိုဆိုအံ့။ တိသောပိ၊သုံးပါးလည်းဖြစ်ကုန်သော။ဝိရတိယော၊ဝိရတီစေတသိက်တို့ကို။(ဝါ)ဝိရတီစေတသိက်တို့သည်။လောကုတ္တရ စိတ္တေသု၊လောကုတ္တရစိတ်ရှစ်ခုတို့၌။သဗ္ဗထာပိ၊ထိုထိုသို့သော ဒုစရိုက်,ဒုရာဇီဝတို့ကိုပယ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သောခပ်သိမ်းသောအခြင်းအရာဖြင့်လည်း။ နိယတာ၊အမြဲ။ဧကတောဝ၊တစ်ပြိုင်နက်အားဖြင့်သာလျှင်။လဗ္ဘန္တိ၊ရအပ်ကုန်၏။

ပန၊နိယတမှတပါး အနိယတကိုဆိုအံ့။လောကိယေသု၊လောကီသောဘနစိတ်ငါးဆယ့်တစ်ခုတို့တွင်။ကာမာဝစရ ကုသလေသွေဝ=ကာမာဝစရ ကုသလေသု ဧဝ၊ကာမာဝစရ ကုသိုလ်စိတ်ရှစ်ခုတို့၌သာလျှင်။ကဒါစိ၊ရံခါ။သန္ဒိဿန္တိ၊ထင်ကုန်၏။ဝိသုံဝိသုံ၊အသီးအသီး။ဇာယန္တိ၊ဖြစ်ကုန်၏။

## အပ္ပမညာစေတသိက် သမ္ပယောဂနည်း

၃၀။ပန၊ဝိရတီစေတသိက်မှတပါး အပ္ပမညာစေတသိက်ကိုဆိုအံ့။အပ္ပမညာယော၊အပ္ပမညာစေတသိက်တို့သည်။ဒွါဒသသု၊တစ်ဆယ့်နှစ်ပါးကုန်သော။ပဉ္စမဇ္ဈာနဝဇ္ဇိတ မဟဂ္ဂတစိတ္တေသု စေဝ၊ပဉ္စမဈာန်စိတ်သည်ကြဉ်အပ်သော မဟဂ္ဂုတ်စိတ်တို့၌လည်းကောင်း ကာမာဝစရကုသလေသု စ၊ကာမာဝစရစိတ်ရှစ်ခုတို့၌လည်းကောင်း။သဟေတုကာမာဝစရ ကိရိယ စိတ္တေသု စ၊သဟိတ်ကာမာဝစရ ကိရိယာစိတ်ရှစ်ခုတို့၌လည်းကောင်း။ဣတိ၊ဤသို့။ အဋ္ဌဝီသတိ စိတ္တေသွေဝ၊နှစ်ဆယ့်ရှစ်ပါးသော စိတ်တို့၌သာလျှင်။ကဒါစိ၊ရံခါ။နာနာ၊အသီးအသီး။ဟုတွာ၊ဖြစ်၍။ဇာယန္တိ၊ဖြစ်ကုန်၏။

## ကေစိဝါဒ

ပန၊သမာနဝါဒမှတပါး ကေစိဝါဒကိုဆိုအံ့။တွေ၊ဤကာမာဝစရသောဘနစိတ်တစ်ဆယ့်ခြောက်ခုတို့တွင်။ဥပေက္ခာသဟဂတေသု၊ဥပေက္ခာသဟဂုတ်စိတ် ရှစ်ခုတို့၌။ ကရုဏာ မုဒိတာ၊ကရုဏာ မုဒိတာစေတသိက်တို့သည်။န သန္တိ၊မရှိကုန်။ဣတိ၊ဤသို့။ကေစိ၊အချို့သော ဆရာတို့သည်။ဝဒန္တိ၊ဆိုကုန်၏။

## ပညာစေတသိက် သမ္ပယောဂနည်း

၃၁။ပန၊အပ္ပမညာစေတသိက်မှတပါး ပညိန္ဒြေစေတသိက်ကိုဆိုအံ့။ပညာ၊ပညိန္ဒြေစေတသိက်သည်။ဒွါဒသသု၊တစ်ဆယ့်နှစ်ပါးကုန်သော။ဉာဏသမ္ပယုတ္တ ကာမာဝစရ စိတ္တေသု စေဝ၊ဉာဏသမ္ပယုတ် ကာမာဝစရစိတ်တို့၌လည်းကောင်း။သဗ္ဗေသုပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ပဉ္စတ္တိံသ မဟဂ္ဂတလောကုတ္တရစိတ္တေသု စ၊သုံးဆယ့်ငါးပါးသော မဟဂ္ဂုတ်လောကုတ္တရာစိတ်တို့၌လည်းကောင်း။ဣတိ၊ဤသို့။သတ္တစတ္တာလီသစိတ္တေသု စ၊ လေးဆယ့်ခုနှစ်ပါးသောစိတ်တို့၌။သမ္ပယောဂံ၊ယှဉ်ခြင်းသို့။ဂစ္ဆတိ၊ရောက်၏။ဣတိ၊ဤသို့။

http://www.dhammadownload.com



တေသံ၊ ထိုသောဘနစေတသိက် နှစ်ဆယ့်ငါးပါးတို့၏။စတုဗ္ဗိဓော၊လေးပါးအပြားရှိသော။ သမ္ပယော ဂေါ၊သမ္ပယောဂနည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## သောဘနစေတသိက် သမ္ပယောဂနည်းသင်္ဂဟဂါထာ

၃၂။ကေ္ဆနဝီသတိ၊တစ်ခုယုတ်နှစ်ဆယ်သော။ဓမ္မာ၊သောဘနသာဓာရဏစေတသိက်တို့သည်။ဧကူနသဋ္ဌိသု၊တစ်ခုယုတ်ခြောက်ဆယ်သောစိတ်တို့၌။ဇာယန္တိ၊ဖြစ်ကုန်၏။ တယော၊သုံးပါးကုန်သော။ဓမ္မာ၊ဝိရတီစေတသိက်တို့သည်။သောဠသစိတ္တေသု၊တစ်ဆယ့်ခြောက်ပါးသောစိတ်တို့၌။ဇာယန္တိ၊ဖြစ်ကုန်၏။ဒွယံ၊အပ္ပမညာစေတသိက်နှစ်ခုအပေါင်းသည် အဋ္ဌဝီသတိယံ၊နှစ်ဆယ့်ရှစ်ပါးသောစိတ်၌။ဇာယတိ၊ဖြစ်၏။ပညာ၊ပညိန္ဒြေစေတသိက်ကို။ သတ္တစတ္တာလီသဝိဓေသု၊လေးဆယ့်ခုနှစ်ပါးအပြားရှိသော စိတ်တို့၌သာလျှင်။ပကာသိတာ၊ ပြအပ်ကုန်၏။ဝေံ=ယထာဝုတ္တနယေန၊အကြြင်အကြြင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။သောဘနာ သောဘနစေတသိက်နှစ်ဆယ့်ငါးခုတို့သည်။သောဘနေသွေ၀=သောဘနေသု ဧဝ၊သောဘ နစိတ် တစ်ခုယုတ်ခြောက်ဆယ်တို့၌သာလျှင်။စတုဓာ၊လေးပါးအပြားအားဖြင့်။သမ္ပယုတ္တာ၊ အညီအညွှတ်အပြားအားဖြင့် ယှဉ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## နာနာကဒါစိ စေတသိက်များ

၃၃။ဣဿာ မစ္ဆေရ ကုက္ကုစ္စ ဝိရတိကရုဏာဒယော၊ဣဿာ,မစ္ဆေရ,ကုက္ကုစ္စ, ဝိရတီ,ကရုဏာအစရှိသောစေတသိက်တို့သည်။ကဒါစိ၊ရံခါ။နာနာ၊အသီးအသီး။ဟုတွာ၊ ဖြစ်၍။ဇာယန္တိ၊ဖြစ်ကုန်၏။

## ကဒါစိစေတသိက်

မာနော စ၊မာနစေတသိက်သည်လည်း။ကဒါစိ၊ရံခါ။ဇာယတိ၊ဖြစ်၏။

## သဟကဒါစိ စေတသိက်

တထာ၊ထို့အတူ။ထိနမိဒ္ဓံ၊ထိန,မိဒ္ဓစေတသိက်သည်။သဟ၊တကွ။ကဒါစိ၊ရံခါ။ ဇာယတိ၊ဖြစ်၏။(တစ်နည်းကား)တထာ၊ထို့အတူ။ထိနမိဒ္ဓံ၊ထိန,မိဒ္ဓစေတသိက်သည်။ဣဿာ မစ္ဆေရ ကုက္ကုစ္စေဟိ စ၊ဣဿာ,မစ္ဆေရ,ကုက္ကုစ္စစေတသိက်တို့နှင့်လည်းကောင်း။မာနေန စ၊ မာနစေတသိက်နှင့်လည်းကောင်း။သဟ၊တကွ။ကဒါစိ၊ရံခါ။ဇာယတိ၊ဖြစ်၏

## အနိယတယောဂီစေတသိက် ၁၁-ပါး

၃၄။ယထာဝုတ္တာနုသာရေန၊အကြြင်အကြြင်ဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်မှီး သဖြင့်။ကောဒသ၊ (မာန,ဣဿာ,မစ္ဆေရ,ကုက္ကုစ္စ,ဝိရတီစေတသိက် ၃-ခု,ကရုဏာ,မုဒိတာ, ထိန,မိဒ္ဓအားဖြင့်)တစ်ဆယ့်တစ်ပါးကုန်သော စေတသိက်တို့သည်။အနိယတယောဂိနော၊ အနိယတယောဂီစေတသိက် အမည်ရှိကုန်၏။(ဝါ)အမြဲယှဉ်သည်မဟုတ်သော(ရံခါသာ ယှဉ်သော) စေတသိက်မည်ကုန်၏။

http://www.dhammadownload.com



## နိယတယောဂီစေတသိက် ၄၁-ပါး

သေသာ၊အနိယတယောဂီစေတသိက် တစ်ဆယ့်တစ်ပါးမှကြွင်းကုန်သော လေးဆယ့်တစ်ပါးသောစေတသိက်တို့သည်။နိယတယောဂိနော၊နိယတယောဂီစေတသိက်မည်ကုန်၏။(ဇါ)အမြဲယှဉ်သောစေတသိက်မည်ကုန်၏။တေသံ၊ထိုနိယတယောဂီ,အနိယတယောဂီစေတသိက်တို့၏။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။သင်္ဂဟဥ္စ၊ရေတွက်ခြင်းကိုလည်း။(ဝါ)ပေါင်းခြင်းကိုလည်း။ဒါနိ=ဣဒါနိ၊ယခုအခါ၌။အဟံ၊ငါသည်။ပဝက္ခာမိ၊ဆိုပေအံ့။

## သင်္ဂဟနည်း ၃၃-ပါး

## သင်္ဂဟနည်း ၅-မျိုးပြ သင်္ဂဟဂါထာများ

### လောကုတ္တရာစိတ် သင်္ဂဟနည်း

**၃၅။**အနုတ္တရေ၊လောကုတ္တရာစိတ်၌။ဆတ္တိံသာပိ၊သုံးဆယ့်ခြောက်ပါးလည်း ဖြစ်ကုန်သော။ဓမ္မာ၊စေတသိက်တို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။

### မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း

မဟဂ္ဂတေ၊မဟဂ္ဂုတ်စိတ်၌။ပဉ္စတ္တိံသာပိ၊သုံးဆယ့်ငါးပါးလည်း ဖြစ်ကုန်သော။ဓမ္မာ၊စေတသိက်တို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။

### ကာမာဝစရစိတ် သင်္ဂဟနည်း

ကာမာဝစရသောဘနေ၊ကာမာဝစရသောဘနစိတ်၌။အဋ္ဌတ္တိံသာပိ၊သုံးဆယ့်ရှစ်ပါးလည်းဖြစ်ကုန်သော။ဓမ္မာ၊စေတသိက်တို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။

### အကုသိုလ်စိတ် သင်္ဂဟနည်း

အပုညမှို၊အကုသိုလ်စိတ်၌။သတ္တဝီသတိပိ၊နှစ်ဆယ့်ခုနှစ်ပါးလည်းဖြစ်ကုန်သော။ဓမ္မာ၊စေတသိက်တို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။

### အဟိတ်စိတ် သင်္ဂဟနည်း

အဟေတုကေ၊အဟိတ်စိတ်၌။ဒွါဒသပိ၊တစ်ဆယ့်နှစ်ပါးလည်းဖြစ်ကုန်သော။ဓမ္မာ၊(ဆန္ဒကြဉ်သော အညသမာန်း)စေတသိက်တို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။ဣတိ စ၊ဤသို့လျှင်။ယထာသမ္ဘဝ ယောဂေန၊ဖြစ်သင့်သည်အားလျော်စွာ ယှဉ်သဖြင့်။တတ္ထ၊ထိုဂဏနသမောဓာန သင်္ဂဟနည်း၌။ပဉ္စဓာ၊ငါးပါးအပြားဖြင့်။သင်္ဂဟော၊ရေတွက်ခြင်းသည်။(ဝါ)ပေါင်းခြင်းသည်။ဟောတိ၊ဖြစ်၏။(ဝါ)ဖြစ်လတ္တံ့။

### လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-ပါး

**၃၆။**သင်္ဂဟော၊သင်္ဂဟနည်းသည်။ကထံ ဟောတိ၊အဘယ်သို့ ဖြစ်သနည်းဟူမူကား။လောကုတ္တရေသု၊လောကုတ္တရာစိတ်တို့၌။တာဝ၊ရှေးဦးစွာ။သင်္ဂဟော၊သင်္ဂဟနည်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။အဋ္ဌသု၊ရှစ်ပါးကုန်သော။ပဌမဇ္ဈာနိကစိတ္တေသု၊ပထမ

http://www.dhammadownload.com



ဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ်တို့၌။အညသမာနာ၊အညသမာန်း အမည်ရှိကုန်သော တေရသ၊တစ်ဆယ့်သုံးပါးကုန်သော။စေတသိကာ စ၊စေတသိက်တို့လည်းကောင်း။အပ္ပမညာဝဇ္ဇိတာ၊အပ္ပမညာဒွေသည်ကြဉ်အပ်ကုန်သော။တေဝီသတိ၊နှစ်ဆယ့်သုံးပါးကုန်သော။သောဘန စေတသိကာ၊သောဘနစေတသိက်တို့လည်းကောင်း။ဣတိ၊ဤသို့။ဆတ္တိံသ၊သုံးဆယ့်ခြောက်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။တထာ၊ထိုအတူ။ဒုတိယဇ္ဈာနိက စိတ္တေသု၊ဒုတိယဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် ရှစ်ခုတို့၌။ဝိတက္ကဝဇ္ဇာ၊(လောကုတ္တရာ ပဉ္စမဈာန်စိတ်ယှဉ် ၃၆-ပါးတို့တွင်)ဝိတက်သည်ကြဉ်အပ်ကုန်သော။ပဉ္စတ္တိံသ၊သုံးဆယ့်ငါးပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။တတိယဇ္ဈာနိက စိတ္တေသု၊တတိယဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် ရှစ်ခုတို့၌။ဝိတက္က ဝိစာရဝဇ္ဇာ၊(လောကုတ္တရာ ပဉ္စမဈာန်စိတ်ယှဉ် ၃၆-ပါးတို့တွင်)ဝိတက်,ဝိစာရသည် ကြဉ်အပ်ကုန်သော။စတုတ္တိံသ၊သုံးဆယ့်လေးပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။စတုတ္ထဇ္ဈာနိက စိတ္တေသု၊စတုတ္ထဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ်ရှစ်ခုတို့၌။ဝိတက္က ဝိစာရ ပီတိဝဇ္ဇာ၊(လောကုတ္တရာပဉ္စမဈာန်စိတ်ယှဉ် ၃၆-ပါးတွင်)ဝိတက်,ဝိစာရ,ပီတိသည် ကြဉ်အပ်ကုန်သော။တေတ္တိံသ၊သုံးဆယ်သုံးပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။ပဉ္စမဇ္ဈာနိက စိတ္တေသုပိ၊ပဉ္စမဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် ရှစ်ခုတို့၌လည်း။ဥပေက္ခာသဟဂတာ၊ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်သော။တေဧဝ၊ထိုစတုတ္ထဈာန်နှင့်ယှဉ်သော သုံးဆယ့်သုံးပါးသောအညသမာန်း,သောဘနစေတသိက်တို့ကိုသာလျှင်။သင်္ဂယှန္တိ၊ရေတွက်အပ်ကုန်၏။ဣတိ၊ဤသို့။သဗ္ဗထာပိ၊ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း။အဋ္ဌသု၊ရှစ်ပါးကုန်သော။လောကုတ္တရစိတ္တေသု၊လောကုတ္တရာစိတ်တို့၌။ပဉ္စကဇ္ဈာနဝသေန၊ဈာန်ငါးပါးအပေါင်းတို့၏ အစွမ်းဖြင့်။ပဉ္စဓာဝ၊ငါးပါးအပြားဖြင့်သာလျှင်။သင်္ဂဟော၊ရေတွက်ခြင်းသည်။(ဝါ)ပေါင်းခြင်းသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။တေသု၊ထိုလောကုတ္တရာစိတ်ရှစ်ခုတို့၌။ပဉ္စဝိဓော၊ငါးပါးအပြားရှိသော။သင်္ဂဟော၊သင်္ဂဟနည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## လောကုတ္တရာစိတ် သင်္ဂဟနည်း သင်္ဂဟဂါထာ

၃၇။အနုတ္တရေလောကုတ္တရာစိတ်၌။သင်္ဂဟာ၊သင်္ဂဟနည်းတို့သည်။ယထာက္ကမံ

http://www.dhammadownload.com



အစဉ်အတိုင်း။ဆတ္တိံသ စ၊သုံးဆယ့်ခြောက်ပါးသောစေတသိက်တို့လည်းကောင်း။ပဉ္စတ္တိံသစ၊ သုံးဆယ့်ငါးပါးသောစေတသိက်တို့လည်းကောင်း။စတုတ္တိံသ စ၊သုံးဆယ့်လေးပါးသောစေတ သိက်တို့လည်းကောင်း။တေတ္တိံသဒွယံ၊သုံးဆယ့်သုံးပါးသောစေတသိက်နှစ်ခုတို့၏ အပေါင်း လည်းကောင်း။ကမ္မေဝ-ကမတိ ဓဝံ၊ဤသို့လျှင်။ပဉ္စဓာ၊ငါးပါးအပြားဖြင့်။ဌိတာ၊တည်ကုန်၏။

## မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၅-ပါး

၃၈။ပန၊လောကုတ္တရာစိတ်သင်္ဂဟနည်းမှတပါး မဟဂ္ဂုတ်စိတ်သင်္ဂဟနည်းကို ဆိုအံ့။မဟဂ္ဂတေသု၊မဟဂ္ဂုတ်စိတ် နှစ်ဆယ့်ခုနှစ်ခုတို့တွင်။တီသု၊သုံးပါးကုန်သော။ပဌမဈာနိ ကစိတ္တေသု၊ပဌမစျာန်နှင့်ယှဉ်သော မဟဂ္ဂုတ်စိတ်တို့၌။တာဝ၊ရှေးဦးစွာ။သင်္ဂဟော၊သင်္ဂဟ နည်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။တီသု၊သုံးပါးကုန်သော။ပဌမဈာနိက စိတ္တေသု၊ ပဌမ ဈာန်နှင့်ယှဉ်သော မဟဂ္ဂုတ်စိတ်တို့၌။အညသမာနာ၊အညသမာန်း အမည်ရှိကုန် သော။တေရသ၊တစ်ဆယ့်သုံးပါးကုန်သော။စေတသိကာ စ၊စေတသိက်တို့လည်းကောင်း။ ဝိရတိတ္တယဝဇ္ဇိတာ၊ဝိရတီစေတသိက်သုံးခုအပေါင်းသည်ကြဉ်အပ်သော။ဒွါဝီသတိ၊နှစ်ဆယ့် နှစ်ပါးကုန်သော။သောဘနစေတသိကာ စ၊သောဘနစေတသိက်တို့လည်းကောင်း။ဣတိ၊ ဤသို့။ပဉ္စတ္တိံသ၊သုံးဆယ့်ငါးပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်း သို့။(ဝါ) ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ ရောက်ကုန်၏။

## ကရုဏာ,မုဒိတာယှဉ်ပုံ

ပန၊အထူးကို ဆိုအံ့။တွေ့ဤမဟဂ္ဂုတ်ပဌမစျာန်စိတ် သုံးခုတို့၌။(ဝါ)သုံးဆယ့်ငါး ပါးသောစေတသိက်တို့တွင်။ကရုဏာ မုဒိတာ၊ကရုဏာ,မုဒိတာဒွေစေတသိက်တို့ကို။ပစ္စေက မေဝ၊အသီးအသီးသာလျှင်။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

တထာ၊ထိုအတူ။ဒုတိယဈာနိက စိတ္တေသု၊ဒုတိယစျာန်နှင့်ယှဉ်သော မဟဂ္ဂုတ် စိတ်သုံးခုတို့၌။ဝိတက္ကဝဇ္ဇာ၊(မဟဂ္ဂုတ်ပဌမစျာန်စိတ်ယှဉ် ၃၅-ပါးတွင်)ဝိတက်သည် ကြဉ်အပ် ကုန်သော။စတုတ္တိံသ၊သုံးဆယ့်လေးပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက် ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

တတိယဈာနိက စိတ္တေသု၊တတိယစျာန်နှင့်ယှဉ်သော မဟဂ္ဂုတ်စိတ်သုံးခုတို့၌။ ဝိတက္က ဝိစာရဝဇ္ဇာ၊(မဟဂ္ဂုတ်ပဌမစျာန်စိတ်ယှဉ် ၃၅-ပါးတွင်)ဝိတက်,ဝိစာရသည် ကြဉ်အပ် ကုန်သော။တေတ္တိံသ၊သုံးဆယ့်သုံးပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက် ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

http://www.dhammadownload.com



စတုတ္ထဇ္ဈာနိက စိတ္တေသု၊စတုတ္ထဈာန်နှင့်ယှဉ်သော မဟဂ္ဂုတ်စိတ်သုံးခုတို့၌။ ဝိတက္က ဝိစာရ ပီတိဝဇ္ဇာ၊(မဟဂ္ဂုတ်ပဥ္စမဈာန်စိတ်ယှဉ် ၃၅-ပါးတွင်)ဝိတက်,ဝိစာရ,ပီတိသည် ကြဉ်အပ်ကုန်သော။ဟတ္တိံသ၊သုံးဆယ့်နှစ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည် ၏အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

ပန၊အထူးကို ဆိုအံ့။(ဝါ)သုဒ္ဓမှတပါး မိဿကကို ဆိုအံ့။ပန္နရသ၊တစ်ဆယ့်ငါးပါး ကုန်သော။ပဥ္စမဇ္ဈာနိက စိတ္တေသု၊ပဥ္စမဈာန်နှင့်ယှဉ်သော မဟဂ္ဂုတ်စိတ်တို့၌။အပ္ပမညာ ယော၊(မဟဂ္ဂုတ် စတုတ္ထဈာန်စိတ်ယှဉ် ၃၂-ပါးတွင်)အပ္ပမညာစေတသိက်တို့ကို။န လဗ္ဘန္တိ၊ မရအပ်ကုန်။

ဣတိ၊ဤသို့။သပ္ပထာပိ၊ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း။သတ္တဝီသတိ မဟဂ္ဂတစိတ္တေသု၊နှစ်ဆယ့်ခုနှစ်ပါးသော မဟဂ္ဂုတ်စိတ်တို့၌။ပဉ္စကဇ္ဈာနဝသေန၊ဈာန်ငါးပါး အပေါင်းတို့၏ အစွမ်းဖြင့်။ပဉ္စဓာဝ၊ငါးပါးအပြားအားဖြင့်သာလျှင်။သင်္ဂဟော၊ရေတွက်ခြင်း သည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။တေသု၊ထိုမဟဂ္ဂုတ်စိတ်နှစ်ဆယ့်ခုနှစ်ခုတို့၌။ပဉ္စဝိဓော၊ ငါးပါး အပြားရှိသော။သင်္ဂဟော၊သင်္ဂဟနည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း သင်္ဂဟဂါထာ

၃၉။မဟဂ္ဂတေ၊မဟဂ္ဂုတ်စိတ်၌။သင်္ဂဟော၊သင်္ဂဟနည်းတို့သည်။ယထာက္ကမံ၊ အစဉ်အတိုင်း။ပဉ္စတ္တိံသ၊သုံးဆယ့်ငါးပါးသော စေတသိက်တို့လည်းကောင်း။စတုတ္တိံသ၊ သုံးဆယ့်လေးပါးသော စေတသိက်တို့လည်းကောင်း။တေတ္တိံသ စ၊သုံးဆယ့်သုံးပါးသော စေတသိက်တို့လည်းကောင်း။ဟတ္တိံသ စ၊သုံးဆယ့်နှစ်ပါးသော စေတသိက်တို့လည်းကောင်း တိံသ စ၊သုံးဆယ်သော စေတသိက်တို့လည်းကောင်း။ဣတိ၊ဤသို့။ပဉ္စဓာဝ၊ငါးပါးအပြား အားဖြင့်သာလျှင်။ဌိတာ၊တည်ကုန်၏။

## ကာမာဝစရစိတ် သင်္ဂဟနည်း ၁၂-ပါး

၄၀။ပန၊မဟဂ္ဂုတ်စိတ်၌သင်္ဂဟနည်းမှတပါး ကာမာဝစရသောဘနစိတ်၌ သင်္ဂ ဟနည်းကိုဆိုအံ့။ကာမာဝစရသောဘနေသု၊ကာမာဝစရစိတ် နှစ်ဆယ့်လေးခုတို့တွင်။ ကုသ လေသု၊မဟာကုသိုလ် စိတ်ရှစ်ခုတို့၌။တာဝ၊ရှေးဦးစွာ။သင်္ဂဟော၊သင်္ဂဟနည်းကို။မယာ၊ ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။

## မဟာကုသိုလ်စိတ် သင်္ဂဟနည်း ၄-ပါး

ပဌမဒွယေ၊မဟာကုသိုလ်ပဌမဒွေ၌။အညသမာနာ၊အညသမာန်း အမည်ရှိကုန် သော။တေရသ၊တစ်ဆယ့်သုံးပါးကုန်သော။စေတသိကာ စ၊စေတသိက်တို့လည်းကောင်း။ ပဉ္စဝီသတိ၊နှစ်ဆယ့်ငါးပါးကုန်သော။သောဘန စေတသိကာစ၊သောဘနစေတသိက်တို့

http://www.dhammadownload.com



လည်းကောင်း။ဣတိ၊ဤသို့။အဋ္ဌတ္တိံသ၊သုံးဆယ့်ရှစ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။ သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်း အပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

**အပ္ပမညာ,ဝိရတီစေတသိက်တို့ယှဉ်ပုံ**

ပန၊အထူးကိုဆိုအံ့။တေသု၊ဤမဟာကုသိုလ်ပဌမဒွေ၌။(ဝါ)သုံးဆယ့်ရှစ်ပါးသော စေတသိက်တို့တွင်။ပဉ္စပိ၊ငါးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။အပ္ပမညာဝိရတိယော၊ မေတ္တာကရုဏာ-အပ္ပမညာနှင့်သမ္မာဝါစာစသော ဝိရတီစေတသိက်တို့ကို။ပစ္စေကမေဝ၊ အသီးအသီးသာလျှင်။(ဝါ)တစ်ခုစီ တစ်ခုစီသာလျှင်။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

တထာ၊ထို့အတူ။ဒုတိယဒွယေ၊မဟာကုသိုလ် ဒုတိယဒွေ၌။ဉာဏဝဇ္ဇိတာ၊(မဟာ ကုသိုလ် ပဌမဒွေယှဉ် ၃၈-ပါးတွင်)ဉာဏ်သည်(ပညိန္ဒြေစေတသိက်သည်)ကြဉ်အပ်ကုန် သော။သတ္တတ္တိံသ၊သုံးဆယ့်ခုနစ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက် ခြင်းသို့(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ် သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

တတိယဒွယေ၊မဟာကုသိုလ် တတိယဒွေ၌။ဉာဏသမ္ပယုတ္တာ၊ဉာဏ်နှင့်ယှဉ်ကုန် သည်ဖြစ်၍။ပီတိဝဇ္ဇိတာ၊(မဟာကုသိုလ် ပဌမဒွေယှဉ် ၃၈-ပါးတွင်)ပီတိသည် ကြဉ်အပ်ကုန် သော။သတ္တတ္တိံသ၊သုံးဆယ့်ခုနစ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက် ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

စတုတ္ထဒွယေ၊မဟာကုသိုလ် စတုတ္ထဒွေ၌။ဉာဏ ပီတိဝဇ္ဇိတာ၊(မဟာကုသိုလ် ပဌမဒွေယှဉ် ၃၈-ပါးတွင်)ဉာဏ်,ပီတိသည် ကြဉ်အပ်ကုန်သော။တေ ဓဝ၊ထိုသုံးဆယ့်ခြောက် ပါးသော အညသမာန်း,သောဘနစေတသိက်တို့ကိုသာလျှင်။သင်္ဂယှန္တိ၊ရေတွက်အပ်ကုန်၏။

**မဟာကိရိယာစိတ် သင်္ဂဟနည်း ၄-ပါး**

ကိရိယ စိတ္တေသုပိ၊မဟာကိရိယာစိတ် ရှစ်ခုတို့၌လည်း။ဝိရတိဝဇ္ဇိတာ၊(မဟာ ကုသိုလ် ပဌမဒွေယှဉ် ၃၈-ပါးတွင်)ဝိရတီစေတသိက်သုံးခုသည် ကြဉ်အပ်ကုန်သော။တေ ဓဝ၊ထိုသုံးဆယ့်ငါးပါးသော အညသမာန်း,သောဘနစေတသိက်တို့ကိုသာလျှင်။တထေဝ၊ ထိုမဟာကုသိုလ်စိတ် အတူသာလျှင်။စတူသုပိ၊လေးပါးလည်း ဖြစ်ကုန်သော။ဒုကေသု၊ဒုက တို့၌။စတုဓာဝ၊လေးပါးအပြားဖြင့်သာလျှင်။သင်္ဂယှန္တိ၊ရေတွက်အပ်ကုန်၏။

**မဟာဝိပါက်စိတ် သင်္ဂဟနည်း ၄-ပါး**

တထာ၊ထို့အတူ။ဝိပါကေသုစ၊မဟာဝိပါက်စိတ် ရှစ်ခုတို့၌လည်း။အပ္ပမညာ ဝိရတိဝဇ္ဇိတာ၊(မဟာကုသိုလ် ပဌမဒွေယှဉ် ၃၈-ပါးတို့တွင်)အပ္ပမညာ,ဝိရတီစေတသိက်

http://www.dhammadownload.com



သုံးခုသည် ကြဉ်အပ်ကုန်သော။တေ ဝေ၊ထိုသုံးဆယ့်သုံးပါးသော အညသမာန်း,သောဘန စေတသိက်တို့ကိုသာလျှင်။စတူပိ၊လေးပါးလည်းဖြစ်ကုန်သော။ဒုကေသု၊ဒုကတို့၌။စတုဓာဝ၊လေးပါးအပြားဖြင့်သာလျှင်။သင်္ဂယှန္တိ၊ရေတွက်အပ်ကုန်၏။

ကထံ၊ဤသို့။သဗ္ဗထာပိ၊ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း။စတုဝီသတိ ကာမာဝစရသောဘန စိတ္တေသု၊နှစ်ဆယ့်လေးပါးသော ကာမာဝစရသောဘနစိတ်တို့၌။ ဒုကဝသေန၊ဒုကၡ အစွမ်းဖြင့်။ဒွါဒသဓာဝ၊တစ်ဆယ့်နှစ်ပါး အပြားဖြင့်သာလျှင်။သင်္ဂဟော၊ ရေတွက်ခြင်းသည်။ဟောတိ၊ဖြစ်၏။

ကထံ၊ဤသို့။တေသု၊ထိုကာမာဝစရ သောဘနစိတ်တို့၌။ဒွါဒသဝိဓော၊တစ်ဆယ့် နှစ်ပါး အပြားရှိသော။သင်္ဂဟော၊သင်္ဂဟနည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## ကာမာဝစရစိတ် သင်္ဂဟနည်း သင်္ဂဟဂါထာများ

၄၁။သဟေတုကာမာဝစရ ပုညပါက ကြိယာမနေ၊ကာမာဝစရ ကုသိုလ်,သဟိတ် ကာမာဝစရ ဝိပါက်,သဟိတ်ကာမာဝစရ ကိရိယာစိတ်၌။(ဝါ)ကာမာဝစရ ကုသိုလ်,သဟိတ် ကာမာဝစရ ဝိပါက်,သဟိတ်ကာမာဝစရ ကိရိယာစိတ်တို့တွင်။သုဘော၊မဟာကုသိုလ်စိတ် ရှစ်ခု၌။အဋ္ဌတ္တိံသ စ၊သုံးဆယ့်ရှစ်ပါးသော စေတသိက်တို့သည်လည်းကောင်း။သတ္တတ္တိံသ ဒွယံ၊သုံးဆယ့်ခုနှစ်ပါးသော စေတသိက်နှစ်ခုအပေါင်းသည်လည်းကောင်း။ဆတ္တိံသကံ၊သုံး ဆယ့်ခြောက်ပါးသော စေတသိက်သည်လည်းကောင်း။ဘဝေ၊ဖြစ်၏။

ကြိယေ၊မဟာကိရိယာစိတ် ရှစ်ခု၌။ပဉ္စတ္တိံသ၊သုံးဆယ့်ငါးပါးသော စေတသိက် တို့သည်လည်းကောင်း။စတုတ္တိံသဒွယံ၊သုံးဆယ့်နှစ်ပါးသော စေတသိက်နှစ်ခုအပေါင်းသည် လည်းကောင်း။တေတ္တိံသကံ၊သုံးဆယ့်သုံးပါးသော စေတသိက်သည်လည်းကောင်း။ဘဝေ၊ ဖြစ်၏။ ပါကေ၊မဟာဝိပါက်စိတ် ရှစ်ခု၌။တေတ္တိံသစ၊သုံးဆယ့်သုံးပါးသော စေတသိက် တို့သည်လည်းကောင်း။ဗာတ္တိံသဒွယံ၊သုံးဆယ့်နှစ်ပါးသော စေတသိက်နှစ်ခုအပေါင်းသည် လည်းကောင်း။ကေတ္တိံသကံ၊သုံးဆယ့်တစ်ပါးသော စေတသိက်သည်လည်းကောင်း။ဘဝေ၊ ဖြစ်၏။

## ထိုထိုစိတ်၌ မယှဉ်သော စေတသိက်များ

၄၂။တွေ၊ဤသောဘနစိတ်တို့တွင်။ကြိယေသု စ၊မဟာကိရိယာစိတ် ရှစ်ခုတို့၌ လည်းကောင်း။မဟဂ္ဂတေစ၊မဟဂ္ဂုတ်စိတ် နှစ်ဆယ့်ခုနှစ်ခု၌လည်းကောင်း။ဝိရတီ၊ဝိရတီ စေတသိက်တို့သည်။နဝိဇ္ဇန္တိ၊မရှိကုန်။အနုတ္တရေ၊လောကုတ္တရာစိတ် ရှစ်ခု၌။အပ္ပမညာ၊အပ္ပ မညာစေတသိက်တို့သည်။န ဝိဇ္ဇန္တိ၊မရှိကုန်။ တထာ၊ထို့အတူ။ကာမပါကေ၊မဟာဝိပါက်စိတ် ရှစ်ခု၌။ဒွယံ၊ဝိရတီ,အပ္ပမညာ စေတသိက်နှစ်ခုတို့၏အပေါင်းသည်။န ဝိဇ္ဇတိ၊မရှိ။

http://www.dhammadownload.com



## စိတ်ချင်း ထူးအောင်ပြုသော စေတသိက်များ

အနုတ္တရေလောကုတ္တရာစိတ်၌။ဈာနဓမ္မာ၊ဈာန်တရား(ဝိတက်စသော ဈာန်အင်္ဂါ တို့သည်။ဝိသေသကာ၊အထူးကို ပြုတတ်ကုန်၏။မဇ္ဈိမေ၊မဟဂ္ဂုတ်စိတ် နှစ်ဆယ့်ခုနှစ်ခု၌။ ဈာနဓမ္မာ စ၊ဈာန်တရား(ဝိတက်စသော ဈာန်အင်္ဂါ)တို့သည်လည်းကောင်း။အပ္ပမညာ စ၊ အပ္ပမညာ စေတသိက်တို့သည်လည်းကောင်း။ဝိသေသကာ၊အထူးကို ပြုတတ်ကုန်၏။ ပရိတ္တေသု၊ကာမာဝစရသောဘနစိတ် နှစ်ဆယ့်လေးခုတို့၌။အပ္ပမညာ စ၊အပ္ပမညာ စေတ သိက်တို့သည်လည်းကောင်း။ဝိရတီ ဉာဏပီတိ စ၊ဝိရတီစေတသိက်သုံးခု,ပညိန္ဒြေ,ပီတိ စေတသိက်တို့သည်လည်းကောင်း။ဝိသေသကာ၊အထူးကို ပြုတတ်ကုန်၏။

### အကုသိုလ်စိတ် သင်္ဂဟနည်း ၇-ပါး

### လောဘမူ သင်္ဂဟနည်း

၄၃။ပန၊ကာမာဝစရသောဘနစိတ်၌ သင်္ဂဟနည်းမှတပါး အကုသိုလ်စိတ်၌ သင်္ဂဟနည်းကိုဆိုအံ့။အကုသလေသု၊အကုသိုလ်စိတ် တစ်ဆယ့်နှစ်ခုတို့တွင်။လောဘမူလေ သု၊လောဘမူစိတ် ရှစ်ခုတို့၌။တာဝ၊ရှေးဦးစွာ။သင်္ဂဟော၊သင်္ဂဟနည်းကို။မယာ၊ငါသည်။ ဝုစ္စတေ၊ဆိုအပ်၏။

ပဌမေ၊ပဌမဖြစ်သော။အသင်္ခါရိကေ၊လောဘမူ အသင်္ခါရိကစိတ်၌။အညသမာ နာ၊အညသမာန်း အမည်ရှိကုန်သော။တေရသ၊တစ်ဆယ့်သုံးပါးကုန်သော။စေတသိကာ စ၊ စေတသိက်တို့လည်းကောင်း။စတ္တာရော၊လေးပါးကုန်သော။အကုသလသာဓာရဏာ စ၊ အကုသလသာဓာရဏာ စေတသိက်တို့လည်းကောင်း။ဣတိ၊ဤသို့။သတ္တရသ၊တစ်ဆယ့်ခုနှစ် ပါးကုန်သော စေတသိက်တို့သည်။လောဘဒိဋ္ဌိဟိ၊လောဘ,ဒိဋ္ဌိတို့နှင့်။သဒ္ဓိံ၊တကွ။ဧကူန ဝီသတိ၊တစ်ခုယုတ် နှစ်ဆယ်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ) ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

၄၄။တထေဝ၊ထိုပဌမ အသင်္ခါရိကစိတ် အတူသာလျှင်။ဒုတိယေ၊ဒုတိယဖြစ် သော။အသင်္ခါရိကေ၊လောဘမူ အသင်္ခါရိကစိတ်၌။လောဘမာနေန၊လောဘ,မာနနှင့်။သဒ္ဓိံ၊ တကွ။ဧကူနဝီသတိ၊တစ်ခုယုတ် နှစ်ဆယ်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက် ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

၄၅။တထေဝ၊ထိုဒုတိယ အသင်္ခါရိကစိတ် အတူသာလျှင်။တတိယေ၊တတိယ အသင်္ခါရိက လောဘမူစိတ်၌။ပီတိဝဇ္ဇိတာ၊(ပဌမ အသင်္ခါရိက လောဘမူစိတ်ယှဉ် ၁၇-ပါးတွင်)ပီတိသည် ကြဉ်အပ်ကုန်သော တစ်ဆယ့်ခြောက်ပါးသောစေတသိက်တို့သည်။

http://www.dhammadownload.com



လောဘ ဒိဋ္ဌိဟိ၊လောဘ,ဒိဋ္ဌိတို့နှင့်။သဟ၊တကွ။အဌာရသ၊တစ်ဆယ့်ရှစ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

**၄၆။**တထေဝ၊ထိုတတိယ အသင်္ခါရိက အတူသာလျှင်။စတုတ္ထေ၊စတုတ္ထချာန်ဖြစ်သော။အသင်္ခါရိကေ၊အသင်္ခါရိကလောဘမူစိတ်၌။လောဘမာနေန၊လောဘ,မာနနှင့်။သဟ၊တကွ။အဌာရသ၊တစ်ဆယ့်ရှစ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

## ဒေါသမူ့သင်္ဂဟနည်း

**၄၇။**ပန၊လောဘမူအသင်္ခါရိကမှတပါး ဒေါသမူအသင်္ခါရိကကိုဆိုအံ့။ပဋိဃသမ္ပယုတ္တေ၊ဒေါသနှင့်ယှဉ်သော။ပဌမေ၊ပဌမဖြစ်သော။အသင်္ခါရိကေ၊အသင်္ခါရိကစိတ်၌။ပီတိဝဇ္ဇိတာ၊ပီတိကြဉ်သော အညသမာန်း ၁၂-ပါး,အကုသလသာဓာရဏ ၄-ပါး ဤ ၁၆-ပါးတို့သည်။ဒေါသော စ၊ဒေါသစေတသိက်လည်းကောင်း။ဣဿာ စ၊ဣဿာစေတသိက်လည်းကောင်း။မစ္ဆရိယဉ္စ၊မစ္ဆရိယစေတသိက်လည်းကောင်း။ကုက္ကုစ္စဉ္စ၊ကုက္ကုစ္စစေတသိက်လည်းကောင်း။ဣတိ၊ဤသို့။စတူဟိ၊လေးပါးကုန်သောစေတသိက်တို့နှင့်။သဒ္ဓိံ၊တကွ။ဝီသတိ၊နှစ်ဆယ်သော။တေဓေ ဓမ္မာ၊ထိုအညသမာန်း,အကုသိုလ်စေတသိက်တို့ကိုသာလျှင်။သင်္ဂယှန္တိ၊ရေတွက်အပ်ကုန်၏။

## ဣဿာ,မစ္ဆေရ,ကုက္ကုစ္စတို့ယှဉ်ပုံ

ပန၊အထူးကို ဆိုအံ့။ဧတ္ထ၊ဤပဌမ အသင်္ခါရိကစိတ်၌။(ဝါ)ဤနှစ်ဆယ်သော စေတသိက်တို့တွင်။ဣဿာ မစ္ဆေရ ကုက္ကုစ္စာနိ၊ဣဿာ,မစ္ဆေရ,ကုက္ကုစ္စစေတသိက်တို့ကို။ပစ္စေကမေဝ၊အသီးအသီးသာလျှင်။ယောဇေတဗ္ဗာနိ၊ယှဉ်အပ်ကုန်၏။

**၄၈။**တထေဝ၊ထိုအသင်္ခါရိက အတူသာလျှင်။သသင်္ခါရိက ပဉ္စကေပိ၊သသင်္ခါရိက စိတ် ငါးခု၌လည်း။ထိနမိဒ္ဓေန၊ထိန,မိဒ္ဓဖြင့်။ဝိသေသေတွာ၊အထူးပြု၍။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

## မောဟမူ သင်္ဂဟနည်း

**၄၉။**ပန၊လောဘမူ,ဒေါသမူမှတပါး မောဟမူကိုဆိုအံ့။ဆန္ဒပီတိဝဇ္ဇိတာ၊ဆန္ဒ,ပီတိ သည် ကြဉ်အပ်ကုန်သော။အညသမာနာ၊အညသမာန်း အမည်ရှိကုန်သော။ဧကာဒသ စ၊တစ်ဆယ့်တစ်ပါးသောစေတသိက်တို့လည်းကောင်း။စတ္တာရော၊လေးပါးကုန်သော။အကုသလသာဓာရဏာ စ၊အကုသလသာဓာရဏစေတသိက်တို့လည်းကောင်း။ဣတိ၊ဤသို့။ပန္နရသ၊တစ်ဆယ့်ငါးပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။ဥဒ္ဓစ္စသဟဂတေ၊ဥဒ္ဓစ္စ

http://www.dhammadownload.com


သဟာဂုတ်စိတ်၌။သမ္ပယုတ္တန္တိ၊အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်၏။

၅၀။ဝိစိကိစ္ဆာ သဟဂတစိတ္တေသု၊ဝိစိကိစ္ဆာ သဟာဂုတ်စိတ်၌လည်း။တထေဝ၊ ထိုဥဒ္ဓစ္စသဟာဂုတ်စိတ် အတူသာလျှင်။အဓိမောက္ခ ဝိရဟိတာ၊အဓိမောက္ခ စေတသိက်သည် ကြဉ်အပ်သော။(ဝါ)အဓိမောက္ခမှ ကင်းကုန်သော။ဝိစိကိစ္ဆာသဟဂတာ၊ဝိစိကိစ္ဆာနှင့်တကွ ဖြစ်ကုန်သော။ပန္နရသ၊တစ်ဆယ့်ငါးပါးကုန်သော။ဓမ္မာ၊စေတသိက်တို့ကို။သမုပလဗ္ဘန္တိ၊ ကောင်းစွာ ရအပ်ကုန်၏။

ဣတိ၊ဤသို့။သဗ္ဗထာပိ၊ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း။ဒွါဒသ ကုသလ စိတ္တုပ္ပါဒေသု၊တစ်ဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့၌။ပစ္စေကံ၊အသီးအသီး။ယောဇိယမာ နာပိ၊ယှဉ်အပ်ကုန်သော်လည်း။(ဝါ)ယှဉ်အပ်ကုန်သည်ရှိသော်။ဂဏန ဝသေန၊ရေတွက်ခြင်း ၏အစွမ်းဖြင့်။သတ္တရသဝ၊ခုနစ်ပါး အပြားဖြင့်သာလျှင်။သင်္ဂဟိတာ၊ရေတွက်အပ်ကုန်သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။

ဣတိ၊ဤသို့။တေသု၊ထိုအကုသိုလ်စိတ် တစ်ဆယ့်နှစ်ခုတို့၌။သတ္တဝိဓော၊ခုနစ်ပါး အပြားရှိသော။သင်္ဂဟော၊သင်္ဂဟနည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## အကုသိုလ်စိတ် သင်္ဂဟနည်း သင်္ဂဟဂါထာ

၅၁။အကုသလေသု၊အကုသိုလ်စိတ်တို့၌။သင်္ဂဟော၊သင်္ဂဟနည်းတို့သည်။ဧကူန ဝီသ၊တစ်ခုယုတ်နှစ်ဆယ်သော စေတသိက်တို့လည်းကောင်း။အဋ္ဌာရသ၊တစ်ဆယ့်ရှစ်ပါး သော စေတသိက်တို့လည်းကောင်း။ဝီသ၊နှစ်ဆယ်သော စေတသိက်တို့လည်းကောင်း။ဧကဝီ သ၊နှစ်ဆယ့်တစ်ပါးသော စေတသိက်တို့လည်းကောင်း။ဝီသတိ၊နှစ်ဆယ်သော စေတသိက် တို့လည်းကောင်း။ဒွါဝီသ၊နှစ်ဆယ့်နှစ်ပါးသော စေတသိက်တို့လည်းကောင်း။ပန္နရသ၊ တစ်ဆယ့်ငါးပါးသော စေတသိက်တို့လည်းကောင်း။ဣတိ၊ဤသို့။သတ္တဓာ၊ ခုနစ်ပါး အပြားဖြင့်။ဋ္ဌိတာ၊တည်ကုန်၏။

## အကုသလယောဂီ စေတသိက် ၁၄-ပါး

၅၂။စတ္တာရော၊လေးပါးကုန်သော။သာဓာရဏာ စ၊အကုသလသာဓာရဏစေတ သိက်တို့လည်းကောင်း။အပရေ၊ဆန္ဒ,ပီတိ,အဓိမောက္ခစေတသိက်တို့မှ တပါးကုန်သော။ဒသ၊ ဆယ်ပါးကုန်သော။သမာနာ စ၊အညသမာန်းစေတသိက်တို့လည်းကောင်း။ဣတိ၊ဤသို့။ စုဒ္ဒသ၊တစ်ဆယ့်လေးပါးကုန်သော။ဧတေ စေတသိကာ၊ထိုစေတသိက်တို့ကို။သဗ္ဗာကုသလ ယောဂိနော၊အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်ခြင်းရှိကုန်၏ဟူ၍။ပဝုစ္စန္တိ၊အပြား အားဖြင့် မိန့်အပ်ကုန်၏။

## အဟိတ်စိတ် သင်္ဂဟနည်း ၄-ပါး

၅၃။ပန၊အကုသိုလ်စိတ်၌ သင်္ဂဟနည်းမှတပါး အဟိတ်စိတ်သင်္ဂဟနည်းကိုဆိုအံ့

http://www.dhammadownload.com


အဟေတုကသေ့၊အဟိတ်စိတ်တစ်ဆယ့်ရှစ်ခုတို့တွင်။ဟသနစိတ္တေ၊ဟသိတုပ္ပါဒ် စိတ်၌၊
တာဝ၊ရှေးဦးစွာ။သင်္ဂဟော၊သင်္ဂဟနည်းကို။မယာ၊ငါသည်။ဝုစ္စတေ၊ဆိုအပ်၏။

ဟသနစိတ္တေ၊ဟသိတုပ္ပါဒ်စိတ်၌။ဆန္ဒဝဇ္ဇိတာ၊ဆန္ဒသည် ကြဉ်အပ်ကုန်သော။(ဝါ)
ဆန္ဒကို ကြဉ်ကုန်သော။အညသမာနာ၊အညသမာန်း အမည်ရှိကုန်သော။ဒွါဒသ၊တစ်ဆယ့်
နှစ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်
၏အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

၅၄။တထာ၊ထိုအတူ။ဝေါဋ္ဌပ္ပနေ၊ဝုဋ္ဌောစိတ်၌။ဆန္ဒ ပီတိဝဇ္ဇိတာ၊ဆန္ဒ,ပီတိသည်
ကြဉ်အပ်ကုန်သော။(ဝါ)ဆန္ဒ,ပီတိကိုကြဉ်ကုန်သော။အညသမာနာ၊အညသမာန်း အမည်
ကုန်သော။ဧကာဒသ၊တစ်ဆယ့်တစ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ေ
တွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်
အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

၅၅။သုခသန္တီရဏော၊သောမနဿသဟဂုတ် သန္တီရဏစိတ်၌။ဆန္ဒ ဝီရိယဝဇ္ဇိတာ
ဆန္ဒ,ဝီရိယသည် ကြဉ်အပ်ကုန်သော။(ဝါ)ဆန္ဒ,ဝီရိယကို ကြဉ်ကုန်သော။အညသမာန
အညသမာန်း အမည်ရှိကုန်သော။ဧကာဒသ၊တစ်ဆယ့်တစ်ပါးကုန်သော။ဓမ္မာ၊စေတသိ
တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသ
(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

၅၆။မနောဓာတုတ္တိကာ ဟေတုက ပဋိသန္ဓိယုဂဠေ၊မနောဓာတ် သုံးခု,အဟိ
ပဋိသန္ဓေ နှစ်ခုအစုံ၌။ဆန္ဒ ပီတိ ဝီရိယဝဇ္ဇိတာ၊ဆန္ဒ,ပီတိ,ဝီရိယသည် ကြဉ်အပ်ကုန်သေ
(ဝါ)ဆန္ဒ,ပီတိ,ဝီရိယကို ကြဉ်ကုန်သော။အညသမာနာ၊အညသမာန်း အမည်ရှိကုန်သေ
ဒသ၊ဆယ်ပါးကုန်သော။ဓမ္မာ၊စေတသိက်တို့သည်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွ
အပ်သည်၏ အဖြစ်သို့။(ဝါ)ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရော
ကုန်၏။

၅၇။ဒွိပဉ္စဝိညာဏေ၊ဒွေပဉ္စဝိညာဏ် တစ်ဆယ်၌။ပကိဏ္ဏကဝဇ္ဇိတာ၊ပကိဏ
စေတသိက်ခြောက်ခုသည် ကြဉ်အပ်ကုန်သော။(ဝါ)ပကိဏ်းစေတသိက် ခြောက်ခုကို ကြ
ကုန်သော။တေယေဝ၊ထိုခုနှစ်ပါးသော အညသမာန်းစေတသိက်(သဗ္ဗစိတ္တသာဓာရဏစေ
တသိက်)တို့ကိုသာလျှင်။သင်္ဂယှန္တိ၊ရေတွက်အပ်ကုန်၏။

ဣတိ၊ဤသို့။သဗ္ဗထာပိ၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း။အဋ္ဌာရသ
တစ်ဆယ့်ရှစ်ပါးကုန်သော။အဟေတုကေသု၊အဟိတ်စိတ်တို့၌။ဂဏနဝသေန၊ရေတွက်ခြ
၏အစွမ်းဖြင့်။စတုဓာဝ၊လေးပါးအပြားဖြင့်သာလျှင်။သင်္ဂဟော၊ရေတွက်ခြင်းသည်။ဟော
ဖြစ်၏။ဣတိ၊ဤသို့။တေသု၊ထိုအဟိတ်စိတ်တစ်ဆယ့်ရှစ်ခုတို့၌။စတုဗ္ဗိဓော၊လေးပါးအပြ

http://www.dhammadownload.com



ရှိသော။သင်္ဂဟော၊သင်္ဂဟနည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## အဟိတ်စိတ် သင်္ဂဟနည်း သင်္ဂဟဂါထာ

၅၈။အဋ္ဌာရသဟေတုကေသု စိတ္တုပ္ပါဒေသု၊တစ်ဆယ့်ရှစ်ပါးသော အဟိတ်စိတ်တို့၌။ဒွါဒသသု စ၊တစ်ဆယ့်နှစ်ပါးသော စေတသိက်တို့လည်းကောင်း။ဧကာဒသ စ၊တစ်ဆယ့်တစ်ပါးသော စေတသိက်တို့လည်းကောင်း။ဒသ စ၊ဆယ်ပါးသော စေတသိက်တို့လည်းကောင်း။သတ္တ စ၊ခုနှစ်ပါးသော စေတသိက်တို့လည်းကောင်း။ဣတိ၊ဤသို့။စတုဗ္ဗိဓာ၊လေးပါးအပြားရှိသော။သင်္ဂဟော၊သင်္ဂဟနည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## အဟိတ်စိတ်၌ အညသမာန်း စေတသိက်ယှဉ်ပုံ

၅၉။သဗ္ဗတ္ထ၊အလုံးစုံကုန်သော။အဟေတုကေသု၊အဟိတ်စိတ်တစ်ဆယ့်ရှစ်ခုတို့၌သတ္တ၊သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနှစ်ခုတို့သည်။ယုဇ္ဇန္တိ၊ယှဉ်ကုန်၏။

သေသာ၊ဆန္ဒမှကြွင်းသော ပကိဏ်းစေတသိက်ငါးခုတို့သည်။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ယုဇ္ဇန္တိ၊ယှဉ်ကုန်၏။ဣတိ၊ဤသို့။ဝိတ္ထာရတော၊အကျယ်အားဖြင့်။တေတ္တိံသဝိဓ သင်္ဂဟော၊သုံးဆယ့်သုံးပါး အပြားရှိသော သင်္ဂဟနည်းကို။မဟာ၊ငါသည်။ဝုတ္တော၊မိန့်အပ်ပြီ။

## စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ခြင်း

၆၀။ဣတ္တံ=ဝုတ္တဘေဒေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောအပြားအားဖြင့်။စိတ္တာဝိယုတ္တာနံ၊စိတ်၌အမြဲယှဉ်ကုန်သော စေတသိက်တို့၏။စိတ္တပရိစ္ဆေဒဝသေန၊စိတ်ကိုပိုင်းခြားသည်၏ အစွမ်းဖြင့်။ဝုတ္တံ၊မိန့်အပ်သော။သောဠသဝိဓံ၊တစ်ဆယ့်ခြောက်ပါးအပြားရှိသော။သမ္ပယောဂဉ္စ၊သမ္ပယောဂနည်းကိုလည်းကောင်း။စေတသိကရာသိ ပရိစ္ဆေဒဝသေန၊စေတသိက်တို့၏ အစုကို ပိုင်းခြားသည်၏ အစွမ်းဖြင့်။ဝုတ္တံ၊မိန့်အပ်သော။တေတ္တိံသဝိဓံ၊သုံးဆယ့်သုံးပါးအပြားရှိသော။သင်္ဂဟဉ္စ၊သင်္ဂဟနည်းကိုလည်းကောင်း။ဉာတဗ္ဗံ၊သိအပ်၏။ဥ တွာ၊သိပြီး၍။ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။စိတ္တေန၊စိတ်နှင့်။သမံ၊မျှသော။ဘေဒံ၊အပြားကို။ဥဒ္ဒိသေ၊ပြရာ၏။

## စေတသိက်ပိုင်း နိဂုံး

အဘိဓမ္မတ္ထသင်္ဂဟေ၊အဘိဓမ္မာ ခုနှစ်ကျမ်း၌ဟောတော်မူအပ်ကုန်သော အနက်တို့ကို အနက်တို့၏အကျဉ်းအားဖြင့် ယူရာယူကြောင်း သင်္ဂြိုဟ်ရာ သင်္ဂြိုဟ်ကြောင်း ဖြစ်ခြင်းကြောင့် အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသောကျမ်း၌။စေတသိကသင်္ဂဟဝိဘာဂေါ နာမ၊စေတသိကသင်္ဂဟကို ဝေဘန်ရာ,ဝေဘန်ကြောင်းမည်သော။ဒုတိယော၊နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ပရိစ္ဆေဒေါ၊အပိုင်းအခြားသည်။ဣတိ-သမတ္တော၊ပြီးပြီ။

## စေတသိက်ပိုင်း ပြီး၏။

http://www.dhammadownload.com



# ၃-ပကိဏ်းပိုင်း

## ပဋိညာဉ်နှင့် မာတိကာစဉ်

၁။ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။သမ္ပယုတ္တာ၊အညီအညွတ် အပြား အားဖြင့်ယှဉ်ကုန်သော။စိတ္တ စေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊တရားတို့သည်။သဘာဝတော၊အာရမ္မဏဝိဇာနန,ဖုသန,အစရှိသော မိမိ မိမိတို့၏တိစ္စလက္ခဏာ အပြားအားဖြင့်။တေပညာသ၊ငါးဆယ့်သုံးပါး အပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဒါနိ-ဣဒါနိ၊ယခုအခါ၌။တေသံ၊ထိုငါးဆယ့်သုံးပါးကုန်သော သဘောတရားတို့၏။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။

စိတ္တုပ္ပါဒဝသေနေဝ၊စိတ်,စေတသိက်တို့၏ အစွမ်းဖြင့်သာလျှင်။ဝေဒနာဟေတုတော၊ဝေဒနာအပြား,ဟိတ်အပြားအားဖြင့်လည်းကောင်း။ကိစ္စဒွါရာလမ္ဗဏဝတ္ထုတော၊ကိစ္စအပြား,ဒွါရအပြား,အာရုံအပြား,ဝတ္ထုအပြားအားဖြင့်လည်းကောင်း။သင်္ဂဟောနာမ၊ဝေဒနာဒိသင်္ဂဟအမည်ရှိသော ပကိဏ္ဏက သင်္ဂဟ၆-ပါးကို။မယာ၊ငါသည်။နီယတေ၊ဆောင်အပ်၏။

### ၁-ဝေဒနာသင်္ဂဟ

၃။တတ္ထ-တေသု ဆသုပကိဏ္ဏကသင်္ဂဟေသု၊ထိုခြောက်ပါးသော ပကိဏ္ဏက သင်္ဂဟတို့တွင်။ဝေဒနာ သင်္ဂဟော၊ဝေဒနာ သင်္ဂဟ၌။တာဝ၊ရှေးဦးစွာ။ဝေါ၊ဤသို့။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။

### ဝေဒနာ ၃-ပါး

ဝေဒနာ၊ဝေဒနာသည်။သုခဥ္စ၊သုခဝေဒနာလည်းကောင်း။ဒုက္ခဥ္စ၊ဒုက္ခဝေဒနာလည်းကောင်း။အဒုက္ခမသုခံ စ၊ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သောဥပေက္ခာဝေဒနာလည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့ အနုဘဝနလက္ခဏာ အပြားဖြင့်။တိဝိဓာ၊သုံးပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။

### ဝေဒနာ ၅-ပါး

ပန၊အနုဘဝန လက္ခဏမှတပါး ဣန္ဒြိယဘေဒကိုဆိုအံ့။ဝေဒနာ၊ဝေဒနာသည်။သုခဥ္စ၊သုခဝေဒနာလည်းကောင်း။ဒုက္ခဥ္စ၊ဒုက္ခဝေဒနာလည်းကောင်း။သောမနဿဥ္စ၊သောမနဿဝေဒနာလည်းကောင်း။ဒေါမနဿဥ္စ၊ဒေါမနဿဝေဒနာလည်းကောင်း။ဥပေက္ခာ စ၊ဥပေက္ခာဝေဒနာလည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သော ဣန္ဒြေအပြားဖြင့်။ပဥ္စဓာ၊ငါးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

### ဝေဒနာဖြင့် စိတ်ကိုဝေဘန်ခြင်း

၄။တတ္ထ၊ထိုဝေဒနာသင်္ဂဟ၌။(ဝါ)ထိုငါးပါးသော ဝေဒနာတို့တွင်။(ဝါ)ထိုငါးပါး သောဝေဒနာနှင့်တကွဖြစ်သော စိတ်တို့တွင်။သုခသဟဂတံ၊သုခဝေဒနာနှင့်တကွဖြစ်သော

http://www.dhammadownload.com


စိတ်သည်။ကုသလဝိပါကံ၊ကုသိုလ်၏အကျိုးဖြစ်သော။ကာယဝိညာဏမေကမေဝ၊ကာယ ဝိညာဏ်စိတ်တစ်ခုသာလျှင်။ဟောတိ၊ဖြစ်၏။

**ဒုက္ခဝေဒနာယှဉ်စိတ် ၁-ပါး**

တထာ၊ထို့အတူ။ဒုက္ခသဟဂတံ၊ဒုက္ခဝေဒနာနှင့်တကွဖြစ်သော စိတ်သည်။အကု သလဝိပါကံ၊အကုသိုလ်၏ အကျိုးဖြစ်သော။ကာယဝိညာဏမေကမေဝ၊ကာယဝိညာဏ်စိတ် တစ်ခုသည်သာလျှင်။ဟောတိ၊ဖြစ်၏။

**သောမနဿဝေဒနာယှဉ်စိတ် ၆၂-ပါး**

၅။ပန၊ဒုက္ခဝေဒနာမှတပါး သောမနဿဝေဒနာကိုဆိုအံ့။သောမနဿသဟဂတ စိတ္တာနိ၊သောမနဿဝေဒနာနှင့်တကွဖြစ်သောစိတ်တို့သည်။စတ္တာရိ၊လေးပါးကုန်သော။ လောဘမူလာနိစ၊လောဘမူစိတ်တို့လည်းကောင်း။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။ ကာမာဝစရသောဘနာနိစ၊ကာမာဝစရသောဘနစိတ်တို့လည်းကောင်း။ဒွေ၊နှစ်ပါးကုန်သော သုခသန္တီရဏဟသနာနိစ၊သောမနဿသဟဂုတ် သန္တီရဏ,ဟသိတုပ္ပါဒ်စိတ်တို့လည်း ကောင်း။ဣတိ၊ဤသို့။အဋ္ဌာရသ၊တစ်ဆယ့်ရှစ်ပါးကုန်သော။ကာမာဝစရသောမနဿ သဟဂတ စိတ္တာနိစေဝ၊ကာမာဝစရ သောမနဿ သဟဂုတ်စိတ်တို့လည်းကောင်း။ပဌမ ဒုတိယ တတိယ စတုတ္ထဈာနသင်္ခါတာနိ၊ပဌမဈာန်စိတ် ကောဒသ,ဒုတိယဈာန်စိတ် ကော ဒသ,တတိယဈာန်စိတ် ကောဒသ,စတုတ္ထဈာန်စိတ် ကောဒသဟု ဆိုအပ်ကုန်သော။စတု စတ္တာလီသ၊လေးဆယ့်လေးပါးကုန်သော။မဟဂ္ဂတလောကုတ္တရစိတ္တာနိစ၊မဟဂ္ဂုတ်,လော ကုတ္တရာစိတ်တို့လည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။ဒွါသဋ္ဌိ ဝိဓာနိ၊ခြောက်ဆယ့်နှစ်ပါး အပြားရှိကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

**ဒေါမနဿဝေဒနာယှဉ်စိတ် ၂-ပါး**

၆။ပန၊သောမနဿသဟဂုတ်မှတပါး ဒေါမနဿသဟဂုတ်ကိုဆိုအံ့။ဒေါမနဿ သဟဂတ စိတ္တာနိ၊ဒေါမနဿဝေဒနာနှင့်တကွ ဖြစ်သောစိတ်တို့သည်။ဒွေ၊နှစ်ပါးကုန်သော။ ပဋိဃသမ္ပယုတ္တ စိတ္တာနေဝ၊ပဋိဃသမ္ပယုတ် စိတ်တို့သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။

**ဥပေက္ခာဝေဒနာယှဉ်စိတ် ၅၅-ပါး**

၇။သေသာနိ၊သုခ,ဒုက္ခ,သောမနဿ,ဒေါမနဿ သဟဂုတ်စိတ်တို့မှ ကြွင်းကုန် သော။သဗ္ဗာနိပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ပဉ္စပညာသ၊ငါးဆယ့်ငါးပါးကုန်သော စိတ်တို့ သည်။ဥပေက္ခာသဟဂတ စိတ္တာနေဝ၊ဥပေက္ခာသဟဂုတ် စိတ်တို့သည်သာလျှင်။ဘဝန္တိ၊ဖြစ် ကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

**ဝေဒနာ ၅-ပါးယှဉ်ပုံ သင်္ဂဟဂါထာများ**

၈။တတ္ထ၊ထိုဝေဒနာသင်္ဂဟ၌။ဝေဒနာ၊ဝေဒနာသည်။သုခဥ္စ၊သုခဝေဒနာလည်း

http://www.dhammadownload.com


ကောင်း။ဒုက္ခဥ္စ၊ဒုက္ခဝေဒနာလည်းကောင်း။ဥပေက္ခာ စ၊ဥပေက္ခာဝေဒနာလည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့ အနုဘဝနလက္ခဏာ အပြားဖြင့်။တိဝိဓာ၊သုံးပါးအပြားရှိ သည်။ဟောတိ၊ဖြစ်၏။

ဝေဒနာ၊ဝေဒနာသည်။သုခဥ္စ၊သုခဝေဒနာလည်းကောင်း။ဒုက္ခဥ္စ၊ဒုက္ခဝေဒနာ လည်းကောင်း။သောမနဿဥ္စ၊သောမနဿဝေဒနာလည်းကောင်း။ဒေါမနဿဥ္စ၊ဒေါမနဿ ဝေဒနာလည်းကောင်း။ဥပေက္ခာ စ၊ဥပေက္ခာဝေဒနာလည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေ န၊ဤသို့ ဣန္ဒြေအပြားအားဖြင့်။ပဥ္စဓာ၊ငါးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

၉။သုခဥ္စ၊သုခဝေဒနာသည်လည်းကောင်း။ဒုက္ခဥ္စ၊ဒုက္ခဝေဒနာသည်လည်း ကောင်း။ကေဝလံ၊တစ်ခုသောစိတ်၌။ဋ္ဌိတံ၊တည်၏။ဒေါမနဿံ၊ဒေါမနဿဝေဒနာသည်။ ဒွယေ၊နှစ်ခု တို့၏ အပေါင်း၌။ဋ္ဌိတံ၊တည်၏။သောမနဿံ၊သောမနဿဝေဒနာသည်။ဒွါသဋ္ဌိ သု၊ခြောက် ဆယ့်နှစ်ပါးကုန်သော စိတ်တို့၌။ဋ္ဌိတံ၊တည်၏။ဣတရာ၊ဥပေက္ခာဝေဒနာသည်။ ပဥ္စပညာသကေ၊ငါးဆယ့်ငါးပါးသောစိတ်၌။ဋ္ဌိတာ၊တည်၏။

## ၂-ဟေတုသင်္ဂဟ

## ဟိတ် ၆-ပါး

၁၀။ဟေတုသင်္ဂဟေ၊ဟေတုသင်္ဂဟ၌။ဝေ၊ဤသို့။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။ မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။ဟေတူနာမ၊ဟိတ်တို့မည်သည်ကား။လောဘော စ၊လော ဘဟိတ်လည်းကောင်း။ဒေါသော စ၊ဒေါသဟိတ်လည်းကောင်း။မောဟော စ၊မောဟဟိတ် လည်းကောင်း။အလောဘော စ၊အလောဘဟိတ်လည်းကောင်း။အဒေါသော စ၊အဒေါသ ဟိတ်လည်းကောင်း။အမောဟော စ၊အမောဟဟိတ်လည်းကောင်း။ဣတိ-ဣမိနာ ပဘေ ဒေန၊ဤသို့သော အပြားအားဖြင့်။ဆဗ္ဗိဓာ၊ခြောက်ပါး အပြားရှိကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

## ဟိတ်ဖြင့် စိတ်ကိုဝေဘန်ခြင်း

## အဟိတ်စိတ် ၁၈-ပါး

၁၁။တတ္ထ၊ထိုဟေတုသင်္ဂဟ၌။(ဝါ)ထိုခြောက်ပါးသောဟိတ်တို့တွင်။(ဝါ)ထို ခြောက်ပါးသော ဟိတ်ရှိ,မရှိသော စိတ်တို့တွင်။ပဉ္စဒွါရာဝဇ္ဇန,ဒွိပဉ္စဝိညာဏ,သမ္ပဋိစ္ဆန, သန္တီ ရဏ,ဝေါဋ္ဌပ္ပန,ဟသနဝသေန၊ပဉ္စဒွါရဝဇ္ဇန်း,ဒွေပဉ္စဝိညာဏ် တစ်ဆယ်,သမ္ပဋိစ္ဆိုင်းဒွေ,သန္တီရ ဏသုံးခု,ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း),ဟသိတုပ္ပါဒ်စိတ်တို့၏ အစွမ်းဖြင့်။အဋ္ဌာရသ၊တစ်ဆယ့် ရှစ်ပါးကုန်သော စိတ်တို့သည်။အဟေတုက စိတ္တာနိနာမ၊သမ္ပယုတ်ဟိတ် မရှိသည်၏အဖြစ် ကြောင့် အဟိတ်စိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## သဟိတ်စိတ် ၇၁-ပါး

၁၂။သေသာနိ၊အဟိတ်စိတ် အဋ္ဌာရသမှကြွင်းကုန်သော။သဗ္ဗာနိပိ၊အလုံးစုံ

http://www.dhammadownload.com



သည်း ဖြစ်ကုန်သော။ကေသတ္တတိ စိတ္တာနိ၊ခုနှစ်ဆယ့်တစ်ပါးသော စိတ်တို့သည်။သဟေတု ကာနေဝ၊သမ္ပယုတ်ဟိတ်ရှိသည်၏ အဖြစ်ကြောင့် သဟိတ်စိတ်ဟူသောအမည်ရှိကုန်သည် သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။

**ဧကဟိတ်စိတ် ၂-ပါး**

**၁၃။**တတ္ထာပိ၊ထိုသဟိတ်စိတ် ကေသတ္တတိတို့တွင်လည်း။ဒွေ၊နှစ်ပါးကုန်သော။ မောမူဟ စိတ္တာနိ၊မောဟမူစိတ်တို့သည်။ဧကဟေတုကာနိ၊ဟိတ်တစ်ခုသာရှိသည်၏ အဖြစ် ကြောင့် ဧကဟိတ်စိတ်ဟူသော အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**ဒွိဟိတ်စိတ် ၂၂-ပါး**

**၁၄။**သေသာနိ၊မောဟမူဒွေမှကြွင်းကုန်သော။ဒသ၊ဆယ်ပါးကုန်သော။အကုသ လစိတ္တာနိစေဝ၊အကုသိုလ်စိတ်တို့လည်းကောင်း။ဉာဏဝိပ္ပယုတ္တာနိ၊ဉာဏဝိပ္ပယုတ်ဖြစ်ကုန် သော။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။ကာမာဝစရသောဘနာနိစ၊ကာမာဝစရသောဘန စိတ်တို့လည်းကောင်း။ဣတိ၊ဤသို့။ဒွါဝီသတိ၊နှစ်ဆယ့်နှစ်ပါးသောစိတ်တို့သည်။ဒွိဟေတုက စိတ္တာနိနာမ၊ဟိတ်နှစ်ပါးရှိသည်၏ အဖြစ်ကြောင့် ဒွိဟိတ်စိတ်ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

**တိဟိတ်စိတ် ၄၇-ပါး**

**၁၅။**ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။ဉာဏသမ္ပယုတ္တ ကာမာဝစရသောဘနာ နိစေဝ၊ဉာဏသမ္ပယုတ် ကာမာဝစရသောဘနစိတ်တို့လည်းကောင်း။ပဉ္စတ္တိံသ၊သုံးဆယ့်ငါး ပါးကုန်သော။မဟဂ္ဂတ လောကုတ္တရစိတ္တာနိ စ၊မဟဂ္ဂုတ်,လောကုတ္တရာစိတ်တို့လည်း ကောင်း။ဣတိ၊ဤသို့။သတ္တစတ္တာလီသ၊လေးဆယ့်ခုနှစ်ပါးသောစိတ်တို့သည်။တိဟေတုက စိတ္တာနိ၊ဟိတ်သုံးပါးရှိသည်၏ အဖြစ်ကြောင့် တိဟိတ်စိတ်ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

**ဟိတ် ၆-ပါးနှင့်ယှဉ်ပုံ သင်္ဂဟဂါထာ**

**အကုသိုလ်ဟိတ် ၃-ပါး**

**၁၆။**အကုသလာ၊အကုသိုလ်ဖြစ်ကုန်သော။ဟေတူ၊ဟိတ်တို့သည်။လောဘောစ၊ လောဘဟိတ်လည်းကောင်း။ဒေါသော စ၊ဒေါသဟိတ်လည်းကောင်း။မောဟော စ၊မောဟ ဟိတ်လည်းကောင်း။ဣတိ၊ဤသို့။တယော၊သုံးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**ကုသိုလ်ဟိတ် ၃-ပါး**

ကုသလာဗျာကတာ၊ကုသိုလ်,အဗျာကတဖြစ်ကုန်သော။ဟေတူ၊ဟိတ်တို့သည်။ အလောဘော စ၊အလောဘဟိတ်လည်းကောင်း။အဒေါသော စ၊အဒေါသဟိတ်လည်း ကောင်း။အမောဟော စ၊အမောဟဟိတ်လည်းကောင်း။ဣတိ၊ဤသို့။တထာ၊ထို့အတူ။

http://www.dhammadownload.com



တယောၤသုံးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၁၇။အပေဟတုကာ၊အဟိတ်စိတ်တို့ကို။အဋ္ဌာရသ၊တစ်ဆယ့်ရှစ်ပါးအပြားရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။ဧကဟေတုကာ၊ဧကဟိတ်စိတ်တို့ကို။ဒွေ၊နှစ်ပါးအပြားရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။ဒွိဟေတုကာ၊ဒွိဟိတ်စိတ်တို့ကို။ဒွါဝီသတိ၊နှစ်ဆယ့်နှစ်ပါးအပြားရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။တိဟေတုကာ၊တိဟိတ်စိတ်တို့ကို။သတ္တစတ္တာလီသ၊လေးဆယ့်ခုနှစ်ပါး အပြားရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။

## ၃-ကိစ္စသင်္ဂဟ

## ကိစ္စ ၁၄-ပါး

၁၈။ကိစ္စသင်္ဂဟေ၊ကိစ္စသင်္ဂဟ၌။ဓါ၊ဤသို့။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။ကိစ္စာနိ နာမ၊ကိစ္စတို့မည်သည်ကား-ပဋိသန္ဓိ ဘဝင်္ဂါဝဇ္ဇန ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ဇဝန တဒါရမ္မဏ စုတိဝသေန၊ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,အာဝဇ္ဇန်းကိစ္စ,ဒဿနကိစ္စ,သဝနကိစ္စ,ဃာယနကိစ္စ,သာယနကိစ္စ,ဖုသနကိစ္စ,သမ္ပဋိစ္ဆိုင်းကိစ္စ,သန္တီရဏကိစ္စ,ဝုဋ္ဌောကိစ္စ,ဇောကိစ္စ,တဒါရုံကိစ္စ,စုတိကိစ္စတို့၏အစွမ်းဖြင့်။စုဒ္ဒသဝိဓာနိ၊တစ်ဆယ့်လေးပါးအပြားရှိကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

## ဌာန ၁၀-ပါး

၁၉။ပန၊ကိစ္စမှတပါး ဌာနကိုဆိုအံ့။တေသံ၊ထိုကိစ္စတပ်သောစိတ်တို့၏။ဌာနဘေဒေါ၊ဌာနအပြားကို။ပဋိသန္ဓိ ဘဝင်္ဂါဝဇ္ဇန ပဉ္စဝိညာဏ ဌာနာဒိဝသေန၊ပဋိသန္ဓေဌာန,ဘဝင်ဌာန,အာဝဇ္ဇန်းဌာန,ပဉ္စဝိညာဏ်ဌာန အစရှိသည်တို့၏ အစွမ်းအားဖြင့်။(ဝါ)ပဋိသန္ဓေဌာန,ဘဝင်ဌာန,အာဝဇ္ဇန်းဌာန,ပဉ္စဝိညာဏ်ဌာန,သမ္ပဋိစ္ဆိုင်းဌာန,သန္တီရဏဌာန,ဝုဋ္ဌောဌာန,ဇောဌာန,တဒါရုံဌာန,စုတိဌာနတို့၏ အစွမ်းအားဖြင့်။ဒသဓာ-ဒသဝိဓော၊ဆယ်ပါးအပြားရှိ၏ဟူ၍။ဝေဒိတဗ္ဗော၊သိအပ်၏။

## ကိစ္စ,ဌာနတို့ဖြင့် စိတ်ကိုဝေဘန်ခြင်း

## ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စတပ်သောစိတ် ၁၉-ပါး

၂၀။တတ္ထ၊ထိုကိစ္စသင်္ဂဟ၌။(ဝါ)ထိုကိစ္စ,ဌာနနှစ်ပါးတို့တွင်။(ဝါ)ထိုကိစ္စ,ဌာနတပ်သော စိတ်တို့တွင်။ဒွေ၊နှစ်ပါးကုန်သော။ဥပေက္ခာသန္တီရဏာနိ စေဝ၊ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်တို့လည်းကောင်း။အဋ္ဌ၊ရှစ်ပါးကုန်သော။မဟာဝိပါကာနိ စ၊မဟာဝိပါတ်စိတ်တို့လည်းကောင်း။နဝ၊ကိုးပါးကုန်သော။ရူပါရူပဝိပါကာနိ စ၊ရူပဝိပါက်,အရူပဝိပါက်စိတ်တို့လည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။ဧကူနဝီသတိ စိတ္တာနိ၊တစ်ခုယုတ်နှစ်ဆယ်သော စိတ်တို့သည်။ပဋိသန္ဓိ ဘဝင် စုတိကိစ္စာနိနာမ၊ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စတပ်သော စိတ်မည်ကုန်၏။

http://www.dhammadownload.com



## အာဝဇ္ဇန်းကိစ္စတပ်သောစိတ် ၂-ပါး

၂၁။ပန၊သုံးကိစ္စတပ်သောစိတ်မှတပါး တစ်ကိစ္စတပ်သောစိတ်ကိုဆိုအံ့။အာဝဇ္ဇန ကိစ္စာနိ၊အာဝဇ္ဇန်းကိစ္စတပ်သော စိတ်တို့သည်။ဒွေ၊ပဉ္စဒွါရာဝဇ္ဇန်းနှင့်မနောဒွါရာဝဇ္ဇန်း နှစ်ပါးတို့တည်း။

## ဒဿနကိစ္စစသည် တပ်သောစိတ် ၂-ပါးစီ

၂၂။ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆနကိစ္စာနိ စ၊ဒဿနကိစ္စ, သဝနကိစ္စ,ဃာယနကိစ္စ,သာယနကိစ္စ,ဖုသနကိစ္စ,သမ္ပဋိစ္ဆိုင်းကိစ္စတပ်သော စိတ်တို့သည် လည်း။တထာ၊ထို့အတူ။ဒွေ၊နှစ်ပါးတို့တည်း။

## သန္တီရဏကိစ္စ တပ်သောစိတ် ၃-ပါး

၂၃။သန္တီရဏကိစ္စာနိ၊သန္တီရဏကိစ္စတပ်သော စိတ်တို့သည်။တီဏိ၊သုံးပါး တို့တည်း။

## ဝုဋ္ဌောကိစ္စတပ်သောစိတ် ၁-ပါး

၂၄။မနောဒွါရာဝဇ္ဇနမေဝ၊မနောဒွါရာဝဇ္ဇန်းသည်ပင်လျှင်။ပဉ္စဒွါရေ၊ပဉ္စဒွါရ၌။ ဝေါဋ္ဌပ္ပနကိစ္စံ၊ဝုဋ္ဌောကိစ္စကို။သာဓေတိ၊ပြီးစေတတ်၏။

## ဇောကိစ္စတပ်သောစိတ် ၅၅-ပါး

၂၅။အာဝဇ္ဇနဒွယဝဇ္ဇိတာနိ၊အာဝဇ္ဇန်းဒွေသည် ကြဉ်အပ်ကုန်သော။ပဉ္စပညာသ၊ ငါးဆယ့်ငါးပါးကုန်သော။ကုသလာကုသလဖလကိရိယ စိတ္တာနိ၊ကုသိုလ်,အကုသိုလ်,ဖိုလ်, ကိရိယာစိတ်တို့သည်။ဇဝနကိစ္စာနိနာမ၊ဇောကိစ္စတပ်သော စိတ်မည်ကုန်၏။

## တဒါရုံကိစ္စတပ်သောစိတ် ၁၁-ပါး

၂၆။အဋ္ဌ၊ရှစ်ပါးကုန်သော။မဟာဝိပါကာနိ စေဝ၊မဟာဝိပါက်စိတ်တို့လည်း ကောင်း။သန္တီရဏတ္တယဉ္စ၊သန္တီရဏစိတ်သုံးခုတို့၏ အပေါင်းလည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သော အပြားဖြင့်။ဧကာဒသ၊တစ်ဆယ့်တစ်ပါးကုန်သော စိတ်တို့သည်။ တဒါရမ္မဏကိစ္စာနိနာမ၊တဒါရုံကိစ္စတပ်သော စိတ်မည်ကုန်၏။

## ဆိုင်ရာစိတ်တို့ တပ်နိုင်သည့် ကိစ္စများ

## ငါးကိစ္စတပ်သောစိတ် ၂-ပါး

၂၇။ပန၊အစိတ်မှတပါး အပေါင်းကိုဆိုအံ့။တေသု၊ထိုကိစ္စ,ဌာနတပ်သော စိတ် အပေါင်းတို့တွင်။ဒွေ၊နှစ်ပါးကုန်သော။ဥပေက္ခာသဟဂတ သန္တီရဏစိတ္တာနိ၊ဥပေက္ခာသဟ ဂုတ် သန္တီရဏစိတ်တို့သည်။ပဋိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏ သန္တီရဏဝသေန၊ပဋိသန္ဓေ ကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စ,တဒါရုံကိစ္စ,သန္တီရဏကိစ္စတို့၏ အစွမ်းဖြင့်။ပဉ္စကိစ္စာနိ နာမ၊ငါးကိစ္စ တပ်သော စိတ်မည်ကုန်၏။

http://www.dhammadownload.com



## လေးကိစ္စတပ်သောစိတ် ၈-ပါး

၂၈။အဋ္ဌ၊ရှစ်ပါးကုန်သော။မဟာဝိပါကာနိ၊မဟာဝိပါက်စိတ်တို့သည်။ပဋိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏာဝသေန၊ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စ,တဒါရုံကိစ္စတို့၏ အစွမ်းဖြင့်။စတုကိစ္စာနိ နာမ၊လေးကိစ္စတပ်သော စိတ်မည်ကုန်၏။

## သုံးကိစ္စတပ်သောစိတ် ၉-ပါး

၂၉။နဝ၊ကိုးပါးကုန်သော။မဟဂ္ဂတဝိပါကာနိ၊မဟဂ္ဂုတ်ဝိပါက်စိတ်တို့သည်။ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စတို့၏ အစွမ်းဖြင့်။တိကိစ္စာနိ နာမ၊သုံးကိစ္စတပ်သောစိတ် မည်ကုန်၏။

## နှစ်ကိစ္စတပ်သောစိတ် ၂-ပါး

၃၀။သောမနဿ သန္တီရဏံ၊သောမနဿသဟဂုတ် သန္တီရဏစိတ်သည်။သန္တီရဏ တဒါရမ္မဏ ဝသေန၊သန္တီရဏကိစ္စ,တဒါရုံကိစ္စတို့၏ အစွမ်းဖြင့်။ဒုကိစ္စံ၊နှစ်ကိစ္စတပ်သော စိတ်မည်၏။

၃၁။ဝေါဋ္ဌပ္ပနံ၊ဝုဋ္ဌောစိတ်(မနောဒွါရာဝဇ္ဇန်းစိတ်)သည်။ဝေါဋ္ဌပ္ပနာဝဇ္ဇနဝသေန၊ဝုဋ္ဌောကိစ္စ,အာဝဇ္ဇန်းကိစ္စတို့၏ အစွမ်းဖြင့်။တထာ၊ထို့အတူ။ဒုကိစ္စံ၊နှစ်ကိစ္စတပ်သောစိတ် မည်၏။

## တစ်ကိစ္စတပ်သောစိတ် ၆၈-ပါး

၃၂။ပန၊အနေကကိစ္စမှတပါး ဧကကိစ္စကိုဆိုအံ့။သေသာနိ၊ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော။သဗ္ဗာနိပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဇဝနမနောဓာတုတ္တိက ဒွိပဉ္စဝိညာဏာနိ၊ဇောငါးဆယ့်ငါးခု,မနောဓာတ် သုံးခု,ဒွေပဉ္စဝိညာဏ် တစ်ဆယ်တို့သည်။ယထာသမ္ဘဝံ၊ဖြစ်သင့်သည်အားလျော်စွာ။ဧကကိစ္စာနိ၊တစ်ကိစ္စတပ်သောစိတ် မည်ကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

## ကိစ္စ,ဌာနနှင့်တပ်သောစိတ်ပြ သင်္ဂဟဂါထာများ

၃၃။ပဋိသန္ဓာဒယော နာမ၊ပဋိသန္ဓေအစရှိသည် မည်ကုန်သော။စိတ္တုပ္ပါဒါ၊စိတ်,စေတသိက်တို့ကို။ကိစ္စဘေဒေန၊ကိစ္စတို့၏အပြားဖြင့်။စုဒ္ဒသ၊တစ်ဆယ့်လေးပါးအပြားရှိကုန်၏ဟူ၍။ပကာသိတာ၊ပြအပ်ကုန်၏။ဌာနဘေဒေန၊ဌာနတို့၏အပြားဖြင့်။ဒသဓာ၊ဆယ်ပါးအပြားရှိကုန်၏ဟူ၍။ပကာသိတာ၊ပြအပ်ကုန်၏။

၃၄။ဧက ဒွိ တိ စတုပ္ပဉ္စကိစ္စဋ္ဌာနာနိ၊တစ်ကိစ္စ,တစ်ဌာန,နှစ်ကိစ္စ,နှစ်ဌာန,သုံးကိစ္စ,သုံးဌာန,လေးကိစ္စ,လေးဌာန,ငါးကိစ္စ,ငါးဌာနတပ်သော စိတ်တို့ကို။ယထာက္ကမံ၊အစဉ်အတိုင်း။အဋ္ဌသဋ္ဌိ၊ခြောက်ဆယ့်ရှစ်ပါး အပြားရှိကုန်၏ဟူ၍လည်းကောင်း။တထာ၊ထို့မြို့။ဒွေ၊နှစ်ပါးအပြားရှိကုန်၏ ဟူ၍လည်းကောင်း။နဝ၊ကိုးပါးအပြားရှိကုန်၏ ဟူ၍လည်းကောင်း။

http://www.dhammadownload.com



အဌ စရှစ်ပါးအပြားရှိကုန်၏ ဟူ၍လည်းကောင်း။ဒွေ စနှစ်ပါးအပြားရှိကုန်၏ ဟူ၍လည်း ကောင်း။နိဒ္ဒိသေ၊ပြရာ၏။(ဝါ)ပြလေ့။

## ၄-ဒွါရသင်္ဂဟ
## ဒွါရ ၆-ပါး

၃၅။ဒွါရသင်္ဂဟေ၊ဒွါရသင်္ဂဟ၌။ဝေါဏ္ဏိသ္မိ၊ဝိဘာဂေ၊ဝေဘန်ခြင်းကို။ဝေဒိတဗ္ဗော၊ သိအပ်၏။ဒွါရာနိနာမ၊ဒွါရတို့မည်သည်ကား။စက္ခုဒွါရဉ္စ၊စက္ခုဒွါရလည်းကောင်း။သောတဒွါ ရဉ္စ၊သောတဒွါရလည်းကောင်း။ဃာနဒွါရဉ္စ၊ဃာနဒွါရလည်းကောင်း။ဇိဝှါဒွါရဉ္စ၊ဇိဝှါဒွါရလည်း ကောင်း။ကာယဒွါရဉ္စ၊ကာယဒွါရလည်းကောင်း။မနောဒွါရဉ္စ၊မနောဒွါရလည်းကောင်း။ဣတိ ဣမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။ဆဗ္ဗိဓာနိ၊ခြောက်ပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။

## ဒွါရဖြင့် စိတ်ကိုဝေဘန်ခြင်း
## စက္ခုဒွါရ မည်ပုံ

၃၆။တတ္ထ၊ထိုခြောက်ပါးသော ဒွါရတို့တွင်။စက္ခုမေဝ၊ပသာဒ စက္ခုသည်ပင်လျှင်။ စက္ခုဒွါရံ၊စက္ခုဒွါရမည်၏။

## သောတဒွါရစသည် မည်ပုံ

၃၇။တထာ၊ထို့အတူ။သောတာဒယော၊ပသာဒ သောတအစရှိသည်တို့သည်။ (ဝါ)ပသာဒ သောတ,ပသာဒဃာန,ပသာဒဇိဝှါ,ပသာဒကာယတို့သည်။သောတဒွါရာဒီနိ၊ သောတဒွါရ အစရှိသည်မည်ကုန်၏။(ဝါ)သောတဒွါရ,ဃာနဒွါရ,ဇိဝှါဒွါရ,ကာယဒွါရမည် ကုန်၏။

## မနောဒွါရ မည်ပုံ

၃၈။ပန၊ပဉ္စဒွါရမှတပါး မနောဒွါရကိုဆိုအံ့။(ဝါ)ရုပ်ဒွါရမှတပါး နာမ်ဒွါရကိုဆိုအံ့။ (ဝါ)သုဒ္ဓမှတပါး မိဿကကိုဆိုအံ့။ဘဝင်္ဂံ၊ဘဝင်္ဂပစ္စေဒ တစ်ဆယ့်ကိုးခုကို(ဝါ)ဘဝင်ကိစ္စ တပ်ခိုက် ပဋိသန္ဓေဝိပါက်စိတ် ၁၉-ပါးကို)။မနောဒွါရန္တိ၊မနောဒွါရဟူ၍။(ဝါ)အာဝဇ္ဇန်းအစ ရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဟူ၍(ဝါ)ဘဝင်္ဂပစ္စေဒ တစ်ဆယ့်ကိုးခုကိုပင်လျှင် မနောဒွါရာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

## စက္ခုဒွါရ၌ဖြစ်သောစိတ် ၄၆-ပါး

၃၉။တတ္ထ၊ထိုဒွါရသင်္ဂဟ၌။(ဝါ)ထိုခြောက်ပါးသောဒွါရတို့တွင်။(ဝါ)ထိုခြောက်ပါး သောဒွါရတို့၌ဖြစ်သော စိတ်တို့တွင်။စက္ခုဒွါရေ၊စက္ခုဒွါရ၌။ပဉ္စဒွါရာဝဇ္ဇန စက္ခုဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝန တဒါရမ္မဏဝသေန၊ပဉ္စဒွါရာဝဇ္ဇန်း,စက္ခု

http://www.dhammadownload.com



ဝိညာဏ်ဒွေ့,သမ္ပဋိစ္ဆိုင်းဒွေ့,သန္တီရဏာသုံးခု,ဝုဋ္ဌော,ကာမဇော တစ်ခုယုတ်သုံးဆယ်,တဒါရုံ ဧကာဒသတို့၏ အစွမ်းအားဖြင့်။ဆစတ္တာလီသစိတ္တာနိ၊လေးဆယ့်ခြောက်ပါးသောစိတ်တို့ သည်။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။

## သောတဒွါရ၌ဖြစ်သောစိတ်

တထာ၊ထို့အတူ။သောတဒွါရာဒီသုပိ၊သောတဒွါရ အစရှိသည်တို့၌လည်း။(ဝါ) သောတဒွါရ,ဃာနဒွါရ,ဇိဝှါဒွါရ,ကာယဒွါရတို့၌လည်း။ပဉ္စဒွါရာဝဇ္ဇန သောတဝိညာဏာဒိဝ သေန၊ပဉ္စဒွါရာဝဇ္ဇန်း,သောတဝိညာဏ်အစရှိသည်တို့၏ အစွမ်းဖြင့်။(ဝါ)ပဉ္စဒွါရာဝဇ္ဇန်း, သောတဝိညာဏ်၊ပဉ္စဒွါရာဝဇ္ဇန်း,ဃာနဝိညာဏ်၊ပဉ္စဒွါရာဝဇ္ဇန်း,ဇိဝှါဝိညာဏ်၊ပဉ္စဒွါရာဝဇ္ဇန်း, ကာယဝိညာဏ်,သမ္ပဋိစ္ဆိုင်းဒွေ့,သန္တီရဏ သုံးခု,ဝုဋ္ဌော,ကာမဇောတစ်ခုယုတ် သုံးဆယ်,တဒါရုံ ဧကာဒသတို့၏ အစွမ်းဖြင့်။ဆစတ္တာလီသေဝ၊လေးဆယ့်ခြောက်ပါးသော စိတ်တို့သည်သာ လျှင်။ဘဝန္တိ၊ဖြစ်ကုန်၏။

ဣတိ၊ဤသို့။သဗ္ဗထာပိ၊အလုံးစုံသော အခြင်းအရာအားဖြင့်လည်း။ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။စတုပညာသ၊ငါးဆယ့်လေးပါးကုန်သော။စိတ္တာနိ၊စိတ်တို့သည်။ကာမာဝစရာနေဝ၊ ကာမာဝစရ စိတ်တို့သည်သာလျှင်။ဘဝန္တိ၊ဖြစ်ကုန်၏။

## မနောဒွါရ၌ဖြစ်သောစိတ် ၆၇-ပါး

၄၀။ပန၊ပဉ္စဒွါရမှတပါး မနောဒွါရကိုဆိုအံ့။မနောဒွါရေ၊မနောဒွါရ၌။မနောဒွါရာ ဝဇ္ဇန ပဉ္စပညာသဇဝန တဒါရမ္မဏဝသေန၊မနောဒွါရာဝဇ္ဇန်း,ဇောငါးဆယ့်ငါးခု,တဒါရုံ ဧကာဒသတို့၏ အစွမ်းဖြင့်။သတ္တသဋ္ဌိစိတ္တာနိ၊ခြောက်ဆယ့်ခုနစ်ပါးကုန်သော စိတ်တို့သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။

## ဒွါရဝိမုတ်စိတ်

၄၁။ဧကူနဝီသတိ၊(ဥပေက္ခာသန္တီရဏ ၂-ခု,မဟာဝိပါက် ၈-ခု,မဟဂ္ဂုတ်ဝိပါက် ၉-ခုအားဖြင့်)တစ်ခုယုတ် နှစ်ဆယ်သောစိတ်တို့သည်။ပဋိသန္ဓိဘဝင်စုတိဝသေန၊ပဋိသန္ဓေ, ဘဝင်,စုတိတို့၏အစွမ်းအားဖြင့်။ဒွါရဝိမုတ္တာနိ၊ဒွါရခြောက်ပါးမှ လွတ်သောစိတ်တို့ မည် ကုန်၏။

## ဒွါရ၌ဖြစ်သော စိတ်များ
## တစ်ဒွါရ၌ဖြစ်သောစိတ် ၃၆-ပါး

၄၂။ပန၊အစိတ်မှတပါး အပေါင်းကိုဆိုအံ့။တေသု၊ထိုဆဒွါရိကစိတ် အပေါင်းတို့ တွင်။ပဉ္စဝိညာဏာနိ စေဝ၊ဒွေပဉ္စဝိညာဏ်တစ်ဆယ်တို့လည်းကောင်း။မဟဂ္ဂတလောကုတ္တ ရာ ဇဝနာနိစ၊မဟဂ္ဂုတ်,လောကုတ္တရာဇော နှစ်ဆယ့်ခြောက်ခုတို့လည်းကောင်း။ဣတိ- ဣမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။ဆတ္တိံသ၊သုံးဆယ့်ခြောက်ပါးကုန်သော

http://www.dhammadownload.com



စိတ်တို့သည်။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ဧကဒွါရိက စိတ္တာနိနာမ၊တစ်ဒွါရ၌ဖြစ်သော စိတ်တို့မည်ကုန်၏။

**ငါးဒွါရ၌ဖြစ်သောစိတ် ၃-ပါး**

၄၃။ပန၊တစ်ဒွါရ၌ဖြစ်သောစိတ်မှတပါး ငါးဒွါရ၌ဖြစ်သောစိတ်ကိုဆိုအံ့။မနောဓာတုတ္တိကံ၊မနောဓာတ်သုံးခုသည်။ပဉ္စဒွါရိကံ။ငါးဒွါရ၌ဖြစ်၏။

**ခြောက်ဒွါရ၌ဖြစ်သောစိတ် ၃၁-ပါး**

၄၄။သုခသန္တီရဏ ဝေါဋ္ဌပ္ပန ကာမာဝစရ ဇဝနာနိ၊သောမနဿသဟဂုတ် သန္တီရဏ,ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း),ကာမဇော တစ်ခုယုတ်သုံးဆယ်တို့သည်။ဆဒွါရိက စိတ္တာနိနာမ၊ခြောက်ဒွါရ၌ဖြစ်သော စိတ်တို့မည်ကုန်၏။

**ရံခါခြောက်ဒွါရ၌ဖြစ်၍ ရံခါခြောက်ဒွါရမှ လွတ်သောစိတ် ၁၀-ပါး**

၄၅။ဥပေက္ခာသဟဂတသန္တီရဏ မဟာဝိပါကာနိ၊ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် နှစ်ခု,မဟာဝိပါက်စိတ် ရှစ်ခုတို့သည်။ဆဒွါရိကာနိ စေဝ၊ရံခါခြောက်ဒွါရ၌လည်း ဖြစ်ကုန်၏။ဒွါရဝိမုတ္တာနိစ၊ရံခါခြောက်ဒွါရမှလည်း လွတ်ကုန်၏။

**ခြောက်ဒွါရမှ အမြဲတမ်းလွတ်သောစိတ် ၉-ပါး**

၄၆။မဟဂ္ဂတ ဝိပါကာနိ၊မဟဂ္ဂုတ်ဝိပါက် ကိုးခုတို့သည်။ဒွါရဝိမုတ္တာနေဝ၊အချင်းခပ်သိမ်း ခြောက်ဒွါရမှလွတ်ကုန်သည်သာလျှင်တည်း။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

**ဒွါရ၌ဖြစ်သောစိတ် သင်္ဂဟဂါထာများ**

၄၇။ဧကဒွါရိက စိတ္တာနိစ၊တစ်ဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်းကောင်း။ပဉ္စဆဒွါရိကာနိစ၊ငါးဒွါရ၌ဖြစ်သောစိတ်,ခြောက်ဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်းကောင်း။ဆဒွါရိကဝိမုတ္တာနိစ၊ရံခါခြောက်ဒွါရ၌ဖြစ်၍,ရံခါခြောက်ဒွါရမှလွတ်သော စိတ်တို့ကိုလည်းကောင်း။သဗ္ဗထာ၊အချင်းခပ်သိမ်း။ဝိမုတ္တာနိစ၊ခြောက်ဒွါရမှလွတ်သော စိတ်တို့ကိုလည်းကောင်း။ ယထာက္ကမံ၊အစဉ်အတိုင်း။ဆတ္တိံသတိစ၊သုံးဆယ့်ခြောက်ပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။တထာ၊ထို့မြို့။တီဏိ စ၊သုံးပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။ဧကတ္တိံသစ၊သုံးဆယ့်တစ်ပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။ဒသဓာ စ၊ဆယ်ပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။နဝဓာ စ၊ကိုးပါးအပြားရှိကုန်၏ဟူ၍လည်းကောင်း။ဣတိ၊ဤသို့။ပဉ္စဓာ၊ငါးပါးအပြားဖြင့်။ပရိဒီပယေ၊ပြရာ၏။

**၅-အာရမ္မဏ သင်္ဂဟ**

**အာရုံ ၆-ပါး**

၄၈။အာလမ္ဗဏသင်္ဂဟေ၊အာရမ္မဏသင်္ဂဟ၌။ဧဝံ၊ဤသို့။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။(တစ်နည်းကား)အာလမ္ဗဏသင်္ဂဟေ၊အာရမ္မဏသင်္ဂဟ၌။ဧဝံ-

http://www.dhammadownload.com


က္ကမိနာ ဝုစ္စမာန နယေန၊ဤသို့ဆိုလတ္တံ့သောနည်းဖြင့်။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။

အာရမ္မဏာနိနာမ၊အာရုံတို့မည်သည်ကား-ရူပါရမ္မဏဥ္စ၊ရူပါရုံလည်းကောင်း။ သဒ္ဒါရမ္မဏဥ္စ၊သဒ္ဒါရုံလည်းကောင်း။ဂန္ဓာရမ္မဏဥ္စ၊ဂန္ဓာရုံလည်းကောင်း။ရသာရမ္မဏဥ္စ၊ရသာ ရုံလည်းကောင်း။ဖောဋ္ဌဗ္ဗာရမ္မဏဥ္စ၊ဖောဋ္ဌဗ္ဗာရုံလည်းကောင်း။ဓမ္မာရမ္မဏဥ္စ၊ဓမ္မာရုံလည်း ကောင်း။က္ကတိ-က္ကမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။ဆဗ္ဗိဓာနိ၊ခြောက်ပါး အပြား ရှိကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

## အာရုံဖြင့် စိတ်ကို ဝေဘန်ခြင်း

## ရူပါရုံ တရားကိုယ်

၄၉။တတ္ထ၊ထိုခြောက်ပါးသော ရူပါရုံတို့တွင်။ရူပမေဝ၊ဝဏ္ဏာယတနသည်ပင်လျှင် ရူပါရမ္မဏံ၊ရူပါရုံမည်၏။

## သဒ္ဒါရုံစသည် တရားကိုယ်

တထာ၊ထို့အတူ။သဒ္ဒါဒယော၊သဒ္ဒါယတန အစရှိသည်တို့သည်။(ဝါ)သဒ္ဒါယတန, ဂန္ဓာယတန,ရသာယတန,ဖောဋ္ဌဗ္ဗာယတနတို့သည်။သဒ္ဒါရမ္မဏာဒီနိ၊သဒ္ဒါရုံအစရှိသည် မည်ကုန်၏။(ဝါ)သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ မည်ကုန်၏။

## ဓမ္မာရုံ ၆-မျိုးနှင့် တရားကိုယ်

၅၀။ပန၊သုဒ္ဓမှတပါး မိဿကကိုဆိုအံ့၊ဓမ္မာရမ္မဏံ၊ဓမ္မာရုံကို။ပသာဒ သုခုမရူပ စိတ္တစေတသိက နိဗ္ဗာန ပညတ္တိဝသေန၊ပသာဒ ငါးခု,သုခုမရုပ် သောဠသ,စိတ်တစ်ခုယုတ် ကိုးဆယ်,စေတသိက် ဒွေပညာသ,နိဗ္ဗာန်,ပညတ်တို့၏ အစွမ်းဖြင့်။ဆဓာ၊ခြောက်ပါးအပြား အားဖြင့်။သင်္ဂယှတိ၊ရေတွက်အပ်၏။

## ရူပါရုံကို အာရုံပြုသောစိတ်

၅၁။တတ္ထ၊ထိုအာရမ္မဏသင်္ဂဟ၌။(ဝါ)ထိုခြောက်ပါးသော အာရုံတို့တွင်။(ဝါ)ထို ခြောက်ပါးသော အာရုံ၌ဖြစ်သော စိတ်တို့တွင်။သဗ္ဗေသမ္ပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ စက္ခုဒွါရိကစိတ္တာနံ၊စက္ခုဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏။အာရမ္မဏံ၊အာရုံသည်။ရူပမေဝ၊ ရူပါရုံသာတည်း။တဥ္စ၊ထိုရူပါရုံသည်လည်း။ပစ္စုပ္ပန္နံ၊ပစ္စုပ္ပန်သာတည်း။

## သဒ္ဒါရုံစသည်ကို အာရုံပြုသောစိတ်

တထာ၊ထိုအတူ။သောတဒွါရိကစိတ္တာဒီနံ၊သောတဒွါရ၌ဖြစ်သောစိတ် အစရှိ သည်တို့၏။(ဝါ)သောတဒွါရ၌ဖြစ်သောစိတ်,ဃာနဒွါရ၌ဖြစ်သောစိတ်,ဇိဝှါဒွါရ၌ဖြစ်သော စိတ်,ကာယဒွါရ၌ဖြစ်သောစိတ်တို့၏။အာရမ္မဏာနိပိ၊အာရုံတို့သည်လည်း။သဒ္ဒါဒီနိ၊သဒ္ဒါရုံ အစရှိသည်တို့တည်း။(ဝါ)သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ အသီးသီးတို့တည်း။တာနိ စ၊

http://www.dhammadownload.com


ထိုသဒ္ဒါရုံ အစရှိသည်တို့သည်လည်း။(ဝါ)ထိုသဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့သည်လည်း။ ပစ္စုပ္ပန္နာနိယေဝ၊ပစ္စုပ္ပန်တို့သည်သာလျှင်တည်း။

## မနောဒွါရိကစိတ်တို့၏ အာရုံ

၅၂။ပန၊သုဒ္ဓမှတပါး မိဿကကိုဆိုအံ့။(ဝါ)ပစ္စုပ္ပန်အာရုံမှတပါး ပစ္စုပ္ပန်,အတိတ်, အနာဂတ်,ကာလဝိမုတ် အာရုံကိုဆိုအံ့။မနောဒွါရိကစိတ္တာနံ၊မနောဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏။အာရမ္မဏံ၊အာရုံသည်။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ပစ္စုပ္ပန္နဥ္စ၊ပစ္စုပ္ပန်ဖြစ်၍လည်းကောင်း။အတီတဥ္စ၊အတိတ်ဖြစ်၍လည်းကောင်း။အနာဂတဥ္စ၊အနာဂတ်ဖြစ်၍လည်းကောင်း။ကာလဝိမုတ္တဥ္စ၊ကာလဝိမုတ်ဖြစ်၍လည်းကောင်း။ဆဗ္ဗိဓမ္ပိ၊ခြောက်ပါးအပြားရှိသော အာရုံသည်လည်း။ဟောတိ၊ဖြစ်၏။

## ဒွါရဝိမုတ်စိတ်တို့၏ အာရုံ

၅၃။ပဋိသန္ဓိ ဘဝင် စုတိသင်္ခါတာနံ၊ပဋိသန္ဓေ,ဘဝင်,စုတိဟုဆိုအပ်ကုန်သော။ ဒွါရဝိမုတ္တာနံ၊ဒွါရဝိမုတ်ဟု ဆိုအပ်သော စိတ်တစ်ခုယုတ်နှစ်ဆယ်တို့၏။အာရမ္မဏဥ္စ၊အာရုံသည်လည်း။ယေဘုယျေန၊များသောအားဖြင့်။ဘဝန္တရေ၊အတီတာနန္တရဘဝ၌။ဆဒွါရဂ္ဂဟိတံ၊ခြောက်ဒွါရဖြင့် ယူအပ်သော။(ဝါ)ဆဒွါရိကမရဏာသန္နဇောသည် ယူအပ်သော။ပစ္စုပ္ပန္နံ ဝါ၊ပစ္စုပ္ပန်ဖြစ်၍လည်းကောင်း။အတီတံ ဝါ၊အတိတ်ဖြစ်၍လည်းကောင်း။ပညတ္တိဘူတံ ဝါ၊ ပညတ်ဖြစ်၍လည်းကောင်း။ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ၊ကံ,ကမ္မနိမိတ်,ဂတိနိမိတ်ဟု သမုတ်အပ်သော။ဆဗ္ဗိဓမ္ပိ၊ခြောက်ပါးအပြားရှိသော အာရုံသည်လည်း။ယထာသမ္ဘဝံ၊ဖြစ်သင့်သည်အားလျော်စွာ။ဟောတိ၊ဖြစ်၏။

## ဧကန်,အနေကန် အာရုံပြုသောစိတ်များ

## ရူပါရုံစသည်ကို ဧကန်အာရုံ ပြုသောစိတ်များ

၅၄။တေသု၊ထိုအာရမ္မဏ်ိက စိတ်အပေါင်းတို့တွင်။စက္ခုဝိညာဏာဒီနိ၊စက္ခု ဝိညာဏ် အစရှိသောစိတ်တို့သည်။(ဝါ)စက္ခုဝိညာဏ်,သောတဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်,ကာယဝိညာဏ်စိတ်တို့သည်။ယထာက္ကမံ၊အစဉ်းအတိုင်း။ရူပါဒိ-ဧကေကာရမ္မဏာနေဝ၊ရူပါရုံ စသည်တို့တွင် တစ်ပါးပါးသော အာရုံရှိကုန်သည်သာလျှင်တည်း။

## ပဉ္စာရုံကို အာရုံပြုသောစိတ် ၃-ပါး

၅၅။မနောဓာတုတ္တိကံ ပန၊မနောဓာတ် သုံးခုသည်ကား။ရူပါဒိပဉ္စာရမ္မဏံ၊ရူပါ ရုံ အစရှိသော ငါးပါးသောအာရုံရှိ၏။

## ကာမတရားကိုသာ အာရုံပြုသောစိတ် ၁၂-ပါး

၅၆။သေသာနိ၊ဒွေပဉ္စဝိညာဏ်တစ်ဆယ် သမ္ပဋိစ္ဆိုင်းဒွေမှ ကြွင်းကုန်သော။ကာ မာဝစရဝိပါကာနိစ၊ကာမာဝစရဝိပါက်စိတ် တစ်ဆယ့်တစ်ခုတို့လည်းကောင်း။ဟာသနစိတ္တဥ္စ၊

http://www.dhammadownload.com



ဟာသိတုပ္ပါဒ်စိတ်လည်းကောင်း။ဣတိ=ဣမာနိ ဒွါဒသစိတ္တာနိ၊ဤတစ်ဆယ့်နှစ်ပါးသောစိတ်တို့သည်။သဗ္ဗထာပိ၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း။ကာမာဝစရာရမ္မဏာနေဝ၊ကာမတရားသာလျှင် အာရုံရှိကုန်၏။

## လောကီတရားကို အာရုံပြုသောစိတ် ၂၀-ပါး

၅၇။အကုသလာနိစေဝ၊အကုသိုလ်စိတ် တစ်ဆယ့်နှစ်ခုတို့လည်းကောင်း။ဉာဏဝိပ္ပယုတ္တကာမာဝစရ ဇဝနာနိ စ၊ဉာဏဝိပ္ပယုတ်ကာမာဝစရကုသိုလ်ကိရိယာဇော ရှစ်ခုတို့လည်းကောင်း။ဣတိ-ဣမာနိ ဝီသတိစိတ္တာနိ၊ဤနှစ်ဆယ်သော စိတ်တို့သည်။လောကုတ္တရဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ၊လောကုတ္တရာတရား ကိုးပါးသည် ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။(ဝါ)လောကုတ္တရာတရားကိုးပါးကို ကြဉ်သောအလုံးစုံသော အာရုံရှိကုန်၏။

## အရဟတ္တမဂ်,ဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသောစိတ် ၅-ပါး

၅၈။ဉာဏသမ္ပယုတ္တ ကာမာဝစရကုသလာနိစေဝ၊ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်စိတ် လေးခုတို့လည်းကောင်း။ပဉ္စမဇ္ဈာနသင်္ခါတံ၊ပဉ္စမဈာန်ဟုဆိုအပ်သော။အဘိညာကုသလဉ္စ၊အဘိညာဏ် ကုသိုလ်စိတ်လည်းကောင်း။ဣတိ-ဣမာနိ ပဉ္စစိတ္တာနိ၊ဤငါးပါးသောစိတ်တို့သည်။အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ၊အရဟတ္တမဂ်,အရဟတ္တဖိုလ်သည် ကြဉ်အပ်ကုန်သော အလုံးစုံသော အာရုံရှိကုန်၏။(ဝါ)အရဟတ္တမဂ်,အရဟတ္တဖိုလ်ကို ကြဉ်သော အလုံးစုံသော အာရုံရှိကုန်၏။

## အလုံးစုံကို အာရုံပြုသောစိတ် ၆-ပါး

၅၉။ဉာဏသမ္ပယုတ္တ ကာမာဝစရကိရိယာနိ စေဝ၊ဉာဏသမ္ပယုတ် ကာမာဝစရစိတ် ကိရိယာစိတ်လေးခုတို့လည်းကောင်း။ကိရိယာ ဘိညာစ၊ကိရိယာ အဘိညာဏ်စိတ်လည်းကောင်း။ဝေါဋ္ဌပ္ပနဉ္စ၊ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း)စိတ်လည်းကောင်း။ဣတိ-ဣမာနိ ဆစိတ္တာနိ၊ဤခြောက်ပါးသောစိတ်တို့သည်။သဗ္ဗထာပိ၊ခပ်သိမ်းသော အခြင်းအရာ အားဖြင့်လည်း။သဗ္ဗရမ္မဏာနိ၊ခပ်သိမ်းသော အာရုံရှိကုန်၏။

## မဟဂ္ဂုတ်ကိုသာ အာရုံပြုသောစိတ် ၆-ပါး

၆၀။အာရုပ္ပေသု၊အရူပစိတ် တစ်ဆယ့်နှစ်ခုတို့တွင်။ဒုတိယ စတုတ္ထာနိ၊ဝိညာဏဉ္စာယတနစိတ် သုံးခု,နေဝသညာ နာသညာယတနစိတ် သုံးခုတို့သည်။မဟဂ္ဂတာရမ္မဏာနိ၊မဟဂ္ဂုတ်တရားလျှင် အာရုံရှိကုန်၏။

## ပညတ်ကိုသာ အာရုံပြုသောစိတ် ၂၁-ပါး

၆၁။သေသာနိ၊ဝိညာဏဉ္စာယတနစိတ် သုံးခု,နေဝသညာ နာသညာယတနစိတ် သုံးခု,အဘိညာဏ်ဒွေမှ ကြွင်းကုန်သော။သဗ္ဗာနိပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။မဟဂ္ဂတစိတ္တာနိ၊မဟဂ္ဂုတ်စိတ် နှစ်ဆယ့်တစ်ခုတို့သည်။**ပညတ္တာရမ္မဏာနိ**၊ပညတ်တရားသာလျှင်

http://www.dhammadownload.com



အာရုံရှိကုန်၏။

## နိဗ္ဗာန်ကိုသာ အာရုံပြုသောစိတ် ၈-ပါး

၆၂။လောကုတ္တရစိတ္တာနိ၊လောကုတ္တရာစိတ်တို့သည်။နိဗ္ဗာနာရမ္မဏာနိ၊နိဗ္ဗာန်တရားလျှင် အာရုံရှိကုန်၏။(ဝါ)နိဗ္ဗာန်တရားကို အာရုံပြုကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

## အာရုံပြုသောစိတ် သင်္ဂဟဂါထာများ

## ဧကန်အာရုံ ပြုသောစိတ်များ

၆၃။ပဉ္စဝီသ၊နှစ်ဆယ့် ငါးပါးသောစိတ်တို့သည်။ပရိတ္တမှိ=ပရိတ္တမှိ ဧဝ၊ကာမအာရုံ၌သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ဆ စိတ္တာနိ၊ခြောက်ပါးသော မဟဂ္ဂုတ်စိတ်တို့သည်။မဟဂ္ဂတေ=မဟဂ္ဂတေ ဧဝ၊မဟဂ္ဂုတ်အာရုံ၌သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ဧကဝီသတိ၊နှစ်ဆယ့်တစ်ပါးသော မဟဂ္ဂုတ်စိတ်တို့သည်။ဝေါဟာရေ=ဝေါဟာရေ ဧဝ၊ပညတ်အာရုံ၌သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။အဋ္ဌ၊ရှစ်ပါးသော လောကုတ္တရာစိတ်တို့သည်။နိဗ္ဗာနဂေါစရေ=နိဗ္ဗာနဂေါစရေ ဧဝ၊နိဗ္ဗာန် အာရုံ၌သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။

## အနေကန် အာရုံပြုသောစိတ်များ

ဝီသ၊နှစ်ဆယ်သော စိတ်တို့သည်။အနုတ္တရမုတ္တမှိ၊လောကုတ္တရာ ကိုးပါးမှလွတ်သောအာရုံ၌။ဟောန္တိ၊ဖြစ်ကုန်၏။ပဉ္စ၊ငါးပါးသော စိတ်တို့သည်။အဂ္ဂမဂ္ဂ ဖလုဇ္ဈိတေ၊အရဟတ္တမဂ်,အရဟတ္တဖိုလ်သည် ကြဉ်အပ်သော အလုံးစုံသောအာရုံ၌။ဟောန္တိ၊ဖြစ်ကုန်၏။ဆ စ၊ခြောက်ပါးသောစိတ်တို့သည်ကား။သဗ္ဗတ္ထ၊ခပ်သိမ်းသောအာရုံ၌။ဟောန္တိ၊ဖြစ်ကုန်၏။

ဣတိ၊ဤသို့။တတ္ထ၊ထိုအာရမ္မဏ သင်္ဂဟ၌။သတ္တဓာ၊ခုနစ်ပါးအပြားအားဖြင့်။သင်္ဂဟော၊ရေတွက်ခြင်းသည်။ဟောတိ၊ဖြစ်၏။

## ၆-ဝတ္ထုသင်္ဂဟ

## ဝတ္ထုရုပ် ၆-ပါး

၆၄။ဝတ္ထုသင်္ဂဟေ၊ဝတ္ထုသင်္ဂဟ၌။ဧဝံ၊ဤသို့။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။(တစ်နည်းကား)ဝတ္ထုသင်္ဂဟေ၊ဝတ္ထုသင်္ဂဟ၌။ဧဝံ=ဣမိနာ ဝုစ္စမာန နယေန၊ဤဆိုလတ္တံ့သောနည်းဖြင့်။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။

ဝတ္ထူနိ နာမ၊ဝတ္ထုတို့မည်သည်ကား။စက္ခုဝတ္ထု စ၊စက္ခုဝတ္ထုလည်းကောင်း။သောတဝတ္ထု စ၊သောတဝတ္ထုလည်းကောင်း။ဃာနဝတ္ထု စ၊ဃာနဝတ္ထုလည်းကောင်း။ဇိဝှါဝတ္ထု စ၊ဇိဝှါဝတ္ထုလည်းကောင်း။ကာယဝတ္ထု စ၊ကာယဝတ္ထုလည်းကောင်း။ဟဒယဝတ္ထု စ၊ဟဒယဝတ္ထုလည်းကောင်း။ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။ဆဗ္ဗိဓာနိ ပိ၊ခြောက်ပါးအပြားရှိကုန်သည်လည်း။ဘဝန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com


## ဝတ္ထုဖြင့် ဘုံကိုဝေဘန်ခြင်း

### ကာမဘုံ၌ရသောဝတ္ထုရုပ်

၆၅။ကာမလောကေ၊ကာမဘုံ၌။သဗ္ဗာနိပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။တာနိ၊ ထိုခြောက်ပါးသောဝတ္ထုရုပ်တို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။

### ရူပဘုံ၌ရသောဝတ္ထုရုပ်

၆၆။ပန၊အလုံးစုံရသည်မှတပါး တစ်စိတ်ရသည်ကိုဆိုအံ့။ရူပလောကေ၊ရူပဘုံ၌။ ဃာနာဒိတ္တယံ၊ဃာနအစရှိသော(ဃာန,ဇိဝှါ,ကာယ,)ဝတ္ထုရုပ်တို့၏ သုံးခုတို့၏အပေါင်းသည် နတ္ထိ၊မရှိ။

### အရူပဘုံ၌ဝတ္ထုရုပ်မရ

၆၇။ပန၊တစ်စိတ်ရသည်မှတပါး အလုံးစုံ မရသည်ကိုဆိုအံ့။အရူပလောကေ၊ အရူပဘုံ၌။သဗ္ဗာနိပိ၊အလုံးစုံသော ဝတ္ထုရုပ်တို့သည်လည်း။န သံဝိဇ္ဇန္တိ၊မရှိကုန်။

## ဝတ္ထုဖြင့် စိတ်ကိုဝေဘန်ခြင်း

### ပသာဒဝတ္ထုရုပ်ကိုမှီသော ပဉ္စဝိညာဏစိတ်

၆၈။တတ္ထ၊ထိုဝတ္ထုသင်္ဂဟ၌။(ဝါ)ထိုခြောက်ပါးသော ဝတ္ထုရုပ်တို့တွင်။(ဝါ)ထို ခြောက်ပါးသော ဝတ္ထုရုပ်ကိုမှီ,မမှီမှု၌ဖြစ်သော ဝိညာဏစိတ်တို့တွင်။ပဉ္စဝိညာဏစတု ယော၊ပဉ္စဝိညာဏစိတ်တို့သည်။ယထာက္ကမံ၊အစဉ်အတိုင်း။ကေဝလံ၊စင်စစ်အားဖြင့်။ပဉ္စ ပသာဒ ဝတ္ထုနို၊ငါးပါးသော ပသာဒဝတ္ထုရုပ်တို့သို့။နိဿာယေဝ၊မှီကုန်၍သာလျှင်။ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

### ဟဒယဝတ္ထုရုပ်ကို အမြဲမှီသော မနောဓာတ်

၆၉။ပန၊ပဉ္စဝိညာဏစိတ်မှတပါး မနောဓာတ်ကိုဆိုအံ့။ပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆန သင်္ခါတာ၊ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုင်းဒွေဟု ဆိုအပ်ကုန်သော။မနောဓာတု စ၊မနောဓာတ်တို့ သည်လည်း။ဟဒယံ၊ဟဒယဝတ္ထုရုပ်ကို။နိဿိတာယေဝ၊မှီကုန်၍သာလျှင်။ပဝတ္တန္တိ၊ဖြစ်ကုန် ၏။

### ဟဒယဝတ္ထုရုပ်ကိုအမြဲမှီသော မနောဝိညာဏစိတ်

၇၀။ပန၊ပဉ္စဝိညာဏစိတ်,မနောဓာတ်မှတပါး,မနောဝိညာဏစိတ်ကိုဆိုအံ့။ အဝသေသာ၊ပဉ္စဝိညာဏစိတ်,မနောဓာတ်မှ ကြွင်းကုန်သော။သန္တီရဏမဟာဝိပါက ပဋိဃဒွယ ပဌမ မဂ္ဂ ဟသန ရူပါဝစရဝသေန၊သန္တီရဏ သုံးခု,မဟာဝိပါက်စိတ်ရှစ်ခု, ဒေါသမူဒွေ,သောတာပတ္တိမဂ်,ဟသိတုပ္ပါဒ်,ရူပစိတ်တစ်ဆယ့်ငါးခုတို့၏ အစွမ်းဖြင့်။တိံသ၊ သုံးဆယ်ကုန်သော။မနောဝိညာဏဓာတု သင်္ခါတာ၊မနောဝိညာဏဓာတ်ဟု ဆိုအပ်ကုန် သော။ဝိညာဏဓာတုယော စ၊ဝိညာဏဓာတ်တို့သည်လည်း။ဟဒယံ၊ဟဒယဝတ္ထုရုပ်ကို။

http://www.dhammadownload.com


နိဿာယေဝ၊မှီကုန်၍သာလျှင်။ပဝတ္တန္တိ၊ဖြစ်ကုန်၏။

**ဟဒယဝတ္ထုရုပ်ကို ရံခါမှီ,မမှီသော မနောဝိညာဏဓာတ်**

၇၁။ပန၊ကေန်မှီသည်မှတပါး အနေကန်မှီသည်ကိုဆိုအံ့။အဝသေသာ၊သန္တီရဏ သုံးခု,မဟာဝိပါက်စိတ် ရှစ်ခု,ဒေါသမူဒွေ,သောတာပတ္တိမဂ်,ဟသိတုပ္ပါဒ်,ရူပစိတ်တစ်ဆယ့် ငါးခုတို့မှ ကြွင်းကုန်သော။ကုသလာကုသလ ကိရိယာနုတ္တရဝသေန၊လောကီကုသိုလ်စိတ် တစ်ဆယ့်နှစ်ခု,အကုသိုလ်စိတ် တစ်ဆယ်,ကိရိယာစိတ် တစ်ဆယ့်သုံးခု,လောကုတ္တရာစိတ် ခုနှစ်ခုတို့၏ အစွမ်းဖြင့်။ဒွေစတ္တာလီသ၊လေးဆယ့်နှစ်ပါးကုန်သော။မနောဝိညာဏဓာတုယော၊ မနောဝိညာဏဓာတ်သည်။ဟဒယံ၊ဟဒယဝတ္ထုရုပ်ကို။နိဿာယဝါ၊မှီကုန်၍လည်းကောင်း။ အနိဿာယ ဝါ၊မမှီကုန်မူ၍ လည်းကောင်း။ပဝတ္တန္တိ၊ဖြစ်ကုန်၏။

**ဟဒယဝတ္ထုရုပ်ကို မမှီသော မနောဝိညာဏဓာတ်**

၇၂။အာရုပ္ပဝိပါကဝသေန၊အရူပဝိပါက်စိတ် လေးခုတို့၏အစွမ်းဖြင့်။စတသော၊ လေးပါးကုန်သော။မနောဝိညာဏဓာတုယော၊မနောဝိညာဏဓာတ်တို့သည်။ဟဒယံ၊ဟဒယ ဝတ္ထုရုပ်ကို။အနိဿာယေဝ၊မမှီကုန်မူ၍သာလျှင်။ပဝတ္တန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ဝတ္ထုရုပ်နှင့်ဘုံစိတ် သင်္ဂဟဂါထာများ

**ဘုံအလိုက်ရသော ဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်**

၇၃။ကာမေ၊ကာမတစ်ဆယ့်တစ်ဘုံ၌။ဆဝတ္ထုံ၊ခြောက်ပါးသောဝတ္ထုရုပ်ကို။ နိဿိတာ၊မှီ၍ဖြစ်ကုန်သော။ဝိညာဏဓာတုယော၊ဝိညာဏဓာတ်တို့ကို။ သတ္တ၊ခုနစ်ပါး အပြားရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။ရူပေ၊အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါး ဘုံ၌။တိဝတ္ထုံ၊သုံးပါးသောဝတ္ထုရုပ်ကို။နိဿိတာ၊မှီ၍ဖြစ်ကုန်သော။ဝိညာဏဓာတုယော၊ ဝိညာဏဓာတ်တို့ကို။စတုဗ္ဗိဓာ၊လေးပါးအပြားရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။အရူပေ၊ အရူပလေးဘုံ၌။ဝတ္ထုံ၊ဝတ္ထုရုပ်ကို။အနိဿိတာ=အနိဿိတာ ဧဝ၊မမှီမူ၍သာလျှင် ဖြစ်သော။ ဧကာ၊တစ်ခုသော။ဓာတု၊မနောဝိညာဏဓာတ်ကို။မတာ၊သိအပ်၏။

**ဝတ္ထုရုပ်ကိုမှီ,မမှီသောစိတ်များ**

၇၄။တေစတ္တာလီသ၊လေးဆယ့်သုံးပါးကုန်သော စိတ်တို့သည်။ဝတ္ထုံ၊ဝတ္ထုရုပ်ကို။ နိဿာယ=နိဿာယ ဧဝ၊မှီကုန်၍သာလျှင်။ဇာယရေ၊ဖြစ်ကုန်၏။ဒွေစတ္တာလီသ၊လေးဆယ့် နှစ်ပါးကုန်သော စိတ်တို့သည်။ဝတ္ထုံ၊ဝတ္ထုရုပ်ကို။နိဿာယ စ၊မှီကုန်၍လည်းကောင်း။ အနိဿာယ စ၊မမှီကုန်မူ၍လည်းကောင်း။ ဇာယရေ၊ဖြစ်ကုန်၏။ပါကာရုပ္ပါ၊အရူပဝိပါက်စိတ် လေးခုတို့သည်။ဝတ္ထုံ၊ဝတ္ထုရုပ်ကို။အနိဿိတာ=အနိဿိတာ ဧဝ၊မမှီကုန်မူ၍သာလျှင်။ ဇာယရေ၊ဖြစ်ကုန်၏။ **ပကိဏ်းပိုင်း ပြီး၏။**

http://www.dhammadownload.com



# ၄-ဝီထိပိုင်း

## ပဋိညာဉ်

၁။အဟံ၊ငါသည်။ဣစ္စေဝံ=ဣတိဧဝံ ယထာဝုတ္တနယေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။စိတ္တုပ္ပါဒါနံ၊စိတ်,စေတသိက်ဖြစ်ကုန်သော နာမက္ခန္ဓာလေးပါးတို့၏။ဥတ္တရံ ဝေဒနာသင်္ဂဟ အစရှိသည်တို့ကို ဝေဘန်သောအားဖြင့် မြတ်သော။သင်္ဂဟံ၊အပြားအားဖြင့်မိန့်အပ်သော ပကိဏ္ဏကသင်္ဂဟကို။ကတွာ၊ပြုပြီး၍။ပုန၊တစ်ဖန်။ဘူမိပုဂ္ဂလဘေဒေန၊ဘုံ,ပုဂ္ဂိုလ်တို့၏အပြားအားဖြင့်။လက္ခိတံ၊မှတ်အပ်သော။ပုဗ္ဗာပရနိယာမိတံ၊ရှေးစိတ် နောက်စိတ်တို့ဖြင့် မှတ်အပ်သော။ပဋိသန္ဓိပဝတ္တိယံ၊ပဋိသန္ဓေအခါ,ပဝတ္တိအခါ၌။(ဝါ)ပဋိသန္ဓေအခါ,ပဝတ္တိအခါတို့တွင်။ပဝတ္တိသင်္ဂဟံ နာမ၊ပဝတ္တိသင်္ဂဟ အမည်ရှိသောဝီထိသင်္ဂဟကို။သမာသေန၊အကျဉ်းအားဖြင့်။ယထာသမ္ဘဝတော၊ဖြစ်သင့်သည်အားလျော်စွာ။ပဝက္ခာမိ၊အပြားအားဖြင့် ဆိုပေအံ့။

## ဆ-ဆက္ကမာတိကာ

၂။ကထံ ပဝက္ခာမိ၊အဘယ်ကဲ့သို့ ဆိုအပ်သနည်းဟူမူကား။ဆ၊ခြောက်ပါးကုန်သော။ဝတ္ထူနိ စ၊ဝတ္ထုတို့လည်းကောင်း။ဆ၊ခြောက်ပါးကုန်သော။ဒွါရာနိ စ၊ဒွါရတို့လည်းကောင်း။ဆ၊ခြောက်ပါးကုန်သော။အာရမ္မဏာနိ စ၊အာရုံတို့လည်းကောင်း။ဆ၊ခြောက်ပါးကုန်သော။ဝိညာဏာနိ စ၊ဝိညာဏ်တို့လည်းကောင်း။ဆ၊ခြောက်ပါးကုန်သော။ဝီထိယော စ၊ဝီထိတို့လည်းကောင်း။ဆဓာ၊ခြောက်ပါး အပြားရှိသော။ဝိသယပ္ပဝတ္တိ စ၊အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်း လည်းကောင်း။(ဝါ)အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းလည်းကောင်း။ဣတိ၊ဤသို့။ဝီထိသင်္ဂဟေ၊ဝီထိသင်္ဂဟ၌။ဆ၊ခြောက်ပါးကုန်သော။ဆက္ကာနိ၊ဆက္ကတို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

## ဝီထိမုတ္တဝိသယပ္ပဝတ္တိ ၃-ပါး

၃။ပန၊အထူးကို ဆိုအံ့။ဝီထိမုတ္တာနံ၊ဝီထိမုတ်စိတ် တစ်ခုယုတ်နှစ်ဆယ်တို့၏။ဝိသယပ္ပဝတ္တိ၊အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည်။ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန၊ကံ,ကမ္မနိမိတ္တ,ဂတိနိမိတ်တို့၏ အစွမ်းဖြင့်။တိဝိဓာ၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

(တစ်နည်းကား)=ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန၊ကံ,ကမ္မနိမိတ်,ဂတိနိမိတ်တို့၏အစွမ်းဖြင့်။တိဝိဓာ၊သုံးပါးအပြားရှိသော။ဝိသယပ္ပဝတ္တိ၊အာရုံတို့၏ စိတ်တို့၌ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။

## အမှာစကား

၄။တတ္ထ=တေသု ဆသု ဆက္ကေသု၊ထိုခြောက်ပါးသော ဆက္ကတို့တွင်။ဝတ္ထု ဒွါရာ

http://www.dhammadownload.com


ရမ္မဏာနို၊ဝတ္ထု၊ဒွါရ၊အာရုံတို့သည်။ပုဗ္ဗေ၊ရှေး၌ဖြစ်သော ပကိဏ္ဏကသင်္ဂဟ၌။ဝုတ္တနယာနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းရှိကုန်သည်သာလျှင်တည်း။

**ဝိညာဏဆက္က**
**ဝိညာဏ် ၆-ပါး**

၅။စက္ခုဝိညာဏဉ္စ၊စက္ခုဝိညာဏ်လည်းကောင်း။သောတဝိညာဏဉ္စ၊သောတ ဝိညာဏ်လည်းကောင်း။ဃာနဝိညာဏဉ္စ၊ဃာနဝိညာဏ်လည်းကောင်း။ဇိဝှါဝိညာဏဉ္စ၊ဇိဝှါ ဝိညာဏ်လည်းကောင်း။ကာယဝိညာဏဉ္စ၊ကာယဝိညာဏ်လည်းကောင်း။မနောဝိညာဏဉ္စ၊ မနောဝိညာဏ်လည်းကောင်း။ဣတိ၊ဤသို့။ဆ၊ခြောက်ပါးကုန်သော။ဝိညာဏာနိ၊ဝိညာဏ် တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**ဝီထိ ဆက္က**
**ဒွါရအားဖြင့် ဝီထိ ၆-ပါး**

၆။ပန၊အထူးကို ဆိုအံ့။(ဝါ)သုဒ္ဓမှတပါး မိဿကကိုဆိုအံ့။(ဝါ)အဘေဒမှတပါး ဘေဒကိုဆိုအံ့။ဒွါရပ္ပဝတ္တာ၊ဒွါရ၌ ဖြစ်ကုန်သော။စိတ္တပ္ပဝတ္တိယော၊စိတ်တို့၏ဖြစ်ခြင်းဟု ဆိုအပ်ကုန်သော။ဝီထိယော၊ဝီထိတို့ကို။စက္ခုဒွါရဝီထိ စ၊စက္ခုဒွါရဝီထိလည်းကောင်း။ သောတဒွါရဝီထိ စ၊သောတဒွါရဝီထိလည်းကောင်း။ဃာနဒွါရဝီထိ စ၊ဃာနဒွါရဝီထိလည်း ကောင်း။ဇိဝှါဒွါရဝီထိ စ၊ဇိဝှါဒွါရဝီထိလည်းကောင်း။ကာယဒွါရဝီထိ စ၊ကာယဒွါရဝီထိလည်း ကောင်း။မနောဒွါရဝီထိ စ၊မနောဒွါရဝီထိလည်းကောင်း။ဣတိ၊ဤသို့။ဒွါရဝသေန ဝါ၊ဒွါရ၏ အစွမ်းဖြင့်လည်းကောင်း။

**ဝိညာဏ်အားဖြင့် ဝီထိ ၆-ပါး**

စက္ခုဝိညာဏဝီထိ စ၊စက္ခုဝိညာဏဝီထိလည်းကောင်း။သောတဝိညာဏဝီထိ စ၊ သောတဝိညာဏဝီထိလည်းကောင်း။ဃာနဝိညာဏဝီထိ စ၊ဃာနဝိညာဏဝီထိလည်း ကောင်း။ဇိဝှါဝိညာဏဝီထိ စ၊ဇိဝှါဝိညာဏဝီထိလည်းကောင်း။ကာယဝိညာဏဝီထိ စ၊ကာယ ဝိညာဏဝီထိလည်းကောင်း။မနောဝိညာဏဝီထိ စ၊မနောဝိညာဏဝီထိလည်းကောင်း။ဣတိ၊ ဤသို့။ဝိညာဏဝသေန ဝါ၊ဝိညာဏ်၏ အစွမ်းဖြင့်လည်းကောင်း။ဆ၊ခြောက်ပါးအပြားရှိကုန် ၏ဟူ၍။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

(တစ်နည်းကား)ဒွါရပ္ပဝတ္တာ၊ဒွါရ၌ ဖြစ်ကုန်သော။ဝီထိယော၊ဝီထိတို့ကို။စက္ခုဒွါရ ဝီထိ စ၊စက္ခုဒွါရဝီထိလည်းကောင်း။သောတဒွါရဝီထိ စ၊သောတဒွါရဝီထိလည်းကောင်း။ ဃာနဒွါရဝီထိ စ၊ဃာနဒွါရဝီထိလည်းကောင်း။ဇိဝှါဒွါရဝီထိ စ၊ဇိဝှါဒွါရဝီထိလည်းကောင်း။ ကာယဒွါရဝီထိ စ၊ကာယဒွါရဝီထိလည်းကောင်း။မနောဒွါရဝီထိ စ၊မနောဒွါရဝီထိလည်း ကောင်း။ဣတိ၊ဤသို့။ဒွါရဝသေန ဝါ၊ဒွါရ၏ အစွမ်းအားဖြင့်လည်း။ဆ၊ခြောက်ပါး အပြားရှိ

http://www.dhammadownload.com



ကုန်၏ဟူ၍။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

စိတ္တပ္ပဝတ္တိယော၊စိတ်တို့၏ဖြစ်ခြင်းဟု ဆိုအပ်ကုန်သော။ဝီထိယော၊ဝီထိတို့ကို။စက္ခုဝိညာဏဝီထိ စ၊စက္ခုဝိညာဏဝီထိလည်းကေင်း။သောတဝိညာဏဝီထိ စ၊သောတဝိညာဏဝီထိလည်းကောင်း။ဃာနဝိညာဏဝီထိ စ၊ဃာနဝိညာဏဝီထိလည်းကောင်း။ဇိဝှါဝိညာဏဝီထိ စ၊ဇိဝှါဝိညာဏဝီထိလည်းကောင်း။ကာယဝိညာဏဝီထိ စ၊ကာယဝိညာဏဝီထိလည်းကောင်း။မနောဝိညာဏဝီထိ စ၊မနောဝိညာဏဝီထိလည်းကောင်း။ဣတိ၊ဤသို့။ဝိညာဏဝသေန ဝါ၊ဝိညာဏ်၏ အစွမ်းဖြင့်လည်း။ဆ၊ခြောက်ပါး အပြားရှိကုန်၏ဟူ၍ ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

(တစ်နည်းကား)ဒွါရဝသေန ဝါ၊ဒွါရ၏ အစွမ်းအားဖြင့်လည်း။ဒွါရပ္ပဝတ္တာ၊ဒွါရ၌ဖြစ်ကုန်သော။ဝီထိယော၊ဝီထိတို့ကို။စက္ခုဒွါရဝီထိ စ၊စက္ခုဒွါရဝီထိလည်းကောင်း။သောတဒွါရဝီထိ စ၊သောတဒွါရဝီထိလည်းကောင်း။ဃာနဒွါရဝီထိ စ၊ဃာနဒွါရဝီထိလည်းကောင်း။ဇိဝှါဒွါရဝီထိ စ၊ဇိဝှါဒွါရဝီထိလည်းကောင်း။ကာယဒွါရဝီထိ စ၊ကာယဒွါရဝီထိလည်းကောင်း။မနောဒွါရဝီထိ စ၊မနောဒွါရဝီထိလည်းကောင်း။ဣတိ၊ဤသို့။ဆ၊ခြောက်ပါး အပြားရှိကုန်၏ဟူ၍။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

ဝိညာဏဝသေန ဝါ၊ဝိညာဏ်၏ အစွမ်းဖြင့်လည်း။စိတ္တပ္ပဝတ္တိယော၊စိတ်တို့၏ဖြစ်ခြင်းဟု ဆိုအပ်ကုန်သော။ဝီထိယော၊ဝီထိတို့ကို။စက္ခုဝိညာဏဝီထိ စ၊စက္ခုဝိညာဏဝီထိလည်းကောင်း။သောတဝိညာဏဝီထိ စ၊သောတဝိညာဏဝီထိလည်းကောင်း။ဃာနဝိညာနဝီထိ စ၊ဃာနဝိညာဏဝီထိလည်းကောင်း။ဇိဝှါဝိညာဏဝီထိ စ၊ဇိဝှါဝိညာဏဝီထိလည်းကောင်း။ကာယဝိညာဏဝီထိ စ၊ကာယဝိညာဏဝီထိလည်းကောင်း။မနောဝိညာဏဝီထိ စ၊မနောဝိညာဏဝီထိလည်းကောင်း။ဣတိ၊ဤသို့။ဆ၊ခြောက်ပါး အပြားရှိကုန်၏ဟူ၍။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

(တစ်နည်းကား)ဆ၊ခြောက်ပါးအပြားရှိကုန်သော။ဝီထိယော၊ဝီထိတို့ကို။စက္ခုဒွါရဝီထိ စ၊စက္ခုဒွါရဝီထိလည်းကောင်း။သောတဒွါရဝီထိ စ၊သောတဒွါရဝီထိလည်းကောင်း။ဃာနဒွါရဝီထိ စ၊ဃာနဒွါရဝီထိလည်းကောင်း။ဇိဝှါဒွါရဝီထိ စ၊ဇိဝှါဒွါရဝီထိလည်းကောင်း။ကာယဒွါရဝီထိ စ၊ကာယဒွါရဝီထိလည်းကောင်း။မနောဒွါရဝီထိ စ၊မနောဒွါရဝီထိလည်းကောင်း။ဣတိ၊ဤသို့။ဒွါရဝသေန ဝါ၊ဒွါရ၏အစွမ်းဖြင့်လည်း။ဒွါရပ္ပဝတ္တာ၊ဒွါရ၌ဖြစ်ကုန်၏ဟူ၍။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။ ဆ၊ခြောက်ပါးကုန်သော။ဝီထိယော၊ဝီထိတို့ကို။စက္ခုဝိညာဏဝီထိ စ၊စက္ခုဝိညာဏဝီထိလည်းကောင်း။သောတဝိညာဏဝီထိ စ၊သောတဝိညာဏဝီထိလည်းကောင်း။ ဃာနဝိညာဏဝီထိ စ၊ဃာနဝိညာဏဝီထိလည်းကောင်း။ဇိဝှါဝိညာဏဝီထိ စ၊ဇိဝှါဝိညာဏ ဝီထိလည်းကောင်း။ကာယဝိညာဏဝီထိ စ၊ကာယ

http://www.dhammadownload.com



ဝိညာဏဝီထိလည်းကောင်း။မနောဝိညာဏဝီထိ စ၊မနောဝိညာဏဝီထိလည်းကောင်း။ ဣတိ၊ဤသို့။ဝိညာဏဝသေန ဝါ၊ဝိညာဏ်၏ အစွမ်းအားဖြင့်လည်း။ဝီထိပ္ပဝတ္တိယော၊ စိတ်တို့၏ ဖြစ်ခြင်းတို့ဟူ၍။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

## ဝိသယပ္ပဝတ္တိဆက္က

## ပဉ္စဒွါရဝိသယပ္ပဝတ္တိ ၄-ပါး

၇။အတိမဟန္တဥ္စ၊အလွန်များသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံလည်းကောင်း။ မဟန္တဥ္စ၊များသောဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံလည်းကောင်း။ပရိတ္တဥ္စ၊နည်းသောဝီထိစိတ္တုပ္ပါဒ် ရှိသော အာရုံလည်းကောင်း။အတိပရိတ္တဥ္စ၊အလွန်နည်းသောဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံ လည်းကောင်း။ဣတိ၊ဤသို့။ပဉ္စဒွါရေ၊ပဉ္စဒွါရ၌။ဝိသယပ္ပဝတ္တိ၊အာရုံတို့၏ ဒွါရ၌ဖြစ်ခြင်းသည် (ဝါ)အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည်။စတုဗ္ဗိဓာ၊လေးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## မနောဒွါရဝိသယပ္ပဝတ္တိ ၂-ပါး

မနောဒွါရေ၊မနောဒွါရ၌။ဝိဘူတဥ္စ၊ထင်သော အာရုံလည်းကောင်း။အဝိဘူတဥ္စ၊ မထင်သော အာရုံလည်းကောင်း။ဣတိ၊ဤသို့။ဝိသယပ္ပဝတ္တိ၊အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်း သည်။(ဝါ)အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည်။ ဒွိဓာ၊နှစ်ပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။

ဣတိ-ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။ဆဓာ၊ခြောက်ပါး အပြား ရှိသော။ဝိသယပ္ပဝတ္တိ၊အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းကို။(ဝါ)အာရုံ၌ စိတ်တို့၏ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊သိအပ်၏။

(တစ်နည်းကား)ဝိသယပ္ပဝတ္တိ၊အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းကို။(ဝါ)အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းကို။ဆဓာ၊ခြောက်ပါးအပြားရှိ၏ဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်၏။

## စိတ်သက်နှင့် ရုပ်သက်

## စိတ်သက်

၈။ကထံ ဝေဒိတဗ္ဗာ၊အဘယ်သို့သိအပ်သနည်းဟူမူကား။ဥပ္ပါဒ ဋ္ဌိတိ ဘင်္ဂဝသေ န၊ဥပါဒ်,ဋ္ဌီ,ဘင်တို့၏အစွမ်းဖြင့်။ခဏတ္တယံ၊ခဏငယ်တို့၏ သုံးခုတို့၏အပေါင်းသည်။ဧကေ စိတ္တက္ခဏံ နာမ၊တစ်ခုသော စိတ္တက္ခဏမည်၏။

## ရုပ်သက်

၉။ပန၊စိတ်သက်မှတပါး ရုပ်သက်ကိုဆိုအံ့။တာနိ-တာဒိသာနိ၊ထိုသို့သဘောရှိ ကုန်သော။သတ္တရသ-စိတ္တက္ခဏာနိ၊တစ်ဆယ့်ခုနှစ်ချက်သော စိတ်တို့၏ခဏကဲ့သို့သော ခဏတို့သည်။ရူပဓမ္မာနံ၊ဝိညတ်ဒွေ,လက္ခဏရုပ်လေးခုသည် ကြဉ်အပ်သော နှစ်ဆယ့်နှစ်ပါး သော ရုပ်တို့၏။အာယု၊အသက်တို့တည်း။

http://www.dhammadownload.com


## ပဋ္ဋဒွါရဝီထိများ

## စက္ခုဒွါရိက အတိမဟန္တာရုံ ဝီထိ

၁၀။ကေစိတ္တက္ခဏာတီတာနိ ဝါ၊တစ်ခုသော စိတ်၏ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်းရှိကုန်သည်ဖြစ်၍လည်းကောင်း။ဗဟုစိတ္တက္ခဏာတီတာနိ ဝါ၊များစွာသောစိတ်တို့၏ ခဏကဲ့သို့သော ခဏလျှင်လွန်ခြင်းရှိကုန်သည်ဖြစ်၍လည်းကောင်း။(ဝါ)တစ်ခုသောစိတ်, နှစ်ခုသောစိတ်,သုံးခုသောစိတ်,လေးခုသောစိတ်,ငါးခုသောစိတ်,ခြောက်ခုသောစိတ်,ခုနှစ်ခုသောစိတ်,ရှစ်ခုသောစိတ်,ကိုးခုသောစိတ်,ဆယ်ခုသောစိတ်,တစ်ဆယ့်တစ်ခုသောစိတ်, တစ်ဆယ့်နှစ်ခုသောစိတ်,တစ်ဆယ့်သုံးခုသောစိတ်,တစ်ဆယ့်လေးခုသောစိတ်,တစ်ဆယ့် ငါးခုသောစိတ်တို့၏ ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်းရှိကုန်သည်ဖြစ်၍လည်းကောင်း။ ဌိတိပ္ပတ္တာနေဝ၊ဌီသို့ရောက်ကုန်သည် ဖြစ်၍သာလျှင်။ပဉ္စာရမ္မဏာနိ၊ငါးပါးသော အာရုံတို့သည်။ပဉ္စဒွါရေ၊ပဉ္စဒွါရ၌။အာပါထံ၊ထင်ခြင်းသို့။ယန္တိ၊အကြင့်ကြောင့်။အာဂစ္ဆန္တိ၊ရောက်ကုန်၏။

## ရူပါရုံ စက္ခုဒွါရ၌ ထင်ခြင်း

တသ္မာ၊ထိုကြောင့်။ကေစိတ္တက္ခဏာတီတကံ၊တစ်ခုသောစိတ်၏ ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်းရှိသော။ရူပါရမ္မဏံ၊ရူပါရုံသည်။စက္ခုဿ၊စက္ခုပသာဒအား။အာပါထံ၊ ထင်ခြင်းသို့။ယဒိ အာဂစ္ဆတိ၊အကယ်၍ ရောက်သည်ဖြစ်အံ့။ဧဝံ သတိ၊ဤသို့ရောက်သည် ရှိသော်။

## ဘဝင် ၂-ကြိမ်နှင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ခြင်း

တတော၊ထိုသို့ထင်ခြင်းသို့ ရောက်ခြင်းကြောင့်။(ဝါ)ထိုသို့ထင်ခြင်းသို့ ရောက်သည်မှ။ပရံ၊နောက်၌။ဒွိက္ခတ္တုံ၊နှစ်ကြိမ်။ဘဝင်္ဂေ၊ဘဝင်သည်။စလိတေ၊လှုပ်သည်ရှိသော်။ ဘဝင်္ဂသောတံ၊ဘဝင်၏ အလျဉ်ကို။ဝေါစ္ဆိန္ဒိတွာ၊ဖြတ်၍။တမေဝ ရူပါရမ္မဏံ၊ထိုရူပါရုံကိုသာ လျှင်။အာဝဇ္ဇန္တံ၊ဆင်ခြင်တတ်သော။ပဉ္စဒွါရာဝဇ္ဇနစိတ္တံ၊ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်။ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။နိရုဇ္ဈတိ၊ချုပ်၏။

## စ,သံ,တီ,ဝုဋ္ဌောစိတ်တို့ဖြစ်ခြင်း

တတော၊ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်သည်မှ။ပရံ၊နောက်၌။တဿ၊ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ်၏။အနန္တရံ၊အခြားမဲ့၌။တမေဝ ရူပံ၊ထိုရူပါရုံကိုပင်လျှင်။ပဿန္တံ၊မြင်တတ်သော။ စက္ခုဝိညာဏဥ္စ၊စက္ခုဝိညာဏ်စိတ်လည်းကောင်း။သမ္ပဋိစ္ဆန္တံ၊ခံလင့်သကဲ့သို့သော။သမ္ပဋိစ္ဆန စိတ္တဉ္စ၊သမ္ပဋိစ္ဆိုင်းစိတ်လည်းကောင်း။သန္တီရယမာနံ၊စုံစမ်းလင့်သကဲ့သို့သော။သန္တီရဏစိတ္တဉ္စ၊ သန္တီရဏစိတ်လည်းကောင်း။ဝဝတ္ထပေန္တံ၊ကောင်းစွာ မှတ်လင့်သကဲ့သို့သော။ဝေါဋ္ဌပ္ပနစိတ္တဉ္စ၊ ဝုဋ္ဌောစိတ်လည်းကောင်း။ဣတိ-ဣမာနိ စိတ္တာနိ၊ဤစိတ်တို့သည်။ယထာက္ကမံ၊အစဉ်အတိုင်း။

http://www.dhammadownload.com



ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။နိရုဇ္ဈန္တိ၊ချုပ်ကုန်၏။

## ဇောစိတ် ၇-ကြိမ်ဖြစ်ခြင်း

တတော၊ထိုဝုဋ္ဌောစိတ်ချုပ်သည်မှ။ပရံ၊နောက်၌။ကေ့နတ္ထိသ ကာမာဝစရဇဝနေ သု၊တစ်ခုယုတ်သုံးဆယ်သော ကာမာဝစရဇောတို့တွင်။ယံ ကိဉ္စိ၊အမှတ်မရှိ တစ်ခုခုသော ဇောသည်။လဒ္ဓပစ္စယံ၊ယောနိသော မနသိကာရ အစရှိသည်တို့၏အစွမ်းဖြင့်ရအပ်သော အကြောင်းရှိသည်ဖြစ်၍။ယေဘုယျေန၊များသောအားဖြင့်။သတ္တက္ခတ္တုံ၊ခုနှစ်ကြိမ်။ဇဝတိ၊ စော၏။

## တဒါရုံ ၂-ကြိမ်ဖြစ်ခြင်း

ဇဝနာနုဗန္ဓာနိ၊ဇောသို့အစဉ်လိုက်၍ဖြစ်ကုန်သော။ဒွေ၊နှစ်ကြိမ်ကုန်သော။တဒါ ရမ္မဏပါကာနိ စ၊တဒါရုံဝိပါက်စိတ်တို့သည်လည်း။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ ပဝတ္တန္တိ၊ဖြစ်ကုန်၏။တတော၊ထိုဒုတိယတဒါရုံချုပ်သည်မှ။ပရံ၊နောက်၌။ဘဝင်ပါတော၊ဘဝင် ကျသည်။ဟောတိ၊ဖြစ်၏။

## အတိမဟန္တာရုံမည်ပုံ

၁၁။ဧတ္တာဝတာ၊ဤမျှအတိုင်း အရှည်ရှိကုန်သော။စုဒ္ဒသ၊တစ်ဆယ့်လေးပါးကုန် သော။ဝီထိစိတ္တုပ္ပါဒါ၊ဝီထိစိတ်တို့လည်းကောင်း။ဒွေ၊နှစ်ကြိမ်ကုန်သော။ဘဝင်စလနာနိ၊ဘဝင် စလနတို့လည်းကောင်း။ပုဗ္ဗေဝ၊ရှေးဦးကလျှင်။အတီတကံ၊လွန်ခြင်းရှိသော။ဧကစိတ္တက္ခဏံ၊ တစ်ခုသော စိတ္တက္ခဏလည်းကောင်း။ဣတိ ကတွာ-ဣတိ ပဘေဒေန၊ဤသို့သော အပြား ဖြင့်။သတ္တရသ စိတ္တက္ခဏာနိ၊တစ်ဆယ့်ခုနှစ်ချက်သော စိတ္တက္ခဏတို့သည်။ပရိပူရေန္တိ၊ပြည့် ကုန်၏။တတော၊ထိုဒုတိယတဒါရုံ၏ ဌီကာလမှ။ပရံ၊ဘင်ကာလ၌။နိရုဇ္ဈတိ၊(ပဉ္စာရုံ)ချုပ်၏။ တံ အာရမ္မဏံ၊ထိုအာရုံသည်။အတိမဟန္တံ နာမ၊အတိမဟန္တာရုံ အမည်ရှိသော။ဂေါစရံ၊ အာရုံတည်း။

## စက္ခုဒွါရိက မဟန္တာရုံဝီထိ

၁၂။ပန၊အတိမဟန္တာရုံဝီထိမှတပါး မဟန္တာရုံဝီထိကိုဆိုအံ့။(ဝါ)တဒါရမ္မဏဝါရ မှတပါး ဇဝနဝါရကိုဆိုအံ့။ယာဝတဒါရမ္မဏုပ္ပါဒါ၊တဒါရုံဖြစ်သည်တိုင်အောင်။အပ္ပဟောန္တာ တီတကံ၊မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော။(ဝါ) မစွမ်းနိုင်သည်ဖြစ်၍ လွန်ခြင်းရှိသော (ဝါ)အားနည်းသည်ဖြစ်၍ လွန်ခြင်းရှိသော။ (ဝါ)သတ္တိညံ့သည်ဖြစ်၍ လွန်ခြင်းရှိသော၊ အာပါထံ၊ထင်ခြင်းသို့။အာဂတံ၊ရောက်သော။ အာရမ္မဏံ၊အာရုံသည်။မဟန္တံ နာမ၊မဟန္တာ မည်၏။

တတ္ထ၊ထိုမဟန္တာရုံ၌။ဇဝနာဝသာနေ၊ဇော၏အဆုံး၌။ဘဝင်ပါတောဝ၊ဘဝင်က သည်သာလျှင်။ဟောတိ၊ဖြစ်၏တဒါရမ္မဏုပ္ပါဒေါ၊တဒါရုံတို့၏ ဖြစ်ခြင်းသည်။နတ္ထိ၊မရှိ။

http://www.dhammadownload.com


## စက္ခုဒွါရိက ပရိတ္တာရုံဝီထိ

၁၃။ယာဝ ဇဝနုပ္ပါဒါပိ၊ဇောဖြစ်သည်တိုင်အောင်လည်း။အပ္ပဟောန္တာ၊တိတက်၊မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော။(ဝါ)မစွမ်းနိုင်သည်ဖြစ်၍ လွန်ခြင်းရှိသော။(ဝါ)အားနည်းသည်ဖြစ်၍ လွန်ခြင်းရှိသော။(ဝါ)သတ္တိညံ့သည်ဖြစ်၍ လွန်ခြင်းရှိသော။အာပါထံ၊ထင်ခြင်းသို့။အာဂတံ၊ရောက်သော။အာရမ္မဏံ၊အာရုံသည်။ပရိတ္တံ နာမ၊ပရိတ္တာရုံမည်၏။

တတ္ထ၊ထိုပရိတ္တာရုံ၌။ဇဝနမ္ပိ=ဇဝနသ အပိ၊ဇော၏လည်း။အနုပ္ပဇ္ဇိတွာ=အနုပ္ပဇ္ဇန တော၊မဖြစ်ခြင်းကြောင့်။ဒွတ္တိက္ခတ္တုံ၊နှစ်ကြိမ်လည်းကောင်း သုံးကြိမ်လည်းကောင်း။ဝေါဋ္ဌပ္ပနမေဝ၊ဝုဋ္ဌောစိတ်သည်သာလျှင်။ပဝတ္တတိ၊ဖြစ်၏။တတော၊ထိုဝုဋ္ဌောစိတ်နှစ်ကြိမ် သုံးကြိမ်ချုပ်သည်မှ။ပရံ၊နောက်၌။ဘဝင်္ဂပါတောဝ၊ဘဝင်ကျသည်သာလျှင်။ဟောတိ၊ဖြစ်၏။

## စက္ခုဒွါရိက အတိပရိတ္တာရုံဝီထိ

၁၄။ပန၊ဝေါဋ္ဌပ္ပနဝါရမှတပါး မောဃဝါရကိုဆိုအံ့။ယာဝ ဝေါဋ္ဌပ္ပနုပ္ပါဒါ စ၊ဝုဋ္ဌောစိတ်ဖြစ်သည်တိုင်အောင်လည်း။အပ္ပဟောန္တာ တိတက်၊မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော။(ဝါ)မစွမ်းနိုင်သည်ဖြစ်၍ လွန်ခြင်းရှိသော။(ဝါ)အားနည်းသည်ဖြစ်၍ လွန်ခြင်းရှိသော (ဝါ)သတ္တိညံ့သည်ဖြစ်၍ လွန်ခြင်းရှိသော။အာပါထံ၊ထင်ခြင်းသို့။အာဂတံ၊ရောက်သော။နိရောဓာသန္နံ၊နီးကပ်သောချုပ်ခြင်းရှိသော။(ချုပ်ခါနီးဖြစ်သော)။အာရမ္မဏံ၊အာရုံသည်။အတိပရိတ္တံ နာမ၊အတိပရိတ္တာရုံမည်၏။

တတ္ထ၊ထိုအတိပရိတ္တာရုံ၌။ဘဝင်္ဂစလနမေဝ၊ဘဝင်လှုပ်ခြင်းသည်သာလျှင်။ဟောတိ၊ဖြစ်၏။ဝီထိစိတ္တုပ္ပါဒေါ၊ဝီထိစိတ်တို့၏ဖြစ်ခြင်းသည်။နတ္ထိ၊မရှိ။

၁၅။ဣစ္စေဝံ-ဣတိဧဝံ ယထာဝုတ္တနယေန၊အကြင် အကြင်ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ စက္ခုဒွါရေ၊စက္ခုဒွါရ၌။ဝိသယပ္ပဝတ္တိ၊အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းသည်။(ဝါ)အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည်။စတုဓာ၊လေးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## သောတဒွါရိက အတိမဟန္တာရုံဝီထိစသည်

တထာ၊ထို့အတူ။သောတဒွါရာဒီသု စ၊သောတဒွါရ အစရှိသည်တို့၌လည်း။(ဝါ)သောတဒွါရ,ဃာနဒွါရ,ဇိဝှါဒွါရ,ကာယဒွါရတို့၌လည်း။ဝိသယပ္ပဝတ္တိ၊အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းသည်။(ဝါ)အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည်။စတုဓာ၊လေးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

ဣတိ၊ဤသို့။သဗ္ဗထာပိ၊ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း။ပဉ္စဒွါရေ၊ပဉ္စဒွါရ၌။တဒါရမ္မဏ ဇဝနဝေါဋ္ဌပ္ပနမောဃဝါရသင်္ခါတာနံ၊တဒါရမ္မဏဝါရ,ဇဝနဝါရ,ဝေါဋ္ဌပ္ပနဝါရ,မောဃဝါရဟု ဆိုအပ်ကုန်သော။စတုန္နံ၊လေးပါးကုန်သော။ဝါရာနံ၊ဝါရတို့၏။ယထာက္ကမံ၊အစဉ်အတိုင်း။အာရမ္မဏဘူတာ၊အကြောင်းဖြစ်၍ဖြစ်သော။ဝိသယပ္ပဝတ္တိ၊အာရုံတို့၏ ဒွါရ

http://www.dhammadownload.com



တို့၌ဖြစ်ခြင်းကို။(ဝါ)အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းကို။စတုဓာ၊လေးပါးအပြားရှိ၏ဟူ၍။ ဝေဒိတဗ္ဗာ၊သိအပ်၏။

## ပဉ္စဒွါရဝီထိစိတ်သရုပ်ပြ သင်္ဂဟဂါထာ

**၁၆။**ပဉ္စဒွါရေ၊ပဉ္စဒွါရ၌။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ဥပ္ပဇ္ဇမာနာနိ၊ဖြစ်ကုန်သော။ဝီထိစိတ္တာနိ၊ဝီထိစိတ်တို့သည်။အဝိသေသတော၊သာမညအားဖြင့်။သတ္တဝ= သတ္တ ဧဝ၊ခုနစ်ပါးအပြားရှိကုန်သည်သာလျှင်။သိယုံ၊ဖြစ်ကုန်၏။

ဝိသေသတော၊အထူးအားဖြင့်။စိတ္တုပ္ပါဒါ=စိတ္တုပ္ပါဒဝသေန၊စိတ်တို့၏ အသီး အသီးဖြစ်သော အစွမ်းဖြင့်။စတုဒ္ဒသ၊တစ်ဆယ့်လေးပါးအပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။

ဝိတ္ထာရာ=ဝိတ္ထာရေန၊အကျယ်အားဖြင့်။စတုပ္ပညာသ၊ငါးဆယ့်လေးပါးအပြားရှိ ကုန်သည်။သိယုံ၊ဖြစ်ကုန်၏။

ဧတ္ထ၊ဤဝီထိသင်္ဂဟအရာ၌။အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ပဉ္စဒွါရေ၊ပဉ္စဒွါရ၌။ ဝီထိစိတ္တပ္ပဝတ္တိနယော၊ဝီထိစိတ်တို့၏ဖြစ်ခြင်းကို ဆိုကြောင်းဖြစ်သောနည်းတည်း။

## မနောဒွါရ ကာမဇောဝါရ
## ဝိဘူတာရုံ ဝီထိ

**၁၇။**ပန၊ပဉ္စဒွါရမှတပါး မနောဒွါရကိုဆိုအံ့။မနောဒွါရေ၊အနန္တရာဒိ ပစ္စည်းတပ် သောဘဝင်္ဂုပစ္ဆေဒ တစ်ဆယ့်ကိုးခုဟု ဆိုအပ်သောမနောဒွါရ၌။ဝိဘူတံ၊ထင်သော။အာရမ္မ ဏံ၊အာရုံသည်။အာပါထံ၊ထင်ခြင်းသို့။ယဒိ အာဂစ္ဆတိ၊အကယ်၍ ရောက်သည်ဖြစ်အံ့။ဧဝံ သတိ၊ဤသို့ရောက်သည်ရှိသော်။တတော၊ထိုသို့ထင်ခြင်းသို့ ရောက်ခြင်းကြောင့်။(ဝါ)ထိုသို့ ထင်ခြင်းသို့ ရောက်သည်မှ။ပရံ၊နောက်၌။ဘဝင် စလန မနောဒွါရာဝဇ္ဇန ဇဝနာဝသာနေ၊ ဘဝင်စလန,မနောဒွါရာဝဇ္ဇန်း,ဇော၏အဆုံး၌။တဒါရမ္မဏပါကာနိ၊တဒါရုံ ဝိပါက်စိတ်တို့ သည်။ပဝတ္တန္တိ၊ဖြစ်ကုန်၏။တတော၊ထိုဒုတိယ တဒါရုံချုပ်သည်မှ။ပရံ၊နောက်၌။ဘဝင်ပါ တော၊ဘဝင်ကျသည်။ဟောတိ၊ဖြစ်၏။

## အဝိဘူတာရုံ ဝီထိ

**၁၈။**ပန၊ဝိဘူတာရုံမှတပါး အဝိဘူတာရုံကိုဆိုအံ့။အဝိဘူတေ၊မထင်သော။ အာရမ္မဏေ၊အာရုံ၌။ဇဝနာဝသာနေ၊ဇော၏အဆုံး၌။ဘဝင်ပါတောဝ၊ဘဝင်ကျသည်သာ လျှင်။ ဟောတိ၊ဖြစ်၏။တဒါရမ္မဏုပ္ပါဒေါ၊တဒါရုံ၏ဖြစ်ခြင်းသည်။နတ္ထိ၊မရှိ။ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## မနောဒွါရဝီထိစိတ်သရုပ်ပြ သင်္ဂဟဂါထာ

**၁၉။**ဧတ္ထ၊ဤမနောဒွါရ၌။ဥပ္ပန္နာနိ၊ဖြစ်ကုန်သော။ဝီထိစိတ္တာနိ၊ဝီထိစိတ်တို့ကို။ အဝိသေသတော၊သာမညအားဖြင့်။တီဏေဝ=တီဏိ ဧဝ၊သုံးပါးအပြားရှိကုန်၏ဟူ၍ သာလျှင်

http://www.dhammadownload.com



ဤရိတာ=ဤရိတာနိ၊မိန့်အပ်ကုန်၏။ဝိသေသတော၊အထူးအားဖြင့်။စိတ္တုပ္ပါဒါ-စိတ္တုပ္ပါဒဝသေန၊စိတ်တို့၏ အသီးသီးဖြစ်သော အစွမ်းဖြင့်။ဒသ၊ဆယ်ပါးအပြားရှိကုန်၏ဟူ၍။ ဤရိတာ -ဤရိတာနိ၊မိန့်အပ်ကုန်၏။

ပန၊အထူးကိုဆိုအံ့။(ဝါ)ဝုတ္တကံမှတပါး အဝုတ္တကံကိုဆိုအံ့။(ဝါ)အဝုတ္တကတ္တားမှတပါး ဝုတ္တကတ္တားကိုဆိုအံ့။ဝိတ္ထာရေန၊အကျယ်အားဖြင့်။ဧကစတ္တာလီသ၊လေးဆယ့်တစ်ပါးအပြားရှိကုန်၏ဟူ၍။ဝိဘာဝယေ၊ထင်စွာပြရာ၏။

ဧတ္ထ၊ဤဝီထိသင်္ဂဟ အရာ၌။အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ပရိတ္တဇဝနဝါရော၊ကာမာဝစရဇောဧ၏ ဝါရကို ဆိုကြောင်းဖြစ်သောနည်းတည်း။

## မနောဒွါရ အပ္ပနာဇောဝါရ
## ဈာနဝီထိ မဂ္ဂဝီထိများ

၂၀။ပန၊ကာမာဝစရဇော၏ ဝါရမှတပါး အပ္ပနာဇော၏ဝါရကိုဆိုအံ့။အပ္ပနာဇဝနဝါရေ၊အပ္ပနာဇော၏ဝါရ၌။ဝိဘူတာ ဝိဘူတာဘောဒေါ၊ဝိဘူတ,အဝိဘူတအပြားသည်။နတ္ထိ၊မရှိ။တထာ၊ထို့အတူ။တဒါရမ္မဏုပ္ပါဒေါ စ၊တဒါရုံတို့၏ ဖြစ်ခြင်းသည်လည်း။နတ္ထိ၊မရှိ။

## ကာမဥပစာရဇော စောခြင်း

၂၁။ဟိ=ဝိတ္ထာရေမိ၊အကျယ်ချဲ့ဦးအံ့။တတ္ထ၊ထိုအပ္ပနာဇော၏ ဝါရ၌။အဋ္ဌန္နံ၊ရှစ်ပါးကုန်သော။ဉာဏသမ္ပယုတ္တ ကာမာဝစရ ဇဝနာနံ၊ဉာဏသမ္ပယုတ် ကာမာဝစရ ဇောတို့တွင်။အညတရသ္မိံ၊အမှတ်မရှိ တစ်ခုခုသောဇောသည်။ပရိကမ္မော ပစာရာနုလောမ ဂေါတြဘုနာမေန၊ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘုဟူသော အမည်ဖြင့်။စတုက္ခတ္တုံ ဝါ၊လေးကြိမ်လည်းကောင်း။တိက္ခတ္တုမေဝ ဝါ၊သုံးကြိမ်သာလျှင်လည်းကောင်း။ယထာက္ကမံ၊အစဉ်အတိုင်း ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။နိရုဒ္ဓေ၊ချုပ်သည်ရှိသော်။

## အပ္ပနာဇောဖြစ်ခြင်း

နိရုဒ္ဓါနန္တရမေဝ၊ချုပ်သည်၏ အခြားမဲ့၌သာလျှင်။ယထာရဟံ၊ခိပ္ပါဘိည,ဒန္ဓာဘိညပုဂ္ဂိုလ်တို့၌ ထိုက်သည်အားလျော်စွာ။စတုတ္ထံ ဝါ၊လေးကြိမ်မြောက်ဖြစ်၍လည်းကောင်း ပဥ္စမံ ဝါ၊ငါးကြိမ်မြောက်ဖြစ်၍လည်းကောင်း။ဆဗ္ဗီသတိ မဟဂ္ဂတလောကုတ္တရ ဇဝနေသု၊နှစ်ဆယ့်ခြောက်ပါးသော မဟဂ္ဂုတ်,လောကုတ္တရာဇောတို့တွင်။ယထာဘိနီဟာရဝသေန၊ရူပ,အရူပ,လောကုတ္တရာမဂ်,ဖိုလ်တို့အားလျော်စွာ သမထ,ဝိပဿနာ,ဘာဝနာသို့ ရှေးရှုသည်၏အစွမ်းဖြင့်။ယံကိဉ္စိ၊အမှတ်မရှိ တစ်ခုခုသော။ဇဝနံ၊ဇောသည်။အပ္ပနာဝီထိ၊အပ္ပနာဝီထိသို့။ဩတရတိ၊သက်၏။

တတော၊ထိုအပ္ပနာဝီထိသို့ သက်သည်မှ။ပရံ၊နောက်၌။အပ္ပနာဝသာနေ၊အပ္ပဇော၏အဆုံး၌။ဘဝင်္ဂပါတောဝ၊ဘဝင်ကျသည်သာလျှင်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



## ကာမဥပစာရဇောနောင် အပ္ပနာဇောဖြစ်ပုံ

## ကာမသောမနဿဇောနောင်ဖြစ်သော အပ္ပနာဇော

၂၂။တတ္ထ၊ထိုအပ္ပနာဇော၏ ဝါရ၌။(ဝါ)ထိုဉာဏသမ္ပယုတ် ကာမာဝစရ ဇော ရှစ်ခုတို့တွင်။သောမနဿ သဟဂတ ဇဝနာနန္တရံ၊သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ကာမာဝစရဇောလေးခုတို့၏ အခြားမဲ့၌။အပ္ပနာပိ၊အပ္ပနာကိုလည်း။သောမနဿ သဟဂ တာဝ၊သောမနဿသဟဂုတ် အပ္ပနာကိုသာလျှင်။ပါဋ္ဌိကင်္ခိတဗ္ဗာ၊အလိုရှိအပ်၏။

## ကာမဥပေက္ခာဇောနောင်ဖြစ်သော အပ္ပနာဇော

ဥပေက္ခာသဟဂတ ဇဝနာနန္တရံ၊ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ကာမာဝစရ ဇောလေးခုတို့၏ အခြားမဲ့၌။အပ္ပနာပိ၊အပ္ပနာကိုလည်း။ဥပေက္ခာသဟဂတာဝ၊ဥပေက္ခာ သဟဂုတ် အပ္ပနာကိုသာလျှင်။ပါဋ္ဌိကင်္ခိတဗ္ဗာ၊အလိုရှိအပ်၏။

## မဟာကုသိုလ်ဇောနောင်ဖြစ်သော အပ္ပနာဇော

တတ္ထာပိ=တသ္မိံ ဧကဝေဒနာဇဝနေဝါရေပိ၊ထိုသို့ တူသောဝေဒနာရှိသော ဇော၏ ဝါရ၌လည်း။ကုသလဇဝနာနန္တရံ၊မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော လေးခုတို့၏အခြားမဲ့၌။ ကုသလဇဝနဥ္စေဝ၊မဟဂ္ဂုတ်,လောကုတ္တရာ ကုသိုလ်ဇောသည်လည်းကောင်း။ဟေဋ္ဌိမံ၊ အောက်၌ဖြစ်သော။ဖလတ္တယဥ္စ၊ဖိုလ်ဇောသုံးခုတို့၏ အပေါင်းသည်လည်းကောင်း။အပ္ပေတိ -အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊အပ္ပနာ၏ အစွမ်းဖြင့်ဖြစ်၏။

## မဟာကိရိယာဇောနောင်ဖြစ်သော အပ္ပနာဇော

ကိရိယဇဝနာနန္တရံ၊မဟာကိရိယာဇော ဉာဏသမ္ပယုတ်ဇောလေးခုတို့၏ အခြားမဲ့ ၌။ကိရိယဇဝနဥ္စ၊မဟဂ္ဂုတ်ကိရိယာဇောသည်လည်းကောင်း။အရဟတ္တဖလဥ္စ၊အရဟတ္တဖိုလ် (သမာပတ်)ဇောသည်လည်းကောင်း။အပ္ပေတိ=အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊အပ္ပနာ၏ အစွမ်း ဖြင့်ဖြစ်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

## အပ္ပနာဇောဖြစ်ပုံ သင်္ဂဟဂါထာများ

## ဝေဒနာအလိုက် အပ္ပနာဇောဖြစ်ပုံ

၂၃။သုခပုညမှာ၊သောမနဿသဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော နှစ်ခုမှ။ပရံ၊နောက်၌။ဒွတ္တိံ သ၊သုံးဆယ့်နှစ်ပါးကုန်သော။အပ္ပနာ၊အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ဖြစ်ကုန်၏။ဥပေက္ခကာ၊ဥပေက္ခာသဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော နှစ်ခုမှ။ပရံ၊နောက်၌။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။အပ္ပနာ၊အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ဖြစ်ကုန်၏။သုခိတကြိယတော၊သောမနဿသဟဂုတ် မဟာကိရိယဇောဉာဏသမ္ပ ယုတ်ဇောနှစ်ခုမှ၊ပရံ၊နောက်၌။အဋ္ဌ၊ရှစ်ပါးကုန်သော။အပ္ပနာ၊အပ္ပနာဇောတို့သည်။သမ္ဘော န္တိ၊ဖြစ်ကုန်၏။ဥပေက္ခကာ၊ဥပေက္ခာသဟဂုတ် မဟာကိရိယာဉာဏသမ္ပယုတ်ဇောနှစ်ခုမှ။

http://www.dhammadownload.com



ပရံနောက်၌။ဆဲခြောက်ပါးကုန်သော။အပ္ပနာ၊အပ္ပနာဇောတို့သည်။သမ္ဘောန္တိ၊ဖြစ်ကုန်၏။

## ပုဂ္ဂိုလ်အလိုက် အပ္ပနာဇောဖြစ်ပုံ

၂၄။ပုထုဇ္ဇနာနဉ္စ၊တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ လည်းကောင်း။သေက္ခာနဉ္စ၊အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့၏လည်းကောင်း။ကာမပုညတိဟေတုတော၊တိဟိတ်ကာမကုသိုလ်လေးခုမှ။ပရံနောက်၌။စတုစတ္တာလီသ၊လေးဆယ့်လေးပါးကုန်သော။အပ္ပနာ၊အပ္ပနာဇောတို့သည်။သမ္ဘောန္တိ၊ဖြစ်ကုန်၏။ဝီတရာဂါနံ၊ရဟန္တာပုဂ္ဂိုလ်တို့၏။တိဟေတု ကာမကြိယတော၊တိဟိတ်ကာမကိရိယာ လေးခုမှ။ပရံနောက်၌။စုဒ္ဒသ၊တစ်ဆယ့်လေးပါး ကုန်သော။အပ္ပနာ၊အပ္ပနာဇောတို့သည်။သမ္ဘောန္တိ၊ဖြစ်ကုန်၏။

ဇွဲထွ၊ဤဝီထိသင်္ဂဟအရာ၌။အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။မနောဒွါရေမနောဒွါရ၌။ဝီထိစိတ္တပ္ပဝတ္တိနယော၊ဝီထိစိတ်တို့၏ ဖြစ်ခြင်းကိုဆိုကြောင်းဖြစ်သောနည်းတည်း။

## တဒါရမ္မဏ နိယမ

### အနိဋ္ဌာရုံ၌ဖြစ်သောဝိပါက်

၂၅။ပန၊ဇဝနဝါရမှတပါး တဒါရမ္မဏဝါရကိုဆိုအံ့။ဇွဲထွ၊ဤ ပဉ္စဒွါရ,မနောဒွါရ၌။သဗ္ဗတ္ထာပိ၊အတိမဟန္တအစရှိသော ခပ်သိမ်းသောအခြင်းအရာဖြင့်လည်း။(တစ်နည်းကား) ဇွဲထွ၊ဤဝီထိသင်္ဂဟအရာ၌။သဗ္ဗတ္ထာပိ၊အလုံးစုံသော ပဉ္စဒွါရ,မနောဒွါရတို့၌လည်း။အနိဋ္ဌေ၊အလိုမရှိအပ်သော။အာရမ္မဏေ၊မစင်,ခွေးကောင်ပုပ်အစရှိသော အာရုံ၌။အကုသလ ဝိပါကာနေဝ၊အကုသိုလ်၏ အကျိုးသာလျှင်ဖြစ်ကုန်သော။ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏာနိ၊ပဉ္စဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ,တဒါရုံတို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

### ဣဋ္ဌာရုံ၌ဖြစ်သောဝိပါက်

၂၆။ဣဋ္ဌေ၊အလိုရှိအပ်သော။အာရမ္မဏေ၊ထမင်း အဖျော် အိပ်ရာနေရာ အဝတ်တန်ဆာအစရှိသော အာရုံ၌။ကုသလဝိပါကာနိ၊ကုသိုလ်၏အကျိုးဖြစ်ကုန်သော။ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏာနိ၊ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ,တဒါရုံတို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

### အတိဣဋ္ဌာရုံ၌ဖြစ်သောဝိပါက်

၂၇။ပန၊အထူးကိုဆိုအံ့။အတိဣဋ္ဌေ၊အလွန် အလိုရှိအပ်သော။အာရမ္မဏေ၊ဘုရားအစရှိသော အာရုံ၌။သောမနဿ သဟဂတာနေဝ၊သောမနဿ သဟဂုတ်သာလျှင်ဖြစ်ကုန်သော။သန္တီရဏတဒါရမ္မဏာနိ၊သန္တီရဏ,တဒါရုံတို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

## ရဟန္တာသန္တာန်၌ ဝိပါက်လည်းအမှန် ဇောလည်းအမှန် / ဇောနောင် တဒါရုံဖြစ်ပုံ

### သောမနဿကိရိယာဇောနောင် သောမနဿ တဒါရုံဖြစ်ခြင်း

တတ္ထာပိ၊ထိုတဒါရုံ ကောဒသတို့တွင်လည်း။သောမနဿ သဟဂတကိရိယ

http://www.dhammadownload.com



ဇဝနာဝသာနေ၊သောမနဿသဟဂုတ် ကိရိယာဇော၏ အဆုံး၌။သောမနဿ သဟဂတာ နေဝ၊သောမနဿသဟဂုတ်သာလျှင် ဖြစ်ကုန်သော။တဒါရမ္မဏာနိ၊တဒါရုံတို့သည်။ဘဝန္တိ၊ ဖြစ်ကုန်၏။

## ဥပေက္ခာကိရိယာနောင် ဥပေက္ခာတဒါရုံဖြစ်ခြင်း

ဥပေက္ခာသဟဂတ ကိရိယဇဝနာဝသာနေ စ၊ဥပေက္ခာသဟဂုတ် ကိရိယာဇော ၏ အဆုံး၌လည်း။ဥပေက္ခာသဟဂတာနေဝ၊ဥပေက္ခာသဟဂုတ် တဒါရုံတို့သည်သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။

## အာဂန္တုက ဘဝင်ဝီထိ

## ဒေါသဇောနောင် ဥပေက္ခာတဒါရုံ,ဘဝင်သာဖြစ်ခြင်း

၂၈။ပန၊ဇောဖြင့်တဒါရုံကိုမှတ်သည်မှတပါး ဇောဖြင့်တဒါရုံ,ဘဝင်နှစ်ရပ်ကိုမှတ် သားသော အဖို့ကိုဆိုအံ့။ဒေါမနဿသဟဂတ ဇဝနာဝသာနေ စ၊ဒေါမနဿသဟဂုတ်ဇော ၏အဆုံး၌လည်း။ဥပေက္ခာသဟဂတာနေဝ၊ဥပေက္ခာသဟဂုတ်သည်သာလျှင် ဖြစ်ကုန် သော။တဒါရမ္မဏာနိ စေဝ၊တဒါရုံတို့သည်လည်းကောင်း။ဘဝင်္ဂါနိ စ၊ဘဝင်တို့သည်လည်း ကောင်း။ယသ္မာ၊အကြင့်ကြောင့်။ဘဝန္တိ၊ဖြစ်ကုန်၏။

## အာဂန္တုက ဘဝင်စိတ်ဖြစ်ပုံ

တသ္မာ၊ထိုကြောင့်။သောမနဿ ပဋိသန္ဓိကဿ၊သောမနဿ ပဋိသန္ဓေနေခြင်း ရှိသော ပုဂ္ဂိုလ်အား။ဒေါမနဿသဟဂတ ဇဝနာဝသာနေ၊ဒေါမနဿသဟဂုတ် ဇော၏ အဆုံး၌။တဒါရမ္မဏသမ္ဘဝေ၊တဒါရုံတို့၏ဖြစ်ခြင်းသည်။ယဒိ နတ္ထိ၊အကယ်၍ မရှိသည်ဖြစ် အံ့။ဧဝံ သတိ၊ဤသို့ မရှိသည်ရှိသော်။

တဒါ၊ထိုအခါ၌။ယံကိဉ္စိ၊အမှတ်မရှိ တစ်ခုခုသော။ပရိစိတပုဗ္ဗံ၊ရှေး၌ လေ့ကျက် ဖူးသော။ပရိတ္တာရမ္မဏံ၊ကာမအာရုံကို။အာရဗ္ဘ၊အာရုံပြု၍။ဥပေက္ခာသဟဂတ သန္တီရဏံ၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။တံ၊ထိုဥပေက္ခာသဟဂုတ် သန္တီရဏ အာဂန္တုက ဘဝင်စိတ်ကို။အနန္တရိတွာ၊အနန္တရပစ္စည်းပြု၍။ဘဝင်္ဂပါတောဝ၊သောမနဿ ဘဝင်ကျသည်သာလျှင်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။အာစရိယာ၊ဆရာတို့သည်။ဝဒန္တိ၊ ဆိုကုန်၏။

## တဒါရုံ ဖြစ်ကြောင်း-၃ပါး

၂၉။တထာ၊ထို့အတူ။ကာမာဝစရဇဝနာဝသာနေ၊ကာမာဝစရဇော၏ အဆုံး၌။ ကာမာဝစရသတ္တာနံ၊ကာမာဝစရ သတ္တဝါတို့အား။အာရမ္မဏဘူတေသု၊အာရုံဖြစ်၍ ဖြစ်ကုန် သော။ကာမာဝစရ ဓမ္မေသွေဝ၊ကာမာဝစရ တရားတို့၌သာလျှင်။တဒါရမ္မဏံ၊တဒါရုံကို။ ဣစ္ဆန္တိ၊အလိုရှိကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

http://www.dhammadownload.com



## တဒါရုံ အင်္ဂါ ၃-ပါး

ကာမေ၊ကာမတစ်ဆယ့်တစ်ဘုံ၌။ပဝတ္တာနံ၊ဖြစ်ကုန်သော။ဇဝနသတ္တာလမ္ဗဏာနံ၊ ကာမဇော,ကာမသတ္တဝါ,ကာမအာရုံတို့ကို။တီဟိ၊သုံးပါးကုန်သော။အင်္ဂေဟိ၊အင်္ဂါတို့ဖြင့်။ နိယမေ၊မှတ်ခြင်းသည်။သတိ၊ရှိသော်။ဝိဘူတေ စ၊ဝိဘူတာရုံ၌လည်းကောင်း။အတိမဟန္တေ စ၊ အတိမဟန္တာရုံ၌လည်းကောင်း။တဒါရမ္မဏံ၊တဒါရုံကို။ဣစ္ဆိတံ၊ကျစ်ရီတံ=ဣစ္ဆိတံ၊အလိုရှိအပ်၏။

ဧတ္ထ၊ဤဝိထိသင်္ဂဟအရာ၌။အယံ၊ဤဆိုအပ်ခဲ့ ပြီးသည်ကား။တဒါရမ္မဏနိယ မော၊တဒါရုံကို မှတ်ကြောင်းဖြစ်သောနည်းတည်း။

## ဇဝန နိယမ

### ကာမာဝစရဇော ၆-ကြိမ်,၇-ကြိမ်

၃၁။စ၊ရှေးဝါကျ၌ အပြစ်တင်ဖွယ်ပယ်၍ ခဲခက်စကားဆက်ကိုဆိုအံ့။ဇဝနေသု၊ ဇောငါးဆယ့်ငါးခုတို့တွင်။ပရိတ္တဇဝနဝိထိယံ၊ကာမာဝစရဇော၏ဝိထိ၌။ကာမာဝစရဇဝနာနိ၊ ကာမာဝစရဇောတို့သည်။သတ္တက္ခတ္တုံ ဝါ၊ခုနစ်ကြိမ်လည်းကောင်း။ဆက္ခတ္တုမေဝ ဝါ၊ခြောက် ကြိမ်သာလျှင်လည်းကောင်း။ဇဝန္တိ၊စောကုန်၏။

### မရဏာသန္နကာမဇော ၅-ကြိမ်

၃၂။ပန၊အထူးကိုဆိုအံ့။မန္ဒပ္ပဝတ္တိယံ၊နှံ့သည်ဖြစ်၍ ဖြစ်ခြင်းကြောင့်။(ဝါ)မှီရာ ဝတ္ထုရုပ်၏ အားနည်းခြင်းကြောင့်။မရဏကာလာဒီသု၊သေခါနီးကာလ အစရှိသည်တို့၌။ ပဉ္စဝါရမေဝ၊ငါးကြိမ်သာလျှင်။ဇဝန္တိ၊စောကုန်၏။

### ပစ္စဝေက္ခဏာကာမဇော ၄-ကြိမ်,၅-ကြိမ်

၃၃။ပန၊အထူးကိုဆိုအံ့။ဘဂဝတော၊မြတ်စွာဘုရား၏။(ဝါ)မြတ်စွာဘုရားအား။ ယမကပါဋိဟာရိယ ကာလာဒီသု၊ရေ,မီး,အစုံ အစုံသောတန်ခိုးပြာဋိဟာတို့ကို ပြရာပြ ကြောင်း ကာလအစရှိသည်တို့၌။လဟုကပ္ပဝတ္တိယံ၊လျင်စွာဖြစ်ခြင်းကြောင့်။စတ္တာရိ ဝါ၊လေး ကြိမ်လည်းဖြစ်ကုန်သော။ပဉ္စ ဝါ၊ငါးကြိမ်လည်းဖြစ်ကုန်သော။ပစ္စဝေက္ခဏ စိတ္တာနိ၊ပစ္စဝေက္ခ ဏာ ဇောစိတ်တို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ဣတိပိ၊ဤသို့လည်း။အာစရိယာ၊ဆရာတို့သည်။ ဝဒန္တိ၊ဆိုကုန်၏။

## အပ္ပနာဇော

### အာဒိကမ္မိကမဟဂ္ဂုတ်ဇော-၁-ကြိမ်

၃၄။ပန၊ကာမာဝစရဇောမှတပါး မဟဂ္ဂုတ်ဇောကိုဆိုအံ့။အာဒိကမ္မိကဿ၊အစ၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှုရှိသော ပုဂ္ဂိုလ်အား။ပဌမကပ္ပနာယံ၊ရှေးဦးစွာဖြစ်သော အပ္ပနာ၌။ မဟဂ္ဂတဇဝနာနိ၊မဟဂ္ဂုတ်ဇောတို့သည်။ဧကဝါရမေဝ၊တစ်ကြိမ်သာလျှင်။ဇဝန္တိ၊စောကုန်၏။

http://www.dhammadownload.com



## အဘိညာဉ်ဇော ၁-ကြိမ်

အဘိညာဇဝနာနိ စ၊အဘိညာဏ်ဇောတို့သည်ကား။သဗ္ဗဒါပိ၊အခါခပ်သိမ်းလည်း။ဧကဝါရမေဝ၊တစ်ကြိမ်သာလျှင်။ဇဝန္တိ၊ဇောကုန်၏။တတော၊ထိုမဟဂ္ဂုတ်ဇော, အဘိညာဏ်ဇော ချုပ်သည်မှ။ပရံ၊နောက်၌။ဘဝင်္ဂပါတော၊ဘဝင်ကျသည်။ဟောတိ၊ဖြစ်၏။

## မဂ်ဇော,ဖိုလ်ဇော

၃၅။ပန၊မဟဂ္ဂုတ်ဇောမှတပါး လောကုတ္တရာဇောကိုဆိုအံ့။စတ္တာရော၊လေးပါးကုန်သော။မဂ္ဂုပ္ပါဒါ၊မဂ်ဟူသော ဖြစ်ခြင်းတို့သည်။(ဝါ)မဂ်တို့သည်။(ဝါ)မဂ်စိတ္တုပ္ပါဒ်တို့သည်။ဧကစိတ္တက္ခဏိကာ၊တစ်ခုသော စိတ္တက္ခဏရှိကုန်၏။(တစ်ကြိမ်သာ ဖြစ်ကုန်၏)။

တတော၊ထိုမဂ်စိတ်ချုပ်သည်မှ။ပရံ၊နောက်၌။ဒွေတီဏိဖလစိတ္တာနိ၊နှစ်ကြိမ်,သုံးကြိမ်သော ဖိုလ်စိတ်တို့သည်။ယထာရဟံ၊ဒန္ဓာဘိညာ,ခိပ္ပါဘိညာပုဂ္ဂိုလ်တို့၌ ထိုက်သည်အားလျော်စွာ။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။တတော၊ထိုဒုတိယဖိုလ်,တတိယဖိုလ်ချုပ်သည်မှ။ပရံ၊နောက်၌။ဘဝင်္ဂပါတော၊ဘဝင်ကျသည်။ဟောတိ၊ဖြစ်၏။

## နိရောဓသမာပတ်ဝိထိ၌ ဇောဖြစ်ပုံ

၃၆။နိရောဓသမာပတ္တိကာလေ၊နိရောဓသမာပတ်ကိုဝင်စားသည်မှ ရှေးအဖို့ဖြစ်သော ကာလ၌။ဒွိက္ခတ္တုံ၊နှစ်ကြိမ်။စတုတ္ထာရုပ္ပဇဝနံ၊စတုတ္ထအရူပနေဝသညာ နာသညာယတနကုသိုလ်,ကိရိယာဇောသည်။ဇဝတိ၊ဇော၏။တတော၊ထိုနေဝသညာ နာသညာယတနကုသိုလ် ကိရိယာဇော နှစ်ကြိမ်ချုပ်သည်မှ။ပရံ၊နောက်၌။နိရောဓံ၊စိတ်,စေတသိက်,စိတ္တဇရုပ်တို့၏ချုပ်ခြင်းသို့။ဖုသတိ၊ရောက်၏။

၃၇။ဝုဋ္ဌာနကာလေ စ၊နိရောဓသမာပတ်မှ ထသောကာလ၌လည်း။အနာဂါမိဖလံ ဝါ-အနာဂါမိဖလေ ဝါ၊အနာဂါမိဖိုလ်ဇောသည်လည်းကောင်း။အရဟတ္တဖလံ ဝါ။အရဟတ္တဖလေ ဝါ၊အရဟတ္တဖိုလ်ဇောသည်လည်းကောင်း။ယထာရဟံ၊အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်တို့၌ ထိုက်သည်အားလျော်စွာ။ဧကဝါရံ၊တစ်ကြိမ်။ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။နိရုဒ္ဓေ၊ချုပ်ပြီးသည်ရှိသော်။ဘဝင်္ဂပါတောဝ၊ဘဝင်ကျသည်သာလျှင်။ဟောတိ၊ဖြစ်၏။

## သမာပတ္တိဝိထိ၌ အပ္ပနာဇော အကြိမ်များစွာဖြစ်ခြင်း

၃၈။သဗ္ဗတ္ထာပိ၊အလုံးစုံလည်းဖြစ်သော။သမာပတ္တိဝိထိယံ၊ဈာနသမာပတ္တိဝိထိ, ဖလသမာပတ္တိဝိထိ၌။ဘဝင်္ဂသောတောဝိယ၊ဘဝင်၏ အလျဉ်ကဲ့သို့။ဝိထိနိယမော၊ဝိထိကိုမှတ်ခြင်းသည်။နတ္ထိ၊မရှိ။ဣတိကတွာ=ဣတိတသ္မာ၊ထို့ကြောင့်။ဗဟူနိပိ၊များစွာသော ဖြစ်ခြင်းတို့သည်လည်း။(ဝါ)များစွာသော အပ္ပနာဇောတို့ကိုလည်း။လဗ္ဘန္တိ၊ရအပ်ကုန်၏။ဣတိ။ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

## ဇောဖြစ်ပုံ သင်္ဂဟဂါထာ

၃၉။ပရိတ္တာနိ၊ကာမာဝစရဇောတို့ကို။ဥက္ကဋ္ဌသကောင်ငြိယာ၊အလွန်အားဖြင့်။သတ္တက္ခတ္တုံ၊ခုနှစ်ကြိမ်။မတာ=မတာနိ၊သိအပ်ကုန်၏။မဂ္ဂါဘိညာ၊မဂ်ဇော,အဘိညာဏ်ဇောတို့ကို။သကိံ၊တစ်ကြိမ်။မတာ၊သိအပ်ကုန်၏။

အဝသေသာနိ၊မဂ်ဇော,အဘိညာဏ်ဇောတို့မှ ကြွင်းကုန်သော။ဇဝနာနိ၊မဟဂ္ဂုတ်လောကုတ္တရာဇောတို့ကို။ဗဟူနိပိ၊များစွာသောဖြစ်ခြင်းတို့ကိုလည်း။လဗ္ဘန္တိ၊ရအပ်ကုန်၏။(တစ်နည်းကား)အဝသေသာနိ၊မဂ်ဇော,အဘိညာဏ်ဇောတို့မှ ကြွင်းကုန်သော။ဗဟူနိပိ၊များစွာလည်းဖြစ်ကုန်သော။ဇဝနာနိ၊မဟဂ္ဂုတ်ဇော လောကုတ္တရာဇောတို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏

ဧတ္ထ၊ဤဝီထိသင်္ဂဟအရာ၌။အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဇဝနနိယမော၊ ဇောကို မှတ်ကြောင်းဖြစ်သော နည်းတည်း။

## ပုဂ္ဂလဘေဒ

## ဒွိဟိတ်,အဟိတ်ပုဂ္ဂိုလ်မရသောစိတ်

၄၀။ပန၊ဇဝနနိယမမှတပါး ပုဂ္ဂလဘေဒကိုဆိုအံ့။ဧတ္ထ၊ဤပုဂ္ဂလဘေဒ၌။(ဝါ) တစ်နည်းကား-ဧတ္ထ၊ဤတစ်ကျိပ်နှစ်ယောက်သောပုဂ္ဂိုလ်တို့တွင်။ဒုဟေတုကာနဥ္စ၊ဒွိဟိတ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။အဟေတုကာနဥ္စ၊ဒုဂ္ဂတိအဟိတ်,သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ကိရိယဇဝနာနိ စေဝ၊ကိရိယာဇောတို့ကိုလည်းကောင်း။အပ္ပနာဇဝနာနိ စ၊အပ္ပနာဇောတို့ကိုလည်းကောင်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

၄၁။တထာ၊ထို့အတူ။သုဂတိယံ၊သုဂတိဘုံ၌။ဒုဟေတုကာဟေတုကာနံ၊ဒွိဟိတ်ပုဂ္ဂိုလ်,သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်။ဉာဏသမ္ပယုတ္တဝိပါကာနိ စ၊ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်တို့ကိုလည်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

၄၂။ဒုဂ္ဂတိယံ၊ဒုဂ္ဂတိဘုံ၌။အဟေတုကာနံ ပန၊ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်ကား။ဉာဏဝိပ္ပယုတ္တာနိ၊ဉာဏဝိပ္ပယုတ် ဖြစ်ကုန်သော။မဟာဝိပါကာနိ စ၊မဟာဝိပါက်စိတ်တို့ကိုလည်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

## ရဟန္တာပုဂ္ဂိုလ် မရသောစိတ်

၄၃။တိဟေတုကေသု စ၊တိဟိတ်ပုဂ္ဂိုလ် ကိုးယောက်တို့တွင်လည်း။ခီဏာသဝါနံ၊ရဟန္တာပုဂ္ဂိုလ်တို့သည်။ကုသလာ ကုသလ ဇဝနာနိ စ၊ကုသိုလ် အကုသိုလ်ဇောတို့ကိုလည်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

## ပုထုဇဉ်,သေက္ခ မရသောစိတ်

၄၄။တထာ၊ထို့အတူ။သေက္ခပုထုဇ္ဇနာနံ၊အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်,တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ကိရိယဇဝနာနိ၊ကိရိယာဇောတို့ကို။န လဗ္ဘန္တိ၊မရအပ်ကုန်။

http://www.dhammadownload.com



## အောက်ဖလဌာန်ပုဂ္ဂိုလ် မရသောစိတ်

၄၅။သေက္ခာနံ၊အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်တို့သည်။ဒိဋ္ဌိဂတသမ္ပယုတ္တ ဝိစိကိစ္ဆာ ဇဝနာနိ စ၊ဒိဋ္ဌိဂတသမ္ပယုတ်ဇော ဝိစိကိစ္ဆာဇောတို့ကိုလည်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

## အနာဂါမ် မရသောစိတ်

၄၆။ပန၊အထူးကိုဆိုအံ့။အနာဂါမိပုဂ္ဂလာနံ၊အနာဂါမ်ပုဂ္ဂိုလ်တို့သည်။ပဋိဃဇဝနာ နိ စ၊ဒေါသမူဇောတို့ကိုလည်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

## အရိယာပုဂ္ဂိုလ်သာရသောစိတ်

၄၇။လောကုတ္တရဇဝနာနိ စ၊လောကုတ္တရာဇောရှစ်ခုတို့သည်ကား။ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။အရိယာနမေဝ၊အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့အားသာလျှင်။ သမုပ္ပဇ္ဇန္တိ၊ကောင်းစွာ အသီးသီးဖြစ်ကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

## ပုဂ္ဂိုလ်အလိုက်စိတ်ရ သင်္ဂဟဂါထာ

၄၈။အသေက္ခာနံ၊ရဟန္တာပုဂ္ဂိုလ်တို့အား။စတုစတ္တာလီသ၊လေးဆယ့်လေးပါးကုန် သော ဝီထိစိတ်တို့ကို။သမ္ဘဝါ=ယထာသမ္ဘဝံ၊ဖြစ်သင့်သည်အားလျော်စွာ။ဥဒ္ဒိသေ၊ပြရာ၏။ သေက္ခာနံ၊သေက္ခပုဂ္ဂိုလ်ခုနှစ်ယောက်တို့အား။ဆပညာသ၊ငါးဆယ့်ခြောက်ပါးသော ဝီထိ စိတ်တို့ကို။သမ္ဘဝါ=ယထာသမ္ဘဝံ၊ဖြစ်သင့်သည်အားလျော်စွာ။ဥဒ္ဒိသေ၊ပြရာ၏။

အဝသေသာနံ၊သေက္ခ,အသေက္ခပုဂ္ဂိုလ်တို့မှ ကြွင်းကုန်သောပုထုဇဉ်ပုဂ္ဂိုလ်လေး ယောက်တို့အား။စတုပဥ္စာသ၊ငါးဆယ့်လေးပါးသော ဝီထိစိတ်တို့ကို။သမ္ဘဝါ=ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ဥဒ္ဒိသေ၊ပြရာ၏။

အယံ၊ဤဆိုအပ်ခဲ့ပြီးသော နည်းသည်ကား။ဧတ္ထ၊ဤဝီထိသင်္ဂဟအရာ၌။ပုဂ္ဂလ ဘေဒေါ၊ပုဂ္ဂလဘေဒတည်း။(ဝါ)ထိုထို ပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်ဖြစ်သော ဝီထိစိတ်တို့ကိုဆို ရာဆိုကြောင်း ဖြစ်သောနည်းတည်း။

## ဘူမိဝိဘာဂ

## ကာမဘုံ၌ရသော ဝီထိစိတ်

၄၉။ကာမာဝစရဘူမိယံ ပန=ကာမာဝစရဘူမိယံ ဧဝ၊ကာမာဝစရဘုံ၌သာလျှင်။ သဗ္ဗာနိပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ဧတာနိ ဝီထိစိတ္တာနိ၊ထိုဝီထိစိတ်တို့ကို။ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ဥပလဗ္ဘန္တိ၊ရအပ်ကုန်၏။

## ရူပဘုံ၌ရသော ဝီထိစိတ်

၅၀။ရူပါဝစရဘူမိယံ၊ရူပါဝစရဘုံ၌။ပဋိဃဇဝန တဒါရမ္မဏဝဇ္ဇိတာနိ၊ဒေါသမူဇော့, ဘဒါရုံ ကောဒသသည်ကြဉ်အပ်ကုန်သော။ဧတာနိ ဝီထိစိတ္တာနိ၊ထိုဝီထိစိတ်တို့ကို။ယထာ ရဟံ၊ထိုက်သည်အားလျော်စွာ။ဥပလဗ္ဘန္တိ၊ရအပ်ကုန်၏။

http://www.dhammadownload.com


## အရူပဘုံ၌ရသော ဝီထိစိတ်

၅၁။စ၊အထူးကိုဆိုအံ့။အရူပါဝစရဘူမိယံ၊အရူပါဝစရဘုံ၌။ပဥ္စမ မဂ္ဂ ရူပါဝစရ ဟသနပဟေဋ္ဌိမာရူပ္ပဝဇ္ဇိတာနိ၊သောတာပတ္တိမဂ်,ရူပစိတ်တစ်ဆယ့်ငါးခု,ဟသိတုပ္ပါဒ်,အောက် အောက်၌ဖြစ်သော အရူပစိတ်သည်ကြဉ်အပ်ကုန်သော။စောနိ ဝီထိစိတ္တာနိ၊ထိုဝီထိစိတ်တို့ ကို။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။လဗ္ဘန္တိ၊ရအပ်ကုန်၏။

## ပသာဒရုပ်ချို့တဲ့သူမှာ စက္ခုဝိညာဏ်စသော ဝီထိစိတ်တို့မရ

၅၂။သဗ္ဗတ္ထာပိ စ၊ခပ်သိမ်းသောဘုံတို့၌လည်း။တံတံ ပသာဒရဟိတာနံ၊ထိုထို သို့သော စက္ခုပသာဒရုပ်စသည်မှ ကင်းကုန်သောပုဂ္ဂိုလ်တို့သည်။တံတံ ဒွါရိကဝီထိစိတ္တာနိ၊ ထိုထိုသို့သော ဒွါရ၌ဖြစ်ကုန်သော ဝီထိစိတ်တို့ကို။န လဗ္ဘန္တေဝ၊မရအပ်ကုန်သည်သာလျှင် တည်း။

## အသညသတ်မှာ စိတ်မရှိ

၅၃။အသညသတ္တာနံ ပန၊အသညသတ်ပုဂ္ဂိုလ်တို့သည်ကား။သဗ္ဗထာပိ၊ခပ်သိမ်း သော အခြင်းအရာဖြင့်လည်း။စိတ္တပ္ပဝတ္တိ၊စိတ်တို့၏ဖြစ်ခြင်းသည်။နတ္ထေဝ=နတ္ထိ ဧဝ၊မရှိသည် သာလျှင်တည်း။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

## ဘုံအလိုက် ဝီထိစိတ်ရပုံ သင်္ဂဟဂါထာ

၅၄။ကာမေ၊ကာမတစ်ဆယ့်တစ်ဘုံ၌။အသီတိ၊ရှစ်ဆယ်သော။ဝီထိစိတ္တာနိ၊ဝီထိ စိတ်တို့ကို။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။လဗ္ဘရေ၊ရအပ်ကုန်၏။ရူပေ၊အသညသတ် ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံ၌။စတုသဋ္ဌိ၊ခြောက်ဆယ့်လေးပါးကုန်သော။ဝီထိစိတ္တာနိ၊ ဝီထိစိတ်တို့ကို။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။လဗ္ဘရေ၊ရအပ်ကုန်၏။

တထာ၊ထို့မြို့။အရူပေ၊အရူပလေးဘုံ၌။ဒွေစတ္တာလီသ၊လေးဆယ့်နှစ်ပါးကုန်သော ဝီထိစိတ္တာနိ၊ဝီထိစိတ်တို့ကို။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။လဗ္ဘရေ၊ရအပ်ကုန်၏။

အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤအရာ၌။ဘူမိဝိဘာဂေါ၊ဘူမိဝိဘာဂ တည်း။(ဝါ)ဘုံတို့၏ အစွမ်းဖြင့်ဖြစ်သော ဝီထိစိတ်တို့ကိုဝေဘန်ကြောင်းဖြစ်သောနည်းတည်း

## ဝီထိစိတ်ဖြစ်ပုံ နိဂုံးချုပ်စကား
## ဝီထိစိတ် မပြတ်ဖြစ်ခြင်း

၅၅။ဣစ္စေဝံ=ဣတိဧဝံ ယထာဝုတ္တနယေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ဆဒွါရိကစိတ္တပ္ပဝတ္တိ၊ခြောက်ဒွါရ၌ ဖြစ်သောစိတ်တို့၏ဖြစ်ခြင်းသည်။ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ဘဝင်္ဂန္တရိတာ၊ဘဝင်ခြားအပ်သည်။ဟုတွာ၊ဖြစ်၍။ယာဝတာယု ကံ၊အသက်ရှည်သမျှကာလပတ်လုံး။အဗ္ဗောစ္ဆိန္နာ၊မပြတ်။ပဝတ္တတိ၊ဖြစ်၏။

# ဝီထိပိုင်း ပြီး၏။

http://www.dhammadownload.com



# ၅-ဝီထိမုတ်ပိုင်း (ဘုံပိုင်း)

## ပဋိညာဉ်

၁။ဧဝံ=ယထာဝုတ္တနယေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ဝီထိစိတ္တ ဝသေန၊ဝီထိစိတ်တို့၏အစွမ်းဖြင့်။ပဝတ္တိယံ၊ပဝတ္တိအခါ၌။ပဝတ္တိသင်္ဂဟော နာမ၊ပဝတ္တိသင်္ဂဟ အမည်ရှိသော ဝီထိသင်္ဂဟကို။မယာ၊ငါသည်။ဥဒီရိတော၊မိန့်အပ်ပြီ။ဒါနိ=ဣဒါနိ၊ယခုအခါ၌။ သန္ဓိယံ၊ပဋိသန္ဓေအခါ,စုတိအခါ၌။ပဝတ္တိသင်္ဂဟော နာမ၊ပဝတ္တိသင်္ဂဟအမည်ရှိသော ဝီထိ မုတ္တသင်္ဂဟကို။မယာ၊ငါသည်။ဝုစ္စတိ၊မိန့်အပ်၏။(ဝါ)မိန့်အပ်လတ္တံ့။

## စတုက္က မာတိကာ

၂။စတဿော၊လေးပါးကုန်သော။ဘူမိယော စ၊ဘုံတို့လည်းကောင်း။စတုဗ္ဗိဓာ၊ လေးပါးအပြားရှိသော။ပဋိသန္ဓိ စ၊ပဋိသန္ဓေလည်းကောင်း။စတ္တာရိ၊လေးပါးကုန်သော။ကမ္မာနိ စ၊ကံတို့လည်းကောင်း။စတုဓာ၊လေးပါးအပြားရှိသော။မရဏုပ္ပတ္တိ စ၊မရဏုပ္ပတ္တိလည်း ကောင်း။ဣတိ၊ဤသို့။ဝီထိမုတ္တသင်္ဂဟေ၊ဝီထိမုတ္တသင်္ဂဟ၌။စတ္တာရိ၊လေးပါးကုန်သော။ စတုက္ကာနိ၊စတုက္ကတို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

## ၁-ဘူမိစတုက္က ဘုံ ၄-မျိုး

၃။တတ္ထ=တေသု စတုက္ကေသု၊ထိုလေးပါးသော စတုက္ကတို့တွင်။အပါယဘူမိ စ၊ အပါယ်ဘုံလည်းကောင်း။ကာမသုဂတိဘူမိ စ၊ကာမသုဂတိဘုံလည်းကောင်း။ရူပါဝစရဘူမိ စ၊ရူပါဝစရဘုံလည်းကောင်း။အရူပါဝစရဘူမိ စ၊အရူပါဝစရဘုံလည်းကောင်း။ဣတိ၊ဤသို့။ စတဿော၊လေးပါးကုန်သော။ဘူမိယောနာမ၊ဘုံမည်သည်တို့ကို။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

## ကာမ ၁၁-ဘုံ (အပါယ် ၄-ဘုံ )

၄။တာသု=စတူသု ဘူမိသု၊ထိုလေးပါးသော ဘုံတို့တွင်။နိရယော စ၊ငရဲဘုံလည်း ကောင်း။တိရစ္ဆာနယောနိ စ၊တိရစ္ဆာန်ဘုံလည်းကောင်း။ပေတ္တိဝိသယော စ၊ပြိတ္တာဘုံလည်း ကောင်း။အသုရကာယော စ၊အသူရကာယ်ဘုံလည်းကောင်း။ဣတိ၊ဤသို့။အပါယဘူမိ၊ အပါယ်ဘုံသည်။စတုဗ္ဗိဓာ၊လေးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## ကာမသုဂတိ ၇-ဘုံ

၅။မနုဿာ စ၊မနုဿလူ့ဘုံလည်းကောင်း။စာတုမဟာရာဇိကာ စ၊စတုမဟာရာဇ် နတ်ဘုံလည်းကောင်း။တာဝတိံသာ စ၊တာဝတိံသာနတ်ဘုံလည်းကောင်း။ယာမာ စ၊ယာမာ နတ်ဘုံလည်းကောင်း။တုသိတာ စ၊တုသိတာနတ်ဘုံလည်းကောင်း။နိမ္မာနရတိ စ၊နိမ္မာနရတိ နတ်ဘုံလည်းကောင်း။ပရနိမ္မိတ ဝသဝတ္တိ စ၊ပရနိမ္မိတ ဝသဝတ္တိနတ်ဘုံလည်းကောင်း။ ဣတိ၊ဤသို့။ကာမသုဂတိဘူမိ၊ကာမသုဂတိဘုံသည်။သတ္တဝိဓာ၊ခုနစ်ပါးအပြားရှိသည်။

http://www.dhammadownload.com



ဟောတိ၊ဖြစ်၏။

၆။ပန၊အစိတ်မှတစ်ပါး အပေါင်းကိုဆိုအံ့။ကောဒသဝိဓာပိ၊တစ်ဆယ့်တစ်ပါး အပြားရှိသည်လည်းဖြစ်သော။သာအယံ ဘူမိ၊ထိုဘုံသည်။ကာမာဝစရဘူမိစ္စေဝ၊ကာမာဝစရ ဘုံဟူ၍သာလျှင်။သင်္ခံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ခေါ်ဝေါ် ခြင်းသို့။(ဝါ)ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ဂစ္ဆတိ၊ရောက်၏။

## ရူပ ၁၆-ဘုံ

### ပဌမစျာန် ၃-ဘုံ

၇။ပြဟ္မပါရိသဇ္ဇာ စ၊ပြဟ္မပါရိသဇ္ဇာဘုံလည်းကောင်း။ပြဟ္မပုရောဟိတာ စ၊ပြဟ္မ ပုရောဟိတာဘုံလည်းကောင်း။မဟာပြဟ္မာ စ၊မဟာပြဟ္မာဘုံလည်းကောင်း။ဣတိ၊ဤသို့။ ပဌမဇ္ဈာနဘူမိ၊ပဌမစျာန်ဘုံသည်။တိဝိဓာ၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

### ဒုတိယစျာန် ၃-ဘုံ

၈။ပရိတ္တာဘာ စ၊ပရိတ္တာဘာဘုံလည်းကောင်း။အပ္ပမာဏာဘာ စ၊အပ္ပမာဏာ ဘာဘုံလည်းကောင်း။အာဘဿရာ စ၊အာဘဿရာဘုံလည်းကောင်း။ဣတိ၊ဤသို့။ဒုတိ ယဇ္ဈာနဘူမိ၊ဒုတိယစျာန်ဘုံသည်။တိဝိဓာ၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

### တတိယစျာန် ၃-ဘုံ

၉။ပရိတ္တသုဘာ စ၊ပရိတ္တသုဘာဘုံလည်းကောင်း။အပ္ပမာဏသုဘာ စ၊အပ္ပမာ ဏသုဘာဘုံလည်းကောင်း။သုဘကိဏှာ စ၊သုဘကိဏှာဘုံလည်းကောင်း။ဣတိ၊ဤသို့။ တတိယဇ္ဈာနဘူမိ၊တတိယစျာန်ဘုံသည်။တိဝိဓာ၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

### စတုတ္ထစျာန် ၇-ဘုံ

၁၀။ဝေဟပ္ဖလာ စ၊ဝေဟပ္ဖိုလ်ဘုံလည်းကောင်း။အသညသတ္တာ စ၊အသညသတ် ဘုံလည်းကောင်း။သုဒ္ဓါဝါသာ စ၊သုဒ္ဓါဝါသငါးဘုံလည်းကောင်း။ဣတိ၊ဤသို့။စတုတ္ထဇ္ဈာနဘူ မိ၊စတုတ္ထစျာန်ဘုံသည်။သတ္တဝိဓာ၊ခုနစ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။ရူပါ ဝစရဘူမိ၊ရူပါဝစရဘုံသည်။သောဠသဝိဓာ၊တစ်ဆယ့်ခြောက်ပါးအပြားရှိသည်။ဟောတိ၊ ဖြစ်၏။

### သုဒ္ဓါဝါသ ၅-ဘုံ

၁၁။အဝိဟာ စ၊အဝိဟာဘုံလည်းကောင်း။အတပ္ပါ စ၊အတပ္ပါဘုံလည်းကောင်း။ သုဒဿာ စ၊သုဒဿာဘုံလည်းကောင်း။သုဒဿီ စ၊သုဒဿီဘုံလည်းကောင်း။အကနိဋ္ဌာ စ၊အကနိဋ္ဌာဘုံလည်းကောင်း။ဣတိ၊ဤသို့။သုဒ္ဓါဝါသဘူမိ၊သုဒ္ဓါဝါသဘုံသည်။ပဉ္စဝိဓာ၊ငါးပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com


## အရူပ ၄-ဘုံ

၁၂။အာကာသာနဉ္စာယတနဘူမိ စ၊အာကာသာနဉ္စာယတနဘုံလည်းကောင်း။ ဝိညာဏဉ္စာယတနဘူမိ စ၊ဝိညာဏဉ္စာယတနဘုံလည်းကောင်း။အာကိဉ္စညာယတနဘူမိ စ၊အာကိဉ္စညာယတနဘုံလည်းကောင်း။နေဝသညာနာသညာယတနဘူမိ စ၊နေဝသညာနာသညာယတနဘုံလည်းကောင်း။ဣတိ၊ဤသို့။အရူပဘူမိ၊အရူပဘုံသည်။စတုဗ္ဗိဓာ၊လေးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## ဘုံ၌ ပုဂ္ဂိုလ်ရ သင်္ဂဟဂါထာများ

၁၃။သုဒ္ဓါဝါသေသု၊သုဒ္ဓါဝါသဘုံတို့၌။(ဝါ)သုဒ္ဓါဝါသဘုံတို့သည်။သဗ္ဗထာ၊ခပ်သိမ်းသောအခြင်းအရာဖြင့်။ပုထုဇ္ဇနာ၊ပုထုဇဉ်ဖြစ်ကုန်သော။ပုဂ္ဂလာစာပိ၊ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။သောတာပန္နာ၊သောတာပန်ဖြစ်ကုန်သော။ပုဂ္ဂလာစာပိ၊ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။သကဒါဂါမိနော၊သကဒါဂါမ်ဖြစ်ကုန်သော။ပုဂ္ဂလာစာပိ၊ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

၁၄။အသညာပါယဘူမီသု၊အသညသတ်ဘုံ,အပါယ်ဘုံတို့၌။(ဝါ)အသညသတ်ဘုံ အပါယ်ဘုံတို့သည်။အရိယာ၊အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့ကို။နောပလဗ္ဘန္တိ=နဉပလဗ္ဘန္တိ၊မရအပ်ကုန်။သေသဋ္ဌာနေသု၊သုဒ္ဓါဝါသ,အပါယ်,အသညသတ်ဘုံတို့မှ ကြွင်းကုန်သော နှစ်ဆယ့်တစ်ဘုံတို့၌။(ဝါ)တို့သည်။အရိယာ စ၊အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့ကိုလည်းကောင်း။အနရိယာပိ စ၊(ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကြဉ်)ပုထုဇဉ်ပုဂ္ဂိုလ်သုံးယောက်တို့ကိုလည်းကောင်း။လဗ္ဘန္တိ၊ရအပ်ကုန်၏။

ဣတိ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤဝိထိမုတ္တ သင်္ဂဟအရာ၌။ဘူမိစတုက္ကံ၊ဘူမိစတုက္ကတည်း။

## ၂-ပဋိသန္ဓိစတုက္က (ပဋိသန္ဓေ ၄-မျိုး )

၁၅။အပါယပဋိသန္ဓိ စ၊အပါယ်ပဋိသန္ဓေလည်းကောင်း။ကာမသုဂတိပဋိသန္ဓိ စ၊ကာမသုဂတိပဋိသန္ဓေလည်းကောင်း။ရူပါဝစရပဋိသန္ဓိ စ၊ရူပါဝစရပဋိသန္ဓေလည်းကောင်း။အရူပါဝစရပဋိသန္ဓိ စ၊အရူပါဝစရပဋိသန္ဓေလည်းကောင်း။ဣတိ၊ဤသို့။စတုဗ္ဗိဓာ၊လေးပါးအပြားရှိသော။ပဋိသန္ဓိ နာမ၊ပဋိသန္ဓေမည်သည်ကို။ဝေဒိတဗ္ဗာ၊သိအပ်၏။

## ကာမပဋိသန္ဓေ ၁၀-ပါး

### အပါယ်ပဋိသန္ဓေ

၁၆။တတ္ထ=တာသု စတူသု ပဋိသန္ဓီသု၊ထိုလေးပါးသော ပဋိသန္ဓေတို့တွင်။အကုသလဝိပါကောပေက္ခာသဟဂတ သန္တီရဏံ၊အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည်။အပါယဘူမိယံ၊အပါယ်ဘုံ၌။ဩက္ကန္တိက္ခဏေ၊သက်သော ခဏ၌။ပဋိသန္ဓိ၊ပဋိ

http://www.dhammadownload.com



သန္ဓေသည်။ဟုတ္တာ၊ဖြစ်၍။တတော၊ထိုပဋိသန္ဓေအခါမှ။ပရံ၊နောက်၌။ဘဝင်၊ဘဝင်သည်။ဟုတ္တာ၊ဖြစ်၍။ပရိယောသာနေ၊အဆုံး၌။စဝနံ၊စုတိသည်။ဟုတ္တာ၊ဖြစ်၍။ဝေါစ္ဆိဇ္ဇတိ၊ပြတ်၏။ဧကော၊တစ်ခုသော။အယံ ပဋိသန္ဓိ၊ဤပဋိသန္ဓေသည်။အပါယပဋိသန္ဓိ နာမ၊အပါယ်ပဋိသန္ဓေမည်၏။

## ကာမသုဂတိ ပဋိသန္ဓေ ၉-ပါး

## ကာမသုဂတိအဟိတ် ပဋိသန္ဓေ

**၁၇။**ပန၊ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေမှတစ်ပါး သုဂတိအဟိတ်ပဋိသန္ဓေကိုဆိုအံ့။ကုသလဝိပါကောပေက္ခာသဟဂတ သန္တီရဏံ၊ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်။ကာမသုဂတိယံ၊ကာမသုဂတိဘုံ၌။ဇစ္စန္ဓာဒီနံ၊ပဋိသန္ဓေအားဖြင့် ကန်းသောသူအစရှိကုန်သော။မနုဿာနဉ္စ၊လူတို့၏လည်းကောင်း။(ဝါ)တို့အားလည်းကောင်း။ဘုမ္မဿိတာနံ၊ဘုမ္မစိုးနတ်တို့၏ အလားသာလျှင် အလားရှိခြင်းကြောင့် ဘုမ္မစိုးနတ်တို့ကို မှီ၍ဖြစ်ကုန်သော။ဝိနိပါတိကာသုရာနဉ္စ၊ဝိနိပါတိကအသူရာတို့၏လည်းကောင်း။(ဝါ)တို့အားလည်းကောင်း။ပဋိသန္ဓိဘဝင် စုတိဝသေန၊ပဋိသန္ဓေ,ဘဝင်,စုတိတို့၏အစွမ်းဖြင့်။ပဝတ္တတိ၊ဖြစ်၏။

## ကာမသုဂတိသဟိတ်ပဋိသန္ဓေ

**၁၈။**ပန၊အဟိတ်ပဋိသန္ဓေမှတစ်ပါး သဟိတ်ပဋိသန္ဓေကိုဆိုအံ့။အဋ္ဌ၊ရှစ်ပါးကုန်သော။မဟာဝိပါကာနိ၊မဟာဝိပါက်စိတ်တို့သည်။သဗ္ဗတ္ထာပိ၊အလုံးစုံလည်းဖြစ်သော။ကာမသုဂတိယံ ဧဝ၊ကာမသုဂတိ ခုနစ်ဘုံ၌သာလျှင်။ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ပဋိသန္ဓေ,ဘဝင်,စုတိတို့၏အစွမ်းဖြင့်။ပဝတ္တန္တိ၊ဖြစ်ကုန်၏။

**၁၉။**နဝ၊ကိုးပါးကုန်သော။ဣမာ၊ဤပဋိသန္ဓေတို့သည်။ကာမသုဂတိပဋိသန္ဓိယော နာမ၊ကာမသုဂတိပဋိသန္ဓေတို့မည်ကုန်၏။

**၂၀။**ပန၊အစိတ်မှတစ်ပါး အပေါင်းကိုဆိုအံ့။ဒသဝိဓာပိ၊ဆယ်ပါး အပြားရှိသည်လည်းဖြစ်သော။သာအယံ ပဋိသန္ဓိ၊ထိုပဋိသန္ဓေသည်။ကာမာဝစရပဋိသန္ဓိစ္စေဝ၊ကာမာဝစရပဋိသန္ဓေဟူ၍သာလျှင်။သင်္ခံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏အဖြစ်သို့။(ဝါ)ခေါ်ဝေါ်ခြင်းသို့။(ဝါ)ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့။ဂစ္ဆတိ၊ရောက်၏။

## ကာမပုဂ္ဂိုလ်တို့၏ သက်တမ်း

## အသက်တမ်း အမြဲမရှိသော ပုဂ္ဂိုလ်များ

**၂၁။**တေသု-ဒသသု ပဋိသန္ဓိယုတ္တပုဂ္ဂလေသု၊ထိုဆယ်ပါးသော ပဋိသန္ဓေနှင့်ယှဉ်သောပုဂ္ဂိုလ်တို့တွင်။စတုန္နံ၊လေးယောက်ကုန်သော။အပါယာနဉ္စ၊အပါယ်ပုဂ္ဂိုလ်တို့၏လည်းကောင်း။(ဝါ)တို့အားလည်းကောင်း။မနုဿာနဉ္စ၊လူတို့၏လည်းကောင်း။(ဝါ)တို့အားလည်းကောင်း။ဝိနိပါတိကာသုရာနဉ္စ၊ဝိနိပါတိကာအသူရာတို့၏လည်းကောင်း။(ဝါ)တို့အား

http://www.dhammadownload.com



လည်းကောင်း။အာယုပ္ပမာဏဂဏနာယ၊အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၌။ နိယမော၊မြဲခြင်းသည်။နတ္ထိ၊မရှိ။

## နတ်တို့၏သက်တမ်း

## စတုမဟာရာဇ်နတ်သက်ကို လူ့သက်ဖြင့်ရေတွက်ခြင်း

၂၂။ပန၊အနိယမမှတစ်ပါး နိယမကိုဆိုအံ့။စာတုမဟာရာဇိကာနံ၊စတုမဟာရာဇ်ဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊နတ်တို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဒိဗ္ဗာနိ၊နတ်၌ဖြစ်ကုန်သော။ပဉ္စဝဿသတာနိ၊အနှစ်ငါးရာတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

မနုဿဂဏနာယ၊လူတို့၏ အရေအတွက်အားဖြင့်။နဝုတိဝဿ သတသဟဿပ္ပမာဏံ၊အနှစ်ကိုးသန်း အတိုင်းအရှည်ရှိသည်။ဟောတိ၊ဖြစ်၏။

## တာဝတိံသာနတ်သက်

တတော၊ထိုစတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည်ထက်။စတုဂ္ဂုဏံ၊လေးဆတက်သည်။တာဝတိံသာနံ၊တာဝတိံသာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊နတ်တို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဟောတိ၊ဖြစ်၏။

## ယာမာနတ်သက်

တတော၊ထိုတာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည်ထက်။စတုဂ္ဂုဏံ၊လေးဆတက်သည်။ယာမာနံ၊ယာမာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊နတ်တို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဟောတိ၊ဖြစ်၏။

## တုသိတာနတ်သက်

တတော၊ထိုယာမာနတ်တို့၏ အသက်အတိုင်းအရှည်ထက်။စတုဂ္ဂုဏံ၊လေးဆတက်သည်။တုသိတာနံ၊တုသိတာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊နတ်တို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဟောတိ၊ဖြစ်၏။

## နိမ္မာနရတိနတ်သက်

တတော၊ထိုတုသိတာနတ်တို့၏ အသက်အတိုင်းအရှည်ထက်။စတုဂ္ဂုဏံ၊လေးဆတက်သည်။နိမ္မာနရတီနံ၊နိမ္မာနရတီဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊နတ်တို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဟောတိ၊ဖြစ်၏။

## ပရနိမ္မိတ ဝသဝတ္တီနတ်သက်

တတော၊ထိုနိမ္မာနရတီနတ်တို့၏အသက် အတိုင်းအရှည်ထက်။စတုဂ္ဂုဏံ၊လေးဆတက်သည်။ပရနိမ္မိတဝသဝတ္တီနံ၊ပရနိမ္မိတဝသဝတ္တီဘုံ၌ ဖြစ်ကုန်သော။ဒေဝါနံ၊နတ်တို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



## ဝသဝတ္တီနတ်သက် သင်္ဂဟဂါထာ

## ပရနိမ္မိတဝသဝတ္တီနတ်သက်ကို လူ့သက်ဖြင့် ရေတွက်ပုံ

၂၃။ဝသဝတ္တီသု=ဝသဝတ္တီနံ၊ဝသဝတ္တီဘုံ၌ ဖြစ်ကုန်သော။ဒေဝါနံ၊နတ်တို့၏။ အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။မနုဿဂဏနာယ၊လူတို့၏ အရေအတွက် အားဖြင့်။ဝဿာနံ၊နှစ်တို့၏။နဝသတဉ္စ ကောဋိယော၊ကုဋေကိုးရာတို့သည်လည်းကောင်း။ ဧကဝီသ ကောဋိယော စ၊နှစ်ဆယ့်တစ်ကုဋေတို့သည်လည်းကောင်း။တထာ၊ထိုမြို့။သဋ္ဌိစ ဝဿ သဟဿာနိ၊အနှစ်ခြောက်သန်းတို့သည်လည်းကောင်း။ဟောန္တိ၊ဖြစ်ကုန်၏။

## ရူပါဝစရ ပဋိသန္ဓေ ၆-ပါး

## ရူပါဝစရ နာမ်ပဋိသန္ဓေ ၅-ပါး

## ပဌမဈာန် ဝိပါက်ပဋိသန္ဓေ

၂၄။ပဌမဇ္ဈာနဝိပါကံ၊ပဌမဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်သည်။ပဌမဇ္ဈာနဘူမိယံ၊ပဌမဈာန်ဘုံ၌။ပဋိသန္ဓိဘဝင် စုတိဝသေန၊ပဋိသန္ဓေ,ဘဝင်,စုတိတို့၏အစွမ်းဖြင့်။ပဝတ္တတိ ၊ဖြစ်၏။

## ဒုတိယဈာန် တတိယဈာန်ဝိပါက်ပဋိသန္ဓေ

၂၅။တထာ၊ထို့အတူ။ဒုတိယဇ္ဈာနဝိပါကဉ္စ၊ဒုတိယဈာန်နှင့်ယှဉ်သော ဝိပါက်စိတ် သည်လည်းကောင်း။တတိယဇ္ဈာနဝိပါကဉ္စ၊တတိယဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်သည် လည်းကောင်း။ဒုတိယဇ္ဈာနဘူမိယံ၊ဒုတိယဈာန်ဘုံ၌။ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ပဋိသန္ဓေ, ဘဝင်,စုတိတို့၏အစွမ်းဖြင့်။ပဝတ္တတိ၊ဖြစ်၏။

## စတုတ္ထဈာန်ဝိပါက် ပဋိသန္ဓေ

၂၆။စတုတ္ထဇ္ဈာနဝိပါကံ၊စတုတ္ထဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်သည်။တတိယဇ္ဈာ နဘူမိယံ၊တတိယဈာန်ဘုံ၌။ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ပဋိသန္ဓေ,ဘဝင်,စုတိတို့၏အစွမ်း ဖြင့်။ပဝတ္တတိ၊ဖြစ်၏။

## ပဉ္စမဈာန်ဝိပါက်ပဋိသန္ဓေ

၂၇။ပဉ္စမဇ္ဈာနဝိပါကံ၊ပဉ္စဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်သည်။စတုတ္ထဇ္ဈာန ဘူမိယံ၊စတုတ္ထဈာန်ဘုံ၌။ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ပဋိသန္ဓေ,ဘဝင်,စုတိတို့၏အစွမ်းဖြင့်။ ပဝတ္တတိ၊ဖြစ်၏။

## ရူပါဝစရရုပ် ပဋိသန္ဓေ ၁-ပါ။

## အသညသတ် ပဋိသန္ဓေ

၂၈။ပန၊အထူးကိုဆိုအံ့။အသညသတ္တာနံ၊အသညသတ်ပုဂ္ဂိုလ်တို့အား။ရူပမေဝ၊ ဒွိဝိတဆက္က,ဇီဝိတနဝက ကလာပ်ရုပ်သည်သာလျှင်။ပဋိသန္ဓိ၊ပဋိသန္ဓေသည်။ဟောတိ၊ ဖြစ်

http://www.dhammadownload.com



၏။တထာ၊ထို့အတူ။တတော၊ထိုပဋိသန္ဓေအခါမှ။ပရံ၊နောက်၌။ပဝတ္တိယဥ္စ၊ပဝတ္တိအခါ၌လည်းကောင်း။စဝနကာလေ စ၊စုတိသောအခါ၌လည်းကောင်း။ရူပမေဝ၊ဇီဝိတဆက္က,ဇီဝိတနဝက ကလာပ်ရုပ်သည်သာလျှင်။ဘဝင်္ဂ စုတိဝသေန၊ဘဝင်,စုတိတို့၏အစွမ်းဖြင့်။ပဝတ္တိတ္တာ၊ဖြစ်၍။နိရုဇ္ဈတိ၊ချုပ်၏။

ဆ၊ခြောက်ပါးကုန်သော။ဣမာ၊ဤပဋိသန္ဓေတို့သည်။ရူပါဝစရ ပဋိသန္ဓိယော နာမ၊ရူပါဝစရ ပဋိသန္ဓေတို့မည်ကုန်၏။

## ရူပပြဟ္မာတို့၏ သက်တမ်း

## ရူပပဌမစျာန်ပြဟ္မာတို့၏ သက်တမ်း

၂၉။တေသု-ဆသု ပဋိသန္ဓိယုတ္တပုဂ္ဂလေသု၊ထိုခြောက်ပါးသော ပဋိသန္ဓေနှင့်ယှဉ်သောထိုပုဂ္ဂိုလ်တို့တွင်။ပြဟ္မပါရိသဇ္ဇာနံ၊ပြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ကပ္ပဿ၊အသင်္ချေယျကပ်၏။တတိယော ဘာဂေါ၊သုံးဖို့ တစ်ဖို့သည်။ဟောတိ၊ဖြစ်၏။

၃၀။ပြဟ္မပုရောဟိတာနံ၊ပြဟ္မပုရောဟိတာဘုံ၌ ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဥပဍ္ဎကပ္ပေါ၊အသင်္ချေယျကပ် ထက်ဝက်သည်။ဟောတိ၊ဖြစ်၏။

၃၁။မဟာပြဟ္မာနံ၊မဟာပြဟ္မာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဧကော ကပ္ပေါ၊အသင်္ချေယျကပ် တစ်ကပ်သည်။ဟောတိ၊ဖြစ်၏။

## ရူပဒုတိယစျာန် ပြဟ္မာတို့၏သက်တမ်း

၃၂။ပရိတ္တာဘာနံ၊ပရိတ္တာဘာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဒွေ ကပ္ပါနိ၊မဟာကပ် နှစ်ကပ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်။

၃၃။အပ္ပမာဏာဘာနံ၊အပ္ပမာဏာဘာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာ ယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။စတ္တာရိ ကပ္ပါနိ၊မဟာကပ် လေးကပ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၃၄။အာဘဿရာနံ၊အာဘဿရာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။အဋ္ဌ ကပ္ပါနိ၊မဟာကပ် ရှစ်ကပ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ရူပတတိယစျာန်ပြဟ္မာတို့၏သက်တမ်း

၃၅။ပရိတ္တသုဘာနံ၊ပရိတ္တသုဘာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပ

http://www.dhammadownload.com



မာဏာ၊အသက်အတိုင်းအရှည်သည်။သောဠသ ကပ္ပါနိ၊မဟာကပ် တစ်ဆယ့်ခြောက်ကပ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၃၆။အပ္ပမာဏသုဘာနံ၊အပ္ပမာဏသုဘာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဒွတ္တိံသ ကပ္ပါနိ၊မဟာကပ် သုံးဆယ့်နှစ်ကပ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၃၇။သုဘကိဏှာနံ၊သုဘကိဏှာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။စတုသဋ္ဌိ ကပ္ပါနိ၊မဟာကပ် ခြောက်ဆယ့်လေးကပ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ရူပစတုတ္ထဈာန်တို့၏သက်တမ်း

၃၈။ဝေဟပ္ဖလာနံ၊ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်ကုန်သော။ဒေဝါနဥ္စ၊ပြဟ္မာတို့၏လည်းကောင်း။အသညသတ္တာနံ၊အသညသတ်ဘုံ၌ဖြစ်ကုန်သော။ဒေဝါနဥ္စ၊ပြဟ္မာတို့၏လည်းကောင်း။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ပဉ္စကပ္ပသတာနိ၊မဟာကပ် ငါးရာတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## သုဒ္ဓါဝါသပြဟ္မာတို့၏သက်တမ်း

၃၉။အဝိဟာနံ၊အဝိဟာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ကပ္ပသဟဿာနိ၊မဟာကပ် တစ်ထောင်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၄၀။အတပ္ပါနံ၊အတပ္ပါဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဒွေကပ္ပ သဟဿာနိ၊မဟာကပ် နှစ်ထောင်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၄၁။သုဒဿာနံ၊သုဒဿာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။စတ္တာရိ ကပ္ပသဟဿာနိ၊မဟာကပ် လေးထောင်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၄၂။သုဒဿီနံ၊သုဒဿီဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။အဋ္ဌ ကပ္ပသဟဿာနိ၊မဟာကပ် ရှစ်ထောင်တို့သည်။ဟောန္တိ၊ဖြစ်ကုန်။

၄၃။အကနိဋ္ဌာနံ၊အကနိဋ္ဌာဘုံ၌ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။သောဠသ ကပ္ပသဟဿာနိ၊မဟာကပ် တစ်သောင်းခြောက်ထောင်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com



## အရူပပဋိသန္ဓေ ၄-ပါး

၄၄။ပဌမာရုပ္ပါဒိဝိပါကာနိ၊ပဌမ အရူပ (အာကာသာနဉ္စာယတန)အစရှိသော ဝိပါက်စိတ်တို့သည်။ပဌမာရုပ္ပါဒိ ဘူမီသု၊ပဌမ အရူပ (အာကာသာနဉ္စာယတန)အစရှိသော ဘုံတို့၌။ယထာက္ကမံ၊အစဉ်အတိုင်း။ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ပဋိသန္ဓေ,ဘဝင်,စုတိတို့၏ အစွမ်းဖြင့်။ဝပတ္တန္တိ၊ဖြစ်ကုန်၏။

စတဿော၊လေးပါးကုန်သော။ဣမာ၊ဤပဋိသန္ဓေတို့သည်။အာရုပ္ပပဋိသန္ဓိယော နာမ၊အရူပ ပဋိသန္ဓေတို့မည်ကုန်၏။

## အရူပပြဟ္မာတို့၏ သက်တမ်း

၄၅။ပန၊အထူးကိုဆိုအံ့။(ဝါ)ပဋိသန္ဓေမှတစ်ပါး အာယုပ္ပမာဏကိုဆိုအံ့။တေသု- စတူသု ပဋိသန္ဓိယုတ္တပုဂ္ဂလေသု၊ထိုလေးပါးသော ပဋိသန္ဓေနှင့်ယှဉ်သောပုဂ္ဂိုလ်တို့တွင်။ အာကာသာနဉ္စာယတနူပဂါနံ၊အာကာသာနဉ္စာယတနဘုံသို့ ကပ်၍ဖြစ်ကုန်သော။ဒေဝါနံ၊ ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။ဝီသတိကပ္ပ သဟဿာနိ၊မဟာ ကပ် နှစ်သောင်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၄၆။ဝိညာနဉ္စာယတနူပဂါနံ၊ဝိညာနဉ္စာယတနဘုံသို့ ကပ်၍ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။စတ္တာလီသကပ္ပ သဟဿာနိ၊ မဟာကပ် လေးသောင်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၄၇။အာကိဉ္စညာယတနူပဂါနံ၊အာကိဉ္စညာယတနဘုံသို့ကပ်၍ ဖြစ်ကုန်သော။ ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။သဋ္ဌိကပ္ပ သဟဿာနိ၊ မဟာကပ် ခြောက်သောင်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

၄၈။နေဝသညာ နာသညာယတနူပဂါနံ၊နေဝသညာနာသညာယတနဘုံသို့ကပ်၍ဖြစ်ကုန်သော။ဒေဝါနံ၊ပြဟ္မာတို့၏။အာယုပ္ပမာဏံ၊အသက်အတိုင်းအရှည်သည်။စတုရာသီတိ ကပ္ပသဟဿာနိ၊မဟာကပ် ရှစ်သောင်းလေးထောင်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## တစ်ဘဝ၌ တူမြဲတရား ၃-ပါး

၄၉။ဧကဇာတိယံ၊တစ်ခုသော ဘဝ၌။ပဋိသန္ဓေ စ၊ပဋိသန္ဓေစိတ်သည်လည်း ကောင်း။ဘဝင်္ဂဉ္စ၊ဘဝင်စိတ်သည်လည်းကောင်း။တထာ၊ထိုအတူ။စဝနမာနသဉ္စ၊စုတိစိတ် သည်လည်းကောင်း။ဧကမေဝ၊ဘူမိ,ဇာတိ,သမ္ပယုတ္တဓမ္မ,သင်္ခါရအားဖြင့် တူသည်သာလျှင်။ ဟောတိ၊ဖြစ်၏။တထေဝ၊ထိုအတူသာလျှင်။ဧကဝိသယဉ္စ၊တူသောအာရုံရှိသည်လည်း။ ဟောတိ၊ဖြစ်၏။

ဣဒံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤဝီထိမုတ္တ သင်္ဂဟအရာ၌။ပဋိသန္ဓိ စတုက္ကံ၊ ပဋိသန္ဓိစတုက္ကတည်း။

http://www.dhammadownload.com


## ၃-ကမ္မ စတုက္က (ကံ ၄-ပါး ၄-လီ)

### ကိစ္စအားဖြင့် ကံ ၄-ပါး။

၅၀။ဇနကဥ္စ၊ပဋိသန္ဓေဝိပါက် ကဋတ္တာရုပ်ကိုဖြစ်စေတတ်သော ကံလည်းကောင်း။ဥပတ္ထမ္ဘကဥ္စ၊ထောက်ပံ့ခိုင်စေတတ်သော ကံလည်းကောင်း။ဥပပီဠကဥ္စ၊ကပ်၍ နှိပ်စက်တတ်သော ကံလည်းကောင်း။ဥပဃာတကဥ္စ၊ကပ်၍ သတ်တတ်သော ကံလည်းကောင်း။ဣတိ၊ဤသို့။ကိစ္စဝသေန၊ကိစ္စတို့၏ အစွမ်းဖြင့်။စတ္တာရိ၊လေးပါးကုန်သော။ကမ္မာနိ နာမ၊ကံမည်သည်တို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

### အကျိုးပေး ရှေ့နောက် အစီအစဉ်ဖြင့် ကံ ၄-ပါး

၅၁။ဂရုကဥ္စ၊လေးသော ကံလည်းကောင်း။အာသန္နဥ္စ၊သေခါနီးကာလ၌ အောက်မေ့အပ်,ပြုအပ်သော ကံလည်းကောင်း။အာစိဏ္ဏဥ္စ၊မပြတ်လေ့ကျက်အပ်သော ကံလည်းကောင်း။ကဋတ္တာကမ္မဥ္စ၊အကျိုးပေးကာမျှဖြစ်သော ကံလည်းကောင်း။ဣတိ၊ဤသို့။ပါကဒါနပရိယာယေန၊အကျိုးပေးသော အစဉ်ဖြင့်။စတ္တာရိ၊လေးပါးကုန်သော။ကမ္မာနိ နာမ၊ကံမည်သည်တို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

### အကျိုးပေးရာကာလအားဖြင့် ကံ ၄-ပါး

၅၂။ဒိဋ္ဌဓမ္မဝေဒနီယဥ္စ၊(ယခု ပစ္စုပ္ပန်ဘဝ)မျက်မှောက်သော ကိုယ်၏အဖြစ်၌ ခံစားအပ်သောအကျိုးရှိသော ကံလည်းကောင်း။ဝါ-(ယခု ပစ္စုပ္ပန်ဘဝ)မျက်မှောက်သော ကိုယ်၏အဖြစ်၌ အကျိုးပေးခြင်းလက္ခဏာရှိသော ကံလည်းကောင်း။ဥပပဇ္ဇဝေဒနီယဥ္စ၊(ယခုဘဝမှနောက် တစ်စပ်တည်းဖြစ်သော)အခြားမဲ့သောကိုယ်၏ အဖြစ်၌ဖြစ်၍ ခံစားအပ်သောအကျိုးရှိသော ကံလည်းကောင်း။(ဝါ)နှစ်ခုမြောက်သော ဘဝ၌ အကျိုးပေးခြင်းလက္ခဏာရှိသော ကံလည်းကောင်း။အပရာပရိယဝေဒနီယဥ္စ၊မျက်မှောက်သောကိုယ်၏ အဖြစ်မှလည်းတစ်ပါး, အခြားမဲ့သောကိုယ်၏အဖြစ်မှလည်း တစ်ပါးသောအမှတ်မရှိသော ကိုယ်၏အဖြစ်၌ ခံစားအပ်သောအကျိုးရှိသော ကံလည်းကောင်း။(ဝါ)သုံးခုမြောက်သောဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်အကျိုးပေးခြင်းလက္ခဏာရှိသော ကံလည်းကောင်း။အဟောသိကမ္မဥ္စ၊အကျိုးပေးပြီးသည်လည်း မဟုတ်,ပေးလတ္တံ့သည်လည်း မဟုတ်,ဖြစ်ပြီးသည်သာလျှင် ကံမည်သော(အချီးနှီးဖြစ်သော)အဟောသိကံလည်းကောင်း။ဣတိ၊ဤသို့။ပါကကာလဝသေန၊အကျိုးပေးရာကာလ၏ အစွမ်းဖြင့်။စတ္တာရိ၊လေးပါးကုန်သော။ကမ္မာနိ နာမ၊ကံမည်သည်တို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

### အကျိုးပေးရာ ဌာနအားဖြင့် ကံ ၄-ပါး

၅၃။တထာ၊ထိုအတူ။အကုသလဥ္စ၊အကုသိုလ် ကံလည်းကောင်း။ကာမာဝစရကုသလဥ္စ၊ကာမာဝစရကုသိုလ် ကံလည်းကောင်း။ရူပါဝစရကုသလဥ္စ၊ရူပါဝစရကုသိုလ် ကံ

http://www.dhammadownload.com



လည်းကောင်း။အရူပါဝစရကုသလဥ္စ၊အရူပါဝစရကုသိုလ် ကံလည်းကောင်း။ဣတိ။ဤသို့။ ပါကဌာနဝသေန၊အကျိုးပေးရာ ဌာန၏အစွမ်းဖြင့်။စတ္တာရိ၊လေးပါးကုန်သော။ကမ္မာနိ နာမ ကံမည်သည်တို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

## ကာမဘုံ၌ အကျိုးပေးသော ကာမာဝစရကံ-၂၀
## ကမ္မဒွါရအားဖြင့် အကုသိုလ်ကံ ၃-ပါး

၅၄။တတ္ထ၊ထိုလေးပါးသော ကံတို့တွင်။အကုသလံ၊အကုသိုလ်ကံသည်။ကာယ ကမ္မဉ္စ၊ကာယကံလည်းကောင်း။ဝစီကမ္မဉ္စ၊ဝစီကံလည်းကောင်း။မနောကမ္မဉ္စ၊မနောကံလည်း ကောင်း။ဣတိ၊ဤသို့။ကမ္မဒွါရဝသေန၊ကမ္မဒွါရ၏အစွမ်းဖြင့်။တိဝိဓံ၊သုံးပါးအပြားရှိသည်။ ဟောတိ၊ဖြစ်၏။

## အကုသလကမ္မပထတရား ၁၀-ပါး
## ကာယကံ ၃-ပါး

၅၅။ကထံ ဟောတိ၊အဘယ်သို့ ဖြစ်သနည်းဟူမူကား။ပါဏာတိပါတော စ၊ သူ၏အသက်ကိုလျင်စွာချခြင်းလည်းကောင်း။အဒိန္နာဒါနဉ္စ၊အရှင်သည်ကိုယ်နှုတ်ဖြင့်မပေး အပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းလည်းကောင်း။ကာမေသုမိစ္ဆာစာရော စ၊သူတော် မဟုတ်,သူယုတ်တို့၏အကျင့်ကို မှီဝဲသောအစွမ်းဖြင့် ကာယဒွါရ၌ဖြစ်သော မသွားလာအပ် သော မာတုရက္ခိတစသော ဌာန၌လွန်ကြူးခြင်း စေတနာဟုဆိုအပ်သော ကာမဂုဏ်တို့၌ မှားသောအကျင့်လည်းကောင်း။ဣတိ၊ဤသို့။တိဝိဓံ၊သုံးပါးအပြားရှိသော။ကမ္မံ၊ကံသည်။ ကာယဝိညတ္တိသင်္ခါတေ၊ကာယဝိညတ်ဟုဆိုအပ်သော။(ဝါ)ကိုယ်ဖြင့် သိစေအပ်သည်ဟု ဆိုအပ်သော။(ဝါ)ကိုယ်ကြောင့် သိအပ်သည်ဟု ဆိုအပ်သော။ကာယဒွါရေ (ကာယကံ၏ ဖြစ်ကြောင်းဖြစ်သော)ကာယဒွါရ၌။ဗာဟုလ္လဝုတ္တိတော၊များစွာဖြစ်ခြင်းကြောင့်။ကာယကမ္မံ နာမ၊ကာယကံမည်၏။

## ဝစီကံ ၄-ပါး

၅၆။မုသာဝါဒေါ စ၊မဟုတ်သည်ကို ဟုတ်သောအားဖြင့် ဆိုကြောင်းဖြစ်သော စကားလည်းကောင်း။ပိသုဏဝါစာ စ၊သူနှစ်ယောက်တို့၏ အချစ်ကို မှုန့်မှုန့်ညက်ညက် ဖျက်ဆီးတတ်သော စကားလည်းကောင်း။ဖရုသဝါစာစ၊လွှကဲ့သို့ ကြမ်းတမ်းသော အတွေ့ ရှိသော စကားလည်းကောင်း။သမ္ဖပ္ပလာပေါ စ၊စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော သီတာမိဖုရားကို ဆောင်ခြင်းအစရှိသော ပြိန်ဖျင်းသောစကားကို ဆိုခြင်းလည်းကောင်း။ ဣတိ။ဤသို့။စတုဗ္ဗိဓံ၊လေးပါးအပြားရှိသော။ကမ္မံ၊ကံသည်။ဝစီဝိညတ္တိသင်္ခါတေ၊ဝစီ ဝိညတ်ဟု ဆိုအပ်သော။(ဝါ)စကားဖြင့်သိစေတတ်သည်ဟု ဆိုအပ်သော။(ဝါ)စကားကြောင့် သိအပ်သည်ဟု ဆိုအပ်သော။ဝစီဒွါရေ၊ (ဝစီကံ၏ဖြစ်ကြောင်းဖြစ်သော)ဝစီဒွါရ၌။ဗာဟုလ္လ

http://www.dhammadownload.com


ဝုတ္တိတော၊များးစွာဖြစ်ခြင်းကြောင့်။ဝစီကံ နာမ၊ဝစီကံမည်၏။

**မနောကံ ၃-ပါး**

၅၇။အဘိဇ္ဈာ စ၊သူတစ်ပါးစည်းစိမ်ချမ်းသာကို ရှေ့ရှုတပ်သောအားဖြင့် ကြံခြင်းလည်းကောင်း။ဗျာပါဒေါ စ၊စီးပွားချမ်းသာကို ဖျက်ဆီးကြောင်းဖြစ်သော ဒေါသလည်းကောင်း။မိစ္ဆာဒိဋ္ဌိ စ၊ဖောက်ပြန်သောအားဖြင့် မြင်ခြင်းလည်းကောင်း။ဣတိ၊ဤသို့။တိဝိဓံ၊သုံးပါးအပြားရှိသော။ကမ္မံ၊ကံသည်။ဝိညတ္တိယာ၊ကာယဝိညတ်,ဝစီဝိညတ်ကို။အညတြာပိ၊ကြဉ်၍လည်း။မနသ္မိံ ယေဝ၊စိတ်၌သာလျှင်။ဗာဟုလ္လဝုတ္တိတော၊များးစွာဖြစ်ခြင်းကြောင့်။(တစ်နည်းကား) မနသ္မိံ၊စိတ်၌။ဗာဟုလ္လဝုတ္တိတော ယေဝ၊များးစွာဖြစ်ခြင်းကြောင့် သာလျှင်။မနောကမ္မံ နာမ၊မနောကံမည်၏။

**ကံဖြစ်ကြောင်း တရားများ**

**ဒေါသမူကြောင့်ဖြစ်သော အကုသိုလ်ကံ ၃-ပါး**

၅၈၊တေသု၊ထိုအကုသလကမ္မပထ ဆယ်ပါးတို့တွင်။ပါဏာတိပါတော စ၊ပါဏာတိပါတသည်လည်းကောင်း။ဖရုသဝါစာ စ၊ဖရုသဝါစာသည်လည်းကောင်း။ဗျာပါဒေါ စ၊ဗျာပါဒသည်လည်းကောင်း။ဒေါသမူလေန၊ဒေါသဟုဆိုအပ်သော မူလကြောင့်။ဇာယန္တိ၊ဖြစ်ကုန်၏။

**လောဘမူကြောင့်ဖြစ်သော အကုသိုလ်ကံ ၃-ပါး**

၅၉။ကာမေသုမိစ္ဆာစာရော စ၊ကာမေသု မိစ္ဆာစာရသည်လည်းကောင်း။အဘိဇ္ဈာ စ၊အဘိဇ္ဈာသည်လည်းကောင်း။မိစ္ဆာဒိဋ္ဌိ စ၊မိစ္ဆာဒိဋ္ဌိသည်လည်းကောင်း။လောဘမူလေန၊လောဘဟုဆိုအပ်သောမူလကြောင့်။ဇာယန္တိ၊ဖြစ်ကုန်၏။

**လောဘမူ,ဒေါသမူကြောင့်ဖြစ်သော အကုသိုလ်ကံ ၄-ပါး**

၆၀။သေသာနိ၊ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော။စတ္တာရိပိ၊လေးပါးလည်းဖြစ်ကုန်သော အဒိန္နာဒါန,မုသာဝါဒ,ပိသုဏဝါစာ,သမ္ဖပ္ပလာပတို့သည်ကား။ဒွီဟိ၊နှစ်ပါးကုန်သော။မူလေဟိ၊လောဘမူ,ဒေါသမူလတို့ကြောင့်။သမ္ဘဝန္တိ၊ဖြစ်ကုန်၏။

**စိတ္တုပ္ပါဒ်အားဖြင့် အကုသိုလ်ကံ ၁၂-ပါး**

၆၁။ပန၊အထူးကိုဆိုအံ့။(ဝါ)အစိတ်မှတစ်ပါး အပေါင်းကိုဆိုအံ့။စိတ္တုပ္ပါဒဝသေန၊စိတ္တုပ္ပါဒ်တို့၏ အစွမ်းဖြင့်။ဧတံ အကုသလံ၊ထိုအကုသိုလ်ကံသည်။သဗ္ဗထာပိ၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း။ဒွါဒသဝိဓံ၊တစ်ဆယ့်နှစ်ပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။

**ကာမကုသိုလ်ကံ အမျိုးမျိုး**

**ကမ္မဒွါရအားဖြင့် ၃-ပါး**

၆၂။ကာမာဝစရ ကုသလမ္ပိ၊ကာမာဝစရ ကုသိုလ်ကံသည်လည်း။ကာယဒွါရေ၊

http://www.dhammadownload.com



ကာယဒွါရ၌။ပဝတ္တံ၊ဖြစ်သော။ကာယကမ္မဥ္စ၊ကာယကံလည်းကောင်း။ဝစီဒွါရေ၊ဝစီဒွါရ၌။ပဝတ္တံ၊ဖြစ်သော။ဝစီကမ္မဥ္စ၊ဝစီကံလည်းကောင်း။မနောဒွါရေ၊မနောဒွါရ၌။ပဝတ္တံ၊ဖြစ်သော။မနောကမ္မဥ္စ၊မနောကံလည်းကောင်း။ဣတိ၊ဤသို့။ကမ္မဒွါရဝသေန၊ကမ္မဒွါရ၏ အစွမ်းဖြင့်။တိဝိဓံ၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## ဒါနစသောအားဖြင့် ကုသိုလ်မှု ၃-ပါး

၆၃။တထာ၊ထို့အတူ။ဒါနသီလဘာဝနာဝသေန၊ဒါန,သီလ,ဘာဝနာတို့၏ အစွမ်းဖြင့်။တိဝိဓံ၊သုံးပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။

## စိတ္တုပ္ပါဒ်အားဖြင့် ၈-ပါး

၆၄။ပန၊အထူးကိုဆိုအံ့။(ဝါ)အစိတ်မှတစ်ပါး အပေါင်းကိုဆိုအံ့။စိတ္တုပ္ပါဒဝသေန၊စိတ္တုပ္ပါဒ်တို့၏ အစွမ်းဖြင့်။ဧတံ ကုသလံ၊ထိုကာမာဝစရ ကုသိုလ်ကံသည်။အဋ္ဌဝိဓံ၊ရှစ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## ပုညကိရိယ ဝတ္ထု ၁၀-ပါး

၆၅။ဒါနသီလဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မဝသေန၊အလှူပေးခြင်း,သီလဆောက်တည်ခြင်း,ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း,ရတနာသုံးပါး ဆရာမိဘစသော သူတို့အား အရိုအသေပြုခြင်း,ရတနာသုံးပါး ဆရာမိဘစသောသူတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း,မိမိပြုသော ကုသိုလ်အဖို့ကို သူတစ်ပါးအား ပေးဝေခြင်း,သူတစ်ပါးပြုသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်း,တရားနာခြင်း,တရားဟောခြင်း,အယူကိုဖြောင့်မတ်စွာ ယူခြင်းတို့၏ အစွမ်းဖြင့်။ဒသဝိဓံ၊ဆယ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

၆၆။ပန၊အစိတ်မှတစ်ပါး အပေါင်းကိုဆိုအံ့။ဝီသတိ ဝိဓမ္ပိ၊နှစ်ဆယ်အတိုင်းအရှည်ရှိသည်လည်းဖြစ်သော။ဧတံ ကမ္မံ၊ထိုကုသိုလ်,အကုသိုလ်ကံသည်။ကာမာဝစရ ကမ္မမိစ္စေဝ၊ကာမာဝစရ ကံဟူ၍သာလျှင်။သင်္ခံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ခေါ်ဝေါ်ခြင်းသို့။(ဝါ)ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ဂစ္ဆတိ၊ရောက်၏။

## ရူပဗြဟ္မာဘုံသို့ လားစေသော ကံ ၅-ပါး

## ရူပကုသိုလ်ကံ ၅-ပါး

၆၇။ပန၊ကာမာဝစရကံမှတစ်ပါး ရူပါဝစရကံကိုဆိုအံ့။ရူပါဝစရကုသလံ၊ရူပါဝစရ ကုသိုလ်ကံသည်။မနောကမ္မ မေဝ၊မနောကံသာတည်း။တဉ္စ၊ထိုရူပါဝစရကံဟုဆိုအပ်သော မနောကံသည်လည်း။ဘာဝနာမယံ၊ဘာဝနာဖြင့် ပြီး၏။အပ္ပနာပတ္တံ၊အပ္ပနာသို့ ရောက်၏။ဈာနင်္ဂဘေဒေန၊ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားဖြင့်။ပဉ္စဝိဓံ၊ငါးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com


## အရူပပြဖွာဘုံသို့ လားစေသော ကံ ၄-ပါး
## အရူပကုသိုလ်ကံ ၄-ပါး

၆၈။တထာ၊ထို့အတူ။အရူပါဝစရ ကုသလဥ္စ၊အရူပါဝစရ ကုသိုလ်ကံသည်လည်း။ မနောကမ္မံ၊မနောကံ သာတည်း။တမ္ပိ၊ထိုအရူပါဝစရကုသိုလ်ဟုဆိုအပ်သော မနောကံ သည်လည်း။ဘာဝနာမယံ၊ဘာဝနာဖြင့် ပြီး၏။အပ္ပနာ ပတ္တံ၊အပ္ပနာသို့ ရောက်၏။အာရမ္မဏ ဘေဒေန၊ကောင်းကင်အာရုံ အစရှိသော လေးပါးသောအာရုံတို့၏အပြားဖြင့်။စတုဗ္ဗိဓံ၊လေး ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## ကာမာဝစရကံ၏ အကျိုးပေးရာဘုံ
## အကုသိုလ်ကံ၏ ပဋိသန္ဓေ အကျိုးပေးရာဘုံ

၆၉။ဧတ္ထ၊ဤလေးပါးသော ကံတို့တွင်။ဥဒ္ဓစ္စရဟိတံ၊ဥဒ္ဓစ္စ စေတနာသည်ကြဉ်အပ် သော။အကုသလကမ္မံ၊အကုသိုလ်ကံ တစ်ဆယ့်တစ်ခုသည်။အပါယဘူမိယံ၊အပါယ်ဘုံ၌။ ပဋိသန္ဓိံ၊ပဋိသန္ဓေကို။ဇနေတိ၊ဖြစ်စေ၏။

## အကုသိုလ်ကံ၏ ပဝတ္တိ အကျိုးပေးရာဘုံ

ပဝတ္တိယံ ပန၊ပဝတ္တိအခါ၌ကား။ဒွါဒသဝိဓံ၊တစ်ဆယ့်နှစ်ပါး အပြားရှိသော။သဗ္ဗမ္ပိ အလုံးစုံသော အကုသိုလ်ကံသည်လည်း။သတ္တ၊ခုနှစ်ပါးကုန်သော။အကုသလပါကာနိ၊ အကုသလဝိပါက်စိတ်တို့ကို။သဗ္ဗတ္ထာပိ၊အလုံးစုံလည်း ဖြစ်သော။ကာမလောကေ စ၊ကာမဘုံ ၌လည်းကောင်း။ရူပလောကေ စ၊ရူပဘုံ၌လည်းကောင်း။ယထာရဟံ၊ထိုက်သည်အားလျော် စွာ။ဝိပစ္စတိ၊အကျိုးကိုဖြစ်စေ၏။

## ကာမကုသိုလ်ကံ၏ ပဋိသန္ဓေ အကျိုးပေးရာဘုံ

၇၀။ကာမာဝစရ ကုသလမ္ပိ၊ကာမာဝစရ ကုသိုလ်ကံသည်လည်း။ကာမသုဂတိယ မေဝ၊ကာမသုဂတိ ခုနှစ်ဘုံ၌သာလျှင်။ပဋိသန္ဓိံ၊ပဋိသန္ဓေကို။ဇနေတိ၊ဖြစ်စေ၏။

## ကာမကုသိုလ်ကံ၏ ပဝတ္တိ အကျိုးပေးရာဘုံ

တထာ၊ထိုအတူ။ပဝတ္တိယဉ္စ၊ပဝတ္တိအခါ၌လည်း။မဟာဝိပါကာနိ၊မဟာဝိပါက်စိတ် ရှစ်ခုတို့ကို။ဇနေတိ၊ဖြစ်၏။အဋ္ဌပိ၊ရှစ်ပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။အဟေတုက ဝိပါကာနိ ပန၊အဟိတ်ကုသလဝိပါက်စိတ်တို့ကိုမူကား။သဗ္ဗတ္ထာပိ၊အလုံးစုံလည်း ဖြစ်ကုန် သော။ကာမလောကေ စ၊ကာမဘုံ၌လည်းကောင်း။ရူပလောကေ စ၊ရူပဘုံ၌လည်းကောင်း။ ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ဝိပစ္စတိ၊ (အကျိုး၏အဖြစ်ဖြင့်)ဖြစ်စေ၏။

## တိဟိတ် ဥက္ကဋ္ဌကံစသည် ကွဲပြားခြင်း
## တိဟိတ်ဥက္ကဋ္ဌကံ အကျိုးပေးပုံ

၇၁။တတ္ထာပိ၊ထိုကာမာဝစရ ကုသိုလ်ကံတို့တွင်လည်း။တိဟေတုက မုက္ကဋ္ဌံ

http://www.dhammadownload.com



တိဟိတ်ဥက္ကဋ္ဌဖြစ်သော။စတုဗ္ဗိခံ၊လေးပါးအပြားရှိသော။ကုသလံ၊ကုသိုလ်ကံသည်။တိဟေတုကံ၊တိဟိတ်ဖြစ်သော။စတုဗ္ဗိခံ၊လေးပါးအပြားရှိသော။ပဋိသန္ဓိံ၊ပဋိသန္ဓေကို။ဒတွာ၊ပေး၍။ပဝတ္တေ၊ပဝတ္တိအခါ၌။သောဠသဝိပါကာနိ၊တစ်ဆယ့်ခြောက်ပါးသော ဝိပါက်စိတ်တို့ကို။ဝိပစ္စတိ၊ (အကျိုး၏အဖြစ်ဖြင့်)ဖြစ်စေ၏။

## ဒွိဟိတ်ဥက္ကဋ္ဌကံ အကျိုးပေးပုံ

၃၂။တိဟေတုက မောမကံ၊တိဟိတ်ဩမကဖြစ်သော။စတုဗ္ဗိခံ၊လေးပါးအပြားရှိသော။ကုသလဉ္စ၊ကုသိုလ်ကံသည်လည်းကောင်း။ဒွိဟေတုက မုက္ကဋ္ဌံ၊ဒွိဟိတ်ဥက္ကဋ္ဌဖြစ်သော။စတုဗ္ဗိခံ၊လေးပါးအပြားရှိသော။ကုသလဉ္စ၊ကုသိုလ်ကံသည်လည်းကောင်း။ဒွိဟေတုကံ၊ဒွိဟိတ်ဖြစ်သော။စတုဗ္ဗိခံ၊လေးပါးအပြားရှိသော။ပဋိသန္ဓိံ၊ပဋိသန္ဓေကို။ဒတွာ၊ပေး၍။ပဝတ္တေ၊ပဝတ္တိအခါ၌။တိဟေတုက ရဟိတာနိ၊တိဟိတ် ဝိပါက်စိတ်လေးခုသည်ကြဉ်အပ်ကုန်သော။ဒွါဒသ ဝိပါကာနိ၊တစ်ဆယ့်နှစ်ပါးသော ဝိပါက်စိတ်တို့ကို။ဝိပစ္စတိ၊ (အကျိုး၏အဖြစ်ဖြင့်) ဖြစ်စေ၏။

**ဒွိဟိတ်ဩမကကံ အကျိုးပေးပုံ** ၃၃။ဒွိဟေတုက မောမကံ၊ဒွိဟိတ်ဩမကဖြစ်သော။စတုဗ္ဗိခံ၊လေးပါးအပြားရှိသော။ကုသလံ ပန၊ကုသိုလ်ကံသည်ကား။အဟေတုကမေဝ၊အဟိတ်သာလျှင်ဖြစ်သော။ ပဋိသန္ဓိံ၊ပဋိသန္ဓေကို။ဒေတိ၊ပေး၏။ပဝတ္တေ စ၊ပဝတ္တိအခါ၌လည်း။အဟေတုကဝိပါကာနေဝ၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ခုတို့ကိုသာလျှင်။ဝိပစ္စတိ၊ (အကျိုးပေး၏အဖြစ်ဖြင့်)ဖြစ်စေ၏။

## ကေစိဝါဒ သင်္ဂဟဂါထာများ

၃၄။အသင်္ခါရံ၊အသင်္ခါရိက ကုသိုလ်ကံသည်။သသင်္ခါရ ဝိပါကာနိ၊သသင်္ခါရိက ဝိပါက်စိတ်တို့ကို။န ပစ္စတိ၊မဖြစ်စေ။သသင်္ခါရံ၊သသင်္ခါရိက ကုသိုလ်ကံသည်။အသင်္ခါရ ဝိပါကာနိ၊အသင်္ခါရိက ဝိပါက်စိတ်တို့ကို။န ပစ္စတိ၊မဖြစ်စေ။ဣတိ၊ဤသို့။ကေစန၊အချို့သော ဆရာတို့သည်။(ဝါ)မောရဝါပီ အရပ်၌ သီတင်းသုံးသော အရှင်မဟာဓမ္မရက္ခိတမထေရ်တည်းဟူသော ကေစိဆရာတို့သည်။ဝဒန္တိ၊ဆိုကုန်၏။

တေသံ၊ထိုကေစိဆရာတို့၏။ဝါဒေ၊အယူ၌။ယထာဝုတ္တာနုသာရေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်မှီးသဖြင့်။ယထာက္ကမံ၊အစဉ်အတိုင်း။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။ပါကာနိ စ၊ဝိပါက်စိတ်တို့ကိုလည်းကောင်း။ဒသ၊ဆယ်ပါးကုန်သော။ပါကာနိ စ၊ဝိပါက်စိတ်တို့ကိုလည်းကောင်း။အဋ္ဌ၊ရှစ်ပါးကုန်သော။ပါကာနိ စ၊ဝိပါက်စိတ်တို့ကိုလည်းကောင်း။ယထာသမ္ဘဝံ၊ဖြစ်သင့်သည်အားလျော်စွာ။ဥဒ္ဒိသေ၊ပြရာ၏။

## ရူပကံ၏ အကျိုးပေးရာဘုံ /ပဌမစျာန်ရ ပုဂ္ဂိုလ်လားရာ ပဌမစျာန်ဘုံ

၃၅။ပန၊ကာမာဝစရကုသိုလ်ကံမှတစ်ပါး ရူပါဝစရကုသိုလ်ကံကိုဆိုအံ့။(ဝါ)

http://www.dhammadownload.com



ခမ္မဝိဌာန်မှတစ်ပါး ပုဂ္ဂလာဓိဌာန်ကိုဆိုအံ့။ယောဂါဝစရော၊ကမ္မဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်သည်။ရူပါဝစရ ကုသလံ၊ရူပါဝစရကုသိုလ်ကံကို။ပရိတ္တံ၊နည်းသော အာနုဘော်ရှိသော။ ပဌမဗ္ဗျာနံ၊ပဌမဈာန်ကို။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။(တစ်နည်းကား)ပဌမဗ္ဗျာနံ၊ပဌမဈာန်ကို။ပရိတ္တံ၊နည်းသော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။ဗြဟ္မာပါရိသဇ္ဇေသု၊ဗြဟ္မပါရိသဇ္ဇာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၇၆။မဇ္ဈိမံ၊အလတ်ဖြစ်သော အာနုဘော်ရှိသော။တဒေဝ၊ထိုပဌမဈာန်ကိုပင်လျှင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။(တစ်နည်းကား)တဒေဝ၊ထိုပဌမဈာန်ကိုပင်လျှင်။ မဇ္ဈိမံ၊အလတ်ဖြစ်သော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။ ဗြဟ္မပုရောဟိတေသု၊ဗြဟ္မပုရောဟိတာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၇၇။ပဏီတံ၊မြတ်သော အာနုဘော်ရှိသော။တဒေဝ၊ထိုပဌမဈာန်ကိုပင်လျှင်။ ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။(တစ်နည်းကား)တဒေဝ၊ထိုပဌမဈာန်ကိုပင်လျှင်။ပဏီတံ၊မြတ်သော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။မဟာဗြဟ္မေသု၊ မဟာဗြဟ္မာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

## ဒုတိယဈာန်, တတိယဈာန်ရ ပုဂ္ဂိုလ်လားရာ ဒုတိယဈာန်ဘုံ

၇၈။တထာ၊ထို့အတူ။ပရိတ္တံ၊နည်းသော အာနုဘော်ရှိသော။ဒုတိယဇ္ဈာနဉ္စ၊ဒုတိယဈာန်ကိုလည်းကောင်း။တတိယဇ္ဈာနဉ္စ၊တတိယဈာန်ကိုလည်းကောင်း။ဘာဝေတွာ၊ပွားစေ၍။ (ဝါ)စီးဖြန်း၍။(တစ်နည်းကား။)ဒုတိယဇ္ဈာနဉ္စ၊ဒုတိယဈာန်ကိုလည်းကောင်း။တတိယဇ္ဈာနဉ္စ၊ တတိယဈာန်ကိုလည်းကောင်း။ပရိတ္တံ၊နည်းသော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။ (ဝါ)စီးဖြန်း၍။ပရိတ္တာဘေသု၊ပရိတ္တာဘာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၇၉။မဇ္ဈိမံ၊အလတ်ဖြစ်သော အာနုဘော်ရှိသော။ဒုတိယဇ္ဈာနဉ္စ၊ဒုတိယဈာန်ကိုလည်းကောင်း။တတိယဇ္ဈာနဉ္စ၊တတိယဈာန်ကိုလည်းကောင်း။ဘာဝေတွာ၊ပွားစေ၍။(ဝါ) စီးဖြန်း၍။(တစ်နည်းကား)ဒုတိယဇ္ဈာနဉ္စ၊ဒုတိယဈာန်ကိုလည်းကောင်း။တတိယဇ္ဈာနဉ္စ၊တတိယဈာန်ကိုလည်းကောင်း။မဇ္ဈိမံ၊အလတ်ဖြစ်သော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။အပ္ပမာဏာဘေသု၊အပ္ပမာဏာဘာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၈၀။ပဏီတံ၊မြတ်သော အာနုဘော်ရှိသော။ဒုတိယဇ္ဈာနဉ္စ၊ဒုတိယဈာန်ကိုလည်းကောင်း။တတိယဇ္ဈာနဉ္စ၊တတိယဈာန်ကိုလည်းကောင်း။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍ (တစ်နည်းကား) ဒုတိယဇ္ဈာနဉ္စ၊ဒုတိယဈာန်ကိုလည်းကောင်း။တတိယဇ္ဈာနဉ္စ၊တတိယဈာန်ကိုလည်းကောင်း။ပဏီတံ၊မြတ်သော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ) စီးဖြန်း၍။အာဘဿရေသု၊အာဘဿရာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

http://www.dhammadownload.com



## စတုတ္ထစျာန်ရ ပုဂ္ဂိုလ်လားရာ တတိယစျာန်ဘုံ

၈၁။ပရိတ္တံ၊နည်းသော အာနုဘော်ရှိသော။စတုတ္ထဈာနံ၊စတုတ္ထစျာန်ကို။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။(တစ်နည်းကား) စတုတ္ထဈာနံ၊စတုတ္ထစျာန်ကို။ပရိတ္တံ၊နည်းသော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။ပရိတ္တသုဘေသု၊ပရိတ္တသုဘာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၈၂။မဇ္ဈိမံ၊အလတ်ဖြစ်သော အာနုဘော်ရှိသော။စတုတ္ထဈာနံ၊စတုတ္ထစျာန်ကို။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။(တစ်နည်းကား)စတုတ္ထဈာနံ၊စတုတ္ထစျာန်ကို။မဇ္ဈိမံ၊အလတ်ဖြစ်သော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။အပ္ပမာဏသုဘေသု၊အပ္ပမာဏသုဘာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၈၃။ပဏီတံ၊မြတ်သော အာနုဘော်ရှိသော။စတုတ္ထဈာနံ၊စတုတ္ထစျာန်ကို။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။(တစ်နည်းကား)စတုတ္ထဈာနံ၊စတုတ္ထစျာန်ကို။ပဏီတံ၊မြတ်သော အာနုဘော်ရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။သုဘကိဏှေသု၊သုဘကိဏှာဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

## ရူပပဉ္စမစျာန်ရ ပုဂ္ဂိုလ်လားရာ ရူပစတုတ္ထစျာန်ဘုံများ

၈၄။ပဉ္စမဈာနံ၊ပဉ္စမစျာန်ကို။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။ဝေဟပ္ဖလေသု၊ဝေဟပ္ဖိုလ်ဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၈၅။သညာဝိရာဂံ၊ကင်းသောသညာရှိသော။တဒေဝ၊ထိုပဉ္စမစျာန်ကိုပင်လျှင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။(တစ်နည်းကား)တဒေဝ၊ထိုပဉ္စမစျာန်ကိုပင်လျှင်။သညာဝိရာဂံ၊ကင်းသော သညာရှိအောင်။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။အသညသတ္တေသု၊အသညသတ်ဘုံတို့၌။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၈၆။အနာဂါမိနော ပန=အနာဂါမိနော ဧဝ၊အနာဂါမ်ပုဂ္ဂိုလ်တို့သည်သာလျှင်။သုဒ္ဓါဝါသေသု၊သုဒ္ဓါဝါသဘုံတို့၌။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။

## အရူပကံ၏ အကျိုးပေးရာဘုံ

၈၇။အရူပါဝစရ ကုသလဉ္စ၊အရူပါဝစရ ကုသိုလ်ကံကိုလည်း။ယထာက္ကမံ၊ အစဉ်အတိုင်း။ဘာဝေတွာ၊ပွားစေ၍။(ဝါ)စီးဖြန်း၍။အရူပေသု၊အရူပဘုံတို့၌။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။

## နိဂုံး ဂါထာ

## ထပ်တူအကျိုးကို ဖြစ်စေသည့် မဟဂ္ဂုတ်ကုသိုလ်ကံ

၈၈။ဣတ္ထံ=ယထာဝုတ္တဘေဒေန၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။မဟဂ္ဂတံ၊မဟဂ္ဂုတ်ဖြစ်သော။ပုညံ၊ကုသိုလ်ကံသည်။ပဋိသန္ဓိ ပဝတ္တိယံ၊ပဋိသန္ဓေအခါ ပဝတ္တိအခါ၌။ယထာဘူမိ ဝဝတ္ထိယံ၊ဘုံကိုမှတ်သည်အားလျော်စွာ။သဒိသံ၊မိမိနှင့်တူသော။

http://www.dhammadownload.com



ပါက၊ဝိပါက်စိတ်ကို။ဇနေတိ၊ဖြစ်စေ၏။

ဣဒံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။စတ္ထော၊ဤဝီထိမုတ္တ သင်္ဂဟအရာ၌။ကမ္မ စတုက္ကံ၊ကမ္မစတုက္ကတည်း။

## ၄-မရဏုပ္ပတ္တိစတုက္က
## စုတိ ပဋိသန္ဓိက္ကမ / သေခြင်း ၄-ပါး

**၈၉**။အာယုက္ခယေန စ၊အသက်၏ ကုန်ခြင်းကြောင့်လည်းကောင်း။ကမ္မက္ခယေန စ၊ကံ၏ ကုန်ခြင်းကြောင့်လည်းကောင်း။ဥဘယက္ခယေန စ၊အသက်,ကံ နှစ်ပါး၏ ကုန်ခြင်းကြောင့်လည်းကောင်း။ဥပစ္ဆေဒက ကမ္မုနာ စ၊ကပ်၍ပြတ်သော ကံကြောင့်လည်းကောင်း။သတ္တာနံ၊သတ္တဝါတို့၏။(ဝါ)သတ္တဝါတို့အား။မရဏံ၊သေခြင်းသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။စတုဓာ၊လေးပါးအပြားရှိသော။မရဏုပ္ပတ္တိ နာမ၊မရဏုပ္ပတ္တိမည်သည်ကို။ဝေဒိတဗ္ဗာ၊သိအပ်၏။

## စုတေခါနီးကာလ နိမိတ်ထင်ပုံ
## ကံအာရုံထင်ပုံ

**၉၀**။ပန၊အထူးကို ဆိုအံ့။(ဝါ)သေခြင်းမှတစ်ပါး သေခါနီးကာလ၌ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်ထင်သည်ကို ဆိုအံ့။တထာ စ-တတော ၈ဝ၊ထိုလေးပါးသော အကြောင်းကြောင့်သာလျှင်။မရန္တာနံ၊သေကုန်သော။သတ္တာနံ၊သတ္တဝါတို့အား။မရဏကာလေ၊သေခါနီးကာလ၌။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။အဘိမုခီဘူတံ၊ရှေ့ရှုသည်ဖြစ်၍ ဖြစ်သော။ဘဝန္တရေ၊ဘဝတစ်ပါး၌။ပဋိသန္ဓိဇနကံ၊ပဋိသန္ဓေကို ဖြစ်စေတတ်သော။ကမ္မံ ဝါ၊ကုသိုလ်,အကုသိုလ်ကံသည်လည်းကောင်း။

## ကမ္မနိမိတ်ထင်ပုံ

တံ ကမ္မကရဏကာလေ၊ထိုကုသိုလ်,အကုသိုလ်ကံကို ပြုရာပြုကြောင်းဖြစ်သော ကာလ၌။ဥပလဒ္ဓ ပုဗ္ဗ၊ရှေး၌ရအပ်သည်လည်း ဖြစ်ထသော။ဥပကရဏဘူတဥ္စ၊အဆောက်အဦ ဖြစ်၍လည်း ဖြစ်ထသော။ရူပါဒိကံ၊ရူပါရုံအစရှိသော။(ဝါ)ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံဟု ဆိုအပ်သော။ကမ္မနိမိတ္တံ ဝါ၊တုတ်,လှံကန်,ဓား,လှံ,လေး,မြား,ကျောင်း,ဘုရား,စေတီ,ဆွမ်း,သင်္ကန်း,ထီး,တံခွန်,ပန်းမာလ် အစရှိသော ကမ္မနိမိတ်သည်လည်းကောင်း။

## ဂတိနိမိတ် ထင်ပုံ

အနန္တရ မုပ္ပဇ္ဇမာန ဘဝေ၊အခြားမဲ့ဖြစ်လတ္တံ့သော ဘဝ၌။ဥပလဘိတဗ္ဗဥ္စ၊ရအပ်သည်လည်း ဖြစ်ထသော။ဥပဘောဂဘူတဥ္စ၊ခံစားအပ်သည်ဖြစ်၍လည်း ဖြစ်ထသော။ဂတိနိမိတ္တံ ဝါ၊အမိဝမ်းရေ,ငရဲအိုး,ငရဲထိန်း,ငရဲမီးလျှံ,ခွေးနက်ကြီး,နတ်သမီး,ဗိမာန်,ပဒေသာပင်

http://www.dhammadownload.com



အစရှိသော ဂတိနိမိတ်သည်လည်းကောင်း။ကမ္မဗလေနၥကံ၏ အစွမ်းကြောင့်။ဆန္နဲခြောက် ပါးကုန်သော။ဒွါရာနံ၊ဒွါရတို့တွင်။အညတရသ္မိံ၊အမှတ်မရှိ တစ်ခုခုသောဒွါရ၌။ပစ္စုပဋ္ဌာတိ၊ အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်၏။

## စုတေခါနီးကာလ စိတ်အစဉ်ဖြစ်ပုံ

တတော၊ထိုသို့ အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်သည်မှ။ပရံ၊နောက်၌။ တထောပဋ္ဌိတံ=တထာ ဥပဋ္ဌိတံ၊ထိုသို့သော အခြင်းအရာဖြင့်အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်သော။တမေဝ အာရမ္မဏံ၊ထိုကံ,ကမ္မနိမိတ်,ဂတိနိမိတ်ဟု ဆိုအပ်သောအာရုံကိုပင်လျှင်။ အာရဗ္ဘ၊အာရုံပြု၍။ဝိပစ္စမာနက ကမ္မာနုရူပံ၊ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအားလျော်စွာ ပရိသုဒ္ဓံ ဝါ၊စင်ကြယ်သည်ဖြစ်၍လည်းကောင်း။ဥပက္ကိလိဋ္ဌံ ဝါ၊ညစ်နွမ်းသည်ဖြစ်၍လည်း ကောင်း။ဥပလဘိတဗ္ဗ ဘဝါနုရူပံ၊ရအပ် ခံစားအပ်သော ဘဝအားလျော်စွာ။တတ္ထ၊ထိုရအပ် ခံစားအပ်သော ဘဝ၌။ဩဏတံဝ=ဩဏတံ ဣဝ၊ညွတ်သကဲ့သို့။(တစ်နည်းကား)ဩဏတံဝ ဩဏတံ ဧဝ၊ညွတ်သည်သာလျှင် ဖြစ်သော။စိတ္တသန္တာနံ၊စိတ်၏အစဉ်သည်။အဘိဏှံ၊ မပြတ်။ဗာဟုလ္လေန၊များသောအားဖြင့်။ပဝတ္တတိ၊ဖြစ်၏။

## တနည်း ကံအာရုံထင်ပုံ

ပန၊အထူးကို ဆိုအံ့။ဇနကဘူတံ၊ပဋိသန္ဓေကို ဖြစ်စေတတ်သည်ဖြစ်၍ ဖြစ်သော။ တမေဝ ဝါ ကမ္မံ၊ထိုကံသည်ပင်လျှင်။အဘိနဝကရဏဝသေန၊မိမိကိုယ်ကို အသစ်ပြုသည်၏ အစွမ်းဖြင့်။ဒွါရပတ္တံ၊ဒွါရသို့ ရောက်သည်။ဟောတိ၊ဖြစ်၏။

## မရဏာသန္နဝီထိ / စုတိစိတ်ဖြစ်ပုံ

၉၀။ပစ္စာသန္နမရဏဿ၊အလွန်နီးသော သေခြင်းရှိသော။တဿ၊ထိုသတ္တဝါအား ဝီထိစိတ္တာဝသာနေ ဝါ၊တဒါရုံအဆုံး,ဇောအဆုံးရှိသော ဝီထိစိတ်တို့၏အဆုံး၌လည်းကောင်း ဘဝင်္ဂက္ခယေ ဝါ၊ဘဝင်၏ အဆုံး၌လည်းကောင်း။(ဝါ)ဘဝင်၏ ကုန်ခြင်း၌လည်းကောင်း။ စဝနဝသေန၊စုတေသည်၏ အစွမ်းဖြင့်။ပစ္စုပ္ပန္နဘဝ ပရိယောသာနဘူတံ၊ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်၍ဖြစ်သော။စုတိစိတ္တံ၊စုတိစိတ်သည်။ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။နိရုဇ္ဈတိ၊ချုပ်၏။

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

တသ္မိံ၊ထိုစုတိစိတ်သည်။နိရုဒ္ဓေ၊ချုပ်ပြီးသည်ရှိသော်။နိရုဒ္ဓါဝသာနေ၊ချုပ်သည်၏ အဆုံး၌။တဿ၊ထိုစုတိစိတ်၏။အနန္တရမေဝ၊အခြားမဲ့၌သာလျှင်။တထာဂဟိတံ၊ထိုသို့သော အခြင်းအရာဖြင့် ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော။အာရမ္မဏံ၊ကံ,ကမ္မနိမိတ်, ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကို။အာရဗ္ဘ၊အာရုံပြု၍။သဝတ္ထုကံ ဝါ၊ဝတ္ထုရုပ်ရှိသည်ဖြစ် ၍လည်းကောင်း။အဝတ္ထုကမေဝ ဝါ၊ဝတ္ထုရုပ်မရှိသည် ဖြစ်၍လည်းကောင်း။ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန၊အဝိဇ္ဇာနုသယသည် ခြံရံအပ်သော။

http://www.dhammadownload.com



တဏှာနုသယမူလကေန၊တဏှာနုသယလျှင် အကြောင်းရင်းရှိသော။သင်္ခါရေန၊ကုသိုလ်, အကုသိုလ်ကံသည်။ဇနီယမာနံ၊ဖြစ်စေအပ်သော။သမ္ပယုတ္တေဟိ၊ဖဿ,ဝေဒနာအစရှိသော သမ္ပယုတ်တရားတို့သည်။ပရိဂ္ဂယှမာနံ၊ခြံရံ၍ ယူအပ်သော။သဟဇာတာနံ၊ဖဿ,ဝေဒနာ အစရှိသော သဟဇာတ်တရားတို့၏။အဓိဋ္ဌာနဘာဝေန၊တည်ရာ၏အဖြစ်ဖြင့်။ပုဗ္ဗင်္ဂမဘူတံ၊ ပြဋ္ဌာန်းသည်ဖြစ်၍ ဖြစ်သော။ဘဝန္တရ ပဋိသန္ဓာနဝသေန၊ရှေ့နောက်ဖြစ်သော ဘဝအဲ့ထူးကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သည်၏အစွမ်းဖြင့်။ပဋိသန္ဓိသင်္ခါတံ၊ပဋိသန္ဓေဟု ဆိုအပ်သော။ မာနသံ၊စိတ်သည်။ဥပ္ပဇ္ဇမာနမေဝ၊ဖြစ်ဆဲဖြစ်၍သာလျှင်။ဘဝန္တရေ၊ဘဝတစ်ပါး၌။(ဝါ)ဘဝ သစ်၌။ပတိဋ္ဌာတိ၊တည်၏။

## ကာမပဋိသန္ဓေစိတ်၏ အာရုံ
## ပစ္စုပ္ပန်အာရုံထင်ရှားစဉ် သေခြင်းဖြစ်ခြင်း

၉၂။ပန၊အထူးကိုဆိုအံ့။ဧတ္ထ၊ဤမရဏာပ္ပတ္တိ၌။(ဝါ)မရဏာသန္နဝီထိ၌။မန္ဒပ္ပဝတ္တာနိ၊ နှံ့သည်ဖြစ်၍ဖြစ်ကုန်သော။ပဉ္စဝေ၊ငါးကြိမ်သာလျှင်ဖြစ်ကုန်သော။ဇဝနာနိ၊ဇောတို့ကို။ ယသ္မာ၊အကြင့်ကြောင့်။ပါဋိကင်္ခိတဗ္ဗာနိ၊အလိုရှိအပ်ကုန်၏။တသ္မာ၊ထိုကြောင့်။အာပါထမာဂ တေသု၊ထင်ခြင်းသို့ ရောက်ကုန်သော။ပစ္စုပ္ပန္နာရမ္မဏေသု၊တုတ်,လှံကန်,ဓား,လှံ,လေး,မြား, ကျောင်း,ဘုရား,စေတီ,ဆွမ်း,သင်္ကန်း,ထီး,တံခွန်,ပန်းမာလ်အစရှိသော ကမ္မနိမိတ်၊အမိဝမ်းရေ ငရဲအိုး,ငရဲထိန်း,ငရဲမီးလျှံ,ခွေးနက်ကြီး,နတ်သမီး,ဗိမာန်,ပဒေသာပင်အစရှိသော ဂတိနိမိတ် ဟု ဆိုအပ်သော ပစ္စုပ္ပန်အာရုံတို့သည်။ရေရန္တေသွေဝ၊ထင်ရှားရှိကုန်စဉ်လျှင်။မရဏံ၊သေခြင်း သည်။ယဒိ ဟောတိ၊အကယ်၍ဖြစ်အံ့။ဧဝံ သတိ၊ဤသို့ဖြစ်သည် ရှိသော်။

## ယခုဘဝ မရဏာသန္နဇော၏ အာရုံကိုပင် ဒုတိယဘဝ ပဋိသန္ဓေစိတ်က ယူခြင်း
## မရဏာသန္နဇော၏ အာရုံဖြစ်သော ကမ္မနိမိတ်,ဂတိနိမိတ်

တဒါ၊ထိုအခါ၌။ပဋိသန္ဓိဘဝင်္ဂါနမ္ပိ၊ပဋိသန္ဓေ ဘဝင်စိတ်တို့၏လည်း။ပစ္စုပ္ပန္နာရမ္မ ဏတာ၊ပစ္စုပ္ပန်အာရုံရှိသည်၏အဖြစ်ကို။လဗ္ဘတိ၊ရအပ်၏။ကတ္တာ ကတ္တာ=ကတ္တာတသ္မာ၊ထို့ ကြောင့်။ကာမာဝစရပဋိသန္ဓိယာ၊ကာမာဝစရ ပဋိသန္ဓေ၏။အာရမ္မဏံ၊အာရုံကို။ဆဒ္ဒွါရဂ္ဂ ဟိတံ၊ခြောက်ဒွါရဖြင့် ယူအပ်သော။(ဝါ)ဆဒ္ဒွါရိက မရဏာသန္နဇောသည် ယူအပ်သော။ ပစ္စုပ္ပန္နဥ္စ၊ပစ္စုပ္ပန်လည်းဖြစ်သော။အတီတဥ္စ၊အတိတ်လည်းဖြစ်သော။ကမ္မနိမိတ္တဥ္စ၊တုတ်, လှံကန်,ဓား,လှံ,လေး,မြား,ကျောင်း,ဘုရား,စေတီ,ဆွမ်း,သင်္ကန်း,ထီး,တံခွန်,ပန်းမာလ်အစရှိသော ကမ္မနိမိတ်ကိုလည်းကောင်း။မနောဒွါရဂ္ဂဟိတံ၊မနောဒွါရဖြင့် ယူအပ်သော။ပစ္စုပ္ပန္နမေဝ၊ ပစ္စုပ္ပန်သာလျှင်ဖြစ်သော။ဂတိနိမိတ္တဥ္စ၊အမိဝမ်းရေ,ငရဲအိုး,ငရဲထိန်း,ငရဲမီးလျှံ,ခွေးနက်ကြီး, နတ်သမီး,ဗိမာန်,ပဒေသာပင်အစရှိသော ဂတိနိမိတ်ကိုလည်းကောင်း။ဥပလဗ္ဘတိ၊ရအပ်၏။

http://www.dhammadownload.com



## မရဏာသန္နဇောၡ်၏ အာရုံဖြစ်သောကံ

ကမ္မံ ပန၊ကုသိုလ်,အကုသိုလ်ကံသည်ကား။အတီတမေဝ၊အတိတ်သာလျှင်တည်းတဥ္စ၊ထိုအတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်ကံကိုလည်း။မနောဒ္ဒါရဂ္ဂဟိတံ၊မနောဒ္ဒါရဖြင့်ယူအပ်၏။

ပန၊အစိတ်မှတစ်ပါး အပေါင်းကိုဆိုအံ့။သဗ္ဗာနိပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။တာနိ၊ထိုကံ,ကမ္မနိမိတ်,ဂတိနိမိတ်တို့သည်။ပရိတ္တဓမ္မဘူတာနေဝ၊ကာမတရားသာလျှင်ဖြစ်၍ဖြစ်ကုန်သော။အာရမ္မဏာနိ၊အာရုံတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ရူပ အရူပ ပဋိသန္ဓေတို့၏ အာရုံ

### ရူပ ပဋိသန္ဓေ၏ အာရုံ

၉၃။ပန၊ကာမာဝစရပဋိသန္ဓေ၏အာရုံမှတစ်ပါး မဟဂ္ဂုတ် ပဋိသန္ဓေ၏အာရုံကိုဆိုအံ့။ရူပါဝစရပဋိသန္ဓိယာ၊ရူပါဝစရ ပဋိသန္ဓေ၏။အာရမ္မဏံ၊အာရုံသည်။ပညတ္တိဘူတံ၊ပညတ်ဖြစ်၍ဖြစ်သော။ကမ္မနိမိတ္တမေဝ၊ပထဝီကသိုဏ်းအစရှိသော ကမ္မနိမိတ်သည်သာလျှင်။ဟောတိ၊ဖြစ်၏။

### အရူပ ပဋိသန္ဓေအာရုံ

၉၄။တထာ။ထို့အတူ။အရူပ ပဋိသန္ဓိယာ၊အရူပ ပဋိသန္ဓေ၏။အာရမ္မဏဥ္စ၊အာရုံသည်လည်း။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။မဟဂ္ဂတဘူတဥ္စ၊မဟဂ္ဂုတ်ဖြစ်၍လည်းဖြစ်ထသော။ပညတ္တိဘူတဥ္စ၊ပညတ်ဖြစ်၍လည်းဖြစ်ထသော။ကမ္မနိမိတ္တမေဝ၊အာကာသာနဉ္စာယတန ကုသိုလ်,ကောင်းကင်းပညတ်အစရှိသော ကမ္မနိမိတ်သည်သာလျှင်။ဟောတိ၊၏။

## ရုပ်ပဋိသန္ဓေသာရှိသော ပုဂ္ဂိုလ်

၉၅။ပန၊နာမ်ပဋိသန္ဓေမှတစ်ပါး ရုပ်ပဋိသန္ဓေကိုဆိုအံ့။အသညသတ္တာနံ၊အသညသတ် ပုဂ္ဂိုလ်တို့၏။(ဝါ)အသညသတ် ပုဂ္ဂိုလ်တို့အား။ဇီဝိတနဝကမေဝ၊ဇီဝိတနဝက ကလာပ်ရုပ်သည်သာလျှင်။ပဋိသန္ဓိ ဘာဝေန၊ပဋိသန္ဓေ၏အဖြစ်ဖြင့်။ယသ္မာ၊အကြင့်ကြောင့်။ပတိဋ္ဌာတိ၊တည်၏။တသ္မာ၊ထို့ကြောင့်။တေ၊ထိုအသညသတ် ပုဂ္ဂိုလ်တို့သည်။ရူပပဋိသန္ဓိကာ နာမ၊ရုပ်လျှင် ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့မည်ကုန်၏။

## နာမ်ပဋိသန္ဓေသာ ရှိသောပုဂ္ဂိုလ်

၉၆။အာရုပ္ပါ၊အရူပ ပုဂ္ဂိုလ်တို့သည်။အရူပပဋိသန္ဓိကာ၊နာမ်လျှင်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့မည်ကုန်၏။

## ပဋိသန္ဓေခဏ၌ ရုပ်နာမ် ၂-ပါးရှိသောပုဂ္ဂိုလ်

၉၇။သေသာ၊အသညသတ်,အရူပပုဂ္ဂိုလ်တို့မှ ကြွင်းကုန်သော ပုဂ္ဂိုလ်တို့သည်၊ရူပါရူပပဋိသန္ဓိကာ၊ရုပ်,နာမ်နှစ်ပါးလျှင်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့မည်ကုန်၏။

http://www.dhammadownload.com



## စုတိစိတ်နောင် ပဋိသန္ဓေဖြစ်ပုံ

### အရူပစုတိနောင် ပဋိသန္ဓေဖြစ်ပုံ

**၉၈။** အာရုပ္ပ စုတိယာ၊ အရူပစုတိ လေးခုမှ။ ပရံ၊ နောက်၌။ ဟေဋ္ဌိမာရုပ္ပ ဝဇ္ဇိတာ၊ အောက်အောက်၌ဖြစ်သော အရူပပဋိသန္ဓေသည် ကြဉ်အပ်ကုန်သော။ အာရုပ္ပသန္ဓိ စ၊ အရူပပဋိသန္ဓေ လေးခုတို့သည်လည်းကောင်း။ တထာ၊ ထိုမြို့။ ကာမတိဟေတုကာ စ၊ ကာမတိဟိတ်ပဋိသန္ဓေ လေးခုတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

### ရူပစုတိနောင် ပဋိသန္ဓေဖြစ်ပုံ

ရူပါဝစရစုတိယာ၊ ရူပါဝစရစုတိ ခြောက်ခုမှ။ ပရံ၊ နောက်၌။ အဟေတုရဟိတာ၊ အဟိတ် ပဋိသန္ဓေသည်ကြဉ်အပ်ကုန်သော။ သတ္တရသ၊ တစ်ဆယ့်ခုနှစ်ပါးသော ပဋိသန္ဓေတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

### ကာမတိဟိတ် စုတိနောင် ပဋိသန္ဓေဖြစ်ပုံ

ကာမတိဟေတုမှာ၊ ကာမတိဟိတ်စုတိ လေးခုမှ။ ပရံ၊ နောက်၌။ သဗ္ဗာ၊ အလုံးစုံသော တစ်ခုယုတ်နှစ်ဆယ်သော ပဋိသန္ဓေတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

### ကာမအဟိတ် ဒွိဟိတ်စုတိနောင် ပဋိသန္ဓေဖြစ်ပုံ

ပန၊ ဆက်ဆံသည်မှတစ်ပါး မဆက်ဆံသည်ကိုဆိုအံ့။ ဣတရာ၊ ကာမအဟိတ်စုတိ နှစ်ခု,ဒွိဟိတ်စုတိလေးခုမှ။ ပရံ၊ နောက်၌။ ကာမေသွေဝ၊ ကာမတစ်ဆယ့်တစ်ဘုံတို့၌သာလျှင်။ ဒသ ပဋိသန္ဓိယော၊ ဆယ်ပါးသော ပဋိသန္ဓေတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ (တနည်း)-ကာမေသွေဝ=ကာမေသု ဧဝ၊ ကာမပဋိသန္ဓေ တစ်ဆယ်တို့သည်သာလျှင်။ သိယုံ၊ ဖြစ်ကုန်၏။

အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤဝီထိမုတ္တသင်္ဂဟအရာ၌။ စုတိပဋိသန္ဓိက္ကမော၊ စုတိပဋိသန္ဓေတို့၏အစဉ်ကို ဆိုကြောင်းဖြစ်သောနည်းတည်း။

## ဘဝင်နှင့် စုတိစိတ်ဖြစ်ပုံ

### ဘဝင်အစဉ်ဖြစ်ပုံ

**၉၉။** ပန၊ စုတိပဋိသန္ဓေအစဉ်မှတစ်ပါး ဘဝင်အစဉ်ကိုဆိုအံ့။ ဣစ္စေဝံ=ဣတိ ဧဝံ ယထာဝုတ္တနယေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဂဟိတပဋိသန္ဓိကာနံ၊ ယူအပ်ပြီးသော ပဋိသန္ဓေရှိကုန်သော ပုဂ္ဂိုလ်တို့အား။ ပဋိသန္ဓိနိရောဓာနန္တရတော၊ ပဋိသန္ဓေစိတ် ချုပ်သည်၏ အခြားမဲ့မှ။ ပဘုတိ၊ စ၍။ တမေဝါရမ္မဏံ၊ ထိုပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင်။ အာရဗ္ဘ၊ အာရုံပြု၍။ တဒေဝ စိတ္တံ၊ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင်။ ယာဝ စုတိစိတ္တုပ္ပါဒါ၊ စုတိစိတ်ဖြစ်သည့်တိုင်အောင်။ ဝီထိစိတ္တုပ္ပါဒေ၊ ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည်။ (ဝါ)ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်၊ ပဉ္စဒွါရာဝဇ္ဇန်း,သောတဝိညာဏ်၊ ပဉ္စဒွါရာဝဇ္ဇန်း,ဃာနဝိညာဏ်၊ ပဉ္စဒွါရာဝဇ္ဇန်း, ဇိဝှါဝိညာဏ်၊ ပဉ္စဒွါရာဝဇ္ဇန်း,ကာယဝိညာဏ်၊ မနောဒွါရာဝဇ္ဇန်း,ဇောအစရှိသော ဝီထိစိတ်တို့

http://www.dhammadownload.com



၏ဖြစ်ခြင်းသည်။အသတိ၊မရှိသော်။ဘဝဿ၊ဘဝ၏။အင်္ဘာဝေန၊ (တည်တံ့ခြင်း)၏ကြောင့်၏ အဖြစ်ဖြင့်။ဘဝင်္ဂသန္တတိ သင်္ခါတံ၊ဘဝင်အစဉ်ဟု ဆိုအပ်သော။မာနသံ၊စိတ်သည်။အဗ္ဗောစ္ဆိန္နံ၊မပြတ်။နဒီသောတော ဝိယ၊မြစ်ရေအယဉ်ကဲ့သို့။ပဝတ္တတိ၊ဖြစ်၏။

## စုတိစိတ်ဖြစ်ပုံ

**၁၀၀။**ပရိယောသာနေ စ၊အဆုံး၌လည်း။စဝနဝသေန၊စုတိသည်၏ အစွမ်းဖြင့်၊ စုတိစိတ္တံ၊စုတိစိတ်သည်။ဟုတွာ၊ဖြစ်၍။နိရုဇ္ဈတိ၊ချုပ်၏။

## သံသရာစက်လည်ပုံ

**၁၀၁။**တတော၊ထိုစုတိစိတ် ချုပ်သည်မှ။ပရဉ္စ၊နောက်ဘဝ ဘဝ၌လည်း။ပဋိသန္ဓာဒယော၊ပဋိသန္ဓေ အစရှိကုန်သောစိတ်တို့သည်။ယထာက္ကမံ၊အစဉ်အတိုင်း။ရထစက္ကမိဝ၊ရထားလှည်းဘီးစက်ကဲ့သို့။ပရိဝတ္တန္တာ ဧဝ၊လည်ကုန်သည် ဖြစ်၍သာလျှင်။ပဝတ္တန္တိ၊ဖြစ်ကုန်၏။

**၁၀၂။**က္ကဟာ၊ဤပစ္စုပ္ပန်ဘဝ၌။ပဋိသန္ဓိ ဘဝင်္ဂ ဝီထိယော စ၊ပဋိသန္ဓေ,ဘဝင်,ဝီထိစိတ်တို့သည်လည်းကောင်း။စုတိ စ၊စုတိစိတ်သည်လည်းကောင်း။ပရိဝတ္တန္တိ ယထာ၊လည်၍ဖြစ်ကုန်သကဲ့သို့။တထာ၊ထိုအတူ။ပုန၊တစ်ဖန်။ဘဝန္တရေ၊ဘဝတစ်ပါး၌။သန္ဓိဘဝင်္ဂမိတိ=သန္ဓိဘဝင်္ဂ က္ကတိ၊ပဋိသန္ဓေ,ဘဝင်အစရှိသော။အယံ စိတ္တသန္တတိ၊ဤစိတ်၏ အစဉ်သည်။ပရိဝတ္တတိ၊လည်၍ဖြစ်၏။

## သံသရာစက် ပြတ်ပုံ

ပန၊သံသရာစက်လည်သည်မှတစ်ပါး သံသရာစက်ပြတ်သည်ကိုဆိုအံ့။ဗုဓာ၊ပညာရှိတို့သည်။အန္ဒုဝံ၊မမြဲသော သဘောရှိသော။(ဝါ)မြဲသောသဘောမရှိသော။ဧတံ၊ထိုဝဋ်တရားကို။ပဋိသင်္ခါယ၊ပညာဖြင့် ဆင်ခြင်၍။စိရာယ=စိရံ ကာလံ၊ရှည်မြင့်စွာသော ကာလပတ်လုံး။သုဗ္ဗတာ၊ကောင်းသောအကျင့်ရှိကုန်သည်ဖြစ်၍။သုသမုစ္ဆိန္န သိနေဟဗန္ဓနာ၊ကောင်းစွာ မင်္ဂဖြင့် ဖြတ်အပ်ပြီးသော ချစ်ခြင်းနှောင်ဖွဲ့ခြင်းရှိကုန်သည်ဖြစ်၍။(ဝါ)ချစ်ခြင်း,နှောင်ဖွဲ့ခြင်းကို ကောင်းစွာ မင်္ဂဖြင့်ဖြတ်ကုန်သည်ဖြစ်၍။အစ္စုတံ၊ရွေ့လျောခြင်းမရှိသော။ပဒံ၊နိဗ္ဗာန်ကို။အဓိဂန္တွာ၊မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် သိကုန်၏။သမံ၊ခပ်သိမ်းသော ဝဋ်ဆင်းရဲတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ်သို့။ဧဿန္တိ၊ရောက်ကုန်လတ္တံ့။

# ဝိထိမုတ်ပိုင်း ပြီး၏။

http://www.dhammadownload.com



# ၆-ရုပ်ပိုင်း

## အနုသန္ဓိနှင့် ပဋိညာဉ်

၁။တ္တောဝတား=တ္တောဝန္တေဟိ ပဉ္စဟိ ပရိစ္ဆေဒေဟိ၊ဤမျှအတိုင်းအရှည်ရှိသော ငါးပါးသောပရိစ္ဆေဒတို့ဖြင့်။သပ္ပဘေဒ ပဝတ္တိကာ၊ (စိတ်,စေတသိက်,ပကိဏ်းဟူသော)သုံးပါးသော ပရိစ္ဆေဒတို့ဖြင့် ဆိုအပ်သောအပြား (ဝီထိ,ဝီထိမုတ္တဟူသော)နှစ်ပါးသော ပရိစ္ဆေဒတို့ဖြင့် ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော။(ဝါ)ဥဒ္ဒေသ,နိဒ္ဒေသ,ပဋိနိဒ္ဒေသတို့၏ အစွမ်းဖြင့်ဆိုအပ်သောအပြား,ပဝတ္တိ ပဋိသန္ဓေတို့၏အစွမ်းဖြင့်ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော။စိတ္တစေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်သော။မေ္ဘာ၊သဘောတရားတို့ကို။ဟိ=ယသ္မာ၊အကြောင့်ကြောင့်။မယာ၊ငါသည်။ဝိဘတ္တာ၊ဝေဘန်အပ်ကုန်ပြီ။တသ္မာ၊ထို့ကြောင့်။ဒါနိ=ဣဒါနိ၊ယခုအခါ၌။ရူပံ၊ရုပ်ကို။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။(ဝါ)မိန့်အပ်လတ္တံ့။

## ရုပ်ပိုင်း မာတိကာ / ရူပသင်္ဂဟ ၅-ပါး

၂။သမုဒ္ဒေသာ စ၊ရုပ်ကို အကျဉ်းပြခြင်းအားဖြင့်လည်းကောင်း။ဝိဘာဂါ စ၊ရုပ်ကို ဝေဘန်ခြင်းအားဖြင့်လည်းကောင်း။သမုဋ္ဌာနာ စ၊စက္ခုဒသက အစရှိသောရုပ်ကလာပ်တို့၏ ဖြစ်ကြောင်းအားဖြင့်လည်းကောင်း။ကလာပတော စ၊စက္ခုအစရှိသော ရုပ်တို့၏အပေါင်းအစည်းအားဖြင့်လည်းကောင်း။ပဝတ္တိက္ကမတော စ၊ဘဝ,ကာလ,သတ္တဝါအပြားဖြင့် ရုပ်တို့၏ဖြစ်စဉ်အားဖြင့်လည်းကောင်း။ဣတိ၊ဤသို့။တတ္ထ၊ထိုရူပသင်္ဂဟ၌။ပဉ္စဓာ၊ငါးပါးအပြားအားဖြင့်။သင်္ဂဟော၊ရေတွက်ခြင်းသည်။ဟောတိ၊ဖြစ်၏။(ဝါ)ဖြစ်လတ္တံ့။

## ၁-ရူပသမုဒ္ဒေသ / ရုပ် ၂၈-ပါး

## မဟာဘုတ်နှင့် ဥပါဒါရုပ်

၃။စတ္တာရိ၊လေးပါးကုန်သော။မဟာဘူတာနိ စ၊မဟာဘုတ်တို့လည်းကောင်း။စတုန္နံ၊လေးပါးကုန်သော။မဟာဘူတာနံ၊မဟာဘုတ်တို့ကို။ဥပါဒါယ ရူပဥ္စ၊မှီ၍ဖြစ်သော ရုပ်လည်းကောင်း။ဣတိ၊ဤသို့။ဒုဝိဓမ္ပိ၊နှစ်ပါးအပြားရှိကုန်သည်လည်းဖြစ်သော။ဧတံ ရူပံ၊ထိုရုပ်သည်။ဧကာဒသဝိဓေန၊တစ်ဆယ့်တစ်ပါးအပြားဖြင့်။သင်္ဂဟံ၊ရေတွက်ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏ အဖြစ်သို့။(ဝါ)ခေါ်ဝေါ်ခြင်းသို့။(ဝါ)ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ဂစ္ဆတိ၊ရောက်၏။

## မဟာဘုတ် ၄-ပါး

၄။ကထံ ဂစ္ဆတိ၊အဘယ်သို့ ရောက်သနည်းဟူမူကား။ပထဝီဓာတု၊ပထဝီဓာတ်သည်လည်းကောင်း။အာပေါဓာတု၊အာပေါဓာတ်သည်လည်းကောင်း။တေဇောဓာတု၊တေ

http://www.dhammadownload.com



ဇောဓာတ်သည်လည်းကောင်း။ဝါယောဓာတု၊ဝါယောဓာတ်သည်လည်းကောင်း။ဘူတရုပ် နာမ၊ဘူတရုပ်မည်၏။

## ဥပါဒါရုပ် ၂၄-ပါး / ပသာဒရုပ် ၅-ပါး

၅။စက္ခု၊စက္ခုပသာဒသည်လည်းကောင်း။သောတံ၊သောတပသာဒသည် လည်းကောင်း။ဃာနံ၊ဃာန ပသာဒသည်လည်းကောင်း။ဇိဝှါ၊ဇိဝှါပသာဒသည်လည်းကောင်း။ ကာယော၊ကာယပသာဒသည်လည်းကောင်း။ပသာဒရုပ်ံ နာမ၊ပသာဒရုပ်မည်၏။

## ဂေါစရရုပ် ၇-ပါး

၆။ရူပံ၊ရူပါရုံသည်လည်းကောင်း။သဒ္ဒေါ၊သဒ္ဒါရုံသည်လည်းကောင်း။ဂန္ဓော၊ဂန္ဓာ ရုံသည်လည်းကောင်း။ရသော၊ရသာရုံသည်လည်းကောင်း။အာပေါဓာတုဝိဝဇ္ဇိတံ၊အာပေါ ဓာတ်သည် ကြဉ်အပ်သော။ဘူတတ္တယသင်္ခါတံ၊ဘူတရုပ်တို့၏ သုံးခုတို့၏အပေါင်းဟု ဆို အပ်သော။ဖောဋ္ဌဗ္ဗံ၊ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း။ဂေါစရရူပံ နာမ၊ဂေါစရရုပ်မည်၏။

## ဘာဝရုပ် ၂-ပါး

၇။ဣတ္ထတ္တံ၊ဣတ္ထိ (မိန်းမ)၏ အဖြစ်သည်လည်းကောင်း။ပုရိသတ္တံ၊ပုရိသ (ယောကျ်ား)၏ အဖြစ်သည်လည်းကောင်း။ဘာဝရူပံ နာမ၊ဘာဝရုပ်မည်၏။

## ဟဒယရုပ် ၁-ပါး

၈။ဟဒယဝတ္ထု၊ဟဒယဝတ္ထုသည်။ဟဒယရူပံ နာမ၊ဟဒယရုပ်မည်၏။

## ဇီဝိတရုပ် ၁-ပါး

၉။ဇီဝိတိန္ဒြိယံ၊ဇီဝိတိန္ဒြေသည်။ဇီဝိတရူပံ နာမ၊ဇီဝိတရုပ်မည်၏။

## အာဟာရရုပ် ၁-ပါး

၁၀။ကဗဠီကာရော၊အလုတ်အလွေးကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့ သော။အာဟာရော၊အာဟာရသည်။အာဟာရရူပံ နာမ၊အာဟာရရုပ်မည်၏။

## ဘာဝရုပ်စသည်

၁၁။ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။အဋ္ဌာရသဝိဓမ္ပိ၊တစ် ဆယ့်ရှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ဧတံ ရူပံ၊ထိုရုပ်သည်။သဘာဝရူပန္တိ စ၊ကက္ခဠ အစရှိသော မိမိတို့၏သဘောအားဖြင့် ရအပ်သောကြောင့် သဘာဝရုပ်ဟူ၍လည်းကောင်း။ သလက္ခဏ ရူပန္တိ စ၊အနိစ္စအစရှိသော လက္ခဏာတို့နှင့်တကွဖြစ်သောကြောင့် သလက္ခဏ ရုပ်ဟူ၍လည်းကောင်း။နိပ္ဖန္နရူပန္တိ စ၊ပရိစ္ဆေဒ အစရှိသောအဖြစ်ကိုကြဉ်၍ မိမိတို့ သဘော အားဖြင့်သာလျှင် ကံအစရှိသောအကြောင်းတို့သည် ပြီးစေအပ်သည်၏အဖြစ်ကြောင့် နိပ္ဖန္န ရုပ်ဟူ၍လည်းကောင်း။ရူပရူပန္တိ စ၊အချမ်းအပူ အစရှိသောဆန့်ကျင်ဘက်ဖြစ်သောအ ကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သည်၏အဖြစ်,အချမ်းအပူ အစရှိသော ဆန့်ကျင်ဘက်

http://www.dhammadownload.com



ဖြစ်သော အကြောင်းတို့သည် ဖောက်ပြန်စေအပ်သည်၏အဖြစ်ကြောင့် ရူပရုပ်ဟူ၍လည်း ကောင်း။သမ္မသန ရူပန္တိ စ၊ပရိစ္ဆေဒ အစရှိသော အဖြစ်ကိုလွန်၍သဘောအားဖြင့်သာလျှင် ရအပ်သောကြောင့် အနိစ္စ,ဒုက္ခ,အနတ္တတည်းဟူသော လက္ခဏာယာဉ်သုံးပါးသို့ တင်သဖြင့် သုံးသပ်ခြင်းငှာ ထိုက်သည်အဖြစ်ကြောင့် သမ္မသနရုပ်ဟူ၍လည်းကောင်း။သင်္ဂဟံ၊ရေတွက် ခြင်းသို့။(ဝါ)ရေတွက်အပ်သည်၏အဖြစ်သို့။(ဝါ)ခေါ်ဝေါ်ခြင်းသို့။(ဝါ)ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ဂစ္ဆတိ၊ရောက်၏။

## ပရိစ္ဆေဒရုပ် ၁-ပါး

၁၂။အာကာသဓာတု၊အာကာသဓာတ်သည်။ပရိစ္ဆေဒရူပံ နာမ၊ပရိစ္ဆေဒရုပ်မည်၏။

## ဝိညတ်ရုပ် ၂-ပါး

၁၃။ကာယဝိညတ္တိ၊ကာယဝိညတ်သည်လည်းကောင်း။ဝစီဝိညတ္တိ၊ဝစီဝိညတ် သည်လည်းကောင်း။ဝိညတ္တိရူပံ နာမ၊ဝိညတ်ရုပ်မည်၏။

## ဝိကာရရုပ် ၅-ပါး

၁၄။ရူပဿ၊နိပ္ဖန္နရုပ် အဋ္ဌာရသ၏။လဟုတာ၊ပေါ့သော အဖြစ်သည်လည်း ကောင်း။မုဒုတာ၊နူးညံ့သော အဖြစ်သည်လည်းကောင်း။ကမ္မညတာ၊အမှု၌ ကောင်းသော အဖြစ်သည်လည်းကောင်း။ဝိညတ္တိဒွယံ၊ဝိညတ်ရုပ်နှစ်ခု အပေါင်းသည်လည်းကောင်း။ ဝိကာရရူပံ နာမ၊ဝိကာရရုပ်မည်၏။

## လက္ခဏာရုပ် ၄-ပါး

၁၅။ရူပဿ၊စက္ခုအစရှိသောရုပ်၏။ဥပစယော၊ဖြစ်ဆဲသည် လည်းကောင်း။ သန္တတိ၊ဖြစ်စဉ်သည်လည်းကောင်း။ဇရတာ၊ရင့်သောအဖြစ်သည်လည်းကောင်း။အနိစ္စတာ၊ ပျက်သောအဖြစ်သည်လည်းကောင်း။လက္ခဏာရူပံ နာမ၊လက္ခဏာရုပ်မည်၏။

## ဇာတိရုပ်

၁၆။ပန၊အထူးကိုဆိုအံ့။ဧတ္ထ၊ဤလက္ခဏာရုပ် လေးခုတို့တွင်။ဇာတိရူပမေဝ၊ဇာတိ ရုပ် တစ်ခုကိုပင်လျှင်။ဥပစယသန္တတိ နာမေန၊ဥပစယ,သန္တတိဟူသောနာမည်ဖြင့်။ပဝုစ္စတိ၊ မိန့်အပ်၏။ဣတိ၊ဤသို့။ဧကာဒသဝိဓမ္ပိ၊တစ်ဆယ့်တစ်ပါးအပြားရှိသည်လည်းဖြစ်သော။ ဧတံ ရူပံ၊ထိုရုပ်သည်။သရူပဝသေန၊သရုပ်၏ အစွမ်းဖြင့်။(ဝါ)မိမိတို့၏ သဘော၏အစွမ်း ဖြင့်။အဋ္ဌဝီသတိဝိဓံ၊နှစ်ဆယ့်ရှစ်ပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။

## နိပ္ဖန္နရုပ် ၁၈-ပါး

၁၇။ကထံ ဟောတိ၊အဘယ်သို့ ဖြစ်သနည်းဟူမူကား။ဘူတပ္ပသာဒ ဝိသယာပိ၊ ဘူတရုပ်လေးခု,ပသာဒယရုပ် ငါးခု,ဝိသယရုပ် ခုနှစ်ခုတို့လည်းကောင်း။ဘာဝေါပိ၊ဘာဝရုပ် နှစ်ခုလည်းကောင်း။ဟဒယမ္ပိ၊ဟဒယရုပ်လည်းကောင်း။ဣတိ၊ဤသို့။ဇီဝိတာဟာရရူပေတိ၊

http://www.dhammadownload.com



ဇီဝိတရုပ်,အာဟာရရုပ်တို့နှင့်။သဟ၊တကွ။အဋ္ဌာရသဝိဓံ၊တစ်ဆယ့်ရှစ်ပါး အပြားရှိသော။ နိပ္ဖန္နဥ္စ၊နိပ္ဖန္နရုပ်လည်းကောင်း။

## အနိပ္ဖန္နရုပ် ၁၀-ပါး

တထာ၊ထိုမှတစ်ပါး။ပရိစ္ဆေဒေါ စ၊ပရိစ္ဆေဒရုပ်လည်းကောင်း။ဝိညတ္တိ စ၊ဝိညတ်ရုပ် နှစ်ခုလည်းကောင်း။ဝိကာရော စ၊ဝိကာရရုပ် ငါးခုလည်းကောင်း။လက္ခဏဥ္စ၊လက္ခဏရုပ် လေးခုလည်းကောင်း။ဣတိ၊ဤသို့။ဒသ၊ဆယ်ပါးကုန်သော။အနိပ္ဖန္နာ စ၊အနိပ္ဖန္နရုပ်တို့လည်း ကောင်း။ဣတိ=ဣမိနာ ပဘေဒေန၊ဤသို့သောအပြားအားဖြင့်။အဋ္ဌဝီသတိဝိဓံ၊နှစ်ဆယ့်ရှစ် ပါးအပြားရှိသည်။ဘဝေ၊ဖြစ်၏။

အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤရူပသင်္ဂဟ၌။(ဝါ)ရူပသမုဒ္ဒေသစသော ငါးပါးတို့တွင်။ရူပသမုဒ္ဒေသော၊ရုပ်ကိုအကျဉ်းပြကြောင်းဖြစ်သော နည်းတည်း။

## ၂-ရူပဝိဘာဂ

**၁၈**။ပန၊ရူပသမုဒ္ဒေသမှတစ်ပါး ရူပဝိဘာဂကိုဆိုအံ့။သဗ္ဗဥ္စ=သဗ္ဗံ ဧဝ၊အလုံးစုံ သာလျှင်ဖြစ်သော။ဧတံ ရူပံ။ထိုရုပ်သည်။အဟေတုကံ၊အလောဘအစရှိသော သမ္ပယုတ် ဟိတ်မရှိသည်၏အဖြစ်ကြောင့် အဟေတုကလည်းမည်၏။သပ္ပစ္စယံ၊ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့နှင့်တကွဖြစ်သောကြောင့် သပ္ပစ္စယလည်းမည် ၏။(သပ္ပစ္စယံ၊ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးရှိသည့်အဖြစ် ကြောင့် သပ္ပစ္စယလည်းမည်၏။ဋီကာကျော် စာမျက်နှာ-၂၀၃။) သာသဝံ၊အာသဝေါ တရား လေးပါးတို့၏ အာရုံဖြစ်ခြင်းကြောင့် သာသဝလည်းမည်၏။သင်္ခတံ၊ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပေါင်း၍ ပြုပြင်အပ်သောကြောင့် သင်္ခတ လည်းမည်၏။လောကိယံ၊ဥပါဒါနံ၏အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် လောကိယလည်းမည်၏။ ကာမာဝစရံ၊ကာမတဏှာ၏ကျင်လည်ရာ ဖြစ်သောကြောင့် ကာမာဝစရလည်းမည်၏။အနာရမ္မဏံ၊အာရုံကိုမယူတတ်သည်၏ အဖြစ် ကြောင့် အနာရမ္မဏလည်းမည်၏။ အပ္ပဟာတဗ္ဗမေဝ၊တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်တို့၏အစွမ်းဖြင့် မပယ်အပ်သည်၏အဖြစ်ကြောင့် အပ္ပဟာတဗ္ဗလည်း မည်၏။ဣတိ၊ဤသို့။ဧကဝိဓမ္ပိ၊တစ်ခုသော အဖို့ရှိသည်လည်းဖြစ်သော။ရူပံ၊ရုပ်သည်။ အဇ္ဈတ္တိက ဗာဟိရာဒိဝသေန၊အဇ္ဈတ္တိက,ဗာဟိရ အစရှိသည်၏အစွမ်းဖြင့်။ဗဟုဓာ၊များသော အပြားဖြင့်။ဘေဒံ၊ပြားခြင်းသို့။ဂစ္ဆတိ၊ရောက်၏။

## အဇ္ဈတ္တိကရုပ် ၅-ပါး

**၁၉**။ကထံ ဂစ္ဆတိ၊အဘယ်သို့ရောက်သနည်းဟူမူကား။ပသာဒသင်္ခါတံ၊ပသာဒရုပ် ဟုဆိုအပ်သော။ပဉ္စဝိဓမ္ပိ၊ငါးပါးအပြားရှိသည်လည်းဖြစ်သော။ရူပံ၊ရုပ်သည်။အဇ္ဈတ္တိကရုပ်

http://www.dhammadownload.com


နာမ၊အဇ္ဈတ္တိကရုပ်မည်၏။

**ဗာဟိရရုပ် ၂၃-ပါး**

ဣတရံဖြစ်သော (ကြွင်းသော) အဇ္ဈတ္တိကရုပ်မှတစ်ပါးသော နှစ်ဆယ့်သုံးပါးသောရုပ်သည်။ဗာဟိရရူပံ နာမ၊ဗာဟိရရုပ်မည်၏။

**ဝတ္ထုရုပ် ၆-ပါး**

၂၀။ပသာဒ ဟဒယ သင်္ဂါဟံ၊ပသာဒရုပ် ငါးခု,ဟဒယရုပ်တစ်ခုဟုဆိုအပ်သော။ ဆဗ္ဗိဓမ္မိ၊ ခြောက်ပါး အပြားရှိသည်လည်းဖြစ်သော။ရူပံ၊ရုပ်သည်။ဝတ္ထုရူပံ နာမ၊ဝတ္ထုရုပ်မည်၏။

**အဝတ္ထုရုပ် ၂၂-ပါး**

ဣတရံ၊ဝတ္ထုရုပ်မှတစ်ပါးသော နှစ်ဆယ့်နှစ်ပါးသောရုပ်သည်။အဝတ္ထုရူပံ နာမ၊ အဝတ္ထု ရုပ်မည်၏။

**ဒွါရရုပ် ၇-ပါး**

၂၁။ပသာဒဝိညတ္တိ သင်္ဂါဟံ၊ပသာဒရုပ် ငါးခု,ဝိညတ်ရုပ် နှစ်ခုဟုဆိုအပ်သော။ သတ္တဝိဓမ္မိ၊ခုနစ်ပါး အပြားရှိသည်လည်းဖြစ်သော။ရူပံ၊ရုပ်သည်။ဒွါရရူပံ နာမ၊ဒွါရရုပ်မည်၏။

**အဒွါရရုပ် ၂၁-ပါး**

ဣတရံ၊ဒွါရရုပ်မှတစ်ပါးသော နှစ်ဆယ့်တစ်ပါးသောရုပ်သည်။အဒွါရရူပံ နာမ၊အဒွါရရုပ်မည်၏။

**ဣန္ဒြိယရုပ် ၈-ပါး**

၂၂။ပသာဒ ဘာဝဇီဝိတ သင်္ဂါဟံ၊ပသာဒရုပ် ငါးခု,ဘာဝရုပ် နှစ်ခု,ဇီဝိတရုပ် တစ်ခုဟုဆိုအပ်သော။အဋ္ဌဝိဓမ္မိ၊ရှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ရူပံ၊ရုပ်သည်။ဣန္ဒြိယ ရူပံ နာမ၊ဣန္ဒြိယရုပ် မည်၏။

**အနိန္ဒြိယရုပ် ၂၀-ပါး**

ဣတရံ၊ဣန္ဒြိယရုပ်မှတစ်ပါးသော နှစ်ဆယ်သောရုပ်သည်။အနိန္ဒြိယရူပံ နာမ၊အနိန္ဒြိယ ရုပ်မည်၏။

**ဩဠာရိကရုပ် ၁၂-ပါး စသည်**

၂၃။ပသာဒ ဝိသယသင်္ဂါဟံ၊ပသာဒရုပ် ငါးခု,ဝိသယရုပ် ခုနစ်ခုဟု ဆိုအပ်သော။ ဒွါဒသဝိဓမ္မိ၊တစ်ဆယ့်နှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ရူပံ၊ရုပ်သည်။ဩဠာရိကရူပဉ္စ၊ ဩဠာ ရိကရုပ်လည်းမည်၏။(ဝါ)ရုန့်ရင်းကြမ်းတမ်းသောရုပ်လည်းမည်၏။သန္တိကေရူပဉ္စ၊ သန္တိကေရုပ်လည်းမည်၏။(ဝါ)နီးသောရုပ်လည်းမည်၏။သပ္ပဋိဃရူပဉ္စ၊သပ္ပဋိဃရုပ်လည်း မည်၏။ (ဝါ)ထိပါးခြင်းရှိသောရုပ်လည်းမည်၏။

http://www.dhammadownload.com



## သုခုမရုပ်စသည် ၁၆-ပါး

ဣတရံ၊ဤမှတစ်ပါးသော တစ်ဆယ့်ခြောက်ခုသောရုပ်သည်။သုခုမရူပဥ္စ၊သုခုမရုပ်လည်းမည်၏။(ဝါ)သိမ်မွေ့သောရုပ်လည်းမည်၏။ဒူရေရူပဥ္စ၊ဒူရေရုပ်လည်းမည်၏။(ဝါ)ဝေးသောရုပ်လည်းမည်၏။အပ္ပဋိဃရူပဥ္စ၊အပ္ပဋိဃရုပ်လည်းမည်၏။(ဝါ)ထိပါးခြင်းမရှိသောရုပ်လည်းမည်၏။

## ဥပါဒိန္နရုပ်=ကမ္မဇရုပ်

၂၄။ကမ္မဇံ၊ကမ္မဇရုပ် တစ်ဆယ့်ရှစ်ခုသည်။ဥပါဒိန္နရူပံ နာမ၊ဥပါဒိန္နရုပ်မည်၏။(ဝါ)အာရုံပြုသောအားဖြင့် တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သောကြောင့် ဥပါဒိန္နရုပ်မည်၏။

## အနုပါဒိန္နရုပ်

ဣတရံ၊ဤမှတစ်ပါးသော တိဇရုပ်သည်။အနုပါဒိန္နရူပံ၊အနုပါဒိန္နရုပ်မည်၏။(ဝါ)အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်အကျိုး၏အဖြစ်ဖြင့် မယူအပ်သောကြောင့် အနုပါဒိန္နရုပ်မည်၏။

## သနိဒဿနရုပ်

၂၅။ရူပါယတနံ၊ရူပါယတနသည်။သနိဒဿနရူပံ၊သနိဒဿနရုပ်မည်၏။(ဝါ)မြင်ခြင်းနှင့်တကွဖြစ်သောရုပ်မည်၏။(ဝါ)မြင်အပ်သည်နှင့်တကွဖြစ်သောရုပ်မည်၏။(ဝါ)မြင်အပ်သည်၏အဖြစ်နှင့်တကွဖြစ်သောရုပ်မည်၏။

## အနိဒဿနရုပ်

ဣတရံ၊ဤမှတစ်ပါးသော နှစ်ဆယ့်ခုနှစ်ခုသောရုပ်သည်။အနိဒဿနရူပံ၊အနိဒဿနရုပ်မည်၏။(ဝါ)မြင်ခြင်းမရှိသော ရုပ်မည်၏။(ဝါ)မြင်အပ်သည်မရှိသောရုပ်မည်၏။(ဝါ)မြင်အပ်သည်၏အဖြစ်မရှိသောရုပ်မည်၏။

## ဂေါစရဂ္ဂါဟိကရုပ် ၇-ပါး

## အသမ္ပတ္တအာရုံ

၂၆။စက္ခာဒိဒွယံ၊စက္ခုအစရှိသော ရုပ်နှစ်ခုတို့၏အပေါင်းသည်။အသမ္ပတ္တဝသေန၊မရောက်သည်၏အစွမ်းဖြင့်။

## သမ္ပတ္တအာရုံ

ဃာနာဒိတ္တယံ၊ဃာနအစရှိသော ရုပ်သုံးခုတို့၏အပေါင်းသည်။သမ္ပတ္တဝသေန၊ရောက်သည်၏အစွမ်းဖြင့်။(တစ်နည်းကား)အသမ္ပတ္တဝသေန၊မရောက်သည်၏အစွမ်းဖြင့်။ပဝတ္တံ၊ဖြစ်သော။စက္ခာဒိဒွယံ၊စက္ခုအစရှိသော ရုပ်နှစ်ခုတို့၏အပေါင်းလည်းကောင်း။ဃာနာဒိတ္တယံ၊ဃာနအစရှိသော ရုပ်သုံးခုတို့၏အပေါင်းလည်းကောင်း။ဣတိ၊ဤသို့။ပဥ္စဝိဓမ္ပိ၊ငါးပါး

http://www.dhammadownload.com


အပြားရှိသည်လည်းဖြစ်သော။ရူပံ၊ရုပ်သည်။ဂေါစရဂ္ဂါဟိကရူပံ၊အာရုံကိုယူတတ်သော ရုပ်မည်၏။(ဝါ)အာရုံကိုယူရာဖြစ်သောရုပ်မည်၏။(ဝါ)အာရုံ၏ယူရာဖြစ်သောရုပ်မည်၏။

**အဂေါစရဂ္ဂါဟိကရုပ် ၂၃-ပါး**

ဣတရံ၊ဤမှတစ်ပါးသော သုံးပါးသောရုပ်သည်။အဂေါစရဂ္ဂါဟိကရူပံ၊အာရုံကို မယူတတ်သော ရုပ်မည်၏။(ဝါ)အာရုံကိုယူရာမဟုတ်သော ရုပ်မည်၏။(ဝါ)အာရုံ၏ယူရာ မဟုတ်သောရုပ်မည်၏။

**အဝိနိဗ္ဘောဂရုပ် ၈-ပါး**

၂၇။ဝဏ္ဏော စ၊ရူပါရုံလည်းကောင်း။ဂန္ဓော စ၊ဂန္ဓာရုံလည်းကောင်း။ရသော စ၊ရသာရုံလည်းကောင်း။ဩဇာ စ၊ဩဇာလည်းကောင်း။ဘူတစတုက္ကဉ္စ၊ဘူတရုပ်တို့၏ လေးခု အပေါင်းလည်းကောင်း။ဣတိ၊ဤသို့။အဋ္ဌဝိဓမ္ပိ၊ရှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ရူပံ၊ရုပ်သည်။အဝိနိဗ္ဘောဂရူပံ၊အသီးအသီး မခွဲခြမ်းအပ်သောရုပ်မည်၏။

**ဝိနိဗ္ဘောဂရုပ် ၂၀-ပါး**

ဣတရံ၊ဤမှတစ်ပါးသော နှစ်ဆယ်သောရုပ်သည်။ဝိနိဗ္ဘောဂရူပံ၊အသီးအသီး ခွဲခြမ်းအပ်သောရုပ်မည်၏။

**ရူပဝိဘာဂ သင်္ဂဟဂါထာ**

၂၈။ဣစ္စေဝံ=ဣတိ ဧဝံ ယထာဝုတ္တနယေန၊အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။အဋ္ဌဝီသတိ ဝိဓမ္ပိ၊နှစ်ဆယ့်ရှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ရူပဉ္စ=ရူပံ ဧဝ၊ ရုပ်သည်ပင်လျှင်။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။အဇ္ဈတ္တိကာဒိဘေဒေန၊အဇ္ဈတ္တိက ရုပ်အစရှိသည်တို့၏အပြားဖြင့်။ဝိစက္ခဏာ၊ပညာရှိတို့သည်။ဝိဘဇန္တိ၊ဝေဘန်ကုန်၏။

အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤရူပသင်္ဂဟ၌။(ဝါ)ဤရူပသမုဒ္ဒေသ စသော ငါးပါးတို့တွင်။ရူပဝိဘာဂေါ၊ရုပ်ကိုဝေဘန်ကြောင်းဖြစ်သောနည်းတည်း။

**၃-ရူပသမုဋ္ဌာန နယ**

**ရုပ်ကိုဖြစ်စေတတ်သော တရား ၄-ပါး**

၂၉။ကမ္မဥ္စ၊ကာမကုသိုလ်,အကုသိုလ်,ရူပကုသိုလ်ကံ နှစ်ဆယ့်ငါးခုလည်းကောင်း။ စိတ္တဥ္စ၊အရူပဝိပါက်လေးခု,ဒွေပဉ္စဝိညာဏ်တစ်ဆယ်,ရဟန္တာတို့၏ စုတိသည်ကြဉ်အပ်သော ခုနှစ်ဆယ့်ငါးပါးသောစိတ်လည်းကောင်း။ဥတု စ၊ဥတုလည်းကောင်း။အာဟာရော စ၊အာ ဟာရလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရိ၊လေးပါးကုန်သော အကြောင်းတို့သည်။ရူပသမုဋ္ဌာနာနိ နာမ၊ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတို့မည်ကုန်၏။

**ကမ္မဇရုပ်ကိုဖြစ်စေသောကံ ၂၅-ပါး**

၃၀။တတ္ထ၊ထိုလေးပါးသောအကြောင်းတို့တွင်။ကာမာဝစရဥ္စ၊ကာမာဝစရ ကု

http://www.dhammadownload.com

သိုလ် အကုသိုလ်ကံ နှစ်ဆယ်လည်းကောင်း။ရူပါဝစရဋ္ဌ၊ရူပါဝစရ ကုသိုလ်ကံ ငါးခုလည်းကောင်း။ဣတိ၊ဤသို့။ပဉ္စဝီသတိ ဝိဓမ္ပိ၊နှစ်ဆယ့်ငါးပါး အပြားရှိသည်လည်းဖြစ်သော။ကုသလာ ကုသလကမ္မံ၊ကုသိုလ် အကုသိုလ်ကံသည်။အဇ္ဈတ္တိကသန္တာနေ၊အဇ္ဈတ္တိကသန္တာန်၌။အဘိသင်္ခတံ၊ပြုပြင်အပ်သော။ကမ္မသမုဋ္ဌာနရူပံ၊ကံလျှင်ဖြစ်ကြောင်းရှိသောရုပ်ကို။(ဝါ) ကံကြောင့်ဖြစ်သောရုပ်(ကမ္မဇရုပ်)ကို။ပဋိသန္ဓိံ၊ပဋိသန္ဓေစိတ်၏ဥပါဒ်ကို။ဥပါဒါယ၊အစပြု၍။ခဏေ ခဏေ၊ခဏတိုင်း ခဏတိုင်း။(ဝါ)တစ်ခုသော တစ်ခုသောစိတ်၏ သုံးပါးသုံးပါးသော ခဏ၌။သမုဋ္ဌာပေတိ၊ဖြစ်စေ၏။

## စိတ္တဇရုပ်ကို ဖြစ်စေသောစိတ် ၇၅-ပါး

၃၁။အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ၊အရူပဝိပါက်လေးခု,ဒွေပဉ္စဝိညာဏ် တစ်ဆယ်,ရဟန္တာတို့၏စုတိစိတ်သည် ကြဉ်အပ်သော။ပဉ္စသတ္တတိ ဝိဓမ္ပိ၊ခုနှစ်ဆယ့်ငါးပါး အပြားရှိသည်လည်းဖြစ်သော။စိတ္တံ၊စိတ်သည်။စိတ္တသမုဋ္ဌာနရူပံ၊စိတ်လျှင်ဖြစ်ကြောင်းရှိသောရုပ်ကို။(ဝါ)စိတ်ကြောင့်ဖြစ်သောရုပ် (စိတ္တဇရုပ်)ကို။ပဌမဘဝင်္ဂံ၊ပဌမဘဝင်ကို။ဥပါဒါယ၊အစပြု၍။ဇာယန္တမေဝ၊ဥပါဒ်ဆဲဖြစ်၍သာလျှင်။အဇ္ဈတ္တိကသန္တာနေ၊အဇ္ဈတ္တိကသန္တာန်၌။သမုဋ္ဌာပေတိ၊ဖြစ်စေ၏။

## ဣရိယာပုတ်ကိုလည်း ခိုင်စေသောစိတ် ၂၆-ပါး

၃၂။တတ္ထ၊ထိုခုနှစ်ဆယ့်ငါးပါးသော စိတ်တို့တွင်။အပ္ပနာ ဇဝနံ၊အပ္ပနာဇော ဆဗ္ဗီသသည်။ဣရိယာပထမ္ပိ၊ဣရိယာပုတ်ကိုလည်း။(ဝါ)သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်း ဣရိယာပုတ်ကိုလည်း။သန္ဓာမေတိ၊ခိုင်စေ၏။

## သတ္တဝါများနေ့စဉ် သွားလာလှုပ်ရှားနိုင်ရန်နှင့် စကားပြောဆိုနိုင်ရန်ဖြစ်စေနိုင်သော စိတ် (ဝိညတ်ကိုလည်း ဖြစ်စေသောစိတ် ၃၁-ပါး)

၃၃။ဝေါဋ္ဌဗ္ဗန ကာမာဝစရ ဇဝနာဘိညာ ပန၊ဝုဋ္ဌော,ကာမဇော တစ်ခုယုတ်သုံးဆယ်,အဘိညာဏ်ဒွေတို့သည်ကား။ဝိညတ္တိမ္ပိ၊ကာယဝိညတ်,ဝစီဝိညတ်ကိုလည်း။သမုဋ္ဌာပေန္တိ၊ဖြစ်စေတတ်ကုန်၏။

## ရယ်ရွှင်မှုကိုလည်း ဖြစ်စေသောစိတ် ၁၃-ပါး

၃၄။ပန၊အထူးကိုဆိုအံ့။တွေ၊ဤဝိညတ်ကိုဖြစ်စေတတ်သော ဝုဋ္ဌော,ကာမဇော တစ်ခုယုတ်သုံးဆယ်,အဘိညာဏ်ဒွေတို့တွင်။တေရသ၊တစ်ဆယ့်သုံးပါးကုန်သော။သောမနဿဇဝနာနိ၊သောမနဿသဟဂုတ်ဇောတို့သည်။ဟသနမ္ပိ၊ရယ်ရွှင်မှုကိုလည်း။ဇနေန္တိ၊ဖြစ်စေတတ်ကုန်၏။

## ရုပ်ကိုဖြစ်စေသော ဥတု (တေဇောဓာတ်)

၃၅။သီတုဏှောတု သမညာတာ၊သီတဥတု,ဥဏှဥတုဟု ဆိုအပ်သော။တေ

http://www.dhammadownload.com


ဇောဓာတု၊တေဇောဓာတ်သည်။ဌိတိပ္ပတ္တာဝ၊ (ရုပ်၏) ဌီသို့ရောက်သည်ဖြစ်၍သာလျှင်။ ဥတုသမုဋ္ဌာနရူပံ၊ဥတုလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကို။(ဝါ)ဥတုကြောင့်ဖြစ်သော ရုပ်ကို။ အဇ္ဈတ္တဥ္စ၊အဇ္ဈတ္တသန္တာန်၌လည်းကောင်း။ဗဟိဒ္ဓါ စ၊ဗဟိဒ္ဓသန္တာန်၌လည်းကောင်း။ယထာ ရဟံ၊ထိုက်သည်အားလျော်စွာ။သမုဋ္ဌာပေတိ၊ဖြစ်စေ၏။

**အာဟာရဇရုပ်ဖြစ်ပုံ**

၃၆။ဩဇာသင်္ခါတော၊ဩဇာဟုဆိုအပ်သော။အာဟာရော၊အာဟာရသည်။အာဟာရသမုဋ္ဌာနရူပံ၊အာဟာရလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကို။(ဝါ)အာဟာရကြောင့်ဖြစ်သော ရုပ်ကို။အဇ္ဈောဟရဏကာလေ၊မျိုသော ကာလ၌။ဌာနပတ္တော၊ (ရုပ်၏)ဌီသို့ရောက်သည် ဖြစ်၍သာလျှင်။အဇ္ဈတ္တိကသန္တာနေ၊အဇ္ဈတ္တိက သန္တာန်၌။သမုဋ္ဌာပေတိ၊ဖြစ်စေ၏။

**ကမ္မဇရုပ် ဇောန် ၉-ပါး**

၃၇။တတ္ထ၊ထိုရုပ်အပေါင်းတို့တွင်။ဟဒယ ဣန္ဒြိယရူပါနိ၊ဟဒယရုပ်,ဣန္ဒြိယရုပ် ရှစ်ပါးတို့သည်။ကမ္မဇာနေဝ၊ကံကြောင့်သာလျှင် ဖြစ်ကုန်၏။

**စိတ္တဇရုပ် ဇောန် ၂-ပါး**

၃၈။ဝိညတ္တိဒွယံ၊ဝိညတ်ဒွေသည်။စိတ္တဇမေဝ၊စိတ်ကြောင့်သာလျှင် ဖြစ်၏။

**ဒွိဇရုပ်**

၃၉။သဒ္ဒေါ၊သဒ္ဒရုပ်သည်။စိတ္တောတုဇော၊စိတ်,ဥတုကြောင့် ဖြစ်၏။

**တိဇရုပ်**

၄၀။လဟုတာဒိတ္တယံ၊လဟုတာ အစရှိသောရုပ်သုံးခုတို့၏အပေါင်းသည်။ဥတု စိတ္တာဟာရေဟိ၊ဥတု,စိတ်,အာဟာရတို့ကြောင့်။သမ္ဘောတိ၊ဖြစ်၏။

**စတုဇရုပ် ၉-ပါး**

၄၁။အဝိနိဗ္ဘောဂရူပါနိ စေဝ၊အဝိနိဗ္ဘောဂရုပ် ရှစ်ခုတို့သည်လည်းကောင်း။ အာကာသဓာတု စ၊အာကာသဓာတ်သည်လည်းကောင်း။စတူဟိ၊လေးပါးကုန်သော အ ကြောင်းတို့ကြောင့်။သမ္ဘူတာနိ၊ဖြစ်ကုန်၏။

**နကုတောစိရုပ် ၄-ပါး**

၄၂။လက္ခဏရူပါနိ၊လက္ခဏရုပ် လေးခုတို့သည်။ကုတောစိ၊တစ်စုံတစ်ခုသော အကြောင်းတို့ကြောင့်။န ဇာယန္တိ၊မဖြစ်ကုန်။

**ကမ္မဇရုပ် စသည်ပြ သင်္ဂဟဂါထာများ**

၄၃။ကမ္မစိတ္တောတုကာဟာရဇာနိ၊ကမ္မဇရုပ်,စိတ္တဇရုပ်,ဥတုဇရုပ်,အာဟာရဇရုပ် တို့သည်။ယထာက္ကမံ၊အစဉ်အတိုင်း။အဋ္ဌာရသာတိ စ၊တစ်ဆယ့်ရှစ်ပါး အပြားရှိကုန်သည် လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ပန္နရသာတိ စ၊တစ်ဆယ့်ငါးပါး အပြားရှိကုန်သည်လည်း။ဟောန္တိ၊

http://www.dhammadownload.com


ဖြစ်ကုန်၏။တေရသာတိ စ၊တစ်ဆယ့်သုံးပါး အပြားရှိကုန်သည်လည်း၊ဟောန္တိ၊ဖြစ်ကုန်၏။ ဒွါဒသာတိ စ၊တစ်ဆယ့်နှစ်ပါး အပြားရှိကုန်သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။

## နကုတောစိရုပ် မည်ခြင်းအကြောင်း

၄၄။ကေဝလံ၊သက်သက်။ဇာယမာနာဒိ ရူပါနံ၊ဖြစ်ဆဲ အစရှိကုန်သော နိပ္ဖန္နရုပ်တို့၏။သဘာဝတ္တာဟိ=သဘာဝတ္တာ ဝေ၊သဘော၏ အဖြစ်ကြောင့်သာလျှင်။လက္ခဏာနိ၊ လက္ခဏာရုပ်လေးခုတို့သည် (အမှတ်အသားအဖြစ်သာ ဖြစ်ကြသည်) ကေဟိစိ၊တစ်စုံတစ်ခု သော အကြောင်းတို့ကြောင့်။န ဇာယန္တိ၊မဖြစ်ကုန်။ဣတိ၊ဤသို့။ပကာသိတံ၊ပြအပ်၏။

အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤရူပသင်္ဂဟ၌။(ဝါ) ဤရူပသမုဒ္ဒေသ စသော ငါးပါးတို့တွင်။ရူပသမုဋ္ဌာန နယော၊ရူပသမုဋ္ဌာန်ကို ဆိုကြောင်းဖြစ်သော နည်းတည်း

## ၄-ရူပကလာပ

## ရုပ်ကလာပ် လက္ခဏာ ၄-ပါး

၄၅။ဧကုပ္ပါဒါ၊တကွ ဖြစ်ခြင်းရှိကုန်သော(ဝါ)တူသောဖြစ်ခြင်းရှိကုန်သော။ဧကနိရောဓာ၊တကွချုပ်ခြင်းရှိကုန်သော။(ဝါ)တူသောချုပ်ခြင်းရှိကုန်သော။ဧကနိဿယာ၊တူသော မှီရာရှိကုန်သော။သဟဝုတ္တိနော၊တကွဖြစ်ခြင်းရှိကုန်သော။(ဝါ)အသီးအသီး ကလာပ်၌ တည်သော ရုပ်၏အစွမ်းဖြင့် တကွဖြစ်ကုန်သော(အတူဖြစ်နေနိုင်သည့်သဘာဝရှိကုန်သော) ဧကဝီသတိ၊နှစ်ဆယ့်တစ်ပါးသော ရုပ်အစုအပေါင်းတို့သည်။ရူပကလာပါ နာမ၊ရုပ်ကလာပ် တို့မည်ကုန်၏။

## ကမ္မဇကလာပ် ၉-စည်း

## စက္ခုဒသက ကလာပ်

၄၆။တတ္ထ၊ထိုနှစ်ဆယ့်တစ်ပါးသော ရုပ်ကလာပ်တို့တွင်။ဇီဝိတဥ္စ၊ဇီဝိတရုပ်ကို လည်းကောင်း။အဝိနိဗ္ဘောဂရူပဥ္စ၊အဝိနိဗ္ဘောဂရုပ် ရှစ်ခုကိုလည်းကောင်း။စက္ခုနာ၊စက္ခု ပသာဒနှင့်။သဟ၊တကွ။စက္ခုဒသကန္တိ၊စက္ခုဒသကဟူ၍။(ဝါ)စက္ခုဖြင့်မှတ်အပ်သော ရုပ် ဆယ်ခုအပေါင်းဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

## သောတဒသက ကလာပ်စသည်

တထာ၊ထို့အတူ။သောတာဒီဟိ၊သောတပသာဒ အစရှိသည်တို့နှင့်။(ဝါ)သောတ ပသာဒ,ဃာနပသာဒ,ဇိဝှါပသာဒ,ကာယပသာဒ,ဣတ္ထိဘော,ပုမ္ဘော,ဟဒယဝတ္ထုတို့နှင့်။ သဒ္ဓိံ၊တကွ။သောတဒသကန္တိ စ၊သောတဒသကဟူ၍ လည်းကောင်း။(ဝါ)သောတဖြင့်မှတ် အပ်သော ရုပ်ဆယ်ခု အပေါင်းဟူ၍လည်းကောင်း။ဃာနဒသကန္တိ စ၊ဃာနဒသကဟူ၍ လည်းကောင်း။(ဝါ)ဃာနဖြင့်မှတ်အပ်သော ရုပ်ဆယ်ခုအပေါင်းဟူ၍လည်းကောင်း။ဇိဝှါ ဒသကန္တိ စ၊ဇိဝှါဒသကဟူ၍လည်းကောင်း။(ဝါ)ဇိဝှါဖြင့်မှတ်အပ်သော ရုပ်ဆယ်ခု အပေါင်း

http://www.dhammadownload.com


ဟူ၍လည်းကောင်း။ကာယဒသကန္တိ စ၊ကာယဒသကဟူ၍လည်းကောင်း။(ဝါ)ကာယဖြင့်မှတ်အပ်သော ရုပ်ဆယ်ခု အပေါင်းဟူ၍လည်းကောင်း။ဣတ္ထိဘာဝဒသကန္တိ စ၊ဣတ္ထိဘာဝဒသကဟူ၍လည်းကောင်း။(ဝါ)ဣတ္ထိဘောဖြင့်မှတ်အပ်သော ရုပ်ဆယ်ခု အပေါင်းဟူ၍လည်းကောင်း။ပုမ္ဘာဝဒသကန္တိ စ၊ပုမ္ဘာဝဒသကဟူ၍လည်းကောင်း။(ဝါ)ပုမ္ဘောဖြင့် မှတ်အပ်သော ရုပ်ဆယ်ခု အပေါင်းဟူ၍လည်းကောင်း။ဝတ္ထုဒသကန္တိ စ၊ဝတ္ထုဒသကဟူ၍လည်းကောင်း။(ဝါ)ဟဒယဝတ္ထုဖြင့်မှတ်အပ်သော ရုပ်ဆယ်ခု အပေါင်းဟူ၍လည်းကောင်း။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။ဣတိ၊ဤသို့။ယထာက္ကမံ၊အစဉ်အတိုင်း။ယောဇေတဗ္ဗံ၊ယှဉ်အပ်၏။

## ဇီဝိတနဝက ကလာပ်

အဝိနိဗ္ဘောဂရူပမေဝ၊အဝိနိဗ္ဘောဂရုပ် ရှစ်ခုကိုပင်လျှင်။ဇီဝိတေန၊ဇီဝိတိန္ဒြေနှင့်။သဟ၊တကွ။ဇီဝိတနဝကန္တိ၊ဇီဝိတနဝက ကလာပ်ဟူ၍။(ဝါ)ဇီဝိတဖြင့်မှတ်အပ်သော ရုပ်ကိုးခု အပေါင်းဟူ၍။ပဝုစ္စတိ၊အပြားဖြင့် မိန့်အပ်၏။

ဣတိ၊ဤသို့။နဝ၊ကိုးပါးကုန်သော။ဣမေ ရူပ ကလာပါ၊ဤရုပ်ကလာပ်တို့သည်။ကမ္မသမုဋ္ဌာန ကလာပါ၊ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့မည်ကုန်၏။(ဝါ)ကံလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကလာပ်တို့မည်ကုန်၏။

## စိတ္တဇကလာပ် ၆-စည်း

### သုဒ္ဓဋ္ဌက ကလာပ်

၄၇။ပန၊ကမ္မဇကလာပ်မှတစ်ပါး စိတ္တဇကလာပ်ကိုဆိုအံ့။အဝိနိဗ္ဘောဂရူပံ၊အဝိနိဗ္ဘောဂရုပ် ရှစ်ခုသည်။သုဒ္ဓဋ္ဌကံ၊သက်သက်သော အဋ္ဌကလာပ်မည်သည်။ဟောတိ၊ဖြစ်၏။

### ကာယဝိညတ္တိ နဝက ကလာပ်

တဒေဝ၊ထိုသုဒ္ဓဋ္ဌက ကလာပ်သည်ပင်လျှင်။ကာယဝိညတ္တိယာ၊ကာယဝိညတ်နှင့်။သဟ၊တကွ။ကာယဝိညတ္တိနဝကဉ္စ၊ကာယဝိညတ္တိနဝက ကလာပ်မည်သည်လည်း။ဟောတိ၊ဖြစ်၏။

### ဝစီဝိညတ္တိ ဒသက ကလာပ်

ဝစီဝိညတ္တိသဒ္ဒေဟိ၊ဝစီဝိညတ်,သဒ္ဒတို့နှင့်။သဟ၊တကွ။ဝစီဝိညတ္တိဒသကဉ္စ၊ဝစီဝိညတ္တိဒသက ကလာပ်မည်သည်လည်း။ဟောတိ၊ဖြစ်၏။

### လဟုတာဒေကာဒသက ကလာပ်

လဟုတာဒီဟိ၊လဟုတာ အစရှိသည်တို့နှင့်။သဒ္ဓိံ၊တကွ။လဟုတာဒေကာ ဒသကဉ္စ၊လဟုတာဒိဧကာဒသက ကလာပ်မည်သည်လည်း။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com


## ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်

(ကာယဝိညတ္တိနဝကကလာပ်နှင့်လဟုတာဒိတို့ အပေါင်းသည်)ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကဥ၊ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကကလာပ်မည်သည်လည်း။ဟောတိ၊ဖြစ်၏။

## ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်

(ဝစီဝိညတ္တိဒသကကလာပ်နှင့် လဟုတာဒိတို့အပေါင်းသည်)ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသကဥ၊ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလပ်မည်သည်လည်း။ဟောတိ၊ဖြစ်၏။

## ဥတုဇ ကလာပ် ၄-ပါး

၄၈။သုဒ္ဓဋ္ဌကဥ၊သုဒ္ဓဋ္ဌက ကလာပ်လည်းကောင်း။သဒ္ဒနဝကဥ၊သဒ္ဒနဝက ကလာပ်လည်းကောင်း။လဟုတာဒေကာဒသကဥ၊လဟုတာဒိ ဧကာဒသက ကလာပ်လည်းကောင်း။သဒ္ဒလဟုတာဒိဒွါဒသကဥ၊သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်လည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးကုန်သော။ဣမေ ရူပ ကလာပါ၊ဤရုပ်ကလာပ်တို့သည်။ဥတုသမုဋ္ဌာန ကလာပါ၊ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့မည်ကုန်၏။(ဝါ)ဥတုလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကလာပ်တို့မည်ကုန်၏။

## အာဟာရဇကလာပ် ၂-စည်း

၄၉။သုဒ္ဓဋ္ဌကဥ၊သုဒ္ဓဋ္ဌက ကလာပ်လည်းကောင်း။လဟုတာဒေကာဒသကဥ၊လဟုတာဒိ ဧကာဒသက ကလာပ်လည်းကောင်း။ဣတိ၊ဤသို့။ဒွေ၊နှစ်ပါးကုန်သော။ဣမေ ရူပ ကလာပါ၊ဤရုပ်ကလာပ်တို့သည်။အာဟာရသမုဋ္ဌာန ကလာပါ၊အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့မည်ကုန်၏။(ဝါ)အာဟာရလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကလာပ်တို့မည်ကုန်၏။

## အဇ္ဈတ္တ ဗဟိဒ္ဓ ကလာပ်ခွဲပုံ
## ဗဟိဒ္ဓ ရုပ်ကလာပ် ၂-ပါး

၅၀။တတ္ထ၊ထိုနှစ်ဆယ့်တစ်ပါးသော ရုပ်ကလာပ်တို့တွင်။သုဒ္ဓဋ္ဌကဥ၊သုဒ္ဓဋ္ဌက ကလာပ်လည်းကောင်း။သဒ္ဒနဝကဥ၊သဒ္ဒနဝက ကလာပ်လည်းကောင်း။ဣတိ၊ဤသို့။ဒွေ၊နှစ်ပါးကုန်သော။ဥတုသမုဋ္ဌာန ကလာပါ၊ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ကို။ဗဟိဒ္ဓါပိ၊အပသန္တာန်၌လည်း။လဗ္ဘန္တိ၊ရအပ်ကုန်၏။

## အဇ္ဈတ္တိကဥ်သာဖြစ်သော ရုပ်ကလာပ် ၁၉-ပါး

ပန၊ဆက်ဆံသည်မှတစ်ပါး မဆက်ဆံသည်ကိုဆိုအံ့။အဝသေသာ၊နှစ်ပါးသော ဥတုသမုဋ္ဌာနိကရုပ်မှ ကြွင်းကုန်သော။သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ကေဝလ ဝီသတိ

http://www.dhammadownload.com



ရူပ ကလာပါ၊တစ်ခုယုတ်နှစ်ဆယ်သော ရုပ်ကလာပ်တို့ကို။အဇ္ဈတ္တိကမေဝ၊အဇ္ဈတ္တိက သန္တာန်၌သာလျှင်။လဗ္ဘန္တိ၊ရအပ်ကုန်၏။

## ကမ္မဇကလာပ် စသည်ပြ သင်္ဂဟဂါထာများ

## ရုပ်ကလာပ် ၂၁-စည်း

၅၁။ကမ္မ စိတ္တောတုကာဟာရ သမုဋ္ဌာနာ၊ကံကြောင့်ဖြစ်သောရုပ်ကလာပ်,စိတ်ကြောင့်ဖြစ်သောရုပ်ကလာပ်,ဥတုကြောင့်ဖြစ်သောရုပ်ကလာပ်,အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ယထာက္ကမံ၊အစဉ်အတိုင်း။နဝ စ၊ကိုးပါး အပြားရှိသည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ဆ စ၊ခြောက်ပါး အပြားရှိကုန်သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။စတုရော စ၊လေးပါး အပြားရှိကုန်သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ဒွေ စ၊နှစ်ပါး အပြားရှိကုန်သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။ကလာပါ၊ကလာပ်တို့သည်။ဧကဝီသတိ၊နှစ်ဆယ့်တစ်ပါး အပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။

## ကလာပ်မထိုက်သော ရုပ် ၅-ပါး

အာကာသဉ္စ၊အာကာသဓာတ်ကိုလည်းကောင်း။လက္ခဏာနိ စ၊လက္ခဏာရုပ် လေးခုတို့ကိုလည်းကောင်း။အာကာသ လက္ခဏာနံ၊အာကာသဓာတ်,လက္ခဏာရုပ် လေးခုတို့၏။ကလာပါနံ၊ကလာပ်တို့ကို။ပရိစ္ဆေဒ လက္ခဏတ္တာ၊ပိုင်းခြားကြောင်း,မှတ်ကြောင်း၏အဖြစ်ကြောင့်။ကလာပင်္ဂံ ဣတိ၊ကလာပ်၏ အင်္ဂါဟူ၍။ဝိစက္ခဏာ၊ပညာရှိတို့သည်။န အာဟု၊မဆိုကုန်။

အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤရူပသင်္ဂဟ၌။(ဝါ)ရူပသမုဒ္ဒေသစသော ငါးပါးတို့တွင်။ကလာပ ယောဇနာ၊ကလာပ်ကိုယှဉ်ကြောင်းဖြစ်သော နည်းတည်း။

## ၅-ရူပ ပဝတ္တိက္ကမ (ရုပ်ဖြစ်စဉ်)

## ကာမဘုံ၌ ရုပ်ဖြစ်စဉ်

၅၂။ပန၊ရူပကလာပမှတစ်ပါး ရူပ ပဝတ္တိက္ကမကိုဆိုအံ့။သဗ္ဗာနိပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဧတာနိ ရူပါနိ၊ထိုရုပ်တို့ကို။ကာမလောကေ၊ကာမဘုံ၌။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ပဝတ္တိယံ၊ပဝတ္တိအခါ၌။အနူနာနိ၊မယုတ်ကုန်သည်ဖြစ်၍။ဥပလဗ္ဘန္တိ၊ရအပ်ကုန်၏။

## သံသေဒဇနှင့် ဩပပါတိကသတ္တဝါတို့၌ ရုပ်ကလာပ်ဖြစ်ပုံ

## အလွန်ဆုံး ကလာပ် ၇-စည်း

၅၃။ပန၊ပဝတ္တိမှတစ်ပါး ပဋိသန္ဓေကိုဆိုအံ့။ပဋိသန္ဓိယံ၊ပဋိသန္ဓေအခါ၌။သံသေဒဇာနဉ္စ၊အညှိ၌ဖြစ်ကုန်သော ပိုးလောက် အစရှိသောသတ္တဝါတို့အားလည်းကောင်း။ဩပပါတိကာနဉ္စ၊ကိုယ်ထင်ရှားဖြစ်သော စတုမဟာရာဇ် တာဝတိံသာအစရှိသောသတ္တဝါ

http://www.dhammadownload.com



တို့အားလည်းကောင်း။ဥက္ကဋ္ဌဝသေန၊အလွန်၏အစွမ်းဖြင့်။စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝဝတ္ထုဒသက သင်္ခါတာနိ၊စက္ခုဒသက,သောတဒသက,ဃာနဒသက,ဇိဝှါဒသက, ကာယဒသက,ဣတ္ထိဘာဝဒသက,ပုမ္ဘာဝဒသက,ဝတ္ထုဒသကဟု ဆိုအပ်ကုန်သော။သတ္တဒသကာနိ၊ခုနှစ်ပါးသော ဒသကတို့သည်။ပါတုဘဝန္တိ၊ထင်ရှားဖြစ်ကုန်၏။(ဝါ)တစ်ပြိုင်နက်ဖြစ်ကုန်၏။

## ရံခါမရအပ်သော ကလာပ် ၄-စည်း

ဩမကဝသေန ပန၊အယုတ်၏အစွမ်းဖြင့်ကား။စက္ခု သောတ ဃာန ဘာဝဒသကာနိ၊စက္ခုဒသက,သောတဒသက,ဃာနဒသက,ဣတ္ထိဘာဝဒသက,ပုမ္ဘာဝဒသကတို့ကို။ကဒါစိ ပိ၊ရံခါလည်း။န လဗ္ဘန္တိ၊မရအပ်ကုန်။တသ္မာ၊ထို့ကြောင့်။တေသံ၊ထိုစက္ခု,သောတ,ဃာန, ဘာဝဒသကတို့၏။ဝသေန၊အစွမ်းဖြင့်။ကာလပဟာနိ၊ကလာပ်၏ ယုတ်ခြင်းကို။ဝေဒိတဗ္ဗာ၊ သိအပ်၏။

## ဂဗ္ဘသေယျက ပုဂ္ဂိုလ်အားဖြစ်သော ရုပ်ကလာပ် ၃-စည်း

၅၄။သံသေဒဇ,ဩပပါတိက ပဋိသန္ဓေမှတစ်ပါး ဂဗ္ဘသေယျက ပဋိသန္ဓေကိုဆိုအံ့ ဂဗ္ဘသေယျက သတ္တာနံ၊အမိဝမ်းတွင်၌ ကိန်းကုန်သော သတ္တဝါတို့အား။ကာယဘာဝဝတ္ထုဒသက သင်္ခါတာနိ၊ကာယဒသက,ဣတ္ထိဘာဝဒသက,ပုမ္ဘာဝဒသက,ဝတ္ထုဒသကဟု ဆိုအပ်ကုန်သော။တီဏိ ဒသကာနိ၊ (ကာယဒသက,ဝတ္ထုဒသက,ဘာဝဒသက)သုံးပါးသော ဒသကတို့သည်။ပါတုဘဝန္တိ၊ထင်ရှား ဖြစ်ကုန်၏။

## ရံခါ၌ ဘာဝဒသက မရခြင်း

တတ္ထာပိ၊ထိုသုံးပါးသော ဒသကတို့တွင်လည်း။ဘာဝဒသကံ၊ဘာဝဒသကကို။ ကဒါစိ၊ရံခါ။န လဗ္ဘတိ၊မရအပ်။

တတော၊ထိုပဋိသန္ဓေ အခါမှ။ပရံ၊နောက်၌။ပဝတ္တိကာလေ၊ပဝတ္တိကာလ၌။ ကမေန၊အစဉ်အားဖြင့်။စက္ခုဒသကာဒီနိ စ၊စက္ခုဒသက အစရှိသည်တို့သည်လည်းကောင်း။ (ဝါ)စက္ခုဒသက,သောတဒသက,ဃာနဒသက,ဇိဝှါဒသကတို့သည်လည်း။ပါတုဘဝန္တိ၊ထင် ရှား ဖြစ်ကုန်၏။

## ရုပ်လေးပါးတို့ ဖြစ်ပေါ်ပုံ ရှေ့နောက်အစီအစဉ်

၅၅။ဣစ္စေဝံ=ဣတိ ဧဝံ ယထာဝုတ္တနယေန၊ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီး သောနည်းဖြင့်။ပဋိသန္ဓိံ၊ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို။ဥပါဒါယ၊အစပြု၍။ကမ္မသမုဋ္ဌာနာ၊ကံ ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ပဝတ္တန္တိ၊ (ရှေ့ဦးစွာ)ဖြစ်ကုန်၏။

ဒုတိယစိတ္တံ၊ (ပဋိသန္ဓေနောင်)ပဌမဘဝင်စိတ်ကို။ဥပါဒါယ၊အစပြု၍။စိတ္တသမုဋ္ဌာနာ၊စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ပဝတ္တန္တိ၊ (ကမ္မဇရုပ်,ဥတုဇရုပ်တို့နောက်

http://www.dhammadownload.com



ဆက်၍)ဖြစ်ကုန်၏။

ဌိတိကာလံ၊ပဋိသန္ဓေစိတ်၏ ဌီကာလကို။ဥပါဒါယ၊အစပြု၍။ဥတုသမုဋ္ဌာနာ၊ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ပဝတ္တန္တိ (ကမ္မဇရုပ်၏နောက် ဒုတိယအားဖြင့်)ဖြစ်ကုန်၏။ဩဇာဖရဏံ၊ဩဇာ၏ နှံ့သောကာလကို။ဥပါဒါယ၊အစပြု၍။အာဟာရသမုဋ္ဌာနာ စ၊အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ပဝတ္တန္တိ၊ဖြစ်ကုန်၏။

က္ကတိ၊ဤသို့။စတုသမုဋ္ဌာန ရူပ ကလာပ သန္တတိ၊လေးပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်ကလာပ်တို့၏အစဉ်သည်။ကာမလောကေ၊ကာမဘုံ၌။ဒီပဇာလာ ဝိယ စ၊ဆီမီးလျှံကဲ့သို့လည်းကောင်း။နဒီသောတော ဝိယစ၊မြစ်ရေအယဉ်ကဲ့သို့လည်းကောင်း။ယာဝတာယုကံ၊အသက်ရှည်သော ကာလပတ်လုံး။အဗ္ဗောစ္ဆိန္နာ၊မပြတ်။ပဝတ္တိ၊ဖြစ်၏။

## ရုပ် ၄-ပါး နောက်ဆုံးချုပ်ပုံ

## ကမ္မဇရုပ် မဖြစ်ပေါ်သော အချိန်

၅၆။ပန၊ဖြစ်သည်မှတစ်ပါး မဖြစ်သည်ကိုဆိုအံ့။မရဏကာလေ၊သေခါနီး ကာလ၌။စုတိစိတ္တော ပရိသတ္တရသမစိတ္တဿ၊စုတိစိတ် ၏အထက်၌ရှိသော တစ်ဆယ့်ခုနှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သောစိတ်၏ (စုတိစိတ်မှ ပြန် ၍ရေသည်ရှိသော် တစ်ဆယ့်ခုနှစ်ချက်မြောက်သောစိတ်၏။)ဌိတိကာလံ၊ဌီကာလကို။ဥပါဒါ ယ၊အစပြု၍။ကမ္မဇ ရူပါနိ၊ကမ္မဇရုပ်တို့သည်။န ဥပ္ပဇ္ဇန္တိ၊မဖြစ်ကုန်။

## ကမ္မဇရုပ် ချုပ်ခြင်း

ပုရေတရံ၊စုတိစိတ်၏ အထက်၌ရှိသောစိတ်၏ ဥပ္ပါဒက္ခဏ၌။ (ဝါ)စုတိစိတ်မှပြန် ၍ရေသည်ရှိသော် တစ်ဆယ့်ခုနှစ်မြောက်သော စိတ်၏ ဥပ္ပါဒက္ခဏ၌။ဥပ္ပန္နာနိ၊ဖြစ်ကုန်သော။ကမ္မဇရူပါနိ၊ကမ္မရုပ်တို့သည်။စုတိစိတ္တသမကာလမေဝ၊စုတိစိတ်နှင့်မျှသော ကာလပတ်လုံးသာလျှင်။ပဝတ္တိတွာ၊ဖြစ်၍။နိရုဇ္ဈန္တိ၊ချုပ်ကုန်၏။

## စိတ္တဇ,အာဟာရဇရုပ် ချုပ်ခြင်း

တတော၊ထိုကမ္မဇရုပ် ချုပ်သည်မှ။ပရံ၊နောက်၌။စိတ္တဇာဟာရဇရူပဉ္စ၊စိတ္တဇရုပ်, အာဟာရဇရုပ်သည်လည်း။ဝေါစ္ဆိဇ္ဇတိ၊ပြတ်၏။

## အကောင်းပုပ် ဖြစ်သည့်တိုင် ဥတုဇရုပ် ဆက်၍ဖြစ်ခြင်း

တတော၊ထိုစိတ္တဇရုပ်,အာဟာရဇရုပ် ပြတ်သည်မှ။ပရံ၊နောက်၌။ဥတုသမုဋ္ဌာန ရူပပရမ္ပရာ၊ဥတုလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကလာပ် အဆက်ဆက်တို့သည်။ယာဝ မတ *ကဠေဝရ* သင်္ခါတာ၊သေ၍ အကောင်ပုပ်ဖြစ်သည်ဟု ဆိုအပ်သည်တိုင်အောင်။ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

http://www.dhammadownload.com



## စတုသမုဋ္ဌာနိကရုပ် ဖြစ်ပုံ သင်္ဂဟဂါထာ

၅၇။ကမ္မစ္စဝံ=ကမ္မတိ ဧဝံ ယထာဝုတ္တနယေန၊ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီး သောနည်းဖြင့်။ကမ္မဟ ဘဝေ၊ဤပစ္စုပ္ပန်ဘဝ၌။ပဋိသန္ဓိ၊ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို။ဥပါဒါယ၊ အစပြု၍။ရူပံ၊စတုသမုဋ္ဌာနာနိက ရုပ်သည်။ပဝတ္တတိ ယထာ၊ဖြစ်သကဲ့သို့။တထာ၊ထိုအတူ။ မတသတ္တာနံ၊သေကုန်သော သတ္တဝါတို့အား။ပုနဒေဝ၊တစ်ဖန်လျှင်။ဘဝန္တရေ၊ဘဝတစ်ပါး၌။ ပဋိသန္ဓိ၊ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို။ဥပါဒါယ၊အစပြု၍။ရူပံ၊စတုသမုဋ္ဌာနာနိက ရုပ်သည်။ ပဝတ္တတိ၊ဖြစ်၏။

## ရူပဘုံ၌ ရုပ်ဖြစ်စဉ်

### ရူပဘုံ၌ မရသော ရုပ်ကလာပ် ၆-ပါး

၅၈။ပန၊ကာမဘုံ၌ဖြစ်သော ရုပ်မှတစ်ပါး ရူပဘုံ၌ဖြစ်သောရုပ်ကိုဆိုအံ့။ရူပလော ကေ၊ရူပဘုံ၌။ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိစ၊ဃာနဒသက,ဇိဝှါဒသက,ကာယဒသက, ကမ္မတ္ထိဘာဝဒသက,ပုမ္ဘာဝဒသကတို့ကိုလည်းကောင်း။အာဟာရဇ ကလာပါနိစ၊အာဟာရ ဇကလာပ်တို့ကိုလည်းကောင်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

### ရူပဘုံ၌ ရသော ကမ္မဇရုပ်ကလာပ် ၄-ပါး

တသ္မာ၊ထို့ကြောင့်။တေသံ၊ထိုရူပပြဟ္မာတို့၏။(ဝါ)ထိုရူပပြဟ္မာတို့သည်။ပဋိသန္ဓိ ကာလေ၊ပဋိသန္ဓေအခါ၌။စက္ခု သောတ ဝတ္ထုဝသေန၊စက္ခုဒသက,သောတဒသက,ဝတ္ထု ဒသကတို့၏ အစွမ်းဖြင့်။တီဏိ ဒသကာနိစ၊သုံးပါးသော ဒသကတို့လည်းကောင်း။ဇီဝိတ နဝကဥ္စ၊ဇီဝိတနဝက ကလာပ်လည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးကုန်သော။ ကမ္မသမုဋ္ဌာန ကလာပါ၊ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။

ပဝတ္တိယံ၊ပဝတ္တိအခါ၌။စိတ္တောတုသမုဋ္ဌာနာစ၊စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်, ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ကိုလည်း။လဗ္ဘန္တိ၊ရအပ်ကုန်၏။

### အသညသတ်ပုဂ္ဂိုလ် မရသော ရုပ်ကလာပ်

၅၉။ပန၊အထူးကို ဆိုအံ့။အသညသတ္တာနံ၊အသညသတ်ပုဂ္ဂိုလ်တို့အား။စက္ခု သောတဝတ္ထု သဒ္ဒါပိ၊စက္ခု,သောတ,ဝတ္ထု,သဒ္ဒတို့ကိုလည်း။န လဗ္ဘန္တိ၊မရအပ်ကုန်။တထာ၊ ထို့အတူ။သဗ္ဗာနိပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။စိတ္တဇ ရူပါနိ၊စိတ္တဇရုပ်တို့ကို။န လဗ္ဘန္တိ၊မရ အပ်ကုန်။

### အသညသတ်ပုဂ္ဂိုလ် ရသော ကမ္မဇရုပ်ကလာပ်

တသ္မာ၊ထို့ကြောင့်။တေသံ၊ထိုအသညသတ်ပြဟ္မာတို့၏။(ဝါ)တို့အား။ပဋိသန္ဓိကာ လေ၊ပဋိသန္ဓေအခါ၌။ဇီဝိတနဝကမေဝ၊ဇီဝိတနဝက ကလာပ်ရုပ်သည်သာလျှင်။ပေါတိ၊ ဖြစ်၏။ ပဝတ္တိယဥ္စ၊ပဝတ္တိအခါ၌လည်း။သဒ္ဒဝဇ္ဇိတံ၊သဒ္ဒသည် ကြဉ်အပ်သော။ဥတုသမုဋ္ဌာန

http://www.dhammadownload.com



ရူပံ၊ဥတုလျှင်ဖြစ်ကြောင်းရှိသော ရုပ်သည်။အတိရိစ္ဆတိ၊ကြွင်း၏။

## ရုပ်ဖြစ်ခြင်း ၂-မျိုး

**၆၀။**ကြွေ္စဝံ-ကြွေတိ ဧဝံ ယထာဝုတ္တနယေန၊ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ကာမ ရူပါ သညီသဉ္ဈီတေသု၊ကာမဘုံ,ရူပဘုံ,အသညသတ်ဘုံဟု ဆိုအပ်ကုန်သော။တီသု၊သုံးပါးကုန်သော။ဌာနေသု၊ဘုံတို့၌။ပဋိသန္ဓိပဝတ္တိဝသေန၊ပဋိသန္ဓေ,ပဝတ္တိတို့၏အစွမ်းဖြင့်။ဒုဝိဓာ၊နှစ်ပါးအပြားရှိသော။ရူပပဝတ္တိ၊ရုပ်၏ဖြစ်ခြင်းကို။ဝေဒိတဗ္ဗာ၊သိအပ်၏။

## ဘုံအလိုက် ရုပ်ဖြစ်ပုံ သင်္ဂဟဂါထာများ

### ကာမဘုံ၌သည်၌ရသော ရုပ်များ

**၆၁။**ကာမေသု၊ကာမတစ်ဆယ့်တစ်ဘုံတို့၌။အဋ္ဌဝီသတိ၊နှစ်ဆယ့်ရှစ်ပါးကုန်သော ရုပ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ရူပီသု၊အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံတို့၌။တေဝီသ၊ (ဃာန,ဇိဝှါ,ကာယ,ဘာဝရုပ် ၂-ပါးကြဉ်)နှစ်ဆယ့်သုံးပါးကုန်သော ရုပ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

အသညီနံ၊အသညသတ် ပုဂ္ဂိုလ်တို့အား။သတ္တရသေဝ၊ (ပသာဒရုပ် ၅-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယဝတ္ထုရုပ်,ဝိညတ်ရုပ် ၂-ပါး၊သဒ္ဒရုပ်ကြဉ်)တစ်ဆယ့်ခုနစ်ပါးသော ရုပ်တို့သည် သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။အရူပေ၊အရူပလေးဘုံ၌။ကိဉ္စိပိ၊တစ်စုံတစ်ခုသော ရုပ်သည်လည်း။နတ္ထိ၊မရှိ။

### ပဋိသန္ဓေအခါ၌ မရသောရုပ်

ဥပပတ္တိယံ၊ပဋိသန္ဓေအခါ၌။သဒ္ဒေါ စ၊သဒ္ဒကိုလည်းကောင်း။ဝိကာရော စ၊ဝိကာရရုပ် ငါးခုကိုလည်းကောင်း။ဇရတာ စ၊ဇရတာကိုလည်းကောင်း။မရဏဉ္စ၊အနိစ္စတာကိုလည်းကောင်း။န လဗ္ဘန္တိ၊မရအပ်ကုန်။

### ပဝတ္တိအခါ ရုပ်အားလုံးရခြင်း

တူ၊မရသည်မှတစ်ပါး ရသည်ကိုဆိုအံ့။ပဝတ္တေ၊ပဝတ္တိအခါ၌။ကိဉ္စိပိ၊တစ်စုံတစ်ခုသော ရုပ်ကိုလည်း။န လဗ္ဘတိ၊မရအပ်သည်ကား။နမဟုတ်။လဗ္ဘတိ ဧဝ၊ရအပ်သည်သာလျှင်တည်း။ အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤရူပသင်္ဂဟအရာ၌။(ဝါ)ရူပသမုဒ္ဒေသ စသော ငါးပါးတို့တွင်။ရူပပဝတ္တိက္ကမော၊ရုပ်၏ဖြစ်စဉ်ကို ဆိုကြောင်းဖြစ်သောနည်းတည်း။

### နိဗ္ဗာန်ကို ပြခြင်း (နိဗ္ဗာန်မည်ပုံ)

**၆၂။**ပန၊ရုပ်မှတစ်ပါး နိဗ္ဗာန်ကိုဆိုအံ့။(ဝါ)စိတ်,စေတသိက်,ရုပ်မှတစ်ပါး နိဗ္ဗာန်ကိုဆိုအံ့။မဂ္ဂဖလာနံ၊မဂ်ဖိုလ်တို့၏။**အာ**ရမ္မဏဘူတံ၊**အာ**ရုံဖြစ်၍ဖြစ်သော။စတုမဂ္ဂဉာဏေန၊လေးပါးသော မဂ်ဉာ**ဏ်ဖြင့်။သစ္ဆိကာတဗ္ဗံ၊မျက်မှောက်**ပြုအပ်သော။လောကုတ္တရ သင်္ခါတံ၊

http://www.dhammadownload.com



လောကုတ္တရာဟု ဆိုအပ်သော။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ဝါနသင်္ခါတာယ၊သတ္တဝါတို့ကို သံသရာဝဋ်၌ ချုပ်တတ် ဖြေးတတ်သည်၏အဖြစ်ကြောင့် ဝါနဟု ဆိုအပ်သော။တဏှာယ၊တဏှာမှ၊နိက္ခန္တတ္တာ၊ထွက်မြောက်သည်၏အဖြစ်ကြောင့်။နိဗ္ဗာနန္တိ၊နိဗ္ဗာန်ဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

## နိဗ္ဗာန် ၂-မျိုး

၆၃။သဘာဝတော၊သဘောအားဖြင့်။(ဝါ)မိမိ၏ ကိစ္စ လက္ခဏာအားဖြင့်။ဧကဝိဓမ္ပိ၊တစ်ခုသောအဖို့ရှိသည်လည်းဖြစ်သော။တဒေတံ=တံ ဧတံ နိဗ္ဗာနံ၊ထိုနိဗ္ဗာန်သည်။သဉပါဒိသေသ နိဗ္ဗာနဓာတု စ၊ခန္ဓာငါးပါးသာလျှင် ကိလေသာတို့မှကြွင်းသည်နှင့် တကွဖြစ်သော သဉပါဒိသေသ နိဗ္ဗာနဓာတ်လည်းကောင်း။အနုပါဒိသေသနိဗ္ဗာနဓာတု စ၊ခန္ဓာငါးပါးသာလျှင် ကိလေသာတို့မှအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်လည်းကောင်း။(ဝါ) ကိလေသာတို့မှကြွင်းသော ခန္ဓာငါးပါးမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်လည်းကောင်း။ ကြတိ၊ဤသို့။ကာရဏပရိယာယေန၊သိစေတတ်သော အကြောင်း၏အမြွက်ဖြင့်။ဒုဝိဓံ၊နှစ်ပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။

## နိဗ္ဗာန် ၃-မျိုး

၆၄။တထာ၊ထိုမှတစ်ပါး။သုညတဥ္စ၊ရာဂ,ဒေါသ,မောဟတို့မှဆိတ်သည်၏ အဖြစ်ကြောင့် သုညတအမည်ရှိသော နိဗ္ဗာန်လည်းကောင်း။အနိမိတ္တဥ္စ၊ရာဂ,ဒေါသ,မောဟတည်းဟူသော အကြောင်းကင်းသည်၏အဖြစ်ကြောင့် အနိမိတ္တအမည်ရှိသော နိဗ္ဗာန်လည်းကောင်း။အပ္ပဏိဟိတဥ္စ၊ရာဂ,ဒေါသ,မောဟတည်းဟူသော တောင့်တခြင်းကင်းသည်၏ အဖြစ်ကြောင့်။အပ္ပဏိဟိတအမည်ရှိသော နိဗ္ဗာန်လည်းကောင်း။ကြတိ၊ဤသို့။အာကာရဘေဒေန၊အခြင်းအရာတို့၏အပြားအားဖြင့်။တိဝိဓံ၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## နိဗ္ဗာန်မည်ပုံ သင်္ဂဟဂါထာများ

၆၅။အစ္စုတံ၊စုတိခြင်းမရှိသော။အစ္စန္တံ၊စုတိဟုဆိုအပ်သော အဆုံးကိုလွန်သော။ အသင်္ခတံ၊ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်သော။အနုတ္တရံ၊မိမိထက်လွန်သော တရားမရှိသော။ပဒံ၊မဂ်,ဖိုလ်တို့၏အာရုံဖြစ်သော တရားကို။နိဗ္ဗာနမီတိ၊နိဗ္ဗာန်ဟူ၍။ဝါနမုတ္တာ၊ဝါနဟုဆိုအပ်သော တဏှာမှလွတ်တော်မူကုန်သော။ မဟေသယော၊မြတ်စွာဘုရားတို့သည်။ဘာသန္တိ၊ဟောတော်မူကုန်၏။

## ပရမတ္ထတရား ၄-ပါး နိဂုံး

ကြတိ ဧဝံ=ယထာဝုတ္တနယေန၊ဤသို့ အကြွင်အကြွင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် စိတ္တံ၊စိတ်လည်းကောင်း။စေတသိကံ၊စေတသိက်လည်းကောင်း။ရူပံ၊ရုပ်လည်းကောင်း။ နိဗ္ဗာနံ၊နိဗ္ဗာန်လည်းကောင်း။ကြစ္စပိ=ကြတိ အပိ၊ဤသို့လည်း။စတုဓာ၀၊လေးပါးအပြားဖြင့်

http://www.dhammadownload.com



သာလျှင်။ပရမတ္ထံ၊ပရမတ္ထတရားကို။တထာဂတာ၊မြတ်စွာဘုရားတို့သည်။ပကာသေန္တိ၊ထင်ရှားပြကုန်၏။

# ရုပ်ပိုင်း ပြီး၏။

# ၇-သမုစ္စည်းပိုင်း

## ပဋိညာဉ်

၁။သလက္ခဏာ၊အာရမ္မဏဝိဇာနန,ဖုသန,ကက္ခဠ,သန္တိ အစရှိသောမိမိတို့၏ ကိစ္စလက္ခဏာနှင့်တကွ ဖြစ်ကုန်သော။ဒွါသတ္တတိဝိဓာ၊ (စိတ်,စေတသိက်,နိပ္ဖန္နရုပ် ၁၈-ပါး, နိဗ္ဗာန်တည်းဟူသော)ခုနှစ်ဆယ့်နှစ်ပါး အပြားရှိကုန်သော။ဝတ္ထုဓမ္မာ၊ (ပရမတ္ထအားဖြင့် ထင်ရှားဖြစ်သော)သဘောတရားတို့ကို။မယာ၊ငါသည်။ဝုတ္တာ၊မိန့်အပ်ကုန်ပြီ။ဒါနိ=ဣဒါနိ၊ ယခုအခါ၌။တေသံ၊ထိုခုနှစ်ဆယ့်နှစ်ပါးကုန်သော သဘောတရားတို့၏။သမုစ္စယံ၊ပေါင်းခြင်းကို။ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။အဟံ၊ငါသည်။ပဝက္ခာမိ၊အပြားအားဖြင့် ဆိုပေအံ့။

## သင်္ဂဟ ၄-ပါး မာတိကာ (သမုစ္စယသင်္ဂဟ ၄-ပါး)

၂။အကုသလသင်္ဂဟော စ၊အကုသလသင်္ဂဟလည်းကောင်း။မိဿကသင်္ဂဟော စ၊မိဿကသင်္ဂဟလည်းကောင်း။ဗောဓိပက္ခိယသင်္ဂဟော စ၊ဗောဓိပက္ခိယသင်္ဂဟလည်းကောင်း။သဗ္ဗသင်္ဂဟော စ၊သဗ္ဗသင်္ဂဟလည်းကောင်း။ဣတိ၊ဤသို့။စတုဗ္ဗိဓာ၊လေးပါးအပြားရှိသော။သမုစ္စယသင်္ဂဟော၊သမုစ္စယသင်္ဂဟကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## ၁-အကုသလသင်္ဂဟ

၃။ကထံ ဝေဒိတဗ္ဗော၊အဘယ်သို့ သိအပ်သနည်းဟူမူကား။အကုသလသင်္ဂဟေ၊ အကုသလသင်္ဂဟ၌။တာဝ၊ရှေးဦးစွာ။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။

## အာသဝ ၄-ပါး

အာသဝါ၊ (သတ္တဝါတို့သန္တာန်၌ ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော)အာသဝတို့သည်။ကာမာသဝေါ၊ကာမာသဝလည်းကောင်း။ဘဝါသဝေါ၊ဘဝါသဝလည်းကောင်း။ဒိဋ္ဌာသဝေါ၊ဒိဋ္ဌာသဝလည်းကောင်း။အဝိဇ္ဇာသဝေါ၊အဝိဇ္ဇာသဝလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်၊ဟောန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com



## ဩဃ ၄-ပါး

၄။ဩဃာ၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေတတ်သော)ဩဃတို့သည်။ ကာမောဃော၊ကာမောဃလည်းကောင်း။ဘဝေါဃော၊ဘဝေါဃလည်းကောင်း။ဒိဋ္ဌောဃော၊ ဒိဋ္ဌောဃလည်းကောင်း။အဝိဇ္ဇောဃော၊အဝိဇ္ဇောဃလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊ လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ယောဂ ၄-ပါး

၅။ယောဂါ၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်ကပ်တွယ်စပ်စေတတ်သော)ယောဂတို့သည်။ကာမယောဂေါ၊ကာမယောဂလည်းကောင်း။ဘဝယောဂေါ၊ဘဝယောဂလည်းကောင်း။ဒိဋ္ဌိယောဂေါ၊ဒိဋ္ဌိယောဂလည်းကောင်း။အဝိဇ္ဇာယောဂေါ၊အဝိဇ္ဇာယောဂလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ဂန္ထ ၄-ပါး

၆။ဂန္ထာ၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့တတ်သော)ဂန္ထတို့သည်။ အဘိဇ္ဈာကာယဂန္ထော၊အဘိဇ္ဈာကာယဂန္ထလည်းကောင်း။ဗျာပါဒေါ ကာယဂန္ထော၊ဗျာပါဒ ကာယဂန္ထလည်းကောင်း။သီလဗ္ဗတပရာမာသော ကာယဂန္ထော၊သီလဗ္ဗတပရာမာသကာယ ဂန္ထလည်းကောင်း။ဣဒံ သစ္စာဘိနိဝေသော ကာယဂန္ထော၊ဣဒံ သစ္စာဘိနိဝေသကာယဂန္ထ လည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ဥပါဒါန် ၄-ပါး

၇။ဥပါဒါနာ။ (ဝဋ်ဆင်းရဲဖြစ်ကြောင်း အာရုံတို့ကိုပြင်းစွာ တွယ်ကပ် တပ်မက်စွဲ လမ်းခဲ့သော)ဥပါဒါန်တို့သည်။ကာမုပါဒါနံ၊ကာမုပါဒါန်လည်းကောင်း။ဒိဋ္ဌုပါဒါနံ၊ဒိဋ္ဌုပါဒါန် လည်းကောင်း။သီလဗ္ဗတုပါဒါနံ၊သီလဗ္ဗတုပါဒါန်လည်းကောင်း။အတ္တဝါဒုပါဒါနံ၊အတ္တဝါဒု ပါဒါန်လည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## နီဝရဏ ၆-ပါး

၈။နီဝရဏာနိ၊ (ဈာန်,မဂ်,ဖိုလ်တို့ကို တားမြစ်ပိတ်ပင်တားဆီးတတ်သော)နီဝရ ဏတို့သည်။ကာမစ္ဆန္ဒနီဝရဏံ၊ကာမစ္ဆန္ဒနီဝရဏလည်းကောင်း။ဗျာပါဒနီဝရဏံ၊ဗျာပါဒနီဝရ ဏလည်းကောင်း။ထိနမိဒ္ဓနီဝရဏံ၊ထိနမိဒ္ဓနီဝရဏလည်းကောင်း။ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏံ၊ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏလည်းကောင်း။ဝိစိကိစ္ဆာနီဝရဏံ၊ဝိစိကိစ္ဆာနီဝရဏလည်းကောင်း။အဝိဇ္ဇာ နီဝရဏံ၊အဝိဇ္ဇာနီဝရဏလည်းကောင်း။ဣတိ၊ဤသို့။ဆ၊ခြောက်ပါး အပြားရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## အနုသယ ၇-ပါး

၉။အနုသယာ၊ (လျောက်ပတ်သော အကြောင်းကိုရလျှင်ဖြစ်ပေါ်ရန် အစဉ်

http://www.dhammadownload.com


ကိန်းနေသော)အနုသယတို့သည်။ကာမရာဂါနုသယော၊ကာမရာဂါနုသယလည်းကောင်း။ဘဝရာဂါနုသယော၊ဘဝရာဂါနုသယလည်းကောင်း။ပဋိဃာနုသယော၊ပဋိဃာနုသယလည်းကောင်း။မာနာနုသယော၊မာနာနုသယလည်းကောင်း။ဒိဋ္ဌာနုသယော၊ဒိဋ္ဌာနုသယလည်းကောင်း။ဝိစိကိစ္ဆာနုသယော၊ဝိစိကိစ္ဆာနုသယလည်းကောင်း။အဝိဇ္ဇာနုသယော၊အဝိဇ္ဇာနုသယလည်းကောင်း။ဣတိ၊ဤသို့။သတ္တ၊ခုနှစ်ပါး။အပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## သုတ္တန်နည်း သံယောဇဉ် ၁၀-ပါး

၁၀။သုတ္တန္တေ၊သုတ္တန်၌။ဝုတ္တာနိ၊ဟောတော်မူအပ်ကုန်သော။သံယောဇနာနိ၊ (ဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ်သော)သံယောဇဉ်တို့သည်။ကာမရာဂသံယောဇနံ၊ကာမရာဂသံယောဇဉ်လည်းကောင်း။ရူပရာဂသံယောဇနံ၊ရူပရာဂသံယောဇဉ်လည်းကောင်း။အရူပရာဂသံယောဇနံ၊အရူပရာဂသံယောဇဉ်လည်းကောင်း။ပဋိဃသံယောဇနံ၊ပဋိဃသံယောဇဉ်လည်းကောင်း။မာနသံယောဇနံ၊မာနသံယောဇဉ်လည်းကောင်း။ဒိဋ္ဌိသံယောဇနံ၊ဒိဋ္ဌိသံယောဇဉ် လည်းကောင်း။သီလဗ္ဗတပရာမာသသံယောဇနံ၊သီလဗ္ဗတပရာမာသသံယောဇဉ်လည်းကောင်း။ဝိစိကိစ္ဆာသံယောဇနံ၊ဝိစိကိစ္ဆာသံယောဇဉ်လည်းကောင်း။ဥဒ္ဓစ္စသံယောဇနံ၊ဥဒ္ဓစ္စသံယောဇဉ်လည်းကောင်း။အဝိဇ္ဇာသံယောဇနံ၊အဝိဇ္ဇာသံယောဇဉ်လည်းကောင်း။ဣတိ၊ဤသို့။ဒသ၊ဆယ်ပါး။အပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အဘိဓမ္မာနည်းသံယောဇဉ် ၁၀-ပါး

၁၁။အဘိဓမ္မေ၊အဘိဓမ္မာ၌။ဝုတ္တာနိ၊ဟောတော်မူအပ်ကုန်သော။အပရာနိပိ၊တစ်ပါးလည်းဖြစ်ကုန်သော။သံယောဇနာနိ၊ (ဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ်သော)သံယောဇဉ်တို့သည်။ကာမရာဂသံယောဇနံ၊ကာမရာဂသံယောဇဉ်လည်းကောင်း။ဘဝရာဂသံယောဇနံ၊ဘဝရာဂသံယောဇဉ်လည်းကောင်း။ပဋိဃသံယောဇနံ၊ပဋိဃသံယောဇဉ်လည်းကောင်း။မာနသံယောဇနံ၊မာနသံယောဇဉ်လည်းကောင်း။ဒိဋ္ဌိသံယောဇနံ၊ဒိဋ္ဌိသံယောဇဉ်လည်းကောင်း။သီလဗ္ဗတပရာမာသသံယောဇနံ၊သီလဗ္ဗတပရာမာသသံယောဇဉ်လည်းကောင်း။ဝိစိကိစ္ဆာသံယောဇနံ၊ဝိစိကိစ္ဆာသံယောဇဉ်လည်းကောင်း။ဣဿာသံယောဇနံ၊ဣဿာသံယောဇဉ်လည်းကောင်း။မစ္ဆရိယသံယောဇနံ၊မစ္ဆရိယသံယောဇဉ်လည်းကောင်း။အဝိဇ္ဇာသံယောဇနံ၊အဝိဇ္ဇာသံယောဇဉ်လည်းကောင်း။ဣတိ၊ဤသို့။ဒသ၊ဆယ်ပါး။အပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ကိလေသာ ၁၀-ပါး

၁၂။ကိလေသာ၊ (သတ္တဝါတို့ကို ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော)ကိလေသာတို့သည်။လောဘော၊လောဘလည်းကောင်း။ဒေါသော၊ဒေါသလည်းကောင်း။မောဟော၊မောဟလည်းကောင်း။မာနော၊မာနလည်းကောင်း။ဒိဋ္ဌိ၊ဒိဋ္ဌိလည်းကောင်း

http://www.dhammadownload.com



ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာလည်းကောင်း။ထိနံ၊ထိနလည်းကောင်း။ဥဒ္ဓစ္စံ၊ဥဒ္ဓစ္စလည်းကောင်း။အဟိရိကံ၊အဟိရိကလည်းကောင်း။အနောတ္တပ္ပံ၊အနောတ္တပ္ပလည်းကောင်း။က္လတိ၊ဤသို့။ဒသ၊ဆယ်ပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**တရားကိုယ်ယူပုံယူနည်း / လောဘ တရားကိုယ်ပြ**

**၁၃။**ပန၊အထူးကိုဆိုအံ့။ဧတ္ထ၊ဤအကုသလသင်္ဂဟ၌။အာသဝါဒီသု၊အာသဝအစရှိသည်တို့၌။ကာမဘဝနာမေန၊ကာမဟူသောအမည်,ဘဝဟူသောအမည်ဖြင့်။တဗ္ဗတ္ထုကာ၊ထိုကာမဟူသောအမည်,ဘဝဟူသောအမည်၏ မှီရာဖြစ်သော။(ဝါ)ရူပဘဝ,အရူပဘဝလျှင်မှီရာရှိသော။တဏှာ၊တဏှာကို။(ဝါ)လောဘစေတသိက်ကို။အဓိပ္ပေတာ၊အလိုရှိအပ်၏။

**ဒိဋ္ဌိတရားကိုယ်** တထာ ပဝတ္တံ၊ထို့သို့သော အခြင်းအရာဖြင့်ဖြစ်သော။ဒိဋ္ဌိဂတမေဝ၊ဒိဋ္ဌိစေတသိက်တစ်ခုကိုပင်လျှင်။သီလဗ္ဗတပရာမာသော စ၊သီလဗ္ဗတပရာမာသဟူ၍ လည်းကောင်း။က္လဒံသစ္စာဘိနိဝေသော စ၊က္လဒံသစ္စာဘိနိဝေသဟူ၍လည်းကောင်း။အတ္တဝါဒုပါဒါနံ စ၊အတ္တ ဝါဒုပါဒါန်ဟူ၍လည်းကောင်း။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

**တရားကိုယ်ပြ သင်္ဂဟဂါထာများ**

**၁၄။**ဝတ္ထုတော၊သဘောအားဖြင့်။(ဝါ)တရားကိုယ်အားဖြင့်။အာသဝေါဃာ စ၊အာသဝ,ဩဃတို့ကိုလည်းကောင်း။ယောဂါ စ၊ယောဂတို့ကိုလည်းကောင်း။ဂန္ထာ စ၊ဂန္ထတို့ကိုလည်းကောင်း။တယော၊ (လောဘ,ဒိဋ္ဌိ,မောဟအားဖြင့်)သုံးပါးအပြားရှိကုန်၏ဟူ၍။ဝုတ္တာ၊မိန့်အပ်ကုန်၏။ဥပါဒါနာ၊ဥပါဒါန်တို့ကို။ဒုဝေ၊ (တရားကိုယ်အားဖြင့် လောဘ,ဒိဋ္ဌိ)နှစ်ပါးအပြားရှိကုန်၏ဟူ၍။ဝုတ္တာ၊မိန့်အပ်ကုန်၏။နီဝရဏာ၊နီဝရဏတို့သည်။အဋ္ဌ၊ (လောဘ,ဒေါသ,မောဟ,ဥဒ္ဓစ္စ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ,ထိန,မိဒ္ဓအားဖြင့်)ရှစ်ပါးအပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။အနုသယာ၊အနုသယတို့သည်။ဆဠေဝ၊ (လောဘ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာအားဖြင့်)ခြောက်ပါး အပြားရှိကုန်သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။သံယောဇနာ၊သံယောဇဉ်တို့ကို။နဝ၊ကိုးပါးအပြားရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။ကိလေသာ၊ကိလေသာတို့ကို။ဒသ၊ဆယ်ပါးအပြားရှိကုန်၏ဟူ၍။မတာ၊သိအပ်ကုန်၏။က္လတိ၊ဤသို့။နဝဓာ၊ကိုးပါးအပြားအားဖြင့်။အယံ ပါပသင်္ဂဟော၊ဤအကုသလသင်္ဂဟကို။မယာ၊ငါသည်။ဝုတ္တော၊မိန့်အပ်ပြီ။

## ၂-မိဿကသင်္ဂဟ

**၁၅။**မိဿကသင်္ဂဟေ၊မိဿကသင်္ဂဟ၌။ဇဝံ၊ဤသို့။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။

**ဟိတ် ၆-ပါး**

ဟေတူ၊ဟိတ်တို့သည်။လောဘော၊လောဘဟိတ်လည်းကောင်း။ဒေါသော၊ဒေါသ

http://www.dhammadownload.com


ဟိတ်လည်းကောင်း။မောဟော၊မောဟဟိတ်လည်းကောင်း။အလောဘော၊အလောဘဟိတ်လည်းကောင်း။အဒေါသော၊အဒေါသဟိတ်လည်းကောင်း။အမောဟော၊အမောဟဟိတ်လည်းကောင်း။ဣတိ၊ဤသို့။ဆ၊ခြောက်ပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဈာနင် ၇-ပါး

၁၆။ဈာနင်္ဂါနိ၊ဈာနင်တို့သည်။ဝိတက္ကော၊ဝိတက်ဈာနင်လည်းကောင်း။ဝိစာရော၊ဝိစာရဈာနင်လည်းကောင်း။ပီတိ၊ပီတိဈာနင်လည်းကောင်း။ဧကဂ္ဂတာ၊ဧကဂ္ဂတာဈာနင်လည်းကောင်း။သောမနဿံ၊သောမနဿဈာနင်လည်းကောင်း။ဒေါမနဿံ၊ဒေါမနဿဈာနင်လည်းကောင်း။ဥပေက္ခာ၊ဥပေက္ခာဈာနင်လည်းကောင်း။ဣတိ၊ဤသို့။သတ္တ၊ခုနစ်ပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

မဂ္ဂင် ၁၂-ပါး (အရိယမဂ္ဂင် ၈-ပါး)

၁၇။မဂ္ဂင်္ဂါနိ၊မဂ္ဂင်တို့သည်။သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိမဂ္ဂင်လည်းကောင်း။သမ္မာသင်္ကပ္ပေါ၊သမ္မာသင်္ကပ္ပမဂ္ဂင်လည်းကောင်း။သမ္မာဝါစာ၊သမ္မာဝါစာမဂ္ဂင်လည်းကောင်း။သမ္မာကမ္မန္တော၊သမ္မာကမ္မန္တမဂ္ဂင်လည်းကောင်း။သမ္မာအာဇီဝေါ၊သမ္မာအာဇီဝမဂ္ဂင်လည်းကောင်း။သမ္မာဝါယာမော၊သမ္မာဝါယာမ မဂ္ဂင်လည်းကောင်း။သမ္မာသတိ၊သမ္မာသတိမဂ္ဂင်လည်းကောင်း။သမ္မာသမာဓိ၊သမ္မာသမာဓိမဂ္ဂင်လည်းကောင်း။

မိစ္ဆာမဂ္ဂင် ၄-ပါး

မိစ္ဆာဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိမဂ္ဂင်လည်းကောင်း။မိစ္ဆာသင်္ကပ္ပေါ၊မိစ္ဆာသင်္ကပ္ပမဂ္ဂင်လည်းကောင်း။မိစ္ဆာဝါယာမော၊မိစ္ဆာဝါယာမ မဂ္ဂင်လည်းကောင်း။မိစ္ဆာသမာဓိ၊မိစ္ဆာသမာဓိမဂ္ဂင်လည်းကောင်း။ဣတိ၊ဤသို့။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဣန္ဒြေ ၂၂-ပါး (ရုပ်ဣန္ဒြေ ၈-ပါး)

၁၈။ဣန္ဒြိယာနိ၊ (ပစ္စယုပ္ပန်တရားကို အစိုးတရဖြစ်ပေါ် တည်တံ့,ပွားများစေသော ဣန္ဒြေတို့သည်။စက္ခုန္ဒြိယံ၊စက္ခုန္ဒြေလည်းကောင်း။သောတိန္ဒြိယံ၊သောတိန္ဒြေလည်းကောင်း။ဃာနိန္ဒြိယံ၊ဃာနိန္ဒြေလည်းကောင်း။ဇိဝှိန္ဒြိယံ၊ဇိဝှိန္ဒြေလည်းကောင်း။ကာယိန္ဒြိယံ၊ကာယိန္ဒြေလည်းကောင်း။ဣတ္ထိန္ဒြိယံ၊ဣတ္ထိန္ဒြေလည်းကောင်း။ပုရိသိန္ဒြိယံ၊ပုရိသိန္ဒြေလည်းကောင်း။ဇီဝိတိန္ဒြိယံ၊ဇီဝိတိန္ဒြေလည်းကောင်း။

နာမ်ဣန္ဒြေ ၁၄-ပါး

မနိန္ဒြိယံ၊မနိန္ဒြေလည်းကောင်း။သုခိန္ဒြိယံ၊သုခိန္ဒြေလည်းကောင်း။ဒုက္ခိန္ဒြိယံ၊ဒုက္ခိန္ဒြေလည်းကောင်း။သောမနဿိန္ဒြိယံ၊သောမနဿိန္ဒြေလည်းကောင်း။ဒေါမနဿိန္ဒြိယံ၊ဒေါမနဿိန္ဒြေလည်းကောင်း။ဥပေက္ခိန္ဒြိယံ၊ဥပေက္ခိန္ဒြေလည်းကောင်း။သဒ္ဓိန္ဒြိယံ၊သဒ္ဓိန္ဒြေလည်းကောင်း။ဝီရိယိန္ဒြိယံ၊ဝီရိယိန္ဒြေလည်းကောင်း။သတိန္ဒြိယံ၊သတိန္ဒြေလည်းကောင်း။သမာဓိန္ဒြိ

http://www.dhammadownload.com



ယံ၊သမာဓိန္ဒြေလည်းကောင်း။ပညိန္ဒြိယံ၊ပညိန္ဒြေလည်းကောင်း။အနညာတညာဿာမိတိန္ဒြိယံ၊အနညာတညာဿာမိတိန္ဒြေလည်းကောင်း။အညိန္ဒြိယံ၊အညိန္ဒြေလည်းကောင်း။အညာတာဝိန္ဒြိယံ၊အညာတာဝိန္ဒြေလည်းကောင်း။ဣတိ၊ဤသို့။ဗာဝီသ၊နှစ်ဆယ့်နှစ်ပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ဗိုလ် ၉-ပါး

၁၉။ဗလာနိ၊ (ဆန့်ကျင်ဘက်တရားတို့နှင့်တွေ့သော်လည်းမတုန်မလှုပ်,မြဲမြံခိုင်ခံ့တည်တံ့သော)ဗိုလ်တို့သည်။သဒ္ဓါဗလံ၊သဒ္ဓါဗိုလ်လည်းကောင်း။ဝီရိယဗလံ၊ဝီရိယဗိုလ်လည်းကောင်း။သတိဗလံ၊သတိဗိုလ်လည်းကောင်း။သမာဓိဗလံ၊သမာဓိဗိုလ်လည်းကောင်း။ပညာဗလံ၊ပညာဗိုလ်လည်းကောင်း။ဟိရိဗလံ၊ဟိရိဗိုလ်လည်းကောင်း။ဩတ္တပ္ပဗလံ၊ဩတ္တပ္ပဗိုလ်လည်းကောင်း။အဟိရိကဗလံ၊အဟိရိကဗိုလ်လည်းကောင်း။အနောတ္တပ္ပဗလံ၊အနောတ္တပ္ပဗိုလ်လည်းကောင်း။ဣတိ၊ဤသို့။နဝ၊ကိုးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အဓိပတိ ၄-ပါး

၂၀။အဓိပတီ၊ (သဟဇာတ်တရားတို့၏ အချုပ်အခြာအကြီးအမှူးဖြစ်သော)အဓိပတိတို့သည်။ဆန္ဒာဓိပတိ၊ဆန္ဒာဓိပတိလည်းကောင်း။ဝီရိယာဓိပတိ၊ဝီရိယာဓိပတိလည်းကောင်း။စိတ္တာဓိပတိ၊စိတ္တာဓိပတိလည်းကောင်း။ဝီမံသာဓိပတိ၊ဝီမံသာဓိပတိလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အာဟာရ ၄-ပါး (ရုပ်အာဟာရ ၁-ပါး)

၂၁။အာဟာရာ၊ (သဟဇာတ်တရားတို့ကို ခိုင်ခံ့အောင်ကို ဆောင်တတ်သော) အာဟာရတို့သည်။ကဗဠီကာရော၊အလုတ်အလွေးကို မပြုအပ်သော်လည်းပြုအပ်သကဲ့သို့သော။အာဟာရော၊အာဟာရလည်းကောင်း။

## နာမ်အာဟာရ ၃-ပါး

ဒုတိယော၊နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ဖဿော၊ဖဿာဟာရလည်းကောင်း တတိယော၊သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော။မနောသဉ္စေတနာ၊မနောသဉ္စေတနာဟာရလည်းကောင်း။စတုတ္ထံ၊လေးခုတို့၏ပြည့်ကြောင်းဖြစ်သော။ဝိညာဏံ၊ဝိညာဏာဟာရလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## တရားကိုယ်ယူပုံ ယူနည်း (လောကုတ္တရာ ပညိန္ဒြေ ၃-ပါး)

၂၂။ပန၊အထူးကိုဆိုအံ့။ဧတ္ထ၊ဤမိဿကသင်္ဂဟ၌။ဣန္ဒြိယေသု၊ဣန္ဒြေတို့တွင်။ (ဝ၁)ဣန္ဒြေတို့၌။သောတာပတ္တိမဂ္ဂဉာဏံ၊သောတာပတ္တိမဂ်ဉာဏ်ကို။အနညာတညဿာမိတိန္ဒြိယန္တိ၊အနညာတညဿာမိတိန္ဒြေ (မသိဘူးသေးသော သစ္စာ ၄-ပါးနှင့် နိဗ္ဗာန်ကို အစဦးစွာ အစိုးတရသိမြင်သောဉာဏ်)ဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

http://www.dhammadownload.com


၂၃။ **[အညာတာဝိန္ဒြေ၏တရားကိုယ်ပြ]** အရဟတ္တဖလဉာဏ်၊အရဟတ္တဖိုလ်ဉာဏ်ကို။အညာတာဝိန္ဒြိယန္တိ၊အညာတာဝိန္ဒြေ [အလုံးစုံသော သစ္စာ လေးပါး, နိဗ္ဗာန်-စသော တရားတို့ကို အစိုးတရ သိမြင်ပြီးသော ဉာဏ်] ဟူ၍။ပဝုစ္စတိ၊ဆိုအပ်၏။

၂၄။ **[အညိန္ဒြေ၏ တရားကိုယ်ပြ]** မဇ္ဈေ၊အလယ်၌။ဆ ဉာဏာနိ၊ခြောက်ပါးသော ဉာဏ်တို့ကို။အညိန္ဒြိယာနီတိ၊အညိန္ဒြေတို့ဟူ၍။ပဝုစ္စတိ-ပဝုစ္စန္တေ၊အပြားအားဖြင့် မိန့်အပ်ကုန်၏။

➢ **မဇ္ဈေ ဆ ဉာဏာနိ-၌ ဆ-အရ** = သကဒါဂါမိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်, သောတာပတ္တိဖိုလ်ဉာဏ်, သကဒါဂါမိဖိုလ်ဉာဏ်, အနာဂါမိဖိုလ်ဉာဏ်တို့ ဖြစ်ပါသည်။

၂၅။ **[ဇီဝိတိန္ဒြေ ၂-ပါး]** ဇီဝိတိန္ဒြိယဥ္စ၊ဇီဝိတိန္ဒြေသည်ကား။ရူပါရူပဝသေန၊ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေတို့၏ အစွမ်းဖြင့်။ဒုဝိဓံ၊နှစ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

➢ ၂၆။ **[ဈာနင်မထိုက်သော တရား]** ပဉ္စဝိညာဏေသု၊ဒွေပဉ္စ ဝိညာဉ်တစ်ဆယ်တို့၌။ ဈာနင်္ဂါနိ၊ဈာနင်တို့ကို။န လဗ္ဘန္တိ၊မရအပ်ကုန်။ [ဝိတက်သည် ဈာနင်ဖြစ်ကြောင်း မူလဖြစ်သဖြင့် ဝိတက်မယှဉ်သော စိတ်၌ရှိသောတရားများ ဈာနင်မထိုက်။]

**[ဗိုလ်မထိုက်သော တရား]** အဝီရိယေသု၊ဝီရိယမဖြစ်သောစိတ် တစ်ဆယ့်ခြောက်ခုတို့၌။ ဗလာနိ၊ဗိုလ်တို့ကို။န လဗ္ဘန္တိ၊မရအပ်ကုန်။

**[မဂ္ဂင် မထိုက်သော တရား]** အဟေတုကေသု၊အဟိတ်စိတ် တစ်ဆယ့်ရှစ်ခုတို့၌။မဂ္ဂင်္ဂါနိ၊မဂ္ဂင်တို့ကို။န လဗ္ဘန္တိ၊မရအပ်ကုန်။

၂၇။ **[မဂ္ဂင်, ဣန္ဒြေ, ဗိုလ် မထိုက်သော တရား]** တထာ၊ထို့အတူ။ဝိစိကိစ္ဆာစိတ္တေ၊ဝိစိကိစ္ဆာ သဟဂုတ် စိတ်၌။ဧကဂ္ဂတာ၊ဧကဂ္ဂတာ စေတသိက်သည်။မဂ္ဂိန္ဒြိယဗလဘာဝံ၊မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အဖြစ်သို့။န ဂစ္ဆတိ၊မရောက်။

၂၈။ **[အဓိပတိယှဉ်သော ဇောစိတ်]** ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ၊ဒွိဟိတ်ဇော - တစ်ဆယ့်ရှစ်ခု, တိဟိတ်ဇော သုံးဆယ့်လေးခုတို့၌သာလျှင်။ယထာသမ္ဘဝံ၊ဖြစ်သင့်သည်အားလျော်စွာ။အဓိပတိ၊အဓိပတိကို။ဧကောဝ၊တစ်ခု တစ်ခုစီသာလျှင်။လဗ္ဘတိ၊ရအပ်၏။ (သာဓိပတိဇော ၅၂-ပါး ဖြစ်ပါသည်။)

၂၉။ **[တရားကိုယ်ပြ သင်္ဂဟဂါထာများ/ဟိတ်တရားကိုယ် ၆-ပါး]** ဝတ္ထုတော၊သဘောအားဖြင့်။(ဝါ) တရားကိုယ်အားဖြင့်။ဟေတူ၊ဟိတ်တို့ကို။ဆ၊ခြောက်ပါးအပြားရှိကုန်၏ဟူ၍။ဤရိတာ၊မိန့်အပ်ကုန်၏။

* **[ဈာနင်တရားကိုယ် ၅-ပါး]** ဈာနင်္ဂါနိ၊ဈာနင်တို့ကို။ပဉ္စ၊ငါးပါး အပြားရှိကုန်၏ဟူ၍။ ဤရိတာ၊မိန့်အပ်ကုန်၏။ * **[မဂ္ဂင်တရားကိုယ် ၉-ပါး]** မဂ္ဂင်္ဂါနိ၊မဂ္ဂင်တို့ကို။နဝ၊ကိုးပါး အပြားရှိကုန်၏ဟူ၍။ဤရိတာ၊မိန့်အပ်ကုန်၏။

http://www.dhammadownload.com



**ဣန္ဒြေတရားကိုယ် ၁၆-ပါး**

ဣန္ဒြိယဓမ္မာ စ၊ဣန္ဒြေတရားတို့ကိုကား။သောဠသ၊တစ်ဆယ့်ခြောက်ပါးအပြားရှိကုန်၏ဟူ၍။ဤရိတာ၊မိန့်အပ်ကုန်၏။ **(ဗိုလ်တရားကိုယ် ၉-ပါး )**

ဗလဓမ္မာ၊ဗိုလ်တရားတို့ကို။နဝ၊ကိုးပါးအပြားရှိကုန်၏ဟူ၍။ဤရိတာ၊မိန့်အပ်ကုန်၏။

**အဓိပတိတရားကိုယ် ၄-ပါး**

အဓိပတီ၊အဓိပတိတို့ကို။စတ္တာရော၊လေးပါးအပြားရှိကုန်၏ဟူ၍။ဝုတ္တာ၊မိန့်အပ်ကုန်၏။ **(အာဟာရတရားကိုယ် ၄-ပါး )**

အာဟာရာ၊အာဟာရတို့ကို။တထာ၊ထို့အတူ။စတ္တာရော၊လေးပါးအပြားရှိကုန်၏ဟူ၍။ဝုတ္တာ၊မိန့်အပ်ကုန်၏။ဣတိ၊ဤသို့။သတ္တဓာ၊ခုနစ်ပါးအပြားဖြင့်။ကုသလာဒိသမာကိဏ္ဏော၊ကုသိုလ်အစရှိသည်တို့ဖြင့် ပြွမ်းသော။မိဿကသင်္ဂဟော၊မိဿကသင်္ဂဟကို။မယာ၊ငါသည်။ဝုတ္တော၊မိန့်အပ်ပြီ။

**၃-ဗောဓိပက္ခိယ သင်္ဂဟ (သင်္ဂဟ ၇-ပါး)**

**၃၀။**ဗောဓိပက္ခိယ သင်္ဂဟော၊ဗောဓိပက္ခိယသင်္ဂဟ၌။ဧဝံ၊ဤသို့။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။

**(၁) သတိပဋ္ဌာန် ၄-ပါး**

သတိပဋ္ဌာနာ၊သတိပဋ္ဌာန်တို့သည်။ကာယာနုပဿနာ သတိပဋ္ဌာနံ၊ကာယာနုပဿနာ သတိပဋ္ဌာန်လည်းကောင်း။ဝေဒနာနုပဿနာ သတိပဋ္ဌာနံ၊ဝေဒနာနုပဿနာ သတိပဋ္ဌာန်လည်းကောင်း။စိတ္တာနုပဿနာ သတိပဋ္ဌာနံ၊စိတ္တာနုပဿနာ သတိပဋ္ဌာန်လည်းကောင်း။ဓမ္မာနုပဿနာ သတိပဋ္ဌာနံ၊ဓမ္မာနုပဿနာ သတိပဋ္ဌာန်လည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**(၂) သမ္မပ္ပဓာန် ၄-ပါး**

**၃၁။**သမ္မပ္ပဓာနာ၊သမ္မပ္ပဓာန်တို့သည်။ဥပ္ပန္နာနံ၊ဖြစ်ကုန်ပြီးသော။ပါပကာနံ၊အကုသိုလ်တရားတို့ကို။ပဟာနာယ၊ပယ်ခြင်းငှာ။ဝါယာမော၊လုံ့လပြုခြင်းလည်းကောင်း။အနုပ္ပန္နာနံ၊မဖြစ်ကုန်သေးသော။ပါပကာနံ၊အကုသိုလ်တရားတို့ကို။အနုပ္ပါဒါယ၊မဖြစ်စေခြင်းငှာ။ဝါယာမော၊လုံ့လပြုခြင်းလည်းကောင်း။အနုပ္ပန္နာနံ၊မဖြစ်ကုန်သေးသော။ကုသလာနံ၊ကုသိုလ်တရားတို့ကို။ဥပ္ပါဒါယ၊ဖြစ်စေခြင်းငှာ။ဝါယာမော၊လုံ့လပြုခြင်းလည်းကောင်း။ဥပ္ပန္နာနံ၊ဖြစ်ကုန်ပြီးသော။ကုသလာနံ၊ကုသိုလ်တရားတို့ကို။ဘိယျောဘာဝါယ၊အလွန်ပွားများစေခြင်းငှာ။ဝါယာမော၊လုံ့လပြုခြင်းလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com


## (၃) ဣဒ္ဓိပါဒ် ၄-ပါး

၃၂။ဣဒ္ဓိပါဒါ၊ (ကောင်းမှုကုသိုလ်,ဈာန်,မဂ်ဖိုလ်တို့၏ အောင်မြင်ပြီးစီးကြောင်း အခြေခံဖြစ်သော)ဣဒ္ဓိပါဒ်တို့သည်။ဆန္ဒိဒ္ဓိပါဒေါ၊ဆန္ဒိဒ္ဓိပါဒ်လည်းကောင်း။ဝီရိယိဒ္ဓိပါဒေါ၊ ဝီရိယိဒ္ဓိပါဒ်လည်းကောင်း။စိတ္တိဒ္ဓိပါဒေါ၊စိတ္တိဒ္ဓိပါဒ်လည်းကောင်း။ဝီမံသိဒ္ဓိပါဒေါ၊ဝီမံသိဒ္ဓိပါဒ် လည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## (၄) ဣန္ဒြေ ၅-ပါး

၃၃။ဣန္ဒြိယာနိ၊ဣန္ဒြေတို့သည်။သဒ္ဓိန္ဒြိယံ၊သဒ္ဓိန္ဒြေလည်းကောင်း။ဝီရိယိန္ဒြိယံ၊ဝီရိ ယိန္ဒြေလည်းကောင်း။သတိန္ဒြိယံ၊သတိန္ဒြေလည်းကောင်း။သမာဓိန္ဒြိယံ၊သမာဓိန္ဒြေလည်း ကောင်း။ပညိန္ဒြိယံ၊ပညိန္ဒြေလည်းကောင်း။ဣတိ၊ဤသို့။ပဉ္စ၊ငါးပါးအပြားရှိကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

## (၅) ဗိုလ် ၅-ပါး

၃၄။ဗလာနိ၊ (ဆန့်ကျင်ဘက် တရားတို့ကြောင့်တုန်လှုပ်ခြင်းမရှိ ကြံ့ခိုင်သော) ဗိုလ်တို့သည်။သဒ္ဓါဗလံ၊သဒ္ဓါဗိုလ်လည်းကောင်း။ဝီရိယဗလံ၊ဝီရိယဗိုလ်လည်းကောင်း။သတိ ဗလံ၊သတိဗိုလ်လည်းကောင်း။သမာဓိဗလံ၊သမာဓိဗိုလ်လည်းကောင်း။ပညာဗလံ၊ပညာဗိုလ် လည်းကောင်း။ဣတိ၊ဤသို့။ပဉ္စ၊ငါးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## (၆) ဗောဇ္ဈင် ၇-ပါး

၃၅။ဗောဇ္ဈင်္ဂါ၊ (သစ္စာ ၄-ပါး တရားအပေါင်းကိုထိုးထွင်း၍ သိကြောင်းဖြစ်သော) ဗောဇ္ဈင်တို့သည်။သတိသံမ္ဗောဇ္ဈင်္ဂေါ၊သတိသမ္ဗောဇ္ဈင်လည်းကောင်း။ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်းကောင်း။ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ဝီရိယသမ္ဗောဇ္ဈင်လည်းကောင်း။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ပီတိသမ္ဗောဇ္ဈင်လည်းကောင်း။ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ပဿဒ္ဓိသမ္ဗောဇ္ဈင် လည်းကောင်း။သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊သမာဓိသမ္ဗောဇ္ဈင်လည်းကောင်း။ဥပေက္ခာသမ္ဗောဇ္ဈ င်္ဂေါ၊ဥပေက္ခာသမ္ဗောဇ္ဈင်လည်းကောင်း။ဣတိ၊ဤသို့။သတ္တ၊ခုနစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## (၇) မဂ္ဂင် ၈-ပါး

၃၆။မဂ္ဂင်္ဂါနိ၊မဂ္ဂင်တို့သည်။သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိမဂ္ဂင်လည်းကောင်း။သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပမဂ္ဂင်လည်းကောင်း။သမ္မာဝါစာ၊သမ္မာဝါစာမဂ္ဂင်လည်းကောင်း။သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တ မဂ္ဂင်လည်းကောင်း။သမ္မာအာဇီဝေါ၊သမ္မာအာဇီဝမဂ္ဂင်လည်းကောင်း။သမ္မာ ဝါယာမော၊သမ္မာဝါယာမ မဂ္ဂင်လည်းကောင်း။သမ္မာသတိ၊သမ္မာသတိမဂ္ဂင်လည်းကောင်း။ သမ္မာသမာဓိ၊သမ္မာသမာဓိမဂ္ဂင်လည်းကောင်း။ဣတိ၊ဤသို့။အဋ္ဌ၊ရှစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com



## တရားကိုယ်ယူပုံ ယူနည်း (သတိပဋ္ဌာန် တရားကိုယ်)

၃၇။ပန၊အထူးကိုဆိုအံ့။ဣတ္ထ၊ဤဗောဓိပက္ခိယသင်္ဂဟ၌။သမ္မာသတိ ကော၀၊ သမ္မာသတိ တစ်ခုကိုပင်လျှင်။စတ္တာရော၊လေးပါးကုန်သော။သတိပဋ္ဌာနာတိ၊သတိပဋ္ဌာန် တို့ဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

**သမ္မပ္ပဓာန်တရားကိုယ် / ၃၈။**တထာ၊ထို့အတူ။သမ္မာဝါယာမော၊သမ္မာဝါယာမ တစ်ခုကိုပင်လျှင်။စတ္တာ ရော၊လေးပါးကုန်သော။သမ္မပ္ပဓာနာတိ၊သမ္မပ္ပဓာန်တို့ဟူ၍။ ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

## ဗောဓိပက္ခိယ တရားကိုယ်ပြ သင်္ဂဟဂါထာ (တရားကိုယ်အားဖြင့် ၁၄-ပါး)

၃၉။တေ၊ထိုဗောဓိပက္ခိယ တရားတို့သည်။သဘာဝတော၊သဘောအားဖြင့်။(ဝါ) တရားကိုယ်အားဖြင့်။ဆန္ဒော စ၊ဆန္ဒစေတသိက်လည်းကောင်း။စိတ္တဉ္စ၊လောကုတ္တရာစိတ် လည်းကောင်း။ဥပေက္ခာ စ၊တတြမဇ္ဈတ္တတာ စေတသိက်လည်းကောင်း။သဒ္ဓါ ပဿဒ္ဓိ ပီတိယော စ၊သဒ္ဓါ,ပဿဒ္ဓိ,ပီတိစေတသိက်တို့လည်းကောင်း။သမ္မာဒိဋ္ဌိ စ၊အမောဟစေတသိက် လည်းကောင်း။သင်္ကပ္ပေါ စ၊ဝိတက်စေတသိက်လည်းကောင်း။ဝါယာမော စ၊ဝီရိယစေတ သိက်လည်းကောင်း။ဝိရတိတ္တယဉ္စ၊ဝိရတီစေတသိက်တို့၏ သုံးခုတို့၏အပေါင်းလည်းကောင်း သမ္မာသတိ စ၊သတိစေတသိက်လည်းကောင်း။သမ္မာသမာဓိ စ၊ဧကဂ္ဂတာစေတသိက်လည်း ကောင်း။ဣတိ၊ဤသို့။စုဒ္ဒသ၊တစ်ဆယ့်လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## နာမည်အပြားအားဖြင့် ၃၇-ပါး

ပဘေဒေန၊အပြားအားဖြင့်။သတ္တတ္တိံသ၊သုံးဆယ့်ခုနှစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။တတ္ထ၊ထိုဗောဓိပက္ခိယသင်္ဂဟ၌။သတ္တဓာ၊ခုနှစ်ပါးအပြား ဖြင့်။သင်္ဂဟော၊ရေတွက်ခြင်းသည်။ဟောတိ၊ဖြစ်၏။

## ဌာနဖြင့် ဝေဘန်ခြင်း (တစ်ဌာနတပ်သော ဗောဓိပက္ခိယတရား ၉-ပါး)

၄၀။သင်္ကပ္ပပဿဒ္ဓိ စ၊ဝိတက်,ပဿဒ္ဓိစေတသိက်တို့လည်းကောင်း။ပီတုပေက္ခာ စ၊ပီတိ,တတြမဇ္ဈတ္တတာစေတသိက်တို့လည်းကောင်း။ဆန္ဒော စ၊ဆန္ဒစေတသိက်လည်းကောင်း။ စိတ္တဉ္စ၊လောကုတ္တရာစေတသိက်လည်းကောင်း။ဝိရတိတ္တယဉ္စ၊ဝိရတီစေတသိက်တို့၏ သုံးခု တို့၏အပေါင်းလည်းကောင်း။ဣတိ၊ဤသို့။နဝ၊ကိုးပါးသောတရားတို့သည်။ဧကဋ္ဌာနာ၊တစ်ခု သောဌာနရှိကုန်၏။(ဝါ)တစ်ဌာနတပ်ကုန်၏။(တစ်ကိစ္စတပ်၏) **(၉-ဌာနတပ်သောတရား ၁-ပါး)** ဝီရိယံ၊ဝီရိယစေတသိက်သည်။နဝဋ္ဌာနံ၊ကိုးဌာနရှိ၏။(ဝါ)ကိုးဌာနတပ်၏။(၉- ကိစ္စတပ်၏)

## ၈-ဌာနတပ်သော တရား ၁-ပါး

သတိ၊သတိစေတသိက်သည်။အဋ္ဌဋ္ဌာနာ၊ရှစ်ဌာနရှိ၏။(ဝါ)ရှစ်ဌာနတပ်၏။(၈-

http://www.dhammadownload.com


ကိစ္စတပ်၏) **(၄-ဌာနတပ်သော တရား ၁-ပါး )**

သမာဓိ၊ဧကဂ္ဂတာစေတသိက်သည်။စတုဋ္ဌာနာ၊လေးဌာနရှိ၏။(ဝါ)လေးဌာနတပ်၏။(၄-ကိစ္စတပ်၏) **(၅-ဌာနတပ်သော တရား ၁-ပါး )**

ပညာ၊ပညိန္ဒြေစေတသိက်သည်။ပဥ္စဋ္ဌာနာ၊ငါးဌာနရှိ၏။(ဝါ)ငါးဌာနတပ်၏။(၅-ကိစ္စ တပ်၏) **(၂-ဌာနတပ်သော တရား ၁-ပါး )**

သဒ္ဓါ၊သဒ္ဓါစေတသိက်သည်။ဒုဋ္ဌာနာ၊နှစ်ဌာနရှိ၏။(ဝါ)နှစ်ဌာနတပ်၏။ဣတိ၊ဤသို့။ဥတ္တမ သတ္တတ္တိံသ ဓမ္မာနံ၊မြတ်ကုန်သော သုံးဆယ့်ခုနှစ်ပါးသော ဗောဓိပက္ခိယတရားတို့၏။ပဝရော၊မြတ်သော။ဧသော=ဤဒိသော၊ဤသို့သဘောရှိသော။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ငါသည်။ဝုတ္တော၊မိန့်အပ်၏။

## စိတ်ဖြင့်ဝေဘန်ခြင်း

၄၁။လောကုတ္တရေ၊လောကုတ္တရာစိတ်၌။သဗ္ဗေ၊အလုံးစုံကုန်သော ဗောဓိပက္ခိယ တရားတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။သက်ပ္ပ ပီတိယော၊ဝိတက်,ပီတိစေတသိက်တို့သည်။(ဝါ) လောကုတ္တရေ၊အချို့သော လောကုတ္တရာစိတ်၌။န ဟောန္တိ၊မဖြစ်ကုန်။လောကိယေပိ၊လောကီသောဘနစိတ်၌။ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ၊ခြောက်ပါးသော ဝိသုဒ္ဓိတို့၏ဖြစ်ခြင်းသည်။သတိ၊ရှိသော်။ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။ဟောန္တိ၊ဖြစ်ကုန်၏။

## ၄-သဗ္ဗသင်္ဂဟ (ခန္ဓာ ၅-ပါး)

၄၂။သဗ္ဗသင်္ဂဟော၊(စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားအားလုံးကို သိမ်းကျုံးရေတွက်ရာ)သဗ္ဗသင်္ဂဟ၌။ဧဝံ၊ဤသို့။ဝိဘာဂေါ၊ဝေဘန်ခြင်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။ခန္ဓာ၊ခန္ဓာတို့သည်။ရူပက္ခန္ဓော၊ရူပက္ခန္ဓာလည်းကောင်း။ဝေဒနာက္ခန္ဓော၊ဝေဒနာက္ခန္ဓာလည်းကောင်း။သညာက္ခန္ဓော၊သညာက္ခန္ဓာလည်းကောင်း။သင်္ခါရက္ခန္ဓော၊သင်္ခါရက္ခန္ဓာလည်းကောင်း။ဝိညာဏက္ခန္ဓော၊ဝိညာဏက္ခန္ဓာလည်းကောင်း။ဣတိ၊ဤသို့။ပဥ္စ၊ငါးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ဥပါဒါနက္ခန္ဓာ ၅-ပါး

၄၃။ဥပါဒါနက္ခန္ဓာ၊ဥပါဒါန်၏အာရုံဖြစ်သော(လောကီ)ခန္ဓာတို့သည်။ရူပုပါဒါနက္ခန္ဓော၊ရူပုပါဒါနက္ခန္ဓာလည်းကောင်း။ဝေဒနုပါဒါနက္ခန္ဓော၊ဝေဒနုပါဒါနက္ခန္ဓာလည်းကောင်း။သညုပါဒါနက္ခန္ဓော၊သညုပါဒါနက္ခန္ဓာလည်းကောင်း။သင်္ခါရုပါဒါနက္ခန္ဓော၊သင်္ခါရုပါဒါနက္ခန္ဓာလည်းကောင်း။ဝိညာဏုပါဒါနက္ခန္ဓော၊ဝိညာဏုပါဒါနက္ခန္ဓာလည်းကောင်း။ဣတိ၊ဤသို့။ပဥ္စ၊ငါးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အာယတန ၁၂-ပါး

၄၄။အာယတနာနိ၊ (စိတ်စေတသိက်တို့၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်သော)အာယ

http://www.dhammadownload.com



တနတို့သည်။စက္ခာယတနံ၊စက္ခာယတနလည်းကောင်း။သောတာယတနံ၊သောတာယတနလည်းကောင်း။ဃာနာယတနံ၊ဃာနာယတနလည်းကောင်း။ဇိဝှါယတနံ၊ဇိဝှါယတနလည်းကောင်း။ကာယာယတနံ၊ကာယာယတနလည်းကောင်း။မနာယတနံ၊မနာယတနလည်းကောင်း။ရူပါယတနံ၊ရူပါယတနလည်းကောင်း။သဒ္ဒါယတနံ၊သဒ္ဒါယတနလည်းကောင်း။ဂန္ဓာယတနံ၊ဂန္ဓာယတနလည်းကောင်း။ရသာယတနံ၊ရသာယတနလည်းကောင်း။ဖောဋ္ဌဗ္ဗာယတနံ၊ဖောဋ္ဌဗ္ဗာယတနလည်းကောင်း။ဓမ္မာယတနံ၊ဓမ္မာယတနလည်းကောင်း။ဣတိ၊ဤသို့။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**ဓာတ် ၁၈-ပါး (ရုပ်ဓာတ် ၁၀-ပါး)**

၄၅။ဓာတုယော၊ (မိမိသဘောကိုဆောင်တတ်သော)ဓာတ်တို့သည်။စက္ခုဓာတု၊စက္ခုဓာတ်လည်းကောင်း။သောတဓာတု၊သောတဓာတ်လည်းကောင်း။ဃာနဓာတု၊ဃာနဓာတ်လည်းကောင်း။ဇိဝှါဓာတု၊ဇိဝှါဓာတ်လည်းကောင်း။ကာယဓာတု၊ကာယဓာတ်လည်းကောင်း။ရူပဓာတု၊ရူပဓာတ်လည်းကောင်း။သဒ္ဒဓာတု၊သဒ္ဒဓာတ်လည်းကောင်း။ဂန္ဓဓာတု၊ဂန္ဓဓာတ်လည်းကောင်း။ရသဓာတု၊ရသဓာတ်လည်းကောင်း။ဖောဋ္ဌဗ္ဗဓာတု၊ဖောဋ္ဌဗ္ဗဓာတ်လည်းကောင်း။

**နာမ်ဓာတ် ၇-ပါး**

စက္ခုဝိညာဏဓာတု၊စက္ခုဝိညာဏဓာတ်လည်းကောင်း။သောတဝိညာဏဓာတု၊သောတဝိညာဏဓာတ်လည်းကောင်း။ဃာနဝိညာဏဓာတု၊ဃာနဝိညာဏဓာတ်လည်းကောင်း။ဇိဝှါဝိညာဏဓာတု၊ဇိဝှါဝိညာဏဓာတ်လည်းကောင်း။ကာယဝိညာဏဓာတု၊ကာယဝိညာဏဓာတ်လည်းကောင်း။မနောဓာတု၊မနောဓာတ်လည်းကောင်း။မနောဝိညာဏဓာတု၊မနောဝိညာဏဓာတ်လည်းကောင်း။

**မိဿကဓာတ် ၁-ပါး**

ဓမ္မဓာတု၊ဓမ္မဓာတ်လည်းကောင်း။ဣတိ၊ဤသို့။အဋ္ဌာရသ၊တစ်ဆယ့်ရှစ်ပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**သစ္စာ ၄-ပါး**

၄၆။အရိယသစ္စာနိ၊ (အရိယာတို့ ထိုးထွင်း၍ သိအပ်သောအမှန်တရား)အရိယသစ္စာတို့သည်။ဒုက္ခံ၊ဒုက္ခဟုဆိုအပ်သော။အရိယသစ္စံ၊အရိယသစ္စာလည်းကောင်း။ဒုက္ခသမုဒယော၊ဒုက္ခ၏ အကြောင်းဖြစ်သော။အရိယသစ္စံ၊အရိယသစ္စာလည်းကောင်း။ဒုက္ခနိရောဓော၊ဒုက္ခ၏ ချုပ်ရာဖြစ်သော။အရိယသစ္စံ၊အရိယသစ္စာလည်းကောင်း။ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟုဆိုအပ်သော။အရိယသစ္စံ၊အရိယသစ္စာလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရိ၊လေးပါးအပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**တရားကိုယ်ယူပုံ ယူနည်း (ဓမ္မာယတန,ဓမ္မဓာတ်တရားကိုယ်)**

၄၇။ပန၊အထူးကိုဆိုအံ့။ဧတ္ထ၊ဤသဗ္ဗသင်္ဂဟ၌။စေတသိက သုခုမရူပ နိဗ္ဗာန၀

http://www.dhammadownload.com


သေန၊စေတသိက်ဒွေပညာသ သုခုမရုပ် သောဠသ,နိဗ္ဗာန်တို့၏ အစွမ်းဖြင့်။ဧကူနသတ္တတိ ဓမ္မာ၊တစ်ခုယုတ် ခုနစ်ဆယ်သောတရားတို့သည်။ဓမ္မာယတန ဓမ္မဓာတူတိသင်္ခါ၊ဓမ္မာယတန, ဓမ္မဓာတ်ဟု ရေတွက်ခြင်းသို့။(ဝါ)ဓမ္မာယတန,ဓမ္မဓာတ်ဟု ရေတွက်အပ်သည်၏အဖြစ်သို့။ (ဝါ)ဓမ္မာယတန,ဓမ္မဓာတ်ဟု ခေါ်ဝေါ်ခြင်းသို့။(ဝါ)ဓမ္မာယတန,ဓမ္မဓာတ်ဟု ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

## စိတ် ၇-မျိုး

၄၈။မနာယတနမေဝ၊မနာယတန တစ်ခုသည်ပင်လျှင်။သတ္တဝိညာဏဓာတုဝသေန၊သတ္တဝိညာဏဓာတ်၏ အစွမ်းဖြင့်။ဘိဇ္ဇတိ၊ပြား၏။

## တရားကိုယ်ပြ သင်္ဂဟဂါထာများ (ခန္ဓာ ၅-ပါး တရားကိုယ်)

၄၉။ရူပဥ္စ၊ရုပ်အဋ္ဌဝီသလည်းကောင်း။ဝေဒနာ စ၊ဝေဒနာစေတသိက်လည်းကောင်း။သညာ စ၊သညာစေတသိက်လည်းကောင်း။သေသစေတသိကာ စ၊ဝေဒနာ,သညာမှကြွင်းသော စေတသိက်ငါးဆယ်တို့လည်းကောင်း။တထာ၊ထိုမြို့။ဝိညာဏဥ္စ၊စိတ်တစ်ခုယုတ် ကိုးဆယ်လည်းကောင်း။ဣတိ၊ဤသို့။ပဉ္စ၊ငါးပါးကုန်သော။ဧတေ၊ထိုတရားတို့ကို။ပဉ္စက္ခန္ဓာတိ၊ငါးပါးသော ခန္ဓာတို့ဟူ၍။တထာဂတေဟိ၊မြတ်စွာဘုရားတို့သည်။ဘာသိတာ၊ဟောတော်မူအပ်ကုန်၏။

## ဥပါဒါနက္ခန္ဓာ တရားကိုယ်

၅၀။တထာ၊ထို့အတူ။တေဘူမကာ၊ဘုံသုံးပါး၌ ဖြစ်ကုန်သော။ဧတေ၊ထိုသဘောတရား ငါးပါးတို့ကို ။ပဉ္စုပါဒါနက္ခန္ဓာတိ၊ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍။မတာ၊သိအပ်ကုန်၏။

## နိဗ္ဗာန် ခန္ဓဝိမုတ်ဖြစ်ခြင်းအကြောင်း

နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ဘေဒါဘာဝေန၊ပစ္စုပ္ပန်,အတိတ်,အနာဂတ်,အဇ္ဈတ္တ,ဗဟိဒ္ဓ, ဒူရ,အာသန္န,ဟီန,ပဏီတ,သုခုမ, ဩဠာရိကဟု ဆိုအပ်သော တစ်ဆယ့်တစ်ပါးအပြား၏မရှိခြင်းကြောင့်။ခန္ဓသင်္ဂဟနိဿဋံ၊ခန္ဓာဟူသော အရေအတွက်မှလွတ်၏။

## အာယတန ၁၂-ပါးပြားပုံ

၅၁။အာယတနာနိ၊အာယတနတို့သည်။ဒွါရာလမ္ဗဏဘေဒေန၊ခြောက်ပါးသော ဒွါရ,ခြောက်ပါးသော အာရုံတို့၏အပြားဖြင့်။ဒွါဒသ၊တစ်ဆယ့်နှစ်ပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။

## ဓာတ် ၁၈-ပါး ပြားပုံ

ဓာတုယော စ၊ဓာတ်တို့သည်လည်း။ဒွါရာလမ္ဗ တဒုပ္ပန္န ပရိယာယေန၊ခြောက်ပါးသောဒွါရ,ခြောက်ပါးသော အာရုံ,ထိုဒွါရ, အာရုံကိုမှီ၍ဖြစ်သော ဝိညာဏ်တို့၏အစဉ်ဖြင့်။ အဋ္ဌာရသ၊တစ်ဆယ့်ရှစ်ပါးအပြားရှိကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com



### သစ္စာ ၄-ပါး တရားကိုယ်

၅၂။တေဘူမကုံ၊ဘုံသုံးပါး၌ဖြစ်သော။ဝဋ္ဋံ၊ဝဋ်တရားသည်။ဒုက္ခံ၊ဒုက္ခသစ္စာမည်သည်။ဘဝေ၊ဖြစ်၏။တဏှာ၊လောဘစေတသိက်သည်။သမုဒယော၊သမုဒယသစ္စာမည်သည် ဘဝေ၊ဖြစ်၏။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။နိရောဓော နာမ၊နိရောဓသစ္စာမည်သည်။ဘဝေ၊ဖြစ်၏၊ လောကုတ္တရော၊လောကုတ္တရာဖြစ်သော။မဂ္ဂေါ၊မဂ္ဂင်ရှစ်ပါးကို။မဂ္ဂေါ၊မဂ္ဂသစ္စာမည်၏ဟူ၍၊ မတော၊သိအပ်၏။

### သစ္စာဝိမုတ်

၅၃။မဂ္ဂယုတ္တာ စ၊မဂ္ဂင် ရှစ်ပါးနှင့်ယှဉ်ကုန်သော မဂ်စိတ္တုပ္ပါဒ်တို့သည်လည်း ကောင်း။ဖလာစေဝ၊ဖိုလ်စိတ္တုပ္ပါဒ်တို့သည်လည်းကောင်း။စတုသစ္စ ဝိနိဿဋ္ဌာ၊သစ္စာလေးပါး မှလွတ်ကုန်၏။ဣတိ၊ဤသို့။ပဉ္စပ္ပဘေဒေန၊ငါးပါးသော အပြားဖြင့်။သဗ္ဗသင်္ဂဟော၊သဗ္ဗသင် ဟကို။မယာ၊ငါသည်။ပဝုတ္တော၊အပြားအားဖြင့် မိန့်အပ်ပြီ။

**သမုစ္စည်းပိုင်း ပြီး၏။**

# ၈–ပစ္စည်းပိုင်း

## ပဋ္ဌိညာဉ်

၁။ယေသံ၊အကြင်သို့ သဘောရှိကုန်သော။သင်္ခတ ဓမ္မာနံ၊သဟိတ်စိတ် စေ သတ္တတိ,မောဟမူဒွေ၌မောဟကြဉ်သော စေတသိက်ဒွေပညာသ,သဟိတ်စိတ္တဇရုပ်,သဟိတ် ပဋိသန္ဓေကမ္မဇရုပ် အစရှိကုန်သောအကျိုးပစ္စယုပ္ပန် တရားတို့အား။ယေ ဓမ္မာ၊အကြင်ဟိတ် ခြောက်ပါးအစရှိသော အကြောင်းပစ္စည်းတရားတို့သည်။ယထာ=ယေန ပကာရေန၊အကြင် ဟေတုသတ္တိအစရှိသော အပြားဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။တံဝိဘာဂံ၊ထိုပစ္စယုပ္ပန်တရားတို့အား ထိုပစ္စည်းတရားတို့၏ ကျေးဇူး ပြုတတ်သော သတ္တိအပြားကို။ဣဟ=ဣမသ္မိံ သမုစ္စယသင်္ဂဟာနန္တရဋ္ဌာနေ၊သမုစ္စယ သင်္ဂဟ၏အခြားမဲ့ဖြစ်သော ဤပစ္စယသင်္ဂဟအရာ၌။ဣဒါနိ၊ယခုအခါ၌။ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။အဟံ၊ငါသည်။ပဝက္ခာမိ၊အပြားအားဖြင့် ဆိုပေအံ့။

### နာနာက္ခဏိက ကမ္မပစ္စည်းကို ရှု၍ ပစ္စည်းပိုင်းလာ ပဋ္ဌိညာဉ်ပြဂါထာကို အနက်ယောဇနာပုံ

ယေသံ၊အကြင်သို့ သဘောရှိကုန်သော။သင်္ခတဓမ္မာနံ၊ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာ,ကဋတ္တာရုပ် သင်္ခတပစ္စယုပ္ပန်တရားတို့အား။ယေဓမ္မာ၊အကြင်အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာ ပစ္စည်းတရားတို့သည်။ယထာ=ယေန ပကာရေန၊အကြင်

http://www.dhammadownload.com


နာနာက္ခဏိက ကမ္မသတ္တိဟူသော အပြားအားဖြင့်။ပစ္စယာ ဥပကာရကာ၊ကျေးဇူးပြုတတ် ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။တံဝိဘာဂံ၊ထိုပစ္စယုပ္ပန်တရားတို့အား ထိုပစ္စည်းတရားတို့၏ ကျေးဇူးပြုတတ်သော သတ္တိအပြားကို။ဣဟ (ဣမသ္မိံ သမုစ္စယသင်္ဂဟာနန္တဋ္ဌာနေ)-သမုစ္စယ သင်္ဂဟာ၏ အခြားမဲ့ဖြစ်သော ဤပစ္စယသင်္ဂဟအရာ၌။ဣဒါနိ၊ယခုအခါ၌။ယထာရဟံ၊ထိုက် သည်အားလျော်စွာ။အဟံ၊ငါသည်။ပဝက္ခာမိ၊အပြားအားဖြင့် ဆိုပေအံ့။

## ပစ္စယသင်္ဂဟနည်း ၂-ပါး

၂။ပဋိစ္စသမုပ္ပါဒနယော စ၊ပဋိစ္စသမုပ္ပါဒ်နည်းလည်းကောင်း။ပဋ္ဌာနနယော စ၊ ပဋ္ဌာန်းနည်းလည်းကောင်း။ဣတိ၊ဤသို့။ပစ္စယသင်္ဂဟော၊ပစ္စယသင်္ဂဟကို။ဒုဝိဓော၊နှစ်ပါး အပြားရှိ၏ဟူ၍။ဝေဒိတဗ္ဗော၊သိအပ်၏။

## ပဋိစ္စသမုပ္ပါဒ်နည်း မည်ပုံ

၃။တတ္ထ=တေသု ဒွီသုနယေသု၊ထိုနည်းနှစ်ပါးတို့တွင်။တဗ္ဘာဝ ဘာဝီဘာဝါကာရ မတ္တော ပလက္ခိတော၊ထိုအဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ဖြစ်သဖြင့် ဖြစ်လေ့ရှိ ကုန်သော သင်္ခါရအစရှိကုန်သော အကျိုးတရားတို့၏ဖြစ်သောအခြင်းအရာမျှဖြင့် မှတ်အပ် သောနည်းသည်။ပဋိစ္စသမုပ္ပါဒနယော၊ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

## ပဋ္ဌာန်းနည်းမည်ပုံ

ပဋ္ဌာန နယော ပန၊ပဋ္ဌာန်းနည်းကိုကား။အာဟစ္စ ပစ္စယဋ္ဌိတိံ၊အထူးပြု၍ဖြစ် သော ပစ္စည်းဟုဆိုအပ်သောတည်ရာကို။အာရဗ္ဘ၊အကြောင်းပြု၍။ပဝုစ္စတိ၊မိန့်အပ်၏။ ဥဘယံ၊နည်းနှစ်ပါးကို။ဝေါမိဿိတွာ၊ရောနှော၍။အာစရိယာ၊အဋ္ဌကထာဆရာတို့သည်။ ပပဉ္စေန္တိ၊ချဲ့ကုန်၏။မယံ ပန၊ငါအနုရုဒ္ဓါဆရာတို့သည်ကား။ဝိသုံ ဝိသုံ၊အသီးအသီး။ဒဿ ယိဿာမ၊ပြကုန်အံ့။

## ပဋိစ္စသမုပ္ပါဒ်နည်း ၁၂-ပါး

၄။တတ္ထ=တေသုဒွီသု နယေသု၊ထိုနှစ်ပါးတို့တွင်။အဝိဇ္ဇာ(ပ)သမုဒယော ဟောတိ ဣတိ၊အဝိဇ္ဇာ(ပ)သမုဒယော ဟောတိဟူသော။အယံ နယော၊ဤနည်းသည်။ဧတ္ထ၊ဤပစ္စယ သင်္ဂဟအရာ၌။ပဋိစ္စသမုပ္ပါဒနယော၊ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

## အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း

**အဝိဇ္ဇာပစ္စယာ**၊သစ္စာလေးပါးတရားကိုဖုံးလွှမ်းတတ်သော မောဟဟူသော အကြောင်းကြောင့်။**သင်္ခါရာ**၊ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရတို့ သည်။သမ္ဘဝန္တိ၊ဖြစ်ကုန်၏။

## သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ခြင်း

သင်္ခါရပစ္စယာ၊သင်္ခါရဟူသော အကြောင်းကြောင့်။**ဝိညာဏံ**၊ပဋိသန္ဓေစိတ် ဧကူ

http://www.dhammadownload.com



န ဝိသဟု ဆိုအပ်သောဝိညာဏ်သည်။(ဝါ)လောကီဝိပါက် ဗာတ္တိသဟု ဆိုအပ်သော ဝိညာဏ်သည်။(ဝါ)စိတ်တစ်ခုယုတ် ကိုးဆယ်ဟုဆိုအပ်သော ဝိညာဏ်သည်။သမ္ဘဝတိ၊ ၏။

**ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ခြင်း**

**ဝိညာဏပစ္စယာ၊ဝိညာဏ်ဟူသော အကြောင်းကြောင့်။နာမရူပံ၊နာမ်သည်** လည်းကောင်း,ရုပ်သည်လည်းကောင်း,နာမ်ရုပ်သည်လည်းကောင်း။သမ္ဘဝတိ၊ဖြစ်၏။

**နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ခြင်း**

နာမရူပပစ္စယာ၊နာမ်ရုပ်ဟူသော အကြောင်းကြောင့်။သဠာယတနံ၊စက္ခာယတန, သောတာယတန,ဃာနာယတန,ဇိဝှါယတန,ကာယာယတန,မနာယတနသည်။(ဝါ)သဠာယတနံ၊သဠာယတနသည်။သမ္ဘဝတိ၊ဖြစ်၏။

**သဠာယတနကြောင့် ဖဿဖြစ်ခြင်း**

သဠာယတန ပစ္စယာ၊သဠာယတနဟူသော အကြောင်းကြောင့်။ဖဿော၊စက္ခုသမ္ဖဿ,သောတသမ္ဖဿ,ဃာနသမ္ဖဿ,ဇိဝှါသမ္ဖဿ,ကာယသမ္ဖဿ,မနောသမ္ဖဿသည်။ သမ္ဘဝတိ၊ဖြစ်၏။

**ဖဿကြောင့် ဝေဒနာဖြစ်ခြင်း**

ဖဿ ပစ္စယာ၊ဖဿဟူသော အကြောင်းကြောင့်။ဝေဒနာ၊စက္ခုသမ္ဖဿဇာ ဝေဒနာ,သောတသမ္ဖဿဇာ ဝေဒနာ,ဃာနသမ္ဖဿဇာ ဝေဒနာ,ဇိဝှါသမ္ဖဿဇာ ဝေဒနာ,ကာယသမ္ဖဿဇာ ဝေဒနာ,မနောသမ္ဖဿဇာ ဝေဒနာသည်။(ဝါ)သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာသည်။သမ္ဘဝတိ၊ဖြစ်၏။

**ဝေဒနာကြောင့် တဏှာဖြစ်ခြင်း**

ဝေဒနာ ပစ္စယာ၊ဝေဒနာဟူသော အကြောင်းကြောင့်။တဏှာ၊ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာ,သည်။(ဝါ) ရူပတဏှာ,သဒ္ဒတဏှာ,ဂန္ဓတဏှာ,ရသတဏှာ,ဖောဋ္ဌဗ္ဗတဏှာ,ဓမ္မတဏှာသည်။သမ္ဘဝတိ၊ဖြစ်၏။ **(တဏှာကြောင့် ဥပါဒါန်ဖြစ်ခြင်း)**

တဏှာပစ္စယာ၊တဏှာဟူသော အကြောင်းကြောင့်။ဥပါဒါနံ၊ကာမုပါဒါန်,ဒိဋ္ဌုပါဒါန်,သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန်သည်။သမ္ဘဝတိ၊ဖြစ်၏။

**ဥပါဒါန်ကြောင့် ဘဝဖြစ်ခြင်း**

ဥပါဒါနပစ္စယာ၊ဥပါဒါန်ဟူသော အကြောင်းကြောင့်။ဘဝေါ၊ကမ္မဘဝ,ဥပပတ္တိဘဝသည်။သမ္ဘဝတိ၊ဖြစ်၏။(ကမ္မဘဝ၊ကုသိုလ်ကံ,အကုသိုလ်ကံ,သင်္ခါရ, ၃-ပါး။ဥပပတ္တိဘဝ၊ လောကီဝိပါက် ၃၂-ပါးယှဉ်ဖက်စေတသိက်,ကမ္မဇရုပ်များ)။

**ဘဝကြောင့် ဇာတိဖြစ်ခြင်း**

ဘဝပစ္စယာ၊ကမ္မဘဝဟူသော(သင်္ခါရ)**အကြောင်းကြောင့်**။ဇာတိ၊ပဋိသန္ဓေနေ

http://www.dhammadownload.com



ခြင်းသည်။သမ္ဘဝတိ၊ဖြစ်၏။

## ဇာတိကြောင့် ဇရာမရဏဖြစ်ခြင်း

ဇာတိပစ္စယာ၊ဇာတိဟူသော အကြောင်းကြောင့်။ဇရာမရဏံ၊အိုခြင်း,သေခြင်းသည်။သမ္ဘဝတိ၊ဖြစ်၏။

## ဇာတိ၏ အကျိုးဆက်များ

သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ၊စိုးရိမ်ခြင်း,ငိုကြွေးခြင်း,ဆင်းရဲခြင်း,နှလုံးမသာယာခြင်း,ပြင်းစွာပင်ပန်းခြင်းတို့သည်။သမ္ဘဝန္တိ၊ဖြစ်ကုန်၏။

ဧဝံ=ဣမိနာ ယထာဝုတ္တ ပစ္စယပရံပရ ဝိဓိနာ၊အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောပစ္စည်းအဆက်ဆက်ဟုဆိုအပ်သော အစီအရင်ဖြင့်။ကေဝလဿ၊ချမ်းသာအစရှိသည်နှင့်မရောသော။ဧတဿ ဒုက္ခက္ခန္ဓဿ၊ထိုဆင်းရဲအစု၏။သမုဒယော၊ဖြစ်ခြင်းသည်။ဟောတိ၊ထင်ရှား၏။ဣတိ အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤအရာ၌။ပဋိစ္စသမုပ္ပါဒနယော၊ပဋိစ္စသမုပ္ပါဒ်နည်းတည်း။

### အစွန်.စသည်ကို ပြခြင်း (ပဋိစ္စသမုပ္ပါဒ်၌အကျဉ်းချုပ်=ဥဒ္ဒေသ-၇-မျိုးပြအနက်)

၅။တတ္ထ၊ထိုပဋိစ္စသမုပ္ပါဒ်နည်း၌။တယော၊သုံးပါးကုန်သော။အဒ္ဓါ စ၊ကာလတို့ကိုလည်းကောင်း။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။အင်္ဂါနိ စ၊အင်္ဂါတို့ကိုလည်းကောင်း။ဝီသတိ၊နှစ်ဆယ်သော။အာကာရာ စ၊အခြင်းအရာတို့ကိုလည်းကောင်း။တိသန္ဓိ စ၊သုံးပါးသောအစပ်တို့ကိုလည်းကောင်း။စတုသင်္ခေပါ စ၊လေးပါးသော အလွှာတို့ကိုလည်းကောင်း။တီဏိ၊သုံးပါးကုန်သော။ဝဋ္ဋာနိ စ၊ဝဋ်တို့ကိုလည်းကောင်း။ဒွေ၊နှစ်ပါးကုန်သော။မူလာနိ စ၊မူလတို့ကိုလည်းကောင်း။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

### အစွန်.=ကာလ ၃-ပါး (အတိတ်ကာလ-တယောအဒ္ဓါ၏ဝိတ္ထာရအကျယ်ပြအနက်)

၆။ကထံ ဝေဒိတဗ္ဗာနိ၊အဘယ်သို့ သိအပ်ကုန်သနည်းဟူမူကား။အဝိဇ္ဇာ သင်္ခါရာ၊အဝိဇ္ဇာ,သင်္ခါရတို့သည်။အတီတော၊အတိတ်ဖြစ်သော။အဒ္ဓါ၊ကာလမည်၏။

### အနာဂတ်ကာလ

ဇာတိ ဇရာမရဏာနံ၊ဇာတိ,ဇရာ,မရဏသည်။အနာဂတော၊အနာဂတ်ဖြစ်သော။အဒ္ဓါ၊ကာလမည်၏။ **(ပစ္စုပ္ပန်ကာလ)**

မဇ္ဈေ၊အလယ်၌။အဋ္ဌ၊ရှစ်ပါးကုန်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝတို့သည်။ပစ္စုပ္ပန္နော၊ပစ္စုပ္ပန်ဖြစ်သော။အဒ္ဓါ၊ကာလမည်၏။ဣတိ၊ဤသို့။တယော၊သုံးပါးကုန်သော။အဒ္ဓါ၊ကာလတို့ကို။ဝေဒိတဗ္ဗော၊သိအပ်ကုန်၏။

### အင်္ဂါ ၁၂-ပါး

၇အဝိဇ္ဇာ၊အဝိဇ္ဇာလည်းကောင်း။သင်္ခါရာ၊သင်္ခါရတို့လည်းကောင်း။ဝိညာဏံ၊

http://www.dhammadownload.com


ဝိညာဏ်လည်းကောင်း။နာမရူပံ၊နာမ်ရုပ်လည်းကောင်း။သဠာယတနံ၊သဠာယတနလည်း ကောင်း။ဖဿော၊ဖဿလည်းကောင်း။ဝေဒနာ၊ဝေဒနာလည်းကောင်း။တဏှာ၊တဏှာလည်း ကောင်း။ဥပါဒါနံ၊ဥပါဒါန်လည်းကောင်း။ဘဝေါ၊ဘဝလည်းကောင်း။ဇာတိ၊ဇာတိလည်း ကောင်း။ဇရာ မရဏံ၊ဇရာ မရဏလည်းကောင်း။ဣတိ၊ဤသို့။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန် သော။အင်္ဂါနိ၊အင်္ဂါတို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

**အမှာစကား (သောကစသည်ကို ဆိုရခြင်းအကျိုး)**

**၈။**ပန၊အထူးကိုဆိုအံ့။(ဝါ)တိုက်ရိုက်ဖော်ထုတ်ပြောဆိုခြင်း နီတတ္ထမှတစ်ပါး, သွယ်ဝိုက်၍ ပြောဆိုခြင်း နေယျတ္ထကိုဆိုအံ့။ထွေ၊ဤပဋိစ္စသမုပ္ပါဒ်နည်း၌။သောကာဒိဝစနံ၊ သောကအစရှိသော စကားကိုဆိုခြင်းသည်။နိဿန္ဒ ဖလ နိဒဿနံဝေ၊ဇာတိ၏မုချမဟုတ် သော အကျိုးဆက်မျှကိုပြခြင်းသည်သာလျှင်။ဟောတိ၊ဖြစ်၏။ဝိသုံ၊အသီး။အင်္ဂဒဿနံ၊ အင်္ဂါကိုပြခြင်းသည်။န ဟောတိ၊မဖြစ်။

**ခြင်းရာ-၂၀,အစပ် ၃-ပါး,အလွှာ ၄-ပါး (အတိတ်အကြောင်း ၅-ပါးပြအနက်)**

**၉။**ပန၊အထူးကိုဆိုအံ့။ထွေ၊ဤတစ်ဆယ့်နှစ်ပါးသော အင်္ဂါတို့တွင်။အဝိဇ္ဇာသင်္ခါ ရဂ္ဂဟဏေန၊အဝိဇ္ဇာ,သင်္ခါရကို ယူသဖြင့်။တဏှုပါဒါနဘဝါပိ၊တဏှာ,ဥပါဒါန်,ကမ္မဘဝတို့ ကိုလည်း။(ဝါ)တို့သည်လည်း။ဂဟိတာ၊ယူအပ်ကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

**ဣဒါနိ ဟေတဝေါပဉ္စ၏အကျယ်ပြ=ပစ္စုပ္ပန်အကြောင်း ၅-ပါးပြအနက်**

တထာ၊ထို့အတူ။တဏှုပါဒါနဘဝဂ္ဂဟဏေန စ၊တဏှာ,ဥပါဒါန်,ဘဝကိုယူသဖြင့် လည်း။အဝိဇ္ဇာ သင်္ခါရာ၊အဝိဇ္ဇာ,သင်္ခါရတို့ကို။(ဝါ)တို့သည်။ဂဟိတာ၊ယူအပ်ကုန်သည်။ဘဝန္တိ၊ ဖြစ်ကုန်၏။

**ပစ္စုပ္ပန်အကျိုး ၅-ပါးနှင့် အနာဂတ်အကျိုး ၅-ပါး**

ဇာတိ ဇရာ မရဏဂ္ဂဟဏေန စ၊ဇာတိ,ဇရာ,မရဏကိုယူသဖြင့်လည်း။ဝိညာဏာ ဒိ ဖလပဉ္စကမေဝ၊ဝိညာဏ်အစရှိသော (ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ) အကျိုးငါးပါးအပေါင်းကိုသာလျှင်။ဂဟိတံ၊ယူအပ်၏။ဣတိ ကတွာ=ဣတိ တသ္မာ၊ထို့ကြောင့်

**အကြောင်းအကျိုး (အခြင်းအရာ ၂၀-အစပ် ၃- အလွှာ ၄-ပြ)သင်္ဂဟဂါထာ**

**ပဉ္စသင်္ချာသဒ္ဒါ၏သရုပ်ကိုပေါ်လွင် ထင်ရှားစေလျက်အနက်ယောဇနာပုံ**

**၁၀။**အတီတေ၊လွန်လေပြီးသော ဘဝ၌။ပဉ္စ၊(အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်, ကမ္မ ဘဝအားဖြင့်) ငါးပါးကုန်သော။ဟေတဝေါ၊အကြောင်းတို့လည်းကောင်း။ဣဒါနိ၊ယခု ပစ္စုပ္ပန် ဘဝ၌။ဖလပဉ္စကံ၊ (ဝိညာဉ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာအားဖြင့်) အကျိုး ငါးပါးအပေါင်းလည်းကောင်း။ဣဒါနိ၊ယခုအခါ၌။ပဉ္စ၊ (တဏှာ,ဥပါဒါန်,ကမ္မဘဝ,အဝိဇ္ဇာ, သင်္ခါရအားဖြင့်)ငါးပါးကုန်သော။ဟေတဝေါ၊အကြောင်းတို့လည်းကောင်း။အာယတိံ၊

http://www.dhammadownload.com



နောင်လာလတ္တံ့သော ဘဝ၌။ဖလပဉ္စကကံ၊ (ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ အားဖြင့်) အကျိုးငါးပါးအပေါင်းလည်းကောင်း။ဣတိ၊ဤသို့။ဝီသတိ၊နှစ်ဆယ်သော။ အာကာရာစ၊အခြင်းအရာ တို့သည်လည်းကောင်း။တိသန္ဓိ စ၊သုံးပါးသော အစပ်တို့သည် ၎င်း။စတုသင်္ခေပါ စ၊ လေးပါးသော အလ္ဘာတို့သည်၎င်း။ဘဝန္တိ၊ဖြစ်ကုန်၏။

**ဝဋ် ၃-ပါး (တီဏိဝဋ္ဋာနိ၏အကျယ်ပြ-ကိလေသဝဋ်)**

၁၁။အဝိဇ္ဇာ စ၊အဝိဇ္ဇာသည်လည်းကောင်း။တဏှုပါဒါနာ စ၊တဏှာ,ဥပါဒါန်တို့ သည်လည်းကောင်း။ကိလေသဝဋ္ဋံ၊ကိလေသဝဋ်မည်၏။

**ကမ္မဝဋ်**

ကမ္မဘဝသင်္ခါတော၊ကမ္မဘဝဟုဆိုအပ်သော။ဘဝေကဒေသော စ၊ဘဝတစ်စိတ် သည်လည်းကောင်း။သင်္ခါရာ စ၊ (ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရ) သင်္ခါရတို့သည်လည်းကောင်း။ကမ္မဝဋ္ဋံ၊ကမ္မဝဋ်မည်၏။

**ဝိပါကဝဋ်**

ဥပပတ္တိဘဝသင်္ခါတော၊ဥပပတ္တိဘဝဟုဆိုအပ်သော။ဘဝေကဒေသော စ၊ဘဝ တစ်စိတ်သည်လည်း၊ကောင်း။အဝသေသာ စ၊ဆိုအပ်ခဲ့ပြီးသည်မှကြွင်းကုန်သော ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,ဇာတိ,ဇရာ,မရဏတို့သည်လည်းကောင်း။ဝိပါကဝဋ္ဋံ၊ ဝိပါကဝဋ်မည်၏။ဣတိ၊ဤသို့။တီဏိ၊သုံးပါးကုန်သော။ဝဋ္ဋာနိ၊ဝဋ်တို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ် ကုန်၏။

**ဝဋ်မြစ် ၂-ပါး (ဒွေမူလာနိ၏အကျယ်ပြအနက်)**

၁၂။အဝိဇ္ဇာ တဏှာဝသေန၊အဝိဇ္ဇာ,တဏှာတို့၏အစွမ်းဖြင့်။ဒွေ၊နှစ်ပါးကုန်သော မူလာနိ စ၊မူလတို့ကိုလည်း။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

**ဝဋ်ပြတ်ပုံနှင့် လည်ပုံ (သံသရာစက်ရဟတ်ပြတ်ပုံ)**

၁၃။စ၊သံသရာစကြာလည်သည်မှတစ်ပါး သံသရာစက်ပြတ်သည်ကိုဆိုအံ့။တေသ မေဝစ မူလာနံ၊ထိုနှစ်ပါးသော အဝိဇ္ဇာ,တဏှာမူလတို့၏၊သာလျှင်။နိရောဓေန၊အရဟတ္တမဂ် ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်။ဝဋ္ဋံ၊ဝဋ်တရားသည်။နိရုဇ္ဈတိ၊ချုပ်၏။

**အဝိဇ္ဇာ၏အကြောင်း အာသဝ (အာသဝကြောင့် အဝိဇ္ဇာဖြစ်ပုံ-ဝဋ်လည်ပုံ)**

ဇရာမရဏမုစ္ဆာယ၊အိုခြင်း,သေခြင်း,တွေဝေမိန်းမောခြင်းဖြင့်။(ဝါ)အိုခြင်း,သေ ခြင်း,တွေဝေ မိန်းမောခြင်းသည်။အဘိဏှသော၊မပြတ်။ပီဠိတာနံ၊နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား။အာသဝါနံ၊အာသဝေါတရားတို့၏။သမုပ္ပါဒါ၊ဖြစ်ခြင်းကြောင့်။အဝိဇ္ဇာ စ၊ အဝိဇ္ဇာသည်လည်း။ပဝတ္တတိ၊ဖြစ်၏။(ဝါ)ပွား၏။

ဣစ္စေဝံ=ဣတိ ဧဝံ ယထာဝုတ္တနယေန၊ဤသို့ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော

http://www.dhammadownload.com


နည်းဖြင့်။အာဗန္ဓံ၊မပြတ်လည်ထသော။အနာဒိကံ၊အစမထင်သော။(ဝါ)မသိအပ်သော အစရှိသော။တေဘူမကံ၊ဘုံ သုံးပါး၌ဖြစ်သော။ဝဋ္ဋံ၊ဝဋ်တရားကို။ပဋိစ္စသမုပ္ပါဒေါတိ၊အကြောင်းတရားတို့၏ညီညွတ်ခြင်းကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ရာဟူ၍။မဟာမုနိ၊မြတ်စွာဘုရားသည်။ပဋ္ဌပေသိ=ပညာပေသိ၊ပညတ်တော်မူ၏။(ဝါ)ပဋ္ဌပေသိ=ဒေသေသိ၊ဟောတော်မူ၏။

## ပဋ္ဌာန်းနည်း (၂၄-ပစ္စည်း)

၁၄။ဟေတုပစ္စယော(ပ)အဝိဂတပစ္စယောတိ၊ဟေတုပစ္စယော(ပ)အဝိဂတပစ္စယောဟူသော။အယံ နယော၊ဤနည်းသည်။ဧတ္ထ၊ဤပစ္စယသင်္ဂဟအရာ၌။(ဝါ)ဤနှစ်ပါးသောနည်းတို့တွင်။ပဋ္ဌာနနယော၊ပဋ္ဌာန်းနည်းမည်၏။ဟေတုပစ္စယော၊ဟေတုပစ္စည်းသည်လည်းကောင်း။(ပ)အဝိဂတပစ္စယော၊အဝိဂတပစ္စည်းသည်လည်းကောင်း။ဣတိ၊ဤသို့။စတုဝီသတိပစ္စယာ၊နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့သည်။မဟာပကရဏေ၊အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌။ဌိတာ၊တည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။(တစ်နည်းကား)ဟေတုပစ္စယော၊ဟေတုလည်းဖြစ်,ပစ္စည်းလည်းဖြစ်သော တရားလည်းကောင်း။(ပ)အဝိဂတပစ္စယော၊အဝိဂတလည်းဖြစ်,ပစ္စည်းလည်းဖြစ်သော တရားလည်းကောင်း။ဣတိ၊ဤသို့။စတုဝီသတိပစ္စယာ၊နှစ်ဆယ့်လေးပစ္စည်းတို့သည်။မဟာပကရဏေ၊အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌။ဌိတာ၊တည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

တစ်နည်းကား-ဟေတုပစ္စယော၊ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။အာရမ္မဏပစ္စယော၊အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။အဓိပတိပစ္စယော၊အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အနန္တရပစ္စယော၊အခြားမဲ့ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ သမနန္တရပစ္စယော၊ကောင်းစွာအခြားမဲ့ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ သဟဇာတပစ္စယော၊တကွဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အညမညပစ္စယော၊အချင်းအချင်းဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။နိဿယပစ္စယော၊မှီရာဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ဥပနိဿယပစ္စယော၊အားကြီးသော မှီရာအကြောင်းဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ပုရေဇာတပစ္စယော၊ရှေ့၌ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ပစ္ဆာ ဇာတပစ္စယော၊နောက်မှဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ အာသေဝနပစ္စယော၊အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။(ဝါ)အဖန်တလဲလဲ မှီဝဲထုံအပ်တတ်သည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ကမ္မပစ္စယော၊မျိုးစေ့ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

http://www.dhammadownload.com


ဝိပါက ပစ္စယော၊အကျိုးဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။အာဟာရ ပစ္စယော၊ ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဣန္ဒြိယပစ္စယော၊အစိုးရသည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဈာနပစ္စယော၊ကပ်၍ရှုတတ်သည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။မဂ္ဂ ပစ္စယော၊ (လားရာလမ်းသဖွယ်)အကြောင်းဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်း ကောင်း။ သမ္ပယုတ္တပစ္စယော၊ယှဉ်သည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဝိပ္ပယုတ္တပစ္စယော၊မယှဉ်အပ်သည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။အတ္ထိ ပစ္စယော၊ရှိသည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

နတ္ထိပစ္စယော၊မရှိသည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ဝိဂတ ပစ္စယော၊ကင်းသည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ဣတိ၊ဤသို့။စတုဝီသတိပစ္စ ယာ၊နှစ်ဆယ့်လေးပစ္စည်းတို့သည်။မဟာပကရဏေ၊အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်း ကြီး၌။ဋ္ဌိတာ၊တည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။(တစ်နည်းကား)ဟေတုပစ္စယော၊ဟေတု သတ္တိဖြင့်ကျေးဇူးပြုတတ်သော တရားလည်းကောင်း။(ပ)အဝိဂတပစ္စယော၊အဝိဂတသတ္တိ ဖြင့်ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ဣတိ၊ဤသို့။စတုဝီသတိပစ္စယာ၊နှစ်ဆယ့် လေးပစ္စည်းတို့သည်။မဟာပကရဏေ၊အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌။ဋ္ဌိတာ၊ တည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

အယံ၊ဤသည်ကား။ဧတ္ထ၊ဤအရာ၌။ပဋ္ဌာန နယော၊ပဋ္ဌာန်းနည်းတည်း။

## ပစ္စည်း ၆-မျိုး သင်္ဂဟဂါထာများ

## (သချာသဒ္ဒါတို့၏ သခင်္ချယ်များ ပေါ်လွင်ထင်းရှားစေလျက် အနက်ပေးပုံ)

၁၅။တုနိဒ္ဒေသမှတစ်ပါး ဥဒ္ဒေသကိုဆိုအံ့။(ဝါ)ပစ္စည်းတို့၏အသီးအသီး ကျေးဇူး ပြုတတ်သည်မှတစ်ပါး သတ္တိတူကိုပေါင်း၍ပြဆိုအံ့။(ဝါ)ပဋ္ဌာန်းနည်းကို အကျယ်ချဲ့၍ပြပြီး အံ့။ နာမံ၊နာမ်သည်။နာမဿ၊နာမ်အချင်းချင်းအား။ဆဓာ၊ (အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္ပယုတ္တ-ဟုဆိုအပ်သော)ခြောက်ပါးသော အခြင်း အရာဖြင့်။ပစ္စယော= ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။နာမံ၊နာမ်သည်။နာမရူပီနံ၊ နာမ်ရုပ်တို့အား။ပဉ္စဓာ၊ (ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါက, ဟုဆိုအပ်သော) ငါးပါးသော အခြင်းအရာဖြင့်။ ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ ဖြစ်၏။ ပုန၊တစ်ဖန်။နာမံ၊နာမ်သည်။ရူပဿ၊ရုပ်အား။ဧကဓာ၊ (ပစ္ဆာဇာတ-ဟု ဆိုအပ်သော) တစ်ပါးသော အခြင်းအရာဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ ဖြစ်၏။ စ၊နာမ်ပစ္စည်းတပ်သည်မှတစ်ပါး ရုပ်ပစ္စည်းတပ်သည်ကိုဆိုအံ့။ရူပံ၊ရုပ်သည်။

http://www.dhammadownload.com



နာမဿ၊နာမ်အား။ဧကဓာ၊ (ပုရေဇာတ-ဟုဆိုအပ်သော)တစ်ပါးသော အခြင်းအရာဖြင့်။ ပစ္စယော=ဥပကာရကော၊ကျေးဇူး ပြုတတ်သည်။ဟောတိ၊ဖြစ်၏။ပညတ္တိ နာမရူပါနိ၊ ပညတ်,နာမ်,ရုပ်တို့သည်။နာမဿ၊နာမ်အား။ဒွိဓာ၊ (အာရမ္မဏ, ဥပနိဿယ-ဟုဆိုအပ် သော)နှစ်ပါး သော အခြင်းအရာဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

စ၊သုဒ္ဓမှတစ်ပါး မိဿကကိုဆိုအံ့။ဒွယံ၊နာမ်ရုပ် နှစ်ခုအပေါင်းသည်။ဒွယဿ၊ နာမ်ရုပ်နှစ်ခုအပေါင်းအား။နဝဓာ၊ (အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဟု ဆိုအပ်သော)ကိုးပါးသော အခြင်းအရာဖြင့်။ ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။ပစ္စယော၊ ပစ္စည်းတို့သည်။ဆဗ္ဗိဓာ၊ခြောက်ပါးအပြားဖြင့်။ဌိတာ၊တည်ကုန်၏။

ကထံ ဌိတာ၊အဘယ်သို့ တည်ကုန်သနည်းဟူမူကား။စ-တပ္ပါကဋီ ကရောမိ၊ထို စကားကို ထင်စွာပြုဦးအံ့။(ဝါ)စ-ဝိတ္ထာရေမိ၊အကျယ်ချဲ့ဦးအံ့။

## (၁)နာမ်က နာမ်အား ကျေးဇူးပြုသော ၆-ပစ္စည်း (ဆဓာ နာမံ တု နာမဿ၏အကျယ်) အနန္တရစသည့် ၄-ပစ္စည်းဖြင့် ကျေးဇူးပြုပုံ

၁၆၅။အနန္တရနိရုဒ္ဓါ၊အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော။စိတ္တစေတသိကာ၊စိတ်,စေတ သိက်ဖြစ်ကုန်သော။ဓမ္မာ၊ရဟန္တာတို့၏စုတိကြဉ်သော စိတ်တစ်ခုယုတ်ကိုးဆယ်,စေတသိက် ၅၂ပညာသ နာမက္ခန္ဓာတို့သည်။ပစ္စုပ္ပန္နာနံ၊မိမိသို့ အတူလိုက်၍ဖြစ်ကုန်သော (မိမိချုပ် ပျောက်ပြီးနောက် တစ်ဆက်တည်းဖြစ်ပေါ်သော)။စိတ္တစေတသိကာနံ၊စိတ်,စေတသိက်ဖြစ် ကုန်သော။ဓမ္မာနံ၊ရဟန္တာတို့၏စုတိစိတ်နှင့်တကွ စိတ်တစ်ခုယုတ် ကိုးဆယ်,စေတသိက် ၅၂ပညာသ နာမက္ခန္ဓာတို့အား။အနန္တရ သမနန္တရ နတ္ထိ ဝိဂတဝသေန၊အနန္တရသတ္တိ,သမ နန္တရသတ္တိ,နတ္ထိသတ္တိ,ဝိဂတသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

### အာသေဝနပစ္စည်း-ပစ္စယုပ္ပန်ဖြင့် ကျေးဇူးပြုပုံ

ပုရိမာနိ၊ရှေးရှေး၌ဖြစ်ကုန်သော။ဇဝနာနိ၊အဆုံးဇော,မဂ်ဇော,ဖိုလ်ဇောကြဉ်သော ဇောသတ္တစတ္တာလီသ,စေတသိက် ၅၂ပညာသ နာမက္ခန္ဓာတို့သည်။ပစ္ဆိမာနံ၊နောက်နောက်၌ ဖြစ်ကုန်သော။ဇဝနာနံ၊ပဌမဇော,ဖိုလ်ဇောကြဉ်သော ဇောဧကပညာသ,စေတသိက် ၅၂ ပညာသ နာမက္ခန္ဓာတို့အား။အာသေဝနဝသေန စ၊အာသေဝနသတ္တိဖြင့်လည်း။ပစ္စယာ= ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

### သမ္ပယုတ္တပစ္စည်း-ပစ္စယုပ္ပန်ဖြင့် ကျေးဇူးပြုပုံ

သဟဇာတာ၊တကွဖြစ်ကုန်သော။စိတ္တစေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်

http://www.dhammadownload.com



သော။ဓမ္မာ၊နာမက္ခန္ဓာတရားတို့သည်။အညမည်၊အချင်းချင်း။(ဝါ)အညမည်=အညောအည သ၊တစ်ပါးသည် တစ်ပါးအား။သမ္ပယုတ္တဝသေန၊သမ္ပယုတ္တသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။နာမံ၊နာမ်သည်။နာမဿ၊နာမ် အချင်းချင်းအား။ဆဓာ၊ခြောက်ပါးသော အခြင်းအရာဖြင့်။ပစ္စယော=ဥပကာရကော၊ကျေး ဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

## (၂)နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ၅-ပစ္စည်း (ပဥ္စဓာနာမ ရူပီနံ၏အကျယ်) ဟေတု,ဈာန,မဂ္ဂ ပစ္စည်းဖြင့် ကျေးဇူးပြုပုံ

၁၇။ဟေတု ဈာနင် မဂ္ဂင်္ဂါနိ၊ဟိတ်,ဈာနင်,မဂ္ဂင်တို့သည်။သဟဇာတာနံ၊တကွဖြစ် ကုန်သော။နာမရူပါနံ၊နာမ်ရုပ်တို့အား။ဟေတာဒိဝသေန၊ဟေတုအစရှိသော သတ္တိဖြင့်။(ဝါ) ဟေတုသတ္တိ,ဈာနသတ္တိ,မဂ္ဂသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

### သဟဇာတကမ္မပစ္စည်းဖြင့် ကျေးဇူးပြုပုံ (ကမ္မပစ္စည်း ၂-မျိုး ပစ္စည်း+ပစ္စယုပ္ပန်)

သဟဇာတာ၊တကွဖြစ်သော။စေတနာ၊စိတ်တစ်ခုယုတ် ကိုးဆယ်၌ရှိသော စေတနာ တစ်ခုယုတ်ကိုးဆယ်သည်။သဟဇာတာနံ၊တကွဖြစ်ကုန်သော။နာမရူပါနံ၊စိတ်တစ် ယုတ်ကိုးဆယ်,စေတနာကြဉ်သောစေတသိက် ၅၁ပညာသ,စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ် တို့အား။ကမ္မဝသေန၊သဟဇာတကမ္မသတ္တိဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ် သည်။ဟောတိ၊ဖြစ်၏။

### နာနာက္ခဏိက ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုပုံ

နာနာက္ခဏိကာ၊အထူးထူးသောကာလ၌ တည်သော။စေတနာ၊အတိတ်ဖြစ် သော ကုသိုလ်,အကုသိုလ် စေတနာသုံးဆယ့်သုံးခုသည်။ကမ္မာဘိနိဗ္ဗတ္တာနံ၊ကံဟုဆိုအပ် သော မိမိကြောင့်ဖြစ်ကုန်သော။နာမရူပါနံ၊ဝိပါက်စိတ် ဆတ္တိံသနာမက္ခန္ဓာ,ပဋိသန္ဓေကမ္မဇ ရုပ်,အသညသတ်ကမ္မဇရုပ်,ပဝတ္တိကမ္မဇရုပ်တို့အား။ကမ္မဝသေန၊နာနာက္ခဏိက ကမ္မသတ္တိ ဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

### ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြုပုံ

ဝိပါကက္ခန္ဓာ၊ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာလေးပါးတို့သည်။အညမည်=အညော အညဿ စ၊တစ်ပါးသည် တစ်ပါးအားလည်းကောင်း။သဟဇာတာနံ၊တကွဖြစ်ကုန်သော။ ရူပါနဉ္စ၊ဝိညတ်ဒွေကြဉ်သော စိတ္တဇရုပ်,ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ဝိပါက ဝသေန၊ဝိပါကသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန် ၏။ဣတိ၊ဤသို့။နာမံ၊နာမ်သည်။နာမရူပါနံ၊နာမ်ရုပ်တို့အား။ပဥ္စဓာ၊ငါးပါးသော အခြင်းအ ရာဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



## (၃) နာမ်တ ရုပ်အား ကျေးဇူးပြုသော ၁-ပစ္စည်း (ဝေဓာပုန ရူပဿဧ၏အကျယ်)
## ပစ္ဆာဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုပုံ

၁၈။ပစ္ဆာဇာတာ၊နောက်နောက်၌ဖြစ်ကုန်သော။စိတ္တစေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊ပဋိဝေါကာရဘုံ၌ဖြစ်ခိုက်,ဖြစ်နေ အရူပဝိပါက်လေးခုကြဉ်သော ပဋိမဘဝင်အစရှိသော နောက်နောက်သော စိတ်ရှစ်ဆယ့်ငါးခု,စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့သည်။ပုရေဇာတဿ၊ရှေးရှေး၌ဖြစ်သော။ဣမဿ၊ဤသို့သဘောရှိသော။ကာယဿ၊ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ရုပ်၏ငြီသို့ရောက်သော စေဇကာယ,ဒွိဇကာယ,တိဇကာယ,စတုဇကာယအား။ပစ္ဆာဇာတဝသေန၊ပစ္ဆာဇာတသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။နာမံ၊နာမ်သည်။ရူပဿ၊ရုပ်အား။ဧကဓာ၊တစ်ခုသော အခြင်းအရာဖြင့်သာလျှင်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

## ရုပ်တ နာမ်အား ကျေးဇူးပြုသော ၁-ပစ္စည်း (ရူပံနာမဿ ဧကဓာ၏အကျယ်)
## ဝတ္ထုပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုပုံ

၁၉။ဆဝတ္ထူနိ၊ခြောက်ပါးသော ဝတ္ထုရုပ်တို့သည်။(ဝါ)မန္ဒာယုက,အမန္ဒာယုက, မဇ္ဈိမာယုကအားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု,(ပ)ကာယဝတ္ထု,ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု,နိရောဓသမာပတ်မှထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု,မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် တစ်ဆယ့်ခုနစ်ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ခြောက်ပါးသောဝတ္ထုရုပ်တို့သည်။ပဝတ္တိယံ၊ပဝတ္တိအခါ၌။သတ္တန္နံ၊ခုနစ်ပါးကုန်သော။ဝိညာဏဓာတူနံ၊ဝိညာဏဓာတ်တို့အား။ပုရေဇာတဝသေန၊ဝတ္ထုပုရေဇာတသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အာရမ္မဏပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုပုံ

ပဉ္စာရမ္မဏာနိ၊ငါးပါးသော အာရုံတို့သည်။ပဉ္စဝိညာဏဝီထိယာ စ၊ပဉ္စဝိညာဏဝီထိအားလည်း။ပုရေဇာတဝသေန၊အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။ရူပံ၊ရုပ်သည်။နာမဿ၊နာမ်အား။ဧကဓာ၊တစ်ခုသော အခြင်းအရာဖြင့်သာလျှင်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

## (၅) ပညတ်နာမ်ရုပ်တ နာမ်အား ကျေးဇူးပြုသော ၂-ပစ္စည်း

၂၀။ပညတ္တိနာမ ရူပါနိ၊ပညတ်,နာမ်,ရုပ်တို့သည်။အာရမ္မဏဝသေန စ၊အာရမ္မဏ

http://www.dhammadownload.com



သတ္တိဖြင့်လည်းကောင်း။ဥပနိဿယဝသေန စ၊ဥပနိဿယသတ္တိဖြင့်လည်းကောင်း။ဣတိ၊ဤသို့။ဒုဝိဓာ၊နှစ်ပါးသော အခြင်းအရာဖြင့်။နာမသောဝ၊နာမ်အားသာလျှင်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## အာရမ္မဏပစ္စည်း ၆-ပါး

၂၁။တတ္ထ၊ထိုနှစ်ပါးတို့တွင်။ရူပါဒိဝသေန၊ရူပါရုံ အစရှိသည်တို့၏အစွမ်းဖြင့်။(ဝါ)ရူပါရုံ (ပ)ဓမ္မာရုံတို့၏အစွမ်းဖြင့်။အာရမ္မဏံ၊အာရမ္မဏပစ္စည်းသည်။ဆဗ္ဗိဓံ၊ခြောက်ပါးအပြား ရှိသည်။ဟောတိ၊ဖြစ်၏။

## ဥပနိဿယ ၃-မျိုး

၂၂။ပန၊အာရမ္မဏပစ္စည်းမှတစ်ပါး ဥပနိဿယပစ္စည်းကိုဆိုအံ့။ဥပနိဿယပစ္စယော၊ဥပနိဿယပစ္စည်းသည်။အာရမ္မဏူပနိဿယော စ၊အာရမ္မဏူပနိဿယပစ္စည်းလည်းကောင်း။အနန္တရူပနိဿယော စ၊အနန္တရူပနိဿယပစ္စည်းလည်းကောင်း။ပကတူပနိဿယော စ၊ပကတူပနိဿယပစ္စည်းလည်းကောင်း။ဣတိ၊ဤသို့။တိဝိဓော၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## အာရမ္မဏူပနိဿယပစ္စည်းသရုပ်

၂၃။တတ္ထ၊ထိုသုံးပါးတို့တွင်။ဂရုကတံ၊အလေးအမြတ် ပြုအပ်သော။အာရမ္မဏမေဝ၊ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ,ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ်ရှစ်ဆယ့်လေးခု,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော စေတသိက် လေးဆယ့်ခုနှစ်ခု,ကာလဝိမုတ်ဖြစ်သော နိဗ္ဗာနဟုဆိုအပ်သော အာရုံခြောက်ပါးသည်သာလျှင်။အာရမ္မဏူပနိဿယော၊အာရမ္မဏူပနိဿယပစ္စည်းမည်၏။

## အနန္တရူပနိဿယပစ္စည်းသရုပ်

၂၄။အနန္တရနိရုဒ္ဓါ၊အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော။စိတ္တစေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊ရဟန္တာတို့၏စုတိစိတ်ကြဉ်သော စိတ်တစ်ခုယုတ်ကိုးဆယ်,စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့သည်။အနန္တရူပနိဿယော၊အနန္တရူပနိဿယပစ္စည်းမည်၏

## ပကတူပနိဿယပစ္စည်းသရုပ်

## (၂၄-ပစ္စည်းတို့တွင် အရာအကျယ်ဆုံး- မဟာပဒေသ ပစ္စည်း)

## (မြတ်စွာဘုရားက သတ္တဝါတို့၏ မင်္ဂဖိုလ်တို့အား ကျေးဇူးပြု ပစ္စည်း)

၂၅။ပန၊အနန္တရူပနိဿယပစ္စည်းမှတစ်ပါး ပကတူပနိဿယပစ္စည်းကိုဆိုအံ့။ရာဂါဒယော၊ရာဂအစရှိကုန်သော။(ဝါ)ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,ပတ္ထနာဟုဆိုအပ်ကုန်သော။ဓမ္မာ စ၊တရားတို့သည်လည်းကောင်း။သဒ္ဓါဒယော၊သဒ္ဓါအစရှိကုန်သော။(ဝါ)သဒ္ဓါ,သီလ,သုတ,စာဂ,ပညာဟုဆိုအပ်ကုန်**သော။ဓမ္မာ စ၊တရား**တို့သည်လည်းကောင်း။သုခဥ္စ၊ကာယိက

http://www.dhammadownload.com



သုခသည်လည်းကောင်း။ဒုက္ခံ၊ကာယိကဒုက္ခသည်လည်းကောင်း။ပုဂ္ဂလော စ၊ကလျာဏ မိတ္တစသော ပုဂ္ဂိုလ်သည်လည်းကောင်း။ဘောဇနဉ္စ၊လျောက်ပတ်သည်အစရှိသော ဘောဇဉ် သည်လည်းကောင်း။ဥတု စ၊လျောက်ပတ်သည်အစရှိသော အချမ်း အပူဟူသော ဥတုသည် လည်းကောင်း။သေနာသနဉ္စ၊လျောက်ပတ်သည် အစရှိသော ကျောင်း အိပ်ရာ နေရာသည် လည်းကောင်း။**(ပစ္စယုပ္ပန်)**ယထာရဟံ၊ထိုက်သည်အားလျော်စွာ။အဇ္ဈတ္တဉ္စ၊အဇ္ဈတ္တသန္တာန်၌ လည်းကောင်း။ဗဟိဒ္ဓါ စ၊ဗဟိဒ္ဓသန္တာန်၌လည်းကောင်း။ကုသလာဒိဓမ္မာနံ၊ကုသိုလ်အစရှိ သော တရားတို့အား။(ဝါ)ကုသိုလ် စေတီသ,အကုသိုလ် ဒွါဒသ,ဝိပါက် ဆတ္တိံ,ကြိယာ ဝီသ, နာမက္ခန္ဓာတို့အား။**(ပစ္စယသတ္တိ)**ဥပနိဿယဝသေန၊ပကတူပနိဿယသတ္တိဖြင့်။ပစ္စယာ= ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ပကတူပနိဿယ၌ ကမ္မပစ္စည်း

ကမ္မံ၊ဗလဝဖြစ်သော ကုသိုလ်,အကုသိုလ်ကံသည်။ဝိပါကာနံ၊ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာတို့အား။ဥပနိဿယဝသေန၊ပကတူပနိဿယသတ္တိဖြင့်။ပစ္စယော=ဥပကာရ ကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။ဣတိ စ၊ဤသို့လျှင်။ပကတူပနိဿယော၊ပက တူပနိဿယပစ္စည်းသည်။ဗဟုဓာ၊များသော အပြားရှိသည်။ဟောတိ၊ဖြစ်၏။

## နာမ်ရုပ်နှစ်ပါးတ နာမ်ရုပ် ၂-ပါးကို ကျေးဇူးပြုသော ၉-ပစ္စည်း

၂၆။နာမရူပါနိ၊နာမ်ရုပ်တို့သည်။အဓိပတိ သဟဇာတ အညမည နိဿယ အာ ဟာရ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတဝသေန၊အဓိပတိသတ္တိ,သဟဇာတသတ္တိ,အညမည သတ္တိ,နိဿယသတ္တိ,အာဟာရသတ္တိ,ဣန္ဒြိယသတ္တိ,ဝိပ္ပယုတ္တသတ္တိ,အတ္ထိသတ္တိ,အဝိဂတသတ္တိဖြင့်။ (ဝါ)အဓိပတိပစ္စည်း။(ပ)အဝိဂတပစ္စည်းတို့၏အစွမ်းဖြင့်။ဣတိ၊ဤသို့။နဝဓာ၊ကိုးပါးအပြား ဖြင့်။နာမရူပါနံ၊နာမ်,ရုပ်တို့အား။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ပစ္စယာ=ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

## အဓိပတိပစ္စည်း ၂-မျိုး / အာရမ္မဏာဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုပုံ

၂၇။တတ္ထ၊ထိုကိုးပါးသော ပစ္စည်းတို့တွင်။ဂရုကတံ၊အလေးအမြတ်ပြုအပ်သော။ အာရမ္မဏံ၊ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ,ဒေါသမူဒွေ,မောဟမူဒွေ,ဒုက္ခသဟဂုတ်ကာယ ဝိညာဏ်ကြဉ်သော စိတ်ရှစ်ဆယ့်လေးခု,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော စေတသိက် လေးဆယ့်ခုနှစ်ခု,ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး သည်။နာမာနံ၊အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု,မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခု,လောကုတ္တရာစိတ်ရှစ်ခု,ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ,အပ္ပမညာကြဉ်သော စေတသိက် လေးဆယ့်ငါးခု နာမက္ခန္ဓာတို့အား။ အာရမ္မဏာဓိပတိဝသေန၊အာရမ္မဏာဓိပတိသတ္တိဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြု

http://www.dhammadownload.com


တတ်သည်။ဟောတိ၊ဖြစ်၏။

### သဟဇာတာဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုပုံ

စတုဗ္ဗိဓောပိ၊လေးပါးအပြားရှိသည်လည်းဖြစ်သော။သဟဇာတာဓိပတိ၊မောဟမူဒွေ့,ဟသိတုပ္ပါဒ်ကြဉ်သော အဓိပတိတပ်ခိုက်,တပ်နေ သာဓိပတိဇော ငါးဆယ့်နှစ်ခု၌ရှိသော ဆန္ဒ,ဝီရိယ,ဝီမံသ,သာဓိပတိဇော ငါးဆယ့်နှစ်ခုဟုဆိုအပ်သော အဓိပတိပစ္စည်းသည် သဟဇာတာနံ၊တက္ကွဖြစ်ကုန်သော။နာမရူပါနံ၊အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ငါးဆယ့်နှစ်ခု,ဝိစိကိစ္ဆာကြဉ်သောစေတသိက် ဧကပညာသ,သာဓိပတိစိတ္တဇရုပ်တို့အား သဟဇာတဝသေန၊သဟဇာတဓိပတိသတ္တိဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။ဣတိ ဧဝံ၊ဤသို့လျှင်။အဓိပတိပစ္စယော၊အဓိပတိပစ္စည်းသည်။ဒုဝိဓော၊နှစ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

### သဟဇာတပစ္စည်း ၃-မျိုး (၁။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံ)

၂၈။စိတ္တစေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊နာမက္ခန္ဓာတရားတို့သည်။အညမညံ=အညော အညဿ ဧ၊တစ်ပါးသည် တစ်ပါးအားလည်းကောင်း။သဟဇာတရူပါနဥ္စ၊သဟဇာတ်ဖြစ်ကုန်သော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။သဟဇာတဝသေန၊သဟဇာတသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

### ၂။ ရုပ်သည် ရုပ်အား ကျေးဇူးပြုပုံ

မဟာဘူတာ၊မဟာဘုတ်တို့သည်။အညမညံ=အညော အညဿ ဧ၊တစ်ပါးသည် တစ်ပါးအားလည်းကောင်း။ဥပါဒါရူပါနဥ္စ၊ဥပါဒါရုပ်တို့အားလည်းကောင်း။သဟဇာတဝသေန၊သဟဇာတသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

### ၃။ နာမ်ရုပ်အချင်းချင်း ကျေးဇူးပြုပုံ

ပဋိသန္ဓိက္ခဏေ၊ပဋိသန္ဓေအခါ၌။ဝတ္ထုဝိပါကာ၊ဟဒယဝတ္ထု,ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည်။အညမညံ=အညော အညဿ၊တစ်ပါးသည် တစ်ပါးအား။သဟဇာတဝသေန၊သဟဇာတသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ ဧဝံ၊ဤသို့လျှင်။သဟဇာတပစ္စယော၊သဟဇာတပစ္စည်းသည်။တိဝိဓော၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

### အညမညပစ္စည်း ၃-မျိုး (၁။ နာမ်-နာမ်ချင်း ကျေးဇူးပြုပုံ)

၂၉။စိတ္တစေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊နာမက္ခန္ဓာတရားတို့သည်။အညမညံ=အညော အညဿ၊တစ်ပါးသည် တစ်ပါးအား။အညမညဝသေန၊အညမညသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com



## ၂။ ရုပ်-ရုပ်ချင်း ကျေးဇူးပြုပုံ

မဟာဘူတာ၊မဟာဘုတ်တို့သည်။အညမည်=အချော အညသာ၊တစ်ပါးသည် တစ်ပါးအား။အညမညဝသေန၊အညမညသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ၃။ နာမ်ရုပ် အချင်းချင်း ကျေးဇူးပြုပုံ

ပဋိသန္ဓိက္ခဏေ၊ပဋိသန္ဓေခဏ၌။ဝတ္ထုဝိပါကာ၊ဟဒယဝတ္ထု,ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည်။အညမည်=အချော အညသာ၊တစ်ပါးသည် တစ်ပါးအား။အညမညဝသေန၊အညမညသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။က္ကတိ စဤသို့လျှင်။အညမညပစ္စယော၊အညမညပစ္စည်းသည်။တိဝိဓော၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## နိဿယပစ္စည်း ၃-မျိုး (၁။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံ)

၃၀။စိတ္တစေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊နာမက္ခန္ဓာတရားတို့သည်။အညမည်=အချောအညသာ စ၊တစ်ပါးသည် တစ်ပါးအားလည်းကောင်း။သဟဇာတရူပါနဉ္စ၊တကွဖြစ်ကုန်သော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။နိဿယဝသေန၊သဟဇာတနိဿယသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ရုပ်သည် ရုပ်အားကျေးဇူးပြုပုံ

မဟာဘူတာ၊မဟာဘုတ်တို့သည်။အညမည်=အချော အညသာ စ၊တစ်ပါးသည် တစ်ပါးအားလည်းကောင်း။ဥပါဒါရူပါနဉ္စ၊ဥပါဒါရုပ်တို့အားလည်းကောင်း။နိဿယဝသေန၊သဟဇာတနိဿယသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ရုပ်က နာမ်အားကျေးဇူးပြုပုံ

ဆဝတ္ထူနိ၊ခြောက်ပါးသော ဝတ္ထုရုပ်တို့သည်။(ဝါ)မန္ဒာယုက,အမန္ဒာယုက,မဇ္ဈိမာယုကအားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တစ်ချက်လွန်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု,(ပ)ကာယဝတ္ထု,ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု,နိရောဓသမာပတ်မှထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု,မရဏာသန္နအခါစုတိစိတ်မှပြန်၍ရေသည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ခြောက်ပါးသောဝတ္ထုရုပ်တို့သည်။သတ္တန္နံ၊ခုနစ်ပါးကုန်သော။ဝိညာဏဓာတူနံ၊ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ဝိညာဏဓာတ်တို့အား။နိဿယဝသေန၊ပုရေဇာတနိဿယသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊

http://www.dhammadownload.com


ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ စ၊ဤသို့လျှင်။နိဿယပစ္စယော၊နိဿယပစ္စည်းသည်။တိဝိဓော၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## (နာမ်ရုပ် ၂-ပါးတ နာမ်ရုပ် ၂-ပါးအား ကျေးဇူးပြု ပစ္စည်းတို့တွင် အလယ်ဗဟိုကျသော ပစ္စည်း )

## အာဟာရပစ္စည်း ၂-မျိုး (၁။ ရုပ်သည် ရုပ်အား ကျေးဇူးပြုပုံ)

၃၁။ကဗဠီကာရော၊အလုပ်အလွေးကို မပြုအပ်သော်လည်းပြုအပ်သကဲ့သို့သော။ အာဟာရော၊ဆွမ်း,ခဲဖွယ်,ဘောဇဉ်အစရှိသည်၌တည်သော ဗဟိဒ္ဓသြဇာသည်။ဣမဿ၊ ဤသို့သဘောရှိသော။ကာယဿ၊အာဟာရဇကာယအား။(တစ်နည်းကား)ကဗဠီကာရော၊ အလုပ်အလွေးကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော။အာဟာရော၊အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကသြဇာ,ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇသြဇာသည်။ဣမဿ၊ဤသို့ သဘောရှိသော။ကာယဿ၊ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ,ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ကာယအား။အာဟာရဝသေန၊ရုပ်အာဟာရသတ္တိဖြင့်။ပစ္စယော=ဥပကာရ ကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

## ၂။ နာမ်က နာမ်ရုပ်အား ကျေးဇူးပြုပုံ

အရူပိနော၊နာမ်ဖြစ်ကုန်သော။အာဟာရာ၊ဖဿ,စေတနာ,ဝိညာဏ်ဟု ဆိုအပ် သော နာမ်အာဟာရ တရားကိုယ်သုံးပါးတို့သည်။သဟဇာတာနံ၊တကွဖြစ်ကုန်သော။နာမ ရူပါနံ၊စိတ်တစ်ခုယုတ်ကိုးဆယ်,စေတသိက် ၅၂,ပဉ္စဝေါကာရ,စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တို့အား။အာဟာရဝသေန၊နာမ်အာဟာရသတ္တိဖြင့်။(ဝါ)သဟဇာတသတ္တိဖြင့်။ပစ္စယာ= ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ စ၊ဤသို့လျှင်။အာဟာရ ပစ္စယော၊အာဟာရပစ္စည်းသည်။ဒုဝိဓော၊နှစ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## ဣန္ဒြိယပစ္စည်း ၃-မျိုး (၁။ ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ)

၃၂။ပဉ္စပသာဒါ၊ငါးပါးသော ပသာဒရုပ်တို့သည်။(ဝါ)မန္ဒာယုက,အမန္ဒာယုက, မဇ္ဈိမာယုကအားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုပသာဒ(ပ)ကာယပသာဒတို့သည်။ပဉ္စန္နံ၊ငါးပါးကုန်သော၊ဝိညာဏာနံ၊ ဝိညာဏ်တို့အား။(ဝါ)စက္ခုဝိညာဏ်(ပ)ကာယဝိညာဏ်တို့အား။ဣန္ဒြိယဝသေန၊ပုရေဇာတိန္ဒြိ ယသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ၂။ ရုပ်ရုပ်ချင်း ကျေးဇူးပြုပုံ

ရူပဇီဝိတိန္ဒြိယံ၊ပဝတ္တိပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေသည်။ဥပါဒိန္နရူပါနံ၊ရုပ် ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်,အသညသတ်ကမ္မဇရုပ်,ပဝတ္တိ ကမ္မဇရုပ်တို့အား။ဣန္ဒြိယဝသေန၊ရူပဇီဝိတိန္ဒြိယသတ္တိဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူး

http://www.dhammadownload.com


ပြုတတ်သည်။ဟောတိ၊ဖြစ်၏။

## ၃။ နာမ်က နာမ်ရုပ်အား ကျေးဇူးပြုပုံ

အရူပိနော၊နာမ်ဖြစ်ကုန်သော။ဣန္ဒြိယာ၊ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ, ဧကဂ္ဂတာ,ပညာအားဖြင့် နာမ်ဣန္ဒြေတရားကိုးပါးတို့သည်။သဟဇာတာနံ၊တကွဖြစ်ကုန်သော။နာမရူပါနံ၊စိတ်တစ်ခုယုတ် ကိုးဆယ်,စေတသိက် ဒွေပဉ္စာသ,စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား။ဣန္ဒြိယဝသေန၊သဟဇာတိန္ဒြိယသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ စဤသို့လျှင်။ဣန္ဒြိယပစ္စယော၊ဣန္ဒြိယပစ္စည်းသည်။တိဝိဓော၊သုံးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## ဝိပ္ပယုတ္တပစ္စည်း ၃-မျိုး (၁။ သဟဇာတဝိပ္ပယုတ်)

၃၃။ဩက္ကန္တိက္ခဏေ၊ပဋိသန္ဓေခဏ၌။ဝတ္ထု၊ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုသည်။ဝိပါကာနံ၊ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓတို့အား။ သဟဇာတဝသေန၊သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ပစ္စယော=ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။စိတ္တစေတသိကာ၊စိတ်,စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်,ဖြစ်နေ အရူပဝိပါက် လေးခု,ဒွေပဉ္စဝိညာဏ် တစ်ဆယ်,ရဟန္တာတို့၏စုတိစိတ်ကြဉ်သော စိတ်ခုနှစ်ဆယ့်ငါးခု နာမက္ခန္ဓာတို့သည်။သဟဇာတရူပါနံ၊သဟဇာတ်ဖြစ်သော စိတ္တဇရုပ်,ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။သဟဇာတဝသေန၊သဟဇာတဝိပ္ပယုတ်သတ္တိဖြင့်။ ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ၂။ ပစ္ဆာဇာတဝိပ္ပယုတ်

ပစ္ဆာဇာတာ၊နောက်နောက်၌ဖြစ်ကုန်သော။စိတ္တစေတသိကာ၊စိတ်,စေတသိက် ဖြစ်ကုန်သော။ဓမ္မာ၊ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်,ဖြစ်နေ အရူပဝိပါက် လေးခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်နောက်သော စိတ်ရှစ်ဆယ့်ငါးခု နာမက္ခန္ဓာတို့သည်။ပုရေဇာတဿ၊ရှေးရှေး၌ဖြစ်သော။ဣမဿ၊ဤသို့သဘောရှိသော။ကာယဿ၊ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ,ဒွိဇကာယ,တိဇကာယ,စတုဇကာယအား။ပစ္ဆာဇာတဝသေန၊ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ၃။ ပုရေဇာတဝိပ္ပယုတ်

ဆဝတ္ထုနိ၊ခြောက်ပါးသော ဝတ္ထုရုပ်တို့သည်။(ဝါ)မန္ဒာယုက,အမန္ဒာယုက,မဇ္ဈိမာယုကအားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်လွန်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု,(ပ)ကာယဝတ္ထု,ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု,မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသည်ရှိသော် တစ်ဆယ့်ခုနှစ်ချက်

http://www.dhammadownload.com



မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ခြောက်ပါးသော ဝတ္ထုရုပ်တို့သည်။ပဝတ္တိယံ၊ပဝတ္တိအခါ၌။သတ္တန္နံ၊ခုနစ်ပါးကုန်သော။ဝိညာဏဓာတူနံ၊အရူပ ဝိပါက် လေးခုကြဉ်သော ဝိညာဏဓာတ်တို့အား။ပုရေဇာတဝသေန၊ပုရေဇာတဝိပ္ပယုတ္တ သတ္တိဖြင့်။ပစ္စယာ=ဥပကာရကာ၊ကျေးဇူးပြုတတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ စ၊ ဤသို့လျှင်။ဝိပ္ပယုတ္တပစ္စယော၊ဝိပ္ပယုတ္တပစ္စည်းသည်။တိဝိဓော၊သုံးပါးအပြားရှိသည်။ဟောတိ၊ ဖြစ်၏။

## အတ္ထိပစ္စည်းမျိုး သင်္ဂဟဂါထာ
## (အတ္ထိ,အဝိဂတပစ္စည်း ၅-မျိုး)

**၃၄။**သဗ္ဗထာ၊ခပ်သိမ်းသော အခြင်းအရာဖြင့်။မယာ၊ငါသည်။ဝုတ္တာ၊မိန့်အပ်ပြီး သော။တိဝိဓံ၊သုံးပါးအပြားရှိသော။သဟဇာတဥ္စ၊သဟဇာတပစ္စည်းလည်းကောင်း။ဒုဝိဓံ၊ နှစ်ပါးအပြားရှိသော။ပုရေဇာတဥ္စ၊ပုရေဇာတပစ္စည်းလည်းကောင်း။ပစ္ဆာဇာတဥ္စ၊ပစ္ဆာဇာတ ပစ္စည်းလည်းကောင်း။ကဗဠီကာရော၊အလုပ်အလွေးကို မပြုအပ်သော်လည်း ပြုအပ်သကဲ့ သို့သော။အာဟာရော စ၊အာဟာရပစ္စည်းလည်းကောင်း။ရူပဇီဝိတဥ္စ၊ရုပ်ဇီဝိတိန္ဒြေလည်း ကောင်း။ဣတိ၊ဤသို့။ပဉ္စဝိဓော၊ငါးပါးအပြားရှိသော။အယံ ဓမ္မော၊ဤပစ္စည်းတရားသည်။ အတ္ထိပစ္စယော၊အတ္ထိပစ္စည်းမည်သည်။ဟောတိ၊ဖြစ်၏။အဝိဂတပစ္စယော စ၊အဝိဂတပစ္စည်း မည်သည်လည်း။ဟောတိ၊ဖြစ်၏။

## ပစ္စည်းအကျဉ်း ၄-ပါး

**၃၅။**စ၊ရှေးဝါကျ၌ အပြစ်တင်ဖွယ်ပယ်၍ ခဲခက်စကားဆက်ကိုဆိုဦးအံ့။(ဝါ) နီတတ္ထမှတစ်ပါး နေယျတ္ထကိုဆိုအံ့။(ဝါ)ဥဇုဝုစ် (အဖြောင့်တိုက်ရိုက်ဆိုခြင်း)မှတစ်ပါး,ဝင်္က ဝုစ် (သွယ်ဝိုက်၍ဆိုခြင်းကို)ဆိုဦးအံ့။သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ပစ္စယာ၊ပစ္စည်း တို့သည်။အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု၊အာရမ္မဏပစ္စည်း,ဥပနိဿယပစ္စည်း,ကမ္မ ပစ္စည်း,အတ္ထိပစ္စည်းတို့၌။သမောဓာနံ၊ပေါင်းခြင်းသို့။(ဝါ)ပေါင်းအပ်သည်၏ အဖြစ်သို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။

## အထူးမှတ်ရန် (သဟဇာတရုပ် ၂-မျိုး/အမှာစကားချပ်ပြ)

**၃၆။**ပန၊အထူးကိုဆိုအံ့။တ္တော၊ဤပဋ္ဌာန်းနည်း၌။သဗ္ဗထာပိ=သဗ္ဗသ္မိမ္ပိ၊ဟေတုအစရှိ သော ပစ္စည်းကိုအကျယ်ပြရာ အလုံးစုံ၌လည်း။မယာ၊ငါအနုရုဒ္ဓါဆရာသည်။ဝုတ္တာ၊မိန့်အပ် သော။သဟဇာတရူပန္တိ၊သဟဇာတရုပ်ဟူသည်ကား။ပဝတ္တေ၊ပဝတ္တိအခါ၌။စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော။ရူပါနဥ္စ၊ရုပ်တို့၏လည်းကောင်း။ပဋိသန္ဓိယံ၊ပဋိသန္ဓေအခါ၌ ကဋတ္တာရူပါနဥ္စ၊ကဋတ္တာရုပ်တို့၏လည်းကောင်း။ဝသေန၊အစွမ်းအားဖြင့်။ဒုဝိဓံ၊နှစ်ပါးအပြား ရှိသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

http://www.dhammadownload.com



**ပစ္စည်းမျိုးပြ သင်္ဂဟဂါထာ (တေကာလိကာပစ္စည်းစသည် ခွဲပြခြင်း/၂၄-ပစ္စည်းနိဂုံး**

**၃၇။**ဣတိ=ဧဝံ ယထာဝုတ္တနယေန၊ဤသို့အကြောင်းအကြောင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။သမ္ဘဝါ=ယထာသမ္ဘဝံ၊ဖြစ်သင့်သည်အားလျော်သဖြင့်။တေကာလိကာ စ၊ကာလသုံးပါးရှိသည်လည်းဖြစ်ကုန်သော။ကာလမုတ္တာ စ၊ကာလသုံးပါးမှ လွတ်သည်လည်းဖြစ်ကုန်သော။အဇ္ဈတ္တဥ၊အဇ္ဈတ္တသန္တာန်၌လည်း ဖြစ်ကုန်သော။တထာ၊ထိုမြို့။ဗဟိဒ္ဓါ စ၊ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်ကုန်သော။တထာ၊ထိုမြို့။(ဝါ)ထိုမိဿကမှတစ်ပါး သုဒ္ဓကိုဆိုအံ့။သခ်တာ စ၊ပစ္စယုပ္ပန်လည်းဖြစ်ကုန်သော။အသခ်တာ စ၊ပစ္စည်းလည်းဖြစ်ကုန်သော။ဓမ္မာ၊သဘောတရားတို့သည်။ပညတ္တိနာမရူပါနံ၊ပညတ်,နာမ်,ရုပ်တို့၏။ဝသေန၊အစွမ်းဖြင့်။တိဝိဓာ၊သုံးပါးအပြားဖြင့်။ဋ္ဌိတာ၊တည်ကုန်၏။သဗ္ဗထာ=သဗ္ဗသို့၊အလုံးစုံ နှစ်ဆယ့်လေးပါးသော။ပဋ္ဌာနေ၊အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌။စတုဝီသတိ၊နှစ်ဆယ့်လေးပါး အရေအတွက်ရှိကုန်သော။ပစ္စယာ နာမ၊ပစ္စည်းတို့မည်ကုန်သည်။ဋ္ဌိတာ၊တည်ကုန်၏။

**ရုပ်နာမ်ခွဲပုံ (ရုပ်တရား/နာမ် ၅-မျိုးခွဲခြားပုံ)**

**၃၈။**တတ္ထ၊ထိုပညတ်,နာမ်,ရုပ်တို့တွင်။ရူပက္ခန္ဓောဝ၊ရူပက္ခန္ဓာကိုသာလျှင်။ရူပဓမ္မာ၊ရုပ်တရားတို့ဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် ဆိုအပ်၏။

**နာမ်တရား ၅-ပါး**

စိတ္တစေတသိကာ သခ်ါတာ၊စိတ်,စေတသိက်ဟု ဆိုအပ်ကုန်သော။အရူပိနော၊နာမ်ဖြစ်ကုန်သော။စတ္တာရော၊လေးပါးကုန်သော။ခန္ဓာ စ၊ခန္ဓာတို့လည်းကောင်း။နိဗ္ဗာနဥ၊နိဗ္ဗာန်လည်းကောင်း။ဣတိ၊ဤသို့။ပဥ္စဝိဓမ္ပိ၊ငါးပါးအပြားရှိသော တရားကိုလည်း။အရူပန္တိ စ၊အရူပဟူ၍လည်းကောင်း။နာမန္တိ စ၊နာမ်ဟူ၍လည်းကောင်း။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။

**ပညတ် ၂-မျိုး (ပညတ် အပြား)**

**၃၉။**ပန၊နာမ်ရုပ်မှတစ်ပါး ပညတ်ကိုဆိုအံ့။တတော=တေဟိ နာမရူပေဟိ၊ထိုနာမ်ရုပ်တို့မှ။အဝသေသာ၊ကြွင်းသော။ပညတ္တိ၊ပညတ်သည်။ပညာပိယတ္တာ၊အပြားအားဖြင့်သိစေအပ်သည်၏ အဖြစ်ကြောင့်။ပညတ္တိ စ၊အတ္ထပညတ်လည်းကောင်း။ (ဝါ)ဝစ္စပညတ်လည်းကောင်း။ပညာပနတော၊အပြားအားဖြင့်သိစေတတ်သည်၏ အဖြစ်ကြောင့်။ပညတ္တိ စ၊သဒ္ဒပညတ်လည်းကောင်း။(ဝါ)ဝါစကပညတ်လည်းကောင်း။ဣတိ၊ဤသို့။ဒုဝိဓာ၊နှစ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

**အတ္ထပညတ် အမျိုးမျိုး**

**၄၀။**ကထံ ဟောတိ၊အဘယ်သို့ဖြစ်သနည်းဟူမူကား။ပန=ဝိတ္ထာရေမိ၊အကျယ်ချဲ့ဦးအံ့။ဝါ-ပန=တပ္ပါကဋီ ကရောမိ၊ထိုစကားကို ထင်စွာပြုဦးအံ့။

http://www.dhammadownload.com


## သဏ္ဌာနပညတ်

တံတံ ဘူတ ဝိပရိဏာမာ ကာရံ၊ထိုထိုသို့သော ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သောအခြင်းအရာကို။ဥပါဒါယ၊စွဲ၍။(ဝါ)အမှီပြု၍။တထာ တထာ၊ထိုထိုသို့သော အခြင်းအရာဖြင့်။ပညတ္တာ၊ပညတ်အပ်သော။(ဝါ)အပြားအားဖြင့် သိစေအပ်သော။ဘူမိပဗ္ဗတာဒိကာ စ၊မြေ,တောင်အစရှိသော သဏ္ဌာနပညတ်လည်းကောင်း။

## သမူဟပညတ်

သမ္ဘာရ သန္နိဝေသာ ကာရံ၊သစ်,မြေစိုင်,ချည်အစရှိသော အဆောက်အဦတို့၏ စုဝေးသော အခြင်းအရာကို။ဥပါဒါယ၊စွဲ၍။(ဝါ)အမှီပြု၍။တထာ တထာ၊ထိုထိုသို့သော အခြင်းအရာဖြင့်။ပညတ္တာ၊ပညတ်အပ်သော။(ဝါ)အပြားအားဖြင့် သိစေအပ်သော။ဂေဟရထ သကဋာဒိကာစ၊အိမ်,ရထား,လှည်း,အိုး,ပုဆိုးအစရှိသော သမူဟပညတ်လည်းကောင်း။

## ဇာတိပညတ်

ခန္ဓပဉ္စကံ၊ခန္ဓာငါးပါးအပေါင်းကို။ဥပါဒါယ၊စွဲ၍။(ဝါ)အမှီပြု၍။တထာ တထာ၊ ထိုထိုသို့သော အခြင်းအရာဖြင့်။ပညတ္တာ၊ပညတ်အပ်သော။(ဝါ)အပြားအားဖြင့် သိစေအပ်သော။ပုရိသ ပုဂ္ဂလာဒိကာ စ၊ယောကျ်ား,ပုဂ္ဂိုလ်အစရှိသော ဇာတိပညတ်လည်းကောင်း။

## ဒိသာ,ကာလပညတ်

စန္ဒာဝဋ္ဋနာဒိကံ၊လ,နေ,နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ယာရစ်လှည့်၍ သွားခြင်းအစရှိသော အခြင်းအရာကို။ပညတ္တာ၊ပညတ်အပ်သော။(ဝါ)အပြားအားဖြင့် သိစေအပ်သော။ဒိသာ ကာလာဒိကာ စ၊အရှေ့အရပ်အစရှိသော ဒိသာပညတ်,နံနက်စသော ကာလပညတ်လည်းကောင်း။

## အာကာသပညတ်

အသမ္ဖုဋ္ဌာကာရံ၊ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့အပ်သော အခေါင်းအစရှိသော အခြင်းအရာကို။ဥပါဒါယ၊စွဲ၍။(ဝါ)အမှီပြု၍။တထာ တထာ၊ထိုထိုသို့သော အခြင်းအရာဖြင့်။ပညတ္တာ၊ပညတ်အပ်သော။(ဝါ)အပြားအားဖြင့် သိစေအပ်သော။ကူပ ဂုဟာဒိကာ စ၊တွင်း,လိုဏ်,အပေါက်အစရှိသော အာကာသပညတ်လည်းကောင်း။

## နိမိတ်ပညတ်

တံတံ ဘူတနိမိတ္တံ၊ထိုထိုသို့သော အခြင်းအရာအားဖြင့်ထင်သော ပထဝီကသိုဏ်းအစရှိသော နိမိတ်ကိုလည်းကောင်း။ဘာဝနာဝိသေသဉ္စ၊ပရိကမ္မစသည်ဖြင့် ပြားသော ဘာဝနာ၏အစဉ်ဟူသော အထူးကိုလည်းကောင်း။ဥပါဒါယ၊စွဲ၍။(ဝါ)အမှီပြု၍။တထာ တထာ၊ထိုထိုသို့သော အခြင်းအရာဖြင့်။ပညတ္တာ၊ပညတ်အပ်သော။(ဝါ)အပြားအားဖြင့် သိစေအပ်သော။ကသိဏနိမိတ္တာဒိကာ စ၊ကသိုဏ်းနိမိတ်,အသုဘနိမိတ်,ဥဂ္ဂဟနိမိတ်,ပဋိ

http://www.dhammadownload.com


ဘာဂနိမိတ် အစရှိသော နိမိတ်ပညတ်လည်းကောင်း။

## အတ္ထပညတ်မည်ပုံ (ဝါ)ဝစ္စပညတ်

ဣတိ။ဤသို့။ဝေမာဒိပ္ပဘေဒေါ၊ဤသို့စသည်အပြားရှိသော။ပရမတ္ထတော၊ပရမတ္ထအားဖြင့်။အဝိဇ္ဇာမာနာပိ၊ထင်ရှားမရှိသော်လည်း။အတ္ထစ္ဆာယာကာရေန၊ပရမတ္ထ၏အရိပ်အရောင် အတုဟူသော အခြင်းအရာဖြင့်။စိတ္တုပ္ပါဒါနံ၊စိတ်,စေတသိက်တို့၏။အာရမ္မဏဘူတာ၊အာရုံဖြစ်၍ဖြစ်သော အတ္ထပညတ်ကို။တံတံ၊ထိုထိုသို့သော အခြင်းအရာကို။ဥပါဒါယစွဲ၍။(ဝါ)အမှီပြု၍။ဥပနိဓာယ၊ထောက်၍။ကာရဏံ၊အကြောင်းကို။ကတွာ၊ပြု၍။တထာတထာ၊ထိုထိုသို့သော အခြင်းအရာဖြင့်။ပရိကပ္ပိယမာနာ၊ကြံဆအပ်သည်ဖြစ်၍။သင်္ခါယတိ၊ရေတွက်အပ်၏။သမညာယတိ၊သမုတ်အပ်၏။ဝေါဟရီယတိ၊ခေါ်ဝေါ်အပ်၏။ပညာပီယတိ၊အပြားအားဖြင့် သိစေအပ်၏။ဣတိ=တသ္မာ၊ထို့ကြောင့်။ပညတ္တီတိ၊ပညတ်ဟူ၍။(ဝါ)အတ္ထပညတ်ဟူ၍။(ဝါ)ဝစ္စပညတ်ဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။အယံ ပညတ္တိ၊ဤပညတ်သည်။ပညာပိယတ္တာ၊အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်။ပညတ္တိ နာမ အတ္ထပညတ်မည်၏။(ဝါ)ဝစ္စပညတ်မည်၏။ (နွား,ခွေးစသည့် ဝေါဟာရအသံစကားလုံးများဖြင့် ခေါ်ဝေါ်အပ် ဖော်ပြအပ်သော နွားကောင် ခွေးကောင်-စသော အနက်ဒြပ်တို့သည် အတ္ထပညတ်များဖြစ်သည်။

## သဒ္ဒပညတ် ၆-ပါး (သဒ္ဒပညတ် ပရိယာယ်)

၄၁။ပန၊အတ္ထပညတ်မှတစ်ပါး သဒ္ဒပညတ်ကိုဆိုအံ့။ပညာပနတော၊သိစေတတ်သည်၏အဖြစ်ကြောင့်။ပညတ္တိ၊သဒ္ဒပညတ်ကို။နာမ နာမကမ္မာဒိ နာမေန၊နာမ,နာမကမ္မအစရှိသောအမည်ဖြင့်။(ဝါ)နာမ,နာမကမ္မ,နာမဓေယျ,နိရုတ္တိ,ဗျဥ္ဇန,အဘိလာပတည်းဟူသော ခြောက်ပါးသောအမည်ဖြင့်။(ဝါ)အနက်၌ ညွတ်တတ်သောအမည်ဟု ဆိုအပ်သော နာမ,အနက်၌ ညွတ်သည်ဖြစ်၍ပြုအပ်သော နာမကမ္မ,အနက်၌ ညွတ်တတ်သည်ဖြစ်၍ ထားအပ်သည်ဟု ဆိုအပ်သော နာမဓေယျ,ထုတ်၍ဆိုအပ်သော ဝိဂ္ဂြိုဟ်တည်းဟူသော နိရုတ္တိ,အနက်ကို ပြတတ်သော ဝါကျဟုဆိုအပ်သော ဗျဥ္ဇန,ရှေးရှုအနက်ကို ဟောတတ်သောသဒ္ဒါဟုဆိုအပ်သော အဘိလာပတည်းဟူသော ခြောက်ပါးသော အမည်ဖြင့်။ပရိဒီပိတာ၊ပြအပ်၏။

## ဝိဇ္ဇမာနစသော သဒ္ဒပညတ် ၆-ပါး

သာ၊ထိုခြောက်ပါးသောအမည်ဖြင့် ပြအပ်သော သဒ္ဒပညတ်သည်။ဝိဇ္ဇမာနပညတ္တိ စ၊ပရမတ္ထအားဖြင့်ထင်ရှားရှိသော ပညတ်လည်းကောင်း။အဝိဇ္ဇမာနပညတ္တိ စ၊ပရမတ္ထအားဖြင့်ထင်ရှားမရှိသော ပညတ်လည်းကောင်း။ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ စ၊ပရမတ္ထအားဖြင့်ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့်ထင်ရှားမရှိသော ပညတ်လည်း

http://www.dhammadownload.com


ကောင်း။အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ စ၊ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်လည်းကောင်း။ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ စ၊ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်လည်းကောင်း။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ စ၊ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်လည်းကောင်း။ဣတိ၊ဤသို့။ဆဗ္ဗိဓာ၊ခြောက်ပါးအပြားရှိသည်။ ဟောတိ၊ဖြစ်၏။

## ဝိဇ္ဇမာနပညတ်မည်ပုံ

၄၂။ပန=ဝိတ္ထာရေမိ၊အကျယ်ချဲ့ဦးအံ့။ဝါ-ပန=တပ္ပါကဋီကရောမိ၊ထိုစကားကို ထင်စွာပြုဦးအံ့။တတ္ထ=တေသု ဆသု ပညတ္တိသု၊ထိုခြောက်ပါးသော ပညတ်တို့တွင်။ယဒါ၊ အကြင်အခါ၌။တောယ၊ထိုရူပ,ဝေဒနာအစရှိသော သဒ္ဒပညတ်ဖြင့်။ပရမတ္ထတော၊ပရမတ္ထအားဖြင့်။ဝိဇ္ဇမာနံ၊ထင်ရှားရှိသော။ရူပဝေဒနာဒိံ၊ရုပ်,ဝေဒနာအစရှိသည်ကို။ပညာပေန္တိ၊အပြားအားဖြင့် သိစေအပ်ကုန်၏။တဒါ၊ထိုအခါ၌။အယံ၊ဤ ရူပ,ဝေဒနာအစရှိသော ပညတ်ကို။ ဝိဇ္ဇမာန ပညတ္တီတိ၊ပရမတ္ထအားဖြင် ထင်ရှားရှိသော သဒ္ဒပညတ်ဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် မိန့်အပ်၏။ (ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်များကို ခေါ်ဝေါ်သည့် ဝေါဟာရ စကားများကို ဝိဇ္ဇမာနပညတ်ဟုခေါ်သည်။)

## အဝိဇ္ဇမာန ပညတ်မည်ပုံ

ပန၊ဝိဇ္ဇာမာနပညတ်မှတစ်ပါး အဝိဇ္ဇမာနပညတ်ကိုဆိုအံ့။ယဒါ၊အကြင်အခါ၌။ တောယ၊ထိုဘူမိ,ပဗ္ဗတ အစရှိသော သဒ္ဒပညတ်ဖြင့်။ပရမတ္ထတော၊ပရမတ္ထအားဖြင့်။အဝိဇ္ဇမာနံ၊ထင်ရှားမရှိသော။ဘူမိပဗ္ဗတာဒိံ၊မြေ,တောင်အစရှိသည်ကို။ပညာပေန္တိ၊အပြားအားဖြင့် သိစေတတ်ကုန်၏။တဒါ၊ထိုအခါ၌။အယံ၊ဤဘူမိ,ပဗ္ဗတအစရှိသောပညတ်ကို။အဝိဇ္ဇမာန ပညတ္တီတိ၊ပရမတ္ထအားဖြင့် ထင်ရှားမရှိသောသဒ္ဒပညတ်ဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် မိန့် အပ်၏။ (ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်တို့ကို ခေါ်ဝေါ်ထားသည့် ဝေါဟာရ စကားများကို အဝိဇ္ဇမာနပညတ်ဟုခေါ်သည်။ဥပမာ-ပုဂ္ဂိုလ်,သတ္တဝါ,ယောက်ျား,မိန်းမ။)

## ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်စသည် ၄-ပါးမည်ပုံ

ပန၊သုဒ္ဓမှတစ်ပါး မိဿကကိုဆိုအံ့။ဥဘိန္နံ၊ဝိဇ္ဇာမာနပညတ်,အဝိဇ္ဇမာနပညတ် နှစ်ပါးတို့၏။ဝေါမိဿကဝသေန၊ရောသည်၏အစွမ်းဖြင့်။သေသာ၊ဝိဇ္ဇမာနပညတ်,အဝိဇ္ဇ မာနပညတ်နှစ်ပါးမှကြွင်းကုန်သော ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်,အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်,ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်,အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်လေးပါးတို့ကို။ယထာ က္ကမံ၊အစဉ်အတိုင်း။ဆဠဘိညော၊ခြောက်ပါးသော အဘိညာဏ်ရှိသောသူ။ဣတ္ထိသဒ္ဒေါ၊ မိန်းမ၏အသံ။စက္ခုဝိညာဏံ၊စက္ခုဝတ္ထုကိုမှီ၍ဖြစ်သော ဝိညာဏ်။ရာဇပုတ္တော၊မင်း၏သား။

http://www.dhammadownload.com



ဣတိ၊ဤသို့။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

## အတ္ထ,သဒ္ဒပညတ် ၂-ပါးတို့ သိပုံနှင့် နာမပညတ်ဖြစ်လာပုံ အတ္ထပညတ်ကို ၄-ကြိမ်မြောက် မနောဒွါရဝီထိဖြင့် သိပုံ

၄၃။ဝစီဃောသာနုသာရေန၊ဘူမိ,ပဗ္ဗတ,ရူပ,ဝေဒနာအစရှိသော ဝစီမယသဒ္ဒကို အစဉ်လျှောက်၍ အာရုံပြုသဖြင့်။ပဝတ္တာယ၊ဖြစ်သော။သောတဝိညာဏဝီထိယာ၊သောတဝိညာဏဝီထိ,တဒနုဝတ္တက မနောဒွါရဝီထိ၏။(ဝါ)မူလဋီကာဆရာ အလိုအားဖြင့် သောတဒွါရဝီထိ,တဒနုဝတ္တက မနောဒွါရဝီထိ,သုဒ္ဓမနောဒွါရဝီထိ၏။ပဝတ္တာနန္တရုပ္ပန္န မနောဒွါရသ္သ၊ဖြစ်သည်မှအခြားမဲ့၌ နာမပညတ်ကိုကြံသော အခြင်းအရာဖြင့်ဖြစ်သော မနောဒွါရိက ဝိညာဏ်အစဉ် (မနောဒွါရဝီထိ)၏။(ဝါ)ဖြစ်သည်မှအခြားမဲ့၌ဖြစ်သော ဤဘူမိ,ပဗ္ဗတ,ရူပ, ဝေဒနာအစရှိသော အမည်သည် ဤ မြေ,တောင်,ရုပ်,ဝေဒနာအစရှိသော အနက်၏ အမည် တည်းဟု ရှေး၌သိဖူးသော ကမ္ဘာဦးသူ လူပညာရှိတို့၏ အမှတ်သင်္ကေတပညတ်ကိုမှီ သော မနောဒွါရိက ဝိညာဏ်အစဉ်၏။ဂေါစရာ၊အာရုံဖြစ်၍ ဖြစ်ကုန်သော။တတော၊ထိုဘူမိ, ပဗ္ဗတ, ရူပ,ဝေဒနာအစရှိသော နာမပညတ်ကိုယူတတ်သော မနောဒွါရိက ဝိညာဏ်အစဉ်မှ (ထို မနောဒွါရဝီထိမှ)။ပရံနောက်၌။ယဿ၊အကြင် သမ္မုတိ,ပရမတ္ထအားဖြင့်ပြားသော ဘူမိ, ပဗ္ဗတ,ရူပ,ဝေဒနာအစရှိသော နာမပညတ်ကို။အနုသာရေန၊အစဉ်လျှောက်သဖြင့်။အတ္ထာ၊ သမ္မုတိ,ပရမတ္ထအားဖြင့်ပြားသော မြေ,တောင်,ရုပ်,ဝေဒနာအစရှိသော အတ္ထပညတ်တို့ကို။ ဝိညာယန္တိ၊ (စတုတ္ထမြောက် မနောဒွါရဝီထိဖြင့်)သိအပ်ကုန်၏။

## နာမပညတ် ဖြစ်လာပုံ

သာယံ=သာ အယံ ပညတ္တိ၊ထိုမြေ,တောင်,ရုပ်,ဝေဒနာအစရှိသော အတ္ထပညတ် ကိုအပြားအားဖြင့် သိစေတတ်သော ဘူမိ,ပဗ္ဗတ,ရူပ,ဝေဒနာအစရှိသော အက္ခရာအစဉ်ဟု ဆိုအပ်သော နာမပညတ်ကို။လောကသင်္ကေတနိမ္မိတာ၊ကမ္ဘာဦးသူ လူပညာရှိတို့၏ အမှတ် သင်္ကေတပညာဖြင့်ပြီး၏ဟူ၍။ဝိညေယျာ၊သိအပ်၏။

**ပစ္စည်းပိုင်း နိဿယ ပြီး၏။**

http://www.dhammadownload.com



# ၉။ ကမ္မဋ္ဌာန်းပိုင်း နိဿယ

## ကမ္မဋ္ဌာန်း ၂-မျိုး

၁။ ဣတောဣ၌ပစ္စယသင်္ဂဟမှ။ပရံနောက်၌။သမထ ဝိပဿနာနံ၊သမထ, ဝိပဿနာဟု ဆိုအပ်ကုန်သော။ (ဝါ) နီဝရဏကို ငြိမ်းစေတတ်သောကြောင့် သမထ, အနိစ္စ ဒုက္ခ အနတ္တတည်းဟူသော အခြင်းအရာဖြင့် ရှုတတ်သည်၏အဖြစ်ကြောင့် ဝိပဿနာဟု ဆိုအပ်ကုန်သော။ဘာဝနာနံ၊နှစ်ပါးသော ဘာဝနာတို့၏။ဒုဝိဓမ္ပိနှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ကမ္မဋ္ဌာနံ၊ကမ္မဋ္ဌာန်းကို။(ဝါ)နှစ်ပါးအပြားရှိသော ဘာဝနာကံ၏ ဖြစ်ရာ ဖြစ်သောကြောင့် ကမ္မဋ္ဌာန်းဖြစ်၍ ဖြစ်သော ပထဝီကသိုဏ်းစသော ပညတ်, တေဘူမက သင်္ခါရတည်းဟူသော အာရုံကို။ (ဝါ) နောက်နောက်သော ဘာဝနာကံ၏ နီးစွာသော အကြောင်းဖြစ်၍ ဖြစ်သော ရှေးရှေးသော ဘာဝနာအစဉ်ဟု ဆိုအပ်သော ကမ္မဋ္ဌာန်းကို။ (ဝါ) ဈာနသုခ, ဖလသုခ, နိဗ္ဗာနသုခ စသည်၏ အကြောင်းဖြစ်သော ဘာဝနာကံတည်းဟူသော ကမ္မဋ္ဌာန်းကို။ယထာက္ကမံ၊အစဉ်အတိုင်း။ (ဝါ) အကြင် အကြင် သမထ, ဝိပဿနာတို့၏ အစဉ်ဖြင့်။ (ဝါ) နီဝရဏကို ငြိမ်းစေတတ်သော သမထ, အနိစ္စ ဒုက္ခ အနတ္တ-တည်းဟူသော အခြင်းအရာဖြင့် ရှုတတ်သော ဝိပဿနာတို့၏ အစဉ်ဖြင့်။အဟံ၊ငါသည်။ပဝက္ခာမိ၊အပြားအားဖြင့် ဆိုပေအံ့။

## သမထ ကမ္မဋ္ဌာန်းနည်း / သမထ ကမ္မဋ္ဌာန သင်္ဂဟ ၇-ပါး

## ကမ္မဋ္ဌာန်း ၄၀- အကျဉ်း မာတိကာ

၂။ တတ္ထ၊ထို သမထဘာဝနာ, ဝိပဿနာ ဘာဝနာတို့တွင်။သမထသင်္ဂဟေ၊သမထသင်္ဂဟ၌။တာဝ၊ရှေးဦးစွာ။ဓေ၀ံ၍သို့။ဝိဘာဂေါ၊ဝေဖန်ခြင်းကို။မယာ၊ငါသည်။ဝုစ္စတေ၊မိန့်အပ်၏။ဒသ၊ဆယ်ပါးကုန်သော။ကသိဏာနိစ၊ကသိုဏ်းတို့လည်းကောင်း။ဒသ၊ဆယ်ပါးကုန်သော။အသုဘာစ၊အသုဘတို့လည်းကောင်း။ဒသ၊ဆယ်ပါးကုန်သော။အနုဿတိယောစ၊အနုဿတိတို့လည်းကောင်း။စတဿော၊လေးပါးကုန်သော။အပ္ပမညာယောစ၊အပ္ပမညာတို့လည်းကောင်း။ဧကာ၊တစ်ခုသော။သညာစ၊(အာဟာရေ ပဋိကူလ) သညာလည်းကောင်း။ဧကံ၊တစ်ခုသော။ဝဝတ္ထာနဥ္စ၊ (စတုဓာတု) ဝဝတ္ထာန်လည်းကောင်း။စတ္တာရော၊လေးပါးကုန်သော။အာရုပ္ပါစ၊အာရုပ္ပတို့လည်းကောင်း။ဣတိ၊၍သို့။သတ္တဝိဓေန၊ခုနစ်ပါးအပြားဖြင့်။သမထ ကမ္မဋ္ဌာနသင်္ဂဟေ၊သမထကမ္မဋ္ဌာနသင်္ဂဟကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## စရိုက် ၆-ပါး

၃။ ရာဂစရိတာစ၊ရာဂစရိုက်လည်းကောင်း။ (ဝါ) ရာဂပြောခြင်းလည်းကောင်း။

http://www.dhammadownload.com



(ဝါ) ရာဂများခြင်းလည်းကောင်း။(ဝါ) မပြတ်ဖြစ်သော ရာဂလည်းကောင်း။ (ဝါ) ရာဂသဘောလည်းကောင်း။ **ဒေါသစရိတာစ၊**ဒေါသစရိုက်လည်းကောင်း။ (ဝါ) ဒေါသ ပြောခြင်းလည်းကောင်း။ (ဝါ) ဒေါသများခြင်းလည်းကောင်း။ (ဝါ) မပြတ်ဖြစ်သော ဒေါသ လည်းကောင်း။ (ဝါ) ဒေါသ သဘောလည်းကောင်း။ **မောဟစရိတာစ၊**မောဟစရိုက် လည်းကောင်း။ (ဝါ) မောဟပြောခြင်းလည်းကောင်း။ (ဝါ) မောဟများခြင်းလည်းကောင်း (ဝါ) မပြတ်ဖြစ်သော မောဟလည်းကောင်း။ (ဝါ) မောဟသဘောလည်းကောင်း။

**သဒ္ဓါစရိတာစ၊**သဒ္ဓါစရိုက်လည်းကောင်း။ (ဝါ) သဒ္ဓါပြောခြင်းလည်းကောင်း။ (ဝါ) သဒ္ဓါများခြင်းလည်းကောင်း။ (ဝါ) မပြတ်ဖြစ်သော သဒ္ဓါလည်းကောင်း။ (ဝါ) သဒ္ဓါ သဘော လည်းကောင်း။ **ဗုဒ္ဓိစရိတာစ၊**ဗုဒ္ဓိစရိုက်လည်းကောင်း။ (ဝါ) ပညာပြောခြင်းလည်းကောင်း (ဝါ) ပညာများခြင်းလည်းကောင်း။ (ဝါ) မပြတ်ဖြစ်သော ပညာလည်းကောင်း။ (ဝါ) ပညာ သဘော လည်းကောင်း။ **ဝိတက္ကစရိတာစ၊**ဝိတက်စရိုက်လည်းကောင်း။ (ဝါ)ဝိတက်ပြော ခြင်းလည်းကောင်း။ (ဝါ) ဝိတက်များခြင်းလည်းကောင်း။ (ဝါ)မပြတ်ဖြစ်သော ဝိတက် လည်းကောင်း။ (ဝါ) ဝိတက်သဘောလည်းကောင်း။ဣတိ၊ဤသို့။ဆဗ္ဗိဓေန၊ခြောက်ပါးသော အပြားဖြင့်။စရိတသင်္ဂဟော၊စရိတသင်္ဂဟကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## ဘာဝနာ ၃-ပါး

**၄။ ပရိကမ္မဘာဝနာစ၊**ပရိကမ္မဘာဝနာလည်းကောင်း။ (ဝါ)အပ္ပနာဘာဝနာကို ပြုပြင်တတ်သော ဘာဝနာလည်းကောင်း။ (ဝါ) အပ္ပနာဘာဝနာ၏ ရှေ့အဖို့ဖြစ်သော ဘာဝနာလည်းကောင်း။ **ဥပစာရဘာဝနာစ၊**ဥပစာရ ဘာဝနာလည်းကောင်း။ (ဝါ)တဒင်္ဂ ပဟာန်ဖြင့် နီဝရဏတို့ကို ခွါသည်မှစ၍ ဂေါတြဘူ အဆုံးရှိသော ကာမာဝစရဘာဝနာ လည်းကောင်း။ **အပ္ပနာဘာဝနာစ၊**အပ္ပနာဘာဝနာလည်းကောင်း။ (ဝါ) မဟဂ္ဂုတ်အဖြစ် သို့ ရောက်သော အပ္ပနာဘာဝနာလည်းကောင်း။ဣတိ၊ဤသို့။တိဿော၊သုံးပါးကုန်သော။ ဘာဝနာ၊ဘာဝနာတို့ကို။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

## နိမိတ် ၃-ပါး

**၅။ ပရိကမ္မနိမိတ္တဉ္စ၊**ပရိကမ္မနိမိတ်လည်းကောင်း။ (ဝါ)ပထဝီ, ပထဝီ အစရှိသည်ဖြင့် စီးဖြန်းခြင်း ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသည်ဟု ဆိုအပ်သော ပရိကမ္မနိမိတ်လည်းကောင်း။ **ဥဂ္ဂဟနိမိတ္တဉ္စ၊**ဥဂ္ဂဟနိမိတ်လည်းကောင်း။ (ဝါ)စက္ခုဝိညာဏ် ဖြင့် မြင်အပ်သကဲ့သို့ မနောဒွါရိက ကုသိုလ်ဇောသည် ယူအပ်သော အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသည်ဟု ဆိုအပ်သော ဥဂ္ဂဟနိမိတ်လည်းကောင်း။ (ဝါ) စက္ခုဝိညာဏ် ဖြင့် မြင်အပ်သကဲ့သို့ မနောဒွါရိက ကုသိုလ်ဇောဖြင့် ယူတတ်သော ယောဂီပုဂ္ဂိုလ်၏ အာရုံဖြစ်သော ကသိုဏ်းဝန်းအစရှိသည်ဟု ဆိုအပ်သော ဥဂ္ဂဟနိမိတ်လည်းကောင်း။

http://www.dhammadownload.com


**ပဋိဘာဂနိမိတ္တဉ္စ**၊ပဋိဘာဂနိမိတ်လည်းကောင်း။ (ဝါ)ဥဂ္ဂဟနိမိတ်နှင့် တူသော ညီသော အဆင်းစသော ကသိုဏ်းအပြစ်မှ ကင်းသော ဥပစာရအပ္ပနာတို့၏ အာရုံဖြစ်သော (စင်ကြယ်သန့်စင် ကြည်လင်ထွန်းလင်း တောက်ပသော) ကသိုဏ်းဝန်းအစရှိသည်ဟု ဆိုအပ်သော ပဋိဘာဂနိမိတ်လည်းကောင်း။ဣတိ၊ဤသို့။တီဏိ၊သုံးပါးကုန်သော။နိမိတ္တာနိစ၊နိမိတ်တို့ကိုလည်း။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

## တသိုဏ်း ၁၀-ပါး

၆။ ကထံ ဝေဒိတဗ္ဗာနိ၊အဘယ်သို့ သိအပ်ကုန်သနည်းဟူမူကား။--

**ပထဝီ ကသိဏဉ္စ**၊မြေကြီးသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော ပထဝီကသိုဏ်းလည်းကောင်း။ **အာပေါကသိဏဉ္စ**၊ရေသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော အာပေါကသိုဏ်းလည်းကောင်း။ **တေဇောကသိဏဉ္စ**၊မီးသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော တေဇောကသိုဏ်းလည်းကောင်း။ **ဝါယောကသိဏဉ္စ**၊လေသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော ဝါယောကသိုဏ်းလည်းကောင်း။ **နီလကသိဏဉ္စ**၊ညိုသောအဆင်းသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော နီလကသိုဏ်းလည်းကောင်း။ **ပီတကသိဏဉ္စ**၊ရွှေသော အဆင်းသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော ပီတကသိုဏ်းလည်းကောင်း။ **လောဟိတ ကသိဏဉ္စ**၊နီသော အဆင်းသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော လောဟိတကသိုဏ်းလည်းကောင်း။ **ဩဒါတကသိဏဉ္စ**၊ဖြူသော အဆင်းသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော ဩဒါတကသိုဏ်းလည်းကောင်း။ **အာကာသ ကသိဏဉ္စ**၊ပိုင်းခြားအပ်သော ကောင်းကင်သည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော ပရိစ္ဆိန္နာကာသ ကသိုဏ်းလည်းကောင်း။ **အာလောက ကသိဏဉ္စ**၊နံရံပေါက် စသည်တို့၌ ထင်သော နေ, လ စသည်တို့၏ အရောင်အလင်းသည်ပင် တစ်စိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံဟူသော အနက်ကြောင့် ကသိဏမည်သော အာလောက ကသိုဏ်းလည်းကောင်း။ဣတိ ဣမာနိ၊ဤသည်တို့တည်း။ဒသကသိဏာနိ နာမ၊ဆယ်ပါးသော ကသိုဏ်းတို့ မည်ကုန်၏။ (တစ်နည်းကား) ဣတိ ဣမာနိ ဒသ၊ဤဆယ်ပါးတို့သည်။

http://www.dhammadownload.com


ကသိဏာနိ နာမ၊ကသိုဏ်းတို့ မည်ကုန်၏။

**အသုဘ ၁၀-ပါး**

၇။ **ဥဒ္ဓုမာတကဥ္စ**၊သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။**ဝိနီလကဥ္စ**၊အဖြူ အနီ စသည်နှင့်ရောလျက် များသောအားဖြင့် ညိုသော အဆင်းရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။

**ဝိပုဗ္ဗကဥ္စ**၊ ယိုသော ပြည်ရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။ **ဝိစ္ဆိဒ္ဒကဥ္စ**၊ အလယ်၌ နှစ်ပိုင်းပြတ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ် လည်းကောင်း။

**ဝိက္ခာယိတကဥ္စ**၊ ခွေး, မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် ခဲအပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။ **ဝိက္ခိတ္တကဥ္စ**၊ခွေး, မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် အပိုင်း အပိုင်းဖြတ်လျက် ထိုထိုသောအရပ်၌ ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။

**ဟတဝိက္ခိတ္တကဥ္စ**၊ကျီးခြေသဏ္ဌာန် အစရှိသည်ဖြင့် ဓားလက်နက်ဖြင့် သတ်လျက် အထူးထူးသော အခြင်းအရာဖြင့် ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ် လည်းကောင်း။ **လောဟိတကဥ္စ**၊ယိုသော သွေးရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင် ပုပ်လည်းကောင်း။ **ပုဠုဝကဥ္စ**၊ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။ **အဋ္ဌိကဥ္စ**၊အရိုးစုသာဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင် ပုပ်လည်းကောင်း။ဣတိ ဣမေ၊ဤသည်တို့သည်။ဒသ အသုဘာ နာမ၊ဆယ်ပါးသော အသုဘတို့ မည်ကုန်၏။ (တစ်နည်းကား)ဣတိ ဣမေ ဒသ၊ဤဆယ်ပါးတို့သည်။အသုဘာ နာမ၊အသုဘတို့ မည်ကုန်၏။

**အနုဿတိ ၁၀-ပါး**

၈။ **ဗုဒ္ဓါနုဿတိစ**၊အရဟတာ အစရှိသော မြတ်စွာဘုရား၏ဂုဏ်တော်ကိုးပါးကို အဖန်တလဲလဲ အောက်မေ့ခြင်းလည်းကောင်း။ **ဓမ္မာနုဿတိစ**၊သွာက္ခာတတာ အစရှိသော တရားတော်၏ ဂုဏ်တော်ခြောက်ပါးကို အဖန်တလဲလဲ အောက်မေ့ခြင်းလည်းကောင်း။ **သံဃာနုဿတိစ**၊သုပ္ပဋိပန္နတာ အစရှိသော သံဃာတော်၏ ဂုဏ်တော်ကိုးပါးကို အဖန် တလဲလဲ အောက်မေ့ခြင်းလည်းကောင်း။ **သီလာနုဿတိစ**၊မိမိ၏ သီလဂုဏ်ကို အဖန် တလဲလဲ အောက်မေ့ခြင်းလည်းကောင်း။ **စာဂါနုဿတိစ**၊မိမိ၏ စွန့်ကြဲခြင်းဂုဏ်ကို အဖန် တလဲလဲ အောက်မေ့ခြင်းလည်းကောင်း။

**ဒေဝတာနုဿတိစ**၊သဒ္ဓါ အစရှိသော ဂုဏ်နှင့်ပြည့်စုံသော နတ်တို့သည် နတ်အဖြစ်

http://www.dhammadownload.com


သို့ ရောက်ကုန်၏၊ထိုသဒ္ဓါ အစရှိသော ဂုဏ်တို့သည် ငါ၌လည်းရှိကုန်၏ဟု နတ်တို့ကို သက်သေအရာ၌ ထား၍ နတ်တို့၏ သဒ္ဓါ အစရှိသော ဂုဏ်နှင့်တူသော မိမိ၏ သဒ္ဓါ အစရှိသောဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းလည်းကောင်း။

**ဥပသမာနုဿတိ၊**နိဗ္ဗာန်၏ ဝိရာဂစသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းလည်းကောင်း။**မရဏာနုဿတိ၊**သေခြင်းတရားကို အဖန်ဏလဲလဲ အောက်မေ့ခြင်းလည်းကောင်း။ **ကာယဂတာသတိ၊**ဆံ အစရှိသော ကိုယ်အစု၌ဖြစ်သော သတိလည်းကောင်း **အာနာပါနဿတိ၊**ထွက်သက် ဝင်သက်လေကို အာရုံပြု၍ အောက်မေ့ခြင်းသတိလည်းကောင်း။ ဣတိ=ဣမာ၊ဤသည်တို့သည်။ဒသ အနုဿတိယောနာမ၊ဆယ်ပါးသော အနုဿတိ -တို့ မည်ကုန်၏။ (တစ်နည်းကား)ဣတိ-ဣမာ ဒသ၊ဤဆယ်ပါးတို့သည်။အနုဿတိယော နာမ၊အနုဿတိတို့ မည်ကုန်၏။

## အပ္ပမညာ ၄-ပါး (ဗြဟ္မစိုရ်တရား ၄-ပါး)

**၉။ မေတ္တာ၊**အတိုင်းမသိသော သုခိတ, ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ အမျှ ချစ်ခြင်းလည်းကောင်း။ **ကရုဏာ၊**အတိုင်း မသိသော ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်းလည်းကောင်း။ **မုဒိတာ၊**အတိုင်း မသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းလည်းကောင်း။ **ဥပေက္ခာ၊**အတိုင်း မသိသော သုခိတ, ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်းလည်းကောင်း။ဣတိ=ဣမာ၊ဤသည်တို့သည်။စတဿော အပ္ပမညာယော နာမ၊လေးပါးသော အပ္ပမညာတို့ မည်ကုန်၏။ (တစ်နည်းကား) ဣတိ=ဣမာ စတဿော၊ဤလေးပါးတို့သည်။အပ္ပမညာယော နာမ၊အပ္ပမညာတို့ မည်ကုန်၏။ဗြဟ္မဝိဟာရောတိစ၊(မြတ်သော နေခြင်း) ဗြဟ္မဝိဟာရဟူ၍လည်း။ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်အပ်၏။

## သညာ ၁-ပါး

**၁၀။** အာဟာရေပဋိကူလသညာ အစာအာဟာရ၌။ပဋိကူလသညာ၊စက်ဆုပ်ရွံရှာဖွယ် ဟူသော အမှတ်သည်။ဧကာ၊တစ်ခုသော။သညာ နာမ၊သညာမည်၏။

## ဝဝတ္ထာန် ၁-ပါး

**၁၁။** စတုဓာတု ဝဝတ္ထာန်၊ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဟူသော ဓာတ်လေးပါးကို ပိုင်းခြားခြင်းသည်။ဧကံ၊တစ်ခုသော။ဝဝတ္ထာန် နာမ၊ဝဝတ္ထာန် မည်၏။

## အာရုပ္ပ ၄-ပါး

**၁၂။** အာကာသာနဉ္စာယတနာဒယော၊အာကာသာနဉ္စာယတန အစရှိသည်တို့သည်။ (ဝါ) အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာ

http://www.dhammadownload.com



နာသညာ ယတနတို့သည်။စတ္တာရော အာရုပ္ပါ နာမ၊လေးပါးသော အာရုပ္ပတို့ မည်ကုန်၏။ (တစ်နည်းကား) အာကာသာနဉ္စာယတနာဒယော၊အာကာသာနဉ္စာယတန အစရှိကုန်သော။(ဝါ) အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာ ယတန-ဟု ဆိုအပ်ကုန်သော။စတ္တာရော၊လေးပါးတို့သည်။အာရုပ္ပါနာမ၊အာရုပ္ပတို့ မည်ကုန်၏။ဣတိ၊ဤသို့။သင်္ဂဟာပိ၊ခပ်သိမ်းသော အခြင်းအရာတို့ဖြင့်လည်း။သမထနိဒ္ဒေသေ၊သမထကို ညွှန်းရာ၌။စတ္တာလီသ ကမ္မဋ္ဌာနာနိ၊လေးဆယ်သော ကမ္မဋ္ဌာန်းတို့သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။

## စရိုက်ဖြင့် ကမ္မဋ္ဌာန်းတို့ ဝေဖန်ပုံ

## ရာဂ (လောဘ) စရိုက်များသူနှင့် ဆီလျော်သော ကမ္မဋ္ဌာန်း

၁၃။ ပုန၊အထူးကိုဆိုအံ့။စရိတာသု၊ခြောက်ပါးသော စရိုက်တို့၌။ (ဝါ)ခြောက်ပါးသော စရိုက်တို့တွင်။ဒသ၊ဆယ်ပါးကုန်သော။အသုဘာစ၊အသုဘတို့သည်လည်းကောင်း။ ကာယဂတာသတိ သင်္ခါတာ၊ဆံ အစရှိသော ကိုယ်အစု၌ဖြစ်သော သတိဟု ဆိုအပ်သော။ ကောဋ္ဌာသဘာဝနာစ၊ဆံ အစရှိသော ကိုယ်အစု၌ ပွားစေခြင်း ဘာဝနာသည်လည်းကောင်း ရာဂစရိတဿ၊ရာဂပြောသော ပုဂ္ဂိုလ်အား။ (ဝါ)ရာဂများသော ပုဂ္ဂိုလ်အား။ (ဝါ)မပြတ်ဖြစ်သော ရာဂရှိသော ပုဂ္ဂိုလ်အား။ (ဝါ) ရာဂသဘောရှိသော ပုဂ္ဂိုလ်အား။သပ္ပါယာ၊ လျောက်ပတ်ကုန်၏။

## ဒေါသစရိုက် များသူနှင့် ဆီလျော်သော ကမ္မဋ္ဌာန်း

၁၄။ စတသော၊လေးပါးကုန်သော။အပ္ပမညာယောစ၊အပ္ပမညာ ကမ္မဋ္ဌာန်းတို့လည်းကောင်း။နီလာဒီနိ၊နီလ အစရှိကုန်သော။ (ဝါ) နီလ,ပီတ,လောဟိတ,ဩဒါတ-ဟု ဆိုအပ်ကုန်သော။စတ္တာရိ၊လေးပါးကုန်သော။ကသိဏာနိစ၊ကသိုဏ်းတို့သည်လည်းကောင်း။ဒေါသစရိတဿ၊ဒေါသပြောသော ပုဂ္ဂိုလ်တို့အား။သပ္ပါယာနိ၊လျောက်ပတ်ကုန်၏။

## ဝိတက်စရိုက်, မောဟစရိုက်များသူနှင့် ဆီလျော်သော ကမ္မဋ္ဌာန်း

၁၅။ အာနာပါနံ၊ထွက်သက်, ဝင်သက်၌ အာရုံပြုသော သတိသည်။မောဟစရိတဿစ၊မောဟပြောသော ပုဂ္ဂိုလ်အားလည်းကောင်း။ဝိတက္ကစရိတဿစ၊ဝိတက်ပြောသော ပုဂ္ဂိုလ်အားလည်းကောင်း။သပ္ပါယံ၊လျောက်ပတ်၏။

## သဒ္ဓါစရိုက်များသူနှင့် ဆီလျော်သော ကမ္မဋ္ဌာန်း

၁၆။ ဗုဒ္ဓါနုဿတိအာဒယော၊ဗုဒ္ဓါနုဿတိ အစရှိကုန်သော။ (ဝါ)ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟု ဆိုအပ်ကုန်သော။ဆ၊ခြောက်ပါးကုန်သော အနုဿတိတို့သည်။သဒ္ဓါစရိတဿ၊သဒ္ဓါပြောသော ပုဂ္ဂိုလ်အား။သပ္ပါယာ၊လျောက်ပတ်ကုန်၏။

http://www.dhammadownload.com



## ပညာစရိုက်များသူနှင့် ဆီလျော်သော ကမ္မဋ္ဌာန်း

၁၇။ မရဏ ဥပသမ သညာ ဝဝတ္ထာနာနိ၊မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ်, ဓာတ်လေးပါးတို့ကို ပိုင်းခြားခြင်းတို့သည်။ ဗုဒ္ဓိစရိတဿ၊ပညာပြောသော ပုဂ္ဂိုလ်အား။ (ဝါ) ပညာများသော ပုဂ္ဂိုလ်အား။(ဝါ) မပြတ်ဖြစ်သော ပညာရှိသော ပုဂ္ဂိုလ်အား။ (ဝါ)ပညာသဘော ရှိသော ပုဂ္ဂိုလ်အား။သပ္ပါယာနိ၊ လျောက်ပတ်ကုန်၏။

## ကမ္မာသူ, ကမ္မာသား အားလုံးနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း ပုဂ္ဂိုလ်တိုင်း လျောက်ပတ်သော ကမ္မဋ္ဌာန်း

၁၈။ ပန၊မဆက်ဆံသည်မှတစ်ပါး ဆက်ဆံသည်ကို ဆိုအံ့။သေသာနိ၊ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော။ (ဝါ) အသုဘဆယ်ပါး, ကာယဂတာသတိ, အပ္ပမညာလေးပါး, နီလ, ပီတ, လောဟိတ, ဩဒါတအားဖြင့် ကသိုဏ်းလေးပါး, အာနာပါနဿတိ, ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ မရဏာနုဿတိ, ဥပသမာနုဿတိ-ဟု ဆိုအပ်သော အနုဿတိကိုးပါး, အာဟာရေ ပဋိကူလသညာ, စတုဓာတု ဝဝတ္ထာန်တို့မှ ကြွင်းကုန်သော။သဗ္ဗာနိပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ကမ္မဋ္ဌာနာနိ၊ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည်။ (ဝါ)ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောကအားဖြင့် ကသိုဏ်းခြောက်ပါး, အာရုပ္ပလေးပါးဟု ဆိုအပ်ကုန်သော။ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည်။သဗ္ဗေသမ္ပိ၊ရာဂ, ဒေါသ, မောဟ, ဝိတက်, သဒ္ဓါ, ပညာပြောသော ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အားလည်း။သပ္ပါယာနိ၊လျောက်ပတ်ကုန်၏

## မောဟစရိုက် ထူသူအား လျော်သော ကသိုဏ်းဝန်း

တတ္ထာပိ၊ထိုဆယ်ပါးသော ကမ္မဋ္ဌာန်းတို့တွင်လည်း။ကသိဏေသု၊ကသိုဏ်းခြောက်ပါးတို့၌။ (ဝါ) ပထဝီကသိုဏ်း,အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, အာကာသ ကသိုဏ်း, အာလောက ကသိုဏ်းဟု ဆိုအပ်သော ခြောက်ပါးသော ကသိုဏ်းတို့၌။ပုထုလံ၊ကြီးစွ အဆုံး ကောက်နယ်တလင်းခန့်မျှရှိသော ကသိုဏ်းဝန်းသည်။ မောဟစရိတဿ၊မောဟပြောသော ပုဂ္ဂိုလ်အား။သပ္ပါယံ၊လျောက်ပတ်၏။

## ဝိတက်စရိုက်များသူအား လျော်သော ကသိုဏ်းဝန်း

ခုဒ္ဒကံ၊ငယ်စွအဆုံး ခွက်မျှ စကောမျှ ရှိသော ကသိုဏ်းဝန်းသည်။ဝိတက္ကစရိတဿဝ ဝိတက်ပြောသော ပုဂ္ဂိုလ်အားသာလျှင်။သပ္ပါယံ၊လျောက်ပတ်၏။

အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကားတွေ၊ဤသမထနိဒ္ဒေသ၌။သပ္ပါယဘေဒါ၊သပ္ပါယဘေဒ တည်း။ (ဝါ)လျောက်ပတ်သော အပြားကို ဆိုကြောင်းဖြစ်သော နည်းတည်း။

http://www.dhammadownload.com


## ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ
## ကမ္မဋ္ဌာန်းတိုင်း၌ ပရိကမ္မဘာဝနာ ရခြင်း

၁၉။ ပန၊သပ္ပါယဘေဒမှတစ်ပါး ဘာဝနာဘေဒကို ဆိုအံ့။ဘာဝနာသု၊ဘာဝနာတို့၌။(ဝါ)ဘာဝနာတို့တွင်။သဗ္ဗတ္ထာပိ၊အလုံးစုံသော ကမ္မဋ္ဌာန်း လေးဆယ်တို့၌လည်း။ပရိကမ္မဘာဝနာ၊ပရိကမ္မဘာဝနာကို။လဗ္ဘတေဝ၊ရအပ်သည်သာလျှင်တည်း။

## (စျာန်မဝင်, ဖိုလ် မရနိုင်သော ကမ္မဋ္ဌာန်း)
## ဥပစာရဘာဝနာသာ ရနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါး

ဗုဒ္ဓါနုဿတိအာဒီသု၊ဗုဒ္ဓါနုဿတိ အစရှိကုန်သော။(ဝါ) ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ,သီလာနုဿတိ,စာဂါနုဿတိ,ဒေဝတာနုဿတိ,ဥပသမာနုဿတိ,မရဏာနုဿတိ-ဟု ဆိုအပ်ကုန်သော။အဋ္ဌသု၊ရှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့၌လည်းကောင်း။သညာဝဝတ္ထာနေသု စ၊အာဟာရေ ပဋိကူလသညာ, စတုဓာတု ဝဝတ္ထာန်တို့၌လည်းကောင်း။ဣတိ၊ဤသို့။ဒသသု၊ဆယ်ပါးကုန်သော။ကမ္မဋ္ဌာနေသု၊ကမ္မဋ္ဌာန်းတို့၌။ဥပစာရဘာဝနာဝ၊ ဥပစာရဘာဝနာသည်သာလျှင်။သမ္ပဇ္ဇတိ၊ပြည့်စုံ၏။အပ္ပနာ၊အပ္ပနာဘာဝနာသည်။နတ္ထိ၊မရှိ။

## ဘာဝနာသုံးပါးလုံးရသော ကမ္မဋ္ဌာန်း ၃၀-ပါး

၂၀။ ပန၊သုံးပါးအကုန် မရအပ်သည်မှတစ်ပါး ရသည်ကို ဆိုအံ့။သေသေသု၊ဆိုအပ်ခဲ့ပြီးသော ကမ္မဋ္ဌာန်းဆယ်ပါးမှကြွင်းကုန်သော။သမတ္တိံသ ကမ္မဋ္ဌာနေသု၊အမျှသုံးဆယ်သော ကမ္မဋ္ဌာန်းတို့၌။အပ္ပနာဘာဝနာပိ၊အပ္ပနာဘာဝနာသည်လည်း။သမ္ပဇ္ဇတိ၊ပြည့်စုံ၏။

## စျာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ
## စျာန် ၅-ပါးကို (ရသော) ဖြစ်စေသော ကမ္မဋ္ဌာန်း ၁၁-ပါး

၂၁။ တတ္ထာပိ၊ထိုအမျှ သုံးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်လည်း။ဒသ ကသိဏာနိ စ၊ဆယ်ပါးသော ကသိုဏ်းပညတ်တို့သည်လည်းကောင်း။အာနာပါနဉ္စ၊ထွက်သက် ဝင်သက် (အာနာပါန)ပညတ်သည်လည်းကောင်း။ပဉ္စကဇ္ဈာနိကာနိ၊စျာန်ငါးပါး အပေါင်းရှိကုန်၏။(ဝါ) စျာန်ငါးပါးအပေါင်း၌ ယှဉ်ကုန်၏။ (ဝါ)စျာန်ငါးပါးအပေါင်း၏ အာရုံ ဖြစ်ကုန်၏။

## ပဌမစျာန်ကို (ရသော) ဖြစ်စေသော ကမ္မဋ္ဌာန်း ၁၁-ပါး

၂၂။ ဒသ အသုဘာ စ၊ဆယ်ပါးသော အသုဘတို့သည်လည်းကောင်း။ကာယဂတာသတိ စ၊ကာယဂတာ သတိသည်လည်းကောင်း။ပဌမဇ္ဈာနိကာ၊ပဌမစျာန်ရှိကုန်၏။ (ဝါ)ပဌမစျာန်၌ ယှဉ်ကုန်၏။ (ဝါ) ပဌမစျာန်၏ အာရုံဖြစ်ကုန်၏။

## ပ,ဒု,တ, စတုတ္ထစျာန်ကို (ရသော) ဖြစ်စေသော ကမ္မဋ္ဌာန်း ၃-ပါး

၂၃။ မေတ္တာဒယော၊မေတ္တာ အစရှိကုန်သော။ (ဝါ)မေတ္တာ, ကရုဏာ, မုဒိတာ-ဟု ဆိုအပ်ကုန်သော။တယော၊သုံးပါးကုန်သော ဗြဟ္မဝိဟာရ တရားတို့သည်။စတုက္ကဇ္ဈာနိကာ၊

http://www.dhammadownload.com



ဈာန်လေးပါး အပေါင်းရှိကုန်၏။ (ဝါ)ဈာန်လေးပါး အပေါင်း၌ ယှဉ်ကုန်၏။ (ဝါ) ဈာန်လေးပါး အပေါင်း၏ အာရုံဖြစ်ကုန်၏။

## ပဉ္စမဈာန် ၁-ပါးသာ (ရသော) ဖြစ်စေသော ကမ္မဋ္ဌာန်း ၁-ပါး

၂၄။ ဥပေက္ခာ၊ဥပေက္ခာ-ဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား တစ်ပါးသည်။ပဉ္စမဇ္ဈာနိကာ၊ပဉ္စမဈာန်ရှိ၏။ (ဝါ)ပဉ္စမဈာန်၌ ယှဉ်၏။ (ဝါ)ပဉ္စမဈာန်၏ အာရုံဖြစ်၏။

ဣတိ၊ဤသို့။ဆဗ္ဗီသတိ၊နှစ်ဆယ့်ခြောက်ပါးကုန်သော။ကမ္မဋ္ဌာနာနိ၊ကမ္မဋ္ဌာန်းတို့သည်။ ရူပါဝစရဇ္ဈာနိကာ၊ရူပါဝစရဈာန်ရှိကုန်၏။ (ဝါ) ရူပါဝစရဈာန်၌ ယှဉ်ကုန်၏။ (ဝါ) ရူပါဝစရဈာန်၏ အာရုံဖြစ်ကုန်၏။

## အရူပဈာန်တို ဖြစ်သော ကမ္မဋ္ဌာန်း ၄-ပါး

၂၅။ ပန၊ရူပါဝစရဈာန်၏ အာရုံမှတစ်ပါး အာရုပ္ပဈာန်၏ အာရုံကို ဆိုအံ့။စတ္တာရော၊ လေးပါးကုန်သော။ (ဝါ) အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာ နာသညာယတနအားဖြင့် လေးပါးကုန်သော။အာရုပ္ပါ၊အာရုပ္ပတို့သည်။အာရုပ္ပဇ္ဈာနိကာ၊အာရုပ္ပဈာန်ရှိကုန်၏။ (ဝါ)အာရုပ္ပဈာန်၌ ယှဉ်ကုန်၏။ (ဝါ) အာရုပ္ပဈာန်၏ အာရုံဖြစ်ကုန်၏။

အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဈာနေသု၊ဤသမထနိဒ္ဒေသ၌။ဘာဝနာဘေဒေါ၊ဘာဝနာဘေဒတည်း။ (ဝါ) ဘာဝနာ၏ အပြားကို ဆိုကြောင်းဖြစ်သော နည်းတည်း။

## နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

## ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် ရနိုင်သော ကမ္မဋ္ဌာန်း

၂၆။ ပန၊ဘာဝနာဘေဒမှတစ်ပါး နိမိတ္တဘေဒကို ဆိုအံ့။ (ဝါ)ဘာဝနာဘေဒမှတစ်ပါး ဂေါစရဘေဒကို ဆိုအံ့။ (ဝါ) ဘာဝနာအပြားမှတစ်ပါး အာရုံအပြားကို ဆိုအံ့။နိမိတ္တေသု၊ နိမိတ်တို့တွင်။ပရိကမ္မနိမိတ္တဉ္စ၊ပရိကမ္မနိမိတ်ကိုလည်းကောင်း။ (ဝါ) ပထဝီ, ပထဝီ အစရှိသည်ဖြင့် စီးဖြန်းခြင်း ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသည်ဟု ဆိုအပ်သော ပရိကမ္မနိမိတ်ကိုလည်းကောင်း။ဥဂ္ဂဟနိမိတ္တဉ္စ၊ဥဂ္ဂဟနိမိတ်ကိုလည်းကောင်း။ (ဝါ) စက္ခုဝိညာဏ်ဖြင့် မြင်အပ်သကဲ့သို့မနောဒွါရိက ကုသိုလ်ဇောဖြင့် ယူတတ်သော ယောဂီပုဂ္ဂိုလ်၏ အာရုံဖြစ်သော ကသိုဏ်းဝန်းအစရှိသည်ဟု ဆိုအပ်သော ဥဂ္ဂဟနိမိတ်လည်းကောင်း။ (ဝါ) ပရိကမ္မနိမိတ် တည်းဟူသော ပဌမနိမိတ်၏ အထက်၌ တစ်ဆင့်တက်၍ ယူတတ်သော ယောဂီပုဂ္ဂိုလ်၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသည်ဟု ဆိုအပ်သော ဥဂ္ဂဟနိမိတ်ကိုလည်းကောင်း။သဗ္ဗတ္ထာပိ၊အလုံးစုံသော ကမ္မဋ္ဌာန်းလေးဆယ်တို့၌လည်း ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ပရိယာယေန၊ပရိယာယ်အားဖြင့်။ (ဝါ)ဥပစာရအားဖြင့် လဗ္ဘန္တေဝ၊ရအပ်ကုန်သည်သာလျှင်တည်း။

http://www.dhammadownload.com



## ပဋိဘာဂနိမိတ်ကို ရသော ကမ္မဋ္ဌာန်း ၂၂-ပါး

၂၇။ ပန၊အလုံးစုံရအပ်သည်မှတစ်ပါး မရသည်ကို ဆိုအံ့။ပဋိဘာဂနိမိတ္တံ၊ပဋိဘာဂနိမိတ်ကို။ (ဝါ)ဥဂ္ဂဟနိမိတ်နှင့် တူသော ညီသော အဆင်းစသော ကသိုဏ်းအပြစ်မှကင်းသော ဥပစာရ, အပ္ပနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသည်ဟု ဆိုအပ်သော ပဋိဘာဂနိမိတ်ကို။ကသိဏာသုဘ ကောဋ္ဌာသ အာနာပါနေသွေဝ၊ကသိုဏ်းပညတ် ဆယ်ပါး, အသုဘပညတ် ဆယ်ပါး, ဆံ-အစရှိသော ကာယအစုပညတ် (ကာယဂတာသတိ) ထွက်သက် ဝင်သက်ပညတ် (အာနာပါနဿတိ)တို့၌သာလျှင်။လဗ္ဘတိ၊ရအပ်၏။

ဟိ-သစ္စံ့မှန်၏။တတ္ထ၊ထိုကသိုဏ်းပညတ်ဆယ်ပါး, အသုဘပညတ်ဆယ်ပါး, ဆံ-အစရှိသော ကာယအစုပညတ်, ထွက်သက်ဝင်သက်ပညတ်တို့၌။ပဋိဘာဂနိမိတ္တံ၊ပဋိဘာဂနိမိတ်ကို။ (ဝါ) ဥဂ္ဂဟနိမိတ်နှင့်တူသော ညီသောအဆင်းစသော ကသိုဏ်းအပြစ်မှကင်းသော ဥပစာရ, အပ္ပနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်းအစရှိသည်ဟု ဆိုအပ်သော ပဋိဘာဂနိမိတ်ကို။အာရဗ္ဘ၊အာရုံပြု၍။ဥပစာရသမာဓိစ၊ဥပစာရသမာဓိသည်လည်းကောင်း။အပ္ပနာသမာဓိစ၊အပ္ပနာသမာဓိသည်လည်းကောင်း။ပဝတ္တန္တိ၊ဖြစ်ကုန်၏။

### ဘာဝနာနှင့် နိမိတ် တွဲစပ်ပုံ

### ပရိကမ္မနိမိတ် မည်ပုံ

၂၈။ ကထံ ပဝတ္တန္တိ၊အဘယ်သို့ ဖြစ်ကုန်သနည်းဟူမူကား။ဟိ-တပ္ပါကဋီကရောမိ၊ထိုစကားကို ထင်ရှားစွာ ပြုဦးအံ့။ (ဝါ) ဟိ=ဝိတ္ထာရေမိ၊အကျယ်ချဲ့ဦးအံ့။

အာဒိကမ္မိကဿ၊ရှေးဦးအစ၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း အမှုရှိသည်ဖြစ်၍။ပထဝီမဏ္ဍလာဒိသု၊ပထဝီကသိုဏ်းဝန်း အစရှိသည်တို့၌။နိမိတ္တံ၊အာရုံကို။ဥဂ္ဂဏှန္တဿ၊ယူတတ်သော ယောဂါ ဝစရပုဂ္ဂိုလ်၏။ (ဝါ) အား။တံ အာရမ္မဏံ၊ထိုပထဝီ ကသိုဏ်းဝန်းအစရှိသော (ရှေးဦးအစဖြစ်သော) အာရုံကို။ပရိကမ္မနိမိတ္တန္တိ၊ပရိကမ္မနိမိတ်ဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် ဆိုအပ်၏။သာစ ဘာဝနာ၊ထိုဘာဝနာသည်လည်း။ပရိကမ္မဘာဝနာ နာမ၊ပရိကမ္မဘာဝနာ မည်၏။

### ဥဂ္ဂဟနိမိတ် မည်ပုံ

၂၉။ ပန၊ပရိကမ္မနိမိတ်မှတစ်ပါး ဥဂ္ဂဟနိမိတ်ကို ဆိုအံ့။ယဒါ၊အကြင်အခါ၌။တံ နိမိတ္တံ၊ထိုပရိကမ္မနိမိတ်ဟု ဆိုအပ်သော ပထဝီကသိုဏ်းဝန်း အစရှိသော အာရုံကို။(ဝါ)သည်။စိတ္တေန၊မနောဒွါရိကစိတ်ဖြင့်။သမုဂ္ဂဟိတံ၊ကောင်းစွာယူအပ်သည်။ဟောတိ၊၏။စက္ခုနာ၊စက္ခုပသာဒဖြင့်။(ဝါ)စက္ခုဝိညာဏ်ဖြင့်။ပဿန္တဿေဝ၊မြင်သကဲ့သို့။ (တစ်နည်းကား) ပဿန္တဿ၊မြင်သောသူအား။အာပါထံ၊ထင်ခြင်းသို့။အာဂတံ ဣဝ၊ရောက်သကဲ့သို့။မနောဒွါရဿ မနောဒွါရအား။ (ဝါ)မနောဒွါရိကဝိညာဏ်အား။အာပါထံ၊ထင်ခြင်းသို့။အာဂတံ၊ရောက်၏။

http://www.dhammadownload.com



တဒါ၊ထိုအခါ၌။တမေဝ အာရမ္မဏံ၊ထိုပထဝီ ကသိုဏ်းဝန်း အစရှိသော အာရုံသည်ပင်လျှင်။ ဥဂ္ဂဟနိမိတ္တံနာမ၊ဥဂ္ဂဟနိမိတ် မည်၏။သာစ ဘာဝနာ၊ထိုဘာဝနာသည်လည်း။သမာဓိယတိ၊ တည်ကြည်၏။

## ပဋိဘာဂနိမိတ် မည်ပုံ

**၃၀။** ပန၊ဥဂ္ဂဟနိမိတ်မှတစ်ပါး ပဋိဘာဂနိမိတ်ကို ဆိုအံ့။တထာ သမာဟိတဿ၊ထိုသို့သော အခြင်းအရာဖြင့် တည်ကြည်သည်ဖြစ်၍။တတော၊ထိုဥဂ္ဂဟနိမိတ် ထင်သည်မှ။ပရံ၊နောက်၌။တသ္မိံ ဥဂ္ဂဟနိမိတ္တေ၊ထိုဥဂ္ဂဟနိမိတ်၌။ပရိကမ္မသမာဓိနာ၊ပရိကမ္မသမာဓိဖြင့်။ဘာဝနံ၊ပွားခြင်းကို။အနုယုဥ္ဇန္တဿ၊အဖန်တလဲလဲ လုံ့လပြုသော။တဿ၊ထိုယောဂီပုဂ္ဂိုလ်အား။ယဒါ၊အကြင်အခါ၌။တပ္ပဋိဘာဂံ၊ထိုဥဂ္ဂဟနိမိတ်နှင့်တူသော။ဝတ္ထုဓမ္မဝိမုစ္စိတံ၊ပရမတ္ထဓမ္မမှ လွတ်သော။ (ဝါ) ကသိုဏ်းဝန်း၌ဖြစ်သော ကသိုဏ်းအပြစ်မှ လွတ်သော။ပညတ္တိသင်္ခါတံ၊ ပညတ်ဟု ဆိုအပ်သော။ဘာဝနာမယံ၊ဘာဝနာဖြင့် ပြီးသော။အာရမ္မဏံ၊ပထဝီ ကသိုဏ်းဝန်း အစရှိသော အာရုံသည်။စိတ္တေ၊မနောဒွါရိကစိတ်၌။သန္နိသိန္နံ၊စုဝေးသည်။ (ငြိမ်သက်စွာ တည်နေသည်) သမပ္ပိတံ၊ကောင်းစွာဝင်သည်။ဟောတိ၊၏။

တဒါ၊ထိုအခါ၌။တံ ပဋိဘာဂနိမိတ္တံ၊ထိုပဋိဘာဂနိမိတ်ကို။သမုပ္ပန္နန္တိ၊ကောင်းစွာ ဖြစ်ပြီဟူ၍။ (ဝါ)ကောင်းစွာ ပြည့်စုံပြီဟူ၍။ပဝုစ္စတိ၊အပြားအားဖြင့် ဆိုအပ်၏။

## ဥပစာရဘာဝနာ ပြည့်စုံခြင်း

**၃၁။** တတော၊ထိုပဋိဘာဂနိမိတ် ထင်သည်မှ။ပဋ္ဌာယ၊စ၍။ပရိပန္ထဝိပ္ပဟီနာ၊ပယ်အပ်ပြီးသော နီဝရဏတည်းဟူသော ဘေးရန်ရှိသော။ (ဝါ) နီဝရဏတည်းဟူသော ဘေးရန်ကို ပယ်ပြီးသော။ကာမာဝစရ သမာဓိသင်္ခါတာ၊ကာမာဝစရ သမာဓိ-ဟု ဆိုအပ်သော။ဥပစာရ ဘာဝနာ၊ဥပစာရဘာဝနာသည်။နိပ္ဖန္နာ နာမ၊ဖြစ်သည်မည်သည်။ (ဝါ) ပြီးပြည့်စုံသည် မည်သည်။ဟောတိ၊၏။

## ရူပဈာန်ဖြစ်ပုံ / ပဌမဈာန် ရခြင်း

**၃၂။** တတော၊ထိုဥပစာရဘာဝနာ ဖြစ်သည်မှ။ (ဝါ)ထိုဥပစာရ ဘာဝနာ ပြီးပြည့်စုံသည်မှ။ပရံ၊နောက်၌။တမေဝ ပဋိဘာဂနိမိတ္တံ၊ထိုပဋိဘာဂနိမိတ်ကိုပင်လျှင်။ဥပစာရသမာဓိနာ၊ဥပစာရသမာဓိဖြင့်။သမာသေဝန္တဿ၊ကောင်းစွာ မှီဝဲသော ယောဂါဝစရပုဂ္ဂိုလ်အား။ရူပါဝစရပဌမဇ္ဈာနံ၊ရူပါဝစရပဌမဈာန်သည်။အပ္ပေတိ-အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

## ဝသီဘော် ၅-ပါးနှင့် ဒုတိယဈာန် စသည်ကို ရခြင်း

**၃၃။** တတော၊ထိုပဌမဈာန်ကို ရသည်မှ။ပရံ၊နောက်၌။တမေဝ ပဌမဇ္ဈာနံ၊ထိုပဌမဈာန်ကိုပင်လျှင်။**အာဝဇ္ဇနန္တ**၊အာဝဇ္ဇနဝသီဘော်လည်းကောင်း။ (ဝါ) ပဌမဈာန်၏ အင်္ဂါငါးပါး

http://www.dhammadownload.com



တို့တွင် တစ်ပါးပါးသော အာရုံ၌ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ လေးကြိမ် ငါးကြိမ်သောဇော, နှစ်ကြိမ် သုံးကြိမ်သော ဘဝင်ထက်အလွန်သို့ မရောက်မူ၍ အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိလည်းကောင်း။

**သမာပဇ္ဇနဥ္စ**၊သမာပဇ္ဇနဝသီဘော်လည်းကောင်း။ (ဝါ) ဝင်စားခြင်းငှာ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော စိတ်၏ အခြားမဲ့၌ နှစ်ကြိမ် သုံးကြိမ်သော ဘဝင်ထက် အလွန်သို့ မရောက်မူ၍ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝင်စားခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဈာန်ကို ဝင်စားခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိငှင်း

**အဓိဋ္ဌာနဥ္စ**၊အဓိဋ္ဌာနဝသီဘော်လည်းကောင်း။ (ဝါ)တံတားသည် ရေအယဉ်ရှိသောမြစ်၏ ရေအယဉ်ကို ဖြတ်သကဲ့သို့ ဘဝင်၏အယဉ်ကို ဖြတ်၍ ပိုင်းခြားတိုင်းသော ကာလပတ်လုံး ဈာန်ကိုထားခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဘဝင်ကျခြင်းမှ ဈာန်ကို စောင့်ခြင်းငှာလျော်သော ဆောက်တည်ခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိလည်းကောင်း။ (ဝါ) ပိုင်းခြားတိုင်းသော ကာလမှ အထက်သို့ သွားခြင်းငှာ မပေးမူ၍ ဈာန်ကိုထားခြင်း၌ စွမ်းနိုင်သည်၏အဖြစ်တည်းဟူသော ဆောက်တည်ခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိလည်းကောင်း။

**ဝုဋ္ဌာနဥ္စ**၊ဝုဋ္ဌာနဝသီဘော်လည်းကောင်း။ (ဝါ) ပိုင်းခြားတိုင်းသော ကာလကို မလွန်စေမူ၍ ဈာန်မှထခြင်း၌ စွမ်းနိုင်သောသူ၏ အဖြစ်တည်းဟူသော ဈာန်မှထခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိလည်းကောင်း။ (ဝါ) ပိုင်းခြားတိုင်းသော ကာလ၏ အတွင်း၌ မထမူ၍ ပိုင်းခြားတိုင်းသော ကာလ၏ အစွမ်းဖြင့်သာလျှင် ဈာန်မှထခြင်း၌ စွမ်းနိုင်သည်၏အဖြစ်တည်းဟူသော ဈာန်မှထခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်း သတ္တိလည်းကောင်း။

**ပစ္စဝေက္ခဏဉ္စ**၊ပစ္စဝေက္ခဏာ ဝသီဘော်လည်းကောင်း။ (ဝါ) ပဌမဈာန်၏ အင်္ဂါငါးပါးတို့တွင် တစ်ပါးပါးသော အာရုံ၌ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ လေးကြိမ် ငါးကြိမ်သောဇော, နှစ်ကြိမ် သုံးကြိမ်သော ဘဝင်ထက် အလွန်သို့ မရောက်မူ၍ အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇောစိတ်ဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိလည်းကောင်း။

က္လတိ၊ဤသို့။က္လမာဟိ ပဥ္စဟိ ဝသိတာဟိဤငါးပါးသော ဝသီဘော်တို့ဖြင့်။ဝသီဘူတံ၊လေ့လာစွာဖြစ်သည်ကို။ကတွာ၊ပြု၍။ဝိတက္ကာဒိကံ၊ဝိတက်-အစရှိသော။ဩဠာရိကင်္ဂ၊ရုန့်ရင်းသော ဈာန်အင်္ဂါကို။ပဟာနာယ၊ပယ်ခြင်းငှာ။ဝိစာရာဒိသုခုမင်္ဂုပ္ပတ္တိယာ၊ဝိစာရ အစရှိသော သိမ်မွေ့သော ဈာန်အင်္ဂါဖြစ်ခြင်းငှာ။ပဒဟတော=ပဒဟန္တဿ၊အဖန်တလဲလဲ ပထဝီ

http://www.dhammadownload.com



ပထဝီ အစရှိသည်ဖြင့် စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်အား။ယထာက္ကမံ၊အစဉ် အတိုင်း။ဒုတိယဈ္ဈာနာဒယော၊ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်တို့သည်။ ယထာရဟံ၊ထိုသည်အားလျော်စွာ။အပ္ပေန္တိ=အပ္ပနာဝသေန ဥပ္ပဇ္ဇန္တိ၊အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်ကုန်၏။

## ပဋိဘာဂနိမိတ်ကို ရနိုင်သော ကမ္မဋ္ဌာန်း

၃၄။ ဣစ္စေဝံ=ဣတိ ဧဝံ ယထာဝုတ္တနယေန၊ဤသို့ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ပထဝီ ကသိဏာဒီသု၊ပထဝီကသိုဏ်း အစရှိကုန်သော။ (ဝါ) ကသိုဏ်းပညတ် ဆယ်ပါး, အသုဘပညတ်ဆယ်ပါး, ဆံ-အစရှိသော ကာယအစုပညတ်, ထွက်သက် ဝင်သက် ပညတ်ဟု ဆိုအပ်ကုန်သော။ဒွါဝီသတိ ကမ္မဋ္ဌာနေသု၊နှစ်ဆယ့် နှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့၌။ပဋိဘာဂနိမိတ္တံ၊ပဋိဘာဂနိမိတ်ကို။ဥပလဗ္ဘတိ၊ရအပ်၏။

## အပ္ပမညာ ၄-ပါးတို့၏ အာရုံ

၃၅။ ပန၊အထူးကို ဆိုအံ့။အဝသေသေသု၊ဆိုအပ်ပြီးသော နှစ်ဆယ့် နှစ်ပါးသော ကမ္မဋ္ဌာန်းမှ ကြွင်းကုန်သော တစ်ဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင်။အပ္ပမညာ၊အပ္ပမညာတို့ သည်။သတ္တပညတ္တိယံ၊သုခိတ,ဒုက္ခိတ သတ္တဝါပညတ်၌။ပဝတ္တန္တိ၊ဖြစ်ကုန်၏။

## အရူပဈာန်ဖြစ်ပုံ / အာကာသာနဉ္စာယတနဈာန်ကို ရပုံ

၃၆။ ပန၊ရူပအာရုံမှတစ်ပါး အရူပအာရုံကို ဆိုအံ့။ (ဝါ)ရူပဈာန်ကို ရသည်မှတစ်ပါး အရူပဈာန် ရသည်ကိုဆိုအံ့။အာကာသဝဇ္ဇိတ ကသိဏေသု၊အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင်။ (ဝါ) အာကာသ ကသိုဏ်းကို ကြဉ်သော ကသိုဏ်း ကိုးပါးတို့တွင်။ယံကိဉ္စိ၊အမှတ်မရှိ တစ်ခုခုသော။ကသိဏံ၊ကသိုဏ်းကို။ဥဂ္ဃါဋေတွာ၊ခွါ၍။ လဒ္ဓံ၊ရအပ်သော။အာကာသံ၊အဆုံး မရှိသော ကောင်းကင်ပညတ်ကို။အနန္တဝသေန၊အဆုံး မရှိသည်၏ အစွမ်းဖြင့်။ပရိကမ္မံ၊"အနန္တော အာကာသော အနန္တော အာကာသော"ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို။ကရောန္တဿ၊ပြုသော ယောဂီပုဂ္ဂိုလ်အား။ပဌမာရုပ္ပံ၊ပဌမ အရူပဈာန် သည်။အပ္ပေတိ=အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။

## ဝိညာဏဉ္စာယတနဈာန်ကို ရပုံ

၃၇။ တမေဝ ပဌမာရုပ္ပဝိညာဏံ၊ထိုပဌမာရုပ္ပ ဝိညာဏ်ကိုပင်လျှင်။(အာရဗ္ဘ၊အာရုံပြု ၍)အနန္တဝသေန၊အဆုံးမရှိသည်၏ အစွမ်းဖြင့်။ပရိကမ္မံ၊"အနန္တံ ဝိညာဏံ, အနန္တံ ဝိညာဏံ" ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို။ကရောန္တဿ၊ပြုသော ယောဂီပုဂ္ဂိုလ်အား။ဒုတိ ယာရုပ္ပံ၊ဒုတိယ အရူပဈာန်သည်။အပ္ပေတိ=အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။

http://www.dhammadownload.com



## အာကိဉ္စညာယတနစျာန်ကို ရပုံ

၃၈။ ပန၊အထူးကို ဆိုအံ့။ (ဝါ) ဒုတိယာရုပ္ပစျာန်မှတစ်ပါး တတိယာရုပ္ပစျာန်ကို ဆိုအံ့။ တမေဝ ပဌမာရုပ္ပဝိညာဏာဘာဝံ၊ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ်ကိုပင်လျှင်။(အာရဗ္ဘ၊အာရုံပြု၍) နတ္ထိ ကိဉ္စီတိ၊နတ္ထိ ကိဉ္စိ-ဟု။ပရိကမ္မံ၊စီးဖြန်းခြင်း ပရိကံကို။ကရောန္တဿ၊ပြုသော ယောဂီပုဂ္ဂိုလ်အား။တတိယာရုပ္ပံ၊တတိယ အရူပစျာန်သည်။အပ္ပေတိ-အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။

## နေဝသညာ နာသညာယတနစျာန်ကို ရပုံ

၃၉။ တတိယာရုပ္ပံ၊တတိယာရုပ္ပဝိညာဏ်ကို။ဧတံ၊ဤတတိယာရုပ္ပဝိညာဏ်သည်။သန္တံ၊ငြိမ်သက်၏။ဧတံ၊ဤတတိယာရုပ္ပဝိညာဏ်သည်။ပဏီတံ၊မြတ်၏။ဣတိ၊ဤသို့။ပရိကမ္မံ၊စီးဖြန်းခြင်း ပရိကံကို။ကရောန္တဿ၊ပြုသော ယောဂီပုဂ္ဂိုလ်အား။စတုတ္ထာရုပ္ပံ၊စတုတ္ထ အရူပစျာန်သည်။အပ္ပေတိ-အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။

## အပ္ပနာ သမာဓိ မဖြစ်နိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါး

၄၀။ အဝသေသေသု၊ဆိုအပ်ခဲ့ပြီးသော ကမ္မဋ္ဌာန်းသုံးဆယ်တို့မှ ကြွင်းကုန်သော။ ဒသသု၊ဆယ်ပါးကုန်သော။ကမ္မဋ္ဌာနေသု၊ဗုဒ္ဓ,ဓမ္မ,သံဃ,သီလ,စာဂ,ဒေဝတာ,ဥပသမာ, မရဏာနုဿတိ,သညာ,ဝဝတ္ထာန်ဟု ဆိုအပ်ကုန်သော ကမ္မဋ္ဌာန်းတို့၌လည်း။ဗုဒ္ဓဂုဏာဒိကံ၊ဘုရားဂုဏ် အစရှိသော။အာရမ္မဏံ၊အာရုံကို။အာရဗ္ဘ၊အာရုံပြု၍။ပရိကမ္မံ၊“သော ဘဂဝါ ဣတိပိ အရဟံ, သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ” အံစရှိသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို။ကတွာ၊ပြု၍။တသ္မိံ နိမိတ္တေ၊ထိုဘုရားဂုဏ် အစရှိသော အာရုံကို။ သာဓုကံ၊ကောင်းစွာ။ဥဂ္ဂဟိတေ၊ယူအပ်သည်ရှိသော်။တတ္ထေဝ၊ထိုဘုရားဂုဏ် အစရှိသည်၌ပင်လျှင်။ပရိကမ္မဉ္စ၊“သော ဘဂဝါ ဣတိပိ အရဟံ, သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ” အစရှိသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံသည် (ပရိကမ္မဘာဝနာသည်) လည်း။ သမာဓိယတိ၊တည်ကြည်၏။ဥပစာရောစ၊ဥပစာရဘာဝနာသည်လည်း။သမ္ပဇ္ဇတိ၊ပြည့်စုံ၏။

## အဘိညာဏ်ကို ပြဆိုပုံ / အဘိညာဏ်ဖြစ်ပုံ ဝီထိ ၄-ဆင့်

၄၁။ ပန၊အထူးကို ဆိုအံ့။အဘိညာဝသေန၊အဘိညာဏ်၏အစွမ်းဖြင့်။ပဝတ္တမာနံ၊ဖြစ်သော။ရူပါဝစရပဉ္စမဇ္ဈာနံ၊ရူပါဝစရ ပဉ္စမစျာန်သည်။အဘိညာပါဒက ပဉ္စမဇ္ဈာနာ၊ အဘိညာဏ်၏ အခြေဖြစ်သောရူပါဝစရ ပဉ္စမစျာန်မှ။ဝုဋ္ဌဟိတွာ၊ထ၍။အဓိဋ္ဌေယျာဒိကံ၊ အဓိဋ္ဌာန်ခြင်း အစရှိသည်ကို။ (ဝါ) အဓိဋ္ဌာန်အပ် ဖန်ဆင်းအပ်သော အရာ, အထောင်စသော သူ ငယ် အသွင် အစရှိသည်ကို။အာဝဇ္ဇေတွာ၊ဆင်ခြင်၍။ပရိကမ္မံ၊“သတံ ဟောမိ, သဟဿံ ဟောမိ”အစရှိသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို။ကရောန္တဿ၊ပြုသော ယောဂီ ပုဂ္ဂိုလ်အား။ရူပါဒီသု၊ရူပါရုံ အစရှိကုန်သော။ (ဝါ)ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌ

http://www.dhammadownload.com


ဗ္ဗာရုံ, ဓမ္မာရုံ-ဟု ဆိုအပ်ကုန်သော။အာရမ္မဏေသု၊ခြောက်ပါးသော အာရုံတို့၌။ယထာ ရဟံ၊ထိုက်သည်အားလျော်စွာ။အပေ့တိ=အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။(ပါဒကဇ္ဈာနဝီထိ, အဘိဋ္ဌာနဝီထိ, အဘိညာပါဒကဝီထိ, အဘိညာဉ်ဝီထိ)

## အဘိညာဏ် ၅-ပါး သင်္ဂဟဂါထာ

၄၂။ စ၊ရှေ့ဝါကျ၌ အပြစ်တင်ဖွယ် ပယ်၍ ခဲခက် စကားဆက်ကို ဆိုဦးအံ့။အဘိညာ နာမ၊အဘိညာဏ်မည်သည်ကား။ (ဝါ) အထူးသဖြင့် သိတတ်သော ဉာဏ်ပညာ မည် သည်ကား။ **ဣဒ္ဓိဝိဓံ**၊ဣဒ္ဓိဝိဓိ အဘိညာဏ်လည်းကောင်း။ (ဝါ) အထူးထူး အပြားပြား တန်ခိုး ဖန်ဆင်းခြင်း၌ စွမ်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဏ်လည်းကောင်း။

**ဒိဗ္ဗသောတံ**၊ဒိဗ္ဗသောတ အဘိညာဏ်လည်းကောင်း။ (ဝါ)နတ်၏ နားကဲ့သို့ အဝေးမှ အသံကို ကြားစွမ်းနိုင်သော ဒိဗ္ဗသောတ အဘိညာဏ်လည်းကောင်း။

**ပရစိတ္တဝိဇာနနာ**၊ပရစိတ္တဝိဇာနန အဘိညာဏ်လည်းကောင်း။ (ဝါ)သူတစ်ပါး၏ စိတ် ကို သိစွမ်းနိုင်သော ပရစိတ္တ ဝိဇာနန အဘိညာဏ်လည်းကောင်း။

**ပုဗ္ဗေနိဝါသာနုဿတိ**၊ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်လည်းကောင်း။ (ဝါ) ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း သတိနှင့်ယှဉ်သော အဘိ ညာဏ်လည်းကောင်း။ **ဒိဗ္ဗစက္ခု**၊ဒိဗ္ဗစက္ခု အဘိညာဏ်လည်းကောင်း။ (ဝါ) နတ်တို့ မျက်စိ ကဲ့သို့ အဝေးမှ အဆင်းကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခု အဘိညာဏ်လည်းကောင်း။ဣတိ၊ ဤသို့။ပဉ္စဓာ၊ငါးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

## ဝိပဿနာ ကမ္မဋ္ဌာန်းနည်း၌ သိဖွယ်များ / ဝိသုဒ္ဓိ ၇-ပါး

၄၃။ ပန၊သမထကမ္မဋ္ဌာန်းမှတစ်ပါး ဝိပဿနာကမ္မဋ္ဌာန်းကို ဆိုအံ့။ဝိပဿနာကမ္မဋ္ဌာနေ၊ ဝိပဿနာ ကမ္မဋ္ဌာန်း၌။ **သီလဝိသုဒ္ဓိ စ**၊သီလဝိသုဒ္ဓိလည်းကောင်း။ (ဝါ)စတုပါရိသုဒ္ဓိသီလ ၏ စင်ကြယ်ခြင်းလည်းကောင်း။ **စိတ္တဝိသုဒ္ဓိ စ**၊ စိတ္တဝိသုဒ္ဓိလည်းကောင်း။ (ဝါ) ဥပစာရ သမာဓိ, အပ္ပနာသမာဓိစိတ်၏ စင်ကြယ်ခြင်းလည်းကောင်း။ **ဒိဋ္ဌိ ဝိသုဒ္ဓိ စ**၊ ဒိဋ္ဌိဝိသုဒ္ဓိ လည်း ကောင်း။ (ဝါ) လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်၏ အစွမ်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏ စင်ကြယ်ခြင်းလည်းကောင်း။ **ကင်္ခါဝိတရဏဝိသုဒ္ဓိ စ**၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ လည်းကောင်း။ (ဝါ) နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသည်ဖြစ်၍ တစ်ဆယ့်ခြောက် ပါးသော ယုံမှားခြင်းတို့ကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းလည်း ကောင်း။ **မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ စ**၊မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိလည်းကောင်း။ (ဝါ) ဝိပဿနာ ညစ် ညူးကြောင်း ဘေးရန်ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည်, မဂ်မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းလည်းကောင်း။ **ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ စ**၊ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိလည်းကောင်း။ (ဝါ) ဥဒယဗ္ဗယဉာဏ်မှ

http://www.dhammadownload.com



စ၍ သစ္စာနုလောမ ဉာဏ်တိုင်အောင်သော ကိုးပါးသော ဝိပဿနာဉာဏ်ဟု ဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿန ဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းလည်းကောင်း။ **ဉာဏဒဿန ဝိသုဒ္ဓိစ၊**ဉာဏဒဿနဝိသုဒ္ဓိလည်းကောင်း။ (ဝါ)နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်းလည်းကောင်း။ ဣတိ၊ဤသို့။သတ္တဝိဓေ၊ခုနစ်ပါးသော အပြားဖြင့်။ဝိသုဒ္ဓိသင်္ဂဟော၊ဝိသုဒ္ဓိ သင်္ဂဟကို။ဝေဒိတဗ္ဗော၊သိအပ်၏။

## လက္ခဏာယာဉ် ၃-ပါး

၄၄။ **အနိစ္စလက္ခဏဉ္စ၊**အနိစ္စ လက္ခဏာလည်းကောင်း။ (ဝါ) မှတ်အပ်သော အမြဲ မရှိခြင်းလည်းကောင်း။ (ဝါ) မှတ်ကြောင်းဖြစ်သော အမြဲ မရှိခြင်းလည်းကောင်း။

**ဒုက္ခ လက္ခဏဉ္စ၊** ဒုက္ခ လက္ခဏာလည်းကောင်း။ (ဝါ) မှတ်အပ်သော ဆင်းရဲခြင်းလည်းကောင်း။ (ဝါ) မှတ်ကြောင်းဖြစ်သော ဆင်းရဲခြင်းလည်းကောင်း။

**အနတ္တ လက္ခဏဉ္စ၊**အနတ္တလက္ခဏာလည်းကောင်း။ (ဝါ) မှတ်အပ်သော ကိုယ်မဟုတ်ခြင်းလည်းကောင်း။ (ဝါ) မှတ်အပ်ကြောင်းဖြစ်သော ကိုယ်မဟုတ်ခြင်းလည်းကောင်း။ဣတိ။ ဤသို့။တီဏိ၊သုံးပါးကုန်သော။လက္ခဏာနိ၊လက္ခဏာတို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

## အနုပဿနာ ၃-ပါး

၄၅။ **အနိစ္စာနုပဿနာစ၊**အနိစ္စာနုပဿနာလည်းကောင်း။(ဝါ)အမြဲ မရှိခြင်းကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ **ဒုက္ခာနုပဿနာစ၊** ဒုက္ခာနုပဿနာလည်းကောင်း။ (ဝါ) ဆင်းရဲခြင်းကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ **အနတ္တာနုပဿနာစ၊** အနတ္တာနုပဿနာလည်းကောင်း။ (ဝါ) ကိုယ် မဟုတ်ခြင်းကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ ဣတိ၊ဤသို့။တိဿော၊သုံးပါးကုန်သော။အနုပဿနာ၊အနုပဿနာတို့ကို။ဝေဒိတဗ္ဗာ၊ကုန်၏။

## ဝိပဿနာဉာဏ် ၁၀-ပါး

၄၆။ **သမ္မသနဉာဏဉ္စ၊** သမ္မသနဉာဏ်လည်းကောင်း။ (ဝါ)ခန္ဓာ အစရှိသည်တို့ကို အပေါင်း အစည်းအားဖြင့် သုံးသပ်သော အစွမ်းဖြင့်ဖြစ်သော ဉာဏ်လည်းကောင်း။

**ဥဒယဗ္ဗယဉာဏဉ္စ၊** ဥဒယဗ္ဗယဉာဏ်လည်းကောင်း။ (ဝါ) ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှုသောအစွမ်းဖြင့် ဖြစ်သောဉာဏ်လည်းကောင်း။**ဘင်္ဂဉာဏဉ္စ၊** ဘင်္ဂဉာဏ်လည်းကောင်း။ (ဝါ) ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်း၌ ဖြစ်သောဉာဏ်လည်းကောင်း။**ဘယဉာဏဉ္စ** ဘယဉာဏ်လည်းကောင်း။ (ဝါ) သင်္ခါရတို့ကို ဘေးအားဖြင့် ရှုသောအစွမ်းဖြင့် ဖြစ်သော ဉာဏ်လည်းကောင်း။ **အာဒီနဝဉာဏဉ္စ၊** အာဒီနဝဉာဏ်လည်းကောင်း။ (ဝါ) မြင်အပ်သော ဘေးရှိသော သင်္ခါရတို့ကို အပြားဖြင့်ရှုသော အစွမ်းဖြင့် ဖြစ်သော ဉာဏ်လည်းကောင်း။

**နိဗ္ဗိဒါဉာဏဉ္စ၊** နိဗ္ဗိဒါဉာဏ်လည်းကောင်း။ (ဝါ) မြင်အပ်သော အပြစ်ရှိသော သင်္ခါရတို့၌ ငြီးငွေ့သော အစွမ်းဖြင့်ဖြစ်သော ဉာဏ်လည်းကောင်း။ **မုစ္စိတုကမျတာ ဉာဏဉ္စ**

http://www.dhammadownload.com



မုစ္စိတု ကမျတာဉာဏ်လည်းကောင်း။ (ဝါ) ငြီးငွေ့၍ သင်္ခါရတို့မှ လွတ်ခြင်းငှာ အလိုရှိသည်၏ အစွမ်းဖြင့်ဖြစ်သော ဉာဏ်လည်းကောင်း။ **ပဋိသင်္ခါဉာဏဉ္စ၊** ပဋိသင်္ခါဉာဏ်လည်းကောင်း။ (ဝါ) လွတ်ခြင်း၏ အကြောင်း၏ ပြည့်စုံခြင်းငှာ တစ်ဖန်သင်္ခါရတို့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့်ဖြစ်သော ဉာဏ်လည်းကောင်း။ **သင်္ခါရုပေက္ခာဉာဏဉ္စ၊** သင်္ခါရုပေက္ခာဉာဏ်လည်းကောင်း။ (ဝါ)သင်္ခါရ တရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းကို ကြဉ်သော အစွမ်းဖြင့် လျစ်လျူရှု၍ ဖြစ်သော ဉာဏ်လည်းကောင်း။ **အနုလောမဉာဏဉ္စ၊** အနုလောမဉာဏ်လည်းကောင်း။ (ဝါ)ရှေ့ဉာဏ် ကိုးပါးတို့၏ ကိစ္စပြီးခြင်း အထက်၌ ၃၇-ပါးသော ဗောဓိပက္ခိယတရားနှင့် လျော်သော ဉာဏ်လည်းကောင်း။ဣတိ၊ဤသို့။ဒသ၊ဆယ်ပါးကုန်သော။ဝိပဿနာဉာဏာနိ၊ဝိပဿနာဉာဏ်တို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

## ဝိမောက္ခ (မဂ်) ၃-ပါး

၄၇။ **သုညတော ဝိမောက္ခော၊**သုညတ ဝိမောက္ခလည်းကောင်း။ (ဝါ) အတ္တမှ ဆိတ်သည်ဖြစ်၍ (အနတ္တ လက္ခဏာကို ရှုခြင်းဖြင့်) သံယောဇဉ် စသည်တို့မှ လွတ်သော မဂ်လည်းကောင်း။ **အနိမိတ္တော ဝိမောက္ခော စ၊** အနိမိတ္တ ဝိမောက္ခလည်းကောင်း။ (ဝါ) နိစ္စနိမိတ် စသည် မရှိသည်ဖြစ်၍ (အနိစ္စလက္ခဏာကို ရှုခြင်းဖြင့်)သံယောဇဉ် စသည်တို့မှ လွတ်သော မဂ်လည်းကောင်း။ **အပ္ပဏိဟိတော ဝိမောက္ခော စ၊** အပ္ပဏိဟိတ ဝိမောက္ခလည်းကောင်း။ (ဝါ) တဏှာတည်းဟူသော တောင့်တခြင်း ကင်းသည်ဖြစ်၍ သံယောဇဉ် စသည်တို့မှ လွတ်သော မဂ်လည်းကောင်း။ဣတိ၊ဤသို့။တယော၊သုံးပါးကုန်သော။ ဝိမောက္ခာ၊ဝိမောက္ခတို့ကို (ဝါ) မဂ်တို့ကို။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

## ဝိမောက္ခမုခ (ဝိပဿနာ) ၃-ပါး

၄၈။ **သုညတာနုပဿနာ စ၊**သုညတာနုပဿနာလည်းကောင်း။ (ဝါ)အတ္တမှ ဆိတ်ခြင်းကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ **အနိမိတ္တာနုပဿနာ စ၊** အနိမိတ္တာနုပဿနာလည်းကောင်း။ (ဝါ) နိစ္စနိမိတ်-စသည်၏ မရှိခြင်းကို အဖန်ဖန်ရှုခြင်းလည်းကောင်း။ **အပ္ပဏိဟိတ နုပဿနာ စ၊** အပ္ပဏိဟိတနုပဿနာလည်းကောင်း။ (ဝါ)တဏှာတည်းဟူသော တောင့်တခြင်းကင်းသည်ကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ ဣတိ၊ဤသို့။တီဏိ၊ သုံးပါးကုန်သော။ဝိမောက္ခမုခါနိ စ၊ဝိမောက္ခမုခတို့ကိုလည်း။ (ဝါ) သံယောဇဉ်-စသည်မှ လွတ်သော မဂ်၏ အကြောင်းတို့ကိုလည်း။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

## သီလဝိသုဒ္ဓိ မည်ပုံ

၄၉။ ကထံ ဝေဒိတဗ္ဗာနိ၊အဘယ်သို့ သိအပ်ကုန်သနည်းဟူမူကား။--

**ပါတိမောက္ခ သံဝရသီလဉ္စ၊** ပါတိမောက္ခ သံဝရသီလလည်းကောင်း။ (ဝါ) မိမိကို စောင့်သောသူကို အပါယ်ဆင်းရဲ-စသည်တို့မှ လွတ်စေတတ်သည်ဖြစ်၍ ကာယဒုစရိုက်

http://www.dhammadownload.com


စသည်တို့မှ စောင့်လျက် ကာယကံ, ဝစီကံတို့ကို ကောင်းစွာထားတတ်သော စေတနာလည်းကောင်း။ **ဣန္ဒြိယသံဝရသီလဉ္စ၊** ဣန္ဒြိယသံဝရသီလလည်းကောင်း။ (ဝါ) စက္ခုန္ဒြေသောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေတို့ကို ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့မှ စောင့်သော အစွမ်းဖြင့်ဖြစ်၍ ကာယကံ, ဝစီကံတို့ကို ကောင်းစွာ ထားတတ်သော စေတနာလည်းကောင်း။ **အာဇီဝပါရိသုဒ္ဓိသီလဉ္စ၊** အာဇီဝပါရိသုဒ္ဓိသီလလည်းကောင်း။ (ဝါ) မိစ္ဆာဇီဝမှ ကြဉ်သဖြင့် အသက်မွေးခြင်းစသော အစွမ်းဖြင့်ဖြစ်၍ ကုသိုလ်တရားတို့ကို လွန်စွာဆောင်တတ်သော စေတနာလည်းကောင်း။ **ပစ္စယသန္နိဿိတသီလဉ္စ၊** ပစ္စယသန္နိဿိတသီလလည်းကောင်း။ (ဝါ) ပစ္စည်းလေးပါးကို အမှီပြု၍ ထိုပစ္စည်းလေးပါးတို့ကို ဤသံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးရှိသည်၏ အဖြစ်ကြောင့် အဖန်တလဲလဲ ဉာဏ်ဖြင့်သက်ဝင်လျက် "ပဋိသင်္ခါယောနိသော" အစရှိသည်ဖြင့် ဆင်ခြင်တတ်သည်ဖြစ်၍ ကုသိုလ်တရားတို့ကို လွန်စွာဆောင်တတ်သော စေတနာလည်းကောင်း။ ဣတိ၊ဤသို့။စတုပါရိသုဒ္ဓိသီလံ၊လေးပါးသော ပါရိသုဒ္ဓိသီလသည်။ (ဝါ) ဒေသနာကြားခြင်း, ဣန္ဒြေကိုစောင့်ခြင်း, ရှာမှီးခြင်း, အဖန်တလဲလဲ ဉာဏ်ဖြင့်သက်ဝင်၍ ဆင်ခြင်ခြင်း၏ အစွမ်းဖြင့် စင်ကြယ်သော- လေးပါးအပြားရှိလျက် ကုသိုလ်တရားတို့၏ တည်ရာဖြစ်သော- စေတနာသည်။သီလဝိသုဒ္ဓိနာမ၊သီလဝိသုဒ္ဓိမည်၏။ (ဝါ)သီလ၏ စင်ကြယ်ခြင်းမည်၏။ (ဝါ) စင်ကြယ်သော သီလမည်၏။

## စိတ္တဝိသုဒ္ဓိ မည်ပုံ

၅၀။ ဥပစာရသမာဓိစ၊ဥပစာရသမာဓိလည်းကောင်း။ (ဝါ)အပ္ပနာစျာန်၏ အနီး၌ တည်ကြည်ခြင်းလည်းကောင်း။အပ္ပနာသမာဓိစ၊အပ္ပနာသမာဓိလည်းကောင်း။ (ဝါ)အပ္ပနာစျာန်၌ဖြစ်သော တည်ကြည်ခြင်းလည်းကောင်း။ဣတိ၊ဤသို့။ဒုဝိဓောပိ၊နှစ်ပါးအပြားရှိ သည်လည်းဖြစ်သော။သမာဓိ၊သမာဓိသည်။ (ဝါ)တည်ကြည်ခြင်းသည်။စိတ္တဝိသုဒ္ဓိနာမ၊စိတ္တဝိသုဒ္ဓိမည်၏။ (ဝါ) စိတ်ကို နီဝရဏကင်းသော အဖြစ်သို့ ရောက်စေသဖြင့် သုတ်သင်တတ်သော ကြောင့် စင်ကြယ်သော တည်ကြည်ခြင်းမည်၏။

## ဒိဋ္ဌိ ဝိသုဒ္ဓိမည်ပုံ

၅၁။ လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန၊လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့်။ (ဝါ) တေဘူမက တရားတို့၏ ဆက်ဆံခြင်းတည်းဟူသော လက္ခဏ,ကိစ္စတည်းဟူသော ရသ, ထင်သောအခြင်းအရာတည်းဟူသော ပစ္စုပဋ္ဌာန်, နီးစွာသော အကြောင်းတည်းဟူသော ပဒဋ္ဌာန်၏ အစွမ်းဖြင့်။ (ဝါ)တေဘူမကတရားတို့၏ သဘောတည်းဟူသော လက္ခဏ, ပြည့်စုံခြင်းတည်းဟူသော ရသ, အကျိုးတည်းဟူသော ပစ္စုပဋ္ဌာန်, နီးစွာသော အကြောင်းတည်းဟူသော ပဒဋ္ဌာန်၏အစွမ်းဖြင့်။နာမရူပ ပရိဂ္ဂဟော၊နာမ်ရုပ်ကို

http://www.dhammadownload.com


သိမ်းဆည်းခြင်းသည်။ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ (ဝါ)အယူ၏ စင်ကြယ်ခြင်းမည်၏။ (ဝါ)စင်ကြယ်သော အယူမည်၏။

## ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်ပုံ

၅၂။ စ၊ဆက်၍ ဆိုဦးအံ့။တေသမေဝ နာမရူပါနံ၊ထိုနာမ်ရုပ်တို့၏သာလျှင်။ ပစ္စယပရိဂ္ဂဟော၊အကြောင်းကို သိမ်းဆည်းခြင်းသည်။ကင်္ခါဝိတရဏ ဝိသုဒ္ဓိနာမ၊ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။(ဝါ) တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းမည်၏။ (ဝါ) စင်ကြယ်သော တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့ကို လွန်နိုင်သော ဉာဏ်မည်၏။

## မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်ပုံ

၅၃။ ပန၊ကင်္ခါဝိတရဏ ဝိသုဒ္ဓိမှတစ်ပါး မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိကိုဆိုအံ့။တတော၊ ထိုနာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းသည်မှ။ပရံ၊နောက်၍။တထာ ပရိဂ္ဂဟိတေသု၊ ထိုထိုသို့သော အခြင်းအရာဖြင့် သိမ်းဆည်းအပ်ကုန်သော။ (ဝါ) အသီး အသီး လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို မှတ်ခြင်း, အကြောင်းကိုမှတ်ခြင်း၏ အစွမ်းဖြင့် သိမ်းဆည်း အပ်ကုန်သော။သပ္ပစ္စယေသု၊အကြောင်းနှင့်တကွ ဖြစ်ကုန်သော။အတီတာဒိ ဘေဒဘိန္နေသု၊အတိတ်-စသည် အပြားဖြင့် ပြားကုန်သော။တေဘူမကသင်္ခါရေသု၊ဘုံသုံးပါး၌ဖြစ်သော သင်္ခါရတို့၌။ခန္ဓာဒိနယံ၊ခန္ဓာ အစရှိသော နည်းကို။အာရဗ္ဘ၊အာရုံပြု၍။ကလာပဝသေန၊ အပေါင်း အစည်း၏ အစွမ်းဖြင့်။သင်္ခိပိတွာ၊ချုံး၍။" ခယဋ္ဌေန၊ကုန်တတ်သော သဘောသို့ ရောက်ခြင်းကြောင့်။အနိစ္စံ၊အနိစ္စမည်၏။ (ဝါ) အမြဲမရှိ။ဘယဋ္ဌေန၊ဘေးဟူသော အကြောင်း ကြောင့်။ဒုက္ခံ၊ဒုက္ခမည်၏။ (ဝါ) ဆင်းရဲ၏။အသာရကဋ္ဌေန၊အတ္တတည်းဟူသော အနှစ်မရှိ ခြင်းကြောင့်။အနတ္တာ၊အနတ္တမည်၏။ (ဝါ)ကိုယ်မဟုတ်။" တ္တတိ၊ဤသို့။အဒ္ဓါနဝသေနဝါ၊ အတိတ်အစရှိသော ကာလ၏အစွမ်းဖြင့်လည်းကောင်း။သန္တတိဝသေနဝါ၊အတိတ်အစရှိ သော သန္တာန်အစွမ်းဖြင့်လည်းကောင်း။ခဏဝသေနဝါ၊အတိတ်အစရှိသော ခဏ၏ အစွမ်း ဖြင့်လည်းကောင်း။သမ္မသနဉာဏေန၊သုံးသပ်တတ်သော ဉာဏ်ဖြင့်။လက္ခဏတ္တယံ၊ လက္ခဏာယာဉ် သုံးပါးတို့၏အပေါင်းကို။သမ္မသန္တဿစ၊သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏ လည်းကောင်း။ တေသွေဝ=တေသုဧဝ၊ထိုတေဘူမက သင်္ခါရတို့၌သာလျှင်။ပစ္စယဝသေနစ၊ အကြောင်း၏ အစွမ်းဖြင့်လည်းကောင်း။ခဏဝသေနစ၊ခဏ၏အစွမ်းဖြင့်လည်းကောင်း။ ဥဒယဗ္ဗယ ဉာဏေန၊အဖြစ်အပျက်ကို သိသောဉာဏ်ဖြင့်။ဥဒယဗ္ဗယံ၊အဖြစ်အပျက်ကို။ သမနုပဿန္တဿ စ၊အဖန်တလဲလဲရှုသော ယောဂီပုဂ္ဂိုလ်၏လည်းကောင်း။

http://www.dhammadownload.com



## ( တထာ ပရိဗန္ဓ ဝိမုတ္တဿ-၌ ပရိဗန္ဓ-အရ ဖော်ညွှန်းပြသော ပါဠိ)
## ဝိပဿနာ ညစ်ညူးကြောင်းတရား ၁၀-ပါး

၁။ **သြဘာသော**၊အရောင်လည်းကောင်း။ (ဝါ)ဝိပဿနာစိတ်ကြောင့်ဖြစ်သော ကိုယ်မှထွက်သော အလင်းဟုဆိုအပ်သော အရောင်လည်းကောင်း။

၂။ **ပီတိ စ**၊နှစ်သက်ခြင်းလည်းကောင်း။ (ဝါ)ဝိပဿနာနှင့်တကွဖြစ်သော ခုဒ္ဒကာပီတိ ခဏိကာပီတိ,ဩက္ကန္တိကာပီတိ,ဥဗ္ဗေဂါပီတိ,ဖရဏာပီတိ-တည်းဟူသော ငါးပါးအပြားရှိသော ပီတိလည်းကောင်း။ (ဝါ) အနည်းငယ်နှစ်သက်ခြင်း, တစ်ခဏ နှစ်သက်ခြင်း, သမုဒ္ဒရာ လှိုင်းတံပိုးကဲ့သို့ သက်၍သက်၍ ပြက်သော နှစ်သက်ခြင်း, ကိုယ်ကို ကောင်းကင်သို့ လွင့်စေတတ်သော နှစ်သက်ခြင်း, တစ်ကိုယ်လုံးနှံ့သော နှစ်သက်ခြင်းတည်းဟူသော ငါးပါးအပြားရှိသော နှစ်သက်ခြင်းလည်းကောင်း။

၃။ **ပဿဒ္ဓိ စ**၊ငြိမ်းခြင်းလည်းကောင်း။ (ဝါ)ကိုယ်စိတ်တို့၏ ပူပန်ခြင်းမှ ငြိမ်းခြင်း လက္ခဏာရှိသော ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိသော ငြိမ်းခြင်း လည်းကောင်း။ ၄။ **အဓိမောက္ခော စ**၊သဒ္ဓါယုံကြည်ခြင်းလည်းကောင်း။ (ဝါ)အားကြီးသော သဒ္ဓိန္ဒြေဟု ဆိုအပ်သော သဒ္ဓါယုံကြည်ခြင်းလည်းကောင်း။

၅။ **ပဂ္ဂဟော စ**၊ထောက်ပံ့ခိုင်စေခြင်းလည်းကောင်း။ (ဝါ) သမ္မပ္ပဓာန်ကိစ္စကို ပြီးစေတတ်သော ဝီရိယသမ္ဗောဇ္ဈင်ဟု ဆိုအပ်သော ထောက်ပံ့ခိုင်စေခြင်းလည်းကောင်း။

၆။ **သုခဥ္စ**၊ချမ်းသာခြင်းလည်းကောင်း။ (ဝါ)လွန်မြတ်သော ချမ်းသာခြင်းလည်းကောင်း (ဝါ)ဝိပဿနာစိတ်နှင့် သမ္ပယုတ်ဖြစ်သော စေတသိကသုခလည်းကောင်း။

၇။ **ဉာဏဥ္စ**၊ဉာဏ်လည်းကောင်း။ (ဝါ)သိကြားသည် လွှတ်အပ်သော ဝရဇိန်မိုးကြိုး စက်နှင့် တူသော လက္ခဏာယာဉ် သုံးပါးကို ရှုသည်ဖြစ်၍ဖြစ်သောဉာဏ် (ဝိပဿနာ ဉာဏ်) လည်းကောင်း။ ၈။ **ဥပဋ္ဌာနဥ္စ**၊ထင်ခြင်းသတိလည်းကောင်း။ (ဝါ)သတိပဋ္ဌာန်ဖြစ် ၍ ဖြစ်သော ကြာမြင့်စွာ ပြုအပ်ပြီးသော အမှုစသည်ကို အဖန်တလဲလဲ အောက်မေ့ခြင်း ငှာ စွမ်းနိုင်သော ထင်ခြင်းဟု ဆိုအပ်သော သတိလည်းကောင်း။

၉။ **ဥပေက္ခာ စ**၊လျစ်လျူရှုခြင်းလည်းကောင်း။ (ဝါ)သမ္ပယုတ်တရားတို့နှင့် အညီ အညွှတ်ဖြစ်သော ဝိပဿနာနှင့်တကွဖြစ်သော ဥပေက္ခာ သမ္ဗောဇ္ဈင်ဖြစ်၍ဖြစ်သော တတြ မဇ္ဈတ္တုပေက္ခာ, မနောဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပယုတ်ဖြစ်၍ဖြစ်သော စေတနာ တည်းဟူ သော အာဝဇ္ဇနုပေက္ခာအားဖြင့် နှစ်ပါးအပြားရှိသော ဥပေက္ခာလည်းကောင်း။

၁၀။ **နိကန္တိ စ**၊တပ်ခြင်းတဏှာလည်းကောင်း။ (ဝါ)သြဘာသ-စသော ကိုးပါးတို့သည် ဖြစ်ကုန်သည်ရှိသော် "ငါ့အား ဤမှ ရှေးကာလ၌ ဤသို့ သဘောရှိသော အရောင်သည် မဖြစ် စဖူး"စသောနည်းဖြင့် ထိုသြဘာသစသော ကိုးပါးတို့၌ တပ်ခြင်းကိုပြုသော

http://www.dhammadownload.com


သိမ်မွေ့သော တဏှာလည်းကောင်း။

ဣတိ၊ဤသို့။သြဘာသာဒိ ဝိပဿနူပက္ကိလေသ ပရိဗန္ဓ ပရိဂ္ဂဟဝသေန၊သြဘာသ-စသော ဆယ်ပါးသော ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်တို့ကို သိမ်းဆည်းသော အစွမ်းဖြင့်။မဂ္ဂါမဂ္ဂ လက္ခဏ ဝဝတ္ထာနံ၊မဂ်ဟုတ်သည် မဟုတ်သည်၏ လက္ခဏာကို ပိုင်းခြားသော ဉာဏ်သည်။ (ဝါ) မှတ်အပ်သော မဂ်ဟုတ်သည် မဟုတ်သည်ကို မှတ်ခြင်း ပိုင်းခြားခြင်းဟု ဆိုအပ်သော ဉာဏ်သည်။မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိနာမ၊မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ မည်၏။ (ဝါ)ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်တို့ကို သိမ်းဆည်းသော အားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို သိသောဉာဏ်၏ စင်ကြယ်ခြင်းမည်၏။ (ဝါ)စင်ကြယ်သော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို သိသောဉာဏ် မည်၏။

## ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိမည်ပုံ

၅၄ ။ ပန၊မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိမှတစ်ပါး ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိကို ဆိုအံ့။တထာ ပရိဗန္ဓ ဝိမုတ္တဿ၊ထိုသို့သော အခြင်းအရာဖြင့် သြဘာသ အစရှိသော ဆယ်ပါးသော ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်တို့မှ လွတ်သော။တဿ၊ထိုယောဂီပုဂ္ဂိုလ်၏ ဥဒယဗ္ဗယဉာဏတော၊အဖြစ် အပျက်ကို သိသောဉာဏ်မှ။ပဋ္ဌာယ၊စ၍။ယာဝ၊အနုလောမာ၊သစ္စာနုလောမ ဉာဏ်တိုင်အောင်။တိလက္ခဏံ၊လက္ခဏာယာဉ် သုံးပါးကို။ဝိပဿနာ ပရမ္ပရာယ၊ဝိပဿနာ အဆင့်ဆင့်အားဖြင့်။ပဋိပန္နဿ၊ကျင့်သော ယောဂီပုဂ္ဂိုလ်၏။နဝ ဝိပဿနာ ဉာဏာနိ၊ကိုးပါးသော ဝိပဿနာဉာဏ်တို့သည်။ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိနာမ၊ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ မည်၏။ (ဝါ) ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် ကိုးပါးသော ဝိပဿနာဉာဏ်ဟု ဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿန ဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းမည်၏။ (ဝါ) စင်ကြယ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမ ဉာဏ်တိုင်အောင်သော ကိုးပါးသော ဝိပဿနာဉာဏ်ဟု ဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿန ဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင် မည်၏။

## ဉာဏဒဿန ဝိသုဒ္ဓိမည်ပုံ / မဂ္ဂဝီထိ ဖြစ်ပုံ
## မဂ်ရခါနီး မဂ္ဂဝီထိစိတ် အစဉ်ဖြစ်ပုံ

၅၅။ ပန၊ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိမှ တစ်ပါး ဉာဏဒဿနဝိသုဒ္ဓိကို ဆိုအံ့။ဧဝံ၊ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ပဋိပန္နဿ၊ကျင့်သော။တဿ၊ထိုယောဂီပုဂ္ဂိုလ်အား။ဝိပဿနာ ပရိပါကံ၊ဝိပဿနာဟု ဆိုအပ်သော သင်္ခါရုပေက္ခာဉာဏ်၏ ရင့်ခြင်းကို။အာဂမ္မ၊စွဲ၍။ဣဒါနိ၊ယခုအခါ၌။အပ္ပနာ၊အပ္ပနာဟု ဆိုအပ်သော လောကုတ္တရာမဂ်သည်။ဥပ္ပဇ္ဇိဿတိ၊

http://www.dhammadownload.com



ဖြစ်လတ္တံ့။ဣက္ကတိ၊ဤသို့။ဝတ္တဗ္ဗက္ခဏေ၊ဆိုအပ်လတ္တံ့သောခဏ၌။ဘဝင်္ဂ၊ဘဝင်၏အယဉ်ကို။ ဝေါစ္ဆိန္ဒိတွာ၊ဖြတ်၍။ဥပ္ပန္နမနောဒွါရာဝဇ္ဇနာနန္တရံ၊ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဒွေ တီဏိ ဝိပဿနာစိတ္တာနိ၊နှစ်ကြိမ်, သုံးကြိမ်သော ဝိပဿနာစိတ် (မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်) တို့သည်။ယံကိဉ္စိ၊အမှတ်မရှိ တစ်ခုခုသော။အနိစ္စာဒိ လက္ခဏံ၊အနိစ္စ အစရှိသော လက္ခဏာကို။(ဝါ)အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာကို။အာရဗ္ဘ အာရုံပြု၍။ပရိကမ္မောပစာရာနုလောမ နာမေန၊ပရိကံ,ဥပစာ,အနုလုံဟူသော အမည်ဖြင့်။ ပဝတ္တန္တိ၊ဖြစ်ကုန်၏။

## ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

